www.burmeseclassic.com

ဒဂုတ်(ကုန်း)၊ ကဝေဂု ဦးဒဗ်၊ ဒီဂင်ဘာလ

ဂန္ဓိဂ

မဂ္ဂင်း

BURMESE CLASSIC .com

Graphic Design
Zay Phyo
09975816439

www.burmeseclassic.com

www.burmeseclassic.com

သမ္မုဒ္ဓေဝါထာ ဘုရားရှိခိုး
ပါဠိ-အနုက်ိ

သမ္မုဒ္ဓေ အဒ္ဓဝိသူ၊ ဒွါဒသူ သဟဿကေ။
ပဥ္စသဟသဟဿာနိ၊ နမာမိ သိရသာမဟံ။
အပ္ပကာ ဝါဠုကာ ဂင်္ဂါ။ အနုဇ္ဇာ နိမ္မုတာ ဇိနာ။
တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။
နမက္ကာရာနုဘာဝေန၊ တိတ္ထာ သဗ္ဗေ ဥဝဒ္ဒဝေ။
အနေကာ အန္တရာယာပိ၊ ဝိနုဿန္တု အသေသတော။

BURMESE CLASSIC .com

အဒ္ဓဝိသံ-သုံးပါးဘဝ သုံးလောကတွင် ဉာဏရောင်ဖိတ် အောင်ဘိသိက်နှင့် နှစ်ကျိပ်ရှစ်ဆူကုန်သော၊ **သမ္မုဒ္ဓေစ**-တန်ဆောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာပွင့်လင်း တရားမင်းတို့ကိုလည်းကောင်း၊ **ဒွါဒသူ သဟဿကေ**-နိဗ္ဗာန်ကိန်းအောင်းစက်မွေ့လျောင်းသည့် တစ်သောင်းနှစ်ထောင်ကုန်သော၊ **သမ္မုဒ္ဓေစ**-လရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းပြောင် မြတ်ဘုန်းခေါင်တို့ကိုလည်းကောင်း၊ **ပဉ္စသဟသဟဿာနိ**-သောင်းတို့ဂဏ်စကြဝဠာ ဂုဏ်ဝါရောင်ရှိန်း ငါးသိန်းကုန်သော၊ **သမ္မုဒ္ဓေစ**-နေရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းထိန် မြတ်မုနိန်တို့ကိုလည်းကောင်း၊ **အဟံ**-အကျွန်ုပ်သည်၊ **သိရသာ**-ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ **နမာမိ**-ရိုသေညွတ်ကျိုး လက်အုပ်မိုး၍ ရှိခိုးပါ၏။

ဂင်္ဂါ ဂင်္ဂါယ-ဂင်္ဂါမြစ်အတွင်း၌၊ **ဝါဠုကာ**-ရှိကြကုန်သော သဲတို့သည်၊ **အပ္ပကာ**-နည်းကြကုန်သေး၏။ **နိမ္မုတာ**-ဘုံဓာတ်သိမ်း၍ ငြိမ်းအေးတော်မူကြကုန်ပြီးသော၊ **ဇိနာ**-နောင့်ယှက်ဖန်လာ မာရ်ငါးဖြာကို အရိယာမဂ် ဘုန်းရောင်စက်ဖြင့် ချိုးဖျက်လွယ်ကူ အောင်တော်မူသော ဘုရားရှင်အပေါင်းတို့ကား၊ **အနုဇ္ဇာ**-သန်ဂဏန်း ရေတွက်မှန်းလည်း ဆုံးခန်းတိုင်မြောက် မရောက်နိုင်ကြကုန်။ **ဇော ဇိနေစ**-ထိုဘုရားရှင်တို့ကိုလည်းကောင်း၊ **တေသံ**-ထိုငါးသိန်းတစ်သောင်းနှစ်ထောင် နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်, မရေတွက်နိုင်သော ဘုရားရှင်တို့၏၊ **ဓမ္မဉ္စ**-တရားတော်မြတ်ကိုလည်းကောင်း၊ **သံဃဉ္စ**-တပည့်သားသံဃာတော်မြတ်ကိုလည်းကောင်း၊ **အဟံ**-အကျွန်ုပ်သည်၊ **အာဒရေန**-**အာဒရံ**-ရိုသေစွာ၊ **နမာမိ**-ရှိခိုးပါ၏။

နမက္ကာရာနုဘာဝေန-ဤသို့ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ပဏာမကုသိုလ် စေတနာကြောင့်၊ **သဗ္ဗေ**-ခပ်သိမ်းကုန်သော၊ **ဥပဒ္ဒဝေ**-ဘေးရန်တို့ကို၊ **ဟိတ္ထာ**-ပယ်ဖျောက်၍၊ **အနေကာ အန္တရာယာပိ**-တစ်ပါးမက များလှသွယ်သွယ် အန္တရာယ်တို့သည်လည်း၊ **အသေသတော**-အကြွင်းအကျန် မရှိသောအားဖြင့်၊ **ဝိနဿန္တု**-ပျောက်ပျက်ပါစေကုန်သတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com

ဘုရား-ကျောင်း ပြုပြင်လှူဒါန်းသူများ အမည်စာရင်းများ၏
ဒီဒီး(နီကွန်)စိစဉ်တည်းဖြတ်သည့်

ကဗျာ

ပဂုဇင်း

အယ်ဒီတာ
ဦးစိန်မျိုးဖြေ
ဆရာရန်အောင်တိန်း(B.Sc)

အယ်ဒီတာ
စောင်စောင်လတ်

အမှတ်(၂၄၅)၊ ၂၀၁၅ ဒီဇင်ဘာလ

၆။ တက္ကသိုလ်မျိုး
ဘန်ကောက်မြို့က
ဆုတောင်းပြည့် လေးမျက်နှာဘုရား
၁၆။ ဝိုလ်တာထောင်-ကိုဦး
ရှေးဟောင်းသမိုင်းဝင် ကျိုက်ညီဗား (ခေါ်)
ရွှေနားပန်စေတီတော်
၂၄။ သစ္စာမင်းခေါင်
ရာဇဝင်ထဲက ပေါက္ခရဝတီမြို့တော်နှင့်
ကျိုက်ကေသာဆံတော်ကြိုစေတီတော်
၂၈။ ကိုအေးမြင့်(မဟာဝိစ္စာ၊ ရွှေ-သု)
ဝက်သည်းကန့်ကြီးအနီးက စလင်းရုပ်စုံကျောင်း
(သို့မဟုတ်) မြောက်လေးစဉ်ကျောင်း
၄၀။ တွန်းအားရှင်
အဲလှနိုဂုံး သံဝေဂအပြုံး

၄၆။ နန္ဒာနို(အင်ကြွားကြီး)
ထွဏ်သိလ၏ အုတ်ခြံစများ
၆၂။ မွေးဖောသဇာ-အရှင်ဣဿာသ
သံဃိကဒါနအကျိုး ထူးတော်ခိုး
၆၆။ ဓုဏ္ဍာ-ရေစာ
အသက်ရှည် ကျန်းမာလိုလျှင်
၆၉။ ရွှေတလေး(လွယ်လင်)
ဆရာတော်ဦးဗုဒ္ဓ မယ်တော်အား
ချီးမြှင့်လိုက်သော ဒါနအကျိုး



၇၂။ တင်ထွန်းလှိုင်(မြစ်သား)
မြန်မာမှုအစဉ်အလာနှင့်
မြန်မာ့ဆယ့်နှစ်လရာသီ ပုံရိပ်များ
၇၈။ မင်းမြင့်ဦး
ကုသိုလ်ပွဲစုံညီ တန်ဆောင်လခါမီ
၈၄။ ဘဏ်အရာရှိဟောင်းတစ်ဦး
ဓားသွေးကျောက် အကောက်မှားသူ
၈၈။ ဦးစန္ဒိမ(စလင်း)
နာမည်တစ်လုံးနဲ့လူ



www.burmeseclassic.com

www.burmeseclassic.com

၁၆။ ယောနက-ဘိုးထောင်
ကျော်သူ (သို့မဟုတ်) သူကျော်
၁၃။ သာထက်စော်(မကွေး)
ထူးခြားရှားပါး မိုးကြိုးသွား(၁)
၁၂။ စောယုန္နာ(မေ့ရင်ခွင်)
တိုင်ထိပ်ရောက်သူ၏ ကံကြမ္မာ
၁၆။ ထွန်းအောင်ရင်
အစွဲအလမ်းကြီးသူများ
၁၈။ မိုးကြီး(အမရဋ္ဌာနေ)
ရင်ထဲက အတွေးများ
၁၃။ မောင်လှယဉ်(မော်လမြိုင်)
ဘောဘဝရင်နှင့် ပညာရှိ ကာလီဒါသ(၄)
၁၄။ မောင်ဉာဏ်လင်း(တောင်ကုတ်)
သတော်မြို့ပဲလည်း လူမမြို့ပဲစေတဲ့ သမ္မုဒ္ဓေဂါထာ
၁၄။ နန်းညွန့်ဆွေ
မြန်မာနှင့် ဓာတ်ကောလီ
၁၅။ ဆရာကံထူး(ဓေဒသုတေသီ)
မှန်လွန်းတော့ခက် ကံကြမ်းတော့အက်
ပြောမထွက်တဲ့ ဗေဒင်ဆရာ
၁၅။ ကဿီရ-ဆရာလှမျိုး(B.Sc)
စတုကုမ္ဘဏ်နိစ်နှင့် အကာအကွယ်ယာဉ်များ(၂)
၁၆။ သာထက်စော်(မကွေး)
(၇)နေ့သားသမီးများအတွက်
အချိန်အခါကောင်းရွေးနည်း

၉၀။ ကိုရွှေပြာသန်း(သမိုင်း)
မဂ်ဖိုလ်နိဗ္ဗာန်ကို ရစေသော
ဂန္ဓဝင်မြောက်သီချင်းများ
၉၄။ ကိုမိုး(ရွှေပြည်သာ)
အလင်းရောင်လမ်းပွင့် ဓမ္မတေးသံ
၁၀၀။ ကဿီရ-ဆရာလှမျိုး(B.Sc)
ကံကော်တစ်ထောင်ဆရာတော် ချီးမြှင့်သော
ဘေးရန်ကင်းကွာ စီးပွားဖြာသော
လူတိုင်းအောင်မြင် အဘယလာဘံကျင့်စဉ်
၁၀၇။ ပုရောဟိတ် ဆရာဦးမြတ်စံ
ဘုရားခုနစ်ဆူ၏ နံတော်စဉ်(၇)ပါးအင်း
၁၁၂။ ပုရောဟိတ် ဆရာဦးမြတ်စံ
ရွှေတိဂုံဘုရား ဘိုးဘိုးအောင်တန်ဆောင်းမှ
ရရှိသော သမ္မုဒ္ဓေကွန်ချာအင်း

www.burmeseclassic.com

www.burmeseclassic.com

၁၆၅။ **မင်းနေထွန်း(ကန့်ဘလူ)**
တစ်ခါတစ်ရံဝယ်

၁၆၈။ **ဆရာကံထူး(ဝေဒသုတေသီ)**
နက္ခတ်တာရာများက ဖော်ပြနေတဲ့
သင့်ဘဝရဲ့ တစ်လတာ ကံကြမ္မာ

၁၇၆။ **ဆရာရန်အောင်ဟိန်း(B.Sc)**
မနသိဒ္ဓိနက္ခတ်နှယ်ပယ်ပေါ်
လင်္ကာနှင့် မွန်းတည့်မျဉ်းဖြတ်ဇယား

၁၇၈။ **ဆရာရန်အောင်ဟိန်း(B.Sc)**
ကမ္ဘာကျော် မျက်လှည့်ပညာရှင်
ဒေးဗစ်ကော့ပါးဖီးနှင့် ကေ.ပီ စနစ်

၁၈၄။ **ဆရာရန်အောင်ဟိန်း(B.Sc)**
ဂန္ဓီရဟရိသတ်မေးခြင် ဖြေသည်

၁၉၂။ **ဝိုးတွေ့**
ဂန္ဓီရရွှေအိုးကြီး(၄)

၂၀၆။ **ကောင်းသော်**
ဘယ်ရပ်ဌာနေ ပျံလေသည်မှန်း

၂၁၂။ **အာကာသ(သာစည်)**
ချစ်မေတ္တာက မပြယ်သေး

၂၂၀။ **ကိုမောင်သန်းဝင်း**
မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ဖူးသည်

၂၂၄။ **ကြည်ဝင်း(ဟသံတ)**
အိပ်မက်ကျမ်းတတ်
မြတ်သောဆရာ သားလိမ္မာ

၂၃၇။ **အသခံယာ**
တစ်ခါတုန်းက နိဗ္ဗာန်ရွာ

၂၄၂။ **တင်အေးကျော်(အောင်လံ)**
ကံကြမ္မာရဟတ်

၂၄၉။ **တင့်ထူး(ဧယျဝတီ)**
မတ်ဇော့ပိုင်ရှင်

၂၅၄။ **ချစ်ဆိုင်**
နလုံးသားကိုမှ တောင်းရက်သူ

၂၅၈။ **ချစ်မင်းသူ**
ဘဝဟောင်းက ချစ်သူ

၂၆၄။ **တင့်ထူးရွှေ**
နေစရာ

၂၇၆။ **ဒါရိုက်တာချိုးစော်အောင်**
စန္ဒကူးတောအုပ်၌

၂၈၂။ **မြင့်သာ-သောင်းတင်**
စိတ်စွမ်းအင်လား ဝိညာဉ်လား

၂၉၀။ **မင်းသန့်ကျော်(ဒီးကုန်း)**
သိုက်နန်းသူ၏ မာယာကျော့ကွင်း

၂၉၈။ **သျှင်ရဲထွဋ်(တောင်စွန်း)**
ဆောင်ခဲတောင်ဘိုးဘိုးကြီးနှင့် ရေသဖန်းပင်သရဲ

၃၀၆။ **မောင်မြင့်မား(ဗိုလ်ကလေး)**
ဝေခွဲမရသော ဇာတ်လမ်းတစ်ပုဒ်

၃၁၁။ **ကျော်စော(စားကုန်)**
အင့်မိသွားသော
မှော်ဆရာ

၃၂၁။ **ကျော်ကျော်**
ကျေးဇူးသံစဉ်

၃၂၅။ **မင်းမဟော်ညွန့်**
နက္ခစ်ကောဇာ
ရက်မြတ်ကောင်း အချိန်အခါ

၁၆၅။ **ဟိန်း(ဘူမိ)**
ကညွတ်

ထုတ်ဝေသူ-ဦးသန်းဦး(မြို-၀၀၅၃၃၆) ၊ **ဂန္ဓီရ Logo**-မောင်မောင်အောင် ၊ **မျက်နှာဖုံး Graphic** - ဖေဖြိုး
အတွင်းသရုပ်ဖော်-မောင်မောင်သိုက်၊ ထွန်းအောင်၊ ဝင်းမြင့်အောင်၊ ဟိဏ်းထက်၊ မောင်မြင့်ဌေး၊ မိုးကျော်၊
ညွန့်နိုင်လှ၊ အောင်လင်းထွန်း။ **အတွင်းသားဇလင်**-STARS ။ **စာအုပ်ချုပ်**-အောင်ဝင်း ။
မျက်နှာဖုံးပုံနှိပ်-ဦးတိုးဝင်း(မြို-၀၀၈၃၀)၊ နေလရောင်ပုံနှိပ်တိုက်၊ အမှတ်(၉၆)၊ (၁၁)လမ်း၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ်-ဦးကျော်စိုး(မြို-၀၀၄၆၆)၊ စိုးပုံနှိပ်တိုက်၊ ကနောင်မင်းသားကြီးလမ်း၊ ၁/၄ အရှေ့ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့။
အယ်ဒီတာအဖွဲ့ရုံး ။ အမှတ်-၁၈၂(က)(မြေညီထပ်)၊ ၃၃-လမ်း(အထက်လမ်း)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၃၇၄၅၅ ၊ ၀၉၂၆၀၀၈၅၆၀

www.burmeseclassic.com

www.burmeseclassic.com

ဘန်ကောက်မြို့က
ဆုတောင်းပြည့်ခဲ့
လေးမျက်နှာဘုရား

သို့သော်လည်း ဗုဒ္ဓမြတ်စွာဘုရား၏ ရုပ်ပွားတော်မဟုတ်

စာရေးသူ ဘန်ကောက်မြို့ရှိ Bumrungra ဆေးရုံကြီး၌ လည်ချောင်းအဆုံဝင်ရောဂါနှင့် အူကျရောဂါ ကုသရန် လာရောက်ပြသပြီး လည်ချောင်းနှင့် အူကျရောဂါ ခွဲစိတ်မှု ပြီးစီးပြီးနောက် အထွေထွေရောဂါစစ်ဆေးမှုကို ပြုလုပ်စဉ် မချော်လင့်ဘဲ အသည်း၌ အကျိတ်ဖြစ်နေမှုကို ရှာဖွေတွေ့ရှိ၍ အသည်းကုသရေးကို ဆက်လက်ဆောင်ရွက်ရန် လုပ်ဆောင်နေရသဖြင့် ဘန်ကောက်၌ ဆယ့်နှစ်ရက်ခန့် ကြာခဲ့သည်။

အသည်းရှိ အကျိတ်မှာလည်း ခွဲစိတ်ကုသရန်နှင့် ကိုမို

လေးမျက်နှာဘုရားဆောင်တော်မှ တွေ့ရစဉ်

ဆေးဖျန်း၍ ကုသရန်မှာ အသည်းအားနည်းနေသောကြောင့် အသည်းကျန်းမာရေးအတွက် အားဆေးကို တစ်လစားပြီးမှ ဖေဖော်ဝါရီလတွင် ပြန်လာရန် ဆေးရုံကြီးမှ ထပ်မံချိန်းဆိုလိုက်သောကြောင့် (၂၂-၁-၂၀၁၅)ရက်နေ့တွင် ရန်ကုန်သို့ ပြန်ရန် လေယာဉ်လက်မှတ်ကို ကိုယ်စားလှယ်ရုံး၌ ပြုလုပ်ရာ (၂၂-၁-၂၀၁၅)ရက်နေ့ ညနေ(၆)နာရီ ထွက်ခွာမည့် လေယာဉ်ပျံလက်မှတ် ရရှိခဲ့သည်။ လေဆိပ်သို့ ညနေ(၄)နာရီ အရောက်သွားရမည် ဖြစ်သည်။ သုဝဏ္ဏဘူမိ နိုင်ငံတကာလေဆိပ်နှင့် တည်းခိုရာနေရာမှာ အတော်ဝေး၍ တစ်နာရီကျော်ခန့် သွားရမည်ဖြစ်သဖြင့် အင်္ဂါးကားကို မွန်းလွဲ(၂)နာရီ အရောက်လာရန် ချိန်းဆိုထားရသည်။

ရွှေဘုရားဖူးပြီး တည်းခိုရာအခန်းသို့ ပြန်ရောက်ပြီးနောက် ပစ္စည်းများကို စနစ်တကျ သေတ္တာများအတွင်း ထည့်၍ သိမ်းဆည်းရာ (၂၁-၁-၂၀၁၅)ရက်နေ့ တစ်ညနေကုန်ခဲ့သည်။ ယနေ့ပြန်မည့် မနက်ပိုင်း၌ လုပ်စရာအလုပ် မရှိတော့။ မနက်(၈)နာရီ၌ မနက်စာစားပြီးကြသောအခါ စာရေးသူသည် မိုင်ပေါင်းများစွာခရီးကို ငွေကုန်ကြေးကျ အမြောက်အမြား အကုန်ခံကာ လာရောက်ခဲ့ရသည့်အတွက် ကျန်ရှိနေသော (၆)နာရီကို အကျိုးရှိရှိ အသုံးချရန်-

'သမီး..လေးမျက်နှာဘုရား ရောက်ဖူးလား။ ဘယ်လောက်ဝေးသလဲ'

ဘန်ကောက်မြို့သို့ လေးငါးဆယ်ကြိမ်ခန့် ရောက်ဖူးသူ သမီးဖြစ်သူ နန်းအွန်ခမ်းကို မေးကြည့်ခြင်းဖြစ်သည်။

'လေးမျက်နှာဘုရားကို သမီး ရောက်ဖူးပါတယ်။ ဒီကနေ ဆယ်မိနစ်လောက်သွားရင် ရပါတယ်။ အဖေ သွားချင်လို့လား။ အဖေ လေးမျက်နှာဘုရားကို ဘယ်လိုလုပ်သိသလဲ'

ဘန်ကောက်သို့ တစ်ခေါက်မှ မရောက်ဖူးသော အာရေးသူအား လေးမျက်နှာဘုရားကိုမေး၍ အံ့သြစွာဖြင့် သမီး

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သူက ပြန်၍ မေးလိုက်သောအခါ-

'အဖေ ရန်ကုန်က မလာခင်မှာ အဖေ့ညီရဲမိန်းမ မခင်လေးနွယ်က အိမ်လာရင်း လေးမျက်နှာဘုရားကိုလည်း ဝင်ဖူးခဲ့ပါ။ ဆုတောင်းပြည့်တယ်လို့ ပြောလို့ သိတာပါ။ သိပ်လည်းမဝေးဘူး၊ အချိန်လည်းရသေးတော့ လေးမျက်နှာဘုရား သွားဖူးရအောင်။ အဲဒီကအပြန် မနက်စာဝင်စားပြီး လေဆိပ်ဆင်းဖို့ ပြင်ကြတာပေါ့'

စိတ်မြန်လှသော စာရေးသူသည် လေဆိပ်ဆင်းလျှင် ဝတ်ရန် အသင့်ပြင်ထားသော ဘောင်းဘီရှည်နှင့် စပို့ရှပ်ကိုဝတ်ဆင်၍ တည်းခိုရာ (၁၃)ထပ်ရှိ အခန်းမှ ဓာတ်လှေကားနှင့် မြေညီထပ်သို့ ဆင်းခဲ့သည်။

♦♦♦

လေးမျက်နှာဘုရားသည် တခြားသော စေတီတော်များ၊ ဘုရားများကဲ့သို့ ခမ်းခမ်းနားနားနှင့် ကျယ်ဝန်းလှသော အဆောက်အအုံများ၊ စေတီပုထိုးများရှိရာ ကျောင်းတော်ကြီးတစ်ဆောင် အတွင်း၌ ကိန်းဝပ်စံပယ်တော်မူလေမည်ဟု အစကထင်မှတ်ခဲ့သည်။ မြို့နှင့်လည်း ခပ်လှမ်းလှမ်း၌ ရှိမည်ဟု ခန့်မှန်းထားသော်လည်း စာရေးသူတို့ ငှားစီးလာသော တက္ကစီကားလေးသည် မြို့လယ် လမ်းမကြီးများစွာ အတွင်း ဖြတ်သန်းမောင်းနှင်ခဲ့ပြီး အထပ်မြင့်တိုက်ကြီးများ တည်ရှိရာ လူစည်ကားလှသော ကုန်တိုက်ကြီးများကြားမှ ဟိုတယ်တစ်ခုရှေ့၌ ထိုးရပ်လိုက်သည်။

ကောင်းကင်ရထားလမ်း နှစ်ထပ်လမ်းကြီး၊ အဝေးပြေးကားလမ်းမကြီးများ၊ တိုက်ကြီးများကြားမှ မြွေလိမ်မြွေကောက် ဖောက်လုပ်ထားရာအောက်၌ တက္ကစီကား ရပ်လိုက်သောအခါ စာရေးသူ အထင်နှင့် အမြင်လွဲမှန်း သိလိုက်ရသည်။ ခမ်းနားကြီးကျယ်သော အဆောက်အအုံ၊ စေတီပုထိုးများမရှိ။ ဟိုတယ်ကြီးတစ်ခု၏ရှေ့၌ ရွှေရောင်ကျောင်းဆောင်ငယ်အတွင်း၌ ရွှေရောင်ဝင်းလျက်ရှိသော ရုပ်တုတစ်ခုကို မြင်လိုက်ရသည်။ ကျောင်းဆောင်ရှေ့၌ ရှိခိုးပူဇော် ကန်တော့နေကြသူများက တိုးရှပင် မပေါက်အောင် များပြားလှသည်။

လေးမျက်နှာဘုရားအား လှူဒါန်းပူဇော်ထားသည့် ဒေဝါလီအဝါရောင်ပန်းတို့မှာ ပန်းအိုးပင် မဆုံအောင်ရှိပြီး ဘေး၌ စုပုံ၍ပင် ထားရသည်။ ထိုပန်းတို့ အလယ်၌လည်း အုန်းပန်းဖြူဖြူအခက်များကို တွေ့ရသည်။ ဖယောင်းတိုင်၊ အမွှေးတိုင်တို့၏ မီးအရှိန်မှာ ပူပြင်းလှသည်ဖြစ်၍ အနားပင် ကပ်မရအောင် ပူလှသည်။ အမွှေးတိုင်နှင့် ဖယောင်းတိုင်တို့မှ ထွက်ပေါ်လာသော မီးခိုးတို့မှာလည်း မွန်ထူနေအောင် ဖြစ်သည်။ လာရောက်ပူဇော်သူများက အလွန်ပင် များလှသည်။ ထိုင်းလူမျိုးများ၏ လေးမျက်နှာ



ဘုရားအား ရွှေဆင်မျှော်နှစ်စင်းပူဇော်ကန်တော့ရာတွင်

www.burmeseclassic.com

www.burmeseclassic.com

လေးမျက်နှာဘုရားအား လက်ဝဲဘက်မှ ဓာတ္တုရုပ်၌



လေးမျက်နှာဘုရား လက်ယာဘက်မှ တွေ့ရစဉ်

ဘုရားအပေါ် ယုံကြည်မှုက ပူဇော်ပ,သလျှဒါန်းထားသော လှူဖွယ်များကို ကြည့်၍လည်း သိနိုင်သည်။

ကြက်ဥများကို လက်ဆွဲခြင်းတစ်လုံးအပြည့် လှူဒါန်းသလို အုန်းစိမ်းကိုလည်း ထိပ်ဖွင့်၍ အလုံးလိုက် လှူဒါန်းထားသည်။ ထို့အပြင် သစ်သီးမျိုးစုံ၊ ပန်းမျိုးစုံအပြင် ဆင်ရုပ်တုများလည်း ပူဇော်လှူဒါန်းထားသည်ကို တွေ့ရသည်။ လေးမျက်နှာဘုရား၌ လှူဒါန်းထားသောပန်းတို့မှာ အိန္ဒိယနိုင်ငံရှိ ဟိန္ဒူဘုရားများကို ဆက်ကပ်လှူဒါန်းလေ့ရှိသော ဒေဝါလီယန်းများဖြစ်ကြောင်း တွေ့ရသည်။ လေးမျက်နှာဘုရား၏ သွင်ပြင်သဏ္ဌာန်မှာလည်း ဟိန္ဒူနတ်ဘုရားများ၏ ပုံသဏ္ဌာန်နှင့် ဆင်တူကြောင်း တွေ့ရသည်။

ရုပ်ဟုတော်၏ အရှေ့ဘက်၌ မျက်နှာတော်တစ်ခု၊ အနောက်ဘက်၌ မျက်နှာတော်တစ်ခု၊ ဘယ်ညာနှစ်ဖက်၌ မျက်နှာတော်တစ်ခုစီရှိသလို လက်တော်များလည်း ခြောက်ဖက်ခန့်ရှိသည်။ ဟိန္ဒူနတ်ဘုရားမ လက်(ခြ)မီးကဲ့သို့ လက်လေးဖက်သဏ္ဌာန်နှင့် ဆင်လေသည်။ လေးမျက်နှာဘုရား၏ လက်တွင်း၌လည်း လံဘ်ကိုကိုင်ထားသလို ခက်ရင်းသုံးခွပါသော လက်နက်ကိုလည်း ကိုင်ထားသည်။ ကြာဖူးကိုင်ထားသည်ကိုလည်း တွေ့ရသည်။ လက်တစ်ဖက်၌ ရွှေရောင် လေးထောင့်ပုံသဏ္ဌာန် တစ်ခုကိုလည်း ကိုင်ထားကြောင်းလည်း တွေ့ရသည်။ ရုပ်တု၏ လက်ကောက်ဝတ်နှင့် လက်မောင်းတို့၌လည်း ရွှေလက်ဝတ်ရတနာများ ဝတ်ဆင်ထားကြောင်း တွေ့ရသည်။

လေးမျက်နှာဘုရား၏ပုံစံသည် ဟိန္ဒူနတ်ဘုရားတို့၏ ပုံသဏ္ဌာန်နှင့် အတော်ပင်တူလှသည်။ ထိုင်းယဉ်ကျေးမှုမှာလည်း အိန္ဒိယနိုင်ငံ ဟိန္ဒူယဉ်ကျေးမှုမှ ဆင်းသက်လာသောကြောင့် ဟိန္ဒူအယူအဆ၊ ဟိန္ဒူယဉ်ကျေးမှုနှင့် ဆက်နွယ်နေခြင်းမှာ အထူးအဆန်းမဟုတ်ပေ။ မြန်မာနိုင်ငံပင် ပုဂံခေတ် ဗိသုကာလက်ရာ၊ ဆေးရေးနံရံပန်းချီ၊ စာလုံးအလှများတို့သည် အိန္ဒိယ၊ ဟိန္ဒူအယူအဆတို့နှင့် မကွင်းလွတ်ခဲ့သလို ကမ္ဘောဒီးယားရှိ အန်ကောဝပ်ဘုရားကျောင်းပင် ဟိန္ဒူဘုရားကျောင်းတော် တစ်ခုပင် မဟုတ်ပေလော။ ထိုင်းနိုင်ငံအနေနှင့်ကား ဟိန္ဒူယဉ်ကျေးမှု၏ လွှမ်းမိုးမှုကို အတော်ပင်ယူခဲ့ရာ ရာမဇာတ်တော်မှစ၍ ကိုးကွယ်ယုံကြည်မှုတို့၌ အထင်အရှား တွေ့ရသည်။ ထို့ကြောင့် လေးမျက်နှာဘုရား၌ ဆက်ကပ်ထားသော ဒေဝါလီယန်းပွင့်ပန်းကုံးတို့

www.burmeseclassic.com

www.burmeseclassic.com

သည် ဟိန္ဒူနှင့်ဘုရားကျောင်းများ၌ ဆက်ကပ်သည့်အတိုင်း ဝင် ဖြစ်နေပေသည်။

စာရေးသူလည်း သမီး နန်းအွန်ခမ်း ဝယ်လာသော ဖယောင်းတိုင်၊ အမွှေးတိုင်၊ ပန်းတို့ဖြင့် လေးမျက်နှာဘုရား ကို ဦးချကန်တော့ရင်း ရောဂါအတွက် ဆုတောင်းခဲ့လေသည်။

လေးမျက်နှာဘုရား၌ ထူးထူးခြားခြား တွေ့ရသော မြင်ကွင်းမှာ ထိုင်းအမျိုးသားသုံးဦးသည် ဗုံ၊ ပတ္တလား တူရိယာများကို တီးခတ်နေပြီး သာယာလှသော တေးသံ သာနှင့်အညီ လိုက်ဖက်အောင် ထိုင်းလှပျိုဖြူ(၆)ဦးက ထိုင်း အက(မြန်မာနိုင်ငံ၌ ယိုးဒယားအကဟုခေါ်သော)ဖြင့် ဖျော် ဖြေနေသည်မှာ အလွန်ပင် ကြည့်ကောင်းလှသည်။ မိန်းမပျို တို့သည် ထိုင်းဝတ်စုံ၊ ထိုင်းစီးပုံတို့ဖြင့် အလွန်ပင် လှပစွာ ငြိမ့်ငြိမ့်ညောင်းညောင်း အတွဲညီညီ ကနေသည်မှာ ရှုမငြီး အောင်ပင် ခံစားရသည်။ ထိုင်းအမျိုးသားတို့ တီးခတ်နေသော ထိုင်းဂီတသံမှာလည်း အေးချမ်းလှပြီး ထိုင်းပျိုဖြူတို့ အက နှင့် လိုက်ဖက်လှသည်။ ထိုသို့ ဂီတသံ၊ လှပသော ထိုင်း ပျိုဖြူတို့၏ ငြိမ့်ညောင်းသော အကဟန်တို့သည် လေးမျက် နှာဘုရားရှင်အား အနုပညာနှင့် ပူဇော်ပ,သနေဟန်ပင် ဖြစ် ပေသည်။ ကမ္ဘာလှည့်ခရီးသည်များအနေဖြင့် ထိုဖျော်ဖြေမှု အမြင်ဆန်းအား ဓာတ်ပုံမှတ်တမ်းရိုက်ယူခြင်း၊ ဗီဒီယိုရိုက် ယူခြင်း ပြုလုပ်ကြသည်။

ကပြဖျော်ဖြေသော ထိုင်းပျိုဖြူများသည် ပိုးထည်များ၊ ရွှေချည်ငွေချည်ထိုးထည်များ ဝတ်ဆင်ထားပြီး ဆောင်း ထားသော စီးပုံမကိုင်၍ ကျောက်များစီခြယ်ထားရာ မြင်ရသူ အပေါင်းအနေနှင့် နတ်ဘုံနတ်နန်းမှ နတ်သမီးလေးများ ကပြပူဇော်နေသလားဟုပင် ဆင်မှတ်မိသည်။

♦ ♦ ♦

လေးမျက်နှာဘုရားသည် အထက်၌ ရေးသားသကဲ့သို့ သီးခြားတည်ထား ကိုးကွယ်ထားသော ရုပ်တုတော်တစ်ဆူ မဟုတ်ပေ။ ဟိုတယ်ရှေ့ရှိ ကွက်လပ်၌ တိုက်ကျောင်းငယ် ဆောက်လုပ်ထားပြီး မုခ်ဝလေးပေါက်ထားရှိကာ မျက်နှာ တော်လေးဖက်ရှိသော ထိုင်တော်မူရုပ်ပွားတော်တစ်ဆူဖြစ် သည်။ ပလ္လင်ထက်၌ ခြေတစ်ဖက်ကိုတင်လျက် ကျန်ခြေ တစ်ဖက်ကို အောက်ချထားသည့်အနေအထား ထုလုပ်ထား သည်။ ရှေ့ဘက်မှကြည့်သော် လက်များစွာနှင့် ရုပ်တုတစ် ဆူဟု ထင်မှတ်ရသော်လည်း ဘေးတစ်ဖက်တစ်ချက်၌



လေးမျက်နှာဘုရားအား ဝေးဝေးတဲ့မှ အနီးကပ်တွေ့ရစဉ်

လည်း မျက်နှာတော်နှစ်ဖက် ထုလုပ်ထားသည်။ ထိုနည်း တူ အနောက်ဘက်၌ မျက်နှာတော်တစ်ခုကို ထုလုပ်ထား သည်။ ကျောဘက်မျက်နှာတော်သည် ရှေ့ဘက်မျက်နှာနှင့် တူလှအောင် ထုလုပ်ထားသည်။ မျက်နှာတော်လေးဖက်ရှိ ၍ လေးမျက်နှာဘုရားဟု ခေါ်ခြင်းဖြစ်ကြောင်း သဘော ပေါက်မိသည်။ ခန္ဓာကိုယ်ကတော့ တစ်ခုတည်းသာ ဖြစ် သည်။ လက်တော်များက ခြောက်ဖက်ရှိသည်။

ဗုဒ္ဓမြတ်စွာဘုရား၏ ရုပ်တုတော်နှင့်ကား မတူပေ။ သင်္ကန်းရုံထားသော အသွင်လည်း မတွေ့ရပေ။ ခန္ဓာကိုယ် အထက်ပိုင်း၌ အဝတ်အစားမရှိ။ ခန္ဓာကိုယ်အောက်ပိုင်း၌ သာ ဘောင်းဘီရှည်သဏ္ဌာန် ဝတ်ဆင်ထားသည်။ ဒူး အောက်ခြေအထိရှည်သော ဘောင်းဘီ၏အနား၌ အနား ကွပ်ထားသည်မှာ ရှေးခေတ်ယိုးဒယားမင်းညီမင်းသားတို့ ဝတ်စားဆင်ယင်ပုံနှင့် တူလှသည်။ လည်ပင်း၌လည်း လည် ဆွဲဝတ်ဆင်ထားပြီး ရွှေရောင်ကြိုးတစ်ချောင်းကိုလည်း စလွယ်သိုင်းထားသည်ကို တွေ့ရသည်။ စိပ်ပုတီးနှစ်ကုံး ကိုလည်း လက်တစ်ဖက်က ကိုင်ထားသည်။

လေးမျက်နှာဘုရား၏ ပုံသဏ္ဌာန်သည် ဗုဒ္ဓရုပ်ပွား

www.burmeseclassic.com

တော်၏ ကြန်အင်လက္ခဏာတော်နှင့် မတူညီကွဲပြားနေကြောင်း တွေ့ရသည်။ ဟိန္နျူနတ်ဘုရားတို့၏ ပုံသဏ္ဌာန်ဖြစ်နေကြောင်း တွေ့ရသည်။ ဝတ်ဆင်ထားပုံ၊ လက်တွင်း၌ ကိုင်တွယ်ထားသော တောင်ဝှေး၊ ခက်ရင်း စသည့်လက်နက်အသုံးအဆောင်များသည် ဟိန္နျူနတ်ဘုရားများ၏ ပုံစံနှင့် တူနေကြောင်း တွေ့ရသည်။

စာရေးသူအနေနှင့် လေးမျက်နှာဘုရားကို ကြည့်မြင်ရသောအခါ ထိုပုံစံ လေးမျက်နှာဘုရား ပုံစံတူများကို ဘန်ကောက်မြို့ရှိ အထင်ကရ အဆောက်အအုံကြီးများရှေ့၌ ထားရှိပူဇော်ထားသည်ကို သတိရမိသည်။ စာရေးသူတို့ တည်းခိုသော Park Phloenchit အဆောက်အအုံ၏ဘေး၌လည်း အုတ်တိုက်ငယ်လေးနှင့် လေးမျက်နှာပုံစံတူ ဘုရားတစ်ဆူကို သတိရမိသည်။ ထိုဘုရားအား အနီးအနား ဈေးဆိုင်များမှ ဈေးသည်အမျိုးသမီးတို့ ပန်း၊ သစ်သီးတို့ဖြင့် လာရောက်ပူဇော်ကြသည်ကိုလည်း တွေ့ရသည်။

ထိုနည်းတူ အဆောက်အအုံကြီး၊ ကုန်တိုက်ကြီးများ၏ ရှေ့၌လည်းကောင်း၊ ခြံဝင်းကျယ်ကြီးများ ရှေ့၌လည်းကောင်း လေးမျက်နှာဘုရားပုံစံများ ထွင်းထုပူဇော်ထားသည်ကို စာရေးသူ သတိထားမိတော့သည်။ လေးမျက်နှာဘုရား တည်ရှိရာ အဆောက်အအုံကြီးမှာ The Grand Hyatt Erawan Hotel ဖြစ်သည်။

စာရေးသူသည် အယုဒ္ဓယသို့ ဘုရားဖူးလေ့လာရေး ခရီး မထွက်မီ တစ်နေ့၌ 'အယုဒ္ဓယကို သွားရင် လုံချည်နဲ့ မသွားနဲ့။ မြန်မာလူမျိုးကို သူတို့ သိပ်မကြည်ဘူး' ဟု စာရေးသူ တည်းခိုရာ အခန်းရှင် ကိုနော်နော်က သတိပေးစကား ပြောကြား၍ ဘောင်းဘီဝတ်သွားရန် ဘန်ကောက် မြို့လယ်ရှိ SETAN ကုန်တိုက်ရှေ့သို့ အင်္ဂနေးကားဖြင့် မိသားစု လာခဲ့သည်။

ကုန်တိုက်ရှေ့ ကွက်လပ်ကျယ်ကြီး၌ အစားအသောက်ဆိုင်များ၊ အသားကင်ဆိုင်များ၊ သစ်သီးဆိုင်များနှင့် အဝတ်အထည်ရောင်းချသော ဆိုင်တန်းကို ရောက်ရှိခဲ့သည်။ စာရေးသူ လိုချင်သော ဘောင်းဘီရှည်မတွေ့ရဘဲ ဘောင်းဘီတိုများကိုသာ တွေ့ရ၍ ဘောင်းဘီတို နှစ်ထည်ကို သာဝယ်ခဲ့ပြီး SETAN ကုန်တိုက်ရှေ့ရှိ တိုက်ကျောင်းဆောင်ငယ် နှစ်ဆောင်ရှိရာသို့ လေ့လာရန် ရောက်ရှိခဲ့သည်။

ပြာသာဒ်ရှည်ရှည်နှင့် အဖြူရောင်တိုက်ကျောင်းဆောင် အတွင်း၌ မတ်တတ်ရပ်လျက် ရပ်တုတစ်ခုကို တွေ့ရသည်။ မျက်နှာလေးဖက်နှင့် ရွှေရောင်ရပ်တုကို မြင်ခဲ့ရသည်။ ရပ်တုရှေ့၌လည်း ပန်း၊ သပူဇော်ထားသော ပန်း၊ သစ်သီး ၊ လှူဖွယ်များနှင့် မြင်တွေ့ခဲ့ရသည်။ ဘေးခြံလည်း ပြာသာဒ်သိပ်မမြင့်မားသော အဖြူရောင်မုခ်ဝ လေးပေါက်နှင့် တိုက်ငယ်ကို တွေ့ရသည်။

ထိုတိုက်အဆောင်အတွင်း၌ ရွှေရောင်ဝင်းလျက်နှင့် မဟာပိန္နဲနတ်မင်း ဆင်ရုပ်တုကို တွေ့ရသည်။ လက်လေးဖက်နှင့် ရုပ်တုဖြစ်သည်။ ဟိန္နျူတို့ကိုးကွယ်သော မဟာပိန္နဲ ရုပ်တုပင်ဖြစ်သည်။ ထိုရုပ်တုရှေ့၌လည်း လှူဖွယ်ပစ္စည်းများ၊ ပန်းများဖြင့် ပ၊သထားသည်။ လာရောက်ကြည်ညိုကြသူ တချို့ကိုလည်း တွေ့ရသည်။ ယနေ့ရောက်ရှိခဲ့သော လေးမျက်နှာဘုရားလောက်တော့ မစည်ကားလှပေ။

ထိုင်းလူမျိုးတို့ ယိုးဒယားဘာသာနှင့် ဘုရားအား ပူဇော်ကပ်ပြုနေပုံ

ထို့ကြောင့် ထိုင်းလူမျိုးတို့သည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသော်လည်း နတ်ပူဇော်ပ၊သမူကိုလည်း အလွန်သက်ဝင်ယုံကြည်ကြကြောင်းကို တွေ့ရသည်။ မြန်မာလူမျိုးတို့ကဲ့သို့ပင် နတ်ကိုးကွယ်မှုအပေါ် အထူးသက်ဝင်ကြသည်။ မြန်မာတို့ မင်းနှစ်ပါး ကိုးကွယ်မှု၊ ဦးမင်းကျော်၊ မြင်းဖြူရှင်၊ အိမ်တွင်း ဘိုးဘိုး စသည့် နတ်ယုံကြည်ကြသလိုပင် ဖြစ်မည်ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com

စာရေးသူတို့ ရောက်ရှိနေသော လေးမျက်နှာဘုရားသည် ထေရဝါဒဗုဒ္ဓဘာသာဝင်တို့ ကိုးကွယ်ယုံကြည်ရာ ဗုဒ္ဓဗြတ်စွာဘုရားရုပ်ပွားတော် မဟုတ်ပေ။ ဟိန္ဒူအယူဝါဒ လွှမ်းမိုးနေသော ထိုင်းလူမျိုးတို့ ကိုးကွယ်ယုံကြည်ရာ နတ်ဘုရားပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ စာရေးသူသည် လေးမျက်နှာဘုရားဟူသော အမည်ကြောင့် လာရောက် ဖူးမြော်ခြင်းဖြစ်ပြီး လက်တွေ့ဖူးမြော်ရသောအခါ ဟိန္ဒူ နတ်ဘုရားတစ်ပါးဖြစ်ကြောင်း သိရသော်လည်း မိမိဝေဒနာ ပျောက်စေရန် ပန်း၊ ဆီမီး၊ အမွှေးတိုင်တို့နှင့် ပူဇော်ပ,သပြီး ဖြစ်ပေါ်နေသော ရောဂါဝေဒနာ ပျောက်ကင်းရန် ဆု တောင်းခဲ့ခြင်း ဖြစ်သည်။

စာရေးသူမိသားစုသည် မွန်းလွဲ(၂)နာရီ၌ လေဆိပ် ဆင်းရန် ကားမှာထားပြီးဖြစ်ရာ နံနက်စာစားရန်နှင့် ငှား ထားသောအခန်းကို ပြန်အပ်ရန်ကိစ္စရှိသေး၍ လေးမျက်နှာ ဘုရားမှပြန်ရန် ဝင်ပေါက်မှ ထွက်ခဲ့ရာ ဝင်ပေါက်၌ Than Toa Mahaprom ဟု ရေးထိုးထားသော ကမ္ဘည်းတိုင်ကို တွေ့ရသည်။ ထိုကမ္ဘည်းတိုင်၌ ဘုရားဖူးရန် နံနက်(၆)နာရီ မှ ည(၁၁)နာရီအထိ သတ်မှတ်ထားသည်ကို တွေ့ရသည်။ ထိုအဝင်ကမ္ဘည်းနေရာမှ အထက်သို့ ရထားခုတ်မောင်းသံ ကြား၍ မော့ကြည့်လိုက်ရာ Sky Train ခေါ် ကောင်းကင် ရထားတစ်စီး အရှိန်ပြင်းပြင်းနှင့် ခုတ်မောင်းသွားသည်ကို တွေ့ရသည်။ ရထားလမ်းမှာ နှစ်ထပ်လမ်းဖြစ်ပြီး မြင့်မားလှ သော တိုက်ကြီးများအလယ်မှ မြင့်မြင့်မားမား ဖောက်လုပ် ထားသည်ကို တွေ့ရသည်။ ကောင်းကင်ရထား Chit Lom ဘူတာရုံအနီး၌ လေးမျက်နှာဘုရား တည်ရှိသည်။

လေးမျက်နှာဘုရားအနီး၌ ကုန်တိုက်ကြီးများ၊ Shopping Malls အများအပြား တည်ရှိသည်။ အထူးသဖြင့် ဘန်ကောက်မြို့ရှိ နာမည်ကြီးကုန်တိုက်များဖြစ်သော Gay-sorn, Central World နှင့် Amarin Piaza တို့ဖြစ်သည်။ လေးမျက်နှာဘုရားသည် ဘန် ကောက်မြို့ Grand Hyatt Erawan Holed ရှေ့၌ တည်ရှိသည်။ Rat-chadamri Road လမ်း၊ Pathum Wan ခရိုင်၌ရှိရာ ဘန်ကောက်မြို့လယ်ကောင် လူစည်ကား ရာ နေရာပင် ဖြစ်သည်။

♦ ♦ ♦

စာရေးသူတို့သည် တက္ကစီငှား၍ တည်းခိုရာအခန်းသို့ ပြန်ခဲ့ရာ တည်းခိုရာနေရာနှင့်နီးသော ဘာရမ်ဂရပ် ဆေးရုံ ကြီးရှေ့ရှိ မြန်မာထမင်းဆိုင်၌ ဝင်ရောက်ထမင်းစားကြ သည်။ စတင်ရောက်ရှိသည့်နေ့မှ ယခု ပြန်မည့်နေ့အထိ ထိုဆိုင်၌ပင် စာရေးသူတို့ ထမင်းစားဖြစ်သည်။ ဆိုင်ရှင်က လည်း မြန်မာ၊ ဝန်ထမ်းအများစုမီးလေးများကလည်း မြန်မာ ဖြစ်၍ စားသောက်ရသည်မှာ အဆင်ပြေလှသည်။

စားသောက်ပြီး၍ တည်းခိုရာအခန်းသို့ပြန်ပြီး အခန်း ရှင်ထံ ဖုန်းဆက်အကြောင်းကြားရာ အခန်းရှင်က စိတ်ချ ယုံကြည်စွာဖြင့် အခန်းသော့ကို အခန်းတွင်းရှိ စားပွဲပေါ်၌ တင်ထားခဲ့ပြီး တံခါးသော့ပိတ်ခဲ့ရန်ပြော၍ သူပြောသည့် အတိုင်း အခန်းကို သော့ပိတ်၍ ခရီးဆောင်သေတ္တာများကို ဓာတ်လှေကားဖြင့် (၁၃)ထပ်အမြင့်မှ မြေညီထပ်သို့ သယ်ခဲ့ ကြသည်။ သေတ္တာ၌ ဘီးများပါ၍ အလွယ်တကူပင် မပင် ပန်းဘဲ ရွှေ့ပြောင်းသယ်ယူနိုင်ခဲ့သည်။ စာရေးသူတို့ တည်း ခိုရာတိုက်အောက်ရှိ ဧည့်ခန်း၌ မိနစ်(၂၀)ခန့် စောင့်ဆိုင်း နေစဉ် ကြီတင်ငှားထားသော အငှားကား ရောက်လာသည်။

(၂)နာရီထိုးရန် (၁၀)မိနစ်ပင် လိုသေးသည်။ ဘန် ကောက်မြို့သည် တစ်ခါတစ်ရံ ကားကျပ်တတ်၍ ညနေ (၄)နာရီ လေဆိပ်ရောက်ရန် (၂)နာရီကြိုတင်ထွက်ခွာခြင်း ဖြစ်သည်။ စာရေးသူ ရန်ကုန်ပြန်သည့်ရက်မှာ (၂၂-၁-

ဘုရားအတွင်းဘုရင်ခံမှတော်ဝင်ဝတ်စုံဖြင့်

www.burmeseclassic.com

www.burmeseclassic.com



စာရေးသူတို့ကြည်းခိုရာ ပထမဆုံးခို၌
(၂၁)ထပ်အဆောက်အအုံရှေ့ လေးမျက်နှာဘုရားပုံစံငယ်

၂၀၁၅)ရက်နေ့ဖြစ်ရာ ရုံးပိတ်ရက်မဟုတ်ဘဲ သေကြာနေ့ဖြစ်၍ အမြန်လမ်းမကြီးပေါ်မတက်မီ မြို့တွင်းလမ်းများ၌ ကားပိတ်ဆို့မှု ကြုံရသည်။ အမြန်လမ်းမကြီးပေါ်ရောက်ပြီးနောက် ကားလမ်းပိတ်ဆို့ခြင်း မရှိတော့၍ သုဝဏ္ဏဘုမ္မိလေဆိပ်ရောက်သည်အထိ တစ်နာရီကိုးလုံးမီတာ (၈၀)နှုန်းနှင့် မောင်းနှင်ခဲ့သည်။ သုံးနာရီကျော်ကျော်၌ လေဆိပ်သို့ ရောက်လေသည်။

လေဆိပ်အတွင်း ဝင်ရောက်ပြီး ခရီးဆောင် သေတ္တာများ အလေးချိန်ပြီး အပ်နှံခြင်း၊ လူဝင်မှုကြီးကြပ်ရေး စစ်ဆေးခံခြင်းများ ပြုလုပ်ပြီးနောက် လေဆိပ်ခန်းမကြီးအတွင်း ရောက်ရှိခဲ့သည်။ စာရေးသူတို့ ဘန်ကောက်ကို လာစဉ်က ည(၉)နာရီကျော်ဖြစ်၍တစ်ကြောင်း၊ ဆိုက်ရောက်ခရီးသည်များသည် လေဆိပ်အောက်ထပ်၌သာ လုပ်စရာရှိသည်များကိုလုပ်ပြီး လေဆိပ်အပြင် ထွက်ခဲ့ရ၍ သုဝဏ္ဏဘုမ္မိလေဆိပ်အကြောင်း ကောင်းကောင်းမသိခဲ့ရပေ။ အပြန်ခရီး၌ကား ညနေ(၄)နာရီအချိန် လင်းလင်းထင်းထင်း လေဆိပ်အပေါ်ထပ် ထွက်ခွာခရီးသည်များ သတ်မှတ်နေရာ၌ ရောက်ရှိခြင်းဖြစ်သောကြောင့် သုဝဏ္ဏဘုမ္မိလေဆိပ်ကြီး၏ ခမ်းနားကြီးကျယ်ပုံကို မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရပေသည်။

အမှန်ကို ဝန်ခံရလျှင် စာရေးသူသည် နိုင်ငံခြားအတွေ့အကြုံနည်းပါးသူဖြစ်သည်။ နိုင်ငံခြားဆို၍ ဗုဒ္ဓဂယာဘုရားဖူးရန် အိန္ဒိယသို့ သုံးခေါက်ရောက်ဖူးသည်ကလွဲ၍ ဘယ်နိုင်ငံမှ မရောက်ဖူးခဲ့ပေ။ ယခု ဘန်ကောက်မြို့သို့ပင် မလွဲမရှောင်သာ၍ ဆေးကုသရန် ရောက်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ နိုင်ငံခြားအတွေ့အကြုံ နည်းလှသောသူဖြစ်၍ သုဝဏ္ဏဘုမ္မိနိုင်ငံတကာလေဆိပ်ကြီးကို နဖူးတွေ့ခွေးတွေ့ မြင်လိုက်ရသောအခါ တအံ့တသြဖြစ်မိသည်။

သုဝဏ္ဏဘုမ္မိလေဆိပ် အဆောက်အအုံသည် ပြင်ပမှ ကြည့်သော် ရှည်လျားလှသော မြွေနဂါးကြီးတစ်ကောင် တွန့်လိမ်ကောက်ကွေးနေသည့်ပမာ ခေတ်မီစွာတည်ဆောက်ထားသည်ကို တွေ့ရသည်။ ယခု အတွင်း၌မူကား အခွန်လွတ်ရောင်းချသော ဆိုင်ကြီးများကို ခန်းမဝဲယာ၌ မျက်စိတစ်ဆုံး ကြည့်မဆုံးအောင် များပြားလှသည်။ စားသောက်ဆိုင်ကြီးများကိုလည်း ထိုနည်းတူ တွေ့ရလေသည်။ တစ်ကမ္ဘာလုံးမှ ခရီးသွားများ သွားလာလှုပ်ရှားနေသည်မှာ အလွန်များလှသည်။

တောသား မြို့ရောက်နေသူပမာ ခံစားနေမိသော စာရေးသူသည် လေဆိပ်ကြီး၏ ခမ်းနားပုံကို ချီးမွမ်းခန်းဖွင့်နေမိသည်ကို ကြားမိသော သားငယ် ဝေမျိုးသက်က-

"စင်ကာပူလေဆိပ်က ဒီထက်တောင် ခမ်းနားသေးတယ်။ ကိုရီးယားလည်း ဒီလိုပဲ။ သားတို့ မြန်မာနိုင်ငံ လေဆိပ်သာ သေးနေတာ"

အုန်းမှုတ်ခွက်အောက်၌ ပိတ်မိသော ဖားသူငယ်ပမာ ကိုယ်ရောက်နေသော အုန်းမှုတ်ခွက်ကို ကမ္ဘာထင်နေမိရာမှ အုန်းမှုတ်ခွက်ပြင်ပရောက်လေသောပမာ ခံစားရင်း လေယာဉ်ပေါ် တက်ရောက်ရန် အချိန်လိုသေး၍ လေဆိပ်ခန်းမကြီး၌ ထိုင်စောင့်နေမိသည်။

◆◆◆

စာရေးသူသည် သားငယ် အင်တာနက်မှ ရှာဖွေပေးသော လေးမျက်နှာဘုရားနှင့် ပတ်သက်သော သမိုင်းကြောင်းကို ဆက်လက်၍ လေ့လာနေမိသည်။ စာရေးသူ အနေနှင့် လေးမျက်နှာဘုရားကို သွားရောက်ကြည်ညိုစဉ်က ပုံတော်ကိုမြင်ပြီး ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ရုပ်ပွားတော်မဟုတ်ကြောင်း၊ ဟိန္ဒူနတ်ဘုရား၏ ရုပ်တုတော်တစ်ဆူဖြစ်

www.burmeseclassic.com

www.burmeseclassic.com

နိုင်ကြောင်းကို တပ်အပ်သေချာစွာ မှန်းဆခဲ့ပြီး ဖြစ်သည်။ မြန်မာလူမျိုး အများစုအနေနှင့်လည်း ဘန်ကောက်ရောက်ပြီး လေးမျက်နှာဘုရားကို ဖူးမြော်ကြ၊ ဆုတောင်းကြပြီး မြန်မာပြည်ပြန်ရောက်သည်အထိ ဗုဒ္ဓဘုရားရှင်၏ ရုပ်တုတော်ဟူ၍သာ ထင်မှတ်ခဲ့ကြသည်။ ထို့ကြောင့်လည်း ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ သွားမည့်သူများကို ဆုတောင်းပြည့်တဲ့ လေးမျက်နှာဘုရားကို ဝင်ဖူးခဲ့ပါဟု ထပ်ဆင့်လမ်းညွှန်တတ်ကြသည်။



SEMAN (စီတန်) ဘုရင်တို့ပဲ့တင်ရာ လေးမျက်နှာတည်တတ်ဘုရားပေးတော်၏ ဟိန္ဒူနတ်ခရုဘုရား (ပဒေသာပင်ခြံဘုရား)

တကယ်တော့ လေးမျက်နှာဘုရားသည် စာရေးသူ တွေးထင်ယူဆခဲ့သည့်အတိုင်း ပုံစံအရ ဟိန္ဒူနတ်ဘုရားပုံစံဖြစ်၍ ဗုဒ္ဓဘာသာဝင်တို့၏ ကိုးကွယ်ရာ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ရုပ်ပွားတော်၊ ရုပ်တုတော် မဟုတ်ကြောင်းကို သားငယ် ရှာဖွေပေးသော အင်တာနက်မှ မှတ်တမ်းကို မြင်ရလေသောအခါမှ လေးမျက်နှာဘုရားသည် ဟိန္ဒူဘုရားတစ်ဆူဖြစ်ကြောင်း အောက်ပါအတိုင်း အထင်အရှား တွေ့ရတော့သည်။

အင်တာနက်၌တွေ့ရသော မှတ်တမ်းခေါင်းစည်း၌-

Four Faced Buddha of Bangkok, Thailand A Famous and Miraculous Wealth Granting and Protector Deity But He is not a Buddha.

ဘန်ကောက်ရှိ လေးမျက်နှာဘုရားသည် ကျော်ကြားမှု၊ စီးပွားချမ်းသာ တိုးတက်မှုတို့ကို မ,စနိုင်ခြင်း၊ ကာကွယ်စောင့်ရောက်ခြင်း ပြုသော နတ်တစ်ပါးဖြစ်သည်။ သို့သော်လည်း နတ်သည် ဗုဒ္ဓမြတ်စွာဘုရား မဟုတ်ပေဟု အတိအလင်း ရေးသားထားသည်ကိုတွေ့ရသည်။ လေးမျက်နှာဘုရားသည် ဟိန္ဒူဘုရား Brahma God ပင် ဖြစ်သည်။ လေးမျက်နှာဘုရား၏ မျက်နှာလေးဖက် တည်ရှိနေခြင်း၏ အဓိပ္ပာယ်ကို ဖွင့်ဆိုရာတွင် မျက်နှာတစ်ဖက်စီသည် Kindness (ကြင်နာခြင်း)၊ Mercy (သက်ညှာခွင့်လွှတ်ခြင်း)၊ Sympathy (ကရုဏာ) စာနာစိတ်ရှိခြင်း၊ Impartiality (မျှတ၍ ဘက်လိုက်မှုမရှိခြင်း)တို့ကို ရည်ညွှန်းကြောင်း တွေ့ရသည်။

လေးမျက်နှာဘုရားကို Erawan Shrine ဟုလည်း ခေါ်ကြသည်။ လေးမျက်နှာဘုရားအား ဘုရားတည်ထားရခြင်းနှင့် ပတ်သက်သည့် သမိုင်းကိုလည်း တွေ့ရသည်။

အကျဉ်းမျှတင်ပြရသော်-

(၁၉၅၆)ခုနှစ်တွင် ထိုင်းအစိုးရ ရင်းနှီးမြှုပ်နှံမှုတချို့ ပါဝင်သော Erawan Hotel ကို စတင်တည်ဆောက်ခဲ့သည်။

လေးမျက်နှာဘုရားအား အေးလီယန်းများ၊ ကြက်ဥများ၊ အသီးအနှံများ၊ ဆုံးဆပ်များဖြင့် တဆေးဘက်ဂွယ်ရာများနှင့် ပူဇော်တန်တော့စဉ်

www.burmeseclassic.com

www.burmeseclassic.com

လေးမျက်နှာဘုရားအဝင် ကမ္ဘည်းဆိုင်းဘုတ်

စတင်အုတ်မြစ်တူးဖော်သည့်ရက် မှား၍လောမသိ ဟိုတယ်တည်ဆောက်ရေးလုပ်ငန်းမှာ ကြုန့်ကြာခက်ခဲမှုများအပြင် အလုပ်သမားများ ထိခိုက်ဒဏ်ရာရရှိမှုများဖြစ်ခြင်း၊ ဟိုတယ်၌ အသုံးပြုရန် ရည်ရွယ်၍ သင်္ဘောဖြင့် သယ်ဆောင်လာသော အီတာလျံ(အီတလီ)ကျောက်ပြားများ ဆုံးရှုံးခြင်းများနှင့် ကြုံတွေ့ရသည်။ ထို့အပြင် အခြားအခက်အခဲများနှင့်လည်း ကြုံတွေ့ရလေသည်။

ထိုအခါ ဗေဒင်ပညာရှင်တွက်ချက်မှုအရ Brahma Status ဟိန္ဒူနတ်ဘုရား ကာရ(ချဲ)မာထုကို ထုလုပ်ကြသည်။ ထိုနတ်ဘုရားရုပ်တုကို ပုံစံရေးဆွဲထုလုပ်ပြီး နိုဝင်ဘာလ (၉)ရက် (၁၉၅၆)ခုနှစ်တွင် စတင်ကိုးကွယ် တည်ထားခဲ့သည်။ ထိုအခါမှ အဆောက်အအုံလုပ်မှုကို အနှောင့်အယှက်မရှိ။ အန္တရာယ်မရှိ ပြီးစီးအောင် ဆောက်လုပ်အောင်မြင်ခဲ့သည်။ (၁၉၈၇)ခုနှစ်တွင် လေးမျက်နှာဘုရားတည်ရှိရာ Erawanဟိုတယ်အား ဖြိုဖျက်ပြီး ထိုမြေကွက်နေရာ၌ The Grand Hyatt Erawan Hotel အသစ်ကို ဆောက်လုပ်ခဲ့သည်။

မတ်လ (၂၁)ရက်၊ (၂၀၀၆)ခုနှစ်၌ စိတ်ဝေဒနာရှင် ထိုင်းလူမျိုးတစ်ဦး၏ ဖျက်ဆီးမှုကို လေးမျက်နှာဘုရား ခံရသည်။ အသက်(၂၇)နှစ်အရွယ် Thanakorn Pakdeepo သည် လေးမျက်နှာဘုရားကို တူလက်နက်ဖြင့် အစိတ်စိတ်အမြွာမြွာဖြစ်အောင် ထုခွဲပစ်သည်။ ထိုသို့ ဖျက်ဆီးသူအား ဘေးမှ တွေ့မြင်ရသော တံမြက်စည်းလှည်းသော သန့်ရှင်းရေးလုပ်သူ နှစ်ဦးက အတင်းဝင်ရောက်၍ ရိုက်နှက်သော ကြောင့် ထိုဖျက်ဆီးသူ သေဆုံးခဲ့ရသည်။

Brahma လေးမျက်နှာရုပ်တုဖျက်ဆီးခံရပြီး ချက်ချင်းပင် ရုပ်တုအသစ်ကို ပြန်လည်သွန်းလုပ်ခဲ့သည်။ မေလ (၂၁)ရက်၊ (၂၀၀၆)ခုနှစ်၊ နံနက်(၁၁)နာရီ (၃၉)မိနစ်၌ ရုပ်တုဖွင့်ပွဲကို ပြန်လည်ဖွင့်လှစ်ခဲ့သည်။ ထိုရုပ်တုသစ်သည် ရွှေကြေးနှင့် တခြားတန်ဖိုးရှိသော သတ္တု(၉)မျိုးဖြင့် ရောစပ်သွန်းလောင်းထားခြင်းဖြစ်သည်။ မူလဖျက်ဆီးခံရသော ရုပ်တုဟောင်းမှ အစိတ်အပိုင်းအချို့ကိုလည်း ထည့်သွင်းသွန်းလောင်းခဲ့သည်။ ယနေ့ လူအမြောက်အမြား စည်ကားလျက်ရှိသော လေးမျက်နှာဘုရားရုပ်တုသည် (၂၀၀၆)ခုနှစ်၌ အသစ်သွန်းလောင်းခဲ့သော ရုပ်တုဖြစ်သည်။

ထိုင်းနိုင်ငံ၌ လေးမျက်နှာဘုရားပေါင်း များစွာရှိသည်။ စာရေးသူ အထက်၌ ရေးသားခဲ့သည့်အတိုင်း နေအိမ်အဆောက်အအုံ ရှေ့၌လည်းကောင်း၊ ကုန်တိုက်ကြီးများ၊ အဆောက်အအုံကြီးများ ရှေ့၌လည်းကောင်း လေးမျက်နှာဘုရားရုပ်တုများကို တွေ့ရသည်။ အမြောက်အမြားရှိသော လေးမျက်နှာဘုရားရုပ်တုများအနက် Grand Hyatt Erawan Hotel ရှေ့၌ရှိသော လေးမျက်နှာဘုရား Erawan Shrine သည် အထင်ရှားဆုံးနှင့် လူအများသိသော ရုပ်တုဖြစ်သည်။ ထိုလေးမျက်နှာဘုရားကို ထိုင်းလူမျိုးအများစုသည် ဆုတောင်းပြည့်သည်ဟူသော ယုံကြည်မှုနှင့် ကိုးကွယ်ခဲ့ကြသည်။ လေးမျက်နှာဘုရားကို ငွေကြေး၊ ပန်း၊ ဆီမီး၊ အမွှေးတိုင်၊ သစ်သီး၊ စားဖွယ်စုံနှင့် လာရောက်ပူဇော်၍ ဆုတောင်းကြသည်။ လျှပ်ဒါန်းသည့် ငွေကြေးတို့မှာ အလွန်ပင် များပြားလှသည်။ ငွေကြေးအလှူခံရရှိမှုနှင့်ပတ်သက်၍ မည်မျှများပြားလှကြောင်းကို တချို့က ဒုတိယဟိုဘဏ်လောက် ချမ်းသာကြောင်း နောက်ပြောင်တင်စား၍ပင် ရေးကြသည်။ လေးမျက်နှာဘုရား၌ ဆုတောင်း၍ ဆုတောင်းပြည့်ကာ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး အဆင့်မြင့်ခဲ့ကြသည့် ဖြစ်ရပ်များနှင့် ပတ်သက်၍လည်း Facebook ၌ မှတ်တမ်းပြုထားသည်ကို တွေ့ရသည်။ လေးမျက်

www.burmeseclassic.com

www.burmeseclassic.com

နာဘုရားသည် ဟိန္ဒူဘာသာအရ Maha Brahma God ခေါ် နတ်ဘုရားပင်ဖြစ်သည်။

သွားရောက်ဖူးမြော်သူ အများစုကတော့ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ရုပ်တုတော်တစ်ဆူအဖြစ် ထင်မှတ်ပူဇော်ခဲ့ကြသူတို့ များပြားလှသည်။ စာရေးသူကိုယ်တိုင်ပင် ဘန်ကောက်သို့ ဆေးစစ်၊ ဆေးကုသရန် မထွက်ခွာမီက ခယ်မဖြစ်သူ မခင်လေးနွယ်က 'အစ်ကိုကြီး...ဘန်ကောက်ရောက်ရင် လေးမျက်နှာဘုရားကို ဝင်ဖူးပါ။ တန်ခိုးကြီးတယ်' ဟူသော တိုက်တွန်းချက်အရ ယနေ့နံနက် လေဆိပ်မဆင်းမီ လေးမျက်နှာဘုရားသို့ အရောက်သွားခဲ့သည်။



လေးမျက်နှာဘုရားသို့ ရောက်ပြီးနောက် လာရောက်ဖူးမြော်သူ တိုးမပေါက်အောင် စည်ကားနေပြီး လှူဒါန်းပူဇော်ထားသည့် လှူဖွယ်များ၊ ပန်း၊ ဆီမီးများ၊ အမွှေးတိုင်များဖြင့် နေရာလပ်မရှိအောင် ပူဇော်ထားသည်ကို မြင်ရလေသောအခါ စာရေးသူကိုယ်တိုင် ပန်းလှူဒါန်းခြင်း၊ ဆီမီးထွန်း ပူဇော်ခြင်း၊ အမွှေးတိုင်ထွန်းညှိ ကပ်လှူခြင်းတို့ကို ပြုလုပ်ပြီး နေရာလွတ်တစ်နေရာ၌ထိုင်ရင်း ထိခြင်းငါးရပ်နှင့် လက်အုပ်ချီ၍ ကန်တော့ခဲ့သည်။ ကန်တော့ပြီးနောက် ဆောင်းပါးရေးသားရန် ရုပ်တုတော်အား လှည့်လည်ကြည့်ရှုရင်း ဓာတ်ပုံမှတ်တမ်း ရိုက်ယူသောအခါမှ ရုပ်တုတော်ကို ဂရုထား၍ ကြည့်မိသည်။

ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ရုပ်ပွားတော်နှင့် အသွင်သဏ္ဌာန် မတူ။ ဦးခေါင်း၌ မျက်နှာလေးမျက်နှာ၊ လက်တော်ခြောက်ဖက်၊ လက်အတွင်း၌ တောင်ဝှေး၊ ခဲက်ရင်း၊ ကြာဖူးများ ကိုင်လျက်အနေအထား၊ လက်မောင်း၊ လက်ကောက်ဝတ်၌ ရတနာလက်ပတ် ဝတ်ဆင်ထားခြင်းနှင့် စလွယ်သိုင်းကြိုး လွယ်ထားမှု၊ စိပ်ပုတီးတစ်ကုံးနှင့် ပုံကို တွေ့မြင်ရသောအခါမှ စာရေးသူ၏စိတ်၌ ငါ ပူဇော်ကန်တော့ခဲ့သော ရုပ်တုတော်သည် ဗုဒ္ဓမြတ်စွာဘုရား၏ ရုပ်ပွားတော်မဟုတ်ပါတကားဟူသောအသိ ပေါ်ပေါက်ခဲ့သည်။ ဟိန္ဒူနတ်ဘုရားတစ်ဆူဟု အထင်ရောက်ခဲ့သည်။ သို့သော် မိမိယုံကြည်မှုဖြင့် ဆုတောင်းမိခဲ့သည်ကိုတော့ မပြင်ဆင်လိုတော့ပေ။ ညောင်ပင်စောင့်နတ် ရက္ခစိုးထံ၌ ဆုတောင်းခဲ့ဖူးသလို၊ အိမ်တွင်းဖခင်ကြီးထံ ဆုတောင်းခဲ့ဖူးသလို၊ အာဘိုးမင်းခေါင်ပုံတော်ရုပ်တုတော်ရှေ့၌ ဆုတောင်းခဲ့ဖူးသလို ခံစားရင်း ဤဆုတောင်းပြည့် လေးမျက်နှာဘုရား၌လည်း မိမိကျန်းမာရေးအတွက် တောင်းမိသောဆုကို ထပ်မံ၍ လက်အုပ်ချီပြီး ပြည့်ဝပါစေကြောင်း ဆုတောင်းခြွေမိပေသည်။

♦ ♦ ♦

စာရေးသူသည် သားငယ် မောင်ဝေမျိုးသက်နှင့် သမီးနန်းဆွန်ခမ်းတို့ အင်တာနက်မှ ဆွဲယူကူးထားသည့် မှတ်တမ်းစာရွက်များ လေ့လာဖတ်ရှု၍ ပြီးဆုံးပြီးနောက် မြန်မာနိုင်ငံသို့ ထွက်ခွာမည့် ထိုင်းအဲဝေးလေယာဉ်ပေါ် တက်ရောက်ရန် ဖိတ်ခေါ်သံ ကြားရသောအခါ လေယာဉ်ရှိရာသို့ ထွက်ခွာလာရင်း ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ ခမ်းနားလှသော သုဝဏ္ဏဘူမိလေဆိပ်ကြီးကို နှုတ်ဆက်ကာ ထိုင်းအဲဝေးလေယာဉ်ကြီးပေါ်သို့ တက်ရောက်ခဲ့လေသည်။

တက္ကသိုလ်မျိုး

၁။ Erawan Shrine in Bangkok.

၂။ Erawan Shrine.

၃။ Four Faced Buddha of Bangkok, Thailand A Famous and Miraculous Wealth Granting and Protector Deity but He is not a Buddha.

၄။ ကိုယ်တိုင်လေ့လာခြင်း၊ အင်တာနက်စာတမ်းများ (၂၂-၁-၂၀၁၅)။

www.burmeseclassic.com

www.burmeseclassic.com

ဒိုလ်တစ်ထောင်-ကိုဦး

ရာဇဟောင်သမိုင်းဆင်
ကျိုက်ညီဗျားး (၈၂)
ရွှေနားပန်စေတီတော်

လွန်ခဲ့သော နှစ်ငါးဆယ်ကျော်ကာလက စာရေးသူသည် ဤအရပ်ဒေသတွင် နေခဲ့ဖူး၏။ ထိုစဉ်က ဓေဖယန္တာလမ်းမကြီးသည် ကျောက်တုံးကြီးများ အစီအရီ ခင်းထားသည့် အဆင့်တွင်သာ ရှိသေးသည်။

အေးချမ်းတိတ်ဆိတ်၍ ချုံနွယ်ပေါများပြီး သာယာသော ရွာခင်းများကြောင့် မကြာခဏ ရာဇဝင်ရုပ်ရှင်ဇာတ်ကားကြီးများ လာရိုက်လေ့ရှိသည်။ မှတ်မိသမျှ ခင်မောင်ဇင်၊ ကြည်ကြည်ဌေးတို့ အများဆုံးလာရိုက်ကြသည်ကို မှတ်မိနေ၏။



ကျိုက်ညီဗျား (၈၂) ရွှေနားပန်စေတီတော်

ရွှေနားပန်စေတီတော်မှာ ရွှေရောင်တော် မတောက်ပ၊ ညီးမှိန်စွာဖြင့် တစ်ကိုယ်တော် စံပယ်နေတော်မူရှာ၏။ စေတီတော်ပရိဝုဏ်တစ်ဝိုက် အနောက်ဘက်တွင် ကျယ်ပြန့်သောကွင်းပြင်ရှိခဲ့ပြီး အရှေ့နှင့် မြောက်အရပ်တို့တွင် ချုံနွယ်များ ဝိတ်ဖုံးလျက် ခြံဝင်းကျယ်ကြီးများသာ ရှိလေသည်။

လွန်စွာတိတ်ဆိတ်၍ ဘုရားဖူးလာ ကင်းမဲ့ခဲ့သော ရွှေနားပန်စေတီတော်ကြီးမှာ ယခုတစ်ခေါက် စာရေးသူ ရောက်ရှိလာသောအခါ လွန်စွာအံ့သြရလေသည်။ ထို့အတူ စေတီတော်ကြီးမှာ သပ္ပာယ်ကြည်ညိုလွန်း၍ ဖူးမဝဖြစ်ခဲ့ရသည်။

ရှေးဟောင်းစေတီတော်

ရွှေနားပန်စေတီတော်သည် သိဂုံတွဲရကုန်းတော်အား ဝန်းရံထားသည့် အရန်ကုန်း ကိုးဆယ့်ကိုးကုန်းတွင် တစ်ကုန်းအပါအဝင်ဖြစ်သော ကုန်းတော်၌ တည်ထားခြင်း ဖြစ်သည်။

ဗုဒ္ဓမြတ်စွာသည် ဝါတော်(၈)ဝါအရ မဟာသက္ကရာဇ်(၁၁၁)ခုနှစ်တွင် အရှင်ဂဝံပတေ့ မထေရ် ပင့်လျှောက်တော်မူ၍ သုဝဏ္ဏဘူမိသထုံပြည်သို့ ရောက်ရှိခဲ့၏။

မြတ်ဗုဒ္ဓသည် သထုံပြည်သို့ရောက်ခိုက် နောင်အနာဂတ် ဗုဒ္ဓသာသနာ ထွန်းလင်းမည့်အရေးကြီးတင်မျှော်တွေးလျက် ဆံတော်များအား ပေးသနားတော်မူခဲ့လေသည်။

ထိုဆံတော်များ ပေးသနားရာတွင် ဟိသ

www.burmeseclassic.com

www.burmeseclassic.com

ရသေ့ ခေါ် ရသေ့ခေါက်သည်လည်း ဗုဒ္ဓဆံတော်အား ရရှိခဲ့သည်။ သီဟ ဒီပကျွန်းတွင် ဆံတော်တစ်ဆူအား ဌာပနာ၍ စေတီတည်ခဲ့လေသည်။ ရသေ့ခေါက် တည်တော်မူသောစေတီဖြစ်ခြင်းကြောင့် ဘွဲ့မည်ကို ကျိုက်ခေါက်စေတီဟု သမုတ်ခဲ့သည်။ ကျန်ဆံတော်တစ်ဆူကို အရန်ကုန်း ကိုးဆယ့်ကိုးကုန်းတွင် ပါဝင်သော သဃ်ိန်းကျွန်းကုန်း၌ စေတီတည်ထားခဲ့သည်။



တံလွှဲတိုင်နှင့်ကြေးမုံကိုတွေ့ရစဉ်အား (အင်းမဖူးရွာတွင်)

ကျိုက္ကစံ၊ ကျိုက်ခေါက်၊ ကျိုက်ဒေးအပ် စေတီတော်များ တည်ထားပြီးနောက် မရွေးမနှောင်း၌ တည်ထားသော စေတီငယ်ဖြစ်ကြောင်း သမိုင်းအထောက်အထားအရ သိရှိရပါသည်။ ဘွဲ့တော်မှာလည်း ကျိုက်ညီဗားစေတီဟု အမည်တွင်၏။

စေတီငယ်မှာ နှစ်များစွာကြာလာသောအခါ ယိုယွင်းပျက်စီးလာခဲ့ပြီး ချုံနွယ်ဓိတ်ပေါင်းများအလယ် လူမသိသူမသိ ညိုးငယ်စွာ စံပယ်တော်မူခဲ့ရသည်။

ရွှေဌေးသီရိ အသောကမင်းကြီး လက်ထက်တွင် ယင်းစေတီငယ်အား ထပ်မံပြုပြင်ခဲ့လေသည်။ ရှေးအခါ နဂါးလေးကောင် စောင့်ရှောက်ခြံရံသည့်ဘုရားဟု ထင်ရှားခဲ့ပါသည်။

မနုဟာမင်း မလျှုလိုက်ရသော စေတီတော်

ဘုရားလောင်းထေရ၌ ဟင်္သာမင်းဖြစ်စဉ်က နောက်ပါဟင်္သာထောင်ငါးရာဖြင့် သမုဒ္ဒရာကိုဖြတ်၍ ပုံသန်းရာ ကြီးစွာသော မုန်တိုင်းနှင့် ကြုံလေ၏။ မုန်တိုင်းဒဏ်ကြောင့် ဟင်္သာတို့ ကျရောက်ရာ ပထမပဟိတကုန်း၌ စေတီတည်ထားကိုးကွယ်သော် သာသနာအဓွန့်ရှည်ကြာ တည်လတ္တံ့ဟု ဗျာဒိတ်ရှိခဲ့သည့်အတိုင်း ကြာယဇ်မင်းနှင့် ရသေ့ခေါက်တို့ ကြီးမှူး၍ ဘုရားရှင်၏ ဆံတော်ဓာတ်တစ်ဆူကို ဌာပနာ၍ တည်ထားကိုးကွယ်ခဲ့သည်။

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် သာသနာတော်သက္ကရာဇ်(၂၃၉)ခုနှစ်တွင် အရှင်ယသ အမျှူးပြုသော ရဟန္တာရှစ်ပါးသည် ပါဋလိပုတ်ပြည်မှ ရာမညတိုင်းသုဝဏ္ဏဘူမိသထုံပြည်သို့ ကြွချီခဲ့ကြ၏။ ထိုမှတစ်ဆင့် မဏီဒီပကျွန်း သီဟဒီပမင်းထံ ရောက်ရှိရာမှ သီဟိုဠ်မှ ပင့်ဆောင်လာခဲ့သော ဗုဒ္ဓဆံတော်နှင့် ဓာတ်တော်များကို စေတီတည်ထားကိုးကွယ်ရန် ပေးအပ်တော်မူခဲ့သည်။

သုဝဏ္ဏဘူမိသထုံပြည် ဘုရင်မင်းအဆက်ဆက် ကိုးကွယ်ဆည်းကပ်ခဲ့သောကြောင့် သာသနာပြန့်ပွား ထွန်းကား

သာသနာပြုဗုဒ္ဓဂိုလ်ဧကာရုံ (ဆောရဟေခေါက်ပုံတော်)

www.burmeseclassic.com

www.burmeseclassic.com

လာခဲ့ရာ မနုဟာမင်းကြီး လက်ထက်တွင် ရတနာသုံးပါး အား ကြည်ညိုသဒ္ဓါကြောင့် စေတီပုထိုးများ တည်ထား ကိုးကွယ်လိုသောဆန္ဒ ဖြစ်ပေါ်ခဲ့ရာ ပညာရှိအမတ်တို့နှင့် တိုင်ပင်ဆွေးနွေးခဲ့ပြီး ရှေးယခင် သီဟဒီပမင်း လက်ထက်တော်က ဘုရားရှင်၏ ဆံတော်မြတ် ကိန်းဝပ်တော်မူရာ ပထမဝဟိတကုန်းထက်ရှိ **စေတီတော်၌ စုရုံး၍** ဌာပနာတော်ဟု မိန့်တော်မူကြောင်း **မူရင်းတို့က** လျှောက်တင်ကြသဖြင့် မင်းကြီးမှာ ဝမ်းမြောက်ဝမ်းသာဖြစ်ရသည်။

ရွှေအပြည့်တင်ထားသော လှည်းကိုးစီး၊ ငွေအပြည့် တင်ထားသော လှည်းကိုးစီး၊ ကျောက်သံပတ္တမြားတို့နှင့် အတူ ပညာရှိအမတ်ကြီးမှ ဦးဆောင်၍ စစ်သည်ဗိုလ်ပါ အခြံအရံတို့နှင့်တကွ စေတီတော်မြတ် တည်ထားကိုးကွယ်ရန် ပဟိတကုန်းရှိရာ ဒဂုံသို့ စေလွှတ်တော်မူခဲ့သည်။

ပညာရှိအမတ်ကြီးလည်း မင်းကြီး၏ ရတနာသုံးပါး ကြည်ညိုသဒ္ဓါပွားမှု စိတ်ဆန္ဒကို ဖြည့်စေခြင်းငှာ သုဝဏ္ဏ ဘူမိမှ ဒဂုံတိုင်း ပဟိတကုန်းသို့ ထွက်ခွာလာခဲ့သည်။

ရောက်သောအခါ ကျိုက္ကစံဆံတော်ရှင်စေတီတော်ကြီး မှာ ဘုရားရှင်၏ ဆံတော်နှင့် သရီရဓာတ်တော်များ ဌာပနာ

ဘုရားဆံတော်နှင့် သရီရဓာတ်တော်များ ဌာပနာပြီးစီးပုံ

ပြီး၍ စေတီတော်တည်ထားကိုးကွယ်ပြီးဖြစ်ကြောင်း သိရသောကြောင့် စေတီတော်အား ကြည်ညိုသဒ္ဓါစိတ်ဖြင့် ဖူးမြော်ကန်တော့ပြီးနောက် ဝမ်းနည်းကြေကွဲမှုဖြစ်ကာ ပါလာသော ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတို့မှာ ဘုရားတည်ရန် ရည်စူးထားသော ဥစ္စာပစ္စည်းများဖြစ်သဖြင့် တိုင်းပြည်သို့ ပြန်ယူသွားလိုသောဆန္ဒ မရှိခဲ့ချေ။

တောရဆောက်တည်နေသော ရသေ့မြတ်တစ်ပါးနှင့် တွေ့ဆုံတိုင်ပင်ပြီး ယခင် မင်းနှမကန်ပေါင်ရိုး၊ ယခု မိကျောင်းကန်အပိုင်း(၁)ဟုခေါ်သော ကန်စွန်းခင်းကန်ပေါင်ရိုးတွင် စုပုံသွန်ချထားခဲ့သည်။

တောရဆောက်တည် ရသေ့မြတ်နှင့်အတူ ပညာရှိအမတ်ကြီးနှင့်တကွ နောက်ပါအခွေအရံများသည် စုပုံသွန်ချခဲ့သော ဥစ္စာပစ္စည်းများမှာ နောင်အခါ ပွင့်တော်မူမည့် အရှင်မေတ္တေယျဘုရားရှင် ပွင့်တော်မူသောအခါ ကျောင်းတော်ဆောက်ရန်အတွက် ဆုပန်ကြပြီး ရသေ့ကြီး၏ အမိန့်ဖြင့် ရွှံဖြင့်ပြုလုပ်ထားသော အင်းကျဲရုပ်၊ ဆေးဖြင့် စိမ်ထားသော အဝတ်စမြွေတို့အား ထိုဥစ္စာပစ္စည်းများကို စောင့်ရှောက်ရန် အစောင့်ထားခဲ့သည်။

မတော်လောဘဖြင့် ထိုဥစ္စာပစ္စည်းများကို ယူငင်ပါက အင်းကျဲနှင့် အဝတ်စမြွေတို့မှ အသက်ဝင်၍ ခတ်သတ်၊ ပေါက်သတ်ခြင်းခံရပြီး သေလွန်ပြီးနောက် အင်းကျဲ၊ မြွေတို့နှင့်အတူ ဥစ္စာပစ္စည်းများကို စောင့်ရှောက်သူ ဖြစ်ပါစေဟု အဓိဋ္ဌာန်ထားခဲ့ပြီးနောက် အမတ်ကြီးသည် ရသေ့ကြီးအား ဖူးမြော်ကန်တော့ပြီး မိမိ၏နေရပ် သုဝဏ္ဏဘူမိသထုံပြည်သို့ ပြန်ခဲ့လေသည်။

မောင်ဒါနှင့် မယ်ရုပ်

မင်းနှမကန်ပေါင်ရိုးအနီးတွင် နတ်စင်ဘောက်ထော်ရွာ ရှိလေသည်။ ထိုရွာတွင် မွန်လူမျိုးများဖြစ်ကြသော အဖ ဦးပေါက်နှင့် အမိ ဒေါမယ်တော်တို့မှ မွေးဖွားသော မယ်ရုပ်နှင့် မောင်ဝဏ္ဏဟူသော မောင်နှမနှစ်ယောက် ရှိသည်။ ရတနာသုံးပါးကို ရိုသေကိုင်းရှိုင်း၍ ကျေးဇူးရှင် မိဘတို့အား လေးစားဦးထိပ်ထားသည့် မောင်နှမနှစ်ယောက်သည် လူလားမြောက်၍ အရွယ်ရောက်လာသောအခါ မိဘတို့ ကိုးကွယ်ဆည်းကပ်သော တောရဆောက်တည် ရသေ့မြတ်ထံ နေ့စဉ် ဆွမ်းအုပ်များ သွားရောက်ပို့ဆောင်ရသည်။

သူငယ်သမီး မယ်ရုပ် နေ့စဉ်နှင့်အမျှ ဆွမ်းအုပ် သွားပို့နေသည်ကို မြင်တွေ့နေရသော နွားကျောင်းသား

www.burmeseclassic.com

www.burmeseclassic.com



တနက်နေစထောင့်ရှိ ထီးတော်စဟောင်းကို ဗျာပနာထားအသာ
ထီးတော်စတော်တော်နှင့်ဆက
ဗျာဇဘောင်းဇင်တော်မှုန့်ဖွားတော်ခုံးရာ



လက်ရှိစေတီတော်ဂေါပကအဖွဲ့၏ကောင်းမှုတော်
ကိုးတောင်ပြည့်စေတီ

သူဆင်းရဲသားလေး မောင်ဒါနသည် တစ်ဖက်သတ်ချစ်ခင်မြတ်နိုးနေ၏။ ဖွင့်ဟပြောဆိုရန် ဘဝမှာ နံချာလှသဖြင့် မပြောရဲရှာဘဲ ချစ်ခင်သည့်စိတ်ကို မျိုသိပ်ကာနေရ၏။

တစ်နေ့သောအခါ နွားကျောင်းသားလေး မောင်ဒါနသည် နွားများကို ကျောင်းနေစဉ် မယ်ရွှေပဲအကြောင်း စဉ်းစားတွေးတောရင်း အချိန်များ ကုန်လွန်ခဲ့ရာ အချိန်မှာ မှောင်ရီဝိုးတဝါးအချိန် ရောက်သွားလေ၏။ မိမိ၏နွားများကိုသိမ်းရန် ရှာဖွေသောအခါ မတွေ့ရှာဘဲ မျက်စိလည်လှမ်းမှားပြီး မင်းနှမကန်ပေါင်ရိုးသို့ ရောက်သွားလေ၏။

ရွှေ၊ ငွေရတနာတို့ကို တွေ့မြင်လေသော် ဝမ်းသာလုံးစို့ကာ ဤဥစ္စာပစ္စည်းများသာ မိမိပိုင်ဆိုင်ရပါက မိမိမြတ်နိုးနှစ်သက်သည့် မယ်ရွှေပဲကို ကောင်းစွာကျွေးမွေးနိုင်ပြီး ပေါင်းဖော်နိုင်မည်ဟု ယုံကြည်ကာ ပါလာသည့်လုံကွင်းဖြင့် ရွှေ၊ ငွေဥစ္စာတို့ကို နိုင်သမျှ ယူငင်လေ၏။

တစ်ချိန်က တောရ၊ရသေ့နှင့် ပညာရှိအမတ်ကြီးတို့၏ မိဠာန်ခဲ့သည့်အတိုင်း အင်းကျွဲနှင့် အဝတ်စမြွေတို့သည် အသက်ဝင်လာကြပြီးနောက် ဥစ္စာပစ္စည်းများကို ယူငင်နေသည့် မောင်ဒါနကို ခတ်သတ်ပေါက်သတ်သဖြင့် မရဏသေပွဲဝင်ခဲ့ရသည်။ အင်းကျွဲ၊ မြွေတို့နှင့်အတူ မောင်ဒါနသည် ရွှေ၊ ငွေဥစ္စာတို့ကို စောင့်ကြပ်ထိန်းသိမ်းရသော ဥစ္စာစောင့်ဘဝသို့ ရောက်ခဲ့ပါတော့သည်။

ရွှေနားပန်စေတီ တည်လေပြီ

နှစ်ပေါင်းကြာညောင်းလာသောအခါ မယ်ရွှေပဲ၏ မိဘများသည် ကွယ်လွန်ခဲ့ကြရာ မယ်ရွှေပဲမှာ ပဋိဒေဝမီး တောက်လောင်လျက် သောကရောက်ရရှာ၏။ ဆရာသခင် ရသေ့အရှင်မြတ်ထံသို့ ရောက်ရှိလာပြီးနောက် မိမိခံစားနေရသည့် ဗျာဒါပမီးကြောင့် ပူဆွေးသောကကို မျက်ရည်လည်ရွဲဖြင့် ပြောပြနေသော မယ်ရွှေပဲလေးကို ရသေ့မြတ်က ကြင်နာသနားစွာကြည့်လျက် ဆုံးမတော်မူ၏။

မမြဲသော ရုပ်တရား၊ နာမ်တရားကို သိရှိစေခြင်းငှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တတည်းဟူသော လက္ခဏာရေးသုံးပါးကို ဟောကြားဆိုဆုံးမ၍ မယ်ရွှေပဲလေးမှာ သတိသံဝေဂရရှိပြီးနောက် မိမိထံ၌ ကျန်ရစ်ခဲ့သည့် မိဘအမွေအနှစ်ပစ္စည်းဥစ္စာများကို ထုခွဲရောင်းချ၍ ဆရာရသေ့နှင့် တိုင်ပင်ဆွေးနွေးရာ အရှင်ရသေ့မြတ်၏ ညွှန်ကြားတော်မူချက်အရ သိဂုတ္တရကုန်း အရန်ကုန်း ကိုးဆယ့်ကိုးကုန်းတွင် ပါဝင်သော

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ဦးတိသဿ၏ အရိုအိုးအား၊ ဌာပနာချီတည်ထားဖေသာ အရိုးစေတီ

တစ်ကုန်းဖြစ်သည့် ယခုဘုရားတည်ရာ ကုန်းတော်၌ စေတီတည်ထားကိုးကွယ်လေသည်။

မိမိအမြတ်တနိုးထား၍ ပန်ဆင်ခဲ့သော နားပန်ခေါ်နားတောင်းတော်ကိုချွတ်ကာ လှူဒါန်းပြီး ဘုရားရပ်ပွားတော်၊ ဆင်းတုတော်များနှင့်အတူ စေတီတော်၌ ထည့်သွင်း

ဝရုဏဟောင်းအပါတော်မှ ရွှေစံပွားဆောင်းတွေ့တော်သုံးဆူအား အနှီအပါဂူးစတွေ့ရစဉ်

ဌာပနာလျက် လှူဒါန်းခဲ့သောကြောင့် ကျိုက်ညီဗားစေတီဘွဲ့အမည်ပေးတွက်၍ ရွှေနားပန်စေတီဟု ခေါ်တွင်ကြလေသည်။

ဒုတိယအကြိမ် စေတီတော်တည်ထားကိုးကွယ်ခြင်း

နှစ်ပဋိစ္စဒေကြာညောင်းလာသောအခါ စေတီတော်မှာ လေဒဏ် မိုးဒဏ် ရာသီဥတုဒဏ်ကြောင့် ပြုပြင်မွမ်းမံသူမရှိခဲ့၍ ပြိုကျပျက်စီးခဲ့ပြီး ဘုရားငုတ်တိုဘဝ ကျရောက်ရလေ၏။

ကျိုက္ကစ်ရွှေကျင်တိုက်မှ သံဃာငါးကျိပ်ကျော်တို့အား စာဝါပို့ချနေသော တိုက်အုပ်ဦးတိဿသည် သာသနာတော်အဂ္ဂန်ရည်စွာတည်တံ့စေခြင်းငှာ ရွှေကျင်သာသနာပိုင် ဆရာတော်ကြီးထံ ခွင့်ပန်ပြီး စေတီတော်ကြီး၏ အရှေ့တောင်ထောင့်တွင်ရှိသော ကုလားလှူမျိုးပိုင်ဆိုင်သည့် မြေနေရာအား အလှူခံ၍ ဝါးကျောင်းလေးဆောက်ကာ (၇)အိမ်မျှ ဆွမ်းခံကြွလျက် ပတ္တပိဏ်ဘုဉ်းပေးပြီး အကျင့်သီလစောင့်ထိန်း၍ ကမ္မဋ္ဌာန်းတရား အားထုတ်တော်မူသည်။

ဆရာတော်၏ အကျင့်သီလနှင့် ပြည့်စုံမှုကြောင့် ရပ်ရွာ ဒါယကာ၊ဒါယိကာမများ စုပေါင်း၍ ဆရာတော်အား ကျောင်းဆောက်လုပ်လှူဒါန်းရာ မင်္ဂလာဘုံကျောင်းဟု ခေါ်တွင်လေ၏။

ချုံနွယ်ပိတ်ပေါင်းများအကြား ပျက်စီးနေသော ရှေးဟောင်းဘုရားငုတ်တိုအား မြင်တွေ့လေသော ဆရာတော်မှာ များစွာစိတ်မကောင်းဖြစ်ရသည်။ တပည့်ဒါယကာများနှင့် တိုင်ပင်ညှိနှိုင်း၍ ချုံနွယ်များအား ရှင်းလင်းကာ သာသနာတော် အဂ္ဂန်ရည်ရေးအတွက် စေတီတော်အား ထပ်မံပြီး သင်တိုင်းရုံစေတီ ပြန်လည်တည်ထားလိုသောဆန္ဒ ဖြစ်ပေါ်လျက် (၁၂၇၉) ခုနှစ်၊ ကဆုန်လပြည့်နေ့ နံနက်နေထွက်သည်နှင့် ကျိုက္ကစ်ရွှေကျင်သာသနာပိုင်ဆရာတော်ကြီး အမှူးရှိသော သံဃာတော်ငါးကျိပ်ကျော်တို့၏ မျက်မှောက်၌ သင်္ကန်းကျွန်းနတ်စင်ဘောက်ထော်ရွာသူကြီး ဦးဘိုးသနှင့် ဆရာတော် ဦးတိဿသည် အလှူဒါယကာ၊ ဒါယိကာမများနှင့်အတူ ရွှေနားပန်စေတီ

www.burmeseclassic.com

www.burmeseclassic.com

ဆော်မြတ်ကြီးကို သင်တိုင်းရံစေတီ ထပ်မံတည်ထားလေသည်။

စေတီတော်တည်ထားရာတွင် အလှူရှင်များသည် မိမိတတ်နိုင်သလောက် အုတ်အချပ်(၂၅၊ ၅၀၊ ၁၀၀၊ ၂၀၀) စသည်ဖြင့် ပါဝင်လှူဒါန်းကြပြီး အများကောင်းမှုဖြင့် တည်ထားခဲ့၏။

စေတီတော်အတွင်း ဘုရားရှင်၏ သရီရဓာတ်တော်၊ ရဟန္တာဓာတ်တော်၊ ဗုဒ္ဓရုပ်ပွားတော်များကို အကြိမ်များစွာ ထည့်သွင်းဂုဏပနာထားခဲ့ရာ (၁၂၈၃)ခုနှစ်၊ တန်ခူးလပြည့်နေ့တွင် ထီးတော်တင်လှူပြီးနောက် စေတီတော်ကြီးပြီးမြောက်အောင်မြင်ခဲ့ပါသည်။ စေတီတော်ဥဇ္ဈာတော် အမြင့်မှာ သံတောင်(၇၀)ကျော် မြင့်လေသည်။

(၁၃၁၃)ခုနှစ်တွင် ဝန်ကြီးဗိုလ်မင်းခေါင်နှင့် ဦးလှဝင်းတို့က အနောက်မဏ္ဍိမဒေသ သီဟိုဠ်ကျွန်းမှ ပင့်ဆောင်လာသော ဗောဓိပင်ပျိုတစ်ပင်ကို ဆရာတော်ဦးတိသဃထံ လာရောက်လှူဒါန်းခဲ့ရာ ဆရာတော်က စေတီတော်ပရိဝုဏ်အတွင်း အရှေ့ဘက်မုခ်ဝအနီးတွင် ကဆုန်လပြည့်နေ့၌ စေတနာရှင် ဘုရားဖူးပြည်သူများနှင့်အတူ ဗောဓိပင်ပျိုကို အောင်မြင်စွာ စိုက်ထားခဲ့ပါသည်။

(၁၃၁၆)ခုနှစ်တွင် ဆရာတော်ဦးတိသ ပျံလွန်တော်မူသွားသဖြင့် ဆရာတော်၏ အရိုးအိုးအား စေတီတော်၏ အရှေ့ဘက်မုခ်ဝအနီး ဗောဓိညောင်ပင်နားတွင် အရိုးစေတီ တည်ထားကိုးကွယ်ခဲ့လေသည်။

ရွှေနားပန်ဘုံးဘိုးကြီး။ သီကြားမင်း။ ပြဟ္မာမင်း၊ နတ်နန်းအား တွေ့မြင်ရစဉ်

နာဂစ်လွန်ကာလ စေတီတော်

ရွှေနားပန်စေတီတော်သည် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်နိုးကျွန်းမြို့နယ်၊ (၈/တောင်)ရပ်ကွက်တွင် တည်ရှိပါသည်။ သုဝဏ္ဏအား ကစားကွင်းရှိရာ အသင်းတိုက်မှတ်တိုင်မှဆင်း၍ အရှေ့သို့ အနည်းငယ်လျှောက်လှမ်းလိုက်ပါက စေတီတော်သို့ ဝင်ပေါက်ဖြစ်သော ပြွန်လမ်းကို တွေ့ရပေမည်။ ဓာတ်တိုင်ငါးတိုင်ခန့် လျှောက်လှမ်းသည်နှင့် စေတီတော်ကြီးကို ဖူးတွေ့နိုင်ပါသည်။

(၂၀၀၈)ခုနှစ်၊ မေလ (၂)ရက်နှင့် (၃)ရက်တွင် တိုက်ခတ်သော ပြင်းထန်လှသည့် နာဂစ်မုန်တိုင်းဒဏ်ကြောင့် စေတီတော်ကြီး၏ထီးတော်မှာ မြောက်မှတောင်သို့ တိမ်းစောင်းသွားလေသည်။ အခြားသော်သာသနိကအဆောက်အအုံများလည်း ပျက်စီးပြိုကျခဲ့ရသည်။

မုန်တိုင်းအပြီးတွင် ပျက်စီးရလေသော ရွှေဟောင်း စေတီတော်ကြီးအား ပြန်လည်ပြုပြင် တည်ထားနိုင်ရန် အတွက် သာသနာရေးဒု-ဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို

ရွှေစည်ခုံဘုန်းတော်ဘွဲ့ ဒုဒ္ဒမြတ်စွာ တရားဟောကြားနေစဉ်

www.burmeseclassic.com

www.burmeseclassic.com

လက်ရှိဂေါပကအဖွဲ့၏ ကြီးပမ်းမှုဖြင့် အနုဂါမိကတန်ဆောင်းတော်ကြီးအား
လှပမိုရှင်းသော ဒီဇိုင်းဖြင့် တွေ့မြင်ရစဉ်

လာရောက်ကြည့်ရှုစစ်ဆေးပြီး ဇေကမ္ဘာကုမ္ဗဏီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေအား ပြုပြင်ပေးနိုင်ရန် မေတ္တာရပ်ခံခဲ့သည်။

အဘိဓေယျမဟာသဒ္ဓမ္မဇောတိက ကျိုက်ထီးဆောင်းဆရာတော် ဘဒ္ဒန္တပညာဒီပနှင့် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ အဂ္ဂမဟာကမ္မဋ္ဌာနစရိယ ကလေးဝတောရဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသ ဆရာတော်နှစ်ပါးဦးဆောင်စီမံမှုဖြင့် ဇေကမ္ဘာကုမ္ဗဏီမှ စေတီတော်ကြီးသာမက အခြားသာသနိကအဆောက်အအုံများကို မွမ်းမံပြုပြင်တည်ဆောက်ခဲ့ရာ ယခုအခါတွင် စေတီတော်ကြီးမှာ ရွှေရောင်တော်တဝင်းဝင်းဖြင့် ဖူးမြော်မဝနိုင်သည့် သဖွယ်ကြည်ညိုဖွယ် စေတီတော်တစ်ဆူ ဖြစ်နေပေသည်။

ထီးတော်ဟောင်းကိုလည်း ဌာပနာ၍ ထီးတော်စေတီကို တနင်္ဂနွေထောင့်တွင် တည်ထားခဲ့သည်။ ကျိုက်ထီးဆောင်းဆရာတော်ကြီး၏ မိန့်မှာချက်အရ စေတီတော်ဗုဒ္ဓဟူးထောင့်ရှိ ဂူပိတ်အတွင်းမှ ပေါ်တော်မူရပ်ပွားသုံးဆူကိုလည်း ပြည်သူအများ ဖူးမြော်နိုင်ရန် ထီးတော်စေတီရှေ့တည့်တည့်တွင် အပူဇော်ခံထားရှိလေသည်။ လက်ရှိစေတီတော်ဂေါပကအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကိုးတောင်ပြည့်စေတီတော်တစ်ဆူကို စေတီတော်အရှေ့မြောက်ထောင့်အရပ်တွင် ဘုရားဒါယိကာမကြီး ဒေါ်အုံးမြင့် ကောင်းမှုဖြင့် တည်ထားကိုးကွယ်နိုင်ခဲ့သည်။

ထို့ပြင် စေတီတော်ဗုဒ္ဓဟူးထောင့်တွင် အနုဂါမိကတန်ဆောင်းတော်ကြီးကိုလည်း (၂၀၁၄)ခုနှစ်၊ ဇူလိုင်လ (၂၅) ရက်နေ့တွင် တည်ဆောက်ခဲ့ရာ အောက်တိုဘာလ (၈)ရက်နေ့တွင် ပြီးစီး၍ ယခုအခါ လှပရိုးရှင်းသော ဒီဇိုင်းလက်ရာဖြင့် တွေ့မြင်ခဲ့ရသည်။

စေတီတော်ရင်ပြင် တစ်ခုလုံး၌လည်း ခုနစ်နေ့သားသမီး ကုသိုလ်ပါဝင်မှုဖြင့် မုခ်လေးမုခ်ရှိ အာရုံခံတန်ဆောင်းလေးခု၊ ဂေါပကရုံးခန်း၊ ဓမ္မစကြာတန်ဆောင်း၊ ရှင်သီဝလိ၊ ရှင်ဥပဂုတ္တ ပုဂ္ဂိုလ် တန်ဆောင်းများ၊ အဘဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်ဓာတ်နန်း၊ ရွှေနားပန်ဘိုးဘိုးကြီး၊ သိကြားမင်း၊ ဗြဟ္မာမင်းနတ်နန်း၊ ဒေဝီကိုးပါးတန်ဆောင်း စသည်တို့ ခေတ်မီဒီဇိုင်းများဖြင့် ပြုပြင်ထားသည်မှာ ဘုရားဖူးလာတို့အတွက် ရင်တွင်း ကြည်နူးအေးမြမှုကို ဖြစ်ပေါ်စေသည်။

လာရောက်ဖူးမြော် ရွှေနားပန်စေတီတော်

ရွှေဟောင်းသမိုင်းဝင် ရွှေနားပန်စေတီတော်ကြီးကို ယခုလက်ရှိ စေတီတော်ဂေါပကအဖွဲ့၏ ကြီးပမ်းဆောင်



စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ အဘဦးမြင့်ဝန်း

www.burmeseclassic.com

www.burmeseclassic.com

ရွက်မှုကြောင့် ဘက်စုံပြုပြင်မွမ်းမံဆောင်ရွက်ခဲ့ရာ စေတီတော်ကြီးမှာ သဖွယ်ကြည်ညိုစွာ ဖူးမဝနိုင်အောင်ပင်ဖြစ်သည်။

စေတီတော်ကြီး နောင်အရှည်တည်တံ့နိုင်ရေး ပြုပြင်ထိန်းသိမ်းရန် ငွေပဒေသာပင်များကို စေတနာရှင်များ တဖွဲဖွဲလာရောက်လှူဒါန်းလျက်ရှိသည်။

လာရောက်လှူဒါန်းသော ငွေပဒေသာပင်များမှ အတိုးအပွားကိုသာ စေတီတော်ဘက်စုံပြုပြင်မွမ်းမံရန် သုံးစွဲသောကြောင့် စေတနာရှင်တို့၏ အလှူတော်သည် ရာသက်ပန်ထာဝရအလှူပင်ဖြစ်ကြောင်း စေတီတော်ဂေါပကအဖွဲ့မှ ရှင်းပြပါသည်။

စာရေးသူအား ကိုယ်တိုင်ကိုယ်ကျ လိုက်လံပြသ ရှင်းလင်းပြောကြားပေးပါသော စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ အဘဦးမြင့်သန်းအား အထူးပင် ကျေးဇူးတင်ပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

အနယ်နယ်အရပ်ရပ်ရှိ ဗုဒ္ဓဘာသာဝင်သူတော်စင်များမှ စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် လှူဒါန်းလိုပါက ထာဝရဘက်စုံငွေပဒေသာပင်တစ်ပင်လျှင် ကျပ်တစ်သောင်းနှုန်းဖြင့် စေတီတော်ဂေါပကရုံးခန်း၌ လာရောက်လှူဒါန်းနိုင်ပါကြောင်း၊ တစ်ဦးချင်းဖြစ်စေ စုပေါင်း၍ဖြစ်စေ လှူဒါန်းလိုပါက စေတီတော်ဂေါပကအဖွဲ့ရုံး ဖုန်းနံပါတ်(၀၉-၈၆၁၅၄၇)သို့ ဆက်သွယ်၍လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်ကိုးလျက် ဖိတ်ခေါ်အပ်ပါသည်။

ခရီးကြုံကြိုက်၍ စေတီတော်သို့ လာရောက်ဖူးမြော်ကြည်ညိုလိုသူ ဗုဒ္ဓဘာသာဝင် သူတော်စင်များသည် သုဝဏ္ဏအားကစားကွင်းတည်ရှိရာ လေးထောင့်ကန်လမ်းမကြီး အသင်းတိုက်ကားမှတ်တိုင်တွင်ဆင်းကာ စေတီတော်သို့ ခြေကျင်ခရီးလျှောက်ပါက ငါးမိနစ်ကျော်အချိန်တွင် ရောက်ရှိဖူးမြော်နိုင်ပါကြောင်း၊ အေးချမ်းဆိတ်ငြိမ်၍ ဘာဝနာတရား ပွားများအားထုတ်လိုသူ သူတော်စင်များအတွက် အထူးသင့်လျော်ကောင်းမွန်သည့် ရေးဟောင်းသမိုင်းဝင် ရွေနားပန်စေတီတော်မြတ်ကြီးအား လာရောက်ဖူးမြော် ကြည်ညိုတော်မူကြပါဟု ဖိတ်မန္တကပြုရင်း...။

ခုနစ်နေ့သားသမီးအပေါင်း
ဘေးဘယာကင်းဝေးကြပါစေ
ဗိုလ်တဇေထောင်-ကိုဦး

ချက်ချင်းသောက်-လက်ငင်းပျောက်

အမှတ်တံဆိပ်

အစာအိမ်လေနိုင်သောက်ဆေး

နှစ်ပေါင်း(၂၀)ကျော် အစာအိမ် လေထိုးလေအောင့် ဝေဒနာရှင်များအတွက် အထူးဖော်စပ် လှူဒါန်းကုသပြီး ဝေဒနာရှင် ရဟန်း၊ ရှင်လူ၊ ပြည်သူများ၏ ပျောက်ကင်း ထောက်ခံတောင်းဆိုမှုကြောင့် စေတနာ၊ ဝါသနာကို အရင်းခံ၍ ထုတ်လုပ်ဖြန့်ချိလိုက်သော 'အစာအိမ်ရောဂါ လေနာ ရောဂါဝေဒနာရှင်များအတွက် အထူးသင့်လျော်သော ဆေးစွမ်းကောင်းတစ်လက်' ဖြစ်ခြင်းကြောင့် သုံးစွဲသူများအတွက် တန်ဖိုးလုံးဝဆုံးရှုံးခြင်း မရှိစေရ။

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် 0114 Y 010697

ပျောက်ကင် နိုင်သော ရောဂါများ

အစာအိမ်ရောဂါ၊ လေထိုးလေအောင့်၊ အစာများအစာမှား၍ မအံ့မလည်ဖြစ်ခြင်း၊ အစာအိမ်အချဉ်ပေါက်ခြင်း၊ အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ ဝမ်းဗောဝမ်းပျက်ခြင်း၊ လေနင့်ဝမ်း မကွဲခြင်း၊ အစာအိမ်နှင့်ပတ်သက်သော ရောဂါများအတွက် ယုံကြည်စိတ်ချစွာဖြင့်သုံးစွဲနိုင်ပါသည်။

ပင်ရင်း - ဦးမြသွေး၊ အမှတ်(၆၈၉)၊ ဘယသကြန်လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

၀၉ ၃၁ ၃၅ ၁၅ ၉၆ ၊ ၀၉ ၃၁ ၀၅ ၉၉ ၃၂

www.burmeseclassic.com

www.burmeseclassic.com



ကျိုက်ဝကသာဆံတော်တည်ထားတော်မူအပ်ရာ ဘုရားကြီးရင်ခွင်

သစ္စာမင်းခေါင်

ရာဇဝင်ထဲကပေါက္ခရဝတီမြို့တော်နှင့် ကျိုက်ကသာဆံတော်ကြိုးစေတီတော်

လွန်ခဲ့သောနှစ်ပေါင်း(၂၅၀၀)ကျော်ကာလက ဥက္ကလာပမင်းကြီးသည် တိုင်း(၄)တိုင်းကို ချဲ့ထွင်တည်ထောင်ပြီး ၄င်း၏ အာဏာစက်ကို တိုးချဲ့ထူထောင်ခဲ့၏။ ထိုတိုင်း(၄)တိုင်းတွင် ပေါက္ခရဝတီတိုင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်၏။

ပေါက္ခရဝတီတိုင်း၏ မြို့တော်မှာ ပေါက္ခရဝတီမြို့တော်ဖြစ်ပြီး အတိသဉ္ဇနမြို့တော်ဟူ၍လည်း ခေါ်တွင်၏။ ပေါက္ခရဝတီမြို့တော်သည် စည်ကားသော ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်၏။ နိုင်ငံရပ်ခြားတိုင်းတစ်ပါးမှ သင်္ဘောကြီးငယ်တို့ ကုန်သွယ်ဆိုက်ကပ်ရာ ကျွပ်းသီဟိုဠ်ငယ် အမည်ရှိ ထင်ရှားသော ဆိပ်ကမ်းလည်းရှိ၏။

တဖုသနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့သည် ပေါက္ခရဝတီမြို့ဖွားများဖြစ်ကြပြီး ပေါက္ခရဝတီမြို့ရှိ ဇာတိရပ်ရွာတွင်ပင် နေထိုင်ကြ၏။ မြန်မာသက္ကရာဇ်(၁၃၈)ခုနှစ်တွင် တဖုသနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့သည် အနောက်မဏ္ဍိမဒေသသို့ ကုန်ရောင်းကုန်ဝယ်ခရီး သွားရောက်ခဲ့ကြ၏။

ကုန်သည်ညီနောင်တို့ အနောက်မဏ္ဍိမဒေသ၌ ရှိနေစဉ်ယခင်က ရင်းနှီးသိကျွမ်းခဲ့သော နတ်သားတစ်ပါး ရောက်ရှိလာပြီး မဏ္ဍိမဒေသ၌ မြတ်စွာဘုရားရှင် ပွင့်တော်မူပြီးဖြစ်ကြောင်း သတင်းကောင်းပြောကြားကာ သွားရောက်ဖူးမြော်ကြရန် တိုက်တွန်းလမ်းညွှန်ခဲ့၏။

ကျိုက်ဝတာသာဆံတော်ကြိုးစေတီတော်ဘုရားကို အပေါ်မှာတွေ့ရစဉ်

ကုန်သည်ညီနောင်တို့သည် မြတ်စွာဘုရားရှင် ပွင့်တော်မူရာဌာနသို့ သွားရောက်ပြီး မုန့်ပျားသလက်ဆွမ်းကို ကပ်လှူပူဇော်ခဲ့ကြ၏။ ထိုအချိန်က ပဉ္စဝဂ္ဂိငါးဦးပင် မပေါ်သေး၍ သံဃာရတနာဟူသည်လည်း

www.burmeseclassic.com

www.burmeseclassic.com

ရှိသေးသောအချိန် ဖြစ်၏။ ထို့ကြောင့် ကုန်သည်ညီနောင်တို့သည် ဒဿရဏကုံဘုရား၊ ဓမ္မံတည်းဟူသော သရဏကုံ(၂)ပါး၊ ကို မြတ်စွာဘုရား ထံ၌ ဆောက်တည်ခဲ့ကြ၏။

ထိုသို့ ကုန်သည်ညီနောင် တဖုံသနှင့် ဘလ္လိကတို့သည် ဒွိသရဏကုံ ဆောက်တည်ခဲ့ကြပြီး နောက် သောတာပတ္တိမဂ်၌တည်သော အရိယာများ ဖြစ်ခဲ့ကြလေ၏။



ယင်းနောက် တဖုံသနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့သည် မြတ်စွာဘုရားရှင်က ချီးမြှင့်သော ဆံတော်ရှစ်ဆူကို မိမိတို့၏ ဇာတိရပ်ရွာရှိရာ ပေါက္ခရဝတီတိုင်းသို့ ပင့်ဆောင်ခဲ့ကြ၏။ ဒဂုံမြို့ရှိ ရွှေတိဂုံစေတီတော်၌ ဆံတော်ရှစ်ဆူကို ဌာပနာခြင်းမပြုမီ ပေါက္ခရဝတီမြို့၌ တစ်ထောက်နားပြီး ကြီးကျယ်ခမ်းနားစွာ ပူဇော်ခဲ့ကြလေ၏။

ဆံတော်ကြိုစေတီတော် တည်ထားခြင်း

တဖုံသနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့ ပင့်ဆောင်လာခဲ့ကြသော ဆံတော်ရှစ်ဆူကို ကြိုဆိုပူဇော်ခြင်း အထိမ်းအမှတ်အဖြစ် ကျိုက်ကေသာဆံတော်ကြိုစေတီတော်ဘွဲ့တော်ရှိ စေတီတော်တစ်ဆူကိုလည်း ပေါက္ခရဝတီမြို့ရှိ တဖုံသနှင့် ဘလ္လိကတို့ မွေးဖွားရာဇာတိရွာ၌ ပေါက္ခရဝတီမြို့သူမြို့သားတို့က တည်ထားခဲ့ကြ၏။

ယင်းစေတီတော်မှာ ဥဏ်တော်အမြင့် အတောင်(၈၀)ရှိပြီး မွန်ဘာသာအားဖြင့် ကျိုက်ကြိုဟုလည်း ခေါ်တွင်ခဲ့ကြ၏။ ကျိုက်ဆိုသည်မှာ ဘုရားဖြစ်ပြီး ကြိုဟူသည်မှာ ကြိုဆိုခြင်းဖြစ်ရာ ဆံတော်ကြိုဘုရားဟူ၍ အဓိပ္ပာယ်ရ၏။

စေတီငုတ်တိုအဖြစ်သို့ ရောက်ရှိခြင်း

နှစ်ပေါင်းထောင်ချီ ကြာမြင့်လာခဲ့ပြီးနောက် အဆိုပါ ကျိုက်ကေသာဆံတော်ကြိုစေတီတော်ကြီးမှာ အက်ကွဲပြိုပျက်ပြီး စေတီငုတ်တိုတစ်ဆူအဖြစ်သို့ ရောက်ရှိသွားခဲ့၏။ တဖုံသနှင့် ဘလ္လိကတို့၏ ဇာတိရပ်ရွာသည်လည်း ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့အရှေ့ဘက် (၃)မိုင်ခန့်အကွာရှိ ကဘင်ရွာကြီးအဖြစ်သို့ ရောက်ရှိသွားခဲ့၏။

စေတီတော်အား စုပေါင်းပြုပြင် ထီးတော်တင်ကြခြင်း

ချုံနွယ်ပိတ်ပေါင်းများ ဖုံးလွှမ်းကာ စေတီငုတ်တို အဖြစ်သို့ ရောက်ရှိနေသော အဆိုပါရှေးဟောင်းသမိုင်းဝင် ကျိုက်ကေသာ ဆံတော်ကြိုစေတီတော်ကြီးကို လွန်ခဲ့သော နှစ်ပေါင်း(၄၀)ကျော်ခန့်က တွံတေးမြို့နယ် ကဲဘဲတိုက်နယ်ရှိ ကဘင်၊ ကဲဘဲ စသည့် ကျေးရွာသူကျေးရွာသားများစုပေါင်းပြီး ဆရာတော်သံဃာတော်များ ဦးဆောင်ကာ အသစ်တစ်ဖန် ပြုပြင်တည်ထားခဲ့ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

တွင် ဇေကမ္ဘာဦးခင်ရွှေက သာသနာ့ဒါယကာအဖြစ်ခံယူပြီး ဘက်စုံမွမ်းမံ ပြင်ဆင်ခဲ့၏။ နာဂစ်မုန်တိုင်းဒဏ်ကြောင့် တစ်ဖက်စောင်းသွားခဲ့သော စေတီတော်၏ ထီးတော်ကိုလည်း အောက်သို့ချပြီး ထီးတော်အသစ် ပြန်တင်ခဲ့၏။ ထီးတော်အဟောင်းကို စေတီတော်အရှေ့မြောက်ထောင့်တွင် အပေါ်မှ ငုံ၍ ကိုးတောင်ပြည့်စေတီတော် တည်ထားခဲ့၏။

ယိုယွင်းပျက်စီးမှုများ ဖြစ်ပေါ်လာပြန်ခြင်း

နှစ်ပရိစ္ဆေဒများစွာ ကြာမြင့်လာပြန်သောအခါ အသစ်တစ်ဖန် ပြုပြင်မွမ်းမံထီးတော်တင်ခဲ့သော အဆိုပါဆံတော်ကြီးစေတီတော်ကြီးမှာ ယိုယွင်းပျက်စီးမှုများ ဖြစ်ပေါ်လာခဲ့ပြန်၏။ တောအုပ်ချုန္ဒယ်များလည်း ဖုံးလွှမ်းလာခဲ့ပြန်၏။

နာဂစ်မုန်တိုင်းဒဏ်ကြောင့် ထီးတော်စောင်းသွားခြင်း

(၂၀၀၈)ခုနှစ်တွင် ပြင်းထန်သော နာဂစ်မုန်တိုင်းဒဏ်ကြောင့် ကျိုက်ကေသာ ဆံတော်ကြီးစေတီတော်ကြီး၏ ထီးတော်သည်လည်း တစ်ဖက်စောင်းသွားခဲ့၏။

သာသနာ့ဒါယိကာ ဇေကမ္ဘာ

ထိုကဲ့သို့ အဘက်ဘက်မှ ယိုယွင်းပျက်စီးနေခဲ့သော ကျိုက်ကေသာဆံတော်ကြီးစေတီတော်ကြီးကို (၂၀၁၂)ခုနှစ် အပြည့်ဖြင့် ကြီးပမ်းဆောင်ရွက်ခဲ့မှုကြောင့် ယိုယွင်းပျက်စီးနေသော ကျိုက်ကေသာ ဆံတော်ကြီးစေတီတော်ကြီးမှာ ယခုအခါ ရွှေရောင်တဝင်းဝင်းနှင့် တင့်တယ်သပ္ပာယ်သော စေတီတော်ကြီးတစ်ဆူအဖြစ်သို့ ရောက်ရှိနေပြီဖြစ်၏။ ထို့ပြင် ရင်ပြင်တော်တစ်ခုလုံး ကြွေပြားခင်းခြင်း၊ စေတီတော်အဝင်လမ်းအား မြေဖို့ခြင်း၊ မြေညှိခြင်းတို့ကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိ၏။

အမျိုးသားရေးစိတ်ဓာတ်ဖြင့် ထီးသိမ်းစောင့်ရှောက်သင့်ခြင်း

မြတ်စွာဘုရားရှင် ပွင့်တော်မူစဉ်ကာလ လွန်ခဲ့သော နှစ်ပေါင်းထောင်ချီကတည်းက မြန်မာ့မြေတွင် ဗုဒ္ဓသာသနာတော် ထွန်းကားစည်ပင်ခဲ့ကြောင်း မြန်မာတို့သည် ဗုဒ္ဓဘာသာကို လွန်စွာကိုင်းရှိုင်း ရိုသေသော လူမျိုးဖြစ်ကြောင်းတို့ကို တဖုံသနှင့် ဘလွဲက ကုန်သည်ညီနောင်တို့ မွေးဖွားကြီးပြင်းရာ ပေါက်ဒုရဝတီမြို့ (ယခု ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ကဘင်းကျေးရွာ)၌ တည်ရှိသော အဆိုပါ ရှေးဟောင်းသမိုင်းဝင် ကျိုက်ကေသာဆံတော်ကြီးစေတီတော်ကြီးကို ခံထည်စွာ သက်သေပြလျက် ရှိပါ၏။

ဖော်ပြပါ ကျိုက်ကေသာဆံတော်ကြီးစေတီတော်ကြီးအပါအဝင်

www.burmeseclassic.com

www.burmeseclassic.com

ထိုကဲ့သို့သော ရှေးဟောင်းသမိုင်းဝင် စေတီတော်ကြီးများကို သာသနာရေးအမွေအနှစ်၊ အမျိုးသားရေး အမွေအနှစ်များအဖြစ် မြန်မာတစ်မျိုးသားလုံးက သာသနာစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ် အပြည့်ဖြင့် ရှာဖွေဖော်ထုတ် ထိန်းသိမ်းသင့်ကြပါ၏။

ရွှေရောင်ဝင်းလျက်ရှိသော ကျိုက်ကေသာဆံတော်ကြီး (ကျိုက်ကြီး)စေတီတော်မြတ်

ယခုအခါ ဇေကမ္ဘာ၏ကောင်းမှုကြောင့် တဖုံသနှင့် ဘာလိုကတို့ မွေးဖွားရာ ပေါက်ဖွားရာ ပေါက်ဖွားရာ ပေါက်

www.burmeseclassic.com



စလင်းမြို့ စက်ဆည်းကုန်းတွင်

သက်ပြီး လူကြီးသူမတွေ ပြောကြတဲ့ ပုံပြင်ဆန်ဆန် ပုဂံခေတ် သမိုင်းကြောင်းကလည်း နားထောင်လို့ ကောင်းပါရဲ့။

အလောင်းစည်သူမင်းကြီးဟာ ဖောင်တော်နဲ့ တိုင်းခန်းလှည့်လည်လာရင်း စလင်းမြို့ကို ရောက်လာသတဲ့။ အံ့သြဖွယ်ကောင်းလောက်အောင် လှပသာယာတဲ့ ကန်ကြီးကို တွေ့တဲ့အခါ ရွှင်လန်းပီတိဖြစ်ပြီး မြို့ဝန်ကို ကန်ကြီးအကြောင်း မေးတော်မူပါတယ်။ မြို့ဝန်ကလည်း မသိလို့ ကန်စောင့်နတ်ကို ကြိမ်စကြာနဲ့ ရိုက်ခေါ်ပြီး မေးပြန်တယ်။

ဝက်သည်းကန်ကြီးအနီးက

စလင်းရွာစုံကျောင်း

(သို့မဟုတ်)

မြောက်လေးစဉ်ကျောင်း

ကိုအေးမြင့် (မဟာဝိဇ္ဇာ၊ ရွှေး-သု)

အညာနွေရဲ့ နေပူပူအောက်မှာပဲ ရောက်တုန်းရောက် ခိုက် မနားတမ်း လေ့လာရေးဆင်းကြပါတယ်။ မကွေးတိုင်း ဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့မှာ ကြည့်ရှုလေ့လာစရာ တွေကလည်း ပေါမှပေါပါ။ ဘုရား၊ စေတီ၊ တန်ဆောင်း၊ ကျောင်းကန်တွေဟာ မြို့လေးနဲ့ မလိုက်အောင်ကို များလှချည်ရဲ့။

စလင်းမှာ နေခွင့်ရတဲ့ ရက်အနည်းငယ်မှာ မရောက် လိုက်ရ မရှိရအောင် အချိန်ရှိခိုက် လုံ့လစိုက်ပြီး ခြေစကြံဖြန့်ရပါတယ်။ ဒီနေ့လယ်လည်း ထမင်းစားပြီး ခဏနားလို့ အမောဖြေပြီးတာနဲ့ ချွေးမတိတ်ခင်မှာဘဲ ဆိုင်ကယ်တက္ကစီ ငှားပြီး စလင်းမြို့ရဲ့ဂုဏ်ဆောင် ဝက်သည်းကန်ကြီးကို သွားကြပြန်တယ်။ စာရေးဆရာမဂ္ဂူးရဲ့ ဝတ္ထုရှည်တစ်ပုဒ်မှာ ဖတ်မိပြီးကတည်းက သိရှိကျွမ်းဝင်နေတဲ့ ရေကန်ကြီးပေါ့။

ဝက်သည်းကန်ကြီး

စလင်းမြို့ရဲ့ ကျက်သရေဆောင် ဝက်သည်းကန်နဲ့ပတ်သက်တဲ့ လူကြီးသူမတွေ ပြောကြတဲ့ ပုံပြင်ဆန်ဆန် ပုဂံခေတ် သမိုင်းကြောင်းကလည်း နားထောင်လို့ ကောင်းပါရဲ့။

အလောင်းစည်သူမင်းကြီးဟာ ဖောင်တော်နဲ့ တိုင်းခန်းလှည့်လည်လာရင်း စလင်းမြို့ကို ရောက်လာသတဲ့။ အံ့သြဖွယ်ကောင်းလောက်အောင် လှပသာယာတဲ့ ကန်ကြီးကို တွေ့တဲ့အခါ ရွှင်လန်းပီတိဖြစ်ပြီး မြို့ဝန်ကို ကန်ကြီးအကြောင်း မေးတော်မူပါတယ်။ မြို့ဝန်ကလည်း မသိလို့ ကန်စောင့်နတ်ကို ကြိမ်စကြာနဲ့ ရိုက်ခေါ်ပြီး မေးပြန်တယ်။ ကန်စောင့်နတ်ကလည်း မသိလို့ အာယုကပ် သုံးကပ်မျှ အသက်ရှည်တဲ့ ငဖြူရှင်နတ်ကိုမေးရင် သိနိုင်တယ်လို့ ညွှန်ပြန်ပါတယ်။ ဒီလိုနဲ့ ငဖြူရှင်နတ်ကို ခေါ်မေးတော့ ကန်ကြီးရဲ့သမိုင်းဟာ မင်းတရားကြီးနဲ့ ပတ်သက်နေလို့ မနှစ်သက်နိုင်တဲ့ စကားပါရင် ခွင့်လွှတ်ပါလို့ ဦးစွာတင်လျှောက်သတဲ့။

မင်းကြီးက ကတိပေးပြီး ပြောခွင့်ပြုတဲ့အခါ 'မင်းကြီးဟာ အတိတ်ကာလ သာသနာပ အချိန်က ဒီကန်ကြီးမှာ ဝက်ဖြစ်ဖူးပါတယ်။ မြေကြီးကို နေရာအနှံ့ တူးဆွအစာရှာရင်း ချိုင့်တွေဖြစ်ကုန်ပြီး မိုးရွာလာတဲ့အခါ ရေတွေတင်တော့ ကန်ဖြစ်သွားတယ်။ အဲဒီကနေ ကန်ဟာ တဖြည်းဖြည်း ကြီးလာပါတော့တယ်။ အဲဒီတုန်းက ကန်ချောင်ကုန်းနေရာမှာ သီတင်းသုံးနေတဲ့ ဈာန်ပျံရသေ့(၇)ပါးက ကန်ကြီးဖြစ်လာအောင် တူးဆွပေးခဲ့တဲ့ ဝက်ကြီးရဲ့ ကျေးဇူးကို သိမြင်ကာ ကောင်းရာသုဂတိလားပါစေ။ ဘုန်းဇာမိုခိုးတေ

www.burmeseclassic.com

www.burmeseclassic.com


ဝမေးမြို့ဖွဲ့စည်းပုံအရေးတော်ပုံ ဝက်သည်းကန်ကြီးသို့အဝင်

ဆော် ကြီးမားပါစေလို့ ဆုတောင်းပေးလို့ ရေအကျိုးဆယ်ပါးကြောင့် အရှင်မင်းကြီးဟာ ဘုန်းတန်ခိုးကြီးတဲ့ မင်းတစ်ပါး ဖြစ်လာတယ်' လို့ လျှောက်တင်ပါတယ်။

မင်းကြီးလည်း ကြားရသမျှကို နှစ်သက်ဝမ်းသာပြီး ကန်ကြီးကို ထပ်မံတူးစေကာ သမီးတော်စောဝကို အပိုင်စားပေးလို့ သမီးတော်စောဝကန်ရယ်လို့ ဖြစ်လာသတဲ့။ နောက်တော့လည်း ဝက်သည်းကန်ရယ်လို့ပဲ အမည်တွင်နေခဲ့တာ ဒီနေ့ထိပါပဲ။

ဝက်သည်းကန်ချစ်သူများရဲ့ ဝက်သည်းကန်ကြီး

ဝက်သည်းကန်ချစ်သူများရဲ့ အဆိုအရတော့ ဝက်သည်းကန်ကြီးကို နရပတိစည်သူမင်းကြီးရဲ့ ကိုယ်လုပ်တော်ရှင်စောဝက စတင်တူးဖော်ခဲ့တာပါ။ တူးဖော်ယူတဲ့နှစ်ကတော့ ကောဇာသက္ကရာဇ်(၅၅၆)ခုနှစ် (ခရစ်နှစ် ၁၁၉၄ ခုနှစ်)ပေါ့။ မူလအကျယ်အဝန်းကတော့ (၁.၇)စတုရန်းမိုင် (၁၀၈၈ ဧက)ဖြစ်ပါတယ်။ ယနေ့လက်ရှိ ကန်ကြီးရဲ့ အကျယ်အဝန်းကတော့ ဧက(၅၃၀)ဖြစ်လို့ မူရင်းထက် တစ်ဝက်တောင်မှ မရှိရှာတော့ပါဘူး။ ကုန်းတွေပေါ်ပြီး ရေခန်းခြောက်လာလို့ လက်ရှိမှာ ရေပြင်ဧရိယာကလည်း (၃၅၀) ဧကသာပဲ ကျန်ပါတော့တယ်။ ဒီအချက်အလက်တွေကို (၂၀၁၅) ခုနှစ်၊ ဖေဖော်ဝါရီလ (၁၅)ရက်နေ့မှာ ဝက်သည်းကန်ချစ်သူများက မှတ်တမ်းတင်ပြီး ကန်ပေါင်မှာ ကမ္ဘည်းတင် ဆိုင်းဘုတ်ရေးထိုးထားပေးထားတာပါ။ အဲဒီဆိုင်းဘုတ်ရဲ့ မလှမ်းမကမ်းမှာလည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်ဆောရေးရာဝန်ကြီးဌာနက မင်းဘူးခရိုင်၊ စလင်းမြို့နယ်၊ ဝက်သည်းကန်သဘာဝထိန်းသိမ်းရေးနယ်မြေ ဌာန်းအောမဲ့တောအဖြစ် သတ်မှတ်ထားတဲ့ ဆိုင်းဘုတ်အစိမ်းရောင်ကြီး ရှိနေပါတယ်။

ဝက်သည်းကန်ကြီးဟာ ကျယ်ဝန်းလှသလို ပန်းနရောင် ပဒုမ္မာကြာတွေ အများအပြား ပွင့်နေလို့ အတော်လည်း လှပနေရဲ့။ ပေါက်တဲ့ကြာကလည်း ပဒုမ္မာကြာ တစ်မျိုးတည်းသာပေါက်ပြီး အခြားဘာကြာမျိုးမှ မပေါက်ပါဘူး။ ကြာတွေ အများအပြားပွင့်တဲ့ နှစ်တိုင်းလည်း စပါးဆန်ရေပေါများတယ်လို့ လူကြီးတွေက နိမိတ်စကား ပြောတတ်ကြရဲ့။ စလင်းမြို့မှာ ကြာဖက်နဲ့ထုပ်ပေးလို့ ကြာနံ့သင်းတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဝတ်သည်းကန်ကြီးအလယ်ကုန္ဓမုဒ္ဒာစေတီ

သက်စွဲလမ်းသွားခဲ့ရပါတယ်။ ဒါ့အပြင် ပိတ်စွယ်ပင်ကို သက်ငယ်လို့ပျစ်ပြီး အိမ်မိုးလို့လည်းရက၊ ခွဲခြမ်းစိတ်ဖြာလိုက်ရင်လည်း အသားငါးနဲ့ ဟင်းသီးဟင်းရွက်တွေ ထုပ်ပိုးချည်နှောင်တဲ့ စည်းကြိုးအဖြစ် သုံးနိုင်ပါသေးတယ်။

ကန်ရေထဲမှာ ငါးဖယ်၊ ငါးရံ့၊ ငါးခူ၊ ငါးကျည်း၊ ငါးကြင်း၊ ငါးခုံးမ၊ ငါးဖန့်၊ ငါးဖယ်၊ ဘိုကြား၊ တီလားဗီးယား၊ ငါးပြေမ၊ မြွေနဂါး၊ ငါးဖျင်း၊ ကသဝိုး၊ ပုစွန်၊ ငါးမော့တော့၊ ငါးဖန်ပိုင်း၊ ငါးရှဉ့်နဲ့ လိပ် စတဲ့ ငါးမျိုးစိတ်များစွာ ပေါက်ဖွားနေပါတယ်။ ကန်အတွင်းမှာ ငှက်မျိုးစိတ်များစွာလည်း ရှိရဲ့။ ဗျိုင်း၊ ပျံလွှား၊ ငှက်ခါး၊ တိန်ညင်း၊ ဇလိပ်၊ စစ္စလီ၊ မယ်ညို၊ ငှက်ကြီးဝန်ပို့၊ ရေကြက်၊ ရေဘဲ၊ ဖြာ၊ စနိုက်၊ ထန်းစေ့မှတ်၊ ရေကျီးကန်း၊ တောင်ခွန်ဖြူ စတဲ့ ငှက်တွေပေါ့။

သဘာဝအခြေခံရေးသွားလုပ်ငန်း

ဒီထက်နည်းနည်းများ လုပ်ကိုင်ခွင့်ရပြီး လုပ်လည်း လုပ်တတ်ကြမယ်ဆိုရင်ဖြင့် ကိုရီးယားခရီးသွားရုပ်မြင်သံကြား အစီအစဉ်တွေမှာ ပြသလို ကန်ရဲ့ဘေးမှာ ကျန်းမာရေးလေ့ကျင့်တဲ့ စခန်းတွေ တည်ဆောက်ပြီး ကြာနဲ့ပါတဲ့လေကို ရှူရှိုက်စေတာ၊ ကြာဖက်အုပ်ပြီး ပေါင်းထားတဲ့ ထမင်းနဲ့ ကြာရိုးကြာစွယ်နဲ့ချက်တဲ့ ဟင်းတွေ စားစေပြီး ကြာကနေ ထုတ်လုပ်တဲ့ သဘာဝတိုင်းရင်းဆေးဝါးတွေနဲ့ ကုသတဲ့ အစီအစဉ်တွေပါ ထည့်သွင်းလို့ သဘာဝအခြေခံခရီးသွားလုပ်ငန်းကိုလည်း လုပ်ဆောင်နိုင်ပါရဲ့။

မုန့်ဟင်းခါး၊ ခေါက်ဆွဲ၊ ထမင်းသုတ်တွေကို စားခွင့်ရတာလည်း ဒေသရဲ့ ချိုမြိန်လှတဲ့ အဖိုးတန်မလေ့တစ်ခုပါပဲ။

ကန်ထဲက ထွက်ကုန်တွေမှာ ကြာပင်ကရတဲ့ ကြာဖက်အပြင် ကြာခွက်သီး၊ ကြာရိုး၊ ကြာစွယ်တွေလည်း ရှိပါသေးတယ်။ ဒီကန်ထဲမှာပေါက်တဲ့ ပိတ်စွယ်ကိုလည်း စလင်းကို ရောက်စနေ့ထဲက ဟင်းတမယ်အဖြစ် စားဖူးပြီး နှစ်

စလင်းရုပ်စုံကျောင်းကြီးရဲ့ မြင်ပမြင်တွင်း

ဒီကန်ကြီးကို သားငှက်ဘေးမဲ့ကြိုးဝိုင်းအဖြစ် (၁၉၅၃)ခုနှစ်မှာ စတင်သတ်မှတ်ခဲ့တာပါ။ အခုတောင် ကျယ်ဝန်းရဲလို့ ထင်နေရလို့ ဟိုးတုန်းကဆို ကန်ကြီးဟာ ဘယ်လောက်များ လှပနေလိုက်လေမလဲလို့ စဉ်းစားကြည့်မိပါရဲ့။

ကြာကန်ကြီးရဲ့ အလှအပကို ခံစားရင်း ၂ ခင်နှင်းယုရဲ့ ပန်းပန်လျက်ပါ ဝတ္ထုကို ပြန်ရိုက်တဲ့ ရုပ်ရှင်ထဲမှာ ကြည်ကြည်ဌေး ဆိုထားတဲ့ ကြာတောဥ်ရွာသောမိုး သီချင်းကိုတောင် ပြန်လည်ကြားယောင်မိပါသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဝက်သည်းကန်ကြီးအဆရီ ကျူးလက်ခလေ့ နားနေဇောင်

လူနေနဲ့ စလင်းက အိုးပါ သစ်သားတံတားများ

အရှေ့မျက်နှာ ကန်ပေါင်ရိုးတင်ပေါက်မှခ်ဦးကနေ ဝက်သည်းကန်ကြီးရဲ့ အလယ်မှာရှိပြီး ဘုံအဆင့်ဆင့်ပါတဲ့ ကျောင်းဆောင်အတွင်း တည်ထားတဲ့ ရွှေမဋ္ဌေစေတီဆီကို ကန်ကိုဖြတ်ပြီး ထိုးတားတဲ့ အိုးနိုနီပါ သစ်သားတံတားရှည်ကြီးနဲ့ သွားနိုင်ပါတယ်။ (ဆွစ်ဇာလန်နိုင်ငံ၊ လူနေန်းမြို့မှာလည်း ခုလိုပဲ အိုးနိုနဲ့ သစ်သားတံတားရှည် ဖြတ်ဖောက်ထားတဲ့ ကန်ကြီး ရှိပါရဲ့။ အဲဒီမှာတော့ ကမ္ဘာလှည့်ခရီးသည်တွေနဲ့ စည်ကားလှပြီး သန့်ရှင်းရေးလည်း အထူးကောင်းမွန်လှလို့ ကန်ထဲမှာ အမှိုက်တစ်စမရှိပါဘူး။ တံတားရဲ့ အိုးနိုတွေအောက်မှာလည်း လူနေန်းမြို့သံမိုင်းကြောင်း ပန်းချီကားတွေ ရေးဆွဲပြသထားတယ်။ ကန်ဘေးမှာတော့ တယောထိုးပြီး ဖြေဖျော်နေသူတွေနဲ့မို့ အလွန်ပဲ ကြည်နူးစိတ်ကူးယဉ်ဖို့ ကောင်းပါတယ်။ ဒါကြောင့်လည်း ဒီလူနေန်းတံတားနိုကို ရုပ်ရှင်တွေထဲမှာ မကြာခဏ ထည့်သွင်းရိုက်ကြရဲ့။) ဝက်သည်းကန်ထဲမှာတော့ သန့်ရှင်းရေး အလွန်လိုအပ်ပါတယ်။ ရေသန့်ဘူးတွေ၊ ကြွပ်ကြွပ်အိတ်ခွံတွေက အများကြီးပါ။

သစ်သားတံတားရဲ့ လက်ရန်းတစ်ဖက်တစ်ချက်မှာလည်း လူတွေ ထိုင်ပြီး နားနေအပန်းဖြေဖို့ သစ်သားခုံတန်းရှည်လေးတွေကို ကြိုကြား,ကြိုကြား ရိုက်ပေးထားပါတယ်။ နွေနေပူပူမှာ ကန်ပြင်ကို ဖြတ်တိုက်လာတဲ့ လေအေးလေးနဲ့မို့ အနားယူဖို့ ကောင်းလှရဲ့။ ဒါပေမဲ့ လက်ရှိမှာတော့ ချစ်သူအတွဲတွေပဲ အများအပြား တွေ့ခဲ့ရပါတယ်။

ဝက်သည်းကန်ကြီးနဲ့ ရွှေမဋ္ဌေစေတီ

ပင်မဆောင်ကိုမဝင်ခင် ဘယ်ဘက်ကို ဖြာထွက်သွားတဲ့ တံတားလမ်းခွဲ အဆုံးမှာတော့ ညောင်ပင်တစ်ပင်နဲ့ ဘူမိဖဿမုခြာဆင်းတုတော်တစ်ဆူ ရှိရဲ့။ ဗောဓိပင်ကနေ ဆက်သွားရတဲ့ တံတားအဆုံးမှာတော့ ရှင်ဥပဂုတ္တဆောင်ပါ။ ပင်မဆောင်ကနေ ညာဘက်ကို ထိုးထွက်သွားတဲ့ တံတားအဆုံးမှာလည်း အဆောင်တစ်ခု ရှိပါတယ်။

ရွှေမဋ္ဌေဘုရား တန်ဆောင်းထဲမှာတော့ ဝက်သည်းကန်ကြီးနဲ့ပတ်သက်တဲ့ကန်လယ်ဆရာတော်ကြီးရဲ့ တဘောင်ကို ရေးထိုးဖော်ပြထားပါတယ်။ ပဒုမ္မာရွှေကြာ၊ ဘိုးတော်

ဝက်သည်းကန်ကြီးအဆရီ ကျူးလက်ခလေ့ ဓရတွင်း

www.burmeseclassic.com

www.burmeseclassic.com

စလင်းရွာမဲနုကောင်းဘုရားကြီး
ဆင်ဆာ။ ။ဦးမုအောင်တန်ဆာများ

သီရိမဟာသောကမင်းကြီး သာသနာနှစ်(၂၁၈-၂၃၅)ခုနှစ်တွင် တည်ထားခဲ့သော စေတီပေါင်း(၈၄၀၀၀)အပါအဝင် မုဋ္ဌေစေတီဖြစ်သည်။ ကောဇာသက္ကရာဇ်(၄၅၆)ခုနှစ်တွင် အလောင်းစည်သူမင်းကြီး ယခု စလင်းမြို့တည်ရာဒေသသို့ ရောက်သောအခါ အသစ်တစ်ဖန် ပြုပြင်တည်ထားခဲ့သည်။

တတိယအကြိမ် ကောဇာသက္ကရာဇ်(၅၅၆)ခုနှစ်တွင် နရပတိစည်သူမင်းကြီးလက်ထက် မင်းကြီး၏ ကိုယ်လုပ်တော် စောရှင်ဝမှ ကန်တော်ကြီး တူးဖော်သောအခါ ကန်တော်မင်္ဂလာ၏ ဝန်းရာပါတွင်ရှိသော စေတီတော်အား ကောက်နယ်တလင်းခန့်ရှိသော မြေအဝန်း ကျွန်းငယ်သောင်မြိတ် ချန်ထားစေခဲ့သည်။ ယင်းစေတီတော်၏ အကြောင်းကို မင်းကြီးမှ စလင်းမြို့သူကြီး ပိုးစားမြေတို့အား မေးမြန်းသော် ဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့၏ ကောင်းမှုတော်ဟု သိရှိသဖြင့် အသစ်တဖန် မွမ်းမံပြင်ဆင်တော်မူပြန်သည်။ (ရွှေမုဋ္ဌောစေတီတော်ကြီးသည် ဝက်သည်းကန်ကြီး မတူးဖော်မီကပင် တည်ရှိခဲ့သော စေတီတော်ကြီးဖြစ်ပါသည်။)

စတုတ္ထအကြိမ် ကောဇာသက္ကရာဇ်(၁၂၉၂)ခုနှစ်သို့ ရောက်သော် အညတရဘိက္ခု (သို့မဟုတ်) ရွှက်ပုန်းသီး ရဟန္တာဟု ကျော်ကြားသော ကန်လည်ဆရာတော်ကြီး အရှင်ဝဇီရာဝုဓသည် ရှင်ပင်အောင်နိုင်ကုန်း စေတီတော်မှ ဝိဇ္ဇာကန်ချောင်ကုန်း၊ မြင်တော်ဦးကုန်း၊ ကန်လည်ကုန်းများသို့ လှည့်လည်သီတင်းသုံးတော်မူသည်။ တစ်နေ့သော် ကန်

စလင်းရွာမဲနုကောင်းဘုရားကြီး ဆင်ဆာ။ ။ဦးမုအောင်တန်ဆာများ

စံရာ၊ နတ်ပြည်နှင့်တူလေခြင်း၊ ဘိုးတော်စံကင်း၊ ကန်တော်ကြီးကို ပြုပြင်ပေး၊ တစ်ကမ္ဘာလုံးအေး' ပါတဲ့။

ရွှေမုဋ္ဌောစေတီတော်သမိုင်းအကျဉ်း

ရွှေမုဋ္ဌောစေတီကို ကန်လယ်ဆရာတော်ကြီး ဦးဆောင်ကာ (၁၂၉၄)ခုနှစ်၊ သီတင်းကျွတ်လဆန်း (၅)ရက်၊ အင်္ဂါနေ့မှာ အုတ်မြစ်ချပြီး (၁၂)ရက်နေ့မှာ အပြီးတည်ခဲ့ကာ (၁၃)ရက်နေ့မှာတော့ ထီးတော်တင်နိုင်ခဲ့တယ်။ အဲဒီမတိုင်မီကတော့ သီရိဓမ္မာသောကမင်းကြီး တည်ထားရင်း ဖြစ်တဲ့ (၉)တောင်စေတီ ရှိခဲ့ပြီး ယင်းစေတီကို ငုံတည်ခဲ့တာပါတဲ့။

ရွှေမုဋ္ဌောဘုရားတန်ဆောင်းထဲမှာလည်း ရွှေမုဋ္ဌောစေတီတော်သမိုင်းအကျဉ်းဆိုတဲ့ ခေါင်းစဉ်နဲ့ ရှင်းလင်းချက်စာသားတွေ ရိုက်နှိပ်ဖော်ပြထားတဲ့ ဘုတ်ကြီးမှာ ရေးသားထားတာတွေကတော့-

'ရွှေမုဋ္ဌောစေတီတော်မှာ

www.burmeseclassic.com

www.burmeseclassic.com

လည်ကုန်း၌ တရားရှုမှတ်နေရာမှ ဝက်သည်းကန်၏ အရှေ့ဘက် ကမ်းစပ်နှင့် ကိုက်(၁၀၀)အကွာခန့်ရှိ ပိတ်စွယ်တောကြီးအတွင်းမှ ရောင်ခြည်တော်များ ကွန့်မြူးတက်ကြွသည်ကို မြင်ရ၏။

ဤသို့ ရောင်ခြည်တော်များ ကွန့်မြူးသည်ကို ထိုနေ့တွင်မက နေ့စဉ်ရက်ဆက် (၇)ရက်ခန့်မြင်တွေ့ရသော်ငြား စမ်းရှာဖွေရာ ပိတ်စွယ်တောကြီးအလယ်တွင် နှစ်ပေါင်း(၇၀၀)ကျော် တိမ်မြုပ်နေသော (၉)တောင်ပြည့်စေတီတစ်ဆူ ပြိုပျက်နေသည်ကို ဖူးတွေ့ရသည်။

အရှင်ဝဇီရာဝုဓမ္မ ဘုရားရှင်၏ ဓာတ်တော်,မွေတော်တို့ ကိန်းဝပ်ရာ စေတီတော်ကို ပြုပြင်လိုရကား မြို့သူမြို့သား နယ်သူနယ်သားများအား တိုက်တွန်းနှိုးဆော်ရာ စေတီတော်အား တန်ဆောင်း၊ ဇရပ်၊ လှေကားတို့နှင့် ကိုးတောင်ပြည့် ရှစ်မျက်နှာစေတီတော်ကို ပြန်လည်ပြုပြင် တည်ထားတော်မူသည်။

ဆရာတော်ကြီးသည် ယင်းစေတီတော်အား ပြုပြင်တည်ထားရာတွင် ဆရာတော် တောထွက်စဉ်က ဝတ်ရုံခဲ့သော ဦးလေးတော် အရှင်သောမရုပ်ကလာပ်မှ ခွာယူခဲ့သည့် ပုံသကူသင်္ကန်းကြီးကိုပါထည့်၍ ဌာပနာထည့်၍ ပူဇော်ခဲ့သည်။ စေတီတော်ပရိဝုဏ် ကောက်တလင်းခန်းရှိ ကျွန်းငယ်သောင်မြိတ် အရှည်တည့်တံ့စိမ့်ဌာ အုတ်ရိုးပတ်စေပြီး ခိုင်မာစွာ ပြုပြင်တည်ထားခဲ့သည်။ ဆရာတော်၏ အကျင့်သီလကို ကြည်ညိုကြကုန်သော မြို့သူမြို့သား နယ်



ပုလင်းချွန်စုတောင်ကြီးရှေ့ဘက်မြင်ကွင်း

သူနယ်သား ဒေသခံပုဂ္ဂိုလ်များမှ တံတား၊ စောင်းတန်း၊ အာရုံခံတို့ကို ဝတ္ထုဥွေကြေး လုပ်အားဒါနတို့ဖြင့် ကြည်ဖြူစွာ ကုသိုလ်ပါဝင်ကြသဖြင့် ကောဇာသက္ကရာဇ်(၁၂၉၄) သီတင်းကျွတ်လဆန်း (၅)ရက်နေ့တွင် ရွှေထီးတော် အောင်မြင်စွာ တင်လှူခဲ့သည်။

(၁၂၉၈)ခုနှစ်တွင် အရှင်ဝဇီရာဝုဓသည် မကွေးမြို့တွင် သီတင်းသုံးနေရာမှ အိန္ဒိယနိုင်ငံ၊ မန္တိုမဒေသသို့ ဘုရားဖူးကြွသွားတော်မူပြီး ၄င်းဒေသမှအပြန် ဗုဒ္ဓဂယာမှ ညောင်မျိုးစေ့၊ အာနန္ဒာညောင်မျိုးစေ့ကို ယူဆောင်၍ ၄င်းတို့ကို စင်ရော်တောင်ပံနှစ်ထပ်ပါရေယာဉ် ပျံဖြင့် စလင်းမြို့သို့ အရောက်ပင့်ဆောင်၍ ယခု ရွှေမုဋ္ဌောစေတီတော်၏ တောင်ဘက်တွင် တစ်ပင်၊ ကန်လည်ကျွန်းတွင် တစ်ပင် စိုက်ပျိုးပူဇော်ခဲ့သည်။



ပုလင်းချွန်စုတောင်ကြီးဖက်သို့ အတက်လမ်း

ဆရာတော်ကြီးသည် ရွှေမုဋ္ဌော စေတီတော်ကြီးအား ပြုပြင်တည်ထားချိန်နှင့် မကွာသော (၅)နှစ်ခန့်

www.burmeseclassic.com

www.burmeseclassic.com

ရွှေစည်းခုံတော်ကြီးရဲ့ ဆင်ယင်ပုံ

ကာ မကွေးမြို့၌ သီတင်းသုံးခိုက် ဗုံးကြဲတိုက်ခိုက်မှု ကြုံတွေ့ခဲ့ရသည်။ ၄င်းဗုံးများ၏ ပြင်းထန်ဆိုးဝါးသည့် ဒဏ်များကိုလည်း သိမြင်ခဲ့ရသည်။ အမေရိကန်နှင့် ရုရှားတို့မှလည်း စစ်ရေးပြင်ဆင်၍ အနုမြူဗုံးအန္တရာယ်နှင့် ခြိမ်းခြောက်နေကြသည်။ ထို့ကြောင့် ဆရာတော်မှ (၁၃၀၇)ခုနှစ် စလင်းမြို့သို့ တစ်ဖန်ပြန်လည်ရောက်ရှိပြီး ရှင်ပင်ရွှေမုဋ္ဌောစေတီအား အများသတ္တဝါများကို ကယ်တင်နိုင်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် အနုမြူကပ်ကျော် ရှင်ပင်ရွှေမုဋ္ဌောစေတီဟု သမုတ်ခဲ့သည်။

(၂၀၁၄)ခုနှစ်၊ ဖွန်လ (၁)ရက်မှ စတင်၍ ရွှေမုဋ္ဌော ဘုရားဂေါပကအဖွဲ့နှင့် တံတားစောင်းတန်း ပြုပြင်ရေး ကော်မိတီအား အသစ်ပြန်လည်ဖွဲ့စည်းပြီး အင်တိုက်အား တိုက် အဟောင်းပြုပြင် အသစ်ပြန်လည်တည်ဆောက်ခြင်း လုပ်ငန်းအား ဆောင်ရွက်ပြီး စလင်းမြို့သူမြို့သားများနှင့် ရပ်ဝေးရပ်နီးမှ အလှူရှင်များမှလည်း စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် လှူဒါန်းကြပါသည်။ စောင်းတန်း၊ တံတား ရိုးရိုးတစ်ခန်းလျှင် (၅)သိန်းကျပ်နှင့် နားနေဆောင်ပါ အထူး ခန်းတစ်ခန်းလျှင် (၆)သိန်းကျပ် သတ်မှတ်လှူဒါန်းကြပါသည်။ ဆက်လက်၍ အခြားကျန်ရှိသော နေရာများကိုလည်း ခိုင်မာစွာ ပြုပြင်တည်ဆောက်သွားမည် ဖြစ်ပါသည်။ သို့ပါ၍ လိုအပ်နေသော ပြင်ဆင်တည်ဆောက်မှုများ ပြုလုပ်နိုင်ရန် အလှူရှင်များမှ ပါဝင်လှူဒါန်းနိုင်ပါကြောင်း မှတ်တမ်းတင် နှိုးဆော်အပ်ပါသည်ဟု ဖြစ်ပါတယ်။

ရွှေမုဋ္ဌောဘုရားကို လှည့်ပတ်ဖူးမြော်ပြီး ဘုရားဆောင်ရှေ့မှာ နားနေတုန်း မာလာအောင့်သူငယ်ချင်းရဲ့အဖေ လူဝတ်နဲ့တုန်းက မာတ်ပုံဆရာ အောင်ကြည်ဦး (ယခု ရဟန်းဝါ ခြောက်ဝါရနေတဲ့ ဦးပဥ္စင်းကြီး ဦးအိန္ဒာသက္က၊ သက်တော် ၆၉ နှစ်) ရောက်လာပါတယ်။ ဦးပဥ္စင်းကြီးက ဝက်သည်းကန်ကြီးရဲ့ အနောက်ဘက်က ကန်ချောင်မှာ သီတင်းသုံးပြီး မနက်တိုင်း လမ်းလျှောက်ကြွချီကာ စလင်းမြို့ထဲကို ခြေကျင်ဆွမ်းခံထွက်သတဲ့။ အပြန်မှာတော့ ရေသိပ်မခန်းသေးရင်း ဝက်သည်းကန်ကြီးကိုဖြတ်ပြီး ကျောင်းကို လှေနဲ့ ပြန်ကြွပါသတဲ့။

ဦးပဥ္စင်းကြီးနဲ့ ရွှေမုဋ္ဌောဘုရားဆောင် ပြုပြင်မွမ်းမံမယ့် သတင်းတွေအကြောင်း ပြောဖြစ်ကြတယ်။ ဒီဘုရားဆောင်ကြီးကို ကျွန်းလုံးတိုင်ကြီးတွေဖယ်ကာ ကွန်ကရစ်တိုင်တွေ သုံးပြီး အသစ်တစ်ဖန် မွမ်းမံပြင်ဆင်မယ့်အကြောင်း၊ အိမ်သာထည့်ဆောက်မယ့်အကြောင်း၊ စားသောက်ဆိုင်တွေပါ ထည့်မယ့်အကြောင်းတွေ ပြောကြရင်း လွမ်းမောဖွယ် သစ်သားကျောင်းလေးကို နှမြောတာ,သ ဖြစ်နေကြရဲ့။

ကြာကန်ကြီးကို ကြည်နူးဖွယ် မြင်ရပေမယ့် ကြာစိုက်ပျိုးရေးမှာ ကြာတွေ သန့်စွမ်းဖို့ ပုလဲဓာတ်မြေဩဇာတွေ ကြဲပက်ထည့်ကျွေးကြလေတော့ ငါးတွေ သေကြတဲ့အပြင် ဒိုက်သရောတွေလည်း ပိုမိုရှင်သန် ပွားများလာပြန်သတဲ့။ ဘေးမဲ့ကန်မို့ ကြာစိုက်သူတွေက အထိန်းအကွပ်မဲ့စွာ ကြံသလို ဝင်လုပ်နေကြတယ်လို့လည်း သိခဲ့ရတယ်။ မျက်မြင်အရတော့ လှေကလေးနဲ့ ကြာရွက်ခူးသူဟာ ပေါလောမျောနေတဲ့ ရေသန့်ပုလင်းတွေ၊ ပလစ်စတစ်အိတ်တွေ၊ အချို့ရည်ဘူးတွေကို တစ်ခုမှ ကောက်ထည့်မသွားတာပါဘဲ။

ဝက်သည်းကန်ကြီး သေးကျုံလာရတာကလည်း ကန်ပေါင်ရဲ့ နယ်နိမိတ်ကို အတွင်းတိုင်၊ အပြင်တိုင်ခိုပြီး စည်းရိုးတိုင်နှစ်ထပ်နဲ့ ကာရံသတ်မှတ်ထားပေမယ့် အနီးအပါး နေသူတွေက အပြင်စည်းရိုးမှတ်တိုင်၊ အတွင်းစည်းရိုးမှတ်တိုင်ရဲ့ အတွင်းဘက်ကို ပြောင်းစိုက်လိုက်ကြခြင်းဖြင့် မြေပိုထွက်အောင် လုပ်ကြတာလည်း ပါပါသတဲ့။

ဝက်သည်းကန်မှာ ကြာရိုး၊ ကြာဖတ်၊ ကြာခြောင်နဲ့ ငါး၊ ၄င်းတွေအပြင် ပိတ်စွယ်လည်းထွက်လို့ အသေအစား

www.burmeseclassic.com

www.burmeseclassic.com

အစာဖြစ်တဲ့ ပိတ်စွယ်ကိုလည်း တစ်နှစ်ပတ်လုံး ချိုးယူရောင်းချနိုင်ပါတယ်။ ဆင်ကျူးရေထွက်ပေါက်ကနေလည်း ရေရောင်းစားနိုင်ပါသတဲ့။ ရေထွက်ပေါက်ရဲ့ အောက်အကန့်ကိုပိတ်ပြီး ရွှံညွန်တွေ မထွက်အောင်လုပ်ကာ အပေါ်အကန့်ကို ဖွင့်ပေးခြင်းဖြင့် ရေကြည်ကိုသာ ထွက်စေပါတယ်။ ဆည်မြောင်းမှာ လမ်းလျှောက်ဝန်ထမ်းတွေလည်း ရှိကြတယ်။

ဝက်သည်းကန်ကြီးရဲ့ မြင်နေရတဲ့ ရေအပြင်ဟာ ပါးပါးလေးသာရှိပြီး သူ့အောက်မှာတော့ ဝါးတစ်ဝက် (၁၂ တောင်တစ်ဝက်ခန့်)ဟာ နွံတောကြီးပါ။ နွံတောအလွှာရဲ့ အောက်မှာတော့ ရွှံရှိပါတယ်။ အဲဒါကြောင့် ကန်ထဲ ကျသွားရင်လည်း အန္တရာယ်များလှရဲ့။ နာမည်ကျော် ပါးစပ်ပြော ဇာတ်လမ်းတစ်ပုဒ်မှာတော့ ချစ်သူနှစ်ဦးဟာ လက်တွေကို လက်ကိုင်ပုဝါနဲ့ ပူးတွဲချီပြီး ရွှေမုဋ္ဌောစေတီ တန်ဆောင်းနားကနေ ကန်ထဲကို ခုန်ချပြီး အဆုံးစီရင်သွားခဲ့ဖူးပါသတဲ့။

ဝက်သည်းကန်ကြီးက ထွက်လာပြီး ဆိုင်ကယ်ကယ်ရီနဲ့ ရပ်စုံကျောင်းကို သွားကြပါတယ်။ ကန်ကြီးနဲ့ လမ်းတစ်ဖက်ခြားတဲ့နေရာမှာ သစ်သားလေးတိုင်စင်နဲ့ ဝါးကပ်ခင်းထားတဲ့ လူအများ နားနေရာ ဇရပ်သေးသေးလေးကို တွေ့ရတယ်။ သူ့ဘေးမှာတော့ အုတ်တံတိုင်းထူထူ၊ ခပ်နိမ့်နိမ့်မဲ့ကာရံထားတဲ့ အုတ်ရေတွင်းလေးထောင့်ပုံလေး ရှိပါတယ်။ ဩော်..ရှေးလူကြီးတွေဟာ ဒေသနဲ့လိုက်ဖက်အောင် အစစအရာရာ စီစဉ်ထားခဲ့လေတာပဲ။

<u>အနောက်ကန်စွယ်တိုက်၊ မြောက်လေးစဉ်ကျောင်း (ခေါ်) စလင်းရပ်စုံကျောင်း</u>

ဗုဒ္ဓဘုရားရှင် လက်ထက်တော်ကတည်းက ဘုရားရှင်ကို ကြည်ညိုလေးစားစိတ်နဲ့ မင်း၊ သူဋ္ဌေးသူကြွယ်တွေက ကျောင်းတော်ကြီးတွေ ဆောက်လုပ်လှူဒါန်းခဲ့ကြပါတယ်။ အကျော်ဇေယျကျောင်းတော်ကြီးထွေထဲမှာ အနာထပိဏ်သူဋ္ဌေးရဲ့ ဇေတဝန်ကျောင်းတော်၊ ပုဗ္ဗာရုံကျောင်းတော်နဲ့ နိဂြောဓာရုံကျောင်းတော်ကြီးတွေက ထင်ရှားကျော်ကြားလှရဲ့။ မြန်မာပြည်ကို ဗုဒ္ဓဘာသာ ရောက်ရှိလာပြီးတဲ့နောက် ပုဂံခေတ်မှာလည်း ဌက်ပစ်တောင်ကျောင်းတိုက်၊ ရှင်အဓ္ဓဂေါဏကျောင်းတိုက်နဲ့ သဒ္ဓနီတိကျောင်းတိုက် စတဲ့ ထင်ရှားတဲ့ ကျောင်းတော်ကြီးတွေ ရှိခဲ့ပါတယ်။ အင်းဝခေတ်မှာတော့ ဆရာတော်ဦးဗုဒ္ဓ သီတင်းသုံးတော်မူဖို့ နန်းမတော်မယ်နက မယ်နအုတ်ကျောင်းကြီးကို ဆောက်လုပ်လှူဒါန်းခဲ့ပြန်ပါတယ်။ ကုန်းဘောင်ခေတ် နောက်ပိုင်းမှာလည်း ဘဝရှင်မင်းတုန်းမင်းတရားကြီးရဲ့သားတော် သီပေါမင်းရဲ့



ရပ်စုံကျောင်းကြီးရဲ့ မျက်နှာစာအဆောင်

ရပ်စုံကျောင်းကြီးရဲ့ နံရံများ

www.burmeseclassic.com

www.burmeseclassic.com

ရုပ်စုံကျောင်းတွင်ရှိ ဗျာဒဟာင်းဆင်းတုတော်များ

ဝက်သည်းကန်အနီး၊ စေတုတ္တရာမြို့ဘက်သို့အထွက် ဆင်ကျုံးကျေးရွာအုပ်စု၊ ရှမ်းရွာကုန်းကျေးရွာရဲ့ အရှေ့ဘက်မှာ တည်ရှိနေပါတယ်။ ကျောင်းမကြီးမှာ တိုင်ပေါင်း(၈၀)၊ ပြာသာဒ်မှာ တိုင်(၂၅)လုံး၊ စနေဆောင်မှာ တိုင်(၁၄)လုံး၊ ကြမ်းပြင်လက်ရန်း တိုင်ပေါင်း(၁၂၆)လုံး၊ အားလုံးပေါင်း(၂၄၅)တိုင်နဲ့ တည်ဆောက်ထားတဲ့ ရုပ်စုံကျောင်းကြီးဟာ အရှေ့-အနောက် အနေအထားမှာရှိပြီး ကျောင်းမကြီးရဲ့ အလျားက အရှေ့-အနောက် (၁၇၈)ပေ (၈)လက်မနဲ့ အနံက တောင်-မြောက် ပေ(၉၀)၊ (၇၅)ပေပါ။ ကျောင်းပြာသာဒ်အမြင့်ကတော့ စိန်ဖူးတော်အထိ ပေ(၁၀၀)ပါ။ စနေဆောင်အမြင့်က ပေ(၃၀)ရှိပါတယ်။ ကျောင်းကြီးရဲ့ တိုင်မကြီးတွေမှာ လုံးပတ်(၄)ပေ (၄)လက်မ ရှိကာ တိုင်အသေးတွေရဲ့ လုံးပတ်ကတော့ (၂)ပေ (၁၀)လက်မ ရှိပါတယ်။ လှေကား(၆)စင်းရှိပြီး တစ်ခုချင်းမှာ လှေကားထစ်ရေ(၁၇)ထစ်နဲ့ လှေကားအရှည်က (၁၆)ပေခွဲရှိတယ်။ ပြာသာဒ်လှေကားနှစ်စင်းကတော့ အမြင့်(၂၃)ပေ (၁၀)လက်မ၊ အရှည်(၃၆)ပေခွဲ ရှိပါတယ်။ ကျောင်းမကြီး ကြမ်းခင်းအမြင့်(၁၀)ပေ၊ ဗဟိုခန်းဖွင့်အကျယ်(၁၀)ပေ၊ မောက်ပလ္လင်ကြမ်းအမြင့်(၁၁)ပေ ရှိတယ်။

ဒီရုပ်စုံကျောင်းကြီးရဲ့ မူလအမည်ကတော့ မြောက်လေးစဉ်ကျောင်းဖြစ်ပြီး ကျောင်းရဲ့အလှူရှင် ဒါယိကာမကတော့ သူကောင်းမျိုး ဒေါ်ပုပါ။ ဒီကျောင်းကြီးကို သူကောင်းမ အပျိုကြီးဒေါ်ပုက ကျောင်းအဖြူထည်ကိုပင် ငွေဒင်္ဂါး(၆)တင်း အကုန်အကျခံပြီး (၁၂၃၀)ပြည့်နှစ်မှာ ဆောက်လုပ်လှူဒါန်းခဲ့ပါသတဲ့။ အဲဒါမှာ ပန်းပုရုပ်လုံးရုပ်ကြွတွေ၊ ပန်းခက်ပန်းတက်၊ ပြာသာဒ် ထုလုပ်ခတွေ မပါသေးပါဘူး။ ဒေါ်ပုအစ်ကို သူကောင်းဦးချင်းကလည်း အဲဒီလိုကျောင်းကြီးမျိုးဖြစ်တဲ့ မိုင်းကိုင်ကျောင်းကို လှူခဲ့ပါတယ်။ မြောက်လေးစဉ်ကျောင်းလို့ အမည်ပေးခဲ့ရတာကတော့ ဒီကျောင်းကြီးနဲ့ပုံစံတူ တောင်လေးစဉ်ကျောင်းကို ဒေါ်ယု(အပျိုကြီးဒေါ်ပုအစ်မ ဒေါ်တုတ်လို့လည်း ခေါ်ကြ)ရ



ရုပ်စုံကျောင်းတွင်ရှိ ဗျာဒဟာင်းဆင်းတုတော်များ

www.burmeseclassic.com

www.burmeseclassic.com

ကာလည်း လျှုဒါန်းထားပြီး ဖြစ်လို့ပေါ့။

ဒီရုပ်စုံကျောင်းကြီးကို မြန်မာသက္ကရာဇ်(၁၂၃၀)ပြည့် နှစ်၊ ခရစ်နှစ်(၁၈၆၈)ခုနှစ်မှာ တည်ဆောက်လှူဒါန်းခဲ့တာ ဖြစ်လို့ သက်တမ်းနှစ်(၁၅၀)ပြည့်လုပါပြီ။ ဒုတိယကမ္ဘာစစ် အတွင်းမှာတော့ အင်္ဂလိပ်စစ်သားများ ပုန်းအောင်းနေတဲ့ ဒီမြောက်လေးစဉ်ကျောင်းကြီးနဲ့ မှားပြီး ဂျပန်တွေ ဗုံးကြဲခဲ့လို့ တောင်လေးစဉ်ကျောင်းကြီးကတော့ အုတ်လေ့ကားများသာ ကျန်ခဲ့ကာ အားလုံး ပျက်စီးသွားခဲ့ပါပြီ။

ရုပ်စုံကျောင်းကြီးရဲ့ ဖွဲ့စည်းပုံ

စလင်းရုပ်စုံကျောင်းကြီးမှာ ဘုရားခန်းအဆောင် (shrine room)၊ (ပြာသာဒ်ဆောင်)(Pyathat-hsaung)၊ အလယ်ခန်းမဆောင်(an intermediate area)၊ နေ့ဆောင် (စနုတ်-စနုဆောင်)(Sanu-hsaung) နဲ့ ကျောင်းမကြီးဖြစ်တဲ့ ဓမ္မဝဝန်ဆောင်ဆိုပြီး အခန်းကြီးသုံးခန်းနဲ့ သုံးပိုင်း ရှိနေပါတယ်။

ပြာသာဒ်ဆောင်ကို တိုင်လုံးပေါင်း(၂၇)လုံးနဲ့ တည်ဆောက်ထားပြီး အမြင့်ကတော့ စိန်ဖူးတော်အထိ ပေ(၁၀၀)မြင့်တယ်။ ပြာသာဒ်ဆောင်ရဲ့ တောင်-မြောက် အကျယ်ဟာ (၅၉)ပေပါ။ အဆောင်တော်ရဲ့ ဓမ္မတောင်ဘက်၊ မြောက်ဘက်နဲ့ အရှေ့ဘက် နံရံတွေကို ဖောင်းကြွထုလုပ်ထားတဲ့ သစ်သားမုန်ကူကွက်များနဲ့ ကာရံထားပါတယ်။ ပြာသာဒ်ဆောင်ရဲ့ တောင်ဘက်နဲ့ မြောက်ဘက်တွေမှာ (၂၃)ပေ (၂)လက်မခြင့်တဲ့ အုတ်လေ့ကားကြီး(၂)စင်း တပ်ဆင်ထားတယ်။ အဲဒီလေ့ကားကြီးတွေရဲ့ထိပ် ပြာသာဒ်ဆောင် အဝင်မုခ်ဦးမှာတော့ နတ်ရုပ်၊ ကဒေါင်းရုပ်၊ ဖောင်းကြွကနုတ်ပန်းတွေနဲ့ တန်ဆာဆင်ထားပြန်ပါတယ်။

ရုပ်စုံကျောင်းကြီးရဲ့ ဘုရားခန်း

ပြာသာဒ်ဆောင်ရဲ့ ဘုရားခန်းအတွင်းမှာတော့ အခြင့် (၁၁)ပေရှိတဲ့ ပလ္လင်တော်တစ်ခုကို နှစ်ထပ်ပန်းကနုတ်တွေနဲ့ ထုဆစ်တန်ဆာဆင်ထားရဲ့။ အဲဒီပလ္လင်တံကဲနဲ့အတူ ဆင်းတုတော်နဲ့ ရဟန္တာရုပ်တုနှစ်ခုကို ကျွန်းသားတစ်တုံးထဲကနေ ထုလုပ်ယူထားတာ ဖြစ်ပါတယ်။ ဒီကျွန်းတုံးကြီးဟာ ကျောင်းဆောက်ဖို့ ကျွန်းတွေတိုက်လာပြီး ကျောင်းဝင်းထဲမှာ ပုံထားကတည်းက ညှ,ညဆို ထူးထူးခြားခြား အရောင်တွေ ထွက်နေသတဲ့။ နေ့စဉ်ရက်ဆက်လို ထွက်နေတာမို့ ထူးခြားတဲ့သစ်ပဲဆိုပြီး ဆောက်လုပ်ရေးမှာ မထည့်လိုက်ဘဲ ဆင်းတုထုလိုက်တာလို့ ဆိုကြပါတယ်။ လှည်းကြီးစုရွာက ဦးလွင်၊ ဦးဝံ၊ ဆြာကြည်၊ ဦးစိန်တင်တို့ဟာ ပန်းချီ၊ ပန်းပု၊ ပန်းတမော့ ပညာရှင်ကြီးများဖြစ်ကြပြီး နေရာအနှံ့မှာ မြန်မာ့ရိုးရာ ပန်းပညာတွေနဲ့ လက်စွမ်းပြခဲ့ကြသူတွေပါ။

ရုပ်စုံကျောင်းကြီးရဲ့ ဘုရားဆောင်မှာတော့ ရှေးဟောင်းကျောက်ထည်၊ သစ်သားထည် ဆင်းတုတော်တွေ၊ ရဟန္တာပုံတော်တွေ၊ ပလ္လင်တော်ကြီးတွေ၊ စာတိုက်ကြီးတွေနဲ့ ရှေးဟောင်းပစ္စည်းတွေကို ထိန်းသိမ်းပြသထားပါတယ်။ ရှေးဟောင်းသုတေသနဌာနက စောင့်ရှောက်ထားတာမို့ ပစ္စည်းအတော်များများကို အဓိပ္ပာယ်ဖွင့်ဆိုချက်တွေ၊ အညွှန်းစာတွေလည်း အတူတကွရေးသားဖော်ပြထားလို့ ဗဟုသုတဖြစ်စရာပါ။ သစ်ပေါတဲ့အရပ်မို့ သစ်သားပန်းပုတွေ ထွင်းထုတန်ဆာဆင်ထားတဲ့ သစ်သားနံရံနဲ့ မျက်နှာကြက်တွေကိုလည်း ရှေးမူမပျက် တွေ့ရပါတယ်။ သစ်သားထည်တွေမို့ မီးဘေးဘီးရိမ်ရသလို လက်ရာကောင်း ရှေးဟောင်းပစ္စည်း

ရုပ်စုံကျောင်းကြီးဖေါ်က
ထိန်းသိမ်းထားတဲ့ ရှေးဟောင်းပစ္စည်းများ

www.burmeseclassic.com

www.burmeseclassic.com



ရှစ်စုကျောင်းကြီးမင်းက
ထိန်းသိမ်းထားတဲ့ ရှေးဟောင်းပစ္စည်းများ

တွေမို့ သူခိုးသူဝှက်တွေရန်ကင်းအောင် လုံခြုံရေးလည်း ပိုချကားသင့်ရဲ့။

စလင်းမြို့မှာ ဒီရှပ်စုံကျောင်းကြီးလို ပန်းပုလက်ရာ

စလင်းမြို့ရှေးဟောင်းသုတေသနပြတိုက်

အပြောက်အမွမ်းတွေနဲ့ တင့်တယ်ထည်ဝါတဲ့ ကျောင်းကြီးမျိုး ဟိုတုန်းကတော့ (၁၂)ကျောင်းတောင် ရှိခဲ့သတဲ့။ ဒီနေ့အခါမှာတော့ ဒီကျောင်းကြီး၊ သူ့အရှေ့က ရွှေကျောင်းကြီး၊ ပေါင်းနားရပ်ကွက်က နိဗ္ဗာန်ဘုံသာ ကိုးဆောင်တိုက်ကြီးနဲ့ စွေးမရပ်ကွက်က မြို့တော်ကျောင်းကြီးပဲ ရှိပါတော့တယ်။ လက်ကျန်ကျောင်းတွေကို ရှေးမူမပျက် ထိန်းသိမ်းခြင်းဟာ ကိုယ့်ရိုးရာယဉ်ကျေးမှုကို စောင့်ရှောက်ကာကွယ်ခြင်းပါပဲ။

မြောက်လေးစင်ကျောင်းကြီးကို (၁၃၆၅)ခုနှစ်၊ ဝါခေါင်လဆန်း (၃)ရက်ကစပြီး လက်သမားဆရာ ဦးဝင်းသိန်းနဲ့အဖွဲ့က စတင်ပြုပြင်ခဲ့ကြပါတယ်။ မန္တလေး၊ မြသီဂိရပ်က မြန်မာမှုပညာရှင် ပန်းပုဆရာကြီး ဦးကံချွန်နဲ့ အဖွဲ့ကလည်း ရှေးမူမပျက် စုလစ်မွန်းချွန်၊ ပန်းအခက်အတက်များ၊ တုရင်များ၊ ကိန္နရီကိန္နရာရုပ်၊ နယားရုပ်၊ ဥဒေါင်းရုပ်များကို ပြန်လည်ထုလုပ် တပ်ဆင်ပေးခဲ့ကြတယ်။ သိန်း(၂၀၀၀)ကျော် အကုန်အကျခံပြီး ပြုပြင်ထိန်းသိမ်းခဲ့ကြပါသတဲ့။

ဦးပဉ္စင်းကြီးဦးအိန္ဒာသကဟာ ဒီမြို့ရဲ့ နာမည်ကျော်ကင်မရာမင်းဖြစ်ခဲ့သူမို့ စလင်းရပ်စုံကျောင်းကြီးကို အနေအထားမှန်မှန်၊ အချိုးကျကျနဲ့ လှပပေါ်လွင်အောင် မာတ်ပုံတွေ ရိုက်ပေးပါတယ်။ ကျောင်းကြီးကို အထက်အောက် လှည့်ပတ်ကြည့်ရှုကြရင်း ရှေးလူကြီးတွေဟာ အတော့်ကို လှူနိုင်တန်းနိုင်ကြပြီး ရှေးက ဗိသုကာလက်ရာတွေကလည်း အခုကာလထက် ပိုပြီးစိတ်ရှည်လက်ရှည် အနုပညာမြောက်မြောက် ဖော်ကျူးနိုင်ကြတယ်လို့ ကောက်ချက်ချမိရဲ့။ တစ်ဆက်တည်းမှာပဲ ဒီလိုကျောင်းကြီးတွေကို မြန်မာပြည်တစ်ဝန်းကနေ ဒိုထက်ပိုပြီး တွင်တွင်ကျယ်ကျယ် လာရောက်လေ့လာနိုင်အောင် စေ့ဆော်ကြပြီး လမ်းတွေလည်း ဖွင့်ပေးဖို့ မျှော်လင့်မိပါတယ်။ ပြီးတော့ ပြုပြင် ထိန်းသိမ်းစောင့်ရှောက်ရေးတွေကိုလည်း ဒိုထက်ပိုလုပ်ပေးဖို့ သက်ဆိုင်ရာကို တောင်းဆိုချင်လာတယ်။ ဒေသခံတွေ အထူးသဖြင့် မြို့ခံလူငယ်တွေကလည်း ကိုယ့်ဒေသရဲ့ အမွေအနှစ်တွေကို ပိုမို

www.burmeseclassic.com

www.burmeseclassic.com

ရုပ်စိုးစောင့်ခြေပေါ်မှ ထန်းသီးထားတဲ့ ဇရပ်ဟောင်းတစ်လုံးမှာ၊

တန်ဖိုးထား ဂုဏ်ယူလာကြပြီး ဝိုင်း ပန်း စောင့်ရှောက်ပေးစေချင်မိရဲ့။

ပန်းပဒေသာပင် ညောင်ရေအိုး

နေ့လယ် စလင်းမြို့ထဲက စာသည်းခိုအိမ်မှာ ခေတ္တပြန်နားပြီး ခွန်းလွဲပိုင်းတစ်ခေါက် ပြန်မထွက်ခင်မှာ ရှင်လောင်းလှည့်လာတာနဲ့ ကြုံရတယ်။ ရပ်ခလေ့ ရွာခလေ့ အတိုင်း ရှည်မျောမျောပန်းအိုးတွေမှာ တရုတ်စံကားပွင့်၊ စိန်ပန်းပွင့်၊ စိန်ခြယ်ပန်း၊ ဂန္ဓမာပန်း၊ နွယ်သာကီ စတဲ့ပန်းပေါင်းစုံကို ဝေဝေဆာဆာနဲ့ ခပ်ကားကား ထိုးစိုက်ထားလို့ ပဒေသာပင်လိုဖြစ်နေတဲ့ ပန်းအိုးတွေကို ရွက်လာကြရင်း တန်းစီကာ ရှင်လောင်းလှည့်လိုတ်ပါလာတဲ့ စလင်းသူတွေကို တွေ့ရတယ်။ ပန်းပဒေသာတွေကြားမှာ စပယ်ကုံးတွေကို တွဲလောင်းချထားလို့ လမ်းလျှောက်တိုင်း စပယ်ကုံးတွေက လှုပ်ခတ်လို့ပါ။ တချို့ကတော့ အတာအိုးလို အိုးခပ်လတ်လတ်မှာ အိုးကိုပတ်ကာ ငှက်ပျောရွက်နဲ့ ဖက်ဝန်းထိုးပြီး အိုးအထက်မှာ တံခွန်၊ ကုက္ကားလေးတွေ၊ ထန်းရွက်ပေရွက်နဲ့ ငှက်ရုပ်၊ ချိုးရုပ်၊ ငါးရုပ်လေးတွေ ချိုးထားတာတွေ ဆေးရောင်စုံခြယ်ထားတဲ့ အလင်္ကာရုပ်လက်ပါ ထီးသေးသေးလေးတွေ အများကြီးကို ဝါးတံလေးတွေနဲ့ စိုက်ထူလာကြပါတယ်။ ဖက်ဝန်းထိုးငှက်ပျောရွက်စိန်တောင်လေးထွေကြားမှာလည်း ပရိတ်ကြိုးအဖြူအဝါတွေကို အထက်အောက် ယှက်သန်းထားရဲ့။

ရှင်လောင်းလှည့်လာတဲ့ စလင်းသူတွေတွေ့တော့ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ရေးဖွဲ့ခဲ့တဲ့ စလင်းသူ မယ်မြင့်၊ မယ်တင့်တို့ ရုပ်ရည်ချောမောပုံအကြောင်း တစ်စွန်းတစ်စဝါတဲ့ လေးချိုးကိုသတိရမိပါတယ်။

"မွေးလှစွာ စံပယ်နှစ်ပွင့်လိုပါ၊ တွေးဆကာ အရွယ်ချင့်ရမှာဖြင့်၊ (အမယ်မင့် မယ်တင့်ရယ်က ချစ်စရာ)၊

စလင်းမြို့ဆီက မင်းတို့တစ်တွေ၊ မာပါစေလို့ သာပါစေ ဆုမွန်တောင်းရတယ်၊ အောက်မေ့လျက်ပါ" တဲ့။

ရှင်လောင်းလှည့်ပွဲမှာ စလင်းနယ်တစ်ဝိုက်မှာ ရပ်ကျော် ရွာကျော် ထင်ရှားလှတဲ့ ဖောင်းလင်း ဇော်အကအဖွဲ့လည်း ပါဝင်နေရဲ့။ သံပြိုင်ရွတ်ဆိုသံတွေ၊ ဇော်ဂျီတွေရဲ့ တောင်ဝှေးရိုက်သံတွေနဲ့အတူ မြန်မာဆန်ဆန်နဲ့ မြို့ဆိုင်တက်ကြွလှလို့ စလင်းမြို့ ရောက်ပြီးကတည်းက မကြာခဏ ခြင်နေရတဲ့တိုင် မရိုးနိုင်ဘဲ ကြည့်မဝ ရှုမဝ ဖြစ်ရပါတယ်။ ဇော်အကတွေကို ကြည့်ရှုရင်း ကြည်နူးနေဆဲမှာပဲ ခေတ်ပေါ်လိပ်အကလည်း ပါနေတာ တွေ့လိုက်ရရဲ့။ အထဲမှာ လူဝင်ပြီး ဟိုမှဒီမှ ရွေ့လျားနေတဲ့ လိပ်ရုပ်ကြီးကို ပတ်ဝိုင်းပြီး က,နေသူတွေကတော့ မြန်မာပြည်မှာသာမက ယနေ့ ကမ္ဘာမှာတောင် ခေတ်လွန်ဖြစ်နေတဲ့ အဆင်ဒီဇိုင်းနဲ့ လူငယ်တွေပါ။ လိပ်မင်းသားအဖွဲ့ပါတဲ့။ ခေတ်ပေါ်ပန်ခ်ဆံပင်တွေကို ကော်သုံးပြီး ဒီဇိုင်းအမျိုးမျိုး ထောင်ထားရဲ့။ လျှာပါတဲ့ဦးထုပ်ကို ပြောင်းပြန်ဆောင်းပြီး ထူးဆန်းတဲ့ အခွန်အတာက်တွေ တပ်ဆင်ထားတဲ့ အင်္ကျီနှက်၊ ဘောင်းဘီနှက်တွေ၊ ဂါဝန်၊ စကတ်တွေ၊ ပဝါခေါင်းစည်းတွေ၊ လည်ပင်းနဲ့လက်မှာ ဝတ်ဆင်ထားတဲ့ ကြိုးမျိုးစုံတွေ၊ ကွင်းတွေ၊ ဆွဲပြားတွေလည်း ဆင်ယင်ထားရဲ့။ တွန့်လိမ်ကောက်ကွေးကာ၊ ဆတ်တောက်,ဆတ်တောက်လုပ်ကာ၊ ခုန်ပေါက်အော်ဟစ်ကာ၊ လက်ညှိုးတွေ အထက်အောက် ထိုးကာ ပုံစံမျိုးစုံနဲ့ ကခုန်ရင်း လိုက်ပါလာကြတယ်။ ဒါလည်း ဒီမြို့မှာ ရေပန်းစားနေတဲ့ အကအဖွဲ့ ထင်ရဲ့။ နှောင်နှစ်ပေါင်းများစွာ ကြာညောင်းလာတဲ့အခါ စလင်းရဲ့ ဒေသရိုးရာတစ်ခုအဖြစ် မှတ်တမ်းဝင်သွားပြီး သူတော်သွေ့ လေ့လာမှတ်တမ်းတင်ကြလေဦးမလားမသိ။

ကိုဇေအေးမြင့်(မဟာဝိဇ္ဇာ၊ ဇရပ်သူ)

www.burmeseclassic.com

www.burmeseclassic.com

ရှာဖို့မြို့စားရှိ ပဝေါရတောင်တော်ခံသို့ တောင်တက်ကြသော ဆရာတော်ဦးနန္ဒကနှင့် ဘုရားဖူးအဖွဲ့တစ်ရပ်

တွန်းအားရှင်

အလှနိုဂုံး သံဝေဂအပြုံး

တောင်ငါးလုံးကာခို ရာဇဂြိုဟ် ဆိုသည့်ဆောင်ပုဒ် အတိုင်း ဝေဘာရတောင်၊ ဝေပုလ္လတောင်၊ ပဏ္ဍဝတောင်၊ ဂိဇ္ဈကူဋ်တောင်၊ ဣသိဂိလိတောင်ဟူသော တောင်ငါးလုံး ဝန်းရံထားသည့် ရာဇဂြိုဟ်မြို့သို့ စာရေးသူတို့ ဘုရားဖူး အဖွဲ့သည် (၁၉-၃-၁၅)ရက်နေ့တွင် ရောက်ရှိကြသည်။ နာလန္ဒာ တရုတ်-မြန်မာ ဘုန်းတော်ကြီးကျောင်းတွင် တည်း ခိုကြသည်။ ကျောင်းအမည်က တရုတ်-မြန်မာကျောင်းဟု ဆိုသော်လည်း သီတင်းသုံးနေကြသော ရဟန်းသံဃာများမှာ ရခိုင်သံဃာတော်များသာ ဖြစ်ကြသည်။

(၂၀-၃-၂၀၁၅)ရက်နေ့တွင် မိမိတို့တည်းခိုရာ ဘုန်းကြီးကျောင်းတွင် နံနက်စာစားပြီး နံနက်(၆)နာရီခွဲတွင် ခရီးဆက်ကြရာ ဝေဘာရတောင်ခြေရင်းသို့ နံနက်(၇)နာရီခန့်တွင် ရောက်ရှိကြသည်။ စာရေးသူတို့ ဘုရားဖူးအဖွဲ့တွင် ဘုရားဖူးခမ္မဒိတ်ဆွေ(၃၂)ဦး လိုက်ပါလာကြသည်။ ဝေဘာရတောင်မှာ အမြင့်ပေ(၂၅၀၀)ခန့် ရှိသည်။

အသက်အရွယ်ကြီးသူများ၊ ကျန်းမာရေးမကောင်းသူများက ခြေကျင်မတတ်နိုင်၍ အထမ်းသမားများနှင့် တက်ကြသည်။ ပထမသင်္ကန်းတင်ရာ သတ္တပဏ္ဏိ(စရည်းပင်ပေါက်ရာလိုဏ်ဂူ)သို့ ရောက်ရှိပြီး ထိုလိုဏ်ဂူရှေ့တွင် ဘုရားဖူးများအား မိမိတို့နှင့်အတူ လိုက်ပါလာသည့် ဆရာတော် ဒေါက်တာနန္ဒက ငါးပါးသီလပေးကာ ပထမသင်္ကန်းယနာတင်ပုံကို အသေးစိတ်ရှင်းပြသည်။ ထို့နောက် ဝေဘာရတောင်ပေါ်မှ ဆင်းလာပြီး မြတ်စွာဘုရား၏ ပထမဆုံး သီတင်းသုံးတော်မူခဲ့ရာ ဝေဠုဝန်ကျောင်းတော်ရာသို့ ခရီးဆက်ကြသည်။

ဝေဠုဝန်ကျောင်းတော်ရာဥယျာဉ်မှာ ရေပူစမ်းနှင့် အဇာတသတ်နန်းတော်ရာအကြားတွင်ရှိသည်။ ဝန်းနံရံများ ကာရံထား၍ အစောင့်များ ချထားသည်။ သစ်ပင်ဝါးပင်များ အုပ်အုပ်ဆိုင်းဆိုင်း ပေါက်ရောက်လျက်ရှိသည်။ ဥယျာဉ် အတွင်းရှိ ရေကန်ကြီးတစ်ခုမှာလည်း ရှုချင်စဖွယ်ကြည်ရှိသည်။ ယင်းရေကန်ကြီးမှာ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်အခါကပင် အသုံးပြုခဲ့သော ရေကန်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုရေကန်ကို ကလန္ဒကရေကန်ဟု ခေါ်သည်။

ကလန္ဒကဟူသည်မှာ ပါဠိလို ရှဉ့်နက်ဟု အဓိပ္ပာယ်ရသည်။ ဒဏ္ဍာရီပုံပြင်တစ်ပုဒ်၏ အဆိုအရ တစ်ခါက ရှင်ဘုရင်တစ်ပါးသည် ဤဝေဠုဝန်ဥယျာဉ်ကြီးတွင် မောင်းမမိသံများနှင့် လာရောက်ပျော်မြူးပြီး သေရည်သေရက်သောက်စားယစ်မူးကာ သစ်ပင်တစ်ပင်၏ ခြေရင်း၌ အိပ်ပျော်သွားလေသည်။ ယင်းအချိန်တွင် အနီးအနားချုံပုတ်မှ မြွေဆိုးတစ်ကောင် ထွက်လာပြီး မင်းကြီးကိုကိုက်ရန် ရန်မူနေစဉ် သစ်ပင်ပေါ်မှ ရှဉ့်နက်များ ဝိုင်းအော်ကြသဖြင့် မြွေဆိုး ထွက်ပြေးသွားခဲ့သည်။

ထိုစဉ် မင်းကြီးသည် လန့်နိုးလာပြီး သူ့အနီးမှ မြွေဆိုးတစ်ကောင် ထွက်သွားသည်ကို မြင်တွေ့ရ၍ သူ အိပ်နေသည့် သစ်ပင်ပေါ်မှ ရှဉ့်နက်များ ဝိုင်းအော်နေကြသည်ကိုလည်း အထူးအဆန်း တွေ့မြင်လိုက်ရသည်။ ထိုအခါ မင်းကြီးက ရှဉ့်နက်များ ကျေးဇူးကြောင့် သူ မြွေဆိုးအန္တရာယ်မှ လွတ်မြောက်ခဲ့ရသည်ဟုဆိုကာ ဝေဠုဝန်ဥယျာဉ်ရှိ ရှဉ့်နက်များကို မည်သူမျှမသတ်ရဟု အားမဲ့ပေးခဲ့သည်။ ယင်းပုံပြင်ကို အခြေခံပြု၍ အနီး၌ရှိသော ဤဒေရကန်ကို ကလန္ဒကရေကန်ဟုခေါ်ကြောင်း သိရသည်။

ဝေဠုဝန်ကျောင်းနေရာတစ်ဝိုက်တွင် ဝါးရုံများ စိုက်ထားသည်။ ရေကန်ပတ်ပတ်လည်တွင်လည်း ရာသီအလိုက် ပွင့်လေ့ရှိသော ပန်းပင်များ စိုက်ပျိုးထားပြီး ခြံဝင်းတစ်ခုလုံးကို အမြဲတမ်း ဂရုတစိုက် သန့်ရှင်းထားသည်။ ခြံပတ်ပတ်လည်တွင် ဝါးရုံများ စိုက်ပျိုးခြင်းဖြင့် အတိတ်က ဝေဠုဝန်ကို အတတ်နိုင်ဆုံး သရုပ်ဖော်ထားပုံပေါ်သည်။ ရေကန်၏ မြောက်ဘက်တွင် ဂျပန်လက်ရာ ထိုင်တော်မူဘုရားတစ်ဆူ သပ္ပာယ်စွာ သီတင်းသုံးတော်မူလျက်ရှိသည်။

ကလန္ဒကရေကန်၏အနောက်ဘက်တွင် လေးပင်တိုင်ကျောင်းဆောင်လေးနှင့် ရုပ်တော်မူ ဘဏ်တော်ငယ်ရုပ်တုတော်တစ်ဆူ သီတင်းသုံးလျက်ရှိသည်။ ယင်းနေရာကို မြတ်ဗုဒ္ဓဩဝါဒပါတိမောက် ပြတော်မူခဲ့သောနေရာဟု ယုံကြည်သတ်မှတ်ကြသည်။ ရှေးအခါက ဝေဠုဝန်ကျောင်းတော်သည် အလွန်သာယာ၏။ မြို့ရွာနှင့် မနီးလွန်းခြင်း၊ မဝေးလွန်းခြင်း၊ သွားလမ်းလာလမ်း ပြည့်စုံခြင်း၊ လူတိုင်းအဖို့ သွားလာရန် လွယ်ကူခြင်း၊ ဆိတ်ငြိမ်ခြင်းဟူသော အချက်ငါးချက်နှင့် ပြည့်စုံသည်ဟူ၍ ဗုဒ္ဓကျမ်းဂန်များတွင် တွေ့ရှိရသည်။

ယခု ဝေဠုဝန်မှာ ယခင် ဝေဠုဝန်အလှကို လုံးဝမမီတော့ပေ။ သို့ရာတွင် သက်ဆိုင်ရာတို့က ထိန်းသိမ်းမွမ်းမံထားသည်ကို တွေ့ရှိရ၍ ဝမ်းမြောက်မိသည်။ စာရေးသူသည် ဝေဠုဝန်ကျောင်းတော်ရာကို ရူးစိုက်ကြည့်ရင်း လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော်ကာလ မြတ်စွာဘုရား လက်ထက်တော်အခါက ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များကို မြင်ယောင်ကြားယောင်နေမိသည်။

ထိုအချိန် ထိုအခါက ဤနေရာသည် အလွန်စည်ကားခဲ့သည်။ သက္ကရာဇ်(၁၀၃)ခုနှစ်၊ တပို့တွဲလပြည့်နေ့မှာ မဖိတ်ကြားဘဲ ရောက်လာကြသော တပည့်သာဝကရဟန္တာ(၁၂၅၀)တို့ကို အဂ္ဂသာဝကအရာ အပ်နှင်းပေးခဲ့သည်။

ဤနေရာမှာပင် ပထမဆုံး သံဃာ့အစည်းအဝေးကြီး၌ ဩဝါဒပါတိမောက် တရားတော်ကို ပြဿဆုံးမခဲ့သည်။ တပို့တွဲလပြည့်နေ့ဖြစ်ခြင်း၊ မည်သူမျှ မပင့်ဖိတ်ရဘဲ သူ့အလိုအလျောက် ရဟန်းတော်(၁၂၅၀)တို့ စုဝေးမိကြခြင်း၊ ထိုရဟန်းတော်(၁၂၅၀)တို့အားလုံး ဧဟိဘိက္ခု(မြတ်ဗုဒ္ဓက ရဟန်းလာလော့ဟု မိန့်တော်မူလိုက်သည်နှင့် လူအသွင်

ဩဝါဒပါတိမောက် ပြဿဒေါ်ရှဉ့်ဝသာဝနေရာရှိ ဗုဒ္ဓဆင်းတုတော်တို့ တရေးသူ ဖူးမြော်ကြည်ညိုစဉ်

www.burmeseclassic.com

www.burmeseclassic.com

ရာဇဝင်ဟောင်းတော်ပြုပြင်ရေးအဖွဲ့ဝင်များ ဆရာတော်နှင့်အတူ (ရေနည်းမင်းမယ်ကာရ)
ဟိုဘိုဂျောက်ကြီး စာလေးသွားနှင့် မိန်းမလွှားများ ဆရာတော်နှင့်အတူ ဆုမတောင်းရာ

တင်းသုံးသည်မှာ သုံးလေးဝါပင် ရှိနေပြီ။ သို့ရာတွင် ဗိမ္မိသာရမင်းကြီး၏ ခေမာမိဖုရားသည် ဘုရားရှင်ထံ တစ်ခေါက်မှ အဖူးအမြော်မရောက်သေးပေ။ အကြောင်းမှာ ဘုရားရှင်က အဆင်းလှသူတို့၏ အဆင်း၌ အပြစ်ကို ဟောကြားခြင်းအား မိဖုရားကြီး ကြားရ၍ ဖြစ်သည်။ ငါကိုလည်း အဆင်းလှခြင်း၌ အပြစ်ရှာ၍ ကဲ့ရဲ့ပေဦးမည်ဟု တွေးကြံကာ ဘုရားရှင်ထံ မသွားပေ။ ထိုအခါ ဗိမ္မိသာရမင်းကြီးသည် ဤသို့ကြွေး၏။ ငါသည် ပျောက်၍ ရဟန်းအသွင် ရောက်လာကြသော) ရဟန်းတော်များချည်းဖြစ်ခြင်း၊ ထိုရဟန်းတော်အားလုံးမှာ ဆင္ဒာဘိညာဉ်ခြောက်ပါး ရရှိတော်မူကြသည့် ရဟန္တာပုဂ္ဂိုလ်များဖြစ်ခြင်းဟူသော လေးပါးသောအင်္ဂါတို့နှင့် ပြည့်စုံသူများ ဖြစ်ကြသည်။ ထို့ကြောင့် ဤဝေဠုဝန်ကျောင်းတော်ရာ နေရာသည်ကား အလွန်ထူးခြား ထင်ရှားသော နေရာပါတကား၊ပဲဟု ဝမ်းသာအားရ တွေးတောနေရာမှ အခြားအာရုံတစ်ခုသည် စာရေးသူစိတ်အစဉ်တွင် ပုံရိပ်ထင်လာခဲ့သည်။ မြတ်စွာဘုရားသည် ခေမာမိဖုရားကို ဤနေရာမှာပင် တရားပြ ချေချွတ်ခဲ့ပုံကို တရေးရေး မြင်ယောင်လာမိပါသည်။

မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်တွင် သီ

မြတ်ဗုဒ္ဓ၏ ဩဝါဒပါတိမောက္ခ် မြွေဆင်ရာ ရုပ်တော်များရှိရာ ဆရာတော်နှင့်အတူ တရားဆွေးနွေးကြသူများ တရားနာဝန်စဉ်

မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်တွင် သီ

မြတ်စွာဘုရားအား အသက်ဆဲဖျားထား၍ ကိုးကွယ်လုပ်ကျွေးသော ဥပါသကာမြတ်ဖြစ်သည်။ ငါကဲ့သို့သောမင်း၏ မိဖုရားသည် ဘုရားရှင်အား ဖူးမြင်ခြင်းငှာ မသွားဘဲနေသော် မလျော်ကန်ပေ။ အာဏာဖြင့်စေကလည်း ပြည်သူပြည်သားတို့ မိဖုရားအား ကဲ့ရဲခြင်းဖြစ်ရာ၏ တစ်ခုသောပရိယာယ်ဖြင့်သာ မြတ်စွာ ဘုရားထံသို့ ရောက်စေအံ့ဟု ကြံ၏။

ထို့နောက် ရတု၊ ကဗျာ၊ လင်္ကာ၊ သီချင်း ဖွဲ့တတ်ကုန်သောသူတို့အား ဝေဠုဝန်ဥယျာဉ်၏ တင့်တယ်သာယာဟန်ကို သီကုံး၍ နှလုံးမွေ့လျော်ခြင်းရှိစေအောင် ခေမာမိဖုရားကြီး ကြားလောက်ရာနေရာမှနေ၍ သီဆိုကြလေသည်။

ထိုသီကျူးသံများကို ခေမာမိဖုရား ကြားသော်အခါ- 'ငါတို့ ဝေဠုဝန်ဥယျာဉ်သည် ရှေးယခင်ကကဲ့သို့ သာမည မဟုတ်ရာပြီ။ သီချင်း၊ ကဗျာ၊ လင်္ကာ၊ ရတုပြုလောက်အောင်ပင် ဥယျာဉ်၏အသရေ ဖြစ်ဟန်ရှိချေသည်။ ငါသွား၍ရမသော် သင့်၏' ဟု ကြံ၏။

ထို့နောက် ဗိမ္မိသာရမင်းကြီးအား ခေမာမိဖုရားက ဥယျာဉ်သို့ သွားလိုကြောင်းကို လျှောက်ထားသည်။ မင်းကြီးက ဥယျာဉ်သို့သွားလျှင် ဘုရားရှင်အား ဖူးမြော်ရန် မှာကြားလိုက်သည်။ ထို့ပြင် ဘုရားရှင်က မိဖုရားကြီး ဝင်ရောက်ဖူး

www.burmeseclassic.com

www.burmeseclassic.com

မြော်ခြင်းမရှိဘဲ ပြန်လာပါက မင်း ဒဏ်သင့်စေမည့်အကြောင်း မှူး ခတ်များကိုလည်း မှာလိုက်သည်။

ခေမာမိဖုရားကြီးသည် ဥယျာဉ်တော်အတွင်း တစ်နေ့လုံး ပျော်ပါး၏။ ဘုရားရှင်ထံသို့မူ မသွားပေ။ ညနေချမ်း နှင်းတော် သို့ပြန်ရန် စီစဉ်သည့်အခါ မှူးမတ် များက မင်းကြီး မှာလိုက်သည့် စကားကို လျှောက်ကြ၏။ ထိုအခါ မိဖုရားမှာ မင်းအာဏာကို မလွန် ဆန်ဝံ့သဖြင့် 'ဘုရားရှင်ခြေတော် ရင်းသို့ ဝင်ရတော့သည်။

တလန္တကဈာကန်ရေတွင်းစာရေးဆရာနှင့် ဘုရားပုံးတို့ အဆုတ်တရ

မြတ်စွာဘုရားသည် ထိုအကြောင်းကို သိတော်မူသဖြင့် ခေမာမိဖုရားနှင့် ဆက်စပ်မည့် တရားစကားကို ဟောကြား ရန် စီစဉ်တော့သည်။ စီစဉ်ပုံမှာ လူနှင့်မမျှ နတ်ထက်လွန် သော မိန်းကလေးငယ်ကို ရတနာများစီထားသော ယပ်ဖြင့် ခတ်စေလျက် ခြေတော်ရင်း၌ ဖန်ဆင်းထား၏။ ခေမာ မိဖုရားသည် ကျောင်းအတွင်းသို့ လှမ်းဝင်မိသောအခါတွင် ကား မမျှော်လင့်သော မြင်ကွင်းနှင့် ကြုံပင်းတွေ့လိုက်ရ ပေတော့သည်။ ဤကမ္ဘာမြေပြင်တွင် မိမိကိုယ်သာ အလှ ဆုံးဟု ထင်တစ်လုံးနှင့်နေခဲ့သော ခေမာမိဖုရားသည် ယခု တော့ သူထက် လှနေသူလေးကို ငေးနေရရှာပြီ။

အလှဂုဏ် မျိုးရိုးဂုဏ်ဖြင့် မာနတံခွန်တလူလူလွင့်ထူ ခဲ့သော မဒ္ဒရာဇတိုင်းသူသည် ယခုတော့ မိမိထက် မာန ကြီးသူနှင့် တွေ့လိုက်ရချေပြီ။ မိမိကသာ မိမိထက်လှသူ ကလေးပါကလားဟု တွေးတမောကြည့်နေရ၏။ ထိုမိန်း ကလေးမှာမူကား မာဂဓတိုင်းကြီး၏ မိဖုရားတစ်ပါးကို လှည့်၍မျှပင် မကြည့်ပေ။ ဘုရားရှင်ကိုသာ ရှိသေစွာ ယပ် ခတ်လျက်ရှိသည်။ ခေမာမိဖုရားမှာ ထိုမိန်းကလေးကို ငေး ကြည့်နေစဉ်မှာပင် ထိုမိန်းကလေးငယ်သည် တဖြည်းဖြည်း အရွယ်ကြီးလာ၏။ သားတစ်ယောက်မိခင်အရွယ် သားနှစ် ယောက် မိခင်အရွယ် ဖြစ်လာသည်။ ထို့နောက် ဆံပင်များ ဖြူလာသည်။ သွားတွေကြွေ၊ အရေတွေ တွန့်လာသည်။

အိုမင်းသော အရွယ်သို့ရောက်ပြီး မှည့်မည်းများ အပြောက်,အပြောက် ထစပြု၏။ ပါးစပ်မှလည်း အရိုအရွဲ အရည်များ ယိုစီးကျလာသည်။ အတန်ကြာသော် ယပ်နှင့် တကွ ဘုရားရှင်၏ခြေရင်းတွင် လဲကျကာ တညည်းတွား တွား ဖြစ်နေတော့သည်။ မမျှော်လင့်ဘဲ တွေ့လိုက်ရသည့် အဖြစ်ဆိုးကြီးကြောင့် ခေမာမိဖုရားမှာ သည်းထိတ်ရင်ဖို ဖြစ်လာရ၏။ အရင်တုန်းကတော့ အလှသည်ပင်သခင်၊ အလှသည်ပင်အရှင်၊ အလှသည်ပင် ကိုးကွယ်အားထားရာ။ ယခုတော့ မိမိအားထားခဲ့သော အလှတောင်ထွတ်ကြီးက ဗြုန်းခနဲ ပြိုကျသွားချေပြီ။

ရွှေချင်စဖွယ် တင့်တယ်ခြင်း အထွတ်အထိပ်သို့ရောက် သော ဤမိန်းမ၏ ရုပ်ခန္ဓာသည် ထိုထိုသောသဏ္ဌာန်ဖြင့် ဖောက်ပြန်ပျက်စီးသကဲ့သို့ ငါ၏ ခန္ဓာသည်လည်း ယိုယွင်း ဖောက်ပြန်၍ ဧကန်ပျက်စီးရပေမည်။ မှောက်မှားယွင်းချွတ် သောအတွေးဖြင့် ငါသည် အလှမာနထောင်လွှားခဲ့ချေပြီဟု ကြံတွေးအောက်မေ့ပြီး ကြက်သီးတဖြန်းဖြန်းထကာ သံဝေဂ ရလေတော့သည်။

ဤတွင် မြတ်စွာဘုရားရှင်သည် ခေမာမိဖုရားကြီးကို တရားရအောင် အမြိုက်ဆေးဖြင့် တိုက်ကျွေးတော်မူသည်။

ခေမာမိဖုရား...ကိုးဆယ့်ခြောက်ပါးသော ဘေးရော ဂါတို့ဖြင့် နာကျင်တတ်သော၊ အညစ်အကြေးတို့၏ စုဝေးရာ လည်းဖြစ်သော၊ ပုပ်နံ့အတိလှိုင်သော ဤခန္ဓာကိုယ်ကို စော်စော်ရွံလော့။ ဒွါရကိုးပေါက်မှ အညစ်အကြေးများ ယိုစီးကျ နေသော ရွံရှာဖွယ်အညစ်အကြေးများ ကိန်းအောင်းရာဖြစ် သော ခန္ဓာကိုယ်ကို မတင့်တယ်ဟူ၍ နေ့ညမပြတ်ရွံလော့။ တစ်ခုတည်းသောအာရုံ၌ စိတ်ကိုပွားစေလော့။ သင်၏သဘော သည် ကောသာ၊ လောမာ စသည်တို့၌ လော့လာလော့။ ငါ

www.burmeseclassic.com

မြင်ရသော မိန်းမငယ်ကဲ့သို့ ငါ၏ ခန္ဓာကိုယ်၏ အတွင်းအပြင် သဏ္ဌာန်၌ နှစ်သက်ခြင်းတရား ကင်းစေလော့။

အနိစ္စတရားကို ပွားလော့။ ခန္ဓာကိုယ်အတွင်း၌ ကိန်းအောင်းနေသော မာနကို စွန့်ခွာလော့။ မာနကို စွန့်ခွာခြင်းကြောင့် ပင့်ကူသည် မိမိပြုလုပ်သော ကွန်ရက်အမျှင်ကို အစဉ်တစိုက် လိုက်သကဲ့သို့ ရာဂရမ္မက်ဖြင့် နှစ်သက်ကပ်ငြိကုန်သောလူတို့သည် မိမိပြုသော ရာဂအလျဉ်နောက်သို့ အစဉ်တစိုက် လိုက်ကုန်၏။ ထိုရာဂတရား ကိလေသာအလျဉ်ကိုလည်း ဖြတ်၍ ကာမဂုဏ်ချမ်းသာကိုပယ်ကာ ကျင့်ကုန်ရာ၏'

ကလန္ဒကရောင်ခွေတွင် စာရေးသူနှင့် စာရေးသူ၏ဝိတ်ထူးဆရာမကြီး အမှတ်တရ

ဤဒေသနာတော်ကို ကြားနာရပြီးနောက် ခေမာမိဖုရားကြီးသည် ပယုမ္မာခြင်းကင်းကွာလျက်ရှိသော သောတာပတ္တိဖိုလ်၌တည်၏။ ထိုမှ အစဉ်အတိုင်း တက်ရကာ အရဟတ္တဖိုလ်သို့ ရောက်လေသည်။

ခေမာမိဖုရားသည် ဘုရားရှင်အား ရှိသေစွာရှိခိုးပြီး အဖူးအမြော်မရောက်ဘဲ နေခဲ့မိသည့် အဖြစ်ကို သည်းခံတော်မူပါရန် လျှောက်တင်လေသည်။ ခေမာမိဖုရားသည် လူအဖြစ်နှင့် အရဟတ္တဖိုလ်သို့ ရောက်သောကြောင့် ရဟန်းသော်လည်း ပြုရမည်။ ပရိနိဗ္ဗာန်သော်လည်း ပြုရမည်။ လူအဖြစ်နှင့် ကြာရှည်စွာမနေသင့်ကြောင်း ဆင်ခြင်ကာ နန်းတော်သို့ အမြန်ပြန်လာသည်။

ဗိမ္ဗိသာရမင်းကြီးကလည်း ခေမာမိဖုရား၏ ရှာန္ဒေကို မြင်သည်နှင့်ပင် ဆင်ခြင်မိသဖြင့် ဘုရားရှင်ကို ဖူးမြော်ခဲ့ပါရဲ့လားဟု ဆီးချွေးတော်မူသည်။

ဤတွင် ခေမာမိဖုရားက-

'ဘုရားရှင်ကို အသင်မင်းကြီးတို့ ဖူးမြော်ရခြင်းသည် ကြီးမားသောအကျိုးမရှိ။ ကျွန်ုပ်ဖူးမြော်ရခြင်းသာ လွန်စွာကျေးဇူးရှိပေသည်။ ယနေ့ပင် ရဟန်းပြုခွင့်ပေးပါ'ဟု လျှောက်တင်သည်။

ဗိမ္ဗိသာရမင်းကြီးလည်း များစွာအားရဝမ်းသာဖြစ်၏။ ထို့ကြောင့် ရတနာအတိုင်းသော ရွှေထမ်းစင်ဖြင့် တင်ဆောင်ကာ ဘိက္ခုနီမတို့ထံ၌ ရဟန်းပြုစေသည်။ ရဟန်းပြုပြီးသောအခါ ခေမာထေရီဟူ၍ ထင်ရှားလာ၏။ ပညာအရာ၌ ကျယ်ဝန်းရာ အဂ္ဂသာဝိကာအရာ၌ ထားတော်မူသည်။

ဘုရားရှင် ဇေတဝန်ကျောင်းတော်သို့ ရောက်သော အခါ ဘိက္ခုနီမတို့အား အရာအသီးသီးချီးမြှောက်သည်တွင် ထိုခေမာထေရီကို မဟာပညာဇာတဒဂ်အရာ၌ ထားတော်မူလေသည်ဟု ဗုဒ္ဓကျမ်းဂန်များတွင် စာရေးသူမှ ဖတ်ရှုမှတ်သားခဲ့ဖူးသော ခေမာမိဖုရားအကြောင်းကို သတိရကာ တွေးတောနေမိသည်။

ထိုစဉ် 'ဘုရားဖူးခဓ္မခရီးသည်များခင်ဗျာ...ကျွန်တော်တို့ ဘုရားဖူးယာဉ်ဟာ မကြာမီအချိန်မှာ နာလန္ဒာ တရုတ်-မြန်မာကျောင်းသို့ ခရီးဆက်မှာ ဖြစ်တဲ့အတွက် ကားပေါ်သို့ သွားရောက်နေရာယူကြပါရန်' အစရှိသော ကြော်ငြာသံ ထွက်ပေါ်လာသဖြင့် 'ဝေဠုဝန်ကျောင်းတော်ရာမှ ထွက်ခွာလာခဲ့ကြသည်။

ငါလှသည်၊ ငါတင့်သည်၊ ငါနှင့်ငါသာ နှိုင်းစရာရှိသည်။ အလှသည်ပင်သခင်၊ အလှသည်ပင် အရှင်ထင်ခဲ့သော ခေမာမိဖုရား၏ အလှနိုဂုံးအဆုံးသည်ကား သံဝေဂ အပြုံးတည်းဟူသော မဟာပညာဇာတဒဂ်ဘွဲ့ထူးကိုပင် ဆွတ်ခူးနိုင်ခဲ့သည်ဟု ဆိုရမည်ပင်။

တွန်းအားရှင်

ကျမ်းကိုး

* ကျီးသဲလေးထပ်ဆရာတော်၏ ဇိနတ္ထပကာသနီကျမ်း။
* စာရေးသူ၏ ကိုယ်တိုင်သွားရောက်ဖူးမြော်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com

နန္ဒာစိုး (ဆင်မြန်ကျွန်း) ပဉ္စင်္သီလ၏ အုတ်မြစ်များ

တစ်ခုသော တနင်္ဂနွေနေ့တွင်ဖြစ်သည်။ ကျွန်ုပ်သည် နံနက်တိုင်း ထိုင်နေကျဖြစ်သော လက်ဖက်ရည်ဆိုင်သို့ ရောက်ရှိကာ မိတ်ဆွေဖြစ်သူ စာရေးသူတစ်ဦးအား စောင့်ဆိုင်းလျက်ရှိ၏။ ကျွန်ုပ်တို့မှာ နေ့စဉ် နံနက်(၉)နာရီကျော် ကျော်တွင်မှ ထိုင်ကြလေ့ရှိသည်။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်သည် လက်ဖက်ရည်ဆိုင်၌ ပရိသတ် မရှုပ်ထွေးတော့ဘဲ ကြေပါးစပြုပြီဖြစ်သောကြောင့် ဝါသနာတူရာ စာပေမိတ်ဆွေများ၊ စာရေးသူများနှင့် အေးအေးဆေးဆေး စကားပြောခွင့်ရပေသောကြောင့် ဖြစ်ပါသည်။

ထိုနေ့တွင်မူ ကျွန်ုပ်၏မိတ်ဆွေမှာ အခြားကိစ္စတစ်ခု ရှိနေ၍ ဆယ်မိနစ်ခန့်နောက်ကျ၍ ရောက်မည်ဖြစ်သော ကြောင့် မပြန်နှင့်ဘဲ စောင့်နေပေးပါရန် ကျွန်ုပ်ထံ ဖုန်း ကြိုတင်ဆက်ထားသဖြင့် ကျွန်ုပ်တစ်ဦးတည်း ဆက်ထိုင် စောင့်ပေးနေမိခြင်းပင်။

ထိုအချိန်မှာပင် ကျွန်ုပ်၏စားပွဲသို့ အသက်(၁၆၊ ၁၇) နှစ်ခန့်ရှိဦးမည့် လူငယ်ကလေးတစ်ယောက် ဝင်ထိုင်လာ လေသည်။ ငှင်းသည် ကြို၍ ဝင်ထိုင်ခြင်းမဟုတ်၊ ကျွန်ုပ် ရှိနေသော စားပွဲသို့ တမင်ဝင်ထိုင်လာခြင်းဖြစ်ကြောင်း နောက်တွင်မှ သူစကားအရ သိရှိရလေသည်။ သူ၏လက် ထဲတွင် ယခုလထုတ် အသစ်စက်စက် ဂန္ဓိရမဂ္ဂဇင်းစာအုပ် လည်း ကိုင်ဆောင်လာ၏။ ကျွန်ုပ်၏ စားပွဲတွင် ဝင်ထိုင် လာသည်နှင့် ထိုလူငယ်ကလေးသည် ကျွန်ုပ်အား စကား စလာလေတော့သည်။

'လက်ဖက်ရည်မှာပြီးပါပြီလား ဆရာ။ မမှာရသေး ရင် မှာပါ။ စမူဆာတို့၊ ပဲပလာတာတို့လည်း မှာပါ။ ကျွန်ု တော် ပိုက်ဆံရှင်းပါ့မယ်'

ကျွန်ုပ်မှာ မျှော်လင့်မထားပါဘဲနှင့် ဒေါသခံမည့်သူ

www.burmeseclassic.com

www.burmeseclassic.com

ပေါ်လာခြင်း ဖြစ်လေသည်။

"မမှာသေးပါဘူးကွာ။ ငါ့မိတ်ဆွေတစ်ယောက်ကို စောင့်နေတုန်းပါ။ သူလာမှပဲ မှာသောက်ပါတော့မယ်။ အဲဒီ အတွက်လည်း တို့ဟာတို့ပဲ ငွေရှင်းပါ့မယ်။ ငါတူ ကြိုက်တာသာ ကိုယ့်ဟာကိုယ် မှာသောက်ပါ"

ဌင်းမှာ ကျွန်ုပ်၏ တူအရွယ်၊ သားအရွယ်မျှသာရှိသေး သောကြောင့် အလိမ္မာနှင့်ပင် ငြင်းလိုက်ရပါသည်။ ထိုအခါ ဌင်းက သူ့အတွက် လက်ဖက်ရည်နှင့် ပဲပလာတာတစ်ပွဲ ကို မှာယူလိုက်လေ၏။ ပြီးမှ-

"ဆရာက ကျွန်တော့်ကို သိမှာမဟုတ်ပေမယ့် ကျွန် တော်ကတော့ ဆရာ့ကို သိနေပါတယ်ခင်ဗျာ။ ကျွန်တော့် နာမည် မောင်တင်ဦးပါ။ မနှစ်က ဆယ်တန်းအောင်ပြီးလို့ ဒီနှစ် အဝေးသင် ဆက်တက်ဖို့ လျှောက်ထားပြီး ကျောင်း ဆက်တက်ဖို့ စောင့်နေတုန်းပါ။ ရွာသစ်ရပ်မှာ နေပါတယ်"

ဟု သူကိုယ်သူ မိတ်ဆက်လေ၏။ ထို့နောက် ဆက်လက်၍-

"ကျွန်တော်က ဆရာနဲ့ စကားပြောချင်လို့ကို ဒီစားပွဲ ကို တမင်ဝင်လာထိုင်တာပါ။ ဆရာဒီဆိုင်မှာ ထိုင်တတ်မှန်း သိပေမယ့် စကားပြောခွင့် မကြုံဘူးခင်ဗျ။ တခြားလူကြီး ပိုင်း မိတ်ဆွေတွေနဲ့ ပိုင်းဖွဲ့နေတာတွေ့တော့ ကျွန်တော်လည်း ကိုယ့်ကြောင့် အနှောင့်အယှက်ဖြစ်မှာစိုးလို့ ဝင်လာမထိုင်ခဲ့ ဘူးလေ။ ဒီနေ့မှ ဆရာတစ်ယောက်တည်း ထိုင်နေတာတွေ့ရ လို့ ဟုတ်ပြီဆိုပြီး ဝင်လာထိုင်ရတာပဲ"ဟု ဆိုလိုက်သဖြင့် ကျွန်ုပ် အံ့အားသင့်သွားရပါ၏။

"ဩော်..ဒီလိုလား၊ ဟုတ်ပါပြီလေ။ ဝင်ထိုင်တော့ လည်း သိရကျွမ်းရ ပြောရဆိုရတာပေါ့။ နေပါဦး၊ မင်းက ငါ့ကို ဘာတွေများ ပြောစရာရှိနေလို့တုံး"

ကျွန်ုပ်လည်း အလိုက်တသိပင် စကားလမ်းကြောင်း

www.burmeseclassic.com

www.burmeseclassic.com

ဖွင့်ပေးလိုက်ကာ မေးမြန်းရပါတော့သည်။

'ဒီလိုပါ ဆရာ..ကျွန်တော်က စာဖတ်တာ ဝါသနာပါပါတယ်။ အထူးသဖြင့် ဘာသာရေးနဲ့ ဆက်နွယ်တဲ့ ဆောင်းပါးတွေ၊ ဓမ္မရသဝတ္ထုတိုတွေကို ဦးစားပေးပြီး ဖတ်တယ်ခင်ဗျ။ ဟောဒီကမ္ဘီရမဂ္ဂဇင်းက ကျွန်တော် လစဉ်ဝယ်ယူစုဆောင်းတဲ့ မဂ္ဂဇင်းပါပဲ။ ကျွန်တော်တို့ တစ်အိမ်လုံး၊ တစ်မိသားစုလုံး အကြိုက်ညီတဲ့ မဂ္ဂဇင်းဆို လစဉ် ကိုယ်ပိုင် ဝယ်ပါတယ်။ ကျွန်တော်က ဘာသာရေးကို ဦးစားပေးဖတ်တယ်။ အမေတို့၊ အစ်မတို့က ဇေဒင်လိုင်းကိုကြိုက်တယ်။ အဖေတို့၊ ဦးလေးတို့က ကမ္ဘီရဆန်ဆန် ဝတ္ထုတွေဖတ်လေ့ရှိတော့ တစ်အုပ်တည်းနဲ့ တစ်အိမ်လုံးအကြိုက်လိုင်းစုံလို့ ဝယ်သိမ်းတယ် ပြောပါတော့။ အဲဒီမှာ ဆရာက ဘာသာရေးနဲ့ ပတ်သက်တဲ့ ဓမ္မရသဝတ္ထုတိုကလေးတွေ လစဉ်လိုလို ပင်တိုင်ပါနေတော့ အမြဲဖတ်ဖြစ်ပါတယ်။ ဆရာ့ပရိသတ်လို့ပဲ ကျွန်တော့်ကိုယ်ကျွန်တော် ပြောပါရစေ'

'အေးပေါ့ကွာ၊ ဖတ်ရှုအားပေးတယ်ဆိုတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ငါလည်း ပင်တိုင်စာရေးသူရယ်လို့တော့ မဟုတ်ပါဘူး။ ဒီလိုပဲ ရေးဖြစ်တာလေးတွေကို ပို့ဖြစ်တယ်။ အယ်ဒီတာအဖွဲ့ကလည်း ဖော်ပြပေးကြတယ်ဆိုတော့ ကိုယ့်စာမူလေးတွေ ပရိသတ်မျက်စိအောက်ကပျောက်မသွားဘူးပေါ့။ ဒါကိုပဲ ဝမ်းသာနေရသဗျာ။ ငါ့စာမူတွေနဲ့ပတ်သက်ပြီး လွတ်လွတ်လပ်လပ် ဝေဖန်နိုင်တယ်နော်။ အားနာစရာမလိုဘူး။ စာရေးသူက ပမာဒ လေခပြီး မတော်တဆ အမှားအယွင်းတွေလည်း ရေးမိတတ်တယ်။ မှားမှန်းသိသိကြီးနဲ့တော့ ဘယ်သူက ရေးမတုန်း။ သတိလွတ်ပြီး၊ အမှတ်အသားမှားပြီး ရေးမိကြတာမျိုးပါ။ အဲဒါမျိုးတွေ့ရင်လည်း ထောက်ပြဝေဖန်ပါကွာ။ စာရေးဆရာလည်း လူပဲကွ၊ မှားတဲ့အခါလည်း ရှိမပေါ့'

'ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော့်အနေနဲ့ အထူးထောက်ပြ ဝေဖန်စရာ မတွေ့မိသေးပါဘူး။ ဒါပေမဲ့ ဆရာနဲ့ တွေ့တဲ့အခါ တောင်းဆိုချင်တာတော့ရှိတယ် ဆရာ။ အဲဒါကြောင့် ကျွန်တော် ဆရာနဲ့ စကားပြောချင်နေတာ'

ထိုစကားကြောင့် ကျွန်ုပ်လည်း ထပ်မံအံ့အားသင့်မိရပြန်ပါတော့သည်။

'ကဲ..ပြောစမ်းပါဦးဗျာ။ ဘာများတောင်းဆိုချင်လို့ပါလိမ့်'

ကျွန်ုပ်က မေးလိုက်သောအခါ ၄င်းကလည်း ချက်ချင်း ပြန်မေးလေသည်။

'ဆရာက ကမ္ဘီရမှာ ဓမ္မရသဝတ္ထုလိုင်းပဲ အရေးများတယ်နော်။ ဓမ္မဆောင်းပါးတွေ တွေ့ရပေမယ့် အရေအတွက်နည်းတယ်။ ဟုတ်တယ်မဟုတ်လား'

'အမှန်ပဲ။ ရသဝတ္ထုအနေနဲ့ရေးဖို့ကို ပိုစိတ်အားထက်သန်တယ်ဆိုတာ ဝန်ခံပါတယ်'

'ဝန်ခံမနေနဲ့ ဆရာ၊ အဲဒါကို ကျွန်တော်သိပြီးသား။ အခုတောင်းဆိုချင်တယ်ဆိုတာက ဝတ္ထုတွေထဲကနေ ကြားဖြတ်ပြီး ဆောင်းပါးတစ်ပုဒ်လောက် ရေးပေးစေချင်လို့ပါ။ အကြောင်းအရာက ငါးပါးသီလအကြောင်းပါ။ မကျဉ်းမကျယ်ကလေးပေါ့ ဆရာ'

မောင်တင်ဦး၏ တောင်းဆိုချက် ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်လည်း ချက်ချင်းပင် ပြန်ပြောမိလေ၏။

'ဟာ..ငါ့လူရ၊ ငါးပါးသီလအကြောင်းက ဗုဒ္ဓဘာသာဝင်တွေနဲ့ အရင်းနှီးဆုံး လူတိုင်း သိနေ၊ ကြားနေ၊ ဆောက်တည်နေကြတာပဲကွ။ အထူးတလည် ရေးနေစရာ မလိုလောက်အောင် ယဉ်ပါးနေတဲ့ အကြောင်းအရာပါ။ မင်းနှယ်..ဝါတွင်း၊ ဝါပ ဥပုသ်နေ့တိုင်း ဘုန်းကြီးကျောင်းကို သွားရင် ဘုန်းကြီးက ငါးပါးသီလပေးတယ်။ ပရိသတ်က တောင်းဆိုလာမှ ရှုစ်ပါးသီလတို့၊ ဆယ်ပါးသီလတို့ ဧပေးတာ။ ငါးပါးသီလကတော့ အခြေခံဖြစ်လို့ မဖြစ်မနေပေးလေ့ရှိကြတာပဲ။ နွေရာသီမှာ ကျောင်းဝိတ်ရက်ထဲဖွင့်တဲ့ ယဉ်ကျေးလိမ္မာသင်တန်းတက်တဲ့ မူလတန်း၊ အလယ်တန်းကလေးတွေတောင် သိနေကြတဲ့ကိစ္စပဲ'

ငြင်းပယ်ခြင်း မဟုတ်သော်လည်း ကျွန်ုပ်၏စကားမှာ ငြင်းပယ်သောအဓိပ္ပာယ်သို့ ဆောင်သွားလေသလား မပြောတတ်၊ မောင်တင်ဦးသည် ခေါင်းခါပြကာ ကန့်ကွက်လေတော့သည်။

'မထင်နဲ့ဆရာ၊ အဲဒါတွေက အားမနာတမ်းပြောရရင် အပေါ်ယံလောက်ပဲ ရှုပ်ပြီးသိကြတာ။ ကဲကွာ..ထဲထဲဝင်ဝင် ပြောကြစို့ရဲ့ ဆိုလိုက်တာနဲ့ အကုန် ကပေါက်တိ ကပေါက်ချာတွေ့ ပြောကြတော့တာပဲ။ ပြန်စဉ်းစားကြည့်ပါ ဆရာ၊ ဘုန်းကြီးကျောင်းကိုသွားပြီး သီလယူ ဥပုသ်စောင့်တယ်ဆိုပါတော့။ ဘုန်းကြီးကလည်း ငါးပါးသီလပါဠိစာကို ရွေ့က တိုင်ပေး၊ လူတွေက နောက်ကလိုက်ဆို နောက်ဆုံးမှာ ဘုန်းကြီးက သာခုကံ ကတ္တာ အပွမာဒေန သမ္မာဒေထ ဆိုတာနဲ့ လူတွေက အာမာန္တေါအရှင်ဘုရားလို့ ရွတ်လိုက်

www.burmeseclassic.com

www.burmeseclassic.com

ကြပြီး ပြီးသွားတာပဲ'

'ဟုတ်တယ်လေ၊ ဒါက အစဉ်အလာပဲကွ။ ဘုန်းကြီးက အခုယူလိုက်တဲ့ ငါးပါးသီလကို ဒီတစ်နေ့ ဥပုသ်နေ့အဖို့ မကျိုးမပေါက်အောင် စောင့်ထိန်းဆောက်တည်ကြဖို့ရာ မမေ့မလျော့သောသတိ ရှိကြစေလို့ ပြောတာ။ လူတွေက ဟုတ်ပါပြီ၊ စောင့်ထိန်းပါ့မယ်ဆိုတဲ့သဘောနဲ့ အာမဋ္ဌာ ခံလိုက်ကြတာ ဒါပဲပေါ့'

'အဲဒီမှာ ကျွန်တော်ပြောချင်လာတော့တာပဲ ဆရာ။ ဆရာပြောသလို ဘုန်းကြီးက ရှေ့ကတိုင်းလို့ လူတွေက နောက်က လိုက်ဆိုကြတာတော့ ဟုတ်တယ်။ ဒါပေမဲ့ ကိုယ်လိုက်ဆိုတဲ့ ငါးပါးသီလရဲ့ အနှစ်အသားကို အတွင်းကျကျအထိတော့ ခြေခြေမြစ်မြစ် ရေဆုံးရေဖျားသိသူ အရှားသားကလား ဆရာရဲ့။ အပေါ်ယံလိုက်ဆို၊ အပေါ်ယံ အာခံချက် ပေးလိုက်သလို ပေါ့ရွတ်ရွတ်ဖြစ်နေတယ်လို့ ကျွန်တော်ထင်တယ်။ ဘုန်းကြီးတွေက ကျကျနန ထဲထဲဝင်ဝင် အကျယ်ရှင်းမပြသလို ပရိသတ်ထဲကလည်း ဘုန်းကြီးကို ကြောက်ပြီး သေသေချာချာ တစ်ပါးချင်း ရှင်းပြတော်မူပါဘုရားလို့ လျှောက်ထားတောင်းဆိုတဲ့သူ မတွေ့ရဖူးဘူး။ ကဲ..ဆရာ့ကို ကျွန်တော် ဝန်ခံချက်ပေးမယ်'

'အေး..ငါလည်း စိတ်ဝင်စားလာပြီ။ ပြောစမ်းပါဦး၊ ဘယ်လိုဝန်ခံချက်တုံး'

ကျွန်ုပ်လည်း စကားဆွေးနွေးမှုအရှိန်ရလာ၍ တောင်းဆိုလိုက်ရလေသည်။

'ဒီလိုပါ ဆရာ..တခြားသူကို ဆွဲမထည့်ဘဲ ကျွန်တော့် ကိုယ် ကျွန်တော်ပဲ တိုင်တည်ပြီး ပြောပါရစေ။ ငါးပါးသီလကို မင်းသိသလားလို့ မေးလာရင် ဗုဒ္ဓဘာသာဝင်ပဲဗျ။ အပတ်စဉ် သီလယူ ဥပုသ်စောင့်နေတာပဲ သိတာပေါ့လို့ ပြန်ဖြေလိုက်မှာပဲ။ သိရင် ရှင်းစမ်းပါဦးလို့ ထပ်မေးရင် ကျွန်တော်က ထပ်ဖြေမယ်။ ပါဏာတိပါတာ-သူ့အသက်ကို သတ်ခြင်း၊ အဒိန္နာဒါနာ-သူ့ဥစ္စာကို ခိုးယူခြင်း၊ ကာမေသုမိစ္ဆာစာရာ-သူတစ်ပါးအိမ်ရာကို ကျူးလွန်ပြစ်မှားခြင်း၊ မုသာဝါဒါ-မမှန်သောစကားကို ပြောခြင်း၊ သုရာမေရယမစ္ဆပ္ပမာဒဋ္ဌာန-သေအရက်သောက်စားခြင်း အဲဒါ(၅)မျိုးကို ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ ရှောင်ကြဉ်ဖို့ စောင့်ထိန်းဆောက်တည်ပါမယ်လို့ ပြောတာပါဗျာလို့'

'အေးလေ..ဟုတ်သားပဲကွ၊ မင်းပြောတာ မှန်နေတာပဲ။ ဘာများမှားနေလို့တုံး'

ထိုအခါ မောင်တင်ဦးက သဘောကျစွာရယ်လိုက်လေသည်။ ပြီးမှ-

'မှားတော့ မမှားဘူးပေါ့ ဆရာ။ ဒါပေမဲ့ လိုနေသေးတယ်။ ငါးပါးသီလနဲ့ပတ်သက်လို့ အခု ကျွန်တော်ပြောခဲ့တာတွေက ကျွန်တော်သိသမျှ အကုန်ပဲ။ ဒါပဲ၊ ဒါထက်ပို အနစိတ်ပြီး အကျယ်ချဲ့ပြီး ဆက်ရှင်းပြပေးစမ်းပါဦးဆိုရင်တော့ သေပြီ ဆရာပဲ။ ကျွန်တော် ဆက်ရှင်းမပြတတ်တော့ဘူး။ အဲဒါနဲ့ သတိထားစောင့်ကြည့် လေ့လာလိုက်တော့ လက်စသတ်တော့ အဲသလိုဖြစ်နေတာက ကျွန်တော် တစ်ယောက်တည်း မဟုတ်ဘူးဆရာ။ ကျွန်တော်နဲ့ ရွယ်တူသူငယ်ချင်း လူငယ်အတော်များများကလည်း ကျွန်တော်သိသလောက်ပဲ အပေါ်ယံကြောလောက် ရှုပ်ပြီး သိကြတာ။ ကိုးတန်း၊ ဆယ်တန်း လူပျိုဖော် အပျိုဖော်ဝင်စ အရွယ်တွေ၊ တက္ကသိုလ် ပထမနှစ်၊ ဒုတိယနှစ်လောက် အရွယ်တွေကျလည်း နွေရာသီမှာ ကလေးတွေနဲ့ရောပြီး ယဉ်ကျေးလိမ္မာသင်တန်းတက်ရမှာ ရုက်စရာကြီး ဆိုတဲ့သူက အများစု။ အဲဒီအရွယ်တွေက အင်တာနက်ဆိုင်ထိုင်ဖို့၊ ဘီယာဆိုင်ထိုင်ဖို့၊ ကိုယ့်ဟမ်းဖုန်းလေးတွေနဲ့ကိုယ် ပွတ်သဘင်ပွဲ ဆင်နွှဲနေဖို့လောက် အားသန်တာကလား။ ဘာသာရေးစာပေ ဝေးလို့ အပျော်ဖတ်စာပေတွေတောင် ကောက်မကိုင်ကြတော့ဘူး ဆရာ'

'မှန်ပြန်ပြီပေါ့၊ ဒါလည်း မှန်ပြန်ပြီ။ တို့တိုင်းပြည်က အခုမှ ပွတ်သဘင်ပွဲကြီး ဝဲခိုးကျင်းပနေကြတာ မြို့ရော၊ တောရော၊ ကျေးလက်ရော၊ ဇနပုဒ်ရော၊ ချောင်ကြိုချောင်ကြားရောဆိုသလို ဖြစ်နေတယ်ကွ'

ကျွန်ုပ်လည်း ၄င်း၏အဆိုကို ထောက်ခံလိုက်မိရပြန်ပါ၏။ မောင်တင်ဦးက ဆက်ပြော၏။

'အခုဆိုရင် ဆရာရယ်၊ ကျွန်တော်တို့မှာက ဗုဒ္ဓဘာသာဝင်တွေလို့သာ ဆိုတယ်။ ကျွန်တော်တို့နဲ့ ရွယ်တူတွေဆိုရင် ဘုန်းကြီးကျောင်းကို မသွားကြ၊ မရောက်ကြတော့တာက အတော်များနေပြီ။ တချို့ဆို ဘုန်းကြီးနဲ့ကို စကားမပြောတတ်ကြတော့ဘူး။ ဟုတ်ကဲ့ပါ တစ်ခွန်း၊ တင်ပါ့ ဘုရား တစ်ခွန်း ဖြစ်နေကြပြီ။ ရှင်းရှင်းဝန်ခံလိုက်မယ် ဆရာရေ၊ ကျွန်တော်က ဘာသာရေးစိတ် ထက်သန်ဝင်စားတဲ့သူမို့ ဘုန်းကြီးကျောင်း မှန်မှန်သွား၊ သီလယူ၊ ဥပုသ်စောင့်တာတောင် တချို့သူငယ်ချင်းတွေက ဒီကောင်တော့ ငယ်ငယ်ရွယ်ရွယ်နဲ့ ဂေါက်နေပြီ။ ဘဂဝါလိုင်းကြောင်နေ

www.burmeseclassic.com

www.burmeseclassic.com

ပြီ။ ဘယ်ချက်များ ရွာသာကြီးပို့ရမလဲ မသိဘူးလို့ ခပ်ပြောင်ပြောင် ဩဘာပေးကြသေးတာ ဆရာရဲ့။ လူငယ်အတော်များများက စာဖတ်ဖို့ထက် ချက်တင်ထိုင်ဖို့ပဲ ဝင်စားကြတာ။ အဲဒီတော့ အထက်မရောက် အောက်မကျနဲ့ ကြားချောင်နေပြီး ကိုယ့်ဘာသာရေးနဲ့ပတ်သက်ရင် သိသလား၊ သိတယ်။ တကယ်အဟုတ် သိသလား၊ ဟင့်အင်း ဆိုသလို ဖြစ်ကုန်ပြီ။ ကြာရင် ခက်ရချည်ရဲ့ ဆရာ'

ကျွန်ုပ်လည်း မောင်တင်ဦး၏စကားကို နားထောင်ရင်း သက်ပြင်းသာချမိပါတော့သည်။ သူ၏စကားမှာ ငြင်းဖွယ်ရာ မရှိဘဲ ကျွန်ုပ်တို့ မျက်စိအောက်မှာပင် မျက်မြင်ကိုယ်တွေ့ဖြစ်နေသော အကြောင်းအရာများပင်။ မင်းပြောတာ မဟုတ်သေးပါဘူးကွဟု ခံမငြင်းဝံ့အောင် ရှိလေသည်။

ခေတ်ကိုက စားသုတ်သုတ်၊ သွားသုတ်သုတ်၊ နေသုတ်သုတ်၊ သေသုတ်သုတ် ကာလဝိပတ္တိဖြစ်နေသောကြောင့်လား မပြောတတ်။ ဘုန်းကြီးကျောင်း အတော်များများမှာ ဥပုသ်တို့ကိုကြည့်လျှင် ဘုန်းကြီးကလည်း ငါးပါးသီလပါဠိကို အမြန်ပေး၏။ တစ်ပါးချင်းကို အကျယ်ရှင်းပြမနေတော့။ ဒကာ၊ဒကာမတို့ကလည်း ဘုန်းကြီးတိုင်ပေးသမျှကို သွက်သွက်လိုက်ဆို၏။ ပါလာသော လှူဖွယ်ဝတ္ထုပစ္စည်းတို့ကို အမြန်လှူ၍ ပုဆိန်ပေါက် ဦးသုံးကြိမ်လျှင်လျင်ချကာ ကျောင်းမှ အမြန်သုတ်ခြေတင်၍ ပြေးကြလေတော့သည်။ ဘုန်းကြီးကျောင်းသို့ ရောက်လာကြသူများကိုကြည့်လျှင် သက်ကြီးရွယ်အိုများနှင့် ၄င်းတို့က လက်ဆွဲခေါ်လာသည့် ပုစုခရု လူမမည်မြွေးငယ်ကလေးတွေကသာ များ၏။ ဆယ်ကျော်သက်မှစ၍ နှစ်ဆယ်ကျော်၊ သုံးဆယ်အောက်ဝန်းကျင် လူငယ်လူရွယ်များကို မတွေ့ရသလောက်ဖြစ်သည်။

ကျွန်ုပ်တို့နိုင်ငံရှိ လူဦးရေ၏ (၇၀)ရာခိုင်နှုန်းလောက်မှာမူ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြ၏။ သို့သော် ဘာသာရေးနှင့် စပ်လျဉ်း၍ အရွယ်ကောင်း (သို့မဟုတ်) နောက်က လက်ဆင့်ကမ်း သယ်ယူထိန်းသိမ်းစောင့်ရှောက်ကြရမည့် လူငယ်လူရွယ်အများစုက ဘုန်းကြီးကျောင်းမှာ မိမိတို့နှင့် မသက်ဆိုင်သော နေရာတစ်ခုကဲ့သို့ ခပ်စိမ်းစိမ်း အနေဝေးလာခြင်းမှာ ကောင်းသောလက္ခဏာမဟုတ်ချေ။ ထိုလူငယ်လူရွယ်များမှတစ်ဆင့်သာ နောက်မျိုးဆက်သစ်တစ်ဆက်သို့ ဗုဒ္ဓဝါဒ ယုံကြည်ကိုးကွယ်မှုကို ထပ်မံလွှဲဆင့်ကမ်းပေးကြရမည်ဖြစ်ရာ ယခုလက်ရှိ ကျွန်ုပ်တို့မြင်တွေ့နေရပုံနှင့်ဆိုလျှင် အနာဂတ် ဘာသာ၊ သာသနာရေး ဖွံ့ဖြိုးရှင်သန်မှုအတွက် ရင်မအေးစရာဖြစ်သည်။ စိုးရိမ်ဖွယ်ဖြစ်သည်။ ယခု မောင်တင်ဦး ပြောပြလာသည့် အချက်သည် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားကြည့်စရာ ကိစ္စတစ်ခုဖြစ်သည်ဟု ကျွန်ုပ်က လက်ခံတွေးတောမိလေသည်။

'အင်း...ခေတ်ကလည်း ခေတ်ပဲကိုးကွ။ စိတ်ထွက်ပေါက်အဖြစ် အာရုံခံစားစရာ အင်တာတိန်းမင့်တွေက များမှများ။ လက်ကိုင်ဖုန်းတစ်လုံးနဲ့ ပွတ်သာင်ပွဲ ဆင်နွှဲနေရင်ကိုပဲ မီးခိုးမဆုံး မိုးမဆုံးဆိုသလိုဖြစ်နေတော့ ဘာသာရေးဘက်ကို လျော့ရဲရဲဖြစ်လာတာ မဆန်းပါဘူး။ ဘာသာရေးရဲ့ တရားဓမ္မ အဆုံးအမတွေ သူတို့ ရင်ထဲ၊ နားထဲရောက်အောင် သွန်သင်ဖို့အခါကြီးကို ရောက်နေပြီဆိုတာကို ဘာသာရေးပွဲတွေမှာ လူငယ်လူရွယ်ပိုင်းတွေ ပါဝင်တက်ရောက်မလာကြခြင်းဆိုတဲ့အချက်က သတိပေးခေါင်းလောင်းထိုးပြနေသလို ဖြစ်နေပြီလို့ ကောက်ချက်ချရမှာပဲ'

မောင်တင်ဦးက ကျွန်ုပ်၏စကားကို ခေါင်းညိတ်ထောက်ခံလေသည်။

'ဟုတ်ပါတယ် ဆရာ၊ ကျွန်တော်ပြောချင်တဲ့ အဓိကအချက်ကလည်း အဲဒါပါပဲ။ ရပ်ထဲရွာထဲမှာ လူကြီးသူမတွေရဲ့ ပြောသံဆိုသံတွေ ကြားရတယ် ဆရာ။ ခေတ်ကလေးတွေများ ရိုင်းစိုင်းလာကြပြီး ဝတ်ပုံစားပုံ အဆင့်အပြင်တွေကလည်း ဟီရိသြတ္တပ္ပ မရှိကြတော့ဘူး။ ဘုန်းကြီး၊ ဘုန်းကြီးမှန်းမသိ၊ လူကြီး၊လူကြီးမှန်းမသိ၊ ဘုရား၊ တရား၊ သံဃာနဲ့လည်း ဝေးကုန်ကြပြီတဲ့။ ဒါက ထားလိုက်ပါတော့။ ကောင်မလေးတွေကလည်း ဟိုဖော်ဒီဖော် ပေါင်အဖွေးသားနဲ့ လမ်းသလားပြီး ကိုရီးယားရူးထကြတာ။ ကောင်လေး

www.burmeseclassic.com

www.burmeseclassic.com

တွေကလည်း ဘာရောင်မှန်း မပြောတတ်တဲ့ ရောင်စုံဆေးဆိုးဆံပင်တွေနဲ့ နားကပ်တစ်ဖက်ပန်နဲ့ ဖြစ်လာကြတာတွေ ဒီလောတော့ လူကြီးတွေက မျက်စိနောက်ပြီး ပြောမှာပဲ။ ဒါပေမဲ့ အဲဒါတွေက အပေါ်ယံတွေပါ။ အဓိကအရေးကြီးတာ ကိုယ့်ဘာသာ၊ ကိုယ့်ယဉ်ကျေးမှုကို ရင်ထဲမှာ ကိန်းထားပြီး တောင့်ခံနိုင်ကြဖို့ပဲ။ ဗုဒ္ဓဝါဒ စတင်ခဲ့တဲ့ အိန္ဒိယကြီးမှာ ဗုဒ္ဓဝါဒ ပျောက်ကွယ်သွားခဲ့တာကြီးက ကြောက်လောက်တဲ့ သင်ခန်းစာပဲ။ အခု ကျွန်တော်တို့နိုင်ငံမှာ ဘာသာခြားမျိုးကွဲတွေကလည်း နည်းမျိုးစုံနဲ့ ထိုးဖောက်လာနေတာ အများမျက်မြင်ပဲ။ ဒီလိုကာလကြီးမှာ ကျွန်တော်တို့ လူငယ်တွေက နေ့စဉ် ထိတွေ့ကြားနာနေရတဲ့ ငါးပါးသီလ အခြေခံလောက်ကိုတောင်မှ ယောင်ဝါးဝါးပဲ သိကြတော့တယ် ဆိုတာကတော့ မဟုတ်သေးဘူးထင်တယ် ဆရာ။ ဒါကြောင့် ဆရာ့ကို အဲဒီအကြောင်းနဲ့ပတ်သက်ပြီး ဆောင်းပါးတစ်ပုဒ်လောက် ရေးစမ်းပါလို့ တိုက်တွန်းတောင်းဆိုချင်တာပါ"

မောင့်တင်ဦး၏ အဓိကတောင်းဆိုချက်မှာ ဤတွင် စခန်းသုံးပြီဟု ကျွန်ုပ် သဘောပေါက်လိုက်ပါသည်။ ထို့ကြောင့် ကျွန်ုပ်ကလည်း ရှင်းရှင်းလင်းလင်း ဝန်ခံချက်ပေးလိုက်ရပါတော့သည်။

"အေး...မင်းက ဗြောတာတော့ လွယ်တယ်ကွ။ ငါ့မှာ ကျတော့ ဆင်နဲ့ပုရွက်ဆိတ် ပုံပြင်လို ဖြစ်နေပြီ။ ဆင်က ကျုပ်ဟာကျုပ် မနေနိုင်လို့ အပေါ့အပါးကလေး သွားလိုက်တာပါဗျာလို့ပြောတော့ ပုရွက်ဆိတ်က အင်း...ခင်ဗျားကတော့ အပေါ့အပါးကလေး သွားလိုက်တာပါပဲ။ ကျုပ်မှာတော့ ပင်လယ်ကြီးဖြတ်ကူးနေရသလိုပဲဗျာလို့ ပြန်ပြောတယ် ဆိုသလိုကျနေပြီ။ ငါက ဓမ္မကထိကလည်း မဟုတ်၊ ဘုန်းကြီးလည်း မဟုတ် သူလိုငါလို သာမန်စာရေးသူတစ်ယောက်ပဲ ဖြစ်လေတော့ မင်းက ဘယ်လောက်တတ်လို့ ဒီဆောင်းပါးမျိုး ရေးရတာတုံး။ ဆင်ခေါင်း ခွေးချီလို့၊ ကြီးကြီးကျယ်ကျယ်လို့ လာငေါက်မယ့် ပညာရှိ သူတော်ကောင်းသြဝါဒကထာ ဆရာကြီးတွေရှေ့ကို ကြောက်ရသေးတယ်ကွ။ တကယ်ချရေးဖို့ကို လက်တော့ခပ်တွန့်တွန့်ပဲ"

ကျွန်ုပ်၏ ဝန်ခံချက်ကြောင့် မောင့်တင်ဦး သဘောကျစွာ ရယ်လေတော့သည်။

"မတွန့်ပါနဲ့ ဆရာ၊ ကိုယ်က တရားဟောပွဲကြီးကျင်းပနေတာမှမဟုတ်ဘဲ။ ငါးပါးသီလနဲ့ပတ်သက်လို့ တစ်နိုင်တစ်ပိုင်အနေနဲ့ ဆောင်းပါးတစ်ပုဒ်ရေးတဲ့ သဘောပဲရှိတာ။ ကိုယ်သိသလောက်သာ ဖြန့်ဝေနိုင်မှာပါ။ ဒီအချက်တွေကို သိရှိကျွမ်းကျင်ကြပြီးသား ရဟန်းသံဃာတော်တွေ၊ လူကြီးသူမတွေအတွက်မဟုတ်ဘဲ တကယ်ထဲထဲဝင်ဝင် မသိသေးသလို သိအောင် လေ့လာလိုစိတ်လည်း ရှိကြတဲ့လူငယ်တွေအတွက် ရေးတယ်လို့ပဲ သဘောထားပါ။ ဗုဒ္ဓဘာသာဝင် လူငယ်တွေထဲက တစ်ယောက်ဖတ်ရင် တစ်ယောက်၊ (၁၀) ယောက်ဖတ်မိရင် (၁၀)ယောက် အမြတ်ပဲလို့သာ တွက်ပေတော့။ အကျိုးမယုတ်ပါဘူး ဆရာ။ မဂ္ဂင်းအယ်ဒီတာအဖွဲ့က ဖော်ပြပေးလို့ ပါလာရင်လည်း အပိုင်ဝယ်ဖတ်တဲ့ သူတွေက ကိုယ်ကြည့်ချင်တဲ့အချိန် ပြန်ကြည့် ပြန်ဖတ်နဲ့ အေးအေးဆေးဆေး မှတ်သားနိုင်သလို အငှားဆိုင်က ငှားဖတ်တဲ့သူတွေအဖို့လည်း ကိုယ် တကယ်လေ့လာ မှတ်သားလိုစိတ်ရှိရင် မိတ္တူဆွဲပြီး သိမ်းထားနိုင်၊ ပြန်ကြည့်နိုင်တာပဲ ဆရာရဲ့။ အရေးကြီးတာက ဆရာ တကယ်ရေးဖြစ်အောင် ကြိုးစားပြီး ပို့ဖြစ်အောင် ပို့ဖို့ပဲ။ မဂ္ဂင်းမှာ ပါတာ၊မပါတာကတော့ စာတည်းအဖွဲ့ရဲ့ ဆုံးဖြတ်ချက်အလိုအတိုင်းပဲ ရှိမှာပေါ့ ဆရာ"

ဤသို့ဖြင့် ကျွန်ုပ်လည်း ၄င်းအား ကြိုးစားကြည့်ပါမည်ဟု မယုတ်မလွန် ဝန်ခံလိုက်ရပါလေတော့သည်။

မောင်တင်ဦးလည်း ခဏကြာလျှင် ကျွန်ုပ်အား နှုတ်ဆက်၍ ပြန်သွားလေတော့သည်။ ကျွန်ုပ်တစ်ဦးတည်း ကျန်ရစ်နေခဲ့တော့မှ ထိုအကြောင်းအရာနှင့်ပတ်သက်၍ အတွေးစဉ် အမျှင်တန်းမိသောအခါ ကျွန်ုပ်သည် ဗုဒ္ဓဝါဒတို့ လေ့ပြုသွားခဲ့ကြရသည့် အိန္ဒိယ၊ အင်ဒိုနီးရှား၊ မလေးရှား စသည့် နိုင်ငံများကို သတိရလာမိပါသည်။ တစ်ဖန် ဗုဒ္ဓဝါဒကို ပူးအသတ်ခံနေရသော သီရိလင်္ကာနိုင်ငံကိုလည်း စိတ်တွင် ထင်မြင်ဆင်ခြင်လာမိကာ ကျွန်ုပ်ဖတ်ရှုခဲ့ဖူးသည့် ဘိက္ခု ဗောဓိ၏ Facing the Future စာအုပ်ထဲမှ မျက်မှောက်သီရိလင်္ကာနိုင်ငံ၏ ဗုဒ္ဓဝါဒအနေအထားအတွက် ရေးသားချက်များကို သတိရလာမိတော့၏။

အပေါ်ယံအနေဖြင့်မူ သီရိလင်္ကာတစ်နိုင်ငံလုံးတွင် လက်ဆင့်ကမ်းလာခဲ့သော ဗုဒ္ဓအမွေအနှစ်များကို လက်ညှိုးထိုးမလွဲ တွေ့မြင်နိုင်သည်။ ဘုန်းတော်ကြီးများသည်လည်း လူထုထဲတွင် အရေးပါသော အခန်းကဏ္ဍတွင် ရှိနေသေးသည်။ တောင်ထိပ်များတွင် ဗုဒ္ဓရုပ်ပွားတော်ကြီးများ ရှိနေဆဲ၊ မြို့တိုင်းနီးပါးတွင် ပရိတ်ရွတ်သံများကို တစ်နေ့ နှစ်

www.burmeseclassic.com

www.burmeseclassic.com

ကြိမ် ကြားနေရဆဲဖြစ်၏။

သို့ရာတွင် တကယ်တမ်း၌ ထိုအပေါ်ယံ ဘာသာတရား ကိုင်းရှိုင်းမှုများသည် သီရိလင်္ကာ လူအဖွဲ့အစည်းတွင် အတွင်းလိုက်စား ပျံနှံ့နေသည့် ဘာသာဖျက်ရောဂါကြီးနှင့် လွန်ဆွဲလျက် အတူတကွ တည်ရှိနေသည်။ နှစ်ဖက်လုံးကို ထိခိုက်နစ်နာစေသည့် ခါးသီးသော စစ်ပွဲသည် တစ်နိုင်ငံလုံးကို ဖွတ်ဖွတ်ညက်ညက် ကြေစေလျက် အမျှင်မပြတ် ဖြစ်ပွားနေသည်။ လူဆင်းရဲများနှင့် ခိုကိုးရာမဲ့သူများကို ဓားစာခံဖြစ်စေမည့် သပိတ်မှောက်မှုများသည်လည်း နေ့ရာအနှံ့ ဖြစ်ပွားနေ၏။ လူသတ်မှုများ၊ ခိုးဝှက်လုယက်မှုများ၊ အဓမ္မပြုကျင့်မှုများ၊ မူးယစ်ဆေးမှောင်ခိုရောင်းချခြင်းများ၊ ကလေးငယ်များကို မတော်မတရားပြုကျင့်ခြင်းများ ကြီးမားကျယ်ပြန့်လာကာ ကြောက်ရွံ့ထိတ်လန့်စရာ ပြစ်ဒဏ်များသည်လည်း ကျွန်ုပ်တို့၏ ရုန့်ရင်းကြမ်းတမ်းသော စိတ်ဓာတ်များကို မချိုးနှိမ်နိုင်ချေ။ အရက်သေစာ သောက်သုံးခြင်း၊ မူးယစ်ဆေးဝါး သုံးစွဲခြင်း၊ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ခြင်းများသည် အထူးသဖြင့် ဆင်းရဲမွဲတေသူများအဖို့ ထွက်ပေါက်တစ်ခုလိုပင် ဖြစ်နေသည်။ သို့သော် ထိုကဲ့သို့နည်းလမ်းများ ခေတ်စားလာခြင်းသည် ဗုဒ္ဓဘာသာ တိုးတက်စည်ပင်လာခြင်း၏ လက္ခဏာမဟုတ်ချေ။

Facing the Future စာအုပ်ထဲမှ ဘိက္ခုဇောဓိ၏ သုံးသပ်ချက်များထဲမှ ကောက်နုတ်ဘာသာပြန်ဆိုချက် ဖြစ်ပါသည်။

ကျွန်ုပ်တို့နိုင်ငံ၏ ဘာသာတရား ကိုးကွယ်ဆည်းကပ်မှုရေအလျှင်သည်ကော အားကောင်းမောင်းသန် စီးဆင်းနေဆဲလား။ မြစ်ကျိုးအင်းဖြစ်ဖို့ ရေခမ်းပြုလာနေပြီလား။ သူများနိုင်ငံ၏ အဖြစ်နှင့် အပျက်တို့ကို ကိုယ်နှင့် မဆိုင်သလို လျစ်လျူရှု ထိုင်ကြည့်နေရုံမျှမဟုတ်ဘဲ သူတို့ ဖြစ်စဉ်ကို သင်ခန်းစာယူ၍ ကိုယ့်နိုင်ငံနှင့် နှိုင်းယှဉ်ချိန်ထိုး စဉ်းစားသင့်ကြသည် ထင်ပါ၏။ အရှုံးမရှိနိုင်ပါ။ ဘက်မလိုက်စတမ်း မကွယ်ဝှက်စတမ်း အမြင်မှန်ဖြင့် အမှန်မြင်လာခြင်းတွင် နောက်ကျရိုးထုံးစံမရှိပါ။ စောစောမြင်လေ စောစောပြုပြင်နိုင်လေသာ ဖြစ်ပါလိမ့်မည်။ တစ်ဖန် ဘိက္ခုဇောဓိက ဤသို့ဆက်လက်ဆွေးနွေး တင်ပြထားပေသေးသည်။

အကယ်၍ ဗုဒ္ဓဝါဒသည် ယုံကြည်ကိုးကွယ်လိုက်နာသူများ၏ နှလုံးသားထဲသို့ ထိုးဖောက်နေရာမယူနိုင်ဘူးဆိုလျှင် ဘာကြောင့်လဲဆိုသည့်မေးခွန်းအား ကိုယ့်ကိုယ်ကိုယ် ပြန်မေးရပေလိမ့်မည်။ မည်သို့ဆောင်ရွက်လျှင် ကောင်းမည်နည်းဟု ကိုယ့်ကိုယ်ကိုယ် ပြန်မေးရပေမည်။ ထိုမေးခွန်းများကို ချဉ်းကပ်ရာ၌ ကျွန်ုပ်တို့ဘဝတွင် ဗုဒ္ဓဝါဒသည် ဘယ်နေရာမှာ ရှိနေသလဲဆိုသော မေးခွန်းဖြင့် ချဉ်းကပ်သင့်သည်ဟု ကျွန်ုပ်ထင်သည်။ ဤမေးခွန်းကို ဖြေရှင်းရာတွင် မြတ်ဗုဒ္ဓကိုယ်တော်တိုင် ဟောတော်မူခဲ့သည့် ဒေသနာကို ကိုးကား၍ ထိုဒေသနာများကို လွတ်မြောက်စေတတ်သော၊ လိုက်လျောညီထွေဖြစ်စေတတ်သော ဓမ္မ၏ကြိုးများဟု ကျွန်ုပ် အမည်ပေးလိုသည်။

ဗုဒ္ဓ၏ အတုမရှိသည့် တွေ့ရှိမှုဖြစ်သော လွတ်မြောက်စေတတ်သောကြိုးသည် ဒုက္ခမှလွတ်မြောက်ရာသို့ တိုက်ရိုက်သွားသည့်ကြိုးတစ်ချောင်း ဖြစ်လေသည်။ ကျွန်ုပ်တို့အား အခြားသက်ရှိများနှင့် ကွဲပြားသည့်သတ္တဝါများအဖြစ် စတင်ရန်အတွက် ဒုက္ခသည် ကျွန်ုပ်တို့အတွင်းရှိ လောဘ၊ ဒေါသ၊ မောဟတို့မှ စတင်ကြောင်းကို နားလည်ခြင်းသည် ထိုလွန်ကြိုး၏အစ ဖြစ်လေသည်။ ထို့ထက်အရေးကြီးသည့် ကျွန်ုပ်တို့၏ အလိုဆန္ဒများမှ ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း နားလည်ခြင်းဖြင့် စတင်သည်။ ထိုဒုက္ခများအတွက် ဗုဒ္ဓ၏ နည်းလမ်းမှာ အမြင်မှားနေမှုများကို အလုံးစုံဖျက်ဆီးပစ်ရန်ပင်ဖြစ်သည်။ ဤသည်ပင် ဗုဒ္ဓက နိဗ္ဗာန်ဟု အမည်သတ်မှတ်ခဲ့သည့် ဖြစ်တည်မှု၏ ပုံစံအသစ်နာမပင်ဖြစ်သည်။ အလိုရမ္မက်မီးလျှံကို ငြိမ်းအေးစေသည့်အရာပင်ဖြစ်သည်။ တစ်ကိုယ်ကောင်းဆန်သည့် အာသာပြင်းပြ ဆာလောင်မွတ်သိပ်မှု မီးလျှံများနှင့် အတွက္ကို ပယ်ခွာခြင်း ဖြစ်သည်။

သို့သော် ဤပန်းတိုင်ကို ရောက်ရန်အတွက် ပေးရမည့် တန်ဖိုးမှာ လူအများစု ပေးဆပ်နိုင်သည်ထက် များစွာကြီးမြင့်နေသည်။ ထိုတန်ဖိုးမှာ အကျင့်ပေါ်တွင်အခြေခံသည့် စူးစိုက်စွာဆင်ခြင်ခြင်း၏ တင်းကျပ်သောစည်းကမ်းဖြစ်လေသည်။ ထို့ကြောင့် အတုမရှိ ဆရာတစ်ဆူ ဖြစ်တော်မူသည့် မြတ်ဗုဒ္ဓသည် နက်ရှိုင်းသည့်လမ်းဖြစ်သော လောကီစည်းစိမ်ကို စွန့်လွှတ်၍ တောထွက်ခြင်းလမ်းကို မလျှောက်လှမ်းနိုင်သူများအတွက် သင့်လျော်မည့် အံဝင်မည့် ကိုယ်တော်၏ သင်ကြားမှုများကို ဖော်ဆောင်တော်မူခဲ့သည်။ ယင်းမှာ အထက်ကဆိုခဲ့သည့် ဓမ္မ၏ လွတ်မြောက်စေတတ်သော ကြိုး ဖြစ်လေသည်။

ကုသိုလ်ကောင်းမှုများကို ကြိုးစားပြုလုပ်ခြင်း၊ အဆုံး

www.burmeseclassic.com

www.burmeseclassic.com

ရွှန်သောလမ်းဖြစ်သည့် နိဗ္ဗာန်သို့ရောက်ရန်အတွက် အခြေခံအုတ်မြစ်အဖြစ် လိုအပ်သည့် သူတော်ကောင်းတရားနှင့် အကျင့်များကို ကျင့်ကြံခြင်းဖြင့် ပြည့်စုံနိုင်သော တဖြည်းဖြည်း ပြောင်းလဲသည့်လမ်းကြောင်းပင် ဖြစ်လေသည်။ ထိုလမ်းကြောင်းသည် သင့်လျော်သော အသုံးတစ်ခုမျှသာ မဟုတ်ချေ။ လူသားများကို နှစ်သိမ့်ပေးရန်နှင့် ကောင်းမှုပြုဖို့ ဆုံးမရန်အတွက် မြတ်ဗုဒ္ဓ ဖန်တီးခဲ့သော နားထောင ကောင်းသည့် ပုံပြင်မျှသာ မဟုတ်ချေ။ သံသရာတွင် အကြိမ်ကြိမ် ဘဝကူးပြောင်းခြင်းအတွက် အမြော်အမြင်များနှင့် တမလွန်က ဖြစ်တည်မှုအသီးသီးတွင် မြတ်ဗုဒ္ဓအမြင်များမှ ဖြစ်ပေါ်လာသော ပြည့်စုံထူးခြားသည့် သင်ကြားမှုများသာ ဖြစ်သည်။ သို့သော် ဗုဒ္ဓ၏ လေ့ကျင့်ရေးစနစ်အတွင်းက ဤသင်ကြားမှု၏ လုပ်ဆောင်ချက်များမှာ ယာယီမျှသာ မဟုတ်၊ အဆုံးအစွန်မရှိ ဖြစ်သည်။ အလွန့်အလွန် ကောင်းမွန်သည့် လိုက်နာဖွယ်ကောင်းသော ဆုံးမချက်များ ဖြစ်သည်။

ဗုဒ္ဓ၏ အခြားအမြင်အယူအဆတို့ကို လိုက်လျောညီထွေ ဖြစ်စေတတ်သောကြိုးဟု ကျွန်ုပ်တို့ကင်ပွန်းတပ်ခြင်းမှာ တရားတော်များကို နိဗ္ဗာန်သို့ တိုက်ရိုက်ရောက်စေတတ်သည့် တောထွက်ကာ ဝိပဿနာကမ္မဋ္ဌာန်း ပွားများခြင်းလမ်းကို မလျှောက်နိုင်သူတို့အတွက် လိုက်လျောညီထွေဖြစ်စေသကဲ့သို့ သံသရာမှလွတ်မြောက်ရန် စွမ်းအားများလည်း ဖြစ်လာစေသောကြောင့်ဖြစ်သည်။ ထို့အပြင် ဗုဒ္ဓဘာသာကို ယုံကြည်လိုက်နာသူများအား သံသရာခရီးတွင် အပါယ်ဘုံများသို့ ရောက်ရှိခြင်းမှ ကာကွယ်ပေးသကဲ့သို့ ဒုက္ခများကိုလည်း ကာကွယ်ပေးကာ ဆုံးမပဲ့ပြင်ပေးသည်။

ထိုကဲ့သို့ လိုက်လျောညီထွေဖြစ်စေသည့် ကဏ္ဍတွင် ဗုဒ္ဓဝါဒသည် ပုထုဇဉ်များကို စကြဝဠာတွင် မိမိ၏တန်ဖိုးကို သိမြင်လာစေသည့် ကျယ်ပြန့်သော အမြင်ကိုလည်း ပေးစွမ်းသည်။ ထို့အပြင် လောကဓံအနိမ့်အမြင့်ကြားတွင် ပျော်ရွှင်အောင် နေတတ်ရန်၊ အခြားလူများနှင့် လိုက်လျောညီထွေ နေတတ်ရန်အတွက် စာရိတ္တစံများပါဝင်သည့် တန်ဖိုးစနစ် တစ်ခုကိုလည်း ထုတ်ဖော်ပေးသည်။

ယခုဖော်ပြသည့် ဘိက္ခုဗောဓိ၏ ဆွေးနွေးချက်ကို အနှစ်ချုပ် အကဲဖြတ်လိုက်သောအခါ ဗုဒ္ဓဘာသာဝင်တို့အတွက် အခြေခံအုတ်မြစ်ဖြစ်သည့် စာရိတ္တစံများပါဝင်သည့် တန်ဖိုးတစ်ခုသည် မည်မျှအရေးကြီးကြောင်း ထင်ရှားပေါ်လွင်လာပါသည်။ ထိုစာရိတ္တစံများ ပါဝင်သည့် တန်ဖိုးတစ်ခုသည် အခြေခံဖြစ်သော ငါးပါးသီလထဲတွင် တင်းပြည့်ကျပ်ပြည့် ကိန်းအောင်းလျက်ရှိသည်ဟု ဗုဒ္ဓက ရဲရဲတောက်အာမခံချက်ပေးကာ ဆောင်ရန်,ရှောင်ရန် အချက်အလက်များကိုပါ ပြည့်ပြည့်စုံစုံ သင်ပြဟောကြားတော်မူခဲ့ပြီးဖြစ်သည်။ ပေးသူက အကြွင်းမဲ့ပေးခဲ့သည်ကို ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်များက ရအောင် ယူတတ်ကြဖို့ပဲ ရှိပါတော့သည်။ ရခြင်း,မရခြင်းသည် ပေးခဲ့သူနှင့်မဆိုင်၊ ယူသူ၏ တာဝန်သာ ကျန်ရှိတော့၏။ ဤနေရာ၌ ယူသူဘက်ကလည်း နှိုက်နှိုက်ချွတ်ချွတ် ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာထားပါမှ ပြည့်ပြည့်ဝဝ ရယူနိုင်ပေမည်ကို သတိချပ်ရမည်ဖြစ်သည်။

ထို့ကြောင့် ပဉ္စင်္သီလနှင့်ပတ်သက်၍ စာရေးသူအနေဖြင့် လက်လှမ်းမီသမျှကို ကြိုးစားရေးသား တင်ပြလိုက်ရပါ၏။ နားလည်တတ်ကျွမ်းပြီးဖြစ်သော လူကြီးသူမများ၊ ဆရာများထက် ဘုန်းကြီးကျောင်းသည် ငါတို့နှင့် မဆိုင်သေးဟု ခပ်ဝေးဝေးမှ ကွင်းရှောင်လာကြသော ဗုဒ္ဓဘာသာဝင် မျိုးဆက်သစ် လူငယ်များသို့ ရည်ရွယ်ဦးတည် ရေးသားပါကြောင်းလည်း ဝန်ခံချက်ပေးလိုပါသည်။

ပဉ္စင်္သီလ ဆောက်တည်ပုံ

ထေရဝါဒဗုဒ္ဓဘာသာဝင်တို့အဖို့ ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာသုံးပါးကို ဦးထိပ်ထား ယုံကြည်ကိုးကွယ် ဆည်းကပ်ခြင်းသည် အခြေခံအုတ်မြစ်ဖြစ်ပါသည်။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ (ဒုတိယမွိ၊ တတိယမွိ)ဟု ရွတ်ဆိုပူဇော်ခြင်းသည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးထံ

www.burmeseclassic.com

www.burmeseclassic.com

မိမိတို့၏ ကိုယ်စိတ်နှစ်ပါးကို အပ်နှံလိုက်ခြင်းပင်ဖြစ်၏။ ဤသည်ကို ရသဏဍုံဆောက်တည်ခြင်းဟု ဆိုရ၏။

ထိုသို့ သရဏဍုံဆောက်တည်သဖြင့် သာသနာတော်သို့ သက်ဝင်သည်ဖြစ်၍ ဥပါသကာ၏အဖြစ်သို့ ရောက်ပြီးသောသူသည် ယထာခေါ် မဟာနာမ ပါဏာတိပါတာ ပဋိဝိရတော အဒိန္နာဒါနာ ပဋိဝိရတော အစရှိသည့် မဟာနာမသုတ်၊ ယောခေါဇြဟ္မဏ ပသန္နဝိတ္တော သိက္ခာပဒါနိ သမာဒိယာမိ ပါဏာတိပါတ ဝေရမဏိ အစရှိသည့် ကုဋ္ဌဒန္တသုတ်တို့၌ ပုဏ္ဏားအား မြတ်စွာဘုရား ဟောကြားတော်မူသည်နှင့်အညီ ဥပါသကာတို့ အစဉ်မပြတ် ခါးဝတ်ပုဆိုးကဲ့သို့ ကျင့်အပ်သော ပဉ္စင်္သီလကို ကျင့်သုံးဆောက်တည်အပ်လေသည်။ ဤသို့ဆောက်တည်ရာတွင် ငါးပါးလုံးကို တစ်ပေါင်းတည်းပြု၍ ဆောက်တည်ခြင်း၊ အသီးသီးခွဲ၍ ဆောက်တည်ခြင်းဟု နှစ်မျိုးနှစ်စား ခွဲခြားဆောက်တည်နိုင်ကြသည်။

ယခုအခါ နိုင်ငံအဝှမ်း၌ ပဉ္စင်္သမန္နာဂတဲ့ သီလဲသမာဒိယာမိဟု နှုတ်မြွက်၍ ဆောက်တည်ကြခြင်းသည် ငါးပါးလုံးကို တစ်ပေါင်းတည်းပြု၍ ဆောက်တည်ခြင်း ဖြစ်၏။ ပဉ္စင်္သမန္နာဂတဲ့ အင်္ဂါငါးပါးရှိသော သီလ-သီလကို၊ သမာဒိယာမိ-ကောင်းစွာဆောက်တည်ပါ၏ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

ပဉ္စင်္သီလ၏ အနက်အဓိပ္ပာယ်

ဗုဒ္ဓဘာသာဝင်တိုင်း အမြဲကြားနေကျ နားရည်ဝနေကြပြီးဖြစ်ပါသည်။ သို့ရာတွင် မိမိတို့ ရွတ်ဆိုလေ့တိုင်း လေးလေးနက်နက် ဆင်ခြင်စူးစိုက်မှုရှိစေရန် အနက်အဓိပ္ပာယ်ကို ပါ ပူးတွဲဖော်ပြလိုပါသည်။ အနက်အဓိပ္ပာယ်ကို အရင်းအမြစ်ကျကျ သိရှိထားလျှင် နှုတ်မြွက်ရွတ်ဆိုရာ၌ ပိုမိုနက်ရှိုင်း အားကောင်းစေပါသည်။

၁။ ပါဏာတိပါတ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ (နှုတ်မြွက်ရွတ်ဆိုခြင်း)

အဓိပ္ပာယ်

အဟံ-ကျွန်ုပ်သည်၊ ပါဏာတိပါတာ-သန်း၃၊ ကလလရေကြည်၊ ပိုးရွှေခြပုန်းတို့မှ အစပြု၍ သတ္တဝါ၏ အသက်ဟုဆိုအပ်သော ဇီဝိတိန္ဒြေကို လျှင်စွာချခြင်းမှ (ဝါ) လျှင်စွာကျစေခြင်းမှ၊ ဝေရမဏိသိက္ခာပဒံ-ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ-ကောင်းစွာဆောက်တည်ပါ၏။

၂။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ (နှုတ်မြွက်ရွတ်ဆိုခြင်း)

အဓိပ္ပာယ်

အဟံ-ကျွန်ုပ်သည်၊ အဒိန္နာဒါနာ-မြက်၊ ဝါးခြမ်းစိပ်မှ အစပြု၍ အရှင်သည်၊ ကိုယ်၊ နှုတ်တို့ဖြင့် မပေးသော သူတစ်ပါး၏ဥစ္စာကို ခိုးယူခြင်းမှ၊ ဝေရမဏိသိက္ခာပဒံ-ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို သမာဒိယာမိ ကောင်းစွာဆောက်တည်ပါ၏။

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ (နှုတ်မြွက်ရွတ်ဆိုခြင်း)

အဓိပ္ပာယ်

အဟံ-ကျွန်ုပ်သည်၊ ကာမေသုမိစ္ဆာစာရာ-ကာမဂုဏ်တို့၌ ယုတ်မာဖောက်ပြန်သောအကျင့် (သို့မဟုတ်) မှားသောအားဖြင့် ကျင့်ခြင်းမှ၊ ဝေရမဏိသိက္ခာပဒံ-ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ-ကောင်းစွာဆောက်တည်ပါ၏။

၄။ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ (နှုတ်မြွက်ရွတ်ဆိုခြင်း)

အဓိပ္ပာယ်

အဟံ-ကျွန်ုပ်သည်၊ မုသာဝါဒါ-သိလျက်နှင့် မဟုတ်မမှန် ချို့ယွင်းသောစကားကိုဆိုခြင်းမှ၊ ဝေရမဏိသိက္ခာပဒံ-ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ-ကောင်းစွာဆောက်တည်ပါ၏။

၅။ သုရာမေရယ မဒ္ဇပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ (နှုတ်မြွက်ရွတ်ဆိုခြင်း)

အဓိပ္ပာယ်

အဟံ-ကျွန်ုပ်သည်၊ သုရာမေရယ မဒ္ဇပမာဒဋ္ဌာနာ-ကုသိုလ်ကောင်းမှုဌ မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သုရာ ငါးပါး၊ မေရယ ငါးပါးကို သောက်စားခြင်းမှ၊ ဝေရမဏိသိက္ခာပဒံ-ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို၊ သမာဒိယာမိ-ကောင်းစွာဆောက်တည်ပါ၏။

အထက်ဖော်ပြပါ ငါးပါးသီလ ခံယူနည်းအစဉ်မှာ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ အစပြု၍ ဟောကြားတော်မူအပ်သော သိက္ခာပဒသုတ် ပါဠိတော်အတိုင်း ဖော်ပြလိုက်ခြင်းဖြစ်၏။ မြန်မာပြည်အဝှမ်း၌ အကျယ်ပြန့်ဆုံး အသုံးပြုနေကြသော ခံယူနည်းဟု ဆိုနိုင်ပါသည်။ သို့ရာတွင် အခြားတွေ့ ဇီဝိတဟေတုဒီ ပါဏံ

www.burmeseclassic.com

www.burmeseclassic.com

နဟာနာ မိတိဝါ၊ ပါဏာတိပါတာ ဝိရမာမိတိဝါ၊ ဧရမဏီ သမာဒိ ယာမိတိဝါ၊ ဧဝံ-သိက္ခာပဒါနိဂဏ္ဌန္တသာ ဟနဝိရတိ သမာဒါနဝိရတိတိ ဧဒိတဗ္ဗာဟု ကုဋ္ဌဒန္တသုတ် အဋ္ဌကထာ၌ လာသောနည်းဖြင့် ပါဏံနဟနာမိဟူ၍လည်းကောင်း၊ ပါဏာတိပါတာ ဝိရမာမိဟူ၍လည်းကောင်း၊ ပါဏာတိပါတာ ဧရမဏီ သမာဒိယာမိဟူ၍လည်းကောင်း ဆောက်တည်၍ ရနိုင်ပါသေးသည်။ (အသုံးနည်းသဖြင့် ထိုဆောက်တည်နည်းမှာ ကွယ်ပျောက်နေပေပြီ။)

သို့ရာတွင် ထိုနည်းဖြင့် ဆောက်တည်ရာ၌ ပုဒ်အက္ခရာ ချို့ယွင်းသော်လည်း အနက်အဓိပ္ပာယ်ကို ဖြောင့်မှန်စွာနှလုံးသွင်း တည်ဆောက်ခံယူလျှင် သမာဒါန ဝိရတိမြောက်သည်ဟု မှတ်ယူရမည်ဖြစ်၏။ အထောက်အထားအားဖြင့် အဋ္ဌသာလိနီ အဋ္ဌကထာ၌ နှုတ်မြွက်၍ခံယူခြင်းငှာ မစွမ်းနိုင်သောသူသည် (ဥပမာ-စကားမပြောတတ်ဘဲ ဆွံ့အနေသူ၊ ပြောတတ်သော်ငြား အများနည်းတူ စကားလုံးပီသအောင် မရွတ်ဆိုနိုင်ဘဲ ပူးပူးဝါးဝါးမျှသာ အသံထွက်နိုင်သူမျိုးများ) ပါဏာတိပါတာ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရမှ ရှောင်ကြဉ်ပါ၏ဟု သိက္ခာပုဒ်တို့ကို လက်ဆုပ်ပြု၍ ခံယူစေသော အခါ၌ ကုသိုလ်ကာယကံသည် ကာယဒွါရ၌ ဖြစ်သည်ဟု ပြသည်ကို တွေ့ရှိရပေသည်။

တစ်ဖန် စိနည်းမဟာဝါ အဋ္ဌကထာ၌လည်း သာမဏေငယ်ကလေးတို့မှာ ပါဋိဠိလာသည့်အတိုင်း ဆောက်တည်ခံယူခြင်းငှာ မစွမ်းနိုင်လျှင် အမှတ်မရှိသော ဘာသာအနက်၏ အစွမ်းအားဖြင့် မိမိကျွမ်းကျင်သော မိခင်ဘာသာစကားအနက်၏ အစွမ်းအားဖြင့် ကြားနာ၍ ဆောက်တည်စေအပ်၏ဟု ပြသည်ကိုလည်း ထပ်မံတွေ့ရှိရပြန်ပါ၏။

ထိုသို့ ငါးပါးသီလကို ဆောက်တည်ရာတွင် အသီးသီး ခွဲ၍ ဆောက်တည်ခြင်းနှင့် တစ်ပေါင်းတည်းပြု၍ ဆောက်တည်ခြင်းဟူ၍ နှစ်မျိုးနှစ်စား ခွဲခြားနိုင်သည်ဟု အထက်တွင် ဆိုခဲ့ပါသည်။ တစ်ပေါင်းတည်း ဆောက်တည်ခြင်းတွင် မိမိခံယူသော သီလပုဒ်ရေ ငါးပါး၊ ရှစ်ပါး စသည်တို့ကိုလိုက်၍ ပဉ္စင်္ဂသမန္နာဂတံသီလံ သမာဒိယာမိ၊ အဋ္ဌင်္ဂသမန္နာ ဂတံ သီလံ သမာဒိယာမိ စသဖြင့် ဥပါသကာလင်္ကာရနှင့်အညီ ရွတ်ဆိုနှုတ်မြွက် ဆောက်တည်ရမည်ဖြစ်ပါသည်။

မှတ်သားထားသင့်သည့် အချက်များ

သီလခံယူသောသူတို့တွင် တစ်ပေါင်းတည်းခံယူသော သူအား သီလတစ်ပါးပျက်သော် ကြွင်းသောသိက္ခာပုဒ် ပျက်၏။ အဘယ်ကြောင့်ဆိုသော် ငါးပါးအင်္ဂါနှင့်ပြည့်စုံသော သီလကို ဆောက်တည်ပါ၏ဟု ဝန်ခံပြီးမှ မယွင်းတည်ကွက် တစ်ပါးပါးချို့တဲ့သဖြင့် ဝန်ခံဆောက်တည်ခြင်း ပျက်လေသောကြောင့်ဖြစ်၏။ သို့ရာတွင် တစ်ပါးပါးပျက်လျှင် ကြွင်းသောသိက္ခာပုဒ် ပျက်သည်ဖြစ်ငြား ကမ္မဝဒငါးပါးဖြစ်သည်မဟုတ်။ စင်စစ် အကြင်သိက္ခာပုဒ်ကို လွန်ကျူး၏။ ထိုလွန်ကျူးသော သိက္ခာပုဒ်၏ အစွမ်းဖြင့်သာလျှင် ကမ္မဝဒ ဖြစ်သည်ဟု မှတ်ယူရမည်။

အသီးသီး တစ်ပါးချင်း ခွဲခြားဆောက်တည်သူကား တစ်ပါးပျက်သော်လည်း. ကြွင်းသောသိက္ခာပုဒ် မပျက်။ ထို့ကြောင့် မိမိလွန်ကျူးမိသော သိက္ခာပုဒ်ကို တစ်ဖန်ပြန်ဆောက်တည်လျှင် ငါးပါးပြည့်စုံပြန်လေတော့သည်။

တစ်ပေါင်းတည်း ဆောက်တည်ရာ၌မူ အင်္ဂါ(၅)ပါးမှ ကြဉ်ခြင်းတဲ့သည်ဟူသော ကိစ္စ၏အစွမ်းဖြင့် တစ်ခုသော ဝိရတိစေတနာတို့၏ ငါးပါးအပြားရှိသည်၏ အဖြစ်ကို မှတ်သားအပ်၏။ အသီးသီးဆောက်တည်ရာ၌မူ ငါးခုသော ဝိရတိ၊ ငါးခုသော စေတနာတို့ သီးခြားခွဲလျက် ဖြစ်ကုန်၏။ ဤကား ပဉ္စသီလ၌ ဆောက်တည်သော အခြင်းအရာ အပြား ပျက်ခြင်း၊ မပျက်ခြင်းတို့ကို ရေးသားဖော်ပြခြင်း ဖြစ်ပါသည်။

ပဉ္စင်္ဂသီလ၏ အင်္ဂါနှင့် ပယောဂများ

သီလခံယူမည့်ပုဂ္ဂိုလ်သည် မိမိခံယူမည့် သိက္ခာပုဒ် ငါးပါးလုံးတွင်ရှိနေသော အင်္ဂါနှင့် ပယောဂတို့ကို တစ်ပါးချင်းစီအလိုက် မဖြစ်မနေ ထဲထဲဝင်ဝင် သိရှိထားသင့်ပါသည်။ သို့မှသာ မိမိစောင့်ထိန်းသော သီလသိက္ခာပုဒ်၏ အကျိုးအပြစ်တို့ကို လေးနက်စွာ ဆင်ခြင်ဆောက်တည်နိုင်မည်ဖြစ်၏။ ထို့ကြောင့် သိက္ခာပုဒ်(၅)ပါးတို့၏ အင်္ဂါနှင့် ပယောဂများကို တစ်ပါးချင်းစီအလိုက် ပြည့်စုံအောင်တင်ပြလိုက်ပါသည်။ ထိုအင်္ဂါနှင့် ပယောဂတို့ကို ရင်ထဲနှလုံးသားထဲတိုင် စွဲစွဲမြဲမြဲ ကျွမ်းကျွမ်းဝင်ဝင် သိရှိနေအောင် မှတ်သားထားနိုင်လေ အကျိုးရှိလေ ဖြစ်သောကြောင့်ပါ။

ပါဏာတိပါတာသိက္ခာပုဒ်၏ အင်္ဂါနှင့် ပယောဂများ

ပထမမြောက်ဖြစ်သော ပါဏာတိပါတာ သိက္ခာပုဒ်တွင် အင်္ဂါငါးပါးရှိပါသည်။ ၎င်းတို့မှာ (၁) သတ္တဝါလည်းဖြစ်ရမည်။ (၂) သတ္တဝါဟု အမှတ်ရှိသည်လည်း ဖြစ်ရမည်။ (၃) ထိုသတ္တဝါကို သေစေလိုသောစေတနာ ရှိသည်

www.burmeseclassic.com

www.burmeseclassic.com

လည်း ဖြစ်ရမည်။ (၄) သေအောင် လုံ့လပြုသည်လည်း ဖြစ်ရမည်။ (၅) ထိုလုံ့လအစွမ်းဖြင့် သတ္တဝါသည် အမှန် သေသည်လည်း ဖြစ်ရမည်ဟူ၍ဖြစ်၏။ ထိုအင်္ဂါ(၅)ပါး ပြည့်စုံမှသာ ထိုပါဏာတိပါတ ကမ္မပထမြောက်၍ သိက္ခာပုဒ် ပျက်ပါသည်။ ထို့ကြောင့် အဋ္ဌသာလိနီ၌ ပါဏော ပါဏာသည်တာ၊ ဝဓကစိတ္တံ၊ ဥပက္ကမောတေန မရဏန္တိဟု မိန့်တော်မူခြင်း ဖြစ်သည်။

တစ်ဖန် ထိုသိက္ခာပုဒ်မှာပင် ပယောဂခြောက်ပါး ရှိပြန်၏။ ထိုခြောက်ပါးမှာ-

(၁) ကိုယ်တိုင်သတ်သော သာဟတ္ထိကပယောဂ၊

(၂) သူတစ်ပါးကို စေခိုင်း၍သတ်သော အာဏာတ္တိကပယောဂ၊

(၃) မြား၊ ယန္တရား၊ သေနတ် အစရှိ အဝေးပစ်လက်နက်တို့ကို အသုံးချ၍ သတ်သော နိဿဂ္ဂိယပယောဂ၊

(၄) သေသူကို နေရာမရွေ့စေဘဲ အမြဲတည်ကြောင်းဖြစ်သော တွင်းတူးမြေမြှုပ်ခြင်း၊ ဘိအစရှိ ထောင်ချောက်ကဲ့သို့ ဆင်၍သတ်ခြင်း စသော ထာဝရပယောဂ၊

(၅) ပိတုမင်းကဲ့သို့ ကမ္မဝိပါကတန်ခိုးဖြင့်သတ်သော ဣဒ္ဓိမယပယောဂ စသည်တို့ဖြစ်သည်။

(၆) ဂါထာ,မန္တန် စုတ်ခြင်းဖြင့် သတ်သော ဝိဇ္ဇာမယပယောဂ စသည်တို့ဖြစ်သည်။

ထိုခြောက်ပါးတို့တွင် တစ်ပါးသောပယောဂဖြင့် သတ္တဝါ သေခဲ့သော် ပါဏာတိပါတဖြစ်၏။ ဤပယောဂတို့၌ ဥဒ္ဒိဿ၊ အနုဒ္ဒိသ (ရည်မှန်းခြင်း,မရည်မှန်းခြင်း)တို့ဖြင့်လည်း ခွဲခြားမှတ်သားရမည်ဖြစ်သည်။ မည်သူ့ကို သတ်အံ့ဟု ရည်မှတ်ပိုင်းခြား၍သတ်လျှင် ထိုရည်မှတ်သောသူ သေမှသာလျှင် ကမ္မပထမြောက်၏။

အခြားသူ သေခဲ့သော် ပါဏာတိပါတ မဖြစ်ချေ။ ဤနေရာ၌ မည်သူ့ကို သတ်အံ့ဟု ကြံဆဲအခါ ဝဓကစေတနာနှင့် တကွဖြစ်သော ဒေါသသာလျှင် ပဒဿန(ပဓာန)ဖြစ်၏။ သို့ရာတွင် မရည်မှတ်ဘဲ သတ်၍ အမှတ်မရှိသောသူ သေပြန်လျှင်လည်း ပါဏာတိပါတ ကမ္မပထ အကုသိုလ်ဟူ၍ပင် မှတ်ရမည် ဖြစ်သည်။

ဒုတိယမြောက် ပယောဂဖြစ်သော အာဏာတ္တိက ပယောဂတွင်လည်း သတ်အပ်သောသူ၊ သတ်ရာကာလ၊ သတ်ရာဒေသ၊ သတ်ကြောင်းလက်နက်၊ သတ်ဆဲကျရိယာပုဒ်၊ သတ်ဟန်အမူအရာ ဤခြောက်ပါးကို သတ်မှတ်၍ စေခိုင်းခဲ့သော် စေခိုင်းသည့်အတိုင်းသတ်လျှင် ခိုင်းသူရော သတ်သူပါ နှစ်ယောက်စလုံး ကမ္မပထမြောက်၏။ သတ်မှတ်စေခိုင်းသည့်အတိုင်းမဟုတ်ဘဲ တစ်စုံတစ်ရာ ချို့ယွင်းခဲ့သော် သတ်သောသူမှာသာ ပါဏာတိပါတဖြစ်၏။ ခိုင်းသောသူမှာ မဖြစ်။ စေခိုင်းသည့်အခါ ဝဓကစေတနာနှင့် ဖြစ်သော ဒေါသသာလျှင် ပဓာနဖြစ်လေသည်။

အဒိန္နာဒါနာ သိက္ခာပုဒ်၏ အင်္ဂါနှင့် ပယောဂများ

ဒုတိယမြောက်သိက္ခာပုဒ်ဖြစ်သည်။ အာဒိယတီတိ အာဒါန်၊ အဒိန္နဿ အာဒါန် အဒိန္နာဒါန် ဟူသည်နှင့်အညီ ပိုင်ရှင်က ကိုယ်၊ နှုတ် တစ်ပါးပါးဖြင့် မပေးဘဲ သူတစ်ပါး၏ ဥစ္စာကို ခိုးယူသော ပုဂ္ဂိုလ်၏ ထေယျစေတနာသည် အဒိန္နာဒါန မည်၏။ ဤသိက္ခာပုဒ်တွင်လည်း အင်္ဂါ(၅)ပါး ရှိပြန်၏။ ယင်းတို့မှာ-

(၁) သူတစ်ပါး သိမ်းဆည်းစောင့်ရှောက်သော ဥစ္စာလည်း ဖြစ်ရမည်။

(၂) သူတစ်ပါး သိမ်းဆည်းစောင့်ရှောက်သော ဥစ္စာဟု အမှတ်ရှိသည်လည်း ဖြစ်ရမည်။

(၃) ခိုးယူလိုသော စိတ်ရှိသည်လည်း ဖြစ်ရမည်။

(၄) လုံ့လပြုသည်လည်း ဖြစ်ရမည်။

(၅) ထိုလုံ့လဖြင့် ခိုးယူသည်လည်း ဖြစ်ရမည် စသည်တို့ ဖြစ်ကြ၏။

ထို့ကြောင့် အဋ္ဌသာလိနီ၌ ပရပရိဂ္ဂဟိတံ၊ ပရပရိဂ္ဂဟိတသညီ၊ ထေယျစိတ္တံ၊ ဥပက္ကမော၊ တေနဟရဏန္တိဟု မိန့်၏။ အဓိပ္ပာယ်မှာ အထက်ဖော်ပြပါအင်္ဂါ(၅)ပါးပြည့်စုံမှ အဒိန္နာဒါနာကမ္မပထမြောက်၍ သီလပျက်သည်ဟု ဆိုခြင်း ဖြစ်သည်။ ဤသိက္ခာပုဒ်တွင်လည်း ပယောဂခြောက်ပါးပင် ရှိပြန်၏။

www.burmeseclassic.com

www.burmeseclassic.com

(၁) ကိုယ်တိုင်ခိုးယူခြင်းဟူသော သာဟတ္ထိကပယောဂ၊
(၂) သူတစ်ပါးကို စေခိုင်း၍ ခိုးယူခြင်းဟူသော အာဏာတ္ထိကပယောဂ၊
(၃) ကင်းထားရာအရပ်မှ အဝသို့ ကင်းခွန်ကို ပစ်လွှင့်၍ ခိုးခြင်းတည်းဟူသော နိဿဂ္ဂိယပယောဂ၊
(၄) ဤမည်သောဥစ္စာကို အမှတ်မရှိ တတ်နိုင်သောအခါ ခိုးလေဟု စေခိုင်းသဖြင့်လည်းကောင်း၊ ထောပတ်အိုး, ဆီအိုး စသည်တို့အထဲသို့ အဝတ်ပုဆိုး၊ သားရေ၊ နီး စသည်တို့ကို ထည့်၍ ခိုးခြင်းဟု ဆိုအပ်သော ထာဝရပယောဂ။
(၅) ဂါထာ၊ မန္တန် စုတ်သဖြင့် ခိုးခြင်းဟု ဆိုအပ်သော ဝိဇ္ဇာမယပယောဂ၊
(၆) ကိုယ်၊ နှုတ်တို့ဖြင့် လှုံ့လပြု၍ တန်ခိုးခြင်းတည်းဟူသော ဣဒ္ဓိမယပယောဂဟူသော ခြောက်ပါးဖြစ်သည်။

ထိုခြောက်ပါးတို့တွင် တစ်ပါးပါးဖြင့်ခိုးယူသော် ကမ္မပထ မြောက်၏။

ဤသိက္ခာပုဒ်တွင် ဖော်ပြခဲ့သော အင်္ဂါ(၅)ပါး၊ ပယောဂ(၆)ပါးကို သိမှတ်ရုံမျှနှင့် မပြီးသေးချေ။ အဒိန္နာဒါနာကံထိုက်နိုင်သော ခိုးနည်းတို့ကိုလည်း လေ့လာသိရှိထားရန် လိုပြန်သေး၏။ လူတို့ကား ဉာဏ်ကျယ်၏။ ဉာဏ်ကျယ်သမျှ ချဲ့ထွင်၍ နည်းမျိုးစုံနှင့် ခိုးယူတတ်ကြရာ အောက်ပါအတိုင်း အဓိကခိုးနည်း(၅)မျိုး ပေါ်ထွက်လာလေတော့သည်။

ထို(၅)မျိုးကား (၁) နာနာဘဏ္ဍပဋိက၊ (၂) စကဘဏ္ဍပဋိက၊ (၃) သာဟတ္ထိကပဋိက၊ (၄) ပုဗ္ဗပယောဂပဋိက၊ (၅) ထေယျဝေါဟာရပဋိကတို့ ဖြစ်ကြ၏။ ထို(၅)မျိုးထဲတွင်မှ တစ်မျိုးလျှင် လက်စွဲ(၅)မျိုး ထပ်ခွဲ၍ ဆင့်ပွားလာပြန်လေရာ ငါးခု ငါးလီ နှစ်ဆယ့်ငါး (၅×၅=၂၅)မျိုးပင် တိုးပွားလာပြန်လေတော့သည်။ ထိုခိုးနည်းနှစ်ဆယ့်ငါးပါးကို အစဉ်တိုင်းဖော်ပြပါမည်။ ဤတွင် နာနာဘဏ္ဍပဋိကကို အသက်ရှိသောဝတ္ထု၊ စကဘဏ္ဍကပဋိကက အသက်မရှိသောဝတ္ထုဟု ခွဲခြားမှတ်သားရမည် ဖြစ်ပါသည်။

(၁) နာနာဘဏ္ဍပဋိက

၁။ အသက်ရှိသောဥစ္စာကို တရားဆင်၍ ခိုးခြင်းတည်းဟူသော အာဒိယန၊
၂။ အသက်ရှိသောဥစ္စာကို ဆောင်ရွက်ထမ်းပိုးစဉ် ခိုးခြင်းတည်းဟူသော ဟရဏ၊
၃။ သူအပ်နှံထားသော အသက်ရှိသော ဥစ္စာကို ခိုးခြင်းတည်းဟူသော အဝဟာရဏ၊
၄။ အသက်ရှိသော ဥစ္စာကို ဆောင်ရွက်သူနှင့်တကွ ဣရိယာပုဒ်ကိုဖျက်၍ ခိုးခြင်းတည်းဟူသော ဣရိယာပထဝိကောပန၊
၅။ အသက်ရှိသောဥစ္စာကို နေရာမှ ရွှေ့စေ၍ ခိုးခြင်းတည်းဟူသော ဌာနာစာဝနတို့ ဖြစ်သည်။

(၂) စကဘဏ္ဍပဋိက

၁။ အသက်မရှိသော ဥစ္စာကို တရားဆင်၍ ခိုးခြင်းတည်းဟူသော အာဒိနယ၊
၂။ အသက်မရှိသော ဥစ္စာကို ဆောင်ရွက်ထမ်းပိုးစဉ် ခိုးခြင်းဟူသော ဟရဏ၊
၃။ အသက်မရှိသော ဥစ္စာကို အပ်နှံထားသည်ဖြစ်လျက် ခိုးခြင်းတည်းဟူသော အဝဟာရဏ၊
၄။ အသက်မရှိသော ဥစ္စာကို ဆောင်ရွက်သူနှင့်တကွ ဣရိယာပုဒ်ကိုဖျက်၍ ခိုးခြင်းတည်းဟူသော ဣရိယာပထဝိကောပန၊
၅။ အသက်မရှိသော ဥစ္စာကို နေရာမှရွှေ့စေ၍ ခိုးခြင်းတည်းဟူသော ဌာနာစာဝနတို့ ဖြစ်သည်။

မှတ်ချက်

နံပါတ်စဉ် (၁၊ ၂)တို့သည် အသက်ရှိခြင်း၊ အသက်မရှိခြင်း ဥစ္စာတို့သာ ကွာသည်၊ ခိုးခြင်းကား အတူတူဖြစ်၏။

(၃) သာဟတ္ထိကပဋိက

၁။ ကိုယ်တိုင်ခိုးခြင်းတည်းဟူသော သာဟတ္ထိက၊
၂။ သူတစ်ပါးကို စေခိုင်းခြင်း၊ ကိုယ်စားလှူလွှတ်၍ ခိုးခြင်းတည်းဟူသော အာဏာတ္ထိက၊
၃။ ကင်းထားရာအရပ်မှလွတ်အောင် ပစ်လွှင့်၍ ခိုးခြင်းတည်းဟူသော နိဿဂ္ဂိယ၊
၄။ ဤမည်သောဘဏ္ဍာကို အကြင်အခါ ရကောင်း၏။ ထိုအခါ၌ ခိုးလေဟု အခါတော်ပေး ခိုင်းစေခြင်း၊ သူတစ်ပါး၏ ဆီအိုး၊ ထောပတ်အိုး စသည်တို့၌ စုပ်ယူနိုင်စွမ်းရှိသော အဝတ်ပုဆိုး၊ သားရေနယ်၊ ရေမြှုပ်ဖောက်ပုံး စသည်တို့ကို ချဲ့သောအားဖြင့်လည်းကောင်း၊ မခိုးမီကပင် အဒိန္နာဒါန ထိုက်ခြင်းအကျိုးကို ပြီးစေတတ်သော အတ္ထသာဓက၊
၅။ ဥစ္စာရှင်နှင့် ခိုးသူ နှစ်ဦးတို့၏ မရပြီဟု ဝန်ကိုချခြင်းတည်းဟူသော မုရန်ကျေပတို့ ဖြစ်၏။

(၄) ပုဗ္ဗပယောဂပဋိက

၁။ သူတစ်ပါးကိုစေ၍ ရှေးဦး လှုံ့လပြုသော ပုဗ္ဗပယော

www.burmeseclassic.com

www.burmeseclassic.com

၈၊

၂။ ဥစ္စာထားရာမှ ရွှေ့စေခြင်း၊ အမှတ်အခြားပြုထားသော သစ်ငုတ်၊ ကန်သင်း စသည်တို့ကိုရွှေ့စေ၍ လယ်ယာမြေတို့ကို ခိုးယူခြင်း သဟပယောဂ၊

၃။ တိုင်ပင်၍ ခိုးယူခြင်း သံဝိဒါဝဟာရ၊

၄။ အချိန်းအချက်ပြု၍ ခိုးခြင်းသင်္ကေတ။

၅။ မျက်စိမျက်မှောက်တို့ကို နိမိတ်ပြု၍ ခိုးလေဟူ၍ အချက်ပေးနိမိတ်ပြသော ခိုးခြင်းနိမိတ္တတို့ ဖြစ်ကြ၏။

(၅) ထေယျာဝဟာရပဉ္စက

၁။ တိုက်၊ နံရံ၊ ခြံ စသည်တို့ကိုထောက်၍ ပုန်းကွယ်လျက် ချိန်စဉ်းလဲ၊ တင်းစဉ်းလဲ (ကုန်ပစ္စည်း၏ အလေးချိန်နှင့် အခြင်အတွယ် ခွဲတောင်း၊ တင်းတောင်း) စသည်တို့တွင် မမှန်မကန် ပြုပြင်၍ လှည့်စားလှည့်ပတ်လျက် စဉ်းလဲသော ခိုးခြင်း ထေယျာဝဟာရ၊

၂။ အနိုင်အထက်ကျင့်၍ ခိုးခြင်း (မိမိထက် အင်အားနည်းသူ၊ လက်အောက်ငယ်သား တပည့်တပန်းများအပေါ် အာဏာစက်သုံး၍)တည်းဟူသော ပသယျာဝဟာရ၊

၃။ ဥစ္စာ၊ အရပ် နှစ်ပါးကို ကြဲသဖြင့် ခိုးခြင်း ပရိကပ္ပာဝဟာရ၊

၄။ ဥစ္စာကို ဖုံးလွှမ်းကွယ်ဝှက်၍ ခိုးခြင်း ပဋိစ္ဆန္နာဝဟာရ၊

၅။ ဥစ္စာရှင်၏ ရေးထိုးပြီးဖြစ်သော အမည်က ကမ္ပည်းတို့ကိုဖျက်၍ မိမိအမည် ကမ္ပည်းပြောင်းလဲရေးထိုးကာ ခိုးခြင်း ကုသာဝဟာရတို့ ဖြစ်သည်။

အထက်ဖော်ပြပါ (၂၅)မျိုးထဲမှ တစ်မျိုးမျိုးကို ယင်းသိက္ခာပုဒ်၏အင်္ဂါ ပယောဂများနှင့် တွဲဖက်ကျူးလွန်မိပြီဆိုလျှင် အဒိန္နာဒါနသိက္ခာပုဒ်ကို ဧကန်ဖောက်ဖျက် ကျူးလွန်ပြီဟု မှတ်ယူရန် ဖြစ်ပါသည်။

<u>ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်၏ အင်္ဂါနှင့် အဂမနီယဝတ္ထုများ</u>

ပဉ္စင်္သီလ၏ တတိယမြောက်သိက္ခာပုဒ် ဖြစ်ပါသည်။ မေထုန်အကျင့်ဟု ဆိုအပ်သော ဝတ္ထုကာမတို့၌ ပညာရှိတို့ကဲ့ရဲ့အပ်သော ယုတ်မာသောအကျင့်သည် ကာမေသုမိစ္ဆာစာရမည်၏။ ထိုသိက္ခာပုဒ်တွင် အင်္ဂါ(၄)ပါး ရှိ၏။

၄င်းတို့မှာ-

(၁) မသွားလာအပ်သောဝတ္ထုလည်း ဖြစ်ရမည်။

(၂) ထိုမသွားလာအပ်သောဝတ္ထု၌ မှီဝဲလိုသောစိတ် ရှိသည်လည်း ဖြစ်ရမည်။

(၃) မှီဝဲခြင်း၌ လုံ့လပယောဂရှိသည်လည်း ဖြစ်ရမည်။

(၄) မဂ်ဖြင့် မဂ်ကိုကျင့်ခြင်း၌ သာယာခြင်းရှိသည်လည်း ဖြစ်ရမည်တို့ ဖြစ်ကြ၏။

ထို့ကြောင့် အဋ္ဌသာလိနီ၌ အဂမနီယဝတ္ထု တသို့ သေဝနစိတ္တံ သေဝနပယောဂေါ မဂ္ဂေန မဂ္ဂပဋိပတ္တိ အဓိဝါသနန္တိဟု မိန့်သည်။ ဤအင်္ဂါလေးပါး ပြည့်စုံလျှင် ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ် ပျက်တော့သည်။ ဤနေရာတွင် အဂမနီယ ဝတ္ထုတို့ကို ခြေခြေမြစ်မြစ် ခွဲခြားသိရှိထားရန် အထူးအရေးကြီးပါသည်။ အဂမနီယဝတ္ထုဆိုသည်မှာ ထိုသိက္ခာပုဒ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၌ အဓိကဇာတ် ဆောင်နေရာ ၌ပါဝင်သည့် နှစ်ကျိုးသောမိန်းမတို့ကို ဆိုလိုခြင်းဖြစ်သည်။

ထိုနှစ်ကျိုးသော မိန်းမတို့တွင် အုပ်စုနှစ်စုကွဲ၏။ မာတုရက္ခိတ စသောမိန်းမတစ်ကျိပ်နှင့် ဓနက္ကိတ စသောမိန်းမတစ်ကျိပ်တို့ တစ်အုပ်စုတွင် (၁၀)မျိုးစီဖြစ်ကြသည်။ ယင်းတို့ကို အုပ်စုအလိုက်ခွဲခြား၍ (က)အုပ်စု၊ (ခ)အုပ်စုဟု ဖော်ပြရလျှင်-

(က)အုပ်စု မာတုရက္ခိတ စသောမိန်းမတစ်ကျိပ်

၁။ မာတုရက္ခိတ-အမိစောင့်ရှောက်သောမိန်းမ၊

၂။ ပိတုရက္ခိတ-အဖစောင့်ရှောက်သောမိန်းမ၊

၃။ မာတာပိတုရက္ခိတ-မိဘနှစ်ပါးစုံ စောင့်ရှောက်သောမိန်းမ၊

၄။ ဘာတုရက္ခိတ-မောင်စောင့်ရှောက်သောမိန်းမ၊

၅။ ဘဂိနိရက္ခိတ-ညီမ၊ အစ်မ စောင့်ရှောက်သောမိန်းမ၊

၆။ ဉာတိရက္ခိတ-အမျိုးစောင့်ရှောက်သောမိန်းမ၊

၇။ ဂေါတ္တရက္ခိတ-အနွယ်စောင့်ရှောက်သောမိန်းမ၊

၈။ ဓမ္မရက္ခိတ-သီတင်းသုံးဖော်စောင့်သောမိန်းမ၊

၉။ သာရက္ခ-မှန်းထားသောမိန်းမ၊

၁၀။ သပရိဒဏ္ဍ-ဒဏ်ထားသောမိန်းမ။

(ခ)အုပ်စု ဓနက္ကိတ စသောမိန်းမတစ်ကျိပ်

၁။ ဓနက္ကိတ-ဥစ္စာဖြင့်ဝယ်၍နေသောမယား၊

၂။ ဆန္ဒဝါသိနီ-အလိုတူ၍နေသောမယား၊

၃။ ဘောဂဝါသိနီ-ဆုံ၊ ကျည်ပွေ့၊ အိုးခွက်၊ လင်ပန်းစသဖြင့် အသုံးအဆောင်များ ပေး၍နေသောမယား၊

၄။ ပဋဝါသိနီ-အဝတ်ပုဆိုးပေး၍နေသောမယား၊

၅။ ဩဒကပတ္တကိနီ-ရေခွက်၌ လက်ကိုချစေ၍ ဤရေသည် မကွဲမပြားဖြစ်သကဲ့သို့ သင်တို့သည် မကွဲမပြားကြ

www.burmeseclassic.com

www.burmeseclassic.com

သည်ဖြစ်စေသောဟုဆို၍ ထိမ်းမြားသောမယား၊
၆။ ဩဘာတစုမျိုနီ-မိမိအိမ်၌ ထင်းခွေ၊ ရေခပ် မိန်းမ သည်တို့ကို ထင်းခွေ၊ ရေခပ်ခြင်း စသောအမှုတို့ကိုမပြုဘဲ ခေါင်းခုကို ချစေ၍နေသောမယား၊
၇။ ဒါသီဘရိယ-ကျွန်မယား၊
၈။ ကမ္မကာရီဘရိယ-အမှုလုပ်သောမယား၊
၉။ ဧကဟုတ-တိုင်းနိုင်ငံကို တိုက်ဖျက်၍ သုံ့ပန်းအဖြစ် ခေမ်းဆီးလက်ရဖြစ်သောမယား၊
၁၀။ မုဟုတ္တိက-တစ်ခဏမျှနေသောမယား စသည်တို့ ဖြစ်ကြသည်။

ထိုနှစ်ကျိပ်သော မိန်းမတို့တွင် အုပ်စု(က)မှ သာရက္ခ၊ သပရိဒတ္တ၊ နံပါတ်(၉၊ ၁၀)မိန်းမနှစ်ယောက်နှင့်တကွ အုပ်စု(ခ)မှ မိန်းမတစ်ကျိပ် စုစုပေါင်း တစ်ဒါဇင်သော မိန်းမတို့၌ လင်မှတစ်ပါး အခြားသောယောကျ်ားတို့သည် မသွားလာအပ်။ သွားလာသော် ထိုမိန်းမတို့သည် ကာမေသုမိစ္ဆာစာရဖြစ်တော့၏။ မာတုရက္ခိတ စသောရှစ်ယောက်သော မိန်းမတို့၌ကား ယောကျ်ားတို့သည် ယဉ်ပါးသွားလာသော်လည်း ယင်းတို့မှာ ကာမေသုမိစ္ဆာစာရကံသို့မရောက်။ ယင်းတို့ကို လွန်ကျူးသော ယောကျ်ားသည်သာလျှင် ကာမေသုမိစ္ဆာစာရကံထိုက်၏။ အဘယ်ကြောင့်ဆိုသော် မိဘစသောသူတို့သည် ကာမကို အစိုးမရ။ စောင့်သော်လည်း အလိုမရှိသော ယောကျ်ားတို့နှင့် သွားလာမည်ကိုစိုးသောကြောင့်သာ စောင့်သည်ဖြစ်သောကြောင့် မာတုရက္ခိတ စသောမိန်းမတို့သည် ယောကျ်ားတို့နှင့် ယဉ်ပါးသွားလာသော်လည်း ကာမေသုမိစ္ဆာစာရက် မဖြစ်ဟု မှတ်ယူရမည် ဖြစ်သည်။

တစ်ဖန် ကာမေသုမိစ္ဆာစာရကံထိုက်ပုံကို နောက်တစ်နည်း ဖော်ပြပါဦးမည်။ အစိုးရသောလင်က မစွန့်အပ်သော အချို့မိန်းမသည် တစ်ရပ်တစ်ပါးမှလာ၍ မိမိ၌ လင်ရှိသည့် အဖြစ်ကို ဖုံးကွယ်ထားပြီးနောက် တစ်စုံတစ်ယောက်သော အခြားယောကျ်ားနှင့် ပေါင်းဖော်ခြင်းပြုသည် ဆိုပါစို့။ ထို ယောကျ်ားသည်လည်း ထိုမိန်းမကို လင်မရှိသော အမှတ် အယူနှင့် ပေါင်းဖော်ခြင်းပြုသည် ဖြစ်ငြားအံ့။ ထိုသို့ဖြစ်လျှင် နှစ်ယောက်လုံးပင် ကာမေသုမိစ္ဆာစာရကံမှ မလွတ်ကင်းချေ။ အဘယ်ကြောင့်ဆိုသော် ထိုမိန်းမ၏ အစိုးရသောလင်က အလျှင်းမစွန့်အပ်သေးသောကြောင့် ဖြစ်၏။

ထို့ကြောင့် သာမိကေန၊ အပရိစ္စတ္တာ၊ ဥဘိန္နမ္မိ ကမ္မပထောယေ ဝါတိဝဒန္တိဟု ဥပါသကာလင်္ကာရ၌ မိန့်ခြင်း

ဖြစ်သည်။

သာမိကေန-အစိုးရသောလင်သည်၊ အပရိစ္စတ္တာ-အလျှင်းအာလယပြတ် မစွန့်အပ်သည်၏ အဖြစ်ကြောင့်၊ ဥဘိန္နမ္မိ-ယောကျ်ား,မိန်းမ နှစ်ယောက်တို့အားလည်း၊ ကမ္မပထောယေ-ကမ္မပထသည်သာလျှင်၊ ဟောတိ-ဖြစ်၏။ ဣတိ-ဤသို့၊ ဝဒန္တိ-ဆိုကုန်၏ဟု ညွှန်ပြထားပါသည်။

မုသာဝါဒါသိက္ခာပုဒ်၏ အင်္ဂါလေးပါး

စတုတ္ထမြောက်သိက္ခာပုဒ် ဖြစ်ပါသည်။ မုသာဝဒတိ ဧတေနာတိ မုသာဝါဒေါ ဟူသည်နှင့်အညီ ဖောက်ပြန်ချို့ယွင်းသည်ကိုဆိုကြောင်း သိစေကြောင်း ဖြစ်သောကြောင့် မုသာဝါဒမည်၏။ ထိုမုသာဝါဒမှ ကြဉ်ကြောင်းဖြစ်သော ဝိရတီစေတသိက်သည် မုသာဝါဒါဝေရမဏိသိက္ခာပုဒ်မည်၏။ ၄င်းတွင်လည်း အင်္ဂါ(၄)ပါး ရှိပြန်ပါသည်။

(၁) မဟုတ်မမှန်သောဝတ္ထု (အကြောင်းအရာ)လည်း ဖြစ်ရမည်။
(၂) ချို့ယွင်းစေလိုသောစိတ် ရှိသည်လည်း ဖြစ်ရမည်။
(၃) လုံ့လပြုသည်လည်း ဖြစ်ရမည်။
(၄) သူတစ်ပါးက ထိုစကား၏ အနက်အဓိပ္ပာယ်ကို သိသည်လည်း ဖြစ်ရမည်။

ဤလေးပါးနှင့် ပြည့်စုံညီညွတ်သော မည်သည့်စကားကိုဆိုဆို မုသာဝါဒသိက္ခာပုဒ် ပျက်လေတော့သည်။ ထို့ကြောင့် အဋ္ဌသာလိနီ၌ အတထဝတ္ထု ဝိသံဝါဒနစိတ္တံ တဒ္ဓေဝါဃာမော ပရဿ တဒတ္ထ ဝိဇာနနန္တိဟု မိန့်၏။ အထက်ဖော်ပြပါ အင်္ဂါ(၄)ပါး ပြည့်စုံအောင် သာဟတ္ထိက ပယောဂ၊ အာဏတ္တိပယောဂ၊ ထာဝရပယောဂတို့ဖြင့် ကျူးလွန်ပြောဆိုလျှင်လည်း မုသာဝါဒကမ္မပထ မြောက်၏။

www.burmeseclassic.com

ဤသိက္ခာပုဒ်တွင် ဖရုသဝါစာ၊ သပ္ပဖ္ပလဝါစာ အစရှိ နူတ်မြွက်စကားတို့နှင့် တိုက်ရိုက်သက်ဆိုင်၍ လွန်စွာကျယ်ဝန်း များပြားလေသောကြောင့် အကျယ်ကို လေ့လာလိုသူများအတွက် ဝိနည်းပါစိပ်ပါဦးတော်၊ မုသာဝါဒါသိက္ခာပုဒ်ကို ဆက်လက်လေ့လာရန် ညွှန်းဆိုလိုက်ရပါသည်။

သုရာမေရယ မစ္ဆပ္ပမာဒဋ္ဌာနာသိက္ခာပုဒ်၏ အင်္ဂါ(၄)ပါး

ပဉ္စမမြောက်သိက္ခာပုဒ် ဖြစ်ပါသည်။ သုရာမေရယ မဇ္ဇဉ္စတံ ပမာဒဋ္ဌာနဉ္စာတိ သုရာမေရယ မစ္ဆပ္ပမာဒဋ္ဌာနာ ဟူသည်နှင့်အညီ သုရာငါးပါး၊ မေရယငါးပါးသော် ယစ်မျိုးကို သောက်သုံးခြင်းဖြစ်၏။ ထိုသောက်သုံးခြင်းသည် ကုသိုလ်ကောင်းမှုၭ မေ့လျော့ခြင်းအကြောင်းကို ဖြစ်စေ၏။ ထို့ကြောင့် သုရာမေရယမစ္ဆပ္ပမာဒဋ္ဌာနာ မည်၏။ ထိုကိစ္စကို ရှောင်ကြဉ်ကြောင်း ဝိရတီစေတနာသည် သုရာမေရယ မစ္ဆပ္ပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒဲ သမာဒိယာမိသိက္ခာပုဒ်ပင် ဖြစ်တော့၏။ ယင်းသိက္ခာပုဒ်တွင် အင်္ဂါ(၄)ပါး ရှိပါ၏။

(၁) သုရာမေရယ စသည်တစ်ပါးပါးလည်း ဖြစ်ရမည်။

(၂) သောက်သုံးလိုသည့်ဆန္ဒလည်းရှိသည် ဖြစ်ရမည်။

(၃) အမှန်တကယ်လည်း သောက်သုံးခြင်းပြုသည် ဖြစ်ရမည်။

(၄) သောက်သုံးခြင်းကြောင့် မူးယစ်သည်လည်း ဖြစ်ရမည် စသည့်လေးပါး ဖြစ်၏။

ထို့ကြောင့် သံယုဂ်အဋ္ဌကထာၭ် တဿ စတ္တာရော သမ္ဘာရာ သုရာဒိအာဥတရတာ၊ ပါတုကာမောပိတံ မဒ္ဒနန္တိ ဟု မိန့်သည်။ အဓိပ္ပာယ်မှာ တဿ-ထိုသုရာပါန၏၊ သမ္ဘာရာ-အင်္ဂါတို့သည်၊ သုရာဒိအာဥတရတာ-သုရာ စသည်တို့တွင် တစ်ပါးပါးလည်းဖြစ်စေ၊ ပါတုကာမော-သောက်လိုသည်လည်းဖြစ်စေ၊ ပိတံ-သောက်သည်လည်းဖြစ်စေ၊ မဒ္ဒနံ-မူးယစ်မေ့လျော့သည်လည်းဖြစ်စေ၊ ဣတိ-ဤသို့၊ စတ္တာရော-လေးပါးတို့တည်း ဟူ၍ဖြစ်သည်။

သုရာမေရယတွင် စုစုပေါင်း(၁၀)မျိုး ပါဝင်သည်။ ယင်းတို့မှာ-

သုရာငါးပါး

(၁) မုန်ညက်ဖြင့် ပြုအပ်သော ဝိဋ္ဌသုရာ၊

(၂) မုန်ဖြင့် ပြုအပ်သော ပူပသုရာ၊

(၃) ထမင်းဖြင့် ပြုအပ်သော သြဒနသုရာ၊

(၄) တဆေးမှုန့်ကိုခတ်၍ ပြုလုပ်သော ကိဏ္ဏပက္ခိတ္တသုရာ၊

(၅) သဖန်းခါး၊ မုန်ညင်းဆန် စသည်တို့ဖြင့် ရောနှော၍ ပြုအပ်သော သမ္ဘာရသံယုတ္တသုရာ။

မေရယ(၅)ပါး

(၁) ကြာမြင့်စွာထုံအပ်သော အပွင့်မှဖြစ်သော ပုပ္ပွာသဝမေရယ၊

(၂) ၄င်းကဲ့သို့ ထုံအပ်သော အသီးမှဖြစ်သော၊ အမှည့်ဟူဆိုအပ်သော ဖလာသဝမေရယ၊

(၃) ၄င်းကဲ့သို့ ထုံအပ်သော မုဒရက်သီး အစရှိသည်တို့၏ အရည်ဟု ဆိုအပ်သော ဖလာသဝမေရယ၊

(၄) ၄င်းကဲ့သို့ ထုံအပ်သော ကြံရည်ဟုဆိုအပ်သော ဂုဠာသဝမေရယ၊

(၅) ၄င်းကဲ့သို့ ထုံအပ်သော သဖန်းခါး၊ သျှီသျှား စသော အသီးအရွက်တို့၏ အရည်အဆောက်အအုံဟု ဆိုအပ်သော သမ္ဘာရသံယုတ္တမေရယ စသည်တို့ဖြစ်သည်။

ထို(၁၀)ပါးလုံးသည် သောက်သုံးသူကို မူးယစ်မေ့လျော့စေသည်ချည်း ဖြစ်သည်။ ဤသိက္ခာပုဒ်၌ ပယောဂတွေတော့ မပါဘူးလားဟု မေးစရာရှိသည်။ မသောက်သုံးလျှင် ဘာမှမဖြစ်၊ ထိုသိက္ခာပုဒ်တည်၏။ သောက်သုံးလျှင် မိမိကိုယ်တိုင် သောက်သုံးမှ ကာယက်မြောက်ကာ သိက္ခာပုဒ်ပျက်ရမည်ဖြစ်ရာ ကိုယ်တိုင်သောက်သော သာဟတ္ထိက ပယောဂတစ်မျိုးသည်သာ အနှစ်ချုပ်ရှိလေတော့သည်။

သတိချပ်စရာ ကောင်းသည်မှာ ဤသိက္ခာပုဒ်သည် ပဉ္စင်္သီလ များ၏ နောက်ဆုံးပိတ်(၅)ခုမြောက်၌ နေသည်ဖြစ်သော်လည်း သူသည် အတို့အထောင် မြောက်ထိုးပင့်ကော်သမားနှင့်တူသော အစွမ်းရှိနေခြင်းဖြစ်၏။ အဘယ်ကြောင့်ဆိုသော် သုရာတစ်ချက် (၅)ပါးပျက်ဆိုသော စကားအတိုင်း ထိုသိက္ခာပုဒ်ကို ကျူးလွန်ပြီး၍ ဂိတ်ဆုံးအောင် မူးယစ်မေ့လျော့သွားပြီဆိုလျှင် သူ့ရှေ့မှ သိက္ခာပုဒ်(၄)ပါး စလုံးကို ဆက်လက်ကျူးလွန်ရန် ဝန်မလေးကြတော့သောကြောင့် ဖြစ်ပေသည်။

နန္ဒာစိုး(ဆင်ပြူကျွန်း)

ကျမ်းကိုး

* သီလဖလုပ္ပတ္တိကျမ်း (ညောင်ကန်ဆရာတော် ဦးဗုဒ္ဓ)။
* ဗုဒ္ဓဝါဒ၏ ပြောင်းလဲနေသော မျက်နှာစာ၊ [ဆရာမင်းသူအောင်၊ ဖေဖော်ဝါရီလ (၂၀၁၄)ခုနှစ်၊ ဗောဓိရိပ်ဘာသာရေး အနုပညာမဂ္ဂဇင်း]။

www.burmeseclassic.com

www.burmeseclassic.com

ORGANIC PRODUCTS
FROM KANDARAWADDY ORGANIC HERB FARM

ထုတ်လုပ်နှင့်လိုင်စင်အမှတ် ၂/ ၂၀၁၂တဆထလ/ဆိုး(၁၀၂၄)

ပင်ရင်း ကိန္နရီ အမှတ်တံဆိပ် ကန္တရဝတီစားတိုက် အမှတ်-၇၄၁၊ ဧနသိဒ္ဓိလမ်း၊ (၈)ရပ်ကွက်
မရန်းကုန်းမြို့နယ်၊ရန်ကုန်မြို့၊ ပုန်း ၀၉ ၅၁၄၀၃၈၉၊ ၀၉ ၄၂၀၀၀၃၀၈၅

ကြက်လည်ဆံ ဆီးဆေးပြား

အပြား ၁၀၀ပါ ဘူးကြီး

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 007860 (1114)

ကြက်လည်ဆံ ဆီးဆေးပြား

အပြား ၄၀ပါ ဘူးငယ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 007860 (1114)

မင်းမကိုင့်

သွေးချို ဆီးချိုကျဆေး

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 012254(0916)



ရင်ငြိမ်းဆေး

နှလုံးဆေး

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 012014(0516)

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက(စာနယ်ဇင်း) ၆၇/၀၆၁၃

www.burmeseclassic.com

www.burmeseclassic.com

ဓမ္မပေါသက အရှင်ကြီးဘာသ သံဃိကဒါနအကျိုး ထူးတန်ခိုး

သံဃိကဒါနဟူသည် သံဃာတော်တို့အား ပေးကမ်းလှူဒါန်းသော အလှူကို ဆို၏။ သံဃာသည် အရိယာသံဃာ၊ သမုတိသံဃာဟု နှစ်မျိုးရှိ၏။ သံသရာမှ လွတ်မြောက်ပြီး တစ်ဖန် ပဋိသန္ဓေနေခြင်းသဘော မရှိတော့သော ရဟန္တာပုဂ္ဂိုလ်များကို အရိယာသံဃာဟု ဆို၏။ တစ်ဖန် ပဋိသန္ဓေနေခြင်းသဘော ရှိသေး၏။ ဒိဋ္ဌနှင့် ဝိစိကိစ္ဆာကို အကြွင်းမဲ့ သတ်ဖြတ်ထားသော သောတာပန် ရဟန်းများ၊ ကျန်ရှိနေသေးသော အနုသယကိလေသာများကို ခေါင်းပါးအောင် ပြုလုပ်နေသော သကဒါဂါမ်ရဟန်းများ၊ မာနနှင့် အဝိဇ္ဇာ အနုသယ ကိလေသာမှတစ်ပါး ကိလေသာမှန်သမျှကို အကြွင်းမဲ့သတ်ဖြတ်ထားသော အနာဂါမ်ရဟန်းများသည်

www.burmeseclassic.com

www.burmeseclassic.com

အရိယာသံဃာ မည်၏။ အရိယာမဟုတ်သော ပုထုဇဉ် ရဟန်းများသည် သမုတိသံဃာ မည်၏။

ဥတ္တိစတုတ္ထ စသောကံတို့ကို အညီအညွတ်ပေါင်း၍ ပြုတတ်သောကြောင့် သံဃာမည်၏။ ဥတ္တိစတုတ္ထကံဟူသည် ရဟန်းခံသောအခါ အသုံးပြုသော ကမ္မဝါစာကို ဆို၏။ အန္တရာယ်ကင်း ကမ္မဝါစာ စသည်ဖြင့် ကမ္မဝါစာပေါင်းများစွာ ရှိ၏။ ထိုကမ္မဝါစာတို့ကို ရွတ်ဖတ်ခြင်းကို သံဃာသည်သာ ဆောင်ရွက်ရ၏။ အခြားသူများ ဆောင်ရွက်၍ မရ။ သံဃာဟု ခေါ်ဝေါ်ရန်အတွက် အနည်းဆုံး ရဟန်းလေးပါး လိုအပ်၏။ ရဟန္တာပုဂ္ဂိုလ်ပင် ဖြစ်လင့်ကစား တစ်ပါးတည်းဆိုလျှင် သံဃာမမည်။ အရေအတွက်အားဖြင့် လေးပါးပြည့်သော်လည်း အယူသီလအားဖြင့် မတူညီလျှင်လည်း သံဃာမမည်။ ရဟန်းတစ်ပါးသည် (၂၂၇)သွယ်သော သိက္ခာပုဒ်ကို စောင့်ရှောက်ရ၏။ ဤသိက္ခာပုဒ် (၂၂၇)သွယ်သည် သီလဖြစ်၏။ အယူသည် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော မဂ္ဂင်လမ်းစဉ်အယူဖြစ်၏။

အယူသီလ တူမျှသော လေးပါးစစွာ သံဃာတော်များတွင် ဂုဏ်(၉)မျိုး ရှိ၏။

(၁) လွန်ကောင်းမြတ်သော ပဋိပတ်ဂုဏ်နှင့် ပြည့်စုံခြင်း၊
(၂) လွန်ဖြောင့်မတ်သော ပဋိပတ်ဂုဏ်နှင့် ပြည့်စုံခြင်း၊
(၃) လွန်သင့်မြတ်သော ပဋိပတ်ဂုဏ်နှင့် ပြည့်စုံခြင်း၊
(၄) ရိုသေအပ်သော ပဋိပတ်ဂုဏ်နှင့် ပြည့်စုံခြင်း၊
(၅) လက်ဆောင်အတွက်ယူလာသော အလှူဝတ္ထုမျိုးကို ခံယူထိုက်ခြင်း၊
(၆) ဧည့်သည်အတွက် သိမ်းဆည်းထားသော အလှူဝတ္ထုမျိုးကို ခံယူထိုက်ခြင်း၊
(၇) မွန်မြတ်သော အလှူဝတ္ထုမျိုးကို ခံယူထိုက်ခြင်း၊
(၈) လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့၏ လက်အုပ်ချီခြင်းကို ခံယူထိုက်ခြင်း၊
(၉) လူအပေါင်း၏ အတုမရှိသော ကုသိုလ်မျိုးကို စိုက်ပျိုးချရာ လယ်ယာမြေကောင်းသဖွယ်ဖြစ်ခြင်း။

သံဃိကဒါနကို ပေးလှူကြသောလူတို့သည် သံဃာများ၏ ဤဂုဏ်(၉)မျိုးကို နှလုံးသွင်းထားရ၏။ အဘယ်ကြောင့်ဆိုလျှင် အလှူတစ်ခုပြုလုပ်ခြင်း၌ လှူဖွယ်ဝတ္ထုသာပါသည်မဟုတ်၊ စိတ်လည်းပါ၏။ လှူဖွယ်ဝတ္ထုသာ သန့်ရှင်းရန် လိုအပ်သည်မဟုတ်၊ စိတ်သန့်ရှင်းရန်လည်း လိုအပ်၏။ စိတ်သည် သဒ္ဓါတရားရှိမှ သန့်ရှင်း၏။ စိတ်သန့်ရှင်းရန်အတွက် သဒ္ဓါတရားရှိရမည် ဖြစ်၏။

လူတို့သည် ဂုဏ်သတ္တိထူးရှိမှ ကြည်ညိုတတ်ကြ၏။ ဂုဏ်သတ္တိထူးမရှိလျှင် မကြည်ညိုတတ်၊ မလေးစားတတ်ကြပေ။ သံဃာတော်တွင် ဂုဏ်သတ္တိထူးများ ရှိ၏။ ထိုဂုဏ်သတ္တိထူးတို့ကို နှလုံးသွင်းထားလျှင် သံဃာတော်များကို ကြည်ညိုသော သဒ္ဓါတရား ရှိလာမည်ဖြစ်၏။ သဒ္ဓါတရား ရှိလျှင် အလှူအပေါ်၊ အလှူခံပုဂ္ဂိုလ်များအပေါ် ရိုသေမှုရှိလာမည်ဖြစ်၏။ ချီးမွှောက်မှုရှိလာမည်ဖြစ်၏။ သဒ္ဓါတရားကို အခြေပြု၍ စိတ်သည် သန့်ရှင်းသည်ထက် သန့်ရှင်းလာမည်ဖြစ်၏။ သန့်ရှင်းသောစိတ်ဖြင့် သန့်ရှင်းသော လှူဖွယ်ဝတ္ထုကို ပေးလှူခြင်းသည် နည်းလမ်းကျသော လှူဒါန်းမှု ဖြစ်၏။ သန့်ရှင်းသော လှူဒါန်းမှု ဖြစ်၏။ အကျိုးကြီးမည် ဖြစ်၏။ အလှူဒါနတစ်ခု ပြုလုပ်ရာ၌ လှူဖွယ်ဝတ္ထုကိုသာ ပေးလှူသည်မဟုတ်၊ စိတ်ကိုပါ ပေးလှူသည်ဖြစ်ကြောင်း သိထားသင့်၏။

နည်းစနစ်ကျစွာ ပေးလှူသော အလှူ၏ အကျိုးသည် အလှူခံပုဂ္ဂိုလ်အပေါ် မူတည်၍ အကျိုးကြီးပုံ ကွာခြားတတ်၏။ တိရစ္ဆာန်တစ်ကောင်ကို ပေးလှူသော အလှူ၏ အကျိုးနှင့် လူတစ်ယောက်ကို ပေးလှူသော အလှူ၏ အကျိုးသည် မတူ။ တိရစ္ဆာန်တစ်ကောင်ကို ပေးလှူသော အလှူ၏ အကျိုးထက် လူတစ်ယောက်ကို ပေးလှူသော အလှူ၏ အကျိုးက ပို၍,ပို၍ ကြီးမားပေ၏။ သီလမရှိသော လူတစ်ယောက်ကို ပေးလှူသောအလှူ၏ အကျိုးထက် သီလရှိသော လူတစ်ယောက်ကို ပေးလှူသော အလှူ၏ အကျိုးက ပို၍,ပို၍ ကြီးမား၏။ လူတစ်ယောက်ကို ပေးလှူသော အလှူ၏ အကျိုးထက် ရဟန်းတစ်ပါးကို ပေးလှူသော အလှူ၏ အကျိုးက ပို၍,ပို၍ ကြီးမား၏။ ရဟန်းတစ်ပါးကို ပေးလှူသော အလှူ၏ အကျိုးထက် သံဃာကို ပေးလှူသော အလှူ၏ အကျိုးက ပို၍,ပို၍ ကြီးမား၏။ သံဃာကို ပေးလှူခြင်းသည် မြတ်စွာဘုရားကို ပူဇော်သည်မည်ကြောင်း မြတ်စွာဘုရားသည် မိထွေးတော် ဂေါတမီအား မိန့်ကြားတော်မူခဲ့ဖူး၏။

ရာဇဂြိုဟ်မြို့အနီးတွင် နာလကအမည်ရှိသော ရွာငယ်တစ်ရွာ ရှိ၏။ ဤရွာငယ်ကို ဥပတိဿရွာဟုလည်း ခေါ်သေး၏။ သာသနာတစ်ခေတ်တွင် နာလကရွာသည် ထင်ရှားခဲ့၏။ သာသနာအတွက် လူများစွာအတွက် အကျိုးကြီးမားခဲ့သော မြတ်စွာဘုရား၏ တရားစစ်သူကြီး ဖြစ်ခဲ့

www.burmeseclassic.com

သော အရှင်သာရိပုတ္တရာမထေရ်သည် နာလကရွာသား ဖြစ်၏။ အရှင်သာရိပုတ္တရာမထေရ်တို့ မိသားစုတွင် ညီ အစ်ကိုမောင်နှမ ခုနစ်ယောက်ရှိ၏။ ခုနစ်ယောက်လုံးသည် သာသနာထဲ၌ ရဟန္တာမထေရ်၊ မထေရ်မများဖြစ်၏။

အငယ်ဆုံးသောညီမမှာ အရှင်ရေဝတမထေရ် ဖြစ်၏။ အရှင်ရေဝတမထေရ်ကို ကိုးကွယ်ဆည်းကပ်သော ဥပါသကာ တစ်ယောက်သည် နာလကရွာ၌ရှိ၏။ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝ၏။ ထိုဥပါသကာတွင် ဘဒ္ဒါ၊ သုဘဒ္ဒါ အမည်ရှိသော သမီးနှစ်ယောက်ရှိ၏။ ဘဒ္ဒါသည် သမီးကြီး ဖြစ်၏။ သုဘဒ္ဒါသည် သမီးအငယ် ဖြစ်၏။

သမီးနှစ်ယောက်တွင် သုဘဒ္ဒါထက် ဘဒ္ဒါသမီးကြီး သည် သဒ္ဓါတရား ရှိ၏။ ရတနာသုံးပါးကို ကြည်ညိုစ၏။ ဘာသာတရား အသိပညာနှင့် ပြည့်စုံ၏။ ဘဒ္ဒါသမီးကြီး သည် သုဘဒ္ဒါထက် အရင်အိမ်ထောင်ကျ၏။ ထိုခေတ်က အိမ်ထောင်ကျသော အမျိုးသမီးသည် နေစရာနေရာကို ကိုယ်တိုင်ရွေးချယ်ခွင့် မရှိပေ။ လင်စီမံသည့်အတိုင်းသာ နေရ၏။ အိမ်ထောင်ကျသည်နှင့် အမျိုးသမီးသည် လင့်အိမ်သို့ လိုက်သွားရသည်က ဓလေ့တစ်ခုဖြစ်၏။

ဘဒ္ဒါသည်လည်း အိမ်ထောင်ကျသည်နှင့် လင်အိမ်သို့ လိုက်သွားရ၏။ လင်အိမ်သို့ ရောက်သွားသော်လည်း ဘဒ္ဒါ သည် ရတနာသုံးပါးကို အကြည်ညိုမပျက်။ သဒ္ဓါတရား မပျက်။ ရတနာသုံးပါးအား ကြည်ညိုဆဲ၊ သဒ္ဓါတရားရှိဆဲ ဖြစ်၏။ ရဟန်းများကို အမြဲမပြတ် ဆွမ်း၊ ဆွမ်းဟင်းများကို ဆက်ကပ်လှူဒါန်းလျက် ရှိ၏။ ကံဆိုးသည်က ဘဒ္ဒါတွင် ကလေးမရခြင်း ဖြစ်၏။ ထိုခေတ်က လူတို့ အိမ်ထောင် ပြုကြခြင်းသည် ကလေးယူဖို့ ဖြစ်၏။ အမျိုးအနွယ်ကို စောင့်ရှောက်စေဖို့ ဖြစ်၏။ အမျိုးအနွယ်ကို လူသမိုင်း တည်ရှိနေသမျှ တည်စေဖို့ ဖြစ်၏။ ကလေးမရရှိလျှင် အမျိုး အနွယ်သည် ပျက်သုဉ်းဖွယ် ရှိ၏။

ကလေးမရသော မိန်းမတို့ကို လူတို့သည် အသုံးပြုလေ့ မရှိ။ အိမ်၌ စည်းစိမ်ဥစ္စာ ဘယ်လောက်ရှိရှိ ကလေးမရသော အိမ်ရှင်မသည် စည်းစိမ်ဥစ္စာတို့ကို သုံးစွဲခွင့်မရှိ၊ စီမံခွင့်မရှိ၊ ပိုင်ဆိုင်ခွင့်မရှိပေ။ ပထမယူသော မိန်းမကလေး မရလျှင် လင်ယောကျ်ားသည် နောက်မိန်းမ ယူပိုင်ခွင့် ရှိ၏။ ထိုခေတ်၌ ကလေးမွေးခြင်းသည် မိန်းမ များအတွက် အရေးအကြီးဆုံးသော ကိစ္စရပ်ဖြစ်၏။ ထိုကိစ္စ ရပ်မှာ ဘဒ္ဒါသည် အလွန်းကြီး ရှုံးသွားပြီ ဖြစ်၏။

အဆိုးထဲက အကောင်းကို ရှာကြမည်ဆိုလျှင် ရနိုင်၏။ ဘဒ္ဒါ၏ ယောကျ်ားသည် ဘဒ္ဒါအပေါ် အချစ်ကြီး၏။ စည်း စိမ်ဥစ္စာကို သုံးစွဲခြင်းပြု၏။ နောက်မိန်းမကိုလည်း မယူ ပေ။ နားလည်ပေးလွန်း၍ ဘဒ္ဒါသည် လင်ယောကျ်ားအပေါ် ကြင်နာမှုပို၏။ ကြင်နာမှုပို၍ လင်ယောကျ်ားအား ဖြစ်သင့် တာကို ဖြစ်စေချင်၏။

'အကျွန်ုပ်မှာ သုဘဒ္ဒါ အမည်ရှိတဲ့ ညီမတစ်ယောက် ရှိတယ်။ သုဘဒ္ဒါကို ခေါ်ဆောင်ပြီး အကျွန်ုပ်နဲ့အတူ မယားကြီး၊ မယားငယ် ပြုလုပ်နေထိုင်ပါ။ တကယ်လို့ ညီမ သုဘဒ္ဒါမှာ သားရတနာရခဲ့ရင် သုဘဒ္ဒါရဲ့သားဟာ အကျွန်ုပ် သား ဖြစ်ပါတယ်။ ဒီလိုဆိုရင် အမျိုးအနွယ်မပျက်စီးနိုင်ပါ'

ဘဒ္ဒါသည် သူ့လင်ယောကျ်ားအား ပြောပြ၏။ လင် ယောကျ်ားသည် ဘဒ္ဒါအား သနားသောအားဖြင့် ယူဖို့ကို ငြင်းဆို၏။ အကြိမ်ကြိမ်ပြောပြသည့်အခါ လင်ယောကျ်ား သည် စဉ်းစားလာ၏။ ဘဒ္ဒါပြောပြနေသည်မှာ နည်းလမ်း ကျနေ၍ ဘဒ္ဒါစကားကို လက်ခံ၏။ သုဘဒ္ဒါကို ယူလိုက် ၏။ ညီမဖြစ်သော သုဘဒ္ဒါသည် အစ်မဖြစ်သော ဘဒ္ဒါ၏ စကားကို နားထောင်၏။ ဘဒ္ဒါသည် ရတနာသုံးပါးကို ကြည်ညိုတတ်စေရန် သင်ပြပေး၏။

'ညီမသုဘဒ္ဒါ..ပေးကမ်းလှူဒါန်းခြင်းကို စိတ်ဝင်စားပါ။ ပေးကမ်းလှူဒါန်းပါ။ မြင့်မြတ်တဲ့ အကျင့်တရားဘက် မှာလည်း မမေ့မလျော့ပါနဲ့။ ပေးကမ်းလှူဒါန်းတာ မြင့်မြတ် တဲ့ အကျင့်တရားမှာ မမေ့မလျော့တာတွေဟာ ညီမအတွက် ပစ္စုပ္ပန်,သံသရာ နှစ်ဖြာကောင်းကျိုးဖြစ်တယ်'

အစ်မဆုံးမသည့်အတိုင်း သုဘဒ္ဒါသည် ပေးကမ်းလှူ ဒါန်းမှုကို ပြုလုပ်၏။ ကိုယ်ကျင့်တရားကိုလည်း အတတ်နိုင် ဆုံး စောင့်ထိန်း၏။ ထိုသို့ပြုလုပ်စဉ်တွင် အရှင်ရေဝတ မထေရ်သည် သုဘဒ္ဒါဆီသို့ ရောက်လာ၏။ သုဘဒ္ဒါသည် ဖခင်အိမ်မှာ နေကတည်းက အရှင်ရေဝတမထေရ်ကို ကြည် ညိုပြီးသားဖြစ်၏။ ကိုယ်ပိုင်အိမ်သို့ ကြွရောက်လာသည့် အခါ ဆွမ်းကပ်ချင်လာ၏။

ထို့ကြောင့် အရှင်ရေဝတမထေရ်နှင့်တကွ ရဟန်းခုနစ် ပါးကို ပင့်ဖိတ်ကာ ဆွမ်းကပ်၏။ အရှင်ရေဝတမထေရ် သည် ဆွမ်းအနုမောဒနာတရားကို ဟောကြားတော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com

ဘဝတစ်လျှောက်လုံး၌ ဒါနပြုလုပ်မှုထဲမှာ ဘဒ္ဒါနှင့် သုဘဒ္ဒါ ကွာခြားမှုရှိခဲ့၏။ ဘဒ္ဒါသည် ဘဝတစ်လျှောက်လုံး၌ ဒါနကောင်းမှုများစွာကို ပြုလုပ်ခဲ့၏။ ဘဒ္ဒါ ပြုလုပ်ခဲ့သမျှသော ဒါနကောင်းမှုတို့သည် ပဂ္ဂလိကဒါနသာ ဖြစ်ခဲ့၏။ ဘဒ္ဒါသည် သံဃိကဒါနကို ဘယ်တော့ခါမှ မပြုလုပ်ခဲ့ပေ။ သုဘဒ္ဒါသည်လည်း ဘဝတစ်လျှောက်လုံး၌ ဒါနကောင်းမှုများစွာကို ပြုလုပ်ခဲ့၏။ သုဘဒ္ဒါပြုလုပ်ခဲ့သော ဒါနကောင်းမှုထဲမှာ အရှင်ရေဝတမထေရ်နှင့်တကွ ရဟန်းခုနစ်ပါးကို ဆွမ်းကပ်ခဲ့သော သံဃိကဒါန ပါဝင်ခဲ့၏။ ဤသည် ဘဒ္ဒါနှင့် သုဘဒ္ဒါတို့၏ ကွာခြားမှုဖြစ်၏။ ဤကွာခြားမှုကြောင့် အကျိုးပေးသည်လည်း ကွာခြားခဲ့၏။

ဘဒ္ဒါသည် သေသည်နှင့် နတ်ပြည်ခြောက်ထပ်အနက် နှစ်ထပ်မြောက်ဖြစ်သော တာဝတိံသာနတ်ပြည်၌ သိကြားမင်း၏ အခြံအရံနတ်သမီး ဖြစ်လေ၏။ သုဘဒ္ဒါသည် သေသည်နှင့် နတ်ပြည်ခြောက်ထပ်အနက် ငါးထပ်မြောက်ဖြစ်သော နိမ္မာနရတီနတ်ပြည်၌ နတ်သမီးဖြစ်လေ၏။

အကြောင်းကို ရှာကြည့်သည့်အခါ သုဘဒ္ဒါသည် သံဃိကဒါန ပြုလုပ်ခဲ့၍ နိမ္မာနရတီနတ်ပြည်၌ နတ်သမီး ဖြစ်ရခြင်း ဖြစ်၏။ ဘဒ္ဒါသည် ပုဂ္ဂလိကဒါန ပြုလုပ်ခဲ့၍ တာဝတိံသာနတ်ပြည်၌ နတ်သမီးဖြစ်ရခြင်း ဖြစ်၏။ နတ်ပြည်ကွာခြားသလို နတ်တန်ခိုး၊ နတ်စည်းစိမ် စသည်တို့သည် လုံးလုံးမတူ ကွာခြားလှ၏။

လူတို့သည် ကောင်းသည်ကို အလိုရှိကြ၏။ ကောင်းသည်ထက် ကောင်းသည်ကို ပို၍အလိုရှိကြ၏။ အကောင်းဆုံးကို အလိုချင်ဆုံးဖြစ်၏။ အရင်းအနှီးတစ်ခုသည် ကောင်းသည်ကိုလည်း ဖြစ်စေ၏။ ကောင်းသည်ထက် ကောင်းသည်ကိုလည်း ဖြစ်စေ၏။ အကောင်းဆုံးကိုလည်း ဖြစ်စေ၏။

သို့ဆိုလျှင် သင်သည် ဘယ်လိုဖြစ်အောင် ပြုလုပ်မည်နည်း။ သင့်လက်ထဲ၌ အရင်းနှီးတစ်ခုသည် ရှိနေ၏။ အကျိုးကြီး၊ အကျိုးနည်းအောင် သင်ရွေးချယ်မှုအပေါ် မူတည်နေသည်ကို သတိထားသင့်ပါ၏။

မေတ္တာဖြင့်

ဓမ္မဇောသက-အရှင်ဩဘာသ

ကျမ်းကိုး * ဝိမာနဝတ္ထုအဋ္ဌကထာ၊ ပါရိစ္ဆတ္တကဝဂ်၊ ဒဒ္ဒလ္လဝိမာန ဝတ္ထု။

နလုံးတုန်၊ ရင်ခုန်၊ မူးမောသူများအတွက်

နန်းထိပ်တင်

နလုံးခုန်နှုန်း မမှန်ခြင်း၊ နလုံးသွေးကြော ကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှစ်ခြိုက်စွာ အိပ်မရခြင်း၊ အိပ်ရာမှ နိုးစတွင် ရင်တဒိတ်ဒိတ်ခုန်ခြင်း၊ ဦးခေါင်းမံကြည်မလင် မူးဝေခြင်း၊ စိတ်မကြည်မလင် ထိုင်းမှိုင်းခြင်း၊ အသားအရေ မွဲခြောက်ပိန်လှိခြင်း၊ မအီမသာဖြစ်ခြင်း၊ အသက်ရှူမမှန်ခြင်း၊ နလုံးနှင့်ပတ်သက်သော ရောဂါများအတွက် သုံးစွဲနိုင်ပါသည်။ ဤဆေးကို နေ့စဉ်မှန်မှန် သောက်သုံးပါက အသားအရေ စိုပြေကြည်လင် လှပနုပျို ကျန်းမာသက်ရှည်ပါမည်။

ထုတ်လုပ်ရွှင့်လိုစင်အမှတ် - ၉/၂၀၁၀ တဆထလ(၂၀၂၆)
ယာယီဆေးဝါးမှတ်ပုံတင်အမှတ် - ၀၂၁၃ Y ၀၁၀၁၇၀
ကြော်ငြာခွင့်ပြုချက် - ၂၃၁/၁၀၁၃ [တဆထက(စာနယ်ဇင်း)]

နလုံးအားတိုးဆေး

ဆင်ရုံး၊ နန်းထိပ်တင်ဆေးဆိုင် - တိုက်(၅)၊ အခန်း(၁၀၀)၊ သီရိမင်္ဂလာအိမ်ရာ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
၀၉၂၀၀၉၉၃၊ ☎ (၀၁) ၂၁၁၈၈၃

ရန်ကုန် မြည့်ခြေနှိုးဆေးဆိုင် - လိုင်အမှတ်(B-50, 51) ရွှေပြည်သို့စုံဈေး (ခုတိယထပ်)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
၀၉၄၂၁၀၀၇၇၈၃၊ ၀၉၄၂၁၀၁၈၈၂၃၀

မန္တလေး ဦးအောမြင့် မြန်မာဆေးဆိုင်နှံစိုင် - ဈောင်းဝယ်ဈေး/E ရုံ(သဇင်ရုံ)၊ အမှတ် - ၉၆(ဓမ္မဇီထပ်)၊ ဈေးရိုး မန္တလေးမြို့။ ☎ (၀၂) ၃၁၀၈၈

www.burmeseclassic.com

www.burmeseclassic.com

(က)

လူသားတို့ အသက်တမ်းကို ပျမ်းမျှအားဖြင့် (၇၅)နှစ်တမ်းဟု သတ်မှတ်သည်။ ဤသို့သတ်မှတ်ခြင်းမှာ ပရမ်းပတာဆတ်မှတ်ခြင်း မဟုတ်ပါ။ စနစ်တကျ စာပေကျမ်းကန်လာ သတ်မှတ်ထားခြင်းသာ ဖြစ်ပါသည်။

မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုတော်မူသည်မှစ၍ ရေတွက်သတ်မှတ်လာကြသော သာသနာတော်နှစ်သည် ယခုအခါ (၁၃၇၆)ခုနှစ်တွင် (၂၅၅၈)ရှိလာပြီဖြစ်သည်။ သာသနာတော်နှစ်ပေါင်း တစ်ရာ,တစ်ရာ ကြာလျှင် လူတို့အသက်တမ်း တစ်နှစ်,တစ်နှစ် ဆုတ်သည်ဟု ဆိုပါသည်။ သို့ဖြစ်ရာ ယခုအခါ သာသနာတော်နှစ်ပေါင်း (၂၅၅၈)ရှိပြီဖြစ်၍ လူတို့အသက်တမ်း (၇၅)နှစ်ကျော်သာ ရှိလေတော့သည်။ အတိအကျဆိုရသော် (၇၅)နှစ်ပင် အပြည့်အဝမရှိတော့။ (၇၄$\frac{2}{3}$)ကျော်ကျော်သာ ရှိပါတော့သည်။

မုဆွာ-နေကာ
အသက်ရှည်မှု ကျန်းမာလိုလျှင်

www.burmeseclassic.com

www.burmeseclassic.com

အများကတော့ ထင်ကြသည်။ အသက်တစ်ရာကျော်အထိ နေရသူတွေလည်း ရှိနေသည်။ သတင်းစာ အစီစဉ်ကြော်ငြာတွင်လည်း တွေ့ရသည်ဟု။ အသက်ရာကျော်၊ ရာပြည့်နီးပါး နေသွားရသူတွေ ရှိသကဲ့သို့ အသက်(၇၅)နှစ်ပြည့်မီ အရွယ်ကောင်းတွေ၊ လူရွယ်လူလတ်တွေ သေသွားကြရသူတွေ မရေမတွက်နိုင်အောင်ပင် ရှိချေသည်။ မွေးကင်းစ ကလေးများ လွန်ဘဝ ရောက်ရုံမျှဖြင့် သေကျေပျက်စီးသွားကြရသူတွေလည်း တစ်ပုံတပင်ရှိသည် မဟုတ်လော။

အသက်အကြီးဆုံးနှင့် အငယ်ဆုံး သေဆုံးသူများကို ရာခိုင်နှုန်းတွက်ကြည့်သော် ပျမ်းမျှရရှိသော အသက်တမ်းကို ယူရမည်ဖြစ်သည်။ မြန်မာတို့၏ ပျမ်းမျှသက်တမ်းမှာ (၅၅၊ ၆၀)ခန့်မျှသာ ရှိပေသည်။ ကမ္ဘာပေါ်တွင် အသက်အရွည်ဆုံးမှာ ဂျပန်လူမျိုးများဟု ဆိုကြသည်။ ကမ္ဘာနှင့်အဝှမ်း ကိန်းဂဏန်းချလျှင် သက်ကြီးရွယ်အိုအရေအတွက် များပြားလာနေသည်ဟု တွက်ဆခန့်မှန်းကြသည်။

* * *

(ခ)

မည်သို့ပင်ဖြစ်စေ အသက်ရှည်ကြာ အနာမဲ့ရေး ရန်ဟောကင်းစွာ နေလိုကြသည်သာ ဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် မနေရ၍ သေသွားကြသည့်တိုင်အောင် သေချင်ကြသည် မဟုတ်ပေ။ လူလောကကြီးမှ ထွက်ခွာချင်ကြမည် မဟုတ်ပေ။ တမင်တကာသေချင်လို့ ကြိုးဆွဲချသေကြောင်းကြံသူ၊ အဆိပ်သောက်သူတွေကတော့ ခြွင်းချက်ထားလိုက်ဖေါ့လေ။ ယနေ့ သတင်းစာ၊ ဂျာနယ်တွေထဲမှ ကြိုးဆွဲချသေသူ၊ ဆေးသောက်သေကြောင်းကြံသူ သတင်းတွေကို တွေ့နေရသည်။

လူမှုဒုက္ခကြောင့်လား၊ နိုင်ငံရေး၊ စီးပွားရေး ပယောဂတွေကြောင့်လား ဆိုတာကိုတော့ ပညာရှင်များ လေ့လာသုံးသပ်ဖို့ ကောင်းပါ၏။

ဘာပဲဖြစ်ဖြစ် မိမိတို့အပါအဝင် လူသားအားလုံးတို့ဟာ အသက်ရှည်ချင်ကြပါသည်။ ကျန်းမာချင်ကြပါသည်။ စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေချင်ကြပါသည်။ လိုရာဆန္ဒပြည့်ဝကာ နေချင်ကြသူတွေ ဖြစ်ပါသည်။

သို့အတွက် အသက်ရှည်ဆေးနည်းများ၊ လေ့ကျင့်ခန်းများ၊ ဓာတ်စာများ၊ ကျင့်စဉ်များ စသည်တို့ဖြင့် သက်ရှည်ကျန်းမာ စိတ်ချမ်းသာ၍ လိုရာဆန္ဒပြည့်ဝရေးကို ရှာဖွေကြံဆ ကျင့်သုံးနေကြပေသည်။ ဆေးဝါးဓာတ်စာတွေ စားသုံးကြသည်။ ယောဂကျင့်စဉ်တွေ ကျင့်ကြသည်။ အာယုဒီဃနည်းနာနိသယတွေ လိုက်နာကျင့်သုံးကြသည်။ သို့ရာတွင် ယနေ့အထိ လူသားတို့ အသက်ရှည်ရေး၊ ကျန်းမာရေးတွင် ခေတ်ပေါ်ရောဂါ ကင်ဆာ၊ အေ့(စ်)ရောဂါ၊ အီတိုလာရောဂါ စသည့်ကပ်ရောဂါဆိုးများက စိန်ခေါ်လျက် ရှိချေသည်။

ဘာသာတရားအရ ပြောရသော် သီလကောင်းလျှင် အသက်ရှည်သည်၊ သီလကောင်းလိုက်တာ။ အသက်ရာကျော်ရှည်တဲ့ အဘိုးပဲ၊ အတွားပဲလို့ ပြောလေ့ရှိကြ၏။

သို့ဖြစ်လျှင် အသက်ရှည်အောင် မိမိတို့ ဘယ်သီလတွေ စောင့်ထိန်းရမည်နည်း။ မည်သည့်ကိုယ်ကျင့်သီလတွေကို လုံခြုံအောင် စောင့်ထိန်းရမည်နည်း အဖြေရှိပါသည်။ အသက်ရှည်ဆေး ရှိပါသည်။

* * *

(ဂ)

ဖိုးသက်ရှည်တို့ရွာ

သူတို့ ရွာသူရွာသားများသည် အသက်ရှည်ကြသည်။ လူတိုင်း သက်တမ်းစေ့ နေသွားကြရသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် သေသူ မရှိကြ။ ထိုအခါ အသက်ငယ်ငယ် အရွယ်ကောင်းတုန်း သေဆုံးသွားသူဟူ၍ မကြားဖူးကြ။

သူတို့ရွာမှ သူကြီး၏သား လူငယ်တစ်ယောက်သည် တက္ကသိုလ်သို့ သွားရောက်ပညာသင်ယူနေ၏။ တက္ကသိုလ်ကို ဒီသာပါမောက္ခဆရာကြီးက အုပ်ချုပ်ပြီး ပညာရပ်များ သင်ကြားပို့ချပေးသည်။ တပည့်ပေါင်း၀ါးရာ ရှိ၏။

တစ်နေ့သ၌ တက္ကသိုလ်၌ ပညာသင်ယူနေသော တက္ကသိုလ်ကျောင်းသား ပါမောက္ခကြီး၏သားကြီး ရုတ်တရက် သေဆုံးသွားလေသည်။ ဆွေမျိုးသားချင်းများ၊ မိတ်ဆွေသူငယ်ချင်းများအားလုံး ပူဆွေးသောကရောက်ကာ ငိုကြွေးကြ၏။ ယူကျုံးမရ အပူလုံးကြွေကာ သောကပရိဒေဝဖြစ်နေကြလေ၏။ ဖိုးသက်ရှည်ရွာသား တက္ကသိုလ်ကျောင်းသားကား မငိုကြွေးပေ။ ပူဆွေးသောကလည်း မဖြစ်ပေ။ သေခြင်းတရားသည် သူအတွက် အဆန်းအပြားဖြစ်နေ၏။ အံ့သြစရာဖြစ်နေ၏။ အဘယ်ကြောင့်ဆိုသော် သူတို့ရွာမှာ ငယ်ငယ်ရွယ်ရွယ်နှင့် သေသူ မရှိကြ။ အသက်တမ်းစေ့ နေကြရသူချည်းပင် ဖြစ်သောကြောင့်တည်း။ သူသည် မွေးဆွေးရုံမျှမက မျက်ရည်တစ်ပေါက်မျှပင် မကျ။

www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ ပါမောက္ခဆရာကြီးနှင့်တကွ အခြားတက္ကသိုလ်ကျောင်းသားများက သူ့ကို လူထူးလူဆန်း ထင်ကြသည်။ မိမိဆရာကြီး၏သားတစ်ယောက် သေဆုံးသွားခြင်းနှင့်ပတ်သက်၍ ငိုကြွေးပူဆွေးမှုမရှိသော သူ့ကို ဘဝင်မှကျကြ၊ မကျေနပ်ကြ။ နှလုံးသားမရှိသောသူ၊ အကြင်နာတရား မရှိသော်သူဟု အပြစ်တင်ကြသည်။

သူကလည်း ငယ်ငယ်ရွယ်ရွယ်နှင့် သေဆုံးသွားခြင်းနှင့် ပတ်သက်၍ မကျေနပ်ချင်၊ ဘဝင်မကျချင်။

ငယ်ရွယ်စဉ်မှာ ဘာကြောင့်သေရသနည်း။ ငယ်တုန်းမှာ သေရဦးမှာမဟုတ်။ ဒါ မဖြစ်သင့်သောကိစ္စ။ မလျော်ကန်သော ဖြစ်ရပ်ပဲဟု မှတ်ယူလိုက်သည်။

အခြားလူများက သခ်ၤါရတရားနဲ့ အနိစ္စသဘောကို သင် မသိသလောဟု အပြစ်ပြောကြသည်။

သခ်ၤါရတရားကို ငါသိသည်။ အနိစ္စသဘောကို ငါနားလည်ပါသည်။ သို့ရာတွင် ငယ်ရွယ်သူတို့မှာ သေလေ့မရှိကြကြောင်း၊ အသက်အရွယ် ကြီးရင့်အိုမင်းသူတို့သာလျှင် သေကျေပျက်စီးလေ့ရှိကြောင်း ဖြေရှင်းလိုက်သည်။

ဤအကြောင်းကို ဒီသာပါမောက္ခဆရာကြီး သိသွားပြီးနောက် သူကြီးသားကို ခေါ်လိုက်သည်။

သူကြီးသား တက္ကသိုလ်ကျောင်းသား၏အမည်က ဓမ္မပါလ၊ ဖခင်သူကြီး အမည်ကလည်း ဦးဓမ္မပါလ၊ သူတို့ရွာ အမည်ကလည်း ဓမ္မပါလရွာ အမည်တူတွေဖြစ်၍ မှတ်ရန်လွယ်ကူလှပါဘိ။

'အမောင်ဓမ္မပါလ..သင်တို့ရွာမှာ ငယ်ငယ်ရွယ်ရွယ်နဲ့ သေသူ မရှိဘူးလို့ ပြောတာ အမှန်ပဲလား'

'အမှန်အကန်ပါ ဆရာကြီး'

ပါမောက္ခဆရာကြီးသည် ဓမ္မပါလ၏စကားကို မယုံနိုင်သဖြင့် လဲက်တွေ့စုံစမ်းကြည့်ရန် ဆုံးဖြတ်လိုက်သည်။ ဆရာကြီးသည် ဆိတ်တစ်ကောင်၏အရိုးကို လွယ်အိတ်ထဲ ထည့်ပြီး ဓမ္မပါလရွာသို့ ခရီးထွက်ခဲ့သည်။

ဓမ္မပါလရွာသို့ ရောက်သောအခါ သူကြီးအိမ်ကို မေးပြီး ဓမ္မပါလရွာသူကြီးအိမ်သို့ ရောက်သွားလေပြီ။

သူကြီးနှင့် တွေ့တဲ့အခါ ပါမောက္ခကြီးက-

'စိတ်တော့မကောင်းဘူးဗျာ။ စိတ်ကိုတော့ ခိုင်ခိုင်ထားပါ။ မိတ်ဆွေကြီးရဲ့သား သေဆုံးသွားပြီဖြစ်လို့ ဟောဒီမှာ သူ့ရဲ့အရိုးတွေကို အလွမ်းပြေကြည့်ရအောင် လာပို့တာပါ'

ပါမောက္ခကြီးရဲ့စကားကို ကြားသောအခါ ရွာသူကြီး ဓမ္မပါလက ဝမ်းမနည်းတဲ့အပြင် ဟက်ဟက်ပက်ပက် ရယ်မောလေသည်။

'ဆရာကြီး..မဟုတ်တမ်းတရမ်းတွေ လာမပြောပါနဲ့။ ငယ်ရွယ်တုန်း သေရိုးထုံးစံ မရှိပါဘူး။ ဆရာကြီးယူလာတဲ့ အရိုးကလည်း တိရစ္ဆာန်ရိုးတွေပါ'

ပါမောက္ခဆရာကြီးသည် ဓမ္မပါလရွာသူကြီး ပြောကြားမှုကို လက်ခံပြီးနောက် ဤသို့အသက်ရှည်ခြင်းနည်းလမ်းကို ပြောပြပါ ဆိုလေရာ ရွာသူကြီးက သူတို့ ရွာသူရွာသားအားလုံးတို့သည် ငါးပါးသီလလုံခြုံအောင် စောင့်ထိန်းကြကြောင်း ပြောပြလိုက်လေသတည်း။

ငါးပါးသီလစောင့်ထိန်းခြင်းအပြင် ရွာသူရွာသားတို့မှာ ဒါနပြုခြင်း၊ ဥပုသ်သီလစောင့်ထိန်းခြင်းလည်း ပြုလေ့ရှိကြကြောင်း သိရပေသတည်း။

အသက်ရှည်ချင်လျှင် ငါးပါးသီလ စောင့်ထိန်းပါ။ အသက်ရှည်ဆေး ဖြစ်ပါသည်။ (ငါးပါးသီလကို မဖော်ပြတော့ပါ။)

မုံရွာ-ဇနီဇာ

(ဇာတက၊ ဒသကနိပါတ်၊ ဓမ္မပါလဇာတ်ကို ခြယ်မှုန်းသည်။)

www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ဦးဗုဒ္ဓ မယ်တော်အား ချီးမြှင့်ခဲ့ကြသော ဒါနအကျိုးရွှေတလေး (လွယ်လင်)

စစ်ကိုင်းတံတားကြီးပေါ်မှ အနောက်တောင်ဘက်သို့ လှမ်းမျှော်ကြည့်လိုက်ပါက အင်းဝမြို့ဟောင်းကို မြင်နေရသည်။ ရှေးဦးစွာ မြင်သာသည့် အထူးခြားဆုံးမြင်ကွင်းမှာ အုတ်ကျောင်းတော်ကြီးပင် ဖြစ်၏။ ကျောင်းအမည်ကား ဟောအောင်မြေဘုံစံဟု သမုတ်မည်တွင်၏။ အုတ်က သစ်သားပုံစံကို ယူထားသဖြင့် ထူးခြားလှပေသည်။ ကုန်းဘောင်ခေတ် (၁၁၈၆)ခုနှစ် မြန်မာ့ဗိသုကာလက်ရာ ပန်းဆွဲ ပန်းဆောင်များဖြင့် ခမ်းနားထည်ဝါလှပေ၏။ ထိုကျောင်းဒကာတို့မှာ ဘကြီးတော်မင်းတရားကြီးနှင့် နန်းမတော်မယ်နတို့ ဖြစ်ပြီး သီတင်းသုံးသည့် ဆရာတော်ကား သောင်ကန်ဆရာတော် ဦးဗုဒ္ဓပင် ဖြစ်လေသည်။

ဆရာတော်ဦးဗုဒ္ဓကား သက်တော်(၅၅)နှစ်မျှသာ သက်တော်ရှည်ခဲ့၏။ အနှစ်(၂၀)ကျော်အတွင်း ကျမ်းပေါင်း(၆၀)ကျော် ပြုစုတော်မူသွားနိုင်ခဲ့သည်။ နိဿယဘာသာပြန်ကျမ်းများ အများဆုံးဖြစ်ရာ မင်္ဂလသုတ်၊ ပရိတ်ကြီး၊ ဓမ္မစကြာပါဠိ၊ နိဿယ စသောဆရာတော်၏ ကျေးဇူးကား ကလေးသူငယ်များမှအစ ပိဋကတ်သုံးပုံဆောင် ဆရာတော် ကြီးများအထိ ပုံ့နှံ့လျက်ရှိနေဆဲပင်။ ဆရာတော်ပေးခဲ့သော သင်ခန်းစာတို့မှာလည်း မကုန်မခန်းနိုင်အောင် ရှိနေပေတော့သည်။ မြန်မာနိုင်ငံသာသနာဝင်၌ ဤမျှလောက် စာပေပရိယတ္တိမှာ ချည်း ဓောက်ချစူးစိုက်သော ပုဂ္ဂိုလ်မှာ အလွန်ရှားပါးလှပေ၏။

ဆရာတော်ဘဝကား စာကြည့်စာရေးခြင်း အလုပ်သာလျှင် ဖြစ်၏။ စာသာကြည့်နေရလျှင် ပြီးတော့သည်။ စာကိုသာ ကြည့်နေရလျှင် ဆွေမျိုး၊မိဘ မေ့ရုံမျှမက မည်သည့် သာသနာပိုင်၊ မည်သည့်ရှင်ဘုရင်ကိုမျှ မတွေ့ဆုံ မပြောကြားလိုတော့ပေ။ သာသနာပိုင်ကအစ ရှင်ဘုရင်တို့ကပင် ခံညားကြရလေသည်။

ဆရာတော်ဦးဗုဒ္ဓ စာကြည့်သောအခါ မှီရှုထိုင်သောကျောင်းတိုင်ကြီးပင်လျှင် ခွက်နေသည်ဟု ပြောစမှတ်ပြုကြသည်။ ခုဒ္ဒသိက္ခာ ခေါ် ဝိနည်းပေါင်းချုပ်ကျမ်းကို နိဿယရေးစဉ်က ဆရာတော်မှာ ဒူလာသွေးဝမ်းဖြစ်နေ၏။ ကုဋ္ဌနှင့် ကျောင်း၊ ကျောင်းနှင့်ကုဋီ သွားချည်ပြန်လှည့် မသွားနိုင်တော့သဖြင့် ကုဋီထဲမှာပင် နေရာပြင်ပေးကြရ၏။ ကုဋီနံရံမှာပင် မီးသွေးနှင့် ထမင်းစေးဖျော်သုတ်ရပေးရသည်။ သစ်သားသင်ပုန်းပမာ ကဲ့ကူဆံဖြင့် စာရေးရန် ဖြစ်သည်။

ဆရာတော်ဦးဗုဒ္ဓကား ပရိယတ္တိအလုပ်ကို ထိုမျှလောက် မဆုတ်မနစ် အားထုတ်ကြိုးပမ်းခဲ့ခြင်းပင် ဖြစ်၏။ လူတို့၏ ဘဝသက်တမ်းကား လုပ်ငန်းတစ်ခု

www.burmeseclassic.com

www.burmeseclassic.com

အတွက်မျှပင် စေ့ငအောင် ဆောင်ရွက်ချိန်မရ။ တိုတောင်းလှ၏။ တိုတောင်းလှသော ဘဝတစ်သက်တာတွင် အလုပ်သုံး,လေးမျိုး လုပ်ချင်၍ မရနိုင်သည်ကို သင်ခန်းစာပေးတော်မူခဲ့၏။ အလုပ်တစ်ခုခု၌ပင်လျှင် ခွဲ၊ လုံ့လကို မည်မျှလောက် သုံးစွဲသင့်သည်ကိုလည်း လမ်းညွှန်ပြတော်မူခဲ့လေသည်။ အတုယူ အားကျဖွယ် ကောင်းပေစွ။

ညောင်ကန်ဆရာတော်ဦးဗုဒ္ဓ၏ အတ္ထုပ္ပတ္တိသဓိုင်းစဉ်မှတ်တမ်းများကို ဆက်လက်လေ့လာကြည့်ရှုမည်ဆိုပါက ဆရာတော်ချီးမြှင့်လိုက်သော ဒါနတန်ခိုးကြောင့် ဆရာတော်၏ မယ်တော်ကြီး ဒေါ်မွေး အကျိုးထူးခံစားလိုက်ရသည်ဖြစ်စဉ်များကိုပါ ထူးခြားစွာ တွေ့ရှိနိုင်ပါသဖြင့် ဆက်လက်ရေးသား ဖော်ပြလိုက်ရပေ၏။

♦ ♦ ♦

ဆရာတော်ဦးဗုဒ္ဓသည် ၄င်း၏ဆရာ ဦးပိုး(ဦးပုညဘိ) ပျံလွန်တော်မူသဖြင့် (၁၁၉၂)ခုနှစ်တွင် နန်းမတော်မယ်နု၏ အုတ်ကျောင်းကြီး၌ ကြွရောက်သီတင်းသုံးတော်မူရသည်။ ဆရာတော် အင်းဝနေပြည်တော်သို့ရောက်၍ တစ်နှစ်ခန့် အကြာတွင် ညောင်ကန်ရွာမှ မယ်တော်ကြီးက သားဆရာတော်ကို ဖူးမြော်ရန်အလို့ငှာ လိုက်လာ၏။ သားဆရာတော်၏ ခမ်းနားထည်ဝါသော အုတ်ကျောင်းကြီးကိုကြည့်ကာ မယ်တော်ကြီးမှာ ဝမ်းသာပီတိဖြစ်နေ၍မဆုံး။ 'ချက်ချင်းဆိုသလို သားဓောနှင့် အုတ်ကျောင်းကြီးပေါ်သို့ ခပ်သုတ်သုတ် တက်ရောက်သွားမိသည်။

သားဆရာတော်အနီးသို့ ရောက်ရှိသွားသောအခါ ဦးချလိုက်သော်လည်း ဆရာတော်မှာ စကြည့်မပျက်။ မယ်တော်ကြီးကို နှုတ်မဆက်အား။ အတန်ကြာသွားသောအခါ မယ်တော်ကြီးဒေါ်မွေးခမျာ ဟိုကြည့်ဒီကြည့်နှင့် နှုတ်ဆက်မည့်သူ အသိအကျွမ်းလည်းမမြင် အလိုလိုပင် အားငယ်ကာ ချုံးပွဲချင်လေတော့သည်။

ထိုအခါ ဆရာတော်သည် ကြည့်နေဆဲပေစာကို ကိုင်လျက်-

'ဒကာမကြီးက ဒီမှာလာပြီး ဘာဖြစ်လို့ ငိုနေရသတုံး'

ဟု မေးလာသောအခါ မယ်တော်ကြီးက-

'တပည့်တော်မ မောင်ပဉ္စင်းကို တွေ့မြင်ဖူးမြော်ချင်လွန်းလို့ အဆင်းရဲ အပင်ပန်းခံကာ နေပြည်တော်ကို လိုက်လာပါတယ်။ ဝမ်းမြောက်ဝမ်းသာတွေ့ရမယ်အောက်မေ့ပါ။ ခြေတော်ရင်း လာရောက်ဦးချတာတောင်မှ ဒကာမကြီးလို့ တောင် နှုတ်ဆက်ဖော်မရ။ တပည့်တော်မ ဝမ်းနည်းလွန်းလို့ပါ' ဟု ပြောဆိုရင်း ရှိုက်ကြီးတငင် ငိုနေပြန်၏။

ဆရာတော်သည် မယ်တော်စကားကြောင့် ကြည့်လက်စပေစာမှ မျက်နှာကို အသာခွာလိုက်ကာ-

'ဒကာမကြီး..ဒီလိုငိုခဲ့ရတဲ့ဘဝတွေ မရေတွက်နိုင်တော့ဘူး'

ဟုဆို၍ အနီးသို့ ရောက်လာသော ကပ္ပိယကြီးအား-

'ဒီဒကာမကြီးက ငါ့မယ်တော်ကြီးဖြစ်တယ်။ သင့်လျော်ရာ ခေါ်ယူစောင့်ရှောက်ထားလိုက်' ဟု မိန့်ဆိုကာ စာကို ကြည့်မြဲကြည့်လျက် နေတော်မူ၏။

သို့နှင့် ကပ္ပိယကြီးသည် ဆရာတော် မိန့်တော်မူသည့်အတိုင်း မယ်တော်ကြီးအား သင့်လျော်ရာနေရာ၌ နေရာပေး၍ ရက်အနည်းငယ်ခန့် ပြုစုကျွေးမွေးစောင့်ရှောက်ထားရလေ၏။ ယင်းနောက် နန်းမတော်ကြီးထံ အကြောင်းကြားလိုက်သောအခါ နန်းတော်သို့ ခေါ်ယူစောင့်ရှောက်ထားရပြန်သည်။

မယ်တော်ကြီး နေရပ်သို့ ပြန်မည်ရှိစဉ် နန်းမတော်ကြီးက ထူးမြတ်ကောင်းမွန်ရာ အဝတ်အစား၊ အသုံးအဆောင်များကို ငွေတော်ငါးပိသာနှင့်တကွ ကန်တော့၍ မယ်တော်ကြီးအား ဆရာတော်ထံ ဝန်စာရေးများနှင့် ပို့လွှတ်ဖူးမြော်စေ၏။ ညောင်ကန်ရွာအထိ လိုက်ပါပို့ဆောင်ကြမည့် မင်းမူထမ်းများပါ အထုပ်အပိုးကိုယ်စီထမ်း၍ အဖူးမြော်ဝင်ကြရာ ဆရာတော်က ပစ္စည်းများကိုကြည့်လျက်-

'အင်း..ဒကာမကြီး၊ ဒီပစ္စည်းတွေစားသုံးပြီး ကုသိုလ်ကောင်းမှုများကို ကြိုးစားအားထုတ်နေ။ ကိုင်း..ပြန်တော့ဗျာ။ စာကြည့်ပျက်တယ်' ဟု နှုတ်ဆက်ရင်း မိန့်တော်မူလိုက်လေ၏။

♦ ♦ ♦

မယ်တော်ကြီးဒေါ်မွေးသည် နေပြည်တော်မှ ညောင်ကန်သို့ ပြန်လည်ရောက်ရှိသွားကာ ညောင်ကန်ရွာတွင် (၂)နှစ်၊ (၃)နှစ်ခန့်မျှ နေထိုင်ပြီးနောက် နေပြည်တော်သို့ တစ်ဖန် ရောက်ရှိလာပြန်သည်။ ထိုအခါ နန်းမတော်ကြီးက နန်းတော်ရှေ့ရပ်ကွက် သင့်လျော်သောနေရာ၌ အိမ်တစ်လုံး ဆောက်ပေး၍ နေစေ၏။ လစာ၊ ရိက္ခာများလည်း အလုံအလောက် ထောက်ပံ့ထားလေသည်။

တစ်ခါသော် နန်းရှေ့ရပ်ကွက် မီးလောင်လေရာ မယ်တော်ကြီးအိမ်လည်း မီးထဲပါသွား၏။ မီးလောင်ခဲ့ကြ မယ်

www.burmeseclassic.com

www.burmeseclassic.com

ဆော်ကြီးမှာ ရေချိုးနေစိုက်ဖြစ်၍ မည်သည့်ပစ္စည်းမျှ မရတိုက်။ ရေချိုးပြီး လဲလှယ်ရန် ခါးဝတ်တစ်ထည်နှင့် မျက်နှာသုတ်တစ်ထည်သာ ကျန်တော့သည်။

မယ်တော်ကြီးမှာ ရုတ်တရက် သောကမီးတောက်လျှက် ကမန်းကတန်း ကြံရာမရဖြစ်သွားကာ သားဟူသော အားကိုးရာတစ်ခုတည်းနှင့် သတိရ၍ ထဘီရင်လျားနှင့် တဘက်ကလေး ပခုံးတင်လိုက်ပြီး ကျောင်းသို့ ပြေးလေ၏။

အုတ်ကျောင်းပေါ်သို့ ရောက်ရှိသွားသောအခါ မယ်တော်ကြီးသည်-

'မောင်ပဉ္စင်းရေ..တပည့်တော်မအိမ် မီးလောင်သွားပြီး ဘာပစ္စည်းမှ မရလိုက်တော့ဘူး' ဟုဆိုကာ ငိုကြွေးလေ၏။

ထိုအခါ ဆရာတော်ဦးဗုဒ္ဓသည် ထုံးစံအတိုင်း ပေစာကြည့်လျက်နေရာမှ-

'ဒကာမကြီး..တစ်သံသရာလုံးလောင်လာတဲ့မီး ကျုပ်မတားဆီးနိုင်ဘူး။ ကုသိုလ်ကံကသာလျှင် အေးငြိမ်းအောင်တားဆီးနိုင်တယ်။ ဒကာမကြီး..မီးလောင်လို့ ဆင်းရဲသလား'

'တပည့်တော်မ တစ်သက်နှင့်တစ်ကိုယ် ဒီလိုမဆင်းရဲဖူးပါဘူး မောင်ပဉ္စင်းရယ်'

'ဒကာမကြီး တစ်သံသရာလုံး ဆင်းရဲခဲ့ရပြီး ချမ်းသာချင်ရင် ခင်ဗျားပခုံးပေါ်က တဘက်ကလေးကို ကျုပ်ကို လှူခဲ့ပါလား'

ဆရာတော်ဦးဗုဒ္ဓသည် မရှိဆင်းရဲ၍ သူများ ပေးကျွေးထားသည့်အထဲကပင် မီးဘေးသင့်ခံရသော မယ်တော်ကြီး၏ ကုသိုလ်ကံကိုကြည့်ကာ တဘက်တစ်ထည်ကို အလှူခံလိုက်ခြင်းဖြစ်သည်။ မယ်တော်ကြီးခမျာမှာလည်း ကြံရာမရ သားဟူသော အားကိုးတကြီးနှင့်သွား၍ လျှောက်မိကာမှ ဘာပစ္စည်းတစ်ခုမှ မချီးမြှင့်လိုက်သည့်အပြင် တဘက်ကလေးတစ်ထည်ကိုပင် လှူခဲ့ရချေလေ၏။

ထိုသတင်းမှာ နန်းတွင်းနန်းပြင် ရုတ်တရက်ပြန့်သွားလေရာ ကျောင်းအမကြီး နန်းမတော်မယ်နုကအစ ဝန်မင်း၊ အမတ်မင်း၊ မင်းမှူထမ်းများကပါ ဝိုင်းဝန်းပေးကမ်းကြ၏။ အသုံးအဆောင်များမှာ ရှေ့ကထက် အဆများစွာ သာလွန်ပေါများသွား၏။ နန်းမတော်ကြီးကလည်း ခေတ္တမျှ နန်းတွင်း၌ နေရာချထားပြီး အိမ်တစ်ဆောင်ကို လျင်မြန်စွာဆောက်လုပ်ပေးလေသည်။ လျှပ်တစ်ပြက်ဆိုသလို ဆရာတော်က အလှူခံသဖြင့် လှူလိုက်ရသော တဘက်ကလေးတစ်ထည်၏ အလှူဒါနကား ချက်ချင်းအကျိုးပေးသည်ဟု ဆိုရပေတော့မည်။

မယ်တော်ကြီးသည် နန်းမတော်မယ်နု ဆောက်လုပ်ပေးသောအိမ်ကြီး၌ (၂)နှစ်ကျော်ခန့် နေထိုင်ပြီး ကွယ်လွန်သွားရှာလေရာ ဆရာတော်အား သွားရောက်၍ အကြောင်းကြားသော် ဆရာတော်က-

'သေလျှင် သင်္ဂြိဟ်လိုက်ကြတာပါ' ဟု တိုတိုတုတ်တုတ် မိန့်တော်မူလိုက်လေ၏။

မယ်တော်ကြီးရုပ်ကလာပ် သင်္ဂြိဟ်မည့်ရက်တွင် ဆရာတော် ကြွလာလိမ့်မည်ဟု ယူဆကာ ကြွလိုကြွငြား အုတ်ကျောင်းအနီးလမ်းက ထုတ်ဆောင်သင်္ဂြိဟ်ရန် စီမံဆောင်ရွက်ကြ၏။

'ဆရာတော်ထံ အသုဘရွှေကြိတ်မူပါ။ ဒီနေ့ သင်္ဂြိဟ်ပါမည်' ဟုလည်း မလျှောက်ထားဝံ့ကြ။

မယ်တော်ကြီးရုပ်ကလာပ်ကို ခမ်းနားသိုက်မြိုက်စွာ ပို့ဆောင်ကြ၍ ကျောင်းအနီးသို့ရောက်လျှင် ခေတ္တရပ်တန့်ကာ စည်မောင်းများကို အသံမဲ့ တီးခတ်ရန်သာ အမိန့်ပေးထား၏။

စည်သံမောင်းသံများ ဆူညံစွာ တီးမှုတ်နေကြသော်လည်း ဆရာတော်ကား ကျောင်းပေါ်၌ စာကြည့်မပျက်။

အကန်ကြာလျှင် တပည့်ကြီးများဖြစ်သော တိုက်အုပ်၊ တိုက်ကြပ်များက-

'ဆရာတော်ဘုရား၊ မယ်တော်ကြီး စျာပနသင်္ဂြိဟ်ရန် အလောင်းတော်ကျောင်းအနားပင် ရောက်ရှိနေပါပြီဘုရား'

ဟု လျှောက်ကြလေရာ ဆရာတော်သည် ကြည့်လက်စ ပေစာကို လက်မှကိုင်ရင်းက ပြတင်းပေါက်အနီးသို့ လျှောက်သွားကာ မယ်တော်ကြီးစျာပနရှိရာ လူအုပ်ကြီးဆီသို့ တစ်ချက်မျှ လှမ်းမျှော်ကြည့်လိုက်ပြီး-

'အင်း..ဒကာမကြီးက တို့အရင်ကျသကိုး။ သွားနှင့်ပေဦးတော့' ဟုဆိုကာ နေရာ၌ပြန်ထိုင်၍ ကြည့်လက်စ ပေစာကို ကြည့်မြဲကြည့်လျက် နေတော်မူလေတော့သတည်း။

သုခီအတ္တာနံ ပရိဟရန္တု

ရွှေတောလေး(လွယ်လင်)

ကျမ်းကိုး

* ဓမ္မာစရိယ ဦးဥေးလှိုင်၏ မမွှေတ ပထမတွဲ၊ (၁၉၈၅)ခုနှစ်၊ ဒီဇင်ဘာလထုတ်။

www.burmeseclassic.com

www.burmeseclassic.com

တင်ဆွန်းလှိုင် (မြစ်သား)

မြန်မာမှုအစဉ်အလာနှင့် မြန်မာ့ဆယ့်နှစ်လရာသီပုံရိပ်များ

ဘိုးတော်အဆွန့်မင်း ဖြိုကြွင်းသော အဆွန့်သက္ကရာဇ်အဖြစ် သုံးစွဲခဲ့လေသည်။

အဆွန့်သက္ကရာဇ်အတွင်းမှာပင် ဂေါတမဘုရားရှင် ပွင့်တော်မူပြီး ထိုအဆွန့်သက္ကရာဇ်(၁၄၈)ခုနှစ်တွင် ပရိနိဗ္ဗာန်စံတော်မူသည်။ မဂဓတိုင်း ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်အဇာတသတ်မင်းကြီးက အရှင်မဟာကဿပမထေရ် ရဟန္တာအရှင်မြတ် ကြီးမှူး၍ ပထမသင်္ဂါယနာ တင်တော်မူခြင်းကို အကြောင်းပြုလျက် အဆွန့်သက္ကရာဇ်ကိုဖြိုပြီး ဗုဒ္ဓသာသနာနှစ် သက္ကရာဇ်(၁)ခုက စတင်အသုံးပြုခဲ့လေသည်။

၄င်းသက္ကရာဇ်(၆၂၄)ခုနှစ်သို့ ရောက်လတ်သောအခါ သုနာပရန် တမ္ဗဒီပ သရေခေတ္တရာပြည့်ရှင်ဘုရင် သုမုဒ္ဓိမင်းလက်ထက်တွင် ရှေးဆရာပညာရှိ ရသေ့ကြီးများ၏နည်းအရ ဒေါဒေါရသ ခေါ် နှစ်ရှည်သက္ကရာဇ်ဖြို့ကိန်းနှင့် ကြုံကြိုက်သဖြင့် (၆၂၄)ခုနှစ်မှ ဒေါဒေါရသ (၆၂၂)ဖြို့၍ ကျန်နှစ်ခုကို သုမုဒ္ဓရာဇ်(သရေခေတ္တရာ)သက္ကရာဇ်အဖြစ် သတ်မှတ်သုံးစွဲခဲ့ပြန်သည်။

သုမုဒ္ဓရာဇ်သက္ကရာဇ်(၅၆၂)ခုနှစ်သို့ ရောက်ပြန်သော

မြန်မာ့ဆယ့်နှစ်လရာသီပုံရိပ်များ စာစုကို တင်ပြရမည်ဆိုလျှင် မြန်မာသက္ကရာဇ် ဖြစ်ပေါ်လာပုံကို ရှေးဦးစွာ တင်ပြလိုပေသည်။

မြတ်စွာဘုရား၏ဘိုးတော် (သီရိမဟာမာယာဒေဝီ၏ ခမည်းတော်) ဒေဝဒဟပြည့်ရှင် ဘုရင်အဆွန့်မင်းကြီး (ခေါ်) မဟာသုပ္ပဗုဒ္ဓမင်းကြီးလက်ထက် ဒိဗ္ဗစက္ခုအာဘိညာဉ်ရ ဒေဝိလရသေ့နှင့် တိုင်ပင်၍ ရှိရင်းစွဲရောက်ဆဲဖြစ်သော သက္ကရာဇ်(၈၆၄၇)ခုနှစ်မှ (၈၆၄၅)နှစ်ဖြိုပြီးလျှင် ကျန်(၂)နှစ်ကို

www.burmeseclassic.com

www.burmeseclassic.com

အခါ ပေါက်ပြည့်ရှင် ဆရာသခင်ရာဇ ခေါ် ပုပ္ပားစောရဟန်းငင်းလက်ထက် ခန်းဆပဒ္မာ ခေါ် နှစ်တိုသက္ကရာဇ်ဖြိုကိန်းကြိုကြိုက်ပြန်သည်နှင့် (၅၆၂)နှစ်မှ ခန်းဆပဒ္မာ(၅၆၀) ဒြပ်ပြီး ကျန်(၂)ခုကို ပေါက်သက္ကရာဇ်အဖြစ် ယနေ့အထိ အဖြိမရှိတော့ဘဲ ဆက်လက်သုံးစွဲခဲ့ကြသည်။

ယင်းသုံးစွဲလာခဲ့သည့် ပေါက်ရာဇ်ကို ယခုအခါ မြန်မာကောဇာသက္ကရာဇ်ဟု ခေါ်ဝေါ်ရေးသားကြ၏။

ကောဇာသက္ကရာဇ်နှင့် သာသနာနှစ်

ယခု ကောဇာသက္ကရာဇ်နှင့် သာသနာနှစ်တို့မှာ ကွဲပြားခြားနားလျက်ရှိ၏။ ကောဇာသက္ကရာဇ်မှ တစ်ထောင့်သုံးရာကျော်သာ ရှိသေးသော်လည်း သာသနာနှစ်မှာ နှစ်ဆောင်ငါးရာကျော် ရှိနေပြီဖြစ်သည်။

ထိုသို့ကွဲပြားခြားနားရသည်မှာ ဂေါတမဘုရားရှင် ဗရိနိဗ္ဗာန်စံဝင်ပြီးနောက် အရှင်မဟာကဿပ ရဟန္တာမထေရ်နှင့် အဇာတသတ်မင်းတို့ သင်္ဂါယနာတင်သောနှစ်ကို ပထမခုလုပ္ပဒ္ဒသာသနာ(၁)ခု သုံးစွဲခဲ့လေသည်။ ထိုစဉ်က သက္ကရာဇ်(၂)မျိုး မရှိသေးချေ။

ထိုသာသနာသက္ကရာဇ်(၆၂၄)ခုနှစ်တွင် သုမန္တြီမင်းက ဒေါဒေါရသကိန်း(၆၂၂)ဖြို၍ သက္ကရာဇ်(၂)ခု အကြွင်းထားပြီး သုံးစွဲသောအခါမှ သာသနာနှစ်နှင့် ကောဇာသက္ကရာဇ်ဟူ၍ (၂)မျိုးကွဲပြားလာခြင်းဖြစ်သည်။ ယခု မြန်မာနိုင်ငံ၌ ကောဇာသက္ကရာဇ်ကို အစဉ်အမြဲသုံးစွဲပြီး သာသနာနှစ်ကိုမူ အသိအမှတ်ပြုသည့်သဘောဖြင့်သာ သုံးစွဲလျက်ရှိသည်။

သုမန္တြီမင်း၏ ကောဇာသက္ကရာဇ်(၅၆၂)နှစ်ကို ပုပ္ပားစောရဟန်းမင်းက ခန်းဆပဒ္မာကိန်း(၅၆၀) ဖြိုပြန်ရာ ယခင်ဖြိုသောနှစ်(၆၂၂)နှင့် ယခုတစ်ဖန်ဖြိုသော(၅၆၀) နှစ်ခုဆေါင်း(၁၁၈၂)သည်ပင်လျှင် သာသနာနှစ်နှင့် ကောဇာသက္ကရာဇ်တို့၏ ခြားနားရခြင်း ဖြစ်သည်။

သာသနာနှစ်တွက်နည်း

သာသနာနှစ်ကိုသိလိုသော် ကောဇာနှစ်ပေ တည်ထားလေ၍ ဒွေးနှင့်အဋ္ဌ ဧကဧကာနောတုံပါမူ သာသနာနှစ် အမှန်ဖြစ်၍ဟူသော လင်္ကာနှင့်အညီ အောက်ပါတိုင်း တွက်ရပါသည်။

ဒွေး(၂)၊ အဋ္ဌ(၈)၊ ဧက(၁)၊ ဧကာ(၁)။

၄င်းကို ပြောင်းပြန်ယူသော် (၁၁၈၂)ဖြစ်သည်။

ရောက်ရှိလာသော ကောဇာသက္ကရာဇ်နှင့်ပေါင်းသော် သာသနာနှစ် ရ၏။ ဥပမာ-

ယခုသက္ကရာဇ် ၁၃၇၇

နှောရန် ၁၁၈၂

အတိတ်သာသနာနှစ် ၂၅၁၉ နှစ် ဖြစ်၏။

အဆိုပါ(၁၁၈၂)မှာ သုမန္တြီမင်းဖြိုသော သက္ကရာဇ်(၆၂၂)နှင့် ပုပ္ပားစောရဟန်းမင်းဖြိုသော သက္ကရာဇ်(၅၆၀) တို့ပေါင်း၍ ရရှိသည့် ကိန်းဂဏန်းပင် ဖြစ်ပါ၏။

ဥတုသုံးပါး

၁။ နွေဥတု တပေါင်းလပြည့်ကျော် (၁)ရက်မှ ဝါဆိုလပြည့်နေ့အထိ။

၂။ မိုးဥတု ဝါဆိုလပြည့်ကျော် (၁)ရက်မှ တန်ဆောင်မုန်းလပြည့်နေ့အထိ။

၃။ ဆောင်းဥတု တန်ဆောင်မုန်းလပြည့်ကျော် (၁)ရက်မှ တပေါင်းလပြည့်အထိ။

ဥတုသုံးမျိုး

မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာန ပညာရေးဦးစီးဌာနမှ အခြေခံပညာသင်ရိုးအဖြစ် ပြဋ္ဌာန်းထားသော ဥတုသုံးမျိုး ရှိသည်။

(၁) နွေဥတု-မတ်လ၊ ဧပြီလ၊ မေလ သုံးလဖြစ်၏။

(၂) မိုးဥတု-ဇွန်လ၊ ဇူလိုင်လ၊ သြဂုတ်လ၊ စက်တင်ဘာလ၊ အောက်တိုဘာလ ငါးလဖြစ်၏။

(၃) ဆောင်းဥတု-နိုဝင်ဘာလ၊ ဒီဇင်ဘာလ၊ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ လေးလဖြစ်၏။

ဝိထိသုံးပါး (နေသွားလမ်း)

၁။ ဗာဟိရဝိထိ - တန်ဆောင်မုန်းလဆန်း (၁၅)ရက်မှ တပေါင်းလဆန်း (၁၅)ရက် လေးလကြာသည့်တိုင် အသွားအပြန်ပြုရသော အပြင်လမ်း။

၂။ မဇ္ဈေဝိထိ - တပေါင်းလဆန်း (၁၅)ရက်မှ ကဆုန်လပြည့်နေ့အထိ နှစ်လကြာသည့်တိုင် အသွားပြုရသော အလယ်လမ်း၊ တော်သလင်းလဆန်း (၁၅)ရက်မှ တန်ဆောင်မုန်းလပြည့်နေ့အထိ (၂)လကြာသည့်တိုင်အောင် အပြန်ပြုရသော အလယ်လမ်း။

၃။ အန္တောဝိထိ - ကဆုန်လဆန်း (၁၅)ရက်မှ တော်သလင်းလပြည့်နေ့အထိ (၄)လကြာသည့်တိုင်အောင် ပြုရသော အသွားအပြန်ပြုရသော အတွင်းလမ်း။

ကာလသုံးပါး

(၁) အတီတ - လွန်ပြီးသောအတိတ်ကာလ၊

www.burmeseclassic.com

www.burmeseclassic.com

(၂) ပစ္စုပ္ပန္ - ယခုဖြစ်ဆဲမျက်မှောက်ကာလ၊
(၃) အနာဂတ် - မရောက်လာသေးသော၊ မဖြစ်သေးသော အနာဂတ်ကာလ။

ညည်သုံးယံ

၁။ ညည်ဦးယံ - ညနေ(၆)နာရီမှ ည၌(၁၀)နာရီထိ (ပုရိမယာမ)၊
၂။ သန်းခေါင်ယံ - ည၌(၁၀)နာရီမှ နံနက်(၂)နာရီထိ (မဇ္ဈိမယာမ)၊
၃။ မိုးယောက်ယံ - နံနက်(၂)နာရီမှ နံနက်(၆)နာရီထိ (မစ္ဆိမယာမ)။

ဆယ့်နှစ်လရာသီ

(၁) တန်ခူးလ - မိသရာသီ
(၂) ကဆုန်လ - ပြိဿရာသီ
(၃) နယုန်လ - မေထုန်ရာသီ
(၄) ဝါဆိုလ - ကရကဋ်ရာသီ
(၅) ဝါခေါင်လ - သိဟ်ရာသီ
(၆) တော်သလင်းလ - ကန်ရာသီ
(၇) သီတင်းကျွတ်လ - တူရာသီ
(၈) တန်ဆောင်မုန်းလ - ဗြိစ္ဆာရာသီ
(၉) နတ်တော်လ - ဓနုရာသီ
(၁၀)ပြာသိုလ - မကာရရာသီ
(၁၁)တပို့တွဲလ - ကုံရာသီ
(၁၂)တပေါင်းလ - မိန်ရာသီ။

ဆယ့်နှစ်ရာသီမိုး

(၁) တန်ခူးမည်မှတ် ဖတ်ဆွတ်ရေတိုး သကြိန်မိုး။
(၂) ကဆုန်အတွင်း မြေသင်းပျံ့ပျံ့ မိုးနှဲ့နှဲ့။
(၃) နယုန်မိုးသေး မြက်သားမွေး။
(၄) ဝါဆိုလပြောင်း မိကျောင်းဖွေးဖွေး မိုးအေးအေး။
(၅) ဝါခေါင်တကြော်ငင်း ထနောင်းကြောင်ကျစ် ဆူးရစ်ပွင့်ကာ မိုးမရွာ ရွာပါသော်လည်း မိုးမသည်း။
(၆) တော်သလင်းတိမ်ညို စားဖိုသည်ဆင်းရဲ မိုးမစဲ။
(၇) သီတင်းကျွတ်တွင် ပလွင်ဆေးမိုး ရွာသွန်းဖြိုး။
(၈) တန်ဆောင်မုန်းတွင်း ဆီးနှင်းတစ်ပြိုက် မိုးတစ်လိုက်။
(၉) နတ်တော်ရောက်ငြား မိုးသားမငြိမ် ဆင်ရာတိမ်။
(၁၀)ပြာသိုချမ်းပြင်း ဆီးနှင်းရောယှက် နှမ်းပုံပျက်။
(၁၁)တပို့တွဲ နွဲ့၍ရွာခြင်း သန်မိုးကြွင်း။
(၁၂)တပေါင်းလည်းကူး မိုးသားကျူး။

ဆယ့်နှစ်ရာသီပန်း

(၁) တန်ခူးလ - ကုံကော်ပန်း၊
(၂) ကဆုန်လ - စံကားဝါပန်း၊
(၃) နယုန်လ - စံပယ်ပန်း၊
(၄) ဝါဆိုလ - ပုန်းညက်ပန်း၊
(၅) ဝါခေါင်လ - ခတ္တာပန်း၊
(၆) တော်သလင်းလ -ယင်းမာပန်း၊
(၇) သီတင်းကျွတ်လ - ကြာဖြူ၊ ကြာနီ၊ ကြာညို၊ ကြာတံဆိပ်၊ ကြာခေါင်းလောင်း။
(၈) တန်ဆောင်မုန်းလ - ခဝဲပန်း၊
(၉) နတ်တော်လ - သဇင်ပန်း၊ ဂမုန်းပန်း၊
(၁၀)ပြာသိုလ - ခွာညိုပန်း၊
(၁၁)တပို့တွဲလ - ပေါက်ပန်း၊ လဲပန်း(လက်ပံ)၊
(၁၂)တပေါင်းလ - သရဖီပန်း။

ဆယ့်နှစ်လရာသီ ရုပ်ပုံများ

ဗေဒင်အလိုအရ နက္ခတ်(၂၇)လုံးရှိသည်။ တစ်လုံးတည်းဖြင့် နက္ခတ်ဟုသမုတ်ခြင်း မဟုတ်ပါ။ နက္ခတ်ဗေဒင်အရ ကြယ်တစ်လုံး (သို့မဟုတ်) ကြယ်အစုဝေးတစ်ခုကို နက္ခတ်တစ်လုံးအနေဖြင့် ယူဆသတ်မှတ်ထားခြင်းဖြစ်သည်။ ထိုကြယ်စု၏ ပုံသဏ္ဌာန်ကိုလိုက်၍ ရာသီတစ်ခွင်စီအား ရုပ်ပုံတစ်ခုစီဖြင့် သတ်မှတ်ထားခြင်းဖြစ်ပါ၏။

ငွင်းရာသီအလိုက် ရုပ်ပုံတို့မှာ-

(၁) မိသရာသီ - ဆိတ်၊
(၂) ပြိဿရာသီ - နွား၊
(၃) မေထုန်ရာသီ - ကိန္နရီမောင်နှံစုံတွဲ၊
(၄) ကရကဋ်ရာသီ - ပုစွန်၊
(၅) သိဟ်ရာသီ - ခြင်္သေ့၊
(၆) ကန်ရာသီ - စပါးနှံကိုင်သည့် နတ်ကညာ၊
(၇) တူရာသီ - ချိန်ခွင်၊
(၈) ဗြိစ္ဆာရာသီ - ကင်းမလက်မည်း၊
(၉) ဓနုရာသီ - လေးကိုင်သည့်ပုံ၊
(၁၀)မကာရရာသီ - မကန်းခေါ်မိကျောင်း၊
(၁၁)ကုမ်ရာသီ - မြူအိုး၊
(၁၂)မိန်ရာသီ - ငါးကြင်း..တို့ ဖြစ်သည်။

ဆယ့်နှစ်လရာသီ စန်းယှဉ်နက္ခတ်များ

(၁) မိသရာသီ - စိတြနက္ခတ်၊

www.burmeseclassic.com

www.burmeseclassic.com

(၂) ပြိဿရာသီ - ဝိသာခါနက္ခတ်၊
(၃) မေထုန်ရာသီ - ဇေဋ္ဌနက္ခတ်၊
(၄) ကရကဋ်ရာသီ - ဗြဟ္မာသဒ္ဓနက္ခတ်၊
(၅) သိဟ်ရာသီ - သရဝဏ်နက္ခတ်၊
(၆) ကန်ရာသီ - ဗြဟ္မာပုရပိုက်နက္ခတ်၊
(၇) တူရာသီ - အဿဝဏီနက္ခတ်၊
(၈) ဗြိစ္ဆာရာသီ - ကြတ္တိကာနက္ခတ်၊
(၉) ဓနုရာသီ - မိဂသီနက္ခတ်၊
(၁၀)မကာရရာသီ - ဖုဿနက္ခတ်၊
(၁၁)ကုမ်ရာသီ - မာဃနက္ခတ်၊
(၁၂)မိန်ရာသီ - ဘရဏီနက္ခတ်။

ရာသီစက်ဝန်း လှည့်ပတ်ရာတွင် နက္ခတ်နှစ်ဆယ့်ခုနှစ်လုံးရှိရာ အာသဝဏီမှစ၍ ရေဝတီအဆုံးထိ ရေတွက်ပါသည်။ ရာသီတိုင်းတွင် စန်းယှဉ်သောနက္ခတ် သုံးလုံးစီရှိ၏။ ထိုရာသီကာလများ၌ နေရောက်ရှိနေသော ရာသီစက်ဝန်း၏ တစ်ဖက်ခြမ်းတွင် နေနှင့် တည့်မတ်စွာရှိနေသည့် အထွန်းလင်းဆုံး၊ အတောက်ပဆုံး နက္ခတ်အား စန်းယှဉ်နက္ခတ်ဟု သတ်မှတ်ထားခြင်း ဖြစ်ပါ၏။

ဆယ့်နှစ်လရာသီပွဲတော်များ

(၁) တန်ခူးလ - နှစ်သစ်ကူးသင်္ကြန်ပွဲတော်၊
(၂) ကဆုန်လ - ညောင်ရေသွန်းပွဲတော်၊
(၃) နယုန်လ - စာတော်ပြန်ပွဲတော်၊
(၄) ဝါဆိုလ - ရဟန်းခံဝါဆိုပွဲတော်၊
(၅) ဝါခေါင်လ - စာရေးတံမဲပွဲတော်၊
(၆) တော်သလင်းလ - လေ့ပြိုင်ပွဲ၊ ဆီမီးမျှောပွဲ၊
(၇) သီတင်းကျွတ်လ - မီးထွန်းပွဲ၊ မြင်းမိုရ်ပွဲတော်၊
(၈) တန်ဆောင်မုန်းလ - ကထိန်အလှူပွဲ၊ တန်ဆောင်တိုင်ပွဲတော်၊
(၉) နတ်တော်လ - နတ်သဘင်ပွဲ၊ စာဆိုပွဲ၊
(၁၀)ပြာသိုလ - ဆင်ခင်း၊ မြင်းခင်းပွဲသဘင်၊
(၁၁)တပို့တွဲလ - နက္ခတ်မီးသဘင်၊ ထမနဲပွဲ၊
(၁၂)တပေါင်းလ - တပေါင်းပွဲ၊ သဲပုံစေတီပွဲတော်။

နေ့ညအချိန်အခေါ်အဝေါ်

ရှေးအခါက မြန်မာတို့သည် နေ့အချိန်တွင် နေကိုကြည့်၍လည်းကောင်း၊ ညအခါတွင် ကြက်တွန်သံကို နားထောင်၍လည်းကောင်း အချိန်အတိုင်းအတာ အမည်များပေး၍ ခေါ်ဝေါ်သုံးနှုန်းခဲ့ကြသည်။ ယင်းမြန်မာမှုဓလေ့တစ်ခုဖြစ်သော နေ့အချိန်၊ ညအချိန် အခေါ်အဝေါ်နှင့် စက်နာရီတို့ကို ယှဉ်တွဲ၍ ဖော်ပြလိုက်ပါသည်။

နေထွက်တပြူးအချိန် နံနက်(၆)နာရီခန့်၊
နေထန်းတစ်ဖျားအချိန် နံနက်(၈)နာရီခန့်၊
ဆွမ်းခံပြန်ချိန် နံနက်(၉)နာရီခန့်၊
မွန်းတည့်ချိန် နေ့(၁၂)နာရီ၊
မွန်းတိမ်းချိန် နေ့(၁)နာရီ၊
နေစောင်းချိန် နေ့(၂)နာရီခန့်၊
နေကျချိန် နေ့(၃)နာရီခန့်၊
နေစွယ်ကျိုးချိန် ညနေ(၄)နာရီ၊
နေအေးချိန် ညနေ(၅)နာရီ၊
နေတောင်တင်၊ နေဝင်ရီတရော၊ နေဝင်ဆည်းဆာ၊ နေဝင်ဖျိုးဖျအချိန် (၆)နာရီ၊ (၆)နာရီခွဲ၊
အိပ်တန်းတက်ချိန် (၆)နာရီ၊
သူငယ်အိပ်ဆိတ်ချိန် ည(၈)နာရီ၊
သက်ကြီးခေါင်းချချိန် ည(၁၀)နာရီ၊
လူလင်ပြန်ချိန် ည(၁၁)နာရီ၊
သန်းခေါင်ကြက်ချိန် ည(၁၂)နာရီ၊
ကြက်ဦးတွန်ချိန် နံနက်(၃)နာရီ၊
လင်းကြက်ဆော်ချိန် နံနက်(၄)နာရီ။

ဆယ့်နှစ်လရာသီ နေ့နာရီ၊ ညနာရီ

မြန်မာတို့တွင် တစ်နေ့လျှင် နာရီ(၆၀)ရှိသည်။ နေ့နာရီနှင့် ညနာရီတို့သည် တစ်လနှင့်တစ်လ မတူညီ။ ခြားနားမှုများရှိသည်။ မည်သည့်လတို့တွင် နာရီမည်မျှရှိကြသည်ကို သိရှိရန် တွက်နည်းရှိသည်။

ယင်းတွက်နည်းမှာ အောက်ပါလင်္ကာဖြင့် တန်ခူးလက စ၍ယူပါ။

ပ၊ သံ၊ တာ၊ ရှည်၊ တီး၊ သံ၊ မည်၊ လက်၊ စည်၊ ကံ၊ စ၊ ရေး၊ တစ်ဆယ်တိုး၍ တံပိုးတင် ညဉ့်လျှင် အကြွင်းပေး။

တန်ခူးလ 'ပ' ကြာသပတေး(၅)၊ တစ်ဆယ်တိုး(၁၅)၊ တံပိုးတင်(၃၀)။

နာရီ(၆၀)တွင် (၃၀)နှုတ်၊ (၃၀)ကြွင်း၊ နေ့နာရီ (၃၀)၊ ညနာရီ(၃၀)ဖြစ်၏။ နေ့တာနှင့် ညတာ ညီမျှသည်။

ဤနည်းအတိုင်း တွက်ယူသော်-

၁။ တန်ခူးလ နေ့နာရီ(၃၀)၊ ညနာရီ(၃၀)၊
၂။ ကဆုန်လ နေ့နာရီ(၃၂)၊ ညနာရီ(၂၈)၊

www.burmeseclassic.com

www.burmeseclassic.com

၃။ နယုန်လ နေ့နာရီ(၃၄)၊ ညနာရီ(၂၆)၊
၄။ ဝါဆိုလ နေ့နာရီ(၃၆)နာရီ၊ ညနာရီ(၂၄)၊
၅။ ဝါခေါင်လ နေ့နာရီ(၃၄)နာရီ၊ ညနာရီ(၂၆)၊
၆။ တော်သလင်းလ နေ့နာရီ(၃၂)၊ ညနာရီ(၂၈)၊
၇။ သီတင်းကျွတ်လ နေ့နာရီ(၃၀)၊ ညနာရီ(၃၀)၊
၈။ တန်ဆောင်မုန်းလ နေ့နာရီ(၂၈)၊ ညနာရီ(၃၂)၊
၉။ နတ်တော်လ နေ့နာရီ(၂၆)၊ ညနာရီ(၃၄)၊
၁၀။ ပြာသိုလ နေ့နာရီ(၂၄)၊ ညနာရီ(၃၆)၊
၁၁။ တပို့တွဲလ နေ့နာရီ(၂၆)၊ ညနာရီ (၃၄)၊
၁၂။ တပေါင်းလ နေ့နာရီ(၂၈)၊ ညနာရီ(၃၂)၊

တန်ခူးလနှင့် သီတင်းကျွတ်လသည် နေ့တာနှင့်ညတာ ညီမျှ၏။ နေ့တာအရှည်ဆုံးလမှာ ဝါဆိုလဖြစ်ပြီး ညတာအရှည်ဆုံးလမှာ ပြာသိုလဖြစ်၏။ မြန်မာနာရီ(၂)နာရီခွဲတွင် စက်နာရီ(၁)နာရီ ရှိသည်။

ဆယ့်နှစ်လရာသီ နေမွန်းတည့်ချိန်

စစ်၊ ကိုင်း၊ အ၊ နောက်၊ အုတ်၊ ကျောက်၊ စု၊ ရာ၊ မ၊ သာ၊ ပေ၊ လော့၊ သဘောခဲစွာ ဤနည်းမှာ ရေပါအစ တန်ခူးလ။

အထက်ပါ လက်ာလေးကို အလွတ်ကျက်မှတ်ထားရုံဖြင့် လအလိုက် နေမွန်းတည့်ချိန်ကို လွယ်ကူစွာ သိရှိနိုင်၏။

နေပူထဲတွင် မတ်တတ်ရပ်၍ မိမိအရိပ်ကို မှတ်သားထားပြီးနောက် မိမိ၏ ခြေဖဝါးဖြင့် တိုင်း၍ယူရသည်။

၁။ တန်ခူးလ စစ်(၃)ဖဝါးမွန်းတည့်၊
၂။ ကဆုန်လ ကိုင်း(၂)ဖဝါးမွန်းတည့်၊
၃။ နယုန်လ အ(၁)ဖဝါးမွန်းတည့်၊
၄။ ဝါဆိုလ နောက်(၇)ဖဝါးမွန်းတည့်၊
၅။ ဝါခေါင်လ အုတ်(၁)ဖဝါးမွန်းတည့်၊
၆။ တော်သလင်းလ ကျောက်(၂)ဖဝါးမွန်းတည့်၊
၇။ သီတင်းကျွတ်လ စု(၃)ဖဝါးမွန်းတည့်၊
၈။ တန်ဆောင်မုန်းလ ရာ(၄)ဖဝါးမွန်းတည့်၊
၉။ နတ်တော်လ မ(၅)ဖဝါးမွန်းတည့်၊
၁၀။ ပြာသိုလ သာ(၆)ဖဝါးမွန်းတည့်၊
၁၁။ တပို့တွဲလ ပေ(၅)ဖဝါးမွန်းတည့်၊
၁၂။ တပေါင်းလ လော့(၄)ဖဝါးမွန်းတည့်။

ဆယ့်နှစ်လရာသီ အရုဏ်တက်ချိန်

ဆယ့်နှစ်လရာသီ အရုဏ်တက်ချိန်ကို လွယ်ကူစွာ တွက်ချက်သိရှိနိုင်ရန်အတွက် လက်ာလေးဖြင့် မှတ်သားထားခဲ့ကြသည်။ ယင်းလက်ာမှာ-

ခူး-ပြန်၊ နှင်းထွေး၊ ဆုန်-လေး၊ ပေါနေ၊ ယုန်-ငေ၊ ဝေထပ်၊ ဆို-လတ်၊ စာတော်၊ ခေါင်-လှော်၊ လူထု၊ လင်း-လှူ။ မထွေး၊ ကျွတ်-မေ၊ နင်တို့၊ မုန်း-ဖို့၊ အော်နေ၊ တော်-မြေ၊ ကျော်ဌေး၊ ပြာ-ပေး၊ ဆန်တောင်း၊ တွဲ-ပေါင်း၊ ခေါ်နေ၊ ပေါင်း-ပျော်၊ အထွတ်၊ အရုဏ်တက်၊ မပျက်တွက်လို့ရေ ဟူ၍ ဖြစ်၏။

တန်ခူးလ၏ အရုဏ်တက်ချိန်ကို သိလိုသော် ခူး-ပြန်၊ နှင်းထွေးဟူသော လက်ာအရ ခူးသည် တန်ခူးလ၊ ပြန်နှင်းထွေးမှာ (၅း၀၀)နာရီတိတိအချိန်ဖြစ်သည်။ အခြားလများကိုလည်း ယင်းနည်းအတိုင်း တွက်ရသည်။

အထက်ပါလက်ာနှင့်အညီ လအလိုက် အရုဏ်တက်ချိန်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ တန်ခူးလ (၅)နာရီတိတိအချိန်၊
၂။ ကဆုန်လ (၄)နာရီ (၅၀)မိနစ်အချိန်၊
၃။ နယုန်လ (၄)နာရီ (၄၀)မိနစ်အချိန်၊
၄။ ဝါဆိုလ (၄)နာရီ (၃၀)မိနစ်အချိန်၊
၅။ ဝါခေါင်လ (၄)နာရီ (၄၀)မိနစ်အချိန်၊
၆။ တော်သလင်းလ (၄)နာရီ (၅၀)မိနစ်အချိန်၊
၇။ သီတင်းကျွတ်လ (၅)နာရီတိတိအချိန်၊
၈။ တန်ဆောင်မုန်းလ (၅)နာရီ (၁၀)မိနစ်အချိန်၊
၉။ နတ်တော်လ (၅)နာရီ (၂၀)မိနစ်အချိန်၊
၁၀။ ပြာသိုလ (၅)နာရီ (၃၀)မိနစ်အချိန်၊
၁၁။ တပို့တွဲလ (၅)နာရီ (၄၀)မိနစ်အချိန်၊
၁၂။ တပေါင်းလ (၅)နာရီ (၁၀)မိနစ်အချိန်၊

ဆယ့်နှစ်လရာသီ ဆေးပေါင်းခအပင်များ

ရှေးအစဉ်အလာအရ တန်ဆောင်မုန်းလပြည့်နေ့တွင် ဆေးပေါင်းခသော မဲဇလီပင်ကိုသာသိကြပြီး ထိုနေ့ည၌ မဲဇလီဖူးကို သုပ်၍စားလေ့ရှိကြသည်။ အခြားလတို့၌ ဆေးပေါင်းခသောအပင်များကိုမူ လူသိ အလွန်နည်းကြ၏။ ထို ဆေးပေါင်းခ အပင်များကို ဖော်ပြလိုက်ပါသည်။

(၁) တန်ခူးလ နဂါးစက်ပင်၊
(၂) ကဆုန်လ သိကြားလောင်မီးပင်၊
(၃) နယုန်လ ဆေးကျားပင်၊ ရွှေကြာပင်၊
(၄) ဝါဆိုလ ကနဒိုပင်၊ ကဝေရက္ခပ်၊
(၅) ဝါခေါင်လ ပုဏ္ဏရိပ်ပင်၊ ထပြင်ပင်၊
(၆) တော်သလင်းလ ကုလားမျက်စိပင်၊ ကုလားဘက်ပြင်

www.burmeseclassic.com

www.burmeseclassic.com

ပင်၊
(၇) သီတင်းကျွတ်လ သစ်လင်းနွားရှာကြိုးပင်၊ သစ်လင်းလေးပင်၊
(၈) တန်ဆောင်မုန်းလ မဲဇလီပင်၊
(၉) နတ်တော်လ ဗောဓိညောင်ပင်၊
(၁၀)ပြာသိုလ စကားဝါပင်၊
(၁၁)တပို့တွဲလ သော်ကပင်၊
(၁၂)တပေါင်းလ ဓနရာဖိပင်၊

မြန်မာတို့၏ အခါတော်နေ့များ

မြန်မာတို့၏ အခါတော်နေ့များမှာ ဗုဒ္ဓဘာသာ သာသနာဆိုင်ရာ နေ့ထူးနေ့မြတ်များ ဖြစ်သည်။

၁။ မြန်မာနှစ်ဆန်း(၁)ရက်နေ့ နှစ်သစ်မင်္ဂလာအခါတော်နေ့၊
၂။ ကဆုန်လပြည့်နေ့ ဗုဒ္ဓနေ့၊
၃။ နယုန်လပြည့်နေ့ မဟာသမယအခါတော်နေ့၊
၄။ ဝါဆိုလပြည့်နေ့ ဓမ္မစက္ကြာအခါတော်နေ့၊
၅။ ဝါခေါင်လပြည့်နေ့ မေတ္တာအခါတော်နေ့၊
၆။ တော်သလင်းလပြည့်နေ့ ဂရုဓမ္မအခါတော်နေ့၊
၇။ သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မအခါတော်နေ့၊
၈။ တန်ဆောင်မုန်းလပြည့်နေ့ သာမညဖလအခါတော်နေ့၊
၉။ နတ်တော်လပြည့်နေ့ ဓမ္မစာဆိုတော်များနေ့၊
၁၀။ ပြာသိုလပြည့်နေ့ ရှင်တစ်ထောင်အခါတော်နေ့၊
၁၁။ တပို့တွဲလပြည့်နေ့ ဩဝါဒပါတိမောက်အခါတော်နေ့၊
၁၂။ တပေါင်းလပြည့်နေ့ မြတ်ဗုဒ္ဓ ပြည်တော်ဝင်အခါတော်နေ့။

(ဆရာတော်မာဂဓီသာစည်၏ အခါတော်နေ့များ)

မြန်မာနေ့ထူးနေ့မြတ်များ

မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာသာသနာဆိုင်ရာ အခါတော်နေ့ထူးနေ့မြတ်များ ရှိသည့်နည်းတူ အမျိုးသားရေးဆိုင်ရာ မြန်မာ့နေ့ထူးနေ့မြတ်များလည်း ရှိ၏။

ယင်းတို့မှာ-

* ဇန်နဝါရီလ(၄)ရက် လွတ်လပ်ရေးနေ့၊
* ဇန်နဝါရီလ(၈)ရက် မိဘများနေ့၊
* ဖေဖော်ဝါရီလ(၁၂)ရက် ပြည်ထောင်စုနေ့၊
* ဖေဖော်ဝါရီလ(၁၃)ရက် မြန်မာနိုင်ငံကလေးများနေ့၊
* မတ်လ(၂)ရက် တောင်သူလယ်သမားနေ့၊
* မတ်လ(၂၇)ရက် တပ်မတော်နေ့၊
* မေလ(၁)ရက် အလုပ်သမားနေ့၊
* မေလ(၅)ရက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့၊
* ဇွန်လ(၂၇)ရက် မြန်မာ့ဂီတနေ့၊
* ဇူလိုင်လ(၃)ရက် မြန်မာအမျိုးသမီးများနေ့၊
* ဇူလိုင်လ(၁၉)ရက် အာဇာနည်နေ့၊
* စက်တင်ဘာလ(၁၃)ရက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၊
* အောက်တိုဘာလ(၁၃)ရက် မြန်မာ့ရုပ်ရှင်နေ့၊
* တန်ဆောင်မုန်းလပြည့်ကျော်(၁၀)ရက် အမျိုးသားနေ့၊
* နတ်တော်လဆန်း(၁)ရက် စာဆိုတော်နေ့၊
* ပြာသိုလပြည့် အမေနေ့..တို့ ဖြစ်သည်။

လရာသီနှင့်ဆိုရိုးစကား

ရှေးအခါက ဘိုးဘွားတို့သည် ရွေ့လျားနေသော ရာသီဥတုမြင်တွေ့နေရသော သဘာဝပတ်ဝန်းကျင်အခြေအနေတို့ကို သတိထား ကြည့်ရှုခံစားရာမှ လရာသီနှင့် သက်ဆိုင်သော ဆိုရိုးစကားများ ရှိသည်။ ယင်းတို့မှာ-

တန်ခူးကဆုန် ဆွေးဆွေးခုန်၊ ဝါဆိုဝါခေါင် ရေဖောင်ဖောင်၊ နွေဝါဆို ညဉ့်သို့၊ တော်သလင်းနေ ပုစွန်သေး၊ ခွေးတော်သလင်း၊ ကြောင်ချင်းပြာသို့၊ လူဆိုးဆယ့်နှစ်လသံဝါသ၊ ဝါလကင်းလွတ်သီတင်းကျွတ်၊ ဖုံးတုန်းလုံးတုန်း တန်ဆောင်မုန်း၊ လကားနတ်တော် မုန့်ဆန်းလှော်၊ ခြေလျှိုလက်လျှိုလပြာသို့၊ နှာရည်ယိုရွဲ တပို့တွဲ၊ နွေပူညချမ်း တပေါင်းလသရမ်း ပဲ့ဂ္ဂ ဖြစ်၏။ ချစ်စရာမြန်မာမှုဓလေ့များပင် ဖြစ်ပါ၏။

ယင်းသို့ဖြစ်ရာ စာရေးသူအနေဖြင့် ချစ်စရာကောင်းသော မြန်မာမှုအစဉ်အလာနှင့် မြန်မာ့ဆယ့်နှစ်လရာသီဓလေ့ပုံရိပ်တို့ကို တန်ဖိုးထား ဂုဏ်ပြုမှတ်တမ်းတင်သည့် အနေဖြင့်လည်းကောင်း၊ ချစ်စွာသောစာရှုသူများ သုတပွားတိုးရန် အကျိုးငှာလည်းကောင်း ရည်သန်လျက် ဤစာစုကို ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပေသည်။

တင်ထွန်းလှိုင်(မြစ်သား)

ကျမ်းကိုး

* မြန်မာ့လက်စွဲ (ဆရာမကြီး ခေါ်ခင်ညွှန့်)။
* စံမြင့်မှတ်စု (မင်းလှ-စံမြင့်)။
* နှစ်တစ်ရာပြက္ခဒိန် (ဆရာဖြိုး)။

www.burmeseclassic.com

www.burmeseclassic.com

မင်းမြင့်မိုး
ကသိုလ်ဖွဲ့စည်တန်ဆောင်လခါမ်း

တန်ဆောင်မုန်းလသည် မြန်မာ့ဆယ့်နှစ်လတွင် အဋ္ဌမမြောက်လဖြစ်၍ ဤလ၏ ပထမလဝက်သည် မိုးနှောင်းကာလအတွင်း၌လည်းကောင်း၊ ဒုတိယလဝက်သည် ဆောင်းဦးကာလအတွင်း၌လည်းကောင်း ကျရောက်လျက်ရှိသဖြင့် မိုးနှင့်ဆောင်း ပြိုးပြမ်းဆော ရာသီဥတုရှိသည်။

ဤလ၏ အမည်ကို ပုဂံခေတ်ထိုး ကျောက်စာတို့တွင် တန်ဆောင်မှုန်ဟု မုန်တွင် ဟထိုးထည့်၍ ဝိသဇ္ဇနီမပါဘဲ လည်းကောင်း၊ တန်ဆောင်မှုန်းဟု ဝိသဇ္ဇနီထည့်၍လည်းကောင်း နှစ်မျိုးရေးထိုးခဲ့ကြပြီး အင်းဝခေတ်မှ စတင်ကာ မျက်မှောက်ခေတ် ရေးထုံးနှင့်အညီ မှုန်းတွင် ဟထိုးဖြုတ်၍ တန်ဆောင်မုန်းဟု ရေးသားသုံးနှုန်းလာခဲ့ကြသည်။ မုန်းကို ချန်လှပ်၍ တန်ဆောင်လဟုလည်း ရှေးဆရာတို့ ခေါ်ဝေါ်မြဲ ဖြစ်ကုန်သည်ဟု ဆိုသည်။

ဤတွင် တန်ဆောင်မှာ မီးတိုင်၊ ဆီမီးဟု အဓိပ္ပာယ်ရပြီး မှုန်းမှာ တောက်ပစေသည်ဟု အဓိပ္ပာယ်ရသဖြင့် တန်ဆောင်မှုန်း ပုဒ်တစ်ခုလုံး၏ အဓိပ္ပာယ်မှာ ဆီမီးထွန်းညှိသော်လဟူ၍ ဖြစ်သည်။

တန်ဆောင်မုန်းလသည် ဗြဟ္မာရာသီဖြစ်၍ ကြတ္တိကာနက္ခတ်နှင့် လမင်းတို့ ယှဉ်ပြိုင်ထွန်းလင်းကာ ဂိ သာခါနက္ခတ်နှင့် နေမင်းတို့ ယှဉ်ပြိုင်ကြသည်။ ယှဉ်သောတာရာမှာ ကျီးတာရာဖြစ်သည်။ ရာသီရုပ်မှာ ကင်းမြီးကောက်၊ ကင်းပုစွန်တို့နှင့် ကြိုက်နှစ်သက်သောရာသီ၊ ထိုသတ္တဝါတို့နှင့် အဆင်းသဏ္ဌာန်တူသောရာသီဟု ဆိုသည်။ ရာသီပန်းမှာ ခဝဲပန်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဤလတွင် နေ့နာရီ(၂၈)နာရီနှင့် ညနာရီ(၃၂)နာရီ ရှိကြပြီး နေထွက်နာရီ (၆)နာရီ (၁၀)မိနစ်၊ နေဝင်နာရီ (၅)နာရီ (၅၀)မိနစ် အသီးသီးရှိကြသည်။ မွန်းတည့်ဖဝါးမှာ (၄)ဖဝါးဖြစ်သည်။ ရက်စုံကွယ်သောလဖြစ်သောကြောင့် ရက်ပေါင်း(၃၀) ရှိ၏။

တန်ဆောင်မုန်းလ၏ ပတ်ဝန်းကျင် ရာသီဥတုအခြေအနေများကို တန်ဆောင်မုန်းတွင်း ဆီးနှင်းတစ်ပြိုက်၊ မိုးတစ်လိုက်ဟု မြန်မာမင်းအုပ်ချုပ်ပုံ စာတမ်းတွင် ဖော်ပြထားပြီး တန်ဆောင်မုန်းလမှာ မိုးရွာမြဲ နှင်းကျမြဲ ဆိုလိုသည်ဟု ဖွင့်ဆိုထားသည်။

ထို့ပြင် တန်ဆောင်မုန်းမိုး ကန်ကျိုးအောင်ရွာဟူ၍လည်းကောင်း၊ တန်ဆောင်မုန်းမိုးစွေ ကျဲအို,နွားအိုသေဟူ၍လည်းကောင်း ဆိုရိုးစကားများလည်း ရှိသည်။ တန်ဆောင်မုန်းလတွင် တစ်ခါတစ်ရံ မိုးသက်မုန်တိုင်း ကျတတ်သဖြင့် သောင်ကတုံးဌ လေရပ်နားဆိုက်ကပ်ပါက အတွင်းကျွန် အကာအကွယ်ကောင်းသော နေရာတွင် ဆိုက်ကပ်ရပ်နားအိပ်စက်သင့်ကြောင်း တန်ဆောင်မုန်း၊ သောင်ကတုံးချောင်ခွာ၊ မအိပ်ရာဟူသော ဆိုရိုးစကားက သတိပေးလျက်ရှိ၏။ ကဝိလက္ခဏာ သတ်ပုံသံပေါက်တွင်ကား မီးပန်းပွင့်တုန်း၊ တန်ဆောင်မုန်း၊ ထစ်အုန်းမိုးမဖွဲ ဟူ၍ စပ်သည်။

ဥတုဘောဇနသင်္ဂဟကျမ်းတွင် တန်ဆောင်မုန်းလ၏ သရုပ်ကို နတ်တော်လနှင့် တွဲဖက်၍ တန်ဆောင်မုန်း၊ နတ်တော်နှစ်လသည် ဟေမန္တဥတုမည်၏။ လောကသည် အေး၏။ လောက မခြောက်။ ဆီးနှင်း များ၏။ မြောက်ကလေ လာ၏။ ကျီး၊ ကျဲ၊ သိုး၊ ဆင်တို့သည် မြူးထူးကုန်၏။ သစ်မည်စည်၊ ဆီးဖြူ၊ ခဝဲ၊ ခတ္တာ၊ ဂမုန်း၊ သဇင် စသော ပန်းတို့သည် ပွင့်ကုန်၏။ ချိုဆိမ့်သောအရသာရှိသော အမြစ်၊ အသီး၊ အရွက်၊ အပွင့်တို့သည် အားရှိကုန်၏။ လူတို့သည်လည်း အားရှိကုန်၏။ ဝမ်းမီးကောင်း၏။ အဆီး၊ အစေးမရှိသောအစာ၊ ကြေလွယ်သောအစာ လျှော့၍စားသောက်ခြင်း၊ လေကိုပွားစေတတ်သော ခါးသောအစာ၊ ယပ်လေခတ်ခြင်း၊ ဆီးနှင်း၊ အဖန်၊ အစပ်တို့ကို ကြဉ်ရှောင်အပ်ကုန်၏ စသည်ဖြင့် ဖော်ပြထားသည်။

တန်ဆောင်မုန်းလကား မိုးနှောင်းဆောင်းဦး မြောက်ပြန်လေအေး ဆော်သွေးတိုက်ခတ်စပြုသောသမယ ဖြစ်သည်။ မပူလွန်း၊ မအေးလွန်း မျှတသော်ရာသီဥတုရှိသည်။ နေ့အခါ ကောင်းကင်ကြည်လင်သန့်ရှင်းကာ ပတ်ဝန်းကျင်ပွင့်လင်းသာယာသကဲ့သို့ မြေပြင်တွင်လည်း ခြေခင်းလက်ခင်းသာသည်။ တန်ဆောင်မုန်းလပြည့်နေ့ ညတွင် မိုးကောင်းကင်၌ နက္ခတ်တာရာများ စုံလင်သည်ဟု ဆိုရိုးရှိသည်။ ဥတု(၆)ပါးတို့တွင် သရဒဥတု တန်ဆောင်မုန်းလသည် အမြတ်ဆုံးဖြစ်ကြောင်းကိုလည်း လောကနီတိတွင် ဆိုသည်။

ဖုံးတုန်းလုံးတုန်း တန်ဆောင်မုန်းဟူသော ဆိုရိုးစကားနှင့်အညီ ဤလတွင် ဝသန်ဦးက စိုက်ပျိုးခဲ့သော စပါးကောက်နှံများသည် သီးကင်းအဖြစ်မှလွန်၍ ဝတ်ဆံအနှစ်အခဲကလေးများ တင်းမာဖုလုံးကာ အပင်ကြီးထွားမှုအတွက် အားအကောင်းဆုံးအချိန်လည်းဖြစ်ရာ လယ်ကွင်းပြင်တစ်ခုလုံး အစိမ်းရီပြူထွက်နေသော သီးနှံခက်များဖြင့် ဝေဆာမြိုင်ဆိုင်နေသည်ကို တွေ့မြင်ရသော လယ်သမားကြီးများသည် မိမိတို့လုပ်ငန်း အောင်မြင်မှုကို ဝမ်းမြောက်ကြည်နူးသည့် ကာလလည်းဖြစ်သဖြင့် တောင်သူရွှင်ပြုံး တန်ဆောင်မုန်းဟုလည်း ဆိုစမှတ်ပြုကြသည်။

တန်ဆောင်မုန်းလ၌ စန်းယဉ်သော ကြတ္တိကာနက္ခတ်ကို ဒဟနိမည်သော မီးနတ်သား စောင့်သည်ဟု ရာဇမတ္တဏ္ဍကျမ်းတွင် ဆိုကြောင်းနှင့် တန်ဆောင်မုန်းလသည် ရွေးအခါက ယင်းကြတ္တိကာနက္ခတ်ကို ပူဇော်ရာလ ဖြစ်ခဲ့ပြီး တန်ဆောင်တိုင်ပွဲ ဟူသည်မှာလည်း ကြတ္တိကာနက္ခတ် ပူဇော်ပွဲမှ ဆင်းသက်လာသော ဓလေ့ဖြစ်ကြောင်း ဆိုသည်။

ပဏ္ဍာသနိပါတ်၊ ဥမ္မာဒန္တီဇာတ်၌ အရိဋ္ဌပုရပြည့်ရှင် ဘုရားအလောင်း သိဝိမင်းကြီး ကြတ္တိကာနက္ခတ်သဘင်ခံ၍ ဆီမီးထွန်းညှိကြောင်း လာသည်။ ထို့ပြင် ကေနိပါတ်၊ အာရာမဒူသကဇာတ်၊ ကုဏ္ဍကပူဝဇာတ်၊ ပုပ္ဖရတ္တဇာတ် စသော ဇာတ်တို့တွင်လည်း ကြတ္တိကာနက္ခတ်သဘင်အကြောင်းများကို ဖော်ပြထားသည်။ သို့ဖြစ်၍ သီတင်းကျွတ်၊ တန်ဆောင်မုန်းလတို့၌ ကမ္ဘာဦးကာလ ဆီမီးတန်ဆောင် ထွန်းညှိပူဇော်သော ထုံးစံအစဉ် ရှိသည့်အတိုင်း ယခုကာလတိုင်အောင် နိုင်ငံတော်အတွင်း အရပ်ရပ်မြို့ရွာများတွင် အင်အားအလျောက် ဆီမီးတန်ဆောင် ထွန်းညှိပူဇော်ကြသော ကြောင့် ထိုလကကို တန်ဆောင်မုန်းလဟု ခေါ်ဝေါ်သမုတ်ကုန်သည် အမြဲမှတ်ယူရမည်ဟု ဝေါဟာရလီနတ္ထဒီပနီ၌ ဖော်ပြထားသည်။

ဗုဒ္ဓသာသနာမထွန်းကားမီက တန်ဆောင်တိုင်းမီးထွန်း

www.burmeseclassic.com

www.burmeseclassic.com

ပွဲဟူသည် ယင်းသို့ နက္ခတ်ပူဇော်ပွဲမျှသာဖြစ်သော်လည်း သာသနာတော်တွင်းသို့ ကျရောက်လာသောအခါ ဗုဒ္ဓဘာသာဝင်တို့သည် နက္ခတ်ပူဇော်ပွဲကို မြတ်စွာဘုရားအား ဆီမီးပူဇော်ပွဲအဖြစ်သို့ ပြောင်း၍ယူခဲ့ကြသည်ဟု သုတေသီတို့ ဆိုကြသည်။ စာဆိုတော်ဆီသည် ရွာစား ဦးအောင်ကြီး ဆိုသာစွလေ။ ရစ်ခွေပတ်လှည့်ချိ တန်ဆောင်မုန်းလဘွဲ့ လူးတားတွင် ခဝဲပွင့်တုန်း၊ တန်ဆောင်မုန်းကား၊ မချုန်း မိုးသား၊ တိုင်ထွတ်ဖျားတွင်၊ ငါးပါးကျိုးရှိ၊ မီးပွင့်ညှိ၍ စသည်ဖြင့် စပ်ဆိုထားရာ တန်ခိုးအာနုဘော် ကြီးမားခြင်း၊ ရဲရင့်လျင်မြန်ခြင်း၊ အဆင်းလှခြင်း၊ ဉာဏ်ပညာ ထက်မြက်ခြင်း၊ ကိတ္တိနှစ်ပါး ကျော်စောထင်ရှားခြင်းဟူသည့် အကျိုးငါးပါးရရှိသော ဆီမီးပူဇော်ပွဲဟု ဆိုလိုခြင်း ဖြစ်သည်။

တန်ဆောင်မုန်းလတွင် ရာသီပွဲများအဖြစ် ဇာတ်ဆောင်တိုင်မီးထွန်းပွဲနှင့်အတူ ကထိန်သင်္ကန်းကပ်လှူပွဲ၊ မသိုးသင်္ကန်းရက်လုပ် ကပ်လှူပွဲများကိုလည်း ကျင်းပလေ့ရှိကြသည်။ ကထိန်ဟူသည် ကထိနဟူသော ပါဠိဋ္ဌမ ဆင်းသက်လာသော မြန်မာမူဝေါဟာရဖြစ်ပြီး မြဲမြံခိုင်ခံ့တည်တံ့ခြင်း၊ ချီးကျူးချီးမွမ်းခြင်း စသောအနက်များရှိသည်။

ကထိန်သင်္ကန်းဟူသည် ကထိန်ခင်းခြင်းငှာ ရည်မှတ်လှူဒါန်းသော နှစ်ထပ်သင်္ကန်းကြီး (ဒုကူဋ်)၊ ကိုယ်ဝတ်သင်္ကန်း (ဧကသီ)၊ ခါးဝတ်သင်္ကန်း (သင်းပိုင်)ဟူသော သင်္ကန်းသုံးထည်တွင် တစ်ထည်ထည်ကို ဆိုလိုခြင်းဖြစ်သည်။ ခေတ္တငှားရမ်းလာသောသင်္ကန်း၊ လှူပြီးနောက် တစ်ညလွန်၍ သိုးသောသင်္ကန်း၊ သင်္ကန်းချုပ်နေစဉ် အရာဏ် တက်ချိန်ရောက်လာသော သင်္ကန်းတို့သည် ကထိန်ခင်းခွင့် မပြုသော သင်္ကန်းများဖြစ်ကြသည်။ ကထိန်သင်္ကန်းကို မည်သည့်အကြောင်းကြောင့်မျှ အလှူမခံရပေ။ ကထိန်သင်္ကန်းအလှူသည် ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲ မထားဘဲ သံဃာဂုဏ်ကိုသာ အာရုံပြု၍ လှူဒါန်းရသော သံဃိကအလှူဖြစ်သည်။ ကထိန်လှူသင်္ကန်း အလှူရှင်များသည် သံဃာကို အာရုံပြု၍ ဣမံ၊ ကထိနစီဝရံ သံဃဿဒေမ-ဤကထိန်လှူသင်္ကန်းကို သံဃာတော်အား လှူဒါန်းပါ၏ဟုလည်းကောင်း၊ ဣမိနာ ကထိနစီဝရေန ကထိနံ အတ္ထရထ-ဤကထိန်လှူသင်္ကန်းဖြင့် ကထိန်ခင်းတော်မူကြပါဘုရားဟုလည်းကောင်း နှုတ်ဖြင့်လှူဒါန်းရသည်။ အချုပ်အားဖြင့် အလိုအလျောက် သဒ္ဓါပေါက်၍ လှူဒါန်းသော စင်ကြယ်သန့်ရှင်း အပြစ်ကင်းသည့် မိုးကျသင်္ကန်းသည်သာ ကထိန်ခင်းခွင့်ပြုသော သင်္ကန်းဖြစ်သည်။

ကထိန်လှူသင်္ကန်းကို ကထိန်ခင်းမည့် ရဟန်းအား ကထိန်ခင်းမည့် ရဟန်းအပါအဝင် အနည်းဆုံး သံဃာငါးပါးက သိမ်ထဲ၌ ဥတ်တစ်ကြိမ်၊ ကမ္မဝါစာတစ်ကြိမ် ရွတ်ဖတ်ပေးရသည်။ ထိုသို့ ဥတ်ကမ္မဝါစာဖြင့် ပေးရသောကြောင့် ထိုသင်္ကန်းကို ဥတ်သင်္ကန်းဟုလည်း ခေါ်သည်။ ဥတ်ဟူသည် သံဃာတော်အား သိစေကြောင်းစကားဟု အဓိပ္ပာယ်ရပြီး ကမ္မဝါစာမှာ ကံပြီးမြောက်ကြောင်းစကားဟု အဓိပ္ပာယ်ရသည်။

ကထိန်လှူသင်္ကန်းခံယူမည့် ရဟန်းသည် ဝါမကျိုးပြတ်ဘဲ ဝါဆိုလပြည့်ကျော် (၁)ရက်နေ့တွင် ဝါကပ်ခဲ့ပြီး သီတင်းကျွတ်လပြည့်နေ့တွင် ပဝါရဏာပြုသော ရဟန်းဖြစ်ရန် လိုအပ်သည်။ [ဝါထပ်နှစ်တွင် ဒုတိယဝါဆိုလပြည့်ကျော် (၁)ရက်နေ့တွင် ဝါကပ်ခဲ့ပြီး သီတင်းကျွတ်လပြည့်နေ့တွင် ပဝါရဏာပြုသောရဟန်း ဖြစ်ရမည်။] ထို့ပြင် သင်္ကန်းနွမ်းပါးသော ရဟန်းကို ဦးစားပေးလှူးချယ်ရသည်။ သို့ဖြစ်ရာ ကထိန်ခင်းသော မထေရ်ကြီးက သင်္ကန်းနွမ်းပါးသောရဟန်း ရှိပါသလားဟု သုံးကြိမ်မေးရသည်။ နွမ်းပါးသူ မရှိလျှင် ဝိနည်းအတိုင်း မထေရ်ကြီးကပင် ကထိန်သင်္ကန်းခံယူ၍ နှစ်ထပ်သင်္ကန်းကြီး(ဒုကူဋ်)ဖြစ်လျှင် ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိဟုလည်းကောင်း၊ ကိုယ်ဝတ်သင်္ကန်း(ဧကသီ)ဖြစ်လျှင် ဣမိနာ ဥတ္တရ သင်္ကေန ကထိနံ အတ္ထရာမိဟုလည်းကောင်း၊ ခါးဝတ်သင်္ကန်း(သင်းပိုင်)ဖြစ်လျှင် ဣမိနာ အန္တရဝါသကေန ကထိနံ အတ္ထရာမိဟုလည်းကောင်း သုံးကြိမ်ရွတ်ဆို၍ ကထိနခင်းရသည်။

ကထိနခင်းပြီးနောက် ကထိန်ကို သံဃာတော်များ ဝမ်းမြောက်အနုမောဒနာပြုနိုင်ရန် ကထိနခင်းသော မထေရ်ကြီးက အတ္တတံ အာဝုသော သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒထဟု သုံးကြိမ်ရွတ်ဆို တိုက်တွန်းရသည်။ ထိုအခါ သံဃာတော်တို့ကလည်း အတ္ထတံ ဘန္တေသံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒါမဟု သုံးကြိမ်နှုတ်မြွက်၍ ဝမ်းမြောက်အနုမောဒနာပြုရသည်။ ယင်းသို့ ဝမ်းမြောက်အနုမောဒနာပြုမှ ကထိန်အာနိသင်ငါးပါးကို သံဃာတော်များ ရရှိသည်။

သို့ဖြစ်ရာ ကထိန်ခင်းခြင်းဟူသည် တစ်နည်းအားဖြင့်-(၁) ကျောင်းမှာရှိနေသော ရဟန်းတစ်ပါးပါးကို ပဝါရဏာကြားဘဲ မြို့ရွာတွင် ဆွမ်းစားပင့်ထားသည့်အိမ်သို့ ပွားနိုင်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com

(၂) တိစီဝရိက် အဓိဋ္ဌာန်တင်ထားသော သင်္ကန်းကို မယူဆောင်ဘဲ သွားလိုရာသို့ လွတ်လပ်စွာ သွားလာနိုင်ခြင်း၊
(၃) မအပ်စပ်သော တောင်းခံခြင်း၊ ဖိတ်မန်ခြင်းမျိုးဖြင့် တောင်းခံပင့်ဖိတ်အပ်သော ဆွမ်းဖြစ်ပါလျက် လေးပါး၊ လေးပါးထက်ပိုသော ရဟန်းတို့ စုပေါင်းခံယူ ဘုဉ်းပေးနိုင်ခြင်း၊
(၄) ရလာသမျှသော သင်္ကန်းသစ်တို့ကို အဓိဋ္ဌာန်ဝိကပ္ပနာ မပြုဘဲ အလိုရှိသလောက် ထားရှိသုံးဆောင်နိုင်ခြင်း၊
(၅) ကထိန်ခင်းရာကျောင်းတိုက်အတွင်းရှိ သံဃာကို ရည်ရွယ်လှူဒါန်းသော သံဃိကသင်္ကန်းကို ကထိန်ခင်းသော ရဟန်းများသာ ရပိုင်ခွင့်ရှိခြင်းဟူသော ကထိန်အာနိသင်ငါးပါး မြဲမြံခိုင်ခံ့စွာ ရရှိစေနိုင်သော သင်္ကန်းအလှူကို ဆောင်ခြင်းဖြစ်သည်။ အချုပ်အားဖြင့် အသွားမှားမှု၊ အနေမှားမှု၊ အစားမှားမှု၊ သင်္ကန်းရက်လွဲထားမှုတို့ကြောင့် အာပတ်မသင့်ခြင်းနှင့် လာဘ်သပ်ပကာပေါများခြင်းတို့ပင် ဖြစ်သည်။

ကထိန်ခင်းခြင်းဖြင့် ကထိန်ခင်းသောရဟန်းနှင့် အနာဂေအနာပြုသော ရဟန်းများအနေဖြင့် ယင်းသို့ ကထိန်အာနိသင်ငါးပါး ရရှိနိုင်သကဲ့သို့ ကထိန်သင်္ကန်းအလှူရှင်တို့ ဖြစ်လည်း-
(၁) သွားလေရာရာ၌ အနှောင့်အယှက်မရှိ အန္တရာယ်ကင်းစွာ သွားလာနိုင်ခြင်း၊
(၂) မိမိပိုင်ပစ္စည်းများကို ရန်သူမျိုးငါးပါး မဖျက်ဆီးနိုင်ခြင်း၊
(၃) စားကောင်းသောက်ဖွယ် အထူးပေါများ၍ အစားအစာနှင့်ပတ်သက်သော အန္တရာယ်မဖြစ်နိုင်ခြင်း၊ အဆိပ်သင့်ခြင်း၊ ပြစားမိခြင်း၊
(၄) မိမိပိုင်ပစ္စည်း တစ်စုံတစ်ရာကို ကာလကြာမြင့်စွာ အသုံးပြုနေသော်လည်း မပျက်စီး မဆုံးရှုံးနိုင်ခြင်း၊
(၅) စီးပွားရှာဖွေရာတွင် လွယ်ကူစွာ အစုလိုက်အပုံလိုက် အမြတ်အစွန်းရရှိခြင်း၊
(၆) ရုပ်ရည်ချောမောလှပခြင်း၊
(၇) ဧဟိဘိက္ခုရဟန်းဖြစ်နိုင်ခြင်း စသော အကျိုးထူးများ ရရှိနိုင်သည်။

ကထိန်သင်္ကန်းဖြစ်ပေါ်လာပုံမှာ မြတ်စွာဘုရားလက်တော်က ပါဝေယျကတိုင်းသား ရဟန်းသုံးကျိပ်တို့သည် မြတ်စွာဘုရားအား ဖူးမြော်ရန် ပါဝါမြို့မှ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့လာကြရာ ဝါဆိုအဓိမဓောက်ရှိသဖြင့် ခရီးအကြားဖြစ်သော သာကေတမြို့၌ဝါကပ်ပြီး ဝါကျွတ်သောအခါ သာဝတ္ထိပြည်သို့ ခရီးဆက်ကြသည်။ သာကေတမြို့နှင့် သာဝတ္ထိပြည်သည် (၆)ယူဇနာကွာဝေးရာ လမ်းခရီးတွင် မိုးသည်းထန်စွာရွာသွန်းသဖြင့် ထိုရဟန်းများ၏သင်္ကန်းများ ရွှဲညွှန်အလိမ်းလိမ်းပေကျံကာ ပင်ပန်းဆင်းရဲသည်ကို မြတ်စွာဘုရား မြင်တော်မူသဖြင့် မိုးဥတုဒ္ဓသင်္ကန်းခေါင်းပါးကြသော ရဟန်းများအတွက် ရှေးဘုရားရှင်တို့၏အစဉ်အလာအတိုင်း ကထိန်ခင်းရန် ခွင့်ပြုတော်မူခဲ့ခြင်းဖြစ်သည်။ ကထိန်သင်္ကန်းကို သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အတွင်းသာ လှူဒါန်းနိုင်ကြောင်း သတ်မှတ်ထား၏။

ကထိန်သင်္ကန်းကို လူပုဂ္ဂိုလ်များသာမက ရဟန်းသာမဏေများကလည်း အခြားရဟန်းများကို လှူဒါန်းနိုင်သည်။ လူပုဂ္ဂိုလ်များအနေနှင့် ကထိန်ကာလအတွင်း အကြိမ်ပေါင်းများစွာ လှူဒါန်းနိုင်သော်လည်း ရဟန်းတော်များအနေနှင့်မူ တစ်ကြိမ်သာ ကထိန်ခင်းခွင့်ရှိခြင်း၊ တစ်နှစ်တွင် တစ်လသာ လှူဒါန်းနိုင်ခြင်းတို့ကြောင့် ကထိန်သင်္ကန်းအလှူကို ခဲယဉ်းစွာ လှူဒါန်းရသော ဒုလ္လဘအလှူဟု အသိအမှတ်ပြုကြသည်။ ကထိန်ခင်းခြင်းသည် မြတ်စွာဘုရား (၃၇)ဝါဧကျော် ပစ္ဆိမဘောဓိအရောက် ရာဇာဂြိုဟ်ပြည်ရှင် အဇာတသတ်မင်းလက်ထက်၌ စတင်ပေါ်ပေါက်ခဲ့သည်ဟု ဆိုသည်။

ကထိန်သင်္ကန်း ကပ်လှူပွဲနှင့်ဆက်နွယ်၍ တန်ဆောင်မုန်းလပြည့်နေ့တွင် မြတ်စွာဘုရားအား မသိုးသင်္ကန်းရက်လုပ်လှူဒါန်းပွဲကိုလည်း ကျင်းပလေ့ရှိကြသည်။

ဗုဒ္ဓမြတ်စွာ ပွင့်တော်မူခဲ့သည့်ခေတ်သည် စက်မှုသိပ္ပံပညာ မထွန်းကားသေးသောခေတ် ဖြစ်သည့်အလျောက် အဝတ်အထည်တို့ကို လက်ဖြင့်သာချုပ်၍ ဝတ်ကြရသည်။ ထို့ကြောင့် ကထိန်သင်္ကန်း လှူဒါန်းလိုသူတို့မှာလည်း သင်္ကန်းအဖြစ် မချုပ်မဆိုးရသေးသော အဝတ်ပိုင်းများကို ကထိန်လျာသင်္ကန်း(ကထိနဒုဿ)ဟု သမုတ်၍ လှူဒါန်းလေ့ရှိကြသည်။ သံဃာသည် ယင်းကထိန်လျာသင်္ကန်းကို လှူဒါန်းရရှိသည့်နေ့မှာပင် ကထိန်ခံထိုက်သော ရဟန်းအား တစ်ဆင့်အပ်နှင်းရသည်။ ကထိန်ခံမည့် ရဟန်းသည် သံဃာက ပေးအပ်သော ယင်းကထိန်လျာသင်္ကန်းကိုရသည့်နေ့ အရဏ်မတက်မီ ပြီးစီးအောင် ချုပ်ရ၊ ဆိုးရသည်။ ချုပ်ဆိုးနေစဉ် အရဏ်တက်ခဲ့လျှင်ဖြစ်စေ၊ မချုပ်မဆိုးဘဲ

www.burmeseclassic.com

www.burmeseclassic.com

ညသိပ်ထားခဲ့လျှင်ဖြစ်စေ ထမင်းဟင်း စသည်တို့ကို ညကူး အောင်ထားလျှင် သိုးသကဲ့သို့ သက်နံ့သိုးသည်ဟု ဆိုရသည်။ ထိုသက်နံ့သိုးဖြင့် ကထိန်မခင်းကောင်းချေ။ သို့ဖြစ်၍ ကထိန်ခင်းခွင့်ရှိသည့် မသိုးသက်နံ့ဖြစ်စေရန် မသိုးသက်နံ့ရက်လုပ်ပွဲကို တန်ဆောင်မုန်းလဆန်း (၁၄)ရက်နေ့ ညချမ်းအချိန်မှစ၍ တန်ဆောင်မုန်းလပြည့်နေ့ ညဥ့်သန်းခေါင်ယံမလွန်အောင် အမြန်ရက်လုပ်ကြရသည်။ ထိုသို့ အမြန်ရက်ဖျင်ကို မသိုးသက်နံ့(အနာဘိပဒေါသိကစီဝရ)ဟု ခေါ်သည်။ တစ်နည်းအားဖြင့် မသိုးသက်နံ့ဟူသည် သံဃာတော်များကိုယ်တိုင် သက်နံ့များချုပ်၊ ဆိုးဝတ်ရသည့်ခေတ်က ကထိန်သက်နံ့၏ အမည်ထူးတစ်မျိုးပင်ဖြစ်သည်။

ကြတ္တိကာနက္ခတ်နှင့် စန်းယှဉ်သော တန်ဆောင်မုန်းလပြည့်နေ့ ပုဏ္ဏာတိထိတွင် ဆေးပင်အပေါင်းကို စောင့်သောနတ်တို့သည် မဇ္ဈိမပင်စောင့်နတ်အား တညီတညွတ်တည်း ခစားလာရောက်ကြသဖြင့် မဇ္ဈိမပင်တွင် ဆေးပေါင်းခသည်ဟု ရှေးကပင် ယူဆခဲ့ကြသည်။ ထို့ပြင် သာရေကောမုဒီဆေးကျမ်း၊ ကဝေသာရဆေးကျမ်း စသည့် ဆေးကျမ်းတို့တွင်လည်း ထိုအခါ မဇ္ဈိမဖူးကိုစားသုံးရသဖြင့် အန္တရာယ်မျိုး(၉၆)ပါးကင်း၍ ဘုန်းကြီးသက်ရှည်ကြောင်းများကို ဆိုသောကြောင့် မဇ္ဈိမဖူးသုပ်ကို ကိုယ်တိုင်စားသုံးကြသည်သာမက အခြားလူများကိုလည်း ဝေငှစားသုံးလေ့ရှိကြသည်။

ထို့ပြင် တန်ဆောင်မုန်းလပြည့်နေ့ကား ထူးခြားမွန်မြတ်လှသော သာမညဖလ အခါတော်နေ့လည်းဖြစ်သည်။ တန်ဆောင်တိုင်ပွဲနှင့် သာမညဖလသုတ္တန် ဆက်စပ်ပုံမှာ ဤသို့ဖြစ်၏။

အဓာတသတ်မင်းသည် ငယ်ရွယ်စဉ်က ဒေဝဒတ်ကို ဆရာတင်မှားလျက် ဖခင်မိမွှေသာရမင်းကြီးကို သတ်မိသောကြောင့် ကံကြီးထိုက်ပြီး အိပ်မပျော်သောရောဂါ စွဲကပ်ခဲ့သည်။ ယင်းဝေဒနာကို ကုစားရင်း အမတ်များ၏ အကြံပြုချက်အရ တိတ္ထိဆရာကြီး(၆)ယောက်ထံ သွားရောက်၍ ရဟန်းပြုခြင်း၏ အကျိုးကို စုံစမ်းမေးမြန်းရာ ကျေနပ်လောက်သော အဖြေကို မရရှိခဲ့ပေ။ နောက်ဆုံးတွင် သမားတော်ဇီဝကဏ္ဍ၏ အကြံပြုချက်အရ ရာဇဂြိုဟ်မြို့အနီး ဇီဝကလှူဒါန်းသော သရက်ဥယျာဉ်၌ သီတင်းသုံးလျက်ရှိသော မြတ်စွာဘုရားထံ သွားရောက်လျှောက်ထားခဲ့ရာ မြတ်စွာဘုရားက သာမညဖလသုတ္တန်ကို ဟောကြားတော်မူမှ သူ သိရှိလိုသော ရဟန်းပြုခြင်း၏အကျိုးကို တိတိပပသိမြင်တော့သည်။

သာမညဖလသုတ္တန်ဟူသည် ရဟန်းပြုခြင်း၏အကျိုးဟု အဓိပ္ပာယ်ရှိသည်။ မြတ်စွာဘုရား ဟောကြားသော ရဟန်းပြုခြင်းအကျိုး (၁၃)ချက်ရှိ၏။ ယင်းတို့မှာ (၁) မင်းမူထမ်းသောသူသည် ရဟန်းပြုခဲ့သော် မင်းစသော အကြီးအကဲတို့က ရှိခိုးရခြင်း၊ လျှဒါန်းရခြင်း၊ (၂) သာမန်လယ်သမား စသူများလည်း ရဟန်းပြုခဲ့သော် ဤသို့ပင် အကျိုးရနိုင်ခြင်း၊ (၃) ပထမစျာန်ချမ်းသာ ဖြစ်ပေါ်လာနိုင်ခြင်း၊ (၄) ဒုတိယစျာန်ချမ်းသာ ဖြစ်ပေါ်လာနိုင်ခြင်း၊ (၅) တတိယစျာန်ချမ်းသာ ဖြစ်ပေါ်လာနိုင်ခြင်း၊ (၆) စတုတ္ထစျာန်ချမ်းသာ ဖြစ်ပေါ်လာနိုင်ခြင်း၊ (၇) ဝိပဿနာဉာဏ် ဖြစ်ပေါ်လာနိုင်ခြင်း၊ (၈) မနောမယိဒ္ဓိဉာဏ် ဖြစ်ပေါ်လာနိုင်ခြင်း၊ (၉) ဣဒ္ဓိဝိဓဉာဏ် ဖြစ်ပေါ်လာနိုင်ခြင်း၊ (၁၀) ဒိဗ္ဗသောတဉာဏ် ဖြစ်ပေါ်လာနိုင်ခြင်း၊ (၁၁) စေတောပရိယဉာဏ် ဖြစ်ပေါ်လာနိုင်ခြင်း၊ (၁၂) ပုဗ္ဗေနိဝါသနုဿတိဉာဏ် ဖြစ်ပေါ်လာနိုင်ခြင်း၊ (၁၃) အာသဝက္ခယဉာဏ် ဖြစ်ပေါ်လာနိုင်ခြင်းတို့ ဖြစ်ကြသည်။ ယင်းသုတ်သည် ရဟန်းသံဃာများအဖို့ ကြေးမုံသဖွယ်ဖြစ်၍ ကိုယ်ကျင့်သိလရှိ,မရှိကို ထင်ဟပ်စေနိုင်ပြီး လူဒါယကာများအဖို့လည်း ပြဒါးချိန်သဖွယ် မိမိတို့ ကိုးကွယ်နေသော ဆရာသမားများ၏ ကျင့်ကြံမှု မှန်,မမှန်ကို ချိန်ကိုက်ကြည့်နိုင်သောသုတ် ဖြစ်သည်။

အဓာတသတ်မင်းသည် ယင်းသုတ်ကို ကြားနာရချိန်မှစ၍ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်လာပြီး ပုထုဇဉ်များထဲမှ ရတနာသုံးပါးကို အကြည်ညိုဆုံးပုဂ္ဂိုလ် ဖြစ်လာခဲ့သည့်အပြင် ယင်းသုတ်ကို ကြားနာခြင်းဖြင့် မိမိအပြစ်ကို ကုစားခဲ့သောကြောင့် အပြစ်ကြီးသော မဟာအဝီစိငရဲတွင် မကျတော့ဘဲ အပြစ်ပေါ့သော လောဟကုမ္ဘီငရဲ၌သာကျပြီး နောင်သောအခါ ဝိဇိတာဝီမည်သော ပစ္စေကဗုဒ္ဓါအဖြစ် ကျွတ်တမ်းဝင်ရလိမ့်မည်ဖြစ်သည်။

ထို့ပြင် အဓာတသတ်မင်းသည် ပထမသင်္ဂါယနာတင် ဒါယကာအဖြစ် ခံယူခဲ့ခြင်း၊ မြတ်စွာဘုရား၏ ဓာတ်တော်များကို စုဆောင်းသိမ်းဆည်း၍ ဓာတ်တော်တိုက်ကြီးကို တည်ထားခဲ့ခြင်း၊ သာသနာနှစ် အတိအကျသတ်မှတ်ခဲ့ခြင်း ဟူသော သာသနာပြုလုပ်ငန်းကြီး သုံးရပ်ကိုလည်း လုပ်ဆောင်ခဲ့ရာ ဗုဒ္ဓဘာသာဝင်များအတွက် ကျေးဇူးကြီးလှပေ

www.burmeseclassic.com

www.burmeseclassic.com

သည်။

သရက်ဥယျာဉ်၌ သီတင်းသုံးလျက်ရှိသည့် မြတ်စွာဘုရားထံသို့ အဇာတသတ်မင်း သွားရောက်ဖူးမြော်ခဲ့သည့် အခါဆောင်မုန်းလပြည့်နေ့ ညချမ်းအခါက ကောင်းကင ပြင် လပြည့်ဝန်းသည် ဆီးနှင်းမြူတိမ် သူရိန်မီးခိုးညစ်မျိုး ပါသာ ကင်းစင်ပလျက် အစွမ်းကုန် ဝင်းပထွန်းလင်းလျက်ရှိသည်။ ယင်းသို့ သာယာကြည်နူးဖွယ်ညကို ခံစားရင်း အဇာတသတ်မင်းသည် မွေ့လျော်ဖွယ်ကောင်းသော ညပါတကား၊ အလွန်လှသော ညပါတကား၊ ရွှဖွယ်ကောင်းသော ညပါတကား၊ ကြည်လင်ရွှန်းပသော ညပါတကား၊ မွေ့ရနိုင်သော ညပါတကားဟု စကားငါးခွန်းဖြင့် ဖွင့်ဟ မိန့်ကြားခဲ့သည်။

နန်းတော်မှ မြတ်စွာဘုရားထံသို့ အဇာတသတ်မင်း အမှီမြော်သွားသောအခါ သမားတော်ဇီဝကသည် အဇာ တသတ်မင်း၏ လုံခြုံရေးအတွက် မင်း၏ အနီးတွင် ဆောက်ပုံရံတော် တစ်ယောက်မျှ မထားဘဲ ဆင်မ ဆယ်သာ (၅၀၀)၌ အမျိုးသမီးကိုယ်ရံတော် (၅၀၀)ကို ဆောက်အသွင် ဝတ်ဆင်လိုက်ပါ စောင့်ရှောက်စေ၍ သိုက်မြိုက်ခမ်းနားစွာ သွားရောက်ခဲ့သည်။ ယင်းသို့ သွား ရာတွင် နန်းတော်မြို့ရိုးအရှေ့မျက်နှာတံခါးမှ ထွက်ရ၍ တောရိပ်တောင်ရိပ်များက လူသွားလမ်းပေါ်သို့ ကျရောက် အမှောင်ဖုံးလျက်ရှိသဖြင့် မီးရှူးတိုင်များ ကိုယ်စီကိုယ်ငင ထွန်းညှိကိုင်ဆောင် သွားရောက်ခဲ့ကြခြင်းဖြစ်သည်။ မီးရှူး တိုင်ကို ရှေးအခါက တန်ဆောင်တိုင်ဟု ခေါ်ဝေါ်ရာ ဘုရား ရှင်ထံ အဇာတသတ်မင်း မီးရှူးတိုင်များ ထွန်းညှိသွားရောက် ဖူးမြော်ခဲ့သည့်ထုံးကို နှလုံးမူသောအားဖြင့် ဤလ၌ တန် ဆောင်တိုင်မီးထွန်းပွဲကို ကျင်းပကြခြင်းဖြစ်သည်ဟူ၍လည်း ဆိုကြသည်။

အချုပ်အားဖြင့် တန်ဆောင်တိုင်မီးထွန်းပွဲ၊ ကထိန် သင်္ကန်းကပ်လှူပွဲ၊ မသိုးသင်္ကန်း ရက်လုပ်ကပ်လှူပွဲနှင့် သာမညဖလ အခါတော်ပွဲ စသည့်ကုသိုလ်ပွဲများဖြင့် စည် ကားမြိုင်ဆိုင်လှသော ဤတန်ဆောင်မုန်းလ အခါသမယ တွင် ကျွန်ုပ်တို့သည် ဒါန၊ သီလ၊ ဘာဝနာတို့ကို ကျင့်သုံး ဆောက်တည်ကာ မင်္ဂလမ်းကို ဆုပန်ရွယ်ကြပါစို့ဟု တိုက် တွန်းနှိုးဆော်လိုက်ရပေသည်။

မင်းမြင့်ဦး

"လိမ်းဆေးအပူနဲ့ မပျောက်တဲ့ ရောဂါမှန်သမျှ ဒီဆေးကိုသာ လိမ်းကြည့်ပါ။"

စန်းသော်တာ

အမှတ်တံဆိပ်

ကွမ်းရွက်ဆီလိမ်းဆေး (အဆေး)

- အကိုက်အခဲပျောက်လိမ်းဆေး။
- ရင်လူးဆေး။
- အနာကျက်ဆီ၊ အဖြစ် သုံးနိုင်သည်။

(ကွမ်းရွက်အဆီထုတ်၍ သိပ္ပံနည်းကျ ဖော်စပ်ထားသည်)

- အဆစ်ရောင်ကိုက်၊ လေးဖက်နာ၊ ကျီးပေါင်း၊ အကြောထက်ခေါင်းအုံ၊ ဇက်လေး၊ မျက်ကြောကိုက်တို့ကို အကိုက်အခဲ ပျောက်စေသော အဖြစ် သုံးစွဲနိုင်ပါသည်။
- ကလေးချွဲကျပ်၊ ချောင်းဆိုး၊ အစာမကြေ လေထိုးလေအောင့် စသည်တို့ကို ရင်လူးစေသော အဖြစ် သုံးစွဲနိုင်ပါသည်။
- အပူနာ၊ Bed Sores ၊ အပူကျိတ်၊ အပူလောင်၊ နှုတ်ခမ်းကွဲ၊ ခြေကွဲနာ၊ လိပ်ခေါင်း၊ စသည်တို့ကို အနာကျက်ဆီ အဖြစ် သုံးစွဲနိုင်ပါသည်။

(3in1) ဆေးအစွမ်းဖြင့် သုံးစွဲသူတိုင်း လန်းဆန်းစေမည်။

ဖြန့်ချိရေး- ကိုဝင်းမြင့်+မဘေဘီ ၁၅၅လမ်းနှင့်၆၈လမ်းထောင့်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၆၃၈၂

ရောင်းချင်း- စန်းသော်တာဆေးတိုက်၊ R-1 (102) ပန်းလိုင်အိမ်ရာ၊ ရွှေသံလွင်၊ ဟုမ်းလမ်းရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ဖုန်း-၉၀၉၀၆၆၇

www.burmeseclassic.com

www.burmeseclassic.com



စားသွေးကျောက်
အကောက်မှားသူ
ဘက်အရာရှိပေါင်းတစ်ဦး

ယဉ်ကျေးမှုအစဉ်အလာ ကြီးမားလှသော မြန်မာနိုင်ငံမှာ နေ့စဉ် ဆဲဆိုသံများ ကြားနေရပါသည်။ အဆိုးဆုံးမှာ လူပေါင်းသောင်းနှင့်ချီ၍ ကြည့်ကြသော ပြည်တွင်းဘော့လုံးပွဲ၊ နိုင်ငံခြားနှင့် ယှဉ်ပြိုင်ကြသော ဘောလုံးပွဲများမှာ ဆဲဆိုသံများ နားမခံသာလှ။ ဆဲသူများ၏ အသံကိုလိုက်၍ မဆဲတတ်သူများလည်း ဆဲဆိုမှုကို အများစုက လွယ်လွယ်ကူကူ လက်ခံပြီး ဆဲတတ်လာကြပါပြီ။

ဆဲဆိုမှုများပြားလာခြင်းဖြင့် လူအဖွဲ့အစည်း၏ ယဉ်ကျေးမှုနှင့် အကျင့်စရိုက်ကို ဆိုးဆိုးရွားရွား ထိခိုက်စေနိုင်သည်။ ယဉ်ကျေးမှုဟူသည် မထိန်းတော့ယိုင် မခိုင်တော့လဲ မမြဲတော့ ရွေ့တတ်သည့်သဘော ရှိပါသည်။

မြန်မာလူအဖွဲ့အစည်းအတွင်း ယဉ်ကျေးသိမ်မွေ့မှုရှိအောင် ငယ်စဉ်ကတည်းက ပညာပေးသင်ကြားပေးရန် လိုပါသည်။ မိမိတို့၏ ကိုယ်၊ နှုတ်၊ အမူအရာများကို ထိန်းသိမ်းနိုင်ကြရန် ယဉ်ကျေးပြီး ချစ်ခင်ဖွယ်ကောင်းသော အမူအရာ အလေ့အကျင့်စရိုက်များနှင့် ပြောဆိုကြရပါမည်။ တစ်ယောက်စကား တစ်ယောက်နားမှာ မခါးရအောင် သတိဆောင်၍ မောင်တို့ဆိုလေ ပျားသကာသို့ ချိုလှစေမှာသော ဆုံးမစာကို လက်ခံလိုက်နာလျှင် မိမိ သူတစ်ပါး နှစ်ဦးသား အကျိုးမယုတ်ပေ။

လောကထဲမှာ နေကြသော လောကလူသားတို့သည် လူမှုကျင့်ဝတ်၊ လူမှုစည်းကမ်းများကို လိုက်နာရန် တာဝန်ရှိပါသည်။ လောကအကြောင်းနှင့်စပ်လျဉ်း၍ ကြီးပွားတိုးတက်စေရန် ညွှန်ကြားသော လမ်းညွှန်ကျမ်းကို လောကနီတိဟု ခေါ်ပါသည်။ မြန်မာတို့အတွက် လောကနီတိကို သက္ကရာဇ်(၇၀၄)ခုနှစ်တွင် သီဟသူရမင်းလက်ထက်၌ အမတ်ပညာရှိကြီး စတုရင်္ဂဇလက ကျမ်းအစောင်စောင်မှ သင့်နိုင်ရာရာကို ကောက်နုတ်ပြင်ဆင်၍ ပါဠိဘာသာဖြင့် ရေးသား

www.burmeseclassic.com

www.burmeseclassic.com

ပြုစုသည်။

စတုရင်္ဂလ၏ ကျမ်းရင်းကို အောင်မြေဘုံစံအုတ် ကျောင်းဆရာတော်ဘုရား ဦးဗုဒ္ဓက မြန်မာပြန်ဆိုသည်။ ပြန်ဆိုသည့်နှစ်မှာ သက္ကရာဇ်(၁၁၉၆)ခုနှစ် ဖြစ်သည်။

မြန်မာနိုင်ငံတွင် နီတိစာပေခေတ် တစ်ခေတ်ဆန်းသစ်ခဲ့ရာတွင် နီတိကျမ်းကျော်(၅)ကျမ်း ပေါ်ထွန်းခဲ့ကြောင်း၊ ၎င်းတို့မှာ (၁) တကျွန်းနီတိ၊ (၂) လောကနီတိ၊ (၃) ရာဇနီတိ၊ (၄) ဓမ္မနီတိ၊ (၅) မဟာရဟန်းတိတို့ ဖြစ်ကြကြောင်း လေ့လာသိရှိရသည်။

ရှေးခေတ်အခါက ဘုန်းတော်ကြီးကျောင်းများ၌ ကျောင်းသား၊ ကိုရင်၊ သာမဏေတို့အတွက် သင်ရိုးလက်ကိုင် စာအုပ်အဖြစ် သင်ကြားကြပေရာ ထိုခေတ်,ထိုအချိန်က ဘုန်းကြီးကျောင်းထွက် ကျောင်းသား၊ ကိုရင်များနှင့် ရဟန်းသံဃာတော်တို့မှာ လောကနီတိကျမ်းလာ ဆုံးမစာများကို နှုတ်တက်အာဂုံရကြလေသည်။ ထိုသူတို့၏ ဆင့်ကဲကျေးဇူးပြုမှုများကြောင့် လောကနီတိဆုံးမစာမှာ မြန်မာနိုင်ငံ တစ်ဝန်းလုံးသို့ ပျံ့နှံ့ရောက်ရှိခဲ့ရတော့သည်။

ဤလောကနီတိကျမ်းသည် လူသားတို့၏ အားကိုးစရာ ပညာပေးစာအုပ်ဖြစ်သည်။ ဤကျမ်းကို တတ်မြောက်သူသည် ပညာရေးဗဟုသုတနှင့်ပြည့်စုံသော ပညာတတ်တစ်ဦး ဖြစ်ပေသည်။

လောကနီတိကျမ်းတွင် အခန်းကဏ္ဍ(၇)ခန်းဖြင့် ဖော်ပြထားပါသည်။

အခန်း(၁) ပဏ္ဍိတကဏ္ဍ (ပညာရှိတို့ကိုဆိုသောအခန်း)၊
အခန်း(၂) သုဇနကဏ္ဍ
(သူတော်ကောင်းတို့ကိုဆိုသောအခန်း)၊
အခန်း(၃) ဗာလဒုဇ္ဇနကဏ္ဍ
(သူမိုက်သူယုတ်တို့ကိုဆိုသောအခန်း)၊
အခန်း(၄) မိတ္တကဏ္ဍ (ခင်ပွန်းကိုဆိုရာအခန်း)၊
အခန်း(၅) ဣတ္ထိယကဏ္ဍ (အမျိုးသမီးတို့ဆိုင်ရာအခန်း)၊
အခန်း(၆) ရာဇကဏ္ဍ (မင်းနှင့်ဆိုင်ရာအခန်း)၊
အခန်း(၇) ပကိဏ္ဏက,ကဏ္ဍ
(ပြီးပြွမ်းကိုဆိုရာဖြစ်သောအခန်း)
ဟူ၍ ဖြစ်ပါသည်။

လောကနီတိကျမ်း ပညာရှိတို့ကိုဆိုသော အခန်းတွင် လိမ္မာယဉ်ကျေး ရှိ,မရှိကို ကိုယ်အမူအရာ၊ နှုတ်အမူအရာ အားဖြင့် သိနိုင်၏။ ပညာရှိသည်,မရှိသည်ကို ပြောဆိုသော စကားကို ထောက်ချင့်၍ သိနိုင်၏။

ကုမုဒြာကြာ ကြာရိုးရှည်,မရှည်ကို ကြည့်ခြင်းအားဖြင့် ရေတိမ် ရေနက်ကို သိနိုင်၏။ ရေမြင့်မှ ကြာတင့်သည်ဆိုသကဲ့သို့ပင် အမျိုးမြတ်၊ အမျိုးယုတ်ခွဲခြားသိဖို့မှာ ထိုသူ၏ အမူအရာ ရည်မွန်ရိုင်းစိုင်းခြင်းဖြင့် သိနိုင်သည်။ ပညာရှိ,မရှိကို ထိုသူ၏စကားကို ထောက်ချင့်ခြင်းအားဖြင့် သိနိုင်သည်။ မြေတစ်ကွက်၏ မြေသြဇာကောင်း,မကောင်းကို မြက်သန်,မသန်ကို ကြည့်ခြင်းဖြင့် သိနိုင်သည်။

လောကနီတိကျမ်း သူတော်ကောင်းတို့ကိုဆိုသော အခန်းတွင် အမိယုတ်သောသူကား မကောင်းသောစကား ရှိသည်ဖြစ်၏။ အဖယုတ်သောသူကား မကောင်းသောအမူအကျင့် ရှိသည်ဖြစ်၏။ မိဘနှစ်ပါးစုံ ယုတ်မှကား မကောင်းသောစကား ရှိသည်လည်းဖြစ်၏။ မကောင်းသော အမူအကျင့် ရှိသည်လည်း ဖြစ်၏။

အမိမြတ်သောသူကား ကောင်းသောစကား ရှိ၏။ အဖမြတ်သောသူကား ကောင်းသောအမူအကျင့် ရှိ၏။ မိဘနှစ်ပါးစုံ မြတ်မှကား ကောင်းသောစကားလည်း ရှိ၏။ ကောင်းသောအမူအကျင့်လည်း ရှိ၏။

လောကနီတိကျမ်း သူမိုက်သူယုတ်တို့ကို ဆိုသော အခန်းတွင် ယုတ်သောသဘောရှိသောသူသည် သူတစ်ပါးတို့၏ နှမ်းစေ့ခန့်မျှရှိသော အနည်းငယ်သော အပြစ်ကို သာလျှင် မြင်တတ်၏။ အုန်းသီးလောက်ရှိသော မိမိအပြစ်ကို ကား မမြင်တတ်။

မြွေသည် အမျက်လွန်၏။ သူယုတ်သည်လည်း အမျက်လွန်၏။ မြွေဆက် သူယုတ်သည်ကား အမျက်လွန်၏။ ထိုမြွေကိုကား မန္တရားဆေးဝါးတို့ဖြင့် ငြိမ်းစေနိုင်၏။ သူယုတ်ကိုကား အဘယ်မည်သောဆေးဖြင့် ငြိမ်းစေနိုင်အံ့နည်း။

လောကနီတိကျမ်း ခင်ပွန်းကိုဆိုရာ အခန်းတွင် နှုတ်ခွန်းချိုသောစကား ရှိသောသူသည် များသောအဆွေခင်ပွန်း ရှိ၏။ ကြမ်းကြုတ်သောသူသည် နည်းသောခင်ပွန်း ရှိ၏။ နေမင်း၊ လမင်းတို့၏ ဥပမာကို ဤနေရာ၌ သိအပ်၏။

လောကနီတိကျမ်း မင်းနှင့်ဆိုင်ရာအခန်းတွင် လောက၌ ယုတ်မာသောအမှုကို သားတည်းပြုလေမူကား အမိပြုသည် မည်၏။ ထို့အတူ တပည့်တည်းမကောင်းမှုပြုမူကား ဆရာပြုသည် မည်၏။ တိုင်းသူပြည်သားတည်း ပြုမူကား မင်းပြုသည် မည်၏။ မင်းတည်းမကောင်းမှုပြုမူကား ပုရော

www.burmeseclassic.com

ဟိတ် မကောင်းမှုပြုသည် မည်၏။

သားသမီးမကောင်း မိဘခေါင်း၊ တပည့်မကောင်း ဆရာခေါင်း၊ ပြည်သူမကောင်း ရာဇခေါင်း ဟူသောစကား မျိုးကဲ့သို့ပင် ငယ်သူ၏အပြစ်ကို ကြီးသူ(အကြီးအကဲ)က တာဝန်ခံရသည်။

လောကနီတိကျမ်း ပြိုးပြွမ်းကိုဆိုရာဖြစ်သော အခန်းတွင် အသက်ရှင်လျက်လည်း သေလူဟူ၍ ငါးယောက်သောသူတို့ကို ဗျာသဆရာသည် ကြားအပ်ကုန်၏။ ဆင်းရဲသောသူ၊ အနာနှိပ်စက်သောသူ၊ မိုက်မဲသောသူ၊ မြီများသောသူ၊ မင်းဝယ်ကိုယ်ကြပ် ခစားသောသူ ဤသို့တည်း။

အသက်ရှင်လျက် ဆဲရေးမှုပြုသူသည် မိုက်မဲသောသူ ဖြစ်ပေသည်။ လိမ္မာယဉ်ကျေးသူ မဟုတ်ပေ။ ထို့ကြောင့် ဆဲရေးမှုပြုသော မိုက်မဲသူသည် သေသူမည်ပေ၏ဟု စာရေးသူက သုံးသပ်မိပါသည်။

နှုတ်စကားဖြင့် အများအားဖြင့် ပြောဆိုမှု (၀၊) ဝစီဒွါရ၌ အဖြစ်များသော ပြောဆိုမှုတွင် ကုသိုလ်ဖြစ်စေသော စကား၊ အကုသိုလ်ဖြစ်စေသောစကား ဟူ၍ ရှိပါသည်။

မကြားဝံ့မနာသာ ကြမ်းတမ်းစွာ ပြောဆိုဆဲရေး ကြိမ်းမောင်းခြိမ်းခြောက် ငေါက်ငမ်းမှုသည် ဖရုသဝါစာ မည်၏။

သူတစ်ပါး အကျိုးပျက်အောင် ဆဲရေးလိုသောဒေါသသည် ဒေါသအကုသိုလ်၊ ဆဲလျှင် ဒုစရိုက်၊ အင်္ဂါညီညွတ်လျှင် ဖရုဝါစာကမ္မပထ ဖြစ်၏။

ဖရုသဝါစာ အင်္ဂါ(၃)ပါး

(၁) အဆဲခံရသူရှိခြင်း၊

(၂) အမျက်ထွက်စိတ်ဆိုးခြင်း၊

(၃) ဆဲရေးခြင်း။

ဖရုသဝါစာ ကြမ်းတမ်းသော ဆဲဆိုသူသည် သေသည်၏ အခြားမဲ့၌ အပါယ်(၄)ဘုံ၌ ဆင်းရဲစွာ ကျခံရတတ်သည်။ ဖြစ်ရာဘဝ၌ ပဝတ္တိဝိပါက် ခံရတတ်သည်။

သံသရာအပြစ်များမှာ-

အသံဆိုးများကို ကြားရခြင်း၊ အများ အမုန်းခံရခြင်း၊ ကဲ့ရဲ့ပြစ်တင်ခံရခြင်း၊ ဆင်းဆင်းရဲရဲ နေထိုင်ရခြင်း၊ အသံမသာယာခြင်း၊ အသံအင်္ဂါ ပျက်စီး၍ ဆွံ့အခြင်း။

အချို့သောသူများ၏ အသံမှာ မာကျောခက်ထန်ပြီး ကြောက်စရာကောင်းသောအသံ၊ အသံကို ကြားရသူအဖို့ တုန်လှုပ်လန့်ဖျပ်စေပါသည်။ ထိုသူများကို လူအများက ကြောက်ကြပြီး ရှောင်ကြပါသည်။ ကြမ်းတမ်းသောဆဲရေးမှု စသဖြင့် မကောင်းသော စကားများကို ထွက်ဆိုခဲ့သော အကျိုးဆက်များပင် ဖြစ်ပေသည်။

လူဘုံတွင် လူဖြစ်ရသော်လည်း လူစဉ်မမီသူ၊ ပဋိသန္ဓေအားဖြင့် စကားမပီထစ်အ ဆွံ့အသူ ဖြစ်ကြရသည်။ အချို့မှာ စကားပြောရမည့်အရွယ် ရောက်သော်လည်း စကားမပြောနိုင် ဆွံ့အခြင်းများ ရှိကြပေသည်။ စိတ်မ့ကောင်းစရာ၊ သနားစရာပင် ဖြစ်ပါသည်။

အချို့သူများမှာတော့ စကားပြောနေကြသော်လည်း စကားထစ်ငေါ့ပြီး လိုရာစကားကို ခက်ခက်ခဲခဲ တစ်လုံးချင်း ပြောကြရပါသည်။

အချို့မှာတော့ ဤသို့မဟုတ်၊ ငယ်စဉ်က စကားပြောဆိုနိုင်ပြီး အသက်ကြီးရောက်မှပင် စကားမပြောနိုင်သူများလည်း ရှိကြပါသည်။ ကြမ်းတမ်းသောစကားများ၊ ဆဲရေးမှုများကို ကျူးလွန်မိကြသူများအတွက် ဆုကြေးအဖြစ် လက်ခံရကြသည့် အပြစ်များပင် ဖြစ်ပါသည်။

ကြမ်းတမ်းစွာပြောခြင်း၊ ဆဲရေးပြုခြင်းကို အများကလည်း မကြိုက်၊ ဘုရားကလည်း မကြိုက်၊ ကောင်းကျိုးမပေးသောကြောင့်ပင်။

လောကအကျိုးပြု လောကနီတိကျမ်းတွင် ဆုံးမထားချက်များမှ ကောက်နုတ်တင်ပြခဲ့ပါသည်။ လောကကို အလင်းဆောင်သည့် ဘုရားရှင်၏ ဟော်ပြောချက်ကိုလည်း တင်ပြခဲ့ပါသည်။

လောကအကျိုး၊ အများအကျိုး လိုလားစွာဖြင့် သတိတရားနှင့် ဆင်ဆင်ခြင်ခြင် ပြောဆိုကြရန်၊ ယဉ်ကျေးစွာ ပြောဆိုကြရန် အထူးသဖြင့် ဆဲဆိုပြောခြင်းမှ ရှောင်ရှားကြရန်၊ ပစ္စုပ္ပန်၊ အနာဂတ် သံသရာနှစ်ဖြာအတွက် ရည်ရွယ်ပြီး ရေးသားခြင်း ဖြစ်ပါသည်။

လူဘဝကောင်းသို့ ရောက်လာ၍ တတ်သိနားလည်သင့်သော အသိတရားများကို မလေ့လာခဲ့မိလျှင်၊ မလိုက်နာခဲ့ပါလျှင် ပတ္တမြားတောင် ရောက်ခါမှ ဓားသွေးကျောက်အကောက်မှားရသူကဲ့သို့ ဖြစ်ပါလိမ့်မည်။

ပတ္တမြားတောင်ပေါ်မှ လူသားပတ္တမြားကိုသာ ပိုင်ဆိုင်နိုင်ကြပါစေ။

ဘဏ်အရာရှိပေါင်းတစ်ဦး

ကျမ်းကိုး

(၁) ဆုထူးပန်အဘိဓမ္မာ (ဆုထူးပန် ဆရာဟန်)။

(၂) လောကနီတိ (တက်တိုး)။

www.burmeseclassic.com

www.burmeseclassic.com

ရုံးပင်ကန်ရွာမှာ ဦးလှဖေဆိုတာ ရှိတယ်။ ရုံးပင်ကန်ရွာက ဦးပု၊ ဒေါ်ဉာဏ်က မွေးတာပါ။ ဦးဖိုးသင်နဲ့ ဦးပုတို့က ညီအစ်ကိုအရင်းတွေလေ။ မွေးခါစမှာ ဆင်းရဲပေမယ့် နို့စို့အရွယ်ရောက်တော့ ဘကြီးဖြစ်သူ ဦးဖိုးသင်၊ ဒေါ်ရာဆယ်တို့က မွေးစားလို့ ချမ်းချမ်းသာသာ နေရရှာတယ်လေ။ မိဘတွေက ဆင်းရဲပေမယ့် ဘကြီးဖိုးသင်က ချမ်းသာတာကိုး။ ရွာထဲမှာ အချမ်းသာဆုံးတွေပေါ့။ လယ်တွေလည်း လက်ညှိုးထိုးမလွဲဘူး။ နွားတွေလည်း အများကြီး၊ ခြံကျယ်ကြီးနှင့် အင်္ဂုံကျောင်းစေပြီး မွေးထားတာကလား။ ရွှေတွေဆိုလည်း သူတို့ အရှိဆုံး၊ သူတို့ အဝတ်နိုင်ဆုံးပေါ့။

ချမ်းသာသလောက် စည်းကမ်းလည်းရှိ၊ အလုပ်လည်း ကြိုးစားပါသတဲ့။ မှတ်မှတ်သားသားလည်း ရှိပါသတဲ့။ ဘယ်နေ့ပျိုးကြဲ၊ ဘယ်နေ့နှမ်းကြဲ၊ ဘယ်နေ့ရှင်ပြု ဆိုတာတွေလည်း အိမ်ခါးပန်းမှာ ရေးလေ့ရှိပါတယ်။ မှတ်မှတ်ရရ ဦးလှဖေတို့ ငယ်စဉ်က လင်းဓင်းရေသောက်မြောင်းတွေ တူးပြီးခါစပါတဲ့။ ဟိုတုန်းက မိုးကိုပဲအားကိုးသမှုပြုကြရပေသပေါ့။ အများစုက ဆင်းရဲကြပါတယ်။ ရိုးလည်း ရိုးသားကြပါတယ်။ ရုံးပင်ကန်ရွာဆိုတာ စလင်းမြို့အနောက်တောင် (၇)မိုင်ကျော်ကျော်လောက်မှာ တည်ရှိတယ်လေ။ ရွာကြီး အိမ်ခြေနှစ်ရာလောက် ရှိတယ်။ နွားတွေ၊ ကျွဲတွေလည်း ပေါရဲ့။ ရွာရဲ့အရှေ့မြောက်မှာ ဘုန်းကြီးကျောင်းတစ်ကျောင်း၊ ရွာရဲ့အနောက် (၁)မိုင်ကျော်လောက်မှာ ဘုန်းကြီးကျောင်းတစ်ကျောင်း ပေါင်း နှစ်ကျောင်းရှိတယ်လေ။ ဘာသာရေးကိုင်းရှိုင်းကြတယ်။

လှူရေးတန်းရေး လက်မခန်းကြပါဘူး။

ရွာက ကုန်းကျတော့ လေကလေး တဟူးဟူးနဲ့ ခြင်မကိုက်ဘူးရယ်။ ရှေးကတိုင် ဒီရွာသား စာတတ်ကြီးတွေ ဘုန်းတော်ကြီးတွေ ပေါထွန်းခဲ့တယ်။ မြို့နဲ့ မဝေးလှပေမယ့် စကားပြောရင် အသံနည်းနည်းဝဲကြတယ်။ သူတို့ရွာက စကားပြောကြရင် ရုံးပင်ကန်သူ ရုံးပင်ကန်သားမှန်းသိသာတယ်လေ။ သူတို့ရွာအနောက် ဆင်လူးရစ်ပြင်၊ အင်ကြင်းပင်လှ၊ ဂွင်ကျင်းကန်ပြား၊ စေတုတ္တရာ စတဲ့ရွာတွေကို အထက်လို့ ခေါ်ကြ,ပြောကြတယ်။ စလင်းမြို့တို့၊ စလင်းနယ်တစ်ဝိုက်တို့ကျတော့ အောက်,အောက်ပိုင်းလို့ ခေါ်ဝေါ်သုံးစွဲကြတာကလား။

ထူးထူးခြားခြား ဘုန်းကြီးဆွမ်းပွဲမှာ ဒီရွာအလှူတွေမှာ ယုန်သားစားရလေ့ ရှိပါတယ်။ တခြားရွာတွေမှာ မစားရပါဘူး။ အနောက်ကျောင်း ဆရာတော် ဦးသောမ ရှိစဉ် တုန်းက ဆွမ်းပွဲ၊ အချိုပွဲတွေမှာ ထူးထူးခြားခြား ကောင်းနိုးရာရာ တွေ စီမံလေ့ရှိပါတယ်။ ဆရာတော် ကိုယ်တိုင်လည်း ချက်ပြုတ်စီမံတတ်တာကိုး။

ဦးစန္ဒိမ (စလင်း)

နာမည်တစ်လုံးနဲ့လူ

www.burmeseclassic.com

www.burmeseclassic.com

ဦးလှဖေအကြောင်း ပြန်ဆက်ရရင် သူက သူနဲ့အတူ မွေးစားအဖေ,အမေရော၊ သူ့အဖေ,အမေအရင်းကိုရော ဆင်တွယ်တာပြီး စောင့်ရှောက်သူပေါ့။ စားစရာမြိုးမြိုးမြောက်မြက်ကလေးများရှိရင် ဒီကျေးဇူးရှင်တွေကို ဦးစားပေးကျွေးလေ့ရှိတယ်။ ဒီကျေးဇူးရှင်တွေက ပိုလျှံမှ စားပါသတဲ့။

ဦးလှဖေဟာ အသက်ကလေးရလာတော့ သူဇနီး ဒေါ်သုရင် အဆုတ်ရောဂါနဲ့ ဆုံးတယ်။ ဦးလှဖေ အသက်(၃၈)နှစ် အရွယ်မှာပေါ့။ နောက်(၅)လအကြာမှာ သမီး မလှကြည် ဆုံးပြန်ရော။ နောက် သမက်ဖြစ်သူ ဦးပို ဆုံးပြန်ပါတယ်။ တရားနဲ့ ဖြေရပေသပေါ့။ နောက်တစ်ခု ကံဆာင်းတာကတော့ ဦးလှဖေဟာ သားတွေ,သမီးတွေအားလုံး အိမ်ထောင်ကျကုန်တဲ့အခါ သားသမီးတွေသာမက သမက်တွေ၊ ချွေးမတွေ၊ မြေးတွေအပေါ်မှာ သြဇာညောင်းခြင်းပါပဲ။ သူသြဇာ၊ သူ့အမိန့် တစ်ခုပဲ။ ပြီးပြီ။ ဘယ်သူမှ အထွန့်မတက်ကြပါဘူး။ ချစ်ကြောက်ရိုသေကြပါတယ်။

ဦးလှဖေဟာ သူ့အဖေဆုံးပြီး သူ့အမေ ဒေါ်ဘကြီးကို အိမ်ခေါ်ထားတယ်။ အငြိုအငြင်မခံဘူး။ ဝတ်ကြီး,ဝတ်ငယ်ကို ကိုယ်တိုင်ပြုစုတယ်။ မကောင်း ကောင်းကောင်း ကျွေးမွေးတယ်။ အဝတ်အစား မန္တမ်းရဘူး။ မွေးစားအဖေ၊ အမေတွေလည်း ဒီအတိုင်းပဲ။ မျက်နှာအညိုးမခံဘူးရယ်။ မွေးစား အဖေ၊ အမေလည်း ဆုံးရော ဦးလှဖေဟာ သူ့အမေ ဒေါ်ဘကြီးကို ပိုဂရုစိုက်ပြုစုတယ်လေ။ ချစ်စရာဆိုလို့ ဒါပဲ ရှိတော့တာ၊ ကျေးဇူးဆပ်စရာ ကုသိုလ်ယူစရာဆိုလို့ ဒါပဲ ရှိတာဆိုပြီး ကိုယ်တိုင်ပြုစုသလို သားသမီးမြေးတွေကိုလည်း ဒီတန်ဖိုးကို အမြဲပြောပြပါတယ်။ သူ အခုလို မတောင့်မတမရှုမပင် ချမ်းချမ်းသာသာ နေရ၊ စားရတာတွေဟာ ဒီမိဘတွေကို မငြိုမငြင် ပြုစုလုပ်ကျွေးတဲ့ ကျေးဇူးကြောင့် ဆိုတာတွေ သိသာအောင် ပြောပြဆုံးမခဲ့တယ်လေ။

သူ့အမေဒေါ်ဘကြီး (၇၅)နှစ်မှာ မျက်စိနှစ်လုံးကွယ်တော့ ပိုလို့တောင် ဂရုစိုက်ပါသေးတယ်။ ညအိပ်ညဉ့်နေခဲ့သွားဆိုရင် မသွားပါဘူး။ အတော်ကို မဖြစ်လွန်းမှပါ။ သွားရင်လည်း သားတွေ၊ သမီးတွေ၊ မြေးတွေကို မှာတယ်။ "မီးရေးထင်းရေးဆိုရင် ငါ့အမေကိုသာခေါ်ပြီး လွတ်ရာပြေးကြပါနော်။ ပစ္စည်းရရ,မရရ အဲဒါက ရှာရင်ရတယ်။ ငါပြောတာ နားလည်ရဲ့လား။ မမြဲနဲ့နော်" ဆိုပြီး သွားတိုင်း အထပ်ထပ်မှာလေ့ရှိပါတယ်။ ကြာတော့ သားသမီးမြေးတွေက နားတောင်ငြီးပါသတဲ့။

ဒီလိုနဲ့ ဦးလှဖေလည်း ဆုံးရော နှစ်တွေလည်း ကြာလာတဲ့အခါ သိပ်မဝေးလှတဲ့ ရွာတစ်ရွာမှာ မီးလောင်ပါရော။ သားဖြစ်သူက ပစ္စည်းတွေချည်း သယ်နေပေမယ့် အသက်(၈၀)ကျော် မျက်မမြင်အဖေကြီးကို လှည့်တောင် မကြည့်ပါဘူး။

အဖေကြီးက မျက်မမြင်ဆိုတော့ ထွက်လည်း မပြေးနိုင်၊ မပြေးတတ်နဲ့ "သားရေ..ငါ့ခေါ်ပါတော့။ ပူလှပါပြီ" လို့ချည်း ပြောတော့ "ဒီတစ်ခါ ခေါ်ပါမယ်။ ဒီတစ်ခါ ခေါ်ပါမယ်" လို့ ပြောပြီး ပစ္စည်းတွေသယ်ရင်း မျက်မမြင်ဖခင်ကြီး မီးထဲပါသွားပါလေရော။

ဒီလူတွေ ပစ္စည်းတော့ ချမ်းသာပါရဲ့။ ပစ္စည်းကိုသာ တန်ဖိုးထားပြီး ဖအေကို တန်ဖိုးထားရမှန်း မသိဘူးရယ်လို့ အရပ်က အော့ကြောလန့်ကုန်ကြတယ်လေ။ ပြောစမတ်ကြီးကို တွင်လို့။

လူအိုလူမင်းတွေ နွေအခါရောက်ပြီလားဆိုရင် မီးရေးထင်းရေးနဲ့အတူ သားသမီးတွေ ထားခဲ့မှာကြောက်ပြီး (...) လိုတော့ မလုပ်ကြပါနဲ့ကွာလို့ ခုထိပြောနေကြတုန်းပါ။ ရာဇဝင်တွင်နေဆဲပါ။ ဦးလှဖေ သားသမီး,မြေးတွေ မျက်မမြင်အိုးကြီးကို သားက မခေါ်၊ မဆွဲလို့ မီးထဲ သေသွားတယ်လည်းကြားရော သူတို့အဖေ၊ သူတို့အိုး ပြောခဲ့တာတွေ ပြန်လည်ကြားယောင်ပြီး အဖေပြောတာ ဟုတ်ပါလား။ အိုးပြောတာ မှန်ပါလားရယ်လို့ စုတ်တသပ်သပ်နဲ့ ဖြစ်နေပါသတဲ့။

မိဘကို လုပ်ကျွေးဖို့၊ တန်ဖိုးထားဖို့နဲ့ ပတ်သက်လာရင် ခုဘို့နှိုင်းထိအောင် ရုံးပင်ကန့်ရွာမှာ ဦးလှဖေကို စံတင်ပြီး ပြောနေကြတုန်းပါ။ မိဘကျေးဇူးသိမှ၊ တန်ဖိုးထားမှ ကြီးပွားချမ်းသာကြောင်းတွေလည်း ပါသပေါ့လေ။ လူဆိုတာ နာမည်တစ်လုံးကျန်ဖို့၊ စံထားလောက်ဖို့ဆိုတာ လွယ်တာမှ မဟုတ်ဘဲကလား။ ဒါမျိုးက ဂုဏ်လိုချင်လို့၊ လူအထင်ကြီးအောင်လို့၊ နာမည်ကောင်းရအောင်လို့ လုပ်ယူလို့ မရပါဘူး။ တကယ်ရင်ထဲက စိတ်စေတနာကောင်းရှိမှ ဟုတ်လား။

ပိုက်ဆံမကုန်ဘဲနဲ့ရတဲ့ကုသိုလ် ဘုရားချီးမွမ်းတဲ့ ကိစ္စမို့လို့ မသေခင် မိဘဘိုးဘွားတွေကို တန်ဖိုးထား ပြုစုယုယကြပါလို့ တိုက်တွန်းချင်ပါရဲ့။

ဦးစန္ဒိမ(စလင်း)

(ပြောပြတဲ့ ဒေါ်ညွှန့်ကို ကျေးဇူးပါ။)

www.burmeseclassic.com

www.burmeseclassic.com

မဂ်ဖိုလ်နိဗ္ဗာန်ကို ရစေသော ဂန္ဓဝင်မြောက် သီချင်းများ

ကိုရွှေဥဩဇင်း (သမိုင်း)

လောကဥ္စ စိတ်သည်သာလျှင် ရှေ့သွား ဖြစ်၏။ လောကဥ္စ စိတ်သည်သာ လျှင် ဦးဆောင်မှု ဖြစ်၏။ ဤလောက ကြီးကို စိတ်သည် ဆောင်ကြဉ်းအပ်၏။ ဤလောကကြီးကို စိတ်သည် ဆွဲငင်အပ်၏။ လူသတ္တဝါ အားလုံးသည်ပင် စိတ်တည်းဟူသော တရားတစ်ခုဏ၏အလိုသို့ လိုက်နေ၏ဟု ဗုဒ္ဓ၏ တရားတော်၌ ဟောကြားထားပါသည်။

ထို့ကြောင့် စိတ်သည် အရာရာကို ဖန်တီးနေ၏။ စိတ်သည်ပင် လောက၏ ကောင်းခြင်း၊ မကောင်းခြင်းတို့ကို စီမံ လေသည်ဟုဆိုကြ၏။ တရားတော်အလိုအရ ထိုစိတ်ဖြင့် မိမိအကျိုး၊ လောကအကျိုးများကို ဆောင်ရွက်ရာတွင် ဦးစွာဆောက်တည်သင့်သည့် အချက်မှာ မိမိ၏ စိတ်နေ စိတ်ထားကို ကောင်းအောင် ပြုပြင်ခြင်းပင် ဖြစ်ပါသည်။

ကောင်းသောအမှုကို ပြုသည့်အခါ၌ မိမိတို့၏ ကုန် လွန်ခဲ့သော စိတ်ဟောင်းများသည်

www.burmeseclassic.com

www.burmeseclassic.com

ကောင်းကျိုးကို ရှေးရှု မရွှေကောင်းသော ပစ္စက္ခကာလနှင့် လိုက်ဖက်,မဖက်၊ ကောင်းခြင်း မှန်ကန်,မမှန်ကန်၊ ကောင်းမှုနှင့် လွဲချော်,မချော် စသည်တို့ကို မည်သူမတားသုံးသပ်ရှုမြင်ဆင်ခြင်ကာ မိမိစိတ်ကို ကောင်းသထက် ကောင်းအောင် ပြုပြင်ခြင်းသည် မိမိ၏ စိတ်နေစိတ်ထားကို ကောင်းအောင် ပြုပြင်ခြင်း ဖြစ်ပါသည်။

ဤသို့ စိတ်နေစိတ်ထားများကို ကောင်းအောင်ပြုပြင်ရာတွင် အကြောင်းများစွာ ရှိပါသည်။ မိမိစိတ်ထား ကောင်း,မကောင်းကို မိမိသာလျှင် အသိဆုံးဖြစ်ပါသည်။ ထို့ကြောင့် ကောင်းအောင် ဆောင်ရွက်လိုလျှင်လည်း မိမိစိတ်ပင်ဖြစ်ပြီး မကောင်းအောင် ဆောင်ရွက်လိုလျှင်လည်း မိမိစိတ်ပင် ဖြစ်ပါသည်။

လွဲမှားသောစိတ် ရှိနေသူတစ်ဦးအဖို့ လောကီဂုဏ်အတွက် ၄င်းမှာ အထက်တန်းသို့ ရောက်နေသူပင် ဖြစ်လင့်ကစား စိတ်နေစိတ်ထားအရ အောက်တန်းသို့ ရောက်နေသူ ဖြစ်ပေလိမ့်မည်။ လောကုတ္တရာဂုဏ်တွင်လည်း အောက်တန်းနောက်တန်းသို့ ပြန်လည်ရောက်တတ်ပေသည်။ ထိုသို့ နိမ့်ကျရမည့်အရေးကိုတွေး၍ မိမိတို့ စိတ်နေစိတ်ထားကို ကြီးမားမြင့်မြတ်အောင် အားထုတ်ဖို့ လိုအပ်ပါလိမ့်မည်။

မိမိစိတ်ကို မိမိပြုပြင်ပုံနှင့်ပတ်သက်၍ မိလိန္ဒမင်းကြီး၏ စိတ်ပြုပြင်ပုံမှာ အတုယူဖွယ်ထိုက်လှပေသည်။ မိလိန္ဒမင်းကြီး၏ စိတ်ကို စောင့်စည်းပုံမှာ နံနက်စောစော အိပ်ရာထလျှင် ကိုယ်လက်သန့်စင် ချေးညှော်စင်စေပြီး ဖန်ရည်ဆိုးအဝတ်ကို ဝတ်ဆင်ကာ ရဟန်း မဟုတ်သော်လည်း ရဟန်းအသွင်ယူ၍ ခုနစ်ရက်ပတ်လုံး မင်းကိစ္စ မပြုခြင်း၊ ရာဂ၊ ဒေါသ၊ မောဟ၊ မာန်မာန၊ ဂိုယ်၊ နှုတ်အမူအရာ၊ မြင်ရကြားရ၊ တွေ့ရ၊ သိရသမျှသော အာရုံများနှင့်ပတ်သက်၍ စောင့်စည်းခြင်းနှင့် သတ္တဝါအားလုံးတို့အပေါ်တွင် မေတ္တာစိတ်ထားခြင်းဟူသည့် အချက်ရှစ်ချက်ကို ကျင့်ကြံအားထုတ်ခဲ့ခြင်း ဖြစ်ပါသည်။

ထိုသို့ မိလိန္ဒမင်းကြီး၏ ခုနစ်ရက်ပတ်လုံး စိတ်ပြုပြင်ပုံကို အတုယူလျက် သူတော်ကောင်းဘက် အထက်တန်းစားသို့ရောက်အောင် အားထုတ်ခြင်းပင်ဖြစ်ပါသည်။ အထက်တန်းစားသို့ ရောက်လိုသော အမျိုးကောင်းသား အမျိုးကောင်းသမီး အပေါင်းတို့အနေဖြင့် မိမိပတ်ဝန်းကျင်မှာပင် တစ်နေ့ တစ်နှုတ် စသည်ဖြင့် ရက်ပိုင်းခြား၍ မိမိတို့၏ စိတ်သန္တာန်၌ ဖြစ်လေ့ရှိသော အကုသိုလ်စိတ်များ မဝင်ရောက်ရလေအောင် မကြာ,မကြာ မိမိတို့စိတ်ကို အထူးစောင့်ကြပ် ကြိုးပမ်းအားထုတ်သင့်ပေသည်။

ဤသို့ စောင့်စည်းဖန် များလာသောအခါ အကုသိုလ်စိတ် အထူးနည်းပါးသော သူတော်ကောင်းအဖြစ်သို့ တက်ရောက်သွား၍ သဒ္ဓါထူး ပညာထူးများ ရရှိပေလိမ့်မည်။ ရက်ပေါင်းအတော်ကြာအောင် အားထုတ်မိပါက နဂိုက ဖြစ်တတ်သော အကုသိုလ်စိတ်တို့သည် မိမိကိုယ်တွင် မကပ်ငြိဘဲ သူတော်ကောင်းအစစ် ဖြစ်ပေလိမ့်မည်ဟု အရှင်ဇနကာဘိဝံသ ဆရာတော်ဘုရားကြီး၏ လမ်းပြတရားကို ဓမ္မစကား စာဆင့်ကမ်းရင်းဖြင့် စိတ်ကိုပြုပြင်လိုက်ခြင်းကြောင့် အကျိုးထူး အကျိုးမြတ်များကို ပိုင်ဆိုင်ခွင့်ရခဲ့ကြသည့် ရှေးခေတ်လူသားများ(ရဟန်းတော်များ)၏ ဘာသာရေးနှင့် နီးကပ်ထွေးပွေ့ ပြုကျင့်နေထိုင်ခဲ့ကြသော သာဓကတစ်ခုဖြစ်သည့် မဟာသုတဒီပနီကျမ်းမှ မဂ်ဖိုလ်နိဗ္ဗာန်ကိုရစေသော ဂန္ထဝင်မြောက် သီချင်းများကို ကမ်းဆင့်ဆက်သီလိုက်ပါ၏။

♦ ♦ ♦

ကြာချိုးသူမ သီဆိုသော ကြာပန်းပမာ တို့သူငါသီချင်း

သီဟိုဠ်ကျွန်း၌ တိသမည်သော ရဟန်းတစ်ပါးသည် ပဒုမ္မာကြာအိုင်ကြီးအနီး၌ ခရီးဖြတ်သွားစဉ် ကြာချိုးနေသူ ကျွန်မလေးတစ်ယောက်သည် အောက်ပါသီချင်းကို သီဆိုလေသည်။

ပါတောဝ ဖုလ္လိတ ကောကနံ
သူရိယာ လောကေန ဘိဒ္ဓိယတေ
ဧဝံ မနုဿတ္တံ ဂတာသတ္တာ
ဧရာဘိဝေဂေန မဒ္ဒိယန္တိ။

ပါတော-နံနက်အခါ၌၊ ဖုလ္လိတ ကောကနံ-ပွင့်သော ပဒုမ္မာကြာနီပန်းကို၊ သူရိယာလောကေန-နေပူရောင်သည်၊ ဘိဒ္ဓိယတေကုဝ-ဖျက်ဆီးအပ်သကဲ့သို့၊ ဧဝံ-ဤအတူ၊ မနုဿတ္တံ-လူအဖြစ်သို့၊ ဂတာ-ရောက်လာကုန်သော၊ သတ္တာ-လူပုဂ္ဂိုလ်တို့သည်၊ ဧရာဘိဝေဂေန-ဧရာအဟုန်ကြီးသည် (အရှိန်အဟုန်ကြီးလွှမ်းသော အို,နာ,သေ တရားအပေါင်းသည်)၊ မဒ္ဒိယန္တိ-ဖိနှိပ်ဖျက်ဆီးအပ်ကုန်၏။

ပွင့်ခါစတွင် ကြာပန်းစင်သည် ရွှေချင်စဖွယ် လွန်စွာတင့်တယ်လည်း လှည့်လည်ပူလောင် နေပူရောင်ကြောင့် နေလောင်ခံရ ကျေပျက်ကျသို့ လောကလူရွာ သူသူငါလည်း ဦးစွာပထမ ငယ်ရွယ်ကမူ လှလှကြော့ကြော့ နော့နော့ရွှင်

www.burmeseclassic.com

www.burmeseclassic.com

ရွှင် ယဉ်ယဉ်ပပ ချောမွတ်ရလည်း တစ်စတစ်စ အိုရုပ်ပြ လျက် အလှကွယ်ပျောက် အနာရောက်၍ ထို့နောက် သေရ ဘိုင်းဘိုင်းကျသည် ဘီဇနသဘောနှင်နှင်တည်း။

တိသရဟန်းသည် သီချင်းအဓိပ္ပာယ်ကို နားထောင်ရင်း ကြာပန်း၏ ဖောက်ပြန်သောသဘောကိုမြင်၍ လူ့ခန္ဓာကိုယ်၏ ဖောက်ပြန်သောသဘောကို ဉာဏ်၌ ထင်လာစေသည်ရှိသော် ရုပ်,နာမ်,ခန္ဓာအပေါ်၌ ငြီးငွေ့သွားလေ၏။ ထိုအခါ သံဝေဂဖြစ်၍ ယောနိသော မနသိကာရတံခါးကို ဖွင့်၍ ဝိပဿနာလှေကားသို့ တက်လေ၏။ ဝိပဿနာဉာဏ်စဉ် လှေကားဖြင့် မဂ်ဖိုလ်နိဗ္ဗာန် ရတနာပြာသာဒ်သို့ တက်ရောက်နိုင်သော ရဟန္တာအဖြစ်သို့ ရောက်ရှိသွားလေ၏။

ထို့အတူပင် သီဟိုဠ်ကျွန်း တောရွာတစ်ခုမှ လမ်းမအနီး လယ်စောင့်သူငယ်မ၏ ဇာတိ၊ ဇရာ၊ မရဏာကို ဖော်ပြသော သီဟိုဠ်ဘာသာ သံဝေဂသီချင်းကို ခရီးသွားရင်း နားထောင်ကြရသော ရဟန်းတော်(၆၀)တို့သည် ဦးတိသကဲ့သို့ပင် ရဟန္တာအဖြစ်သို့ ရောက်ကြလေသည်။

ဘုရားမပွင့်မီကလည်း ယောကျ်ားတစ်ဦးသည် သားခုနစ်ယောက်နှင့်အတူ တောအုပ်မှ ပြန်လာကြစဉ် အမျိုးသမီးတစ်ယောက် ဆန်ဖွပ် မောင်းထောင်းစဉ် ဆိုသော သီချင်းကို ကြားရ၍ ယခင် ဦးတိသကဲ့သို့ပင် ဝိပဿနာဆင်ခြင်ပွားများ၍ သားခုနစ်ယောက်တို့နှင့်အတူ ပစ္စေကဗုဒ္ဓါဖြစ်ရလေ၏။

ဆန်ဖွပ် မောင်းထောင်းသူမသီချင်း

ဇရာယ ပရိမဒ္ဒိတံ ဇတံ၊
မိလာတာဆ ဝိစမ္ဘနိသိတံ၊
မရဏေန ဘိဒ္ဒတိ ဇတံ၊
ပစ္စုဿ ဃာသမာမိသံ။

ဇတံ-ဤကိုယ်ကောင်သည်၊ ဇရာယ-အိုခြင်းတရားသည်၊ ပရိမဒ္ဒိတံ-တစ်ကောင်လုံး နှိပ်နယ်ဖျက်ဆီးအပ်သည်ဖြစ်၍၊ မိလာတာဆဝိစမ္ဘနိသိတံ-ညှီးခြောက်သော အရေထူအရေပါးကို မှီနေ၏။ မစ္စုဿ-သေမင်း၏၊ ဃာသမာမိသံ-ကိုက်စားဝါးမျိုအပ်သော အစာလုံးလုံးဖြစ်သော၊ ဇတံ-ဤကိုယ်ကောင်သည်၊ မရဏေန-သေခြင်းတရားကြောင့်၊ ဘိဒ္ဒတိ-ပြိုကွဲပျက်စီးရချေ၏တကား။

ကိမိနံ အာလယံ ဇတံ၊ နာနာကုဏပေန ပူရိတ၊
အသုစိဿ ဘာဇနံ ဇတံ၊ ကဒလိက္ခန္ဓ သံမံ ဇတံ။

ဇတံ-ဤကိုယ်ကောင်သည်၊ ကိမိနံ-ပိုးမျိုး(၈၀)တို့၏၊ အာလယံ-နေရာအိမ်ဖြစ်ချေ၏၊ နာနာကုဏပေန-အထူးထူးသော အပုပ်အသိုးမျိုးစုံဖြင့်၊ ပူရိတံ-ပြည့်နှက်နေချေ၏။ ဇတံ-ဤကိုယ်ကောင်သည်၊ အသုစိဿ-မစင်မကြယ် ရွံစဖွယ်မျိုးစုံ၏၊ ဘာဇနံ-တည်ရာဖြစ်ချေ၏။ ဇတံ-ဤကိုယ်ကောင်သည်၊ ကဒလိက္ခန္ဓသမံ-ငှက်ပျောတုံးပမာ အကာအတိသာ ဖြစ်ချေ၏တကား။

သူသူငါငါ၊ ကိုယ်ခန္ဓာအား၊ ဇရာနှိပ်ကွပ်၊ ညှိုးနွမ်းလတ်၏၊ ကျိုးပြတ်ကြေမွ၊ သေဆုံးရအောင်၊ မရဏာလက်ချက်၊ အားကုန်နှက်သဖြင့်၊ ကြေပျက်လေရ၊ ဆုံးရှုံးရသည် မရဏာအစာနှင်နှင်တည်း။

အလှရုပ်ဆောင်၊ ဤကိုယ်ကောင်အား၊ ပုပ်ဟောင်အပြည့်၊ ရွံစလိုရှင့်၊ ပိုး၏နေရာ၊ ပိုးကောင်ရွာဟု၊ ဝေဟာသမိုက်၊ ပြောဆိုထိုက်၏၊ အမှိုက်ပမာ၊ နှစ်မဲ့စွာကြောင့်၊ အကာလုံးလုံး၊ ငှက်ပျောတုံးသို့၊ အဆုံးမကျ၊ ဖြစ်တုံရသည်၊ ကာယဤကိုယ် သည်လိုတည်း။

ကိုရွှေမြသန်း(သမိုင်း)

မှီငြမ်း

* မဟာသုတဒီပနီကျမ်း။
* ကြေးမုံစာတည်းရှုထောင့် (၂၄-၁-၂၀၁၄)။

www.burmeseclassic.com

www.burmeseclassic.com

ကေသီပန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

ကေသီပန်မြတ်သုခ

အမှတ်တံဆိပ်

အဆီကျဆေး

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR ၀၀၀၃၉၇ (၀၃၁၄)



မှတ်ချက်
ပိန်ဆေး
မဟုတ်ပါ

အဝလွန်၍ စိတ်ညစ်နေသူများ နှင့်
ဗိုက်ပူခါးတုတ်၍ အလိုမကျဖြစ်နေသူများအတွက်
သွေးထဲမှ မလိုအပ်သော အဆီများကို ဖယ်ထုတ်ပေးပြီး
ဆူပြိုးနေသော ကိုယ်ခန္ဓာကို
အဆီကျ ကျစ်လစ်လှပ သွားစေရမည်

မြတ်ချမ်းသာဆေးတိုက်
အမှတ်-4/C (A)၊ အေးသာယာလမ်း၊ ဘောက်ထော်၊
ဘားမော်မြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

ကိုမိုး (ရွှေပြည်သာ)

အလင်းရောင်လေမိုးမှုတ်ခြင်း ဓမ္မတေးသံ

ကိုထွန်းညွှန့်က အနောက်ပိုင်းတက္ကသိုလ် ရူပဗေဒဌာနမှာ ဓာတ်ခွဲခန်းမှူးအဖြစ် တာဝန်ထမ်းဆောင်သူဖြစ်သည်။ လက်ရှိအိမ်ဦး အပျိုအရွယ် သမီးနှစ်ယောက်နှင့် အတူနေသည်။

ယခင်အိမ်ထောင်ပြုခါစကာလက ဇနီး နော်လူကင်းဌေး၏ မိဘများအိမ်သို့ ပြောင်းရွှေ့နေခဲ့သည်။ နိုင်ငံတော်မှ မြေနေရာ ရွှေ့ပြောင်းချထားပေးမှုကြောင့် ရွှေပြည်သာမြို့သစ် ရပ်ကွက်တစ်ခုဆီ ထပ်မံပြောင်းလာခဲ့သည်။ နေရာသစ် အိမ်ဦးယောကျ်မအဘိုးကြီး၊ အဘွားကြီးများ အသက်အရွယ် ရလာခဲ့ချိန်တွင် ဆုံးပါးသွားခဲ့ကြသည်။ ဇနီးသည်ညီမ နော်အေးလှကလည်း ကိုကျော်နိုင်ဆိုသူနှင့် အိမ်ထောင်ကျခဲ့ကာ အိမ်မှ ထွက်ခွာသွားခဲ့သည်။

ဇနီးသည် လူကင်းဌေးကလည်း အသက် (၅၀)အရွယ်တွင် သားအိမ်ရောဂါနှင့် ဆုံးပါးခဲ့ရာ ယခုအိမ်ဦး ကိုထွန်းညွှန့်နှင့် သမီးနှစ်ယောက်တည်းသာ ကျန်ရစ်ခဲ့တော့သည်။

အသက်(၂၂)နှစ်အရွယ် အကြီးမက ဖခင်ဖြစ်သူနှင့် အတူ အနောက်ပိုင်းတက္ကသိုလ်တွင် ကွန်ပျူတာစာရင်းကိုင် အလုပ်ဝင်လုပ်နေသည်။ အသက်(၁၈)နှစ် အငယ်မက (၁၀)တန်းမဖြေဖြစ်တော့ဘဲ ရပ်ကွက်ထဲမှာ ခင်မင်သူများနှင့် အထည်ချုပ်စက်ရုံတစ်ရုံမှာ အလုပ်ဆင်းနေသည်။

ရုံးဆင်းချိန်ဖြစ်သော ကိုထွန်းညွှန့် (၂၂၆)ဘတ်(စ်)ကားစီး၍ (၁၄)ရပ်ဆုံတွင် ဆင်းသည်။ (၁၄)ကွေ့က တစ်ဆင့် ရွှေပြည်သာသွားမည့်ကားပေါ် တက်စီးခဲ့ပြီး အိမ်သို့ ရောက်ရပါ၏။

ရုံးမှ ပြန်ရောက်ရောက်ချင်း တိုက်ပုံအင်္ကျီကို ချိတ်မှာ ချိတ်ထားလိုက်သည်။ ဆက်တီထိုင်ခုံမှာ ထိုင်နားမည်ဟု ဆုံးဖြတ်မိစဉ် ဧည့်ခန်းဆက်တီစားပွဲပေါ်၌ စာရွက်ခေါက်လေးတစ်စောင် ဆေးလိပ်ပြာခွက်လေးနှင့် ဖိထားသည်ကို တွေ့ရလေရာ-

'သမီးရေ..ဒီမှာတင်ထားတဲ့စာက ဘယ်ကစာလဲ'

'ဖေကြီးရေ..အဲဒါ အဖေ့သမီး ရေးထားတာလေ။ သူ အိမ်မှာ မနေတော့ဘူးတဲ့။ သမီးက ဖေကြီးလာမှ သွားပါဆိုတာ မရဘူး။ သူ့အထုပ်အိုးတွေယူပြီး အိမ်က ဆင်းသွားပြီလေ'

အံ့သြထိတ်လန့်ဖွယ်ရာ စကားရပ်ကြောင့် ကိုထွန်းညွှန့် မျက်လုံးများက ပုစွန်မျက်လုံးများသို့ပင် ပြူးကျယ်သွားခဲ့ရပါ၏။ ကမန်းကတန်းပင်

www.burmeseclassic.com

www.burmeseclassic.com

စာရွက်ခေါက်လေးကို ဖွင့်ဖောက်ဖတ်လိုက်မိသည်။

အကြီး..

အိမ်မှာက ဖေကြီးရော မကြီးရောက ဗုဒ္ဓဘာသာ သူကြတယ်။ အမေဆုံးပြီးကတည်းက သမီးက ဒီအိမ်မှာ ဘစ်ယောက်တည်းပဲ ခရစ်ယာန်အဖြစ်နဲ့ နေနေရတယ်လေ။ ဘာယ်ဆို သမီးက တသီးတခြားလို ဖြစ်နေတယ်လို့ ခံစားရတယ်။ အခု သမီး အရွယ်လည်း ရောက်နေပါပြီ။ အလုပ်အကိုင်လည်း ရှိနေပြီဆိုတော့ ဘာသာချင်းတူတဲ့ အန်တီအေးအိမ်ကိုပဲ သွားနေလိုက်တော့မယ်။ သူတို့အိမ်သားတွေ အကုန်လုံးက ခရစ်ယာန်တွေချည်းပဲ။ ဦးကျော်နိုင်ကလည်း ခရစ်ယာန်ဘာသာကိုပဲ ယူထားတာဆိုတော့ သမီး သူ့အိမ်သာနေတာကို ခွင့်ပြုတယ်တဲ့။ သူသားသမီးတွေနဲ့လည်း အဖော်ရတယ်လို့ ပြောတယ်။

ဒီတော့ ဖေကြီးအတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်ရအောင် သမီး အိမ်ပြောင်းသွားပြီ။ သမီး နေရေး,စားရေး မပူပါနဲ့။ ဒါပဲနော်။

သမီးငယ်(နော်တာမူး)

စာရွက်ခေါက်ကို ဆက်တီစားပွဲပေါ် ပြန်တင်လိုက်ပြီး ကိုထွန်းညွှန့် လေပူတစ်ချက် မှုတ်ထုတ်လိုက်ရသည်။ သက်ပြင်းမောနှင့်အတူ သူ့အိမ်၏ ဘုရားကျောင်းဆောင်ဘက်သို့ အမှတ်တမဲ့ငေးကြည့်လိုက်မိသည်။ ဇနီးသည်မဆုံးခင်အထိ သည်အိမ်တွင် ခရစ်ယာန်ဘာသာဝင် နှစ်ယောက်၊ ဗုဒ္ဓဘာသာအယူကို ယုံကြည်ကိုးကွယ်သူက နှစ်ယောက်ဖြစ်သည်။ အိမ်ဦးခန်း ဗုဒ္ဓရုပ်ပွားတော် ဘုရားကျောင်းဆောင်နှင့်အတူ သီးခြားနံရံ၌ ယေရှု (ခေါ်) ဘုရားသခင်၏ ပုံတော်ကိုလည်း ချိတ်ဆွဲထားရှိပါ၏။

သူနှင့် သူ့ဇနီးတို့ အိမ်ထောင်ပြုစဉ် ကာလကတည်းက ကိုယ့်ရိုးရာဘာသာ ကိုးကွယ်မှုအပေါ်တွင် ကျေနပ်စွာခွင့်ပြုနားလည်မှု ယူခဲ့ကြသည်။ သမီးနှစ်ယောက်မွေးခဲ့ပြီး နောက်ထပ်သားတစ်ဦးကတော့ လူဘဝတွင် ရှင်သန်ခွင့်မရဘဲ မွေးခါစမှာပင် ဆုံးပါးခဲ့ရပါသည်။

ဇနီးသည် လူကင်းဌေး၏ အိမ်ခေါ် ငယ်နာမည်က ကူးမာဖြစ်သည်။ ရပ်ကွက်နေသူတချို့က သူ့အမည်ကို ပြောင်းပြန်ခေါ်ခဲ့ကြရင်း တာမူးဟူ၍လည်း အသိများခဲ့ကြသည်။ ထိုအချက်ကို သိခဲ့သူ ကိုထွန်းညွှန့်က အကြီးကလေးမ မွေးစဉ်တွင် နော်မူးတဟု အမည်ပေးခဲ့ပြီး အငယ်မကိုမူ နော်တာမူးဟု မှည့်ခေါ်ခဲ့မိခြင်း ဖြစ်ပါသည်။

"သမီးကြီးမူးတ..အဖေ့ဆီ ခဏလာပါဦးကွယ်"

မီးဖိုချောင်၌ အလုပ်လုပ်နေသူ မူးတကို ကိုထွန်းညွှန့် သူ့နေရာဆီသို့ လှမ်းခေါ်လိုက်သည်။

"ပြောလေ ဖေကြီး၊ သမီး ဘာလုပ်ပေးရမလဲ"

"ဟိုကွယ်၊ သမီးပဲ ကိုကျော်နိုင်တို့အိမ်ကို သွားပေးစမ်းပါ။ ဦးကျော်နိုင်ကိုလည်း သမီးပြောပြ။ ညီမနော်တာမူးကို ဖေဖေခေါ်ခိုင်းလို့ ခဏခေါ်သွားချင်တယ်လို့ပြော။ ပြီးရင် သူ့သဘောထားအတိုင်း ဆုံးဖြတ်ချက်ချကြတာပေါ့"

"ဟုတ်ကဲ့ ဖေကြီး၊ ဒါဆို သမီးသွားခေါ်လာခဲ့မယ်"

သမီးကြီးနော်တာမူး ပြောဆိုနေရင်းက အိမ်လေကား ထစ်မှဆင်း၍ အနောက်ဘက်လမ်းဆီ လမ်းလျှောက်ထွက်သွားခဲ့တော့သည်။

ယခင်မြို့သစ်မပြောင်းခင်ကာလက ကျော်နိုင်ဆိုသူနှင့် သူတို့မိသားစု အိမ်နီးချင်းများဖြစ်ခဲ့ကြသည်။ ရပ်ကွက်သစ်ပြောင်းခဲ့ကြရာ နှစ်ကာလတစ်ခုတွင် ခယ်မနှင့် ချစ်ကြိုက်ခဲ့ကြ၍ အိမ်ထောင်ဖက်အဖြစ် ခေါ်ယူသွားခဲ့ခြင်းလည်း ဖြစ်ပါသည်။

သိပ်မကြာခင်မှာပင် အစ်မနော်မူးတနောက်က နော်တာမူး မယောင်မလည် လိုက်ပါလာသည်။

"သမီးငယ် တာမူး..အဖေ့ဆီကို လာဦး"

ဆက်တီထိုင်ခုံမှာ ထိုင်နေသော ဦးထွန်းညွှန့်ဘေးသို့ နော်တာမူး ကျဉ့်ကျဉ့်လေး ဝင်ထိုင်နေလိုက်သည်။

"သမီးက ဖေဖေ့သမီးပဲ မဟုတ်ဘူးလား။ ဘာဖြစ်လို့ သူများအိမ်မှာ သွားနေရမှာတဲ့လဲ"

"ဟာ..သမီး မနေချင်ဘူး။ မမကြီးနဲ့လည်း မတည့်ဘူးလေ"

"မတည့်တာနဲ့ဘဲ အိမ်ပြောင်းနေချင်တယ်ဆိုတာ မခိုင်လုံဘူး သမီး။ မတည့်ရင် သူ့ဘက်က ပိုနေတာကိုလျှော့၊ ကိုယ့်ဘက်က လိုနေတာကိုလည်း ဖြည့်စွက်ပြီး ပေါင်းကြရတယ်"

"သူက တစ်ခါလာရင်လည်း ဘုရားရှိခိုးစာအုပ်တွေထဲက ရွတ်ဆိုနည်းတွေကို လာလာပြောတယ်။ သမီးနဲ့ ဘာသာချင်းမှ မတူတာဘဲ။ အန်တီအေးတို့အိမ်မှာကျတော့ ဘုရားကျောင်းသွားမယ့် အဖော်တွေရှိတယ်။ အလုပ်အားတဲ့အချိန် မွေ့သီချင်းတွေ ဆိုကြတယ်။ ညဘက်ဆိုရင်လည်း ကိုယ်ကြည့်ချင်တဲ့ ကုလားကားဇာတ်လမ်းတွေ ကြည့်ရတယ် ဖေကြီးရဲ့။ အန်တီအေးက ညည်းလာနေချင်ရင်လည်း နေလို့

www.burmeseclassic.com

ရတယ်တဲ့။ သူသမီးတွေနဲ့လည်း အဖော်ရတယ်တဲ့။ ဒါကြောင့် သမီး သူတို့အိမ်မှာပဲ နေမယ်နော်..နော်လို့'

'ဒါပေမဲ့ သမီးကို မေးချင်တာတစ်ခုရှိတယ်။ အဖေက သမီးကို ခွေးထားခဲ့ပြီး တာဝန်မယူတော့ဘူးလို့ တစ်ခါမှ မပြောဖူးဘူးနော်။ အဓိကကတော့ ကျော်နိုင်တို့လင်မယားအဖေအပေါ် တစ်မျိုးထင်မှာကို စိုးမိတယ်။ နောက်တစ်ခုက သမီးစာမှာပါတဲ့ ဝန်ထုပ်ဝန်ပိုးဆိုတဲ့ စကားရပ်ကို အဖေ မကြိုက်ဘူး။ ဒီစကားရပ်ကို အဖေနဲ့ မမရွှေမှာ ရုပ်သိမ်းပေးခဲ့စေချင်တယ် သမီး'

'သြော်..ဟုတ်..ဟုတ်ကဲ့ပါ ဖေကြီး၊ ဖေကြီး နှင်ထုတ်လို့ သမီး အိမ်ပြောင်းတာ မဟုတ်ပါဘူး။ စိတ်ဆိုးအောင်၊ စိတ်ညစ်အောင် ပြောဆိုခဲ့တာလည်း မရှိပါဘူး။ တကယ်တော့ ဒီအိမ်ကြီးမှာ လောလောဆယ် မနေချင်တာဘဲ ရှိတာပဲမို့ အိမ်ပြောင်းနေတာကို ခွင့်ပြုပေးပါနော်'

'အေး..နောက်တစ်ခု ထပ်မှာချင်သေးတယ် သမီး၊ သမီးရေးထားတဲ့စာကိုဖတ်ရတော့ ဖေကြီး ငါ့သမီးလေးတစ်ယောက်တော့ ဆုံးရှုံးရတော့မှာပဲလို့ ခံစားရတယ်။ ဘာပဲဖြစ်ဖြစ် သမီးက အဖေ့သမီးပဲနော်။ ဝန်ထုပ်ဝန်ပိုးဆိုတာ အဖေတို့သားအဖကြားမှာ မရှိတော့ဘူးဆိုရင် သမီး ကိုကျော်နိုင်တို့အိမ်မှာ တစ်ပတ်၊ နှစ်ပတ်၊ တစ်လ၊ နှစ်လလောက်နေပြီး အိမ်ပြန်ခဲ့ပါလား။ ဝန်ထုပ်ဝန်ပိုးဆိုတာ မဟုတ်ဘူးလို့ ဆိုမှတော့ တခြားဘာအကြောင်းကြောင့် သမီးပြောင်းနေချင်ရတာလဲကွယ်။ အဲဒီပြောင်းနေချင်တဲ့အဖြေက ခိုင်လုံတယ်ဆိုရင် အဖေ ပြောင်းနေခွင့်ပေးပါ့မယ်'

ဦးထွန်းညွှန့်၏ စကားရပ်ကြောင့် နော်တာမူး ကြောင်အမ်းအမ်းဖြစ်သွားခဲ့ရသည်။ ခဏကြာအောင် စဉ်းစားလိုက်ပြီးမှ-

'ဟိုလေ..ဟို..သမီး ပျင်းလို့ပါ အဖေ'

ဆယ်ကျော်သက်အရွယ် ကလေးငယ်၏စိတ်ကို ဦးထွန်းညွှန့် ဖြည့်စွက်တွေးရ၍ ဆုံးဖြတ်ချက်ချလိုက်ရသည်။ ခယ်မ နော်အေးလှကလည်း မိမိသမီးများကို မိဘသဖွယ်ပင် စောင့်ရှောက်ထိန်းသိမ်းလေ့ရှိသည်ပင်ဖြစ်ရာ သမီးငယ်၏ နွဲ့ဆိုးဆိုးခြင်းကို ခွင့်ပြုခေါင်းညိတ်လိုက်သည်။

'ကဲ..ဒါဆိုလည်း ငါ့သမီး သိပ်သွားနေချင်ရင် သွားလိုက်ပေါ့ သမီး။ တစ်ခုပြောချင်တာက အဲဒီအိမ်ကလွဲပြီး ဘယ်တခြားလူရဲ့အိမ်ကိုမှ မပြောင်းနေပါဘူးလို့ ကတိပေးရမယ်။ အဲဒီအိမ်မှာ မနေတော့ဘူးဆိုရင် နောက်ထပ်ပြောင်းရမယ့်အိမ်က ဖေဖေ့အိမ်ပဲ ဖြစ်ရမယ်နော်။ ကတိပေးရဲ့လား'

'ဟုတ်..ဟုတ်ကဲ့၊ ကတိပေးပါတယ်။ ဒါဆို ပြန်တော့မယ် ဖေကြီး'

ပြောလိုပြီးပြီးချင်းမှာပင် နော်တာမူး အိမ်ပေါ်မှ လျှင်မြန်စွာ ပြေးဆင်းပျောက်ကွယ်သွားတော့သည်။

♦ ♦ ♦

သည်လိုနှင့် နော်တာမူးတစ်ယောက် ဖခင်အိမ်မှာမနေသည့်ကာလ လေးနှစ်ခန့် ကာလဆီသို့ ရောက်ခဲ့ရသည်။ အိမ်၏ ဘုရားကျောင်းဆောင်တွင် ဗုဒ္ဓရုပ်ပွားတော် သီးသန့်ကိုးကွယ်ခွင့် ရခဲ့သည်။ ဘာသာတူသူ ဖခင်နှင့် သမီးနှစ်ယောက်လည်း အလုပ်ကိုယ်စီ လုပ်ကိုင်ခဲ့ကြရင်း နေခဲ့ကြရာ လိုအပ်ချက်ကို မျိုသိပ်နေခဲ့ရင်း ဘဝခရီးများ ဆက်ခဲ့ကြပါ၏။

နောက်ပိုင်းကာလများ၌ ဦးထွန်းညွှန့်က အစိုးရအလုပ်အနောက်ပိုင်းတက္ကသိုလ်တွင် အလုပ်ဆက်ဆင်းခဲ့ပြီး ကွန်ပျူတာကျွမ်းကျင်သူ နော်မူးတက ကုမ္ပဏီတစ်ခုတွင် ပြောင်းလဲအလုပ်ဝင်ခဲ့သည်။ အလုပ်ရှိနေသူ နှစ်ဦးတည်းနေသည့် အိမ်က ယခင်ကာလများကထက် ပို၍စိုစိုပြည်ပြည်ဖြစ်ခဲ့ရသည်။ မသုံးစွဲဖူးခဲ့သည့် ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ DVD စက်နှင့် Flat TV တို့ပါ ဝယ်ယူဖိမ်ခံနိုင်ခဲ့ပြီဖြစ်ရာ သမီးငယ်နော်တာမူးကို ဦးထွန်းညွှန့် သတိရလွမ်းဆွတ်နေမိသည်။

တစ်ရပ်ကွက်တည်း အတူနေသော်လည်း နော်တာမူးက တစ်ခါတစ်ရံမျှပင် အိမ်သို့ လာမလည်ခဲ့ပါ။ အထည်ချုပ်အလုပ်ဆင်းရသူဖြစ်၍ မနက်မိုးလင်းမှ ညဘက်အထိ အလုပ်ဆင်းနေရသည်။ စက်ရုံပိတ်ရက် တနင်္ဂနွေနေ့သည်ကား ဘာသာရေးဘုရားကျောင်း သွားရသည်ပင်ဖြစ်ရာ အလုပ်မအားလပ်သူဖြစ်၍ ဦးထွန်းညွှန့် စာနာစိတ်နှင့် ခွင့်လွှတ်ပေးရသည်ပင်။

လက်ရှိ ဦးထွန်းညွှန့်အသက်က ငါးဆယ့်လေးနှစ်သက်တမ်းစီးသို့ ရောက်ရှိခဲ့ရပေပြီ။ နောက်ထပ်(၆)နှစ်ကျော်ကာလတွင် သူ ပင်စင်စားအဘိုးအို ဖြစ်ရတော့မည်။ မိသားစုအရေး၊ အိမ်၏အရေးကိုသာ တွေးနေမိခဲ့၍ ဘာသာတရားအလုပ် မလုပ်ဖြစ်သည်က ကြာခဲ့ပြီဟု ဆိုနိုင်ပါသည်။ အိမ်နှင့်အနီးဆုံး ရပ်ကွက်ခမ္မာရုံတွင် ဘာသာရေးနှင့် ဆက်စပ်သော လူကြီးများအတွက် တရားခွေဖွင့်လှစ်ပြခဲ့ရင်း တရားထိုင်နည်း လေ့ကျင့်ပေးသော သင်တန်းကို စိတ်ဝင်

www.burmeseclassic.com

www.burmeseclassic.com

အခါသွား၍ သူတက်ရောက်ဖြစ်ခဲ့သည်။ ဦးထွန်းညွှန့်က အခြားသူများ တက်ရောက်နေဆဲ၊ သင်ကြားလေ့လာမှုပြုနေဆဲ ကာလတွင် ကြားဖြတ်ဝင်ရောက် စာရင်းပေးခဲ့မိခြင်းဖြစ်သည်။

ထိုသင်တန်းက ပခုက္ကူဆရာကြီး ဦးကြင်ရွှေ၏ ဟောကြားထားသော တရားတော်များကို တစ်နေ့ တစ်နာရီကြာ ရွေးယူခဲ့၍ တရားထိုင်နည်းလေ့ကျင့်မှုပြုပေးသော သင်တန်းဖြစ်သည်။ ရုံးဝန်ထမ်းဖြစ်၍ ညစဉ်(၇)နာရီအရောက်သွားခဲ့ရာ ပေါ့ပေါ့ပါးပါးနားထောင်၊ သင်တန်းဆရာ၏ လေ့ကျင့်ပေးမှုအပေါ်တွင် ဆောင်ရွက်ပေးရုံမျှဖြစ်သည်။ တစ်နှစ်စာသား (၃၆၅)ရက်နာယူကြရမည့် တရားများကို သူက ရက်(၁၀)ကျော်သာ နာယူခဲ့ရသည်။ သို့သော် တရားတော်ကို နှစ်ခြင်မိခဲ့ပြီး နောက်တစ်နှစ်တွင် ဆက်၍နာယူလေ့ကျင့်ခဲ့ စာရင်းပေးခဲ့ကာ ထိုမန္တာရုံမှဖွင့်သော သင်တန်း၌ လုံ့ဆော်စည်းရုံးသူ အမှုဆောင်အဖြစ်ပါ တာဝန်ယူခဲ့ပါသည်။

ထိုသင်တန်းမှ ပခုက္ကူဝိပဿနာသင်တန်း သင်ခန်းစာစာစုများကို စာအုပ်အဖြစ် ရိုက်နှိပ်ဖြန့်ချိမှုပြုသည်။ သင်တန်း တန်းခွဲများက ပြည်နယ်၊ တိုင်းဒေသအစုံတွင် ရှိနေခဲ့ရာ မဂ္ဂင်းစာအုပ်ဆိုဒ် စာမျက်နှာ(၂၆၀)ပါ စာအုပ်တစ်အုပ်ကိုမှ ငွေ(၁၀၀၀)ကျပ်နှုန်းသာ ကုန်ကျပါ၏။ ထိုစာအုပ်က ဦးထွန်းညွှန့်၏ လက်စွဲစာအုပ်တစ်အုပ် ဖြစ်လာခဲ့သည်။

ဆရာကြီးဦးကြင်ရွှေ၏ ဝိပဿနာသင်တန်း အဆိုပါစာအုပ်၏ နိဒါန်းအစမှာပင် ဘေးကြီး(၄)ပါးနှင့် မမြဲသောတရား(၅)မျိုးအကြောင်း ရှင်းလင်းဖော်ပြထားသည်။

မမြဲသောတရား(၅)မျိုးမှာ ဒေဝတရား(နတ်ဗြဟ္မာ)၊ မနုဿတရား(လူ)၊ ပေတဝတရား(ပြိတ္တာ)၊ ကိရစ္ဆာနဝတရား(တိရစ္ဆာန်)နှင့် နိရယဝတရား(ငရဲ) ဟူ၍ဖြစ်သည်။ အန္တပုထုဇဉ်များ သေလွန်ခဲ့ကြရလျှင် ဂတိမမြဲသည့်အတွက် ထိုဂတိ(၅)မျိုး၌ တစ်ခုခုတွင် အကျုံးဝင်ကြရပါသည်။ သုဂတိမှာ လူ၊ နတ်၊ ဗြဟ္မာဘဝတို့ရကြပြီး ဒုဂ္ဂတိမှာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာနှင့် အသုရကာယ်ဟူ၍ ကွဲပြားရသည်။

မိမိတို့က သုဂတိဟုဆိုအပ်သော လူဘဝ(မနုဿဂတိ)တွင် အကျုံးဝင်ခဲ့ကြရပြီး ဘေးကြီးလေးပါးထဲက အယူဝါဒအမျိုးမျိုးတို့မှ ဆရာအများ၏မျက်နှာများကို ကြည့်ရသောဘေး (ဘုရားမှားသောဘေး) မကြုံတွေ့ရခြင်းက လူဘဝ အရတော်လှသည်ဟု ခံစားမိရပေသည်။

ဦးထွန်းညွှန့် တရားစာကို ဖတ်မှတ်လေ့ကျင့်ခဲ့ရင်း သမီးငယ် နော်တာမူးကို စာနာနားလည်၍ သနားစိတ်ဖြစ်ပေါ်ရသည်။ မည်သို့ပင်ဖြစ်ပေါ်ခဲ့ရသည်ဖြစ်စေ အကြောင်းနှင့် အကျိုး ရလဒ်ဖြစ်ရခြင်းကို ယုံကြည်ရပါ၏။ နော်မူးတက ဗုဒ္ဓဘာသာအယူအဆကို ယုံကြည်ခဲ့မိရုံမျှမက နေ့စဉ် ဘုရားရှိခိုး၊ အိပ်စက်ခြင်း၊ ဘုရားကျောင်းဆောင်တွင် ပန်း၊ ဆီမီး ကပ်လှူခြင်း၊ ဆွမ်းတော်ကပ်ခြင်း၊ ရဟန်းသံဃာတော်များကို ဆွမ်းလောင်းလှူခြင်း၊ သံဃာကျောင်းများ အရောက် ဆွမ်းပို့ဆောင်ခြင်းကုသိုလ်တို့ လုပ်ဆောင်ခွင့်ရခဲ့ကာ အကျိုးပေးရလဒ်များက ဘေးအန္တရာယ်မှ လုံခြုံနေသည်ဟု ယုံကြည်မိသည်။ သမီးငယ် နော်တာမူးအတွက် ဘာသာတရား ယုံကြည်မှုလုပ်ရပ်မှတစ်ဆင့် ဘေးအန္တရာယ်မှ ကာကွယ်ပေးရန် လိုအပ်ခဲ့ပြီဟု နားလည်မိသွားသည်။

သမီးငယ်ကို မည်သို့တရားအသိပေးရမလဲဟူသော မေးခွန်းက ဦးထွန်းညွှန့်၏ရင်ကို လှုပ်ခတ်နေခဲ့မိရာက-

♦ ♦ ♦

ယခုနောက်ပိုင်း ဘာသာရေးအလုပ်များ လုပ်ဆောင်ခြင်း၊ အများအကျိုးဆောင်သည့် အနစ်နာခံဆောင်ရွက်ခြင်းတို့ဖြင့် စိတ်ကို ထိန်းချုပ်နိုင်ခဲ့ပြီဟု ခံစားသိရမှ သီးခြားပရဟိတအလှူတစ်ခုကိုလည်း ဦးထွန်းညွှန့် လုပ်ဆောင်ခွင့်ရခဲ့ပါ၏။ ရုံးမှ အိမ်သို့ပြန်ရောက်ချိန်နှင့် ရုံးပိတ်ရက်ကာလများတွင် ရပ်ကွက်အတွင်းရှိ တရားတော်ချစ်မြတ်နိုးသူများအား တရားခွေများ အခမဲ့ငှားရမ်းပေးခြင်းဖြစ်သည်။ လာရောက်ငှားသူများကို အမည်၊ လိပ်စာ ရေးမှတ်ယူ၍ ကာလတစ်ခုသတ်မှတ်ကာ အခမဲ့ငှားရမ်းပေးခဲ့သည်။

ကိုယ်တိုင်လည်း သင့်လျော်စွာ နာယူခဲ့ပြီးဖြစ်သော တရားခွေများက အခွေ(၁၀၀၀)ကျော်ရှိခဲ့ပြီဖြစ်၍ လူကြီးလူငယ် သင့်လျော်မည့်တရားကိုပါ ခွဲခြားငှားရမ်းနိုင်ခဲ့ပြီဖြစ်ပါသည်။ နောက်ထပ်ဆောင်ရွက်နိုင်မှုတစ်ခုက ပစ်မှတ်ဆီသို့ တည့်တည့်မရောက်ရှိငြားသော်လည်း သွယ်ဝိုက်သော ယုံကြည်စေမှု ထိချက်တစ်ခု ဖြစ်နိုင်သည်ဟု ယူဆရပါသည်။

ထိုအချက်မှာ သမီးငယ်နော်တာမူး အလုပ်လုပ်ကိုင်နေသည့် အထည်ချုပ်စက်ရုံက တစ်နေ့လျှင် တရားခွေ(၁)ခွေ (သို့မဟုတ်) (၂)ခွေဖွင့်ထားပေးလေ့ရှိသည်ဟု သိခွင့်ရသည်။ သို့ဖြစ်ရာ အခြားရင်းနှီးသော ဗုဒ္ဓဘာသာ မိန်းကလေးတစ်ဦးကို အကူအညီတောင်း၍ ထိုစက်ရုံဆီသို့ နားထောင်ရန် သင့်လျော်မည့် တရားခွေအခွေ(၄၀)ကို ဦးထွန်းညွှန့် ပေး

www.burmeseclassic.com

လူဖြစ်ရလိုက်သည်။ ခရစ်ယာန်ဘာသာအယူကိုယူသော သမီးငယ် အချို့အတက် နားဆင်ခွင့်ရရင်း တရားအသိ ကြောင့် မိဘထံ ပြန်လာခွင့်ကြိုလေမလားဟု မျှော်လင့်ခဲ့မိ ခြင်းလည်း ဖြစ်ပါသည်။

အမှန်ဆိုလျှင် အိမ်သားသုံးယောက်ရှိရမည့် နေအိမ် ဖြစ်သည်။ သို့သော် အဖေနှင့်သမီး နှစ်ယောက်တည်းသာ နေခဲ့ကြပြီး နီးစပ်ရာမိတ်ဆွေတို့၏ ကူညီမှုဖြင့် ဆွမ်းကပ် အလှူပွဲလေးတစ်ခု ကျင်းပဆောင်ရွက်ခွင့်ကြုံရသည်။ နှစ် စဉ် ပြုလုပ်နေကျဖြစ်၍လည်း သံဃာတော်(၅)ပါးပင့်ဖိတ် ၍ သင်္ကန်းကပ်ခြင်း၊ ပရိတ်ရွတ်၊ အမျှပေးဝေခြင်းကို ဇနီး သည် သေဆုံးခဲ့သည့် (၅)နှစ်ပြည့်အမှတ်တရနေ့အဖြစ် ပြု လုပ်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ ဧည့်ပရိသတ်စုံသောနေ့မျိုးတွင် သမီးငယ် နော် တာမူးကိုပါ အိမ်၌ ရှိနေစေချင်သည်က ဦးထွန်းညွှန့်၏ဆန္ဒ ဖြစ်ရသော်လည်း တောင့်တမှုက ပြည့်ဝခြင်း မဖြစ်ခဲ့ရပါပေ။ တစ်ရက်ကွက်တည်း လမ်းတစ်လမ်းခြားနေသော သမီးငယ် လေးက စက်ရုံအလုပ်၌ မပျက်မကွက် တာဝန်ယူနေခြင်းကို ပင် စိတ်ထဲမှ ချီးကျူးနေမိခဲ့ရင်း..။

♦♦♦

တစ်ရွက်ချင်း ဆုတ်ဖြဲရသော ပြက္ခဒိန်စာရွက်များရှေ့ ၌ ဦးထွန်းညွှန့် ရပ်နေခဲ့မိရာက-

"သမီးရေ..ဒီနေ့ (၂၅)ရက်နေ့နော်"

"ဟုတ်တယ်လေ ဖေကြီး၊ ဒီနေ့ ခရစ္စမတ်နေ့ ရုံးပိတ် ရက်က (၂၅)ရက်ပဲပေါ့"

(၂၅)ရက်ဆိုမှ ပို၍သတိရမိသွားသည်။ (၂၄)ရက် ကိုယ်စားပြုစာရွက်ကို ဆွဲဖြဲလိုက်ရာ အောက်မှ ခရစ္စမတ် နေ့ဟူသော စာလုံးအမည်းက ထင်ရှားစွာပေါ်လာခဲ့သည်။ သမီးငယ်နော်တာမူး အိမ်ကထွက်ခွာသွားသောနေ့ကလည်း မှတ်မှတ်ရရခရစ္စမတ်နေ့၊ ဒီဇင်ဘာလ (၂၅)ရက်နေ့ဖြစ်ပါ၏။

"ကဲ..သမီးရေ၊ ဒီနေ့ ရုံးပိတ်ရက် အေးအေးဆေးဆေး ပဲ။ အဖေ လက်ဖက်ရည်ဆိုင်ဘက် ခဏသွားလိုက်ဦးမယ်"

နော်မူးတကို အသိပေးခဲ့ပြီး ဦးထွန်းညွှန့် ရပ်ကွက်လက် ဖက်ရည်ဆိုင်ဘက် လျှောက်သွားသည်။

"ဟေ့..ကိုထွန်းညွှန့် ဘယ်ကိုလဲဗျ"

"ဩော်..ဦးအောင်နိုင်ပဲ။ လာလေဗျာ၊ လက်ဖက်ရည် ဆိုင်ဘက် သွားမလို့"

"အတော်ပဲပေါ့ဗျာ။ ကျွန်တော်လည်း အဲဒီကိုပဲ သွား မလို့"

"ကောင်းတာပေါ့။ အဖော်ရတာပေါ့ဗျာ"

သို့နှင့်ပင် လက်ဖက်ရည်ဆိုင်ထဲ ဝင်ရောက်၍ အတူ ထိုင်သောက်လိုက်ကြသည်။ နှစ်ယောက်သား စကားစမြည် ပြောဆိုခဲ့ရင်း နာရီဝက်ခန့် အချိန်ကုန်သွားသည်။ ဆက်၍ ဓမ္မာရုံလူကြီးအဖွဲ့နှင့် တွေ့ဆုံစကားပြောကြရန် ဦးအောင်နိုင် က ခေါ်ဆိုခဲ့ရာ ဓမ္မာရုံဆီသို့ ဦးထွန်းညွှန့် လိုက်ပါခဲ့ရပြန် သည်။ ဓမ္မာရုံထဲ အခြားလူကြီးတချို့နှင့် စကားပြောဆိုနေ စဉ်မှာပင်-

"ဩော်..သမီးကြီးမူးတ၊ အဖေဆီ လိုက်လာတာလား"

"ဟုတ်တယ် ဖေကြီး၊ အိမ်ပြန်လိုက်ခဲ့ဦး။ ပြောစရာ ရှိလို့"

ကမန်းကတန်းပင် မိတ်ဆွေများကို နှုတ်ဆက်၍ သမီး အနောက်က ပြေးလိုက်ခဲ့သည်။

"ဟဲ့..သမီး၊ ဘာဖြစ်လို့လဲ။ ဧည့်သည်ရောက်နေလို့ လား"

"ဧည့်သည်မဟုတ်ဘူး ဖေကြီး၊ ဖေကြီးရဲ့ အိမ်သားထဲ က လူတစ်ယောက် ရောက်နေတာ"

"ဘာ..ဘယ်လိုလဲ သမီးရဲ့"

"ဖေကြီးသမီးလေးလေ၊ အိမ်မှာ ပြန်လာနေချင်ပါပြီ တဲ့။ ဖေကြီးကို ပြောပေးပါဆိုလို့ သမီးလာခေါ်တာ"

နှလုံးသားရင်ထဲ အတောင့်တဆုံး ပန်းလေးတစ်ပွင့် ပွင့်ခဲ့ရပြီ ဖြစ်ပါသည်။ အလိုလားဆုံးသော၊ အကြားချင် ဆုံးသော စကားရပ်ကို သမီးကြီးနော်မူးတကတစ်ဆင့် သယ်ဆောင်လာခဲ့ပေရာ အတိုင်းမသိ ဝမ်းသာသွားခဲ့ရပြီး ဦးထွန်းညွှန့် ခြေလှမ်းများက ဝိုမိုသွက်လက်၍ သွားလာနေ တော့သည်။ ခြေလှမ်းကျယ်ကြီးများနှင့်အတူ အိမ်လေ့ကား ထစ်များကို နှစ်ထစ်လျှင် တစ်လှမ်းနှုန်းဖြင့် သူ တက် ရောက်လိုက်သည်။

ကျဉ်းကျဉ်းကလေး ထိုင်နေသော သမီးငယ်က တံခါး ပေါက်အဝမှ ဝင်လာသော ဖခင်ကို လှည့်ကြည့်လိုက်ရာ အပြစ်ကင်းစင်သော ချစ်သမီးငယ်၏ မျက်နှာလေးက ဝင်းပ လှပနေခြင်းကို ဦးထွန်းညွှန့် တွေ့မြင်ခွင့်ရသည်။

အနက်ရိုင်းဆုံးအပြုံးနှင့် ဆီးကြိုနေခဲ့ရာက-

ဦးထွန်းညွှန့်က ခပ်သွက်သွက်ပင် ဆက်တိုက်ခုံဆီသို့ ဝင်ရောက်ထိုင်ချလိုက်သည်။

"ကဲ..သမီး၊ ဖေကြီးဆီ အပြီးပြန်လာပြီလား"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ပါ ဖေကြီး၊ ဒီအိမ်မှာပဲ အပြီးနေတော့မယ် လို့ ဆုံးဖြတ်ပြီးပါပြီ"

"အေး..ဟုတ်တော့ ဟုတ်ပါပြီ သမီး။ ဒါပေမဲ့ သမီးကို ဖေကြီး ဒီအတိုင်းတော့ နေခွင့်မပြုနိုင်ဘူး"

"ဟင်..ဘယ်လိုလုပ်ပေးမှ သမီးကို နေခွင့်ပေးမှာလဲ ဖေကြီး"

"ဖေကြီးတို့ ဗုဒ္ဓဘာသာထုံးစံအရ သရဏဂုံတည်တယ်လို့ခေါ်တယ် သမီး။ ဖေကြီးနဲ့အတူတူ ဒီကဘုရားကျောင်းဆောင်ရှေ့မှာ အတူတူလိုက်ဆိုရမယ်"

"ဩော်..ဘာများလဲလို့ ဖေကြီးကလည်း၊ အခု သမီးက ကျိုက်ထီးရိုးဘုရားဖူးလည်း သွားခဲ့ပြီးပြီ။ စက်ရုံက အဖွဲ့တွေနဲ့ ပဲခူးမှာလည်း ဘုရားစုံဖူးပြီးပါပြီ ဖေကြီးရဲ့။ ကော်ရုံထဲမှာဆိုရင်လည်း တရားတော်တွေ နာယူခဲ့ပြီးပြီမို့ ဗုဒ္ဓဘာသာဝင် ဖြစ်ချင်နေတာပါ။ ကဲ..လိုကီဆိုမယ်လေ။ ဘယ်လိုဆိုရမှာလဲ"

သမီးငယ်၏ စကားရပ်ကို ကြားခွင့်ရသည်နှင့် ဦးထွန်းညွန့်ရင်ထဲ အတိုင်းမသိ ပျော်သွားခဲ့ရပြန်ပါသည်။

"ကဲ..လာ၊ ဖေကြီးနဲ့အတူတူ ဘုရားကျောင်းဆောင်ရှေ့မှာ လိုက်ဆိုရအောင်"

ပြောရင်းဆိုရင်း ဘုရားကျောင်းဆောင်ရှေ့ဆီသို့ ဦးထွန်းညွန့် လျှောက်သွားခဲ့ရင်း ပုဆစ်တုပ်ထိုင်ချလိုက်သည်။ နောက်တာမူးကလည်း ဘုရားကျောင်းဆောင်ရှေ့ ဝင်ရောက်၍ ကျွဲကျွဲလေး ဝင်ထိုင်လိုက်ပါ၏။

"ကဲ..သမီး၊ လက်အုပ်ချီထားပေး။ ပြီးရင် ဖေကြီးဆိုသလို လိုက်ဆို"

"ဟုတ်ကဲ့"

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"

"ဓမ္မံ သရဏံ ဂစ္ဆာမိ"

"ဓမ္မံ သရဏံ ဂစ္ဆာမိ"

"သံဃံ သရဏံ ဂစ္ဆာမိ"

"သံဃံ သရဏံ ဂစ္ဆာမိ"

သမီးနှစ်ယောက်စလုံးနှင့် ပိုမိုပြည့်စုံသွားသော ဦးထွန်းညွန့်၏ အိမ်ကလေးသည် အလင်းရောင်လမ်းပွင့်စေမည့် ဓမ္မတေးသံများ ရိုက်ခတ်လွှင့်ပျံ့လျက် ရှိပါတော့သတည်း။

ကိုမိုး(ရွှေပြည်သာ)

www.burmeseclassic.com

www.burmeseclassic.com

ကံကော်တစ်ထောင်ဆရာတော်ချီးမြှင့်သော ဘေးရန်ကင်းကွာ စီးပွားဖြာသော လူတိုင်းအောင်မြင် ဘာဝယာဘံကျင့်စဉ်

ဇမ္ဘီရ-ဆရာလှမျိုး(B.Sc)

တစ်နေ့တွင် ကျွန်ုပ်သည် (၃၉)လမ်းရှိ မဏ္ဍိမစာပေသို့ ရောက်ရှိသွားပါသည်။

ထိုစာပေတိုက်မှ ကိုနိုင်ဆိုသူက 'ဆရာ..ဒီရက်ပိုင်း ကံကော်တစ်ထောင်ဆရာတော်ဘုရားကြီး ရန်ကုန်ကြွမယ်။ မျက်စိလာခွဲမှာ' ဟု သတင်းပေးသည်။

နောက်(၃)ရက်ခန့် အကြာတွင် ဆရာတော် ကြွလာခြင်း ကြားသိရသည်။ ယနေ့ခေတ်တွင် မျက်စိခွဲစိတ်ကုသမှုမှာ အသေးအမွှားကိစ္စသာ ဖြစ်ပါသည်။ လူတွေတင်ကြပြောနေကြသလို မျက်စိခွဲခြင်းမဟုတ်ဘဲ မျက်သားပေါ်မှတိမ်များ အညစ်အကြေး၊ အမှိုက်များကို ခြစ်ပစ်ခြင်းသာ ဖြစ်ပါသည်။ ဆေးရုံမှာ တစ်ရက်နေပြီး နောက်တစ်နေ့ ပတ်တီးဖြေရသည်။ ယခင်ကလို တစ်ပတ်လောက် ပိတ်ထားစရာ မလိုတော့ပေ။ ပတ်တီးဖြေပြီး နေကာမျက်မှန်တပ်နေ၍ရပါပြီ။

ကံကော်တစ်ထောင်ဆရာတော် ဆေးရုံမှဆင်းပြီး ရေကျော်အိမ်ကြီးလမ်းတွင် ယာယီသီတင်းသုံးတော်မူသည်။ စာရေးသူလည်း တစ်ယောက်တည်း ရောက်သွားသည်။ အပေါ်ထပ် ရောက်သောအခါ ဆရာတော်အား သစ်သီးလှူ၍ ကန်တော့လိုက်သည်။ ဆရာတော်သည် နေကာမျက်မှန်အနက် တပ်ထားသည်။ ဆရာတော်အား ကျန်းမာရေးဖူးတွေ့ရသည်။

ဆရာတော်နှင့် စာအုပ်စာပေကိစ္စ ပြောဆိုပြီးသောအခါ စာရေးသူမှ ပူဇော်ပွဲတုန်းက ထုတ်ထားတဲ့ စာအုပ်ရှိရင် ချီးမြှင့်ပါဘုရားဟု ရိုသေစွာလျှောက်ထားလိုက်သည်။

ဆရာတော်က သူ၏ လက်ဆွဲအိတ်ထဲမှ စာအုပ်နှစ်အုပ် ထုတ်ပေးသည်။ တစ်အုပ်မှာ ဆရာတော်၏ ထေရပွတ္တိနှင့် သာသနာပြုခရီး မှတ်တမ်းစာအုပ်ဖြစ်သည်။ တစ်အုပ်မှာ ကံကော်တစ်ထောင်ဘုရားရှင်များ (၂၅)နှစ်မြောက် ဌေရတုသဘင်နှင့် ကံကော်တစ်ထောင်ဆရာတော်၏ (၇၅)နှစ်မြောက် စိန်ရတုမွေးနေ့မင်္ဂလာ နှစ်(၁၀၀)ပြည့် ပူဇော်ပွဲအမှတ်ပြု ဘေးရန်ကင်းကွာ စီးပွားဝေဖြာစေသော ကံကော်တစ်ထောင် မြတ်လက်ဆောင် စာအုပ်ဖြစ်ပါသည်။

(၇)နေ့သားသမီးများအတွက် ရေးသားဖော်ပြထားသော ကျင့်စဉ်တော်ကို ရေးသားဖော်ပြပေးလိုက်ပါသည်။

ဘေးရန်ကင်းကွာ စီးပွားဖြာသော ဘာဝယာဘံကျင့်စဉ်တော်

မြတ်ဗုဒ္ဓ၏ သားသမီးတွေ စနစ်တကျ ကျင့်ကြံအားထုတ်ကြတော့ အကျိုးထူးဇကန်ပေးလိမ့်မယ်။

တနင်္ဂနွေသားသမီးတွေအတွက် ဘာဝယာဘံကျင့်စဉ်

မွေးစမှ အသက်(၆)နှစ်အတွင်းရှိ တနင်္ဂနွေသားသမီးများသည် အောက်ပါအတိုင်း ကျင့်ကြံရပါသည်။ ဖန်ခွက်တစ်လုံးတွင် ရေကြည်ရေသန့်ထည့်၍ ဆီးညွှန့်၊ ဒန်းညွှန့်၊ ရွက်လှအညွှန့် ရရာပန်း(၁)ညွှန့်ကို ဓာတ်ပန်းအဖြစ်ခင်ဦးဘုရားကို လှူဒါန်းပါ။

www.burmeseclassic.com

www.burmeseclassic.com

ပြီးလျှင် နေ့ပိုင်းတွင် ဂြိုဟ်စီးပုတီးစိပ်ဖြစ်သော အောက်ပါပုတီးစိပ်ကို ပုတီး(၆)ပတ်စိပ်ပါ။

(သူရဇ္ဈ အရှင်ဘဒ္ဒန္တ သဗ္ဗသိဒ္ဓိ)

ပုတီး(၆)ပတ်ပြည့်လျှင် နတ်၊ လူ၊ ဗြဟ္မာ သတ္တဝါအားလုံးအား မေတ္တာသုံးကြိမ်ပို့ပါ။ အမျှဝေပါ။ မိမိလိုရာဆုကို တောင်းပါ။

ညပိုင်းတွင် ဂြိုဟ်နင်းပုတီးစိပ်ဖြစ်သော အောက်ပါပုတီးစိပ်ကို (၆)ပတ်စိပ်ပါ။

(သူရဇ္ဈ အရှင်ဘဒ္ဒန္တ သဗ္ဗလာဘ ဘယ နတ္ထိအောင်)

ပုတီး(၆)ပတ်ပြည့်လျှင် နတ်၊ လူ၊ ဗြဟ္မာ သတ္တဝါတွေကို မေတ္တာသုံးကြိမ်ပို့၍ အမျှဝေပါ။ မိမိလိုရာဆုကို တောင်းပါ။

အသက်(၆)နှစ်မှ (၂၁)နှစ်အတွင်း တနင်္ဂနွေသားသမီးများ ကျင့်ကြံရန် အဘယလာဘ်ကျင့်စဉ်

ရေကြည်ရေသန့်ကို ဖန်ခွက်တစ်လုံးတွင်ထည့်၍ မေမြို့ပန်း၊ ပေါက်ပန်းဖြူ၊ အုန်းညွှန့်၊ ရွှက်လှ ရရာတစ်မျိုးကို ဓာတ်ပန်းအဖြစ်(၁)ညွှန့်သာ လှူရုပါမည်။ ပြီးလျှင် နေ့ဘက်တွင် ဂြိုဟ်စီးပုတီးစိပ်အဖြစ် အောက်ပါပုတီးစိပ်ကို (၁၅) ပတ် ပုံမှန်စိပ်ရပါမည်။

(စန္ဒြော အရှင်ဘဒ္ဒန္တ သဗ္ဗသိဒ္ဓိ)

ညနေပိုင်းတွင် အောက်ပါ ဂြိုဟ်နင်းပုတီးစိပ်ကို (၁၅) ပတ် ပုံမှန်စိပ်ရပါမည်။

(စန္ဒြော အရှင်ဘဒ္ဒန္တ သဗ္ဗလာဘ ဘယ နတ္ထိအောင်)

ပုတီးပတ်ပြီးတိုင်းတွင် နတ်၊ လူ၊ ဗြဟ္မာ သတ္တဝါအားလုံးကို မေတ္တာသုံးကြိမ်ပို့ပါ။ အမျှဝေပါ။ မိမိလိုရာဆုကို တောင်းပါ။

အသက်(၂၁)နှစ်မှ (၂၉)နှစ်အတွင်းရှိ တနင်္ဂနွေသားသမီးများ ကျင့်ကြံရမည့် အဘယလာဘ်ကျင့်စဉ်

ရေကြည်သန့်ကို ဖန်ခွက်တစ်လုံးတွင်ထည့်၍ သီဟိုဠ်ညွှန့်၊ သံသတ်ညွှန့်၊ သီးညွှန့်၊ ကဲ့ကော်ညွှန့်၊ မေမြို့၊ ပေါက်ပန်းဖြူ ရရာအညွှန့်(၁)ညွှန့်ကို ဓာတ်ပန်းအဖြစ်တင်၍ ဘုရားမှာလှူပါ။

ပြီးလျှင် နေ့ပိုင်းတွင် ဂြိုဟ်စီးပုတီးစိပ်ဖြစ်သော အောက်ပါပုတီးစိပ်ကို ပုတီး(၈)ပတ်စိပ်ရပါမည်။ ပုတီးပတ်ပြည့်လျှင် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတွေကို မေတ္တာသုံးကြိမ်ပို့ပါ။ အမျှဝေပါ။ မိမိလိုရာဆုကိုလည်း တောင်းပါ။

(ဘောမအရှင်ဘဒ္ဒန္တ သဗ္ဗသိဒ္ဓိ)

ညပိုင်းတွင် ဂြိုဟ်နင်းပုတီးစိပ်ဖြစ်သော အောက်ပါပုတီးစိပ်ကို (၈)ပတ်စိပ်ပါ။ မေတ္တာပို့၍ အမျှဝေပါ။ လိုရာဆုတောင်းပါ။

(ဘောမ အရှင်ဘဒ္ဒန္တ သဗ္ဗလာဘ ဘယ နတ္ထိအောင်)

အသက်(၂၉)နှစ်မှ (၄၆)နှစ်အတွင်းရှိ တနင်္ဂနွေသားသမီးများ ကျင့်ကြံရမည့် အဘယလာဘ်ကျင့်စဉ်

ဖန်ခွက်တစ်လုံးတွင် ရေကြည်ကြည်သန့်သန့်ထည့်၍ ဒန်းညွှန့်၊ ဆီးညွှန့်၊ သီဟိုဠ်၊ သံသတ် ရရာတစ်မျိုးကို (၁)ညွှန့်ယူ၍ ဓာတ်ပန်းဆင်ပါ။ ဘုရားကို လှူရုပါမည်။

ပြီးလျှင် အောက်ပါဂြိုဟ်စီး အောက်ပါပုတီးစိပ်ကို ပုတီး(၁၇)ပတ် စိပ်ရပါမည်။ ပုတီးပတ်ပြည့်လျှင် လူ၊ နတ်၊ ဗြ သတ္တဝါတွေကို မေတ္တာသုံးကြိမ်ပို့ပါ။ အမျှဝေပါ။ မိမိလိုရာဆုကိုလည်း တောင်းပါ။

(ဗုဒ္ဓါ အရှင်ဘဒ္ဒန္တ သဗ္ဗလာဘ ဘယ နတ္ထိအောင်)

အသက်(၄၆)နှစ်မှ (၅၆)နှစ်အတွင်းရှိ တနင်္ဂနွေသားသမီးများအတွက် အဘယလာဘ်ကျင့်စဉ်

ဖန်ခွက် (သို့မဟုတ်) သီးသန့်ပန်းအိုးတစ်လုံးတွင် ရေကြည်သန့်သန့်ထည့်၍ ဓာတ်ပန်းအဖြစ် ဆီးညွှန့်၊ သီဟိုဠ်ညွှန့်၊ ကဲ့ကော်ညွှန့် ရရာတစ်မျိုးကို တစ်ညွှန့်သာ လှူရုပါမည်။

ပြီးလျှင် အောက်ပါဂြိုဟ်စီးပုတီးစိပ်ကို နေ့ပိုင်းတွင် စိပ်ပါ။ ပုတီး(၁၀)ပတ်စိပ်ပါ။ မေတ္တာသုံးကြိမ်ပို့ပါ။ အမျှဝေပါ။ မိမိလိုရာဆုကို တောင်းပါ။

(သောရီ အရှင်ဘဒ္ဒန္တ သဗ္ဗသိဒ္ဓိ)

ညပိုင်းတွင် အောက်ပါဂြိုဟ်နင်းပုတီးစိပ်ကို စိပ်ပါ။ ပုတီး(၁၀)ပတ်ပြည့်လျှင် မေတ္တာပို့၍ အမျှဝေပါ။ လိုရာဆုတောင်းပါ။

(သောရီ အရှင်ဘဒ္ဒန္တ သဗ္ဗလာဘ ဘယ နတ္ထိအောင်)

အသက်(၅၆)နှစ်မှ (၇၀)နှစ်အတွင်းရှိ တနင်္ဂနွေသားသမီးကျင့်ကြံရမည့် အဘယလာဘ်ကျင့်စဉ်

ပန်းအိုး (သို့မဟုတ်) ဖန်ခွက်ထဲသို့ ရေကြည်သန့်ကလေးထည့်၍ အုန်းညွှန့်၊ ရွှက်လှ၊ ဒန်းညွှန့် ရရာတစ်မျိုးကို ဓာတ်ပန်းဆင်၍ အောက်ပါပုတီးစိပ်ကို နေ့ပိုင်းတွင် (၁၉) ပတ်စိပ်ပါ။

(ဂုရု အရှင်ဘဒ္ဒန္တ သဗ္ဗသိဒ္ဓိ)

ပုတီးပတ်ပြည့်လျှင် မေတ္တာပို့၍ အမျှဝေပါ။ လိုရာဆုတောင်းပါ။ ညပိုင်းရောက်လျှင် အောက်ပါဂြိုဟ်နင်းပုတီး

www.burmeseclassic.com

www.burmeseclassic.com

စိပ်ကို (၁၉)ပတ်စိပ်ပါ။ ပြီးလျှင် မေတ္တာပို့ပါ။ အမျှဝေပါ။ ဆုတောင်းပါ။

(၇၅ အရပ် သိဒ္ဓိ သဗ္ဗလာဘံ ဘယ် နတ္ထိအောင်)

အသက်(၇၅)နှစ်မှ (၈၇)နှစ်အတွင်းရှိ တနင်္ဂနွေသားသမီးများ ကျင့်ကြံရမည့် အဘာယလာဘ်ကျင့်စဉ်

ဒန်းညွှန့်၊ ဆီးညွှန့်၊ သီဟိုဠ်ညွှန့် ရရာအညွှန့်တစ်ညွှန့်ကို ပန်းအိုးသီးသန့်နှင့် ဓာတ်ပန်းဆင်ပြီး ဘုရားလျှူပါ။ နေ့ပိုင်းတွင် အောက်ပါပုတီးစိပ်ကို (၁၂)ပတ်စိပ်ပါ။

(ဗုဒ္ဓ အရပ် ဘဂဝါ သဗ္ဗသိဒ္ဓိ)

ပုတီးပတ်ပြည့်လျှင် မေတ္တာပို့၍ အမျှဝေပါ။ လိုရာဆုတောင်းပါ။ ညပိုင်းရောက်လျှင် အောက်ပါဂြိုဟ်နင်းပုတီးစိပ်ကို (၁၂)ပတ်စိပ်ပါ။

(ဗုဒ္ဓ အရပ် သိဒ္ဓိ သဗ္ဗလာဘ် ဘယ် နတ္ထိအောင်)

တနင်္လာသားသမီးများအတွက်ကျင့်စဉ်

မွေးစမှ အသက်(၁၅)နှစ်အတွင်း တနင်္လာသားသမီးများသည် ပေါက်ပန်းဖြူ၊ အုန်းညွှန့်၊ ရွက်လှ ရရာတစ်မျိုးကို ပန်းအိုးသီးသန့်နှင့် (၂)ညွှန့်လျှူ၍ ဓာတ်ပန်းဆင်ရပါမည်။

နေ့ပိုင်းတွင် ဂြိုဟ်စီးပုတီးစိပ်ကို အောက်ပါအတိုင်း (၁၅)ပတ်စိပ်ပါ။ မေတ္တာပို့၍ အမျှဝေပါ။ လိုရာဆုတောင်းပါ။

(စန္ဒြာ အရပ် ဘဂဝါ သဗ္ဗသိဒ္ဓိ)

ညပိုင်းရောက်လျှင် အောက်ပါဂြိုဟ်နင်းပုတီးစိပ်ကို (၁၅)ပတ်စိပ်ပါ။ မေတ္တာပို့ပါ။ အမျှဝေပါ။ လိုရာဆုကို တောင်းပါ။

(စန္ဒြာ အရပ် သိဒ္ဓိ သဗ္ဗလာဘ် ဘယ် နတ္ထိအောင်)

အသက်(၁၅)နှစ်မှ (၂၃)နှစ်အတွင်းရှိ တနင်္လာသားသမီးများ

သီဟိုဠ်၊ ကဲ့ကော်၊ မေမြို့ ရရာပန်းကို (၂)ညွှန့်၊ (၂) ပွင့် ဓာတ်ပန်းဆင်နိုင်ပါသည်။ ရေသန့်သန့်ဖြင့် ပန်းအိုးလေးသီးသန့်ပြုလုပ်ကာ ဘုရားကိုလျှူပါ။

နေ့ပိုင်းတွင် အောက်ပါဂြိုဟ်စီးပုတီးစိပ်ကို (၈)ပတ်စိပ်ပါ။ သတ္တဝါတွေအပေါ် မေတ္တာဖြန့်ကြက်ပြီး သုံးကြိမ် မေတ္တာပို့ပါ။ အမျှဝေ၍ လိုရာဆုတောင်းပါ။

(ဘောမ အရပ် ဘဂဝါ သဗ္ဗသိဒ္ဓိ)

ညပိုင်းတွင် အောက်ပါဂြိုဟ်နင်းပုတီးစိပ်ကို (၈)ပတ်စိပ်ပါ။ သတ္တဝါများကို မေတ္တာသုံးကြိမ်ပို့၍ အမျှဝေပါ။ လိုရာဆုကို တောင်းပါ။

(ဘောမ အရပ် သိဒ္ဓိ သဗ္ဗလာဘ် ဘယ် နတ္ထိအောင်)

အသက်(၂၃)နှစ်မှ (၄၀)နှစ်အတွင်းရှိ တနင်္လာသားသမီးများ

အောက်ပါအဘာယလာဘ်ကျင့်စဉ်ကို ကျင့်ကြံကြရပါမည်။

ဓာတ်ပန်းအိုးလေးတစ်လုံးကို အိုး (သို့မဟုတ်) ဖန်ခွက်တွင် ရေကြည်ရေသန့်ထည့်၍ ပြင်ပြီးနောက် ဒန်းညွှန့်၊ ဆီးညွှန့်၊ သီဟိုဠ်ညွှန့် ရရာအညွှန့်နှစ်ညွှန့်ကို ဓာတ်ပန်းဆင်၍ ဘုရားတွင် လျှူပါ။

ပြီးလျှင် နေ့ပိုင်းတွင် အောက်ပါအဘာယလာဘ်ပုတီးစိပ်ကို (၁၇)ပတ်စိပ်ပါ။ မေတ္တာပို့ပါ။ အမျှဝေ၍ လိုရာဆု တောင်းရပါမည်။

(ဗုဒ္ဓ အရပ် ဘဂဝါ သဗ္ဗသိဒ္ဓိ)

ညပိုင်းတွင် အောက်ပါအဘာယလာဘ် ပုတီးစိပ်ကို (၁၇)ပတ်စိပ်ပါ။ မေတ္တာပို့ပါ။ အမျှဝေဆုတောင်းပါ။

(ဗုဒ္ဓ အရပ် သိဒ္ဓိ သဗ္ဗလာဘ် ဘယ် နတ္ထိအောင်)

အသက်(၄၀)မှ (၅၀)နှစ်အတွင်းရှိ တနင်္လာသားသမီးများ

အောက်ပါအဘာယလာဘ်ကျင့်စဉ်ကို ကျင့်ကြံကြရပါမည်။ ဆီးညွှန့် (သို့မဟုတ်) ကဲ့ကော်ညွှန့်(၂)ညွှန့်ကို ဓာတ်ပန်းအဖြစ် သီးသန့်ပန်းအိုးတွင်ဆင်ပါ။ ပြီးလျှင် နေ့ပိုင်း၌ အောက်ပါအဘာယလာဘ် ပုတီးစိပ်ကို (၁၀)ပတ်စိပ်ပါ။ မေတ္တာပို့ပါ။ အမျှဝေ၍ လိုရာဆုတောင်းပါ။

(သောရီ အရပ် ဘဂဝါ သဗ္ဗသိဒ္ဓိ)

ညပိုင်းတွင် ဂြိုဟ်နင်းပုတီးစိပ်ဖြစ်သော အဘာယလာဘ်ပုတီးစိပ်ကို အောက်ပါအတိုင်း (၁၀)ပတ်စိပ်ပါ။

(သောရီ အရပ် သိဒ္ဓိ သဗ္ဗလာဘ် ဘယ် နတ္ထိအောင်)

ပြီးလျှင် မေတ္တာပို့ အမျှဝေပါ။ လိုရာဆု တောင်းပါ။

အသက်(၅၀)မှ (၆၉)နှစ်အတွင်း တနင်္လာသားသမီးများ

အောက်ပါအဘာယလာဘ်ကျင့်စဉ်ကို ကျင့်ကြံကြရပါမည်။

ဒန်းညွှန့်၊ ရွက်လှ၊ ဒန်းညွှန့် ရရာတစ်မျိုးကို (၂)ညွှန့်ယှက်၍ သီးသန့်ပန်းအိုးကလေးတွင် ရေသန့်သန့်ကလေးနှင့် ဓာတ်ပန်းဆင်၍ ဘုရားလျှူပါ။

နေ့ပိုင်းတွင် အောက်ပါဂြိုဟ်စီးပုတီးစိပ်ကို အဘာယလာဘ် ပုတီးစိပ်အဖြစ် ပုတီး(၁၉)ပတ်စိပ်ပါ။ မေတ္တာပို့ အမျှဝေ လိုရာဆုကို တောင်းပါ။

www.burmeseclassic.com

www.burmeseclassic.com

(၇ရ အရပ် ဘဂဝါ သဗ္ဗသိဒ္ဓိ)

ညပိုင်းတွင် အောက်ပါအဘယလာဘ်ပုတီးစိပ်ကို စိပ်ပါ။ ပုတီးပတ်(၁၉)ပတ်ရအောင်စိပ်ပါ။ မေတ္တာပို့ အမျှဝေသိရာဆု တောင်းပါ။

(၇ရ အရပ် သိဒ္ဓိ သဗ္ဗလာဘ် ဘယ် နတ္ထိအောင်)

အသက်(၆၉)နှစ်မှ (၈၁)နှစ်အတွင်းရှိ ဘနလဲသားသမီးများ

အောက်ပါအဘယလာဘ် ပုတီးစိပ်ကို စိပ်ရပါမည်။ ဒန်းညွှန့်၊ ဆီးညွှန့်၊ သီဟိုဠ်ညွှန့် ရရာကိုရာ၍ သီးသန့်ပန်းအိုးတွင် (၂)ညွှန့်လျှ၍ ဓာတ်ပန်းဆင်ပါ။

ပြီးလျှင် နေ့ပိုင်း၌ အောက်ပါအဘယလာဘ်ပုတီးစိပ်ကို စိပ်ပါ။ (၁၂)ပတ်စိပ်ရပါမည်။ မေတ္တာပို့ အမျှဝေပြီး လိုရာဆုကို တောင်းပါ။

(၇ဒွေါ အရပ် ဘဂဝါ သဗ္ဗသိဒ္ဓိ)

ညပိုင်းတွင် အောက်ပါအဘယလာဘ် ပုတီးစိပ်ကို (၁၂)ပတ်စိပ်ပါ။ မေတ္တာပို့ပါ။ အမျှဝေ၍ လိုရာဆု တောင်းပါ။

(၇ဒွ အရပ် သိဒ္ဓိ သဗ္ဗလာဘ် ဘယ် နတ္ထိအောင်)

ကျွန်ုပ်သည် ဗေဒင်ဟောပြီးသောအခါ (၇)နေ့သားသမီးတို့အား ယတြာပေးပါသည်။ ထိုသို့ပေးရာတွင် ယတြာနှင့် ဂါထာတွဲ ပေးလေ့ရှိသည်။ ဥပမာ-သပြေညွှန့်(၁၁)ညွှန့် သုံးပြီး သမ္မာဒွေဂါထာ သက်ဆေးရွက်ပါဟု ပေးလိုက်သည်။ ဤအခါ ရိုးရိုးယတြာတစ်မျိုးတည်း ပေးသည်ထက် ဂါထာ ပုတီးစိပ်နှင့် တွဲပေးပါက ပို၍အကျိုးရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။

ယခုလည်း အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောသာသ(ကံကော်တစ်ထောင်ဆရာတော်)မှလည်း ကံကော်တစ်ထောင် သာသနာပြုနယ်မြေသို့ ရောက်ရှိလာသော (၇)နေ့သားသမီးများအား အဘယလာဘ် ရပ်ပွားတော်နှင့် သာဘမုနိရုပ်ပွားတော်မြတ်အား ပူဇော်နိုင်းပြီး အဘယလာဘ် အဓိဋ္ဌာန်ကျင့်စဉ် ပုတီးစိပ်နိုင်းပါသည်။

ထိုသို့ပြုလုပ်ဆောင် ရွက်နိုင်းသောအခါ အခက်အခဲများ အဆင်ပြေသွားပြီး ကံပွင့်လာဘ်ပွင့်သွားကြပါသည်။ ကံကော်တစ်ထောင် သာသနာပြုနယ်မြေ မလာရောက်နိုင်သူများလည်း မိမိနေအိမ်ရှိ မြတ်စွာဘုရားအား ဓာတ်ခန်းလျှောက်ပြီး အသက်ပိုင်းအလိုက် ပုတီးစိပ်နိုင်းပါသည်။ ထူးထူးခြားခြား အောင်မြင်တိုးတက်သွားကြပါသည်။

စာရေးသူလည်း လက်တွေ့ဆောင်ရွက်ကြည့်ရာ ကောင်းကျိုးသုခခံစားရပါသည်။ မိမိ၏လုပ်ငန်းများ တိုးတက်အောင်မြင်လာပါတော့သည်။ ဆရာတော်မှ ဂြိုဟ်အိပ်ဂြိုဟ်စား အသက်ပိုင်းခြား၍ ဆောင်ရွက်နိုင်းခြင်း ဖြစ်ပါသည်။

ယခု ဆက်လက်ကျွန်ုပ်ရှိသော နေ့သားသမီးများကို ဖော်ပြပေးလိုက်ပါသည်။

<u>အင်္ဂါသားသမီးများ၏ အဘယလာဘ်ကျင့်စဉ်</u>

မွေးစမှ အသက်(၈)နှစ်အတွင်းရှိ အင်္ဂါသားသမီးများ ကျင့်ကြံရမည့် အဘယလာဘ်ကျင့်စဉ်

သီဟိုဠ်၊ ကုံကော်၊ မေမြို့၊ ပျဉ်းမ ရရာပန်းအညွှန့် တစ်မျိုးကို ပန်းအိုးသီးသန့်နှင့် (၃)ညွှန့်၊ (၃)ပွင့်ဓာတ်ပန်းဆင်၍ [illegible] လျှဒါန်းပါ။

ပြီးလျှင် အောက်ပါ ဂြိုဟ်စီးအဘယလာဘ် ပုတီးစိပ်ကို စိပ်ပါ။ ပုတီး(၈)ပတ် စိပ်ရပါမည်။ ကလေးငယ်သည် ပုတီးမစိပ်နိုင်ပါက (၈)ခေါက်ရွတ်နိုင်းပါ။ ပုတီးပတ်ခေါက်ရေပြည့်လျှင် မေတ္တာပို့၊ အမျှဝေ လိုရာဆုတောင်းပါ။

(ဘောမ အရပ် ဘဂဝါ သဗ္ဗသိဒ္ဓိ)

ညပိုင်းအတွက် အဘယလာဘ်ပုတီးစိပ်မှာ အောက်ပါအတိုင်းဖြစ်၍ ပုတီးပတ်(၈)ပတ် (သို့မဟုတ်) (၈)ခေါက် ပုတီးစိပ်ရွတ်ဆိုပါ။

(ဘောမအရပ် သိဒ္ဓိသဗ္ဗလာဘ် ဘယ် နတ္ထိအောင်)

အသက်(၈)နှစ်မှ (၂၅)နှစ်အတွင်း အင်္ဂါသားသမီးများ အတွက် အဘယလာဘ်ကျင့်စဉ်

ဒန်းညွှန့်၊ ထန်းညွှန့်၊ ဆီးညွှန့်၊ သီဟိုဠ်ညွှန့် စသည့် ရရာပန်းကို သီးသန့်ပန်းအိုးလေးတစ်လုံးတွင် ရေကြည်ရေသန့်ကလေးနှင့် ဓာတ်ပန်းဆင်ကာ ဘုရားကို လှူပါမည်။

ပြီးလျှင် နေ့ပိုင်း၌ ဂြိုဟ်စီးပုတီးစိပ်ဖြစ်သော အောက်ပါ အဘယလာဘ်ကျင့်စဉ်ကို ကျင့်ရပါမည်။ ပုတီးပတ်(၁၇)ပတ်ပြည့်အောင် စိပ်ရမည်။ ပုတီးပတ်ပြည့်လျှင် မေတ္တာပို့ပါ။ လိုရာဆုတောင်းပါ။

(၇ဒွ အရပ် ဘဂဝါ သဗ္ဗသိဒ္ဓိ)

ညပိုင်းရောက်လျှင် အောက်တွင် ဖော်ပြထားသော အဘယလာဘ်ဂြိုဟ်နင်း ပုတီးစိပ်ကို (၁၇)ပတ်စိပ်ပါ။ မေတ္တာပို့ပါ။ အမျှဝေပြီး လိုရာဆုတောင်းပါ။

(၇ဒွ အရပ် သိဒ္ဓိ သဗ္ဗလာဘ် ဘယ် နတ္ထိအောင်)

www.burmeseclassic.com

www.burmeseclassic.com

အသက်(၂၅)နှစ်မှ (၃၅)နှစ်အတွင်းရှိ အင်္ဂါသားသမီးများအတွက် အာယလာဘ်ကျင့်စဉ်

ဆီးညွှန်း၊ ကုံကော်ပန်း၊ ကုံကော်ညွှန်၊ ဇော်စိမ်းညွှန် ရရာကိုယူ၍ ရေကြည်ရေသန့်ဖြင့် ပန်းအိုးကလေးတစ်အိုးပြုလုပ်ကာ ဓာတ်ပန်းဆင်ရပါမည်။ ပြီးလျှင် နေ့ပိုင်း၌ ဂြိုဟ်စီးအာယလာဘ် ပုတီးစိပ်ကို ပုတီးပတ်(၁၀)ပတ်ပြည့်အောင်စိပ်၍ မေတ္တာပို့ အမျှဝေ လိုရာဆုတောင်းပါ။

(သောရီ အရဟံ ဘဂဝါ သဗ္ဗညိုဒ္ဓိ)

ညပိုင်းတွင် ဂြိုဟ်နင်းပုတီးဖြစ်သော အောက်ပါ အာယလာဘ် ကျင့်စဉ်ကို ပုတီးပတ်(၁၀)ပတ် စိပ်ပါ။ မေတ္တာပို့ခြင်း၊ အမျှဝေခြင်း လိုရာဆုတောင်းခြင်းပြုပါ။

(သောရီအရဟံ သိဒ္ဓိ သဗ္ဗလာဘံ ဘယ နတ္ထိအောင်)

အသက်(၃၅)နှစ်မှ (၅၄)နှစ်အတွင်းရှိ အင်္ဂါသားသမီးများအတွက် အာယလာဘ်ကျင့်စဉ်

အုန်းညွှန်၊ ရွက်လှည့်ညွှန်၊ ဒန်းညွှန် ရရာတစ်မျိုးကို ရေကြည်ရေသန့်နှင့် ပန်းအိုးသေးသန့်ပြင်ပြီး ဓာတ်ပန်းဆင်ပါ။ (၃)ညွှန့်လှူပါ။ ပြီးလျှင် နေ့ပိုင်း၌ အောက်ပါ အာယလာဘ်ကျင့်စဉ်ကို ပုတီးပတ်(၁၉)ပတ် စိပ်ရပါမည်။ ပြီးလျှင် မေတ္တာပို့ပါ။ အမျှဝေပါ။ လိုရာဆုတောင်းပါ။

(ဂုရု အရဟံ ဘဂဝါ သဗ္ဗသိဒ္ဓိ)

ညပိုင်းတွင် အောက်ပါ အာယလာဘ်ကျင့်စဉ်ကို ပုတီးပတ်(၁၉)ပတ် စိပ်ပါ။ မေတ္တာပို့ အမျှဝေပြီး လိုရာဆုတောင်းပါ။

(ဂုရု အရဟံ သိဒ္ဓိ သဗ္ဗလာဘံ ဘယ နတ္ထိအောင်)

အသက်(၅၄)နှစ်မှ (၆၆)နှစ်အတွင်းရှိ အင်္ဂါသားသမီးများအတွက် ကျင့်ကြံရမည့် အာယလာဘ်ကျင့်စဉ်

နေ့ပိုင်းတွင် အောက်ပါ အာယလာဘ်ကျင့်စဉ်ကို ပုတီးပတ်(၁၂)ပတ် စိပ်ပါ။ ဒေါန၊ ဆီးညွှန်၊ သီဟိုဠ်ညွှန်တို့ အနက် ရရာ(၁)ညွှန့်ကို ရေဖန်ခွက်သန့်သန့်ကလေးနှင့် ထည့်၍ ဓာတ်ပန်းဆင်ပါ။

(ဗုဒ္ဓအရဟံ ဘဂဝါ သဗ္ဗသိဒ္ဓိ)

ညပိုင်းတွင် အောက်ပါ ဂြိုဟ်နင်းပုတီးစိပ်ကို (၁၂)ပတ် စိပ်၍ မေတ္တာပို့ အမျှဝေပါ။ လိုရာဆုတောင်းပါ။

(ဗုဒ္ဓ အရဟံ သိဒ္ဓိ သဗ္ဗလာဘံ ဘယ နတ္ထိအောင်)

အသက်(၆၆)နှစ်မှ (၈၇)နှစ်အတွင်းရှိ အင်္ဂါသားသမီးများအတွက် ကျင့်ကြံရမည့် အာယလာဘ်ကျင့်စဉ်

အုန်းညွှန်၊ ကုံကော်ညွှန်၊ မေမြို့ပန်း၊ ပျဉ်းမညွှန် ရရာပန်းအညွှန့်(၃)ညွှန့်ယူ၍ ဓာတ်ပန်းဆင်ပြီး ဘုရားတွင် လှူထားပါ။ နေ့ပိုင်းတွင် သောကြာ အရဟံ ဘဂဝါ သဗ္ဗသိဒ္ဓိ (၂၁)ပတ်စိပ်၍ မေတ္တာပို့ လိုရာဆုတောင်း အမျှပေးဝေပါ။ ညပိုင်းတွင် သောကြာ အရဟံ သိဒ္ဓိ သဗ္ဗလာဘံ ဘယ နတ္ထိအောင် (၂၁)ပတ်စိပ်ပါ။ မေတ္တာပို့ လိုရာဆုတောင်း အမျှဝေပါ။

ဗုဒ္ဓဟူးသားသမီးများအတွက် အာယလာဘ်ကျင့်စဉ်

မွေးစမှ အသက်(၁၇)နှစ်အတွင်းရှိ ဗုဒ္ဓဟူးသားသမီးများ ကျင့်ကြံရမည့် အာယလာဘ်ကျင့်စဉ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

ဒန်းညွှန်၊ ဆီးညွှန်၊ သီဟိုဠ်ညွှန် ရရာကိုယူ၍ (၄)ညွှန့် ဓာတ်ပန်းအိုးကို မိမိနေအိမ်ဘုရားရှေ့တွင် အခြားပန်းများနှင့်မထိအောင် သီးသန့်လှူထားပါ။

ပြီးလျှင် နေ့ပိုင်းတွင် ဗုဒ္ဓ အရဟံ ဘဂဝါ သဗ္ဗသိဒ္ဓိ (၁၇)ပတ်စိပ်ပါ။ ညပိုင်းတွင် ဗုဒ္ဓ အရဟံ သိဒ္ဓိ သဗ္ဗလာဘံ ဘယ နတ္ထိအောင် (၁၇)ပတ်စိပ်ပြီး မေတ္တာပို့ အမျှဝေ လိုရာဆုတောင်းပါ။

အသက်(၁၇)နှစ်မှ (၂၇)နှစ်အတွင်း ဗုဒ္ဓဟူးသားသမီးများ အာယလာဘ်ကျင့်စဉ်

ဆီးညွှန်၊ သီဟိုဠ်ညွှန်၊ ကုံကော်ညွှန် ရရာ(၄)ညွှန့် ဘုရား တွင် လှူထားပါ။ နေ့ပိုင်းတွင် သောရီ အရဟံ ဘဂဝါ သဗ္ဗသိဒ္ဓိ ညပိုင်းတွင် သောရီ အရဟံ သိဒ္ဓိ လာဘံ ဘယ နတ္ထိအောင် ပုတီး(၁၀)ပတ်စိပ်ပါ။ မေတ္တာပို့၊ အမျှဝေ၍ လိုရာဆုကို တောင်းပါလေ။

အသက်(၂၇)နှစ် (၄၆)နှစ်အတွင်း ဗုဒ္ဓဟူးသားသမီးများ

အုန်းညွှန်၊ ရွက်လှ၊ ဒန်းညွှန် ရရာတစ်မျိုးကို (၄)ညွှန့် လှူပါ။

နေ့ပိုင်းတွင် ဂုရု အရဟံ ဘဂဝါ သဗ္ဗသိဒ္ဓိ ညပိုင်းတွင် ဂုရု အရဟံ သိဒ္ဓိ သဗ္ဗလာဘံ ဘယ နတ္ထိအောင် (၁၉)ပတ် ပုတီးစိပ်ပါ။ မေတ္တာပို့ခြင်း၊ အမျှဝေခြင်း လိုရာဆုတောင်းခြင်း ပြုလုပ်ပါ။

အသက်(၄၆)နှစ်မှ (၅၈)နှစ်အတွင်းရှိ ဗုဒ္ဓဟူးသားသမီးများ

ဒန်းညွှန်၊ ထန်းညွှန်၊ ဆီးညွှန်၊ သီဟိုဠ်ညွှန်အနက် ရရာတစ်မျိုးကို (၄)ညွှန့်လှူပါ။ နေ့ပိုင်းတွင် ဗုဒ္ဓ အရဟံ ဘဂဝါ သဗ္ဗသိဒ္ဓိ၊ ညပိုင်းတွင် ဗုဒ္ဓ အရဟံ သိဒ္ဓိ သဗ္ဗလာဘံ ဘယ နတ္ထိအောင် (၁၂)ပတ်စိပ်ပါ။ မေတ္တာပို့ပါ။ အမျှဝေပါ။ လိုရာဆုတောင်းပါ။

www.burmeseclassic.com

www.burmeseclassic.com

အသက်(၅၈)နှစ်မှ (၇၉)နှစ်အတွင်းရှိ ဗုဒ္ဓဟူးသားသမီးများ

အုန်းညွှန့်၊ ကဲ့ကော်ညွှန့်၊ ပေါက်ပန်းဖြူတို့ကို ရရာ ညွှန့် လှူထားပါ။ နေ့ပိုင်းတွင် သောကြာ အရဟံ ဘဂဝါ သဗ္ဗ သိဒ္ဓိ၊ ညပိုင်းတွင် သောကြာ အရဟံ သိဒ္ဓိ သဗ္ဗလာဘာ ဘယ် နတ္ထိအောင် (၂၁)ပတ်စိပ်ပါ။ လိုရာဆန္ဒ ဆုတောင်း ပြီး မေတ္တာပို့ အမျှပေးဝေပါ။

အသက်(၇၉)နှစ်မှ (၈၅)နှစ်အတွင်းရှိ ဗုဒ္ဓဟူးသားသမီးများ

ရွက်လှ၊ ဒန်းညွှန့်၊ ဆီးညွှန့် တစ်မျိုးမျိုး (၄)ညွှန့်လှူ ပါ။ နေ့ပိုင်းတွင် သူရဇ္ဈ အရဟံ ဘဂဝါ သဗ္ဗ သိဒ္ဓိ၊ ညပိုင်းတွင် သူရဇ္ဈ အရဟံ သိဒ္ဓိ သဗ္ဗလာဘာ ဘယ် နတ္ထိအောင် ပုတီး(၆)ပတ်စိပ်ပါ။ ပုတီးစိပ်ပြီး မေတ္တာပို့ လိုရာ ဆုတောင်း အမျှပေးဝေပါ။

ကြာသပတေးသားသမီးများအတွက် အာယလာဘ်ကျင့်စဉ်

မွေးစမှ အသက်(၁၉)နှစ်အတွင်းရှိ ကြာသပတေး သားသမီးများသည် အုန်းညွှန့်၊ ရွက်လှညွှန့်၊ ဒန်းညွှန့်တို့ကို ရရာတစ်မျိုးမျိုး (၅)ညွှန့်ယူ၍ လှူပါ။ အခြားပန်းများနှင့် ဆီအောင် ဓာတ်ဆင်လှူထားပါ။

နေ့ပိုင်းတွင် ဂုဏ အရဟံ ဘဂဝါ သဗ္ဗသိဒ္ဓိ အဓိဋ္ဌာန် ပုတီးစိပ်ကို (၁၉)ပတ်စိပ်ပါ။ မေတ္တာပို့ အမျှဝေကာ လိုရာ ဆန္ဒဆုတောင်းပါ။ ညပိုင်းတွင် ဂုဏ အရဟံ သိဒ္ဓိ သဗ္ဗ လာဘာ ဘယ် နတ္ထိအောင် (၁၉)ပတ်စိပ်ပါ။ မေတ္တာပို့ အမျှဝေကာ လိုရာဆန္ဒ ဆုတောင်းပါ။

အသက်(၁၉)နှစ်မှ (၃၀)နှစ်အတွင်းရှိ ကြာသပတေးသားသမီးများ

ဒန်းညွှန့်၊ ဆီးညွှန့်၊ သီဟိုဠ်ညွှန့်၊ သီးညွှန့် ရရာတစ်မျိုး (၅)ညွှန့်ကို ဖန်ခွက်သီးသန့်ဖြင့် လှူပါ။ နေ့ပိုင်းတွင် ဗုဒ္ဓ အရဟံ ဘဂဝါ သဗ္ဗ သိဒ္ဓိ၊ ညပိုင်း တွင် ဗုဒ္ဓ အရဟံ သိဒ္ဓိ သဗ္ဗလာဘာ ဘယ် နတ္ထိအောင် (၁၂)ပတ်စိပ်ပါ။ မေတ္တာပို့ အမျှပေးဝေပြီး လိုရာဆန္ဒ ဆုတောင်းပါ။

အသက်(၃၁)နှစ်မှ (၅၂)နှစ် ကြာသပတေးသားသမီးများ

အုန်းညွှန့်၊ ကဲ့ကော်ညွှန့်၊ မေမြို့ပန်းတို့အနက် ရရာ တစ်မျိုးကို (၅)ပွင့်၊ (၅)ညွှန့် ဘုရားရှေ့မှာ သီးသန့်လှူ ပါ။ မေမြို့အစား ပျဉ်းမညွှန့်လှူလည်းရသည်။

နေ့ပိုင်းတွင် သောကြာ အရဟံ ဘဂဝါ သဗ္ဗ သိဒ္ဓိ၊ ညပိုင်းတွင် သောကြာ အရဟံ သိဒ္ဓိ သဗ္ဗ သိဒ္ဓိ သဗ္ဗ လာဘာ ဘယ် နတ္ထိအောင် (၂၁)ပတ်စိပ်ပြီး မေတ္တာပို့ အမျှ

ဝေ လိုရာဆုတောင်းပါ။

အသက်(၅၂)နှစ်မှ (၅၈)နှစ်အတွင်းရှိ ကြာသပတေးသားသမီးများ

ရွက်လှ၊ ဒေါန၊ ဒန်း၊ ဆီးညွှန့် ရရာတစ်မျိုးကို (၅) ညွှန့်လှူပါ။ နေ့ပိုင်းတွင် သူရဇ္ဈ အရဟံ ဘဂဝါ သဗ္ဗသိဒ္ဓိ၊ ညပိုင်းတွင် သူရဇ္ဈ အရဟံ သိဒ္ဓိ သဗ္ဗသိဒ္ဓိ သဗ္ဗလာဘာ ဘယ် နတ္ထိအောင် (၆)ပတ်စိပ်၊ မေတ္တာပို့ အမျှဝေကာ လိုရာဆန္ဒ ဆုတောင်းပါ။

အသက်(၅၉)နှစ်မှ အသက်(၇၃)နှစ်အတွင်းရှိ ကြာသပတေးသားသမီးများ

ပေါက်ပန်းဖြူ၊ ပျဉ်းမ၊ မေမြို့၊ အုန်းညွှန့်၊ ရွက်လှ ရရာတစ်မျိုး (၅)ညွှန့်လှူပါ။ နေ့ပိုင်းတွင် စန္ဒြော အရဟံ ဘဂဝါ သဗ္ဗသိဒ္ဓိ၊ ညပိုင်းတွင် စန္ဒြော အရဟံသိဒ္ဓိ သဗ္ဗ လာဘာ ဘယ် နတ္ထိအောင် (၁၅)ပတ်စိပ်ပြီး မေတ္တာပို့ အမျှဝေကာ လိုရာဆုတောင်းပါ။

အသက်(၇၃)နှစ်မှ (၈၁)နှစ်အတွင်း ကြာသပတေးသားသမီးများ

သီဟိုဠ်ညွှန့်၊ ကဲ့ကော်ညွှန့်၊ မေမြို့၊ ပျဉ်းမ၊ ပေါက် ပန်းဖြူ ရရာ(၅)ညွှန့်ကိုလှူပါ။ နေ့ပိုင်းတွင် ဘောမ အရဟံ ဘဂဝါ သဗ္ဗသိဒ္ဓိ၊ ညပိုင်းတွင် ဘောမ အရဟံသိဒ္ဓိ သဗ္ဗ လာဘာ ဘယ် နတ္ထိအောင် ပုတီး(၈)ပတ် စိပ်ရပါမည်။ ပုတီးစိပ်ပြီး မေတ္တာပို့ အမျှဝေ လိုရာဆုကို ယုံယုံကြည်

www.burmeseclassic.com

www.burmeseclassic.com

ကြည် တောင်းပါ။

သောကြာသားသမီးများအတွက် အာယလာဘ်ကျင့်စဉ်

မွေးစမှ အသက်(၂၁)နှစ်အတွင်းရှိ သောကြာသား သမီးများသည် အောက်ပါ အာယလာဘ် အဓိဋ္ဌာန်ကျင့်စဉ် ကို အောက်ပါအတိုင်း ကျင့်ကြံရပါမည်။

အုန်းညွှန့်၊ ကဲ့ကော်ညွှန့်၊ ပျဉ်းမညွှန့်၊ မေမြို့ပန်း တစ်မျိုးမျိုး (၆)ညွှန့်ယူ၍ ပန်းအိုးသီးသန့်နှင့် ဓာတ်ပန်းဆင်ပြီး ဘုရားလှူပါ။ နေ့ပိုင်းတွင် *သောကြာ အရဟံ ဘဂဝါ သမ္မသိဒ္ဓိ*၊ ညပိုင်းတွင် *သောကြာ အရဟံ သိဒ္ဓိ သမ္မလာဘာ ဘယံ နတ္ထိအောင်* အဓိဋ္ဌာန်ပုတီး(၂၁)ပတ်စီပါ။ မေတ္တာပို့ အမျှဝေကာ လိုရာဆုတောင်းပါ။

အသက်(၂၁)နှစ်မှ (၂၇)နှစ် သောကြာသားသမီးများ

ရွက်လှ၊ ဒန်းညွှန့်၊ ဆီးညွှန့်၊ ထန်းညွှန့် ရရာတစ်မျိုး (၆)ညွှန့်လှူ၍ နေ့ပိုင်းတွင် *သူဇ္ဈ အရဟံ ဘဂဝါ သမ္မသိဒ္ဓိ*၊ ညပိုင်းတွင် *သူဇ္ဈ အရဟံ သိဒ္ဓိ သမ္မလာဘာ ဘယံ နတ္ထိအောင်* (၂၁)ပတ်စီပါ။

အသက်(၂၈)နှစ်မှ (၄၂)နှစ်အတွင်းရှိသော သောကြာသားသမီးများ

မေမြို့၊ အုန်းညွှန့်၊ ရွက်လှ ရရာတစ်မျိုးကို (၆)ညွှန့်လှူပါ။ နေ့ပိုင်းတွင် *စန္ဒြော အရဟံ ဘဂဝါ သမ္မသိဒ္ဓိ*၊ ညပိုင်းတွင် *စန္ဒြော အရဟံ သိဒ္ဓိ သမ္မလာဘာ ဘယံ နတ္ထိအောင်* (၁၅)ပတ်စီပါ။

အသက်(၄၃)နှစ်မှ (၅၀)အတွင်းရှိ သောကြာသားသမီးများ

သီဟိုဠ်ညွှန့်၊ ကဲ့ကော်ညွှန့်၊ မေမြို့၊ ပေါက်ပန်းဖြူ ရရာတစ်မျိုးကို (၆)ညွှန့်လှူပါ။ နေ့ပိုင်းတွင် *ဘောမ အရဟံ ဘဂဝါ သမ္မသိဒ္ဓိ*၊ ညပိုင်းတွင် *ဘောမ အရဟံ သိဒ္ဓိ သမ္မလာဘာ ဘယံ နတ္ထိအောင်* (၈)ပတ်စီပါ။

အသက်(၅၁)နှစ်မှ (၆၇)နှစ်အတွင်းရှိ သောကြာသားသမီးများ

ဒန်း၊ ဆီးညွှန့်၊ သီဟိုဠ်ညွှန့် ရရာတစ်မျိုး (၆)ညွှန့်လှူပါ။ နေ့ပိုင်းတွင် *ဗုဒ္ဓ အရဟံ ဘဂဝါ သမ္မသိဒ္ဓိ*၊ ညပိုင်းတွင် *ဗုဒ္ဓ အရဟံ သိဒ္ဓိ သမ္မလာဘာ ဘယံ နတ္ထိအောင်* (၁၇)ပတ်စီပါ။

စနေသားသမီးများအတွက် အာယလာဘ်ကျင့်စဉ်

အသက်(၁၀)နှစ်အတွင်းရှိ စနေသားသမီးများ ပညာ ရေးကောင်း စာမေးပွဲအောင်စေရန် ဆီးညွှန့်၊ သီဟိုဠ်ညွှန့်၊ ကဲ့ကော်ညွှန့်တစ်မျိုးကို (၇)ညွှန့်လှူပါ။

နေ့ပိုင်းတွင် *သောရီ အရဟံ ဘဂဝါ သမ္မသိဒ္ဓိ*၊ ညပိုင်းတွင် *သောရီ အရဟံသိဒ္ဓိ သမ္မလာဘာ ဘယံ နတ္ထိအောင်* ပုတီး(၁၀)ပတ် (သို့မဟုတ်) (၁၀)ခေါက်ရွတ်ဆိုခိုင်းပါ။

အသက်(၁၁)နှစ်မှ (၂၉)နှစ်အတွင်းရှိ စနေသားသမီးများ

အုန်းညွှန့်၊ ရွက်လှညွှန့်၊ ဒန်းညွှန့် တစ်မျိုးမျိုး (၇)ညွှန့် လှူပါ။ နေ့ပိုင်းတွင် *၇၇ အရဟံ ဘဂဝါ သမ္မသိဒ္ဓိ*၊ ညပိုင်းတွင် *၇၇ အရဟံ သိဒ္ဓိ သမ္မလာဘာ ဘယံ နတ္ထိအောင်* ပုတီး(၁၉)ပတ်စီပါ။ မေတ္တာပို့ အမျှဝေကာ ဆုတောင်းပါ။

အသက်(၃၀)မှ (၄၁)နှစ် စနေသားသမီးများ

ဒန်းညွှန့်၊ ဆီးညွှန့်၊ သီဟိုဠ်ညွှန့် တစ်မျိုးမျိုး (၇)ညွှန့် လှူပါ။ နံနက်ပိုင်းတွင် *ဗုဒ္ဓ အရဟံ ဘဂဝါ သမ္မသိဒ္ဓိ* ညပိုင်းတွင် *ဗုဒ္ဓ အရဟံ သိဒ္ဓိ သမ္မလာဘာ ဘယံ နတ္ထိ* အောင် ပုတီး(၁၂)ပတ်စီပ်၍ မေတ္တာပို့ အမျှဝေကာ လိုရာ ဆန္ဒဆုတောင်းပါ။

အသက်(၄၂)နှစ်မှ (၆၂)နှစ်အတွင်း စနေသားသမီးများ

ကဲ့ကော်ညွှန့်၊ ပျဉ်းမညွှန့်၊ အုန်းညွှန့် တစ်မျိုးမျိုး (၇) ညွှန့်လှူပါ။ နံနက်ပိုင်းတွင် *သောကြာ အရဟံ ဘဂဝါ သမ္မသိဒ္ဓိ*၊ ညပိုင်းတွင် *သောကြာ အရဟံ သိဒ္ဓိ သမ္မလာဘာ ဘယံ နတ္ထိအောင်* (၂၁)ပတ်စီပ်ပါ။

အသက်(၆၃)နှစ်မှ (၆၈)နှစ် စနေသားသမီးများ

ရွက်လှ၊ ဒန်း၊ ဆီးညွှန့် တစ်မျိုးမျိုး (၇)ညွှန့်လှူပါ။ နံနက်ပိုင်းတွင် *သူဇ္ဈ အရဟံ ဘဂဝါ သမ္မသိဒ္ဓိ*၊ ညပိုင်း တွင် *သူဇ္ဈ အရဟံ သိဒ္ဓိ သမ္မလာဘာ ဘယံ နတ္ထိအောင်* ပုတီး(၆)ပတ်စီပါ။

အသက်(၆၉)မှ (၈၃)နှစ်အတွင်းရှိ စနေသားသမီးများ

မေမြို့၊ ပေါက်ပန်းဖြူ၊ အုန်းညွှန့်၊ ရွက်လှညွှန့် ရရာ တစ်မျိုးကို (၇)ညွှန့် (၇)ပွင့် ဘုရားမှာ လှူပါ။ နံနက်ပိုင်း တွင် *စန္ဒြော အရဟံ ဘဂဝါ သမ္မသိဒ္ဓိ*၊ ညပိုင်းတွင် *စန္ဒြော အရဟံ သိဒ္ဓိ သမ္မလာဘာ ဘယံ နတ္ထိအောင်* ပုတီး(၁၅)ပတ် စီပါ။ မေတ္တာပို့ အမျှဝေကာ လိုရာဆန္ဒကို လေးလေးနက် နက် ယုံကြည်စွာ ဆုတောင်းပါ။

ဤအဓိဋ္ဌာန်ကျင့်စဉ်သည် ဘေးရန်အန္တရာယ်ကင်း ခြင်း၊ လာဘ်လာဘပွင့်လန်းခြင်း အကျိုးကျေးဇူးကို မုခ ခံစားရပါမည်။ တစ်နည်းအားဖြင့် လွယ်ကူထိရောက် အစွမ်းထက်သောနည်း ဖြစ်ပါသည်။

ကောင်းကျိုးလိုရာဆန္ဒ ပြည့်ကြပါစေ

ဂန္ဓိရ-ဆရာလှမျိုး(B.Sc

www.burmeseclassic.com

www.burmeseclassic.com

ဆီးချိုဆေးဘုရင်၊ မြင့်မိုရ်ရှင်၊ အောင်မြင်ချမ်းသာရာ။

မြင့်မိုရ်ဟိန်း

မြင့်မိုရ်ပ

ဆေးတံဆိပ်

ဆီးချိုဒွေးချိုကျဆေး

ဆီးချိုရောဂါကြောင့် - ဆီးဝေခန်းများ အနာ

သွေးတိုးခြင်းပုံမှန်မရှိခြင်း၊ အကြောတောက်ခြင်း

ကိုယ်အလေးချိန်ကျခြင်း၊ ရေငတ်ခြင်း၊ အား

များကိုထိရောက်လျင်မြန်စွာသက်သာစေပါသည်

သစ်မင်းတစ်ထောင်

သစ်မင်းတစ်ထောင် စွမ်းအားဆောင်

အကြောတစ်ထောင်ပွင့်တဲ့ဆေး

သစ်မင်းတစ်ထောင်

အမှတ်တံဆိပ်

အကြောပြေလိမ်းဆေး

ကျဆေးလိမ်းပေးခြင်းဖြင့် အကြောရောဂါအမျိုးမျိုး

လေးပက်နာရောဂါ၊ ထုံကျင်ကိုက်ခဲခြင်း ဝေဒနာများကို

လျင်မြန်စွာ သက်သာပျောက်ကင်းစေပါသည်

ဝင်ရုံး - မြင့်မိုရ်ဟိန်းတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊ (

တိုက် ၃ / ၁၀၂၊ အရှေ့အောင်မြေသာစည်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊

ဌာနီယတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - ၀၂၁၃ ၄၀၁၁၂၃၄၅၆၇ စက်ရုံတည်ဆောက်ခွင့်အမှတ် - ၀၇/

သဘောတူညီချက်အမှတ် (ဝါဏိဇ)၂၀၀၂

www.burmeseclassic.com

www.burmeseclassic.com

ပုရောဟိတ် ဆရာဦးမြတ်စံ

ဘုရားခုနစ်ဆူ၏ နံတော်စဉ် (ဂ) ပါးအင်း

ဆရာ့ထံ မရောက်သည်မှာ (၂)ရက်ခန့်ရှိပြီ ဖြစ်ပါသည်။ တစ်ဖက်မှလည်း သံရုံးကိစ္စ၊ ဟိုတယ်အတွင်း ပြင်ဆင်ခြင်း (Interior Decoration) ကိစ္စ စသည့်လုပ်ငန်းများကလည်း လုပ်ငန်းတန်ဖိုး (Evaluate) လုပ်ရမည်ဖြစ်သဖြင့် အလုပ်များနေပါသည်။ သို့သော် ခေါင်းထဲတွင် ဗေဒင်ပညာနှင့်ပတ်သက်၍ အမြဲတွေးခေါ်စဉ်းစား လေ့ကျက်လျက်ရှိပါသည်။

မကြာခဏဆိုသလို အချိန်ရရင် ရသလို ဆရာ့ထံသွား၍ ဆရာ့အား အစာအာဟာရအပါဝင် ဝတ်ကြီးဝတ်ငယ် ပြုလေ့ရှိပါသည်။ ထိုစဉ်က မီးမကြာခဏပျက်သဖြင့် ဆရာကြီးအား ဝယ်ပေးထားသော မီးစက် (Generator) အတွက် ဓာတ်ဆီသွားပေးရပါသည်။ (၂)ရက်တစ်ခါ မသွားလျှင် ဓာတ်ဆီမရှိ၍ မီးစက်မမောင်းရလျှင် ဆရာကတော်ကြိုက်သော ဓာတ်လမ်းထွဏများ မကြည့်ရတော့ပါ။ ထိုစဉ်က အိုရှင်း (Oshin) ဂျပန်ဓာတ်လမ်းတွဲ၊ ပေါင်ချိန် တရုတ်ဓာတ်လမ်းတွဲများက နေရာယူထားကြပါသည်။ ယခုမှသာ ကိုရီးယားဓာတ်လမ်းတွဲများက TV ဖန်သားပြင်ပေါ်မှာ နေရာယူလွှမ်းမိုးထားကြပါသည်။

ဆရာ့ဇီရောက်လျှင် မှတ်သားစရာ ပညာတစ်ခုတော့ ရရှိစမြဲဖြစ်ပါသည်။ ထိုစဉ်က တပေါင်းလဖြစ်၍ ရွှေတိဂုံဘုရားပေါ်တွင် အောင်မြေရွှေတန်ဆောင်း (ချမ်းသာကြီးတန်ဆောင်း) တွင် ဗုဒ္ဓဝင်ပြခန်းများ ပြသနေသောအချိန်ဖြစ်ပါသည်။ မြတ်စွာဘုရား ပဋိသန္ဓေနေသောနေ့မှစ၍ ဘေဒေဓာတ်လောင်ကျွမ်းသည်အထိ နေ့အစဉ်ကို မသိကြလျှင် အတိုးဆဉီးဟု အတိုခေါက် (Abbreviation) ဖြင့် ဖော်ပြထားပါသည်။

ဆရာကြီးကို ထိုအကြောင်း ပြန်ပြောပြသောအခါ ဆရာကြီးက ဂေါတမမြတ်စွာဘုရား၏ နံတော်စဉ် မဟာဘုတ်ကို အောက်ပါအတိုင်း ဇာတာခွင်ဖြင့် ရှင်းပြပါသည်။ တစ်ဖန် ဆရာကြီးမှ ဖြည့်စွက်၍ (မ၊ သိ၊ ကြ၊ လျှင်၊ တွေး၊ ဆ၊ ဦး၊ ပ၊ ဘွား၊ တော၊ ပွင့်၊ ဦး၊ ပရိနိဗ္ဗာန်ကူး၊ တေဓောလောင်ကျွမ်းထူး) ဟူ၍ ဖြစ်ပါသည်။

မ - ကြာသပတေးနေ့၊
ပ - ပဋိသန္ဓေတည်သောနေ့၊
သိ - သောကြာနေ့၊
ဘွား - ဖွားမြင်တော်မူသောနေ့၊
ကြ - တနလာနေ့၊
တော - တောထွက်တော်မူသောနေ့၊
လျှင် - ဗုဒ္ဓဟူးနေ့၊
ပွင့် - ဘုရားပွင့်တော်မူနေသောနေ့၊
တွေး - စနေနေ့၊
ဦး - ဓမ္မစကြာတရားဦးဟောတော်မူသောနေ့၊
ဆ - အင်္ဂါနေ့ ပရိနိဗ္ဗာန်ကူး ပရိနိဗ္ဗာန်ပြုသောနေ့
ဦး - တနင်္ဂနွေနေ့ တေဓောလောင်ကျွမ်းထူး မြတ်စွာဘုရား တေဓောဓာတ် လောင်ကျွမ်းသောနေ့။

အထက်ပါ ရှင်းလင်းဖော်ပြချက်များကို အခြေခံ၍ မဟာဘုတ်အကြောင်း ရှင်းပြပါသည်။ ဆရာကြီးက မဟာဘုတ် မဟုတ်ပါဟု လူတချို့က ပြောဆိုကဲ့ရဲ့ ရွဲတ်ချကြကြောင်း၊ ဓာတ်ရိုက်ဓာတ်ဆင်ပြရာ၊ ဆေးကုရာတွင် မဟာဘုတ်ပညာသည် မဟာဘုတ် မပါ မဟုတ်ပါ၊ မဟာဘုတ်ပါမှ ဟုတ်ပါသည်ဟု အသေးစိတ် ပြောပြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဂေါတမမြတ်စွာဘုရားအလောင်း သိဒ္ဓတ္ထမင်းသား ပဋိသန္ဓေတည်သောနေ့ မဟာဘုတ်မှာ-

	၂	
၄	၀	၃
၁	၅	၆

အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် ကြာသပတေးနေ့၌ မယ်တော်မာယာ၏ ဝမ်းကြာဗိုက်၌ ပဋိသန္ဓေတည်တော်မူသဖြင့် တနလ်ာဂြိုဟ်၏ပရိယာယ်အရ မိခင်ဖြစ်သူ အဓိပတိအိမ်၌ တည်နေ၍ သိကြား၊ ဗြဟ္မာ၊ နတ်ဒေဝါတို့၏ ဆောင်ရွောက်ခြင်းကို မယ်တော်မာယာက ရရှိပါသည်။

	၃	
၅	၁	၄
၂	၆	၀

အလောင်းတော်သိဒ္ဓတ္ထ ဖွားမြင်တော်မူသောနေ့ မဟာဘုတ်

ဖွားမြင်တော်မူသောနေ့သည် သောကြာနေ့ဖြစ်သဖြင့် သောကြာသည် ဘင်္ဂအိမ်တွင် ရှိနေပါသည်။ သို့ဖြစ်ရာ သိဒ္ဓတ္ထမင်းသားသည် မဟာဘုတ်အရ ဘင်္ဂဖွားဖြစ်ပါသည်။ သိဒ္ဓတ္ထမင်းသား ဖွားမြင်ပြီးသောအခါ တနလ်ာဂြိုဟ်၏ ပရိယာယ်အရ တနလ်ာဂြိုဟ်သည် မရဏအိမ်တွင်ရှိသည်ကို ထောက်ရှု၍ မယ်တော်မာယာသည် နတ်ရွာစံ ကံကုန်ရောက်ပါသည်။ သို့ဖြစ်ရာ သေကွဲကွဲရခြင်းဟူသော မကောင်းသည့်အင်္ဂါရုပ် ဖြစ်ပါသည်။

အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် ယသော်ဓရာဒေဝီနှင့် နန်းစည်းစိမ် ခံစားပြီးသောအခါ သူအို၊ သူနာ၊ သူသေ၊ ရဟန်း အစရှိသော နိမိတ်ကြီးလေးပါး တွေ့သော

	၆	
၁	၄	၀
၅	၂	၃

သိဒ္ဓတ္ထမင်းသား တောထွက်တော်မူသောနေ့ မဟာဘုတ်

အခါ သံသရာမှ လွတ်ရာလွတ်ကြောင်း တောထွက်တော်မူသောနေ့သည် တနလ်ာနေ့ဖြစ်ပြီး မဟာဘုတ်ခွင်တွင် မွေးနံသောကြာဂြိုဟ်သည် အဓိပတိတွင် ရောက်နေ၍ မာရ်နတ်မင်း၏ အဖျက်အဆီး အဟန့်အတားကို ကျော်လွှားနိုင်ခဲ့ပါသည်။

	၁	
၃	၆	၂
၀	၄	၅

ဘုရားပွင့်တော်မူသောနေ့ မဟာဘုတ်

ဘုရားအလောင်းတော်သည် ဒုက္ကရစရိယာကျင့်စဉ်ကို မဖျိမပဋိပဒါကျင့်ခဲ့ပြီး ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်မြင်တော်မူသောနေ့ ဗုဒ္ဓဟူးနေ့သည် မဟာဘုတ်ခွင်၌ ဘုရား

	၄	
၆	၂	၅
၃	၀	၁

ဓမ္မစက္ကာတရားဦးဟောသောနေ့ မဟာဘုတ်

www.burmeseclassic.com

www.burmeseclassic.com

အလောင်းတော်၏ မွေးနံ့သောကြာသည် သိုက်ခွင်၌ ရှိနေခြင်းသည်၊ ကောင်းသောအင်္ဂါရုပ် ဖြစ်ခဲ့ပါသည်။

သဗ္ဗညုရွှေဘုရား၏ မြတ်စွာဘုရားသည် သစ္စာလေးပါးကို သိမြင်လာပြီးနောက် သားသမင်တို့ ဘေးမဲ့ပေးရာ မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီငါးဦးအား ဓမ္မစက္ကာတရားဦး ဟော ခဲ့ပါသည်။ စနေနေ့တွင် တရားဦးဟောစဉ် မွေးနံ့သောကြာသည် မဟာဘုတ်တွင် အထွန်း၌ ရောက်ရှိနေသဖြင့် ကောင်းသော်ရုပ်တည်မှု ဖြစ်ပါသည်။



မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုသောနေ့ မဟာဘုတ်

သဗ္ဗညုမြတ်စွာဘုရားသည် (၄၅)ဝါကာလပတ်လုံး ချွတ်ထိုက်သည့် နတ်၊ လူ၊ ဗြဟ္မာ သတ္တဝါအပေါင်းအား တရားရအေး အမြိုက်ဆေး တိုက်ကျွေးခဲ့ပြီး ပရိနိဗ္ဗာန်စံယူသောနေ့သည် အင်္ဂါနေ့ဖြစ်ပြီး မဟာဘုတ်ခွင်တွင် မွေးနံ့သောကြာသည် မရဏာဒ္ဓ ရောက်ရှိနေပါသည်။

မှတ်ချက်

သင်္ကေတ(၈၀)တွင် ပရိနိဗ္ဗာန်စံယူသဖြင့် သင်္ကေတ(၈၀)ကို (၇)ဖြင့်စားပြီး မဟာဘုတ်ခွင်ချကြည့်လျှင် အလားတူပင် အောက်ပါမဟာဘုတ် အသက်မဟာဘုတ်ကို ရရှိပါသည်။



အသက်မဟာဘုတ်

၁၁၀
၇) ၈၀ အသက်
၇၇
၃ ကြွင်း

(၃)ကြွင်းကို မဟာဘုတ်ခွင် ဘင်္ဂမုစ္ဆာ ချလေ။



အလောင်းတော် တေဇောလောင်ကျွမ်းသည့်နေ့ မဟာဘုတ်

သုံးလူထွတ်ထား မြတ်စွာဘုရားသည် သက်တော်(၈၀)၊ ဝါတော်(၄၅)ဝါတွင် ပရိနိဗ္ဗာန်ပြုပြီးနောက် ကြွင်းကျန်သော ရုပ်ကလာပ်သည် တေဇောဓာတ် လောင်ကျွမ်းတော်မူသောနေ့သည် တနင်္ဂနွေနေ့ဖြစ်ပါသည်။ ထိုစဉ် မြတ်စွာဘုရား၏ မွေးနံ့သောကြာသည် မဟာဘုတ်ခွင် ရာဇဋ္ဌာ ရောက်ရှိနေပါသည်။

ဂေါတမမြတ်စွာဘုရား မပွင့်မီက ပွင့်တော်မူခဲ့ပြီးသော ဘုရားငါးဆူနှင့် နောက်ပွင့်မည့် အရိမေတ္တေယျဘုရားတို့၏ နံတော်စဉ်ကို အောက်ပါအတိုင်း လေ့လာနိုင်ပါသည်။

ဆရာကြီး ရန်ကုန်ကျော်ရင်၏ ဩဝါဒစကားအရ မဟာဘုတ်ဗေဒင်ပညာသည် မြတ်စွာဘုရား၏ နံတော်စဉ်ကို လေ့လာခြင်းအားဖြင့် နောင်ပွင့်မည့် အရိမေတ္တေယျ မြတ်စွာဘုရား မွေးနံ့ကို သိထားပြီးဖြစ်ကြောင်း ပြောပြပါသည်။

တစ်ဖက်ပါ ဘုရားခုနစ်ဆူ၏ နံတော်စဉ်ဇယားကို အခြေပြု၍ အင်းစီရင်ပြီး မိမိမွေးနံ့မှ စတင်ကာ ဖယောင်းတိုင်ထွန်း၍ မိမိလိုရာ ဆုတောင်းပါက ဆုတောင်းပြည့်သည်။ မွေးနံ့ ပန်း၊ နံ့သာတိုင်၊ သောက်တော်ရေထည့်၍ ပူဇော်ပါ။ စီရင်သောအခါ မိုင်းကိုင်စက္ကူတွင် စီရင်ပြီး

www.burmeseclassic.com

ဘုရားခုနစ်ဆူ၏ နံတော်စဉ်ဖေယား

ဘွဲ့အမည်	ဗုဒ္ဓဝင်ကြယ်ဂဏန်းစဉ်ကိုက်	ဗုဒ္ဓဝင်ဌာနကြွေးဂဏန်း	ဗုဒ္ဓဝင်ဌာနယပ်ဝဲဂဏန်း	ဗုဒ္ဓဝင်ဌာနခြင်္သေ့ဂဏန်း	ဗုဒ္ဓဝင်ဌာနဘီလူးဂဏန်း	ဗုဒ္ဓဝင်ဌာနခြင်္သေ့နီဂဏန်း	ဗုဒ္ဓဝင်ဌာနလောကဓာတ်ဂဏန်း
သိခီဘုရား	တော ၀	အုံ ၁	ယုံ ၄	သား ၆	ကြက် ၂	မ ၅	စား ၃
ဝေဿဘူဘုရား	အ ၁	ကောင်း ၂	မြင် ၅	တိုင်း ၀	ဆိတ် ၃	သိုး ၆	ဝိုင်း ၄
ကကုသန်ဘုရား	ကောင်း ၂	စိတ် ၃	သိ ၆	အောင် ၁	လူ ၄	တို့ ၀	ဘောင် ၅
ကောဏာဂုံဘုရား	ဇ ၃	ရပ် ၄	တ ၀	ကာ ၂	မ ၅	အေး ၁	သာ ၆
ကဿပဘုရား	လူ ၄	မင်း ၅	အိတ် ၁	ဆောင် ၃	သင် ၆	ကြိုး ၂	နှောင် ၀
ဂေါတမဘုရား	မ ၅	သိ ၆	ကြ ၂	လျှင် ၄	တွေး ၀	ဆ ၃	ဦး ၁
အရိမေတ္တေယျဘုရား	သိ ၆	ဖို ၀	ဆယ် ၃	ပါး ၅	အောင် ၁	လံ ၄	ကား ၂

၀	၁	၄	၆	၂	၅	၃
၁	၂	၅	၀	၃	၆	၄
၂	၃	၆	၁	၄	၀	၅
၃	၄	၀	၂	၅	၁	၆
၄	၅	၁	၃	၆	၂	၀
၅	၆	၂	၄	၀	၃	၁
၆	၀	၃	၅	၁	၄	၂

ဘုရားခုနစ်ဆူအင်း

ဖယောင်းတိုင်တွင်ပတ်၍ (၇)ရက်×(၇)ကြိမ်=(၄၉)ရက် ပူဇော်လျှင် သဗ္ဗသိဒ္ဓိ အလုံးစုံသောသိဒ္ဓိများ ပြီးမြောက်စေပါသည်။ သို့မဟုတ် ဆီမီးခွက်တွင် အင်းချထားသော မိုင်းကိုင်စက္ကူကိုထည့်၍ ထောပတ်ဆီမီး ပူဇော်လျှင် ဘုန်းကျက်သရေတိုးပြီး ရာထူးတိုးခြင်း၊ မင်းပူဇော်ခံရခြင်း ဖြစ်စေပါသည်။ ရွှေပြား၊ ငွေပြား၊ ကြေးပြား(ကြေးကမ္မဝါ)တွင် စီရင်ပြီး အပေါ်မှ ဖယောင်းတိုင်ပူဇော်လျှင်လည်း ရပါသည်။

တစ်ကြိမ်အဓိဋ္ဌာန်ဝင်တိုင်း (၄၉)ရက်အဓိဋ္ဌာန်ပြုပါ။ လိုသောဆု တောင်းပါ။ ပြီးပြည့်စုံ အောင်မြင်ပါမည်။

မေတ္တာရည်၍

ပုရောဟိတ် ဆရာဦးမြတ်စံ

ဖုန်း - ၀၉ ၅၁ ၇၆၇၄၆

www.burmeseclassic.com

www.burmeseclassic.com

ပုရောဟိတ် ဆရာဦးမြတ်စံ

ရွှေတိဂုံဘုရား ဘိုးဘိုးအောင်တန်ဆောင်းမှ ရရှိသော

သမ္မုဒ္ဓကွန်ချာအင်း

ဆယ်တန်းစာမေးပွဲ ဖြေပြီးသောအခါ ယခုခေတ်ကဲ့သို့ တက်စရာသင်တန်းများ သိပ်မရှိပါ။ နွေရာသီ အားကဟား သင်တန်းလောက်သာ ရှိပါသည်။ တစ်ခုတော့ရှိသည်။ မိမိ ဝါသနာပါရာ သိုင်းအခြေခံသင်တန်း တက်ဖြစ်ခဲ့ပါသည်။ တနင်္ဂနွေ ရုံးပိတ်ရက်ရောက်လျှင် တစ်လမ်းတည်းနေ ဦးအောင်ဖေနှင့် ဘုရားတက် ဖြစ်ပါသည်။ ထိုစဉ်က ရွှေတိဂုံဘုရား ရေခဲဆိုင်အထိ (၅)ပြားသာ ပေးရသော ဘတ်(စ်)ကား ဗိုက်ပူကြီးများ ပြေးဆွဲနေပါသည်။ နောက်မှ ဂျပန်စစ်လျှော်ကြေးဖြင့်ရသော ဟီးနိုးကားများ အစားထိုး ဝင်ရောက်ပြေးဆွဲပါသည်။ နိုင်ငံပိုင်ဖြစ်၍ (က·လ·သ·ဖ)၊ တချို့က ကုလားသန်းဖေဟု နောက်ခေါ်ကြပါသည်။ နံပါတ်(၁၀)လိုင်းကားဟု လူသိများပါသည်။

နံနက်စောစော ငါးနာရီ ကင်းသိမ်းလျှင် ဦးအောင်ဖေနှင့် တူဝရီးနှစ်ယောက် ရွှေတိဂုံဘုရားကို လမ်းလျှောက်သွားကြပါသည်။ ထိုစဉ်က အလုပ်သမားဆေးရုံကြီးနေရာသည် ဥဏှဇလကုန်းနေရာ ဖြစ်ပါသည်။ Under Construction (ဆောက်လုပ်ဆဲကာလ) ဖြစ်ပါသည်။ ညကရထားသော ကင်းစောင့်ခ ကင်းကြေးနှစ်ကျပ်ကို အမေ့အား တစ်ကျပ်ပေးကာ ကျန်တစ်ကျပ်ကို ဘုရားဖူးစရိတ်အတွက် အသုံးပြုပါသည်။ ထိုစဉ်က ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ဗဟန်းမုခ်မှတက်လျှင် ပန်းဆိုင်၌ ဖိနပ်ထားခွင့် ရှိပါသည်။ သပြေပန်း တစ်မတ်(၂၅)ပြား (၃)စည်းရပါသည်။ မိမိသက်ဆိုင်ရာဂြိုဟ်တိုင် မွေးနံ့ထောင့်တွင် သပြေတစ်ယောက် တစ်စည်း ဘုရားပန်းလျှောပြီး မိမိလိုရာဆု တောင်းကြကာ ဘိုးဘိုးအောင်တန်ဆောင်းသို့ ထွက်ခဲ့ကြပါသည်။

ဘိုးဘိုးအောင်တန်ဆောင်းသို့ရောက်လျှင် မိမိရှိခိုးနေကျအတိုင်း ငါးပါးသီလတောင်းခံခြင်း၊ သရဏဂုံတည်ခြင်းတို့ကို ဆောင်ရွက်ပါသည်။

ထိုအခါ ဦးအောင်ဖေက "မင်းလည်း ပုတီးစိပ်ပါလား။ ဟိုစင်ပေါ်မှာ ပုတီးတွေ ချိတ်ထားတယ်။ ယူပြီး စိပ်ပေါ့။ နောက်တစ်ခေါက်မှ ပုတီးအသစ် ဝယ်တာပေါ့" ဟု ပြောပါသည်။

ထိုအခါ စာရေးသူမှ ဦးအောင်ဖေအား "ဘာအကြောင်းအရာကို ဘယ်လိုစိပ်ရမှာလဲဟု မေးရာ "ဂုဏ်တော်(၉)ပါး စိပ်ပေါ့။ မရရင် သရဏဂုံသုံးပါး အရင်စိပ်ကြည့်ပါ" ဟု အကြံပြုပါသည်။

စာရေးသူလည်း မိမိအတွက် အဆင်ပြေမည်ထင်သည့် သရဏဂုံသုံးပါးကို အရင်စပြီး အာရုံပြု၍ ပုတီးစတင်စိပ်ပါတော့သည်။ တစ်ခါစိပ်လျှင် (၉)ပတ်ရအောင် အာရုံပြု၍ စိပ်ပါသည်။ စာရေးသူလိုပဲ ဦးအောင်ဖေအပြင် ဝတ်ဖြူစင်ကြယ်ဝတ်ထားသော မုတ်ဆိတ်ကျင်စွယ်နှင့် ပုဂ္ဂိုလ်တစ်ယောက်လည်း လာ၍ပုတီးစိပ်နေတာ တွေ့ရပါသည်။ သို့သော် စကားမစပ်မိကြ။ မိမိက လူငယ်ပီပီ ပုတီးစိပ်ခြင်း အလုပ် အရင်ပြီးပါသည်။ မေတ္တာပို့ခြင်း၊ အမျှဝေခြင်းတို့ကို မပြုနိုင်သေးပါ။ နောက်မှ တစ်ဆင့်ပြီးတစ်ဆင့် ပုတီးမစိပ်ခင် ပရိက်ယူခြင်း၊ သရဏဂုံ(၃)ပါး၊ အနန္တောအနန္တ ငါးပါး၊ ဂုဏ်တော်(၉)ပါးတို့ကို တစ်ပတ်ပြီးတစ်ပတ် ဆင့်ကာတိုးတက်ဆောင်ရွက်လာပါသည်။ ဘုရားရှိခိုး၊ ပုတီးစိပ်ပြီးလျှင် အမျှဝေခြင်း၊ မေတ္တာပို့ခြင်းတို့ကို စီကာစဉ်ကာ ဆောင်ရွက်နိုင်ရန် ဦးအောင်ဖေက သင်ကြားပြသပေးပါသည်။

စာရေးသူတို့ ရွှေတိဂုံဘုရားသို့ရောက်တိုင်း အပတ်စဉ် တနင်္ဂနွေနေ့များ၌ ပုတီးစိပ်ပြီးလျှင် မုတ်ဆိတ်ကျင်စွယ်နှင့် ပုဂ္ဂိုလ်မှာ တစ်ပတ်နှင့်တစ်ပတ် မထပ်ရအောင် ယောကျော်၊ အဖြူရောင်၊ ရှမ်းဘောင်းဘီ၊ တိုက်ပုံဝမ်းဆက်ကို ဝတ်ဆင်လာကြောင်း တွေ့ရပါသည်။ သို့သော် စကားမစပ်မိခဲ့ကြပါ။ ကြိုတင်၍ ဦးအောင်ဖေက မှာထားသည်မှာ မိမိဆောင်ရွက်ရမည့် တက်စဉ်ကျင့်စဉ်သာ အာရုံစိုက်ပြီး အခြားသော အာရုံပြားစေသည့် ကိစ္စများကို စိတ်မဝင်စားသင့်ကြောင်း ပြောပြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

နံနက်(၇)နာရီလောက်ဆိုလျှင် ရွှေတိဂုံဘုရား ဗဟန်းဘက်မုခ်မှ နှစ်ယောက်သား ပြန်ဆင်းကြပါသည်။ ပန်းဆိုင်တွင် အပ်ထားသော မိမိတို့ဖိနပ်များကို ပြန်ရွေးပြီး မြေပဒေသာ ဇိုလ်ချုပ်ပန်းခြံရှေ့ ကန်ပတ်လမ်းအတိုင်း ကျန်းမာရေးအရ နှစ်ယောက်သား စကားတပြောပြောနှင့် ပြန်လာကြပါသည်။ မအူကုန်းလမ်းကျယ်ရောက်လျှင် တိုရှည်ဆိုင်လည်း နှင့်ပြီဖြစ်၍ တစ်ယောက်လျှင် (၁၀)ပြားတန် တိုရှည်(၂)ခု စီနှင့် လက်ဖက်ရည်တစ်ခွက် (၂၀)ပြားတန် တစ်ယောက်တစ်ခွက်စီ သောက်ကြပါသည်။ ပိုသောဝိုက်ဆံပြား(၂၀)ကို ကွမ်းယာကြိုက်သော ဦးအောင်ဖေအတွက် ဆေးပေါ့လိပ်(ခြုံးဆေးလိပ်)နှင့် ကွမ်းယာကို ဝယ်ပေးပြီး နွေတ်ဆက်ကာ မိမိအိမ်သို့ ပြန်လာလေ့ရှိပါသည်။ ညဘက် ကင်းစောင့်နေသော ကာလများတွင် ဂါထာမန္တန်ပေါင်းချုပ်မှ မိခင်ကြီးညွှန်ပြသော အန္တရာယ်ကင်းဂါထာများ ကျက်မှတ်ရွတ်ဖတ်လေ့ ရှိပါသည်။

ညဘက် မိမိကျက်ထားသော ဂါထာမန္တန်ပေါင်းချုပ်ကျမ်းမှ စိတိအဝင်စားဆုံးမှာ (စ၊ ခ၊ ဇ၊ ဝ) စမလေးလုံးဂါထာ ဖြစ်ပါသည်။

စက္ခုမှာ စရမာစိတ္တော၊
ဓမ္မညူ ဓမ္မသာမိကော၊
ဗလုပေတော ဗလခရော၊

ဝရဒေါ ဒေတုမေဝံ (မေဓေယျံ)...ဟူ၍ ဖြစ်ပါသည်။ မေဝံရဲ့နှင့် မေဓေယျံမှာ မူကွဲဖြစ်ပါသည်။ မိမိနှစ်သက်ရာ အသုံးပြု ရွတ်ဆိုနိုင်ပါသည်။

နောက်တစ်ပတ် တနင်္ဂနွေနေ့ ရွှေတိဂုံဘုရားတက်သောအခါ မိမိရထားသော (စ၊ ခ၊ ဇ၊ ဝ) စမလေးလုံးဂါထာကို ပုတီးစိပ်ကြည့်မိပါသည်။ ယခင်စိပ်နေကျ သရဏဂုံ(၃)ပါး၊ အနန္တောအနန္တင်းပါး၊ ဂုဏ်တော်(၉)ပါးကိုလည်း ပုံမှန် စိပ်နေပါသည်။ ပုတီးစိပ်တိုးသွားခြင်း သဘောပါ။ ပုတီးမစိပ်ခင် ဝတ်ဖြူစင်ကြယ်နှင့်ပဂ္ဂိုလ်က ပုတီးမစိပ်မီကြိုရောက်နေပြီး စာရေးသူ ပုတီးမစိပ်ခင် နှံ့သာတိုင်၊ အလင်းတိုင်များ ပူဇော်ရန် ပေးပါသည်။ စာရေးသူက ကျေးဇူးတင်ကြောင်းပြောပြီး လက်ခံရန် ငြင်းဆိုလိုက်ပါသည်။ မိမိအစီအစဉ် မိမိစရိုက်ဖြင့်သာ ဘုရားအား အလင်းတိုင်၊ နံ့သာတိုင်များ ပူဇော်ချင်၍ ဖြစ်ပါသည်။ နောက်တစ်ကြောင်းမှာ ဘုရားပေါ်တွင် ပုတီးတကားကား၊ တောင်းတကားကား၊ လက်ထဲတွင် အဆောင်ရုပ်များဖြင့် ပဂ္ဂိုလ်ရေးထူထောင်နေသူများကို စာရေးသူက အထင်မကြီး၍ ဖြစ်ပါသည်။ သို့သော် ပဂ္ဂိုလ်စစ် ပဂ္ဂိုလ်မှန်များ သိလစောင့်သူများ ရှိသလို သီလကြောင်များရှိနေ၍ ဖြစ်ပါသည်။

ထိုစဉ်က ဘိုးတော်အတုများ၊ မြစိမ်းရောင်မင်းသမီးအမည်ခံ မယ်တော်ကြီးများ၊ ထွက်ရပ်လမ်းလိုက်နေသော ထွက်ရပ်ဂိုဏ်းဆရာကြီးများ၊ ဝိဇ္ဇာ၊ ဓော်ဂျီများ ဘုရားရင်ပြင်တော်ရှိ ဇရပ်အသီးသီးတွင် အာပေါင်အာရင်းသန်သန်ဖြင့် ဆရာမွေး(ဘိုးတော်မွေး) တပည့်မွေး လုပ်နေကြပါသည်။ ဓာတ်လုံးများဝေခြင်း၊ အဆောင်လက်ဖွဲ့များဝေခြင်း၊ ဆေးဖယောင်းတိုင်၊ အင်းလက်ဖွဲ့များ ပလူပျံလွှဲနေပါသည်။ ထို့ကြောင့် နိုင်ငံတော်မှ တာဝန်ရှိသူများ ဘိုးတော်စစ်ဆင်ရေးဖြင့် ဘိုးတော်သန့်ရှင်းရေး အကောင်အထည်ဖော် ကာကွယ်တားဆီးခဲ့ပါသည်။ သို့သော် အစစ်တစ်ယောက် အတု တစ်ထောင်၊ အယောင်တစ်သိန်းကတော့ ရှိပါလိမ့်မည်။ နေစရာ မရှိ၍ ဘုရားပေါ်တက် ပုတီးစိပ်၊ 'အားရဲ့အိပ်၊ ဒဝါတွေ့ရင် လိုမ့်ပါသည်။ ဒဝါသည် ဘမ်းစကား ဖြစ်ပါသည်။ မျက်လှည့်၊ လက်လှည့်ဖြင့် မသိနားမလည်သော ရိုးသားသူများကို လိမ်လည်လှည့်ဖြားခြင်း ဖြစ်သည်။ တစ်နည်း အပ်ချလောင်းပညာကို ဆိုလိုပါသည်။ အလိမ်ခံမည့် ပုဂ္ဂိုလ်ကလည်း လောဘတက်လာလျှင် စဉ်းစားချင့်ချိန်မှု အားနည်းလာပြီး အလိမ်ခံရပြီသာ ဖြစ်သည်။

စာရေးသူလည်း (၁၀)တန်းစာမေးပွဲ ဖြေထားသော်လည်း တက္ကသိုလ်တက်ရန် အစီအစဉ်မရှိခဲ့ပါ။ (၁၀)တန်းအောင်လျှင် အလုပ်တစ်ခုဝင်၊ လုပ်သားကောလိပ်တက်ရန် စဉ်းစားထားပါသည်။ (၁၀)တန်းအောင်ရန် ဘာမျှမစဉ်းစားခဲ့မိပါ။ နောက်တော့မှ ဝတ်ဖြူစင်ကြယ်နှင့်ပဂ္ဂိုလ်၏ ရှင်းပြမှုကြောင့် အဓိဋ္ဌာန်ဝင်ခြင်းဟူသော အဓိပ္ပာယ်ကို သိရှိခဲ့ရပါသည်။ Ambition(ရည်ရွယ်ချက်)ကို အောင်မြင်ရန် Will Power(စိတ်အားထည့်ခြင်း) တည်ဆောက်ခြင်း ဖြစ်ပါသည်။ (၁၀)တန်းအောင်ရုံမျှ တစ်ခုတည်းမဟုတ်ဘဲ ဘဝတစ်ခုလုံးအတွက် အောင်မြင်ခြင်းပန်းတိုင်ကို လျှောက်လှမ်းနိုင်ရန် ဓိဋ္ဌာန်ပြုခြင်းဆို ပိုမှန်ပါသည်။

ထိုအချိန်တွင် ဂုဏ်တော်ကွန်ချာဂါထာပဲ့ ဝေဒါသာကု ဂါထာ စသည်တို့ကို မိမိ၏ အဓိဋ္ဌာန်ကျင့်စဉ်တွင် ထည့်သွင်းဆောင်ရွက်ခဲ့ပါသည်။ မကြာမီ အောင်စာရင်းထွက်ရာ စာရေးသူ (က)အဆင့်မှ အောင်ပါသည်။ သို့သော် အလုပ်ဝင်ရန် (၁၈)နှစ်မပြည့်သေး၍ အခက်တွေ့ပါသည်။ ရွေး

www.burmeseclassic.com

စရာဆို၍ ဗိုလ်လောင်းသင်တန်းသာရှိပါသည်။ မိခင်ကြီး၏ မေတ္တာရပ်ခံချက်အရ Personal Interview လူတွေ့စစ်ဆေးခြင်း မခံယူတော့ဘဲ တက္ကသိုလ်တက်ရန် ဆုံးဖြတ်ချက်ချလိုက်ပါတော့သည်။

သို့သော် ကျောင်းဝင်ကြေး၊ စာအုပ်ဖိုး၊ ကျောင်းလခ အတွက် စိတ်ပူနေရပါသည်။ သို့ရာတွင် စာရေးသူ၏ အဓိဋ္ဌာန်မပျက်ခဲ့ပါ။ ဘိုးဘိုးအောင်တန်ဆောင်းသို့ ဦးအောင်ဖေ မပါဘဲ တစ်ယောက်တည်း နေ့စဉ်လာ၍ အဓိဋ္ဌာန်ဝင်ဖြစ်ပါသည်။ ပုတီးစိပ်ခြင်းအဓိဋ္ဌာန်အပြင် ဂါထာမန္တန်များလည်း မိခင်ကြီး၏ ညွှန်ပြမှုဖြင့် ပို၍ရွတ်ဖတ်လာနိုင်ပါသည်။ ထို အခါက ပညာရေးကို အားပေးသော ဖောင်ဒေးရှင်းများ မရှိသေးပါ။ သို့သော် ပညာရေးကို အားပေးသော ပညာဒါန အားသန်သော အဒေါ်ကြီးတစ်ဦးက ကျောင်းဝင်ကြေး၊ ကျောင်းလခ၊ စာအုပ်ဖိုးတို့ကို တာဝန်ယူ ဖြေရှင်းလိုက်ပါသည်။ ပထမနှစ်ဝက်အတွက်သာ ဖြစ်ပါသည်။ သို့သော် နေ့စဉ် ကျောင်းတက်သောကားခ၊ ထမင်းဘူးအတွက် မိမိဘာသာ ကြိုးစားအားထုတ်ရပါတော့သည်။

ထိုအခါ စာရေးသူ ပုတီးစိပ်သော ဘိုးဘိုးအောင်တန်ဆောင်းသို့ နေ့စဉ် ဆုံတွေ့နေကျ ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်က "လူကလေး...သိပ်မာနကြီးတာပဲ။ ခေါင်းကလည်း အလွန်မာသလို အဘက လူကလေးဘဝတိုးတက်ရေးကို အထောက်အကူပြုမယ့် အဆောင်တစ်ခု ပေးချင်ပါတယ်။ ဒါကလည်း အဘတို့ ဘိုးစဉ်ဘောင် ဆက် ဆရာအဆင့်ဆင့်က လက်ဆင့်ကမ်းခဲ့တာပါ" ဟု ပြောပြော ဆိုဆိုဖြင့် ၄င်း၏ လွယ်အိတ်ထဲမှ လွန်စွာဟောင်းနွမ်းနေသော အင်းကွက်များပါသည့် ပိတ်စညီညွတ်စည်စစ်တစ်ခုကို ထုတ်ပြပါသည်။

အဘက "ဒါကတော့ ပိတ်ဖြူပေါ်မှာ ဟင်္သာပြဒါးနဲ့ စီရင်ရေးသား ထားတဲ့ အင်းပဝါဖြစ်ပါတယ်။ တချို့ကတော့ အန္တရာယ်ကင်းဖို့၊ အမျိုး၊ ဘာသာ၊ သာသနာ တိုင်းပြည်နဲ့ လူမျိုးကို ကာကွယ်တဲ့အခါမှာ အသုံးပြုကြပါတယ်" ဟု ရှင်းပြပါသည်။

"အိမ်မှာဆောင်ရင်တော့ ဘုရားစင်မှာ ပိတာန်ကြက်မျက်နှာကြက်အဖြစ် ထားလေ့ရှိပါတယ်" ဟု ဆက်လက်ရှင်းပြပါသည်။

"ဒီအင်းအဆောင်ကိုပေးတာ အဘက ဟောဒီဘိုးဘိုးအောင်တန်ဆောင်းမှာ သစ္စာပြုပြီးပေးမှာပါ။ အဘရရှိတုန်းကလည်း အဘဘိုးဘိုးအောင်တန်ဆောင်းမှာ စမလေးလုံးဂါထာရွတ်ရင်းနဲ့ အဘဘိုးဘိုးအောင်လို့ထင်ရတဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦးထံက ရခဲ့တာပါ။ လူကလေးနဲ့ ထိုက်မယ်ထင်လို့ လက်ဆင့်ကမ်းခဲ့တာပါ။ ဒီအတွက် ဘာမှပေးစရာ၊ ကန်



www.burmeseclassic.com

www.burmeseclassic.com

ဘော့စရာ မလိုပါ။ မေတ္တာဖြင့် ပေးခြင်းဖြစ်ပါတယ်' ဟု ပြောကာ ရွှေတိဂုံဘုရားဘက်လှည့်ကာ သစ္စာပြု၍ စာရေးသူအား အပ်နှံလိုက်ပါသည်။ စာရေးသူလည်း လက်နှစ်ဖက်ဖြင့် တလေးတစား လက်ခံရယူလိုက်ပါသည်။ ပဝါစမှာ လွန်စွာမှ ဟောင်းနွမ်းနေပါသည်။

စာရေးသူက ထိုစဉ်က အင်း၊ စမအကြောင်း စီရင်ခြင်း၊ အင်းအကျိုးအသွား သေချာစွာ မသိရသေးပါ။ ဒါကြောင့် နားလည်တတ်ကျွမ်းသော ဆရာတော်အရှင်သံဝရနှင့် ဆက်စပ်ပြီး တွေ့သောအခါ ဆရာတော်ထံ အပ်နှံလိုက်ပါသည်။ ဆရာတော်မှ အင်းပဝါနှင့်ပတ်သက်၍ မှတ်စုစာအုပ်တွင် အသေးစိတ် ရှင်းပြပါသည်။ အင်းဆံဂါထာနှင့် အင်းဟိန်းဂါထာတို့ကိုလည်း သင်ပြပေးပါသည်။ အကျိုးအသွားမှာ ပြောဖွယ်ရာမရှိ၊ အကျိုးအနှစ်သာ သိရပါသည်။

ယခုတင်ပြထားသော သမ္မုဒ္ဓေကွန်ချာအင်းနှင့် စမ အစီအရင်မှာ မူလအင်းပဝါမှ ပြန်လည်ကူးယူထားခြင်း ဖြစ်ပါသည်။ ဖယောင်းတိုင်တွင်ပတ်၍ ပူဇော်ခြင်း၊ ရွှေပြား၊ ငွေပြား၊ ကြေးပြား(ကြေးကမ္ဘဝါ)တွင် စီရင်၍ ဆောင်ထားခြင်းပြုပါက သီလလုံပြီး ပွဲစုံလျှင် အကျိုးအနှစ်သာ သိရပါ ကြောင်း ထပ်လောင်းတင်ပြ ရေးသားလိုက်ပါသည်။

သမ္မုဒ္ဓေကွန်ချာ (အင်းဆံသွင်းရန်ဂါထာ)

(၁) ဥံ..သဟဿ သမ္မုဒ္ဓေ အဋ္ဌဝိသဋ္ဌ ဒွါဒသဋ္ဌ
ပဋ္ဌသံတ သဟဿာနိ ဟရီ နမာမိ သိရ သာမဟံ။

(၂) အမ္ဗိကာ ဝါဋ္ဌကာ သံဃဋ္ဌ ဓမ္မဋ္ဌ ဂဂံ
အာဒရေန နဘာဝေ ဟိတွာ ဗုဒ္ဓ နမော နမက္ကာရာ။

(၃) ခိမံ သဗ္ဗေ ဥပ္ပဒ္ဒဝေ ဘဂဝါ
သာ နတိ နမော။

အင်းကိုစုတ်ရန်ဂါထာ

(၁) ဥံ..အဋ္ဌဝိသဋ္ဌ သမ္မုဒ္ဓေ၊ သကေသဟ ဒွါဒသဋ္ဌ၊
သဟဿာနိ သတပဋ္ဌ မဟံသိရသာ နမာနိ။

(၂) ဂဂံ ဝါဋ္ဌကံ အပ္ပကံ၊ ဖိနံ နိဗ္ဗုတံ အနန္တံ၊
သံဃဋ္ဌ ဓမ္မဋ္ဌ စောသံ၊ မဟံ နမာ အာဒရေန။

(၃) နဘာဝေန နမက္ကာရာ၊ ဥပ္ပဒ္ဒဝေ သဗ္ဗေဟိတွာ၊
အန္တရာယာပိ အနေကာ၊ အသေသတော ဝိနာသန္တု။

မေတ္တာရည်၍

ပုရောဟိတ် ဆရာဦးမြတ်စံ

ဖုန်း - ၀၉ ၅၁၇ ၆၆၄၆

မန္တလေး-နေပြည်တော် ဆရာလု၏ မြေးတပည့်

ဆရာမကြီး ဒေါ်စောဦးစံ (ရှမ်းပြည်)

B.A (History)

ဇေဒင် လက္ခဏာ ဝေဒပညာရှင်

စီးပွားရေး၊ အိမ်ထောင်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကိစ္စအဝဝကို ရှုမ်းပညာစစ်စစ်၊ အုံဖွယ်နက်နဲဆန်းကြယ်သော အထူးယတြာများဖြင့် ထက်မြက်စွာ ဆောင်ရွက်ပေးသည်။

ပူပြင်းလှသည့် နှလုံးသားခံစားချက်ရှိသူများ အေးချမ်း၊ ပျော်ရွှင်၊ တည်ငြိမ်၊ သာယာသော ဘဝအလှ ရရှိစေရန် ဆရာမကြီးထံ လာရောက်ဆွေးနွေးနိုင်ပါသည်။

(တနင်္ဂနွေ၊ တနင်္လာ)နေ့များမှအပ နေ့စဉ် ဟောခန်းဖွင့်ပါသည်။

ဟောခန်း - အမှတ်(၁၆)၊ အနောက်ဘက်မုခ်၊ ကျိုက်ဝိုင်းဘုရား၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ဟောခန်း(အိမ်) - တိုက်-၇၉(၅-လွှာ)၊ အောင်မေတ္တာလမ်း၊ (၁)ရပ်ကွက်၊ သမိုင်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ၀၉ ၇၃ ၂၄၀ ၇၉၆ ၊ ၀၉ ၃၂ ၂၂ ၇၇ ၉၇

www.burmeseclassic.com

www.burmeseclassic.com

ယောနက-ဘိုးထောင်

ကျော်သူ (သို့မဟုတ်) သူကျော်

တစ်နေ့သ၌ ကျွန်ုပ်သည် ကျော်သူ ရေးသားသီကုံးဖွဲ့ခဲ့သော ကျွန်တော်သာ သမ္မတကြီးဖြစ်ခဲ့ရင် စာအုပ်ကြီးကို ဖတ်ရှုလိုက်ရပါသည်။

ကျော်ဝင်း (သို့မဟုတ်) မောင်မောင် (သို့မဟုတ်) ကျော်သူအကြောင်း ဘဝရပ်ပုံလွှာကို ထိုသို့ ဤသို့ မှတ်သားလိုက်ရပါ၏။

(၁၉၅၉)ခုနှစ်၊ နိုဝင်ဘာလ (၂)ရက်မွေးဖွား။ တက္ကသိုလ်ပညာ သင်ကြားစဉ် ဒေါ်မြင့်မြင့်ခင်ဖေ (သို့မဟုတ်) ရွှေဒီးကွက်နှင့် အိမ်ထောင်ပြု၊ သားသမီးနှစ်ဦးထွန်းကား။ သား ပြည်သိမ်းကျော်၊ သမီး မြင့်မိုရ်ဦး။ (၁၉၈၄)ခုနှစ်တွင် ရုပ်ရှင်စတင်ရိုက်ကူး၊ မြန်မာရုပ်ရှင်ထူးချွန်ဆုနှစ်ဆု ရရှိခဲ့၊ (၂၀၀၁)ခုနှစ်မှစ၍ နာရေးကူညီမှုအသင်းတွင် ကူညီခဲ့၊ (၂၀၀၃)ခုနှစ် နာရေးကူညီမှုအသင်း(ရန်ကုန်)တွင် ဒုတိယဥက္ကဋ္ဌ၊ (၂၀၀၈)ခုနှစ်တွင် ဥက္ကဋ္ဌ (ယခုအချိန်ထိ တာဝန်ထမ်းဆောင်ဆဲ)။ သဘာဝဝန်းကျင်၊ လူမှုရေး၊ ငြိမ်းချမ်းရေးတို့အတွက် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့။ ပြည်သူဘက်တော်သား အနုပညာသမားဆု (၂၀၀၉)ခုနှစ်၊ ပြည်သူဂုဏ်ရည်ဆု (၂၀၁၀)ခုနှစ်၊ ဓမ္မဇေလအသင်းတော်မှ D.H.S.S ဘွဲ့ (၂၀၁၁)ခုနှစ်၊ NED ဆု (၂၀၁၂)၊ ရုပ်ရှင်သူရဲကောင်းဆု (၂၀၁၂)ခုနှစ်၊ မေတ္တာရှင် ပရဟိတစံပြဆု (၂၀၁၃)ခုနှစ်၊ သုတစွယ်စုံစာပေဆု (၂၀၁၄)ခုနှစ်၊ အာရှတိုက်၏ အမြင့်ဆုံး မွန်မက်ဆေးဆေးဆု (၂၀၁၅)ခုနှစ် ရရှိခဲ့။ ကမ္ဘာ့အမြင့်ဆုံး နိဘယ်ဆုကဲ့သို့ အာရှတိုက်၏ အမြင့်ဆုံးဖြစ်သည့် Romon Mag Say A World ကို ၂၀၁၅ ခုနှစ်အတွက် ဇူလိုင်လ (၂၉)ရက်နေ့က ထုတ်ပြန်ခဲ့ပါသည်။ မြန်မာနိုင်ငံမှ နာရေးကူညီမှုအသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးကျော်သူ ရရှိခဲ့ပါသည်။

ကျော်သူ (သို့မဟုတ်) သူကျော် လူကြီးမင်းဖြစ်သွားခဲ့လေပြီ။ ကျွန်ုပ်သည် ကျော်သူ၏ နှလုံးသားတွင် ဘုရားတည်ဆိုသော လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး အကြောင်းကိုလည်း ဖတ်ရှုရပြန်သည်။ ကျော်သူ ရင်တွင်းဆန္ဒကို ပွင့်ပွင့်လင်းလင်း မြင်ရသည်။ ကျော်သူခံစားချက် ပွင့်ထွန်းပေါ်လာမှုဖြစ်သည်။ လူတိုင်း၊ လူတိုင်း နှလုံးသားတွင် ဘုရားတည်နိုင်ဖို့ အထူးလိုအပ်လှသည်။

ကျော်သူရင်တွင်းဖြစ်မှာ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ကျွန်တော် မဖူးမြင်ရသည်မှာ လေးနှစ်တာကာလအတွင်းသို့ ရောက်ခဲ့ပြီဖြစ်သည်။ ကုန်လွန်ပြီးသောကာလ (၂၀၀၇)ခုနှစ်၊ စက်တင်ဘာလ မတိုင်မီအချိန်များတွင် ကျွန်တော်သည် တစ်ပတ်လျှင်တစ်ကြိမ် အနည်းဆုံး ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်သို့ တက်ရောက်ဖူးမြော်ခဲ့ဖူးပါသည်။ ထို့အပြင် တက်ရောက်ကြည်ညို ဖူးမြော်ခွင့်ရခဲ့လှသော ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အထွတ်အထိပ်တွင် တည်ရှိနေသော စိန်ဖူးတော်ကြီးအားလည်း ကျွန်တော်နှင့် ကျွန်တော်၏သား ပြည်သိမ်းကျော်တို့ တက်ရောက်ဖူးမြော်ခဲ့ဖူးပါသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးသည် မြန်မာပြည်သူလူထုတင်မက ကမ္ဘာ့နိုင်ငံအသီးသီးမှ ဘာသာခြားများနှင့် မစိမ်းပါ။ လူမျိုး၊ ဘာသာ၊ ဆင်းရဲချမ်းသာမရွေး လွတ်လပ်စွာ ဖာက်ရောက်ဖူးမြော်ခွင့်ရရှိသည့် တန်ခိုးကြီးမားလှသည့် ဗုဒ္ဓဘာသာနွယ်ဝင်တို့၏ အထွတ်အမြတ်ထား ကိုးကွယ်ရာ တည်းဟူသော ဗုဒ္ဓမြတ်စွာဘုရား၏ ဆံတော်များကိန်းဝပ်ရာ ရွှေတိဂုံစေတီတော်မြတ်ကြီးအား (၂၀၀၇)ခုနှစ်၊ စက်တင်ဘာလ နောက်ပိုင်းတွင် လူမျိုး၊ ဘာသာ၊ ဆင်းရဲချမ်းသာမရွေးတို့၏ နာရေး၊ ဆေးကူညီမှု၊ ပညာရေးကဏ္ဍများအား အခမဲ့ဖေးမ,ကူညီပေးနေသော ကျွန်တော် တက်ရောက်ဖူးမြော်ရာတွင် လွတ်လပ်မှုများ ဆုံးရှုံးခဲ့တော့သည်။

ကျွန်တော်သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား တက်ရောက်ဖူးမြော်မည်ဆိုပါက အာဇာနည်ကုန်းမြောက်ဘက်မုခ်မှ ဓာတ်လှေကားနှင့်တက်ကာ ရင်ပြင်ပေါ် ရောက်သည်နှင့် မေတ္တာပို့သမ္မုကို မြောက်ဘက်မုခ်တွင်ရှိသော ဝိဇ္ဇာတန်ဆောင်း ရောက်သည်အထိ ပို့သကာ ဝိဇ္ဇာတန်ဆောင်းတွင် သမထ၊ ဝိပဿနာ ကျင့်စဉ်တို့ကို ကျင့်ကြံ

www.burmeseclassic.com

www.burmeseclassic.com

အားထုတ်ပြီး တနလ်ံထောင့်တွင် စေတီတော်မြတ်ကြီးအား မြတ်ဗုဒ္ဓ၏ ဆံတော်များကို မျှော်မှန်းကြည်ညို သဒ္ဓါပွားကာ ဦးချပြီးနောက် စေတီတော်မြတ်အား လက်ယာရစ် တစ်ပတ်,ပတ်ကာ အောင်မြေတွင် ဦးချ၍ မြောက်ဘက်မုခ်မှ ပြန်လည်ဆင်းလေ့ရှိသည်ဟူ၍ ဖတ်ရှုရပါသည်။

ကျွန်ုပ်၏ နှလုံးသားအိမ်ကို လေနအေးကလေး ပက်ဖွဲ့လိုက်သလို ခံစားရပါသည်။ ကျော်သူကိုလည်း လေးစားအရေးထားမိသွားပါသည်။

မည်သို့ပင်ဖြစ်စေ ယနေ့ကျော်သူသည် ဒီနေ့ကျော်သူ အဖြစ်သို့ ပြောင်းလဲသစ်လွင်သွားတော့သည်။ ကျော်သူ အောင်မြင်စွာ ဆုတ်ခွာခဲ့ပါသော ရုပ်ရှင်လမ်းမကြီးပေါ် သို့ အသစ်တစ်ဖန် ပြန်၍ခြေလှမ်းသစ်များ ထွက်ပေါ်လာခဲ့ပြန်သည်။ ဆရာကြီးမင်းသိခ်၏ ပရော်ဖက်ဆာ ဒေါက်တာ ဆီတ်ဖွား ရုပ်ရှင်ကားကြီးဖြင့် မူလဘူတရုပ်ရှင် အောင်မြင်မှုလမ်းကြောင်းမြတ်ပေါ်သို့ ချဉ်းနင်းဝင်ရောက်လာခဲ့သည်။ သို့နောက်တစ်ဖန် ဆရာကြီးမောင်ထင်၏ ငဘဝတ္ထုကြီးကို ပြန်လည်အသက်သွင်း ရုပ်ရှင်ဖြင့် အောင်ပွဲခံ အောင်လံထူ ပေးတော့မည်။ လယ်သမားတို့၏ ဆင်းရဲခွေတေ ဘဝမလှ ခါးမဝသော ငဘဲကို ကျော်သူ ပီပီပြင်ပြင် တင်ပြလာပြန်သည်။ ရုပ်ရှင်မင်းသားကြီး ကျော်သူသည် ယခု အခါတွင် သူကျော် ဖြစ်လာခဲ့ပြီ။

ရုပ်ရှင်မင်းသားကြီး ကျော်သူသည် နှလုံးသားတွင် ဘုရားတည်ခဲ့ရံသာမက မြန်မာ့ရေမြေတွင်လည်း ဘုရားတည်၊ ကျောင်းဆောက် ကုသိုလ်ထူးကို ရယူပိုင်ဆိုင်ခဲ့ပြန်သည်။ ကျော်သူသည် ဘုရားကောကြီးအဖြစ် အမြင့်ဆုံး အမြတ်ဆုံး ကောင်းမှုတော်ကို ပိုင်ဆိုင်သွားပြန်၏။ ဒီနှုးတိုင်းဒေသကြီး ပြည်တစ်ဖက်ကမ်းတည် ဘွဲ့တော် မဟာမဏိတ ပရဟိတ အောင်တော်မူစေတီတော်မြတ်ကြီး ဖြစ်သည်။ တည်ထားကိုးကွယ်မှု လက်ရှိအချိန်တွင် (၇၀)ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်သည်။ အများပြည်သူ ကြည်ညိုပူဇော်နိုင်ရန် နှလုံးသားတွင်သာမက မြန်မာ့မြေပေါ်တွင် အမြင့်ဆုံး ကုသိုလ်ဒါနအလှူကြီး တစ်ခု ပြုလုပ်ခဲ့သည်။ (၂၀၁၆)ခုနှစ် ပြည်ထောင်စုနေ့ထူး ရက်မြတ် အခါသဘင်တွင် ကြည်သာအေးမြကျောင်း ဆရာတော် ဦးကေသလ ဦးစီးကာ ရွှေထီးတော်မင်္ဂလာကို အောင်မြင်စွာ ကျင်းပတော့မည် ဖြစ်၏။ ခုနစ်နေ့သားသမီးများ ဖူးမြော်ကြည်ညိုနိုင်ရန် ရည်ရွယ်တည်ထားသော စေတီမြတ်ကြီးတစ်ဆူ ဖြစ်သည်။

ပရဟိတကျောက်စာကိုလည်း ရေးထိုးသွားမည်ဟု သိရှိရသည်။ မဟာမဏိတပရဟိတ အောင်တော်မူစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း နဂါးရုံနှင့် ဗောဓိညောင်ပင်တို့ကိုလည်း တည်ထားကိုးကွယ်သွားမည်ဖြစ်သည်။ စေတီတော်တည်ဆောက်မှု စုစုပေါင်း ကုန်ကျငွေမှာ ကျပ်သိန်း (၁၀၀၀)ဖြစ်သည်။

မဟာမဏိတပရဟိတ အောင်တော်မူစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း၌ ထူးဆန်းသော ကျောက်ဖြစ်ရုပ်ကြွင်း လိပ်ကြီးကို ထားရှိမည်။ ရှေးဟောင်းသုတေသနပညာရှင်များ လေ့လာမှုအရ ရှေးနှစ်သန်းပေါင်း(၃၀)မှ (၅၀)အတွင်းရှိ ထူးဆန်းသော ကမ္ဘာဦးခေတ်က လိပ်ကြီး



ရွှေတိဂုံဓာတ်တော်မြတ်ကြီး

www.burmeseclassic.com

www.burmeseclassic.com

ဇနက်ခရုတွေညှပ်ထားသည့် စေတီတော်ပရိဝုဏ်အတွင်း ကျောက်ဖြစ်ရုပ်ကြွင်းလိပ်ကြီး

ပုံသဏ္ဌာန် ကျောက်ဖြစ်ရုပ်ကြွင်းကို မင်းသားကြီးကျော်သူတည်ထားကိုးကွယ်သော ပဲခူးတိုင်းဒေသကြီး ပြည်မြို့ တစ်ဖက်ကမ်းရှိ ပရဟိတအောင်တော်မူစေတီတော်အတွင်း ကန်ကြီးထဲ၌ ထားရှိပါမည်။ အများသူငှာ ကြည့်ရှုလေ့လာနိုင်ရန်အတွက် ဝေးလှသော ရွာတစ်ရွာမှ အလှူရှင် တစ်ဦးက နာရေးကူညီမှုအသင်း(ရန်ကုန်) ဥက္ကဋ္ဌကျော်သူထံ ဆက်သွယ်လှူဒါန်းထားခြင်း ဖြစ်သည်။ ကျောက်ဖြစ်ရုပ်ကြွင်းလိပ်ကြီးသည် အလျား(၄)ပေကျော် အနံ(၃)ပေခန့် ရှိကြောင်း သိရသည်။

ကျောက်ဖြစ်ရုပ်ကြွင်း လိပ်ကြီးနှင့်ပတ်သက်၍ မင်းသားကြီးကျော်သူက ပြောကြားရာတွင် "ပြည်မြို့တစ်ဖက်ကမ်းက ပြောရရင် ရေမထွက်တဲ့နေရာပါ။ ရေကြောရှာလို့ မရနိုင်တဲ့ နေရာလည်းဖြစ်တယ်။ စေတီတော်ကြီးပရိဝုဏ်အတွင်းမှာ ရေရရှိနိုင်ဖို့အတွက် အဝီစိတွင်း တူးတဲ့အခါမှာလည်း မအောင်မြင်ခဲ့ဘူး။ အဲဒီအချိန် အလှူရှင်တစ်ယောက်က သူတို့ရွာမှာ ကျောက်ဖြစ်ရုပ်ကြွင်းလိပ်ကြီး ရှိတယ်။ ဦးကျော်သူရဲ့ စေတီတော်ကြီးမှာ လှူဒါန်းချင်တယ်ဆိုပြီး ပေးအပ်လှူဒါန်းခဲ့တာပါ။ ထူးဆန်းတာတစ်ခုက လိပ်ကြီးကို သွားရောက်သယ်ဆောင်တဲ့အခါမှာ လူ(၁၀)ယောက်လောက် ဝိုင်းမ,ပါတယ်။ ဘယ်လိုမှ မ,လှုပ်ရခဲ့ဘူး။ နောက်တစ်ခါ ကရိန်းနဲ့ မ,တယ်။ ချိန်းကြိုးပြတ်သွားခဲ့တယ်။ နောက်ဆုံး ကန်တော့ပွဲပေးပြီး ကျောက်ဖြစ်ရုပ်ကြွင်း လိပ်ကြီးကို ရောင်းဖို့မဟုတ်ပါဘူး။ ဦးကျော်သူတည်ထားတဲ့ စေတီတော်ကြီးကို လှူဒါန်းမလို့ပါဆိုမှသာ လိပ်ကြီးကို မ,လှုပ်ရခဲ့တယ်။ နောက်တစ်ခါ ကျောက်ဖြစ်ရုပ်ကြွင်း လိပ်ကြီးရောက်လာတဲ့အခါ ယာယီနေရာ လုပ်ပြီးထားတယ်။ အဲဒီကနေရွှေ့တော့ လိပ်ကြီးယာယီထားခဲ့တဲ့အောက်မှာ ကျောက်ဖျာကြီးတစ်ချပ်ကို တွေ့ရှိခဲ့ပြီး တူးလို့မထွက်တဲ့ ရေတွေဟာလည်း တူးလို့ရခဲ့ပါတယ်။ အခုတော့ ကျောက်ဖြစ်ရုပ်ကြွင်း လိပ်ကြီးကို စေတီတော်ကြီးရဲ့ ပရိဝုဏ်အတွင်း မှာပဲ လိပ်ကန်တစ်ခု တည်ဆောက်ပြီး ထားရှိပါတယ်" ဟု ရှင်းလင်းပြောကြားခဲ့ပါသည်။

အဆိုပါ ကျောက်ဖြစ်ရုပ်ကြွင်း လိပ်ကြီးကို (၂၀၁၅) ခုနှစ်၊ ဖေဖော်ဝါရီလတွင် လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ပရဟိတအောင်တော်မူစေတီတော်ကြီးသို့ စတင်ရောက်ရှိခဲ့သည့် မတ်လအတွင်း ရေများ တူးဖော်ရရှိခဲ့ခြင်းဖြစ်သ[illegible] အများသူငှာ လေ့လာနိုင်ရန် ကျောက်ဖြစ်ရုပ်ကြွင်းလိပ်ကြီးကို ထိခိုက်ပျက်စီးမှု မရှိစေရန် အစာကျွေးခြင်း၊ ရေဖြင့်လောင်းခြင်း မပြုလုပ်ရန်အတွက်သာ မေတ္တာရပ်ခံမည်ဖြစ်၏။ မဟာမဏိတ ပရဟိတအောင်တော်မူစေတီတော်မြတ်ကြီး ဘုရားဒကာကျော်သူ (သို့မဟုတ်) သူကျော် ဖြစ်ပါကြောင်း ကျွန်ုပ် ရဲရဲဝံ့ဝံ့ ရေးသားတင်ပြအပ်ပါသည်။

နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ

ယောနက-ဘိုးထောင်

www.burmeseclassic.com

www.burmeseclassic.com

ထူးခြားရှားပါး မိုးကြိုးသွား (၁)

သာဏက်ကော် (မကွေး)

တစ်နေ့သောအခါသမယတွင် ကျွန်တော့်မဟိဒ္ဓဗေဒင် ဟောခန်းသို့ ခြေဆွေကြီး မြသာဒွန်းဆိုသူ ရောက်လာလေ သည်။ ထိုမြသာဒွန်း ဆိုသည့် ပုဂ္ဂိုလ်ကြီးကို ဘကြီးဒွန်းဟု ကျွန်တော်က အလွယ်ခေါ်လေ့ ရှိသည်။

ဘကြီးဒွန်း ကျွန်တော့်ဟောခန်းထဲ ရောက်ရောက်ချင်း ခံသည် ဝေါခနဲ ရွာချလိုက်သည်။ မိုးရွာသွန်းမှုနှင့် ရေးမနောင်းမှာပင် လျှပ်စီးများ တဝင်းဝင်း တလက် လက်ဖြင့် မိုးခြိမ်းသံ၊ မိုးကြိုးပစ်ချသံများကိုလည်း ဆက်တိုက် ကြားလိုက်ရပြန်၏။ တစ်ကြိမ် လျှပ်စီးလက်လိုက်ချိန်တွင် ကျွန်တော်သည် ားကို လက်ဖဝါးနှစ်ဖက်ဖြင့် စုံပိတ် မျက်စိမှိတ်ကာ ဝပ်သွားမိသည်။ ကျွန်တော့်အဖြစ်ကို ကြည့်ရင်း ဘကြီးဒွန်းသည် ကွမ်း,သီးမတတ် ဟားဟား ရယ်မောလေသည်။ ထိုသို့ ဘကြီးဒွန်း ရယ်လိုက်သဖြင့် ကွမ်းရွက် ကြိတ်ဖတ်များသည်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်မျက်နှာကို လာထိုမှန် ပေကျဲကုန်၏။

ထို့ကြောင့် ကျွန်တော်သည် ရုက်လည်းရုက်၊ ရွံလည်းရွံ၊ ရုက်ရွံကြီးဖြစ်ကာ ဒေါသဖြင့်-

"ဒီလောက်အထိ အုတက်မတတ် ရယ်နေတာ ခင်ဗျားတူမလေး နှစ်ယောက်စလုံး ကျုပ်နဲ့ ပေးစားချင်လို့လား"

ဟု မေးလိုက်ရာ-

"ဟား...ဟား...ဟား...တော်တော်ရယ်ရတဲ့ ဗေဒင်ဆရာလေးပဲ။ သူ့ကိုယ်သူကျတော့ မိုးကြိုးအပစ်ခံရမှာ ကြောက်နေလိုက်တာများ တကယ့်ကလေးလေးကျနေတာပဲ" ဟု ပြန်ပြောလာ၏။

ထို့ကြောင့် ကျွန်တော်က-

"မိုးကြိုးပစ်လို့ အသေခံချင်တဲ့လူ ခင်ဗျားကြီး တွေ့ဖူး၊ မြင်ဖူးလို့လား။ ပြောစမ်းပါဦး" ဟု မေးဆတ်ပြီး ဒေါနဲ့ မောနဲ့ မေးပစ်လိုက်သည်။

ထိုအခါ ဘကြီးဒွန်းက-

"ဘယ်သူမှတော့ မရှိဘူးပေါ့ ငါ့ကောင်ရာ။ ဒါပေမဲ့ မိုးကြိုးပစ်ခံရမယ့်သူတစ်ဦးဟာ သူ့ကံစာတာမှာ သောကြာဂြိုဟ် မကောင်းဌာနမှာ တနင်္ဂါဂြိုဟ်ဆန်းကျင်ရင် သေချာပေါက် မိုးကြိုးပစ်ခံရတတ်တယ်။ တကယ်လို့ သောကြာဂြိုဟ် အကောင်းဌာနမှာ တနင်္ဂါဂြိုဟ် ဆန်းကျင်ခဲ့ရင်တော့ မိုးကြိုးစက်ကွင်း ခတတ်တယ်ဆိုတာလောက်တော့ ဗေဒင်ဆရာလုပ်နေပြီး သိဖို့ကောင်းတာပေါ့။ ဒါမှမဟုတ်လည်း လူပြိန်းနားလည်အောင် ပြောရရင် မိုးကြိုးအပစ်ခံရမယ့်သူတစ်ယောက်အဖို့ လျှပ်စီးလက်ပြီးတာနဲ့ ချွင်ခနဲ အသံတစ်သံ စကြားရမယ်။ ဆံပင်ထောင်သွားမယ်။ ဒီလိုကြားကြားချင်း နီးစပ်ရာကြမ်းပြင်၊ ဒါမှမဟုတ် မြေကြီးပေါ်ကို ဝမ်းလျားထိုးပစ်လိုက်ရမယ်။ မြန်နိုင်သမျှ မြန်ရမယ်နော်။ ဒါဆိုရင် လျှပ်စီးလမ်းကြောင်းကို ဖြတ်တောက်ပစ်လိုက်တဲ့အတွက် မိုးကြိုးလွဲသွားစေတယ်ကွ" ဟု ဗေဒင်ပညာရပ်ရော သိပ္ပံနည်းကျသဘောပါ ပူးတွဲ၍ ရှင်းပြပြောလာသည့် အချိန်တွင် ဒီလူကြီးကို ကျွန်တော် တော်တော်လေး ဖြုန်သွားမိ၏။

ထို့ကြောင့် မျက်နှာပိုးသတ်လိုက်ရင်း-

"တယ်လည်း နှံ့စပ်ကျွမ်းကျင်တဲ့ ဘကြီးဒွန်းပါလားဗျာ။ ဒါနဲ့ မသိလို့ မေးစမ်းပါရစေ။ မိုးကြိုးသွားဆိုတာ တကယ်ကော ရှိလို့လား။ ရှိရင်တော့ ဂဃနဏရှင်းပြပေးပါဦး" ဟု ပြောလိုက်လေသည်။

ဘကြီးဒွန်းသည် ကျွန်တော့်အမေးစကားကို တန်းမဖြေသေးဘဲ အပြင်ဘက်တွင် စံစပြုနေပြီဖြစ်သော မြင်းရေစက်တို့ကို ငေးကြည့်နေပြန်သည်။

ပြီးတော့မှ ပါးစောင်တွင်းက ကွမ်းကြိတ်ဖတ်တို့ကို ကြွပ်ကြွပ်အိတ်အမည်းထဲ ထွေးထုတ်လိုက်ကာ-

"တကယ်ရှိတာပေါ့ ဗေဒင်ဆရာလေးရာ။ ဟောဒီမှာကြည့်" ဟုဆိုပြီး သူလွယ်အိတ်ကြီးထဲမှ ညှိမည်းမည်းမိုးကြိုးသွား ပုံစံအမျိုးမျိုးကို စားပွဲပေါ် သွန်ချပြလာ၏။

တို့နောက် ဘကြီးဒွန်းက-

"မိုးကြိုးသွားက နှစ်မျိုးရှိတယ်ကွ။ ကြေးမိုးကြိုးသွားနဲ့ ကျောက်မိုးကြိုးသွားပေါ့။ ဒါတွေကတော့ ငါ စုဆောင်းထားခဲ့တဲ့ ကျောက်မိုးကြိုးသွားတွေလေ။ ဒီလိုကျောက်မိုးကြိုးသွားမှာပဲ ထပ်ပြီးခွဲထားတာက ကျောက်မိုးကြိုးပုဆိန်၊ ကျောက်မိုးကြိုးစက်ကွင်း၊ ကျောက်မိုးကြိုးသားရေခြင်နဲ့ ကျောက်မိုးကြိုးလောက်စာဆိုပြီး (၄)မျိုးရှိသေးတယ်။ အဲဒီထဲက ကျောက်မိုးကြိုးလောက်စာ ဆိုတာကတော့ လောက်လေးခွနဲ့ ထည့်ပစ်တဲ့ လောက်စာလုံးထက် နည်းနည်းပိုကြီးတယ်" ဟု လက်တွေ့ကျစွာရှင်းပြ၏။

ကျွန်တော်သည် ဘကြီးဒွန်း ပြောပြသမျှကို မှတ်ရေးမှတ်ရင်း-

"ဒါဆို ကြေးမိုးကြိုးသွား ဆိုတာကတော့ တစ်မျိုးတစ်စားတည်းပဲ ရှိတယ်ဆိုတဲ့ သဘောပေါ့နော်" ဘကြီးဒွန်း" ဟု ခေါင်းမော့ကာ မေးလိုက်သည်။

"ဒီလိုမဟုတ်ဘူးကွ။ ကြေးမိုးကြိုးသွားမှာလည်း ကြေးမိုးကြိုးပုဆိန်၊ ကြေးမိုးကြိုးစက်ကွင်း၊ ကြေးမိုးကြိုးအင်ဆိုပြီး (၃)မျိုးခွဲထားတာ ရှိတယ်"

"မိုးကြိုးသွားကို အုပ်စုအထွေထွေ ခွဲခြားထားတာတော့ ဟုတ်ပါပြီဗျာ။ အသုံးဝင်ပုံနဲ့ အသုံးပြုပုံတွေ ရှိရင်လည်း ပြောစမ်းပါဦး"

"ဗေဒင်ဆရာလေးကတော့ဗျာ အာရုပ်ပုံပြင်ထဲက လားအုတ်လိုပဲ တတိ,တတိနဲ့ တဲထဲ တစ်ကိုယ်လုံးဝင်နေပြီ ကျုပ်ကို မောင်းတော့ မထုတ်လောက်ပါဘူးနော်"

"စိတ်မပူစမ်းပါနဲ့ ဘကြီးဒွန်းရာ။ ရှင်းပြလို့ မပြီးမချင်းတော့ မလုပ်ပါဘူး။ ဟဲ...ဟဲ...ဟဲ"

"ကိုင်း...လိုက်မှတ်။ စောစောတုန်းကပြောခဲ့တဲ့ ကြေးမိုးကြိုးသွားနဲ့ ကျောက်မိုးကြိုးသွားတစ်ခုခုကို ရအောင်ရှာရှာပြီးတာနဲ့ မီးမဖွားနိုင်တဲ့ အမျိုးသမီးတွေရဲ့ဆံပင်မှာ ချည်

www.burmeseclassic.com

www.burmeseclassic.com

နံနက်(၇)နာရီလောက်ဆိုလျှင် ရွှေတိဂုံဘုရား ဗဟန်းဘက်မုခ်မှ နှစ်ယောက်သား ပြန်ဆင်းကြပါသည်။ ပန်းဆိုင်ကွင် အပ်ထားသော မိမိတို့ဖိနပ်များကို ပြန်ရွေးပြီး မြေပဒေသာ ဗိုလ်ချုပ်ပန်းခြံရှေ့ ကန်ပတ်လမ်းအတိုင်း ကျွန်းမာရေးအရ နှစ်ယောက်သား စကားတပြောပြောနှင့် ပြန်လာကြပါသည်။ မအူကုန်းလမ်းကျယ်ရောက်လျှင် တိုရှည်ဆိုင်လည်း ဝင်ပြီဖြစ်၍ တစ်ယောက်လျှင် (၁၀)ပြားတန် တိုရှည်(၂)ခု စီနှင့် လက်ဖက်ရည်တစ်ခွက် (၂၀)ပြားတန် တစ်ယောက်တစ်ခွက်စီ သောက်ကြပါသည်။ ပိုသောပိုက်ဆံပြား(၂၀)ကို ဘွမ်းယာကြိုက်သော ဦးအောင်ဖေအတွက် ဆေးပေါ့လိပ်(ခြုံးဆေးလိပ်)နှင့် ကွမ်းယာကို ဝယ်ပေးပြီး နွားတ်ဆက်ကာ မိမိအိမ်သို့ ပြန်လာလေ့ရှိပါသည်။ ညဘက် ကင်းစောင့်နေသော ကာလများတွင် ဂါထာမန္တန်ပေါင်းချုပ်မှ မိခင်ကြီးညွှန်ပြသော အန္တရာယ်ကင်းဂါထာများ ကျက်မှတ်ရွတ်ဖတ်လေ့ ရှိပါသည်။

ညဘက် မိမိကျက်ထားသော ဂါထာမန္တန်ပေါင်းချုပ်ကွမ်းမှ စိတ်အဝင်စားဆုံးမှာ (စ၊ ဓ၊ ဗ၊ ဝ) စမလေးလုံးဂါထာ ဖြစ်ပါသည်။

စက္ခုမာ စရမာစိတ္တော၊
ဓမ္မညူ ဓမ္မသာမိကော၊
ဗလူပေတော ဗလဓရော၊

ဝရဒေါ ဒေတုမေဝရံ (မေဓေယျံ)...ဟူ၍ ဖြစ်ပါသည်။ မေဝရံနှင့် မေဓေယျံမှာ မူကွဲဖြစ်ပါသည်။ မိမိနှစ်သက်ရာ အသုံးပြု ရွတ်ဆိုနိုင်ပါသည်။

နောက်တစ်ပတ် တနင်္ဂနွေနေ့ ရွှေတိဂုံဘုရားတက်သောအခါ မိမိရထားသော (စ၊ ဓ၊ ဗ၊ ဝ) စမလေးလုံးဂါထာကို ပုတီးစိပ်ကြည့်မိပါသည်။ ယခင်စိပ်နေကျ သရဏဂုံ(၃)ပါး၊ အနန္တောအနန္တဂါးပါး၊ ဂုဏ်တော်(၉)ပါးကိုလည်း ပုံမှန် စိပ်နေပါသည်။ ပုတီးစိပ်တိုးသွားခြင်း သဘောပါ။ ပုတီးမစိပ်ခင် ဝတ်ဖြူစင်ကြယ်နှင့်ပုဂ္ဂိုလ်က ပုတီးမစိပ်မီကြိုရောက်နေပြီး စာရေးသူ ပုတီးမစိပ်ခင် နံသာတိုင်၊ အလင်းတိုင်များ ပူဇော်ရန် ပေးပါသည်။ စာရေးသူက ကျေးဇူးတင်ကြောင်းပြောပြီး လက်ခံရန် ငြင်းဆိုလိုက်ပါသည်။ မိမိအစီအစဉ် မိမိစရိုက်ဖြင့်သာ ဘုရားအား အလင်းတိုင်၊ နံသာတိုင်များ ပူဇော်ချင်၍ ဖြစ်ပါသည်။ နောက်တစ်ကြောင်းမှာ ဘုရားပေါ်တွင်, ပုတီးတကားကား၊ တောင်ဆူးတကားကား၊ လက်ထဲတွင် အဆောင်ရုပ်များဖြင့် ပုဂ္ဂိုလ်ရေးထူထောင်နေသူများကို စာရေးသူက အထင်မကြီး၍ ဖြစ်ပါသည်။ သို့သော် ပုဂ္ဂိုလ်စစ် ပုဂ္ဂိုလ်မှန်များ သီလစောင့်သူများ ရှိသလို သီလကြောင်များရှိနေ၍ ဖြစ်ပါသည်။

ထိုစဉ်က ဘိုးတော်အတုများ၊ မြစိမ်းရောင်မင်းသမီးအမည်ခံ မယ်တော်ကြီးများ၊ ထွက်ရပ်လမ်းလိုက်နေသော ထွက်ရပ်ဂိုဏ်းဆရာကြီးများ၊ ဝိဇ္ဇာ၊ ဇော်ဂျီများ ဘုရားရင်ပြင်တော်ရှိ ဧရပ်အသီးသီးတွင် အာပေါင်အာရင်းသန်သန်ဖြင့် ဆရာမွေး(ဘိုးတော်မွေး) တပည့်မွေး လုပ်နေကြပါသည်။ ဓာတ်လုံးများဝေခြင်း၊ အဆောင်လက်ဖွဲ့များဝေခြင်း၊ ဆေးဖယောင်းတိုင်၊ အင်းလက်ဖွဲ့များ ပလူပျံလို့နေပါသည်။ ထို့ကြောင့် နံဝင်တော်မှ တာဝန်ရှိသူများ ဘိုးတော်စစ်ဆင်ရေးဖြင့် ဘိုးတော်သန့်ရှင်းရေး အကောင်အထည်ဖော် ကာကွယ်တားဆီးခဲ့ပါသည်။ သို့သော် အစစ်တစ်ယောက် အတုတစ်ထောင်၊ အယောင်တစ်သိန်းကတော့ ရှိပါလိမ့်မည်။ နေစရာ မရှိ၍ ဘုရားပေါ်တက် ပုတီးစိပ်၊ အားရင်အိပ်၊ ဒဝါတွေ့ရင် လိုမ့်ပါသည်။ ဒဝါသည် ဘမ်းစကား ဖြစ်ပါသည်။ မျက်လှည့်၊ လက်လှည့်ဖြင့် မသိနားမလည်သော ရိုးသားသူများကို လိမ်လည်လှည့်ဖြားခြင်း ဖြစ်သည်။ တစ်နည်း အပ်ချလောင်းပညာကို ဆိုလိုပါသည်။ အလိမ်ခံမည့် ပုဂ္ဂိုလ်ကလည်း လောဘတက်လာလျှင် စဉ်းစားချင့်ချိန်မှုအားနည်းလာပြီး အလိမ်ခံရပြီသာ ဖြစ်သည်။

စာရေးသူလည်း (၁၀)တန်းစာမေးပွဲ ဖြေထားသော်လည်း တက္ကသိုလ်တက်ရန် အစီအစဉ်မရှိခဲ့ပါ။ (၁၀)တန်းအောင်လျှင် အလုပ်တစ်ခုဝင်၊ လုပ်သားကောလိပ်တက်ရန် စဉ်းစားထားပါသည်။ (၁၀)တန်းအောင်ရန် ဘာမျှမစဉ်းစားခဲ့မိပါ။ နောက်တော့မှ ဝတ်ဖြူစင်ကြယ်နှင့်ပုဂ္ဂိုလ်၏ ရှင်းပြမှုကြောင့် အဓိဋ္ဌာန်ဝင်ခြင်းဟူသော အဓိပ္ပာယ်ကို သိရှိခဲ့ရပါသည်။ Ambition(ရည်ရွယ်ချက်)ကို အောင်မြင်ရန် Will Power(စိတ်အားထည့်ခြင်း) တည်ဆောက်ခြင်း ဖြစ်ပါသည်။ (၁၀)တန်းအောင်ရုံမျှ တစ်ခုတည်းမဟုတ်ဘဲ ဘဝတစ်ခုလုံးအတွက် အောင်မြင်ခြင်းပန်းတိုင်ကို လျှောက်လှမ်းနိုင်ရန် မိဋ္ဌာန်ပြုခြင်းဆို ပိုမှန်ပါသည်။

ထိုအချိန်တွင် ဂုဏ်တော်ကွန်ချာဂါထာပျံ့ ဓေဒါသာကု ဂါထာ စသည်တို့ကို မိမိ၏ အဓိဋ္ဌာန်ကျင့်စဉ်တွင် ထည့်သွင်းဆောင်ရွက်ခဲ့ပါသည်။ မကြာမီ အောင်စာရင်းထွက်ရာ စာရေးသူ (က)အဆင့်မှ အောင်ပါသည်။ သို့သော် အလုပ်ဝင်ရန် (၁၈)နှစ်မပြည့်သေး၍ အခက်တွေ့ပါသည်။ ဤသို့

www.burmeseclassic.com

စရာဆို၍ ဗိုလ်လောင်းသင်တန်းသာရှိပါသည်။ မိခင်ကြီး၏ မေတ္တာရပ်ခံချက်အရ Personal Interview လူတွေ့စစ်ဆေးခြင်း မခံယူတော့ဘဲ တက္ကသိုလ်တက်ရန် ဆုံးဖြတ်ချက်ချလိုက်ပါတော့သည်။

သို့သော် ကျောင်းဝင်ကြေး၊ စာအုပ်ဖိုး၊ ကျောင်းလခ အတွက် စိတ်ပူနေရပါသည်။ သို့ရာတွင် စာရေးသူ၏ အဓိဋ္ဌာန်မပျက်ခဲ့ပါ။ ဘိုးဘိုးအောင်တန်ဆောင်းသို့ ဦးအောင်ဖေ မပါဘဲ တစ်ယောက်တည်း နေ့စဉ်လာ၍ အဓိဋ္ဌာန်ဝင်ဖြစ်ပါသည်။ ပုတီးစိပ်ခြင်းအဓိဋ္ဌာန်အပြင် ဂါထာမန္တန်များလည်း မိခင်ကြီး၏ ညွှန်ပြမှုဖြင့် ပို၍ရွတ်ဖတ်လာနိုင်ပါသည်။ ထို အခါက ပညာရေးကို အားပေးသော ဖောင်ဒေးရှင်းများ မရှိသေးပါ။ သို့သော် ပညာရေးကို အားပေးသော ပညာဒါန အားသန်သော အဒေါ်ကြီးတစ်ဦးက ကျောင်းဝင်ကြေး၊ ကျောင်းလခ၊ စာအုပ်ဖိုးတို့ကို တာဝန်ယူ ဖြေရှင်းလိုက်ပါသည်။ ပထမနှစ်ဝက်အတွက်သာ ဖြစ်ပါသည်။ သို့သော် နေ့စဉ် ကျောင်းတက်သောကားခ၊ ထမင်းဘူးအတွက်က မိမိဘာသာ ကြိုးစားအားထုတ်ရပါတော့သည်။

ထိုအခါ စာရေးသူ ပုတီးစိပ်သော ဘိုးဘိုးအောင်တန်ဆောင်းသို့ နေ့စဉ် ဆုံတွေ့နေကျ ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်က "လူကလေး..သိပ်မာနကြီးတာပဲ။ ခေါင်းကလည်း အလွန်မာသလို အဘက လူကလေးဘဝတိုးတက်ရေးကို အထောက်အကူပြုမယ့် အဆောင်တစ်ခု ပေးချင်ပါတယ်။ ဒါကလည်း အဘတို့ ဘိုးစဉ်ဘောင် ဆက် ဆရာအဆင့်ဆင့်က လက်ဆင့်ကမ်းခဲ့တာပါ" ဟု ပြောပြော ဆိုဆိုဖြင့် ၄င်း၏ လွယ်အိတ်ထဲမှ လွန်စွာဟောင်းနွမ်းနေသော အင်းကွက်များပါသည့် ပိတ်စညိုညစ်ညစ်တစ်ခုကို ထုတ်ပြပါသည်။

အဘက "ဒါကတော့ ပိတ်ဖြူပေါ်မှာ ဟင်္သာပြဒါးနဲ့ စီရင်ရေးသား ထားတဲ့ အင်းပဝါဖြစ်ပါတယ်။ တချို့ကတော့ အန္တရာယ်ကင်းဖို့၊ အမျိုး၊ဘာသာ၊သာသနာ တိုင်းပြည်နဲ့ လူမျိုးကို ကာကွယ်တဲ့အခါမှာ အသုံးပြုကြပါတယ်" ဟု ရှင်းပြပါသည်။

"အိမ်မှာဆောင်ရင်တော့ ဘုရားစင်မှာ ပိတ်နံကြက်မျက်နှာကြက်အဖြစ် ထားလေ့ရှိပါတယ်" ဟု ဆက်လက်ရှင်းပြပါသည်။

"ဒီအင်းအဆောင်ကိုပေးတာ အဘက ဟောဒီဘိုးဘိုးအောင်တန်ဆောင်းမှာ သစ္စာပြုပြီးပေးမှာပါ။ အဘရရှိတုန်းကလည်း အဘဘိုးဘိုးအောင်တန်ဆောင်းမှာ စမလေးလုံးဂါထာရွတ်ရင်းနဲ့ အဘဘိုးဘိုးအောင်လို့ထင်ရတဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦးထံက ရခဲ့တာပါ။ လူကလေးနဲ့ ထိုက်မယ်ထင်လို့ လက်ဆင့်ကမ်းခဲ့တာပါ။ ဒီအတွက် ဘာမှပေးစရာ၊ ကန်





www.burmeseclassic.com

www.burmeseclassic.com

ကောစရာ မလိုပါ။ မေတ္တာဖြင့် ပေးခြင်းဖြစ်ပါတယ်ဟု ပြောကာ ရွှေတိဂုံဘုရားဘက်လှည့်ကာ သစ္စာပြု၍ စာရေးသူအား အပ်နှံလိုက်ပါသည်။ စာရေးသူလည်း လက်နှစ်ဖက်ဖြင့် တလေးတစား လက်ခံရယူလိုက်ပါသည်။ ပဝါစမှာ ညွန့်စွာမှ ဟောင်းနွမ်းနေပါသည်။

စာရေးသူက ထိုစဉ်က အင်း၊ စမအကြောင်း စီရင်ခြင်း၊ အင်းအကျိုးအသွား သေချာစွာ မသိရသေးပါ။ ဒါကြောင့် နားလည်တတ်ကျွမ်းသော ဆရာတော်အရှင်သံဝရနှင့် ဆက်သွယ်ပြီး တွေ့သောအခါ ဆရာတော်ထံ အပ်နှံလိုက်ပါသည်။ ဆရာတော်မှ အင်းပဝါနှင့်ပတ်သက်၍ မှတ်စုစာအုပ်တွင် အသေးစိတ် ရှင်းပြပါသည်။ အင်းဆဲဂါထာနှင့် အင်းဟိန်းဂါထာတို့ကိုလည်း သင်ပြပေးပါသည်။ အကျိုးအသွားမှာ ပြောဖွယ်ရာမရှိ၊ အကျိုးအနှစ်ဟု သိရပါသည်။

ယခုတင်ပြထားသော သမ္မုဒ္ဓေကွန်ချာအင်းနှင့် စမအစီအရင်မှာ မူလအင်းပဝါမှ ပြန်လည်ကူးယူထားခြင်းဖြစ်ပါသည်။ ဖယောင်းတိုင်တွင်ပတ်၍ ပူဇော်ခြင်း၊ ရွှေပြား၊ ငွေပြား၊ ကြေးပြား(ကြေးကမ္ဘဝါ)တွင် စီရင်၍ ဆောင်ထားခြင်းပြုပါက သီလလုံပြီး မွဲစုံလျှင် အကျိုးအနှစ်ဟု သိရပါကြောင်း ထပ်လောင်းတင်ပြ ရေးသားလိုက်ပါသည်။

သမ္မုဒ္ဓေကွန်ချာ (အင်းဆဲသွင်းရန်ဂါထာ)

(၁) ဥုံ..သဟဿ သမ္မုဒ္ဓေ အဋ္ဌဝိသဋ္ဌ ဒွါဒသဋ္ဌ
ပဋ္ဌသတ သဟဿာနိ ဟရီ နမာမိ သိရ သာမဟံ။

(၂) အပွကာ ဝါဠုကာ သံဃဋ္ဌ ဓမ္မဋ္ဌ ဂင်္ဂါ
အာဒရေန နဘာဝေ ဟိတွာ ဗုဒ္ဓ နမော နမက္ကာရာ။

(၃) ခိမံ သဗ္ဗေ ဥပဒ္ဒဝေ ဘဂဝါ
သာ နတိ နမော။

အင်းကိုစုတ်ရန်ဂါထာ

(၁) ဥုံ..အဋ္ဌဝိသဋ္ဌ သမ္မုဒ္ဓေ၊ သကေသဟ ဒွါဒသဋ္ဌ၊
သဟဿာနိ သတပဋ္ဌ မဟံသိရသာ နမာနိ။

(၂) ဂင်္ဂါ ဝါဠုကံ အပွကံ၊ ဇိနံ နိဗ္ဗုတံ အနန္တံ၊
သံဃဋ္ဌ ဓမ္မဋ္ဌ စောသံ၊ မဟံ နမာ အာဒရေန။

(၃) နဘာဝေန နမက္ကာရာ၊ ဥပဒ္ဒဝေ သဗ္ဗေဟိတွာ၊
အန္တရာယာပိ အနေက၊ အသေသတော ဝိနာသန္တု။

မေတ္တာရည်၍

ပုရောဟိတ် ဆရာဦးမြတ်စံ

ဖုန်း - ၀၉ ၅၁၇ ၆၆၄၆

မန္တလေး-နေပြည်တော် ဆရာလှ၏ မြေးတပည့်

ဆရာမကြီး ဒေါ်စောဦးစံ (ရှမ်းပြည်)

B.A (History)

ဇေဒင် လက္ခဏာ ဟောဗျာဂရုဏ်

စီးပွားရေး၊ အိမ်ထောင်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကိစ္စအဝဝကို ရှမ်းပညာစစ်စစ်၊ အံ့ဖွယ်နက်နဲဆန်းကြယ်သော အထူးယဉ်ကြာများဖြင့် ထက်မြက်စွာ ဆောင်ရွက်ပေးသည်။

ပူပြင်းလှသည့် နှလုံးသားခံစားချက်ရှိသူများ အေးချမ်း၊ ပျော်ရွှင်၊ တည်ငြိမ်၊ သာယာသော ဘဝအလှ ရရှိစေရန် ဆရာမကြီးထံ လာရောက်ဆွေးနွေးနိုင်ပါသည်။

(တနင်္ဂနွေ၊ တနင်္လာ)နေ့များမှအပ နေ့စဉ် ဟောခန်းဖွင့်ပါသည်။

ဟောခန်း - အမှတ်(၁၆)၊ အနောက်ဘက်မုခ်၊ ကျိုက်ဝိုင်းဘုရား၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ဟောခန်း(အိမ်) - တိုက်-၇၉(၅-လွှာ)၊ အောင်မေတ္တာလမ်း၊ (၁)ရပ်ကွက်၊ သမိုင်း၊

မရမ်းကုန်းမြို့နယ်၊ ရန်ကုန်၊ ☎ ၀၉ ၇၃ ၂၄၀ ၇၉၆ ၊ ၀၉ ၃၂ ၂၂ ၇၇ ၉၇

www.burmeseclassic.com

www.burmeseclassic.com

ယောနက-ဘိုးထောင်

ကျော်သူ (သို့မဟုတ်) သူကျော်

တစ်နေ့သဋ္ဌ ကျွန်ုပ်သည် ကျော်သူ ရေးသားသီကုံးဖွဲ့နွဲ့သော ကျွန်တော်သာ သမ္မတကြီးဖြစ်ခဲ့ရင် စာအုပ်ကြီးကို ဖတ်ရှုလိုက်ရပါသည်။

ကျော်ဝင်း (သို့မဟုတ်) မောင်မောင် (သို့မဟုတ်) ကျော်သူအကြောင်း ဘဝရုပ်ပုံလွှာကို ထိုသို့ ဤသို့ မှတ်သားလိုက်ရပါ၏။

(၁၉၅၉)ခုနှစ်၊ နိုဝင်ဘာလ (၂)ရက်မွေးဖွား။ တက္ကသိုလ်ပညာ သင်ကြားစဉ် ဒေါ်မြင့်မြင့်ခင်ဖေ (သို့မဟုတ်) ရွှေဇီးကွက်နှင့် အိမ်ထောင်ပြု၊ သားသမီးနှစ်ဦးထွန်းကား၊ သား ပြည်သိမ်းကျော်၊ သမီး မြင့်မိုရ်ဦး။ (၁၉၈၄)ခုနှစ်တွင် ရုပ်ရှင်စတင်ရိုက်ကူး၊ မြန်မာရုပ်ရှင်ထူးချွန်ဆုနှစ်ဆု ရရှိခဲ့၊ (၂၀၀၁)ခုနှစ်မှစ၍ နာရေးကူညီမှုအသင်းတွင် ကူညီခဲ့၊ (၂၀၀၃)ခုနှစ် နာရေးကူညီမှုအသင်း(ရန်ကုန်)တွင် ဒုတိယဥက္ကဋ္ဌ၊ (၂၀၀၈)ခုနှစ်တွင် ဥက္ကဋ္ဌ (ယခုအချိန်ထိ တာဝန်ထမ်းဆောင်ဆဲ)။ သဘာဝဝန်းကျင်၊ လူမှုရေး၊ ငြိမ်းချမ်းရေးတို့အတွက် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့။ ပြည်သူဘက်တော်သား အနုပညာသမားဆု (၂၀၀၉)ခုနှစ်၊ ပြည်သူ့ဂုဏ်ရည်ဆု (၂၀၁၀)ခုနှစ်၊ ဒေါ်နွေလအသင်းတော်မှ D.H.S.S ဘွဲ့ (၂၀၁၁)ခုနှစ်၊ NED ဆု (၂၀၁၂)၊ ရုပ်ရှင်သူရဲကောင်းဆု (၂၀၁၂)ခုနှစ်၊ မေတ္တာရှင် ပရဟိတစံပြဆု (၂၀၁၃)ခုနှစ်၊ သုတစွယ်စုံစာပေဆု (၂၀၁၄)ခုနှစ်၊ အာရှတိုက်၏ အမြင့်ဆုံး မွန်မက်ဆေးဆေးဆု (၂၀၁၅)ခုနှစ် ရရှိခဲ့။ ကမ္ဘာ့အမြင့်ဆုံး နိဘယ်ဆုကဲ့သို့ အာရှတိုက်၏ အမြင့်ဆုံးဖြစ်သည့် Romon Mag Say A World ကို ၂၀၁၅ ခုနှစ်အတွက် ဇူလိုင်လ (၂၉)ရက်နေ့က ထုတ်ပြန်ခဲ့ပါသည်။ မြန်မာနိုင်ငံမှ နာရေးကူညီမှုအသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးကျော်သူ ရရှိခဲ့ပါသည်။

ကျော်သူ (သို့မဟုတ်) သူကျော် လူကြီးမင်းဖြစ်သွားခဲ့လေပြီ။ ကျွန်ုပ်သည် ကျော်သူ၏ နှလုံးသားတွင် ဘုရားဘည်ဆိုသော လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး အကြောင်းကိုလည်း ဖတ်ရှုရပြန်သည်။ ကျော်သူ ရင်တွင်း ဆန္ဒကို ပွင့်ပွင့်လင်းလင်း မြင်ရသည်။ ကျော်သူခံစားချက် ပွင့်ထွန်းပေါ်လာမှုဖြစ်သည်။ လူတိုင်း၊ လူတိုင်း နှလုံးသားတွင် ဘုရားတည်နိုင်ဖို့ အထူးလိုအပ်လှသည်။

ကျော်သူရင်တွင်းဖြစ်မှာ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ကျွန်တော် မဖူးမြင်ရသည်မှာ လေးနှစ်တာကာလအတွင်းသို့ ရောက်ခဲ့ပြီဖြစ်သည်။ ကုန်လွန်ပြီးသောကာလ (၂၀၀၇)ခုနှစ်၊ စက်တင်ဘာလ မတိုင်မီအချိန်များတွင် ကျွန်တော်သည် တစ်ပတ်လျှင်တစ်ကြိမ် အနည်းဆုံး ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်သို့ တက်ရောက်ဖူးမြော်ခဲ့ဖူးပါသည်။ ထို့အပြင် တက်ရောက်ကြည်ညို ဖူးမြော်ခွင့်ရခဲ့လှသော ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အထွတ်အထိပ်တွင် တည်ရှိနေသော စိန်ဖူးတော်ကြီးအားလည်း ကျွန်တော်နှင့် ကျွန်တော်၏သား ပြည်သိမ်းကျော်တို့ တက်ရောက်ဖူးမြော်ခဲ့ဖူးပါသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးသည် မြန်မာပြည်သူလူထုတင်မက ကမ္ဘာ့နိုင်ငံအသီးသီးမှ ဘာသာခြားများနှင့် မစိမ်းပါ။ လူမျိုး၊ ဘာသာ၊ ဆင်းရဲချမ်းသာမရွေး လွတ်လပ်စွာ တက်ရောက်ဖူးမြော်ခွင့်ရရှိသည့်၊ တန်ခိုးကြီးမားလှသည့် ဗုဒ္ဓဘာသာနွယ်ဝင်တို့၏ အထွတ်အမြတ်ထား ကိုးကွယ်ရာတည်းဟူသော ဗုဒ္ဓမြတ်စွာဘုရား၏ ဆံတော်များကိန်းဝပ်ရာ ရွှေတိဂုံစေတီတော်မြတ်ကြီးအား (၂၀၀၇)ခုနှစ်၊ စက်တင်ဘာလ နောက်ပိုင်းတွင် လူမျိုး၊ ဘာသာ၊ ဆင်းရဲချမ်းသာမရွေးတို့၏ နာရေး၊ ဆေးကူညီမှု၊ ပညာရေးကဏ္ဍများအား အခမဲ့ဖေးမ၊ ကူညီပေးနေသော ကျွန်တော် တက်ရောက်ဖူးမြော်ရာတွင် လွတ်လပ်မှုများ ဆုံးရှုံးခဲ့တော့သည်။

ကျွန်တော်သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား တက်ရောက်ဖူးမြော်မည်ဆိုပါက အာဇာနည်ကုန်းမြောက်ဘက်မုခ်မှ ဓာတ်လှေကားနှင့်တက်ကာ ရင်ပြင်ပေါ် ရောက်သည်နှင့် မေတ္တာပို့သမ္မကို မြောက်ဘက်မုခ်တွင်ရှိသော ဝိဇ္ဇာတန်ဆောင်း ရောက်သည်အထိ ပို့သကာ ဝိဇ္ဇာတန်ဆောင်းတွင် သမဏ၊ ဝိပဿနာ ကျင့်စဉ်တို့ကို ကျင့်ကြံ

www.burmeseclassic.com

www.burmeseclassic.com

အားထုတ်ပြီး တနလ်ာထောင့်တွင် စေတီတော်မြတ်ကြီးအား မြတ်ဗုဒ္ဓ၏ ဆံတော်များကို မျော်မှန်းကြည်ညို သဒ္ဓါပွားကာ ဦးချပြီးနောက် စေတီတော်မြတ်အား လက်ယာရစ် တစ်ဝက်,ပတ်ကာ အောင်မြေတွင် ဦးချ၍ မြောက်ဘက်မုခ်မှ ပြန်လည်ဆင်းလေ့ရှိသည်ဟူ၍ ဖတ်ရှုရပါသည်။

ကျွန်ုပ်၏ နှလုံးသားအိမ်ကို လေနုအေးကလေး ပက်ဖျန်းလိုက်သလို ခံစားရပါသည်။ ကျော်သူကိုလည်း လေးစားအရေးထားမိသွားပါသည်။

မည်သို့ပင်ဖြစ်စေ ယနေ့ကျော်သူသည် ဒီနေ့ကျော်သူ အဖြစ်သို့ ပြောင်းလဲသစ်လွင်သွားတော့သည်။ ကျော်သူ အောင်မြင်စွာ ဆုတ်ခွာခဲ့ပါသော ရုပ်ရှင်လမ်းမကြီးပေါ်သို့ အသစ်တစ်ဖန် ပြန်၍ခြေလှမ်းသစ်များ ထွက်ပေါ်လာခဲ့ပြန်သည်။ ဆရာကြီးမင်းသိခ်၏ ပရော်ဖက်ဆာ ဒေါက်တာ ဆီတ်ဖွား ရုပ်ရှင်ကားကြီးဖြင့် မူလဘူတရုပ်ရှင် အောင်မြင်မှုလမ်းကြောင်းမြတ်ပေါ်သို့ ချဉ်းနင်းဝင်ရောက်လာခဲ့သည်။ သို့နောက်တစ်ဖန် ဆရာကြီးမောင်ထင်၏ ငဘဝတ္ထုကြီးကို ပြန်လည်အသက်သွင်း ရုပ်ရှင်ဖြင့် အောင်ပွဲခံ အောင်လံထူ ပေးခဲ့တော့မည်။ လယ်သမားတို့၏ ဆင်းရဲခဲ့တော ဘဝမလှ ခါးမဝသော ငဘကို ကျော်သူ ပီပီပြင်ပြင် တင်ပြလာပြန်သည်။ ရုပ်ရှင်မင်းသားကြီး ကျော်သူသည် ယခု အခါတွင် သူကျော် ဖြစ်လာခဲ့ပြီ။

ရုပ်ရှင်မင်းသားကြီး ကျော်သူသည် နှလုံးသားတွင် ဘုရားတည်ခဲ့ရံသာမက ခြေနှံမှာရေမြေတွင်လည်း ဘုရားတည်၊ ကျောင်းဆောက် ကုသိုလ်ထူးကို ရယူပိုင်ဆိုင်ခဲ့ပြန်သည်။ ကျော်သူသည် ဘုရားကကြီးအဖြစ် အမြင့်ဆုံး အမြတ်ဆုံး အောင်မှုတော်ကို ပိုင်ဆိုင်သွားပြန်၏။ ဤနေ့တိုင်းဒေသကြီး ပြည်တစ်ဖက်ကမ်းသည် ဘွဲ့တော် မဟာမဏိတ ပရဟိတ အောင်တော်မူစေတီတော်မြတ်ကြီး ဖြစ်သည်။ တည်ထားကိုးကွယ်မှု လက်ရှိအချိန်တွင် (၇၀)ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်သည်။ အများပြည်သူ ကြည်ညိုပူဇော်နိုင်ရန် နှလုံးသားတွင်သာမက မြန်မာ့မြေပေါ်တွင် အမြင့်ဆုံး ကုသိုလ်ဒါနအလှူကြီး တစ်ခု ပြုလုပ်ခဲ့သည်။ (၂၀၁၆)ခုနှစ် ပြည်ထောင်စုနေ့ထူး ရက်မြတ် အခါသဘင်တွင် ကြည်သာအေးမြကျောင်း ဆရာတော် ဦးကေသလ ဦးစီးကာ ရွှေထီးတော်မင်္ဂလာကို အောင်မြင်စွာ ကျင်းပတော့မည် ဖြစ်၏။ ခုနစ်နေ့သားသမီးများ ဖူးမြော်ကြည်ညိုနိုင်ရန် ရည်ရွယ်တည်ထားသော စေတီမြတ်ကြီးတစ်ဆူ ဖြစ်သည်။

ပရဟိတကျောက်စာကိုလည်း ရေးထိုးသွားမည်ဟု သိရှိရသည်။ မဟာမဏိတပရဟိတ အောင်တော်မူစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း နဂါးရုံနှင့် ဗောဓိညောင်ပင်တို့ကိုလည်း တည်ထားကိုးကွယ်သွားမည်ဖြစ်သည်။ စေတီတော်တည်ဆောက်မှု စုစုပေါင်း ကုန်ကျငွေမှာ ကျပ်သိန်း (၁၀၀၀)ဖြစ်သည်။

မဟာမဏိတပရဟိတ အောင်တော်မူစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း၌ ထူးခဆန်းသော ကျောက်ဖြစ်ရပ်ကြွင်း လိပ်ကြီးကို ထားရှိမည်။ ရှေးဟောင်းသုတေသနပညာရှင်များ လေ့လာမှုအရ ရှေးနှစ်သန်းပေါင်း(၃၀)မှ (၅၀)အတွင်းရှိ ထူးဆန်းသော ကမ္ဘာဦးခေတ်က လိပ်ကြီး



ဓမ္မတိဂုံစေတီတော်မြတ်ကြီး

www.burmeseclassic.com

www.burmeseclassic.com

ဇော်ခုနှစ်ကြားသည့် စေတီတော်ပရိဝုဏ်အတွင်း ကျောက်ဖြစ်ရုပ်ကြွင်း လိပ်ကြီး

ပုံသဏ္ဌာန် ကျောက်ဖြစ်ရုပ်ကြွင်းကို မင်းသားကြီးကျော်သူတည်ထားကိုးကွယ်သော ပဲခူးတိုင်းဒေသကြီး ပြည်မြို့ တစ်ဖက်ကမ်းရှိ ပရဟိတအောင်တော်မူစေတီတော်အတွင်း ကန်ကြီးထဲ၌ ထားရှိပါမည်။ အများသူငှာ ကြည့်ရှုလေ့လာနိုင်ရန်အတွက် ဝေးလှသော ရွာတစ်ရွာမှ အလှူရှင် တစ်ဦးက နာရေးကူညီမှုအသင်း(ရန်ကုန်) ဥက္ကဋ္ဌကျော်သူထံ ဆက်သွယ်လှူဒါန်းထားခြင်း ဖြစ်သည်။ ကျောက်ဖြစ်ရုပ်ကြွင်းလိပ်ကြီးသည် အလျား(၄)ပေကျော် အနံ(၃)ပေခန့် ရှိကြောင်း သိရသည်။

ကျောက်ဖြစ်ရုပ်ကြွင်း လိပ်ကြီးနှင့်ပတ်သက်၍ မင်းသားကြီးကျော်သူက ပြောကြားရာတွင် "ပြည်မြို့တစ်ဖက်ကမ်းက ပြောရရင် ရေမထွက်တဲ့နေရာပါ။ ရေကြောရှာလို့ မရနိုင်တဲ့ နေရာလည်းဖြစ်တယ်။ စေတီတော်ကြီးပရိဝုဏ်အတွင်းမှာ ရေရရှိနိုင်ဖို့အတွက် အဝိစိတွင်း တူးတဲ့အခါမှာလည်း မအောင်မြင်ခဲ့ဘူး။ အဲဒီအချိန် အလှူရှင်တစ်ယောက်က သူတို့ရွာမှာ ကျောက်ဖြစ်ရုပ်ကြွင်းလိပ်ကြီး ရှိတယ်။ ဦးကျော်သူရဲ့ စေတီတော်ကြီးမှာ လှူဒါန်းချင်တယ်ဆိုပြီး ပေးအပ်လှူဒါန်းခဲ့တာပါ။ ထူးဆန်းတာတစ်ခုက လိပ်ကြီးကို သွားရောက်သယ်ဆောင်တဲ့အခါမှာ လူ(၁၀)ယောက်လောက် ဝိုင်းမ,ပါတယ်။ ဘယ်လိုမှ မ,လို့မရခဲ့ဘူး။ နောက်တစ်ခါ ကရိန်းနဲ့ မ,တယ်။ ချိန်းကြိုးပြတ်သွားခဲ့တယ်။ နောက်ဆုံး ကန်တော့ပွဲပေးပြီး ကျောက်ဖြစ်ရုပ်ကြွင်း လိပ်ကြီးကို ရောင်းဖို့မဟုတ်ပါဘူး။ ဦးကျော်သူတည်ထားတဲ့ စေတီတော်ကြီးကို လှူဒါန်းမလို့ပါဆိုမှသာ လိပ်ကြီးကို မ,လို့ရခဲ့တယ်။ နောက်တစ်ခါ ကျောက်ဖြစ်ရုပ်ကြွင်း လိပ်ကြီးရောက်လာတဲ့အခါ ယာယီနေရာ လုပ်ပြီးထားတယ်။ အဲဒီကနေရွှေ့တော့ လိပ်ကြီးယာယီထားခဲ့တဲ့အောက်မှာ ကျောက်ဖျာကြီးတစ်ချပ်ကို တွေ့ရှိခဲ့ပြီး တူးလို့မထွက်တဲ့ ရေတွေဟာလည်း တူးလို့ရခဲ့ပါတယ်။ အခုတော့ ကျောက်ဖြစ်ရုပ်ကြွင်း လိပ်ကြီးကို စေတီတော်ကြီးရဲ့ ပရိဝုဏ်အတွင်းမှာပဲ လိပ်ကန်တစ်ခု တည်ဆောက်ပြီး ထားရှိပါတယ်" ဟု ရှင်းလင်းပြောကြားခဲ့ပါသည်။

အဆိုပါ ကျောက်ဖြစ်ရုပ်ကြွင်း လိပ်ကြီးကို (၂၀၁၅) ခုနှစ်၊ ဖေဖော်ဝါရီလတွင် လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ပရဟိတအောင်တော်မူစေတီတော်ကြီးသို့ စတင်ရောက်ရှိခဲ့သည့် မတ်လအတွင်း ရေများ တူးဖော်ရရှိခဲ့ခြင်းဖြစ်သ[illegible]။ အများသူငှာ လေ့လာနိုင်ရန် ကျောက်ဖြစ်ရုပ်ကြွင်းလိ[illegible]ကြီးကို ထိခိုက်ပျက်စီးမှု မရှိစေရန် အစာကျွေးခြင်း၊ ရေဖြင့်လောင်းခြင်း မပြုလုပ်ရန်အတွက်သာ မေတ္တာရပ်ခံမည်ဖြစ်၏။ မဟာမဏိတ ပရဟိတအောင်တော်မူစေတီတော်မြတ်ကြီး ဘုရားဒကာကျော်သူ (သို့မဟုတ်) သူကျော် ဖြစ်ပါကြောင်း ကျွန်ုပ် ရဲရဲဝံ့ဝံ့ ရေးသားတင်ပြအပ်ပါသည်။

နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ

ယောနက-ဘိုးထောင်

www.burmeseclassic.com

www.burmeseclassic.com

ထူးခြားရှားပါး မိုးကြိုးသွား (၁)

သာဆတ်ကော် (မဂ္ဂေး)

တစ်နေ့သောအခါသမယတွင် ကျွန်တော့်မဟိဒ္ဓိဗေဒင် ဟောခန်းသို့ ဒေါ်ဆွေကြိုး မြသာဒွန်းဆိုသူ ရောက်လာလေ သည်။ ထိုမြသာဒွန်း ဆိုသည့် ပုဂ္ဂိုလ်ကြိုးကို ဘကြီးဒွန်းဟု ကျွန်တော်က အလွယ်ခေါ်လေ့ ရှိသည်။

ဘကြီးဒွန်း ကျွန်တော့်ဟောခန်းထဲ ရောက်ရောက်ချင်း ခံသည် ဝေါခနဲ ရွာချလိုက်သည်။ မိုးရွာသွန်းမှုနှင့် ရေးမနှောင်းမှာပင် လျှပ်စီးများ တဝင်းဝင်း တလက် တက်ဖြင့် မိုးခြိမ်းသံ၊ မိုးကြိုးပစ်ချသံများကိုလည်း ဆက်တိုက် ကြားလိုက်ရပြန်၏။ တစ်ကြိမ် လျှပ်စီးလက်လိုက်ချိန်တွင် ကျွန်တော်သည် နားကို လက်ဖဝါးနှစ်ဖက်ဖြင့် စုံပိတ် မျက်စိမှိတ်ကာ ဝပ်သွားမိသည်။ ကျွန်တော့်အဖြစ်ကို ကြည့်ရင်း ဘကြီးဒွန်းသည် ကွမ်း,သီးမတတ် ဟားဟား ရယ်မောလေသည်။ ထိုသို့ ဘကြီးဒွန်း ရယ်လိုက်သဖြင့် ကွမ်းရွက် ကြိတ်ဖတ်များသည်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်မျက်နှာကို လာထိမှန် ပေကျဲကုန်၏။

ထို့ကြောင့် ကျွန်တော်သည် ရုက်လည်းရုက်၊ ရွံလည်းရွံ၊ ရုက်ရွံကြီးဖြစ်ကာ ဒေါသဖြင့်-

'ဒီလောက်အထိ အူတက်မတတ် ရယ်နေတာ ခင်ဗျား တူမလေး နှစ်ယောက်စလုံး ကျူပ်နဲ့ ပေးစားချင်လို့လား'

ဟု မေးလိုက်ရာ-

'ဟား..ဟား..ဟား..တော်တော်ရယ်ရတဲ့ ဗေဒင်ဆရာလေးပဲ။ သူကိုယ်သူကျတော့ မိုးကြိုးအပစ်ခံရမှာ ကြောက်နေလိုက်တာများ တကယ့်ကလေးလေးကျနေတာပဲ' ဟု ပြန်ပြောလာ၏။

ထို့ကြောင့် ကျွန်တော်က-

'မိုးကြိုးပစ်လို့ အသေခံချင်တဲ့လူ ခင်ဗျားကြီး တွေ့ဖူး, မြင်ဖူးလို့လား။ ပြောစမ်းပါဦး' ဟု မေးဆတ်ပြီး ဒေါ်နဲ့ မောနဲ့ မေးပစ်လိုက်သည်။

ထိုအခါ ဘကြီးဒွန်းက-

'ဘယ်သူမှတော့ မရှိဘူးပေါ့ ငါ့ကောင်ရာ။ ဒါပေမဲ့ မိုးကြိုးပစ်ခံရမယ့်သူတစ်ဦးဟာ သူ့ကံစာတာမှာ သောကြာ ဂြိုဟ် မကောင်းဌာနမှာ တနင်္လာဂြိုဟ်ဆန်းကျင်ရင် သေချာပေါက် မိုးကြိုးပစ်ခံရတတ်တယ်။ တကယ်လို့ သောကြာဂြိုဟ် အကောင်းဌာနမှာ တနင်္လာဂြိုဟ် ဆန်းကျင်ခဲ့ရင်တော့ မိုးကြိုးစက်ကွင်း ခတတ်တယ်ဆိုတာလောက်တော့ ဗေဒင်ဆရာလုပ်နေပြီး သိဖို့ကောင်းတာပေါ့။ ဒါမှမဟုတ်လည်း လူပြိန်းနားလည်အောင် ပြောရရင် မိုးကြိုးအပစ်ခံရမယ့်သူတစ်ယောက်အဖို့ လျှပ်စီးလက်ပြီးတာနဲ့ ချွင်ခနဲ အသံတစ်သံ စကြားရမယ်။ ဆံပင်ထောင်သွားမယ်။ ဒီလိုကြားကြားချင်း နီးစပ်ရာကြမ်းပြင်၊ ဒါမှမဟုတ် မြေကြီးပေါ်ကို ဝမ်းလျားထိုးပစ်လိုက်ရမယ်။ မြန်နိုင်သမျှ မြန်ရမယ်နော်။ ဒါဆိုရင် လျှပ်စီးလမ်းကြောင်းကို ဖြတ်တောက်ပစ်လိုက်တဲ့အတွက် မိုးကြိုးလွဲသွားစေတယ်ကွ' ဟု ဗေဒင်ပညာရပ်ရော သိပ္ပံနည်းကျသဘောပါ ပူးတွဲ၍ ရှင်းပြပြောလာသည့် အချိန်တွင် ဒီလူကြီးကို ကျွန်တော် တော်တော်လေး ဖြုန်သွားမိ၏။

ထို့ကြောင့် မျက်နှာပိုးသတ်လိုက်ရင်း-

'တယ်လည်း နံ့စပ်ကျွမ်းကျင်တဲ့ ဘကြီးဒွန်းပါလားဗျ။ ဒါနဲ့ မသိလို့ မေးစမ်းပါရစေ။ မိုးကြိုးသွားဆိုတာ တကယ်ကော ရှိလို့လား။ ရှိရင်တော့ ဇဃနဏရှင်းပြပေးပါဦး' ဟု ပြောလိုက်လေသည်။

ဘကြီးဒွန်းသည် ကျွန်တော့်အမေးစကားကို တန်းမဖြေသေးဘဲ အပြင်ဘက်တွင် စဲစပြုနေပြီဖြစ်သော မိုးရေစက်တို့ကို ငေးကြည့်နေပြန်သည်။

ပြီးတော့မှ ပါးစောင်တွင်းက ကွမ်းကြိတ်ဖတ်တို့ကို ကြွပ်ကြွပ်အိတ်အမည်းထဲ ထွေးထုတ်လိုက်ကာ-

'တကယ်ရှိတာပေါ့ ဗေဒင်ဆရာလေးရာ။ ဟောဒီမှာ ကြည့်' ဟုဆိုပြီး သူလွယ်အိတ်ကြီးထဲမှ ညှိမည်းမည်းမိုးကြိုးသွား ပုံစံအမျိုးမျိုးကို စားပွဲပေါ် သွန်ချပြလာ၏။

လို့နောက် ဘကြီးဒွန်းက-

'မိုးကြိုးသွားက နှစ်မျိုးရှိတယ်ကွ။ ကြေးမိုးကြိုးသွားနဲ့ ကျောက်မိုးကြိုးသွားပေါ့။ ဒါတွေကတော့ ငါ စုဆောင်းထားခဲ့တဲ့ ကျောက်မိုးကြိုးသွားတွေလေ။ ဒီလိုကျောက်မိုးကြိုးသွားမှာပဲ ထပ်ပြီးခွဲထားတာက ကျောက်မိုးကြိုးပုဆိန်၊ ကျောက်မိုးကြိုးစက်ကွင်း၊ ကျောက်မိုးကြိုးသားရေခြင်နဲ့ ကျောက်မိုးကြိုးလောက်စာဆိုပြီး (၄)မျိုးရှိသေးတယ်။ အဲဒီထဲက ကျောက်မိုးကြိုးလောက်စာ ဆိုတာကတော့ လောက်လေးခွနဲ့ ထည့်ပစ်တဲ့ လောက်စာလုံးထက် နည်းနည်းပိုကြီးတယ်' ဟု လက်တွေ့ကျစွာရှင်းပြ၏။

ကျွန်တော်သည် ဘကြီးဒွန်း ပြောပြသမျှကို မှတ်ရေးမှတ်ရင်း-

'ဒါဆို ကြေးမိုးကြိုးသွား ဆိုတာကတော့ တစ်မျိုးတစ်စားတည်းပဲ ရှိတယ်ဆိုတဲ့ သဘောပေါ့နော် ဘကြီးဒွန်း' ဟု ခေါင်းမော့ကာ မေးလိုက်သည်။

'ဒီလိုမဟုတ်ဘူးကွ။ ကြေးမိုးကြိုးသွားမှာလည်း ကြေးမိုးကြိုးပုဆိန်၊ ကြေးမိုးကြိုးစက်ကွင်း၊ ကြေးမိုးကြိုးအုံဆိုပြီး (၃)မျိုးခွဲထားတာ ရှိတယ်'

'မိုးကြိုးသွားကို အုပ်စုအလွေ့လွေ့ ခွဲခြားထားတာတော့ ဟုတ်ပါပြီဗျာ။ အသုံးဝင်ပုံနဲ့ အသုံးပြုပုံတွေ ရှိရင်လည်း ပြောစမ်းပါဦး'

'ဗေဒင်ဆရာလေးကတော့ဗျာ အာရုပ်ပုံပြင်ထဲက လားအုတ်လိုပဲ တတိ,တတိနဲ့ တဲထဲ တစ်ကိုယ်လုံးဝင်နေပြီး ကျူပ်ကို မောင်းတော့ မထုတ်လောက်ပါဘူးနော်'

'စိတ်မပူစမ်းပါနဲ့ ဘကြီးဒွန်းရာ။ ရှင်းပြလို့ မပြီးမခြင်းတော့ မလုပ်ပါဘူး။ ဟဲ..ဟဲ..ဟဲ'

'ကိုင်း..လိုက်မှတ်။ စောစောတုန်းကပြောခဲ့တဲ့ ကြေးမိုးကြိုးသွားနဲ့ ကျောက်မိုးကြိုးသွားတစ်ခုခုကို ရအောင်ရှာ။ ရှာပြီးတာနဲ့ မီးမဖွားနိုင်တဲ့ အမျိုးသမီးတွေရဲ့ဆံပင်မှာ ခြည်

www.burmeseclassic.com

www.burmeseclassic.com

သော ကိလေသာအချစ်တို့ကို (၅၂၈)နှင့် (၁၅၀၀)ဟူ၍ အကာန်းများဖြင့် ခွဲခြားပေးပြီး တူသယောင် နီးကပ်စွာ ဟောကြလေသည်။

တကယ့်တကယ်မူကား ၄င်းတို့နှစ်မျိုးသည် ခေါင်းနှင့် သဖွယ်သာတည်း။ မေတ္တာဖြင့် ဆင်ခြင်လျှင် အရာရာ အကောင်းဘက်မှသာ မြင်၏။ ကြင်နာသနားမှုများဖြင့် ခွင့်လွှတ်နိုင်လေသည်။ အနောက်တိုင်းမှ နိုင်ငံများတွင် အသုံးချုပ်စားဘဝကိုလည်းကောင်း၊ ကျွန်ုပ်တို့ နိုင်ငံမှာမူ ကြင်နာဦးဖိုးမောင်နှံကိုလည်းကောင်း၊ တရုတ်နိုင်ငံတွင်မူ အသက်အရွယ် ကြီးရင့်လာကြချိန်များတွင်မှလည်းကောင်း ဆင်ခြင်၏သဘောကို ပိုမိုနားလည်ခံစားနိုင်ကြသည်ဟု ယူကဲ့ပြားကြောင်း မှတ်သားရဖွယ်ပါသည်။ တရုတ်လူမျိုး၏ အယူအဆမှာ တပ်မက်မှုရာဂတဏှာ မပါရှိတော့သည့် မေတ္တာတရား၏ နောင်ဖွဲ့မှုဖြစ်၍ တစ်ယောက်သော သူ၏ စိတ်ချမ်းသာစေမှု၊ လိုလားမှုမှန်သမျှတို့အတွက် ကျွန်ုပ်ဦးက ကျေနပ်စွာ ခွင့်လွှတ်ခြင်းဖြင့် ဖြည့်ဆည်းပေးခြင်းတို့ကို ဆိုလိုဟန်တူ၏။

လောက၏ နိယာမတစ်ခုကား မလိုချင်လျှင် ရ၏၊ ချွင်းလွန်းလျှင် မရတတ်။ လိုချင်တပ်မက်မှု လောဘတို့နှင့် ညီသော ကြီးစားအားထုတ်မှုတို့တွင် မှားယွင်းမှုများ ရောနှောနေတတ်ပေသည်။

ပလွားဝါကြွားဖို့၊ တဏှာဟူသော လိုချင်တပ်မက်မှုတို့ဖြင့် ရုန်းကန်ရှင်သန်နေရခြင်းသည်လည်းကောင်း၊ သင်းစားပြီး ကြွေလွင့်ရမည့်နေ့ကို စောင့်ဆိုင်းနေရသကဲ့သို့ ရှင်သန်ရခြင်းသည်လည်းကောင်း၊ လွန်စွာပင်ပန်းပြီး အကုသိုလ်များဖြင့် ရှင်သန်ခြင်း၊ အဓိပ္ပာယ်မရှိသော နေထိုင်ခြင်းများသာ ဖြစ်ပေသည်။

လောဘနှင့် တဏှာစိတ်တို့သည် ဆားငန်ရည်ကဲ့သို့ သောက်လေ့သောက်လေ ငတ်မပြေဖြစ်ရသည်သာ။ လူတို့သည် ငတ်မွတ်ခြင်းရောဂါဝေဒနာ အန္တရာယ်တို့နှင့် ကြုံရသောအခါများတွင် မေတ္တာစိတ်ခေါင်းပါးလာပြီး ကြင်နာတမ်းသော လောဘ၊ ဒေါသ၊ မောဟ၊ ဣဿာ၊ မစ္ဆရိယ စသောကိလေသာစိတ်တို့ဖြင့်သာ တုံ့ပြန်တတ်ကြသည်ဟု သတိချပ်၍ ဆင်ခြင်ရပါမည်။

အသို့ဆိုလျှင် အဘယ်သို့ ရှင်သန်နေထိုင်ကြမည်နည်း။ အကြီးဆုံးအချက်မှာ အသက်ရှင်သန်နေသရွေ့ ကျန်းမာစေး စားသတိ၊ သွားသတိဖြင့် ပြုမူဆောင်ရွက်မှုမှန်သမျှကို သတိဖြင့် ဆင်ခြင်နေထိုင်ရန် ဖြစ်ပါသည်။

လိုချင်တာကို ပေးလှူလိုက်ရ၍ ကြည်နူးကျေနပ်မှုသည် မေတ္တာစိတ်ဖြစ်ပြီး လိုချင်တာကို ရယူလိုက်ရ၍ ကျေနပ်ပျော်ရွှင်မှုသည် လောဘတဏှာစိတ်ဖြစ်လေရာ ပုထုဇဉ်လူသားများအနေဖြင့် ရယူလိုသည့် လောဘတဏှာစိတ်သည် သာမန်အားဖြင့် ရှိနေမည်သာဖြစ်သော်လည်း လျော့ပါးအောင် ကျင့်ကြံနေထိုင်သင့်ပေသည်။

နေ့စဉ်လည်း မေတ္တာနှင့်ယှဉ်၍ နေထိုင်ကုန်ဆုံးနိုင်အောင် သတိထားဆင်ခြင်ရပါမည်။ လောကအလယ် မိမိလျှောက်လှမ်းခဲ့သည့် ဘဝခရီးလမ်းကို တစ်ချက်မျှငဲ့စောင်း၍ ကြည့်လိုက်မည်ဆိုလျှင် လုပ်တိုင်းလည်းမဖြစ်၊ မလုပ်ဘဲလည်း ဖြစ်၍လာသည်များကို တွေ့ရပါမည်။

ယခုအချိန်မှစ၍ မိမိကိုယ်မိမိ ကိုယ်ချင်းစာနာစိတ်ဖြင့် ရပ်တည်နေထိုင်သွားမည်ဆိုပါလျှင် လူဘဝ လူလောက အတွင်း အခြေခံလိုက်နာရမည့် အချက်များကို အလိုလိုလိုက်နာပြီး ဖြစ်ပေမည်။

ပြီးဆုံးခဲ့သည့် ကာလများအတွက် ပြန်လည်တမ်းတကြည်နူးဝမ်းနည်းခြင်းများ ဖြစ်နေမည့်အစား ယခုအချိန်သည် အရေးကြီးဆုံးအချိန်ဖြစ်သည်။ ယခုပေါင်းသင်းနေသူများသည် အရေးကြီးဆုံး မိတ်ဆွေများဖြစ်ပြီး ယခုလုပ်နေသည့်အလုပ်သာ အရေးကြီးအလုပ်ဟု သဘောထားဆင်ခြင်ရပါမည်။

မည်သည့်ဘာသာအယူဝါဒကို ကိုးကွယ်ယုံကြည်သည်ဖြစ်စေ ကိုယ်ချင်းစာနာစိတ်နှင့်ယှဉ်သော အကျိုးကို လိုလားသည့် မေတ္တာတရားသည်သာ အရင်းခံရသောက်မြစ် ဖြစ်ပါ၏။

ဒုက္ခမျိုးစုံဖြင့် ထာဝစဉ်လုံးထွေးနေရသည့် လောကလွှမ်းခြုံတွင် ဒီတစ်နေ့၊ ဒီတစ်နေ့ဟု နေ့စဉ် တစ်ရက်ချင်း မေတ္တာစိတ်ဖြင့် နေမည်ဟု ဆုံးဖြတ်ပြီး တစ်နေ့တာချင်းစီကို ကုန်ဆုံးစေမည်ဆိုလျှင် တစ်သက်တာလုံး မေတ္တာဖြင့်ယှဉ်၍ နေထိုင်သွားနိုင်မည် ဖြစ်ပါသည်။

လက်ရှိဘဝတွင် အေးမြခြင်း၊ ကြည်လင်ခြင်းတို့ဖြင့် နေထိုင်နိုင်ပြီး နောင်တတစ်ဖန် ပူပန်ရသော အခြေအနေမျိုးတို့နှင့် ကင်းဝေးစေရန် အဓိပ္ပာယ်ရှိသော မေတ္တာနေ့သစ်များဆီသို့ လျှောက်လှမ်းကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

မျိုးကြီး(အမရပြာဇေယျ)

www.burmeseclassic.com

www.burmeseclassic.com

ဆရာကာလီဒါသ နိုက်ပျိုးထားသော ပုလဲသီး

ပုလဲဆိုတာ ပင်လယ်ပြင်ရေအနက်အောက်မှာ နေကြတဲ့ ကမာကောင်တွေ ဝမ်းထဲက ရကြတာ လူတိုင်း သိကြပါတယ်။ အခု ဇနကဉာဏ်ရွှင်တဲ့ ဆရာကာလီဒါသက ပုလဲလုံး(အသီး)တွေ သူစိုက်ထားတဲ့အပင်က ပုလဲသီး သီးတယ်လို့ဆိုတော့…။

တစ်ခါတစ်ရံမှာ ပညာရှိတွေတောင်မှ သတိလက်လွတ်ဖြစ်ပြီး သဘာဝဘေးအန္တရာယ် မလွတ်နိုင်ဘဲ ဖြစ်တတ်တာ သဘာဝပါ။ သည်လိုအဖြစ်မျိုး ပညာရှိကာလီဒါသလည်း ဖြစ်ခဲ့ဖူးတယ်။

ဓာရာတိုင်းကြီးရှင် ဘောဇဘုရင်ကြီးက နေ့စဉ် နန်းရင်ပြင်မှာ ညီလာခံခေါ်ပြီး တိုင်းရေးပြည်ရေး ဆွေးနွေးတိုင်ပင် ချမှတ်လေ့ရှိတယ်။ သည်နေ့လည်း မှူးကြီးမတ်ရာတွေအပြင် ဘောဇဘုရင်ကြီးရဲ့ မိဖုရားများ၊ မင်းညီမင်းသားတွေပါ စုံညီစွာ တက်ရောက်နေကြတယ်။

သည်အချိန်မှာ မနေ့ညနေပိုင်း ထမင်းစားတော့ ပဲဟင်းတော်တော်များများစားထားတာမို့ ညီလာခံသဘင်မှာ ပဲဟင်းရဲ့ တန်ခိုးပြဖို့ ဝမ်းထဲက ရုန်းကန်နေတာကို ဆရာကာလီဒါသ အောင့်ထားပေမယ့် ကြာကြာမခံနိုင်ဘဲ လေလည်မိတော့တယ်။

ဘူဆိုတဲ့အသံက နန်းရင်ပြင်တစ်ပြင်လုံးကြားရအောင် ကျယ်လေတော့ မိဖုရားကြီးပါ ကြားသွားပြီး ပြက်ရယ်ပြု ရယ်တော်မူတော့တယ်။ မိဖုရားကြီးကိုယ်တိုင်က ရယ်မောတာဆိုတော့ ဘောဇဘုရင်ကြီးကလဲပြီး အားလုံး ရယ်မောကုန်ကြရော။

ဝိုင်းရယ်ကြတော့ ဆရာကာလီဒါသ ရုတ်တရက် ငါ မအောင့်အည်းနိုင်လို့ လေလည်မိတာကို ဒင်းတို့က ငါ့ကို ပြက်ရယ်ပြုကြတယ်။ ဟင်း…ငါ့အကြောင်း သိမယ်လို့ တွေးပြီး ညီလာခံကနေ ထွက်ခွာသွားတော့တာ။

သည်လိုနဲ့ ဆရာကာလီဒါသ လွတ်တော်မတက်ဘဲ တာ ကြာလာတော့ မင်းကြီး ပျင်းလာတယ် ထင်ပါ့ မင်းချင်းတစ်ဦးကိုလွှတ်ပြီး ခေါ်ခိုင်းတယ်။

'ငါ့ မလာနိုင်သေးဘူး ပြောလိုက်ပါ။ ငါစိုက်ထား ပုလဲပင်က ပုလဲသီးတွေ သီးနေလို့ မှည့်မှ ငါလာခဲ့မယ်

မင်းချင်းလည်း ဆရာကာလီဒါသ ပြောလိုက်တဲ့အတိုင် ဘောဇဘုရင်ကြီးကို ပြန်လျှောက်တော့ ဘောဇဘုရင်ကြီး က အလွန်အံ့သြသွားတာပေါ့။

'ဟေ့…ပုလဲသီးတွေ သီးနေတယ် ဟုတ်လား။ ဒီ တစ်ခါမှ မတွေ့ဖူးပါဘူး။ ပုလဲဆိုတာ ပင်လယ်ရေအောက် မှာ ကျက်စားတဲ့ ကမာကောင်ကပဲ ရတာ။ အခု အပင်

မောင်လှယဉ်
(ဓမ်္မလမြို့)

ဓာရာရာဇဘုရင်ခဲ့ခဲ့
ပညာရှိ ကာလီဒါသ(၄)

www.burmeseclassic.com

www.burmeseclassic.com

သီးတာဆိုတော့ ငါ တစ်ခါမှ မတွေ့ဘူးပါလား။ ထူးဆန်းဘာပဲ။ ငါ ကာလီဒါသအိမ်သွားပြီး ပုလဲသီးကို သွားကြည့်မယ်'

စိတ်မြန်တဲ့ဘုရင်ဆိုတော့ နောက်လိုက်တောင် မခေါ်တော့ဘဲ ဆရာကာလီဒါသအိမ်ကို သွားတော့တယ်။

'အချင်းကာလီဒါသ... အသင့်အိမ်မှာ ပုလဲသီးတွေ သီးနေတယ်ဆိုလို့ ကျွန်ုပ် လိုချင်တယ်။ အသင် ပေးမယ် မဟုတ်လား'

'မင်းကြီး လိုချင်ပါက ခူးလို့ရနိုင်ပါတယ်။ ဒါပေမဲ့ အခုအချိန် မသီးသေးပါ။ မနက်အရောတက်ချိန်မှသာ သီးပါတယ် မင်းကြီး။ ပုလဲသီးခူးမယ့်သူဟာလည်း တစ်ခါမှ လေမလည်ဖူးသူ(အီးမပေါက်ဖူးသူ)မှ ခူးလို့ရနိုင်ပါတယ်။ လေလည်ဖူးသူဆိုရင် ခူးလို့မရပါဘူး မင်းကြီး။ မင်းကြီး လေမလည်ဖူးရင်တော့ ခူးလို့ရမှာပါ'

'အေး...ဒါမှ ဒုက္ခပေါ့ကွယ်။ ကျွန်ုပ်လည်း လေလည်ဖူးသူဆိုတော့ ခူးလို့ မရနိုင်တော့ဘူးပေါ့ကွယ်'

ဘောဇဘုရင်ကြီးက လေလည်ဖူးသူဆိုတော့ ပုလဲသီး မခူးနိုင်လို့ ညည်းညူလိုက်တယ်။

'နန်းတော်ထဲမှာရှိတဲ့ မိဖုရားကြီး၊ မိဖုရားငယ်၊ မင်းညီမင်းသား၊ မှူးမတ်တွေထဲက တစ်ဦးဦးတော့ လေမလည်ဖူးသူရှိရင်

www.burmeseclassic.com

www.burmeseclassic.com

ခွေးနိုင်ပါလိမ့်မယ်။ မင်းကြီး ညီလာခံမှာ မေးကြည့်ရင် သိနိုင်ပါတယ်'

ဆရာကာလီဒါသ ဤကဲ့သို့ လျှောက်ထားလိုက်တော့ ဘောဇာဘုရင်လည်း ဘာမှပြန်မပြောတော့ဘဲ နန်းတော်ကို ပြန်သွားတော့တယ်။

နောက်တစ်နေ့ ညီလာခံကျတော့ ဘောဇာဘုရင်ကြီးက ညီလာခံဖွင့်ဖွင့်ချင်း ပုလဲသီးအကြောင်းကို ပြောလိုက်ပါတယ်။

'ညီလာခံတက်လာကြတဲ့ မိဖုရားကြီးနဲ့တကွ မင်းပရိသတ်အပေါင်းတို့..ဆရာကာလီဒါသခြံထဲမှာ ပုလဲသီးတွေ သီးနေတယ်'

ဘောဇာဘုရင်ကြီး ဤသို့မိန့်ဆိုလိုက်တော့ ညီလာခံမှာ ရှိကြတဲ့ မင်းပရိသတ်အားလုံး 'ဟာ..ဟင်..အို..ပုလဲသီး ဆိုပါလား။ ထူးဆန်းတာပေါ့' လို့ အုံးအုံးကျွက်ကျွက် ဖြစ်ကုန်ကြတယ်။ ဘောဇာဘုရင်ကြီးက ဆက်ပြီးမိန့်ဆိုလိုက် ပြန်တယ်။

သည်ပုလဲသီးကို ခွေးနိုင်သူမှာ မွေးလာကတည်းက တစ်ခါမှ လေမလည်ဖူးသူဖြစ်မှ ခွေးလို့ရတယ်လို့ ပြောလိုက် တယ်။ အခု ညီလာခံမှာရှိနေတဲ့ မိဖုရားကြီးနဲ့တကွ မင်း ပရိသတ်အားလုံး လေမလည်ဖူးသူရှိပါက လက်ညှိုးထောင် ကြ'

ဘောဇာဘုရင်ကြီးက လေမလည်ဖူးသူကို လက်ညှိုး ထောင်ခိုင်းပေမယ့် ဘယ်သူမှ လက်ညှိုးမထောင်ကြဘဲ အားလုံး လေလည်ဖူးကြပါတယ်လို့ ဝန်ခံကြတယ်။ သည် တော့မှ ဘောဇာဘုရင်ကြီးက ကာလီဒါသ ချေပချက်ဖြစ် ကြောင်း ရှင်းပြတယ်။

'အမှန်က ကာလီဒါသပညာရှိ ဟိုတစ်ခါ ညီလာခံမှာ လေလည်မိတာကို ကျွန်ုပ်မိဖုရားကြီးနဲ့တကွ မင်းညီမင်း သား ပရိသတ်အားလုံးက ပြက်ရယ်ပြု ရယ်မောခဲ့ကြတာ ကို ငါကိုယ်တော်မြတ်နဲ့တကွ အသင်တို့အားလုံးကို ချေပ လို့၍ ဤသို့ ဇဝနဉာဏ်နဲ့ ငါတို့ကို ချေပလိုက်ခြင်းပဲကွယ့်။ ဟဲ..ဟဲ..ဟဲ'

ဘောဇာဘုရင်ကြီးက ဆရာကာလီဒါသကို စိတ်မဆိုး တဲ့အပြင် ကာလီဒါသ ညီလာခံတက်လာပါက မိဖုရားကြီး ကအစ အားလုံး,အားလုံး တောင်းပန်ရမယ်လို့ အမိန့်ချ လိုက်တော့တယ်။

ဆရာကာလီဒါသ ညီလာခံတက်လာတဲ့ နေ့မှာတော့ ဘောဇာဘုရင်ကြီးက ဆရာကာလီဒါသရဲ့ ဇဝနဉာဏ်နဲ့ မဟုတ်ရင် မခံတတ်တဲ့စိတ်ဓာတ်ကို ဂုဏ်ပြုတဲ့အနေနဲ့ ဆု လာဘ်များတောင် ပေးသနားလိုက်ပါသေးတယ်။

(ပုလဲသီးဆိုရာမှာ မနက်အရောဏ်ချိန်မှာ သစ်ပင်များ မှာ နှင်းရည်ဥများ သီနေတာကို ဆိုလိုပါတယ်။)

အသားအစိတ်သား

ဓာရာနဂရတိုင်းက တရားစီရင်ရေးမှာ အလွန်မှ မှန် ကန်တိကျပြီး တရားဥပဒေအထက် မည်သူမှ မရှိစေရဆိုတဲ့ ထုံးနဲ့ ညီညွတ်ပါတယ်။ အဂတိလိုက်စားမှုတို့၊ လာဘ်ပေး လာဘ်ယူတို့ ကင်းရှင်းပြီး အဘတို့၊ အဖေကြီး၊ အမေကြီး၊ မင်းကြီး၊ ဘုရင်ကိုယ်တိုင်ကပင် ဝင်ရောက်စွက်ဖက်လို့မရ ပေ။ ဒီမိုကရေစီကျင့်စဉ်ကို ဦးထိပ်တင်ပြီး တရားသူကြီး တို့ တရားစီရင်ရာမှာ တိကျမှန်ကန်လို့လည်း အတိုင်းတိုင်း အပြည်ပြည်က လေးစားအတုယူရတဲ့ တိုင်းနိုင်ငံကြီးပါ။

အခုဖော်ပြမယ့် အသားအစိတ်သား အမှုမှာလည်း တရားလိုက တရားခံကို မလိုမုန်းထားခြင်း၊ အကျိုးပျက်စီး အောင် အကောက်ကြံခြင်းတို့ကြောင့် တရားလိုမှာ ပန်းပန် လွှက်ရှိပြီး တရားခံမှာ ဒုက္ခပင်လယ်ဝေနေရတာပါ။ ဒါကို အုပ်ချုပ်တဲ့ဘုရင်နဲ့ ဘုရင်ခန့်အပ်ခြင်းခံရတဲ့ တရားသူကြီး တို့က ဥပဒေအထက်မှာ ဘယ်အဘ၊ ဘယ်အဖေကြီးမှ မရှိတာကို ပြလိုက်တာပါ။

ဘောဇာဘုရင်ကြီး အုပ်စိုးတဲ့ ဓာရာနဂရတိုင်းကြီးမှာ ဘုရင်ကိုယ်တိုင်က မင်းကျင့်တရားဆယ်ပါးနဲ့အညီ အုပ် ချုပ်တယ်။ ဝန်ကြီး၊ မှူးမတ်တွေကလည်း အဂတိလိုက်စား တာတို့၊ လာဘ်ပေးလာဘ်ယူ ကင်းရှင်းတာတို့၊ အာဏာပိုင် တို့က လယ်သိမ်း၊ ယာသိမ်း၊ မြေသိမ်းတာတွေ ကင်းရှင်း တာမို့ ပြည်သူတွေ စိတ်ချမ်းသာကြရတယ်။ ကုန်သည်တို့ ကလည်း ရောင်းဝယ်မှုမှာ အမြတ်အစွန်းသင့်တင့်ကြတာမို့ ချောင်လည်ကြပါတယ်၊ ကြွေးကင်းကြပါတယ်။ သည်လို သာယာဝပြောပြီး ပြည်သူ့ဘဝ တင့်တယ်နေတာကြောင့် မင်းနဲ့တကွ အုပ်ချုပ်သူတွေ ကျန်းမာစေဖို့ ဆုတောင်းပွဲတွေ နေရာတိုင်းမှာ ရှိနေကြတယ်။

သည်တိုင်းမှာ တရားမျှတပြီး များစွာအမြတ်မယူဘဲ သင့်တင့်တဲ့နှုန်းနဲ့ ရောင်းဝယ်နေတဲ့ သူဌေးကြီး ရာမသရဏ ဆိုတဲ့ ကုန်သည်ကြီးဟာ တရားသဖြင့် လုပ်ကိုင်လို့ တစ်နေ့ တခြား တိုးတက်ကြီးပွားလာတယ်။

သည်ဓာရတိုင်းမှာပဲ ကုန်သည်တစ်ဦး ရှိပါသေး

www.burmeseclassic.com

www.burmeseclassic.com

ာယ်။ သူနာမည်က ဟရမောဟနတဲ့။ သူလည်း သူ့ဌေး
ပဲ။ ရိုးသားကြိုးစားပြီး ကြီးပွားလာသူတော့ မဟုတ်ဘူး။
အတိုးမတရားယူပြီး ငွေတိုးချေးတယ်။ အမြတ်များများယူ
ပြီး ငွေတိုးချေးတယ်။ ကုန်တွေကို စျေးနှိမ်ပြီး ဝယ်လောင်
သားတယ်။ အမြတ်များများရတဲ့အချိန် ပြန်ရောင်းတယ်။
ကုန်သည်လောကမှာ မတရားမှုမှန်သမျှ အကုန်လုပ်တာပါ။

သူနဲ့ပြိုင်ဘက်ဖြစ်နေတဲ့ ရာမသရဏသူဌေးကို မနာလို
ဖြစ်ဆိတ်ဘဲ ပျက်စီးရာ ပျက်စီးကြောင်းကို အမြဲတွေးနေတဲ့
သူပါ။ အကွက်ရရင် အသေသတ်ဖို့တောင် ကြံစည်ထားသူ။
ရာမသရဏ သည်ဓာရတိုင်းမှာ ပျောက်ကွယ်သွားမှ သူ
ကစ်ဦးတည်း ခြယ်လှယ်နိုင်မှာကိုး။ တခြားသူဌေးတွေက
ဟရမောဟနကို ကျော်နိုင်တဲ့သူ မရှိဘူးလေ။

တစ်နေ့တော့ အခြားတိုင်းမြို့တွေမှ ရာမသရဏမှာ
သားတဲ့ ကုန်ဖိုးငွေတောင်းခံစာတွေ စုပြုံရောက်လာတယ်။
စာရေးတော်ကြီးက ငွေတောင်းစာတွေကို ရာမသရဏထဲ
ကို လက်ရောက်ပေးအပ်လေတော့ သူဌေးလည်း ငွေစာရင်း
ကို စစ်ကြည့်ရာမှာ (၈)သိန်းဖြစ်နေတာကို တွေ့ရလို့ စာ
ရေးတော်ကို အဏ္ဏာတိုက်ထဲကငွေတွေ ထုတ်ခိုင်းလိုက်ရာ
၅)သိန်းသာရှိနေတာကို တွေ့ရတယ်။ လိုငွေသုံးသိန်း ရှာ
ဖွေရန် နည်းလမ်းရှာရတော့တယ်။

လိုငွေသုံးသိန်း ဘယ်သူဌေးဆီက ချေးရသင့်မလဲလို့
ဆင်ခြင်းစားလိုက်တော့ ကုန်သည်တွေကို ငွေချေးနေတဲ့ ဟရ
မောဟနကို သွားတွေ့ရလို့ သူထံမှာ ငွေချေးဖို့ဆုံးဖြတ်လိုက်
တယ်။

ရိုးသားတဲ့ ရာမသာရဏသူဌေးမှာ သူ့အပေါ် ကျေသာ
ဂုဏ်ရိယများနေတဲ့သူ၊ အပြင်ပန်းကြည့်တော့ လှပြီး အတွင်း
က ပုပ်သိုးနေတဲ့ ကြီးအောသီးလိုလူစားဆိုတာ မသိရှာတော့
ဖွေသွားချေးမိတော့တယ်။

"အချင်းဟရမောဟန...ကျွန်ုပ်၌ အခုလတ်တလော
ငွေပေးချေရန် သုံးသိန်းမျှလိုနေလို့ ငွေသုံးသိန်း ခဏချေး
ပေးစေလိုပါတယ်။ ငွေကိုလည်း မကြာမီရက်ပိုင်းမှာ ပေး
ဆပ်ဖို့ ကတိပေးပါတယ်"

ကောက်ကျစ်တဲ့ ဟရမောဟနသူဌေးက "ငါ့အကြီး
အောင်ဖို့လမ်းစပဲ" လို့တွေးပြီး ချိုချိုသာသာနဲ့ ကတိ
ပေးလိုက်တယ်။

"ဟာ...မိတ်ဆွေရင်းတွေပဲ ရမှာပေါ့ ရာမသရဏ သူ
ဌေးကြီးရယ်၊ ကတိသစ္စာတော့ တည်ဖို့လိုအပ်ပါတယ်။
ငွေပြန်ပေးမယ့်ရက်ချိန်း ပျက်ကွက်ပါက သင့်ဆံက ကျွန်ုပ်
အလိုရှိရာ တောင်းဆိုလျှင် ပေးနိုင်ပါမည်လား"

ဟရမောဟန သူဌေးယုတ်က ချည်ပြီးတုပ်ပြီးစကားနဲ့
ချည်နှောင်လိုက်တယ်။ ရာမသရဏလည်း အကောက်ကြံ
တဲ့ အဖြစ်ကို မမြင်နိုင်တော့ဘဲ လိုငွေသုံးသိန်းသာ မြင်
နေတော့တယ်။

"ကောင်းပြီ၊ ကျုပ်သဘောတူပါတယ်။ ငွေသုံးသိန်းကို
လည်း ခုနစ်ရက်အတွင်း ပြန်ဆပ်ပါ့မယ်။ အကယ်လို့ ပြန်
မဆပ်နိုင်ပါက အသင်အလိုရှိရာ တောင်းဆိုပါ။ ကျွန်ုပ်
ပေးပါ့မယ်"

"ကောင်းပြီအဆွေ၊ သည်နေ့မှစလို့ ခုနစ်ရက်စေ့ရောက်
တဲ့ ချိန်းတဲ့အချိန်နဲ့ နှောက်မကျဘဲ ပေးဆပ်ရမယ်။ ပျက်
ကွက်ခဲ့ပါက သင့်ထံက ငွေကြေးမလိုပါ။ အသင့်ကိုယ်မှ
အသားအစိတ်သားသာ ဖြတ်ယူပါမည်။ လက်ခံလျှင် ဒီမှာ
လက်မှတ်ထိုးပါ"

ရာမသရဏသူဌေးလည်း ခုနစ်ရက်အတွင်း သူ ရစရာ
ရှိတဲ့ ငွေသုံးသိန်း ရနိုင်ပါ့မလားလို့ စဉ်းစားကြည့်တော့
ရနိုင်တာတွေ့လို့ ရဲရဲဝံ့ဝံ့ပဲ လက်မှတ်ထိုးလိုက်တယ်။

ရာမသရဏ သူဌေးကြီးလည်း အခြားတိုင်းမှ မိတ်ဆွေ
ကုန်သည်တွေကို ကတိမပျက်လို့၍ ငွေတွေကို ချက်ချင်းပဲ
ပို့ခိုင်းလိုက်တယ်။ ငွေသုံးသိန်းသာ ဆပ်ရမှာမို့ စိတ်အေး
ချမ်းသာစွာနဲ့ ရပ်ဝေးက မိတ်ဆွေတစ်ဦးထံ ငါးရက်ခန့်
သွားရောက်လည်ပတ်နေပြီးမှ ပြန်လာပါတော့တယ်။

သည်လိုခရီးထွက်နေလို့ အလုပ်မှ ရက္ခိရန်အကြွေးများ
အပြည့်အစုံတောင်းလို့ မရသေးတာမို့ ပြန်ဆပ်ရန်ကလည်း
နှစ်ရက်သာ ရှိတော့တာမို့ ရာမသာရဏသူဌေး ပူပန်စပြု
လာပါတယ်။ နှစ်ရက်အတွင်း အစွမ်းကုန်ကြိုးစားပြီး ရှာ
လိုက်ရာ ချိန်းတဲ့ရက်မှာ အရင်းရော အတိုးပါ ပြည့်သွားလို့
စိတ်အေးသွားရတယ်။ ဟရမောဟနသူဌေးဟာ ငွေကြေးနဲ့
ပတ်သက်ရင် ကပ်စေးနဲ့သူအဖြစ် နာမည်ကြီးသူဖြစ်တယ်။
ရာမသရဏလည်း ငွေပြည့်စုံတာနဲ့ ဆိုင်းမနေတော့ဘဲ
အကြွေးဆပ်ရန် သွားပါတော့တယ်။ ဒါပေမဲ့ ရာမသရဏ
ရောက်သွားတဲ့အချိန်မှ စာချုပ်ပါအတိုင်းရက်က မှန်နေပေ
မယ့် တစ်နာရီသာ နောက်ကျသွားလို့ ဟရမောဟန လက်ခံ
ခြင်းမပြုတော့ဘဲ ကောက်ကျစ်တဲ့စိတ်နဲ့ ငြင်းဆန်ပါတယ်။
စိတ်ထဲက ငါ့အကြံ အောင်ပြီလို့လည်း တွေးပြီး ပျော်နေ
ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

စာချုပ်ပါအတိုင်း တရားဝင်ဖြစ်စေရန် နန်းတော်ဆီသွားပြီး ဘောဇဘုရင်ထံ တိုင်တန်းရန်အကြံနဲ့ နန်းတော်သို့ သွားပြီး ဘောဇဘုရင်ကြီးကို တွေ့ခွင့်တောင်းကာ စာချုပ်ပါအတိုင်း ရာမသာရဏသူဌေးကြီးကို တရားစွဲတော့တယ်။ ဘောဇဘုရင်ကြီးလည်း အမှုအသွားအလာကို မေးမြန်းပြီး ရက်ချိန်းပေးလိုက်တယ်။

ဘောဇဘုရင်ကြီးမှာ အမှုကို လက်ခံလိုက်ရသော်လည်း လူအရှင်လတ်လတ်ရဲ့အသားကို လိုးယူရမှာဆိုတော့ ဆုံးဖြတ်ဖို့ အတော်လေးခက်နေတော့တယ်။ စာချုပ်ပါအတိုင်း တရားဥပဒေနဲ့အညီ မဆုံးဖြတ်ပါကလည်း မှန်ကန်တဲ့ တရားဥပဒေကို မငဲ့ရာရောက်မှာကိုလည်း စိုးရိမ်မိပြန်တယ်။ ဒီမိုကရေစီစနစ်ကျင့်သုံးတဲ့ ဓာရတိုင်းက တရားစီရင်မှုတို့မှာ တိကျမှန်ကန်ပြီး ဟင်းမင်းတို့မည်သည် နို့နဲ့ရေကို ကွဲပြားအောင် သောက်သုံးနိုင်သလို အမှန်နဲ့အမှားကို ကွဲပြားအောင် တရားစီရင်နိုင်ပါမှ သင့်မည်။ သည့်အတွက် အာဃယ်ပညာရှိကို ရွေးရမလဲလို့ စဉ်းစားလိုက်တော့ ဖြတ်ထိုးဉာဏ်ကောင်းတဲ့ ပညာရှိ ကာလီဒါသသာ သင့်တာကို မြင်လို့ ကာလီဒါသကို အခေါ်လွှတ်ပြီး သည်အမှုကို စီရင်နိုင်ရန် လွှဲအပ်လိုက်တယ်။

ဆရာကာလီဒါသက စာချုပ်ပါ အမှုအကြောင်းအရာတို့ကို သေချာစွာလေ့လာပြီး တရားခံ၊ တရားလို၊ ရှေ့နေရှေ့ရပ်တို့ကို တရားရုံးကို ဆင့်ခေါ်ပြီး အမှုစတင်စစ်ဆေးပါတယ်။ ဦးစွာ တရားကို ဟရမောဟနကိုခေါ်ပြီး စတင်စစ်ဆေးပါတယ်။

'အချင်းဟရမောဟန..အသင် ဤစာချုပ်ကို တင်ပြ၍ လျှောက်ထားတာ အမှန်ဖြစ်ပါသလား'

'အားလုံး အမှန်ချည်းဖြစ်ပါတယ်ဘုရား။ တရားခံသည် ချိန်းဆိုထားတဲ့ စာချုပ်ပါ ကတိအတိုင်း မလိုက်နာဘဲ တစ်နာရီနောက်ကျပြီးမှ ချေးထားငွေလာပေးလို့ ငွေမယူလိုဘဲ စာချုပ်မှာပါတဲ့အတိုင်း တရားခံရဲ့ အသားကိုသာ လိုးယူလိုပါတယ်'

ဆရာကာလီဒါသလည်း တရားလိုရဲ့ လျှောက်လဲချက်ကို မှတ်သားထားပြီးနောက် တရားခံဖြစ်နေတဲ့ ရာမသရဏသူဌေးကို ရှေ့တော်ကိုခေါ်ပြီး စစ်မေးပြန်တယ်။

'အချင်းရာမသရဏ..မောင်မင်းသည် ဟရမောဟနထံမှ စာချုပ်ပါအတိုင်း ကတိပြုလက်မှတ်ထိုးပြီး ငွေချေးတာ မှန်ပါသလား'

'မှန်ပါတယ် အရှင်'

'သင်ချေးယူတာမှန်က ချိန်းတဲ့နေ့မှာ ငွေကို ပြန်မေးပါသလား'

'အရှင့်သား..ကျွန်ုပ်သည် ရက်ချိန်းနေ့ရက်အတိုင်း စာချုပ်ပါ ချေးငွေနဲ့ အတိုးပါ သွားရောက်ပေးဆပ်ပေမယ့် တစ်နာရီလေးနောက်ကျသွားလို့ ဟရမောဟနက အကောက်ကြိုလို့၍ ကတိသစ္စာဖျက်ယွင်းတယ်လို့ ယိုးစွပ်ပြီး အခုလို တရားစွဲခြင်း ဖြစ်ပါတယ်'

ဆရာကာလီဒါသက တရားခံရဲ့ ထွက်ဆိုချက်တို့ကို မှတ်သားထားစေပြီး စစ်မေးစရာ ရှိတာတွေကို စစ်မေးပါတယ်။ ဓာရတိုင်းရဲ့ နာမည်ကြီးသူဌေးနှစ်ဦးရဲ့အမှုမို့ စိတ်ဝင်စားသူများပြီး လာရောက်နားထောင်သူတို့ ခဲနဲ်းလုံးပြည့်ဖြစ်နေတယ်။

နာမည်ကြီး သူဌေးနှစ်ဦး အမှုမို့ ဆရာကာလီဒါသမည်သို့စီရင်မည်ကို စိတ်ဝင်တစား စောင့်စားနေကြတယ်။ ဆရာကာလီဒါသ ပုဂ္ဂိုလ်ကျော်မှာ နေရာဌာနအလိုက် လျှင်မြန်တဲ့ဉာဏ်စွမ်းနဲ့ သတ္တိရှိရှိ တရားစီရင်တဲ့ တရားသူကြီးကောင်းမို့ စာချုပ်ပါအတိုင်း မှန်ကန်စွာ စီရင်ချက်ချရမှာ ဖြစ်တယ်။ စာချုပ်ပါအတိုင်းဆိုလျှင် တရားလိုက တရားခံရဲ့ အသားကို အရှင်လတ်လတ် စားနဲ့လိုးယူရမှာဆိုတော့ လူ့ရေးဥပဒေအရ ဘုရားလည်းမကြိုက်၊ နတ်လည်း မကြိုက်ပေမယ့် ဥပဒေအတိုင်း ဆိုပါက အမှန်အတိုင်း ဖြစ်ရမှာပါ။ သည်လိုမဟုတ်ပါက တရားဥပဒေရဲ့ ပြင်ပကိုရောက်ပြီး တရားပျက်တဲ့စီရင်ချက် ဖြစ်သွားမှာပေါ့။ အမိန့်ချပါပြီ။

'ကဲ..အမိန့်ချမယ်။ တရားလို ဟရမောဟနသည် တရားခံ ရာမသရဏခန္ဓာကိုယ်မှ လိုရာအသားကို စာချုပ်ပါအတိုင်း အစိတ်သားတိတိ ဖြတ်ယူစေ'

ဆရာကာလီဒါသစကားကို ရပ်ထားလိုက်တယ်။ ဟရမောဟနကတော့ အမှုနိုင်ပြီလို့ ဝမ်းသာနေတာပေါ့။ တရားခံ ရာမသာရဏကတော့ ခေါင်းငိုက်စိုက်ကျသွားပါတော့တယ်။ နားထောင်သူတွေကလည်း ဟာ..ဟင်..စုတ်သပ်ကြနဲ့ တရားခွင်တစ်ခုလုံး ညံသွားတော့တယ်။ ခဏနေမှ ဆရာကာလီဒါသက အဟမ်းလို့ လည်ချောင်းရှင်းပြီး ဆက်အမိန့်ချပြန်တယ်။

'သို့သော်လည်း ရာမသာရဏရဲ့ အသားကိုသာ ဖြတ်ယူရမှာဖြစ်လို့ သွေးတစ်စက်မှ မပါစေရ။ သွေးတစ်စက်ပါသွားပါက ဖြတ်ယူသူအား သတ်စေ'

www.burmeseclassic.com

www.burmeseclassic.com

နားထောင်သူ ပရိသတ်တို့ထံက ဟေဆိုတဲ့ ကောင်းချီးပေးသံက ဟိန်းထွက်လာသလို တရားလို ဟရမောဟန မှာ ကြောက်ရွံတုန်လှုပ်ပြီး နှလုံးလေဟပ်ကာ လဲကျမေ့မြောသွားတယ်။ ခဏကြာမှ သတိပြန်ရလာပြီး ဆရာကာလီဒါသ ခြေကိုဖက်လို့ ငိုယိုကာ တောင်းပန်တော့တယ်။

"အရှင့်သား··ဤအမှုမှာ သည်လိုဖြစ်မယ်လို့ မထင်ခဲ့ပါ။ ရာမသာရဏ အသားကိုလည်း လိုးဖြတ်မယူလိုတော့ပါ။ သူ့အပေါ်၌ မနာလိုဝန်တိုမိလို့ ဒီအမှားကို ပြုမိပါတယ် အရှင့်သား"

"အချင်းဟရမောဟန··အသင်သည် လောဘ၊ ဒေါသ၊ မောဟကို အလိုလိုက်ပြီး သူတစ်ပါး ပျက်စီးရာ ပျက်စီးကြောင်း ကြံရွယ်မက အသက်ကိုပါ သေကြောင်းကြံသူဖြစ်တယ်။ အချင်းမောဟန··ဘောဇဘုရင် အုပ်စိုးတဲ့ ဓာရတိုင်းမှာ တရားစီရင်ရေး မတိမ်းစောင်းဘူးဆိုတာ အသင် မသိသလော။ ဘက်လိုက်မှု၊ ကြောက်ရွံ့မှု၊ အမိန့်နာခံမှု မရှိဘဲ လွှတ်လပ်မျှတတဲ့ တရားရုံးဆိုတာ သင်မသိသလော့။ မှန်ကန်တဲ့ တရားစီရင်မှုသာ အမိန့်ဖြစ်တယ်။ ဒါကြောင့် သင့်ရဲ့ မတရားကြံစည်မှု၊ လိမ်ညာတိုင်ကြားမှု၊ တရားရုံးကို လိမ်လည်ပြီး အမှုတိုင်မှုတို့ကြောင့် အသင် ထိုက်သင့်တဲ့ အပြစ်ဒဏ်ကို ခံရမယ်။ သင့်ရဲ့ မတရားကြံစည် တိုင်ကြားမှုကြောင့် ဌေဒဏ်(၅)သိန်း ပေးဆောင်စေပြီး ထောင်ဒဏ် နှစ်နှစ် ကျခံစေ"

ဘောဇဘုရင်ကြီးလည်း သည်မျှထူးဆန်းတဲ့ အမှုကို အနှံဘက်ကိုရောက်အောင် ဆုံးဖြတ်နိုင်တဲ့ ပညာရှိသုခမိန် ဆရာကာလီဒါသကို ထူးသောတရားသူကြီးလို့ ဘွဲ့တံဆိပ်နဲ့ ဆုလာဘ်တို့ကို ချီးမြှင့်တော်မူလိုက်တယ်။

မြည်းအော်သံရဲ့ရာဇဝင်

ဓာရဏာဂရမင်းနေပြည်တော်မှာ ဘောဇဘုရင်ကြီးကို အားနေတဲ့ ပညာရှိသုခမိန် ဆရာကာလီဒါသဟာ ပညာအရာမှာ ထက်မြက်သလို ဖြတ်ထိုးဉာဏ်ကလည်း သူမတူအောင် ထူးချွန်သူပါ။ ဇဝန(ဟာသ)ဉာဏ်ဆို ပြိုင်စံရှားလို့ ဆိုရမှာပါ။

ဆရာကာလီဒါသရဲ့ ဇဝနဉာဏ် ဘယ်လောက်သန်သလဲဆို ဘုရင်ရော မိဖုရားကြီးရောကိုတောင် မရှောင်ဘဲ အနှံကိုသာ ပြုလုပ်တတ်လို့ ဘုရင်နဲ့ မိဖုရားကြီးတို့ ကြိုက်အောက်ဖြစ်ကြရတယ်။ အခုလည်း မြည်းအော်သံရဲ့ အကြောင်းကိုကြည့်ရင် ဆရာကာလီဒါသ ဘယ်လောက်ဇဝနဉာဏ် ရင့်သန်သလဲဆို တိုင်းပြည်ခေါင်ချုပ် ဘုရင်ကိုတောင် မရှောင်ဘဲ ဟာသလုပ်တတ်တာ၊ ကုန်းဘောင်ရာဇဝင်သမိုင်းမှာ ထင်ရှားခဲ့တဲ့ ပညာရှိအမတ်ကြီး ဦးပေါဦးလို ပါပဲ။

ဦးပေါဦးကလည်း ဘိုးတော်ဘုရားကို မထင်ရင် မထင်သလို ပြောတတ်တာ၊ ဆတ်ဆတ်ထိမခံတာ၊ သူခံထားရရင် ပြန်ပြီးတဲ့ပြန်တတ်တာတွေ တူနေပါတယ်။

အခု ဘောဇဘုရင်ကြီးနဲ့ ကာလီဒါသတို့ရဲ့ စစ်အေးတိုက်ပွဲကို ကြည့်ရအောင်။ သူတို့နှစ်ဦးရဲ့ ကြားခံက အလှမှာ အံတိုင်းတိုင်းအပြည်ပြည်ကတောင် ချီးကျူးသြဇာရလောက်အောင် လှပြီး နူတ်ရေးကလည်း တီတီတာတာ ပလီပလာနဲ့ လူတကာ ငေးမောရတဲ့အပြင် မိန်းမမာယာသဲကိုးဖြာမက ကျွမ်းကျင်တဲ့ ဓာရနဂရတိုင်းရဲ့ အလှမယ် ဝိလာသဝတီ ပြည့်တန်ဆာမသာ ဖြစ်တယ်။

ဝိလာသဝတီ အလှမယ်ထံကို ညအချိန်မှာ ဘောဇနဘုရင်ကြီး သွားရောက်အပန်းဖြေလေ့ရှိသလို ဆရာကာလီဒါသကလည်း သွားရောက်အနားယူလေ့ရှိတယ်။ ဒါတင်လားဆိုတော့ မဟုတ်သေးပါ။ အတိုင်းတိုင်းအပြည်ပြည်က မင်းညီမင်းသားတွေ လာကြသလို ဓာရတိုင်းက လည်း ငွေကို ရေလိုသုံးနိုင်သူတွေ ကျက်စားတဲ့ ဗိမာန်ပါ။

သည်အထဲက ဘောဇဘုရင်ကြီးနဲ့ ဆရာကာလီဒါသ နှစ်ဦးကို ပိုပြီးအရေးပေး စည်ခံပါတယ်။ မတွေ့ဆုံနိုင်အောင်လည်း ညအချိန်ကို လွဲပြီးလာခိုင်းထားတယ်။ တစ်ဦးနဲ့ တစ်ဦး မတွေ့ဆုံကြပေမယ့် တစ်ယောက်ခြေ တစ်ယောက်မြင်သလို ဝိလာသဝတီထံကို လာနေကြတယ်ဆိုတာ သိနေကြတယ်။

တစ်နေ့ ညချမ်းမှာ ဘောဇဘုရင်ကြီး ဝိလာသဝတီအိမ်ကို ရောက်နေခိုက် ဆရာကာလီဒါသကို ကျီစယ်ချင်လို့ ကာလီဒါသလာရင် မူနဲ့ခွနဲ့ တောင်းဆိုဖို့ သင်ပေးပါတယ်။ အလှမယ်ကလည်း ကောင်းပါပြီလို့ ဝန်ခံလိုက်တယ်။ သည်လိုနဲ့ ဆရာကာလီဒါသ လာချိန်ရောက်လာပါတယ်။ ဆရာကာလီဒါသ ဝိလာသဝတီအိမ်ကို ရောက်လာတော့ ဝိလာသဝတီက မူနဲ့ခွနဲ့ စိတ်ကောက်နေလိုက်တယ်။

"နှမငယ်·· မောင်ကြီးကို ဘာအလိုမကျလို့ စိတ်ကောက်နေပါသလဲ"

"ဟွန်း··မောင်ကြီးဆံမုတ်ဆိတ်တွေက နှမကို နေရ

www.burmeseclassic.com

www.burmeseclassic.com

ခက်စေပါတယ်။ ဆံမုတ်ဆိတ်တွေပယ်ပြီး ပြန်လာပါ။ နှမ အစွမ်းကုန် ပြုစုပေးပါ့မယ်'

'ကောင်းပြီ နှမငယ်၊ အခုချက်ချင်း ငါ သွားရိတ်လိုက်မယ်'

ဆရာကာလီဒါသ ဝိလာသဝတီအိမ်က ထွက်လာပြီး ဒါ ဘောဇုရင်ရဲ့ လက်ချက်ပဲဖြစ်မယ်။ သူ ငါ့အကြောင်း သိစေရမယ်လို့ စိတ်ထဲက ကြိမ်းပြီး ဆံမုတ်ဆိတ်တို့ကို ပယ်ကာ ဝိလာသဝတီအိမ်ကို ပြန်လာတယ်။

'ကဲ..နှမငယ်၊ မင်းခိုင်းတဲ့အတိုင်း ကျွန်ုပ်ဆံမုတ်ဆိတ်တွေ ရိတ်ပယ်ခဲ့ပြီ။ အစွမ်းကုန်ပြုစုပါတော့'

'ကောင်းပါပြီ အရှင်'

'နှမငယ်ဝိလာသ..မင်းကိုလည်း ငါ အကူအညီတစ်ခု တောင်းရဦးမယ်။ ဒါက ဘောဇုရင်ကြီး နှမထံလာတဲ့အခါ နှမက မောင်ကြီးကို မူသလိုမူပါ။ သူမေးခဲ့ရင် အသင်က အရှင်မင်းကြီး..နှမကိုချစ်လျှင် မြည်းလို သုံးခါ အော်ပြပါ။ ဒါမှ နှမငယ် စိတ်ချမ်းသာပါမည်လို့ မူနွဲ့ပြီး ပြောပါ'

ဝိလာသဝတီကလည်း လုပ်ခိုင်းပါ့မယ်လို့ ဝန်ခံလိုက်တယ်။ ဘောဇုရင်ကြီး လာချိန်ပါ မေးထားလေတော့ သည်အချိန်မရောက်ခင်ကတည်းက ဆရာကာလီဒါသက ပြည့်တန်ဆာမအိမ်ကို စောစောသွားပြီး အခန်းလွတ်တစ်ခုမှာ ဝင်ပုန်းနေလိုက်တယ်။

ညချမ်းအချိန်ရောက်တော့ ဘောဇုရင်ကြီးလည်း ဝိလာသဝတီအိမ်ကို ရောက်လာတယ်။ ဝိလာသဝတီကလည်း ဆရာကာလီဒါသ သင်ထားတဲ့အတိုင်း စိတ်ကောက်သလို နေနေတော့ ဘောဇုရင်ကြီးက မနေနိုင်တော့ဘဲ မေးရတော့တယ်။

'နှမငယ်..ဘာအလိုမကျဖြစ်နေလို့ စိတ်ကောက်နေရတာလဲကွယ့်'

'မောင်ဘုရား..နှမတော်ကို တကယ်မချစ်ပါဘူး။ နှမတော်လေးက မောင်ဘုရားကို ချစ်လိုက်ရတာ။ ဟွန်း'

'နှမတော်လေးရယ်..ချစ်လွန်းလို့ပဲ နှမတော်လေးဆီ အမြဲလာနေတာ မဟုတ်လား'

'ယုံပါဘူး။ ယုံစေချင်ရင် နှမတော်လုပ်ခိုင်းတာ လုပ်ပြရမယ်'

'ကဲ..ပြော၊ မောင်မောင် ဘာလုပ်ပေးရမလဲ'

'နှမတော်ကို တကယ်ချစ်ရင် မြည်းအော်သလို သုံးခါ အော်ပြ'

ဘောဇုရင်ကြီးက ဒါလေးများ နှမတော်ရယ်လို့ ဆိုပြီး မြည်းလို သုံးခါအော်ပြလိုက်တော့ ဝိလာသဝတီက လည်း တခစ်ခစ်နဲ့ ရယ်ပြီး ဆရာကာလီဒါသကလည်း အခန်းထဲက အသံတိတ်ရယ်ရတာပေါ့။

နောက်နေ့မနက် နန်းရင်ပြင်မှာ ညီလာခံကျင်းပတော့ ဆရာကာလီဒါသမှာ ဆံပင်မုတ်ဆိတ် မရှိတော့လို့ ဦးခေါင်းပြောင်ပြောင်ကို ပဝါနဲ့ပေါင်းပြီး ညီလာခံဝင်လာတာကို ဘောဇုရင်ကြီးတွေ့တော့ ပြက်ရယ်ပြုချင်တာနဲ့ စကားစလိုက်တယ်။

'ပညာရှိကာလီဒါသ..အသင်သည် မြတ်တဲ့ကဝိတန်ဆူ ဖြစ်ပါလျက်နဲ့ မုတ်ဆိတ်တို့ အဘယ်ကြောင့်ဖြတ်ဘ်သနည်း'

ဆရာကာလီဒါသကလည်း မဟုတ်မခံဘဲ အချက်ကျကျ ပြန်လျှောက်ထားလိုက်တယ်။

'မင်းတကာတို့ထက်သာတဲ့ မြတ်သောမင်းကြီး..ယခုအခါမှာ တချို့သောမင်းတို့ပင်လျှင် မြည်းလိုအော်မြည်ပြီး စကားပြောကုန်ကြပါပြီ။ နောင်ဆို တိုင်းပြည်သူပြည်သားတွေပါ ပြောရတော့မယ့်ကိန်းဆိုက်နေလို့ ကျွန်ုပ်လည်း မြည်းမဖြစ်လိုချ် ဆံဖြတ်မုတ်ဆိတ် ပယ်လိုက်ရပါတယ် မင်းကြီး'

ဆရာကာလီဒါသရဲ့စကားက မိမိကို အခံရခက်လှပေမယ့် သူတို့နှစ်ဦးသာ သိကြတဲ့ အဖြစ်အပျက်မို့ မချိပြုံး,ပြုံးတော်မူပြီး ဆရာကာလီဒါသရဲ့ ဟာသဇဝနဉာဏ်ကို နှစ်သက်လေးစားလို့ ဆုလာဘ်များပေးပြီး ချီးမြှောက်လိုက်ပါတယ်။

ရွှေခွက်မြည်သံ တတံတတံတ

တစ်နေ့မှာတော့ မိဖုရားငယ်တစ်ပါး ကတိုးကသည်းမှုန့်တို့နဲ့ရောပြီး ဖျော်ထားတဲ့ စန္ဒကူးနံ့သာရည် ထည့်ထားတဲ့ ရွှေခွက်ကိုကိုင်ကာ ဘုရင့်ထံပါးကို လာခဲ့တယ်။ လာခဲ့တဲ့ လမ်းတစ်ဝက်မှာပဲ ကျောက်ခဲစွန်းတစ်ခုကို ခလုတ်တိုက်မိပြီး နံ့သာရည်ရွှေခွက် လွတ်ကျသွားကာ ကျောက်စွန်းနဲ့ သွားတိုက်မိပြီး တတံ..တတံတံ..တ..တ..တံ..တံ..တ..တံ..တ..လို့ ကျောက်စွန်းနဲ့ တိုက်မိတဲ့အသံက ထွက်လာတယ်။

သည်အဖြစ်ကို လေသာဆောင်က ကြည့်နေတဲ့ ဘောဇုရင်ကြီးက မြင်တွေ့ပြီး ရွှေခွက်မှထွက်တဲ့ အသံကို မှတ်

www.burmeseclassic.com

www.burmeseclassic.com

ထားလိုက်တယ်။ ကျသွားတဲ့ ရွှေခွက်ကိုတော့ မောင်းမ ငယ်တစ်ဦးက ကောက်ယူပြီး အခြားတစ်ပါးကို ထွက်သွား တော့တယ်။

နောက်နေ့ ညီလာခံကျတော့ ဘောဇဘုရင်ကြီးက ပညာရှိအမတ်တွေကို ပညာစမ်းပါတယ်။

"အို..ပညာရှိမင်းပရိသတ်တို့၊ တတံ..တတံတံ.. တတတံ..တတံတဆိုတာ ဂါထာတစ်ပုဒ်ရဲ့ နောက်ဆုံး စာ ပိုဒ်ဖြစ်တယ်။ ဂါထာတစ်ဂါထာလုံး ပြည့်စုံသွားအောင် ဘယ်၊ ဆုံး သုံးပါးသောအင်္ဂါနဲ့ ပြည့်စုံသွားအောင် ရှေ့သုံးပုဒ်ကို ဖွဲ့ဆိုကြပေတော့"

မှူးမတ်တို့လည်း ရှေ့စာပုဒ်များကို မဆိုထားနဲ့ မင်း ကြီး ရွတ်ပြတဲ့ နောက်ဆုံးစာပုဒ်ကိုပင် အဓိပ္ပာယ်မဖော် နိုင်လို့ ငေးမိုင်ကာနေကြတယ်။ သည်အချိန်မှာ အလယ် နားမှာ ခစားနေတဲ့ ဆရာကာလီဒါသက အောင်မြင်တဲ့အသံ နဲ့ အောက်ပါဂါထာကို ရွတ်ပြပါတော့တယ်။

"ဘောဇျ ပြိယမဝိ ဟွလိယ၊
ကရာစွ ယုတံ ဂျန္ဒန မေဟာပတြ၊
ဆောပါန မရဂေနကရောတိ၊
ရုဇဒံ တတံ တတံတံ တတတံ တတံတ"
(သကဋ္ဌဂါထာ)

ဘောဇမည်တွင် ဘုရင်မင်းမြတ်၏ မိဖုရားကြီးသည် ကိုယ်လက်ကိုက်ခဲသော ဝေဒနာကြောင့် မအီမသာဖြစ်၍ စန္ဒကူးနံ့သာရည်တို့ကို ထည့်ယူလာတဲ့ ရွှေခွက်သည် ကျောက်ဖျာထက်သို့ လက်မှလွတ်ကျ၏။ ထိုလွတ်ကျသော ရွှေခွက်သည် တတံ တတံတံ တတတံ တတံတဟူ၍ အသံ မြည်၏။

ဆရာကာလီဒါသရဲ့ တစ်မုဟုတ်ချင်း စီကုံးလိုက်တဲ့ ဂါထာကို ကြားလိုက်ရတော့ ဘောဇဘုရင်ကြီး အံ့သြတာ ပေါ့။ သူနောက်ကွယ်မှာ ဖြစ်ပျက်ခဲ့တာကိုပင် သိမြင်နိုင်စွမ်း ရှိသူပါတကားလို့ ချီးကျူးတော်မူပြီး ဘောဇဘုရင်ကြီးရဲ့ လက်ဝတ်တော်ရတနာကိုးပါး စီခြယ်ထားတဲ့ ပတ္တမြားလက် စွပ်ကို ပေးသနားလိုက်ပါတယ်။

ရာသီပန်းပွင့်ချိန်မှာ

ဓာရတိုင်း ဘောဇဘုရင်ကြီး၊ အဂ္ဂမဟေသီ မိဖုရား ကြီး အဆောင်တော်ကို မကူးခဲ့သည်မှာ ကြာပြီဖြစ်လို့ သည် ညတော့ စိတ်လိုလက်ရ မိဖုရားကြီးရဲ့အဆောင်ကို ကူးခဲ့ပါ တယ်။

ဘောဇဘုရင်ကြီး ကံဆိုးချင်တော့ သည် အချိန်မှာ မိန်းမတို့ ဓမ္မတာအတိုင်း ရာသီပန်းပွင့်နေတဲ့အခါ နဲ့ သွားကြုံနေတာကို မသိရှာတဲ့ ဘောဇဘုရင်ကြီး၊ မိဖုရား ကြီး အဆောင်ကို ဗြုန်းစားကြီးရောက်လာပြီး တံခါးဆွဲဖွင့် လိုက်တော့ ညောင်စောင်းမှာထိုင်နေတဲ့ မိဖုရားကြီးက သတိ ပေးတဲ့အနေနဲ့ ဟုံဟုံ..ဟုံဟုံဟုလို့သာ ဆိုနိုင်တော့တယ်။

ဘောဇဘုရင်ကြီးလည်း မိဖုရားကြီးဆိုလိုတာကို ချက် ချင်းရိပ်မိသွားပြီး စိတ်အလိုမလိုက်နိုင်တော့ဘဲ မိဖုရားကြီး နဲ့ ဟိုစကား သည်စကားပြောဆိုကာ အဆောင်တော်ကို ပြန်ကြွသွားတော့တယ်။

နောက်နေ့ ညီလာခံလုပ်တဲ့အခါ မိဖုရားကြီးရဲ့ ဟုံ.. ဟုံနဲ့ ပညာစမ်းပြန်ပါတယ်။

"အချင်းပညာရှိသုခမိန်တို့၊ ဟုံ..ဟုံ..ဟုံ..ဟုံ..ဟုံ.. ကရောတိ စကားအဓိပ္ပာယ် မည်သို့ရှိသနည်း။ ဂါထာရဲ့ အဆုံးပုဒ်သာဖြစ်လို့ အပေါ်ပိုင်းစာပိုဒ်ဂါထာတို့ကို ဖြည့် စွက်ပေးကြကုန်လော့"

ဟိန္နေညီလာခံက တံ..တံ၊ အခု ဟုံ..ဟုံနဲ့ တို့ကို ခေါင်းခဲအောင် လုပ်ပြန်ပြီလို့ တွေးမိကြပြီး မည်သူမှ အပေါ် ပိုဒ်တို့ကို မစပ်ဆိုနိုင်ဘဲ ငေးမိုင်လို့သာ နေကြတယ်။ ထုံးစံ အတိုင်း ဘယ်ပညာရှိမှ မဖြေဆိုနိုင်ကြတော့ ကဝိအကျော် ဆရာကာလီဒါသကပဲ မတ်တတ်ရပ်လို့ စပ်ဆိုရန် ပြောကြား လိုက်တယ်။

"အရှင်မင်းမြတ်ရဲ့ ဂါထာရှေ့ပိုင်းကို ဖြည့်စွက်ရပါ လျှင် ဤဂါထာဖြစ်ပါမည်"

-ဘေဂျ ဆယဘာရဟာ၊

www.burmeseclassic.com

www.burmeseclassic.com

ရဲတုဆယ်ယောက်၊ [illegible]
ကောကိရီ [illegible]
အဆပြရှ ကာလေတုန်၊
ဂျပြီယဆမ။
ဟုံ..ဟုံ..ဟုံ..ဟုံ..ဟုံ..ဟုံ..ဟုံ..ဟုံကရောတီ။

ဘောဇအမည်ရသော ဘုရင်မင်းမြတ်၏ မိဖုရားကြီးသည် မမွေတာရာသီပွင့်သည်ဖြစ်၍ ဆိတ်ငြိမ်ရာအရပ်တွင် ထိုင်နေ၏။ ထိုအချိန် အကြောင်းခြင်းရာကိုမသိဘဲ အဆောင်တော်ထဲကို သွားသည်။ ဘော်ဇဘုရင် ဆောင်တောင်ကူးမည်ကို စိုးရွံ့သောကြောင့် မိဖုရားကြီး၏ ရွှေနှုတ်တော်မှ ဟုံ..ဟုံ..ဟုံ..ဟုံ..ဟုံ..ဟုံ..ဟုံ..ဟုံ..ဟူ၍ မြွက်ဆိုလေ၏။

ဘောဇဘုရင်ကြီးက သူ့ရဲ့အတွင်းစိတ်ကို သိနေတဲ့ ကာလီဒါသကြောင့် ရုက်စိတ်ဝင်တော်မူသော်လည်း ဆရာအရှင်ကာလီဒါသရဲ့ ဇဝနဉာဏ်ထက်မြက်တာကို သိရလို့ ချီးကျူးပြီး ဆုလာဘ်များ ပေးသနားလိုက်တော့တယ်။

လူနံလူအ ဘောဇဘုရင် ရှေ့ဆုံးက

တစ်နေ့ ဓာရနဂရတိုင်းပြည်ကို အာရပ်တိုင်းပြည်မှ မြင်းကုန်သည်တစ်ဦး အာရပ်မြင်းတွေ ယူဆောင်လာပြီး အမြို့မြို့နဲ့ ရွာတွေကိုလှည့်ပြီး သူမြင်းတွေကို ရောင်းချလို့ လာလိုက်တာ ဘောဇဘုရင်နန်းတော်ရှေ့ကို ရောက်လာတယ်။

မြင်းတွေကိုတွေ့တော့ ဘောဇဘုရင်ကြီး အလွန်အလွန် မျက်စိကျပြီး မြင်းကုန်သည်နဲ့ မြင်းတွေကို ခေါ်ကြည့်တယ်။ အာရပ်မြင်းမျိုးက ထွားထွားကျားကျားလျားလျားကြီးတွေ။ ဒေါင်ကလည်း ကောင်းတာဆိုတော့ ဘောဇဘုရင်ကြီးက မြင်းတွေကို အားလုံးဝယ်လိုက်တယ်။

"ကျွန်ုပ် မြင်းတွေကို အလွန်နှစ်သက်ချစ်ခင်တယ်။ အထူးသဖြင့် ဒီလိုအာရပ်မြင်းမျိုး ဒေါင်ကောင်းကောင်း ထွားထွားတွေကို ပိုလို့နှစ်သက်တယ်။ နောက်ထပ် အာရပ်တိုင်းပြည်က မြင်းတွေကို လိုချင်ပါသေးတယ်။ နောက်အခေါက် မြင်းကောင်ရေများများယူလာပါ။ ကျွန်ုပ် အကုန်ယူမယ်။ အခု စရန်ငွေ(၁၀၀၀) ယူသွားပါ"

ဘောဇဘုရင်က မြင်းချစ်သူဆိုတော့ ရှေ့နောက်မစဉ်းစားတော့ဘဲ လက်လွတ်စပယ် ပေးလိုက်မိတယ်။ ဘောဇဘုရင် သည်အာရပ်မြင်းတွေ ရပြီးမှ သည်မြင်းတွေနဲ့သာ အချိန်ကုန်နေတော့တယ်။ နေ့ရှိသရွေ့ မြင်းစောင်းမှာဝရှိနေလို့ ညီလာခံပျက်တဲ့ ရက်တွေလည်း မနည်းတော့ပါဘူး။

တစ်နေ့ ဆရာကာလီဒါသ လမ်းလျှောက်လာရင်း ဘောဇဘုရင်ကြီးရဲ့ မြင်းစောင်းနားကို ရောက်လာတယ်။ ဘောဇဘုရင် ဆရာကာလီဒါသကိုတွေ့တော့ လှမ်းခေါ်လိုက်ပြီး မြင်းတွေအကြောင်းကို မရပ်မနား ပြောမါတော့တယ်။

"အချင်းကာလီဒါသ..ကျွန်ုပ်ဝယ်လိုက်တဲ့ အာရပ်မြင်းမျိုးတွေကို လိုက်ကြည့်စမ်းပါ။ ဒေါင်ကလည်း ကောင်းကောင်း ထွားထွားကြီးတွေ။ ခြေတံ,လက်တံကလည်း ရှည်ရှည်။ စစ်တိုက်ရင် အလွန်အသုံးဝင်တာ။ အာရပ်မြင်းမျိုးတွေက စစ်တိုက်တဲ့မြင်းမျိုးတွေဆိုတော့ ရဲလည်းရဲရင့်တယ်။ အပြေးမြန်တယ်၊ အမောခံတယ်။ သည်လိုမြင်းမျိုး နောက်ထပ် လာပို့ပေးဖို့ စရန်(၁၀၀၀)ပေးပြီး မှာလိုက်သေးတယ်"

ဘောဇဘုရင်ကြီးရဲ့ အာရပ်မြင်း ချီးမွမ်းခန်းကို ဆရာကာလီဒါသက တစ်ခွန်းမှ ဝင်မပြောပါဘဲ နားထောင်နေပါတယ်။ ဘောဇဘုရင်ကြီးက အာရပ်မြင်းအကြောင်းကို မဆက်တော့ဘဲ တိုင်းရေးပြည်ရေးကိစ္စကို ဆက်ပြောဆိုနေပါတယ်။

"အချင်းကာလီဒါသ..ကျွန်ုပ်ရဲ့ ဓာရာတိုင်းမှာ ပညာတတ်တွေ များပြားမှ ဖွံ့ဖြိုးတိုးတက်နိုင်မယ်။ ကျောင်းတွေ များများဖွင့်နိုင်အောင် ဆောင်ရွက်ပါ။ လူကြီးတွေ စာမတတ်သေးရင်လည်း သင်နိုင်အောင် ဆောင်ရွက်ပေးပါ။ စာမတတ်ရင် လူနံလူအ အဖိုးသူည စာရင်းဝင်တွေ ဖြစ်ကုန်ကြမယ်။ လူလိမ်လည်း ခံကြရမယ်။ ဒါကြောင့်မို့ တိုင်းပြည်အဝှမ်း စာမတတ်သူ လူနံလူအတွေကို စာရင်းလိုက်ကောက်ပါ။ ဒါကို ကာလီဒါသ ဦးဆောင်ပြီး လုပ်ဆောင်ပါ"

ဘောဇဘုရင်ကြီးက သူတိုင်းသူပြည်သားတွေ စာမတတ်ကြမှာ စိုးရိမ်ပူပန်ပြီး စာမတတ်တဲ့ လူနံလူအ အဖိုးသူညတွေ ဘယ်လောက်ရှိတယ်ဆိုတာကိုလည်း သိချင်လို့ စာရင်းကောက်ခိုင်းလိုက်တယ်။ အခုခေတ်လိုဆို အသုံးလုံး (အရေး၊ အဖတ်၊ အတတ်) လုပ်ဆောင်သလို၊ သန်းခေါင်စာရင်းလုပ်ဆောင်သလိုပါပဲ။

ဆရာကာလီဒါသလည်း ဘောဇဘုရင်ကြီး မိန့်ကြားချက်ကို ဦးထိပ်ပန်ဆင်ပြီး အတွင်းဝန်၊ စာရေးတော်သူ မင်းချင်းတို့ကို ဓာရာတိုင်းတစ်တိုင်းလုံးကို လှည့်လည်ခေါ်ပြီး စာမတတ်သူ လူနံလူအစာရင်းကို ကောက်ခိုင်းပါတော့

www.burmeseclassic.com

www.burmeseclassic.com

ဘယ်။

တစ်လလောက်အတွင်း ဆရာကာလီဒါသ လူတွေ အားကျိုးမာန်တက် လုပ်ဆောင်လိုက်တာ လူနဲ့လူအစာရင်း အကြမ်းကို ရရှိတော့ ဆရာကာလီဒါသထံကို အပ်လိုက်တော့တယ်။ ဆရာကာလီဒါသက လူနဲ့လူအ အဖိုးသုည စာရင်းကို အချောပြုစုကြည့်လိုက်ရာ ဓာရတိုင်းမှာ ဖိုးသုည တွေ အတော်များနေတာ တွေ့ရတယ်။

ဆရာကာလီဒါ စာရင်းအချောပြုစုပြီး ဘောဇဘုရင်ကြီးထံ တင်ပြမယ့်စာရင်းမှာ ဘောဇမင်းကြီးကို အမှတ်(၁) ထိပ်ဆုံးက ရေးထည့်ထားကာ စာရင်းအချောပြုစုပြီး ညီလာခံမှာ ဘောဇဘုရင်ကြီးထံကို ဆက်သလိုက်တယ်။

ဘောဇမင်းကြီးလည်း ဖိုးသုညစာရင်းကို ယူကြည့်လိုက်တော့ မိမိနာမည် ထိပ်ဆုံးက ပါနေတာတွေ့ရလို့ အံ့သြပြီး ဆရာကာလီဒါသကို မေးလိုက်တယ်။

"အချင်းကာလီဒါသ..ဖိုးသုညစာရင်း ထိပ်ဆုံးမှာ ကျွန်ုပ်နာမည် ထိပ်ဆုံးကပါနေတာ ဘာကြောင့်လဲ။ ကျွန်ုပ်သည်လောက်တောင် ညံ့နေပြီလား"

"မှန်ပါ အရှင်မင်းကြီး၊ အရှင်မင်းကြီးသည် မြင်းကုန်သည်ရဲ့ ဇာစ်မြစ်ကိုလည်းမသိ၊ မြင်းများစွာကို ဝယ်လိုက်ပေမယ့် မြင်းတို့ရဲ့ ကြန့်အင်လက္ခဏာကိုလည်း နားမလည် ဘုမသိ ဘမသိဘဲ နောင်မြင်းတွေ ထပ်ယူလာဖို့ စရန်(၁၀၀၀)ကို ပေးလိုက်လို့ မင်းကြီးနာမည်ကို ထိပ်က ထည့်ထားရခြင်းပါ။ဆရာကာလီဒါသက မကြောက်မရွံ့ လျှောက်တင်လိုက်ပေမယ့် ဘောဇဘုရင်ကြီးက စိတ်မဆိုးဘဲ ပြုံးပြုံးရယ်ရယ်နဲ့ ပြန်မေးလိုက်တယ်။

"ဒါဆို ကောင်းပြီ ကာလီဒါသ၊ အကယ်လို့ မြင်းကုန်သည် ရောက်လာပြီး မြင်းတွေပါလာရင်ရော ကျွန်ုပ်နာမည် ဘယ်လိုလုပ်မှာလဲ"

"မှန်ပါ့ မင်းကြီး၊ မြင်းကုန်သည်က စိတ်ကောင်းဝင်ပြီး မြင်းတွေ လာပို့ပါက အရှင်မင်းကြီးနာမည်ကိုဖျက်ပြီး မြင်းကုန်သည်ရဲ့နာမည်ကို ထိပ်ဆုံးတင်ရမှာပါ အရှင်"

ဘောဇဘုရင်လည်း မိမိလောဘစိတ်ကိုမြင်မိပြီး ဆရာကာလီဒါသ စကားကို လက်ခံပြီး ဆုလာဘ်များစွာကိုပါ ချီးမြှင့်လိုက်ပါသေးတယ်။

ကောင်းကျိုးလိုရာပြည့်ပါစေ

မောင်လှယဉ်(မော်လမြိုင်)

ရန်ကုန် ဆရာမြင့် (၁) ဆရာသြဘာ

နက္ခတ္တာဇေဒါ၊ လက္ခဏာ အထူးကျွမ်းကျင်ပညာရှင်

မေးကြည့်လျှင် ပြေးကြည့်သလို မှန်ရမည်။

အမှတ်(၄၈)၊ ဆူးလေဘုရားအဝိုင်း၊ မြို့တော်ခန်းမအနီး၊ ရန်ကုန်မြို့။

Ph : 09 4200 34597

www.burmeseclassic.com

www.burmeseclassic.com

မောင်ဉာဏ်လင်း(တောင်ကုတ်)

သင်္ဘောပြုပ်လည်း လူပပြုပ်စေတဲ့ သမ္မုဒ္ဒရာထ

ဆယ့်ကိုးရူလိုင် မမေ့နိုင်..တဲ့။

တနင်္ဂနွေနေ့က စာရေးသူ ဆောင်းပါးတစ်ပုဒ် ရေးနေတုန်း မီးပြတ်သွား၍ အခန်းထဲက ထွက်လာပါသည်။ အပြင်မှာ ဦးကုလဓမ္မကို တွေ့၏။ ဘေးနားတွင် မိန်းကလေးသုံးယောက် ထိုင်နေသည်ကိုလည်း တွေ့၏။

တွေ့သည်နှင့်ပင် ဦးကုလဓမ္မက အငယ်ဆုံးကလေးမလေးအား လက်ညှိုးညွှန်ပြပြီး 'ဒါ..ဦးပဉ္စင်းညီမလေး ဒကာကြီး'ဟု မိတ်ဆက်စကားလိုလို ဆိုလာ၍ စာရေးသူက အလိုက်သင့်ပင် 'ဩော်..ဟုတ်လား'လို့ ခွန်းဟဲ့ပြန်လိုက်ပါသည်။

'စက်ရုံမှာ လုပ်နေတာလား'လို့ ခန့်မှန်းမေးလိုက်တော့ ကလေးမလေး ပြုံးပြုံးလေးလုပ်နေ၍ ဦးကုလဓမ္မက ပင် 'မဟုတ်ဘူး ဒကာကြီး၊ ကျောင်းလာတက်နေတာ။ ခုနစ်တန်းပဲ ရှိသေးတယ်'လို့ ပြောပြ၏။

'ဒကာကြီးကို ဗေဒင်ခဏတွက်ခိုင်းရမယ် ထင်တယ်'လို့လည်း ခပ်ပေါ့ပေါ့ပြောပါသည်။ ခင်မင်မှုအရ ဉာဏ်ပူဇော်ခမပေးဘဲ တွက်ပေးစေလိုတဲ့သဘောဟု စာရေးသူ နားလည်လိုက်ပါသည်။

ထို့ကြောင့် 'ရပါတယ်၊ ကြည့်ပေးရမှာပေါ့'ဟု ဆိုကာ 'ကဲ..သမီးလေး ပြော။ မွေးသက္ကရာဇ်'ဆိုတော့ 'တစ်ထောင့်သုံးရာခြောက်ဆယ့်သုံးခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၅)ရက်၊ အင်္ဂါနေ့ ညနေ(၃)နာရီအချိန် မွေးပါတယ်'တဲ့။

နှစ်တစ်ရာပြက္ခဒိန် ကြည့်လိုက်တော့ (၂၀-၁၁-၂၀၀၁)ရက်နေ့ဖြစ်ကြောင်း တွေ့ရ၏။ အင်္ဂါသမီးလည်း မှန်နေ၍ ဖုန်းထဲရှိနေတဲ့ ဗေဒင်ဆော့(ဖ်)ဝဲကိုဖွင့်ကာ ဇာတာဖွဲ့လိုက်ပါသည်။ နာမည်က ဦးဆန်းနွယ်ပါ။ ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသရဲ့ အလေ့အထက သားဦး၊သမီးဦးဆိုလျှင် (ဦး)ထည့်ပါသည်။

ယင်းဒေသရဲ့ ဗေဒင်ပညာလည်း အများနှင့် မတူပါ။ နာမည်ရဲ့ အလယ်လုံးကိုမှ နေ့နံအက္ခရာနှင့် မှည့်ပါသည်။ အင်္ဂါသမီး သမီးဦးဖြစ်၍ ဦးဆန်းနွယ်ဟု မှည့်ထားခြင်းဖြစ်ပါသည်။ မသိလျှင် ယောကျ်ားကြီးတစ်ယောက်နာမည်ဟု ထင်မှတ်ဖွယ်ရှိ၏။

စာရေးသူ ဇာတာဖွဲ့ပြီး သူ့ချက်နှာ လှမ်းကြည့်တော့ ဘာပြောမလဲမသိ ဆိုတဲ့သဘောဖြင့် အားစိုက်ပြီး နားစွင့်နေပါသည်။ စာရေးသူက ချက်ချင်းမပြောသေးဘဲ ဖုန်းစကရင်ပေါ်က သူ့ဇာတာခွင်ကို တစ်ခေါက်ပြန်ငဲ့ကြည့်လိုက်၏။



မိန်လဂ်၊ မကာရစန်း၊ စနေ ပြိဿရာသီ၌ ရပ်တည်နေ၍ ကောဇာစနေရဲ့ (၇)တန့်လှမ်းမြင်ခြင်း ခံနေရ၏။ အာရီဘာဝကို (၁၀)တန့်အထူးမြင်ထားပါသည်။ ဂိုဏ်းကြောင့် အထိတ်တလန့်ဖြစ်ရတတ်၏။ ထိခိုက်ဒဏ်ရာလည်း ရတတ်

www.burmeseclassic.com

www.burmeseclassic.com

ရပ်တန့်ခြင်း၊ သေဆုံးခြင်းသို့တိုင် ဖြစ်သွားနိုင်၏။

ဒဿက အင်္ဂါဒဿ။ အင်္ဂါကိုလည်း စနေက (၃)တန့် အမှီးမြင်ထား၏။ ထို့ကြောင့် ရုန်းလို့မလွယ်တဲ့ အခက်အခဲ အန္တရာယ်တစ်ခုခုနှင့် ရင်ဆိုင်ရဖွယ်ရှိ၏။

ဤသဘောများကို အားလုံးစုစည်းပြီး 'သမီး..သတိ ထားနော်။ အသက်အန္တရာယ် ပေးနိုင်လောက်တဲ့ ထိခိုက် နာကျင်ရာ ရတတ်တယ်'လို့ စမ်းပေါလိုက်ပါသည်။

မှန်တယ်ဆိုတဲ့အကြောင်း ပြောလို့၍ အားယူဟန်တူ အယ်..ဆိုပြီး လက်ကလေး မြှောက်ချီလာပါသည်။ ဘိုးဘွဲ့ သူ မပြောခင် ဦးကုလဓမ္မက ဦးအောင်ပြောလိုက်၏။

'ဟုတ်တယ် ဒကာကြီး၊ ဖြစ်ပြီးပြီ'ဟုဆိုကာ မကြာ သေးမီက အောင်တံခွန်သင်္ဘော် နစ်မြုပ်တဲ့အခါ ဒီကောင် လေး ပါကြောင်း ရှင်းပြပါသည်။

သြော်လို့ အာမေဋိတ်ထွက်သွားပြီး စာရေးသူ ဇာတာ ခွင်ကို ပြန်ကြည့်၏။ အင်္ဂါနှင့် ပူးတွဲလျက် မကာရရာသီ၌ ရပ်တည်နေတဲ့စန်းကို စနေ(၃)တန့် မြင်ထားပဲ။ တနလ်ာ ဂြိုဟ်ဟာ ရေလမ်းခရီးကို ပြသနေတာပဲဆိုပြီး ဒီအဖြေကို အကျိုးအကျေးဇူးထုတ်နိုင်ရကောင်းလားလို့တွေးကာ ကိုယ့်ကိုယ် ကိုယ် အပြစ်တင်မိပါသည်။ ပြောပြီးမှသိ၍ မကျေနပ်သော်လည်း ပညာတိုးသွား၏။ သို့သော် မသေခဲ့လို့ ခုတွေ့ရပြီမို့ သေတဲ့အကြောင်းကို ရှာရန်သာ ရှိတော့၏။

ထိုစဉ်က ကောဇာကြာသပတေးဂြိုဟ်သည် စနေဂြိုဟ် ရပ်တည်ရာ ဗြိစ္ဆာရာသီ(သူသဘာဝ)နှင့် လဂ်(တနဘာဝ)ကို (၅)တန့်၊ (၉)တန့် အထူးမြင်ထား၏။ ထို့ပြင် ကောဇာ ကြာသပတေးရပ်တည်ရာ ကရကဋ်ရာသီသခင် တနလ်ာ ဂြိုဟ်ကိုလည်း (၇)တန့်လှမ်းမြင်ထားပါသည်။ စနေအမြင် ကြောင့် ရေလမ်းခရီးတွင် အသက်လုကာ အထိတ်တလန့် ဖြစ်ခဲ့ရသော်လည်း ကြာသပတေးအမြင်ကြောင့် အသက် အားက လွတ်မြောက်စေသည့်အပြင် ငွေကြေးရွှင်စေပါ သည်။ ထို့ကြောင့် စာရေးသူက ခပ်တည်တည်နှင့် 'အဲဒီတုန်း က သမီး ပိုက်ဆံတောင် ရလိုက်သေးတယ်မဟုတ်လား'လို့ သောကိန်းထုတ်ကာ မေးလိုက်ပါသည်။

'ဟုတ်ကဲ့၊ ငါးသိန်းရပါတယ် ဆရာ'တဲ့။

ဗေဒင်ပညာအရ ကြာသပတေးအမြင်ကြောင့် အသက် အားမှလွတ်မြောက်ပြီး ငွေကြေးရွှင်ခဲ့ကြောင်း သိတဲ့အပြင် ကြာသပတေးက စနေအား (၅)တန့်မြင်ထား၍ ဘာသာရေး သောက်ကူပါရမည်ဟု စာရေးသူသိနေ၏။ မည်သို့မည်ပုံ လွတ်မြောက်လာခဲ့သည်ကို အင်တာဗျူးလိုက်ပါက ပေါ့ လာတော့မှာသို့၍ 'သမီး ဘယ်ကစီးလာတာလဲ'လို့ မေး လိုက်ပါသည်။

သံတွဲမှာ မိဘတွေနှင့် အတူနေရင်း ဘကကျောင်းမှာ ကျောင်းတက်ကြောင်း၊ စာမေးပွဲပြီးလို့ မွေးဇာတိရွာဖြစ်တဲ့ ပေါက်တောမြို့နယ်၊ ဝမ်းကျွန်းကုလားချောင်းသို့ အလည် ပြန်လာကြောင်း၊ သံတွဲကနေ တောင်ကုတ်သို့ ကားစီးလာ ပြီး တောင်ကုတ်ကနေ အောင်တံခွန်သင်္ဘောစီးပြီး ပေါက် တောသို့လာကြောင်း စီကာပတ်ကုံး ပြောပါသည်။

'သမီးက ဘယ်သူနဲ့လာလဲ'လို့မေးတော့ 'အမေ့ရဲ့ အစ်မ အဒေါ်နဲ့ လိုက်လာတာ'တဲ့။ 'အဒေါ်ရယ်..အဒေါ် သားရယ်၊ သမီးရယ် သုံးယောက်ပါ'တဲ့။

'ဒါနဲ့ သင်္ဘောမြုပ်တော့ အတူလာတဲ့ အဒေါ်နဲ့ သူ သားကို တွေ့သေးလား'လို့ စာရေးသူ ဆက်ဗျူးပါသည်။ 'ဘယ်ရောက်သွားမှန်းတောင် မသိဘူး'တဲ့။ 'ဒါနဲ့ ပြော ပါဦး။ သမီးက ဘယ်လိုလုပ်ပြီး လွတ်လာတာလဲ။ မှီတွယ် စရာ တစ်ခုခုများ ရလိုက်သလား'လို့ မေးကြည့်ပါသည်။

'ဟင့်အင်း၊ ဘာမှမရဘူး။ သင်္ဘောမြုပ်လို့ သမီးလည်း နစ်သွားပြီ။ ဒါပေမဲ့ သမီးစိတ်ထဲက သမ္မုဒ္ဓေရွတ်နေတုန်း ပဲ'တဲ့။ 'အမြဲတမ်းလည်းပဲ မနက်ညည ရွတ်ပါတယ်။ ခရီး သွားလာရင်လည်း အမြဲရွတ်ပါတယ်'တဲ့။ မိဘသင်္ဃန်မှ ကလည်းကောင်း၊ ကိုယ့်ဗီဇကလည်းကောင်း၍ အလေ့ အလာကောင်းရကာ သမ္မုဒ္ဓေဂါထာကို အဝါးဝစွာ ရထား သူလို့ နားလည်လိုက်ပါသည်။

သို့သော် လိုရင်းမပေါ်လွင်သေး၍ စာရေးသူက 'ဒါနဲ့ သမီး၊ အဲဒီလို စိတ်ထဲက ရွတ်နေတော့ ရေထဲကနေပြီး ပေါ်တက်လာတာလား။ ဘယ်လိုတွေလဲ၊ မှတ်မိသလောက် ပြောပါဦး'လို့ ဗျူးလိုက်ပါသည်။

'နောက်ကျောကနေ အင်္ကျီဆွဲပြီး မြှောက်တင်လိုက် သလို စိတ်ထဲမှာ သိလိုက်ရတယ်တဲ့။ သြော်..အတော့်ကို ထူးဆန်းတာပဲလို့ စိတ်ထဲ မှတ်ချက်ချမိသွား၏။ သို့သော် ပရိတ်ပဌာန်း၊ ဂါထာမန္တန် ဘုရားစာရွတ်သူများ ဘေး အန္တရာယ်က လွတ်မြောက်ကြတဲ့အခါ ဒီလိုပဲ ပြောတတ် ကြတာပဲလို့ စာရေးသူစိတ်ထဲ တွေးနေမိသေး၏။ စာရေး ဆရာတွေက အမွမ်းတင်ကာ အနည်းငယ်ပြုပြင်ပြီး ရေး လိုက်ကြတာပါပဲလို့လည်း မှတ်ချက်ချနေမိပါသည်။

သည်အကြောင်းကို စာရေးသူ အကွာရာတင်လျှင် သူ

www.burmeseclassic.com

www.burmeseclassic.com

များလည်း စာရေးသူတွေးသကဲ့သို့ပင် တွေးထင်နေမှာပဲလို့ လည်း ဆင်ခြင်မိ၏။ ထို့ကြောင့် တိကျမှန်ကန်မှုရှိစေရန် ဆက်လက်မေးကြည့်၏။

'ဒါနဲ့ သမီးကို နောက်ကျောကနေ ဆွဲမြှောက်လိုက်တော့ သမီး ကမ်းပေါ် ရောက်သွားတာလား။ သမီး သတိရတဲ့အခါ ဘယ်မှာရောက်နေတာလဲ'လို့ စာရေးသူ မေးလိုက်ပါသည်။ ဆေးရုံပေါ် ရောက်တော့မှ အိပ်မက်,မက် သလိုမျိုး ဖြစ်နေသလားဆိုတဲ့ အတွေးကြောင့် ထိုသို့မေး လိုက်ခြင်း ဖြစ်ပါသည်။

'မဟုတ်ဘူး၊ သမီး သဘော်ပေါ် ရောက်နေတာ'တဲ့။ ကမ်းလည်းမရောက်၊ ဆေးရုံလည်းမရောက် သဘော်ခေါင်မိုးပေါ် ရောက်နေလို့ ကယ်ဆယ်ရေးသမားနှင့် တွေ့ကာ အသက်ရှင်လာခဲ့ခြင်း ဖြစ်ပါသည်။ သဘော်ခေါင်မိုးပေါ် ရောက်နေချိန်မှာ သူနှင့်အတူလာတဲ့ အဒေါ်ရော သားပါ သေသွားပြီ။ အခြားလူများလည်း ရာကျော်ကြီး သေသွား ပြီ။ သူကတော့ သမ္မဒ္ဒေဂါထာတန်ခိုးကြောင့် ခေါင်မိုးပေါ် ရောက်ကာ အသက်ရှင်လာခဲ့၏။

သုံးလကျော် လေးလနီးပါးလောက်ပဲ ကြာသေးတဲ့ အောင်တံခွန်သဘော် နစ်မြုပ်တဲ့ သတင်းကို စာဖတ်သူများ သတိတရရှိဦးမှာပါ။ ဘေးအန္တရာယ်နှင့် အသေအပျောက် ပမာဏကို သိပြီးသားပါပဲ။ အထူးတင်ပြနေစရာ လိုမည် မဟုတ်ပါ။ သို့ဆိုလျှင် မဦးဆန်းနွယ်အား အသက်ဘေးမှ လွတ်မြောက်စေတဲ့ သမ္မဒ္ဒေဂါထာရဲ့ စွမ်းအင်အာနိသင်ကို လည်း အထူးတလည် ခဲ့ထွင်တင်ပြနေစရာ လိုမည်မထင် တော့ပါ။

သမ္မဒ္ဒေဂါထာတော် ပါဠို၊ အနက်ကို လိုချင်သူများ အတွက်လည်း ဤဂန္ထိရမဂ္ဂဇင်းရဲ့ အဖွင့်စာမျက်နှာတွင် လစဉ်ဖော်ပြထား၍ စာရေးသူ တင်ပြနေစရာ မလိုတော့ပါ။ ကူးယူကျက်မှတ်ရုံသာ ရှိတော့၏။ တင်ပြလိုသည်ကား ကမ္မနိယာမဆိုင်ရာ သိချင်စရာလေးများကို အနည်းငယ် ခဲ့ထွင် တင်ပြလိုပါသည်။

စာဖတ်သူများ စိတ်ထဲလည်း သံသယအတွေး ရှိချင် ရှိနေတတ်ပါသည်။ တစ်ခုဆို ဂါထာမန္တန်၊ ထစ်ခနဲဆို သမ္မဒ္ဒေဂါထာ၊ တစ်ခါလာလည်း ဒီဝါတပတိ၊ နောက် တစ်ယောက်လာတော့ ပဋ္ဌာန်းပစ္စယုဒ္ဒေသ၊ နောက်တစ် ယောက်ပြောတော့ သရဏဂုံ၊ ဒါတွေ အကုန်ရွတ်နေမယ်၊ ဒါဆို မသေတော့ဘူးလား စသည့် အတွေးရိုင်းများလည်း ဝင်လာတတ်၏။ လွတ်မြောက်လိုလို့ သမ္မဒ္ဒေရွတ်တာဆို လျှင် စိတ်မှ မစင်ကြယ်တာ ကုသိုလ်ရပါ့မလား။ လောဘ စိတ်၊ ဒေါသစိတ်တွေနှင့် ရွတ်နေလို့ကတော့ အကုသိုလ် တောင် တိုးနေဦးမှာ စသည်ဖြင့်လည်း နှလုံးသွင်း မှားနေ တတ်၏။ ထိုသို့ သံသယမဖွား နှလုံးသွင်း မမှားရအောင် ရှင်းလင်းပြရမည့်တာဝန် စာရေးသူမှာရှိပါသည်။ ထို့ကြောင့် တတ်စွမ်းသမျှ ရှင်းလင်းတင်ပြပါအံ့။

ဂါထာ၊ မန္တန်၊ ပရိတ်၊ ပဋ္ဌာန်းရွတ်လို့ တကယ်ပဲ ဘေးဥပဒ်အန္တရာယ်တို့မှ လွတ်မြောက်နိုင်ပါသလားလို့ မေး ခွန်းထုတ်ကာ ထိုသို့တွေးနေရှာသူများအတွက် ဖြေဆိုရလွယ် အမှန်တကယ် လွတ်မြောက်နိုင်ပါသည်ဟု ဖြေပါရစေ။ လွတ်မြောက်ခဲ့ကြတဲ့ သက်သေသာဓက ဘုရားဟော အတိ အကျရှိပါသလားလို့ ထပ်မေးချင်သူများအတွက် အာယု ဝမုန သတ္တိသားဝတ္ထုနှင့် ဓေသာလီပြည် ကပ်ကြီးသုံးပါးက လွတ်ခဲ့ပုံတို့ သတိတရရှိပါလို့ တိုက်တွန်းပါ၏။

ခုနစ်ရက်ဆိုလျှင် သေပွဲဝင်ရတော့မည့် သတ္တိသားလေး ဘုရားပေးတဲ့နည်းအတိုင်း သံဃာတော်များ ပင့်ဖိတ်ကာ ပရိတ်ပဋ္ဌာန်းနာယူလိုက်သည်နှင့် အန္တရာယ်ကင်း ဘေးရှင်း ကာ နှစ်ပေါင်း(၁၂၀) အသက်ရှည်သွား၏။ ကပ်ကြီးသုံးပါး ဆိုက်နေတဲ့ ဓေသာလီပြည်သူများလည်း အရှင်အာနန္ဒာ စီမံရွတ်ဖတ်အပ်သော ရတနသုတ်ပရိတ်တော်မြတ်ကြောင့် အမှန်တကယ် လွတ်မြောက်ခဲ့ကြ၏။ မဟာကပ္ပိနမင်းကြီး နှင့် မှူးမတ်၊ သေနာပတိများ ဘုရားဖူးသွားတုန်းက ဘဝ သောတံ ဟဝေဗုဒ္ဓေါ အစရှိသော ဘုရားဂုဏ်တော်ဖွဲ့ဂါထာ ယဒိသန္တိဂမော မဂ္ဂေါ အစချီတဲ့ တရားဂုဏ်တော်ဖွဲ့ဂါထာ နှင့် သံဃောဓေတိဏ္ဏကန္တာရော အစချီတဲ့ သံဃာဂုဏ် တော်ဖွဲ့ဂါထာများ ရွတ်ပွားသရဇ္ဈာယ်ကာ မြစ်၊ ချောင်း အင်း၊ အိုင်များ၊ ကူးတို့၊ တံတား၊ သဘော်၊ လှေများ မလိုဘဲ အလွယ်တကူ ရောက်သွားကြ၏။

ဂါထာ၊ မန္တန်၊ ပရိတ်၊ ပဋ္ဌာန်းရွတ်သူတိုင်း လွတ် မြောက်နိုင်ပါသလားလို့ တစ်ဆင့်တက်ကာ မေးခဲ့ပါမူကား ရွတ်သူတိုင်းတော့ လွတ်မည်မထင်ပါ။ မည်သူတွေ လွတ် သနည်း။ ယုံကြည်ချက်သဒ္ဓါတရား အခိုင်အမာထားပြီး ရွတ်သူများ လွတ်မြောက်ပါသည်။ အနက်အဓိပ္ပာယ် သဘောသွားကို ဉာဏ်ဖြင့် ထင်ထင်သိမြင်ပြီး ရွတ်ပွားသူ များ ပို၍လွတ်မြောက်နိုင်ပါသည်။ ပရိယေ-အလေအကျင့် ရဲ့ အဝါးဝအောင် နေ့စဉ်ပုံမှန် ရွတ်ဖတ်နေသူများဆိုပါက

www.burmeseclassic.com

www.burmeseclassic.com

ဘော်ရုံတန်ရုံ ဘေးဥပဒ်အန္တရာယ်များ ကိုယ်မသိခင်ကပင် အစေးက ရှောင်သွားကြ၏။ ကြိုးမားပြင်းထန်တဲ့ ဘေးဥပဒ် အန္တရာယ်များဆိုပါက ကျရောက်ခဲ့သည့်တိုင် လွတ်မြောက်နိုင်ပါသည်။

ယခု ဤဆောင်းပါး၌ ပုံနှင့်တကွ တင်ပြထားသော ဦးဆန်းနွယ်သည် အောင်တံခွန်သဘော် နစ်မြုပ်အောင် နစ်မြုပ်တဲ့ ရေဘေး၊ လေဘေးကြီးက လွတ်မြောက်လာခဲ့ ၏။ ယခုအခါ လှိုင်သာယာမြို့နယ်၊ (၈)ရပ်ကွက်၊ ကျော်နာလန်းတွင်နေထိုင်ပြီး အ.ထ.က(၁) လှိုင်သာယာတွင် သင်္ဘတန်းပညာ သင်ယူနေပါသည်။ လေ့လာစုံစမ်းလိုက ဆက်လာနိုင်ပါသည်။ ယုံမှားသံသယ ရှိစရာမလိုပါ။

ကိုယ်တိုင်ရွတ်လျှင် အသိနှင့် ယုံကြည်မှုသည် အဓိက ဖြစ်၏။ သူတစ်ပါးက ရွတ်ဖတ်ပေးလျှင် ရွတ်ဖတ်သူ၏ သီလ၊ သမာဓိ၊ ပညာနှင့် မိမိယုံကြည်မှု ညီညွတ်မှုတဖို့ လိုပါသည်။ ကိုယ်တိုင် အလေ့အကျင့်ရအောင် အဝါးဝစွာ ရွတ်ဖတ်ထားသူ၊ ရွတ်ဖတ်နေသူ၏ ကမ္မနိယာမသဘောကို ဆုံးစားလျှင် ရွတ်ဖတ်သရဇ္ဈာယ်တိုင်းမှာ အကွာရာပုဒ်ပါဠိ ပိုင်း၌ သဒ္ဓါတရားပြဋ္ဌာန်းတဲ့ ကုသိုလ်စေတနာများ ဖြစ် ပေါ်ပါသည်။ ထိုစေတနာတိုင်း၌လည်း ဓောလိခေါတဲ့ အရိုန် အဟုန် ပါဝါစိတ်များ တန်းစီဖြစ်ပါသည်။ သဘော်နစ်လို့ ဆုံး မြုပ်နေစဉ်ဇဏ်၌ မဦးဆန်းနွယ် ရွတ်ဖတ်နေစဉ်မှာ သည်း သဒ္ဓါစေတနာပြဋ္ဌာန်းတဲ့ ကုသိုလ်ဓောခုနစ်ကြိမ် ဓော ပါသည်။

ထိုတွင် ပထမဓောစေတနာသည် အင်္ဂါလုံလောက် အဆမြောက်က ဤဘဝ၌ ဒိဋ္ဌမမ္မအကျိုးပေးပါသည်။ ဒုတိယဓောစေတနာကား ဒုတိယမြောက် နောက်ဘဝ၌ အကျိုးပေး၏။ ဒုတိယဓောမှ အစဉ်အတိုင်း ရေတွက်လျှင် ဆဋ္ဌဓောထိ ငါးမျိုးသော ဓောစေတနာတို့ကို အလယ် အငါးချက်ဟု ခေါ်၏။ ထိုအလယ်ဓောငါးချက် အထဲ မြောက် အောင်မြင်ပါက တတိယမြောက် ဘဝကစပြီး နိဗ္ဗာန်မရသေးသရွေ့ ဘဝသံသရာအဆက်ဆက်မှာ မိရာ ဖလှည့် အကျိုးပေးပါသည်။

ရေမနစ်ခင်ကပင် နှေစဉ် ရွတ်ဖတ်လာရာ၌လည်း ကောင်းတိုင်း၊ ရွတ်တိုင်း အလားတူပင် ဓောခုနစ်ကြိမ်ဓော ပါသည်။ ထိုဓောတို့သည်လည်း ခုနက ရှင်းပြသည့်အတိုင်း အကြိမ်ဆိုင်ရာဘဝတို့၌ အကျိုးပေးကြ၏။ ဤကား တစ်ရံ တခါမျှ လွဲမှားသွားခြင်းမရှိတဲ့ ကမ္မနိယာမသဘော တရား ဖြစ်ပါသည်။

မဦးဆန်းနွယ် နှေစဉ်နှင့်အမျှ ရွတ်ဖတ်လာခဲ့သော အကြိမ်ပေါင်းများစွာတွင် ပထမဓောစေတနာပေါင်းများစွာ ပါရှိပါသည်။ ရေနစ်မွန်းနေသော်လည်း မမွေ့မလျော့ဘဲ ရွတ်နေနိုင်ခြင်းက သူ့ရဲ့အလေ့အကျင့် (အာစိဏ္ဏက)ပမာဏ ကို ပြသနေသလို သမ္မာဒွေဂါထာအပေါ် ယုံကြည်အားထား တဲ့ သဒ္ဓါတရား၊ ထုထည်ပမာဏကိုလည်း အထင်အရှား ပြသနေပေသည်။ စာရိတ္တသီလအဖြစ် အလေ့အကျင့်ပြုထား သော အာစိဏ္ဏက်စွမ်းအင်နှင့် ယုံကြည်မှုအားကောင်းတဲ့ သဒ္ဓါတရား ပေါင်းစပ်ပါဝင်နေတဲ့ ပထမဓောစေတနာ ပေါင်းများစွာသည် မဦးဆန်းနွယ် အသက်ဘေးမှ လွတ် မြောက်ခြင်း၏ အဓိကအကြောင်းရင်း ဖြစ်ပါသည်။

သူ အင်မတန်ယုံကြည်ကိုးစား ရွတ်ပွားနေတဲ့ သမ္မာဒွေ ဂါထာတော်၌ ငါးသိန်းတစ်သောင်းနှစ်ထောင်နှစ်ကျိပ်ရှစ် ဆူ(၅၁၂၀၂၈)ကုန်သော မြတ်စွာဘုရားတို့အား ရိုသေစွာ ရှိခိုးပါ၏ဆိုတဲ့ စကားတစ်ရပ် ပါရှိ၏။ ငါးသိန်းတစ်သောင်း နှစ်ထောင်နှစ်ကျိပ်ရှစ်ဆူ အရေအတွက်ရှိ ထိုဘုရားရှင်တို့ အား ကြည်ညိုသမှု အာရုံပြု၍ ရိုခိုးပူဇော်ခြင်း ဗုဒ္ဓပဏာမ ကုသိုလ်ကံစေတနာရဲ့ အကျိုးအာနိသင်ကို ဤရွေ့ဤမျှဟု ဂဏန်းချ၍ ပြည့်ပြည့်စုံစုံ အကုန်ဖြောပြရန်ကား မလွယ် ကူလှပေ။

ထို့အပြင် ဂင်္ဂါဝါဠ သဲစုနှင့်အမျှ ပွင့်တော်မူကြပြီး ပရိနိဗ္ဗာန်စံဝင်တော်မူလေကုန်ပြီးသော ဘုရားရှင်အပေါင်း တို့အားလည်း ရိုသေစွာရှိခိုးပါ၏ဆိုတဲ့ စကားတစ်ရပ် ပါဝင် သေး၏။ သဘောကတော့ ဘုရားကိုရှိခိုးခြင်း အတူတူပင်။ သို့သော် အာရုံပြုတဲ့စိတ်ရဲ့ အာရုံပြုရာ နယ်ပယ်ကတော့ ငါးသိန်းကျော်ပမာဏ သခိုဘုရားတို့အား ရှိခိုးစဉ်ထက် များစွာပို၍ ကျယ်ဝန်းသွားပါသည်။ အနန္တ အာရုံရဲ့ စိတ်တန်ခိုး၊ အကျိုးအာနိသင်လည်း အနန္တပင် မဟုတ်ပေလော။ ဘုရားကိုးကွယ်၊ တန်ခိုးကြွယ်ဆိုသည့် အတိုင်း စိတ်တွင် တန်ခိုးပါဝါ ပြည့်စုံကြွယ်ဝနေပေသည်။

ဘုရားတန်ခိုးများ စိမ့်ဝင်နေသော မဦးဆန်းနွယ်ရဲ့ စိတ်တန်ခိုးအား ရပ်တန့်ပျက်စီးသွားခြင်းမရှိရအောင် ကူညီ စောင့်ရှောက်ရမည့်တာဝန် သမ္မာဒေဝနတ်ကောင်းနတ်မြတ် တို့မှာ ရှိနေပါသည်။ ဆိုင်ရာပုဂ္ဂိုလ်တို့ မစောင့်ရှောက်ဘဲ မွေ့လျော့ပေါ့တန်စွာ နေခဲ့ပါက အကယ်၍ မဦးဆန်းနွယ် သေဆုံးသွားခဲ့ရပါမူကား ရက္ခဒဏ်၊ ဒေဝဒဏ် ခံသည့်

www.burmeseclassic.com

www.burmeseclassic.com

နတ်လောက နတ်ဥပဒေအရ ဆိုင်ရာပိုင်ရာနတ်များ ပြစ်ဒဏ်ကျခံရဖွယ်ရှိပါသည်။ နတ်တို့ရဲ့ ဒေဝဓမ္မ ဘာညာတို့ကို မလေ့လာမိ၊ မသိရှိသူတို့အတွက် ဤစကားသည် ဟာသသဖွယ် ဖြစ်သွားနိုင်ပါသည်။ တကယ်တော့ ဟာသမဟုတ်ပါ။

မဦးဆန်းနွယ် တစ်ယောက်တည်းအတွက် ရည်ရွယ်ပြောခြင်းမဟုတ်။ သမ္မုဒ္ဓေဂါထာ ရွတ်ပွားသူအားလုံး အခြား၊အခြားသော ဂါထာ၊ မန္တန်၊ ပရိတ်၊ ပဋ္ဌာန်း ရွတ်ဖတ်သူများ အားလုံးအတွက် ရှင်းပြခြင်းဖြစ်ပါသည်။ ငါ မစောင့်ရှောက်လျှင် ငါ့အား ပြစ်ဒဏ်ရောက်ရာ၏။ တရားစောင့်သူအား တရားကကယ်ရသည်မှာ ဓမ္မတာပဲ စသည်ဖြင့် အတ္ထာဓိပတိ၊ လောကာဓိပတိ၊ ဓမ္မာဓိပတိစိတ်များထားရှိကာ ဆိုင်ရာပုဂ္ဂိုလ်များက ကယ်တင်လိုက်ခြင်း ဖြစ်ပါသည်။

ထို့အပြင် ထိုသမ္မုဒ္ဓေဂါထာ၌ အဆိုပါ ဘုရားရှင်တို့ ဟောကြားတော်မူအပ်သော တရားတော်နှင့် ယင်းတရားတော်ကို လိုက်နာကျင့်သုံးနေထိုင်ကြကုန်သော သံဃာတော်အရှင်မြတ်တို့အား ရှိခိုးပါ၏ဆိုတဲ့ စကားတစ်ရပ်လည်း ရှိပါသေးသည်။

ထရားကိုးကွယ် ပညာကြွယ်၏။

လော်လောဆယ်မှာ မဦးဆန်းနွယ် ရလိုက်သည့်ပညာကား သမ္မုဒ္ဓေဂါထာရွတ်လို့ ငါ လွတ်မြောက်လာခဲ့တာဆိုတဲ့အသိပင် ဖြစ်ပါသည်။ ထိုအသိပညာက မဦးဆန်းနွယ်အား ဤဘဝမှာရော နောင်ဘဝမှာပါ ကူညီစောင့်ရောက်နေပေဦးမည်။

သံဃာကိုးကွယ် စည်းစိမ်ကြွယ်၏။

အစဉ်ထာဝရ ရွတ်ပွားပူဇော် ရှိခိုးလာပါက စည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာလာနိုင်၏။ လောလောဆယ်တော့ သမ္မုဒ္ဓေဂါထာ အစွမ်းပြ၍ ပိုက်ဆံငါးသိန်းရသွားပေသည်။

အနေကာ အန္တရာယာပိ-တစ်ပါးမက များလှသွယ်သွယ် အန္တရာယ်တို့သည်လည်း၊ အသေသတော-အကြွင်းအကျန် မရှိသောအားဖြင့်၊ ဝိနဿန္တု-ပျောက်ပျက်ပါစေသတည်းဆိုတဲ့ နိဂုံးချုပ်ဆုတောင်းစကား အမှန်တကယ် ပြည့်ဝနိုင်သည်ကိုမူ အထူးပြောစရာ မလိုတော့ပေ။

ရွှင်လန်းချမ်းမြေ့ကြပါစေဗျာ

မောင်ဉာဏ်လင်း(ဇောဘင်ကုတ်)

ဆရာဦးသိန်းဝင်း
B.A (Geog:), ဒ.ဘန.ဝ (တ.ဆ-၁၄၃၂)
ပြည်တော်စိုး
တိုင်းရင်းဆေးကုခန်း
နှလုံး၊ အသည်း၊ ကျိုးပေါင်း၊ အာရုံကြောအားနည်း၊ ဓလေဇန်း/ဓလဖြတ်၊ ကိုယ်ခံအားကျခြင်း၊ အဓကြောနှင့်ပတ်သက်သော ဓရောဂါများ ကုသဖေးပါသည်။
✤ ဓလေဖြတ်ရောဂါ ဝဝဒနာရှင်များ အထူးကုံသေဖေးပါသည် ✤

ဓလေဖြတ်ခြင်းကို
ကြိုတင်ကာကွယ်ပါ
ဓလေဖြတ်မည့် သက္ခဏာများ
* ဦးခေါင်းနောက်ဓေ့တွင် ခေါင်းကိုက်ခြင်း
* မျက်ခွံနှင့် မျက်စိကြွက်သားတို့ ဆတ်ခနဲ လှုပ်ရှားခြင်း
* ပစ္စည်းများ ကိုင်လျှင် မကြာခဏ ကွတ်ကျခြင်း
* ခြေ, လက်များ ထုံကျဉ်ခြင်း
* လမ်းလျောက်လျှင် ခြေဆွဲနေခြင်း
* စကားပြော လေးခြင်း
စသည့် လက္ခဏာများ တွေ့ရှိခံစားရလျှင် ကြိုတင်၍ ဆေးစားခြင်း၊ အကြောဖွင့်ခြင်းတို့ကို ပြုလုပ်ပါက ဓလေဖြတ်ခြင်းကို ကြိုတင်ကာကွယ်နိုင်ပါသည်။

ဆေးခန်းဖွင့်ချိန် - နံနက်(၁၁း၀၀)နာရီမှ ညနေ(၄း၃၀)နာရီထိ (တနလာနေ့ ပိတ်သည်)
အမှတ်(၁၉)၊ (၁၁)လမ်း၊ (ဗိုလ်မင်းရောင်လမ်းမ)၊ မင်္ဂလာတောင်ညွန့်မြို့နယ် (ရဲစခန်းရှေ့)။
ဖုန်း ၀၉ ၇၉၅၁၄၂၆၈၃ ၊ ၀၉ ၃၁၆၅၂ ၇၂၄

www.burmeseclassic.com

www.burmeseclassic.com

နန်းညွန့်ဆွေ

မြန်မာနှင့် စာတ်ကောလီ

မိုးရွှေဒွေ နှစ်ပါးကျပ်
တရားမြတ်ဇောကြည်
နဂါးဓာတ် ထပ်လောမတည်ပြီ
ဓာတ်ကောလီကြုံလို့
ပန်နီက္ကု ရာသီချိန်တွင်
သာကီရိန် ထွန်းမည့်ခါမို့။
တကောင်းက ဒေါင်းကြွလာပြီ
ခေါင်းခါခါလျှောလို့
ကျောင်းတော်ဆောင် ဖောင်ကူးတို့ဆီက
ဘီးတို့ပတ်ရိုက်နေ။
တရားသံစာပေကျက်ပါလို့
စနေဆက်မျှော်လိုက်ပါတော့လေ။
နေဖျက်တဲ့ ထီးစနေကို
ကြေးရွှေစင် ပစ်ခွင်းလိမ့်
ငစဉ်းလဲ ဗျိုင်းဘုရင်
ဒေါင်းခွပ်ဖို့မြင်
သုံသုံတိ ဧကတ်တွင်လျှင်
တေးထပ်ရှင် လက်ဖြတ်လှည့်လေး။

အထက်ပါတေးထပ်ကို မောင်းထောင်ဦးကျော်လှ ရေးသည်ဟုလည်းကောင်း၊ မန်လည်ဆရာတော်ကြီး ရေးသည်ဟုလည်းကောင်း အမှတ်အသားတွေ့ရပါသည်။

ရှေးခေတ်က ဓာတ်သဘင်တွင် အတိတ်တဘောင်တို့ကို ဟောနိုင်ပြောနိုင်သည့် ပညာရှိကြီးများ ပါဝင်ကြသည်။ ထိုပညာရှိကြီးများသည် မြန်မာနိုင်ငံ ပါတော်မူရသည့်အကြောင်း၊ ဝံသာနုအကြောင်း၊ အမျိုးသားပညာရေးအကြောင်း၊ (၂၁)ဦးအကြောင်း၊ တို့ဗမာအကြောင်း စသည့် နိုင်ငံရေးတရားများကို လက်ဘပတ်တန်းရွတ်၍ ဟောကြပြောကြသည်။ ထို့ပြင် နက္ခတ်ဗေဒင်စကားများကို ပြော၍ မြန်မာများ အားမငယ်ရန် သွေးနှီးဟောပြောခဲ့ကြသည်။

အထက်ပါတေးထပ်၏ ဆိုလိုရင်းမှာ ကောလီဓာတ်ဆန်းနှင့် ကြုံပြိုဖြစ်၍ မြန်မာတို့ လက်ခမောင်းခတ်ရတော့မည်။ နဂါးတည်းဟူသော စနေနံ ပါပမင်း ဆက်လက်မတည်ရှိနိုင်တော့ပြီ။ ပါပလူမျိုး ဗျိုင်းရှင်ဘုရင်ကို တို့ဗမာတည်းဟူသော ဒေါင်းက ခွပ်တော့မည်။ ဂျပန်၊ ဂျာမန်၊ အီတလီ ဝင်ရိုးတန်းနိုင်ငံတွေနှင့် အင်္ဂလိပ်၊ အမေရိကန်၊ ရုရှား မဟာမိတ်နိုင်ငံတို့၏ ဗိုလ်လုပွဲတွင် မြန်မာတို့ လွတ်လပ်ရေးရတော့မည်။

(၁၃၀၀)ပြည့်နှစ်တွင်ဖြစ်သည်။ မဟုတ်လျှင် စာရေးသူကို လက်ဖြတ်ကြပေတော့ဟု ဆိုထားခြင်း ဖြစ်သည်။ ဤကဗျာအရ ရှေးမြန်မာကြီးများသည် ပါပ၊ သူရဇ္ဈ၊ အမြိတ္တ၊ ကောလီဆိုသည့် ဓာတ်ကြီးလေးပါးကို စွဲစွဲမြဲမြဲ ယုံကြည်ကြကြောင်း သိရသည်။

သီပေါမင်း ပါတော်မူစအခါက နယ်ချဲ့ကို ဒူးမထောက်လိုသည့် မြန်မာမျိုးချစ်ပုဂ္ဂိုလ်ကြီးများသည် အလံမလွဲဘဲ ဆက်လက်ခုခံတော်လှန်၍နေသဖြင့် အင်္ဂလိပ်အစိုးရသည် (၁၀)နှစ်၊ (၁၅)နှစ်တိုင် နှိမ်နင်းယူရသည်။ ထိုအခါတွင် မောင်းထောင်ဦးကျော်လှက ရုပ်သေးစင်ပေါ်မှနေ၍-

အတ္တောရယ် အညီပ၊ ဓာတ်ကောလီ လောကီအရဂို့ဖြင့်၊ ဒိဋ္ဌအမြင် ဗေဒင်နှင့် ရှုပြန်တော့၊ ကိစ္စအစဉ် အခြေခံတို့က၊ ပွေမှပင် တစ်ဖုံဖန်လို့၊ သူပုန်ရန်ပြည် မငြိမ်းနိုင်ဘု၊

www.burmeseclassic.com

ကိန်းပါပ ဓာတ်အဝင်-အစချီသည့် သံချီကို ဆိုသည်။

အဓိပ္ပာယ်မှာ ဓာတ်ကြီးလေးပါးကိန်းအစဉ်ကို ဗေဒင်ပညာဖြင့်ကြည့်လျှင် ယခုအခါသည် ကောလိဓာတ် ကြုံသည့်အခါမဟုတ်၊ ပါပဓာတ်ဝင်နေသည့်အခါ ဖြစ်သည်။ ရတနာသုံးပါး၌ ဦးထိပ်ထား၍ ပဉ္စသီဝါးပါးကို မြဲကြလော့။ စိတ်ဆန္ဒရှိသည့်အတိုင်း အရမ်းကာရော မလုပ်ကြနှင့်ဟု ပြောထားခြင်းဖြစ်သည်။ ဦးကျော်လှသည် ဤသဘောမျိုးကို သံချီဖြင့် မကြာခဏ ပြောလေ့ရှိသည်။

မြန်မာပြည်အား အင်္ဂလိပ်တို့ သိမ်းပိုက်ထားစဉ် မြန်မာတို့က ပြင်သစ်၊ ရုရှား၊ တရုတ်၊ ဂျာမနီ စသည်ကို မျှော်ကြသည်။ ဦးကျော်လှက မမျှော်ကြနှင့်။ အင်္ဂလိပ်တည်းဟူသော ပထွေးကိုကျော်၍ သူတစ်ပါးကို အဘမခေါ်ချင်ကြနှင့်ဟု ဘုန်းတော်ကြီးကျောင်းက မျောက်ကလေးဥပမာပြ၍ ဟောသည်။

ဘုန်းတော်ကြီးက မျောက်ကလေးကို တစ်နေ့လျှင် တစ်ချက် ထိပ်ကိုခေါက်သည်။ မျောက်ကလေးက မကျေနပ်၍ သေပါစေဟု ဆုတောင်းရာ ဘုန်းတော်ကြီး ပျံတော်မူလျှင် ဦးပဉ္စင်းကြီးက ကျောင်းထိုင်ဖြစ်သည်။

ဦးပဉ္စင်းကြီးက မျောက်ကလေးအား တစ်နေ့လျှင် နှစ်ချက် ထိပ်ကို ခေါက်သည်။ မျောက်ကလေးက စဉ်းစားသည်မှာ ဦးပဉ္စင်းကြီး သေပါစေဟု ဆုတောင်း၍ သေလျှင် ကိုရင်ကြီး ကျောင်းထိုင်ဖြစ်တော့မည်။ ကိုရင်ကြီး လက်ထက်ရောက်လျှင် သက်သာမည်မဟုတ်။ လေးငါးဆယ်ချက် ခေါက်လိမ့်မည်။ ထို့ကြောင့် လက်ရှိ ဦးပဉ္စင်းကြီးကိုပင် သက်တော်ရာကျော် ရှည်ပါစေ ဆုတောင်းရတော့မည်ဟုဆို၍ ဆုတောင်းမေတ္တာ ပို့နေရသည်ဟုဆိုသော ဥပမာအတိုင်း နှစ်ချက်ခေါက်နေသည့် အင်္ဂလိပ်အစိုးရကို ပင် မေတ္တာပို့ကြပေတော့ဟု သင်ခန်းစာပေးထားသည်။

ဤသို့ရေးခြင်းကြောင့် မောင်းထောင်ဦးကျော်လှအား ပြတ်သားမှုမရှိ၊ ပျော့ညံ့သည့်လက္ခဏာကို ဆောင်နေသည်ဟု ပြောလိုက ပြောနိုင်ပါသည်။ သို့ရာတွင် ရှေးပညာရှိကြီးများသည် ကိန်းခန်းနက္ခတ်ဗေဒင်ကို စွဲမြဲတတ်ကြသည်။ အထူးသဖြင့် ဓာတ်ကြီးလေးပါးကိန်းတွင် ကောလိဓာတ် ဆန်းလျှင် မြန်မာတွေ လက်ခမောင်းခတ်ကြရမည်။ ကောင်းစားတော့မည်။ ပါပဓာတ်ဆန်းလျှင် ဒုက္ခများကြရမည်။ တရားကို ဖက်ကြဖို့ လိုသည်ဟု ယုံကြည်ကြသည်။

ရွှေတိဂုံ ဟံသာထီးမှာတော့၊ လောဟိတ် ချောင်းရေစီးပါလိမ့်၊ ရပ်ကြီးစံ ကညာခင်တို့၊ ထာဝစဉ် ချစ်လင်နဲ့ မကွဲရအောင်၊ အမရာပလွင် ဓမ္မရာဇ်အရှင်မှာ၊ မြဲကြောင်းကွယ်၊ ပွဲတွေ့နှစ်ပဲ စသည်ဖြင့် မောင်းထောင်ဦးကျော်လှသည် မကြာခဏ ရေးသားဟောပြော ပညာပေးခဲ့သည်။

အဘယ်ကြောင့်ဆိုသော် သီပေါမင်းပါတော်မူခင် သက္ကရာဇ်(၁၂၄၆)ခုနှစ်ကစ၍ ပါပဓာတ်ဆန်းခဲ့သောကြောင့် ဖြစ်သည်။ ပါပဓာတ်ဆန်းသော့်ကာလတွင် အင်္ဂလိပ်တည်းဟူသော့ ပါပမင်း ရောက်လာသည်။ ထို့ကြောင့် လိမ်လိမ်မာမာနေကြရမည်။ အရမ်းကာရော သွားလျှင်မလွဲသင့်ဟု ဦးကျော်လှက ဆိုသည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အဘိုး နတ်မောက်မြို့သူကြီး ဦးမင်းရောင်သည် အင်္ဂလိပ်အစိုးရအား ဒူးမထောက်ဘဲ ရွှေလရောင်ဘွဲ့ကို ခံယူခဲ့ဆက်လက်ခုခံတော်လှန်ခဲ့ရာ နောက်ဆုံးတွင်ဖမ်းမိ၍ ခေါင်းကိုဖြတ်ပြီး သစ်ပင်ပေါ်၌ ချိတ်ဆွဲပြခြင်းကို ခံရသည်။

ထိုအကြောင်းကို ဆရာကြီး သခင်ကိုယ်တော်မှိုင်းက မြတ်လောကီ သဘာဝမှာဖြင့်၊ ဓာတ်ကောလိ အခါမတာမို့၊ မြန်မာများ ဘုန်းသမ္ဘာ၊ သြော်-ရှုံးပါပေါ့ ကံတရားမျိုးဟု ဖွဲ့ဆိုရေးသားထားသည်။ ကောလိဓာတ်မရတဲ့အခိုက်မို့ ရှုံးခဲ့ရသည်ဟု ညည်းတွားသည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည်လည်း ဓာတ်ကြီးလေးပါးကိန်းကို စွဲမြဲယုံကြည်သည့် ပုဂ္ဂိုလ်ကြီး ဖြစ်ပါသည်။ ခေတ်အဆက်ဆက် နိုင်ငံရေးဆောင်ရွက်လာခဲ့ရာမှ တို့ဗမာသခင်လူငယ်ကလေးများနှင့် တွေ့ရသောအခါ ဆရာကြီးသည် အားတက်လာသည်။ ဝမ်းမြောက်လာသည်။ ခေတ်အခါကလည်း ကောလိဓာတ်ဆန်းရန် နီးလာပြီ။

ထို့ကြောင့် ပလီဗောဓ ကြောင့်ကြဆယ်တန်အကြောင်း ရေးဖွဲ့သည့် လေးချိုးကြီးတွင်-

ဓမ္မအဆီ ရပါစီဆိုတဲ့၊ သမထ ဝသီပေမို့နော၊ ညဆီညဆီမှာ၊ မြဝတီတို့လို ဟောတဲ့ပြင်၊ တစ်ညတစ်ချီ နှစ်ခုံအမတပြည်ကိုလည်း စောမိပါရဲ့၊ ကောလိဓာတ် မကြုံတကြုံမှာနော်ကွယ်၊ ဓောအကြည်လျှပ်၊ တောမီကပ်ပေတဲ့ ယောဂီမြတ်ဂုဏ်ဟု ဆိုထားသည်။

ကောလိဓာတ် ကြုံခါနီးပြီဟု သိသောကြောင့် ဆရာကြီးသည် အားတင်းလိုက်သည့်သဘောဖြစ်ပါသည်။ မကြာမီ ရန်ကုန်တက္ကသိုလ်မှ သခင်ကျောင်းသားကလေးများနှင့် တွေ့ရသောအခါတွင် ဆရာကြီးသည် ပိုမိုအားတက်ရွှင်လန်း

www.burmeseclassic.com

www.burmeseclassic.com

ခဲ့ကာသည်။

(၁၂၉၉)ခုနှစ်၊ ဒေါင်းအိုးဝေ မဂ္ဂဇင်းတွင်-

ဆရာအကျော်အမော်၊ ယောဂီကဝိရယ်က၊ ကမ္ဘာမှာ သော်၊ အဟောသီ၏,မသီ၏။ တောဆီကကြည့်ပြန်တော့၊ မြေမှာနော်၊ ကောလိမိခိုန်မို့၊ ဓောဝီထိ တကွက်မမှိန်၊ ဆောင်မည်ဟူ၍၊ လောကီ၏ ပြက္ခဒိန်မှာ၊ ပြောင်သမို့သာပ၊ ဆောင်မို့တစ်လှည့်၊ အထက်ဟိုယခင်ကဲ့သို့၊ ကနက်ဗဟိုရ်၊ ဘွင်ပြောင်းရမှာက၊ နောင်သို့တကဲ့၊ အောင်ဖို့တပည့်တွေနဲ့၊ ဆောင်တို့ရဲ့ တက္ကသိုလ်သခင်ကျောင်းဟု ရေးသားဖွဲ့ဆိုလေသည်။

ဤတွင် ဆရာကြီးက ကောလီဓာတ်ဆန်းပြီ၊ ကောလီဓာတ်မိပြီ၊ နိုးကြားကြလော့။ ကြိုးစားကြလော့ဟု တပ်မှန်းဆော်လိုက်ခြင်း ဖြစ်ပါသည်။

မြန်မာရာဇဝင်ကို ပြန်ကြည့်လျှင် ညောင်ရမ်းခေတ် ဒုတိယအင်းဝခေတ်ကြီးပျက်၍ ရွှေဘိုမှ အလောင်းဘုရားကြီး ဦးအောင်ဇေယျသည် သူရဇ္ဈာတ်ဆန်းတွင် တက်လာသော ရှင်ဘုရင်ဖြစ်သည်။

ထို့အတူ ဘိုးတော်ဘုရား ခေါ် ပဒုံမင်းနှင့် မင်းတုန်းမင်းတို့သည် ကောလီဓာတ်ဆန်းတွင် တက်လာကြသော ရှင်ဘုရင်များ ဖြစ်ကြသည်။ ရှေးရှင်ဘုရင်များသည်လည်း သူရာဖြူ၊ ဟူးရားညို စသည့် ပညာရှိများ၏ ဟောပြောချက်ကြောင့် ဓာတ်ကြီးလေးပါးကို လေးလေးစားစား ရေးထား၍ ဆောင်ရွက်ကြသည်ကို တွေ့ရသည်။

ယင်းသို့ ဓာတ်ကြီးလေးပါးကိန်းကို ရှေးပညာရှိကြီးများ စွဲမြဲယုံကြည်ခဲ့ကြသည့်အကြောင်းကို သိရှိပြီးနောက် ဓာတ်ကြီးလေးပါးကိန်းကို သိရှိရန် လိုအပ်ပေသည်။ ကိန်းများ ကိန်းရိုးရိုးပင် ဖြစ်ပါသည်။

ကောဇာသက္ကရာဇ်ကိုတည်၊ ပဉ္စခန်း ဒွေး(၂၀၅)နှစ်၊ အကြွင်းကို မြတ်စွာဘုရား၏ သက်တော်(၈၀)နှင့်စား၊ စားကြွင်းတွင် အောက်ပါ ဓာတ်သက်များကို အစဉ်အတိုင်း နှုတ်၊ မနုတ်လောက်ရာတွင် ဓာတ်ဆန်း၏။

ပါပဓာတ်သက်(၂၂)နှစ်၊ သူရဇ္ဈာတ်သက်(၁၂)နှစ်၊ အမြွှာဓာတ်သက် (၁၆)နှစ်၊ ကောလီဓာတ်သက်(၃၀)နှစ် ဖြစ်သည်။

သာဓကပြရလျှင် သက္ကရာဇ်(၁၃၄၆)ခုနှစ်တွင် (၂၀၅)ကို လျှော်လျှင် (၁၁၄၁)ကျန်၏။

(၁၁၄၁)ကို (၈၀)နှင့် စားလျှင်-

```
၈၀ | ၁၁၄၁ | ၁၄
     ၈၀
     ---
      ၃၄၁
      ၃၂၀
      ---
       ၂၁  ကြွင်း
```

အကြွင်း(၂၁)ထဲတွင် ပါပဓာတ်သက် (၂၂)ကို မနုတ်လောက်သောကြောင့် ပါပကိန်း၀င်(၂၁)နှစ်ရှိပြီဟု မှတ်ရမည်။ နောင်နှစ်ဆိုလျှင် ပါပဓာတ်သက် (၂၂)နှစ်ကုန်ပြီဟု ဆိုရမည်။ ဤကား ဓာတ်ဆန်းတွက်နည်းဖြစ်သည်။

ဓာတ်ပျက်တွက်နည်းမှာ ယင်းပါပဓာတ်သက် (၂၂) နှစ်ကို လေးဖုံ,ပုံလျှင် တစ်ပုံတွင် (၅½)နှစ်ရသည်။

ကိန်းစဉ်အတိုင်း ဝေလျှင်-

ပါပ	သူရဇ္ဈ	အမြွှတ္တ	ကောလီ
၅½	၅½	၅½	၅½

ဟူ၍ ဖြစ်သည်။

အခေါ်အဝေါ်မှာ (၁) ပါပဓာတ်ဆန်း ပါပဓာတ်ပျက်၊ (၂) ပါပဓာတ်ဆန်း သူရဇ္ဈဓာတ်ပျက်၊ (၃) ပါပဓာတ်ဆန်း အမြွှတ္တဓာတ်ပျက်၊ (၄) ပါပဓာတ်ဆန်း ကောလီဓာတ်ပျက် ဟူ၍ မှတ်သားရပါမည်။

ပထမအုပ်စု ပါပဓာတ်ဆန်း ပါပဓာတ်ပျက်တွင် အလွန်ဆိုးသည်။ သူရဇ္ဈ၊ အမြွှတ္တတို့တွင် အသင့်အတင့်ဆိုးတတ်သည်။ နောက်ဆုံး ကောလီဓာတ်ပျက်တွင် သက်သာမည်ဟု ဆိုထားပါသည်။

အခြားဓာတ်သက်များကိုလည်း ဤအတိုင်း လေးပုံ, ပုံ၍ ဓာတ်စဉ်အတိုင်း ခွဲ၍ယူပါ။ ဗေဒသာဂရကျမ်း၊ ဗေဒင်္ဂါလင်္ကာရကျမ်း၊ အသီတိဓာတ်ကျမ်းတို့၌ အကျယ်လေ့လာနိုင်သည်။

ဤ ပါပ၊ သူရဇ္ဈ၊ အမြွှတ္တ၊ ကောလီ ဓာတ်ကြီးလေးပါးကိုပင် (၁၂)ရာသီခွင်၌ လေးပုံခွဲ၍ ဟောပြောသောနည်းကို အချို့ဆရာကြီးများ လက်သုံးပြုလေ့ရှိကြောင်း တွေ့ရဖူးပါသည်။

ဤကား မြန်မာစာပေနယ်သို့ ဝင်ရောက်လာသော ဓာတ်ကောလီဆိုသည် ဝေါဟာရအသုံးအနှုန်းနှင့်ပတ်သက်၍ တွေ့ရှိရသည့် အထောက်အထားများကို ဗေဒင်ဝါသနာရှင်များနှင့် ဗဟုသုတလိုလားသော ပုဂ္ဂိုလ်များအတွက် နားရှင်းအောင် တင်ပြရခြင်း ဖြစ်ပါသည်။

နန်းညွှန့်ဆွေ

www.burmeseclassic.com

www.burmeseclassic.com

ဆရာကံထူး(ဝေဒသုတေသီ)

မှန်လွန်းတောခက် ကံကြမ်းတောအက် ပြောမထွက်တဲ့ ဗေဒင်ဆရာ

အကြောင်းအရာသုံးခုကို တစ်ပေါင်းတည်း စုထားတဲ့ ဆောင်းပါးပေမို့ ခေါင်းစီးပါအတိုင်း တစ်ခုချင်း ရှင်းပြပါမှ နားလည်ရ လွယ်ကူမည်။ သို့တွက်ကြောင့် မှန်လွန်းတော့ ခက်ဆိုတဲ့ စကားရပ်အတွက် ဖြစ်ပျက်ပုံလေးကို ဦးစွာပထမ ရှင်းပြပါမည်။

(၂၀၁၅)ခုနှစ်၊ ဇူလိုင်လနှင့် သြဂုတ်လထုတ် ဂုံမြို့ရ မဂ္ဂဇင်းတွင် မိခင်မေတ္တာနှင့် ဗေဒင်ပညာ၊ ပြီးတော့ ချိုးရေ တွက်ရာ ရွှေဖူးစာဆိုပြီး ဆောင်းပါး(၂)ပုဒ် ရေးသားတင်ပြလိုက်ပါသည်။ စာဖတ်သူများလည်း မှတ်မိနေဦးမည် ထင်ပါသည်။ ဗေဒင်ပညာသည် သိကြောင်းပညာဖြစ်သည့် အလျောက် သိသင့်သိထိုက်သည်ကို သိချင်စရာလေး ဖြစ်သွားအောင် စာရေးခြင်းအတတ်ပညာဖြင့် ဖန်တီးကာ စိတ်ဝင်စားဖွယ် တင်ပြရ၏။

ခိုင်မာသွားအောင် သက်သေသာဓက ထုတ်ပြရသည်လည်း ရှိပါသည်။ သက်သေသာဓကပြလျှင် မိမိထံ ဗေဒင်ကြည့်ဖူးသူရဲ့ ဇာတာကိုပင် ထုတ်ပြရ၏။ စိတ်ကူးယဉ် ဝတ္ထုမဟုတ်၍ မွေးသက္ကရာဇ်၊ ဇာတ်ကောင်တို့ကို ထည့်ချင်သလို ဖန်တီးထည့်ယူလို့ မရပေ။ ဗေဒင်ဝါသနာရှင်အပြင် ဗေဒင်ပညာရှင်များလည်း စာဖတ်ပရိသတ်ထဲ ရှိနေတတ်ပါသည်။ သုတေသနပြုလိုသူအတွက် မှန်ကန်တိကျတဲ့ အကြောင်းအရာကို ပေးအပ်ရမည့်တာဝန်လည်း ရှိပေသည်။ ထို့ကြောင့် မွေးသက္ကရာဇ် အတိအကျထည့်ပြရန် လိုအပ်သည်၌ အတိအကျထည့်ပြပေးရပါသည်။

သို့သော် ကာယကံရှင်ရဲ့ ဂုဏ်သိက္ခာ၊ လူနွှေအရှက် တို့ကို ငဲ့ကွက်ရ၏။ နာမည်၊ နေရပ်လိပ်စာတို့ကို သင့်သလို လွှဲထည့်ရ၏။ ဤကား စာရေးဆရာတိုင်း လိုက်နာကျင့်သုံးတဲ့ ကျင့်ဝတ်ဥပဒေသ နည်းလမ်းတစ်ခုပါပဲ။ စာရေးသူလည်းပဲ ထိုအတိုင်း လိုက်နာကျင့်သုံးပါသည်။ မထိခိုက်နိုင်လောက်ဘူး၊ (သို့မဟုတ်) ဂုဏ်မြောက်စေတဲ့အကြောင်း အရာဆိုလျှင်တော့ အမှန်တိုင်းပင် ထည့်လိုက်ပါသည်။

ပြောလိုရင်းက အဆိုပါ ဆောင်းပါးနှစ်ပုဒ်လုံး ထည့်ထားပါသည်။ ခက်သည်က ထိုသို့လွှဲထည့်လိုက်ခြင်းကပင် တည့်တည့်တိုးကာ မှန်နေတော့၏။ မြို့က သေးသေးလေးဆိုတော့ ငါတို့ လာထင်နေ ဒုက္ခဆိုတဲ့ အတွေးဝင်သွားဟန်တူပါ၏။ ဖုန်းဆက်ပြီး လှမ်းမေးပါသည်။

"ဟဲလို" ဆိုပြီး ဖုန်းလက်ခံရုံ ရှိသေး၏၊ "မင်္ဂလာပါ အမိန့်ရှိပါခင်ဗျာ ဘာညာတောင် မပြောရသေးပါဘူး ဆရာ" ရယ်" ဆိုပြီး ရယ်သံတစ်ဝက်နှင့် ပြောလိုက်တာ စာရေးသူလည်း အမလေးဗျာလို့ အာမေဋိတ်ထွက်သွားပါသည်။

"မွေးသက္ကရာဇ်၊ လ၊ ရက်တွေကအစ အကုန်တူနေဆိုပဲ။ ဒါနဲ့ နေပါဦး၊ နာမည်ရော တူနေလားဗျာ" လို့ ဆရာသူဆက်မေးတော့ "ဟုတ်တယ်" တဲ့။

ဆရာတူမလေးကမွေးတဲ့ ဆရာမြေးမလေး ဖူးပွင့်ခြင်းကို စာရေးနေရင်း သတိရလာလို့ ဆွဲထည့်လိုက်တာဗျာ တည့်တည့်တိုးနေလည်း ဘုရားတတ်နိုင်တော့မှာလဲ။ ရေမျိုးတစ်ယောက် ထပ်တိုးသွားတာပေါ့လို့ ရယ်ရယ်မောပြောလိုက်တော့မှ "ဒါပေါ့လေ" ဖြစ်တတ်ပါတယ် ဆရာရယ်ပြီး ဟက်ဟက်ပက်ပက် ရယ်တော့၏။

"ဒါနဲ့ ဆရာရယ်..မထူးတော့ပါဘူး။ ဆရာနဲ့လည်း ရင်းနှီးသွားပြီဆိုတော့ ကျွန်မလည်း ဗေဒင်မေးလိုက်ပါမယ်" ဆိုပြီး မွေးသက္ကရာဇ် ဘာညာပေးကာ ဗေဒင်မေးပါသည်။

လိုအပ်တဲ့ယတြာအပြင် အစီအရင်လည်း လှူစေ အသေအချာလုပ်ပေးလိုက်ပါသည်။ နာမည်တူ ပူတူနေ

www.burmeseclassic.com

www.burmeseclassic.com

ဆိုတဲ့စကား ကြားဖူး၏။ လက်ခံပါသည်။ မွေးသက္ကရာဇ် ရက်၊ လ၊ နေ့တူလည်း ရှိမှာပဲ။ တစ်နေ့တည်း လူ အများကြီးမွေးတာကိုး။ သို့သော် ပြောနေကျ၊ ကြားနေကျ စကား မဟုတ်လို့ ထင်ပါရဲ့။ အတော်အံ့သြသွားပါသည်။ သူကိုစ ပြီးစီးသွားသည့်တိုင် စာရေးသူရင်ထဲ ဝေဒနာကျန် နေခဲ့၏။ မှန်လွန်းတော့ ခက်ပါလားလို့။

မှန်လွန်းတော့ ခက်တဲ့အထဲမှာ၊ ကံကြမ်းတော့အက် သွားသည့် အကြောင်းလည်း တစ်ခုပါသေး၏။ အက် ဆာ၊ မထင်ပါနဲ့။ အက်မိတယ်၊ ခိုက်မိတယ်ဆိုတဲ့ မြန်မာစကားနှင့် Accident အက်ဆီးဒင့်ဆိုတဲ့ အင်္ဂလိပ် အသံထွက် အက်ကို ရောပေါင်းပြီး ကံကြမ်းတော့အက်လို့ ခေါ်ဆားခြင်းပါ။ ကံမည်သို့ကြမ်း၍ မည်သို့အက်သည်ကို သက်သေသာဓကပဲ ထုတ်ပါတော့အုံး။ တော်ကြာ တည့် သည့်တိုးနေ ဒုက္ခ။

အသက်(၂၄)နှစ်အရွယ်ရှိ အမျိုးသမီးတစ်ဦးဇာတာ ကို နာမည်က အရမ်းလှပါသည်။ စာရေးသူက နာမည် အရမ်းလှတာပဲလို့ပြောတော့ သူ့အဒေါ်က လူလည်း လှပါ တယ်တဲ့။ ဒါဆို ကံကြမ္မာလည်း လှမှာပါလို့ စာရေးသူ ပြောတော့ ဒါတော့ ဆရာတွက်ကြည့်တော့ သိမှာပေါ့ဟု ဆို၍ အေးပါ၊ ကဲ..ပြောပါဆိုပြီး မွေးသက္ကရာဇ်ဘာညာ သောင်းလိုက်ပါသည်။

ပေးလာတဲ့ မွေးသက္ကရာဇ်နှင့် မွေးချိန်၊ မွေးဒေသ များ ထည့်သွင်းပြီး ဇာတာဖွဲ့လိုက်တဲ့အခါ အောက်ပါ အတိုင်း ပေါ်လာပါသည်။



ပြိဿလဂ်၊ မိဿစန်း ဇာတာရှင်ပါ။ ပြိဿလဂ်လို့ မြင်ကာတည်းက ချက်ဆို နားခွက်က မီးတောက်တဲ့ စာ အသူ မျက်လုံးထဲမှာ ဇာတာရှင်ရဲ့ ပထနီ(အိမ်ထောင်ရေး) ဘာဝကို (၂-၁၁-၂၀၁၄)ရက်နေ့ကပင် စနေကြိုဟ် ဝင် ရောက်စီးနင်းထားသည်ကို မြင်ယောင်သွားတော့၏။ ထို့ ကြောင့် အိမ်ထောင်ရေးပြိုကွဲသွားတတ်တယ်ဗျာလို့ မှတ် ချက်ချလိုက်တော့၏။

"ဟုတ်ပါတယ် ဆရာ။ လေးငါးလောက်ပဲ ပေါင်း လိုက်ရတယ်၊ ဘာအပြစ်အနာမှမရှိဘဲ ကွဲသွားခဲ့တာပါ" လို့ မှန်ကန်ကြောင်း တုံ့ပြန်ဖြေဆို၏။

လောကီနယ်ကို မကျော်လွန်နိုင်သေးသူတိုင်း လူဘဝ မှာ အိမ်ထောင်ရေးဆိုတာ အရေးပါတဲ့အရာပါ။ မိန်း ကလေးဆိုတော့ ယောကျ်ားလေးထက် ပိုအရေးကြီး၏။ ရွှေကွပ်မထားတဲ့ မြကျောက်လေးဟာ လှပသော်လည်း တင့်တယ်စွာ ဝတ်ဆင်လို့ မရသလိုပါဘဲ။

သို့သော် ထို့ထက်မက အရေးကြီးသည်က ဘဝ အသက်ခန္ဓာပါ။ လဂ်လို့ခေါ်တဲ့ဘဝကို စနေကြိုဟ်က (၇) တန့် အမြင်ဖြင့် အားကောင်းစွာ မြင်ထား၏။ ထို့အပြင် မကာရရာသီ၌ ရပ်တည်နေတဲ့ မူလစနေကိုလည်း ဗြိစ္ဆာ ရာသီရောက် ကောဇောစနေက (၃)တန့်အမြင်ဖြင့် အထူး မြင်ထားပါသည်။ သည်သာမကသေးပေ၊ ယာဉ်ရထားနှင့် ပတ်သက်တဲ့ ဗန္ဓုဘာဝ သိဟ်ရာသီကိုလည်း ကောဇောနေ (၁၀)တန့်အမြင်ဖြင့် အထူးမြင်ထားသေး၏။ မူလအင်္ဂါက လည်း မူလစနေအား (၈)တန့်အမြင်ဖြင့် အထူးမြင်နေတဲ့ ဇာတာပါ။ စက်ဘီး၊ ဆိုင်ကယ်၊ ကား တစ်ခုခုနှင့် တိုက်မိ ခိုက်မိ အက်မိတတ်သည့် အနေအထားကို တွေ့ရ၏။ (သို့ မဟုတ်) ကျန်းမာရေးထိခိုက်နိုင်ပါသည်။

ကျန်းမာရေးနှင့် အက်ဆီးဒင့် ဘာကိုဖြစ်နိုင်သလဲလို့ တစ်ဖန်စစ်ဆေးကြည့်ရာ မေထုန်ရာသီရှိ အင်္ဂါက မကာရ ရှိ စနေအား ထာဝရ(၈)တန့် မြင်ထားသည်ကိုထောက်၍ ကောဇောစနေရဲ့ (၁၀)တန့်အမြင်ကိုပါ ထည့်စဉ်းစားပြီး "သမီး အက်ဆီးဒင့်သတိထားနော်" လို့ တစ်ခွန်းတည်း အပြီး ဟောလိုက်ပါသည်။

ကျန်တဲ့ ဟောစရာ ပြောစရာများ ဟော်ပြောပြီး ယတြာလုပ်ရန် သင့်ညွှန်ပြလိုက်ပါသည်။ မွေးနေ့တွင် ဘုရားသွားပြီး စနေထောင့်ကြိုဟ်တိုင် ဘုရားတွင် ထီးအနီ (၁၀)လက်လှူပါလို့ပြောပြီး ထီးအကြောင်း၊ ကြိုဟ်တိုင် ဘုရားအကြောင်း၊ ယတြာအကြောင်း နားလည်အောင် ရှင်း ပြလိုက်၏။ အကယ်၍ သမီးစိတ်ထဲ လိုအပ်တယ်ထင်ရင် အဲဒီအခါ ရတနာဒီပဗျောင်းတိုင် စီမံပေးမည့်အကြောင်း

www.burmeseclassic.com

www.burmeseclassic.com

လည်း ပြောလိုက်ပါသည်။

လိုအပ်တယ် ထင်တဲ့အခါလို့ ပြောရခြင်းမှာ အစီအမံအတွက် ဉာဏ်ပူဇော်ခရလို့၍ပြောသည်ဟု မထင်စေလိုသဖြင့် ကာယကံရှင်ဆန္ဒကို စောင့်ဆိုင်းတဲ့သဘောပါ။ ယတြာဆိုတာ ကာယကံရှင်ကိုယ်တိုင် လုပ်ရ၏။ သို့မဟုတ် သက်ဆိုင်သူက လုပ်ပေးရ၏။ ဗေဒင်ဆရာက သင်ညွှန်ပြရ၏။ ယင်းအတွက် ဗေဒင်ဆရာက ဉာဏ်ပူဇော်ခ သီးခြားယူစရာ အကြောင်းမရှိပါ။ ဗေဒင်ဆရာကိုယ်တိုင် လိုက်လုပ်ပေးမှ ယတြာက ပိုစွမ်းသည်ဟု ယူဆဟောပြောပြီး ကိုယ်တိုင်လိုက်လုပ်ပေးတဲ့ ဗေဒင်ဆရာလည်း အချို့ရှိသည်ဟု ကြားဖူး၏။

တကယ်ဖြစ်နိုင်ပါ့မလား။ ဆရာကိုယ်တိုင် လိုက်လုပ်ပေးနေတာပဲဆိုပြီး ကာယကံရှင်စိတ်က ပေါ့တန်စွာ နေခဲ့ပါလျှင် အစွမ်းထက်နိုင်မည် မထင်ပါ။ ဗေဒင်ဆရာက ကဲ...ပြီးပြီ၊ ရှိခိုး ဆုတောင်းတော့ဟုဆိုလျှင် အလျင်အမြန် ပေါက်ဆိတ်ပေါက်သလို ရှိခိုးပြီး ဆရာ့ဝေယျာဝစ္စအတွက် အာရုံစိုက်နေရခြင်းက ပိုနေလိမ့်မည်။

"တက္ကစီငှားပေးလိုက်မယ် ဆရာ။ ဆရာ အချိန်ရရင် ခဏလေး ကော်ဖီသောက်လိုက်ပါဦး။ ဒီဆိုင်က ကော်ဖီကောင်းတယ် ဆရာ" စသည်ဖြင့် ဗျာများနေတတ်ပါသည်။

ထင်တိုင်းဖြစ်ခဲ့ပါက ယတြာစွမ်းနိုင်အံ့ မထင်ပါ။ ထိုသို့ ဗေဒင်ဆရာ လိုက်လုပ်ပေးခြင်းကြောင့် ယတြာကြေးပိုမြင့်သွားနိုင်၏။ ကားခစတဲ့ ဘာညာအထွေထွေစရိတ် ပိုကုန်သွား၏။ မိန်းကလေးဖြစ်ပါက သက်ဆိုင်သူများအနေဖြင့် ဗေဒင်ဆရာရဲ့ ကိုယ်ကျင့်တရားကို ယုံမှားသံသယဖြစ်နိုင်သေး၏။ ကုန်ကျစရိတ်နှင့် သံသယ ပေါင်းစပ်သွားပြီး "နင် မှတ်ထား၊ နောက်တစ်ခါ ဗေဒင်သွားမကြည့်နဲ့" လို့ တားမြစ်ခံရဖွယ်ရှိ၏။

သို့ဆိုလျှင် ဗေဒင်ဆရာနှင့် ဗေဒင်ပညာ သိက္ခာကျပေလိမ့်မည်။ စေတနာအရ လိုက်လုပ်ပေးလည်း ယတြာအတွက် ဉာဏ်ပူဇော်ခ မယူသင့်ဟု ထင်ပါသည်။

အစီအရင်၊ မာတ်ရိုက်ဓာတ်ဆင် တစ်ခုခုလုပ်ပါမူကား ပစ္စည်းဥစ္စာ၊ အတတ်ပညာ၊ ကိုယ်ကျင့်တရားများ ရင်းနှီးစိုက်ထုတ်ရ၍ ဉာဏ်ပူဇော်ခ ယူသင့်ပါသည်။ စာရေးသူလည်း ယူပါသည်။ ကိုယ့်ကျင့်တရားအရင်းအနှီး ဆိုစဲ့စကားကို အနည်းငယ်ရှင်းပြပါအံ့။

အစီအမံလုပ်ရာတွင် ဆိုင်ရာအတတ်ပညာကို သင်ယူတတ်မြောက်ထားရုံဖြင့် အစွမ်းထက်ပြီး လိုရာကိစ္စ မြောက်အောင်မြင်ရန် မလုံလောက်နိုင်ပါ။ သစ္စာကတိအဓိဋ္ဌာန်ဘာဝနာ စတဲ့ကိုယ်ကျင့်တရား ပြည့်စုံကောင်းမွန်နေရန်လည်း အထူးလိုအပ်ပေသည်။ စာရေးသူကတော့ အင်း၊ အိုင်၊ ခါးလှည့် ရေးရဆဲရသည်ကို ဝါသနာမပါလှ၍ ဗေဒင်ပညာ စတင်သင်ကြားစဉ်ကပင် အဓိဋ္ဌာန်ဝင်ခဲ့သစ္စာကတိပြုထားပါသည်။ အရပ်ဂုဏ်တော်ကိုပင် အဓိဋ္ဌာန်ဝင်၏။ အဓိဋ္ဌာန်တစ်ဝါရကို (၂၄၃)ရက်ကြာမြင့်ခဲ့ကိုးဝါရတွက် ရက်ပေါင်း(၂၁၈၇)ရက်တိတိ၊ လအားဖြင့် (၇၂)လနှင့် (၉)ရက်၊ နှစ်အားဖြင့် ခြောက်နှစ်ကျော် ကြာပါသည်။

ထိုကာလအတွင်း၌ မည်သည့်ကိစ္စမဆို လိုအပ်လာက အင်း၊ အိုင်၊ ခါးလှည့် စသည်များ ရေးဆွဲနေစရာမလိုဘဲ တစ်နာရီခံ ဖယောင်းတိုင်(၁၈)တိုင်ဖြင့် ကျွန်ုပ်စီမံသော ရတနာဒီပံဖြင့် အောင်မြင်ပြီးမြောက်ရလို၏လို့ နေ့စဉ် သစ္စာဆိုကာ ကတိပြုထားပါသည်။ နေ့အလိုက်ရေးသားပုံနှင့် ကိစ္စအလိုက် ရွတ်ဖတ်ရမည့်ပုံမျှသာ ထူးခြားကွာဟ၏။ ဖယောင်းတိုင်ကတော့ အတူတူပါ။ ထိုအစီအမံအောင်မြင်စေရန် ကိုယ်ကျင့်တရားအနေဖြင့် သရဏသုံးပါးနှင့် ငါးပါးသီလကို ရိုးရိုးသာမန်အဆင့် သီလပါရမီအဖြစ် ဆောက်တည်ပါသည်။ ထိုငါးပါးသီလထဲမှ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ၊ သုရာမေရယအားဖြင့် သုံးပါးသော သိက္ခာပုဒ်တို့ကိုမူ အသက်တည်းဟူသော အကြောင်းကြောင့်လည်း မလွန်ကျူးပါဘူးဟု သစ္စာဆိုကာ အဆင့်ခြင်းဆုံး သီလပရမတ္ထပါရမီဖြစ်အောင် ရှယ်သီလဆောက်တည်ထားပါသည်။ ပရိတ်၊ ပဋ္ဌာန်း၊ မဟာသမယသုတ်တော်များကို နေ့စဉ် မနက်၊ည ရွတ်ဖတ်ပူဇော်ပါသည်။

ထိုသို့ ကိုယ်ကျင့်သီလနှင့် အတတ်ပညာများ သီးခြားရင်းနှီးရသောကြောင့် ဉာဏ်ပူဇော်ခလည်း သီးခြားယူပါသည်။ ထို့ကြောင့် ဗေဒင်ဆရာ ပိုက်ဆံများများ ရချင်လုပ်စေချင်တာ လုပ်စေခိုင်းတာ နေမှာပါဆိုတဲ့အတွေးထည်လာတတ်၏။ ထိုအတွေးမျိုး မဝင်စေလို၍ ယတြာကိုသာအလျင်ဦးစွာ သင်ညွှန်ပြပါသည်။ လုပ်အပ်တယ်ထင်မှလုပ်ပါ ဆိုတဲ့စကားကို လိုအပ်သူအတွက် ပြောလေ့ရှိပါသည်။

လုပ်သင့်တယ်လို့ ဆရာပဲပြောပြီး လိုအပ်တယ်ထင်လုပ်ပါဆိုတော့ တစ်မျိုးကြီးပဲ။ ဘယ်လိုလုပ်သိမလဲ စသည်ဖြင့် ထပ်တွေးစရာ ရှိလာပြန်၏။ ဤတွင် ဗေဒင်ဆ

www.burmeseclassic.com

www.burmeseclassic.com

သူသည် ဗေဒင်ဆရာထက် သာလွန်တဲ့ ကိုယ်ကျင့်တရား၊ ဒါန၊ သီလ၊ ဘာဝနာနှင့် ရွတ်ဖတ်သရဇ္ဈာယ်မူများ ရှိနိုင်သည်၊ ရှိတတ်သည်ကို သတိပြုအပ်၏။ ထိုသို့ဖြစ်လျှင် ယတြာကို ကိုယ်တိုင်လုပ်ရုံနှင့်ပင် ပြီးပြည့်စုံနိုင်ပါသည်။

ဆိုးကျိုးကင်းပျောက် ကောင်းကျိုးရောက်လိုရင်းသာ အဓိကပေမို့ ကိုယ်ဘာသာလုပ်လို့ ပြီးမြောက်နိုင်လျှင် ရတနာဒီပံ လုပ်စရာမှ မလိုတော့တာ။ မလိုဘဲ လုပ်စေခိုင်းပြီး ဘဏ်ပူဇော်ခယူလျှင် ပညာဖြင့် လှည့်ပတ်လိမ်လည်ပြီး ခိုးယူရာရောက်၏။ သို့ဆိုလျှင် အသက်နှင့်ရင်းပြီး ဆောက်တည်ထားတဲ့ အဒိန္နာဒါန သိက္ခာပုဒ်က ဘာမဟုတ်တဲ့ ပိုက်ဆံပမာဏကလေးကြောင့် ပျက်ရချည်ရဲ့။ ပျက်ခဲ့လျှင် သန္ဓာကတိပျက်၍ အစီအမံလည်း အောင်မြင်ရန် မမျှော်လင့်ဝံ့တော့ပါ။ ထို့ကြောင့် လုပ်သင့်တယ်လို့ပြောပြီး လိုအပ်ခဲ့လို့ ပြောခြင်း ဖြစ်ပါသည်။

OK လိုအပ်တာကို ဘယ်လိုသိမလဲ။ သတိဖြင့် ဘဝကို စောင့်ကြည့်ပါက ကိုယ့်စိတ်က အလျင်ဦးစွာ သိနှင့်နေသည်ကို သတိထားမိနိုင်ပါသည်။ စိတ်ထဲထိုင်းမှိုင်းပြီး ကိုယ်ရော စိတ်ပါ လေးလံနေလျှင် တက်ကြွစိတ်နည်းပါးပြီး ညှိုးနွမ်းအားငယ်စိတ် လွန်ကဲနေလျှင် လူမသိခင် ကိုယ်စောင့်နတ်က ကြိုတင်သိနှင့်နေ၍ ထိုသို့ဖြစ်နေခြင်း ဖြစ်ပါသည်။ ထိုသို့ဖြစ်နေပါက တစ်ခုခုဖြစ်တတ်သည်ကို ဆင်ခြင်သင့်တော့၏။

ယခု ဤဆောင်းပါး၌ ဦးတည်ရေးသားနေတဲ့ ဇာတာရှင် အမျိုးသမီးငယ်ကား ရတနာဒီပံမပြောနှင့်၊ ယတြာပင် လုပ်ဟန်မတူပါ။ အဘယ်ကြောင့်ဆိုသော် ယုံကြည်မှုထက် အပူမီးက ကြီးစိုးနေသောကြောင့်ပါ။ သူ့စကား အရိပ်အယောင်ကို နားထောင်၍ စာရေးသူ သိပါသည်။ ဗေဒင်မေးပြီး နှစ်လကျော်လောက် ထင်ပါရဲ့။ သူ့အဒေါ် ဖုန်းဆက်လာပါသည်။

"ဟဲလို ဆရာ..သကြိန်မတိုင်မီက ဆရာဆီ ဗေဒင်မေးတဲ့ ကျွန်မတူမလေး(...)ကို မှတ်မိပါလား ဆရာ" ဆိုပြီး မေးမြော ပြောလာပါသည်။

မှတ်မိတာပေါ့။ ဆရာက မှတ်တမ်းစာအုပ်ထဲ အကုန် မှတ်ထားတာပဲလို့ ပြန်ပြောလိုက်ပါသည်။ ဟိုနေ့က သူ ဆိုင်ကယ်တိုက်ခံရတယ် ဆရာတဲ့။

ဟယ်..ခဏနေဦး၊ ဆရာ ပြန်ကြည့်လိုက်မယ်ဆိုပြီး ဖုန်းလက်ခံပြောရင်းပင် မှတ်တမ်းစာအုပ်ကို ဖွင့်လိုက်ပါသည်။

မူလကြာသပတေး ကရကဋ္ဌရာသီတွင် ဥစ္စာမူလျက်ရှိ၏။ ကောဇာကြာသပတေးလည်း ကရကဋ္ဌရာသီ၌ပင် ဥစ္စာမူလျက် ရှိပါသည်။ ကြာသပတေးကို ကြာသပတေးစီးထား၏။ မူလကြာသပတေးရော ကောဇာကြာသပတေးပါ ကောဇာစနေ ရပ်တည်ရာ ဇာစ်ဌာနရာသီအား (၅)တန့်အမြင်ဖြင့် အထူးမြင်ထားပါသည်။ မူလစနေကိုလည်း ကြာသပတေးက (၇)တန့်လှမ်းမြင်ထား၏။

ထို့ကြောင့် "နည်းနည်းလေးပါ။ ထိခိုက်ဒဏ်ရာ မပြင်းပါဘူး။ ပိုက်ဆံတောင် ရလေဦးမယ်"လို့ မှတ်ချက်ချ ဟောပြောလိုက်၏။

ရယ်သံစွက်ပြီး "ဟုတ်ပါ့ ဆရာရယ်၊ ဘာမှကို မဖြစ်တာ။ ပိုက်ဆံတစ်သိန်းကျော် ရလိုက်တယ်။ နည်းနည်းလေး ပွတ်သွားတာလောက်ပဲ"လို့ ပြောပါသည်။

"အေး..အေး..ကောင်းပြီနော်။ ဒါပေမဲ့ သတိတော့ထားနော်။ ဂူလိုင်လ (၁၅)ရက်နေ့ နောက်ပိုင်းဆို ကြာသပတေးဂြိုဟ် ရာသီပြောင်းပြီ။ ဒါပေမဲ့ စနေက မပြောင်းသေးဘူး။ အဲဒီခါမှာ စနေဂြိုဟ် ထပ်ပြီးလက်စွမ်းပြရင် ကယ်မယ့်ကြာသပတေး မရှိတော့တဲ့အတွက် ဒဏ်ရာပြင်းထန်တတ်ပြီး ပိုက်ဆံလည်း ရမှာမဟုတ်ဘူး"လို့ သတိပေးလိုက်ပါသည်။

နောက်တစ်ပတ်လောက်ကြာတော့ ရတနာဒီပံလုပ်ဖို့ လှမ်းပြောလာ၍ လုပ်ပေးလိုက်ပါသည်။ အစီအမံ စွမ်းသည်၊ မစွမ်းသည်ကိုတော့ (၂၆-၁-၂၀၁၇)ရက်နေ့ရောက်မှ သိရပါမည်။

ထိုကာလရောက်သည်ထိ ဇာတာရှင် အလားတူ ဆိုးကျိုးမျိုး မဖြစ်ခဲ့လျှင် စွမ်းသည်ဟုပင် ဆိုရပေမည်။ တစ်ခုခုဖြစ်ခဲ့ပါက မစွမ်းပါ။ နှိုင်းယှဉ်စရာ အခြားဇာတာရှင်

www.burmeseclassic.com

www.burmeseclassic.com

တစ်ဦးကို ထုတ်ပြပါမည်။ ထိုဇာတာရှင်မိန်းကလေးနှင့် တစ်ရက်တည်းမှာ အတူတူဗေဒင်မေးတဲ့ ယောကျ်ားလေးပါ။ မိန်းကလေးထက် အသက်လေးနှစ်ခန့်ကြီးတဲ့ လူပျိုကြီး အရွယ် ဇာတာရှင်ပါ။ ဇာတာပုံကတော့ အောက်ပါအတိုင်း ဖြစ်ပါသည်။



စနေကို စနေစီးထားပြီး လင်္ဂကို စနေ (၁၀)တန့်အထူး မြင်ထားပါသည်။ ကမ္မဘာဝကို (၇)တန့်မြင်ပြီး အာရီဘာဝ ကို (၃)တန့်အထူးမြင်ထားပါသည်။ စနေကို စနေစီးလျှင် ဗေဒင်က မသေလို့ ထူးတဲ့ကံဆန်းလို့ ဆိုထား၏။ မသေရင် ပဲ ကံကောင်းတယ်မှတ်ပါလို့ ဆိုလိုပါသည်။ မိန်းကလေး ဇာတာထက် ဖြစ်နိုင်ခြေပိုများ၏။ ဇာတာရှင် ဗေဒင်မေးက တည်းက ရတနာဒီပံလုပ်လို့၍ လုပ်ပေးထားပါသည်။

(၂-၁၁-၂၀၁၄)ရက်နေ့ကပင် စတင်လာခဲ့တာ ယနေ့ထိတော့ ဘာမှမဖြစ်သေးပါ။ (၂၆-၁-၂၀၁၇)ရက်နေ့ ရောက်သည့်တိုင် ဘာမှမဖြစ်ပါက စွမ်းသည်ဟုပင် ဆိုရပေမည်။ ဖြစ်နိုင်ခြေနည်းသူက ဖြစ်သွားပြီး ဖြစ်နိုင်ခြေများသူက မဖြစ်တာကို သိစေချင်တာပါ။ ဖြစ်သွားတဲ့အကြောင်းသိတဲ့အခါ ဘာကြောင့်ရယ်လို့ ပြောမထွက်ခဲ့တာ ဗေဒင်ဆရာပါ။ အပြစ်တင်စကားလည်း မဆိုရက်၊ လုပ်ပါလို့ ပြောဖို့နေနေသာသာ လုပ်သင့်တယ်လို့ပင် ပြောမထွက်ခဲ့ပါ။ ဘာကြောင့်လဲဆိုတော့ ဗေဒင်ဆရာ ပိုက်ဆံလိုချင်တယ် ထင်မှာစိုးလို့ပါ။ ပြောမထွက်ခဲ့တဲ့ ဝေဒနာကို မပြောရက်တဲ့ ဗေဒင်ဆရာက အခုတော့ ပြောလိုက်ပါပြီဗျာ။ ဘာကြောင့်လဲဆိုတော့ အများသိထားစေချင်လို့ပါ။

ရွှင်လမ်းချမ်းမြေကြပါစေဗျာ

ဆရာကံထူး(ဇဝဒသုတောသီ)

တောင်တွင်းကြီးမဟာတံခွန်

နိုင်ငံကျော် ဝိဇ္ဇာ မဟိဒ္ဓိ သိဒ္ဓိ ဂဗ္ဘီရ (အကြားအမြင်) ပညာရှင်

အမှတ်-၄၃၇(ဂ-လွှာ) ကျိုက္ကဆံလမ်း၊ အခွန်လွတ်စျေးဧရိယာ၊ တာဝေမွတ်မြို့နယ်၊ ရန်ကုန်မြို့။

☎ ၇၀၈၆၂၁ ၊ ၀၉ ၅၀ ၆၇၇၆၄ ၊ ☎ (၀၁) ၄၀၁၁၆၅

အဝိုမပြောလိုပါ။ တစ်ကြိမ်တစ်ခါ ဆွေးနွေးကြည့်ရုံမျှဖြင့် စိတ်ကျေနပ်မှုရစေမည်။ အိမ်ထောင်ရေးမပြေလည်သူများ ဆရာကြီးနှင့် အမြန်ဆုံးဆက်သွယ်ဆွေးနွေးပါ။ ထိပေါက်ကိန်းရှိ/မရှိ ပြတ်ပြတ်သားသားသိရမည်။ လစဉ်အလိုက် ထိုးသင့်သော အက္ခရာစီးဝိုးဂဏန်းများကို စနစ်တကျ စိစစ်တွက်ချက်၍ တိကျစွာလမ်းညွှန်ပေးမည်။ ရာထူးအတက်အကျ၊ နိုင်ငံခြားသွားရကိန်းရှိ/မရှိ၊ သွားရမည့်နိုင်ငံ၊ ပညာရေးအခြေအနေ (စာမေးပွဲအောင်/ရှုံး).. စသည်ဖြင့် တိတိကျကျ ဟောကိန်းထုတ်ပေးမည်။ ဘဝကံကြမ္မာမကောင်း၍ ဆင်းရဲဒုက္ခများနှင့် တွေ့ကြုံနေရသူများအား မြန်မာ့ရိုးရာအင်္ဂဝိဇ္ဇာ ဓာတ်ယာတြာပညာရပ်များဖြင့် ကံကြမ္မာမြှင့်တင် ပါရမီဖြည့် ကူညီပေးနေသည်။ ဟောကိန်းတိကျမှန်ကန်မှုအတွက် ရာနှုန်းပြည့်တာဝန်ယူသည်။

www.burmeseclassic.com

www.burmeseclassic.com

ဂဏိတရ-ဆရာလှမျိုး(B.Sc)

စတုကုမ္ဘကော်နိစ်နှင့် အကာအကွယ်ယာတြာများ (၂)

စတုကုမ္ဘကော်နိစ်ကြီးပြီးတော့ နိစ်လတ်နှစ်မျိုးအကြောင်း ဆက်လက်ရှင်းပြပေးခဲ့ပါသည်။ တပည့်ဖြစ်သူ မောင်ခင်ရီအား ရှင်းပြပေးခဲ့ပုံကို (၇)နေ့သားသမီး ဗေဒင်ဝါသနာရှင် သုတေသီတို့ လေ့လာနိုင်ရန် ပြန်လည်ရေးသား ဖော်ပြပေးလိုက်ပါသည်။

စတုကုမ္ဘကော်နိစ်လတ် (က)နှင့်(ခ)

စတုကုမ္ဘကော်နိစ်လတ်၏ အဟောဟရိယာယ်မှာမူ အထူးသဖြင့် စီးပွားရေးနှင့် အိမ်ထောင်ရေးကို ပျက်ပြားစေတတ်ပါသည်။ ထို့အပြင် ကျန်းမာရေးကိုလည်း ချို့တဲ့အားနည်းစေတတ်ပါသည်။ နိစ်ကြီးလောက်တော့ မဆိုးနိုင်ပါ။ နည်းနည်းအကျိုးပေးလျော့သည်ဟု ဆိုရပါလိမ့်မည်။ နိစ်လတ်ပုံစံနှစ်မျိုးရှိသည့်အတွက် ဘယ်ပုံစံနှင့်ပင်ဖြစ်ဖြစ် အကျိုးပေး ဆိုးတတ်သည်ကို သိရှိထားဖို့ လိုပါလိမ့်မည်။

စတုကုမ္ဘကော်နိစ်လတ်(က)

မူလအတ္တတိုင်မှာ မွေးနံ့ကြိုက်သည် တိကွနိစ်မှာရှိ၍ မူလပရတိုင်မှာ မွေးနံ့ကြိုက်သည် မန္ဒနိစ်မှာရှိခြင်း၊ ပဝတ္တိ အတ္တတိုင်မှာ မွေးနံ့ကြိုက်သည် မန္ဒနိစ်မှာရှိ၍ ပဝတ္တိနှင့် ပရတိုင်မှာ မွေးနံ့ကြိုက်သည် တိကွနိစ်မှာရှိခြင်းသည် စတုကုမ္ဘကော်နိစ်အလတ်(က) ဖြစ်ပါသည်။



(၁) ကျန်းမာရေးအလွန်ချို့တဲ့ခြင်း၊
(၂) နာတာရှည်ဖြစ်ခြင်း၊
(၃) ရောဂါဘယများခြင်း၊
(၄) ကိုယ်ခန္ဓာကြိုလှိုခြင်း၊
(၅) စီးပွားရေးကို မစွမ်းဆောင်နိုင်ခြင်း၊
(၆) စီးပွားရေးပျက်ခြင်းတို့ ဖြစ်တတ်သည်။

အင်္ဂါသားသမီး အသက်(၃၃၊ ၃၄)နှစ်၊ အင်္ဂါသားသမီး အမည်ကိုလည်း ကြည့်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဖော်ပြပါ အကြောင်းအရာ(၈)မျိုးစလုံး တစ်ပြိုင်နက် မဖြစ်ပါ။ တစ်ခုမဟုတ်တစ်ခု ဖြစ်တတ်သော သဘော ဖြစ်ပါသည်။ ဤတိုင်တွင်လည်း အမည် စောကြည်၊ စိုးခိုင်၊ စိုးကြည် ဆိုပါက ပိုဆိုးသည်

စတုကုမ္ဘဏ်နိစ်အလတ်(ခ) ကျရောက်သည့်ကာလ

တနင်္ဂနွေသားသမီး-(၈၈)နှစ်မှ (၁၀၈)နှစ် သောကြာကြိုးပ်စား၊ တနင်္ဂနွေသက်ရောက်၊ (ဆ ၉၇၊ ၁၀၅)နှစ်။

တနလာသားသမီး-(၁၀၃-၁၀၈)နှစ်၊ တနင်္ဂနွေကြိုးပ်စား၊ အင်္ဂါ၊ ဗုဒ္ဓဟူးသက်ရောက်၊ (၁၀၆)နှစ် (၁၀၇)နှစ်။

အင်္ဂါသားသမီး-(၁)နှစ် (၂၅)နှစ် အင်္ဂါ၊ ဗုဒ္ဓဟူးကြိုးပ်စား၊ စနေသက်ရောက်၊ (၃)နှစ်၊ (၁၁)နှစ် (၁၉)နှစ်။

ဗုဒ္ဓဟူးသားသမီး-(၁၈)နှစ်မှ (၂၇)နှစ်၊ စနေကြိုးပ်စား၊ တနလာသက်ရောက်၊ (၂၃)နှစ်။

ကြာသပတေးသားသမီး-(၅၉)နှစ်မှ (၇၃)နှစ်၊ တနလာကြိုးပ်စား၊ ကြာသပတေးသက်ရောက် (၆၅)နှစ်၊ (၇၃)နှစ်။

သောကြာသားသမီး-(၇၈)နှစ်မှ (၉၆)နှစ်၊ ကြာသ ပတေးကြိုးပ်စား၊ ရာဟုသက်ရောက်၊ (ဆ ၈၈၊ ၉၆)နှစ်။

စနေသားသမီး-(၃၀)နှစ်မှ (၄၁)နှစ်၊ ရာဟုကြိုးပ်စား၊ သောကြာသက်ရောက် (ဘုမ္မ)၊ (၃၆)နှစ်

စတုကုမ္ဘဏ်နိစ်အငယ် (ဝါ) စတုကုမ္ဘဏ်နိစ်လေး နိစ်လေးအဟောပရိယာယ်အနေဖြင့် နိစ်(၄)ထပ် ထဲမှာ အငယ်ဆုံးဖြစ်၍ အကျိုးပေးပုံမှာလည်း အဆိုးအသက်သာဆုံးဟု မှတ်ယူနိုင်ပါသည်။

ယင်းပုံစံမျိုး ကြုံလာခဲ့လျှင် ဇာတာရှင် ခဏ,ခဏ ချုချာတတ်သည်။ မကြာခဏဆိုသည် ဖျားနာနေတတ်သည်။ မတော်တဆထိခိုက်ရှုနာဖြစ်တာမျိုး မကြာခဏကြုံရမည်။ စီးပွားရေးကဏ္ဍာ မှန်းသလောက် မပေါက်ဘဲ ပင်ပန်းရုံအကျိုးဖြစ်တတ်သည်။ အိမ်ထောင်ရေးသာယာမှု နည်းပါးခြင်း ခဏ,ခဏရန်ပေါ်ခြင်း၊ ကိုယ်စိတ်နှစ်ဖြာ ပင်ပန်းခြင်းများ ဖြစ်တတ်ပါသည်။

မူလအတွက်တိုင်မှာ မွေးနံကြိုးပ်သည် မနွန်နိစ်မှာရှိ၍ မူလပရတိုင်မှာ မွေးနံကြိုးပ်သည် တိကွန်နိစ် ရှိခြင်း၊ ပဝတ္တိ အတွက်တိုင်မှာ မွေးနံကြိုးပ်သည် တိကွနိစ်မှာရှိ၍ ပဝတ္တိပရတိုင်မှာ မွေးနံကြိုးပ်သည် မနွန်နိစ်မှာ ရှိခြင်းသည် စတုကုမ္ဘဏ်နိစ်လေး ဖြစ်ပါသည်။

ကြိုးပ်စား(မူလ) သက်ရောက်(ပဝတ္တိ)



စတုကုမ္ဘဏ်နိစ် အငယ်သင့်လျှင် အဓိကအရေး(၃)ပါးထဲမှ ကျန်းမာရေးသော်လည်းကောင်း စီးပွားရေးသော်လည်းကောင်း၊ အိမ်ထောင်ရေးသော်လည်းကောင်း (၁)ခုယ်သာ ပျက်နိုင်ပါသည်

စတုကုမ္ဘဏ်နိစ်လေး ကျရောက်သည့်ကာလ

တနင်္ဂနွေသားသမီး-(၈၈)နှစ်မှ (၁၀၈)နှစ်၊ သောကြာ ကြိုးပ်စား၊ သောကြာသက်ရော

www.burmeseclassic.com

www.burmeseclassic.com

(၁၉)နှစ်။

တနလ်းသားသမီး-(၁၀၃)နှစ်မှ (၁၀၈)နှစ်၊ တနင်္ဂနွေကြိုဟ်စား၊ တနင်္ဂနွေသက်ရောက်။

ဗုဒ္ဓဟူးသားသမီး-(၁၈)နှစ်မှ (၂၇)နှစ်၊ စနေကြိုဟ်စား၊ စနေသက်ရောက်၊ (၂၆)နှစ်။

ကြာသပတေးသားသမီး-(၅၉)နှစ်မှ(၇၃)နှစ်၊ တနလ်းကြိုဟ်စား၊ တနလ်းသက်ရောက်၊ (၆၁)နှစ်၊ (၆၃)နှစ်။

သောကြာသားသမီး-(၇၈)နှစ်မှ (၉၆)နှစ်၊ ကြာသပတေးကြိုဟ်စား၊ ကြာသပတေးသက်ရောက်(ဘဒ္ဒလေး)၊ (၇၉)နှစ်၊ (၈၇)နှစ်၊ (၉၅)နှစ်။

စနေသားသမီး-(၃၀)နှစ်မှ (၄၁)နှစ်၊ ရာဟုကြိုဟ်စား၊ ရာဟုသက်ရောက်၊ (၃၅)နှစ်။

စတုကုမ္ဘဏ်ကျရောက်သောနှစ် အပြည့်အစုံကို ရေးသားဖော်ပြပေးထားပါသည်။ ဆန်းကျမ်းတစ်စုတွင် တိုင်အားလုံးကို ဖော်ပြပေးထားသည်။ ပုံစံမှာ အတူတူဖြစ်သည်။ မွေးနံသာ ကွာခြားပါသည်။ စတုကုမ္ဘဏ်နိစ် ကျရောက်သည့်နှစ်တွင် ပြုလုပ်ရမည့် ယတြာများကို ဖော်ပြပါမည်။

စတုကုမ္ဘဏ်နိစ်ယတြာ

နတ်ချက်

ဆရာတော်ကြီးများ၏ ညွှန်ကြားချက်အရ စတုကုမ္ဘဏ်နိစ်ယတြာ သီးသန့်ပေးမှ အပြစ်မှ် ကျေး စတုကုမ္ဘဏ်နိစ်ယတြာသည် အဝတ်ပြောင်းခြင်း ဖြစ်ပါသည်။

နာမည်အရင်းလုံးသည် ခါးဝတ်လုံချည်ကို ယူဆရသောကြောင့် စတုကုမ္ဘဏ်နိစ်သင့်သောသူများ ကိုလည်း အဝတ်လဲစေမှ အဝတ်ပြောင်းစေမှ အပြစ်မှကျေကြောင်း သိအပ်ပါသည်။

အမျိုးသားများမှာ သင်္ကန်းဝတ်ရမည်။ (သို့မဟုတ်) အဝတ်ဖြူဝတ်ရမည်။ အမျိုးသမီးများမှာ ဆောင်ဝတ်ရမည်။

စတုကုမ္ဘဏ်နိစ်ယတြာ

၁။ အဝတ်(၉)ရက်ပြောင်းပါ။ ရဟန်းဝတ်ပါ။ ရသေ့ဝတ်ပါ။ ယောဂီဝတ်ပါ။ မိမိနှစ်သက်ရာ၊ လျော်ကန်ရာ ဝတ်နိုင်ပါသည်။

အောင်စေတီဆရာတော်ဘုရားကြီး ရှိစဉ်က ဖြူသော အဝတ် (သို့မဟုတ်) ညိုသောအဝတ် ဝတ်ဆင်ပြီး ဝစီပိတ် ကျင့်ကြံခိုင်းပါသည်။

၂။ အဝတ်ပြောင်းပြီးပါက ရသေ့ဝတ်လျှင် (၁၀)ပါးသီလ စောင့်ပါ။ ယောဂီဝတ်လျှင် (၈)ပါးသီလ စောင့်ပါ။

၃။ ဘုရားဂုဏ်တော်၊ သံဃာဂုဏ်တော်ကို ပွားပါ။ (သို့မဟုတ်) ပုတီးစိပ်ပါ။ သတ္တဝါအပေါင်းအား မေတ္တာပို့ပါ။ သက်သတ်လွတ်စားပါ။ အဓိဋ္ဌာန်တစ်ခု မဖျက်မကွက် ပြုလုပ်ပါ။

ဤအင်္ဂါသုံးပါး ပြည့်စုံအောင် ဆောင်ရွက်မှ အပြစ်မှ ကျေပျောက်နိုင်ပါသည်။

စတုကုမ္ဘဏ်နိစ်ကျရောက်သောနှစ်တွင် ဓာတ်ကြီးလေးပါး မိမ်းတောက်ပခြင်း၊ ခင်ပွန်းကြီး(၁၀)ပါး ကန်တော့ခြင်း၊ နဝင်းယတြာချေခြင်း၊ သတ္တပ၊ဟစ်မျိုးမျိုးကို ဓိဝိတဒါနလွှတ်ပေးခြင်း၊ ဘိန္ဓာန်များအား အစာကျွေးခြင်း၊ ကုဋ္ဌီရေဆေးခြင်း၊ ဘုရားစေတီတွင် သန့်ရှင်းရေးပြုလုပ်ပေးခြင်း သည်တို့ကို ကိုယ်တိုင်ကိုယ်ကျ ပြုလုပ်ပေးသင့်ပါသည်။

စတုကုမ္ဘဏ်နိစ်ကဲ့သို့ တောင်းမှောက် တောင်းလှန်ကိန်းလည်း ရှိသေးသည်။

နောက်တစ်လတွင် ရေးသားဖော်ပြပေးပါဦးမည်။ မည်သည့်ကိစ္စမဆို ကြိုတင်သိထားပြီး ကာကွယ်ထားပါက အဆိုးမှသက်သာ လွတ်မြောက်စေပါသည်။

ဂဏ္ဍီရ-ဆရာလှမျိုး(B.Sc)

www.burmeseclassic.com

www.burmeseclassic.com

သာထက်တော်(မကွေး)

(၇)နေ့သားသမီးများအတွက်
အချိန်အခါကောင်းရွေးနည်း

တစ်နေ့သောအခါသူမယ်တွင်းကျွန်တော့်မှာဒွိဇဒေဝီဟု ဧကာခရီးခြိုသို့ ခရီးထွက်ခဲ့ကြ၏။ ကြာမြင့်စွာ အပ်စုအတွင်းရှိ ဒုဘယာကူန်းရွာကလေးမှ ဒေါ်ထားထားဟူသည့် အမျိုးသမီးကြီးထံသို့ ရောက်လာလေ၏။ ထိုအမျိုးသမီးကြီးသည် ရိုးသားဖြူစင်ပြီး သဒ္ဓါတရားလည်း အလွန်ကြွယ်ဝသူဖြစ်သည်။ သူမသည် အညာဒေသထွက် ထန်းလျက်၊ ပေါက်ပေါက်ဆုပ်၊ သနပ်ခါး၊ ပဲကြီးလှော်၊ ဝဲခြမ်းကြော်၊ နာဂပူပိုမုန့်ကဲ့သို့ သွားရောက်ရောင်းချပြီး ရှာဖွေစားသောက်ရလေသည်။ အလုပ်နားရက်တို့တွင် ကျွန်တော့် ဂိုက်ဒ်ဆီက ဗေဒင်ဟည၀ရပ်ပြုများကို ဆည်းဆောက်တည်ယူခြင်းနှင့် ရပ်ရွာသားများအကြား ကိုယ်စားပြုမှုများကိုလည်း တစ်မဲ အကူအညီပေးတတ်သည်။ ထို့ကြောင့် ဘုရားဖူးခရီးတွင် ဒုဘယာကူန်းအုပ်စုသားများနှင့် ခရီးဖော်ရင်းနှီးခဲ့ကြ၏။ ကျွန်တော်ကလည်း ကျွေးချင်စားချင့်ကြသူများဖြစ်၏။

သူမသည် မိသားစုတစ်စုလုံးကိုသိုးဆောင်ရွက်ပွဲကျွေးမွေးနေရသူလည်းဖြစ်သည်။ ထို့ကြောင့် ဒေါ်ထားထားသည် မည်သည့်အခွင့်အရေးအခြေအနေမျိုးမဆို မပြောင်းလဲ တို့ဆက်ခဲ့ရသည့် အလုပ်ကိုစွဲစွဲမြဲမြဲ လေ့ရှိသည်။

"တို့ဆရာရေ..တစ်နေ့,တစ်နေ့ စားဖို့သောက်ဖို့ ပြေးရလွှားရ၊ ရှာရဖွေရတဲ့အထဲ တစ်ခါတစ်ရံကိုယ့်ဒုက္ခထက် သူများဒုက္ခတွေကအကျိုးဆီဝင်လာအောင်ခံဆောင်နေရတော့ ဗေဒင်လည်း မတတ်ချင်တော့ဘူး။ အရမ်းလေမိတယ်။ တကယ်..တကယ်"

"ဒါက အသိလိုက်ဘာသိလို့ပြန်ပြောခဲ့တာမျိုးလည်း မဟုတ်ဘူး။ ဗေဒင်ဟာ ဘာဖြစ်ရမှာလဲ။ ကျွပ်သင်ထားတဲ့ဗေဒင်က သက်ရောက်ရွှေ့ပြောင်းမှုလေ။ ဒီဆရာ့ဆီမှာ ဘယ်သူ့ကိုမဆို အညွှန်း အဓိပ္ပာယ်တွေချည်း ရွေးချယ်ပြောခဲ့တာမျိုးမဟုတ်ဘူး။ ဖြစ်ခဲ့ပြီးပြီးချင်း ပြန်လာတယ်။ ဒီတော့ အခက်ကြုံရတာက တစ်ခါတလေ ယတြာအတွက် အညွှန်,အခက်က ရှာမရဘူး။ ဗေဒင်လာမေးသူက တခြားနည်းနဲ့ ယတြာပေးဖို့ကျွန်မကို ကျွပ်ပယ်။ ရှင်းရှင်းပြောရရင် သူတို့ကို ဘာအဆောင်မှ ဘာယတြာမှ မလုပ်ဘဲ အောင်မြင်ချင်ကြတာပဲ။ ဘယ်အချိန် ဘယ်ကာလမှာ အဒီမရီးကိုသွား၊ အဒီအလုပ်ကိုလုပ်၊ အဲဒီလူနဲ့ ရင်ဆိုင်ဆိုပြီး ပြောခဲ့ချင်ကြတာပဲ။ အဲဒါမျိုး ဗေဒင်ပညာမှာ ရှိသလားဟင်း ရှိရင်ကျွပ်ကို သင်ပေးစမ်းပါဦး တို့ဆရာရယ်"

"တကယ်ဟာညည်းမှမမှ ဒေါ်ထားထားရယ်။ ဘာများလဲလို့။ ရှိပါသောကော။ ခုနစ်နေ့သားသမီး အားလုံးအတွက် တစ်သက်တာလုံး အသုံးပြုလို့ရအောင် တစ်နေ့ချင်း ယောနိုးတွက် ကျွန်တော်ပဲ ဂွဲလုပ်ပြီးထားတယ်။ ဟောဒီမှာကြည့်။ အသက်အပိုင်းအခြား သိစရာ မလိုဘူး။ တွက်စရာ မလိုဘူး။ ဘယ်နေ့သားသမီးအတွက် သိချင်လဲ။ ဘာအညွှန်း၊ အရွှေ့၊ အခက်မှ ဆောင်စရာ မလိုဘူး၊ ရှာစရာ မလိုဘူး။ နာရီတစ်လုံးရှိရင် ပွဲပြတ်ပြီ။ ဖတ်ကြည့်ရုံနဲ့ အသင့်လုပ်ထားတာ။ မြတ္တူဆွဲထား"

ကျွန်တော်သည် ပြောပြောဆိုဆို ဒေါ်ထားထားအတွက် ကွန်ပျူတာအသင့်စီထားသော စာရွက်များကို ပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဟူးနေ့	နံနက်(၈း၂၄)မှ နံနက်(၁၀း၄၈)နာရီအတွင်း မွန်းလွဲ(၁း၁၂)နာရီမှ ညနေ(၃း၃၆)နာရီအတွင်း	ရတနာပုံဆိုက်ချိန်ဖြစ်၏။ မင်းဖြစ်ကိန်းအချိန်ဖြစ်၏။
ကြာသပတေးနေ့	နံနက်(၁၀း၄၈)နာရီမှ မွန်းလွဲ(၁း၁၂)နာရီအတွင်း ညနေ(၃း၃၆)နာရီမှ ညနေ(၆း၀၀)နာရီအတွင်း	ရတနာပုံဆိုက်ချိန်ဖြစ်၏။ မင်းဖြစ်ကိန်းအချိန်ဖြစ်၏
သောကြာနေ့	နံနက်(၆း၀၀)နာရီမှ နံနက်(၈း၂၄)နာရီအတွင်း မွန်းလွဲ(၁း၁၂)နာရီမှ ညနေ(၃း၃၆)နာရီအတွင်း	မင်းဖြစ်ကိန်းအချိန်ဖြစ်၏။ ရတနာပုံဆိုက်ချိန်ဖြစ်၏။
စနေနေ့	နံနက်(၆း၀၀)နာရီမှ နံနက်(၈း၂၄)နာရီအတွင်း နံနက်(၁၀း၄၈)နာရီမှ မွန်းလွဲ(၁း၁၂)နာရီအတွင်း	ရတနာပုံဆိုက်ချိန်ဖြစ်၏။ မင်းဖြစ်ကိန်းအချိန်ဖြစ်၏။

ဗုဒ္ဓဟူးသားသမီး

တနင်္ဂနွေနေ့	နံနက်(၆း၀၀)နာရီမှ နံနက်(၈း၂၄)နာရီအတွင်း နံနက်(၁၀း၄၈)နာရီမှ မွန်းလွဲ(၁း၁၂)နာရီအတွင်း	ရတနာပုံဆိုက်ချိန်ဖြစ်၏။ မင်းဖြစ်ကိန်းအချိန်ဖြစ်၏။
တနလ်ာနေ့	နံနက်(၆း၀၀)နာရီမှ နံနက်(၈း၂၄)နာရီအတွင်း မွန်းလွဲ(၁း၁၂)နာရီမှ ညနေ(၃း၃၆)နာရီအတွင်း	မင်းဖြစ်ကိန်းအချိန်ဖြစ်၏။ ရတနာပုံဆိုက်ချိန်ဖြစ်၏။
အင်္ဂါနေ့	နံနက်(၆း၀၀)နာရီမှ နံနက်(၈း၂၄)နာရီအတွင်း မွန်းလွဲ(၁း၁၂)နာရီမှ ညနေ(၃း၃၆)နာရီအတွင်း	ရတနာပုံဆိုက်ချိန်ဖြစ်၏။ မင်းဖြစ်ကိန်းအချိန်ဖြစ်၏။
ဗုဒ္ဓဟူးနေ့	နံနက်(၆း၀၀)နာရီမှ နံနက်(၈း၂၄)နာရီအတွင်း မွန်းလွဲ(၁း၁၂)နာရီမှ ညနေ(၃း၃၆)နာရီအတွင်း	မင်းဖြစ်ကိန်းအချိန်ဖြစ်၏။ ရတနာပုံဆိုက်ချိန်ဖြစ်၏။
ကြာသပတေးနေ့	နံနက်(၈း၂၄)နာရီမှ နံနက်(၁၀း၄၈)နာရီအတွင်း ညနေ(၃း၃၆)နာရီမှ ညနေ(၆း၀၀)နာရီအတွင်း	မင်းဖြစ်ကိန်းအချိန်ဖြစ်၏။ ရတနာပုံဆိုက်ချိန်ဖြစ်၏။
သောကြာနေ့	နံနက်(၆း၀၀)နာရီမှ နံနက်(၈း၂၄)နာရီအတွင်း နံနက်(၁၀း၄၈)နာရီမှ မွန်းလွဲ(၁း၁၂)နာရီအတွင်း	ရတနာပုံဆိုက်ချိန်ဖြစ်၏။ မင်းဖြစ်ကိန်းအချိန်ဖြစ်၏။
စနေနေ့	နံနက်(၁၀း၄၈)နာရီမှ မွန်းလွဲ(၁း၁၂)နာရီအတွင်း ညနေ(၃း၃၆)နာရီမှ ညနေ(၆း၀၀)နာရီအတွင်း	ရတနာပုံဆိုက်ချိန်ဖြစ်၏။ မင်းဖြစ်ကိန်းအချိန်ဖြစ်၏။

ကြာသပတေးသားသမီး

တနင်္ဂနွေနေ့	နံနက်(၆း၀၀)နာရီမှ နံနက်(၈း၂၄)နာရီအတွင်း နံနက်(၁၀း၄၈)နာရီမှ မွန်းလွဲ(၁း၁၂)နာရီအတွင်း	ရတနာပုံဆိုက်ချိန်ဖြစ်၏။ မင်းဖြစ်ကိန်းအချိန်ဖြစ်၏။
တနလ်ာနေ့	နံနက်(၆း၀၀)နာရီမှ နံနက်(၈း၂၄)နာရီအတွင်း မွန်းလွဲ(၁း၁၂)နာရီမှ ညနေ(၃း၃၆)နာရီအတွင်း	မင်းဖြစ်ကိန်းအချိန်ဖြစ်၏။ ရတနာပုံဆိုက်ချိန်ဖြစ်၏။
အင်္ဂါနေ့	နံနက်(၆း၀၀)နာရီမှ နံနက်(၈း၂၄)နာရီအတွင်း မွန်းလွဲ(၁း၁၂)နာရီမှ ညနေ(၃း၃၆)နာရီအတွင်း	ရတနာပုံဆိုက်ချိန်ဖြစ်၏။ မင်းဖြစ်ကိန်းအချိန်ဖြစ်၏။
ဗုဒ္ဓဟူးနေ့	နံနက်(၆း၀၀)နာရီမှ နံနက်(၈း၂၄)နာရီအတွင်း မွန်းလွဲ(၁း၁၂)နာရီမှ ညနေ(၃း၃၆)နာရီအတွင်း	မင်းဖြစ်ကိန်းအချိန်ဖြစ်၏။ ရတနာပုံဆိုက်ချိန်ဖြစ်၏။
ကြာသပတေးနေ့	နံနက်(၂၄)နာရီမှ နံနက်(၁၀း၄၈)နာရီအတွင်း ညနေ(၃း၃၆)နာရီမှ ညနေ(၆း၀၀)နာရီအတွင်း	မင်းဖြစ်ကိန်းအချိန်ဖြစ်၏။ ရတနာပုံဆိုက်ချိန်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

သောကြာနေ့	နံနက်(၆း၀၀)နာရီမှ နံနက်(၈း၂၄)နာရီအတွင်း နံနက်(၁၀း၄၈)နာရီမှ မွန်းလွဲ(၁း၁၂)နာရီအတွင်း	ရတနာပုံဆိုက်ချိန်ဖြစ်၏။ မင်းဖြစ်ကိန်းအခါကြို၏။
စနေနေ့	နံနက်(၁၀း၄၈)နာရီမှ မွန်းလွဲ(၁း၁၂)နာရီအတွင်း ညနေ(၃း၃၆)နာရီမှ ညနေ(၆း၀၀)နာရီအတွင်း	ရတနာပုံဆိုက်ချိန်ဖြစ်၏။ မင်းဖြစ်ကိန်းအခါကြို၏။

သောကြာသားသမီး

တနင်္ဂနွေနေ့	နံနက်(၈း၂၄)နာရီမှ နံနက်(၁၀း၄၈)နာရီအတွင်း မွန်းလွဲ(၁း၁၂)နာရီမှ ညနေ(၃း၃၆)နာရီအတွင်း	ရတနာပုံဆိုက်ချိန်ဖြစ်၏။ မင်းဖြစ်ကိန်းအခါကြို၏။
တနလာနေ့	နံနက်(၈း၂၄)နာရီမှ နံနက်(၁၀း၄၈)နာရီအတွင်း ညနေ(၃း၃၆)နာရီမှ ညနေ(၆း၀၀)နာရီအတွင်း	မင်းဖြစ်ကိန်းအခါကြို၏။ ရတနာပုံဆိုက်ချိန်ဖြစ်၏။
အင်္ဂါနေ့	နံနက်(၁၀း၄၈)နာရီမှ နံနက်(၁း၁၂)နာရီအတွင်း ညနေ(၃း၃၆)နာရီမှ ညနေ(၆း၀၀)နာရီအတွင်း	ရတနာပုံဆိုက်ချိန်ဖြစ်၏။ မင်းဖြစ်ကိန်းအချိန်ဖြစ်၏
ဗုဒ္ဓဟူးနေ့	နံနက်(၈း၂၄)နာရီမှ နံနက်(၁၀း၄၈)နာရီအတွင်း ညနေ(၃း၃၆)နာရီမှ ညနေ(၆း၀၀)နာရီအတွင်း	မင်းဖြစ်ကိန်းအခါကြို၏။ ရတနာပုံဆိုက်ချိန်ဖြစ်၏။
ကြာသပတေးနေ့	နံနက်(၆း၀၀)နာရီမှ နံနက်(၈း၂၄)နာရီအတွင်း နံနက်(၁၀း၄၈)နာရီမှ မွန်းလွဲ(၁း၁၂)နာရီအတွင်း	ရတနာပုံဆိုက်ချိန်ဖြစ်၏။ မင်းဖြစ်ကိန်းအခါကြို၏။
သောကြာနေ့	နံနက်(၈း၂၄)နာရီမှ နံနက်(၁၀း၄၈)နာရီအတွင်း မွန်းလွဲ(၁း၁၂)နာရီမှ ညနေ(၃း၃၆)နာရီအတွင်း	ရတနာပုံဆိုက်ချိန်ဖြစ်၏။ မင်းဖြစ်ကိန်းအခါကြို၏။
စနေနေ့	နံနက်(၆း၀၀)နာရီမှ (၈း၂၄)နာရီအတွင်း နေ့လယ်(၁း၁၂)နာရီမှ (၃း၃၆)နာရီအတွင်း	မင်းဖြစ်ကိန်းအခါကြို၏။ ရတနာပုံဆိုက်ချိန်ဖြစ်၏။

စနေသားသမီး

တနင်္ဂနွေနေ့	နံနက်(၁၀း၄၈)နာရီမှ မွန်းလွဲ(၁း၁၂)နာရီအတွင်း ညနေ(၃း၃၆)နာရီမှ ညနေ(၆း၀၀)နာရီအတွင်း	ရတနာပုံဆိုကိုချိန်ဖြစ်၏။ မင်းဖြစ်ကိန်းအချိန်ဖြစ်၏။
တနလာနေ့	နံနက်(၆း၀၀)နာရီမှ နံနက်(၈း၂၄)နာရီအတွင်း နံနက်(၁၀း၄၈)နာရီမှ မွန်းလွဲ(၁း၁၂)နာရီအတွင်း	ရတနာပုံဆိုက်ချိန်ဖြစ်၏ မင်းဖြစ်ကိန်းအချိန်ဖြစ်၏။
အင်္ဂါနေ့	နံနက်(၆း၀၀)နာရီမှ နံနက်(၈း၂၄)နာရီအတွင်း မွန်းလွဲ(၁း၁၂)နာရီမှ ညနေ(၃း၃၆)နာရီအတွင်း	မင်းဖြစ်ကိန်းအချိန်ဖြစ်၏။ ရတနာပုံဆိုက်ချိန်ဖြစ်၏။
ဗုဒ္ဓဟူးနေ့	နံနက်(၆း၀၀)နာရီမှ နံနက်(၈း၂၄)နာရီအတွင်း နံနက်(၁၀း၄၈)နာရီမှ မွန်းလွဲ(၁း၁၂)နာရီအတွင်း	ရတနာပုံဆိုက်ချိန်ဖြစ်၏။ မင်းဖြစ်ကိန်းအချိန်ဖြစ်၏။
ကြာသပတေးနေ့	နံနက်(၈း၂၄)နာရီမှ နံနက်(၁၀း၄၈)နာရီအတွင်း မွန်းလွဲ(၁း၁၂)နာရီမှ ညနေ(၃း၃၆)နာရီအတွင်း	ရတနာပုံဆိုက်ချိန်ဖြစ်၏။ မင်းဖြစ်ကိန်းအချိန်ဖြစ်၏။
သောကြာနေ့	နံနက်(၈း၂၄)နာရီမှ နံနက်(၁၀း၄၈)နာရီအတွင်း နေ့လယ်(၁း၁၂)နာရီမှ ညနေ(၆း၀၀)နာရီအတွင်း	ရတနာပုံဆိုက်ချိန်ဖြစ်၏။ မင်းဖြစ်ကိန်းအချိန်ဖြစ်၏။
စနေနေ့	နံနက်(၈း၂၄)နာရီမှ (၁၀း၄၈)နာရီအတွင်း နေ့လယ်(၁း၁၂)နာရီမှ ညနေ(၆း၀၀)နာရီအတွင်း	ဖုတ်သွင်းရထားဆိုက်ချိန်ဖြစ်၏။ ရတနာပုံဆိုက်ချိန်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတစ်ရံဝယ်

မင်းနေထွန်း(ကန့်ဘလူ)

ဒီဆောင်းပါးကိုရေးဖို့ စိတ်ကူးလိုက်တော့ ကျွန်တော့် အတွေးထဲမှာ သဘင်သည်မလေး မနှင်းဆီဆိုတဲ့ သီချင်း ဘဝင်လာပါတယ်။

လောကဇာတ်ခုံ အဖုံဖုံအလီလီ×××သဘင်သည်လေး နှင်းဆီ အစချီတဲ့ သီချင်းပါ။ အဲဒီထဲမှာ တစ်ခါတစ်ရံဝယ် ချစ်သူကိုလည်း မုန်းဟန်ဖွဲ့ရတယ်။ တစ်ခါတစ်ရံဝယ် မုန်းသူကိုလည်း ချစ်ဟန်ဖွဲ့ရတယ်ဆိုတဲ့ သီချင်းစာသားပိုဒ်လေးတစ်ပိုဒ် ပါပါတယ်။

အခု ကျွန်တော်တင်ပြမယ့် အကြောင်းအရာကလည်း လောကဇာတ်ခုံကြီးထဲမှာ ကောင်းတစ်လှည့် ဆိုးတစ်ဖုံကြီးတွေ့နေကြရတတ်တဲ့ ပုထုဇဉ်လူသားတွေထဲက မိန်းကလေးတစ်ယောက်ရဲ့ ကံဇာတာအကြောင်းပါပဲ။ အဓိကဆား တင်ပြလိုချင်တဲ့ အကြောင်းကိစ္စကတော့ လဲမှာကြောက်လို့ မလျှောက်ဘဲနေရင် မရောက်ဘဲ သေမှာပေါ့။ ဆန်းတိုင်ဆိုတာ လှမ်းနိုင်သူတို့ရဲ့ အောင်လံပဲဆိုတဲ့ အတွေးသစ္စာ စာဖတ်သူတွေ ရရှိသွားစေချင်တဲ့ ရည်ရွယ်ချက်ပါ။

ကျွန်တော့်ဆီကို ဒီကလေးမ ဗေဒင်လှမ်းမေးတဲ့အချိန်ကာလမှာ သူ့အသက်က (၂၃)နှစ်ရှိပါပြီ။ သူက ကြာသပတေးသမီး။ မဟာဘုတ်(၃)ကြွင်းတဲ့ သိုက်ဖွားပေါ့။ အဲဒီမှာ ထူးခြားတာက သူကိုယ်တိုင် ကျွန်တော့်ဆီကို တိုက်ရိုက်လှမ်းမေးတာမဟုတ်ဘဲ ကြားလူကြုံကတစ်ဆင့် လှမ်းမေးတာပါ။ မေးပေးသူကလည်း ကျွန်တော့်ဗေဒင်ဖောက်သည်တစ်ဦးဖြစ်တဲ့ ဦးဝင်းထိန်(သနပ်ပင်မြို့)ပေါ့။

ကလေးမရဲ့နာမည်က တနလာအစ နာမည်အရင်းလုံး၊ ဘနဂ်္ဂနေအဆုံး နာမည်အဖျားလုံး မှည့်ထားပါတယ်။







နာမက္ခရတိုင်မှာ တိုင်ထိပ်ကနေပြီး လက်ဝဲတစ်ဆီကို ဆင်းသွားတဲ့ နာမည်ဖြစ်တဲ့အတွက် ဘဝင်မကျလှပေမယ့် မဟာဘုတ်ခွင်နဲ့ မွေးနံ့တိုင်မှာတော့ နာမည်ကောင်းတစ်ခုဖြစ်နေလို့ တော်ပါသေးရဲ့လို့ မှတ်ယူလိုက်ပါတယ်။

အသက်(၂၃)နှစ်ဆိုတော့ ကြိုဟ်အိပ်အနေနဲ့ ရာဟုဖြစ်ပြီး သက်ရောက်အနေနဲ့က ဗုဒ္ဓဟူးသက်ရောက် ဖြစ်နေတာကို တွေ့ရှိရပါတယ်။ ကြိုဟ်အိပ်၊ မွေးနံ့ရာဟုနဲ့ ကြာသပတေးဆိုကတော့ ဦးဝေ၊ စံကူး၊ ရောဘူး၊ တောသူလို့ ရှေးပညာရှင်ကြီးတွေ ဝိဂြိုဟ်ပြုထားခဲ့ကြတဲ့ ဓာတ်ရန်တွေထဲက ရေ+ဘူး (၈+၅) ကျရောက်နေတာကြောင့် စိတ်ထဲမှာ စနိုးစနောင့် ဖြစ်ရမိပါတယ်။

သက်ရောက် ဗုဒ္ဓဟူးနဲ့ မွေးနံ့ ကြာသပတေးက ရန်လည်းမဟုတ်၊ မိတ်လည်းမဟုတ်တဲ့ ဥဒါသိန်ဖြစ်ပေမယ့် ဘုမ္မိကြီးကြိုဟ်။ ပြီးတော့ မူလမဟာဘုတ်ရဲ့ ပုတိကြိုဟ်။ ဒါ့ထက်ဆိုးတာက အနိဋ္ဌကြိုဟ် ဒုဋ္ဌာနဝဂ္ဂတ္တမ နဝင်းစီးတား

www.burmeseclassic.com

www.burmeseclassic.com

တဲ့ဂြိုဟ် ဖြစ်နေခြင်းပါပဲ။ သက်ရောက်မကောင်းဘူးလို့ဘဲ ဆိုရမယ်လေ။ ဂြိုဟ်အိပ် ရာဟုနဲ့ သက်ရောက် ဗုဒ္ဓဟူးက လည်း ဦးညို၊ ခေမာ၊ သုတ၊ ဝေရီ ရန်တော်တဲ့ ဝေ+ရီ။

ဒီတော့ကာ ကလေးမရဲ့ ရောက်ဆဲနှစ် (၂၃)နှစ်မှာ ကံဇာတာ ညွှန်နေတယ်လို့ပဲ ယေဘုယျပြောရတော့မှာပေါ့။ ဂြိုဟ်အိပ်ဂြိုဟ်စားတိုင်၊ သက်ရောက်တိုင်တွေကို ထူကြည့်လိုက်တော့လည်း မူလနာမကဋ္ဌရန့် ကောဇာဇေယျတိုင်တို့မှာ တနင်္ဂနွေက ဆန်းကျင်ဂြိုဟ် ဖြစ်နေတယ်။ အဲဒီတနင်္ဂနွေ ကလေးမရဲ့ နာမည်အဖျားလုံး ဖြစ်နေတယ်။



ဂြိုဟ်အိပ် (နာ) သက်ရောက် (ကော)

ဒီကလေးမရဲ့ သက်ရောက်ဗုဒ္ဓဟူးက ကောဇာတိုင်မှာ မရဏာဖြစ်နေလေတော့ မရဏာသက်ရောက် ဖြစ်နေတယ်။ အဲဒီဗုဒ္ဓဟူးက ဒုဋ္ဌာနဝဂ္ဂုတ္တမ နဝင်းလည်း ဖြစ်နေတယ်ဆိုတော့ ကျွန်တော်ပဲ ညှဉ်းလို့လားမသိ ကောင်းကွက်ရှာလို့ မရဘူးဖြစ်နေတယ်။ တစ်ခုလေးပဲ ကတ်ကတ်သတ်သတ် တွေ့လိုက်ရတာကတော့ သက်ရောက်တိုင်မှာ မွေးနံ့ ကြာသပတေးက တန်းစီးမှာရှိနေပြီး ကောဇာရဲ့ ဇေယျဖြစ်တဲ့ အင်္ဂါက လာရောက်ပူးယှဉ်နေခြင်းပါပဲ။

ပညာရှင်ကြီးတွေကတော့ (၃+၅)စိန်ပန်းရဲ့ ဆန့်ကျင်ဘက် (၅+၃)ပန်းစိန် ဖြစ်နေတဲ့အတွက် ရန်တုတော်စပ်တယ်လို့ သမုတ်ကြပေမယ့် ကျွန်တော်ကတော့ ကောင်းကွက်လေး တစ်ကွက်အဖြစ် ဒါ စိန်ပန်းဓာတ်ပဲလို့ ကတ်ကတ်သတ်သတ် ယူထားလိုက်ပါတယ်။ ရှေးပညာရှိကြီးတွေရဲ့ အဆိုအမိန့်ကို ဖီလာဆန့်ကျင်လိုတဲ့သဘော မဟုတ်ရိုးတော့ အမှန်ပါ။ မကောင်းတာတွေ ရှိနေတဲ့အတွက် ရှိတာလေးကိုပဲ အကောင်းလုပ်လိုက်တဲ့ သဘောပါ။

အဲ..ကလေးမက သူ့ကံဇာတာ အကောင်း/အညံ့ကို သိချင်တာမဟုတ်ဘဲ အလုပ်တစ်ခုအတွက် အင်တာဗျူးရေးဖြေ ဖြေစရာရှိလို့ ယတြာသွန်သွန်နဲ့ အကူအညီပေးဖို့ တောင်းဆိုလိုက်တာပါ။ ကျွန်တော်က အကူအညီပေးနိုင်ဖို့ သူ့ကံဇာတာကို တတ်ကျွမ်းသလောက် ပညာလေးနဲ့ ဆန်းစစ်ကြည့်နေတာပါ။ ကြည့်ရသလောက် အနေအထားအရ ကံဇာတာညှဉ်းနေတဲ့အတွက် အလုပ်ဖြစ်လောက်စရာ လမ်းမခြင်ဘူး ဖြစ်နေတယ်ပေါ့။ ဒါပေမဲ့..။

ဒါပေမဲ့ စောစောက ပြောခဲ့သလို လဲမှာကြောက်လို့ မလျှောက်ဘဲနေရင် မရောက်ဘဲ သေမှာပေါ့။ ပန်းတိုင်ဆီတာ လှမ်းနိုင်သူတို့ရဲ့ အောင်လံပဲလေဆိုတဲ့ထုံးကို နှလုံးသွင်းပြီး ဒီလို၊ ဒီလိုလေးတွေ ယတြာသွန်သွန်လုပ်လိုက်ပါလို့ ညွှန်ကြားလိုက်ရပါတယ်။ ကြားထဲက အကျိုးဆောင်ပေးတဲ့ ဦးဝင်းထိန်(သနပ်ပင်)ကိုတော့ ကလေးမက ကံဇာတာတော့ ညံ့နေတယ်ဗျာ။ ဒါပေမဲ့ ထိုင်နေလို့တော့ ဘာမှဖြစ်မလာဘူးဆိုသလို လှုပ်ရှားတော့ ကြည့်ကြသေးတာပေါ့လို့ အသိပေးထားလိုက်ပါတယ်။

အဲဒီနောက် (၃)လလောက် ကြာသွားပြီး တစ်နေ့မှာတော့ ဦးဝင်းထိန်(သနပ်ပင်)ဆီက ဖုန်းဝင်လာပါတယ်။ ဖုန်းထဲက မင်္ဂလာပါဆရာလို့ တ်ဆက်သံ ကြားလိုက်ရတည်းက အပျော်လွှင်းတွေ ဝေစည်နေကြောင်း ကျွန်တော် ခန့်မှန်းလို့ရလိုက်ပါတယ်။

ကျွန်တော်ခန့်မှန်းတဲ့အတိုင်းပါပဲ နောက်ဆက်တွဲ ပြောလာတဲ့ စကားက-

"ဆရာ့ကို ဝမ်းသာစကားတစ်ခု ပါးစရာရှိလို့ပါဆရာ။ တခြားတော့ မဟုတ်ပါဘူး။ ဟို..ခင်မေအောင်လေ၊ အလုပ်ဝင် ရေးဖြေအင်တာဗျူးမှာ အောင်သွားပြီဆရာ။ အောင်တာမှ ရိုးရိုးမဟုတ်ဘူးဆရာ။ ဖြေဆိုသူအားလုံးထဲမှာ အဆင့်တစ်၊ နံပါတ်တစ်ဗျ။ အဲဒါ ဆရာ့ကို ကျေးဇူးတင်စကား ပြောပေးပါဆိုလို့။ နွှတ်ဖြေကတော့.."

ကျွန်တော် ပြုံးနေလိုက်ပါတယ်။ ပြီးတော့မှ ဟုတ်ကဲ့ ကျွန်တော်လည်း ဝမ်းသာပါ၀ ်လို့ ပြောလိုက်ရပါတယ်။

တစ်ခါတစ်ရံမှာ ချစ်သူကိုလည်း မုန်းဟန်ဖွဲ့ကြရတာတဲ့၊ တစ်ခါတစ်ရံမှာ မုန်းသူကိုလည်း ချစ်ဟန်ဖွဲ့ရတဲ့ ဇာတ်လည်းဖြစ် ကြံလည်းနှစ်တတ်တဲ့ လောကဓံ လူ့ဇာတ်ခံသဘောကို ကျွန်တော် ကောင်းကောင်းစောကြောမိသွားလို့ပါပဲ။ အကယ်၍သာ ကလေးမက ကံဇာတာ မတရားညံ့နေတယ်ဗျာ။ လုပ်လို့ရ မထင်ပါဘူးလို့ အားလျှော့ခဲ့ကြမိရင်၊ ဒီအောင်ခြင်မူဟာ ရချင်မှရမှာပါ။ လဲမှာကြောက်လို့ မသွားကြတဲ့

www.burmeseclassic.com

www.burmeseclassic.com

ရင် မရောက်ဘဲ သေသွားမှာပေါ့။

ဒီနေရာမှာ ရှေးလူကြီးသူမတွေ ဆုံးမလေ့ရှိတဲ့ ကံ၊ ဥာဏ်၊ ဝီရိယ သုံးပါးမှာ ကလေးမဟာ ကံညံ့နေပေမယ့် ဥာဏ်မညံ့သူ၊ ဝီရိယမညံ့သူဆိုတာ ထင်ရှားပါတယ်။ သူ့ဥာဏ်၊ ဝီရိယ အကျိုးကို သူခံစားသွားရတာလို့ပဲ ကျွန်တော်နားလည်ယူလိုက်ပါတယ်။ နို့..ယတြာသျှင်္ခန်းက ဘာအကျိုးမှ မပြုခဲ့ဘူးလားလို့ မေးစရာရှိပါတယ်။ ဟုတ်ကဲ့၊ အကျိုးပြုသလောက် ပြုခဲ့ပါတယ်။ ယတြာသျှင်္ခန်းရဲ့ဓာတ် ကလေးမရဲ့ နုံးသားကို ဟပ်သွားစေတာဟာ အကျိုးပြုလိုက်ခြင်းပါပဲ။ ဒီယတြာသျှင်္ခန်းလည်းလုပ်၊ ငါဘက်က ကြိုးစားလိုက်ရင် အောင်မြင်ရမှာပေါ့လို့ သူစိတ်ဓာတ်ခွန်အားကို မြှင့်ပေးလိုက်သလို ဓာတ်ခိုက်သွားတာလည်း ဖြစ်နိုင်ပါတယ်။

ဓာတ်ဆင်ဓာတ်ရိုက် ဝါသနာရှင်များအနေနဲ့ကတော့ ကျွန်တော်ပေးလိုက်ခဲ့တဲ့ ဓာတ်ယတြာသျှင်္ခန်းကို သိလိုချင်ကြမှာ အမှန်ပါပဲ။ ဒါကြောင့် နောက်ဆက်တွဲအဖြစ် ဖော်ပြလိုက်ပါတယ်။ ဝါသနာမပါသူများ မဖတ်ဘဲနေလို့ရပါတယ်ခင်ဗျား။

ကျွန်တော်ပေးခဲ့တဲ့ ဓာတ်ယတြာသျှင်္ခန်းကတော့ ဘာမှ ထူးထူးထွေထွေ ဆန်းဆန်းပြားပြားကြီး မဟုတ်ပါဘူး။ စောစောက တင်ပြခဲ့ပြီးဖြစ်တဲ့ ကလေးမရဲ့မွေးနံ့ ကြာသပတေးတန်းစီးမှာရှိတဲ့ အနေအထားကို အားအဖြစ်မှတ်ယူပြီး ပေးလိုက်တဲ့နည်းပါ။ အဲဒါကတော့ တန်းစီး၊ တိုင်ထိပ်၊ ခွိုတ်ဆက်တဲ့နည်းပါပဲ။

ပထမဦးဆုံး ဖန်ဘူးထဲမှာ ပေါက်ပန်းဖြူစိုက်ထိုးပြီး သက်ရှိထင်ရှား ဗုဒ္ဓဘုရားကိုရည်မှတ်ပြီး လှူဒါန်းခိုင်းလိုက်ပါတယ်။ တန်းစီး ကြာသပတေးကို အားမြှင့်ပေးလိုက်တဲ့သဘောပါ။ ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်အဖြစ် ပေါင်မုန့်ကို ထောပတ်သုတ်ပြီး လှူဒါန်းခိုင်းလိုက်ပါတယ်။ အဲဒါကတော့ တန်းစီးကြာသပတေးနဲ့ တိုင်ထိပ်စနေတို့ကို တွဲစပ်လိုက်တဲ့သဘောပါပဲ။



ဒုတိယညွှန်လိုက်တဲ့နည်းကတော့ ဗာဒံရွက်လေးတွေကို စက်ဝိုင်းသဏ္ဌာန်စီပြီး ယပ်တောင်ရွက်လုပ်ပါ။ ပြီးရင် ထန်းပလပ်ကို ယပ်တောင်ရိုးပြုလုပ်ပြီး အင်္ဂါထောင့်နဲ့ကြိုက်ဘုရားရုပ်ပွားကို ယပ်တောင်သွင်းပါ။ လိုရာဆန္ဒတောင်းပါလို့ ဖြစ်ပါတယ်။ စောစောက ဖန်ဘူး-ပေါက်ပန်းဖြူရော ပေါင်မုန့်ထောပတ်သုတ်ပါ အဲဒီအင်္ဂါနဲ့ဘုရားမှာ လှူပေးပါလို့ ညွှန်းလိုက်ပါတယ်။ ပြုလုပ်ရမယ့် အချိန်နာရီကတော့ သက်ဆိုင်ရာနေ့ရဲ့ ၈-ရောတ် ပေါ်ချိန်ပါပဲ။

ဘာကြောင့် အင်္ဂါနဲ့ဘုရား ရုပ်ပွားစေတီတော်မှာ လှူရသလဲ ဆိုတာကတော့ မင်းအစိုးရဖြစ်တဲ့ ကြာသပတေးနဲ့ ဆပွတ်ဖြစ်နေလို့ပါပဲ။ သူ့ကိုနိုင်လို ဆပွတ်ခိုလို့ဆို မိန့်ထားတဲ့ ရှေးဘိုးဘေးဘီဘင်ပညာရှင်ကြီးတွေရဲ့ အဆိုအမိန့် အရပါပဲ။



အဲဒီလို ယတြာသျှင်္ခန် ပြုလုပ်ပြီး မိမိဘက်ကလည်း ကျက်မှတ်လေ့လာသင့်တာ လေ့လာဖို့ ညွှန်းဆိုလိုက်ခြင်းပဲ ဖြစ်ပါတယ်။ ကလေးမရဲ့ ကံ၊ ဥာဏ်၊ ဝီရိယတွေကြောင့် ရေးဖြေအင်တာဗျူး အောင်သွားခြင်းပဲ ဖြစ်ပါတယ်။

အချုပ်တင်ပြရရင်တော့ ဘယ်အရာမဆို မပြုလုပ်မီက လက်မလျှော့ဘဲ ကံညံ့နေသည်ဆိုသည့်တိုင် ရည်မှန်းထားသည့်အတိုင်း ပြုလုပ်ကြည့်ပါ။ အောင်မြင်ခြင်း၊ မအောင်မြင်ခြင်းသည် ကံတရားတစ်ခုတည်းအပေါ်မှာသာ တည်မီခြင်းမဟုတ်ဘဲ မိမိတို့၏ ဥာဏ်၊ ဝီရိယ၊ ဇွဲ၊ လုံ့လ [illegible]ကာလည်း မူတည်ကြောင်း သက်သေတင်ပြရခြင်း ဖြစ်ပါတယ်။

လဲမှာကြောက်လို့ မလျှောက်ဘဲနေရင် မရောက်ဘဲ သေမှာပေါ့။ ပန်းတိုင်ဆိုတာ လှမ်းနိုင်သူတို့ရဲ့ အောင်လံပဲလေ။

ပညာရှင်အပေါင်းကို မညောင်းသောဂါရဝပြုလျှင်

မင်းနေထွန်း(ကွန်ပျာလူ)

www.burmeseclassic.com

www.burmeseclassic.com

[၂၀၁၅]ခုနှစ်၊ နက္ခတ်ဗေဒင်ဟောစာတမ်း

နက္ခတ်တာရာများက ဟော်ပြနေတဲ့ သင့်ဘဝရဲ့ တစ်လတာကံကြမ္မာ

❤ ❤ ❤ ဆရာကံထူး(ဝေဒသုတေသီ) ★ ★ ★

နက္ခတ်တာရာများနှင့် ယှဉ်တွဲမွေးဖွားလာကြတဲ့ လူသားတို့ပင် ဦးထိပ်ရွက်တင်ကာ သယ်ဆောင်လာခဲ့ကြသဖြင့် လူဘဝအား ခြယ်လှယ်ခွင့်ရနေကြတဲ့ ကောင်း၊ဆိုးနှစ်တန်ကုသိုလ်၊ အကုသိုလ်လောကဓံကို အနီးစပ်ဆုံးမှန်ကန်အောင် တွက်ထုတ်ပေးနိုင်သော ပညာကား ဗေဒင်ပညာပင်ဖြစ်ပါသည်။ အတိတ်ကံကောက်ကြောင်းပန်းချီကို ဤသို့ဤပုံဟု သိမြင်မထားဘဲ ပစ္စုပ္ပန်ကို အလှဆင်လျှင် ကြည်လင်လှပ၊ နက္ခြရွတဲ့ ဘဝပန်းချီ ဖြစ်မလာနိုင်သည့် အပြင် မလှစီးပွား၊ ရေနစ်ဆားသို့ ပျက်ပြားသွားရတတ်ပါသည်။ သင့်ကြိုးစားမှုက နွားချိုကို နို့ညှစ်မိသကဲ့သို့ ခုတ်ရာတခြား ရှရာတခြား အလွဲလွဲအမှားမှား ဖြစ်နေတတ်ပါသည်။ ဆရာချစ်တဲ့ ဂန္ဓိရုပရိသတ်များ ထိုသို့ဖြစ်မသွားစေလိုပါ။ ထို့ကြောင့် ဘဝနှင့်ဆန္ဒ ထပ်တူကျနိုင်စေဖို့ရာ အတွေးသစ်များ လင်းလက်လာစေရေးအတွက် နက္ခတ်ဗေဒင်ဖြင့် ကူညီဖေးမ လမ်းပြပေးလိုက်ပါသည်။

မသိသူတွေ ကျော်သွားပြီး သိသူတွေ ဖော်စားကြမည့် ဤကဏ္ဍပါ ဇယားများကို ကမ္ဘာ့မဒီရီယံမျဉ်းဖြတ်တဲ့ ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ အရှေ့လောင်ဂျီတူဒ်(၉၇° ၃၂′)၊ မြောက်လတ္တီတွဒ်(၁၆° ၂၁′)ကို အခြေခံကာ လ၊အလိုက် နေထွက်၊နေဝင်ချိန်များဖြင့် တွက်ထုတ်ထားပါသည်။ မိမိ မွေးလ၊ မွေးရက် ပါရှိရာ ဇယားကွက်၌ မွေးချိန်ကို ရှာကြည့်ရုံဖြင့် ဘေးတွင်ယှဉ်တွဲပြထားသော ရာသီလဂ်ကို အလွယ်တကူသိနိုင်ပေသည်။ ဂန္ဓိရချစ်သူများအနေဖြင့် မိမိရာသီလဂ်ကို အတိအကျသိထားလိုပါက ဖုန်း-၀၉၄၀၁၅၃၄၉၉ သို့ ဆက်သွယ်ပါ။ ကွန်ပျူတာဖြင့် ဇာတာဖွဲ့ပြီး မိုနစ်(၂၀)အတွင်းမှာ ပြန်လည်ဖြေကြားပေးပါမည်။ ရာသီလဂ်သိရုံသက်သက်ဆိုပါက ဇာတာဖွဲ့ခ ပိုက်ဆံလုံးဝပေးစရာမလိုပါ။ အသင့်ဖွဲ့ပြီးဇာတာ ရှိနေပါက ထိုဇာတာပါ လဂ်အတိုင်းပင် ဟောကွက်တွင် ဖတ်ရှုနိုင်ပါသည်။

နန်နဝါရီလ (၁၄)ရက်မှ ဖေဖော်ဝါရီလ (၁၂)ရက်အထိ

မွေးချိန်	လဂ်
၆း၄၀ - ၈း၄၀	မကာရ
၈း၄၀ - ၁၀း၄၀	ကုမ်
၁၀း၄၀ - ၁၂း၄၀	မိန်
၁၂း၄၀ - ၁၄း၄၀	မိသ
၁၄း၄၀ - ၁၆း၄၀	ပြိသ
၁၆း၄၀ - ၁၈း၄၀	မေထုန်
၁၈း၄၀ - ၂၀း၄၀	ကရကဋ်
၂၀း၄၀ - ၂၂း၄၀	သိဟ်
၂၂း၄၀ - ၂၄း၄၀	ကန်
၂၄း၄၀ - ၂း၄၀	တူ
၂း၄၀ - ၄း၄၀	ဗြိစ္ဆာ
၄း၄၀ - ၆း၄၀	ဓနု

ဖေဖော်ဝါရီလ (၁၃)ရက်မှ မတ်လ (၁၃)ရက်အထိ

မွေးချိန်	လဂ်
၆း၄၀ - ၈း၄၀	မကာရ
၈း၄၀ - ၁၀း၄၀	ကုမ်
၁၀း၄၀ - ၁၂း၄၀	မိန်
၁၂း၄၀ - ၁၄း၄၀	မိသ
၁၄း၄၀ - ၁၆း၄၀	ပြိသ
၁၆း၄၀ - ၁၈း၄၀	မေထုန်
၁၈း၄၀ - ၂၀း၄၀	ကရကဋ်
၂၀း၄၀ - ၂၂း၄၀	သိဟ်
၂၂း၄၀ - ၂၄း၄၀	ကန်
၂၄း၄၀ - ၂း၄၀	တူ
၂း၄၀ - ၄း၄၀	ဗြိစ္ဆာ
၄း၄၀ - ၆း၄၀	ဓနု

မတ်လ (၁၄)ရက်မှ ဧပြီလ (၁၂)ရက်အထိ

မွေးချိန်	လဂ်
၆း၁၀ - ၈း၁၀	မိန်
၈း၁၀ - ၁၀း၁၀	မိသ
၁၀း၁၀ - ၁၂း၁၀	ပြိသ
၁၂း၁၀ - ၁၄း၁၀	မေထုန်
၁၄း၁၀ - ၁၆း၁၀	ကရကဋ်
၁၆း၁၀ - ၁၈း၁၀	သိဟ်
၁၈း၁၀ - ၂၀း၁၀	ကန်
၂၀း၁၀ - ၂၂း၁၀	တူ
၂၂း၁၀ - ၂၄း၁၀	ဗြိစ္ဆာ
၂၄း၁၀ - ၂း၁၀	ဓနု
၂း၁၀ - ၄း၁၀	မကာရ
၄း၁၀ - ၆း၁၀	ကုမ်

ဧပြီလ (၁၃)ရက်မှ မေလ (၁၃)ရက်အထိ

မွေးချိန်	လဂ်
၀၇း၄၅ - ၀၇း၄၅	မိသ
၀၇း၄၅ - ၀၉း၄၅	ပြိသ
၀၉း၄၅ - ၁၁း၄၅	မေထုန်
၁၁း၄၅ - ၁၃း၄၅	ကရကဋ်
၁၃း၄၅ - ၁၅း၄၅	သိဟ်
၁၅း၄၅ - ၁၇း၄၅	ကန်
၁၇း၄၅ - ၁၉း၄၅	တူ
၁၉း၄၅ - ၂၁း၄၅	ဗြိစ္ဆာ
၂၁း၄၅ - ၂၃း၄၅	ဓနု
၂၃း၄၅ - ၀၁း၄၅	မကာရ
၀၁း၄၅ - ၀၃း၄၅	ကုမ်
၀၃း၄၅ - ၀၅း၄၅	မိန်

www.burmeseclassic.com

www.burmeseclassic.com

မေလ (၁၄)ရက်မှ နွန်လ (၁၄)ရက်အတွင်း

မွေးချိန်	လက်
၁း၂၅ - ၇း၂၅	ပြိဿ
၇း၂၅ - ၉း၂၅	မေထုန်
၉း၂၅ - ၁၁း၂၅	ကရကဋ်
၁၁း၂၅ - ၁၃း၂၅	သိဟ်
၁၃း၂၅ - ၁၅း၂၅	ကန်
၁၅း၂၅ - ၁၇း၂၅	တူ
၁၇း၂၅ - ၁၉း၂၅	ဗြိစ္ဆာ
၁၉း၂၅ - ၂၁း၂၅	ဓနု
၂၁း၂၅ - ၂၃း၂၅	မကာရ
၂၃း၂၅ - ၂၅း၂၅	ကုမ်
၂၅း၂၅ - ၂း၂၅	မိန်
၂း၂၅ - ၄း၂၅	မိဿ
၄း၂၅ - ၇း၂၅	ပြိဿ

နွန်လ (၁၅)ရက်မှ ဇူလိုင်လ (၁၅)ရက်အတွင်း

မွေးချိန်	လက်
၇း၂၀ - ၇း၂၀	မေထုန်
၇း၂၀ - ၉း၂၀	ကရကဋ်
၉း၂၀ - ၁၁း၂၀	သိဟ်
၁၁း၂၀ - ၁၃း၂၀	ကန်
၁၃း၂၀ - ၁၅း၂၀	တူ
၁၅း၂၀ - ၁၇း၂၀	ဗြိစ္ဆာ
၁၇း၂၀ - ၁၉း၂၀	ဓနု
၁၉း၂၀ - ၂၁း၂၀	မကာရ
၂၁း၂၀ - ၂၃း၂၀	ကုမ်
၂၃း၂၀ - ၂၅း၂၀	မိန်
၂၅း၂၀ - ၂း၂၀	မိဿ
၂း၂၀ - ၄း၂၀	ပြိဿ
၄း၂၀ - ၇း၂၀	မေထုန်

ဇူလိုင် (၁၆)ရက်မှ သြဂုတ်လ (၁၆)ရက်အတွင်း

မွေးချိန်	လက်
၇း၁၀ - ၇း၁၀	ကရကဋ်
၇း၁၀ - ၉း၁၀	သိဟ်
၉း၁၀ - ၁၁း၁၀	ကန်
၁၁း၁၀ - ၁၃း၁၀	တူ
၁၃း၁၀ - ၁၅း၁၀	ဗြိစ္ဆာ
၁၅း၁၀ - ၁၇း၁၀	ဓနု
၁၇း၁၀ - ၁၉း၁၀	မကာရ
၁၉း၁၀ - ၂၁း၁၀	ကုမ်
၂၁း၁၀ - ၂၃း၁၀	မိန်
၂၃း၁၀ - ၂၅း၁၀	မိဿ
၂၅း၁၀ - ၂း၁၀	ပြိဿ
၂း၁၀ - ၄း၁၀	မေထုန်
၄း၁၀ - ၇း၁၀	ကရကဋ်

သြဂုတ်လ (၁၇)ရက်မှ စက်တင်ဘာလ (၁၆)ရက်အတွင်း

မွေးချိန်	လက်
၇း၄၀ - ၇း၄၀	သိဟ်
၇း၄၀ - ၉း၄၀	ကန်
၉း၄၀ - ၁၁း၄၀	တူ
၁၁း၄၀ - ၁၃း၄၀	ဗြိစ္ဆာ
၁၃း၄၀ - ၁၅း၄၀	ဓနု
၁၅း၄၀ - ၁၇း၄၀	မကာရ
၁၇း၄၀ - ၁၉း၄၀	ကုမ်
၁၉း၄၀ - ၂၁း၄၀	မိန်
၂၁း၄၀ - ၂၃း၄၀	မိဿ
၂၃း၄၀ - ၂၅း၄၀	ပြိဿ
၂၅း၄၀ - ၂း၄၀	မေထုန်
၂း၄၀ - ၄း၄၀	ကရကဋ်

စက်တင်ဘာလ (၁၇)ရက်မှ အောက်တိုဘာလ (၁၆)ရက်အတွင်း

မွေးချိန်	လက်
၇း၅၀ - ၇း၅၀	ကန်
၇း၅၀ - ၉း၅၀	တူ
၉း၅၀ - ၁၁း၅၀	ဗြိစ္ဆာ
၁၁း၅၀ - ၁၃း၅၀	ဓနု
၁၃း၅၀ - ၁၅း၅၀	မကာရ
၁၅း၅၀ - ၁၇း၅၀	ကုမ်
၁၇း၅၀ - ၁၉း၅၀	မိန်
၁၉း၅၀ - ၂၁း၅၀	မိဿ
၂၁း၅၀ - ၂၃း၅၀	ပြိဿ
၂၃း၅၀ - ၂၅း၅၀	မေထုန်
၂၅း၅၀ - ၂း၅၀	ကရကဋ်
၂း၅၀ - ၄း၅၀	သိဟ်

အောက်တိုဘာလ (၁၇)ရက်မှ နိုဝင်ဘာလ (၁၅)ရက်အတွင်း

မွေးချိန်	လက်
၇း၅၅ - ၇း၅၅	တူ
၇း၅၅ - ၉း၅၅	ဗြိစ္ဆာ
၉း၅၅ - ၁၁း၅၅	ဓနု
၁၁း၅၅ - ၁၃း၅၅	မကာရ
၁၃း၅၅ - ၁၅း၅၅	ကုမ်
၁၅း၅၅ - ၁၇း၅၅	မိန်
၁၇း၅၅ - ၁၉း၅၅	မိဿ
၁၉း၅၅ - ၂၁း၅၅	ပြိဿ
၂၁း၅၅ - ၂၃း၅၅	မေထုန်
၂၃း၅၅ - ၂၅း၅၅	ကရကဋ်
၂၅း၅၅ - ၂း၅၅	သိဟ်
၂း၅၅ - ၄း၅၅	ကန်
၄း၅၅ - ၇း၅၅	ပြိဿ

နိုဝင်ဘာလ (၁၆)ရက်မှ ဒီဇင်ဘာလ (၁၅)ရက်အတွင်း

မွေးချိန်	လက်
၆း၅၅ - ၈း၅၅	ဗြိစ္ဆာ
၈း၅၅ - ၁၀း၅၅	ဓနု
၁၀း၅၅ - ၁၂း၅၅	မကာရ
၁၂း၅၅ - ၁၄း၅၅	ကုမ်
၁၄း၅၅ - ၁၆း၅၅	မိန်
၁၆း၅၅ - ၁၈း၅၅	မိဿ
၁၈း၅၅ - ၂၀း၅၅	ပြိဿ
၂၀း၅၅ - ၂၂း၅၅	မေထုန်
၂၂း၅၅ - ၂၄း၅၅	ကရကဋ်
၂၄း၅၅ - ၂း၅၅	သိဟ်
၂း၅၅ - ၄း၅၅	ကန်
၄း၅၅ - ၆း၅၅	တူ

ဒီဇင်ဘာလ (၁၆)ရက်မှ ဇန်နဝါရီလ (၁၃)ရက်အတွင်း

မွေးချိန်	လက်
၆း၅၅ - ၈း၅၅	ဓနု
၈း၅၅ - ၁၀း၅၅	မကာရ
၁၀း၅၅ - ၁၂း၅၅	ကုမ်
၁၂း၅၅ - ၁၄း၅၅	မိန်
၁၄း၅၅ - ၁၆း၅၅	မိဿ
၁၆း၅၅ - ၁၈း၅၅	ပြိဿ
၁၈း၅၅ - ၂၀း၅၅	မေထုန်
၂၀း၅၅ - ၂၂း၅၅	ကရကဋ်
၂၂း၅၅ - ၂၄း၅၅	သိဟ်
၂၄း၅၅ - ၂း၅၅	ကန်
၂း၅၅ - ၄း၅၅	တူ
၄း၅၅ - ၆း၅၅	ဗြိစ္ဆာ

(၂၀၁၅)ခုနှစ်၊ ဒီဇင်ဘာလအတွက် နက္ခတ်ဗေဒင်ဟောစာတမ်း

မိဿလဂ် (Aries)

အတိုက်အခံ၊ အနှောင့်အယှက် မကင်းတဲ့ ကာလပါ။ ခိုက်ရန်ဒေါသဖြင့် အတိုက်အခံကို ဖြေရှင်းမိပါက လက်ရှိနေရာမှ ဝေးရာသို့ ထွက်ခွာသွားရတတ်၏။ သွေးဆူပွတ်သက်တဲ့ ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်ပါသည်။ အခြေအနေကို ဉာဏ်ဖြင့် မထိန်းနိုင်ပါက အိမ်ထောင်ရေး ပြဿနာ ကြုံရတတ်၏။ စစ်ဘက်ဆိုင်ရာနှင့် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများ အသေးစား ခွဲစိတ်ကုသမှု ခံယူရကိန်း ရှိ၏။ နှုတ်မစောင့်၍ သင့်လုပ်ငန်း ရပ်တန့်သွားတတ်ပါသည်။ အလှကုန် ထုတ်လုပ်ဖြန့်ချိ ရောင်းဝယ်သူများ၊ အနုပညာရပ်ဝန်းမှ သရုပ်ဆောင်များ၊ အလှပြင်သူများ၊

www.burmeseclassic.com

www.burmeseclassic.com

အမွေးနုံသာ ကုန်သည်များ စီးပွားဖြစ်ထွန်းမည်။ သို့သော် (၂၆)ရက်ကစပြီး အရင်းအနှီး မတိုးမြှင့်ပါနှင့်။ ပုံမှန်သာ လုပ်ဆောင်ပါ။ ရွှေနှင့် ကျောက်မျက်ရတနာ တူးဖော်သူများ လက်ုန်ခါနီးမှ အခွင့်ကောင်း အခါကောင်း ရတတ်၏။ ပညာသင် လူငယ်များ ဆုံးရှုံးနစ်နာမှု မရှိစေရန် မိုက်ရူးရဲဆန်တဲ့ အလုပ်ဟူသမျှ ရှောင်ပါ။ (၇၊ ၈၊ ၉)နှင့် (၂၁၊ ၂၂)ရက်များကို မိမိအတွက် ရက်ရာဇာဟု သတ်မှတ်ပြီး လုပ်ဆောင်ပါ။ ရှောင်ရမှာကတော့ (၅၊ ၆)နှင့် (၁၉၊ ၂၀) ရက်များပါ။ အဖေကျန်းမာရေး မကောင်းပါက (၁၇)ရက် ကျော်ရင် ကောင်းသွားမှာပါ အဖေရယ်လို့ အားပေးစကား ပြောပေးလိုက်ပါ။ တကယ်ပဲ သက်သာပျောက်ကင်းသွားလိမ့်မည်။

ယတြာ

ခေါင်းအုံးကို နေလှန်းပြီး တုတ်နှင့် ထုရိုက်ရင်း မကောင်းဆိုးဝါးအားလုံး ထွက်သွားပြီလို့ ရေရွတ်ပြောဆိုလိုက်ပါ။ ကံကောင်းခြင်းများ ရောက်လာပေလိမ့်မည်။

ပြိဿလင် (Taurus)

မပြောချင်လို့ အောင့်ထားရသည်များ (၂၆)ရက်ကစပြီး ပြောစရာမလိုဘဲ ပြေလည်သွားလိမ့်မည်။ သစ်သီးပွဲရုံနှင့် သစ်လုပ်ငန်းရှင်များ တစ်လလုံးလိုလို ကတောက်ကဆ ဖြစ်နေရတတ်ပြီး လက်ုန်ခါနီးမှ အဆင်ပြေ ချောမွေ့သွားမည်။ စက်မှုလက်မှု လုပ်ငန်းရှင်များ ငွေကြေးရွှင်မည်။ စက္ကူနှင့် စာရေးကိရိယာ ရောင်းဝယ်သူများ၊ စာသင်ဆရာ၊ဆရာမများ ပြဿနာနှင့် ဝင်ငွေ၊ အဆိုးနှင့် အကောင်း ဒွန်တွဲနေမည်။ မထင်မှတ်ဘဲ နေအိမ်အပြောင်းအရွှေ့ ကြုံရတတ်၏။ အကြွေးနာသံယောဇဉ်ပွားနေသူများ လက်ထပ်မင်္ဂလာ ပြုဖြစ်သွားမည်။ သို့သော် အပျော်တွင် အပူဝင်တတ်၍ မိမိထက် ကြီးကဲသူများရဲ့ အကြံဉာဏ်ကို ရယူပါလေ။ ကျောင်းသားရှိတဲ့ မိဘများ အထိတ်တလန့်သတင်း ကြားရတတ်၏။ အိမ်၊ခြံ၊မြေ ရောင်းဝယ်သူများ အဆင်ပြေနေမည်။ လယ်ယာကိုင်းကျွန်းနှင့် ဥယျာဉ်ခြံမြေ လုပ်ကိုင်သူများ မှန်းချက်နှင့် နှမ်းထွက်မကိုက် ဖြစ်နေတတ်၏။ စားသောက်ကုန်ဆိုင်ရာ လုပ်ငန်းရှင်များ၊ ဝန်ထမ်းများ ဆိုပါက လဆန်းပိုင်းတွင် ရက်တိ သင်တန်းတစ်ခုခု တက်ရောက်သင်ယူရတတ်၏။ စာ အနုပညာရှင်များ လက်ုန်ခါနီး အကြီးအကျယ် အောင်မြင်မ ရလိမ့်မည်။ (၅၊ ၆)နှင့် (၁၅၊ ၁၆)ရက်များကိုဆောင် (၁၂၊ ၁၃၊ ၁၄)ရက်များကို ရှောင်ပါလေ။

ယတြာ

အစိမ်းရောင်စက္ကူ (သို့မဟုတ်) အဝတ်စပေါ်တွင် အနီ (သို့မဟုတ်) အနက်ရောင် တစ်ခုခုဖြင့် အရေးင် စာလုံးခပ်ကြီးကြီးရေးပြီး ဘုရားကျောင်းဆောင်ပေါ်မှာ တင် ထားလိုက်ပါ။

မေထုန်လင် (Gemini)

တစ်ပတ်လောက်အထိ စိတ်အနှောင့် အယှက် ဖြစ်နေရတတ်ပြီး နောက် အဆင်ပြေသွားမည်။ နေအိမ်ပြဿ ဖြစ်ပါက ပါးစပ်ကို မထိန်းလျှင် ဆုံးနှ နစ်နာသွားတတ်၍ အပြောအဆို ဆင်ခြင်ပါ။ ဘာသာစာ ဖြင့် အသက်မွေးသူများ၊ ဓမ္မကထိကများ ခွဲ၊ လုံလ အကြံ ကို မြိုးမြိုးမြှက်မြှက် ခံစားရလိမ့်မည်။ အိမ်ထောင်ပြု ရည်ရွယ်သူများ အိမ်ထောင်ပြုဖြစ်သွားတတ်၏။ ဝန်ထ များဆိုပါက အကြီးအကဲ၏ ငြိုငြင်ဒဏ် ခံရတတ်၏။ သို့ သော် ခဏပါ၊ ပြန်လည်အဆင်ပြေသွားမည်။ လယ်ယာ စိုက်ပျိုးရေး ဝန်ထမ်းများ၊ လက်နက်ကိုင်တပ်ဖွဲ့များ အထူး သတိထားပါ။ အဆင့်လျော့ချခြင်း ခံရတတ်ပါသည်။ စာ ပေနှင့် စာနယ်ဇင်းသမားများ ပွဲပြိုးလည်း မီးမသေ ပြဿနာပွေနေတတ်၏။ ပဲတောင်သူများအားလုံး ပြုံးပျော် ရမည့် ကာလပါ။ ဘာသာရေးဝန်ထမ်းများ ပရမ်းပတ ပြောခြင်း ရှောင်ပါ။ အမှောင်ကာလသားများ စီးပွားဖြ သော်လည်း ကျိုးလန့်စာ စားနေရမည်။ ရွှေကုန်သည်များနှ ရေထွက်ပစ္စည်း ရောင်းဝယ်သူများ ရင်းနှီးနှင်သ အမြတ်အစွန်း များများရမည်။ တတိယပတ် နောက်ပိုင် တွင် ဖခင်၊ ဖခင်နှင့်တူသူ၊ အကြီးအကဲထံမှ လက်ဆော် တစ်ခု ရလိမ့်မည်။ (၁၂၊ ၁၃၊ ၁၄)နှင့် (၂၅၊ ၂၆)ရက်များ ကို ဆောင်ပါ။

ယတြာ

မိတ်ဆွေဟောင်းတစ်ဦးအား နွေလယ်စာ ကျေးဇူး မွေးနေ့တစ်နေ့တွင် ထိထိုးပါ။ ကံကောင်းပါသည်မဲ့မည်။

www.burmeseclassic.com

www.burmeseclassic.com

ကရကဋ်လဂ် (Cancer)

ပညာသင် ကျောင်းသားလူငယ်များ လုံ့လ၊ ဝီရိယ လျော့ရဲနေတတ်၏။ စိတ်ဓာတ်ကျစရာ ကြုံလာတတ်၏။ အရိုးကြေကြေ အရေခန်းခန်း မဆုတ်တမ်း ကြိုးစားတဲ့ စာပေပညာရှင်များ၊ ကုန်သည်ပွဲစားများ အခက်အခဲကြားက အောင်မြင်မှုရရှိသွားမည်။ ဂုဏ်သိက္ခာဖြင့် ရင်းနှီးလုပ်ကိုင်ရသူများ ကူးဖြေရရနှင့် ဝင်ငွေကောင်းနေပြီး ရှိဆောင်းမိရှိနေမည့် ကာလပါ။ ဘဝသမားလို့ ကိုယ့်ကိုယ် ကိုယ် ထင်မှတ်ထားသူများကတော့ လကုန်ခါနီးမှာ အလုသမား ဖြစ်သွားပေမည်။ အလုပ်တစ်ဖက်နှင့် ပညာသင်သူများ ကြိုးသူရော ယေသူပါ ထက်အောက်ပူတဲ့ အပူသောကများ ရင်ဆိုင်ရတတ်၏။ အနိုင်ရလိုစိတ်ဖြင့် အပြိုင်ကြသူများ ဝမ်းနည်းစရာ ကြုံတွေ့ရတတ်၍ အနိုင်အတွက် အပြိုင်မပြုပါနှင့်။ တစ်ခုခုကို ဦးတည်ပြီး ပုံမှန်သာလျှောက်လှမ်းပါ။ မကြာမီပင် အောင်ပွဲဆင်လိမ့်မည်။ ဆေးကုမ္ပဏီများ၊ ဆေးဝန်ထမ်းများ၊ စက်ပစ္စည်းရောင်းဝယ်သူများ လုပ်ငန်းအောင်မြင်ပြီး လုပ်ငန်းခွင် တိုးချဲ့ရတတ်၏။ သောကြာနံ သင့်ပစ္စည်း ရောင်းဝယ်သူများနှင့် သရုပ်ဆောင်များ အိမ်မှာ ထိုင်နေရင်း ဝင်ငွေရနေမည်။ (၁၀၊ ၁၁)နှင့် (၁၉၊ ၂၀)ရက်များကို ရည်မှန်းချက်အတွက် အသုံးချပါ။

ယတြာ

တဇုံကရာမြတ်စွာဘုရားအား ရည်မှန်း၍ ရေချမ်း (၃)ခွက် ကပ်လှူပြီး အည့်အဆိုးများ ပျောက်ကင်းစေရန် ဆုတောင်းပါ။ အေးမြတဲ့ဘဝကို ပိုင်ဆိုင်ရလိမ့်မည်။

သိဟ်လဂ် (Leo)

တစ်ယောက်တည်း အေးအေးနေလိုစိတ်ကို ဖယ်ရှားပြီး အများနှင့် သဟဇာတဖြစ်အောင် နေထိုင်ကျင့်သုံးပါ။ မပြုံးနိုင်တော့လောက်အောင် စိုးရိမ်နေရတဲ့ အပူတစ်ခုတစ်ခုကို လွယ်ကူစွာ ဖြေရှင်းနိုင်လိမ့်မည်။ အလုပ်ကြောင့် စုဝေးများလာသလို စုဝေးကြောင့်လည်း ခွဲပိုကောင်းတတ်၏။ ပရိဘောဂလုပ်ငန်းရှင်များ၊ မိန်းမအလှကုန်ဆုတ်လုပ်ဖြန့်ချိသူများ မှန်းသရွေ့ပေါက် လှမ်းသရွေ့ ရောက်နေမည်။ နေအိမ်အကြောင်း တွေးမိတိုင်း အပူလိုင်းသနေရတတ်ပါသည်။ မည်သူမဆို အတိတ်ဟောင်းအား မတွေးဘဲ ပစ္စုပ္ပန်ကိုပဲ အလှဆင်ဖို့ ကြိုးစားပါ။ ကျွဲ၊နွားနှင့်ဖက်၍ လုပ်ကိုင်စားသောက်သူများ ကျွဲ၊နွားကြောင့် စိတ်ပျက်နေရတတ်ပါသည်။ နေ့စား လရှင်း အလုပ်သမားများ မဟုတ်မမှန် လုပ်ကြံခံရပြီး အဖမ်းအဆီး၊ အချုပ်အနှောင် ခံရတတ်၏။ ထို့ကြောင့် မိတ်ဟောင်းဆွေဟောင်းများ လာရောက်ပါက စကားဟောင်းကို ပြန်မပြောမိပါစေနှင့်။ အချစ်ရေး ဖန်တီးသူများ လကုန်ခါနီးမှ ပြေလည်သွားတတ်၏။ အိမ်ထောင်ရှင်များကတော့ သာယာမြဲ သာယာနေမှာ။ မည်သူမဆို မည်သည့်အလုပ်ပဲလုပ်လုပ် အဟုတ်တကယ် အောင်မြင်စေရန် (၁၅၊ ၁၆)နှင့် (၁၉၊ ၂၀)ရက်များကို ရှောင်ပါလေ။

ယတြာ

ဝိပဿီမြတ်စွာဘုရားအား ရည်ရွယ်၍ ဒံပေါက်ဆွမ်း ကပ်လှူပါ။ မလွယ်ကူနိုင်သူများ သက်ကြီးရွယ်အို အတွား တစ်ဦးအား ထမင်းတစ်ထည် လှူလိုက်ပါ။

ကန်လဂ် (Virgo)

မူးဝေသွားရုံတင်မက ရူးပင် ရူးသွားနိုင်လောက်တဲ့ ပြဿနာများတွေ ထပ်ထပ်ပွားလာနေ၍ ကျန်းမာရေးပါ ချွတ်ခြုံကျနေတတ်၏။ တစ်ခုကို ပြီးပြတ်အောင် ရှင်းထုတ်လိုက်ပါ။ မဟုတ်လျှင် နောက်ဆုံးပတ်အတွင်းမှာ ပြဿနာကြီးထွား၍ ရှိစုမဲ့စုများ ကုန်သွားရလိမ့်မည်။ အဖေလိုပါပဲလို့ တင်စားပြောတတ်တဲ့ အဘအရွယ်များ ပိုသတိထားပါ။ အိမ်ထောင်ရှင်များ အိမ်ထောင်ဖက်နှင့် နောက်ဆုံးစကား ဆိုရတတ်တဲ့လပါ။ အကယ်၍ အိမ်ထောင်ဖက်ဆေးရုံ၊ ဆေးခန်း ရောက်နေပါက ပေါက်စီ(၃)လုံး ဘုရားကပ်ပြီး ဆုတောင်းပေးပါ။ ကျန်းမာလာပေလိမ့်မည်။ အိမ်၊ခြံ၊မြေ ရောင်းဝယ်လိုသူများ ဒီလအတွင်း အရောင်းအဝယ် မဖြစ်နိုင်ပါ။ သရုပ်ဆောင်၊ တေးဂီတ၊ အဆိုတော် စတဲ့ အနုပညာရှင်များ စန်းထနေမည်။ ဂီတစာဆိုနှင့် ရှေ့နေများကတော့ လကုန်လုလုမှ အလုပ်ဖြစ်လာမည်။ မူးယစ်ဆေးဝါးနှင့် အဆိပ်လက်နက် ရောင်းဝယ်သူများ ခေါင်းမီးတောက်နေမည်။ ဗေဒင်ဆရာများ ဝင်ငွေကောင်းနေတတ်၏။ သင်္ကန်းပရိက္ခရာ စတဲ့ ဘာသာရေးအသုံးအဆောင် ပစ္စည်း ရောင်းဝယ်သူများ အသစ်မစွဲဘဲ အဟောင်းပြန်ငှါးလာ၍ စိတ်ညစ်နေရတတ်၏။ ဗုဒ္ဓဟူးနံသင့်ပစ္စည်း ရောင်း

www.burmeseclassic.com

www.burmeseclassic.com

ဝယ်သူများမှလွဲလို့ အခြားပစ္စည်းများ ရောင်းဝယ်လျှင် အရင်းအနှီး မတိုးမြှင့်စေချင်ပါ။ ဘာပဲဖြစ်ဖြစ် လုပ်ငန်းသစ် စတင်တော့မည်ဆိုပါက (၅၊ ၆)နှင့် (၂၅၊ ၂၆)ရက်များကို ရွေးချယ်လုပ်ဆောင်ပါလေ။

ယတြာ

သတိမပေါ့ဆစေရန် ဘယ်သူမပြု မိမိမူဆိုတဲ့ စာတန်းလေးကို အသေအချာ ရေးသားပြီး လုပ်ငန်းခွင်တွင် မြင်သာသောနေရာ၌ ချိတ်ဆွဲထားပါ။ အမှားကင်းကာ ယတြာကျေသွားပေလိမ့်မည်။

တူလာ် (Libra)

မိုက်ခဲ့ဖူးတဲ့အမှားတစ်ခုကြောင့် နောင်တရနေတတ်၏။ မျှတသော စိတ်များ တဖြည်းဖြည်း ပျောက်ကွယ်၍ ဘယ်သူသေသေ ငတေမာ ပြီးရော ဆိုတဲ့ အတ္တစိတ် လွန်ကဲနေတတ်ပါသည်။ အကမတတ် ဗျာခေါင်းချဆိုသကဲ့သို့ မိမိမကောင်းခြင်းအတွက် ကံကြမ္မာကို အပြစ်ပုံချနေတတ်၏။ နိုင်ငံခြားခရီး စီစဉ်သူများ ထွက်ဖြစ်ဖို့ နည်းပါး၏။ ထွက်ဖြစ်ခဲ့ပါကလည်း (၂၃)ရက်အတွင်း အခက်အခဲများ ကြုံတွေ့ရတတ်၏။ တစ်ခန်းရပ်ပြဇာတ် တစ်ပုဒ်လို ဘဝက ပြတ်တောက်,ပြတ်တောက် ဖြစ်နေတတ်၏။ သို့သော် ကိုယ်ပိုင်စည်းကမ်း ကောင်းနေခဲ့ပါက ဖခင်အကူအညီရပြီး ဝီရိယစွမ်းအင် ထွက်လာနိုင်တဲ့ကာလပါ။ တိုက်ခိုက်ရတဲ့အလုပ်၊ သတ်ပုတ်ရတဲ့အလုပ်ကို ဝါသနာပါသူများ ထိခိုက်ဒဏ်ရာ ပြင်းထန်စွာရတတ်၏။ (၂၆)ရက်နေ့ကျော်မှ အခက်အခဲကို ကျော်လွှားနိုင်မည်။ အလုပ်အကိုင် ရှာဖွေနေသူများ အလုပ်ရမည်။ ကိုယ်ပိုင်အလုပ် လုပ်ပါက ကောင်းပြီး ဇွဲထက်သန်နေတတ်ပါသည်။ ချစ်ချင်သူများ ချစ်နှိုင်ရုံတင်မက ညားတောင် ညားသွားတတ်၏။ ညားပြီးသူများ အထူးသာယာနေမည်။ မည်သူမဆို ဝါသနာကို ခဏဖယ်ထားပြီး ပညာရေးကို အဓိကထားပေးပါက ထူးချွန်သွားနိုင်တဲ့ ကာလပါ။ ဘာပဲလုပ်လုပ် (၇၊ ၈၊ ၉)နှင့် (၂၁၊ ၂၂)ရက်များကို ဆောင်ပါ။

ယတြာ

မွေးနေ့တွင် ဘုရားသွားပြီး ရာဟုထောင့်ဂြိုဟ်တိုင် ဘုရားတွင် ဆီမီး(၉)တိုင် ထွန်းညှိပူဇော်ပါ။ အမှောင်ခွင်းအလင်းဆောင်နိုင်ပြီဟု ယုံကြည်စွာ အာရုံပြုလိုက်ပါ။ အရာရာ အဆင်ပြေသွားလိမ့်မည်။

ပြီလာ်လာ် (Scorpio)

ရည်မှန်းချက်အတွက် အနှောင့်အယှက်တွေ့နေမည်။ သို့သော် မတုံ့ပြန်ပါနှင့်၊ ကျော်လွှားနိုင်လိမ့်မည်။ တုံ့ပြန်မိပါက ခုခံလို့မရအောင် ဖိနှင်းထားခြင်း ခံရတတ်၏။ ပြင်းထန်တဲ့စိတ်များ လျှော့ချပြီး မူပြောင်းကာ လူကောင်းပုံစံ နေပါ။ အကြံအစည် အောင်မြင်သွားပါလိမ့်မည်။ သင့်ရဲ့အိမ်ထောင်ဖက် ကျန်းမာရေး ညံ့နေတတ်၏။ သို့သော် စိုးရိမ်စရာ မရှိပါ။ လက္ခဏာခါနီးရောက်တော့ အလိုလို ပျောက်သွားတာပဲလို့ ပြောနေလိမ့်မည်။ ပဲမျိုးစုံရောင်းဝယ်သူများ၊ ပဲဆီလုပ်ငန်းရှင်များ၊ ရောင်းဝယ်သူများ သိသိသာသာ ဝင်ငွေကောင်းနေတတ်၏။ မြေဆီမြေလွှာ၊ မြေဩဇာ ရောင်းဝယ်သူများ အရောင်းသွက်ပြီး လက်မလည်ဖြစ်နေမည်။ စိန်,ရွှေ,ငွေ ကျောက်မျက်ရတနာများ ရောင်းဝယ်ပါက (၂၄)ရက်ထိ အရောင်းသွက်ပြီး ယင်းနောက်ပိုင်း အရောင်းထိုင်းသွားမည်။ အရင်းအနှီး လျှော့လိုက်ပါ။ ဘာပဲလုပ်လုပ် ဘယ်လောက်ပဲ အောင်မြင်,အောင်မြင် စိတ်ထဲတွင် အပူသောက ရှိနေတတ်တဲ့ ကာလပါ။ ထို့ကြောင့် သောကကို ခဏတာ ဖယ်ရှားထားပါလို့ အကြံပေးချင်ပါသည်။ အိမ်,ခြံ,မြေ ပွဲစားများ အထူးဝင်ငွေကောင်းနေလိမ့်မည်။ မိသားစုထဲက ကြီးကဲသူတွေအကြောင့် စဉ်းစားတိုင်သင့် ခေါင်းကိုက်နေရလိမ့်မည်။ အလှအပခြယ်သမွမ်းမံတဲ့ ပစ္စည်း ရောင်းဝယ်သူများ အခြေအနေမကောင်းနိုင်ပါ။ (၁၀၊ ၁၁)နှင့် (၁၉၊ ၂၀)ရက်များကို မင်္ဂလာအခါကောင်းနေ့ရက်များဟု မှတ်ပါ့လေ။

ယတြာ

ဆွမ်းခံကိုယ်တော်အား နန်းကြီးသုပ် ကပ်လှူခြင်း နဝကမ္မဝတ္ထုငွေ (၂၇၀၀)ကျပ်တိတိ လှူဒါန်းလိုက်ပါ။ ဘိုးအင်ဆန္ဒ ပြည့်ဝသွားလိမ့်မည်။

ဓနုလာ် (Sagittarius)

မထင်မှတ်ဘဲ ဂုဏ်သိက္ခာကျဆုံးရတတ်၏။ စည်းစိမ်ဥစ္စာလည်း ယခင်ထက် လျော့နည်းသွားတတ်၏။ အခေ(သို့မဟုတ်) အကြီးအကဲနှင့် မတော်သင်

www.burmeseclassic.com

www.burmeseclassic.com

ပြီး နောင်တ,ရနေတတ်ပါသည်။ ခရီးဝေးသွားလိုစိတ် ပေါက်နေတတ်၏။ မသွားပါနှင့်။ သွားလျှင် ဒုးခေါင်းတွင် အားရာရတတ်ပါသည်။ ဘာသာရေးစာပေ ထုတ်ဝေဖြန့်ချိ သူများ၊ ကိုယ်စားလှယ်များ၊ ဘာသာရေးစာရေးဆရာများ၊ ဘာသာရေးဟောပြောမှုကထိကများ တစ်ပတ်အတွင်းမှာ စိတ်ပျက် စရာများ ကြုံတွေ့ရပြီး တစ်ပတ်ကျော်လျှင် ပျော်ရွှင် စရာများ ဆက်တိုက်လိုလို တွေ့ရလိမ့်မည်။ ဆေးဝါး၊ ဓာတု အဆန့် ပတ်သက်တဲ့ ပညာသင်၊ ပညာရှင်၊ ကုန်သည် များ၊ ရောင်းဝယ်ဖောက်ကားသူများအားလုံး အလုပ်ကြောင့် အာဝင်ငွေကြောင့်ပါ ပြိုးနိုင်တဲ့ ကာလပါ။ ကုသရေးကိုင် ဘဲ ဆရာဝန်များ ဆေးမှား၍ ပြဿနာတက်တတ်၏။ လူ ခွဲလူခင် ပေါများပြီး စန်းပွင့်လွန်းနေမည်။ ဂုဏ်သိက္ခာ ရှိတဲ့ အသိုင်းအဝိုင်းထဲက စိတ်တိုင်းကျတဲ့ ချစ်သူရည်းစား ရွေးရတတ်၏။ ကိုယ်တိုင်ကလည်း အကြင်နာသံယောဇဉ် ရှိနေမည်။ အိမ်ထောင်ပြုဖို့ ကြိုးစားနေပါက ပထမပတ်မှာ ပြုဖြစ်လိမ့်မည်မဟုတ်။ (၈)ရက်နေ့နောက်ပိုင်းမှ အဆင် ပြေပြေဖြစ်မည်။ (၁၂၊ ၁၃၊ ၁၄)နှင့် (၃၀၊ ၃၁)ရက်များ မှာ သင့်အတွက်တော့ ဒီလထဲမှာ ရက်ရာဇာပါ။

ဆဋ္ဌာ

မွေးနေ့တွင် အိမ်ရှိဘုရားအား ပူးရည်ဆမ်းတဲ့ ပေါင်း နှံ့ဆွမ်း ကပ်လှူပြီး လိုရာဆုကို တောင်းပါလေ။ အညံ့ ကောင်းစင်ပြီး ကောင်းကျိုးထင်ရှားလိမ့်မည်။

မကာရလဂ် (Capricon)

ဆုံးရှုံးသွားတယ်လို့ ပြောနေသော်လည်း လက်ထဲ ငွေတင်ကျန်ခဲ့မည်။ ကံကောင်းနေပါတယ်။ လူမကောင်းလို့ ဆုံးရှုံးနစ်နာ ရပ်တန့်သွားရတာပါ။ စကားတပြော ပြောနှင့် ပျော်ပျော်ရွှင်ရွှင် လုပ်ကိုင်လေ့ရှိသူများဆိုလျှင် သူများထက်ပို၍ ဝင်ငွေဖြောင့်နေမည်။ နိုင်ငံရပ်ခြား သွား ရောက်လုပ်ကိုင်နေပါက ရည်ရွယ်တိုင်း ပေါက်မြောက်နိုင် ၏။ ဆုံးရှုံးရတော့မည်လို့ စိတ်ထင်ထားတဲ့ လယ်ယာ ဥယျာဉ်ခြံမြေ ပြန်ရလာတတ်၏။ နေအိမ်အတွက် ပူပင် သောက ဖြစ်နေသူများ အဆင်တပြေဖြစ်သွားမည်။ သံ၊ သွပ် စတဲ့ ဓာတုမာပစ္စည်း ရောင်းဝယ်သူများ အရောင်း သွက်သော်လည်း လက်ထဲ ငွေမရောက် ဖြစ်နေတတ်၏။ အိမ်ရှိ ဘုရားကို အမွေးနံ့သာ ပက်ဖျန်းပူဇော်လိုက်ပါ။ လကုန်ခါနီး တရဟောဝင်လာလိမ့်မည်။ အလှပြင်သင်တန်း ပြတဲ့ ဆရာ,ဆရာမများ တပည့်ကောင်းရပြီး ကျေနပ်ရ လိမ့်မည်။ သယ်ယူပို့ဆောင်ရေး လုပ်ငန်းရှင်များ ပုံမှန် အဆင်ပြေနေမည်။ ကုမ္ပဏီအစုစပ်လုပ်ငန်းရှင်များ ဟန် လုပ်နေရတတ်၏။ လက်လုပ်လက်စား၊ အခြေခံလူတန်းစား များ လုပ်အားခကောင်းသော်လည်း စကားဖြင့် ထုထောင်း ခံရလွန်း၍ စိတ်နာနေမည်။ သည်းခံလိုက်ပါ။ မကြာမီ စိတ်တိုင်းကျ ဖြစ်သွားပေလိမ့်မည်။ (၅၊ ၆)နှင့် (၂၁၊ ၂၂)ရက်များကို ဆောင်ပါ။

ယတြာ

အဓိပ္ပာယ်ကို သိသိ,မသိသိ ပါဠိအတိုင်းသာ ရာဟု စန္ဒံ ပမုံစသုံဟု မနက်တိုင်း (၉)ခေါက်ရွတ်ပါလေ။ အမှောင်ဆိုတဲ့ အမှားများ သင့်စိတ်ထဲက ထွက်သွားပေလိမ့် မည်။

ကုမ်ဘလ် (Aquarius)

အလုပ်အကိုင်တစ်ခုအတွက် စိတ်ညစ် နေရတတ်၏။ အိမ်ထောင်ဖက်နှင့်ပတ် သက်ပြီး စိတ်ပျက်နေရတတ်၏။ နှစ် ပတ်လောက်ကို သည်းခံနေလိုက်ပါ။ တောက်လျှောက်အဆင်ပြေသွားပါလိမ့်မည်။ သားရေးသမီး ရေး၊ ငွေကြေးအတွက် အလုပ်ကြိုးစားချင်သော်လည်း ကိုယ် နှင့်စိတ် မကပ်ဖြစ်နေတတ်၏။ အိမ်ဆိုင်ဖွင့်ပြီး ဈေးရောင်း သူများ အတိုက်အခံကြားက အောင်မြင်နေမည်။ ယခုလ တွင် ကုမ်လဂ်သမားများအနေဖြင့် မည်သည့်အလုပ်မဆို တစ်ယောက်တည်း လုပ်ခြင်းထက် သူများနှင့် ပေါင်းလုပ် ခြင်းက ပိုအကျိုးပေးပါသည်။ နိုင်ငံရေး၊ ဘာသာရေး စည်းရုံးသူများ အကျိုးထူးခံစားရလိမ့်မည်။ ဆုတံဆိပ်များ လည်း ရရှိတတ်၏။ အထည်အလိပ် တင်သွင်းသူများ၊ လှီ,လက်ကား ရောင်းဝယ်သူများ ဆိုပါက အစိမ်း ရောင်၊ အနက်ရောင်၊ အဖြူရောင်များ ဦးစားပေး ရောင်း ဝယ်ပါ။ သိသိသာသာ မြတ်စွန်းပါလိမ့်မည်။ ညီအစ်ကို မောင်နှမ၊ ဆွေမျိုးသားချင်းများနှင့် စကားများရတတ်၏။ စကားများခဲ့လျှင် ဆီးနှင့်ပတ်သက်တဲ့ ဝေဒနာတစ်မျိုးမျိုး ခံစားရတတ်၍ မဖြစ်အောင် သည်းခံပါလေ။ (၁၇၊ ၁၈) နှင့် (၃၀၊ ၃၁)ရက်များကို နေ့ကောင်းရက်မြတ်ဟု သတ် မှတ်ပြီး အသုံးချပါ။

www.burmeseclassic.com

www.burmeseclassic.com

ယတြာ

ဝက်အူချောင်းကြော်ပြီး သံဃာတန်းကို ဆွမ်းလောင်းပါ။ မလွယ်ကူနိုင်သူများ ရေအိုးလှူ (သို့မဟုတ်) ရေအိုးတွင် ရေဖြည့်ခြင်း ဝေယျာဝစ္စကုသိုလ်ပြုပါ။

မိန်လင် (Pisces)

ပြေမလိုလိုနှင့် မပြေနိုင်သေးတဲ့ ကာလ၊ အလိုလိုနေရင်း ဂုဏ်သိက္ခာ ကျဆင်းရတတ်၏။ ရည်ရွယ်ထားတဲ့အလုပ်တော့ လုပ်ဖြစ်သွားမည်။ အလုပ်က်ကောင်း၏။ ဝင်ငွေက် သိပ်မကောင်းလှပါ။ အိမ်ထောင်ရေးနှင့် ပတ်သက်ပြီး စကားစစ်ပွဲ ဆင်နွှဲရတတ်၏။ အချစ်ရေးကတော့ အမှားအယွင်း မကင်းနိုင်တဲ့ ကာလပါပဲ။ ရာထူးစာမေးပွဲ ဖြေဆိုရသူများ မုချအောင်မြင်မည်။ ပူပေါင်းလုပ်ဆောင်ရမည့် အလုပ်ဟူသမျှ အတတ်နိုင်ဆုံး သတိထားပါ။ မထားနိုင်က အမှားအယွင်း ပြဿနာကြီး ဖြစ်တတ်၏။ သင့်ဖွဲ့,လုံ့လများ ထူးထူးခြားခြား ကျဆင်းနေမည်။ စာပေရပ်ဝန်းမှ လုပ်ငန်းရှင်များ လက္ခန်ခါနီး ကပ်လျက် စီးပွားဖြစ်ထွန်းသွားမည်။ သရုပ်ဆောင်များ အဆင်မပြေသော်လည်း အဆိုတော်များ ရွှေဖြစ်တဲ့ကာလဟု ဆိုရပေမည်။ ကြက်သွန်နီစိုက်ပျိုးတဲ့ တောင်သူများ၊ ရောင်းဝယ်သူများ အကျိုးအမြတ် ရလိမ့်မည်။ ကြံတောင်သူများ၊ ကြက်,ဝက်မွေးမြူရေး လုပ်ကိုင်သူများ စီးပွားလာဘ်လာဘ ကောင်းမည်။ စာပေတွေးခေါ်ပညာရှင်များ၊ ဗေဒင်ဆရာ၊ စာဟောဆရာ၊ တရားဟောဆရာများ အကြီးအကဲတို့ရဲ့ ငြိုငြင်ခြင်း ခံရတတ်ပါသည်။ ကလောင်ထိန်းပြီး နှုတ်ဆောင့်စည်းမှတော်ကာကျမည်။ မည်သူမဆို လက်ဖက်ရည်၊ ကော်ဖီသောက် လျှော့ပါ။ မလျှော့လျှင် ဆီးကျွက်ပြီး ဝမ်းမမှန်ဖြစ်လာကာ ကျန်းမာရေး ထိခိုက်လာနိုင်ပါသည်။ (၁၉၊ ၂၀) နှင့် (၂၇၊ ၂၈)ရက်များကို လက်ကိုင်ပြုပါလေ။

ယတြာ

သမ္မုဒ္ဓေဂါထာကို မွေးနေ့တိုင်း သက်စေ့ရွတ်ပါ။ ထူးခြားတဲ့ အတွေးသစ်များ ရလာပြီး အောင်မြင်သွားလိမ့်မည်။

ရွှင်လန်းချမ်းမြေ့ကြပါစေ

ဆရာကြီး ဘူး(ဝေဒသုတောသီ)

ဝ၉ ၄၀ ၁၅၃ ၄၄ ၉၉

ဆရာကြီးဦးဇေားထွန်း

[အကြောပြင်ပညာရှင်]

အကြောပြင်ပည်ာဆိုတာ ဝေဒနာခံစားနေရတဲ့ အကြောကို အားသုံးဖိနှိပ်ပြီး နာကျင်တဲ့ဝေဒနာအဖြစ် အာရုံပြောင်းကုသရတဲ့ပညာ မဟုတ်သလို မလိုအပ်ဘဲ ဆေးပူတွေလိမ်း၊ ပတ်တီးစည်းပြီး လူနာရဲ့စိတ်ကို လှည့်စားရတဲ့ ပညာလည်း မဟုတ်ပါဘူး။ ဝေဒနာရှင်ရဲ့ ခံစားရတဲ့ အကြောလေးတွေကို မနာကျင်စေဘဲ အချိန်တိုမိနစ်ပိုင်းအတွင်း သက်သာအောင် ပြုပြင်ပေးတဲ့ပညာ ဖြစ်ပါတယ်။

ကျွန်တော် ဒီနည်းတွေကို အသုံးချပြီး-

- ခါးနာ၊ ဒူးနာ၊ ကျီးပေါင်းတက်၊ လက်ကိုက်၊ လက်ကပ်နဲ့ ထုံနာကျင်နာတွေကို (၁၅)မိနစ်အတွင်း၊
- အခြားအကြောရောဂါတွေကို မိနစ်ပိုင်းအတွင်း၊
- လေဖြတ်စ (၂၄ နာရီအတွင်း) လူနာတွေကို တစ်ပတ်အတွင်းကောင်းအောင် ကူညီနေပါတယ်။
- လေဖြတ်ခံရပြီး ပုံမှန်ခြေ,လက် မလှုပ်ရှားနိုင်သူများအား အမြန်ဆုံးကောင်းမွန်အောင် ပြုပြင်ပေးသည်၊
- ဝေဒနာကို ပျောက်ကင်းနိုင်ခြင်းရှိ/မရှိ၊ ပျောက်ကင်းမည့်အချိန်ကိုပါ တစ်ပါတည်း ခန့်မှန်းပေးပါမည်၊

တွေ့ချိန် - နေ့စဉ် (၉)နာရီ မှ ညနေ(၅)နာရီအတွင်း

အမှတ်(၅၇)၊ (၄)လမ်း၊ မာလာမြိုင်ရပ်၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

(ပါရမီလမ်းမကြီးနှင့် ကျောချင်းကပ်လမ်း) ဖုန်း - ၀၉ ၇၃ ၂၄၂၄၄ ၊ ၀၉ ၂၅၀ ၁၉၄၇၅၈

www.burmeseclassic.com

www.burmeseclassic.com

ဆရာရန်အောင်ဟိန်း(B.Sc)

[၂၀၁၅]ခုနှစ်၊ ဒီဇင်ဘာလအတွင်း

ရန်ကုန်ဒဂုံကုန်းယိုယိုမြို့ လက်နှင့်မှုန်ကျဆိုးမှုဒဏ်ခံရသောအိမ်

(၂၀၁၅)ခုနှစ်၊ ဒီဇင်ဘာလအတွင်း ဓနသိဒ္ဓိနက္ခတ်၏ နယ်ပယ်ပေါ် လင်္ဂနှင့် မွန်းတည့်မျဉ်း ဖြတ်ကျော်မည့် အချိန်ယောားကို အထူးတွက်ချက် ဖော်ပြပေးထားပါသည်။

ယင်းအချိန်ပိုင်းများတွင် လာဘ,ဓနဆိုင်ရာ ဂါထာ,မန္တန်များ ရွတ်ပွားပူဇော်ခြင်း၊ လာဘ,ဓနဆိုင်ရာ ယတြာအစီအရင်များ ဆောင်ရွက်ခြင်းဖြင့် အကျိုးထူးများ ခံစားရပါလိမ့်မည်။

အထူးမှာ (၁၆-၁၂-၂၀၁၅) နံနက်(၂း၀၂း၄၁)နာရီမှ (၁၇-၁၂-၂၀၁၅) နံနက်(၁း၂၀း၄၂)နာရီ အတွင်း၌ စန်း (ခေါ်) တနလ်ာဂြိုဟ်သည် ကောစသွားခြင်းဖြင့် ဓနသိဒ္ဓိနက္ခတ်၏ နယ်ပယ်ပေါ်သို့ ဖြတ်ကျော်စီးနင်းနေပါလိမ့်မည်။

သို့ဖြစ်ပါ၍ လင်္ဂဖြတ်ကျော်ခြင်းအတွက် (၁၆-၁၂-၂၀၁၅) နံနက်(၁၀း၀၅း၄၆)နာရီမှ (၁၀း၅၁း၄၈) နာရီအတွင်းနှင့် မွန်းတည့်မျဉ်းဖြတ်ကျော်ခြင်းအတွက် (၁၆-၁၂-၂၀၁၅) ညနေ(၃း၄၅း၂၇)နာရီမှ (၄း၃၇း၀၅)နာရီအတွင်းတို့တွင် လာဘ,ဓနဆိုင်ရာများကို အထူးစီမံ ဆောင်ရွက်ကြခြင်းဖြင့် အကျိုးထူးများ ဓကန်မုချ ခံစားရပါလိမ့်မည်။

ဆရာရန်အောင်ဟိန်း(B.Sc)

www.burmeseclassic.com

www.burmeseclassic.com

(၂၀၁၅)ခုနှစ်၊ ဒီဇင်ဘာလအတွင်း

ဧရိယာနှစ်ခုတွင်နေထိုင်ပြီး ဆက်သွယ်ရေးပြဿနာရှိသော အိမ်ထောင်စုများ

ရုက်	စဝင်ချိန်	ထွက်ခွာချိန်
၁	၁၁း၁၄း၁၅	၁၁း၁၅း၀၆
၂	၁၁း၀၀း၁၉	၁၁း၄၆း၁၀
၃	၁၁း၂၆း၁၃	၁၁း၄၆း၁၃
၄	၁၁း၃၀း၀၅	၁၁း၃၁း၁၀
၅	၁၁း၃၂း၁၆	၁၁း၃၆း၀၆
၆	၁၁း၃၆း၀၅	၁၁း၃၆း၁၀
၇	၁၁း၃၆း၁၀	၁၁း၄၀း၀၃
၈	၁၁း၃၆း၁၆	၁၁း၄၀း၀၆
၉	၁၁း၄၀း၀၆	၁၁း၄၀း၁၆
၁၀	၁၁း၄၀း၁၆	၁၁း၄၁း၀၆
၁၁	၁၁း၄၁း၀၆	၁၁း၄၁း၁၆
၁၂	၁၁း၄၁း၁၆	၁၁း၄၂း၀၆
၁၃	၁၁း၄၂း၀၆	၁၁း၄၂း၁၆
၁၄	၁၁း၄၂း၁၆	၁၁း၄၃း၀၆
၁၅	၁၁း၄၃း၀၆	၁၁း၄၃း၁၆
၁၆	၁၁း၄၃း၁၆	၁၁း၄၄း၀၆
၁၇	၁၁း၄၄း၀၆	၁၁း၄၄း၁၆
၁၈	၁၁း၄၄း၁၆	၁၁း၄၅း၀၆
၁၉	၁၁း၄၅း၀၆	၁၁း၄၅း၁၆
၂၀	၁၁း၄၅း၁၆	၁၁း၄၆း၀၆
၂၁	၁၁း၄၆း၀၆	၁၁း၄၆း၁၆
၂၂	၁၁း၄၆း၁၆	၁၁း၄၇း၀၆
၂၃	၁၁း၄၇း၀၆	၁၁း၄၇း၁၆
၂၄	၁၁း၄၇း၁၆	၁၁း၄၈း၀၆
၂၅	၁၁း၄၈း၀၆	၁၁း၄၈း၁၆
၂၆	၁၁း၄၈း၁၆	၁၁း၄၉း၀၆
၂၇	၁၁း၄၉း၀၆	၁၁း၄၉း၁၆
၂၈	၁၁း၄၉း၁၆	၁၁း၅၀း၀၆
၂၉	၁၁း၅၀း၀၆	၁၁း၅၀း၁၆
၃၀	၁၁း၅၀း၁၆	၁၁း၅၁း၀၆

(၂၀၁၅)ခုနှစ်၊ ဒီဇင်ဘာလအတွင်း

နေထိုင်ရန်ဧရိယာနှစ်ခုသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသော အိမ်ထောင်စုများ

ရုက်	စဝင်ချိန်	ထွက်ခွာချိန်
၁	၁၁း၄၆း၁၅	၁၁း၅၀း၁၃
၂	၁၁း၃၆း၁၆	၁၁း၄၁း၀၃
၃	၁၁း၃၂း၁၆	၁၁း၄၂း၀၆
၄	၁၁း၂၆း၁၆	၁၁း၃၀း၀၆
၅	၁၁း၂၀း၁၆	၁၁း၂၆း၀၆
၆	၁၁း၁၆း၁၆	၁၁း၂၀း၀၆
၇	၁၁း၁၄း၁၆	၁၁း၁၆း၀၆
၈	၁၁း၁၀း၁၆	၁၁း၁၄း၀၆
၉	၁၁း၀၆း၁၆	၁၁း၁၀း၀၆
၁၀	၁၁း၀၂း၁၆	၁၁း၀၆း၀၆
၁၁	၁၀း၅၈း၁၆	၁၁း၀၂း၀၆
၁၂	၁၀း၅၄း၁၆	၁၀း၅၈း၀၆
၁၃	၁၀း၅၀း၁၆	၁၀း၅၄း၀၆
၁၄	၁၀း၄၆း၁၆	၁၀း၅၀း၀၆
၁၅	၁၀း၄၂း၁၆	၁၀း၄၆း၀၆
၁၆	၁၀း၃၈း၁၆	၁၀း၄၂း၀၆
၁၇	၁၀း၃၄း၁၆	၁၀း၃၈း၀၆
၁၈	၁၀း၃၀း၁၆	၁၀း၃၄း၀၆
၁၉	၁၀း၂၆း၁၆	၁၀း၃၀း၀၆
၂၀	၁၀း၂၂း၁၆	၁၀း၂၆း၀၆
၂၁	၁၀း၁၈း၁၆	၁၀း၂၂း၀၆
၂၂	၁၀း၁၄း၁၆	၁၀း၁၈း၀၆
၂၃	၁၀း၁၀း၁၆	၁၀း၁၄း၀၆
၂၄	၁၀း၀၆း၁၆	၁၀း၁၀း၀၆
၂၅	၁၀း၀၂း၁၆	၁၀း၀၆း၀၆
၂၆	၀၉း၅၈း၁၆	၁၀း၀၂း၀၆
၂၇	၀၉း၅၄း၁၆	၀၉း၅၈း၀၆
၂၈	၀၉း၅၀း၁၆	၀၉း၅၄း၀၆
၂၉	၀၉း၄၆း၁၆	၀၉း၅၀း၀၆
၃၀	၀၉း၄၂း၁၆	၀၉း၄၆း၀၆
၃၁	၀၉း၃၈း၁၆	၀၉း၄၂း၀၆

www.burmeseclassic.com

www.burmeseclassic.com

ဆရာရန်အောင်ဟိန်း(B.Sc)

ကမ္ဘာကျော် မျက်လှည့်ပညာရှင် ဒေးဗစ်ကော့ပါးဖီး နှင့် ဂေါ. ပီ စနစ်

မျက်လှည့်ပညာ၊ အထူးသဖြင့် စင်ပေါ်တွင် ဖျော်ဖြေတင်ဆက်သော မျက်လှည့်ပညာသည် ရုပ်နယ်လွန် (ဝါ) လောကီဂမ္ဘီရပညာ (ခေါ်) မော်ပညာနှင့် ကွဲပြားပြီး ကြည့်ရှုနေကြသူများ၏ မျက်စိအမြင်အာရုံကို လှည့်စားသိမြင်စေခြင်း သဘောကို ဆောင်ပါသည်။ မျက်လှည့်ပညာကျော်များ၏ အချို့သော အာရုံလှည့်စား ပြကွက်များသည် လုံးဝမဖြစ်နိုင်ဟု ထင်ရသော တွေ့မြင်ရချက်များဖြစ်၍ လူအများက မော်ပညာဟုပင် ထင်မှတ်ရသည်ထိ ဖြစ်ခဲ့ရပေသည်။ မျက်လှည့်ပညာနှင့်ပတ်သက်၍ ပြကွက်အချို့ကို ဗဟုသုတအလို့ငှာ ဖော်ပြပေးပါမည်။

ထုတ်ပြခြင်း

ယင်းမှာ ဘာမှမရှိသော သေတ္တာလွတ် (ဝါ) ဦးထုပ်စသည်ကို အများမြင်အောင်ပြပြီး ယင်းထဲမှ ယုန် (သို့မဟုတ်) ကြက် စသည်ကို ထုတ်ပြခြင်း၊ လေထဲ လက်ရမ်း၍ ဖဲချပ်လေးများ ဆွဲယူပြခြင်း..စသည်ဖြင့် ဖြစ်သည်။

ဖျောက်ပြခြင်း

မြင်တွေ့အောင် ပြထားသော ပစ္စည်းများ (ဥပမာ-ဒင်္ဂါးပြား၊ လှောင်အိမ်ထဲရှိခို၊ ဗီရိုတွင်း (ဝါ) သေတ္တာတွင်းမှလူ..စသည်ဖြင့်)ဖြစ်သည်။

ကမ္ဘာကျော် ဒေးဗစ်ကော်ပါးဖီးက အိန္ဒိယရှိ ကမ္ဘာကျော် တာ့ချ်မဟာအဆောက်အအုံကြီးကိုပင် လူအများမြင်ကွင်းမှ ခေတ္တဖျောက်ပြခဲ့သည်။

အသွင်ပြောင်းပြခြင်း

ပစ္စည်းတစ်ခုမှ အခြားပစ္စည်းတစ်ခုအဖြစ် ပြောင်းလဲတွေ့မြင်စေခြင်း ဖြစ်သည်။ လက်ကိုင်ပဝါကို အရောင်ပြောင်းပြခြင်း၊ အမျိုးသမီးကို လှောင်အိမ်တွင်းထည့်ပြကာ အဝတ် စသည်ဖြင့် ခေတ္တအုပ်၍ ပြန်လှန်လိုက်စဉ် ကျားတစ်ကောင်ဖြစ်သွားခြင်းမျိုး ဖြစ်သည်။

ဖျက်ဆီးပြခြင်း၊ ပြန်ကောင်းစေခြင်း

ပစ္စည်းတစ်ခုကို အများအမြင်တွင် ပျက်စီးအောင် ပြုလုပ်ပြီး အကောင်းအတိုင်း ပြန်ယူပြခြင်းမျိုး ဖြစ်သည်။ ဥပမာ-ပရိသတ်ထဲမှ လက်ပတ်နာရီကို တောင်းယူ၍ တူဖြင့် ထုချေပြကာ အကောင်းအတိုင်း ပြန်ဖြစ်စေခြင်းမျိုး ဖြစ်သည်။

နေရာပြောင်းစေခြင်း

လူတစ်ဦးထံမှ လက်စွပ်ကို တောင်းယူကာ လေထဲလွှင့်ပစ်လိုက်ပြီး အဝတ်ဘောလုံးထဲမှ ပြန်ထုတ်ယူပြခြင်းမျိုး ဖြစ်သည်။ မတူသောပစ္စည်း နှစ်ခုကို အရောင်မတူသော ခွက်နှစ်ခုဖြင့် အုပ်ထားပြပြီး ခွက်များကို လှန်လိုက်က နေရာပြောင်း၍ မြင်တွေ့ရစေခြင်းမျိုး ဖြစ်သည်။

လွှတ်မြောက်ခြင်းပြကွက်

မျက်လှည့်ဆရာအား ကြိုးတုပ်၊ သံကြိုးများဖြင့် ချည်နှောင်၍ သော့ခတ်ထားကာ သေတ္တာထဲထည့်၊ သေတ္တာတံခါးကို အပြင်မှ သော့ခတ်ထားလိုက်သည်။ ကာလတစ်ခုအကြာတွင် သေတ္တာကို ဖွင့်ပြပါက မျက်လှည့်ဆရာ မရှိတော့ဘဲ လူအုပ်နောက်မှ လမ်းလျှောက်ဝင်လာခြင်းမျိုး ပြကွက်ဖြစ်သည်။

လေထဲ ပျံဝဲပြခြင်း

မျက်လှည့်ဆရာက ကမ္ဘာမြေဆွဲအားကို ဆန့်ကျင်ကာ လေထဲ ကြွတက်ကာ နေရာရွေ့လျား လှုပ်ရှားပြခြင်းမျိုး ဖြစ်သည်။

ထွင်းဖောက်ဝင်ရောက်ပြခြင်း

တရုတ်ပြည် မဟာတံတိုင်းကြီးအတွင်းသို့ ဒေးဗစ်ကော့ပါးဖီး ဝင်ရောက်ပြသော ပြကွက်မျိုး ဖြစ်သည်။ မာကျောသော သံမဏိတံခါး၊ သစ်သားတံခါးများကို ဖြတ်၍ ဝင်ပြခြင်းမျိုး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်လှည့်ပညာ ပြကွက်များကား ဆုံး၍ မကုန်နိုင်အောင် ရှိပေသည်။ သို့ရာ မျက်လှည့်ပညာရှင်အဖြစ် ဇာတာဖွင့် မည်သို့သုံးသပ်ဝေဖန်ရမည်ဟူသော နက္ခတ်ဗေဒင်စည်းမျဉ်းဥပဒေသများကို ကော်ပီ စနစ်အရ ဖော်ပြပေးသွားပါမည်။

(၂)တန့်၊ (၃)တန့်၊ (၅)တန့်၊ (၆)တန့်၊ (၉)တန့်၊ (၁၀)တန့်၊ (၁၁)တန့်၊ (၁၂)တန့် ဘာဝများ၊ နက်ပက္ခန်းဂြိုဟ်နှင့် ဗုဒ္ဓဂြိုဟ်တို့ဖြင့် မျက်လှည့်ဆရာ၏ ဇာတာအား ဝေဖန်သုံးသပ်ပြရပါမည်။

မျက်လှည့်မျော်ဖြေရေး စွမ်းရည်ကို (၂)တန့်နှင့် (၃)တန့် ဘာဝများပေါ် အခြေခံ၍ အဓိကသုံးသပ်ရမည်။ (၂)တန့်(စကားပြောစွမ်းရည်)၊ (၃)တန့်(လက်၏ လှုပ်ရှားမှုနှင့် ကိုယ်ဟန်အမူအရာစွမ်းရည်) ဖြစ်သည်။

မျက်လှည့်ဆရာသည် လူစိတ်ဝင်စား နစ်မြောနေအောင် စကားပြောကောင်းရမည့်အပြင် ကိုယ်,လက် လှုပ် ရှားရွေ့လျားမှု အမူအရာသွင်ပြင်ကောင်းရမည်။ ထို့ပြင် သူစိမ်းများနှင့် တွေ့ဆုံရခြင်း (၉-တန့်)၊ ပတ်ဝန်းကျင်အသစ်နှင့် ဆက်ဆံရခြင်း (၁၂-တန့်)၊ ဘာဝနေမှုအတွက် ဝင်ငွေရှာရခြင်း (၂၊ ၆၊ ၁၀-တန့် ဘာဝများ)၊ အောင်မြင်ကျော်ကြားပြီး စိတ်ကျေနပ်ဖွယ် ခံစားရခြင်း (၁၁-တန့်)တို့ ပူးတွဲပါဝင်ရပေမည်။



ယင်းဥပဒေသအတွက် ကမ္ဘာကျော် မျက်လှည့်ပညာရှင် တစ်ဦးဖြစ်သော ဒေးဗစ်ကော့ပါးဖီး၏ ဇာတာဖြင့် ဝေဖန်သုံးသပ်ပြပါမည်။

ဒေးဗစ်ကော့ပါးဖီးကို (၁၇-၉-၁၉၅၆) နံနက်(၇း၂၀) နာရီတွင် အမေရိကန်ပြည်ထောင်စု၊ နယူးဂျာစီပြည်နယ်၊ မီတူချန်မြို့၌ မွေးဖွားခဲ့သည်။

ဥပဒေသ(၁)

(၂)တန့် (သို့မဟုတ်) (၃)တန့်ဘာဝ သန္ဓိဘုတ္တိနက္ခတ် သခင်ဂြိုဟ်သည် (၂၊ ၆၊ ၁၀၊ ၁၁)တန့် ဘာဝများအတွက် အကျိုးဆောင်ပြီး (၃၊ ၉၊ ၁၂)တန့် ဘာဝများနှင့် ပတ်သက်မှု ရှိရမည်။ သို့မှသာ အောင်မြင်သော မျက်လှည့်ပညာရှင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မည်။

ယင်းဥပဒေသအရ ဒေးဗစ်ကော့ပါးဖီး၏ ဇာတာတွင် (၂)တန်ဘာဝ သန္ဓိဘုတ္တိနက္ခတ်သခင်ဂြိုဟ် ဗကြာဖြစ်သည်။ (၃၊ ၁၁၊ ၅၊ ၆၊ ၂၊ ၉)တန် ဘာဝများအတွက် အကျိုးဆောင်သည်။ ဗကြာဂြိုဟ်သည် စနေပိုင်နက္ခတ် (၃၊ ၇၊ ၆)နှင့် ၅တေးပိုင် ဘုတ္တိနက္ခတ် (၁၁၊ ၁၂၊ ၂၊ ၉၊ ၄၊ ၇)တန်ကို စီးထား၏။ (၃)တန်ဘာဝ သန္ဓိဘုတ္တိနက္ခတ်သခင်ဂြိုဟ်မှာ စနေဖြစ်ပြီး မိမိပိုင် နက္ခတ်ကိုပင် စီးထား၍ (၃၊ ၅၊ ၆)တန် ဘာဝများအတွက် အကျိုးဆောင်၏။

သို့ဖြစ်၍ ဥပဒေသ(၁)နှင့် ကိုက်ညီ၏။

ဥပဒေသ(၂)

(၅)တန်ဘာဝ သန္ဓိဘုတ္တိနက္ခတ်သခင်ဂြိုဟ် (မှာ လှည့်ပြခြင်း)သည် (၂)တန်(စကား၊ ဝင်ငွေ)၊ (၃)တန်

ဇာတာ(၂)

ပန်းဂျီလက်(Penn Jilette) (၅-၃-၁၉၅၅) ညနေ (၅း၁၃)နာရီ၊ အမေရိကန်ပြည်ထောင်စု၊ မက်ဆာချူးဆက်ပြည်နယ်၊ ဂရင်းဖီးလ်မြို့။

www.burmeseclassic.com

www.burmeseclassic.com



ကျော်ကားမှုဟန်ပန်)၊ (၅)တန့်(ဖျော်ဖြေမှု)၊ (၆)တန့်(အခြား သူ ဆီးနှုံးး၍ မျက်လှည့်ဆရာနိုင်ခြင်း၊ မျက်လှည့်ကြည့်သူ များ မျက်လှည့်ဆရာအား ငွေပေးရ)၊ (၁၀)တန့်(အလုပ်၊ အကျိုးကြားထင်ရှားခြင်း) ဘာဝများအတွက် အကျိုးဆောင်ရမည်။

ယင်းဥပဒေသအရ-

ဒေးဗစ်ကော့ပါးဖီး၏ ဇာတာတွင် (၅)တန့်ဘာဝ သန္ဓေဘဝတွင်နက္ခတ်သခင်ကြိုဟ်သည် ရာဟုဖြစ်သည်။ (၃၊ ၅၊ ၆)တန့် ဘာဝများအတွက် အကျိုးဆောင်၏။ ရာဟုသည် အုပ်ပိုင် (၃၊ ၅၊ ၆) နက္ခတ်နှင့် ဖြကြာပိုင် (၃၊ ၁၁၊ ၅၊ ၇၊ ၂၊ ၉) ဘုတ္တိနက္ခတ်တို့ကို စီးထား၏။

ထို့ကြောင့် ဥပဒေသ(၂)နှင့် ကိုက်ညီ၏။

ဥပဒေသ(၃)

နက်ပက္ခန်းကြိုဟ် [အမြင်လွဲမှားစေခြင်း(illonsion)] သည် (၂၊ ၃၊ ၆၊ ၁၀)တန့် ဘာဝများအတွက် အကျိုးဆောင်ရမည်။

ယင်းဥပဒေသအရ-

ဒေးဗစ်ကော့ပါးဖီး၏ ဇာတာတွင် နက်ပက္ခန်းကြိုဟ်သည် အင်္ဂါပိုင်နက္ခတ် (၆၊ ၃)နှင့် ၂လ်ာပိုင် ဘုတ္တိနက္ခတ် (၅၊ ၁၁)တို့ပေါ် စီးထားသည်။

ထို့ကြောင့် ယင်းဥပဒေသ(၃)နှင့် ကိုက်ညီ၏။

ဥပဒေသ(၄)

ဌဟ်းကြိုဟ် (စကား၊ ဟန်အမူအရာ၊ ရယ်ရွှင်စေမှု၊ ဟာသဉာဏ်ရှင်မှု)သည် (၂၊ ၃၊ ၆၊ ၁၀) တန့် ဘာဝများအတွက် အကျိုးဆောင်ရမည်။

ယင်းဥပဒေသအရ-

ဒေးဗစ်ကော့ပါးဖီး၏ ဇာတာတွင် ဌဟ်းကြိုဟ်သည် (၅၊ ၁၊ ၁၀၊ ၁၁)တန့် ဘာဝများအတွက် အကျိုးဆောင်နေ၏။ (၅)တန့်သခင် (၁၁)တန့်ရပ် ၂လ်ာကြိုဟ်ပိုင်နက္ခတ်နှင့် (၁၊ ၁၀)တန့်သခင်အဖြစ် (၁)တန့်ရပ် ဌဟ်းပိုင် ဘုတ္တိနက္ခတ်ကို စီးထား၏။

ထို့ကြောင့် ဥပဒေသ(၄)နှင့် ကိုက်ညီ၏။

ဇာတာ(၃)

ဂီးလ်ဘတ် ဒူးကွီးနောက်(Gilbert Duquenoix) (၆-၅-၁၉၄၂) မွန်းလွဲ(၁း၄၀)နာရီ၊ ပတ်ဒီကလိစ်မြို့၊ ပြင်သစ်။

www.burmeseclassic.com





ဥပဒေသ(၅)

(၈)တန်ဘာဝသန္ဓိ (လျှို့ဝှက်ချက်နှင့် ဖုံးကွယ်မှု) ဘုတ္တိနက္ခတ်သခင်ကြီးဟာသည် (၂၊ ၃၊ ၅၊ ၁၀)တန် ဘာဝများအတွက် အကျိုးဆောင်ရမည်။

ယင်းဥပဒေသအရ-

ဒေးဗစ်ကော့ပါးဖီး၏ ဇာတာတွင် (၈)တန်ဘာဝ သန္ဓိ ဘုတ္တိနက္ခတ်သခင်ကြီးဟာ ၂လံးဖြစ်၍ (၆၊ ၅၊ ၃၊ ၈၊ ၁၁)

ဇာတာ(၄)

အော်ဆန်ဘင်းန်(Orson Bean) (၂၂-၇-၁၉၂၈)

နံနက်(၈း၀၀)နာရီ၊ အမေရိကန်ပြည်ထောင်စု၊ ဗာဂျင်းနီးယား၊ ဘာလင်တန်မြို့။

တန် ဘာဝများအတွက် အကျိုးဆောင်၏။ ၂လံးကြီးဟာသည် (၃၊ ၈)တန်သခင်အဖြစ် (၆)တန်၌ရပ်သော အင်္ဂါပိုင်နက္ခတ်နှင့် (၁၊ ၁၀)တန်သခင်အဖြစ် (၁)တန်၌ ရပ်သော ဂျူပီတာပိုင် ဘုတ္တိနက္ခတ်ကို စီးထား၏။

ထို့ကြောင့် ဥပဒေသ(၅)နှင့် ကိုက်ညီ၏။

ထို့ကြောင့် ဒေးဗစ်ကော့ပါးဖီး၏ ဇာတာသည် မျက်လှည့်ပညာရှင်အဖြစ် ဖော်ညွှန်းပြသော ဥပဒေသ(၅)ချက်လုံးနှင့် ကိုက်ညီ၍ ကမ္ဘာကျော် မျက်လှည့်ပညာရှင် ဖြစ်ရပေသည်။

ဆန်းစစ်ဝေဖန်နိုင်ရန် အခြားကမ္ဘာကျော် မျက်လှည့်ပညာရှင် (၃)ဦး၏ ဇာတာများကိုပါ ဖော်ပြလိုက်သည်။

ဆရာရန်အောင်ဟိန်း(B.Sc)

ကျမ်းကိုး ✷ K.P Ezine, 2015 August.

www.burmeseclassic.com

www.burmeseclassic.com

မြန်မာပြည် ဆရာ ဦးမင်းသန်းထိုက်

ဘဆ ၃၃၅၈ **အနာပေါက် အထူးကုသမားတော်** အသင်းဝင်ကတ် ၂၅၇

ခန္ဓာကိုယ် အတွင်း,အပြင် အကျိတ်မျိုးစုံ၊ မှိုန့်၊ ကင်ဆာ၊ အမြစ်ပွားနာ ရောဂါအမျိုးမျိုးကို မခွဲမစိတ်၊ မဖြတ်မလှီး၊ စုတ်အပ်မထိုး၊ ဆေးရည်အမျိုးမျိုး ထိုးမသွင်း၊ အနာလုပ်မကု၊ ဆွမကု၊ အမြစ်သတ်၊ ဆေးအုံ၊ ဆေးအုပ်ထားရုံဖြင့် အမြစ်အားလုံး သေကျေပြီး အမြစ် မကျန်ရအောင် ကုသပေးနေတယ်။ အမြစ်တွေ အစုစုအပြုပြု ထွက်လာအောင် ဆေးက ဆွဲစုပ်ပေးနိုင်တဲ့ ဆေးစွမ်းကောင်း ကိုယ့်ပြည်တွင်းမှာ ရှိနေတယ်။ ဂရင်ဂျိန်နာ၊ လိပ်ခေါင်း အတွင်း,အပြင် မခွဲမဖြတ်၊ မပူမစပ်၊ ရက်ပိုင်းအတွင်း သက်သာရမယ်။ ခရုသင်း၊ သမင်ဖြူ (၁၂)မျိုး၊ ကိုယ်အရေပြား၊ ဆင်နှင်းခွ၊ ဝဲနှင်းခွ (အစို၊ အခြောက်) မည်သည့်ရောဂါမျိုးကိုမဆို ဆေးမမှားစေရ၊ ကုထုံးမမှားစေရ၊ အနာနဲ့ဆေး တည့်အောင်ပေး ပျောက်ရေး မခက်ပါ၊ အနာနဲ့ဆေး ကိုက်အောင်ပေး သောက်ရေး မခက်ပါ။

မကုသခင် လာရောက်ဆွေးနွေးပါ။

အမှတ်-၄၄၄၊ ရွှေဘုံသာ(အထက်လမ်း)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၂၅၂ ၀၆၇ ၇၃၀၊ ၀၉ ၃၁ ၀၇ ၃၆ ၁၉

မြန်မာ့နည်းပညာ၊ ကမ္ဘာ့နည်းပညာဖြင့် ဟောပြောနေပါပြီ

ဆရာမဒေါ်ဝေဝေမင်း

ချစ်သူ၊ မုန်းသူ၊ အိမ်ထောင်ဖက်၊ စီးပွားဖက်၊ ရန်ဘက်တို့၏ နာမည်၊ ရုပ်ဆင်းသဏ္ဌာန်တို့ကို ဒေဝစက္ခူ၊ မနောစက္ခုဖြင့် လက်တွေ့ပုံဖော် ဟောပြောပေးနေပါပြီ။

ထီက၊ ငွေကြေးက၊ အလွန်ကိစ္စ

အလုံးစုံကို တိကျပြတ်သားစွာ အမည်နှင့်တကွ ဟောပြောနေပါပြီ။ ယခုပင် ကြွခဲ့ပါ။ လာရကျိုး နပ်စေရမည်။

ထီက၊ အထူးဟောနေပြီ

သင့်မှာ ထီပေါက်ကိန်းရှိပါက မုချလက်ငင်း ထီပေါက်မည်။

တစ်ဘာဝစာဟောစာတမ်း

အမည်၊ မွေးနေ့သက္ကရာဇ် အတိအကျ၊ မွေးရပ်၊ မွေးချိန်နှင့် နေရပ်လိပ်စာတို့ကို ဖော်ပြပြီး ငွေ(၂၅၀၀)ကျပ် (နှစ်ထောင်ငါးရာကျပ်)ကို စာတိုက်မှ (M.O) ဖြင့် ပေးပို့ပါက တစ်ဘာဝစာဟောစာတမ်းကို စာတိုက်မှ မှတ်ပုံတင်စာဖြင့် အမြန်ဆုံးပြန်လည်ပေးပို့ပေးပါမည်။

(မှတ်ချက်-စာအိတ်အတွင်း ငွေထည့်ပို့ခြင်း လုံးဝတာဝန်မယူပါ။ မပို့ပါနှင့်)

ဆရာမဒေါ်ဝေဝေမင်း

ဆိုင်အမှတ်-၂၉၊ ကမ္ဘာအေးဘုရားစောင်းတန်း၊ ရန်ကုန်မြို့။

နံနက်(၁၀း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (ပိတ်ရက်-လပြည့်/လကွယ်)

www.burmeseclassic.com

www.burmeseclassic.com

ဂန္ဓိရုပရိသတ်ဓမေ့၌

ဆရာရန်အောင်ဟိန်း ပြေသည်

ဂန္ဓိရုပဂုဇင်း (ပေဒင် အမေး-အဖြေ ကဏ္ဍ)

ဂန္ဓိရုပဂုဇင်း၏ ပေဒင် အမေး-အဖြေကဏ္ဍတွင် မေးမြန်းလိုပါက မေးလိုသောအချက်ကို အတိအကျ(လိုတိုရှင်း) ရေးသား၍ အောက်ဖော်ပြပါလိပ်စာအတိုင်း လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ပေးပို့ရန် လိပ်စာ

အမှတ်-၁၀၂(က)(မြေညီထပ်)၊ ၃၃-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

- မေးသူ၏အမည် _____
- မွေးနေ့ (နှစ်၊ လ၊ ရက်) _____
- မွေးဖွားရာ မြို့/ရွာ _____
- အချိန်နာရီ (နေ့/ည) _____

မေးခွန်းများ

(၁) _____

(၂) _____

(၃) _____

www.burmeseclassic.com

www.burmeseclassic.com

ဝန်ရဝရိဘတ် ၆၀ဝ ကြီး

အကုန်ဖောင်တိန်း ဖြေသည်

ဒေါ်သန်းသန်းဝင်း

(၁၇-၄-၁၉၅၉၊ ၁၅း၀၀ နာရီ၊ မိတ္ထီလာမြို့)



၁။ *ဘဝတွင် အိမ်၊ ခြံ၊ ကားနှင့် နေရမည်လား။*

သိပ်လက် (၄)တန့်သခင် အင်္ဂါကြိုဟ် (၁၁)တန့်ဘာဝတွင် ရပ်တည်ပြီး (၄)တန့်တွင် ၅တေးကြိုဟ် ရပ်တည်ကာ (၁၀)တန့်ရှိ ဖကြောကြိုဟ်နှင့် အပြန်အလှန်မြင်နေ၍ ဘဝတွင် အိမ်၊ ယာဉ်ကားနှင့် နေရပါမည်။ အချိန်ကာလကား (၁၅-၆-၂၀၁၈)နောက်ပိုင်း စားဝင်မည့် ရာဟုထူလဒသာတွင် ဖြစ်ပါလိမ့်မည်။

၂။ *ထီပေါက်ကံ ရှိ/မရှိ၊ အချိန်ကာလ။*

(၃)တန့်သခင် ဖကြောကြိုဟ် (၁၁)တန့်ဘာဝတွင် ရပ်တည်ထားပြီး (၅၊ ၈)တန့်သခင် ကြာသပတေးကြိုဟ်နှင့် အပြန်အလှန် အမြင်ကြိုနေခြင်းကြောင့် ထီပေါက်ရန်ကံ အားနည်းပါသည်။

၃။ *သားသမီးအကျိုးပေး ကောင်း/မကောင်း။*

(၅)တန့်သခင် ၅တေး (၄)တန့်ဘာဝတွင် ရပ်တည်ပြီး (၅)တန့်ရပ် စနေကြိုဟ်ပိုင် နက္ခတ်အား စီးထားပါသည်။ ၅တေးသည် (၃၊ ၁၀)တန့်သခင်အဖြစ် (၁၀)တန့်၌ ရပ်တည်သော ဖကြောကြိုဟ်နှင့် အပြန်အလှန် အမြင်ကြိုနေပါသည်။ သားသမီးထဲတွင် အကျိုးပေးမည့်သူ ပါသလို စိတ်ဒုက္ခပေးမည့်သူလည်း ပါတတ်ပါသည်။

ပူးစုံ

(၃-၇-၁၉၉၅၊ ၁၁း၀၀ နာရီ၊ ပန်းတောင်းမြို့)

၁။ *မေတ္တာစစ် မေတ္တာမှန်ဖြင့် ချစ်ခြင်းကို ရမည်လား။*



(၅)တန့်သခင် စနေဖြစ်ပြီး (၇)တန့် ခန္ဓာသီတွင် ရပ်တည်ကာ (၃)တန့်မှ (၄၊ ၇)တန့်သခင် ၅တေးက စနေအား (၅)တန့်အထူးမြင် ကြိုနေ၏။ အချစ်စစ်နှင့် ကြိုတွေ့ကာ အိမ်ထောင်ပြုရပေမည်။

၂။ *ဖူးစာရှင်၏ ပုံသဏ္ဌာန်၊ အဆင့်အတန်း။*

(၇)တန့်သခင် ၅တေး ဗြိဿာရာသီတွင် ရပ်တည်ကာ (၇)တန့်ရပ် စနေကြိုဟ်နှင့် ဆက်သွယ်နေ၏။ မိမိထက် အသက်ကြီးမည်။ အသားလတ်မည်။ ကိုယ်ခန္ဓာ၊ အရပ်အမောင်း အလတ်စားရှိကာ မျက်နှာဝိုင်းသယောင်ရှိမည်။

၃။ *အိုဇာတာ ကောင်း/မကောင်း။*

(၂)တန့်သခင် (၁၀)တန့်ရပ်ခြင်း၊ (၁၂)တန့်သခင်

www.burmeseclassic.com

www.burmeseclassic.com



(၂)တန်သခင် စနေကြိုဟ် မိန်ရာသီ (၂)တန်ဘာဝတွင် ရပ်တည်၏။ (ဘာဝစက်၌ ၂-တန်ဆင်း) (၂)တန်ရပ် ၂လံာကြိုဟ်ကို (၈)တန်မှ ၅တေးကြိုဟ် အမြင်ကြိုနေ၏။ အလတ်စား ကြီးပွားမည်ကံမျိုး ရှိပါသည်။ ကိတ်ထူလ၊ စနေဘုတ္တိသာကာလ (၅-၁-၂၀၁၇)မှ (၁၄-၂-၂၀၁၈)အတွင်း ဒီးပွားရေးအထိုက်အလျောက်တက်ရန် ရှိပါသည်။

၁။ *အိမ်ထောင်ရေးကံ။*

(၇)တန်သခင် ၂လံာကြိုဟ် (၂)တန်ဘာဝတွင် ရပ်တည်သည်။ စနေကြိုဟ်လည်း (၂)တန်ဘာဝတွင် (၁၊ ၂)တန်သခင်အဖြစ် ဆင်း၍ ရပ်တည်နေသည်။ ယင်းကြိုဟ်တို့ ၅တေးကြိုဟ်နှင့် အပြန်အလှန် အမြင်ကြိုနေ၏။ အိမ်ထောင်ကံ ကောင်းပါသည်။ အိမ်ထောင်ကျ အနည်းငယ်နောက်ကျခဲ့တတ်သည်။

ကိုခင်ဇော်

(၃-၅-၁၉၆၆၊ ၇း၀၀ နာရီ၊ ရန်ကုန်မြို့)



၁။ *အိုဇာတာ ကောင်း/မကောင်း။*

လင်္ကသခင်ကြိုဟ် ဖကြာ (၁၁)တန်ဘာဝတွင် (၉၊ ၁၀)တန်သခင် စနေကြိုဟ်နှင့် ပူးယှဉ်ရပ်တည်၏။ (၂)တန်တွင် ၅တေး ပူးယှဉ်ရပ်တည်ကာ ဂဇကေသရီယုဂ် ရထားဘဝက် ကောင်းတတ်ပါသည်။ အသက်(၆၃)နှစ်ကျော် အပြီးတွင် (၆)တန်ဘာဝ (၇-တန်ရာသီ) ရပ်၍ (၂)တန်ရပ် ၅တေးပိုင် နက္ခတ်စီးသော ကိတ်ဒသာ စားမည်။ (၇၀)နှစ်ထိဖြစ်၏။ ယင်းကာလတွင် ငွေကြေးကံ တက်ပါမည်။ ထို့နောက် (၁၊ ၆)တန်သခင် (၁၁)တန်ရပ် ဖကြာထူလ (၉၀)နှစ်ထိ စားဝင်မည်။ အိုဇာတာ ကောင်းလှပါ၏။

၂။ *အဆင်ပြေမည့် အလုပ်အကိုင်၊ ရာနှင်မည့်နှစ်။*

ယခု (၁၂)တန်ဘာဝ (လင်္ကနှင့်ပူး)ရပ်၊ ငဟူးဒသာ စားဝင်နေ၏။ (၁-၁၂-၂၀၁၅)ထိ ငဟူးထူလ၊ ငဟူးဘုတ္တိဒသာ စားဝင်၏။ အဆင်မပြေနိုင်သေးပါ။ (၁-၁၂-၂၀၁၅)မှ (၂၈-၁၁-၂၀၁၆)အတွင်း ကိတ်ဘုတ္တိဒသာတွင် အလုပ်တစ်ခု ရပေမည်။

၃။ *အိမ်ထောင်ကံ။*

(၇)တန်တွင် ကိတ်ကြိုဟ်ရပ်တည်၍ (၇)တန်သခင် အင်္ဂါ လင်္ကတွင် ၁နွေ၊ ငဟူး၊ ရာဟုတို့နှင့် ပူးကာ ဘာဝ၌ (၁၂)တန်၌ ရပ်တည်နေ၏။ အိမ်ထောင်ကံ မကောင်းနိုင်ပါ။

မောင်ကြည်ငြိမ်း

(၂၉-၅-၁၉၉၄၊ ၁၁း၀၀ နာရီ၊ ရန်ကုန်မြို့)



၁။ *ပညာရေးနှင့် နိုင်ငံခြားသွားရမည်လား။*

(၄)တန်သခင်ကြိုဟ် ၅တေး (၄)တန်ဘာဝတွင် ရပ်တည်ကာ (၁၂)တန်ရပ် (၃၊ ၁၂)တန်သခင် ငဟူးကြိုဟ်နှင့် (၄၊ ၁၁)တန်သခင် ဖကြာကြိုဟ်တို့အား (၉)တန်အထူးမြင်ကြိုနေ၍ ပညာရေးဖြင့် နိုင်ငံခြားသွားရဖို့ ရှိပါသည်။ ၅တေးနှင့် ပူးယှဉ်ရပ်တည်နေသော ရာဟုထူလဒသာတွင်း (၇-၅-၂၀၁၇)မကျော်မီ သွားရကိန်းရှိနိုင်ပါသည်။

၂။ *ချမ်းသာမည့်ကံ ပါသလား၊ ကာလ။*

(၂)တန်သခင် ၁နွေကြိုဟ် (၁၁)တန်ဘာဝ၌ ရပ်တည်နေသည်။ သို့ဖြစ်၍ ချမ်းသာမည့်ကံ ပါသည်။ အသက်

www.burmeseclassic.com

www.burmeseclassic.com

(၃၈)နှစ်နောက်ပိုင်းမှစကာ ငွေကြေးပြည့်စုံကြွယ်ဝလာဖို့ ရှိသည်။

၃။ *အကျိုးပေးမည့် အလုပ်အကိုင်။*

(၁၀)တန်းသခင်ကြိုဟ် အင်္ဂါ (၁၀)တန်းတွင်ပင် ရပ်တည်ကာ (၄)တန်းရပ် ၅တေးကြိုဟ်နှင့် အပြန်အလှန် အမြင်ကြိုထားသည်။ စက်မှုလုပ်ငန်း၊ စက်ပစ္စည်း၊ ပညာရေးဆက်စပ်လုပ်ငန်း၊ ဘဏ္ဍာရေးဆက်စပ်လုပ်ငန်း၊ စားသောက်ကုန်၊ လျှပ်စစ်ပစ္စည်း လုပ်ငန်းများထဲမှ လုပ်ရတတ်သည်။

မန္တလေးအား

(၂၄-၆-၂၀၀၀၊ ၇း၀၀ နာရီ၊ ရန်ကုန်မြို့)



၁။ *ပညာရေး ဘွဲ့ရ/မရ။ အထစ်အငေါ့ ကြုံနေရပါသည်။ ပညာရေး ဆက်/မဆက်။*

(၄)တန်းသခင် ၄ဟူးကြိုဟ် လင်္ဂဘဝတွင် ရပ်တည်ကာ ၁နွေ၊ ၆ကြာ၊ ၃ဂျီ ကြိုဟ်များနှင့် ပူးယှဉ်ထား၏။ ပညာရေးတွင် ဘွဲ့ရသည်ထိ ပြီးတတ်သောက် ပါရှိသည်။ ကြိုးစားပါ။ (၂၀၁၇)ခုနှစ် မကျော်မီအတွင်း ပညာရေး ပြန်ဆက်ပါမည်။

၂။ *မိဘကျေးဇူး ဆပ်နိုင်မည်လား။*

(၄)တန်းသခင် ၄ဟူး လင်္ဂဘဝတွင် ရပ်တည်၍ (၉)တန်းသခင် စနေကြိုဟ် (၁၂)တန်းဘဝတွင် ရပ်တည်၏။ မိခင်အား ရေရှည်ကျေးဇူးဆပ်နိုင်ပါလိမ့်မည်။

၃။ *အိုဇာတာ ကောင်း/မကောင်း။*

အသက်(၅၀)နှစ်နောက်ပိုင်း (၂)တန်းရပ် ရာဟုပိုင် နက္ခတ်စီးထားသော ၆ကြာထူလဒသာသည် (၇၁)နှစ်ထိ စားဝင်ပေမည်။ အိုဇာတာ ကောင်းသည်ဟု ဆိုနိုင်ပါသည်။ (၂၀၄၄)ခုနှစ်နောက်ပိုင်း ကိတ်ထူလဒသာ စားဝင်သော ကာလတွင် ငွေကြေးကံ မြင့်လာပါလိမ့်မည်။

M.Z.Z.K

(၈-၁၀-၁၉၈၅၊ ၂း၀၀ နာရီ၊ ရန်ကုန်မြို့)



၁။ *စီးပွားရေးတိုးတက်ကိန်း ရှိ/မရှိ၊ ကာလ။*

(၂)တန်းသခင် ၁နွေကြိုဟ် (၃)တန်းဘာဝတွင် ရပ်တည်ပြီး (၁၀)တန်းသခင် အင်္ဂါကြိုဟ် (၂)တန်းဘာဝတွင် (၄)၊ ၁၁)တန်းသခင် ၆ကြာကြိုဟ်နှင့် ပူးယှဉ်နေ၏။ ဘဝတွင် စီးပွားဖြစ်ထွန်းကိန်း ရှိပါသည်။ ယခု (၄)တန်းရပ်၌ (၂)တန်းရပ် အင်္ဂါပိုင်နက္ခတ်အား စီးထားသော ၄ဟူးထူလဒသာ စားဝင်နေ၏။ (၂၁-၇-၂၀၁၇)မကျော်မီ (၄၊ ၁၁)တန်းသခင်အဖြစ် (၂)တန်း၌ အင်္ဂါကြိုဟ်နှင့် ပူးယှဉ်ရပ်တည်နေသော ၆ကြာဘုတ္တိဒသာ စားဝင်ပေရာ ယင်းကာလအတွင်း စီးပွားတက်ရုန် ရှိနေပါ၏။

၂။ *ကျန်းမာရေး သတိပြုရမည့်ကာလ။*

(၄)တန်းရပ် (၃၊ ၁၂)တန်းသခင် ၄ဟူးထူလ၊ (၂)တန်းရပ် (၄၊ ၁၁)တန်းသခင် ၆ကြာဘုတ္တိဒသာမှာ ကျန်းမာရေးအထူးအည့် မရှိပါချေ။ (၂၀၁၇)ခုနှစ်၊ ဇူလိုင်လထိ ပြဿနာအထူးမရှိပါ။

၃။ *အိမ်ထောင်က်၊ အဆင်ပြေနိုင်မည်လား။*

(၇)တန်းသခင် စနေကြိုဟ် (၅)တန်းရပ်၌ (၂)တန်း၌ ၃ဂျီ၊ ၆-ကြာကြိုဟ်တို့အား (၁၀)တန်းအထူးမြင် ကြိုနေ၏။ အိမ်ထောင်က် သင့်ပါသည်။ အဆင်ပြေပါမည်။

D.M.M.T

(၃၀-၆-၁၉၅၅၊ ၆း၀၅ နာရီ၊ ရန်ကုန်မြို့)

၁။ *ကျန်းမာရေးအည့်နှင့် ရှောင်ရန်၊ ဆောင်ရန်။*

(၁၂)တန်းဘာဝ (၁-တန်းနှင့်ပူး)ရပ်၊ ကိတ်ထူလဒသာ စားဝင်နေပြီး ကိတ်သည် (၆၊ ၁၁)တန်းသခင် အင်္ဂါကြိုဟ် (၃)တန်းသခင် ၁နွေကြိုဟ်တို့နှင့် ပူးယှဉ်နေ၏။ သာမာန်အည့်မျိုးသာဖြစ်သည်။ (၉-၅-၂၀၁၅)။ (၁၅-၄-၂၀၁၆)

www.burmeseclassic.com

www.burmeseclassic.com



(၇၊ ၁၀)တန်သခင် (၂)တန်ရပ် ၅တေးဘုတ္တိဒသာ ဖြစ်သည်။ အာရုံကြောရောဂါ၊ အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါ၊ အစာအိမ်၊ အသည်းဆိုင်ရာထဲမှ သတိပြုရမည်။ စနစ်တကျ ကုသမှုခံယူပါက သက်သာလွယ်ပါမည်။

လက်ရှိစီးပွားရေးအကျိုးပေး၊ ကာလ။

လက်ရှိစီးပွားရေး အရှိန်တန်နေ၏။ (၂၀၁၆)ခုနှစ် အကုန်တွင် စီးပွားရေး ပြန်အဆင်ပြေမည်။ (၂၀၁၆)ခုနှစ်၊ နောက်တင်ဘာလထိ စီးပွားရေးတွဲ့ဆိုင်းနေမည်။

လူလိမ်ခံရကိန်း ရှိ/မရှိ။

(၆)တန်ဘာဝတွင် ကောင်စနေဂြိုဟ် ရပ်တည်၍ (၃)တန်ဘာဝအား (၁၀)တန်အထူးမြင့် ကြုံပေရာ လူလိမ်ခံရကိန်းရှိ၍ ကြုံတွေ့ရပြီး ဖြစ်နေတတ်ပါသည်။ (၂၀၁၆) ခုနှစ်ကုန်ထိ ဆက်သတိထားပါရန် လိုအပ်ပါသည်။

ဆရာရန်အောင်ဟိန်း(B.Sc)

(ခရစ်ရှနားမူတီးပဒ္ဓတိ ရှေ့ဆောင်နက္ခတ်ပညာရှင်)

အမှတ်-၂၂၁/၂၂၃(ပ-ထပ်)၊ ၃၁-လမ်း(အထက်)၊

(စင်ထရယ်ဟိုစာယ်အနီး) ပန်းဘဲတန်းမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၉၅ ၄၂၀ ၃၉၄

ပေးချေပြည့်သည့် ပင်လယ်ကမ်းခြေမြေ

ကမ္ဘီရပရိသတ်ကြီးအနေဖြင့် မေးခွန်းများ မေးရာတွင် မွေးရပ်၊ မွေးရက်၊ လ၊ နှစ်၊ မွေးဒေသ၊ အချိန်နာရီတို့ တိကျရန်လိုပါသည်။ မွေးချိန်မတိကျက လဂ်မှမဟုတ်ဘဲ စန်း(၂လ်ာ)မှ ဖြေကြားရ၍ အဖြေများ မှန်ကန်တိကျမှု အားနည်းတတ်ပါသည်။ မွေးချိန်မသိက အမေးပုံစံကို ဖြည့်စွက်သော ရက်၊ လ၊ နှစ်၊ အချိန်၊ ဒေသတို့ကို ဖြည့်စွက်၍ ရောက်ဆဲအသက်ကိုပါ ရေးသားပေးပါ။ မွေးဒေသအတွက် ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီးတို့ကိုပါ ရေးသားပေးပါ။

နယ်လှည့်သာသနာပြု ဖိုးဓမ္မသိဒ္ဓိ၏တပည့်

ဆရာမပွင့်သစ္စာထင် (Eco.)

(မွေးရာပါ အာကြားအာမြင်)

သင့်ရဲ့က် အဆိုး/အကောင်း၊ အလှည့်အပြောင်း သိလိုလျှင်
ဆရာမပွင့်သစ္စာထင် ရှိတယ်။

ထီပေါက်ကိန်း၊ ရာထူးတိုးကိန်း၊ အိမ်ထောင်ရေးကံ၊ နိုင်ငံခြားခရီး၊
ကလေးအမည်ပေး၊ လုပ်ငန်းအမည်ပေး... စသည်တို့ကို မှန်ကန်တိကျစွာ
လမ်းညွှန်ပေးပါသည်။

လိုအပ်ပါက ယခြားကို အခမဲ့ဆောင်ရွက်ပေးပါသည်

အမှတ်(၃)ရပ်ကွက်၊ အရှေ့ဘိုကုန်း၊ ကာလောမြို့။ ၀၉ ၄၂၈ ၃၁၇ ၂၉၉

www.burmeseclassic.com

www.burmeseclassic.com

အိမ်ဝိုင်းထဲက မိသားစုတွေ ထွက်လာကြကာ တစ်ယောက်တစ်ထုပ် ရွက်ကြသည်။ အင်္ဂေတာထောင်းထောင်းထနေသော မုန့်ဖက်ထုပ်နဲ့က သင်းပျံ့နေသည်။

ထွေးရီက မုန့်ဖက်ထုပ်တွေကို ပန်းကန်ပြားထဲ ထည့်နေစဉ် ဒေါ်ကြီးမေက ပြုံးအေးအား-

"ဒါနဲ့ ညည်းလင် ဖိုးထောင်တစ်ယောက် ခုတလော ပျောက်ချက်သားကောင်းနေလိုက်တာ။ ဘယ်သွားနေလို့လဲ ပြုံးအေးရဲ့"

"လှည်းတိုက်သွားတယ် ကြီးမေရေ"

"ပြုံးအေးတို့များ လင်ကိုယ်မယား နှစ်ယောက်တည်း တောင် လောဘကြီးလိုက်တာ"

ထွေးရီက မဲ့ကာရွဲ့ကာ ဝင်ပြောလိုက်သဖြင့်-

"မကြီးလို့ ရမလားဟဲ့။ ငါက နင့်ဂုဏ် ငှက်ပျောတုံးဖက် အိပ်တဲ့ကောင်မမှ မဟုတ်တာ။ ဘေးတွဲတွေ၊ နောက်တွဲတွေ လာဦးမှာဟဲ့"

"အောင်မာ ကောင်မ..ကဲပါ၊ အပိုပေးဦး"

"မပေးလည်း အတင်းရွိုက်နေကျကများ။ နင့်ငှက်ပျောတုံးကြီးက မစားတတ်ဘဲနဲ့များ အပိုတောင်းနေရသေးတယ်"

"တယ်..ငါလုပ်လိုက်ရ။ ပြုံးအေး..မိန်းမ သေတော့မယ်"

ထွေးရီ၏ ခေါက်ရန်ရွယ်လိုက်သော လက်ကို ရှောင်ကာ တဟိဟိရယ်လိုက်သည်ကို ကြည့်ရင်း ဦးစံလွန်းနှင့် ဒေါ်ကြီးမေတို့ သဘောကျစွာ ရယ်မောလိုက်ကြလေသည်။

♦♦♦

အိမ်ပြန်ရောက်လို့ ဈေးတောင်းကို ချပြီးသည်နှင့် မနားရ။ အလုပ်တွေက ဆီးကြိုနေသည်။ ဖိုးထောင် လှည်းတိုက်က ပြန်လာလျှင် နွားတွေရေသောက်ဖို့ အဆင်သင့်ဖြစ်အောင် ရေစည်ထဲ ရေဖြည့်ထားရသည်။ ဖွဲနု၊ ဖွဲကြမ်းကိုပါ ထည့်ဖျော်ထားသည်။ မြေပဲဖတ်ကိုပါ စိမ်ထားရသည်။ ပြီးလျှင် ကောက်ရိုးပြောင်းဆွဲပြီး စားခွက်ထဲမှာ အသင့်ထည့်ထားရသည်။ နွားကိစ္စပြီးလျှင် ကောက်ညှင်းဆန်စိမ်ပြီး မုန့်ကြိတ်ရဦးမည်။ ထမင်းဟင်းလည်း ချက်ရဦးမည်။ ပြုံးအေးအတွက် အနားယူဖို့ အချိန်မရှိ။ အိမ်ပေါ်ရောက်သည်နှင့် ခေါင်းဖုအဝတ်နှင့် မျက်နှာမှန်ချွေးတို့ကိုသုတ်ပြီး ယနေ့မုန့်ရောင်းရငွေကို တွက်ချက်ပြီး မှတ်ရသေးသည်။ ယနေ့အမြတ်ငွေမှာ သုံးကျပ်ဖြစ်သည်။ ပြုံးအေးသည် စည်းစနစ်ရှိသူဖြစ်၍ နေ့စဉ် ဝင်ငွေ၊ထွက်ငွေ စာရင်းကို ဗလာစာအုပ်တစ်အုပ်တွင် ခဲတံနှင့် ရေးသားကာ မှတ်ထားလေ့ရှိလေသည်။

"တယ်..ဒီနွားတွေ ကိုယ့်အိမ်ကိုတောင် မမှတ်မိဘူးလား။ တောက်"

အိမ်မှာ ဖိုးထောင်၏ လှည်းရပ်သံကြားမှ ပြေးဆင်းသွားကာ နွားတွေကိုကူဖြုတ်ပြီး တင်းကုပ်ထဲ ဆွဲသွင်းကာ အစာကျွေးထားလိုက်သည်။

"ရှော့ဟေ့၊ ဒီနေ့ လှည်းတိုက်ခ"

ဖိုးထောင်ကမ်းပေးသောငွေကိုယူပြီး ရေတွက်လိုက်သည်။

"ဟင်..နင့်ဟာကလည်း တစ်နေ့လုံးမှ ရှစ်ကျပ်တည်းလား။ ဘယ်နှစ်ခေါက်စာလဲ"

"နှစ်ခေါက်လေ။ မနက်တစ်ခေါက်၊ ညနေတစ်ခေါက်ပေါ့"

"နှစ်ခေါက်ဆို တစ်ဆယ်ရရမှာလေ"

"ဟဲ့..ဟဲ့..ဟဲ့..ငါ နှစ်ကျပ်ယူထားပြီးပြီ"

"သေချင်းဆိုး သောက်..သောက်.. သေအောင် သောက်။ တစ်နေ့၊တစ်နေ့ နင့်အရည်ဖိုးက နည်းသလား။ ရှာတော့ တစ်နေ့နှစ်ခေါက်က ပိုမရှာဘူး။ ကုလားခပ်တဲ့ရေ ကုလားဖင်ဆေးတာနဲ့ ကုန်ပါရောလား"

"ငါက နွားတွေကို သနားလို့ ညှာခိုင်းနေရတာပါဟ"

"အောင်မယ်လေး..မသိရင်ခက်မယ်။ မနက်ဆိုလည်း နေမြင့်မှ လှည်းထွက်တယ်။ နေ့လယ် ပါးပြဲနားပြဲစားပြီး ကုလားသေ ကုလားမော အိပ်လိုက်သေးတယ်။ လှည်းတိုက်ရင်းနဲ့ တွေ့သမျှဆိုင် ဂိတ်ထိုးပြီး ငါးမူးဖိုး၊ တစ်မတ်ဖိုးနဲ့ ဝင်သောက်ရင်း လေပန်းနေလိုက်သေးတယ်။ နင်က နွားတွေကို ညှာတာမဟုတ်ဘူးဟဲ့။ နင့်ကိုယ်နင် ညှာနေတာသေနာရဲ့။ ငါ မပြောလိုက်ချင်ဘူး"

ပြုံးအေး၏စကားက ဖိုးထောင်၏ အညှာကို ထိသွားသဖြင့် ကျွဲမြီးတိုသွားသည်။

"ငါ့ကိုချည်း မပြောနဲ့။ နင်ကရော ငါရှာသမျှကို စုစုဆောင်းဆောင်းရှိရဲ့လား။ နင်သုံးချင်ရာ သုံးနေပြီးတော့။ ငါက နှစ်ကျပ်က ပိုမယူဘူး"

"အောင်မာ..လာလာချည်သေး။ ဒီမှာ ဟိတ်အကောင် ဖိုးထောင်၊ ငါ့ကို စာရင်းလာမစစ်နဲ့။ ရော့..ဆောရီးနော်။ ဒီမှာ၊ စာရင်းလုပ်ထားတယ်။ စစ်ကြည့်"

ဖိုးထောင်က ပြုံးအေးကမ်းပေးသော ဗလာစာအုပ်ကို

www.burmeseclassic.com

(ယခင်လမှအဆက်)

သည်လိုနှင့် နောက်တစ်နေ့မှာ ရွာသူမိန်းမကြီး တစ်ယောက်က အိပ်မက်မြင်မက်သလို ကိုယ်ထင်လာပြသလိုနှင့် မောင်ကျောက်လုံးကို သူတို့အိမ်ရှေ့မှာ မြင်လိုက်ရသည်ဟု ဆိုလာသည်။

မနေ့ ညကမှ မောင်ကျောက်လုံး ဆုံးပါးသွား၍ တုန်လှုပ်ချောက်ချားနေကြသော ရွာသူရွာသား ကလေးသူငယ်များမှာ ထိုမိန်းမကြီး စကားကြောင့် ပို၍ထိတ်လန့်တုန်လှုပ်ကြပြန်သည်။ ထိုမိန်းမကြီး စလိုက်သော ပြဿနာမှာ ထိုမျှနှင့် မရပ်သေး။ မောင်ကျောက်လုံး၏ရုပ်သွင်ကို ထိုမိန်းမကြီး မြင်လိုက်သည်ဆိုတော့မှ ဟိုလူကလည်း မြင်သည်၊ ဒီလူကလည်း မြင်သည်နှင့် ရွာမှာ အကျော်ဇောယျ ဖြစ်လာပြန်သည်။ ထို့နောက် အော့အန်ချင်သလို တွေ့လာသူ၊ ဝမ်းသွားချင်သလို တွေ့လာကြသူ ဆိုသည်တို့မှာလည်း အလျှိုလျှို ပေါ်လာကြပြန်၏။ ထိုရွာသူကြီးနှင့် အရပ်လူကြီးတို့မှာ ခေါင်းကြီးကုန်ကြပြန်သည်။

ထို့ကြောင့် သူကြီးဦးထွန်းပေါ်နှင့် ရပ်ရွာလူကြီးတွေမှာ ရွာထုံးစံအတိုင်း အန္တရာယ်ကင်းဘေးကင်း ရွာတော်ရှင်မနတ် တင်ရန်နှင့် မကောင်းဆိုးဝါးများ တောထုတ်ပွဲ လုပ်ရန် အစီအစဉ်တစ်ခုကို ရွာသူရွာသားများက စိတ်ကျေနပ်သွားကြလောက်အောင် ချက်ချင်းကမန်းကတန်း စီမံပြီး လုပ်ကြရပြန်လေသည်။

ဤတစ်ခါ ကျရောက်လာသော အရေးပေါ်အန္တရာယ်ကင်း ရွာတော်ရှင်မ တင်ပွဲပွဲတွင် ရွာဦးရွာဖျား ရွာတံခါးနှစ်ပေါက်ကို မည်သူတွေက စောင့်ရဲကြနည်းဟူသော သိလိုစိတ်သည်လည်း ရွာသူရွာသားတိုင်း၏ခေါင်းထဲ ရောက်လာပြန်၏။

အရပ်လူကြီးများကလည်း ရွာဦးရွာဖျားရှိ ရွာတံခါးနှစ်ပေါက်ကို စောင့်မည့်သူ၊ စောင့်ရဲသူ၊ စောင့်ဝံ့သူများကို တိုးတိုးတိတ်တိတ်လိုက်ကာ ကြိတ်၍မေးမြန်းစုံစမ်းကြရပြန်သည်။

အရေးပေါ် ရွာတော်ရှင်မ တင်ပွဲနှင့် မကောင်းဆိုးဝါး တောထုတ်ပွဲတွင် ရွာဦးရွာဖျား ရွာတံခါးကို စောင့်ဝံ့သူ စောင့်ရဲသူများမှာ သူတို့ရွာ၌ သူရဲကောင်းများပမာ ကျော်ကြားလာမည့်သူများပင်။ ထို့ကြောင့်လည်း အရေးပေါ် မကောင်းဆိုးဝါးများ တောထုတ်ပွဲတွင် ရွာဦးရွာဖျား ရွာတံခါးကို စောင့်ရသူများမှာ တစ်မျိုးမျိုးသော မိုးကာကောင်များ

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာရဖွေဘိုးကြီး(၄)
ဖိုးကျော့

နှင့် ပက်ပင်းတွေ့ကြရလိမ့်မည်ဟုလည်း လူတိုင်း ယုံကြည်ထားကြသည်။

ဘယ်တုန်းက မကောင်းဆိုးဝါး အရေးပေါ် တော်ပွဲမှာ ရွာတံခါးစောင့် ဘယ်လူဟာ ဘယ်လိုသရဲသဘက်ကြီးနဲ့တွေ့ပြီး ဘယ်လိုပြေးလာရတယ်။ ဘယ်နှစ်ကုန်းကလည်း တံခါးစောင့် ဘယ်လူဟာ နားရွက်ကြီးဆန်ကောလောက်ရှိတဲ့ သရဲကြီးနဲ့တွေ့ပြီး လန့်ဖျား၊ဖျားတာဘာကြာလို့လဲ၊ ကယောင်ကတမ်းတွေ အော်ဟစ်ပြီး သေသွားတာပဲ စသည်၊စသည်ဖြင့် ဟိုယခင်နှစ်ပေါင်းများစွာက ဘစ်ဆင့်စကား တစ်ဆင့်ကြားတွေကိုလည်း ဘိုးစဉ်ဘောင်ဆက် ပြောလာကြရာ လူတွေမှာ မကောင်းဆိုးဝါး အရေးပေါ် တောထုတ်ပွဲ၌ ရွာတံခါးစောင့်ရမှာကို သေမလောက်ကြောက်နေကြလေသည်။

သို့သော် မစောင့်၍လည်းမဖြစ်။ အရေးပေါ် မကောင်းဆိုးဝါးတောထုတ်ပွဲမှာလည်း မလုပ်၍မဖြစ်၊ ရွာသူမိန်းမကြီး၏ စကားအရဆိုလျှင် တိုက်ပျက်ကြီးနားက ကာလဝမ်းရောဂါဖြစ်၍ သေသွားသော မောင်ကျောက်လုံးမှာ မုချရွာထဲ ရောက်နေပြီ။ မောင်ကျောက်လုံးလည်း မသေခင်တစ်ရက်၊ နှစ်ရက်ကမှ ရွာဦးကင်းတဲနားလာ၍ ဆန်၊ ဆီ၊ ဆား ယူသွားဖူးရာ ရွာက လူတွေနှင့် ယဉ်ပါးနေသူဖြစ်သဖြင့် သေသည်နှင့်တစ်ပြိုင်နက် ရွာဥပါဒါန်ကြောင့် ရွာထဲရောက်နေလေပြီ။

သို့သော် အရေးကြီးသော ရွာဦးရွာဖျား ရွာတံခါးကို စောင့်မည့်သူ၊ စောင့်ဝံ့သူကိုသာ ယခုထိ ရှာမရသေး။ သူကြီးနှင့်တကွ ရွာလူကြီးများမှာ ဤရွာတံခါးစောင့်အတွက်နှင့် ဦးနှောက်ခြောက်နေကြ၏။ ရွာတံခါးမှာလည်း မစောင့်မဖြစ်သော အဓိကအရေးအကြီးဆုံး ကဏ္ဍတစ်ရပ် ဖြစ်လေသည်။

ထို့ကြောင့် အရေးပေါ် ရွာတော်ရှင်မ တင်ပင်ပွဲနှင့် ရွာထဲ ဝင်နေသော မကောင်းဆိုးဝါးကောင် မောင်ကျောက်လုံးတောထုတ်ပွဲကို ရွာဦး၊ရွာလယ်၊ ရွာဖျားဟု သုံးနေရာ သတ်မှတ်ထားကြသည်။

ဤအမှုကိစ္စများအတွက် မည်သူမဆို လုပ်ပေးကိုင်ပေး ဆောင်ရွက်ပေးနိုင်ကြသော်လည်း ရွာဦးရွာဖျား ရွာတံခါးစောင့် အလုပ်ကိုမူ မည်သူကမှ မလုပ်ချင်ကြ။ အမှန်က မလုပ်ချင်ကြရာဆိုခြင်းထက် မလုပ်ဝံ့ကြ၊ မလုပ်ရဲကြဟု ဆိုခြင်းက ပိုမှန်လေသည်။

အထူးသဖြင့် လုပ်ရိုးလုပ်စဉ် နှစ်တိုင်းလို ဝါဆို ဝါ

www.burmeseclassic.com

www.burmeseclassic.com

ထွက် တောထုတ်ပွဲထက် ယခုလို ရွာတွင် သက်ာရုံ့ မကင်းမှုကြောင့် အရေးပေါ်ပြုလုပ်ရသော တောထုတ်ပွဲ တွင် ရွာတံခါးစောင့် လုပ်ရမှာ ပို၍ကြောက်ကြသည်။

အာယ်ကြောင့်ဆိုသော် ယခုအခါ တိုက်ပွဲက်ကြီးနား က ကာလဝမ်းရောဂါနှင့် ဆုံးပါးသွားသော မောင်ကျောက် လုံးသရဲ ရွာထဲ ရောက်နေသည်ဟု အားလုံးယုံကြည်နေ သဖြင့် ဖြစ်လေသည်။ ထို့ကြောင့် ရွာတံခါးစောင့်သူများမှာ တစ်နည်းမဟုတ်တစ်နည်း မောင်ကျောက်လုံးသရဲနှင့် ပက် ပင်း တွေ့မိကြလိမ့်မည်ဆိုသည်မှာ မြေကြီးလက်ခတ်မလွဲ ဟု ထင်ထားကြလေသည်။

ထို့ကြောင့် ရွာတံခါးစောင့်တွေမှာ စိတ်ခိုင်ဖို့၊ ရဲရင့်ဖို့၊ မကြောက်မရွံ့တတ်ဖို့လိုသည်။ စိတ်မခိုင်သူများသာဆိုလျှင် မည်သို့သောအသွင်သဏ္ဌာန်မျိုးနှင့် ရွာထဲက ထွက်ပြေးလာ လိမ့်မည်ကို တိတိကျကျမသိရသော မောင်ကျောက်လုံးသရဲ ကို မည်သို့ရင်ဆိုင်ဝံ့ကြမည်နည်း။

သည်လိုနှင့် ရွာတော်ရှင်မ တင်မြောက်ပွဲ၊ မကောင်း ဆိုးဝါးတောထုတ်ပွဲတွင် ရွာဦးရွာဖျား ရွာတံခါးစောင့်မည့် သူကို အရပ်လူကြီးများက တိုးတိုးတိတ်တိတ် လိုက်ရှာကြ ရာ ရမည့်ရတော့ လူကငါးယောက် ဖြစ်နေပြန်သည်။ ရွာ တံခါးနှစ်ပေါက်ကို စောင့်ရမည့်သူတွေမှာ ရွာထုံးစံအရ လေးယောက်သာ လိုပေသည်။ တံခါးတစ်ပေါက်လျှင် နှစ် ယောက်သာ စောင့်ရခြင်းဖြစ်လည်း သူတို့ရွာထုံးစံ ဖြစ် လေ၏။

ရွာတံခါးစောင့်မည့် လူငါးယောက်ထဲမှ ပထမနှင့် ဒုတိယ နှစ်ယောက်မှာ ဆိုးတေ၊ ဆိုးပေဟု 'အမည်တွင် သော ကာလသားညီအစ်ကိုအရင်းနှစ်ယောက်။ တတိယ မှာ ကိုလှဆောင်၊ စတုတ္ထမှာ ဦးပေသီး၊ ပဉ္စမမှာ ရွာဒိုးကြီး ဟု ခေါ်ကြသော အမူးကြီးပြုးကျယ်တို့ ဖြစ်ကြသည်။

ရွာတံခါးမှာ တောင်တစ်ပေါက်၊ မြောက်တစ်ပေါက် နှစ်ပေါက်ရှိရာ တစ်ပေါက်ကို လူနှစ်ယောက်ကျစောင့်လျှင် လုံလောက်ပြီဖြစ်၏။ ထို့ကြောင့် ရွာဒိုးကြီးဟုခေါ်ကြသော အရက်သမားပြုးကျယ်ကို ရွာလူကြီးများက တံခါးစောင့် မခန့်အပ်တော့ဘဲ ပယ်ချလိုက်ကြ၏။

အကြောင်းမှာ ပြုးကျယ်သည် နေ့ရောညပါ မူးနေသူ ဖြစ်သည်။ သူတောင်းဆိုသော အရက်ပုလင်းကိုပေးပြီး ရွာ တံခါး စောင့်ခိုင်းထားလျှင် အရက်အလွန်အကျွံမူးပြီး ရွာ တံခါးဝ၌ အိပ်နေမည့်သူပင်။ မိန္ဓာကောင်များသာမက ပြိတ္တာကြီးများပင် ရွာတံခါးမှ ထွက်လာကြလျှင်လည်း သိ မည့်သူ မဟုတ်။

ရွာတံခါးစောင့်တာဝန်မှာ မကောင်းဆိုးဝါး တောထုတ် ပွဲအပြီးတွင် ရွာတံခါးမှ မိန္ဓာကောင်များ ထွက်သွား၊မသွား တစ်စုံတစ်ခု ထူးခြားချက်ရှိ၊မရှိကို ရွာလူကြီးများနှင့် နက် ဆရာအား အသိပေးရမည် ဖြစ်သည်။

နက်ဆရာက ရွာတော်ရှင်မ တင်မြောက်ပ၊သနေ့ည် တွင် ရွာဝင်ရွာထွက်ကို ပိတ်ထားရသော ထုံးစံရှိရာ အရင် သမား ပြုးကျယ်မှာ ဘယ်လူဝင်ဝင် ဘယ်လူထွက်ထွက် သိမည်မဟုတ်။ သိလျှင်လည်း ဟန့်တားချင့်မှ ဟန့်တား မည်။ မူးကြောင်ရူးကြောင်နှင့် မဟုတ်မမှန်သတင်းတွေ့ လည်း ပြောဦးမည်။ ထို့ကြောင့် ပြုးကျယ်ကို ရွာတံခါး စောင့်တာဝန်မှ အများသဘောတူ ပယ်လိုက်ကြသည်။

ဆိုးပေ၊ ဆိုးတေဟု ခေါ်တွင်သော ကာလသား ညီ အစ်ကိုအရင်း နှစ်ယောက်မှာမူ ရွာ၌ သူရဲကောင်း လူပ် ချင်နေကြသူတွေဖြစ်၏။ ရွာထဲတွင် ဝက်ပေါ်၊ အမဲပေါ် အစ သူတို့ ညီအစ်ကို မလုပ်ရဲ၊ မလုပ်ဝံ့ကြသော အလုပ် ဟူ၍ ဘာမှမရှိကြ။ သူတို့အဖေမှာ ရွာမှဆိုးကျော်ကြီး တစ် ယောက်ဖြစ်ရာ ပွားဖွပ်၊ ဝက်ထိုး၊ ကျားထောင်၊ ဝံလိုက် အစ သူတို့ညီအစ်ကိုနှစ်ယောက်သာ ထင်ထင်ပေါ်ပေါ် နေ ကြသည်။

ထို့ကြောင့် ဆိုးပေ၊ ဆိုးတေတို့ ညီအစ်ကိုနှစ်ယောက် အား ငွေတစ်ဆယ်၊ စပါးတင်းအစိတ်နှင့် ရွာမြောက်တံခါး ကိုစောင့်ရန် တာဝန်ပေးလိုက်ကြသည်။

ဦးပေသီးနှင့် ကိုလှဆောင်တို့ကိုမူ ဘာအခကြေးငွေမှ မပေးရ။ ယခင်နှစ်နှစ်ခန့်က ကျရောက်ခဲ့သော မကောင်း ဆိုးဝါး တောထုတ်ပွဲတွင် သားနှင့်သမီးတို့ ဆုံးပါးသွားကြ ဖူးသဖြင့် မိန္ဓာကောင်များကို စိတ်အနာကြီးနာကာ စေတနာ ဝန်ထမ်း ရွာတံခါးစောင့်ပေးကြမည့်သူများ ဖြစ်လေသည်။

ထို့ကြောင့် ရွာဦးရွာဖျား ရွာတံခါးစောင့်မည့်သူ ယောက်ကို ရရှိထားပြီဖြစ်ရာ ထိုညချမ်းမှာ နက်ဆရာက ရွာတော်ရှင်မ တင်မြောက်ပွဲနှင့် အရေးပေါ် မကောင်းဆိုး ဝါး တောထုတ်သံကို နားစွင့်ကာ ဝါးရင်းတုတ်တစ်ချောင်း စီနှင့် ရွာတံခါးပေါက်ဝတွင် အံကြိတ်မတ်တတ်ရပ်၍ စောင့် နေကြ၏။

သူတို့နှစ်ယောက် စောင့်နေကြသော ရွာယောင်းတံခါး ပေါက်မှာ ရာသီမရွေး ကျွဲ၊ နွားများနှင့် လူများ နှစ်ပရိသတ်

www.burmeseclassic.com

www.burmeseclassic.com

ကားနှာကပင် သွားလာထားကြသဖြင့် တူးမြောင်း၊ တုတ်ချောက် ဖြစ်နေသည်။ မိုးတွင်း မိုးရွာလျှင် ထိုတုတ်ချောက်မှာ ရေတွေ ဒူးလောက်၊ ပေါင်လောက်ပင် ရှိနေတတ်သည်။

ရွာထဲဝင်ဝင် ရွာပြင်ထွက်ထွက် ချောက်ကမ်းပါး၊ ဆောင်ကမ်းပါးယံလို ဖြစ်နေသော ဤတံခါးတုတ်ပေါက်သာ လူနှင့် ကွဲ၊ နွားတိရစ္ဆာန်အားလုံး အထွက်အဝင် ပြုလုပ်ကြရသည်။ ထို့ကြောင့်လည်း ဤတုတ်ပေါက်သာမှာ နက်သထက် နက်ရှိုင်းနေလေသည်။

ယခု ရွာတံခါး စောင့်နေကြရသော ဦးပေသီးနှင့် ကိုလှဆောင်တို့မှာ ချောက်ကမ်းပါးတစ်ဖက်စီကို ကျောကပ်ကာ မျက်နှာချင်းဆိုင် ရပ်စောင့်နေကြသည်။

"ဟေ့ကောင် လှဆောင်၊ မင်း ဘာမှမကြောက်နဲ့နော်။ ကိုသားသမီးတွေရဲ့ အသက်ဝိညာဉ်ကို နတ်ယူသွားကြတဲ့ မိစ္ဆာကောင်များ တို့တံခါးပေါက်ကသာ ထွက်လာလို့က ဟော့ မျိုးပြုတ်သွားအောင် အသေသာရိုက်သတ်ကွာ။ လုံးဝ သက်မနှေးစေနဲ့နော်"

"ဟာ..စိတ်သာချ ဦးလေး၊ ကျွန်တော်က တွေ့ရင် အသေထိုးသတ်ဖို့ လုံ့ရှည်တောင် ယူလာမလို့ဗျ။ လူကြီးတွေက မောင်ရီသရောထဲ မိစ္ဆာကောင်တွေ မောင့်ပြီး အချင်းချင်း မှားယွင်းထိုးမိတတ်တယ်။ ဓား၊ လုံ လက်နက်ဆိုတာ အမောင့်ပယောဂ ကပ်လွယ်တယ် ပြောလို့။ နို့မို့ ကျွန်တော့်သားကြီးကို သတ်သွားတဲ့ မိစ္ဆာကောင်တွေကို လုံးနဲ့တောင် သေမချင်း လိုက်ထိုးသတ်ချင်နေတာဗျ။ လူနဲ့ နာနာဘာဝ ဖြစ်နေလို့သာပ"

ကိုလှဆောင်၏ ပြန်ပြောစကားကို ဦးပေသီးက အားရကျေနပ်သွား၏။

အချိန်မှာ မှောင်ရီဖျိုးဖျရှိလာပြီ။

ဦးပေသီးနှင့် ကိုလှဆောင်တို့မှာ ရွာထဲက ဈေးထုတ်လိုက်ကြသံနှင့်အတူ ရွာတံခါးဘက်သို့ တိရစ္ဆာန်တစ်ကောင် ယောင်ဆောင်ကာ ပြေးထွက်လာမည့် မောင်ကျောက်လုံးကောင်းဆိုးဝါး မိစ္ဆာကောင်ကိုသာ ရင်တထိတ်ထိတ်နှင့် စောင့်ကြည့်လျက် ရှိနေကြ၏။

မကြာမီမှာပင် သံပုံးတီးသံ၊ ဆန်ကောခေါက်သံ၊ ပုတ်ခိုက်သံ၊ ခွေးဆွဲသံများနှင့် တစ်ရွာလုံး ဆူညံလာသည်။

ရွာထဲမှ မကောင်းဆိုးဝါး ဈေးထုတ်ပွဲ ဆူညံလာသံနှင့်အတူ သူတို့နှစ်ယောက် စောင့်နေကြသော ရွာတောင်တံခါးဘက်သို့ ရွာလမ်းချောက်ကမ်းပါးအတိုင်း ပြေးလာနေကြသော မည်းမည်းလုံးလုံး အကောင်ကြီးတစ်ကောင်ကို ဦးပေသီးက အရင်မြင်သည်။

စောစောကမှ မိစ္ဆာကောင်များ ဘယ်လိုပုံသဏ္ဌာန်မျိုးနှင့်လာလာ မကြောက်ဘူးဟု စိတ်ကို တင်းထားခဲ့သော်လည်း ယခု မောင်ရီဖျိုးဖျထဲတွင် မည်းမည်းလုံးလုံးနှင့် ရွာလမ်းမကြီးအတိုင်း တောင်တံခါးမဘက်သို့ ပြေးထွက်လာနေသော မိစ္ဆာကောင်တစ်ကောင်ကို မြင်လိုက်ရသော အခါ ဦးပေသီး၏ တစ်ကိုယ်လုံးမှာ ကြက်သီးဖြန်းဖြန်း ထသွားပြီး ခေါင်းကလည်း စပါးပုတ်လောက် ကြီးသွားသည်ဟု ထင်လိုက်ရသည်။

သူတို့ တွေးထင်ထားခဲ့ကြသလိုပင် မောင်ကျောက်လုံးသရဲသည် တိရစ္ဆာန်တစ်ကောင် ယောင်ဆောင်ကာ ရွာတောင်တံခါးဝဘက်သို့ မုချလာနေပေပြီ။

ဦးပေသီးသည် ရုတ်တရက် ထိတ်လန့်သွားသော်လည်း သတိတော့မလွတ်။ ငါ့သမီးလေးကို တစ်နှစ်က သတ်သွားတာ ဒင်းတို့အမျိုးတွေပဲဟူသော ဒေါသစိတ်နှင့် သွေ့ရှေ့တွင် ဝါးရင်းတုတ်ကိုင်ကာ မတ်တတ်ရပ်စောင့်နေသော လှဆောင်အား-

"ဟေ့ကောင် လှဆောင်၊ မောင်ကျောက်လုံးသရဲတော့လာနေပြီကွ"ဟု တုန်တုန်ယင်ယင်အသံနှင့် သတိပေးလိုက်၏။

ရွာထဲမှ သံပုံးတီး၊ စည်ရိုက်၊ ဆန်ကောခေါက်၍ တောထုတ် နှင်ထုတ်လိုက်သော မောင်ကျောက်လုံးမိစ္ဆာကောင်မှာလည်း ဦးပေသီး၏ သတိပေးစကားအဆုံးမှာပင် ကိုလှဆောင်နှင့် ဦးပေသီးတို့ရှေ့ ရောက်လာလေ၏။

"ဟိုက်..ငါ(...)မသား ကျောက်လုံး"ဟူသော နှစ်ယောက်စလုံး၏ မာန်ဖြည့်ဆဲဆိုလိုက်ကြသံနှင့်အတူ သူတို့နှစ်ယောက် လက်ထဲရှိ ဝါးရင်းတုတ်နှစ်ချောင်းကလည်း မောင်ကျောက်လုံးမိစ္ဆာကောင်ကိုယ်ပေါ်သို့ ရှေ့ဆင့်နောက်ဆင့် အုန်းခနဲ ပြိုင်တူကျသွားကြသည်။

ဦးပေသီးနှင့် ကိုလှဆောင်တို့ဆီတွင် တစ်အားအရိုက်ခံလိုက်ရသော မောင်ကျောက်လုံးမိစ္ဆာကောင်မှာ တအီးအီး မြည်ဟည်းကာ ရွာတောင်တံခါးမှ သေပြေးရှင်ပြေး ထွက်ပြေးသွားလေ၏။

မောင်ကျောက်လုံးမိစ္ဆာကောင်ကြီး၏ ပြေးနှုန်းမှာ အလွန်လွန်းလှသဖြင့် ဦးပေသီးနှင့် ကိုလှဆောင်တို့မှာ တစ်

www.burmeseclassic.com

ယောက်တစ်ချက်စီသာ ရိုက်လိုက်နိုင်ကြသည်ဟု ဆိုသော်လည်း အမှန်က လက်မြန်သူ ကိုလှဆောင် ရိုက်ပြီးမှ ဦးပေသီးက ထပ်ရိုက်လိုက်လေရာ ဦးပေသီးတုတ်ချက်မှာ မောင်ကျောက်လုံးမိစ္ဆာကောင်ကြီးကို မရိုက်လိုက်မိဘဲ ကိုလှဆောင်၏ ဝါးရင်းတုတ်ကိုသာ အပေါ်က ထပ်ရိုက်မိသွားခြင်း ဖြစ်သည်။

ဤသည်ကိုပင် မကျေမနပ်နှင့် ဒေါသတကြီးဖြစ်နေသော ဦးပေသီးမှာ တက်တစ်ခေါက်ခေါက်နှင့်။

"တောက်...ငါ...မသား၊ ကျောက်လုံးမိစ္ဆာကောင်။ ဒီလိုကျတော့လည်း လူတွေကိုကြောက်လို့ ပြေးလိုက်တာ အမြီးကို တန်းနေတာပဲ။ စိတ်ရှိလက်ရှိ စိစိညက်ညက်ကြေသွားအောင် မရိုက်လိုက်ရတာတော့ နာသကွာ လှဆောင်ရာ"

"ဟုတ်တယ် ဦးလေး၊ ဦးလေး သတိပေးတာနဲ့ တစ်ပြိုင်နက်တည်းပဲ ရှေ့ကို ကျောက်လုံးမိစ္ဆာကောင်က ချက်ချင်းရောက်လာတာကိုး။ ကျွန်တော့်အထင်တော့ ဒီကောင်က လူဘဝကတည်းကပင် ကျွန်တော်တို့နဲ့ ခပ်တန်းတန်း နေခဲ့ကြတော့ ကျွန်တော်တို့ ကြောက်အောင်ဆိုပြီး အကောင်ကြီးကြီး ဖန်ဆင်းလာတာဖြစ်မယ်။ နည်းတဲ့အကောင်ကြီးလား။ ကျွန်တော့်အထင် နှစ်ယောက်ဖက်လောက်တောင် ရှိမယ်ထင်တယ်"

"အေး...သိပ်ရှိတာပေါ့ကွာ။ နားရွက်ရှည်ကြီးက မြေကြီးနဲ့ထိပြီး ရှဲရှဲ,ရှဲရှဲတောင် မြည်လာတာ။ မဒဲ့ ကြားမိလိုက်သေးလား"

"ဟုတ်လား ဦးလေး၊ ဒါတော့ ကျွန်တော် သတိမထားမိလိုက်ဘူး။ ကျွန်တော် ဝါးရင်းတုတ်နဲ့ တစ်အားကုန် ရိုက်လိုက်တော့ မြည်လိုက်တဲ့အသံနက်ကြီးက တကယ့်ကြောက်စရာကြီးဗျ။ စိတ်တင်းပြီး ရိုက်သာရိုက်ရတာ ကျွန်တော့်တစ်ကိုယ်လုံးမှာ ကြက်သီးဖြန်းဖြန်းထပြီး ခုထိ နားထဲမျက်စိထဲ မြင်နေ၊ ကြားနေတုန်းလိုပဲဗျ"

"အေးလေကွာ၊ ဒီကျောက်လုံးမကောင်းဆိုးဝါးကောင်တို့ တောင်တံခါးဝက ထွက်ပြေးသွားတာ မင်းတို့ ငါတို့ကိုယ်တိုင်ကိုယ်ကျ မြင်လိုက်ရတာပဲ။ တစ်ယောက် တစ်ချက်စီတောင် ရိုက်လိုက်နိုင်ကြတယ်ဆိုတာ နတ်ဆရာနဲ့ လူကြီးတွေကိုလည်း သတ္တင်းပြောပြကြရဦးမည်ဆိုတော့လာ...လာ...သိပ်မမျှော်ခင် သွားကြမယ်"

"ဟုတ်ကဲ့ ဦးလေး ဟု ပြောကာ လှဆောင်သည် နတ်ဆရာနှင့် ရွာလူကြီးများရှိရာသို့ ဦးပေသီးနောက်က လိုက်လာရလေသည်။

ဦးပေသီးနှင့် ကိုလှဆောင်တို့သည် သူတို့ ကြုံခဲ့ရ၊ တွေ့ခဲ့ရ၊ မြင်ခဲ့ကြရသော မောင်ကျောက်လုံး မကောင်းဆိုးဝါးကောင် အကြောင်းသာ တစ်လမ်းလုံး ပြန်ပြီး တွေ့သူလူများကိုပါ ပြောလာကြသည်။

"ဒီတစ်ခါတော့ စိတ်ချမ်းသာကြတော့ဗျို့။ ဘာသက်ဘရန်မကင်း မရှိကြနဲ့တော့။ ကျုပ်တို့ရွာမှာ ဒီနေ့ ဒီရက်၊ ဒီအချိန်က စပြီး ရောဂါဘယအားလုံး ပျောက်ဆိုတာ စိတ်ချလက်ချသာ ယုံကြည်ကြပေတော့"ဟု အာပေါင်အာရင်းသန်သန်နှင့် အော်ပြောလိုက်၏။

ထိုအခါ ရွာသူကြီးဦးထွန်းပေါက ဝမ်းသာအားရနှင့် အကြောင်းခြင်းရာကို ချက်ချင်းမေးသည်။

"ဟေ့...ဟုတ်လားကွ ပေသီး။ ဒါဆို မင်းတို့ ကြုံခဲ့တွေ့ခဲ့ရတဲ့ အဖြစ်သနစ်ကိုလည်း အများသံသယကင်းသွားအောင် ရွာသူရွာသားတွေရှေ့ ပြောပြစမ်းပါဦး"

"ကျုပ်နဲ့ လှဆောင် တွေ့ခဲ့ရတာကလား"

"ဟုတ်တယ်လေ ကိုပေသီး"

ရွာသားတစ်ယောက်က ထောက်ပေး၏။

"ရွာထဲကလူတွေလည်း သံပုံးတီး၊ စည်းခတ်ပြီး ထုတ်လိုက်ကြရော မည်းမည်းလုံးလုံးကြီးနဲ့ လူနှစ်ယောက်သုံးယောက်ဖက်လောက်ရှိတဲ့ မောင်ကျောက်လုံးမကောင်းဆိုးဝါးကောင်ကြီးဟာ ကျုပ်တို့ စောင့်နေကြတဲ့ တောင်တံခါးဝဘက် တစ်ဟုန်ထိုး ထွက်ပြေးလာတယ်ဗျ။ နားရွက်ကြီးဆို ဆန့်ကောလောက်ရှိတယ်။ နားရွက်ကြီး လူးလာတဲ့ ရှဲရှဲ,ရှဲရှဲ မြည်သံကိုလည်း ကြားရတယ်။ အဲ့ဒီ မောင်ကျောက်လုံးမိစ္ဆာကောင်ကြီး ကျုပ်နဲ့ လှဆောင်ရှေ့လည်

www.burmeseclassic.com

www.burmeseclassic.com

ကောင်းရော ဘယ်ပြောကောင်းလိုက်မတုန်း ကျုပ်နဲ့ လှ
ဆောင်က ဝါးရင်းတုတ်နဲ့ တစ်အား..."

ဦးပေသီး၏ ဒေါကြီးမောကြီး အားပါးတရ ပြောပြနေ
သော စကားမဆုံးခင်မှာပင် ရွာဖျားပိုင်းတွင်နေသော ဦးဘစ်
ကြီး၏ ဗျိုးဟစ်အော်ပြောလာသံကို ကြားလိုက်ကြရပြန်
သည်။

"ဗျိုး..ဒီဘက်ပိုင်းက လူများတို့၊ ကျုပ် ဝက်တောင်း
ကြီးတစ်ကောင် ဘယ်လူများ မြင်မိလိုက်ကြသလဲဗျို့။ မောင်
ကျောက်လုံး မကောင်းဆိုးဝါးကောင်ကို တောထုတ်ပွဲလှန့်
ဘုန်းက သံပုံးတီးကြ၊ ဆန်ကာခေါက်ကြ၊ စည်ရိုက်ကြ
ဆော့ ကျုပ်ဝက်တောင်းကြီး လန့်ပြီး ထွက်ပြေးသွားတာ
ဆို ရွာမတွေ့သေးလို့ပါ။ တွေ့ကြ,မြင်ကြရင် ပြောကြပါ
ဦး ရွာတံခါးစောင့်တွေများ တွေ့မိ,မြင်မိလိုက်ကြလားလို့
မေးရအောင် လာတာ။ ကျုပ်ဝက်က ခပ်ရိုင်းရိုင်းဆိုတော့
ဟောထဲ ဝင်သွားမှာစိုးလို့ပါ။ တွေ့ကြ,မြင်ကြရင် ပြောကြ
ပါဗျို့"

ဗျိုဟစ်လာသော ဦးဘစ်ကြီး၏အသံကို ကြားရသော
အခါ ဦးပေသီး၏ စကားကို နားထောင်နေကြသော ရွာသူ
ရွာသားတွေမှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်
ကာ ကြက်သေ,သေသွားကြသည်။

နှတ်ဆရာကိုမူ လူအုပ်ကြားတွင် လုံးဝမတွေ့ရတော့။
သူကြီးနှင့် ရွာလူကြီးတွေ၏ မျက်နှာများလည်း အေးတိအေး
ကဲဖြစ်ကာ ဦးဘစ်ကြီး၏ နီးကပ်လာသော အသံကိုသာ
စူးစွင့်ကြ၏။

"ဗျိုး..ဒီဘက်ပိုင်းက ရွာသူရွာသားတို့၊ ကျုပ်ဝက်
တောင်းကြီးတစ်ကောင် ဘယ်လူများ မြင်မိကြလဲဗျို့။ မောင်
ကျောက်လုံးမကောင်းဆိုးဝါးကောင်ကို တောထုတ်ပွဲလှန့်
ဘုန်းက ကျုပ်ဝက်တောင်းကြီး..."

♦ ♦ ♦

မောင်ကျောက်လုံး ကာလဝမ်းရောဂါနှင့် ဆုံးသွား
သော ညကပင် တိုက်ပျက်ကြီးဘက်က လူသံသူသံဆို၍
ဘာမှမကြားရတော့။ တိတ်ဆိတ်ငြိမ်သက်လွန်းမက တိတ်
ဆိတ်ငြိမ်သက်နေသောအခါ ရွာသူရွာသားတွေမှာ တစ်မျိုး
တစ်မည် သဘောပေါက်ကာ ပို၍တုန်လှုပ်ချောက်ချားလာ
ကြပြန်သည်။

လွတ်ငိုးသမားများသည် ကာလဝမ်းရောဂါဖြစ်၍ တစ်
ယောက်မကျန် သေဆုံးသွားကြလေပြီလား၊ သို့မဟုတ်
မောင်ကျောက်လုံး သေသွားသောညကပင် သူတို့ရွာ သူတို့
ပြန်ပြေးကြလေပြီလား ရွာသူရွာသားတွေမှာ အမျိုးမျိုးတွေး
ကာ ပို၍ထိတ်လန့်လာကြ၏။

တိုက်ပျက်ကြီးနှားတွင် သေဆုံးနေကြသော လွတ်ငိုး
သမားများ၏ အလောင်းကောင်များကို မြှုပ်နှံသင်္ကြိုဟ်မည့်
သူ မရှိဘဲ ဒီအတိုင်းသာ ပစ်ထားကြပါက ကျီးကန်း၊ လင်းတ
နှင့်တကွ ရွာထဲမှ ခွေးလေခွေးလွှဲများသည် တိုက်ပျက်ကြီး
နားသွား၍ လွတ်ငိုးသမားများ၏ အလောင်းကောင်များကို
ရွာထဲသို့ ဆွဲဆွဲငင်းလာကြလျှင် ရွာရှိလူတွေမှာ ပိုပြီးကြောက်
ရွံ့ထိတ်လန့်ကုန်ကြမည်။ မသန့်ရှင်းသော အလောင်းကောင်
များကြောင့် အန္တရာယ်တစ်ခုခုလည်း ကျရောက်လာနိုင်
သည်။

သူတို့ငယ်စဉ်က ညောင်ရွာတွင် ဖြစ်ပျက်ခဲ့သော ဆင်
သေတစ်ခု ရာဇဝင်ဆိုးကလည်း ရှိထားလေရာ တိုက်ပျက်
ကြီးနှားတွင် ကာလဝမ်းရောဂါနှင့် သေဆုံးနေကြသော လွ
တ်ငိုးသမား အလောင်းကောင်များကို သည်အတိုင်း ပစ်ထား
၍ ဘယ်လိုမှ မဖြစ်နိုင်ဆိုသည်ကို အားလုံးသဘောပေါက်
ကြောက်ရွံ့လာကြသည်။

ထို့ကြောင့် လွတ်ငိုးသမားများ သေဆုံးနေကြသော
တိုက်ပျက်ကြီးနားသို့ ရွာထဲမှ မကြောက်မရွံ့တတ်သူ လူ
သုံး,လေးယောက်နှင့် အရပ်လူကြီး ဦးသာအောင်တို့မှာ
လွတ်ငိုးသမားများ၏ အလောင်းကောင်များကို မြှုပ်နှံသင်္ကြိုဟ်
ကြရန် သူကြီးအမိန့်နှင့် ရွာထဲမှ ထွက်လာကြသည်။

သူတို့တွင် ပေါက်တူး၊ တူရွင်းနှင့်တကွ အဝတ်အစား
များကိုလည်း တစ်လ ကိုးသီတင်းစာ တစ်ပါတည်း ပူ
ဆောင်လာကြရသည်။

ကာလဝမ်းရောဂါဖြစ်၍ သေဆုံးနေကြရသော လွတ်ငိုး
သမားများကို သင်္ကြိုဟ်မြှုပ်နှံပြီးလျှင် ဦးသာအောင်နှင့်တကွ
ရွာသားကြီးငါးယောက်မှာ ရွာထဲသို့ ချက်ချင်းပြန်မဝင်ရ
သေးဘဲ ရွာပြင်၌သာ ရွာထုံးစံအတိုင်း တစ်လ ကိုးသီတင်း
နေကြရဦးမည်။

ထို့ကြောင့် သူတို့ရွာပြင်တွင် စားသောက်နေထိုင်ရန်
စားနပ်ရိက္ခာများကို ရွာသူရွာသားများက ရွာဦးကင်းတဲထဲ
မှာ အဆင်သင့် ရွာမွေစုဆောင်းထားပေးကြရသည်။ ထိုသူ
ခြောက်ယောက်သည် ရွာသူရွာသားနှင့် လုံးဝကူးလူးဆက်
ဆံခြင်း မပြုရ။ တစ်လကိုးသီတင်း ရွာနှင့် ကင်းနိုင်းသမျှ
ကင်းအောင် နေကြရမည်။

www.burmeseclassic.com

ဦးသာအောင်နှင့် ရွာသားငါးယောက်တို့ အဓိကရုတိုက်ပျက်ကြီးနား ရောက်လာကြသည်။ လွတ်ပိုင်းသမားများ စခန်းချနေကြသောနေရာသို့ ချက်ချင်းမသွားဝံ့ကြသေးဘဲ အသံဗလံများကို ပုန်းချောင်း၍ မနီးမဝေးက အရင်နားထောင်ကြ၏။ တိုက်ပျက်ကြီးနားတွင် လွတ်ပိုင်းသမားတစ်ယောက်တလေကိုများ တွေ့ရလေဦးမလားဟုလည်း ပုန်းချောင်း၍ ကြည့်ကြရ၏။

တိုက်ပျက်ကြီးနားတွင် လူသံသူသံကိုလည်း မကြားရ၊ လူရိပ်လူခြည်ကိုလည်း မမြင်ကြရ။ ထိုအခါမှ ဦးသာအောင်နှင့် အဖွဲ့မှာ တိုက်ပျက်ကြီးနား ကပ်သွားရကြသည်။

သို့သော် ကာလဝမ်းရောဂါဖြစ်၍ သေဆုံးနေကြသော လွတ်ပိုင်းသမား အလောင်းကောင်များဆို၍ကား တစ်ဦးတလေကိုမျှ မတွေ့ရ။ လွတ်ပိုင်းသမားများ ကာလဝမ်းရောဂါဖြစ်၍ သေဆုံးသွားကြသော အရိပ်အယောင်ဆို၍လည်း တိုက်ပျက်ကြီးနားတွင် ထူးထူးခြားခြား ဘာမှမရှိ။ ထိုအခါ ဦးသာအောင်နှင့်တကွ ရွာသားငါးယောက်တို့မှာ အံ့သြတကြီး ဖြစ်သွားကြရပြန်၏။

လွတ်ပိုင်းသမားများ၏ လက်ဆွဲလွှဲကြီးနှစ်လက်နှင့် ပုဆိုးစုတ်၊ အင်္ကျီစုတ်များကိုတော့ သူတို့ စခန်းချနေထိုင်သွားကြရာ တိုက်ပျက်ကြီးအနားမှာ တွေ့ရသည်။

ထို့နောက် တိုက်ပျက်ကြီး၏ အနားဝန်းကျင်ကို လှည့်ပတ်ကြည့်ကြရာ တိုက်ပျက်ကြီးရှေ့ရှိ ရေကန်အစပ်မှ ကျောက်လုံးကြီးမှာ အပေါ်တစ်ခြမ်း ပဲ့ကွဲကြေမွ၍ အုတ်၊ အင်္ဂတေတွေက ထိုနေရာတစ်ဝိုက် ပြန့်ကျဲနေသည်။

လွတ်ပိုင်းသမားများ၏ တူမကြီးသုံး၊ လေးလုံးနှင့် စူး၊ ဆောက်၊ တင်းပုတ် စသည်တို့ကိုလည်း ကျောက်လုံးကြီးအကွဲအပဲ့ အုတ်၊ အင်္ဂတေစတွေနှင့် ရောနှော၍ တွေ့ကြရပြန်၏။

ပို၍အံ့သြစရာကောင်းသည်မှာ အနှစ်နှစ်အလလက ပင် ရေညှိတက်နေသော ထိုအင်္ဂတေလုံးကြီး၏ အတွင်းထဲတွင် သေတ္တာကြီးသုံး၊ လေးလုံးကို စီ၍ စနစ်တကျထည့်ထားရာကိုလည်း တွေ့ကြရပြန်သည်။ ထိုသေတ္တာကြီးထဲ၌ မည်သည့်ပစ္စည်းများ ရှိကြလိမ့်မည်ကိုတော့ ယခုအခါ မည်သူမျှ မသိနိုင်ကြတော့ပေ။ ထိုသေတ္တာလုံးကြီးတွေမှာ ယခုအခါ အရာသာ ကျန်ရစ်တော့သည်။

ဦးသာအောင်နှင့် ရွာသားကြီးငါးယောက်မှာ လွတ်ပိုင်းသမားယောင်ဆောင်၍ ပရိယာယ်ဉာဏ်ကစားကာ ကျောက်လုံးကြီးကို ထုခွဲဖောက်ယူသွားကြသော ဦးလွမ်းဝေတို့ သူ့သိုက်အကြောင်းကို တွေးတောရင်း-

"မောင်ကျောက်လုံးရယ်..ကျုပ်တူမနဲ့ ခွဲရတော့မယ်ဟူသော ဦးလွမ်းဝေ၏ ရင်ဘတ်စည်တီး ငိုညည်းအော်ငြေနေသံကိုလည်း ပြန်လည်၍ ကြားယောင်မိကြပြန်၏။

"လက်စသတ်တော့ မောင်ကျောက်လုံး ကာလဝမ်းရောဂါနဲ့သေလို့ ငိုတာမှမဟုတ်ဘဲ။ သူတို့မှာပါလာတဲ့ တူကြီးတွေနဲ့ ဒီကျောက်တုံးကြီးကို ခွဲရတော့မယ်ဆိုတာ ပရိယာယ်လုပ်ပြီး ကျုပ်တို့ရွာက လူတွေ ကြားလောအောင် ပြောငိုတာကိုးဗျ။ ဒါကို ကျုပ်တို့ ရွာသူရွာသားငနဲငအတွေက လုံးဝမရိပ်မိခဲ့ကြဘူး။ မောင်ကျောက်လုံးလေး ကာလဝမ်းရောဂါနဲ့ တကယ်သေသွားလို့ ဦးလွမ်းဆငိုတယ်ထင်ကြတာ။ နာလိုက်တာဗျာ၊ စောစောကတည်းက ဒီကျောက်လုံးကြီးထဲမှာ ဒီလိုရတနာသေတ္တာကြီးတွေ ရှိမှန်း သိခဲ့ကြရင် ကျုပ်တို့ တစ်ရွာလုံး သူဌေးဖြစ်ကြမှာပေါ့ခုတော့ သွားပါပြီ"

ဦးသာအောင်နှင့်တကွ ရွာသားကြီးငါးယောက်မှာ ယခုမှ တဗျစ်တောက်တောက် စုတ်တသပ်သပ်နှင့် ယူကျုံးမရဖြစ်သွားကြသည်။

ရွာပြန်ပြီး ထိုအကြောင်းကို သူကြီးနှင့်တကွ ရွာသူရွာသားတွေကို ပြောပြကြရာ တစ်ရွာလုံးရှိ လူတွေမှာ ပေါက်တူး၊ တူရွင်းတွေယူကာ တိုက်ပျက်ကြီးနားရှိ မီးဖို၊ အိမ်သာလေ့ကားခုံနှင့် ဘာမှန်းမသိသော အုတ်ခဲ့၊ ထိုင်ခုံများပမကျန် ဖြိုဖျက်တူးပေါက်ကြပြန်သည်။

သို့သော် တစ်ရက်၊ နှစ်ရက်သာ အချိန်ကုန်သွားကြသည် တိုက်ပျက်ကြီးနားတွင် ရတနာသေတ္တာကို မဆိုထားနှင့် ခြူးတစ်ပြားတလေကိုမျှ မည်သူမျှ မရရှိကြပေ။

ရွာသူရွာသားအားလုံးမှာ ဦးလွမ်းဝေတို့ လွတ်ပိုင်းသမားများနောက် ပါသွားသော ရတနာသေတ္တာများကို ဇာတသပ်သပ်နှင့် ရွာထဲ ပြန်ဝင်လာကြရလေသည်။

♦ ♦ ♦

ထိုထိုသို့သော အဖြစ်အပျက်တွေ သာဓကတွေ့ခဲ့သော တိုက်ပျက်ကြီးနားတွင် ယခုအခါ ဦးထွားက ရာသက်ပန် ကြေးအိုးကြီးတစ်လုံးကို တွေ့လိုက်ရသောအခါ ရွာသူကြီး ဦးထွန်းပေါ်နှင့်တကွ ရွာသူရွာသားအားလုံးမှာ လယ်ပိုင်ကျွန်ခဲ့ရ ချစ်တီးကုလားကြီး မြှုပ်ထားခဲ့သော ရွှေအိုးကြီးကို ရှာဖွေ ထင်သွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်အနေနဲ့ အမိန့်ပေးနေတဲ့ဟာကွ။ မင်း အဲသလိုသာ ဇွတ်လုပ်နေရင်တော့ မင်းကို ငါ သူကြီးအမိန့်နဲ့ ဖမ်းရလိမ့်မယ်"

သူကြီးဦးထွန်းပေါ်၏ ဖမ်းမည်ဆီးမည်ဆိုသော စကားကြောင့်လားမသိ ဦးထွားဏ်၏ အားနှင့်မာန်နှင့် လွှဲပေါက်နေသော ပေါက်တူးတစ်ချက်မှာ အိုးကြီးဘေးကို ချော်ပေါက်မိသွား၏။ အိုးကြီး၏ ဘေးသားနှင့် ပေါက်တူးသွား၏ ထိလိုက်သံမှာ တိန်ခနဲ မြည်သွားသည်။

အိုးကြီး၏ အောက်ဘေးသား တစ်ခြမ်းတစ်ဝက် ပေါ်လာသည်။ ပေါက်တူးရုပ်ထိသွားသဖြင့် နေရောင်ထဲမှာ ဝင်းဝင်းလက်လက် ပို၍အရောင်ထွက်လာသည်။

လူတွေမှာ "ရွှေအိုးကြီးဗျို့..ရွှေအိုးကြီး" ဟု အော်ဟစ်လိုက်ကြကာ ပို၍လှုပ်လှုပ်ရွရွ ဖြစ်သွားကြပြန်သည်။

"အိုးကြီးက ရွှေအိုးမဟုတ်ပါဘူးဗျ။ ကြေးအိုးကြီးပါ"

အောက်ပိုင်းတစ်ခြမ်းတစ်ဝက် ပေါ်လာသော အိုးကြီးကို ငုံ့စိုက်ကြည့်၍ ဦးထွားဏ်၏ပါးစပ်က ယောင်ယောင်မှားမှား ထွက်သွား၏။

"ဟေ့ကောင် မောင်ထွား..ကြေးအိုးပဲဖြစ်ဖြစ်၊ မြေအိုးပဲဖြစ်ဖြစ် ငါ့စကား နားထောင်ရမယ်။ ဒီရွာမှာ ငါသူကြီးကွ။ ငါ့အမိန့်ကို လူအကုန် လိုက်နာရမယ်။ ငါ့စကား နားမထောင်ရင် ငါက ဘယ်လူကိုမဆို ဖမ်းပြီး ထိတ်တုံးခတ်နိုင်တယ်။ ငါ့ကို အစိုးရမင်းများက သူကြီးခန့်ထားတာ။ အိုး..အိုးထဲမှာ ဘာရှိလဲဆိုတာ ငါကြည့်မယ်။ မင်း နည်းနည်းဖယ်စမ်း"

သူကြီးဦးထွန်းပေါ်မှာ ဦးထွားအနား ကပ်သာကပ်သွားရသော်လည်း လောဘဖောကပ်နေသော ဦးထွားကို စိတ်မချ။ ထို့ကြောင့် ပါးစပ်ကလည်း ဦးထွား ကြောက်ရွံ့သွားအောင်၊ သို့မဟုတ် ရှိန်သွားအောင် တတွတ်တွတ် ပြောနေသေးသည်။

"မင်းတို့အားလုံး ငါ့စကားကို နားထောင်ကြပါ။ ငါ့စကားကို နားမထောင်ရင် ငါ့ကို ခန့်အပ်ထားတဲ့ အစိုးရမင်းများစကားကို ဖီဆန်တာနဲ့ အတူတူပဲ။ ခု ဒီအိုးကြီးထဲမှာ ချစ်တီးကြီး ထည့်မြှုပ်ထားခဲ့တဲ့ ရွှေဒင်္ဂါးပဲတွေတွေ၊ ငွေဒင်္ဂါးပြားတွေပဲတွေတွေ အားလုံး ရွာသူရွာသားတွေပိုင်ပဲဖြစ်ရမယ်။ ဒီအိုးကြီးထဲမှာ ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးပြားတွေတွေ့ရင် ခု လမ်းဖောက်ကြတဲ့ လူတွေအားလုံးကို အညီအမျှ ငါဝေပေးမယ်"

"သူကြီးကတော့ မယူဘူးလား"

စောစောကပင် မကျေမနပ်ဖြစ်နေသော ဦးထွားက သူကြီးဦးထွန်းပေါ်၏မျက်နှာကို စေ့စေ့ကြည့်ကာ အံ့ကြိတ်မေး၏။

"ဟာ..မောင်ထွားရာ၊ ငါလည်း မင်းတို့ရွာသား၊ ဒီရွာသားစာစ်ယောက်ပဲကွ။ ငါလည်း စာစ်ဖို့တော့ ယူမှာပဲ"

ဦးထွားက ဘာမှပြန်မပြောတော့။ ပေါက်တူးကို ကြေးပေါ်ထောင်ကာ လက်တစ်ဖက်က ခါးထောက်၍ မကျေမနပ်နှင့်ရပ်နေ၏။

"စောစောက ကျုပ်ပြောတာ ရွာသူရွာသားတွေအားလုံး သဘောတူကြတယ် မဟုတ်လား"

သူကြီးဦးထွန်းပေါ်က အောင်မြင်ခဲ့ညားသော အသံဝါကြီးနှင့် ရွာသူရွာသားများ၏ဆန္ဒကို တောင်းခံလိုက်၏။

"တူပါတယ်"

"တူပါတယ်"

"သူကြီးပြောတာ မှန်ပါတယ်"

ဦးထွန်းပေါ်၏စကားကို အားလုံးက အော်ဟစ်ထောက်ခံကြသည်။

ဦးထွားမှာ မကျေနပ်သော်လည်း အများသဘောတူဖြစ်သဖြင့် ဘာမှမတတ်နိုင်တော့။ မျက်လုံးကလေး ပေကလပ်ပေကလပ်နှင့်သာ ပေါက်တူးကိုင်ပြီး အိုးကြီးနားက မခွာဘဲ ရပ်နေရသည်။

"ကဲ..အများသဘောတူကြတာကတော့ ဟုတ်ပြီ၊ ကျုပ် တစ်ခုပြောရဦးမယ်"

"ဟုတ်ကဲ့ ပြောပါ၊ ပြောပါ သူကြီးမင်း"

သူကြီးမင်း၏စကားကို ဆယ်အိမ်ခေါင်း၊ ဆယ်အိမ်မှူးတွေက ဝိုင်း၍ထောက်ခံကြ၏။

"ဒီအိုးကတော့ မောင်ထွားပြောသလို ကြေးအိုးကြီးပဲဖို့ များတယ်။ ဒါပေမဲ့ ဒီကြေးအိုးကြီးထဲမှာ စောစောက ကျုပ်ပြောသလို ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးပြားတွေ မဟုတ်တော့ အရင်တစ်ခါ မောင်ထီ၊ မောင်သီတို့ ရခဲ့ကြတဲ့ ပြားခေ့ခေ့ဒါမှမဟုတ် ကျပ်စေ့၊ ငါးမူးစေ့၊ မတ်စေ့တွေ ရှိချင်မှရှိမှာ။ ဘာပဲဖြစ်ဖြစ် ဘာပဲရှိရှိ ဒီအိုးထဲက ရသမျှတွေကို ကျုပ်တို့လမ်းလုပ်ကြတဲ့ လူတွေအားလုံး အညီအမျှဝေယူကြရမှာ"

"စောစောက မင်းပြောတော့ ရွာသူရွာသားတွေအားလုံးဆိုကွ။ မောင်ပေါ်၊ ခု မင်းပြောတော့ စကားတောင်ဆိုဖြစ်သွားပါလား"

www.burmeseclassic.com

www.burmeseclassic.com

တောင်ဝှေးထောက်ပြီး ရပ်ကြည့်နေသော လူအုပ်ထဲမှ အသက်ခုနစ်ဆယ်ကျော် ဦးသာဖြစ်၏စကားကြောင့် သူကြီး ဦးထွန်းပေါ်၏ စကားက ခဏရပ်သွား၏။

ဦးသာဖြဘက် လှည့်ကြည့်ပြီး ဦးထွန်းပေါ်က စကား ဆက်ပြန်၏။

"ဟာ..ဦးလေးဖြလား၊ စောစောကလည်း ကျွန်တော် ဒီစကားပဲ ပြောတာပါဗျ။ ဦးလေးဖြ ဘာကြားလို့လဲ"

"ရွာသူရွာသားတွေ အားလုံးဆိုက္ခ။ မင်းတို့ လမ်းဖောက်ရင်း ရွှေအိုးကြီးရကြတယ်။ ရွာသူရွာသားတွေအားလုံးကို ဝေပေးမယ်လို့ ငါ့မြေးငကျော် လာပြောလို့ ဦးလေးလိုက်လာတာ။ ခု လမ်းဖောက်တဲ့အထဲ ငါ မပါနိုင်တော့ ငါမရဘူးပေါ့"

"ဟုတ်ကဲ့၊ မရဘူး။ လမ်းဖောက်တဲ့အထဲ မပါတဲ့လူ ဘယ်လူမှ မရဘူး"

ကာလသားလူငယ်တစ်ယောက်က အော်လိုက်၏။

"ဟင်..ဒါ တကယ်လားကွ မောင်ပေါ်၊ ငါ့အသက် ငါ့အရွယ်နဲ့ လမ်းဖောက်တဲ့အထဲ ဘယ်လိုပါနိုင်တော့မလဲ ကွ"

ဦးသာဖြက ဦးထွန်းပေါ်ဘက် စေ့စေ့ကြည့်၍ ငိုသံပါကြီးနှင့် မေး၏။ ဦးသာဖြ၏မျက်နှာမှာ ငါ့တူ သူကြီးမင်း ခုတစ်ပါး အားကိုးစရာ မရှိတော့ပါဘူးဟူသောအသွင်သာ။

"ခု ဦးလေးသာဖြ လမ်းဖောက်တဲ့ ဒီအထဲကိုတောင် ရောက်နေပြီပဲ။ အများရရင် ဦးလေးသာဖြ တစ်စုတစ်ဖို့ရရ ငါစေမယ်ဗျာ။ စိတ်ချပါ"

ဦးထွန်းပေါ်၏စကားကြောင့် ဦးသာဖြ၏ မျက်နှာမှာ ချက်ချင်းဝင်းထိန်သွားသည်။ နာမည်နှင့်လိုက်အောင် ပြာသေပါးစပ်ကြီးကလည်း အိုကြီးအိုမနှင့် ပိုပြဲသွား၏။

"ဟဲ..ဟဲ..အေးပေါ့ ငါ့တူရာ၊ ငါ့တူသိတဲ့အတိုင်းပါ ဟိုတုန်းကဆို ဦးလေး ရပ်ရေးရွာရေး ဘယ်လောက်လုပ်ခဲ့ ဘယ်ဆိုတာ ဘယ်သူမေးမေး ဘုရားပေးပေး ကျမ်းပေးပေး ကျိန်ပြောရဲပါတယ်။ ခုတော့ ဦးလေးမှာ ငါ့တူတို့မြင်ကြတဲ့အတိုင်း ဇရာဒုက္ခလ အိုမင်းမစွမ်းရောက်နေလို့ ရပ်ရေးရွာရေးမှာ "မပါနိုင်တော့တာပါ။ မနေ့က သူကြီးအမိန့်နဲ့ တစ်အိမ်တစ်ယောက် လမ်းဖောက် မထွက်မနေရဆိုတာ ရွာဆော်ကြီးငြေ အော်သွားသံ ကြားကတည်းက ဦးလေးသာခုခေါ်နေတာပေါ့။ ငါ့တူ သူကြီးလက်ထက်ကျမှ ဦးလေးတို့ စက်ဆန်စားဖူးကြတော့ ငါ့တူသူကြီးကို ဦးလေးတို့ တစ်ရွာ.."

"ဒီအတိုးကြီး စကားရှည်နေတာက အကြောင်းမဟုတ်ဘူးဗျို့။ သူကြီးကို ကျုပ် တစ်ခုမေးရဦးမယ်"

ဦးသာဖြဆိုသော တုန်တုန်ချည်ချည် အတိုးကြီးတစ်ဦး၏ စကားမဆုံးခင်ပင် စာဆို၍ ကိုယ့်လက်မှတ်ပင် ကိုယ် မထိုးတတ်သော်လည်း ရပ်ရေးရွာရေးမှာ အင်မတန် စွာကျယ်၊ စွာကျယ်နှင့် ဝေဖန်ရေး လေ့ရှည်တတ်သော ဦးဘတင့် ဆိုသူက တစ်စခန်းထလာပြန်သည်။

"ဘတင့်..မင်း ဘာပြောပြန်ဦးမလို့လဲ"

သူ့အကြောင်းကိုသိထားသူ ဦးထွန်းပေါ်က ဦးဘတင့်ကို စေ့စေ့ကြည့်၍ လှမ်းမေးလိုက်၏။

"ကျုပ်ညီဘမြင့် အပြင်းဖျားနေလို့ ထတောင် မထနိုင်ဘူး။ အဲဒါကျတော့ရော ဘယ်လိုသဘောထားကြမလဲ။ ဖျားနာနေတယ်ဆိုတာ ဂိလာန.."

"ဟာ..ဦးလေးဘတင့်ကလည်း ဘာတွေလာပြောနေတာလဲ။ အပြင်းဖျားနေရင် ဆေးတိုက်ပေါ့ဗျ။ ဒီကလူတွေ ဘာလိုက်လုပ်ပေးရမလဲ"

စိတ်မရှည်သူ လူငယ်တစ်ယောက်က ထအော်လိုက်၏။

"ဒါ..ဒါဆို ငါ့ညီဘမြင့် ဝေစုမရဘူးပေါ့။ သူကြီးပြောတော့ တစ်ရွာလုံးဆိုက္ခ"

ဖျားနာနေသော သူညီဘမြင့် ရွှေဒင်္ဂါးဝေစုမရမှာ ပူပန်နေသော ဦးဘတင့်က ကာလသားလေးတစ်ယောက် ပြောသည်ကို မအေးနှမ ထဆဲတော့သည်။

"ဒီမှာ ဟေ့ကောင် ဘတင့်..ငါ ပြောမယ်။ ဖျားနာနေလို့ လမ်းဖောက်ရာမှာ မပါလည်း ရမှာပဲ။ ဘာမှပူမနေနဲ့။ ဒီရွာမှာ ငါက သူကြီးလုပ်ပြီး အုပ်ချုပ်နေတဲ့လူပါကွ။ ကိုယ့်ရွာသားအားလုံးကို ငါမှတ်မိတယ်။ အေး..တစ်ခုတော့ရှိတာပေါ့ကွာ။ လူမောင်တို့လို အကောင်မျိုးတွေ ဒီကနေ့ လမ်းဖောက်ရမယ်ဆိုတာ သူကြီးအမိန့်နဲ့ တစ်ရွာလုံးကို ငါဆော်သြထားပေမယ့် ချိုးဆောင်၊ ခါဆောင် အကြောင်းပြပြီး ထွက်ရှောင်နေတာတော့ မပေးနိုင်ဘူး။ သူချိုးတည်၊ ခါဆောင်အလုပ်က ဘယ်လောက်အရေးကြီးလဲ"

ရွာတွင် လယ်မဲ့ယာမဲ့နှင့် မုဆိုးတစ်ပိုင်း လုပ်စားနေသော လူမောင်ဆိုသူကို လမ်းဖောက်ရာတွင် မပါရကောင်းလားဟု သူကြီးဦးထွန်းပေါ်က အကွက်ဝင်သဖြင့် ဒေါသနှင့် ပြောခြ၏။

www.burmeseclassic.com

www.burmeseclassic.com

"ကို..ကိုကြီးထွန်းပေါ်၊ ကျုပ်တူလေးကို အဲဒီလိုတော့ ပစ်စလက်ခတ် မပြောပါနဲ့ဗျာ။ လူမောင်ခမျာမှာ ချိုးတည်၊ ခါထောင်တာတောင် သူမိန်းမ ဖင်မလုံရှာပါဘူး။ ချိုးတည်၊ ခါထောင်လို့ ပေါပေါများများရရင် ကိုကြီးထွန်းပေါ်ကို လည်း ပေးစားသားပဲဗျ။ ကျေးဇူးတရားလေးတော့ သိတတ်ပါတယ်။ သူလည်း ဒီရွာက လူတစ်ယောက်။ ထမ်းရမင်း ကျွန်ထဲ စာရင်းဝင်သူပါ။ လူမောင်ကိုလည်း ပေးသင့်တာပေါ့"

လူမောင်၏ ဦးလေးအရင်းခေါက်ခေါက် ဦးဘကျော်၏ စကားကို သူကြီးဦးထွန်းပေါ်က ခေါင်းကုတ် စိတ်ရှုပ်သွားစဉ် မိဘများ မအားလပ်၍ ကိုယ်စားပြုပြီး လုပ်အားပေးနေသော ကလေးများကလည်း တစ်စခန်းထလာကြပြန်သည်။

မိဘများ မအားလပ်၍ ကိုယ်စားလာလုပ်နေကြသော ကလေးများကို တစ်ဝက်ပေးမည်လား၊ အပြည့်ပေးရမည်လားဆိုသော ပြဿနာပင်။

နောက်တော့ အားလုံးညှိနှိုင်းသဘောတူချက်အရ ရွာရှိ အိမ်ထောင်စုတိုင်းကို အညီအမျှဝေပေးကြရန် သဘောတူကြလေသည်။

"ကောင်းပြီ၊ ဒါထက်အရေးကြီးတာ ကျုပ် တစ်ခုပြောဦးမယ်။ ဒါ အစိုးရမင်းများနဲ့ဆိုင်တဲ့ ကိစ္စဆိုတော့ ဒီစကား ဘယ်လူမှ မပေါက်ကြားစေနဲ့။ ပေါက်ကြားရင် ကျုပ် အရင်ဆုံး ထိမ်ချုန်လိမ်လည်မှုနဲ့ အရေးယူခံရမယ်။ ကိုယ့်ကလေးပါးစပ်တွေ ကိုယ်ထိန်းသိမ်းကြ။ တောပြောတောင်ပြော လုံးဝမပြောကြစေနဲ့။ ပြီးတော့ ခု ဒီအထဲမှာ တခြားရွာသားတွေ ရောက်လို့ပေါက်လို့ရှိလား။ တခြားရွာသားတွေကိုတော့ တစ်ပြားတစ်ချပ်မှ မပေးနိုင်ဘူးနော်။ ဒါကို ဆယ်အိမ်ခေါင်းတွေက ချက်ချင်းစစ်ဆေးကြည့်ကြပါ။ အားလုံးသဘော တူကြတယ်မဟုတ်လား"

ဦးထွန်းပေါ်၏ စကားကို အားလုံးသဘောတူကြကြောင်း ပြန်ပြောကြပြန်သည်။

အခြေအနေမှာ အားလုံးငြိမ်သက်သွားကြပြီဖြစ်သဖြင့် ရွှေအိုးကြီးဖော်ဖို့ကိစ္စကို ဦးထွန်းပေါ်က စတင်လိုက်သည်။

"မောင်ထွား၊ ဖယ်စမ်းပါဦးကွ။ လွတ်လွတ်ကျတ်ကျတ် ငါကြည့်ပါ့မယ် ဆိုနေ"

ပေကပ်ကပ်လုပ်ချင်နေသေးသော ဦးထွားကို ဤတစ်ခါတော့ ရဲရဲဝံ့ဝံ့ပြောပြီး သူကြီးဦးထွန်းပေါ် အိုးကြီးနား ကပ်သွားသည်။

ရွာသူရွာသား ကလေးငယ်များမှာ အပ်ကျသံကိုပင် ကြားရလောက်မတတ် တိတ်ဆိတ်ငြိမ်သက်နေကြသည်။

အိုးကြီးမှာ စောစောက ဦးထွားပြောသလို ကြေးအိုးကြီးတစ်လုံးပင်။ စောက်အမြင့်မှာ လူကြီးရင်စို့သာသာရှိပြီး လုံးပတ်မှာလည်း လူကြီးနှစ်ယောက်ဖက်ကျော်ကျော် ရှိလေသည်။

ဦးထွန်းပေါ်သည် လမ်းမြေကမူစောင်းနှင့် လွတ်လွတ်ကျွတ်ကျွတ်ပင် မရှိသေးသော အိုးကြီးကို သေသေချာချာကြည့်၏။ အထဲမှာ ရွှေဒင်္ဂါးပြားများသာ ရှိလျှင်တော့ဟူသော အတွေးနှင့် ကြေးအိုးကြီး၏အဖုံးကို သံတူရွင်းနှင့် ကတုန်ကယင် ကလော်လိုက်သည်။

ကြေးအိုးကြီးအဖုံး ပွင့်သွားသည်နှင့် တစ်ပြိုင်နက် သူကြီးဦးထွန်းပေါ်၊ ဦးထွား၊ ဆယ်အိမ်ခေါင်း၊ ဦးရွှေအောင်၊ ဦးကျော်တင့်တို့က သူထက်ငါဦး ခေါင်းချင်းတိုက်၍ အိုးကြီးထဲ ငုံ့ကြည့်ကြ၏။

ဘာတွေလဲဟူသော သိလိုစောနှင့် ရွာသူရွာသား ကလေးသူငယ်များအားလုံးမှာ အသက်ပင် မရှူမိကြဘဲ ငေးစိုက်ကြည့်နေကြ၏။

"ဘာအရည်လဲဟ၊ မွေးသလိုပဲ"

သူကြီးဦးထွန်းပေါ်က ပထမဦးဆုံး ကြေးနီအိုးကြီးထဲ အလျင်စလို လက်ညှိုးနှင့် ထိုးကော်ပြီး နမ်းကြည့်သည်။

"ဟာ..ပျားရည်အိုးကြီးပဲဗျို့။ ကြည့်စမ်း၊ ချစ်တီးကြီးက ပျားရည်ကို ဆေးစိမ်မြေမြှုပ်ပြီး နှစ်ချို့ထားသောက်တာကိုး။ ချစ်တီးကြီး ကုလားပြည်ပြေးတော့ ဒီပျားရည်အိုးကြီး ကျန်နေခဲ့တာ ဖြစ်ရမယ်"

သူကြီးဦးထွန်းပေါ်က ရွာသူရွာသားများကို လှည့်လည်ပြောနေစဉ် ဆယ်အိမ်ခေါင်းတစ်ယောက်နှင့် ပျားရည်အိုးကို ဦးဆုံးတွေ့သူ ဦးထွားတို့ကလည်း ဦးထွန်းပေါ်နည်းတူ ပျားရည်အိုးကြီးထဲ လက်ညှိုးထိုးနှိုက်ပြီး စမ်းမြည်းကြ၏။

"မြေကြီးထဲ နှစ်ချို့လောင်ထားလို့လားမသိဘူး ကောင်းလိုက်တဲ့ ပျားရည်ဗျာ။ တစ်စက်၊နှစ်စက် လျက်လိုက်ရုံနဲ့ကို အားခွန်ဗလတွေ ချက်ချင်းပြည့်လာသလိုပဲ"

ဆယ်အိမ်ခေါင်း ဦးကျော်တင့်က မှတ်ချက်ချသည်။

"အဲဒါကြောင့် ပြောတာပေါ့ ကျောင်းဒကာရဲ့၊ ပျားရည်ဆိုတာ ပန်းမျိုးစုံကို ပျားတွေကစုပ်ပြီး စုဆောင်းတဲ့ ပန်း

www.burmeseclassic.com

www.burmeseclassic.com

ခေါင်းဆီဗျ။ ဘယ်အားမရှိဘဲ နေပါ့မလဲ။ ပျားရည်ရဲ့သတ္တိက ဘာ ဘယ်လောက်ထူးခြားသလဲဆိုရင် နှစ်ဘယ်လောက်ကြာကြာ ပုပ်သိုးသွားတယ်ဆိုတာ လုံးဝမရှိဘူး။ ပျားရည်နဲ့ စိမ်ထားတဲ့ ပစ္စည်းဆိုရင်လည်း သစ်သီးဝလံကစပြီး ဘာမဆို စိမ်ထား၊ စိမ်ထား ဘယ်လောက်ကြာကြာ မပုပ်မသိုးဘူး။ အဲဒါကြောင့်လည်း ယောအတွင်းဝန် ဦးဘိုးလှိုင်ရဲ့ ဥတ္တရာနေသင်္ဘော ဆေးကျမ်းမှာ ပျားရည်သည် သုက်ကို ကြာရှည်စေသည်။ အပူအပုပ်..'

'ဟဲ့..ဟဲ့..အဲသလို တစ်ယောက်တစ်ပေါက် စည်းမဲ့ကမ်းမဲ့ မလုပ်ကြပါနဲ့ကွ။ ငါ အားလုံးကို ဝေပေးပါ့မယ်'

ပျားရည်ဆိုသဖြင့် စိတ်မဝင်စားသူတွေရှိသလို တချို့ကလည်း ချစ်တီးကြီး ဆေးစိမ်သောက်သော ပျားရည်ဆိုသဖြင့် ဗဟုသုတမြည်းကြည့်ချင်သူများရှိရာ ပျားရည်ကြေးအိုးကြီးနား ဝိုင်းလာပြီး သူနှိုက်ငါနှိုက် နှိုက်ကြပြန်သည်။

ဤသည်ကို ရွာသူကြီးဦးထွန်းပေါ်မှာ ကမန်းကတန်း ဆီးနှင်းရပြန်၏။

'ဟေ့ကောင် ကျော်မြ၊ ပေါလူတို့အိမ်မှာ ဖွန်းတစ်ချောင်း မြန်မြန်ပြေးယူစမ်း။ မင်းတို့ကို ငါ အားလုံး တစ်ခွန်းစီ ဝေတိုက်မယ်။ ငြိမ်ငြိမ်နေကြ။ ကျော်မြရေ...ကြွေခွန်း၊ ဒန်ဖွန်းတွေလည်း ယူမလာနဲ့ဦးဟ။ ကြေးဖွန်းပဲ ယူလာခဲ့။ ချစ်တီးကြီးက ကြေးအိုးနဲ့ စိမ်ထားတာဆိုတော့ ကြေးမှ ဓာတ်စီးပြီး အာနိသင်ပိုရှိမှာ။ တခြားဖွန်းတွေနဲ့ဆို အဖွမ်းမထက်ဘဲ နေပါဦးမယ်ဟ။ ဟေ့ကောင်လေး၊ ငါပြောတာ ကြားလား'

ကြေးဖွန်း သွားပြေးယူသော ကျော်မြကို လှမ်းပြောရသလို သူကြီးဦးထွန်းပေါ်မှာ လူအုပ်ကြီးကိုလည်း ထိန်းထားရသည်။

'မင်းတို့ မသောက်လိုက်ရတဲ့လူ၊ မသောက်ဖူးတဲ့လူ ရယ်လို့ တစ်ယောက်မှ မကျန်စေရဘူး။ ချစ်တီးကြီး နှစ်ချို့ ပျားရည်က အသက်ရှည်အောင် ဆေးတွေဘာတွေနဲ့ စိမ်ထားတာဆိုတော့ သိပ်ကောင်း သိပ်အရသာရှိတယ်။ ငါ ဦးဆုံးမြည်းကြည့်ပြီး မင်းတို့အားလုံး သောက်ရစေမယ်။ စိတ်ချလက်ချ ငြိမ်ငြိမ်နေကြစမ်းပါ'

ကျော်မြ ပြန်ပြေးရောက်လာ၍ ကြေးဖွန်းတစ်လက်ပါလာသောအခါ သူကြီးဦးထွန်းပေါ်နှင့် ဆယ်အိမ်ခေါင်း နှစ်ယောက်တို့မှာ လူအုပ်ကြီးကို တစ်ယောက်တစ်ဖွန်းကျစီ အလှည့်ကျ ဝေငှတိုက်ပေးကြရသည်။

ဆယ်အိမ်ခေါင်း ဦးရွှေကျော်ပျားရည်ကို ဝေတိုက်နေစဉ်-

'ဟာ..အိုးကြီးထဲမှာ ဒါကြီးက ဘာတုန်းဟ' ဟု ဆိုလိုက်သဖြင့် သူကြီးနှင့် ဆယ်အိမ်ခေါင်း၊ ကျန်တစ်ယောက်တို့က ပျားရည်အိုးထဲ ငုံ့ကြည့်ကြ၏။

'ဆေးမြစ်တုံးကြီးလား ကိုရင်ရွှေကျော်'

ဦးထွန်းပေါက မေး၏။

'ဟုတ်မယ်ထင်တယ်။ ကဲ..ရေအိုးပါရင် ပေးကြဦး။ ရေမှုတ်ပါ ယူခဲ့။ ပျားရည်လှယ်ထည့်ပြီး ကြည့်ကြရအောင်'

ချက်ချင်းပင် သူကြီးဦးထွန်းပေါ်နှင့် ဆယ်အိမ်ခေါင်း နှစ်ယောက်ကြားထဲ ရေမှုတ်နှင့် ရေအိုးနှစ်လုံး ရောက်လာ၏။

'ဟေ့..နှစ်ချို့ပျားရည် မသောက်ရသေးတဲ့လူတွေ ငြိမ်ငြိမ်နေကြနော်။ နှစ်ခါပြန်လည်း ဝင်မလာကြနဲ့ဦး။ ဒါလှယ်ပြီးရင် ဆက်ဝေမယ်'

ကြေးနီအိုးကြီးထဲတွင် ဘာမှန်းမသိ တွေ့ပြန်ပြီဆိုသဖြင့် လူတွေမှာ တစ်ဖန် စိတ်လှုပ်ရှားလာကြပြန်သည်။ ထို့ကြောင့် ပျားရည်လှယ်ထည့်နေကြသော တောင်ကမူစောင်းရှိ သူကြီးနှင့် ဆယ်အိမ်ခေါင်းများရှိရာသို့ ဝိုင်းပါ စိုက်ကြည့်လာကြပြန်သည်။

ဆယ်အိမ်ခေါင်း ဦးရွှေကျော်သည် ပျားရည်လှယ်ထည့်နေရာမှ ကြေးနီအိုးထဲ ဆတ်ခနဲ ငုံ့ကြည့်လိုက်၏။ ရေမှုတ်နှင့်လည်း ပေါလာသောအရာဝတ္ထုကို ခေါက်ကြည့်လိုက်သည်။

'ဘာလဲ ကိုရင်။ ရွှေ..ရွှေထုပ်များ'

'ဟာ..ဝေါ့..ဝေါ့'

'ဟင်..ဝေါ့..အော့..ဝေါ့'

ပျားရည်ကြေးအိုးကြီးထဲ အရင်ဦးဆုံး ငုံ့ကြည့်နေကြသော ဦးထွန်းပေါ်နှင့် ဆယ်အိမ်ခေါင်း နှစ်ယောက်က

www.burmeseclassic.com

www.burmeseclassic.com

တဝေါ့ဝေါ့ တအော့အော့ ထိုးအန်နေကြသည်ကို မြင်ရသော အခါ ရွာသူရွာသားများမှာလည်း ဘာပါလိမ့်ဟု အတင်း ဝိုင်းလာ ထိုးကြည့်ကြသည်။

"ဘာလဲဟာ၊ ဘာလဲ၊ ရွေထုပ်.."

"ဝေါ့"

"ဝေါ့"

"အော့"

"အော့"

"ဝေါ့"

ရုတ်တရက်မူ သူကြီးဦးထွန်းပေါ်မှာလည်း မေးလာသူ များကို ပြန်မပြောနိုင်သေး။ တဝေါ့ဝေါ့ တအော့အော့ ဖိုက်ကိုနှိပ်၍ ထိုးအန်နေလေ၏။

သို့သော် သူမျက်စိထဲ မြင်နေရသည့် အရာမှာကား ခိုတိပိတ်ဖြူဝတ်ကာ နှစ်ချို့ပျားရည်အိုးထဲ မျက်လုံးအပြူး သားနှင့် ဆောင့်ကြောင့်ငုတ်တုတ်ထိုင်နေသော ချစ်တီး ကုလားကြီးပင်။

"ကု..ကုလား၊ မ..မသာဗျို့၊ ကုလားမသာ။ ပျား ရည်အိုးထဲမှာ ဝင်ထိုင်နေတယ်"

ရွာသားတစ်ယောက်က ပျားရည်အိုးထဲ ငုံကြည့်ပြီး အော်ပြောလိုက်ရာ နှစ်ချို့ပျားရည် သောက်ထားသူအားလုံး မှာ တဝေါ့ဝေါ့ တအော့အော့ ထိုးအန်ကြတော့သည်။

"ဝေါ့"

"ဝေါ့"

"အော့"

"အော့"

ရွာသားကြီး ပြောသည်မှာ အမှန်ပင်ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာ၍ ပြေးရခါနီးတွင် ရုတ် တရက် သေဆုံးသွားသော ချစ်တီးကုလားကြီးအား သူ မိသားစုက သူတို့ခလေ့ထုံးစံအရ သင်္ဂြိုဟ်ရန် အချိန်မ သဖြင့် မပုပ်မသိုးအောင် ပျားရည်နှင့် စိမ်ထားခဲ့ကြခြင်း ဖြစ်လေသည်။

သူတို့မိသားစု၏သဘောမှာ တိုင်းပြည်အေးချမ်းမှ သူ တို့တိုက် သူတို့ပြန်လာပြီး လယ်ပိုင်ရှင်ချစ်တီးကုလား သူ့ဘေ ကြီးအား ခမ်းခမ်းနားနား သင်္ဂြိုဟ်ကြရန် ဆေးပျားရည် စိမ်ထားခဲ့ကြကြောင်း နောက်မှ သိကြရလေသည်။

ဖိုးကျော့

ဘုရားသုံးဆူ တည်ပို့ရန်အတွက် အဘဝဒိဋ္ဌာတို့ရဲ့ အိမ်မက်ပေးစေခိုင်းချက်အရ

အထူးအဓိဋ္ဌာန်ဖြင့် သာသနာပြုလျက်ရှိသော

ဆရာမကြီး ဒေးဗိုဝိုး

စိတ်မနှောအာရုံ အကြားအမြင်လက္ခဏာဖြင့် (၇)ရက်သားသမီးမွေးတို့မှာ ဖြစ်ပေါ်တတ်သည့် ပညာရေး၊ စီးပွားရေး၊ အချစ်ရေးနှင့် အိမ်ထောင်ရေး၊ ကလေးအမည်ပေးခြင်း၊ ဆိုင်းအမည်ပေးခြင်း၊ အိမ် မြို၊ ကား၊ တိုက်ခန်း၊ ငါးကွက်၊ ရောင်းရန်.ဝယ်ရန်နှင့် ရာထူးတိုးရန်အတွက် အကြောင်းအရှေ့ပြုလုပ်ခြင်း၊ မင်္ဂလာရက်ရွေးခြင်းနှင့် တခြားသောကိစ္စအဝဝ အားလုံးတို့ကိုပါ အထူးယဉ်ကြာ၊ ဓာတ်ရိုက်ဓာတ်ဆင်ပညာဖြင့် ဆရာမကြီးက ပေတွာ၊ ဓေတနာ ရရှိထားပြီး အထူးဆောင်ရွက် ကူညီပေးနေပါသည်ရှင်။ အားလုံးသော ခုနစ်ရက်သားသမီးအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

ရွှေတိဂုံဘုရားတောင်ဘက်မုခ်၌ရှိသော မဟာဝိဇယဘုရား(မြောက်ဘက်မုခ်)၊ ဓာတ်နန်းအမှတ်(၇)၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၅၅ ၉၅၂ ၅၂၀ ၊ ၀၉ ၄၂၁ ၀၂၁ ၁၆၈

www.burmeseclassic.com

www.burmeseclassic.com

ကောင်းသော ဘာပြစ်ရပ်ဌာနေ ပျံလေသည်မှန်း

'ကယ်ကြပါဦး၊ လာကြပါဦး'

'ကျွန်ုပ်တို့ကို ကယ်ကြပါ'

နံနက်စောစော ပတ်ဝန်းကျင်တစ်ခွင်လုံး နှင်းများ ပိတ်ဆီးနေချိန် အော်သံက နှင်းထုကို ဖောက်ထွက်လာပါသည်။ ထူးခြားသည်မှာ အော်သံသည် မိန်းမသံ မဟုတ်သလို ကလေးသံလည်း မဟုတ်ပါ။ သေသေချာချာ နားထောင်သော်လည်း လူအော်သံနှင့် မတူသလို ဖြစ်နေသည်။

အောင်ချစ်သည် ပထမဆုံးထွက်မည့်ကားနှင့်လိုက်ရန် ကားဂိတ်သို့ လမ်းလျှောက်လာစဉ် အော်သံကြား၍ ဆက် မလျှောက်သေးဘဲ ရပ်ပြီး စောင့်နေခဲ့သည်။ အော်သံကို နားထောင်ကြည့်ရာ လမ်းမကြီးပေါ်က မဟုတ်ဘဲ လင်းသွယ်က ဖြစ်နိုင်ကြောင်း သိရသည်။

'လာကြပါ..ကယ်ကြပါ။ ဒီမှာ သတ်နေတယ်'

အော်သံက ပိုပိုနီးကပ်လာသဖြင့် လျစ်လျူရှုရန် မသင့်သဖြင့် အခြေအနေမှန် သိရအောင် လမ်းသွယ်ဘက်သို့ လျှောက်ခဲ့သည်။ နှင်းများ ပိတ်နေသဖြင့် သဲသဲကွဲကွဲမမြင်ရသော်လည်း လူနှစ်ယောက် ဆွဲလားလွဲလား လုပ်နေသည်ကို အနီးရောက်မှ မြင်ရသည်။ တစ်ဦးကဆွဲသလို တစ်ဦးက ရုန်းနေပါသည်။ အနီးရောက်မှ ဘိုးတာတေ ဖြစ်နေကြောင်း ထင်ထင်ရှားရှား မြင်ရတော့သည်။ ဘိုးတာတေကို လူတစ်ယောက်က အတင်းဆွဲနေခြင်း ဖြစ်သည်။

ဘိုးတာတေမှာ အသက်ခြောက်ဆယ်ကျော် စိတ်မနှံသူ တစ်ဦးဖြစ်၍ သုသာန်ဇရပ်တွင် နေတတ်သူ ဖြစ်သည်။ အသက်အရွယ်ကြီးရင့်သူကို

www.burmeseclassic.com

www.burmeseclassic.com

နောင့်ယှက်နေသူကို သေသေချာချာ မြင်ရာမှ ဒိုးလုံးဖြစ်ကြောင်း သိရသည်။ ဒိုးလုံးမှာ အရက်သမားဖြစ်၍ အရက်ဒိုး မရှိက ခိုးတတ်သူ လူရမ်းကား ဖြစ်သည်။

အောင်ချစ်သည် သူတို့နှစ်ယောက်၏ အဖြစ်ကို မြင်လိုက်သည်နှင့် သဘောပေါက်သွားပါသည်။ ဒိုးလုံးက ဘိုးဘာတေကို အနိုင်ကျင့်နေသည်မှာ သေချာပါသည်။ ကယ်ကြပါဟု အော်သူမှာ ဘိုးတာတေ မဖြစ်နိုင်သဖြင့် ပတ်ဝန်းကျင်ကို ရှာဖွေကြည့်ရာ သစ်ကိုင်းနှိမ့်နိမ့်တွင် နားနေသောကြက်တူရွေးကြီးတစ်ကောင်ဖြစ်ကြောင်း သိလိုက်ရသည်။ အောင်ချစ်သည် မတရားလုပ်နေသော ဒိုးလုံးကို အော်လိုက်သည်။

"ဒိုးလုံး..အဘိုးကြီးကို လွှတ်လိုက်"

ဒိုးလုံးသည် ဘိုးတာတေ၏ အင်္ကျီစကို ဆွဲထားရာက လွှတ်မပေးသေးဘဲ အောင်ချစ်ကို လှည့်ကြည့်နေပါသည်။

"ဒိုးလုံး..ဘိုးတာတေကို ချက်ချင်းလွှတ်လိုက်"

ဒိုးလုံးမှာ အောင်ချစ်ကို ငယ်ကြောက်ဖြစ်၍ မကျေနပ်နှင့် ဘိုးတာတေ၏ အင်္ကျီစကို လွှတ်လိုက်သည်။

"ဘယ်လိုဖြစ်ကြတာလဲ။ ပြောကြစမ်းပါဦး"

အောင်ချစ်၏ အမေးကို ဒိုးလုံးက မပြောသော်လည်း ဘိုးတာတေက ဖြေလိုက်သည်။

"ကျုပ်ဆီက ဝိုက်ဆံတွေကို အတင်းလုယူနေတာပါ"

"ဒိုးလုံး..လူကြီးကို မလုပ်ကောင်းဘူးလေ။ ဘိုးတာတေရဲ့ ဝိုက်ဆံကို ပြန်ပေးလိုက်"

"ကျွန်တော် အရက်ဖိုးမရှိလို့ လုပ်တာပါ။ သူ့ဝိုက်ဆံပြန်ပေးလိုက်ရင် ကျွန်တော် ဘာနဲ့ အရက်သောက်ရမှာလဲ"

"အဘိုးဝိုက်ဆံအားလုံး ပြန်ပေးလိုက်။ အရက်ဖိုး ငါပေးမယ်"

အောင်ချစ်က အိတ်ထဲက နှစ်ရာတန်တစ်ရွက် ထုတ်ပေးလိုက်ရာ ဒိုးလုံးက ဘိုးတာတေထံမှ လုယူထားသော ငါးဆယ်တန်၊ ငါးဆယ်တန်နှင့် တစ်ရာတန်တစ်ရွက်ကို ဘိုးတာတေထံ ပြန်ပေးပြီး ထိုနေရာက ထွက်ပြေးသွားပါတော့သည်။ ထိုအချိန်တွင် ကြက်တူရွေးသည် သစ်ကိုင်းမှ ထွက်လာပြီး ဘိုးတာတေ၏ ပခုံးပေါ်တွင် နားလိုက်သည်။

"ဘိုးတာတေ..ဒါ အဘိုးရဲ့ ကြက်တူရွေးလား"

"ကျုပ်မှာ အားကိုးစရာဆိုလို့ ဒီရွှေခဲပဲ ရှိပါတယ်။ ခုလည်း သူက အော်ပေးဖော်ရလို့ ကျုပ်ကို ကယ်မယ့်သူ ရောက်လာတာ မဟုတ်လား"

"ဒိုးလုံးက အမှုံးသမားပါ အဘိုး၊ သူ့ကို ခွင့်လွှတ်လိုက်ပါ"

"ခွင့်လွှတ်ပါတယ်။ ကျုပ်က သတ္တဝါအားလုံးကို ခွင့်လွှတ်ပြီးသားပါ"

"အဘိုးလည်း မနက်စောစော ဘာမှမစားရသေးဘူးထင်တယ်။ ကျွန်တော်နဲ့ လိုက်ခဲ့ပါ။ ကားဂိတ်က ဆိုင်မှာ တစ်ခုခုစားကြတာပေါ့"

အောင်ချစ်က ရှေ့က ထွက်သွားသဖြင့် ဘိုးတာတေ နောက်က လိုက်ခဲ့ပါသည်။ အောင်ချစ်သည် လက်ဖက်ရည်ဆိုင်တွင် ထိုင်လိုက်ပြီး ထမင်းကြော်နှစ်ပွဲ ကော်ဖီနှစ်ခွက် မှာလိုက်သည်။ ထမင်းကြော်ရောက်လာသောအခါ ဘိုးတာတေ၏ရှေ့တွင် ချပေးလိုက်ရာ ဘိုးတာတေမှာ ဆာဆာနှင့် အားပါးတရ စားသောက်လိုက်ပါသည်။

"ဘိုးတာတေ..နောက်တစ်ပွဲ စားဦးမလား"

"တော်ပါပြီ။ ကော်ဖီသောက်ရဦးမယ်"

ထိုအချိန်တွင် ပထမကား ထွက်တော့မည်ဖြစ်၍ ခရာမှုတ်သံ ကြားရသည်။ အောင်ချစ်က ကျသင့်ငွေများ ရှင်းပေးပြီး ကားဆီသို့သွားရန် ပြင်ဆင်လိုက်သည်။

"အဘိုး..ကျွန်တော်သွားတော့မယ်။ ကျွန်တော့်ကို ခွင့်ပြုပါဦး။ ကားထွက်တော့မယ်"

"မင်းက ဘာကိစ္စ ခရီးသွားမှာလဲ"

"မြို့မှာ အလုပ်တစ်ခု ပြောထားလို့။ အလုပ်ရလိုရငြားသွားမလို့ပါ"

"မင်း မသွားရဘူး"

"မသွားလို့မဖြစ်ဘူး အဘိုး။ ကားလက်မှတ်တောင် ဝယ်ပြီးပြီ။ သွားပါရစေ"

"ဒီနေ့တော့ လုံးဝမသွားရဘူး"

"ဘာပြုလို့လဲ အဘိုး"

"မင်းအတွက် အန္တရာယ်ရှိလို့ ပြောတာပေါ့။ ဒီကိစ္စ ဆက်မပြောနဲ့။ ဒီမှာတင် ရပ်လိုက်ပါ။ မင်းက ဘာအလုပ် လုပ်ချင်သလဲ ပြော"

"ဝင်ငွေရမယ့် အလုပ်တစ်ခုခုပေါ့ အဘိုးရယ်"

"ဒါဆို မင်း လက်ဖက်ရည်ဆိုင်ဖွင့်ပါလား"

"ဘယ်မှာ ဖွင့်ရမှာလဲ"

"ဒီကားဂိတ်မှာ ဖွင့်ပေါ့"

"ကားဂိတ်မှာက ဒီဆိုင်ရှိနေတာပဲ အဘိုး"

"ဒီ ... မကြာခင် ပိတ်ရတော့မှာ"

www.burmeseclassic.com

www.burmeseclassic.com

"ဘာကြောင့် ဒီဆိုင်ပိတ်ရမှာလဲ"

"သူအကြောင်းနဲ့ သူပေါ့ကွာ။ မင်း ဆိုင်ဖွင့်ချင်တယ်ဆိုရင် စဉ်းစားထား"

ထိုအချိန် မြို့သို့ထွက်မည့်ကား ထွက်သွားပါသည်။ အောင်ချစ်သည် မြို့သို့သွားရန် ရည်ရွယ်ထားသော်လည်း မြို့သို့ မသွားဖြစ်သဖြင့် ဘာဆက်လုပ်ရမည်ကို စဉ်းစားမရဖြစ်နေစဉ် ဘိုးတာတေက ထွက်သွားပါသည်။ ဘိုးတာတေ၏ ပခုံးပေါ်တွင် ပါသွားသော ကြက်တူရွေးကြီးက နှုတ်ဆက်သွားပါသည်။

"သွားပါဦးမယ်။ ကျေးဇူးတင်ပါတယ်"

သူတို့သုသာန်ဆီသို့ ထွက်သွားခြင်းဖြစ်သည်။ အောင်ချစ်က ငိုင်နေပြီးမှ အိမ်သို့ပြန်ခဲ့သည်။ ဇနီးသည်က ဘာကြောင့် မြို့သို့ မသွားကြောင်း မေးနေသဖြင့် ကားမမီလို့ မလိုက်ဖြစ်ကြောင်း မုသားပြောလိုက်ရသည်။

နေ့လယ်စာ စားပြီးသည်နှင့် ဘုန်းကြီးကျောင်းသို့သွားရန် ကိစ္စတစ်ခုရှိ၍ အိမ်မှထွက်ခဲ့သည်။ ဘုန်းကြီးခိုင်းသည့် အလုပ်များ လုပ်ပေးပြီး ညနေစောင်းမှ အိမ်သို့ ပြန်ရောက်ပါသည်။ အိမ်သို့ ရောက်သည်နှင့် ဇနီးသည်၏ ဆီးကြို့ပြောစကားကြောင့် အံ့သြတုန်လှုပ်ခဲ့ရပါသည်။

"ကိုအောင်ချစ်..ရှင် မနက်ကားနဲ့ မြို့ကို မလိုက်ဖြစ်တာ နတ်ကောင်းမ,တာပဲ။ မနက်ကထွက်တဲ့ကား လမ်းမှာ ချောက်ထဲကျပြီး..ကားမီးလောင်တယ်။ သေတဲ့လူတွေ၊ ဒဏ်ရာရတဲ့လူတွေ မြို့ဆေးရုံကို ပို့ပေးနေတယ်လို့ ကြားရတယ်။ ရှင် ကံကောင်းတာပေါ့"

အောင်ချစ် တွေးမိသည်မှာ သူ့ကို ဘိုးတာတေက ကယ်လိုက်ခြင်းဖြစ်သည်။ ဘိုးတာတေကို အရူးဆိုပြီး လျှော့မတွက်သင့်ကြောင်း သဘောပေါက်ခဲ့ရသည်။ နောက်နှစ်ရက်ခန့်အကြာတွင် အိမ်ချင်းကပ်လျက်အိမ်က ကိုကျော်က အံ့သြစရာ ပြောပါသည်။

"ကားဂိတ်က လက်ဖက်ရည်ဆိုင် ပိတ်လိုက်ပြီ"

"ဘာပြလို့ ပိတ်လိုက်တာလဲ။ အရောင်းအဝယ်လည်း ကောင်းနေတယ်ဆို"

"အရောင်းအဝယ်ကောင်းပေမယ့် ဆိုင်ရှင်က ဖဲရုံးလို့ အကြွေးတွေ ငိုင်နေတာ။ အကြွေးရှင်တွေကို ရှိသမျှမစ္စည်း ခွဲဝေပေးဆပ်လိုက်ရတယ်"

"ငါ့ကိုလည်း အကြွေးဆပ်တဲ့အနေနဲ့ ဆိုင်ကို ရလိုက်တယ်လေ"

"ခင်ဗျား တကယ်ပြောနေတာလား"

"တကယ်ပေါ့ကွ။ လက်ဖက်ရည်ကို ငါ ပိုင်သွားလေ"

"ဒါဆိုရင် ဆိုင်ငှားမယ့်လူတွေ့ရင် ခင်ဗျားငှားမှာလား"

"စိတ်ချရတဲ့လူ တွေ့ရင် ငှားမှာပေါ့"

ကိုကျော်၏စကားကို ကြားလိုက်ရ၍ အောင်ချစ် ခေါင်းသာသွားပါသည်။ ဘိုးတာတေ၏ စကားများ မှန်ကန်နေသည်။ ထိုဆိုင်ကို ငှား၍ရမည်ဆိုပါက ဆိုင်ဖွင့်ရန် မခက်တော့ပါ။ ထိုဆိုင်ကို ဖွင့်ဖြစ်အောင် ဖွင့်ရမည်ဟု စဉ်းစားမိသည်။ ထိုကိစ္စအတွက် ဘိုးတာတေကို တိုင်ပင်သင့်သည်ဟု ထင်သည်။ ဘိုးတာတေထံသွားရန် ငှက်ပျောဖီးကြီး တစ်ဖီး ဝယ်လိုက်သည်။ ဘိုးတာတေအတွက် ညစာ အသားချနိုင်ရန် ငှက်ပျောဖီးကိုဆွဲ၍ အိမ်က ထွက်ခဲ့သည်။

ညနေဝိုင်း ကျောင်းဆင်းချိန်ဖြစ်၍ ကျောင်းသားများ အော်ဟစ်သံများ ဆူညံနေသံများ ကြားရသည်။ ကျောင်းသားများ ရန်ဖြစ်နေသည်ဟု အနီးကပ်ကြည့်မှ မြင်ကွင်းသဲသဲကွဲကွဲ တွေ့ရတော့သည်။ ကျောင်းသားများက ဘိုးတာတေကို ခဲများဖြင့် ဝိုင်း၍ပေါက်နေသည်ကို တွေ့လိုက်ရသည်။ ဘိုးတာတေမှာ ခုန်လိုက် ရောင်လိုက်နှင့် ခုန်ခုန်ခုန်ဆွ ဖြစ်နေသော်လည်း မှန်သည့်ခဲက ထိမှန်သည်ကို မြင်ရ၍ အောင်ချစ်က အော်လိုက်သည်။

"ဟေ့..ကလေးတွေ၊ လူကြီးကို ဒီလိုမလုပ်ရဘူး"

အောင်ချစ်က အော်၍ပြောသော်လည်း ကလေးများက အဝေးမှ ခဲများဖြင့် ပစ်တုန်းရှိသည်။

"အရူးကြီး..ဒီအရူးကြီးကို မှန်အောင်-ပစ်ကြ"

အောင်ချစ်ကပြေး၍ ဘိုးတာတေ၏ရှေ့မှ ရပ်လိုက်ကာ ခဲပစ်ခြင်းကို ရပ်လိုက်ကြသည်။

"ကဲ..ကလေးတို့၊ ပြန်ကြပါတော့"

အောင်ချစ် တောင်းပန်လိုက်မှ လူကလေးများ လူစုခွဲကာ ပြန်သွားကြတော့သည်။ ကလေးများ မရှိမှ ဘိုးတာတေက စတင်ပြောပါသည်။

"မောင်ရင်က ဘယ်သွားမှာလဲ"

"အဘိုးဆီကို လာတာပါ။ အဘိုးပြောတာတွေ သိပ်မှားတော့ ဟိုနေ့က မြို့သွားမယ့်ကားနဲ့ မလိုက်ဖြစ်အောင် အားထားလို့ ကျွန်တော် ကံကောင်းသွားတယ်။ လက်ဖက်ရည်ဆိုင် ဖွင့်ဖို့ကိစ္စလည်း အလိုလိုဖြစ်လာတာပဲ"

"အဲဒါတွေ ထားလိုက်ပါတော့။ မောင်ရင် လက်ဖက်

www.burmeseclassic.com

www.burmeseclassic.com

ည်ဆိုင်ဖွင့်ဖို့ စဉ်းစားပြီးပြီလား"

"ဟုတ်ကဲ့၊ စဉ်းစားပြီးပါပြီ။ လက်ဖက်ရည်ဆိုင်ဖွင့်ရင် အကျိုးအမြတ်ရှိ,မရှိ သိချင်လို့ အဘိုးဆီ .လာခဲ့တာပါ"

"အကျိုးအမြတ်မရှိတဲ့အလုပ် ကျွပ်က တိုက်တွန်းပါ့မလား။ လက်ဖက်ရည်အပြင် ထမင်းဆိုင်နဲ့ စတိုးဆိုင်သုံးဆိုင်ဖွင့်ရမယ်။ သုံးဆိုင်အတွက် စိတ်ချရမယ့်လူတွေ အသင့်ရှာထားပေတော့"

"လက်ဖက်ရည်ဆိုင်ဖွင့်ရင် အဘိုးနေ့တိုင်း လက်ဖက်ရည် လာသောက်ရမယ်"

"ကျွပ် မသောက်နိုင်တော့ဘူး။ ကျွပ် သွားရတော့မယ်"

"အဘိုးက ဘယ်ကိုသွားမှာလဲ"

"ကျွပ် မသိသေးဘူး။ အထက်ကလွှတ်ရာ သွားရမှာပေါ့"

"အဘိုးမရှိရင် ဒီဆိုင်သုံးဆိုင်မှာ ဘာတွေလုပ်ရမယ်ဆိုတာ ဘယ်သူက အကြံပေးမှာလဲ"

"ဒါအတွက် မပူပါနဲ့။ ကျွပ် အားလုံးစဉ်းစားပြီးပြီ။ ဒီမှာ မောင်ရင့်ကို အကြံပေးဖို့ အကြံပေးပုဂ္ဂိုလ်ကို တစ်ခါတည်း အပိုင်ပေးခဲ့မယ်"

ဘိုးတာတေက သူပခုံးပေါ်က ကြက်တူရွေးကြီးကို အောင်ချစ်ပခုံးပေါ်သို့ တင်ပေးလိုက်သည်။

"အဘိုးမရှိရင် အားငယ်တယ် အဘိုးရယ်၊ အဘိုးသွားလို့ မဖြစ်ဘူးလား"

"ဘာမှအားငယ်စရာ မရှိပါဘူး။ မောင်ရင့်မှာ အကြံပေး ရှိနေပြီပဲ။ ဘယ်အချိန် ဘာလုပ်ရမယ်ဆိုတာ သူက အကောင်းဆုံး အကြံပေးမှာပါ"

"ဆိုင်နာမည်ကို ဘယ်လိုပေးရမယ်ဆိုတာ ပြောခဲ့ပါဦး အဘိုး"

"လွယ်ပါတယ်။ ရွှေခဲတစ်၊ ရွှေခဲနှစ်၊ ရွှေခဲသုံးပေါ့။ အဲ..တစ်ခုတော့ရှိတယ်။ ရွှေခဲကြီးက တစ်နှစ်ပဲ အကြံပေးမယ်။ တစ်နှစ်ပြည့်ရင် ကျွပ် ပြန်ခေါ်ရမယ်"

"ဘယ်ကိုလိုက်ပို့ပေးရမှာလဲ အဘိုး"

"လိုက်ပို့စရာ မလိုပါဘူး။ မောင်ရင်ကို အသိပေးတာပါ။ တစ်နှစ်ပြည့်ရင် ကျွပ်ရှိရာကို သူ လိုက်လာတတ်ပါတယ်"

အောင်ချစ် အံ့သြရပြန်သည်။ မမျှော်လင့်ဘဲ ဘိုးတာတေနှင့် လမ်းခွဲရတော့မည်။ ဘိုးတာတေကို အားကိုးပြီး ဆိုင်ဖွင့်ရန်ကြံစည်ထားသော်လည်း ဘိုးတာတေက သွားတော့မည်။ ရွှေခဲကို ပေးခဲ့သဖြင့် ရွှေခဲကို ပခုံးပေါ်တင်ကာ အိမ်သို့ ပြန်ခဲ့ပါသည်။ ရွှေခဲသည် လှောင်အိမ်နှင့် နေခြင်းမဟုတ်၍ လွတ်လပ်စွာ တန်းပေါ် တင်ထားလိုက်သည်။ ရွှေခဲအတွက် အချိန်မှန်စားသောက်ရန် အစာနှင့် သောက်ရေ တစ်ခွက်သာ ချပေးထားရသည်။ ရွှေခဲကလည်း အလွန်လိမ္မာသဖြင့် ထားသည့်နေရာမှာနေကာ ကျွေးသည့်အစာကို စားသဖြင့် သူ့အတွက် တာဝန်မကြီး၍ တော်ပါသေးသည်။

နောက်နေ့ နံနက်တွင် ညီငယ်အောင်ပွင့်ကို ခေါ်ပြီး လက်ဖက်ရည်ဆိုင်ကို သွားကြသည်။ ရွှေခဲကိုလည်း ပခုံးပေါ်တင်၍ အပါခေါ်ခဲ့ရသည်။ ဆိုင်ပြင်ဆင်ရန် တွက်ချက်၍ အောင်ပွင့်ကို ငွေထုတ်ပေးလိုက်သည်။ အောင်ချစ်သည် ဆိုင်တွင်ထားရန် သွေးသားများထဲက စိတ်ချရသူများ ရှာဖွေရသည်။ ဆိုင်ကို သန့်ရှင်းရေးလုပ်ပြီး ဆေးသုတ်၍ လှပအောင် မွမ်းမံကြသည်။ တစ်ပတ်ခန့် ပြုပြင်ပြီးသည်နှင့် လက်ဖက်ရည်ဆိုင် ဖွင့်နိုင်ခဲ့သည်။

"မင်္ဂလာပါ"

"ကြိုဆိုပါတယ်"

ဆိုင်ဖွင့်သည့်နေ့တွင် ရွှေခဲကြီးက လာသမျှလူများကို နှုတ်ဆက်ပါသည်။ လက်ဖက်ရည်သောက်သူများကလည်း စကားပြောတတ်သော ကြက်တူရွေးကြီးကို သဘောကျလျက်ရှိကြသည်။ အချို့က ရွှေခဲကြီးနှင့် အပြန်အလှန်စကားပြောရသည်ကို ကျေနပ်နေကြသည်။ လက်ဖက်ရည်သောက်ရန် လာသူများကို ရွှေခဲကြီးက ဖိတ်ခေါ်ပါသည်။ ရွှေခဲကြီး၏ ဖော်ရွေမှု၊ လက်ဖက်ရည်၏ ကောင်းမွန်မှု၊ စားပွဲထိုးကလေးများ၏ ကောင်းမွန်သော ဆက်ဆံရေး၊ ယဉ်ကျေးသော အပြုအမူကြောင့် ဆိုင်မှာ ရောင်းအားကောင်းရပါသည်။

တစ်လပြည့်သည့်အခါ မျှော်မှန်းသည်ထက် အမြတ်အစွန်းရရှိပါသည်။ နှစ်လပြည့်တွင် ပိုမိုအရောင်းတက်ခဲ့ပါသည်။ နှစ်လကျော်သည်နှင့် ရွှေခဲက အကြံပေးပါသည်။

"ထမင်းဆိုင် ဖွင့်ပါ"

လက်ဖက်ရည်ဆိုင်တွင် အချို့ပြည့် ဆောင်ရွက်နေရသဖြင့် သုံးလပြည့်လျှင် ထမင်းဆိုင်ဖွင့်ရမည်ကို မေ့လျော့နေခဲ့သည်။ ရွှေခဲက သတိပေးမှ အောင်ချစ် သတိရလာသည်။ သို့သော် နေရာပြဿနာက ရှိသည်။ နေရာမရှိတဲ့ဆိုင်ဖွင့်၍ ရမည်မဟုတ်သဖြင့် ရွှေခဲကို ပြန်မေးလိုက်ရ

www.burmeseclassic.com

www.burmeseclassic.com

သည်။

"ဘယ်နေရာမှာ ဖွင့်ရမှာလဲ ရွှေခဲရဲ့။ နေရာပြသပါဦး"

"ဒီဆိုင်ရဲ့ ခေါင်းရင်းမှာ"

ရွှေခဲက ဆိုင်၏ခေါင်းရင်းဟု ပြောသဖြင့် ဆိုင်၏ ခေါင်းရင်းကိုကြည့်ရာ ညီအစ်မနှစ်ယောက် ကွမ်းယာရောင်းသည့် ဆိုင်လေးနှစ်ဆိုင်ကို တွေ့ရသည်။ ထိုညီအစ်မကို မေးရန်မှာလည်း မကောင်းတတ်၍ မေးရန် ခက်နေသည်။ ရွှေခဲပေးသည့် အကြံဉာဏ်များမှာလည်း အချည်းနှီးမရှိသဖြင့် ထိုညီအစ်မနှစ်ယောက်ကိုခေါ်၍ ဆွေးနွေးကြည့်ပါသည်။

"ကျွန်မတို့ ညီအစ်မလည်း အရောင်းအဝယ်မကောင်းလို့ အလုပ်ပြောင်းဖို့ စိတ်ကူးနေတာပါ။ အဆင်ပြေမယ့် အလုပ်တွေ့ရင် ဒီအလုပ်ကို ရပ်တော့မှာပါ"

အောင်ချစ်မှာ ဝမ်းသာသွားပါသည်။ ထိုကွမ်းယာဆိုင် နှစ်ဆိုင်နှင့် ဘေးနှစ်ဖက်တွင် ဆယ်ပေသာ အကျယ်ရှိသဖြင့် လက်ဖက်ရည်ဆိုင်မှ ငါးပေယူ၍ အရှေ့ ဆယ့်ငါးပေ အနောက် ပေသုံးဆယ် မြေပေါ်တွင် အဆောက်အအုံတစ်ခု ဆောက်လုပ်လိုက်သည်။ ကွမ်းယာဆိုင်က ညီအစ်မနှစ်ယောက်ကိုလည်း ထမင်းဆိုင်တွင် အလုပ်ခန့်လိုက်သည်။ အောင်ချစ်၏ ဇနီးကိုယ်တိုင် ဦးစီးပြီး သူ၏ ညီမဝမ်းကွဲများ၊ တူမများကိုခေါ်ကာ အမျိုးသမီးအင်အားဖြင့် ထမင်းဆိုင်ကို ဖွင့်လိုက်သည်။ ဆိုင်ဖွင့်ပွဲတွင် ဆိုင်းဘုတ်တင်ရာ၌ ရွှေခဲနှစ်ဟု အမည်ပေးလိုက်သည်။ ဆိုင်ဖွင့်ပွဲနေ့က ရွှေခဲကြီးကိုယ်တိုင် ဆိုင်ဝမ္မနေ၍ ကြိုဆိုရင်း ဖိတ်ခေါ်နေပါသည်။

"အားလုံး မင်္ဂလာပါ"

"ထမင်းကောင်းတယ်။ ဟင်းမျိုးစုံတယ်"

"ကျေးဇူးတင်ပါတယ်"

ဆိုင်သို့လာသမျှ ပရိသတ်ကို ရွှေခဲက ကြိုဆိုနှုတ်ဆက်ပုံကို လာသူတိုင်း သဘောကျလျက်ရှိပါသည်။ ရွှေခဲကြီးက စကားတတ်ပုံ၊ ဖော်ရွေစွာ နှုတ်ဆက်တတ်ပုံတို့ကြောင့် ထမင်းစားပြီးသော်လည်း မပြန်နိုင်ကြသေးဘဲ ရွှေခဲနှင့် စကားအပြန်အလှန် ပြောနေတတ်ကြသည်။

ဝမင်းဆိုင်မှာ ကားဂိတ်ဖြစ်၍ ရောင်းအားကောင်းပါသည်။ ထမင်းဟင်း ချက်ရာတွင် နာမည်ရလာသဖြင့် ခရီးသွားမဟုတ်သော်လည်း ကားဂိတ်သို့ တမင်လာရောက်စားသူများလည်း ရှိပါသည်။ ထမင်းဆိုင်နှင့် လက်ဖက်ရည်ဆိုင်မှာ ညဆယ်နာရီအထိ စားသောက်သူ မစဲအောင် ရှိပါသည်။ ရွှေခဲတစ်၊ ရွှေခဲနှစ်မှာ ခရီးသည်များ၏ နှုတ်ဖျားတွင် ရေပန်းစားလျက်ရှိပါသည်။ ထမင်းဆိုင်ရောင်းအားကောင်း၍ အောင်မြင်သဖြင့် သုံးလပြည့်ခါနီးတွင် ရွှေခဲကြီးက သတိပေးပါတော့သည်။

"စတိုးဆိုင် ဖွင့်ရမယ်"

ရွှေခဲ၏ စကားကြောင့် အောင်ချစ် လန့်သွားသည်။ သုံးလပြည့်လျှင် စတိုးဆိုင်ဖွင့်ရမည်ကို သိထားသော်လည်း စတိုးဆိုင်ဖွင့်ပြီးပါက ရွှေခဲကို ပြန်လွှတ်ရမည့်အတွက် ရင်လေးနေခဲ့ခြင်းဖြစ်သည်။ ရွှေခဲကို မခွဲနိုင်ပါ။ ရွှေခဲသည် သာမန်ကြက်တူရွေး မဟုတ်ပါ။ ဘိုးတာတော၏ လက်ရုံးတစ်ဆူဖြစ်၍ အစွမ်းထက်ရွှေခဲဖြစ်သည်။ ရွှေခဲ အကြံပေးသည်ကို လုပ်တိုင်း အမှားအယွင်းမရှိ အောင်မြင်သည်ချည်းဖြစ်ပါသည်။ ရွှေခဲသုံးဖြစ်သည့် စတိုင်းဆိုင်ဖွင့်ပါက အောင်မြင်မည်ကို ယုံကြည်သော်လည်း ရွှေခဲပြန်သွားမည်ကို မလိုလားသဖြင့် စတိုင်းဆိုင်ကိစ္စကို မေ့ထားခဲ့ပါသည်။ ယခု ရွှေခဲက တဖွဖွပြောနေသဖြင့် မဖြစ်မနေ ဆောင်ရွက်ရတော့မည်။ ဆိုင်ဖွင့်ရန်နေရာ အသင့်မရှိသေး၍ ရွှေခဲကို မေးလိုက်ရသည်။

"ဘယ်နေရမှာ ဆိုင်ဖွင့်ရမလဲ"

"ရွှေခဲတစ်ပြီးတော့ ရွှေခဲနှစ်၊ ရွှေခဲနှစ်ပြီးတော့ ရွှေခဲသုံးပေါ့"

"ဘယ်မှာ နေရာရှိလို့လဲ"

"ရှိပါတယ်"

"ညအိပ်တည်းခိုခန်းလား"

www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်တာပေါ့။ မေးကြည့်ပါ'

'တည်းခိုခန်းက ရောင်းမှာမဟုတ်ဘူး'

'ဈေးကောင်းပေးရင် ရမှာပေါ့'

အောင်ချစ်က- တည်းခိုခန်းပိုင်ရှင်နှင့် သွားတွေ့ပါသည်။ ရောင်းချရန် အစီအစဉ်မရှိသော်လည်း ကြိုက်ဈေးပေးရင် ရောင်းမည်ဟု ပြောပါသည်။ ရွှေခဲပြောသည်မှာ အမှန်ဖြစ်သည်။ ရွှေခဲက ဖွင့်စေလိုသည့်နေရာကို ရအောင် ယူ ဖြစ်တော့မည်။ ပိုင်ရှင်တောင်းသမျှဈေးပေး၍ ဝယ်ခဲ့ကြသည်။ ထိုအဆောက်အအုံကိုဖျက်၍ ခေတ်မီလှပသောဆိုင် ပြန်ဆောက်ခဲ့သည်။ အောက်ထပ်တွင် စတိုးဆိုင်အပြင် ရေချိုးခန်း၊ အိမ်သာပါ တွဲ၍ ဆောက်လိုက်သည်။ အပေါ်ထပ်တွင် ညအိပ်ခရီးသည်များ တည်းခိုနိုင်ရန် ရည်ရွယ်၍ ဆောက်လိုက်သည်။

ဆိုင်ဖွင့်စတွင် စတိုးဆိုင်မှာ ရောင်းအား မကောင်းသော်လည်း တစ်စ,တစ်စ ရောင်းအားကောင်းခဲ့သည်။ တည်းခိုခန်းများလည်း အမြဲပြည့်နေခဲ့သည်။ အောင်ချစ်တို့ မီးမောင်နှံ သားသမီးများကို လွှဲထားပြီး သူတို့နှစ်ဦးမှာ ကြိုးကြပ်ရုံသာ တာဝန်ယူကြပါသည်။

အဝေးပြေးကားဂိတ်တွင် ဖွင့်ထားသော ဆိုင်များဖြစ်၍ ရွှေခဲတစ်၊ ရွှေခဲနှစ်၊ ရွှေခဲသုံး ဆိုင်သုံးဆိုင်အကြောင်း နာမည်ကျော်ကြားခဲ့ပါတော့သည်။ ရောင်းအားကောင်းလှပါသည်။ အောင်ချစ် အစိုးရိမ်ဆုံးစကားကို ကြားရတော့သည်။ တစ်နေ့ ရွှေခဲက ပြောပါသည်။

'ဆိုင်အားလုံး ဖွင့်ပြီးပြီ'

'ကျွပ်တာဝန် ပြီးဆုံးပြီ'

'တစ်နှစ်ပြည့်ရင် ပြန်ရတော့မယ်'

ဘိုးတာတေကို ပေးထားခဲ့သော ကတိဖြစ်၍ တားပိုင်ခွင့် မရှိတော့ပါ။ သူက တားသည့်တိုင် ရွှေခဲက နေမည်မဟုတ်သဖြင့် ရွှေခဲကိုကြည့်ရင်း စိတ်မကောင်းဖြစ်နေရပါသည်။

တစ်နှစ်တိတိ ပြည့်သောနေ့ နံနက်စောစော ရွှေခဲပျောက်သွားပါတော့သည်။ လိုက်ရှာသော်လည်း ရမည်မဟုတ်မှန်းသိသဖြင့် အားလုံး ဆိုင်ဝန်ထမ်းများပါ ဝမ်းနည်းလျက် ကျန်ခဲ့ရပါတော့သည်။ ရွှေခဲ ဘယ်ရပ်ဌာနေပျံလေသည်မှန်း မသိနိုင်တော့ပါ။

ကောင်းသော

နှစ်ပေါင်း(၃၀)ကျော် အကြားအမြင် ဟောသက်ရှိခဲ့သော

ဆရာကြီးအရဟံဆရာအောင်

အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်

မော်လမြိုင်၊ ဒေါင်းဆေးကျွန်း၊ ပဲခူး၊ ဒေးဖွန်ပါ၊ သန်လျင်၊ ကျောက်တန်း၊ ဘုရားတည်နယ်လှည့်သွားသနားပြု

- ပညာရေးကိစ္စများ၊ စာမေးပွဲအတွက် လိုအပ်ချက်များ၊ နိုင်ငံခြားကိစ္စ၊ သဘောလိုက်ရန်နှင့် အလုပ်အကိုင်ဝင်ငွေကောင်းရန်ကိစ္စ။
- စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရန်ကိစ္စ၊ တိုက်အိမ်၊ ခြံ၊ မြေ၊ ကား အမြန်ရောင်းဝယ်ရေး၊ ဆိုင်၊ ကုမ္ပဏီ၊ ပွဲရုံလုပ်ငန်း မော်ဒယ်လုပ်ငန်းများ အမည်ပေးခြင်း၊ အချစ်ရေး မင်္ဂလာအခါပေးခြင်း၊ ကလေးနာမည်ပေးခြင်း၊ အိမ်ထောင်ရေးကိစ္စများ (မူလအိမ်ထောင်ရှင်ဘက်မှသာ ဆောင်ရွက်သည်)၊ ပစ္စည်းပျောက်၊ လူပျောက်။
- ရာထူးတိုးတက်ရေး၊ ပြောင်းလဲရေး၊ တည်မြဲရေး၊ အကြေးကိစ္စများ၊ အမွှေအခင်းကိစ္စများ၊ သားသမီးများကို လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန်တို့ကို ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံ၍ ဆောင်ရွက်သည်။

ကဲစမ်းလုပ်ငန်းများနှင့် ထိကိစ္စများအတွက် အထူးဆောင်ရွက်သည်။

နေ့စဉ် - နံနက်(ဂူး၀၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီ တနင်္လာနေ့ပိတ်သည်

မင်္ဂလာဟောခန်း - အမှတ်(၈)၊ ဆူးလေဘုရားအိုင်း၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၇၃၁ ၅၃၁၈၈၊ (၀၅၆)၂၁၆၀၉ (အိမ်)

အိမ် - နေ့စဉ် ညနေ(၆း၀၀)နာရီနောက်ပိုင်း၊

အမှတ်(၁၇) အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်၊ သန်လျင်၊ နံသာကုန်းမှတ်တိုင်။ ဖုန်း-၀၉ ၅၁ ၁၂၁၄၆

www.burmeseclassic.com

www.burmeseclassic.com

အကာသ (သာစည်) ချစ်မေတ္တာက မပြယ်သေး

ရန်ကုန်မြို့ အောင်မင်္ဂလာအဝေးပြေးကားဂိတ်သည် ကားဂိတ်ပေါင်း တစ်ရာကျော်ရှိ၍ အရောင်အသွေးစုံလင်သော ယာဉ်ကြီး၊ ယာဉ်ငယ်၊ ခရီးသည်များနှင့် ရှုပ်ယှက်ခတ်နေသည်။ ဆိုက်ရောက်ဂိတ်နှင့် ထွက်ခွာဂိတ် ဟူ၍ တသီးတသန့်စီ ခွဲခြားထား သည်။ ထွက်ခွာဂိတ်တွင် အလှည့်ကျ ထွက်ခွာသည့် အဆင့်မြင့် မှန်လုံလေအိုတ်ကားကြီးများ စီတန်းလျက် ရှိနေကြသည်။

အချို့သော ယာဉ်များက သတ်မှတ်ချိန် စောသဖြင့် ခရီးသည်အပြည့်နှင့် မီးစုံဖွင့်လျက် တပွမ်ပွမ်ဟွန်းတီး၍ တလှိမ့်လှိမ့် ထွက်ခွာသွား ကြသည်။ ခရီးသည်များ တက်ရောက်နေရာယူ

www.burmeseclassic.com

www.burmeseclassic.com

နိုသော ယာဉ်များလည်း ရှိကြသည်။

နားနေဆောင်ရှိ ထိုင်ခုံများတွင် စောင့်ဆိုင်းရင်း တီဗီ ကြည့်နေသူများလည်း ရှိကြ၏။ အစားထိုးဂိတ်ဝင်လာသော ယာဉ်ကြီးများ၊ အချိန်လုပ်၍ ရောက်လာကြသော ဖိုသီဖတ်သီ နိုင်လှသည့် ခရီးသည်များနှင့် ရွှပ်ထွေးပွေလီမ်နေသည်။

မန္တလေးသို့ ညရှစ်နာရီထွက်မည့် ရွှေမန်းသူသည် နာရီဝက်စောလျှင် ဂိတ်ဝင်လာသည်။ ယင်းမော်တော်ယာဉ်နှင့် သွားပါကြမည့်သူများသည် မိုးတိုးမတ်တတ် ထရပ်ကြ၍ သွပ်လှုပ်ရှားရှား ဖြစ်ကုန်သည်။ ခဏအကြာတွင် တံခါးဖွင့်သံးသဖြင့် အထုပ်အပိုးများ တကိုင်ကိုင်နှင့် တက်ရောက်နေရာယူကြသည်။ ကျွန်တော်လည်း ခရီးဆောင်အိတ်ကို သွယ်၍ ကားပေါ် တက်ခဲ့ပါသည်။

ကျွန်တော့်ထိုင်ခုံက နံရံကပ်ဘေးဘက်ခုံဖြစ်သည်။ အိပ်ချင်လျှင် မှီကပ်ပြီး အိပ်နိုင်သေးသည်။ ကြည့်မြင်တိုင်းမှာ ကားလက်မှတ်အရောင်းဌာနမှ စိတ်ကြိုက်ကြိုက်ဖြတ်ထားသဖြင့် နေရာကောင်းသည်။ လောလော်လတ်လတ်သုံးရန် တဘက်နှင့် စောင်ပါးလေးတစ်ထည်ကို ထုတ်ယူ၍ ပစ္စည်းစင်ပေါ်ကို အိတ်ထိုးတင်လိုက်သည်။

တစ်တန်းလျှင် နှစ်စုံတွဲ ရှေ့လှည့်ခုံများချည်းဖြစ်၍ ကျွန်တော့်နံဘေးက အတွင်းဘက်ခုံလွတ်တွင် လူရောက်လာသေး။ အချိန်စေ့ပြီဖြစ်သောကားက တလိမ့်ချင်း ဟွန်းတီးကာ ထွက်လာသည်။ မှန်လုံလေအိတ်ကားဖြစ်၍ ညကြီးမင်းကြီးကလည်းဖြစ်သဖြင့် ဘေးပန်းများကို မမြင်ရ။ ရှေ့ဦးပိတ်တည့်တည့်တွင်ရှိသော တီဗွီကိုကြည့်ကာ အပန်းဖြေနေရသည်။

ခုတိုင်းဆို ခုံလွတ်နေရာသည် လက်မှတ်ဖြတ်ထားပြီး အချိန်မီရောက်မလာသူဘဲဖြစ်မည်။ သူခများ တစ်ယောက်ယောက်သည်း "ဘယ်လောက်များ ယောက်ယက်ခတ်နေပါလိမ့်" တွေးတောမိလိုက်သည်။

မည်သို့ပင်ရှိစေ ကျွန်တော့်အတွက်တော့ နေရာချောင်နေသည်။ ခြေနှစ်ချောင်းကို ခုံပေါ်တင်၍ တင်ပျဉ်ခွေကာ နေမကျကျရှိနေပါသည်။

နေရာကျမည်မှ မကြဲသေး နှင့်ခနဲ၊ ငြိမ့်ခနဲဖြစ်ကာ ကားရပ်သွားသည်။ ဖိုးရိုးဖားရား ကရောသောပါးနှင့် တက်လာသော အမျိုးသမီးတစ်ဦးကို ယာဉ်နောက်လိုက်က ကျွန်တော့်နံဘေးရှိ ခုံလွတ်တွင် နေရာချထားပေးနေသည်။ ရုပ်ရည်သပ်ရပ်လှပ၍ အသက်သုံးဆယ်ကျော်ဝန်းကျင်ခန့်ရှိသော မိန်းကလေးသည် အိခနဲ ထိုင်ချလိုက်သည်။

ကားထွက်လာသော်လည်း မိန်းကလေးကား သူ့အဝတ်အိတ်ကို ခုံအောက်ထိုးသွင်း၍ အလုပ်ရှုပ်နေသည်။ ကော်ဆွဲခြင်းအနီကလေးကို ရှေ့တွင်ချကာ ဟိုနှိုက် သည်နှိုက် ဟိုရှာ သည်ရှာ လုပ်နေသည်။

"တော်သေးတယ်ရှင့်၊ ကားစောင့်ဖို့ ချိန်းထားတဲ့နေရာကို အချိန်မီတယ်ဆိုရုံလေး ရောက်လို့သာပေါ့။ နို့မို့ဆို ကျွန်ခဲ့တော့မလို့။ ကားလမ်းတွေကလည်း ကျပ်လိုက်တာ မပြောပါနဲ့တော့"

မိန်းကလေးက သူ့ကိုယ်သူပြောရင်း ကော်ခြင်းထဲမှ လိမ္မော်သီးတချို့ကို နှိုက်ယူနေသည်။

"သည်ကအစ်ကို လိမ္မော်သီးစားပါဦး။ ရော့...ယူပါရှင့်၊ ချိုပါတယ်"

မိတ်ဆွေဖွဲ့လာသော မိန်းကလေးသည် ကျွန်တော့်ကို လိမ္မော်သီး ကမ်းပေးနေသည်။ ကားမီးရောင်မှိန်ပျပျတွင် ကျွန်တော့်မျက်နှာကို အမှတ်တမဲ့ကြည့်ရာမှ အံ့သြဘနန်းဖြစ်သွားပုံရသည်။ ကျွန်တော့်ကို မဝံ့မရဲနှင့် သေချာထပ်ကြည့်ပြန်သည်။

"ဆ...ဆရာ၊ ဆရာကြည် မဟုတ်လားရှင့်"

မိန်းကလေးသည် ကျွန်တော့်ကို တရင်းတနှီးသိနေပြီး ဆရာကြည်မဟုတ်လားဟု နာမည်ကိုပါ မေးလာသည်။ ကျွန်တော်လည်း သူ့အသံကို ကျက်မိသလိုလိုရှိ၍ မမှတ်မိဘဲ ဖြစ်နေသည်။

"ဟုတ်တယ်လေ ကလေးမ၊ ညည်းက ဘယ်သူတုံး"

"ကျွန်မ တင့်တင့်လေ ဆရာ။ ရေဇင်းရွာက ဒေါ်လှမေသမီးလေ ဆရာရဲ့"

"ဟော...မိတင့်၊ နင်က ပုံပန်းတွေပြောင်းပြီး စိုစိုပြည်ပြည်ကြီးဖြစ်လို့ဆိုတော့ ဘယ်မှတ်မိတော့မတုံး။ မတွေ့တာ မမြင်တာလည်း ဆယ့်လေးငါးနှစ်လောက်ရှိပြီ ထင်ပါရဲ့။ ချိန်းထားတောင် တွေ့မှတွေ့ပါ့မလားဟာ။ အခု နေပါဦး၊ မတင့် ဘယ်ကိုရောက်ပြီး ဘာတွေလုပ်နေတုံး"

"ဆရာနဲ့တူလိုက်တာဆိုပြီး ကျွန်မ သေချာကြည့်နေတာ။ အခု ဆရာ့စစ်ယောက်တည်း ဘယ်ကလာလဲဟင်။ ရွာကဘကြီးအေးရော နေထိုင်ကောင်းလား။ သတိရလိုက်တာ။ ဒါနဲ့ မိရင်နဲ့ အေးကျင်တို့ရော အိမ်ထောင်တွေကျကုန်ပြီလား။ ဆရာနဲ့တွေ့မှ ရွာကို အမှတ်ရလိုက်တာရှင်"

"ဆရာလည်း စာမူကိစ္စနဲ့ ရန်ကုန်ကို ဆင်းလာတာ။

www.burmeseclassic.com

www.burmeseclassic.com

သားဆီ အလည်ပတ်လာရင်း ဘုရားဖူးရင်း လိပ်ဥတူးလာတယ်ပဲ ဆိုပါတော့'

ခုမှပဲ သူ့ကို ကျွန်တော် သေချာမှတ်မိတော့သည်။ တစ်ရွာတည်းနေ တစ်ရေတည်းသောက်များဖြစ်ကြ၍ တင့်တင့်ကား ကိုစိန်မင်း၊ မလှမေတို့၏ သမီးဖြစ်သည်။ ရွာတွင်းကြဲရာကျပန်းအလုပ်နှင့် ဆင်းရဲကျပ်တည်းစွာ နေထိုင်ကြသည်။ ဟိုစဉ်ကတည်းက သူ့မိဘများ ရှေ့နောက်ဆိုသလို ကွယ်လွန်ခဲ့ကြလေပြီ။

သူ့အစ်ကို စာင်မောင်သိန်းနှင့် တင့်တင့်တို့ မောင်နှမနှစ်ယောက်မှာ မျက်စိသူငယ် လူမမည်လေးများဖြစ်၍ ကျွန်ရစ်ခဲ့သည်။ မလှမေ၏အစ်မ ရီးလေးမြိုင်တို့အိမ်တွင် ကပ်ရပ်နေထိုင် ကြီးပြင်းလာကြသည်။ သားသမီးမရှိသော ဘကြီးအေးနှင့် ရီးလေးမြိုင်တို့လည်း မိတဆိုး ဖတဆိုးမောင်နှမလေးနှစ်ယောက်ကို ရင်အုပ်မကွာ ကျွေးမွေးစောင့်ရှောက်လာခဲ့သည်။

ရေဇင်းရွာ၏အရှေ့ နှစ်မိုင်ကွာခန့်တွင် သာဂရစံပြရွာကြီးရှိ၍ အထက်တန်းကျောင်းရှိသည်။ တင်မောင်သိန်းနှင့် တင့်တင့်တို့ ယင်းကျောင်းတွင် ပညာသင်ကြားခဲ့ကြ၍ ပညာရေးတစ်ပိုင်းတစ်ပျက်နှင့် ကျောင်းထွက်သွားကြသည်။ တင်မောင်သိန်းလည်း မြန်မာ့တပ်မတော်ထဲ စစ်မှုထမ်းရန် ဝင်သွားသည်ဟူ၍ သိုးသိုးသဲ့သဲ့ကြားရသည်။ တင့်တင့်ကား ဘကြီးအေး၊ ရီးလေးမြိုင်တို့နှင့် ကျန်ရစ်ခဲ့လေသည်။

'ရော့..ဆရာ အခွံနွှာပြီးသားလေး'

အခွံနွှာပြီးသားလိမ္မော်သီး ကမ်းပေးနေသဖြင့် ကျွန်တော့်အတွေး ရပ်သွားသည်။

'ဘကြီးအေး ဆုံးတာ ကြာပြီလေ။ ရီးလေးမြိုင် ဆုံးတော့ မိတင့် ရွာမယ်ရှိသေးတယ်မဟုတ်လား။ ရီးလေးမြိုင်နဲ့ လေး၊ငါးနှစ်ပဲ ခြားမယ်ထင်တယ်'

တင့်တင့် ဝမ်းနည်းသွားဟန်တူသည်။ တစ်ချက်ရှိုက်လိုက်ပြီး စီးကျလာသော မျက်ရည်စများကို ပဝါလေးနှင့် သုတ်ကာ၊သုတ်ကာ လုပ်နေသည်။

'နေပါဦး၊ အခု မိတင့်တစ်ယောက်တည်း ဘယ်ကလာလို့ ဘယ်ကိုသွားမလို့တုံး'

တင့်တင့် ဆတ်ခနဲ ခေါင်းလေးမော့လာသည်။

'ကျွန်မ မြောက်ဒဂုံမှာ အစ်ကိုတို့မိသားစုနဲ့ အတူတူနေနေတယ် ဆရာ။ အိမ်မှာဖွင့်ထားတဲ့ စတိုးဆိုင်ကို ယောက်မနဲ့ အတူရောင်းကြတယ်'

'တင်မောင်သိန်းက အိမ်ထောင်တွေဘာတွေကျပြီး ခေ ကုန်မှာ ရောက်နေတာကို'

'ဟုတ်တယ် ဆရာ၊ သူ့ တပ်ထဲမှာတည်းက အိမ် ထောင်ကျတာ။ တပ်ကထွက်တော့ မိန်းမဘက်က အဆင် အသွယ်နဲ့ စင်ကာပူသွားပြီး အလုပ်လုပ်သေးတယ်။ သူ့ မိန်းမကလည်း မြောက်ဒဂုံသူဆိုတော့ စင်ကာပူက ပြန်လာ တာနဲ့ အဲဒီမှာပဲ ဝိုင်းခြံဝယ်နေကြတယ် ဆရာ'

'ဒီကောင် ပျောက်ချက်သားကောင်းသွားလိုက်တာ ကလေးတွေတောင် အတော်ကြီးရောပေါ့'

'အစ်တို့လင်မယားက သားသမီးမထွန်းကားဘူးဆရာ့ ကျွန်မသားလေးကိုပဲ သူတို့သားလုပ်ပြီး ဝိုင်းဝိုင်းလည် ချစ်နေကြတာ။ သားလေးက အခု မိတ္ထီလာလေကြောင်း အတတ်သင်မှာ ကျောင်းတက်နေတာ။ သားလေး ဖုန်းဆက် မှာတာနဲ့ ထွက်လာလိုက်တာ'

'ဟော..မိတင့်တောင် အိမ်ထောင်ကျလို့ သားတောင် တော်တော်ကြီးနေပြီပဲ။ မိတင့်ယောကျ်ားက ဘာတွေလုပ်တုံး။ အသောက်အစားရော ကင်းရဲလား'

'မ..မဟုတ်ဘူး ဆရာ။ ကျွန်မ အိမ်ထောင်မရှိပါဘူး ရွာက ပြဿနာဖြစ်ပြီး ထွက်လာကတည်းက အိမ်ရာ ထောင်ရမှာ ကြောက်လွန်းလို့ အိမ်ထောင်မထူတာပါ။ သား လေးက သားလေး..'

တင့်တင့်ကား နဂိုအကြောင်းပြန်ပြောင်းအောက်မေ့၍ ရှက်သွားဟန်တူသည်။ သားလေးကဟုပြောကာ မျက်နှာ ငှက်၍ ခေါင်းငုံ့သွားရာလေသည်။

'အေးဟဲ့..အေး..အေး..ဘဝဆိုတာ မှောက်ချည်လှန်ချည်၊ နိမ့်ချည်မြင့်ချည်ပဲပေါ့ မိတင့်ရာ။ ဘာမှစိတ်မကောင်း ဖြစ်မနေပါနဲ့။ ကိုယ့်ဘဝနဲ့ကိုယ် အဆင်ပြေအောင်သာနေ ကြားလား'

ကျွန်တော် ဖျောင်းဖျမေးကာမှ တင့်တင့် ပိုပြီးဝမ်း နည်းသွားပုံရသည်။ မျက်နှာကို ပဝါအုပ်ထားသည့်ကြားက တအင့်အင့် တဟင့်ဟင့် ငိုရှိုက်သံထွက်လာသည်။ ဖိုလ်ကို ဘဝင် ရှိုက်ကြီးတင်ဖြစ်နေသော သူ့ခန္ဓာကား နိမ့်ချ မြင့်တုံ ရှိနေသည်။

ခရီးသည်များလည်း ငုတ်တုတ်ထိုင်အိပ်ငိုက်၍ ခေါင်း စိုက်လျက်ရှိကြသည်။ ရွှေမန်းသူလည်း သူ့တာဝန်ကျေ အောင် မှန်မှန်နှင့် မြန်မြန်ပြေးသွားနေသည်။ ညဉ့်ခင်းဖြ ၍ ဘေးပန်းရွာခင်းများကို မမြင်ရ၍ မည်သည့်နေရာရော

www.burmeseclassic.com

www.burmeseclassic.com

အမှန်း မသိဘဲ ရှိနေပါသည်။

◆ ◆ ◆

ရေဇင်းရွာရှိ တင့်တင့်နေသော ဘကြီးအေးတို့အိမ်သည် ရွာအလယ်လောက်တွင် ဆယ်တောင်အမြင့် ထရံကာသုပ်မိုးဖြစ်သည်။ ရှေးဦးရှေးဖျားက ငွေကြေးတတ်နိုင်၍ အိမ်ကြီးတစ်ဆောင် ဆောက်ခဲ့ကြသော်လည်း ခေတ်နောက်ကျ ရှေးဆန်လှသည်။ ထုပ်စွပ်လျောက်စွပ်ဖြစ်၍ ကျဉ်းမြောင်းလျက်ရှိကာ ခေါင်စောက်စောက်မိုးထားသော သွပ်များက မည်းသည်းနေသည်။

ထရံကာ ကျိုးတိုးကျဲတဲတွင် အိမ်တိုင်များ ယိမ်းယိုင်လျက်ရှိရာ အရိုးပြိုင်းပြိုင်း ခါးကိုင်းနေသော ဧရာပိုင်းကို ဘကြီးအေးနှင့်အနိုင် ယှဉ်ပြိုင်နေသည်။ အကာအရံမရှိသော အိမ်အောက်ထပ် မြေကြီးပေါ်တွင် နှစ်နှဲ့နှဲ့ ခနော်ခနဲ့နိုင်သော စားပွဲတန်းလျားတစ်စုံရှိသည်။ ရေနွေးဘိုးတစ်လုံးနှင့် ဘကြီးအေးတစ်ယောက်တည်း ရှိနေတတ်၍ တစ်ခါတစ်ရံ ဘင်လည်း တူမလေး တင့်တင့်ပါ ရှိနေလေသည်။

ဟိုစဉ်က ဘကြီးအေးနှင့် ရီးလေးမြိုင်သည် ထိန်ပင်ကန်လယ်ပွဲကို အစုအဖက်ပေး၍ ခြိုးခြံချွေတာနေလာခဲ့ကြသည်။ ဥပုသ်သီတင်းတိုင်း ဥပုသ်ဆောက်တည်ပျက်သည်ရှိဘဲ တတ်စွမ်းသမျှ စားဦးစားဖျားထဲမှ ဖဲ့ရွဲ့လှူနိုင်ပါသေးသည်။

ခြောက်ကပ်ကပ်နိုင်သော သူတို့အိမ်ကား တစ်မုဟုတ်နှင့် ပြောင်းလဲလာသည်။ ခိုကိုးရာမဲ့၍ တင်မောင်သိန်းနှင့် ဘင့်တို့မောင်နှမရောက်လာကတည်းက စိုစိုပြည်ပြည်ဖြစ်လာသည်။ ရီးလေးမြိုင်သည် တူနှင့် တူမလေးအား ဆောက်တုံ့မည်ရ ဗာဟီရကိစ္စများကို ခိုင်းလည်းခိုင်း ကျွေးသည်းကျွေး ကျောင်းလည်းထားပေးသည်။

တင်မောင်သိန်းကား ကိုးတန်းအောင် ဆယ်တန်းကျ သောရေးစကောစကနှင့် ကျောင်းမှ ထွက်ခဲ့သည်။ တစ်ရွာပြောင်း သူကောင်းမဖြစ်ဟုဆိုကာ ရွာမှ ထွက်ခွာသွားသည်။ တင့်တင့်က အပျိုဖြန်းအရွယ်လေးနှင့် ရီးလေးမြိုင်နှင့် နေရစ်ခဲ့သည်။ ရီးလေးမြိုင်မှာ တင်မောင်သိန်း ထွက်သွား၍ သုံး,လေးနှစ်ခန့်အကြာတွင် လူကြီးရောဂါဖြင့် ကွယ်လွန်ခဲ့သည်။ ဘကြီးအေးနှင့် တင့်တင့်တို့ တူဝရီး နှစ်ယောက်တည်းသာ ဒိုးတူပေါင်ဖက် နေထိုင်လျက်ရှိကြလေသည်။

အလှသွေးကြွယ်စ အပျိုဖြန်းမလေး တင့်တင့်ကား ဆတ်ကော့လတ်ကော့နှင့် ကျစ်လျစ်လှပနေသည်။ ပိုင်ရှင်မဲ့ပေါက်နေသော တောပန်းအရိုင်းကလေး တစ်ပွင့်အလားဖြစ်သည်။ ကောက်စိုက်၊ ပေါင်းပေါက် အစရှိသည့် နေ့စား ကျပန်းအလုပ်များကို သူငယ်ချင်းမိရင်၊ အေးကျင်တို့နှင့် လိုက်လုပ်သည်။

မောင်ဖားမိဘမရှိသော တင့်တင့်သည် အခိုင်ကြီးသော်လည်း အဖီးမလှ၍ မတင့်တယ်သကဲ့သို့ဖြစ်နေသည်။ မိန်းမတို့အသရေ ရွေပေး၍မရအောင် ဗိုင်းကောင်းကျောက်ဖိနေခဲ့သော်လည်း ကဖျက်ယဖျက် လုပ်ချင်သူတွေက ပေါလှသည်။ အချို့က အိုင်တွေ့၍မှမလူး ကျဲရူးဟု သဘောထား၍ ပန်းကောင်းအညွှန့်ချိုးချင်ကြသည်။

အရွယ်ရောက်သော မိန်းကလေးကား လင်ဟူသော အကာအကွယ်မရှိလျှင် မတင့်တယ်။ ပုဆိုးတစ်ထောင်ခြုံ၍ မောင်တစ်ကျိပ်စောင့်သော်လည်း လုံခြုံခြင်း မရှိသည်ကို တင့်တင့် နားလည်သည်။ အထူးသဖြင့် သူလိုကျောထောက်နောက်ခံမရှိသူအဖို့ဆို ခြေဆေးချင်သူများက တစ်ပြုတစ်ခေါင်း ရှိကြသည်။ သူချစ်ကိုယ်ချစ် အမှိုက်ကောင်းလည်း ဖြစ်မည့်သူတစ်ဦးကို တင့်တင့် စိတ်ကူးထားသည်။

ကျော်လွင်ဦးသည် တင့်တင့်နှင့် တစ်တန်းတည်း၊ တစ်ကျောင်းတည်းတွင် ကျောင်းနေဖက်သူငယ်ချင်းဖြစ်သည်။ ကျော်လွင်ဦးကား ရွာလယ်ရှိ တင့်တင့်တို့အိမ်နှင့် မနီးမဝေးတွင်နေသော ကြေးရတာတ် ဦးခင်မောင်၊ ဒေါ်စာဥတို့၏သားဖြစ်သည်။ လူငယ်ချင်း ချစ်ကြိုက်ရည်ငံနေကြသော်လည်း အဆင့်အတန်းချင်းမတူ၍ ကျော်လွင်ဦး မိဘများကို ဖွင့်မပြောရဲ။ လူသတင်း လူချင်းဆောင်၍ ကျော်လွင်ဦးမိဘများကြားသိသွားသောအခါ သဘောမတူနိုင်ဘဲ အတင်းဝိုင်းဝန်းဖျက်ကြသည်။

တင့်တင့်လည်း မပူလိုလို ယောကျ်ားမရှာ ပူစာစနှင့် ငြား ဆိုသလို ဖြစ်နေသည်။ သူ့အပေါ် တကယ်တမ်းချစ်နေ ကျော်လွင်ဦးကိုလည်း မချည်ဘဲနှင့် ရန်းမရသည့်ကြိုးလို ဖြစ်နေပြန်သည်။ မလွတ်မခါဖြစ်လာသော သူ့ကို ခိုးပြေးဖို့ ကျော်လွင်ဦးက နားပူနားဆာလုပ်သည်။ ဖုံးမနိုင် ဖိမရဖြစ်ပြီး ဒေါ်စာဥ ရောက်သွားလေသည်။

ဒေါ်စာဥတစ်ယောက် မျောက်မီးခဲကိုင်မိသလိုဖြစ်ကာ တစ်အိမ်လုံး ပျာလောင်ခတ်ကုန်ကြသည်။ ကြံရာမရသည့် အဆုံးတွင် ကျော်လွင်ဦးကို တစ်ဖက်သတ်ကြိုက်နေသော နီနီလွင်အား ပြောဆိုနှားချ၍ ချက်ချင်း အိမ်ပေါ်ခေါ်တင်

www.burmeseclassic.com

www.burmeseclassic.com

လိုက်သည်။

တင့်တင့်သည် မျက်ရည်စမ်းစမ်းနှင့် အေးကျင်ကို အဖော်ခေါ်ကာ ကျွန်တော့်ထံ ရောက်လာသည်။ ကျွန်တော်နှင့် တင့်တင့်က ဆရာ့တပည့် တော်ခဲ့ဖူးသည်သာမက ဆွေမျိုးသားချင်းလည်း မကင်းကြချေ။ အားကိုးရာမရှိဖြစ်နေသော တင့်တင့်သည် အရှက်ကို နောက်ထား၍ ကျွန်တော့်အား ပြောပြလာလေသည်။

မကြားဝံ့ရှေ့နေ၊ မမြင်ဝံ့ဆေးသမား ဆိုသလို တင့်တင့်တွင် ကျော်လွင်ဦးနှင့်ရသော ကိုယ်ဝန်က သုံးလရှိပြီဟု ဆိုသည်။ ကျွန်တော်လည်း ရွာမိရွာဖ လူကြီးသူမများနှင့် အဆောတလျင်တိုင်ပင်၍ နှစ်ဦးနှစ်ဖက်သော သက်ဆိုင်သူများကို ဆုံစည်းပြောဆိုခဲ့သည်။ မျက်နှာချင်းဆိုင်တွေ့ရာတွင် မိစကား မလွန်ဆန်နိုင်သော ကျော်လွင်ဦးသည် အတူပါလာသော သူ့အမေ ဒေါ်စာဥကို မဝံ့မရဲလှမ်းကြည့်၍ ခေါင်းမော့တော့ဘဲ ရှိနေသည်။

ထူးခြားသောအဖြေ ထွက်မလာ၍ စဉ်းစားရန်ဆိုပြီး နောက်တစ်နေ့ကို ထပ်ချိန်းလိုက်ရသည်။ ဆက်၍ငြင်းဆန်နေမည်ဆိုလျှင် တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ပြောဆိုမှာကြားလျက် လူစုခွဲခဲ့ကြသည်။ တင့်တင့်ကား အကျိုးမထူးတော့သဖြင့် အရှက်တကွဲနှင့် မျက်နှာချင်းမဆိုင်လိုတော့။ ဘကြီးအေးကို ကြည့်ရှုစောင့်ရှောက်ဖို့ မိရင်နှင့် အေးကျင်တို့ အားမှာကြားပြီး ရွာမှ တိတ်တဆိတ် ထွက်ခွာသွားလေသည်။

♦ ♦ ♦

'ဆရာ...ဆရာ...အိပ်ပျော်နေတာလား။ ဖြူးယာဉ်ရပ်နားစခန်းကို ရောက်ပြီလေ'

ကျွန်တော်လည်း အိပ်မပျော်ဘဲရှိရာ ကားနံရံကိုမှီ၍ မှေးစက်ရင်း တင့်တင့်၏ ဘဝနောက်ကြောင်းကို ပြန်ပြောင်းတွေးတောနေမိသည်။ တင့်တင့်၏ အသံကြား၍ ခေါင်းထောင်ပြီး မျက်စိဖွင့်ကြည့်ရာ မီးရောင်များက ထိန်ထိန်ညီးနေသည်။ ရွှေမန်းသူလည်း ငြိမ့်ခနဲဖြစ်ကာ ရပ်တန့်သွားသည်။

'ခရီးသည်များခင်ဗျား... ဖြူးယာဉ်ရပ်နားစခန်းကို ရောက်ပါပြီ။ နာရီဝက်နားပေးမှာ ဖြစ်ပါတယ်။ ပစ္စည်းတွေလုံခြုံစိတ်ချဖို့အတွက် ကားတံခါးပိတ်ထားမှာဖြစ်လို့ အားလုံးပဲ ကျေးဇူးပြုပြီး ဆင်းပေးကြပါ'

ခရီးသည်များ ယာဉ်ပေါ်မှဆင်း၍ ကျွန်းမာရေးသွား၊ မျက်နှာသစ်ကြ၍ ကိုယ်စီကိုယ်ငှ စားကြသောက်ကြသည်။ တင့်တင့်လည်း ကျွန်တော့်ကို ဧည့်ဝတ်ပြုချင်သဖြင့် ရပ်စောင့်နေပြီး စားသောက်ဆိုင်ရှိရာသို့ အတူတူဝင်ခဲ့ကြသည်။

'ဆရာ...ဘာစားမလဲ'

ထိုင်လျှင်ထိုင်ချင်း စားပွဲထိုးလေး ရောက်လာသဖြင့် တင့်တင့်က မေးသည်။

'အိပ်ချင်ပြေ ကော်ဖီပဲ သောက်ပါတော့မယ်'

လင်းလင်းထင်းထင်းမြင်ရသော မီးရောင်နှင့်ကျမှ ဖြူကြီးသူလုံးလုံးဖြစ်နေသော တင့်တင့်က ထင်ထားတာထက်ပို၍ ရွှန်းစိုလှပနေသည်။ သူလည်ပင်းတွင်ရှိသော ရွှေကြိုးက တလျှပ်လျှပ်နေ၍ ခြယ်နားကပ်လေးက တဖျတ်ဖျတ်ဖြစ်နေသည်။ မုန့်ဟင်းခါးဖွန်းကိုင်ထားသော လက်ဆာက်လက်တွင် ပန်းနွယ်လက်ကောက်များက အပြည့်။ လက်ချောင်းအိမို့မို့လေးတွင်လည်း ကျောက်တန်းလက်စွပ်နှင့် ခါးပတ်ကွင်းလေးကို သေသပ်ကျနစွာ ဝတ်ဆင်ထားသည်။

'ဆရာ...မုန့်တွေလည်း စားပါရှင်။ ဆရာ နောက်တခါ ရန်ကုန်ဆင်းရင် ကျွန်မတို့ဆီ ရောက်အောင်လာခဲ့ပါဦး။ မိရင်နဲ့ အေးကျင်လည်း ဘုရားဖူးလာခဲ့ကြပါဦးလို့။ ဘုရားတွေစုံအောင် အနှံလိုက်ပို့ပေးမှာပါလို့။ ဆရာ...မှတ်မှတ်ရရ ပြောပေးပါဦးနော်'

တင့်တင့်က စကားပြောမကုန်နိုင်အောင် ရှိနေသည်။ ပါးစပ်တပြင်ပြင်ရှိနေသော်လည်း အချိန်မီ ကားပေါ်တက်ရန်အတွက် စားသောက်ပြီး ထလာခဲ့ကြသည်။

'ဒါ...ဒါနဲ့ ဆရာ၊ ကျော်လွင်ဦးရော သားသမီးဘယ်နှစ်ယောက်ရပြီလဲဟင်'

ကားပေါ်ရောက်၍ ထိုင်ခုံပေါ် နေသားတကျထိုင်ပြီးသည်နှင့် တစ်စုံတစ်ခုကို တင့်တင့် မေးလိုဟန်ရှိနေသည်။ ငယ်ကအချစ် အနှစ်တစ်ရာမမေ့သာဆိုသလို ကျော်လွင်ဦးအကြောင်းကို ရှိုးတိုးရှန့်တန့်အမူအရာနှင့် မေးလာသည်။ ရွှေမန်းသူလည်း ခရီးသည်များစုံလင်ပြီဖြစ်၍ ကားတံခါးပိတ်လျက် တလှိမ့်လှိမ့်ထွက်လာခဲ့လေသည်။

'မိတင့်...အင်းဝဘုရင်မင်းခေါင်ကို ကြားဖူးသလား'

'ကြားဖူးတာပေါ့ ဆရာ'

ကျွန်တော်သည် အိပ်ချင်စိတ် မရှိတော့သဖြင့် တင့်တင့်ကို စကားစမြည်ပြောကြည့်လိုက်သည်။ အတွေးနယ်ချဲ့ဟန် ရှိနေသော တင့်တင့်လည်း ဆတ်ခနဲ ခေါင်းမော့လာ

www.burmeseclassic.com

www.burmeseclassic.com

၌ ကျွန်တော့်ဘက်ကို လှည့်ကြည့်သည်။

"အင်းဝဘုရင်မင်းခေါင် လွန်ပြီးတဲ့နောက် သားတော်သီဟသူဟာ သက္ကရာဇ် (၇၈၃)ခုနှစ်မှာ နန်းတက်ခဲ့တယ်။ ခမည်းစား ဥတ္တမဇေယျသူရနော်ရထာက မူးမြစ်မှာ မျောသာပြီးရတဲ့ ဆင်ဖြူတစ်ကောင် ဆက်တာရယ်၊ ပြည်စားဓာရွှေခက် ဆင်ဖြူရလို့ ဆက်တာရယ်ကြောင့် ဆင်ဖြူရှင်သီဟသူမင်းရယ်လို့ တွင်ခဲ့တယ်"

"ဟုတ်ကဲ့ ဆရာ၊ ကျွန်မ နားထောင်နေပါတယ်"

"အဲဒီ ဆင်ဖြူရှင်သီဟသူ နန်းတက်တော့ လွန်တော်မူပြီးဖြစ်တဲ့ သူ့အောင်တော် မင်းရဲကျော်စွာရဲ့မိဖုရား စောင်းလှနဲ့ ရွှေနန်းစံခဲ့တယ်။ နောက် လွန်တော်မူပြီးသော ခမည်းတော်ရဲ့မိဖုရား စောဘို့မယ်ကိုလည်း မိဖုရားမြှောက်တယ်"

မိဖုရားစောမင်းလှလည်း ဆင်ဖြူရှင်သီဟသူဟာ မိဖုရား စောဘို့မယ်နဲ့သာ ပျော်ပါးနေတော့တယ်။ ငါလည်း မိဖုရားဆိုတာ မေ့နေလေတယ်ဆိုပြီး နန်းတွင်းမှာမနေဘဲ စိတ်ကောက်ပြီး ရွှေစေတီအနောက်က စောင်းတန်းမှာနေတယ်။ စောင်းတန်းကြီးမှာနေခဲ့လို့ တန်ဆောင်းရှင်မိဖုရားလို့ တွင်ခဲ့တယ်လေ"

"ကျွန်မက ကျော်လွင်ဦးကို မိဖုရားစောမင်းလှလို စိတ်ကောက်တာတော့ မဟုတ်ပါဘူး ဆရာ"

တင့်တင့်က ရယ်မောသံလွင်လွင်လေး ထွက်လာအောင် ပြောရ၍ ခေါင်းကလေး ငုံ့သွားသည်။

"နေဦး မိတင့်၊ ဆရာ ဆက်ပြောမယ်။ ဟံသာဝတီဘုရင် မွန်မင်းရာဇာဓိရာဇ်ရဲ့ မိဖုရားကြီးတစ်ပါးဖြစ်တဲ့ သုဒ္ဓမာယာမှာ သားတော်ဗညားရံနဲ့ သမီးတော်ရှင်စောပုဆိုပြီး သားသမီးနှစ်ပါး ထွန်းကားခဲ့တယ်။ ရာဇာဓိရာဇ် မရှိတဲ့နောက် ဒဂုန်စားဗညားရံဟာ ဆင်ဖြူရှင်သီဟသူနဲ့ မီးမသေ ရေမနောက် ရွှေတစ်ပြားတည်း ဖြစ်ချင်နေတယ်။ ဒါနဲ့ အသက်နှစ်ဆယ့်ကိုးနှစ်ရှိပြီဖြစ်တဲ့ သူ့နှမ ရှင်စောပုကို ဆင်ဖြူရှင်သီဟသူကို ဆက်ခဲ့တယ်။

ဆင်ဖြူရှင်သီဟသူဟာ ရှင်စောပုကို ရလာပြီးတဲ့နောက် ရှင်စောပုနဲ့သာ တစ်ချိန်လုံး ပျော်ပါးနေတော့တာပေါ့။ ရှင်ဘို့မယ်ကို မေ့လျော့ပြီး မချစ်မနှစ်သက်သလို နေလာခဲ့တယ်"

"ဟုတ်ပါရဲ့ ဆရာ၊ တစ်ချုံကွယ် တစ်မယ်မေ့တဲ့ ကျော်လွင်ဦးနဲ့ တူလိုက်တာ"

"ရှင်ဘို့မယ်ကလည်း စိတ်ကောက်တတ်တယ် ထင်ပါရဲ့။ ဟို ဆင်ဖြူရှင်ရဲ့ခမည်းတော် အင်းဝဘုရင်မင်းခေါင်လက်ထက်ကလည်း ဖြစ်ခဲ့ဖူးတယ်လေ။ ဘုရင်မင်းခေါင်နဲ့ ကတောက်ကဆဖြစ်လို့ တောင်နန်းမိဖုရားအဖြစ်က နန်းချထားတာ။ တော်သေးတယ်။ ဝန်ဇင်းဘိုးရာဇာအမတ်ကြီး အလျောက်ကောင်းလို့ မင်းကြီးအမျက်တော်ပြေပြီး မိဖုရားကြီး ပြန်ဖြစ်ခဲ့သေးတာ။

အခုလည်း ရှင်ဘို့မယ်ဟာ ဆင်ဖြူရှင်သီဟသူကို နှလုံးနာ စိတ်ကောက်ပြီး အုန်းပေါင်လယ်သံဘွားနဲ့ တိတ်တဆိတ် သွားပေါင်းတယ်။ ဆင်ဖြူရှင် မေ့လျော့နေချိန်မှာ အိုက်ကို ဝင်ပြီးတိုက်ခိုင်းတယ်ပေါ့။ ဆင်ဖြူရှင်ဟာလည်း အောင်ပင်လယ်အရပ်မှာ လယ်ချောင်းလုပ်ပြီး မောင်းမတွေနဲ့ ပျော်နေချိန်မှာ ချောင်းမြောင်းပြီး အတိုက်ခံရတယ်။ အုန်းပေါင်လယ် သံဘွားလက်ချက်နဲ့ မြားသုံးချက်ထိပြီး ကံကုန်ခဲ့ရတယ်"

"အဲလိုဆိုတော့လည်း မိဖုရားရှင်ဘို့မယ်က ရက်စက်လွန်းတာပေါ့ ဆရာရယ်"

ကျွန်တော်လည်း ပြောလက်စ စကားကိုရပ်၍ တင့်တင့်ကို မလိမ့်တပတ်စောင်းငဲ့၍ကြည့်လိုက်သည်။ ရွှေမန်းသူလည်း မည်သည့်မြို့ရွာကို ဖြတ်သန်းလာသည်မသိ လှစ်ခနဲ,လှစ်ခနဲသော မီးရောင်များကို မြင်နေရသည်။

မိတင့်သိချင်နေတဲ့ ကျော်လွင်ဦးဟာ ငါးစိမ်းမြင်ပြီး ငါးကင်ပစ်ခဲ့လို့ ဘဝဇာတ်သိမ်း မကောင်းလှဘူး။ တင့်တင့်ခေါင်းလေးပြန့်ငုံ့သွားသည်။ ပဝါလေးနှင့် မျက်နှာကို အပ်နေသည်။

"မချစ်မနှစ်သက်ဘဲ ပေါင်းနေရတဲ့ နိန်လွင်နဲ့ လင်ခန်းမယားခန်း အဆင်မပြေကြဘူးလေ။ အလွန်ရိုးအေးတဲ့ကောင်ဟာ ကြာတော့ သောက်တတ်စားတတ်လာတယ်။ မူးလာတိုင်း ဒီမိန်းမကြောင့် သူတို့ချစ်ခြင်း အခွဲခံရတာဆိုပြီး ကတောက်ကဆတွေဖြစ်၊ အိမ်ပေါက နှင်ချလိုနှင်ချနဲ့ပေါ့။ ကြာတော့ နိန်လွင်လည်း သည်းညည်းမခံနိုင်တော့ဘဲ အိမ်ပေါက ဆင်းသွားတော့တယ်။ အခု ဒီကောင် အရက်သောက်တာများပြီး အသည်းရောဂါနဲ့ မိတ္ထီလာဆေးရုံကြီးကို ရောက်နေတယ်လေ"

တင့်တင့်ထံမှ ရှိက်ကြီးတငင် တအင့်အင့်ငိုကြွေးသံပင် ထွက်လာသည်။ တစ်ညလုံး ပြေးနေသော ရွှေမန်းသူလည်း မိတ္ထီလာမြို့အဝင် ရောက်လာသဖြင့် စက်အရှိန်ကျလာ

www.burmeseclassic.com

သည်။ အရှေ့တွင် အရုဏ်တက်ပြီဖြစ်၍ လင်းရောင်ခြည်များသန်းလျက်ရှိနေသည်။

"ဟင်..မိတ္ထီလာတောင် ဝင်လာပြီပဲ"

ကျွန်တော်ပြောလိုက်သောကြောင့် တင့်တင့်လည်း ကမန်းကတန်း မျက်ရည်သုတ်လိုက်ပြီး ခုံအောက်မှ သူ့အိတ်ကို ဆွဲထုတ်နေသည်။ ခရီးသည်များလည်း အထုပ်ဆွဲသူဆွဲ အိတ်လွယ်သူလွယ်နှင့် လူပ်လူပ်ရွရွဖြစ်နေကြသည်။ ရွှေမန်းသူလည်း မိတ္ထီလာ ရွှေလဝန်းသင်္ကန်းတိုက်အနီးတွင် ရပ်သွားလေသည်။

"ဆရာတစ်ယောက်တည်း ရွာကို ဘာနဲ့ပြန်မှာလဲဟင်" ကားပေါ်မှ ဆင်းလျှောဆင်းချင်း တင့်တင့်ကမေးသည်။

"သပြေဝလမ်းဆုံအထိ ဆိုင်ကယ်တစ်စီးလာကြိုဖို့ အိမ်ကို ဖုန်းဆက်မှာထားတယ်။ သပြေဝလမ်းဆုံအထိ လိုင်းကားစီးသွားမယ်လေ"

လင်းလင်းကျင်းကျင်းရှိပြီဖြစ်၍ မိတ္ထီလာတစ်မြို့လုံး အသက်ဝင်လှုပ်ရှားနေသည်။ အင်္ဂလိပ်ဆိုင်ကယ်သမားများလည်း ခရီးသည်ရရန်အတွက် တစ်မေးတည်းမေး၍ ရစ်သီ,ရစ်သီ လုပ်နေကြသည်။

"ရော့..ဆရာ၊ ဒါက မိရင်နဲ့ အေးကျင်တို့ဖို့ လုံချည်တစ်ကွင်းစီ၊ ဒါက ဆရာ့အတွက် အင်္ကျီနဲ့ပုဆိုး၊ အင်္ကျီက ဆရာနဲ့ တော်ကောင်းပါရဲ့။ ဖြူးမှာနေတုန်းက အရေးတကြီး ဝယ်လာတာ"

မနီးမကမ်းတွင်ရှိသော ဆိုင်ကယ်အင်္ဂလိပ်သူတစ်ဦးထံ တင့်တင့် လျှောက်သွားသည်။

"မောင်လေး..ဆရာ့ကို သပြေဝလမ်းခွဲအထိ ပို့ရမှာနော်။ ဆရာသွားတော့လေ။ ဆိုင်ကယ်ခ ကျွန်မပေးလိုက်ပြီ။ ကျွန်မလည်း သွားမယ် ဆရာ"

တင့်တင့်သည် ဆိုင်ကယ်သမားကိုပြောရင်း ကျွန်တော့်ကို နှုတ်ဆက်သည်။

နောက်ထပ် ဆိုင်ကယ်တစ်စီးက တင့်တင့်အနား ရောက်လာ၍ "အစ်မ..ဘယ်ကိုပို့ပေးရမှာတုံး" ဟု မေးသံကြားသည်။

တင့်တင့်ကား ကျွန်တော့်ဘက် ကြောင်တက်တက်ကြည့်ရင်း "ဆေးရုံကြီးကိုလေ" ဟု ခပ်အုပ်အုပ်ဖြေသံ ကြားလိုက်ရလေသည်။

အာကာသ(သာစည်)

ယတြာဆရာမ ဒေါက်တာခင်မျိုးစိုး

Ph.D (Hon - Doctor of Astrology)

[နက္ခတ္တဗေဒ၊ မြန်မာ့ဗေဒင်၊ နဝင်းစီးပညာ]

အရေးကြီးတဲ့ ကိစ္စရှိရင် လာခဲ့ပါ။

အမျိုးသမီးများ၏ အခက်အခဲများကို ဦးစားပေးဆောင်ရွက်ပေးပါသည်။

စာမေးပွဲ၊ အောင်ပွဲဝင် ယတြာများ၊ ထိရောက်ထက်မြက်သော နဝင်းစီးပွဲယတြာများ ဆောင်ရွက်ပါသည်။

အခန်း(၄)၊ အခန်းက်ဆက်မုခ်၊ ခြေသုံးနှစ်ထောင်အနီး၊ ပဟာဝီထေရဝတီ၊ ရန်ကုန်မြို့ ☎ ၀၉ ၅၁၀ ၇၅၅ ၂၇

ဒေါက်တာယတြာလေဒီ

Ph.D (India)., M.Sc (Chemistry)

ရှေ့ဖြစ်တွေ၊ နောက်ဖြစ်တွေ လုပ်မနေနဲ့
ဘာဖြစ်နေလဲ၊ ဘာဖြစ်ချင်လဲ၊ ဘာလုပ်ပေးရမလဲ
လက်ရှိကြုံတွေ့နေတဲ့ အခက်အခဲတွေ ဖြေရှင်းဖို့အတွက်
ထိထိမိမိ ဓာတ်ရိုက်၊ ဓာတ်ဆင် ယတြာဆောင်ရွက်လိုလျှင်...

ကြိုတင်
ရက်ချိန်းယူပါ

လူမှုရေးဝိုင်း၊ ဂုဏ်သိက္ခာဝိုင်းနှင့် ပတ်သက်၍ ကိုယ်ရေးလုံခြုံမှုကို အာမခံပါသည်။

အမှတ်(၆၆)၊ အခန်း(၄)၊ ဒုတိယထပ်၊ တုန်ဓရီးတန်းလမ်း၊(ဇေအောက်)၊ ပန်းဆိတန်းမြို့နယ်၊ ရန်ကုန်မြို့ ☎ ၀၉ ၅၀ ၁၈၇၃၅

www.burmeseclassic.com

www.burmeseclassic.com

မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ဖူးသည့် ကိုစံမောင်သန်းထွန်း

ပရလောကနှင့် ပတ်သက်သည့် ဓာတ်လမ်းများစွာတို့ကို ကြားဖူး၊ ဖတ်ဖူးခဲ့ပေါင်း များလေပြီ။ ဖုတ်၊ တစ္ဆေ၊ သရဲ၊ မှင်စာ၊ ကျက်၊ စုန်း၊ ကဝေ၊ ဇော်ဂနီ၊ ဇော်ဂနက်၊ မြေဘုတ်၊ ပြိတ္တာ၊ ဘီလူး၊ ယက္ခိုက်၊ ဘဘက် စသည်တို့ကို လည်း ကြားဖူးနားဝရှိခဲ့ပေါင်း များလှ ချေပြီ။

တစ္ဆေ၊ သရဲ၊ စုန်း၊ ကဝေတို့ပါသော ဓာတ်ကားများကိုလည်း ကြည့်ခဲ့ရဖူးလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ကြောက်လန့်စိတ်တွေလည်း ဖြစ်ခဲ့ရဖူးတာ။

အရွယ်ရောက်လာပြန်တော့ ထိုငယ်စဉ်က ကြောက်စိတ်ဖြစ်တည်ခဲ့သည်တို့ကို ပြန်လည်ခံစားကြည့်ချင်လာသည်။ ကိုကိုလေးတို့ စုန်း၊ တစ္ဆေများကို ပြန်လည်ရှာဖွေတွေ့ကြည့်သည်။ ရုပ်ရှင်ကားများကိုလည်း ရှာဖွေကြည့်သည်။

ကြောက်စိတ်များ ပြန်လည်မရရှိသည့်အပြင် ရယ်ချင်စိတ်ပင် ဖြစ်လာခဲ့လေတာ။ ဘယ်မှာလဲ ကြောက်စိတ်ဟုပင် ဆိုရချေတော့မည်။

"မောင်ရင်က ကိုယ်တွေ့ မကြုံသေးလို့ပါ။ ကိုယ်တွေ့ကြုံတွေ့ခဲ့ရင် မလွယ်ဘူး။ လိပ်ပြာလွင့်သွားနိုင်တယ်" ဟု ခင်ဆွေအချို့က ကျွန်ုပ်အား ပြောသည်။

ရယ်ချင်ပက်ကို ဖြစ်ရပါ၏။ အဘယ်ကြောင့် ရယ်ချင်ပက်ကို ဖြစ်ရပါသလဲ။ ဒါကို ကျွန်ုပ် ဖြေဖို့အသင့်။

ထိုအဖြေသည်ကား ကျွန်ုပ်သည် ပရလောကသားတစ်ဦးနှင့် ကိုယ်တွေ့မျက်မြင် ကြုံတွေ့ခဲ့ရဖူးသောကြောင့်ပင် ဟုဆိုသည်။ ကြောက်စိတ် မဖြစ်ပေါ်ခဲ့ပါ။ လုံးဝ(လုံးဝ) မဖြစ်ခဲ့ပါချေ။

အကြောင်းရင်းသည်ကား ကျွန်ုပ် ကိုယ်တွေ့မျက်မြင် ကြုံတွေ့ခဲ့ရပါသော ပရလောကသားသည် မျက်လုံးကား ဆန်ကောလောက်၊ လင်းကွင်းလောက်၊ နားရွက်တစ်ဖက်ခြို့၊ တစ်ဖက်ခင်းအိပ်၊ လျှာကြီးက ရှည်လွန်းသည့်အတွက် လိပ်တင်ထား၍၊ အစွယ်ကြီးတွေက ပြောင်းဖူးဖက်ဆေးလိပ် အရွယ် ပြူးထွက်လို့နေ၊ အရပ်က ထန်းပင်လောက်မြင့်သည့် ကြောက်စရာ တစ္ဆေ၊ သူရဲကောင်မျိုးကား လုံးဝ မဟုတ်။ ထို့ကြောင့် ကြောက်စိတ်မဖြစ်ပေါ်ခဲ့ရခြင်း ဖြစ်ပါ၏။

ဤသို့ဆိုလျှင် တွေ့ခဲ့ရသည့် ပရလောကသားဆိုသည်မှာ တကယ်အန္တရာယ် ဟုတ်ပါရဲ့လားဟု မေးလာကြားခဲ့။ ပရလောကသား အမှန်အစစ်ဖြစ်ကြောင်း ကျိန်တယ်လို့ပင် ပြောရဲပါသည်။

ကျွန်ုပ်ငယ်စဉ်က စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့တွင် နေခဲ့ဖူးပါသည်။ ဖော်ပြလိုသော အဖြစ်အပျက်ဇာတ်ကြောင်းသည် ထိုတန့်ဆည်မြို့၌ပင် ဖြစ်ခဲ့ခြင်း ဖြစ်ပါသည်။

တန့်ဆည်မြို့သည် ကျွန်ုပ်၏ မွေးရပ်ဇာတိ မဟုတ်ပါ။ မွေးရပ်ဇာတိမြေကား ရန်ကုန်မြို့ ဖြစ်သည်။ တန့်ဆည်သို့ ရောက်ခဲ့စဉ်အခါက ကျွန်ုပ်သည် တစ်နှစ်သား အရွယ်ခန့်က ဖြစ်သည်။ ဆိုရသော် ကျွန်ုပ်သည် တန့်ဆည်မြို့နှင့် နှစ်ပေါင်း(၅၀)ကျော် အနေဝေးခဲ့ပြီတည်း။

ပြီးခဲ့သောသုံးနှစ်ခန့်က ကံအားလျော်စွာ ဌာနဆိုင်ရာ အလုပ်ကိစ္စဖြင့် တန့်ဆည်သို့ ပြန်လည်ရောက်ရှိခဲ့လေ၏။ ငယ်စဉ်ဘောင်ကျေး ကလေးဘဝကနေခဲ့သော နေရာ၊ အိမ်ခြေတို့ကို အမှတ်ရစွာ ကြည့်ခဲ့ရသည်။

ကျွန်ုပ်တို့နေခဲ့သော နေရာသည်ကား ယခု မြန်မာ့စီးပွားရေးဘဏ်(တန့်ဆည်ဘဏ်ခွဲ)၏ အနောက်ဘက်ရှိ ဆန်စက်ကြီး ဖြစ်သည်။

ဆန်စက်ကြီး၏ အပေါ်ထပ်တွင် ပစ္စည်းဟောင်းများ ထားသိုရာ စတိုခန်းဟူ၍ ထားရှိသည်။ ကျွန်ုပ်တို့မိသားစုသည်ကား ဆန်စက်ကြီး၏ဝဲဘက် ပျဉ်ထောင်အိမ်ကြီးတွင် နေကြသည်။

ယခုအခါ ထိုဆန်စက် တည်နေရာသည် ပြည်တွင်းသူပုန်သူကန်များကြောင့် မီးသင့်လောင်ခဲ့ရကြောင်း ကြားသိခဲ့ရသည်။ ယခု ယင်းနေရာတွင် အိမ်ကြီးရခိုင်၊ ဆိုင်ကြီးကန္နားတို့ဖြင့် စည်ကားလို့ နေချေပြီ။

ကျွန်ုပ်ကို ငယ်စဉ်က မျောက်ငိုဟု ဆိုကြသည်။ မျောက်တစ်ကောင်ကပင် ငိုရသည်အထိ လွန်စွာ ဆော့တတ်သော ကလေးတစ်ယောက်ဖြစ်ကြောင်း သိသာနိုင်ပါ၏။

ငယ်စဉ်အခါက ကျွန်ုပ်အား ကြီးတော်နှစ်ယောက်က ထိန်းကျောင်းရသည်။ ကြီးတော်နှစ်ယောက်စလုံး လက်မွှေင်ချရမည့်ကိန်း မကြာခဏ ကြုံတွေ့ခဲ့ရသည်ဟူ၏။

တစ်နေ့ ကျွန်ုပ်သုံးနှစ်အရွယ်လေးသည် ကြီးတော်တွေ အလစ်တွင် ဆန်စက်ကြီးထဲသို့ ဝင်သည်။ မကြာခဏလည်း ဝင်လေ့ရှိသည်။ ဆန်စက်ကြီး၏ နောက်ဘက်တွင် လှေကားရှိရာ ကျွန်ုပ်သည် ထိုလှေကားမှတစ်ဆင့် အပေါ်ထပ်ထပ်ခိုးရှိရာသို့တက်သည်။ ကြီးတော်တို့က ကျွန်ုပ် ဟောက်ဖြင့် ရှာမွေကြသည်။ အော်၍ဟစ်၍သည်း ခေါ်ကြသည်။ ဒါကို ကျွန်ုပ် မကြားမဟုတ် ကြားသည်။ ခေါ်သံကို ပြန်မထူးပါ။ ကြီးတော်တွေ မခြောက်ရအောင် ပစ္စည်းဟောင်းတွေရဲ့အကြား ဝင်ပြီး ပုန်းသည်။ ထိုစဉ် ပြုတုတ်ကို တွေ့ရလေ၏။

ပြုပြုတုတ်တုတ်လေးဖို့ ပြုတုတ်ဟု ကျွန်ုပ်က အမည်ပေးလိုက်ခြင်းဖြစ်သည်။ သူသည် ဘောလုံးလေးတစ်လုံးလို ခုန်ဆွ၊ခုန်ဆွ သွားတတ်သည်။ ကလည်း ကတတ်

www.burmeseclassic.com

သည်။ ရယ်လည်း ရယ်တတ်သည်။ သူကိုခေါ်တော့ သူလာသည်။ သို့သော် အကိုင်မခံ၊ အထိမခံ ရွေပန်းကန်လုပ်သည်။ ကျွန်ုပ်က သူကို ဖမ်းလေတော့ သူက မျက်နှာကြက်ထုပ်တန်းပေါ်သို့ ခုန်တက်သည်။ ကြောင်တစ်ကောင်လိုလည်း အော်တတ်၍ ကျွန်ုပ် သူကို အလွန်သဘောကျသည်။ ဖြူတုတ်သည် မျက်လုံး၊ ပါးစပ် မရှိပါချေ။

ဖြူတုတ်သည် မျက်နှာကြက် ထုပ်တန်းပေါ်မှာထိုင်ပြီး ကျွန်ုပ်အား ပိုက်ဆံပြားလေးတွေ ချပေးသည်။ ကျွန်ုပ်လိုက်လံ၍ ကောက်ယူသည်။ တစ်ပြား၊ နှစ်ပြားမှ ဆယ်ပြားလောက်အထိ အိတ်ကပ်ထဲသို့ ကောက်ထည့်သည်။

'မြေးလေးရေ..မြေးလေးရေ'

ကြီးတော်ကြီးက အော်ဟစ်ခေါ်ရင်း ဆန်စက်ကြီးထဲဝင်လာသည်။ ကြီးတော်ကြီး ခေါ်သံကို ကျွန်ုပ် စိတ်မဝင်စားပါချေ။ စိတ်ဝင်စားနေသည်ကား ဖြူတုတ်၊ ဖြူတုတ်ကို လက်ယပ်ခေါ်တော့ ဖြူတုတ် ဆင်းလာသည်။ ပြီးတော့ ကုလားထိုင်တွင် ထိုင်သည်။ တစ်ခဏအကြာ ဖြူတုတ် ငိုသည်။ ဖြူတုတ်ငိုတော့ ကျွန်ုပ်လည်း ငိုချင်သလိုဖြစ်လာ၍ ငိုချလိုက်သည်။

'ဟီး..ဟီး..ဟီး..ဟီး'

ငိုသံကို ကြားမိ၍ထင်သည်။ ကြီးတော်ကြီး အပေါ်ထပ်ဆီသို့ တက်လာသည်။

ကျွန်ုပ်ကို တွေ့လေတော့-

'မြေလေးရယ်..ရှာလိုက်ရတာ၊ ဘာလို့ ဒီအပေါ်ကို တက်ရတာလဲ။ လာ..လာ..မြေးလေး၊ မိုးချုပ်တော့မယ်'

'ဟင့်အင်း..ဟင့်အင်း..မလိုက်ဘူး။ ကြီးတော်လုပ်လို့ ဖြူတုတ် ထွက်ပြေးသွားပြီ၊ ပြန်ရှာပေး။ ဟီး..ဟီး..ဟီ'

အချိန်ကား နေဝင်ရီတရောအချိန်။

'ဟဲ့...မြေးလေး ဘာတွေပြောနေတာလဲ'

ကြီးတော်ကြီးက ဟိုဟိုသည်သည် ကြည့်သည်။ စိုးရိမ်စိတ် ဝင်လာသည်သို့ရှိသည်။

'သားသားနဲ့ သူနဲ့ ကစားနေတာ အခု မရှိတော့ဘူး။ ဟီး..ဟီး..ဟီး'

ထိုစဉ် အပုပ်နံ့ကြီးက ထွက်ပေါ်လာသည်။ ကြီးတော်ကြီးက ကျွန်ုပ်ကို စွေ့ခနဲ ပွေ့ချီမ၊ ပြီး လှေကားမှ ပြေးဆင်းသည်။

'အပေါ်ထပ်မှာ အပေါ်ထပ်မှာ' ဟုလည်း အော်သည်။

အော်သံကြားရသဖြင့် ဆန်စက်အလုပ်သမားတချို့ ပြေးဝင်လာသည်။

ကြီးတော်ကြီးက အပေါ်ထပ်ကို တုန်ယင်စွာဖြင့် လက်ညှိုးထိုးပြပြီး အပြင်သို့ သုတ်ခြေတင်သည်။

ဆန်စက်အလုပ်သမားတို့က ရရာလက်နက် ကောက်ယူကာ အပေါ်ထပ်သို့ ပြေးတက်ကြသည်။ နေရာမှန်သမျှကို ရှာကြဖွေကြသည်။ အပုပ်နံ့သည်ကား အော်ဂလီဆန်စွာ ဟောင်ထွက်နေဆဲပင်။

'တွေ့ပြီဟေ့..တွေ့ပြီ'

လှေကားထောင်၍ မျက်နှာကြက်ထောင့်နေရာသို့ တက်၍ ကြည့်သူမှ ပြောလေရာ ထိုနေရာဆီသို့ စုပြုံကြည့်ကြသည်။

တွေ့ကြရသည်မှာ သေတ္တာဟောင်းကြီးတစ်လုံးအပေါ်တွင် သေနေသော ကြောင်ဖြူကြီးတစ်ကောင်၊ ပုပ်ပွလောက်တက်လို့ပင် နေချေပြီ။ ကြောင်သေကို ဖယ်ရှားရှင်းလင်းပြီး ဒီဇယ်ဆီများ လောင်းကြသည်။

ပြီးနောက် သေတ္တာဟောင်းကြီးကို ခဲရာခဲဆစ်ဖြင့် မ,ယူ၍ အဖေထံ အပ်နှံကြသည်။

အဖေသည် ထိုသေတ္တာဟောင်းကြီးကို စူးစိုက်ကြည့်သည်။ မှတ်မိသလို ရှိလာသည်။

'ဟုတ်ပြီ..မှတ်မိပြီ။ ဒါ..ဒါဟာ..ဒီသေတ္တာကြီးဟာ ငါ့အဘိုးရဲ့ သေတ္တာကြီးပဲ'

သေတ္တာကြီးသည် ဟောင်းနွမ်းလွန်းလှသည်။ သေတ္တာဟောင်းကြီးကို သံတူးရွင်းဖြင့် အတော်ပင် ကလော်ကလန့်ဖွင့်ရသည်။ ပွင့်လေတော့ ငွေဂံါးပြားတွေနှင့် ရွှေထည်လက်ဝတ်လက်စားအချို့ကို တွေ့ရသည်။ ရှေးလူကြီးသူမတို့သည် များသောအားဖြင့် အိမ်တိုင်များတွင် အံဝှက်ပြီး၍ တန်ဖိုးရှိ ပစ္စည်းများကို ဝှက်ထားတတ်ကြသည်။

တချို့လည်း အိမ်တိုင်ခြေတွင် မြေအိုးများဖြင့် အနှီးတန်ရတနာများကို မြှုပ်၍ထားတတ်ကြသည်။ ဤသို့နှင့် ခေတ်မကောင်းချိန် နယ်ချဲ့ခေတ်ကာလ၊ ရောင်စုံသူပုန်သူကန်ထကြွသောင်းကျန်းစဉ်အခါကာလတို့တွင် လူကြီးသူမတို့က လုပ်လေ့လုပ်ထရှိသည်။ ထိုလူတို့ သေလွန်သည့်အခါ ပစ္စည်းစွဲဖြင့် မကျွတ်မလွတ်ရှိကြသည်ဟုလည်း ကြားဖူးနားဝ ရှိဖူးပါသည်။

ဤဆန်စက်ကြီးသည် အဖေ၏ အဘိုးပိုင် ဆန်စက်ကြီးသည်။ အရွယ်လည်းအို၊ အုပ်စီးနိုင်သည့် သွေးသားခံတော့သဖြင့် ရန်ကုန်နေ အဖေကို တကူးတက ခေါ်ယူခိုင်း

www.burmeseclassic.com

www.burmeseclassic.com

ပြင့် ကျွန်ုပ်တို့ မိသားတစ်စု တန့်ဆည်သို့ ရောက်ခဲ့ရခြင်း ဖြစ်သည်။ ရောက်ခဲ့စဉ်က ကျွန်ုပ်သည် တစ်နှစ်သားအရွယ် ခန့် ဆိုသည်။

ဖြူတုတ်နှင့် တွေ့ခဲ့ရသည့်အချိန်မှာတော့ ဆိုခဲ့သလို ရောက်ရှိုးအောင် ဆော့တတ်သည့် သုံးနှစ်သားအရွယ် ဖြစ်သည်။

အဖေသည် သူရရှိခဲ့သော ဒွေဒင်္ဂါးများကို ရောင်းချပြီး ကျွန်ုပ်အား ရှင်ပြုပေးခဲ့သည်။ သူ၏ အဘိုးဖြစ်သူအတွက်သည်း အလှူကြီးပေး၍ အမျှဝေ ရေစက်ချခဲ့သည်။

စဉ်းစားမိသည်မှာ သေတ္တာအဟောင်းကြီးအပေါ်တွင် သေနေသော ကြောင်ဖြူကြီးသည် အဘိုး၏ ဝိညာဉ်ကောင်ကြီးပေလား။ ကျောင်းစွဲ၊ အိမ်စွဲ၊ ပစ္စည်းစွဲတို့ကြောင့် အဘိုးသည် ကြောင်ဖြူကြီးတစ်ကောင်အဖြစ် ပစ္စည်းများကို စွဲသမ်းစွာ စောင့်နေခဲ့ပါသလား။

ဤတွင် ကျွန်ုပ်မြင်တွေ့ခဲ့ရပါသော ဖြူတုတ်ကရော၊ ဆက်စပ်တွေးကြည့်လျှင် ဖြူတုတ်သည် ကြောင်တစ်ကောင်ကို အော်ခဲ့သည်။

အဘိုး၏ဝိညာဉ်သည် ကြောင်တစ်ကောင်ဖြစ်သလို ဖြူတုတ်လည်း ဖြစ်ပေလိမ့်မည်။

အာယ်ကြောင့်ဆိုသော် ဖြူတုတ်ပေးခဲ့သော ဒွေဒင်္ဂါးတွေသည် အဖေရခဲ့သော အဘိုး၏ သေတ္တာဟောင်းကြီးထဲမှ ဒွေဒင်္ဂါးများနှင့် ထပ်တူကျနေသည် မဟုတ်ပါလော။

အဘိုးသည် သူကျွတ်လွတ်ရန် ဖြူတုတ်မှတစ်ဆင့် ကျွန်ုပ်အား ဆက်သွယ်ခဲ့ပေလိမ့်မည်။ မည်သို့ဆိုစေ အဖေသည် အဘိုး၏ ဒွေဒင်္ဂါးများကို ရရှိခဲ့ပြီး အဘိုးအတွက် အမျှဝေရေစက်ချ အလှူပေးခဲ့ရပြီးလေပြီ။

အဘိုးသည်လည်း ကျွတ်ရာလွတ်ရာသို့ ရောက်ခဲ့လေပြီဟု အကြွင်းမဲ့ ယုံကြည်မိပါ၏။

အချုပ်အားဖြင့် ဆိုရသော်-

ကျွန်ုပ်မြင်တွေ့ခဲ့ရသော ဖြူတုတ်သည် ပရလောကသားဟုဆိုသော် ရနိုင်ပါ၏။ ကျွန်ုပ်သည် ပရလောကသားနှင့် တွေ့ကြုံခဲ့ရပါသော်လည်း ကြောက်ရွံ့စိတ်များ မဖြစ်ပေါ်ခဲ့ပါချေ။ ဖြစ်နိုင်လျှင် ဖြူတုတ်နှင့် ထပ်မံတွေ့ချင်ပါသေးဟုဆိုလျှင်...။

ကိုမောင်သန်းဝင်း

ဆရာကြီးရောဇာဇော်ဝင်း (LL.B)

နာမည်ပေးကင်ပွန်းတပ် နက္ခတ္တဗေဒအကြားအမြင် လျှို့ဝှက်နက်နဲသောပညာဖြင့် အနာဂတ်ဟောကိန်းများ

ရင်သွေးငယ်များ နာမည်ပေးခြင်း၊ ကင်ပွန်းတပ်ရက် အခဲခဲ့ရွေးပေးခြင်း၊ ရွေးမှမဖျက် နာမည်လှလှလေးများ ရွေးချယ်ပေးခြင်း၊ ရင်သွေးငယ်များ ဘာသာစံပက်တာဟောစာတမ်း၊ ကုမ္ပဏီများ နာမည်ရွေးခြင်း၊ ကုန်အမှတ်တံဆိပ်များ၊ အောက်ခံအရောင်စာလုံးများ၊ ကုမ္ပဏီဖွင့်ပွဲ အချိန်၊ နာရီ၊ နေ့ရက်များ၊ မြန်မာစာတာ၊ အင်္ဂလိပ်စာတာ၊ မြန်မာဟောစာတမ်း၊ အင်္ဂလိပ်ဟောစာတမ်း၊ နိုင်ငံခြားမှ မြန်မာများအတွက် နာမည်ပေးခြင်း စသည့် နာမည်ပေးပါရာဂု ဆရာကြီးတစ်ဦးဖြစ်ပါသည်။ (ဥက္ကံပူဇော်ခ ၇၁၀၀-ကျပ်) သံတမန်ဝန်ထမ်း အင်္ဂလိပ် နာမည်နှင့် မိဘနာမည် တွဲဖက်၍ အထူးဆောင်ရွက်ပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ ခွဲစိတ် မွေးဖွားမည့် ရက်ကောင်းရက်မြတ်ကို နာရီ၊ မိနစ်၊ စက္ကန့် အပါအဝင် လိုအပ်သောယကြားများ OG ဆရာဝန်နှင့် တိုင်ပင်ပြီးပါက ဆက်သွယ်နိုင်သည်။ လူကြီးများအတွက် ရာသီ၊ လ၊ နှစ် ပိုင်းခြားထားသော ဟောစာတမ်းများ လက္ခဏာဖြင့်ဟောခြင်း၊ နိုင်ငံခြားသွားလာလိုသူများ လိုင်းကောင်းကောင်းရစေရန်၊ နိုင်ငံခြားသွားသူများ မိမိရောက်သည့်နိုင်ငံတွင် အဆင်ပြေစေရန်၊ ချစ်သူမောင်နှံများ စုံတွဲဇာတာ စစ်ဆေးခြင်း၊ အကြောင်းပြန်ရစေရန် အရှေ့နိုင်/မနိုင်၊ ညာရေးထူးချွန်မှုရှိ/မရှိ၊ အိမ်ဆောင်ရေးတွင် အနောင့်အယှက်များ ဖယ်ရှားပေးခြင်း၊ ချစ်ရည်မွေ့မောသော်လည်း အဆင်ပြေဖြစ်နေသည့် လူပျိုကြီး၊အပျိုကြီးများ ကံတွင်အောင်ပြုလုပ်ခြင်း၊ အိမ်၊ မြေ၊ကား ရောင်းထွက်စေရန် ဆောင်ရွက်ပေးခြင်း၊ အင်းပညာ၊ ဝိဇ္ဇာအစီအရင်ပညာ၊ ဓာတ်ရိုက် ဓာတ်ဆင်ပညာများဖြင့် ဆရာတစ်ဝက်လျှင်သင် အောင်မြင်စေရမည်ဟု မှတ်ပါ။ (နှုတ်ဟောဥက္ကဋ္ဌပူဇော်ခ ၅၀၀၀-ကျပ်) နာမည်ပေးခြင်းနှင့် ဟောစာတမ်းများ ဒီရေအပ်လျှင် နေ့ကဖြန်ရမည်။ နယ်သို့ VPL ဖြင့်လည်းကောင်း၊ ဘဏ်မှ ငွေလွှဲလျှင် ချက်ချင်းပို့ပေးမည်။ နယ်မှ မွေးသည့်ရာဇာ၊ နေရပ်လိပ်စာ အော်ပြ၍ မေးမြန်းနိုင်ပါသည်။ ရန်ကုန်မြို့အတွင်း နာမည်ပေးနှင့် ဟောစာတမ်းများကို ငွေကြိုပေးစရာ မလိုဘဲ ပို့ပေးမည်။ ဖုန်းသာ ဆက်လိုက်ပါ။

တိုက်-၃၅(မြေညီထပ်)၊ (၈၇)လမ်း၊ မဂိလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ (ဝိတ်ရက်မရှိ)

☎ (01)394727, (01)399426, 09 730 09994, 09 730 78260, 09 51 52521

www.burmeseclassic.com

ရှေးအခါက ပညာရှိတို့သည် အနာဂတ်၌ ဖြစ်လာလတ္တံ့သော အကြောင်းအရာတို့ကို ဟောပြောချက်ထုတ်ရာ၌ အတိတ်၊ နိမိတ်၊ တဘောင်၊ စနည်း၊ ဘဝေါ၊ သိုက်၊ ဓာတ်၊ ဗျာဒိတ် စသည်တို့ကိုကောက်ယူ၍ ဟောပြောချက်ထုတ်ကြလေသည်။

ဤနေရာ၌-

(၁) အတိတ်ဟူသည်မှာ ကာလသုံးပါးတွင် ဖြစ်ပျက်လာသည့် အကြောင်းအရာတို့ကို ဆင်ခြင်သုံးသပ်ကာ အဖြေထုတ်ခြင်း၊

(၂) နိမိတ်ဟူသည်မှာ မရောက်မီ၊ မဖြစ်မီ အနီးကပ်၍ ဖြစ်ပေါ်မြင်တွေ့ရသော အကြောင်းအရာတို့မှ အဖြေ ယူခြင်း၊

(၃) တဘောင်ဟူသည်မှာ ရှေ့၌ဖြစ်လာလတ္တံ့သော ဟိ ဟောတူအကြောင်းလက္ခဏာတို့ကိုဆောင်၍ ပေါ်လာ

www.burmeseclassic.com

www.burmeseclassic.com

ကြည့်ဝင်း (ဟာသတ)

အိပ်မက်ကျမ်းတတ် မြတ်သောဆရာ သားလိမ္မာ

သိချင်းမျိုး၊ သံချပ်မျိုး၊

(၄) စနည်းဟူသည် သီလ၊ သစ္စာကို စောင့်ထိန်း၍ ကိုယ်စောင့်နတ်၊ ပြည်စောင့်နတ်၊ နတ်တို့ကို တိုင်တည်အဓိဋ္ဌာန်ပြုကာ ဤသို့ဖြစ်,မဖြစ် ထင်ရှားစွာသိရပါလို၏ဟု ရည်မှန်းကာ စကားနားထောင်ရန်သွားစဉ် သူတစ်ပါးတို့ထံမှ နတ်တို့၏ ပယောဂကြောင့် ကြားသိရသောစကား (မူလစကားနည်းမှ ကားအကွာရာ ပျောက်ခါစနည်း ဖြစ်လာသည်)

(၅) သဝေါဟူသည် ဘုရား၊ ပုထိုး၊ ရောင်ခြည်တော်လွှတ်ခြင်း၊ မျက်ရည်ယိုထွက်ခြင်း၊ ချွေးတော်ထွက်ခြင်း၊ နန်းတော်,ဇရပ် စသည်တို့၌ မီးလောင်ခြင်း၊ လတွင် ကြယ်ဖောက်ထွက်ခြင်း၊ ကြယ်အချင်းချင်းခွပ်ခြင်း၊ ဘုရား,ပုထိုးများ အိုးထွက်ခြင်း စသည့်လက္ခဏာများကိုပြခြင်း၊

(၆) သိုက်ဟူသည်ကား မည်သည့်အခါ မည်သူ မည်သို့ဖြစ်မည်ဟူ၍ အနာဂတ်ရေးရာတို့ကို အစဉ်အဆက်မှတ်သားလာခဲ့သော စကားမှတ်တမ်းများ၊

www.burmeseclassic.com

www.burmeseclassic.com

(၇) ဓာတ်ဟူသည် ပါပ၊ သူရဇ္ဇ၊ အမြိတ္တ၊ ကောလိ၊ အန္ဓော၊ ဂင္ဆော၊ စရေ၊ ဝံလေ၊ ရန်ဓာတ်၊ မိတ်ဓာတ်တို့ကို ကောက်ဟူ၍ အနာဂါတ်ကို ဟောပြောဖော်ထုတ်ယူခြင်း၊
(၈) ဗျာဒိတ်ဟူသည် မြတ်စွာဘုရား၊ သီလ၊ သမာဓိရှိသော ရသေ့ရဟန်းတို့ မြွက်ကြားမိန့်ဆိုခဲ့သော နောင်ဖြစ်လာမည့် အကြောင်းအရာ စကားတို့ ဖြစ်လေသည်။

သို့ဖြစ်၍ မန်လည်ဆရာတော်ဘုရားကြီးမှ မဟာသုတကာရိယဃေဝလက်ာသစ်၌-
(၁) တိုင်းပြည်အခင်း မင်း၏အထွတ် ထိုနှစ်ချက်တို့ ဖြစ်ပျက်ခါနီး လူနှုတ်သီး၌၊ ကပ်မိုးရောယောင်၊ နတ်တို့ဆောင်၍၊ တဘောင်နိမိတ်၊ ကောင်းဟိတ်ဆိုးမှု၊ ပြလာပြုလျက်၊ ပြည်သူလေ့လာ၊ များတတ်စွာ၏။
(၂) လူရွာစဉ်ရှေး၊ မှတ်တရေးလည်း၊ ကလေးတမည်၊ သဘင်တစ်ဦး၊ အရူးခေါ်ရိုး၊ ဤသုံးမျိုးတို့၊ ကောင်းဆိုးတဘောင်၊ နိမိတ်ကောင်တည်း။
(၃) ပြောင်လှောင်ပျက်ပြယ်၊ ဆန်းကြယ်ဆိုမည်၊ သဘင်သည်နှင့်၊ တမည်သူရူး၊ ဤနှစ်ဦးကား၊ အထူးမည်လှည့်၊ ပြည်၏စနည်း၊ ပြည့်ဆည်းလည်းတည်း၊ ကြည်းကြည်းရွှင်ပျော်၊ တကြော်ကြော်ဖြင့်၊ ဟစ်အော်မြူးရယ်၊ လူသူငယ်မှု၊ လူငယ်ခေါ်နည်း၊ သိမ်းဆည်းလည်းတည်း၊ မှတ်တည်းရှေးသူ၊ နိမိတ်မူ၏။
(၄) မှတ်ယူကြောင်းဟိတ်၊ ပြည်နိမိတ်နှင့်၊ အတိတ်ဘဝေါ၊ နတ်ပြောပြဆောင်၊ တဘောင်စနည်း၊ ပေါင်းစည်းထိမျှ၊ ဓာတ်သိုက်စသား၊ လောကနည်းနာ၊ အဖြာဖြာကို၊ လိမ္မာသိပ်သည်း၊ ဝမ်းဝယ်တည်လော့။
(၅) စနည်းကိုတောင်၊ တဘောင်ကိုမြောက်၊ ယူကောက်နိုင်းညှိ၊ ဆိုရိုးရှိရှင့်၊ ရှေးနောက်သိမြင်၊ ပညာရှင်နှင့်၊ တိုင်ပင်အပ်စွာ၊ မပြတ်ရာဘူး။
(၆) သုဘာသုတ၊ ဝေါဟာရဖြင့်၊ လောကအလို၊ ဟောပြဆိုတိုင်း၊ ထိုသိုအနိုင်၌၊ ဒုနိမိတ်လည်း၊ မြဲကြိတ်မုချ၊ မဟုတ်စွတည်း၊ ဓမ္မတရား၊ တိမ်းပါးမမူ၊ တည်သောသူအား၊ ဘေးဟူတုံလတ်၊ ဥပဒ်အပြစ်၊ မဖြစ်နိုင်ရာ၊ ကင်းကြစွာ၏။
(၇) သမ္မာဉာဏ၊ ပယောဂနှင့်၊ လုံ့လအားထူ၊ ကောင်းစွာယူ၍၊ ကောင်းမှုသဖြင့်၊ ကောင်းအောင်ကျင့်က၊ ယခင်အတိတ်၊ နိမိတ်တဘောင်၊ ကိတ်ရောင်ဥပါ၊ ခိုးရုန်ဝါတို့၊ ထင်လာသမျှ၊ ကောင်းကြသည်ချည်း၊ မချွတ်တည်းရှင့်ဟူ၍ ဖော်ညွှန်းစပ်ဆိုခဲ့ပါသည်။

ထို့ပြင် အခြင်နိမိတ်၊ အတိတ်လက်ဆောင်၊ ကြားလှောင်တဘောင်ဟူသော ရှေးပညာရှိတို့ စကားရှိ၍ နိမိတ်ကောက်ယူလိုလျှင် တောင်အရပ်သို့သွား၍ မြင်တွေ့သည့် အကြောင်းအရာတို့အပေါ်တွင် ဆင်ခြင်ကာ နိမိတ်ကောက်ယူရပါမည်။

တဘောင်ကို သိလိုပါက မြောက်အရပ်သို့သွားကာ သီချင်းသံ၊ သံချပ်၊ ကလေးငိုသံစသည်တို့မှ ကြားသိရသော စကားသံပေါ် မူတည်၍ မိမိကိုယ်စီသိလိုသမျှကို အထောက်အကူပြု ဖော်ထုတ်ရမည် ဖြစ်ပါသည်။

ယခုတင်ပြမည့်အကြောင်းအရာမှာ ထိုအတိတ်၊ နိမိတ်၊ တဘောင်၊ စနည်းတို့ကဲ့သို့ပင် အိပ်မက်ကို ဖတ်ကြားကာ အနာဂတ်ကာလ၌ ဖြစ်ပျက်လာမည့် အကြောင်းအရာတို့ကို ဖော်ထုတ်ဟောပြောခဲ့သည့် ပညာရှိတစ်ဦး၏ ဘဝဖြစ်စဉ် ဖြစ်လေသည်။

ကျွန်ုပ်တို့၏ ဂေါတမမြတ်စွာဘုရားရှင်အလောင်းတော်သည် ဓေသာန္တရာမင်းအဖြစ်မှ စုတေပြီး တုသိတာနတ်ပြည် ဝယ် သေတကေတုနတ်မင်းအဖြစ် နတ်တို့၏သက်တမ်းအနှစ်လေးထောင်၊ လူတို့၏ အရေအတွက်အားဖြင့် ငါးဆယ့်ခုနှစ်ကုဋေခြောက်သန်းစေ့အောင် နတ်မင်းစည်းစိမ်ကို ခံစားပြီးနောက် မဇ္ဈိမဒေသ၊ သက္ကတိုင်း၊ ကပိလဝတ်ပြည် သီရိသုဒ္ဓေါဒနမင်းကြီး၏ မိဖုရားခေါင် တောင်ညာဒေဝီ သီရိမဟာမာယာ မိဖုရားကြီး၏ဝမ်း၌ ပဋိသန္ဓေစွဲကပ်လာသည် မယ်တော်သည် ဤသို့ အိပ်မက်မြင်မက်တော်မူ၏။

စတုမဟာရာဇ်နတ်မင်းကြီး လေးယောက်တို့သည် မိဖုရားကြီးကို အိပ်ရာသလွန်နှင့်တကွချီ၍ ဟိမဝန္တာသို့ ဆောင်ယူပြီးလျှင် ယူဇနာခြောက်ဆယ်ရှိသော ဆေးဒန်းမြင်းသိလာကျောက်ဖျာ၏အပြင် အင်ကြင်းပင်ကြီး၏ အောက်၌ ချထားလေ၏။ ထိုအခါ နတ်မိဖုရားလေးဦးတို့လာ၍ သီတနဝဂုတ်ရေတို့ကို ချိုးစေပြီးလျှင် နတ်တို့၏ ဖန်းနံ့သာတန်ဆာကို ဆင်ယင်လျက် ငွေတောင်ထွတ်ထက်၌ ရှိသော ရွှေဗိမာန်သို့ဆောင်၍ အိပ်စေပြန်၏။ ထိုအခါ ရှေ့သာခွာတောင်သို့သော ဆင်ပြောင်ရတနာသည် မြောက်အရပ်မှလာ၍ မယ်တော်မာယာမိဖုရား၏ လက်ယာနံပါးကို လှစ်၍ ဝင်သည်ဟု မြင်မက်တော်မူ၏။

ထို့အပြင် ဂေါတမမြတ်စွာဘုရားရှင်သည် ကိုယ်တော်တစ်ပါးတည်းကျင့်တော်မူ၍ သက္ကရာဇ်(၁၀၃)ခုနှစ်၊ ကဆုန်လဆန်း (၁၄)ရက် အင်္ဂါနေ့ညဉ့်တွင် အိပ်မက်ကြီးငါးပါးအင်္ဂါ မြင်တော်မူ၏။ အိပ်မက်ကြီးငါးပါးကား-

www.burmeseclassic.com

(၁) မြေပြင်ကို အိပ်ရာပြု၍ ဟိမဝန္တာတောင်ကို ခေါင်း အုံးလျက် အရှေ့၊ အနောက်၊ သမုဒ္ဒရာပြင်ထက် လက်တော် ကိုဆန့်ပြီးသော် ခြေတော်အစုံကို တောင်သမုဒ္ဒရာ၌ထား လျက် အိပ်စက်တော်မူသည်ဟု မြင်မက်သည်တစ်ပါး။

(၂) ဝင်ရိုးပမာ သန္ဓာနီအဆင်းရှိသော တိရိယမည်သော ခွက်သည် ချက်တော်မှ ပေါက်ထွက်၍ ဘဝဂ်သို့ရောက် အောင် တက်သည်ဟူ၍ မြင်မက်သည်လည်းတစ်ပါး။

(၃) အဆင်းဖြူသော ပိုးမျိုးသည် ခြေတော်မှ ပုဆစ်တိုင် အောင် လွှမ်း၍တက်သည်ဟု မြင်မက်သည်လည်းတစ်ပါး။

(၄) အရောင်မျိုးစုံရှိသောငှက်တို့သည် အရပ်လေးမျက်နှာ မှ လာကုန်၍ ခြေတော်ရင်းမှာနေကုန်သော် အလုံးစုံ အဖြူ ရောင်ချည်းသာ ဖြစ်သွားသည်ဟု မြင်မက်သည်လည်း တစ် ပါး။

(၅) ကြီးစွာသောမစင် တောင်ထက်သို့တက်၍ စကြဲသွား သော်လည်း မစင်လိမ်းကပ်ခြင်းမရှိဟု မြင်မက်သည်လည်း တစ်ပါး။

ဤငါးပါးသော အိမ်မက်ကို မြင်မက်တော်မူ၍ ဆင် ခြင်တော်မူလျှင် ငါသည် ယနေ့စင်စစ် ဘုရားဖြစ်အံ့ဟု ကြိုရည်ဆုံးဖြတ်တော်မူလေ၏။

ပုဂံပြည်၌လည်း စလေခွေးသည် လှေထိုးလိုက်လာ စဉ် ပုဂံသို့ ရောက်ခါနီးတစ်ညဉ့်၌ သူ၏အူများကို ထုတ် သူက ပုဂံပြည်ကို ရစ်ပတ်ရသည်ဟု အိပ်မက်မြင်မက်၏။ နံနက်ပိုင်း လှေကိုထိုးဝါးနှင့် ရေထဲသို့ ထိုးကာသွားစဉ် ရွှေလင်ပန်းတစ်ချပ်သည် ထိုးဝါး၌ လာ၍ငြိတွယ်လေ၏။

စလေခွေးက ငါ့အိပ်မက် ကောင်းလှသည်၊ ရွှေလင် ပန်းဖြင့် ကျိန်းကျေမခံနိုင်ဟုဆိုကာ ရွှေလင်ပန်းအား မြစ် အတွင်းသို့ ပြန်လည်ပစ်ချခဲ့လေသည်။ ပုဂံသို့ ရောက်သော အခါ မေဒင်ကျမ်းတတ်ဖြစ်သော ပုဏ္ဏားထံ မေးမြန်းသည်၌ ခင်းဖြစ်မည်ဟု ဟောပြောခဲ့ပြီး ပုဂံပြည်ကြီးတွင် စလေ ခင်းခွေးဟူ၍ မင်းပြုခဲ့သည်မှာ ရာဇဝင်တွင် ထင်ရှားစွာ ရှိလေသည်။

သို့ဖြစ်၍ အိပ်မက်ဟူသည် ဖတ်တတ်သောပညာရှိတို့ အဖို့ရှေ့ဝယ် ဖြစ်ပျက်ခဲ့သော အကြောင်းအရာတို့သည် လက် ဝါးပြင်တွင် တင်၍ကြည့်သကဲ့သို့ ထင်ရှားစွာမြင်တွေ့လာ လေတော့၏။

သက်သာရွှေပြည်နေပြည်တော်ကြီး၏တောင်ဘက် မိုင် ဆိုင်းတစ်ရာခန့် ဝေးသောအရပ်တွင် သာယာကုန်းအမည်ရှိ ရွာသိမ်ရွာငယ်လေးတစ်ရွာ ရှိလေသည်။ ထိုရွာ၌ လယ်ယာ လုပ်ငန်း လုပ်ကိုင်စားသောက်သော ဦးမြတ်ထွား အမည်ရှိ မုဆိုးဖိုကြီးတစ်ဦးတွင် အာယု၊ ဗလ၊ ဝဏ္ဏ၊ ရူပ၊ သုခ ဟူသည့် သား(၅)ယောက်ရှိ၏။

အကြီးဆုံးအာယုသည် (၂၂)နှစ်၊ ဗလသည် (၂၀)နှစ်၊ ဝဏ္ဏသည် (၁၈)နှစ်၊ ရူပသည် (၁၆)နှစ်ရှိ၍ အငယ်ဆုံး သုခသည် (၁၄)နှစ်ရှိကာ ညီအစ်ကိုတစ်ယောက်နှင့်တစ် ယောက် (၂)နှစ်ကြား (၂)နှစ်ငယ် ဖြစ်ကြလေသည်။

ရူပသည် အစ်ကိုများနှင့်အတူ ဖခင်ဖြစ်သူပိုင်ဆိုင်သော နွားများကို ထိန်းကျောင်းစဉ် အစ်ကိုတို့၏ အပြစ်များကို ဖခင်ဖြစ်သူအား တိုင်ကြားလေ့ရှိ၏။ ဖခင်ဖြစ်သူ ဦးမြတ် ထွားသည် သားများအနက် ရူပကို အချစ်ဆုံးဖြစ်ရာ အစား ကောင်း အသောက်ကောင်းများကို အခြားသော သားများ ထက် ပိုမို၍ ကျွေးမွေးခြင်း၊ ဆန်းကြယ်လှပသော အင်္ကျီ၊ ပုဆိုးတို့ကိုချုပ်ပေးကာ ဝတ်ဆင်စေခြင်းတို့ကြောင့် မိမိတို့ ထက် ဖခင်သည် ရူပအား သာ၍ချစ်ကြောင်းကို သိမြင်ကြ သဖြင့် အခြားသော သားများသည် ရူပအပေါ်၌ မနာလို ဝန်တိုဖြစ်ကာ မုန်းတီးကြလေ၏။

တစ်ခါသော် ရူပသည် ဖခင်နှင့် ညီအစ်ကိုများ စုံလင် စွာ ထမင်းစားသောက်နေကြစဉ်-

"အဖေ..ကျွန်တော် ညက အိပ်မက်မက်တဲ့ အကြောင်း အရာက ထူးဆန်းလွန်းလို့ ပြောပြချင်တယ်။ ထမင်းစား နေတုန်း ပြောလို့ဖြစ်ပါ့မလား"

ဖခင်ဖြစ်သူသည် ရူပအပေါ်၌ အချစ်ပိုနေသည်ဖြစ်ရာ-

"ငါ့သားရူပ..စကားဆိုတာ ဘယ်နေရာမှာမဆို ပြော လို့ဖြစ်တယ်။ တစ်ခုပဲရှိတယ်။ ကိုယ်ပြောချင်တဲ့စကားဟာ အများအတွက် အကျိုးရှိချင်ရှိ၊ မရှိရင်လည်း ကိုယ့်အတွက် အကျိုးရှိရတယ်။ ဘယ်သူ့အတွက်မှ အကျိုးမရှိရင်တော့ မပြောတာ ကောင်းတယ်ကွယ့်"

"ဒီလိုပါ အဖေ..ညကအိပ်မက်ထဲမှာ ကျွန်တော်တို့ ညီအစ်ကိုတွေဟာ အဖေ့ရဲ့လယ်ထဲမှာ ကောက်လိုင်းစည်း တွေ ကိုယ့်အစည်းနဲ့ကိုယ် စည်းနေကြတုန်း ကျွန်တော် စည်းတဲ့ ကောက်လိုင်းစည်းဟာ ထပြီး မတ်တတ်ရပ်နေ ပါတယ်။ အဲဒါ ဟို..ဟို"

ရူပသည် မဝံ့မရဲ စကားစကို ဖြတ်လိုက်သောကြောင့် ဦးမြတ်ထွားက-

"ဆက်ပြောလေ ငါ့သား။ အဲဒီနောက် ဘာဆက်ပြီး

www.burmeseclassic.com

ဖြစ်သလဲ'

'ဟို..ဟို..အစ်ကိုတို့ရဲ့ ကောက်လိုင်းစည်းတွေက ကျွန်တော့်ကောက်လိုင်းစည်းကို ဝိုင်းရပ်ပြီး ဦးညွှတ်အရိုအသေပေးကြတယ်လို့ အိပ်မက်,မက်ပါတယ် အဖေ'

ထိုအခါ ဗလကြီးက-

'ရူပရယ်..ကြည့်လည်းပြောပါဦး။ မင်းရဲ့စကားက အဖေထက် သားတစ်လကြီး၊ ငါတို့ကပဲ မင်းကို ရှိခိုးရမယ့် ပုံပါလား'

အစ်ကိုအကြီးဆုံး အာယုကမူ-

'ငါ့ညီ..စကားဆိုတာ ရှေ့နောက်ဆင်ခြင်ပြီး ပြောရတယ်ကွယ့်။ တကယ်လို့ ညီလေးဟာ အစ်ကိုတို့အားလုံးရဲ့ အကြီးအကဲဖြစ်လာမယ်ဆိုရင်တောင်မှ ဒီလိုထုတ်ဖော်မပြောအပ်ဘူး'

ရူပက-

'ဟုတ်ကဲ့ပါ အစ်ကိုကြီး၊ နောင်ကို ညီငယ် စကားကို ဆင်ခြင်ပြီး ပြောပါ့မယ်'

ဦးမြတ်ထွားကမူ တစ်စုံတစ်ရာ မှတ်ချက်မချပေ။ သို့သော် ရူပ၏အိပ်မက်ကြောင့် ဗလကြီးသည် ရူပအပေါ်တွင် မုန်းတီးစိတ် ပိုလာတော့၏။

ထိုကဲ့သို့ဖြစ်ပျက်ပြီးနောက် ရူပ၏အိပ်မက်ကို မေ့မေ့ပျောက်ပျောက်နေလာခဲ့ကြစဉ် တစ်လခန့်အကြာ ဖခင်နှင့် ညီအစ်ကိုတို့ လက်ဖက်ရည်ကြမ်းဝိုင်း သောက်ကြရင်း တောင်စဉ်ရေမရ တောင်တစ်ခွန်း မြောက်တစ်ခွန်း စသည် ပြောဆိုနေကြစဉ် ရူပသည် ဂျတ်တရက်-

'အဖေ..ညက ကျွန်တော် အိပ်မက်,မက်ပြန်ပြီ'

ဦးမြတ်ထွားက-

'ဟေ..ပြောပါဦး သားရဲ့'

'ဒီလိုပါ အဖေရဲ့..နေရယ်၊ လရယ်၊ ကြယ်တာရာ တွေရယ်ဟာ ကျွန်တော့်ကိုဝိုင်းပြီး ဦးညွှတ်အရိုအသေပြုကြတယ်လို့ အိပ်မက်,မက်တယ် အဖေရေ'

အခြားသောသားများ မပြောမီ ဖခင်ဦးမြတ်ထွားက-

'မင်းအိပ်မက်တွေကလည်း ဆန်းပါ့ကွာ။ ဟိုတစ်ခါကတော့ ငါတို့မိသားစုက မင်းကို အရိုအသေပြုရတယ်။ ဒီတစ်ခါတော့ တစ်လောကလုံးကတောင်မှ မင်းကို ဦးညွှတ် အရိုအသေပေးရမယ့်ပုံဆိုတော့ ဟုတ်မှလည်းလုပ်ပါ ငါသား ရယ်'

ဗလကြီးကလည်း-

'ဟုတ်ပါ့ အဖေရာ။ ဒီကောင့်အိပ်မက်တွေကလည်း ဘဝမြင့် ရူးပြီး သေအောင် နတ်ရူးဘုံဆော်နေတဲ့ အိပ်မက် တွေပါပဲ'

ဦးမြတ်ထွားနှင့် ဗလကြီးတို့၏ မှတ်ချက်များကြောင့် အခြားသော ညီအစ်ကိုတို့သည် ရူပအပေါ်ဝယ် မကျေနပ် ချက်များ တိုးလာသည်ကို မပြောကြတော့ဘဲ ရေငုံနှုတ်ပိတ် နေကြလေတော့၏။ သို့သော် ညီအစ်ကိုတို့ အားလုံးသည် ရူပအပေါ်၌ ပို၍ငြူစူလာကြလေတော့၏။

ဦးမြတ်ထွားသည် လယ်မြေစကများစွာ ပိုင်ဆိုင်သော လယ်ပိုင်ရှင်တစ်ဦးဖြစ်ရာ ၄င်းလယ်မြေများကို ထွန်ယက် ရန် မွေးမြူထားသော နွားအကောင်တစ်ရာကျော် ရှိလေ သည်။ သာယာကုန်းရွာအနီးရှိ စားကျက်မြေများတွင် သူတို့ ၏ နွားများစားရန် မလုံလောက်သည့်အတွက် အာယု ဝဏ္ဏ၊ ဗလ ညီအစ်ကိုသုံးယောက်တို့သည် သူတို့ရွာနှင့် တစ်ရက်ခရီးသွားရသော စစ်ကုန်းရွာ၊ စခန်းကြီးရွာ စသော ရွာများ၏ စားကျက်မြေများတွင် သူတို့ပိုင်ဆိုင်သော နွား များကို သွားရောက်ထိန်းကျောင်းရလေ၏။

ရူပသည် အစ်ကိုများ စားသောက်ရန် ထမင်းပို့သော တာဝန်ကိုယူရသည်။ သုခမှာမူ ငယ်ရွယ်သေးသည့်အတွက် ဖခင်ဦးမြတ်ထွားက သူ၏အနီးတွင်သာ နေစေ၏။

တစ်နေ့သ၌ အစ်ကိုတို့သည် ဖခင်၏နွားများကို ထိန်း ကျောင်းခြင်းငှာ စစ်ကုန်းရွာသို့ သွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com

ဦးမြတ်ထွားသည် ရူပကိုခေါ်လျက်-

"မင်းအစ်ကိုတွေ စစ်ကုန်းရွာမှာ နွားသွားကျောင်းကြ ဘယ်။ သူတို့ရှိရာကို ထမင်းသွားပို့ရင်း သူတို့အခြေအနေ နဲ့ နွားတွေ ကောင်းမွန်မှုရှိ၊မရှိကြည့်ခဲ့၊ ဟုတ်ပြီးလား"

"ဟုတ်ကဲ့ပါ အဖေ"

ရူပသည် စားနပ်ရိက္ခာစုံလင်စွာဖြင့် အစ်ကိုတို့ရှိရာ စစ်ကုန်းရွာသို့သွားရောက်ပြီး လှည့်လည်ရှာဖွေရာ တစ်စုံ တစ်ယောက်ကိုမျှ တွေ့ရှိခြင်းမရှိချေ။

ထိုစဉ် စစ်ကုန်းရွာသားတစ်ယောက်နှင့်တွေ့၍-

"မောင်ရူပပါလား။ မင်းအစ်ကိုတွေကို လာရှာတာ ဆင်ပါရဲ့"

"ဟုတ်ပါတယ် ဦးမင်းခင်ဗျား။ ကျွန်တော့်အစ်ကိုများ ကို တွေ့မိပါသလား"

"မင်းအစ်ကိုတွေ နွားနဲ့ စခန်းကြီးရွာဘက်ကို သွားကြ လေရဲ့"

ရူပက-

"ကျေးဇူးတင်ပါတယ်ခင်ဗျာ။ ကျွန်တော် သူတို့နောက် ကို လိုက်ကြည့်လိုက်ပါဦးမယ်"

ရူပသည် အစ်ကိုများနောက်သို့ လိုက်သွားခဲ့ရာ စခန်း ကြီးရွာပြင်တောစပ်၌ နွားကျောင်းနေသော အစ်ကိုများကို မြင်တွေ့ရလေ၏။

ရူပလာနေသည်ကို အဝေးကပင် မြင်တွေ့သည်ဖြစ်၍ ဗလကြီးက ဝဏ္ဏအား-

"အိပ်မက်ဆရာတော့ လာနေပြီဟေ့။ မင်းနဲ့ငါ သူ့ကို ခမ်းပြီး ဟောဒီရေတွင်းပျက်ထဲ ပစ်ချကြမယ်။ အဖေမေး လာခဲ့ရင်တော့ ဒီအကောင်ကို ကျားစားသွားပြီ ပြောကြ မယ်။ ဒါဆို ဒီကောင့်အိပ်မက်တွေ မှန်,မမှန်သိရမှာပေါ့"

ဝဏ္ဏကလည်း-

"မင်းအကြံကောင်းတယ် ဗလရေ။ ငါလည်း ဒီ ကောင့်ကို သတ်ချင်နေတာ ကြာပြီ"

အစ်ကိုကြီးအာယုက-

"ငါ့ညီတို့..ကိုယ့်ညီအစ်ကိုအချင်းချင်းလက်မှာ သွေး မစွန်းကြစေနဲ့။ ရေတွင်းပျက်ထဲကို ချရင်တော့ ချကြပေါ့"

ဗလကြီးနဲ့ ဝဏ္ဏတို့ စိတ်ဆိုးပြေစေရန် ဖျောင်းဖျပြီး လျှင် ရူပအား ဖခင်ထံသို့ ပြန်လည်ပို့ဆောင်ပေးရန် အကြံ ရှိသည်နှင့် အာယုက သူတို့အား ချော့မော့ပြောဆိုလိုက်ခြင်း ဖြစ်၏။

ရူပသည် အစ်ကိုများထံသို့ ရောက်သောအခါ လုပ ဆန်းကြယ်သည့် အကြံ၊ ပုဆိုးတို့ကြောင့် အစ်ကိုများသည် ဒေါသတစ်ဖန်ထွက်ကြပြန်လေ၏။ သို့သော် အစ်ကိုကြီး အာယု၏ ဖျောင်းဖျမှုကြောင့် ရူပဝတ်ထားသော အဆင်း လှပသော အင်္ကျီကို ချွတ်ယူပြီးလျှင် ရူပအား ရေတွင်း ပျက်အတွင်းသို့ တွန်းချလိုက်ကြ၏။ ရူပ ကံကောင်းသည်မှာ ရေတွင်းပျက်၌ ရေမရှိ၊ ခြောက်သွေ့သော တွင်းဖြစ်ကာ အောက်ခြေတွင် သဲမြေရှိနေသည့်အတွက် ရေတွင်းပျက်ထဲ သို့ ကျသွားသော်လည်း တစ်စုံတစ်ရာ ထိခိုက်ဒဏ်ရာရရှိ ခြင်း မရှိခဲ့ချေ။

ထို့နောက် အစ်ကိုများသည် ရူပယူဆောင်လာသော စားရေရိက္ခာ ထမင်းစသည်တို့ကို ထိုင်ကာစားသောက် နေစဉ် စိန့်တိုင်းမှလာသော စိန့်လူမျိုး အမျိုးသားအစုအဝေး တို့သည် နံ့သာ၊ ကရဝေး၊ ကရမက်၊ ဗာဒံ၊ ဖာလာ စသော ဟင်းခတ်အမွှေးအကြိုင်များ ဖျင်စ၊ အထည်အလိပ်များကို မြည်းများပေါ်၌ တင်ဆောင်လျက် သက်သာရွှေပြည်မင်း နေပြည်တော်ကြီးသို့ သွားရောက်ရောင်းချရန် ခရီးသွားနေ ကြသည်ကိုမြင်လျှင် ဗလကြီးက ဝဏ္ဏအား-

"တော်ကြာ အစ်ကိုကြီးအာယု နွားတွေကို ထိန်း ကျောင်းတဲ့ နေရာကို သွားကြည့်လိမ့်မယ်။ အဲဒီအခါကျ ရူပကို တွင်းထဲက ဆွဲတင်ပြီး စိန့်လူမျိုးတွေဆီမှာ ရောင်း စားပစ်လိုက်ကြရင် မကောင်းဘူးလား"

ဝဏ္ဏသည် ဗလကြီး၏အကြံကို သဘောကျစွာဖြင့်-

"မင်းအကြံကောင်းတယ် ဗလကြီး။ ဒါဆို ငါတို့ ရူပကို သတ်ပစ်စရာ မလိုတော့ဘူးပေါ့"

ထို့ကြောင့် အစ်ကိုကြီးအာယု နွားများကို သွားရောက် ထိန်းကျောင်းနေစဉ် ဗလကြီးနှင့် ဝဏ္ဏသည် ရူပအား ရေ တွင်းထဲမှဆွဲတင်ကာ စိန့်လူမျိုးကုန်သည်များထံ၌ ငွေကျပ် နှစ်ပိသာဖြင့် ရောင်းစားလိုက်ကြလေတော့သည်။ စိန့်လူမျိုး ခေါင်းဆောင်သည် ရူပအား ဝယ်ယူပြီးနောက် သက်သာ ရွှေပြည်နေပြည်တော်ကြီးသို့ ခေါ်ဆောင်သွားလေတော့၏။

အာယုသည် ဗလကြီးနှင့် ဝဏ္ဏတို့အား နွားများ တစ် လှည့်ထိန်းကျောင်းခိုင်းပြီး ရူပအား ကယ်တင်ရန် ရေတွင်း ပျက်ထဲသို့ သွား၍ကြည့်ရှုသော် တွင်းထဲ၌ ရူပ မရှိသည် ကိုမြင်လျှင် ဗလကြီးတို့ထံသို့ လိုက်သွားလျက်-

"ငါ့ညီငယ်ရူပ မရှိတော့ပါကလား။ မင်းတို့ ဘယ် လိုလုပ်လိုက်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com

ဗလကြီးတို့သည် ရူပအား ရောင်းချလိုက်သော ငွေ နှစ်ပိသာကို အစ်ကိုကြီးအာယုအား ပေးလျက် အကျိုး အကြောင်းကို ပြောပြလေ၏။ ထိုအခါ အာယုက-

'မင်းတို့လုပ်ပုံကတော့ တော်တော့ကို ဆိုးပါလား။ အဖေသာသိရင် ငါတို့ကို သတ်လိမ့်မယ်'

ထို့နောက် သူတို့သည် ပထမအကြိမ်အစည်အဝိုင်း ရွာထဲမှ ကြက်တစ်ကောင်ဝယ်ယူ၍ ကြက်ကိုသတ်ပြီး ရူပ၏ အင်္ဂါကို ကြက်သွေး၌ နှစ်လေ၏။ သူတို့သည် နွားများကို နေအိမ်သို့ ပြန်လည်ထိန်းကျောင်းလာပြီး ဖခင်ဦးမြတ်ထွား အား ထိုအင်္ဂါကိုပြကာ-

'အဖေ...ဒါဟာ ရူပရဲ့အင်္ဂါဟုတ်,မဟုတ် ကြည့်ပါဦး'

ဦးမြတ်ထွားသည် အင်္ဂါကိုမြင်သည်နှင့် မှတ်မိမည် ဖြစ်ရာ-

'ဒါ...ငါ့သားရူပရဲ့ အင်္ဂါပဲ။ ဘယ်လိုဖြစ်တာလဲ။ ပြောကြပါဦး'

အာယုက-

'ကျွန်တော်တို့ နွားတွေကို စခန်းကြီးရွာတောစပ်မှာ ကျောင်းနေတာ အဖေရဲ့။ အဲဒါ ရူပလိုက်လာတော့ သူ့အင်္ဂါ ကြောင်ကြောင်ကျားကျားကိုမြင်လို့ ကျားသစ်က မျက်စိ နောက်ပြီး ကိုက်သတ်သွားတယ် ထင်ပါရဲ့။ အိုင်းပိုင်းဖြတ် ပြီး သေနေတာကို တွေ့ရတာပါပဲ'

ဗလကြီးကလည်း-

'ဟုတ်ပါရဲ့ အဖေရယ်၊ ကျားသစ်ကိုက်သွားတာ ရုပ် ပျက်ဆင်းပျက် ဖြစ်နေလေတော့ လူရုပ်တောင် မပေါ်တော့ ဘူး။ ဒါကြောင့် အင်္ဂါကို ချွတ်ယူလာပြီး အဖေ့ကိုပြရတာ'

ဝယ္ဆကတစ်မျိုး-

'တော်သေးတာပေါ့၊ အင်္ဂါကို အဖေမှတ်မိပေလို့ပဲ။ သူရုပ်ကိုမြင်လည်း စိတ်မကောင်းဖြစ်စရာမို့ ကျွန်တော်တို့ တစ်ခါတည်း မြေမြှုပ်သင်္ဂြိုဟ်ခဲ့ပြီ အဖေရေ'

'ကောင်းပါကွာ၊ ငါ့သားသေတာတောင် မမြင်ရတော့ ဘူးပေါ့'

ဦးမြတ်ထွားသည် စိတ်မသက်မသာစွာဖြင့် ညည်းတွား ပြီး ထိုနေ့အချိန်အခါမှစ၍ အစာရေစာ ကောင်းစွာမစား သောက်တော့ပေ။ သားသမီးအပေါင်းတို့သည် ဖခင်ကြီး အား ဝိုင်းဝန်းနှစ်သိမ့်ကြသော်လည်း ဖခင်ကြီးသည် ရူပ ကြောင့် အမြဲတမ်းငိုကြွေးမြည်တမ်းလျက် ရှိနေလေတော့ ၏။ ညီအငယ်ဆုံး သုခကလေး ရှိနေသည့်အတွက်သာ သူ အသက်မသေခြင်းဖြစ်၏။ ရူပကိုကား စိန့်လူမျိုးခေါင်း ဆောင်သည် သက်သာရွှေပြည်နေပြည်တော်သို့ ခေါ်ဆောင် သွားပြီးနောက် မင်းဇကရာဇမင်းခေါင်မင်းကြီး၏ ကိုယ်ရံ တော်မှူး နေမျိုးသူရထဲ၌ ရောင်းစားခဲ့ကြလေ၏။

ကိုယ်ရံတော်မှူး နေမျိုးသူရသည် ရူပ၏ သန့်ပြန့်သော ရုပ်ရည်လက္ခဏာနှင့် အသိဉာဏ်ထက်မြက်ခြင်းကို သဘော ကျနှစ်သက်၍ ရူပအား သူ၏အိမ်တော်ထိန်းရာထူးကို ပေး လျက်လုပ်ကိုင်စေ၏။

ရူပ၏ ထူးခြားထက်မြက်သော အသိဉာဏ်ပညာကို ကြောင့် ကိုယ်ရံတော်မှူး နေမျိုးသူရ၏ စည်းစိမ်ဥစ္စာကို သည် တစ်စထက်တစ်စ တိုးပွားလာလေရာ ကိုယ်ရံတော် မှူး နေမျိုးသူရသည် ရူပအပေါ်၌ အစစယုံကြည်စိတ်ချ လျက် မိမိ၏ နေအိမ်ဥစ္စာအလုံးစုံအား ရူပလက်သို့ အပ် လေ၏။ ရူပသည်လည်း မင်းနေပြည်တော်ကြီးသို့ ရောက် သည်တွင် အနေအထိုင် အပြောအဆိုတို့မှစ၍ ပုံပြင်ယဉ် ကျေး၍ အသွေးအဆင်းတို့မှာလည်း လှပခံ့ညားလာသည် ဖြစ်လေ၏။

ထိုအခါ နေမျိုးသူရ၏ ဇနီးမယား နန်းကလျာသည် ရူပအပေါ် တပ်မက်သောစိတ် ရှိသည်ဖြစ်၍ သူနှင့်အတူ အိပ်စက်ရန် အမျိုးမျိုးသွေးဆောင်၏။ ရူပက-

'ကျွန်တော်၏သခင်ကြီး နေမျိုးသူရသည် ဤအိမ် တော်၌ ရှိရှိသမျှသော ဥစ္စာတို့ကို ကျွန်တော့်အား အပ်လေ သည်။ ဤအိမ်တော်၌ ဥစ္စာမည်မျှရှိသည်၊ ကျွန်တော့်လက် ထဲ၌ ဥစ္စာမည်မျှရှိသည်ကိုပင် စစ်ဆေးမေးမြန်းခြင်းမရှိ ဤအိမ်တော်၌ ကျွန်တော့်ထက်သာ၍ကြီးသောသူ မရှိပါ။ ရှိရှိသမျှ ဥစ္စာမှန်သမျှ ကိုယ့်လက်ကိုယ်ခြေ ကြိုက်သလို သုံးစွဲနိုင်ခွင့်ရှိသော်လည်း သခင်မကိုကား မပြစ်မှားဝံ့ပါ ဟုဆိုကာ နန်းကလျာ၏ အလိုကို ငြင်းပယ်လေ၏။ သို့နှင့် နန်းကလျာသည် နေ့တိုင်းသွေးဆောင်သော်လည်း ရူပသည် ငြင်းမြဲငြင်း၏။

တစ်နေ့သ၌ ရူပသည် အိမ်မှကိစ္စ ဆောင်ရွက်စရာရှိ၍ အိမ်တော်ထဲသို့ ဝင်သောအခါ အိမ်သူအိမ်သားတစ်ယောက် မျှမရှိချေ။ နန်းကလျာသည် ငါနှင့်အတူအိပ်ပါဟုဆိုလျက် ရူပ၏အင်္ဂါစကို ကိုင်ဆွဲလေသည်။ ရူပသည် အတင်းလွန်း ကန်၍ အိမ်ပြင်သို့ ထွက်ပြေးလေ၏။ ထိုအခါ နန်းကလျာ သည် ဟန်ဆောင်၍ မိမိအဝတ်တို့ကို ဆုတ်ဖြဲပြီးလျှင် ငိုယို

www.burmeseclassic.com

www.burmeseclassic.com

သွက်နေ၏။ ကိုယ်ရံတော်မှူးနေမျိုးသူရ ရောက်လာသော အခါ ရှုပသည် ကျွန်မကို အခန်းပြုခြင်းငှာ ကြံစည်ပါသည်။

ကျွန်မ ကြောက်လန့်တကြား အော်ဟစ်ရုန်းကန်ရာ သူအများ ရောက်လာ၍ ရှုပလည်း သူ၏ အကြံအစည် မအောင်မြင်ဘဲ ထွက်ပြေးသွားပါသည်ဟု လီဆယ်ပြောကြားသည့်အခါ ကိုယ်ရံတော်မှူးနေမျိုးသူရသည် ရှုပအပေါ်၌ ပြင်းစွာအမျက်ထွက်၍-

'ဒီကောင့်ကိုဖမ်းပြီး ထောင်ထဲမှာ ချုပ်ထားလိုက်။ နောက်ကျမှ ငါစီရင်မယ်'ဟု မယားပြောသောစကားကို သုံးကြည်လျက် ရှုပအား ဖမ်းဆီးပြီးလျှင် အကျဉ်းထောင်ထဲ၌ ချုပ်ထားလိုက်လေ၏။

ထောင်မှူးသည် ရှုပ၏မျက်နှာကို မြင်သည်ခဏ၌ ဒီဓ၏သားအရင်းကဲ့သို့ အောက်မေ့လျက် ချစ်ခင်လှသည် ဖြစ်ရာ ရှုပသည် ထောင်ထဲ၌ နှိပ်စက်မခံရဘဲ သက်သာစွာ နေရလေ၏။

ထောင်ထဲတွင်လည်း ရှုပသည် စီမံခန့်ခွဲမှုကောင်းဖြစ်၍ ထောင်မှူးသည် ထောင်နှင့်ပတ်သက်သမျှ ကိစ္စအဝဝကို ပြန်လည်ကြည့်ရှုစရာမလိုသဖြင့် အလုံးစုံသောထောင်ကိစ္စမှန်သမျှအား ရှုပကိုသာ လွှဲအပ်ထားလေတော့၏။

ထိုအချိန်တွင် သက်သာရွှေပြည်နေပြည်တော် မင်းကောရာဇ် မင်းခေါင်မင်းကြီး၏ အခွန်ဘဏ္ဍာဝန်ကြီးနှင့် ဗြတိုက်ဝန်ကြီးတို့သည် မင်းပြစ်မင်းဒဏ်သင့်ကာ ရှုပ အချုပ်ခံထားရသော အကျဉ်းထောင်ထဲတွင် အထိန်းသိမ်းခံထားရလေသည်။ ထောင်မှူးသည် ထိုဝန်ကြီး(၂)ပါးအား ပြုစုစောင့်ရှောက်ရလေသည်။

တစ်ညဉ့်သ၌ ဗြတိုက်ဝန်နှင့် ဘဏ္ဍာဝန်တို့သည် အိပ်မက်အသီးသီး မက်ကြလေ၏။ နံနက်ပိုင်း ရှုပသည် ထောင်ကို လှည့်လည်စစ်ဆေးရာ မျက်နှာညှိုးငယ်နေသော ဝန်ကြီး(၂)ပါးကို တွေ့မြင်သည်၌-

'အဘတို့..မျက်နှာလည်း မကောင်းပါလား။ ဘာကြောင့်လဲ နေထိုင်မကောင်းကြလို့လား'

ဝန်ကြီး(၂)ပါးစလုံးက တစ်ပြိုင်နက်တည်း-

'ညက ဘဘတို့ အိပ်မက်,မက်တာ အိပ်မက်ရဲ့အနက်ကောင်း၊ မကောင်းမဖတ်နိုင်လို့ စိတ်ညစ်နေတာပါကွယ်'

'ကဲ..ဒါဆိုလည်း အဘတို့ရဲ့အိပ်မက်ကို ဆိုပါဦး'

ရှုပက ပြောလိုက်သောအခါ ဗြတိုက်ဝန်က ဝမ်းသာအားရဖြင့်-

'လူကလေးက ဉာဏ်ပညာထက်မြက်လှတော့ ဘဘရဲ့အိပ်မက်ကို ဖော်နိုင်မယ်ထင်ပါရဲ့။ အိပ်မက်ထဲမှာ ဘဘရဲ့ရှေ့မှာ အလက်သုံးလက်ရှိတဲ့ သရက်ပင်ခြောက်ကလေး တစ်ပင် ရှိလေရဲ့။ အဲဒီအလက်တွေမှာ သရက်ပွင့်တွေ ပွင့်နေတယ်။ ဝင်းမှည့်နေတဲ့ သရက်သီးတွေလည်း ပြွတ်နေအောင် သီးနေတယ်ကွယ်။ ဘဘက အဲဒီသရက်ပင်ပေါက်ကလေးက သီးနေတဲ့ သရက်သီးမှည့်တွေကို ခူးယူပြီး ရွှေဖလားမှာထည့်လို့ ဧကရာဇ်မင်းကြီးကို ဆက်သ,ရတယ်လို့ မက်တယ်ကွယ့်'

ထိုအခါ ရှုပက ဗြတိုက်ဝန်အား-

'အဘရဲ့ အိပ်မက်အနက်ကို ဖော်ရရင်တော့ သရက်ကိုင်းအခက်အလက် သုံးလက်ဟာ သုံးရက်ပဲ။ သုံးရက်မြောက်တဲ့နေ့မှာ ဧကရာဇ်မင်းကြီးဟာ ဘဘကို ပြန်လည်ချီးမြှောက်ပြီး မူလရာထူးအရာဌာနကို ပြန်လည်ပေးအပ်လိမ့်မယ်။ ဘဘပြန်လည်ချီးမြှောက်ခံရရင် ကျွန်တော့်ကို မမေ့ပါနဲ့။ အမှန်တော့ ကျွန်တော့်ကို အစ်ကိုတော်ဟာ ရောင်းစားပြီး သူတစ်ပါးကျွန် ဖြစ်စေခဲ့တာပါ။ ဒီတိုင်းပြည်မှာလည်း အပြစ်မရှိဘဲ ထောင်ကျအချုပ်ခံခဲ့ရတာပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဘဘလွတ်မြောက်ခဲ့ရင် ဒီကျေးဇူးကို မမေ့ပါနဲ့'

ဗြတိုက်ဝန်၏အိပ်မက် ကောင်းသည်ကို ကြားသိရသောအခါ ဘဏ္ဍာဝန်ကြီးက ရှုပအား-

'ဘဘလည်း အိပ်မက်,မက်တယ် လူကလေးရေ။ ဖြူတဲ့ တောင်းသုံးလုံးကို ဘဘက ခေါင်းပေါ်မှာ ရွက်ထားပြီး တောင်းထဲမှာ ဧကရာဇ်မင်းကြီး စားတော်ခေါ်ဖို့ ချက်ပြုတ်ထားတဲ့ ခဲဖွယ်ဘောဇဉ် စားဖွယ်အမျိုးမျိုး ရှိပါတယ်။

www.burmeseclassic.com

အဲဒီစားစရာတွေကို ငှက်တွေက လာပြီး စားသောက်ကြတယ်လို့ အိပ်မက်,မက်တယ်ကွယ်'

ရှုပကလည်း-

'တောင်းသုံးလုံးဆိုတာ သုံးရက်ပဲ။ သုံးရက်လွန်လျှင် ဧကရာဇ်မင်းကြီးဟာ ဘဘရဲ့ဦးခေါင်းကို ခန္ဓာကိုယ်ကနေ ခွာထုတ်ပစ်လိုက်လိမ့်မယ်။ အဲဒီအခါကျ ငှက်တွေ၊ လင်းတက်တွေဟာ ဘဘရဲ့ ခန္ဓာကိုယ်ကို လာပြီးစားကြတယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ့။ အချိန်ရှိတုန်း ဘုရား၊ တရားကို ကောင်းစွာ အာရုံပြုပါတော့'

သုံးရက်လွန်မြောက်သောအခါ ဧကရာဇ်မင်းခေါင်ကြီးသည် မိမိမွေးနေ့နှင့် တိုက်သည်ဖြစ်၍ နှစ်စဉ် ကျင်းပမြဲဖြစ်သော ပွဲသဘင်ကို ကျင်းပရာ ဗြတိုက်ဝန်ကြီးအား မူလရာထူး ပြန်လည်အပ်နှင်းပြီး အခွန်ဘဏ္ဍာဝန်ကြီးကို အပြစ်ကြီးများသည့်အလျောက် သေဒဏ်ပေးတော်မူ၏။

ထိုအခါ ရှုပဖတ်ခဲ့သည့် အိပ်မက်အနက်အတိုင်း ဗြတိုက်ဝန်သည် ဧကရာဇ်မင်းကြီး၏ ပြန်လည်ချီးမြှောက်ခြင်းကို ခံရပြီးလျှင် အခွန်ဘဏ္ဍာဝန်မှာမူ သူ၏အလောင်းအား လူသတ်ကုန်း၌ ကျီး၊ လင်းတို့၏ စားသောက်ခြင်းကို ခံရလေသည်။ သို့သော် ဗြတိုက်ဝန်ကြီးသည် ရှုပအား မေ့လျော့၍နေလေ၏။

ထိုမှ (၂)နှစ်လွန်မြောက်သောအခါ ဧကရာဇ်မင်းခေါင်မင်းကြီးကိုယ်တော်တိုင် အိပ်မက်မြင်မက်လေတော့၏။ အိပ်မက်တွင်း၌ မင်းကြီးသည် မြစ်ဆိပ်နား၌ ရပ်နေစဉ် အဆင်းလှ၍ သန်မာထွားကျိုင်းသော နွား(၇)ကောင်သည် မြစ်ထဲမှ ထွက်၍ မြစ်နားတွင်ပေါက်နေသော မြက်တို့ကို စားလျက်နေကြ၏။

ထိုအချိန်တွင် အရိုးပြိုင်းပြိုင်းထ၍ ဝိန်ချုံးသော နွား(၇)ကောင်သည် မြစ်အတွင်းမှ တက်လာပြီး အဆင်းလှ၍ သန်မာသော နွား(၇)ကောင်ကို စားပစ်လိုက်ကြလေသည်။

မင်းကြီးသည် အိပ်စက်ရာမှ လန့်နိုး၍ ပြန်လည်အိပ်စက်မပျော်နိုင်သည်ဖြစ်၏။ တစ်ဖန် နံနက်(၃)ချက်တီးအချိန် ပြန်လည်အိပ်ပျော်ချိန်တွင် အိပ်မက်ပြန်လည်မက်ပြန်၏။ အိပ်မက်ထဲတွင် စပါးပင်တစ်ပင်မှ အလုံးကြီး၍ ပြည့်ဝသောစားပါး၌(၇)ခုထွက်ပေါ်လာ၏။ ထို့နောက်မှ အလုံးသေး၍ သိမ်ဖျင်းသော စပါး၌(၇)ခုသည် ထိုစပါးပင်မှ ပေါ်ထွက်လာပြီး ပထမစပါး၌တို့ကို စားပစ်လိုက်လေ၏။

မင်းကြီးလည်း အိပ်စက်ရာမှ တစ်ဖန်ပြန်လည်နိုးလာပြီးလျှင် အိပ်စက်၍ မရတော့သဖြင့် စိတ်နှလုံးပူပန်စွာဖြင့် ညဉ့်ကို လွန်စေတော့၏။

နံနက်လင်းချိန်တွင် ဧကရာဇ်မင်းခေါင်ကြီးသည် သက်သာရွေပြည်နေပြည်တော်ကြီးအတွင်းရှိ ဗေဒင်ကျမ်းတတ် ပညာရှိတို့ကို ခေါ်တော်မူ၍ မိမိ၏အိပ်မက်အနက်ကို ဖတ်ကြားစေတော်မူ၏။ သို့သော်လည်း မင်းကြီး၏ အိပ်မက်အနက်ကို ဖတ်ကြားနိုင်သော ပညာရှိတစ်ခုတစ်ယောက်မျှ ပေါ်ထွက်လာခြင်း မရှိခဲ့ပါချေ။ မင်းကြီးသည် စိတ်နှလုံးပူပန်ညှိုးနွမ်းသည်ဖြစ်၍ ဟိုမှသည်မှ လှည့်လည်ကြည့်ရှုတော်မူလေ၏။

ထိုအခါ ဗြတိုက်ဝန်ကြီးသည် ဧကရာဇ်မင်းခေါင်းကြီးအား လျှောက်ထားသည်မှ-

'အရှင်မင်းကြီးသည် ကျွန်တော်မျိုးအား အပြစ်မှ ခွင့်လွှတ်တော်မူပါက လျှောက်တင်စရာရှိပါ၏။ မင်းကြီးသည် ကျွန်တော်မျိုးနှင့် အခွန်ဘဏ္ဍာဝန်ကြီးအား အပြစ်ပေးခဲ့ထားစဉ် ကျွန်တော်မျိုးတို့(၂)ဦးစလုံး အိပ်မက်,မက်ကြသည်။ ထိုအခါ ထောင်အတွင်းရှိ လူလင်ငယ်တစ်ဦးသည် ကျွန်တော်မျိုးတို့၏ အိပ်မက်အနက်ကို ဖတ်ကြားဖော်ထုတ်ခဲ့ရာ သူဟောပြောခဲ့သည့်အတိုင်း မှန်ပါ၏။ ကျွန်တော်မျိုးသည် မူလရာထူးကို ပြန်လည်ရရှိ၍ အခွန်ဘဏ္ဍာဝန်ကြီးမှာမူ သေဒဏ်ပေးခြင်းခံခဲ့ရပါ၏' ဟု လျှောက်ထားသည်တွင် ဧကရာဇ်မင်းခေါင်ကြီးသည် တမန်တော်ကို လွှတ်၍ ရှုပအား ထောင်ထဲမှ အလျင်အမြန်ထုတ်ယူစေပြီးလျှင် ဆဲ၊ မုတ်ဆိတ်တို့ကို ပြုပြင်၍ အဝတ်အစားသစ်တို့ကို ဝတ်စေပြီးမှ ရှေ့တော်သို့ သွင်းစေ၏။

ရှေ့တော်သို့ ရောက်သောအခါ ဧကရာဇ်မင်းကြီးသည် ရှုပအား မိမိမက်ခဲ့သည့် အိပ်မက်တို့ကို ပြောကြားပြီးနောက်-

'ငါသည် အိပ်မက်ကို မြင်မက်ပြီး မည်သူမျှ အနက်ကို မဖော်နိုင်ပေ။ ဆင်သည် အိပ်မက်တို့ကို ထူးခြားသော ဉာဏ်ပညာဖြင့် အနက်ဖတ်တတ်သည်ဟု ငါကြားသိရ၏ ယခုပင် ငါ၏အိပ်မက်တို့ကို အနက်ဖတ်ကြားလော့'

ဟု မိန့်တော်မူရာ ရှုပက-

'အရှင်မင်းကြီး..သက်တော်ရှည်တော်မူပါစေသတည်း ဘုန်းတော်ကြီးမားတော်မူပါစေသတည်း၊ ချမ်းသာစေတော်မူသတည်း။ အိပ်မက်သည် (၂)ခုဖြစ်သော်လည်း အနက်အဓိပ္ပာယ်ကား တစ်ခုတည်းသာ ဖြစ်ပါ၏။ ဂျိုး၍ ကျ

www.burmeseclassic.com

www.burmeseclassic.com

ဖာသော နွား(၇)ကောင်သည် (၇)နှစ်ဖြစ်ပါ၏။ သန်စွမ်းသော စပါးနှံ(၇)ခုသည်လည်း (၇)နှစ်ဖြစ်ပါ၏။ ပိန်ချုံးသော နွား(၇)ကောင်သည် (၇)နှစ်ဖြစ်ပါ၏။ သိမ်ဖျင်းသော စပါးနှံသည် (၇)ခုသည်လည်း (၇)နှစ်ပင် ဖြစ်ပါ၏။

အဓိပ္ပာယ်ကား အရှင်မင်းကြီး၏တိုင်းပြည်တွင် သာယာဝပြောသော နှစ်(၇)နှစ်ဖြစ်လျက် အစာရေစာခေါင်းပါးသော နှစ်(၇)နှစ်နှင့် ကြုံတွေ့ရပါလိမ့်မည်။

သာယာဝပြောသော (၇)နှစ်ပြီးနောက် အစာရေစာခေါင်းပါးသော (၇)နှစ်ဖြစ်လာ၍ ရှေးအခါမှာ သာယာဝပြောခြင်းကို မေ့မျောက်ကာ ဆင်းရဲဒုက္ခရောက်ပြီး တစ်တိုင်းပြည်လုံး ပျက်စီးမည့်အကြောင်းအရာကို သိရှိစေလို၍ မင်းကြီးအား နတ်တို့သည် အိပ်မက်ပေးခြင်း ဖြစ်၏။

သို့ဖြစ်ပါ၍ မင်းကြီးသည် ဉာဏ်ပညာနှင့်ပြည့်စုံသော ပညာရှိကို ရွေးချယ်တော်မူ၍ တာဝန်ပေးအပ်တော်မူပါ။ တစ်တိုင်းပြည်လုံး၌ ကြီးကြပ်သူတို့ကို ခန့်ထားပြီးလျှင် ဝပြောသော (၇)နှစ်ကာလပတ်လုံး တစ်ပြည်လုံးတွင် ဆန်စပါးမျိုးတို့ကို (၁၀)ဖို့တစ်ဖို့ကို ကောက်ယူပါ။ နေရာဒေသတိုင်းတွင် ရိက္ခာသိုလှောင်ရုံများ ပြုလုပ်၍ သိုလှောင်ထားကြပါ။

ရိက္ခာရှိသမျှ (၇)နှစ်ကာလပတ်လုံး စုဆောင်းသိမ်းဆည်းလာပါက အစာရေစာခေါင်းပါးသော (၇)နှစ်ကာလတွင် ပြည်တော်ပျက်မည့်ဘေးမှ ကျော်လွှားနိုင်မည် ဖြစ်ပါသည်'ဟု ဇကရာဇ်မင်းကြီးအား လျှောက်ထားလေ၏။

ဇကရာဇ်မင်းကြီးသည် ရူပ၏ တင်လျှောက်ချက်ကို နှစ်သက်သဘောကျတော်မူသည်ဖြစ်ရာ မှူးမတ်အပေါင်းတို့အား-

'မှူးမတ်အပေါင်းတို့ သင်တို့သည် အဘယ်ကဲ့သို့ သဘော ရှိကြကုန်သနည်း။ သက်သာရွှေပြည်နေပြည်တော်ကြီး ပျက်စီးမည့် ဘေးဒုက္ခမှ လွတ်မြောက်စေရန် မည်သူ့အား တာဝန်ပေး ရွေးချယ်မည်နည်း'

ဟု မေးမြန်းတော်မူရာ မှူးမတ်အပေါင်းမင်းကြီးအား-

'အရှင်မင်းမြတ်.. ဤအရေးအခင်း၌ ဤလုလင်ကဲ့သို့ ဉာဏ်ပညာထက်မြက်သူသာ တတ်နိုင်ရာ၏။ လုလင်ကိုသာ တာဝန်ပေးအပ်တော်မူပါ'ဟု လျှောက်တင်ကြလေ၏။

မင်းကြီးလည်း ရူပအား-

'ဤအမှုအလုံးအစုံကို သင့်အား တာဝန်ပေးအပ်တော်မူ၏။ လုလင်..ဤအရာ၌ သင်ကဲ့သို့ ဉာဏ်ပညာထက်မြက်သူသာလျှင် တတ်နိုင်ရာ၏။ သင်သည် ယနေ့မှစ၍ ငါ၏ကိုယ်စား ဖြစ်စေရမည်။ ရာဇပလ္လင်အားဖြင့် ငါသည် သင့်ထက် ကြီးမြင့်သော်လည်း သင်စီမံသည့်အတိုင်း ငါ့ကိုယ်တိုင် လိုက်နာမည်'ဟုဆိုကာ လက်စွပ်တော်ကိုချွတ်၍ ရူပ၏လက်၌ စွပ်ပေးတော်မူ၏။

အဝတ်ကောင်း၊ ပုဆိုးကောင်းတို့ကို ဝတ်စေလျက် လည်ပင်း၌ ရွှေစလွယ်ကို ဆွဲစေပြီးလျှင် ဒုတိယရထားတော်ကို စီးစေတော်မူ၏။

စစ်သေနာပတိချုပ်ရာထူးကို ခန့်အပ်ကာ တစ်ဦးတည်းသော သမီးတော်နှင့် လက်ဆက်တော်မူစေပြီးလျှင် အိမ်ရှေ့စံအရာကို ပေးသနားတော်မူ၏။

'ငါသည် သက်ဦးဆံပိုင် တိုင်းပြည်သခင် ပြည့်ရှင်မင်းဖြစ်သော်လည်း သင်ခွင့်မပြုလျှင် တစ်တိုင်းပြည်လုံး အဘယ်သူ တစ်ဦးတစ်ယောက်မျှ မိမိ၏ ခြေလက်တို့ကို မကြွရ'ဟု မိန့်တော်မူ၏။'

ထိုအချိန်တွင် ရူပ၏အသက်တာသည် (၂၁)သို့ရောက်ရှိခဲ့ပြီဖြစ်ရာ မက်ခဲ့သော အိပ်မက်တို့သည် အကျိုးပေးကာပြီးပြည့်စုံခြင်းတို့ ရောက်ရှိလာခဲ့လေတော့ပြီဖြစ်၏။

ရူပသည် ဇကရာဇ်မင်းခေါင်းကြီးထံမှ အခွင့်ရသော အခါ တစ်တိုင်းပြည်လုံးသို့ လှည့်လည်သွားလေ၏။ ဝပြောသော (၇)နှစ်ကာလပတ်လုံး အသီးအနှံတို့သည် အလွန်များပြားကုန်သည်ဖြစ်ရာ (၇)နှစ်ကာလပတ်လုံး သက်သာရွှေပြည်နေပြည်တော်ကြီး၏ လက်အောက်ခံမြို့နယ်တိုင်းတွင် ရိက္ခာတို့ကိုစုရုံး၍ သိုလှောင်ထားစေ၏။ ဆန်စပါးတို့သည် သမုဒ္ဒရာသဲလုံးမျှ များပြားလှသည်ဖြစ်ရာ ရေတွက်၍မရနိုင်အောင်ပင် ရှိချေ၏။

ထို့နောက်တွင်ကား ဝပြောသော(၇)နှစ်ကုန်လွန်၍ ရူပပြောခဲ့သည့်အတိုင်း အစာရေစာခေါင်းပါးသော နှစ်ကာလသို့ ရောက်လာပြီဖြစ်၏။ အိုးအပါး တိုင်းပြည်ဒေသတို့၌ ငတ်မွတ်ခေါင်းပါးကြသော်လည်း "သက်သာရွှေပြည် နေပြည်တော်ကြီးတွင်ကား ပြည့်စုံကြွယ်ဝနေလေ၏။

နောက်တစ်ဖန် သက်သာရွှေပြည်နေပြည်တော်ရှိ တိုင်းသူပြည်သားတို့သည် မွတ်သိပ်ခေါင်းပါးလာသည်ဖြစ်၍ ဇကရာဇ်မင်းကြီးထံတွင် စားစရာရရှိပါမည့်အကြောင်း ကြွေးကြော်တောင်းဆိုကြ၏။

ထိုအခါ ရူပသည် မင်းကြီး၏ အိမ်နှင့်နှင့် စပါးကျီရှိသမျှကို ဖွင့်လှစ်၍ ပြည်သူပြည်သားတို့ကို ပေးသနားလေ

www.burmeseclassic.com

www.burmeseclassic.com

၏။ ထို့ကြောင့် ပြည်သူပြည်သားတို့သည် ရူပအပေါ်၌ ချစ်ခင်ရိုသေလေးစားကြကုန်သည် ဖြစ်၏။ ခပ်သိမ်းသော ပြည်ရွာတို့၌ အစာရေစာ အလွန်ခေါင်းပါးသောကြောင့် အသီးသီးသောပြည်ရွာသားတို့သည် စပါးကို ဝယ်ယူခြင်းငှာ သက်သာရွှေပြည်နေပြည်တော်ကြီးသို့ လာရောက်ကြရလေ၏။

သက်သာရွှေပြည် နေပြည်တော်ကြီး၌ စပါးရှိကြောင်းကို ကြားသိရလျှင် ဦးမြတ်ထွားသည် သားများအား-

'မင်းတို့ ဘာကြောင့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြတာလဲ။ ငါတို့တစ်တွေ တော်ပြီးမသေအောင် သက်သာရွှေပြည် နေပြည်တော်ကြီးကိုသွားပြီး စပါး ဝယ်ကြပါတော့လား'

ထိုအခါ ရူပ၏ ညီအစ်ကိုတို့သည် စပါးဝယ်ယူခြင်းငှာ သက်သာရွှေပြည် နေပြည်တော်ကြီးသို့ သွားကြလေ၏။

နေပြည်တော်သို့ ရောက်သောအခါ သူတို့သည် ရူပထံသို့ သွားကြရလေ၏။

အကြောင်းမူကား ရူပသည် အိမ်ရှေ့စံ စစ်သေနာပတိဖြစ်ရာ တိုင်းသူပြည်သားများနှင့် အခြားသောဒေသမှ စပါး လာရောက်ဝယ်ယူသော ကိစ္စအရပ်ရပ်ကို တာဝန်ယူဆောင်ရွက်နေရ၏။ ညီအစ်ကိုတို့သည် ရူပ၏ရှေ့တွင် လာရောက် ဦးညွှတ်ကြရ၏။

ရူပသည် ညီအစ်ကိုတို့ကို မြင်လျှင်မြင်ချင်း သိသော်လည်း အိမ်ရှေ့စံအဆောင်အယောင်နှင့် အသွေးအရောင် ပြောင်လက်နေသည့် ရူပကိုမူ သူတို့ မမှတ်မိ မသိရှိနိုင်ကြချေ။

ထိုအခါ ရူပသည် လေသံမာထန်စွာဖြင့်-

'သင်တို့တစ်တွေ ဘယ်ကလာကြတာလဲ'

အစ်ကိုအကြီးဆုံး အာယုက-

'ကျွန်တော်မျိုးတို့ သာယာကုန်းရွာက လာပါတယ် အရှင်မင်းသား'

ရူပက-

'သင်တို့တစ်တွေ ငါ့ကို မလိမ်မညာကြနဲ့။ နေပြည်တော်၌ အားနည်းနေသည်ကို သိလို၍ သူလျှိုလာလုပ်သည် မဟုတ်လော'

ဟု မေးမြန်းရာ ဗလကြီးက-

'မဟုတ်ပါ အရှင်မင်းသား၊ ကျွန်တော်တို့ ညီအစ်ကို (၅)ယောက်စလုံးဟာ တစ်ဦးတည်းသောဖခင်ရဲ့ သားများ ဖြစ်ကြတယ်။ သူလျှိုမဟုတ်ရကြောင်းပါ'

ရူပက ဗလကြီးအား-

'သင်ဆိုတော့ ညီအစ်ကို(၅)ယောက်လို့ဆိုတယ်။ အခုတော့ (၄)ယောက်တည်းပါလား။ တစ်ယောက်က ဘယ်မှာလဲ။ အဲဒီတစ်ယောက်ကိုခေါ်ပြီး ပြရင်ပြ၊ မပြရင် သင်တို့အားလုံး သူလျှိုမှုနဲ့ အဆုံးစီရင်ခံရမယ်'

ဝဏ္ဏသည် ဗလကြီးအား မြည်တွန်ကြိမ်းမောင်းလေ၏။

'ဒီမှာ (၄)ယောက်တည်း လာတာကို ဘာကိစ္စ လျှာရှည်ပြီး (၅)ယောက်လို့ သွားပြောရတာလဲ။ ကြည့်ရတာ ငါတို့ညီအစ်ကို(၅)ယောက် လုပ်ခဲ့တဲ့ အကုသိုလ်ဟာ ငါတို့ကိုပြန်ပြီး အကျိုးပေးပြီ ထင်ပါရဲ့'

ညီအစ်ငယ်ဆုံး သုခသည် ကြောက်ရွံ့၍ ငိုကြွေးလေတော့၏။ အစ်ကိုအကြီးဆုံးသည် မနေသာတော့ဘဲ ရူပ၏ ရှေ့၌ ဒူးထောက်ကာ တောင်းပန်စကားကို ဆိုလေသည်။

'အရှင်မင်းသား...ကျွန်တော်မျိုးတို့ကတော့ ကိစ္စမရှိပါဘူး။ ဒါပေမဲ့ ဒီအငယ်ဆုံးညီငယ် သေဆုံးခဲ့ရင်ဖြင့် ဖခင်အိုကြီးဟာ အသည်းကွဲပြီး သေဆုံးရပါလိမ့်မယ်။ ပထမတစ်ခါ သားတစ်ယောက် ဆုံးပါးခဲ့တုန်းကလည်း ဖခင်ကြီးမှာ သောကကြီးစွာ ခံစားခဲ့ရပါတယ်။ ဒါကြောင့် အရှင်သား ပြောကြားသလို သူလျှိုဟုတ်,မဟုတ် သေချာစွာစုံစမ်းစစ်ဆေးပြီးမှ အရေးယူစေလိုပါသည်'

'ကောင်းပြီလေ၊ သင်တို့ညီအစ်ကိုတွေထဲက ဓားစာခံတစ်ယောက် ချန်ထားခဲ့။ သင်တို့အဖေကြီးကို ပြန်ခေါ်ပြီး ဒီကို ပြန်လာခဲ့။ သင်တို့ပြောတဲ့အတိုင်း ဖခင်တစ်ယောက်တည်းရဲ့ သားများဖြစ်တယ်ဆိုတာ သက်သေပြနိုင်ခဲ့ရင် သင်တို့ကို အပြစ်မှ ခွင့်လွှတ်မယ်။ သင်တို့ကို (၁၅)ရက်

www.burmeseclassic.com

www.burmeseclassic.com

အချိန်ပေးမယ်။ (၁၅)ရက်အတွင်း အရောက်ပြန်လာပါ။ အကယ်၍ မရောက်ခဲ့ရင်လည်း သင်တို့ လူဖြစ်လာတာ နားပြီလို့ နောင်တ,ရရစေမယ်။ ကြားလား'

အစ်ကို(၃)ယောက် ညီအငယ်ဆုံး သုခအား ရှုပလက်တွင် အပ်နှံထားခဲ့ပြီး ဖခင်ကြီးရှိရာ သာယာကုန်းရွာသို့ အမြန်ပြန်ခဲ့ကြလေတော့၏။

သာယာကုန်းရွာ ဖခင်ကြီးဦးမြတ်ထွားထံတို့ ရောက်သောအခါ ဖြစ်ပျက်သမျှကို ပြောကြားကြလေ၏။

ရှေးဦးစွာ အာယုက-

'အဖေ..သက်သာရွေပြည် နေပြည်တော်ကြီးကို စပါးဝယ်ယူဖို့ သွားရာမှ အိမ်ရှေ့စံမင်းသားက ကျွန်တော်တို့ကို သူလျှိုလာလုပ်တာလို့ စွပ်စွဲတယ် အဖေရေ'

ဗလကြီးကလည်း-

'ဟုတ်တယ် အဖေရေ။ ကျွန်တော် ဖခင်တစ်ဦးတည်းရဲ့ သား(၅)ယောက်လို့ ပြောမိတော့ တစ်ယောက်က ဘယ်နှာလဲဆိုပြီး အငယ်ဆုံးသုခကို ဓားစာခံဆိုပြီး ခေါ်ထားလိုက်လေရဲ့'

ဝဏ္ဏက တစ်ဖန်-

'အဲဒါ အဖေကိုယ်တိုင် လိုက်ခဲ့မှဖြစ်မယ် အဖေရေ။ ဓမ္မဟုတ်ရင် ကျွန်တော်တို့ကို မြေလှန်ရှာပြီး သုတ်သင်ပစ်မယ်တဲ့'

ဖခင်ဦးမြတ်ထွားက-

'ကဲ..ကဲ..တစ်ယောက်တစ်ပေါက် ပြောမနေနဲ့။ ငါ့ကို အစကနေပြီး တစ်ခုစီ ပြောပြစမ်း'

သို့နှင့် သားကြီးဖြစ်သူ အာယုသည် စပါးဝယ်ယူရန် သွားရာ အိမ်ရှေ့စံ စစ်သေနာပတိချုပ်နှင့် တွေ့ဆုံစကား ပြောခဲ့ပုံကို အစအဆုံး သေချာစွာ ဖခင်ကြီးအား ရှင်းပြလေသည်။

ဖခင်ကြီးဦးမြတ်ထွားက သားအကြီး(၃)ယောက်အား-

'မင်းတို့ဟာ သားသမီးအကြီးတွေဖြစ်ပါလျက် ညီငယ်တွေကို မစောင့်ရှောက်၊ ပထမ ရှုပ၊ အခု သုခ၊ ငါ့သားတွေကို တစ်ယောက်ပြီးတစ်ယောက် ငါ့ဆီက လုယူခဲ့ပြီပဲ။ ခင်းတို့တစ်တွေဟာ ငါ့သားကြီးတွေ ဟုတ်မှဟုတ်ရဲ့လား'

ထိုအခါ အာယုသည် ဖခင်ကြီး၏ရှေ့တွင် ပျံဝပ်လျက်-

'အဖေ..အိမ်ရှေ့စံက အပြစ်ပေးခဲ့ရင် ကျွန်တော် အရင်ဆုံး ခံပါ့မယ်။ အဖေ့သားငယ်သုခ မဆုံးရှုံးရပါလို့ ကျွန်တော် ကတိပေးပါတယ်'

ဗလကြီးနဲ့ ဝဏ္ဏတို့သည်လည်း အစ်ကိုကြီးအာယုနည်းတူ ဖခင်ကြီးအား ရှိရိုးလျက်-

'အဖေ လိုက်သာလိုက်ခဲ့ပါ။ အဖေ့ညီငယ်တို့ ဘာမှမဖြစ်ရပါဘူး။ ကျွန်တော်တို့ အသက်နဲ့လဲပြီး ကာကွယ်ပါ့မယ်'

ဖခင်ကြီးသည်လည်း အားတင်းလျက်-

'ကောင်းပြီလေ၊ ဖြစ်သမျှအကြောင်း အကောင်းပဲပေါ့။ သေတစ်နေ့ မွေးတစ်နေ့ပဲ။ ဘာပဲဖြစ်ဖြစ် ငါ မသေခင်တော့ ငါ့သားငယ်ကို တွေ့ဖြစ်အောင် တွေ့သွားရမှာပဲ။ ကိုင်း..အထုပ်အပိုးနဲ့ မြင်းတွေ မြင်ကြ။ သွားကြမယ်'

ဖခင်ကြီးမြတ်ထွားနှင့် အာယု၊ ဗလ၊ ဝဏ္ဏာ သား(၃)ယောက်တို့လာကြသော သတင်းကို အထောက်တော်များထံမှ ကြားသိရသောအခါ ရှုပသည် အိမ်ရှေ့စံမင်းသားအဖြစ် သာမက စစ်သေနာပတိ အဆောင်အယောင်များ ဝတ်ဆင်လျက် မြင်းရထားစီးကာ သွားရောက်တွေ့ဆုံလေ၏။ ရှုပ၏ မြင်းရထားပေါ်တွင် ညီအငယ်ဆုံးသုခလည်း ပါလာ၏။

ဦးခေါင်းတစ်ခုလုံး ဆံပင်များဖွေးဖွေးဖြူ၍ သားသမီးတို့အတွက် စိတ်သောကရောက်နေရရှာသော ဖခင်အိုကြီးအား မြင်တွေ့သည်ခဏ ညီအစ်ကိုတို့ရှေ့တွင် ရာဇဏ္ဍန်ဖြေကား ဟန်ဆောင်မောက်မာခဲ့သော ရှုပသည် ဖခင်အိုကြီး၏ ရှေ့ဝယ် ဒူးထောက်ကာ မျက်ရည်ဖြိုင်ဖြိုင်ကျဆင်းလျက်-

'အဖေ..ကျွန်တော်ဟာ အဖေ့ရဲ့သား ရှုပါ'

'အို..ဘုရား..ဘုရား'

ဖခင်ကြီးဦးမြတ်ထွားသည် စကားတစ်ခွန်းမျှ မဟနိုင်။ ဘုရားရှင်ကို တမ်းတလျက် မိုးကောင်းကင်သို့ မျက်ရည်ရစ်ဝဲနေသည့် မျက်ဝန်းတစ်စုံဖြင့် မော့ကြည့်နေတော့၏။ ခဏကြာသော် အဘိုးအို၏ ပါးပြင်ပေါ်သို့ မျက်ရည်ဥများသည် တစ်လုံးချင်း လိမ့်ဆင်းလျက် ကျလာလေတော့၏။

'ငါ့သားကို ပြန်တွေ့ရပါပြီကော။ ငါ့သားနဲ့ ပြန်ဆုံရပါပြီကော'

အဘိုးအို၏ စကားအဆုံး အစ်ကိုကြီး(၃)ယောက်နှင့် ညီအငယ်တို့သည်လည်း တစ်ယောက်ကိုတစ်ယောက်ဖက်ကာ ရှိုက်ကြီးတငင် ငိုကြွေးကြလေတော့၏။

ဗလကြီးနှင့် ဝဏ္ဏသည် ရှုပ၏မျက်နှာကိုကြည့်ပြီးလျှင် *တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက် ဖြစ်နေရာမှ*

www.burmeseclassic.com

www.burmeseclassic.com

နှစ်ယောက်စလုံး ရူပဖ၏ရှေ့တွင် ဒူးထောက်လျက်-

"အရှင်မင်းသား...ကျွန်တော်မျိုးတို့ကို အပြစ်မှ ခွင့်လွှတ်တော်မူပါ"

ရူပသည် အစ်ကို(၂)ယောက်အား ဖက်လျက်-

"အစ်ကိုတို့ ထပါ၊ သင်တို့ကို ကျွန်ုပ် အပြစ်ပေးအရေးမယူပါဘူး။ သင်တို့သာ ကျွန်ုပ်ကို ရောင်းမစားခဲ့လျှင် ကျွန်ုပ်ဟာ အခုလို လူအများကို အငတ်ဘေးက ကယ်တင်နိုင်မှာ မဟုတ်သလို ကျွန်ုပ်ကိုယ်တိုင်လည်း သင်တို့နဲ့အတူတူ ငတ်ပြီးသေမှာ အမှန်ပဲ။ တကယ်တော့ ဒါဟာ ကံကြမ္မာရဲ့ လှည့်စားချက်ပါပဲ"

ရူပနောက်မှ လိုက်ပါလာသော ပရိသတ်သည် မည်ကဲ့သို့ ပြုလုပ်ရမည်မသိ၊ ငေးငိုင်တွေဝေနေကြ၏။

ထိုစဉ် သက်သာရွှေပြည် နေပြည်တော်၏ ဧကရာဇ် မင်းခေါင်မင်းကြီးသည် ပထမမြင်းရထားစီးလျက် ကြွချီတော်မူလာလေ၏။

မင်းစေတမန်တော်က-

"ဧကရာဇ်မင်းကြီး ကြွချီတော်မူလာတယ်။ အားလုံး ဖူးမြော်ကြ"

လူအားလုံး မြေပြင်ပေါ် ဒူးထောက်လျက် ခေါင်းငုံ့ကာ လက်အုပ်ချီဖူးမြော်ကြသည်။ မင်းစေတမန်တော်က အားလုံး မော်ဖူးစေဟု ဆိုလိုက်သောအခါ ကျမှသာ လူအားလုံးသည် ဧကရာဇ်မင်းခေါင်ကြီးအား ခေါင်းမော့ကြည့်ကာ ဖူးမြော်ကြရ၏။

ဧကရာဇ်မင်းခေါင်ကြီးက-

"အားလုံး သက်သာသလိုနေကြ၊ သက်သာသလိုနေကြ"

ရူပဖခင်ကြီး ဦးမြတ်ထွားက ဧကရာဇ်မင်းကြီးအား

"မင်းကြီး ဘုန်းကြီးတော်မူပါစေသတည်း၊ သက်တော်ရှည်တော်မူပါစေသတည်း၊ ချမ်းသာစေတော်မူပါသတည်း၊ ပြည်သူပြည်သားတို့အား ရင်ဝယ်သားကဲ့သို့ စောင့်ရှောက်နိုင်တော်မူပါစေသတည်း"

ဟု ဆုတောင်းမေတ္တာပို့သလိုက်ရာ ရူပဖခင် ဦးမြတ်ထွား၏ သား(၅)ယောက်စလုံးသည်လည်း ဖခင်ကြီးနည်းတူ ဧကရာဇ်မင်းခေါင်မင်းကြီးအတွက် မေတ္တာပို့ ဆုတောင်းကြ၏။ မင်းပရိသတ်အားလုံးသည်လည်း သူတို့နှင့်ထပ်တူ လိုက်လံဆုတောင်းမေတ္တာပို့သကြ၏။

ထို့နောက် ဧကရာဇ်မင်းခေါင်မင်းကြီးသည် ဦးမြတ်

ထွားအား ထွေးပွေ့ပိုက်လျက်-

"မိဘတွေ သီလကောင်းတဲ့အတွက် သားကောင်းရတနာ ဖွားမြင်ခဲ့တာပဲ။ သားကောင်းရတနာကြောင့် သင်တစ်ပင်ကောင်း ဂုဏ်တစ်သောင်း နားနိုင်တယ် ဆိုတဲ့စကားလို ပြည်သူအများ ဒုက္ခမများဘဲ သုခချမ်းသာကို ဖြစ်စေနိုင်ခဲ့တယ်။ သင့်အတွက် ဝမ်းသာဂုဏ်ယူပါတယ် ဖခင်"ဟု မိန့်တော်မူလေ၏။

ဦးမြတ်ထွားကလည်း-

"ပြည်တန်ပတ္တမြား ဖြစ်ပါသော်လည်း တန်ဖိုးမသိသူ၏လက်၌ အသုံးမဝင် တန်ဖိုးမရှိပါ။ ယခု တန်ဖိုးသိသူ၏လက်ထဲ ရောက်၍သာလျှင် တန်ဖိုးရှိလာပေသည်။ မင်းကြီး၏ကျေးဇူး ကြီးမားလှပါတကား"

ထိုသို့တပြီးကား ရူပသည် ဖခင်ကြီးနှင့် ညီအစ်ကိုတို့အားလည်းကောင်း၊ သက်သာရွှေပြည် မင်းနေပြည်တော်ကြီး၏ ဧကရာဇ်မင်းကြီးနှင့် ပြည်သူပြည်သားတို့အားလည်းကောင်း အန္တရာယ်အသွယ်သွယ်မှ သေတစ်ပန်သက်တစ်ဆုံး စောင့်ရှောက်ကာကွယ်ခဲ့သည်ဖြစ်ရာ အိမ်ရှေ့စံ စစ်သေနာပတိချုပ်ဟူသော ဘွဲ့ထူးဂုဏ်ထူးများအပြင် သားလိမ္မာဟူသော ဘွဲ့တစ်ခုကိုလည်း ထပ်မံရရှိလာခဲ့လေတော့သတည်း။

ကြည်ဝင်းဘသိန်းတင်

www.burmeseclassic.com

www.burmeseclassic.com

အာသစ်ယာ
တစ်ခါတုန်းအာနိမ္မာန်ရှာ

(ကဿရဝတ္ထုတို)

အင်္ဂလိပ်အစိုးရလက်ထက်က ဖြစ်ပါသည်။ အောင်ဘနှင့် အခြားနိုင်ငံရေးပုဒ်မ အတပ်ခံရသော လူသိုက်ကို မြောင်းမြထောင်မှပြောင်းရန် သတင်းထွက်လာသည်။ မြောင်းမြထောင်ကို ရောက်သည်မှာ ဘာမျှ မကြာသေးပေ။ သို့သော် နိုင်ငံရေးပုဒ်မနှင့် ထောင် ကျရသည့်အပြင် တစ်ထောင်ရောက်ပြီး နောက်တစ်ထောင် ရောက်ရသည်ကိုပင် အောင်ဘက ဂုဏ်ယူချင်သလိုလို ဖြစ်နေ မိသည်။

အောင်ဘက ဂျာနယ်တိုက်မှ စာပြင်ဆရာဖြစ်သည်။ သူ့ဆရာ အယ်ဒီတာက အင်္ဂလိပ်အစိုးရနှင့် ဆန့်ကျင်သော စာရွက်စာတမ်းများကို ရိုက်နှိပ်သောကြောင့် အဖမ်းခံရသည်။ အောင်ဘနှင့် သူ့ဆရာက တတွဲတွဲဖြစ်သောကြောင့် စာပြင်ဆရာ အောင်ဘပါ ထောင်ထဲကို ရောက်သွားတော့သည်။

ထိုခေတ်က နိုင်ငံရေးသမားများကို အထူးတန်းဥ်ထားသောကြောင့် မဆိုးလှ။ စားကောင်းသောက်ဖွယ်များ စားရသည့်အပြင် အချိန်မှန်မှန် သတင်းစာပင် ဖတ်ခွင့်ရသေးသည်။ အောင်ဘတို့ နိုင်ငံရေးသမားလူသိုက်အား ပြောင်းရွှေ့ပေးမည့်

www.burmeseclassic.com

ထောင်က ရွှေဘိုထောင်။ နိုင်ငံရေးသမားများဆိုတော့ ပြောင်းရွှေ့ရာတွင် မီးရထား၊ မီးသင်္ဘောတို့မှာ အထူးတန်းကနေ ပို့ဆောင်ပေးသည်။ လက်ထိတ်လည်း အခက်မခံရ။ ထို့ကြောင့် အလွယ်တကူ ထွက်ပြေးလျှင်ရသည်။

သို့သော် အောင်ဘတို့တွင် တလွဲဆပ်ကောင်းနေသော အချက်ကလေးတစ်ခုရှိသည်။ ထိုအချက်ကလေးက သခင်အမည် ခံနေပါလျက် ရန်သူအစိုးရက ဖမ်းဆီးထောင်ချထားခြင်းမှ ထွက်ပြေးရပါလျှင် သတ္တိကြောင်သူဟု ရန်သူအစိုးရမှ ထင်သွားမည်ကို မလိုလားခြင်း ဖြစ်သည်။

ထိုမလိုလားချက်ကို ဆန့်ကျင်ဘက်ပြုရမည့် ကိစ္စတစ်ရပ်က အောင်ဘတို့လူသိုက် ရန်ကုန်ဘူတာကြီးကို ရောက်သောအခါ မြေအောက်ခေါင်းဆောင် သခင်တစ်ယောက်က အောင်ဘတို့လူသိုက်ကို လာရောက်တွေ့ဆုံသည်။ ထိုမြေအောက်ခေါင်းဆောင်၏ ပြောပြချက်အရ (၂၄)နာရီအတွင်း မီးရထား၊ မီးသင်္ဘောတို့ကို အင်္ဂလိပ်အစိုးရက ပိတ်တော့မည်ဖြစ်ကြောင်း၊ ဘိအိုင်အေတပ်မတော်သည် ရေး၊ မြို၊ ထားဝယ်သို့ ရောက်နေပြီဖြစ်ကြောင်း၊ မော်လမြိုင်မှနေ၍ မြစ်ဝကျွန်းပေါ်သို့ ဖြတ်သန်းလာကြမည့် ဘိအိုင်အေတပ်ဖွဲ့မြေအောက်တော်လှန်ရေး တပ်သားများနှင့် အဆက်အသွယ်လုပ်ရန် တပ်သားနည်းပါးနေ၍ ကူညီကြရန် တိတ်တဆိတ်ကမ်းလှမ်းလာပါသည်။

ဤအခါကျမှ အောင်ဘတို့လူသိုက်သည် သူရဲကောင်းကြီးများအဖြစ် ဂုဏ်ယူဝင့်ကြွားစွာ အင်္ဂလိပ်အစိုးရ၏ ချုပ်နှောင်ဖမ်းဆီးထားခြင်းကို ထိမထင်သောမျက်နှာဖြင့် ခံယူနေခြင်းထက် မြေအောက်တော်လှန်ရေးကို လုပ်ကိုင်ရန် အချိန်ကျရောက်ပြီဖြစ်ကြောင်း သဘောပေါက်လာကြသည်။

ထို့ကြောင့် ဘူတာကြီးတွင်ရှိသော စစ်ပုလိပ်များကို နည်းမျိုးစုံသုံးကာ ရှောင်ထွက်လာကြပြီး ရန်ကုန်မြို့ထဲတွင် (၃)ရက်လောက် ခိုအောင်းနေကြ၍ မြေအောက်တော်လှန်ရေးဌာနချုပ်မှ စာရွက်စာတမ်းများကိုယူဆောင်ကာ ကြည့်မြင်တိုင်တစ်ဖက်ကမ်းကိုကူးသည်။ တွဲတေးကိုဖြတ်ပြီးလျှင် ဝါးခယမမြို့အနီးရှိ ကျုံလတာရွာကို (၃)ရက်နှင့်အရောက် ကုန်းကြောင်းသွားကြသည်။

ကျုံလတာရွာတွင် ခေတ္တနားပြီး တာဝန်အရ ကျိုက်လတ်နှင့် မအူပင်သို့ ဆက်လက်ချီတက်ရန် ဖြစ်သည်။ အောင်ဘနှင့် သူ့ဆရာတို့ နှစ်ဦးသား လှေငယ်တစ်စင်းကို ယူကာ မလှော်တတ်လှော်တတ်ဖြင့် လှော်လာခဲ့ကြသည်။ ထိုအချိန်သည် တိုင်းပြည်ပျက်နေသော အချိန်ဖြစ်ရာ လူစိမ်းလာလျှင် ခိုးဆိုးတိုက်ခိုက်မည့်သူဟု ယူဆလျက် အင်းဆေး အမေးမြန်းမရှိ သတ်ဖြတ်နေသောကာလ ဖြစ်သည်။ ယောကျ်ားမှန်သမျှ နေ့ရော ညပါ တုတ်၊ ဓားလက်နက် အစုံနှင့် ကင်းစောင့်နေရသည်။

အောင်ဘနှင့် သူ့ဆရာက နေ့ရော ညပါ လှော်ကလေးနှင့် စုန်လာခဲ့ကြသည်။ ညနေနေဝင်ရီတရော အချိန်လောက်တွင် ပတ်ဝန်းကျင်တစ်ဝိုက် ကိုင်းတောများ ထူထပ်လျက်ရှိပြီး မြစ်ထဲကနေ ကြည့်ပါက မြင်ရသော တဲတစ်လုံးကို တွေ့လိုက်ရသည်။ အောင်ဘနှင့် သူ့ဆရာ (ထိုနေရာတွင် သူ့ဆရာအစား ဦးမောင်မြဟု အမည်တပ်ပါမည်)တို့သည် ရောက်လို ဇောနှင့် ပျော်နေကြသောကြောင့် မနက်စာ ထမင်းပင် မစားရသေး၊ ညနေစာတော့ ဝေလာဝေး။ ကင်းကိုလည်း မကပ်ရဲသောကြောင့် လှေပေါ်တွင် ပါသမျှ ရိက္ခာကလေးနှင့် အသက်ဆက်နေရခြင်း ဖြစ်သည်။

အောင်ဘက-

"ဆရာ..ဒီတဲကလေးမှာ စားစရာတစ်ခုခု ဝင်တောင်းကြရင် မကောင်းဘူးလား။ တောင်းလို့ မရရင်လည်း ပါတဲ့ ပစ္စည်းတွေနဲ့ လဲစားကြတာပေါ့ ဆရာ"

"အေး..ကောင်းတယ်။ တဲဆိုတော့ လူလည်း သိပ်ရှိမှာ မဟုတ်ပါဘူး။ လှေကို ကပ်ကြရအောင်ကွာ"

လှေကပ်ရန် တံတားလည်း မတွေ့သောကြောင့် သင့်လျော်မည့် ကမ်းတစ်နေရာကိုကပ်ရန် လှော်လာခဲ့ကြသည်။ ကမ်းမရောက်မီ လုံချည်တို့တို၊ အင်္ကျီမပါ ကိုယ်တုံးလုံးအသားမည်းမည်း လူတစ်ယောက်နှင့် ကလေးတစ်ယောက်ကို ခါးထစ်ခွင်ကာ ထဘီရင်ဂျုံးနှင့် မိန်းမတစ်ယောက်က တစ်နေရာတွင် ရပ်ကာ-

"ဆရာတို့..ဒီနေရာကို လာကပ်ပါ။ ဒီနေရာက မြေမာတယ်။ ရွံမရှိဘူး" ဟု ဆိုသောကြောင့် လင်မယားဟု ထင်ရသော လူနှစ်ယောက် ရပ်နေသည့်နေရာကို လှေဦးထိုးလိုက်သည်။

"ဆရာတို့ ဒီအရပ်က မဟုတ်ဘူးထင်တယ်။ နေလည်း ဝင်တော့မယ်။ တစ်ညတလေ ဝင်နားပါလား။ ခေတ်အခေါက ကောင်းတာ မဟုတ်ဘူး"

ယောကျ်ားဖြစ်သူက ဝင်ပြောသည်။ ဦးမောင်မြက-

"ကျွန်တော်တို့ ဘိုကလေးကပါ။ ကျိုက်လတ်ကို သွား

www.burmeseclassic.com

www.burmeseclassic.com

မလို့ မော်တော်ထွေ၊ သင်္ဘောတွေ မရှိတာနဲ့ ကျွန်တော်တို့ တူဝရီးနှစ်ယောက် လှေနဲ့ ထွက်လာကြတာ"

"အတော်လိုသေးတာပဲဗျာ။ ရှေ့နားမှာ စာဖြူခွေကြီး ဆိုတာ ရှိတယ်။ ဓားပြအရမ်းတိုက်တာ။ ဘိုကလေး၊ ဖျာပုံ၊ ဒေးဒရဲ၊ မြင်းကုန်းက လူတွေဆို အကုန်သိတယ်။ သင်္ဘောနဲ့ သွားရင်တောင် သင်္ဘောကို လှမ်းတားတာ။ ရပ်မပေးလို့ကတော့ သေနတ်နဲ့ လှမ်းပစ်တော့တာပဲ"

"ကျွန်တော်တို့ အခုရောက်နေတာ ဘယ်နေရာလဲ"

"နီဗွာန်ကုန်းရွာကို ရောက်နေတာ။ ဒီကိုင်းတောကြီး ကျော်လိုက်ရင် ရွာကို မြင်နေရတယ်။ ဒီညတောင်သူကြီး အလှူရှိလို့ ဖျာပုံက တို့မြို့ကြီးဆိုင်းတောင် ငှားထားသေးတယ်"

ဦးမောင်မြနှင့် အောင်ဘတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြကာ ဦးမောင်မြက-

"ဖြစ်နိုင်မယ်ဆိုရင် ကျွန်တော်တို့နှစ်ယောက် ခင်ဗျားတို့တဲမှာ တစ်ညလောက် အိပ်ပါရစေ။ မိုးလင်းတော့ ခရီးဆက်ပါ့မယ်။ ကျိုက်လတ်မှာ အမျိုးတစ်ယောက် အသည်းအသန်ဖြစ်နေတယ် သတင်းကြားလို့ သတင်းမေးသွားမလို့ပါ"

ဇနီးလုပ်သူက ကလေးနို့တိုက်နေရာမှ-

"စောစောကတည်းက ကျွန်မယောကျ်ားက ပြောနေတာပဲ။ မိုးကလည်းချုပ်နေ၊ ခေတ်အခါကလည်း ကောင်းတာမဟုတ်တော့ တစ်ညလောက် ဒီမှာနားပြီး မနက်ကျမှ ခရီးဆက်ပေါ့။ ကျွန်မတို့တဲမှာ အားနာစရာ မရှိပါဘူး။ ကျွန်မတို့လင်မယားနဲ့ ဒီကလေးတစ်ယောက်ပဲရှိတာ။ ကဲ..ကဲ..ကိုကျော်ဒွန်း၊ ဧည့်သည်တွေကို တဲပေါ် ခေါ်လိုက်ပါ"

လှေကြိုးကို ကိုင်းပင်တစ်ပင်တွင် ချည်ထားလိုက်ပြီး ကိုကျော်ဒွန်း ခေါ်ရာနောက်သို့ ဦးမောင်မြနှင့် အောင်ဘတို့ နှစ်ယောက် လိုက်သွားကြသည်။ တဲက ခပ်သေးသေး။ ဧည့်ခန်းနှင့် အိပ်ခန်းက ထရံတစ်ချပ်သာ ခြားသည်။ ထမင်းစားတော့ ဧည့်ခန်းမှာ စားကြဟန်တူသည်။ ခြေရင်းဘက် ခပ်နိမ့်နိမ့်နေရာတွင် အိုးခွက်ပန်းကန်များနှင့် တဲရှေ့ရှိ စင်များပေါ်တွင် ငါးခြောက်များ တင်ထားသည်ကို တွေ့ရသည်။

"ဆရာတို့..ခေါင်းရင်းဘက်မှာ ထိုင်ကြပါ။ ကျွန်တော်တို့က တဲငါလုပ်တော့ မြင်တဲ့အတိုင်းပဲ ဆရာရေ။ ညီစော်တော့ နည်းနည်းနဲလိမ့်မယ်။ ဩော်..အိုးမြရေ၊ ဒီဆရာတို့ အတွက် ထမင်းပိုချက်လိုက်ကွာ။ ဆရာတို့လည်း ထမင်းမစားရသေးပါဘူး။ ဟုတ်တယ် မဟုတ်လား"

ဦးမောင်မြက-

"ဘယ့်နယ်ပြောပါလိမ့် ကိုကျော်ဒွန်းရယ်၊ ဩော်.. ဒီလိုလုပ်ပါ။ ခင်ဗျားတို့လည်း အားနာပါတယ်။ ကျွန်တော်တို့ အလကားမစားပါဘူး။ ထမင်းဖိုး ပေးပါ့မယ်"

"ဟာ..ဆရာတို့ကလည်း မဟုတ်တာ။ ဒုက္ခရောက်လာတဲ့လူတွေကို အခုလိုကူညီရတာ ကုသိုလ်တောင်ရပါသေးတယ်ဗျာ။ ပိုက်ဆံပေးစရာ မလိုပါဘူး။ တဲငါဆိုပေမယ့် အထင်မသေးပါနဲ့။ ဆန်၊ ဆီ၊ ဆား အပြည့်အစုံရှိပါတယ်။ ဟင်းကတော့ ငါးစို၊ ငါးခြောက် ကျွန်တော်တို့တဲမှာ ပေါပေါပါပဲ။ အိုးမြရေ..ကလေးကို ငါ့ပေးထား။ ရေနွေးကြမ်းတစ်အိုးနဲ့ ငါးခြောက်တစ်ပြား အရင်ဖုတ်လိုက်။ ကဲ..ကဲ..ဆရာတို့ နားနားနေနေ ကျောဆန့်ရင်လည်း ဆန့်ကြ"

ဦးမောင်မြနှင့် အောင်ဘတို့ ဆရာတပည့်နှစ်ယောက် မောမောနှင့် ကျောဆန့်၍ သိပ်မကြာမီ စဉ်ရေသုတ်ရေနွေးကြမ်းတစ်အိုးနှင့် ငါးရံခြောက်ဖုတ် တစ်ပန်းကန် ရောက်လာသည်။ ဆာဆာနှင့် ငါးရံခြောက်ဖုတ်နှင့် ရေနွေးကြမ်းကို မြည်းလိုက်ကြရာ မကြာမီ ပြုံးခနဲ ကုန်သွားသည်။ ထိုအချိန်တွင် ဆိုင်းသံသဲ့သဲ့ကို ကြားလိုက်ကြရသည်။

"ဆရာတို့ရေ..အဲဒါ ဖျာပုံ ဒို့မြို့ကြီးဆိုင်းသံပဲ။ ဒီနယ်တစ်ကြောမှာတော့ အဆည်ကြီးပဲ။ ဆိုင်းနောက်ထတွေကလည်း အရမ်းရယ်ရတယ် ဆရာရေ။ ထမင်းစားသောက်ပြီးရင် ကျွန်တော်တို့ မိသားစုလည်း အလှူအိမ်ဘက်သွားကြမလို့။ ဆရာတို့လည်း လိုက်ခဲ့ကြပါလား"

ဦးမြမောင်က တစ်စုံတစ်ခုကို တွေးမိကာ-

"ကျုပ်တို့က တခြားတစ်နယ်က လူစိမ်းတွေဆိုတော့ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် ဆရာရယ်၊ ဘိုကလေးကလာတဲ့ ကျွန်တော့်ဦးလေးနဲ့ ကျွန်တော့်ညီလို့ ပြောလိုက်မှာပေါ့။ ဒီရွာက သူကြီးနဲ့ ကျွန်တော်နဲ့ အရမ်းခင်ပါတယ်။ သူကြီးအလှူအတွက် ငါးခြောက်အိုးခွဲ(၁၀)တောင် ကျွန်တော်လှူထားပါသေးတယ်။ လိုက်သာ လိုက်ခဲ့ပါ၊ စိတ်မပူပါနဲ့"

ထမင်းစားချိန်ရောက်တော့ (၈)နာရီထိုးခါနီးလောက် ရှိနေပြီ။ ထမင်းဝိုင်းတွင် ငါးတန့်ဟင်း၊ မွှေနှတိုတို့စရာ၊ သရက်ချဉ်သုပ်တို့ ဖြစ်သည်။ အောင်ဘတို့ ဆရာ၊ တပည့်

www.burmeseclassic.com

နှစ်ယောက် ဆာဆာနှင့် တုတ်လိုက်ကြသည်မှာ ခေါင်းပင်မဖော်။

"ကဲ..အဝတ်အစားလဲပြီး အလှူအိမ်ဘက် လျှောက်ကြရအောင်။ ဆရာတို့..ရေချိုးကြဦးမလား"

"ဟာ..မချိုးတော့ဘူး ကိုကျော်ဒွန်း၊ ကျွန်တော်တို့က ခရီးပန်းလာတာ တော်ကြာ ဖျားနာနေဦးမယ်"

"ကဲ..ဒါဆိုလည်း အလှူဘက် လျှောက်ကြရအောင်။ ဒီကိုင်းတောကြီးလွန်သွားရင် တာရိုးကြီး တွေ့ပါလိမ့်မယ်။ တာရိုးအတိုင်းလျှောက်ရင် ရွာထဲကို ရောက်တာပါ"

ကိုကျော်ဒွန်းတို့ လင်မယားက ရှေ့ကသွားကာ ဦးမောင်မြတို့ ဆရာ,တပည့်နှစ်ယောက်က နောက်က လိုက်ကြသည်။ ကိုင်းတောကြီး လွန်သွားသည်နှင့် တာရိုးကြီးကို တွေ့လိုက်ရသည်။ ခပ်ဝေးဝေးတွင် မီးကလေးတွေ မှိတ်တုတ်,မှိတ်တုတ်နှင့် နီဗွာန်ရွာကြီး။ တဖြည်းဖြည်း နီးလာသည်နှင့်အမျှ ဆိုင်းသံကိုလည်း သဲသဲကွဲကွဲ ကြားလာရသည်။

ရွာကြီးက အတော်စည်ကားသော ရွာကြီးဖြစ်သည်။ အိမ်ကြီးအိမ်ကောင်းတွေ အတော်များသည်။ တောရွာဓလေ့အရ အလှူအိမ်မှ ဆိုင်းရှိရာသို့ ဟိုမှသည်မှ သွားလာနေသည်ကို တွေ့ကြရသည်။ တချို့က ဦးမောင်မြတို့ နှစ်ယောက်ကို လူစိမ်းများဟုသိရ၍ ဂရုတစိုက်ကြည့်ကြသည်။ ရှေ့က သွားနေကြသော ကိုကျော်ဒွန်းတို့ လင်မယားကိုတော့ တွေ့တဲ့ လူတိုင်းက နှုတ်ဆက်ကြသည်။

အလှူအိမ်မှ ဆိုင်းဝိုင်းကြီးက အောက်လင်းမာတ်မီး အောက်တွင် မနားတမ်းတီးနေသည်။ ဒို့မြို့ကြီးဟု ထင်ရသည့် ပတ်တီးဆရာကတော့ ချွေးများ ရွဲနှစ်လျက်။ ဆိုင်းဝိုင်းပတ်ပတ်လည်က လူအုပ်ကြီးက မနည်းမနော။ ပတ်ဝန်းကျင်ရွာများက လာရောက်ကာ ဆိုင်းနားထောင်ကြသည် ထင်သည်။

မနီးမဝေးတွင် လှည်းများကိုလည်း တွေ့ရသည်။ ပတ်တီးဆရာ မောၩ် နားလိုက်သည်နှင့် နောက်ထများက ပြက်လုံးများ ထုတ်နေသောကြောင့် တဝါးဝါး တဟားဟားနှင့် ဖြစ်သည်။ အတီးပိုဒ်ကျလျှင်လည်း အတီးရပ်သည်နှင့် လက်ခုပ်သံများက တဖြောင်းဖြောင်း။

အလှူအိမ်နှင့် ဆိုင်းဝိုင်းကို အမှီပြု၍ ရွာစျေးတန်းကြီးက အရှည်ကြီး။ မုန့်ဟင်းခါးဆိုင်၊ အသုပ်ဆိုင်၊ ကောက်ညှင်းကျည်တောက်ဆိုင်၊ မုန့်လေမွေဆိုင်၊ မုန့်လင်မယားဆိုင်၊ ရေခဲခြစ်ဆိုင်ပင် တွေ့ရသေးသည်။

ဦးမောင်မြနှင့် အောင်ဘတို့က ဆိုင်းနားထောင်နေ၍ ညောင်းလာသောကြောင့် စျေးတန်းတစ်ပတ်ပတ်ပြီး ပြန်လာသည်အထိ ကိုကျော်ဒွန်းတို့ လင်မယားက တဝါးဝါး တဟားဟားနှင့် အားပေးနေ၏။ ဦးမောင်မြက ကိုကျော်ဒွန်းတို့လင်မယား စားရန်အတွက် မုန့်လေမွေများ ဝယ်လာခဲ့သည်။

နောက်နေ့မနက် ခရီးသွားရန် ရှိသေးသောကြောင့် ည(၁၂)နာရီကျော်ကျော်လောက်တွင် ပြန်လာကြသည်။

တဲကို ပြန်ရောက်တော့ ဦးမောင်မြက-

"ကဲ..ကိုကျော်ဒွန်း၊ ကျွန်တော်တို့ တူဝရီးနှစ်ယောက်ကို တစ်ညတာ တည်းခိုခွင့်ပေးပြီး ထမင်းပါကျွေးတဲ့အတွက် အများကြီးကျေးဇူးတင်တယ်ဗျာ။ မနက်စောစော မိုးမလင်းမီ ကျွန်တော်တို့တူဝရီး ခရီးဆက်ကြမယ်။ ကဲ..နည်းတယ်, များတယ် သဘောမထားပါနဲ့ဗျာ၊ ဒီငွေတစ်ဆယ်တော့ လက်ခံပါ"

ကိုကျော်ဒွန်းက-

"ဟာ..ဆရာတို့ရယ်၊ အဲဒီလိုတော့ မလုပ်ပါနဲ့ဗျာ။ ကျွန်တော် ငွေလိုချင်လို့ ကူညီတာ မဟုတ်ပါဘူး။ ဒုက္ခရောက်လာလို့ ကူညီတာပါ။ ဆရာတို့ငွေကို ပြန်ယူသွားပါ"

"ကိုကျော်ဒွန်း စေတနာကို ကျွန်တော်တို့ လေးစားပါတယ်။ ကျွန်တော်တို့က ဒီသဘောနဲ့ ပေးတာလည်း မဟုတ်ပါဘူး။ ကိုကျော်ဒွန်းတို့ လင်မယားကို လေးစားလို့ စေတနာတဲ့ပြန်တာပါ။ မယူရင်တော့ ကျွန်တော်တို့ စိတ်ကောင်းမှာ မဟုတ်ပါဘူး။ ရော့..ယူပါ ကိုကျော်ဒွန်း"

ဦးမောင်မြတို့က အတင်းပေးမှ ကိုကျော်ဒွန်းက ယူလိုက်သည်။

"ဒီလိုဆိုလည်း ဆရာတို့အတွက် အပြန်လက်ဆောင်ငါးရံခြောက်နှစ်ပြား ပြန်ယူသွားဆရာ။ ကျွန်တော်တို့က တံငါဆိုတော့ ဒါပဲ ပေးနိုင်တာ စိတ်မရှိပါနဲ့။ ကဲ..ကဲ..ဆရာတို့လည်း မနက်စောစော ထရဦးမှာ၊ အိပ်ကြတော့"

တစ်နေ့လုံး ခရီးပန်းလာသည့်အပြင် ညတစ်နာရီကျော်မှ အိပ်ရသောကြောင့် ဦးမောင်မြနှင့် အောင်ဘတို့နှစ်ယောက် နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော်သွားကြသည်။

ဦးမောင်မြမျက်နှာတွင် စပ်ဖျင်းဖျင်း ဖြစ်လာသောကြောင့် အိပ်နေရာမှ လန့်နိုးသွားသည်။ အတော်မြင့်နေသေးနေရောင်ခြည်က မျက်နှာကို ထိုးနေသောကြောင့်ဖြစ်သည်။

www.burmeseclassic.com

ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ ထူထပ်လျက်ရှိသော ကိုင်းတောကြီးသာ။ အောင်ဘက သေးမှာ တခေါခေါ ဟောက်လျက်။ ဖိုက်ပေါ်မှာကား တစ်ဆယ်တန်တစ်ရွက် နှင့် ခနိုလက်နှစ်ခု။

'ဟေ့ကောင် အောင်ဘ၊ ထစမ်း..ထစမ်း'

အောင်ဘက အိပ်ချင်မူးတူးနှင့် ထလာသည်။

ပတ်ဝန်းကျင်ကို ကြည့်လိုက်ပြီး-

'ဆရာ..ကျွန်တော်တို့ ဘယ်ရောက်နေတာလဲ'

ဦးမောင်မြက မဖြေသေးဘဲ ကိုင်းတောထဲကဖြတ်ကာ ခနေ့က လျှောက်ခဲ့သော တာရိုးကြီးနှင့် နီဗွာန်ရွာကြီးကို လှမ်းမျှော်ကြည့်လိုက်သည်။ တာရိုးလည်း မတွေ့၊ နီဗွာန်ရွာလည်း မတွေ့။ လေကလေးကတော့ ကိုင်းပင်တစ်ပင်မှာ ချည်လျက်သား။ လေဆိုက်သောနေရာနှင့် မလှမ်းမကမ်း မှ ကိုကျော်ဒွန်းတို့တဲလည်း မရှိ၊ ထိုနေရာတွင် ကိုင်းတောကြီးသာ။

'အောင်ဘ..တို့ ညက ကျတ်ကုန်းကို ရောက်ခဲ့တာ ပဲကွ'

'ကျတ်ကုန်းဆိုတာ ဘာလဲ ဆရာ'

ဦးမောင်မြက နားလည်သရွေ့ အောင်ဘကို ရှင်းပြလိုက်သည်။ ရှင်းပြမှ အောင်ဘက ကြောက်စိတ်တွေ ဝင်လာသည်။

'ကဲ..ကဲ..နေတော်တော်မြင့်နေပြီ။ လှေဆီကို သွားရအောင်'

လှေကလေးကို နှစ်ယောက်သား ခပ်သုတ်သုတ်လှော်လာပြီး ခပ်ဝေးဝေးရောက်မှ အောင်ဘက ကိုင်းတောကြီးဘက်ကို လှည့်ကြည့်လိုက်ကာ-

'ဆရာ..ဒီကျတ်ဆိုတဲ့ အကောင်တွေက ကျွန်တော်တို့ လို တော်လှန်ရေးသမားတွေကို အနှောင့်အယှက်ပေးရအောင် ကျွန်တော်ထင်တာကတော့'

'မင်းက ဘာထင်လို့လဲ'

'ရန်သူအင်္ဂလိပ်အစိုးရက ဒီကျတ်တွေနဲ့များ ပေါင်းထားသလားလို့'

'ဟာ..ဒီမအေ..'

အာသမီယာ

(ကွယ်လွန်သွားပြီဖြစ်သော အဘ သခင်ချန်ထွန်းသို့ သတိတရ..။)

ခါးဆရာကြီး ဦးဘသိန်း

ခါး ကျိ စုတ်

အမှတ်တံဆိပ်

လိမ်းဆေး

ကျီးပေါင်းတက်ခြင်း၊ ပေဖြတ်ခြင်း၊ လက်ကပ်ခြင်း၊ ဒူးနာ ခါးနာခြင်း၊
ထုံကျင် ညောင်းညာ ကိုက်ခဲခြင်းများကို သက်သာပျောက်ကင်းစေပါသည်။

ရွှေမလားတိုင်းရင်းဆေးခန်း

အမှတ်-၂၉၊ မဂ္ဂင်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - (၀၁) ၅၅၉၈၈၅၊ ၀၉ ၅၁၀ ၆၁၃၇၇
(၄၂×၄၃)လမ်းနှင့် (၆၆×၆၇)လမ်းကြား၊ မဟာမြိုင်ဈေးတောင်ဘက်၊
မန္တလေးမြို့။ ဖုန်း - ၀၉ ၂၀ ၃၈၄၂၁

ဓာတ်ပုံတင်အမှတ် TMR - 007113 (1016)

www.burmeseclassic.com

www.burmeseclassic.com

'သတ္တဝါဆိုတာ လူချွတ်မှ ကျတ်တာကွ'

ထိုလက်သုံးစကားသည် ကျွန်တော်တို့ငယ်စဉ်က သူငယ်ချင်းဖြစ်သူ ဘမြင့် အမြဲတမ်းပြောလေ့ရှိသော စကားဖြစ်သည်။ ထိုစကားနှင့် လိုက်အောင်လည်း ဘမြင့် နေသည်။

သူ့ရှေ့တွင် တွေ့သမျှ ဘာသတ္တဝါမှ ချမ်းသာမပေး။ ယုတ်စွအဆုံး ပုရွက်ဆိတ်အုံတွေ့လျှင်ပင် ရှောင်မသွားဘဲ ခြေထောက်ဖြင့် နင်းခြေပစ်တတ်သည်။

ကျွန်တော်တို့ ငယ်ငယ်က နေခဲ့ရသော တပ်မြေနှင်

ကံကြမ္မာရဟတ် တင်အေးကျော်

(အောင်လံ)

www.burmeseclassic.com

www.burmeseclassic.com

ယာသည် အကျယ်ကြီးဖြစ်ပြီး သာမန်မြို့လေးတစ်မြို့ထက် ကျယ်ဝန်းကာ သစ်ပင်ဝါးပင်များဖြင့် ထာဝစဉ် အုံဆိုင်းနေတတ်သည်။

မြေပဲခင်း၊ နှမ်းခင်းများကလည်း လက်ညှိုးထိုးမလွဲ အောင် နေရာအနှံ့ စိုက်ပျိုးထားသဖြင့် ရုတ်တရက်ကြည့် လိုက်လျှင် မြစိမ်းရောင်ကော်ဇောကြီး ခင်းထားသလို အလွန် လှပပါသည်။

ကျွန်တော်တို့ နေရသည်က မိသားစုခြောက်ဦး နေရ သော အိမ်တန်းရှည်ဖြစ်ပြီး အိမ်နားနီးချင်း တစ်ဦးနှင့်တစ်ဦး ကူညီရိုင်းပင်းကြ၍ အလွန်ပျော်စရာကောင်းလှသည်။

'ဘမြင့်ရေ...ကျောင်းသွားရအောင်ဟေ့။ ပြင်လို့ မပြီး သေးဘူးလား။ မြန်မြန်လုပ်ကွာ၊ နောက်ကျနေရင် ဆရာ အရိုက်ခံနေရလိမ့်မယ်'

'ပြီးပါပြီကွာ၊ မင်းကလည်း လောလိုက်တာ။ နေ့တိုင်း သွားနေရတာ ဖြည်းဖြည်းပေါ့'

ခဏအကြာ ဘမြင့် လွယ်အိတ်လွယ်ကာ ထွက်လာ သည်။ လွယ်အိတ်က အတော်ကြီး ဖောင်းနေသဖြင့် အနား ရောက်လာတော့ ကျွန်တော် လက်နှိုက်ကြည့်လိုက်သည်။

'ဟေ့ကောင်...ဒါ ဘာကြီးလဲ။ လောက်လေးနဲ့ လောက်စာလုံးတွေပါလား။ အိမ်မှာ ထားခဲ့ပါလားကွာ။ ဆရာမြင်ရင် မင်း အရိုက်ခံရလိမ့်မယ်နော်'

'မင်းကလည်းကွာ၊ ကျောင်းမှာ ငါ အပြင်မထုတ်ပါ ဘူး။ ကျောင်းသွားရင်း လမ်းမှာ ငှက်ကလေးဘာလေးတွေ့ ရင် ပစ်ဖို့ပါ။ မင်း ဆရာ့ကို သွားမတိုင်နဲ့နော်'

'အေးလေ...ဒါဆိုရင်လည်း မင်းသဘောပဲ။ ကျောင်း မှာတော့ မင်း လျှောက်မပစ်နဲ့နော်။ ပြတင်းပေါက်မှန်တွေ ထိပြီး ကွဲကုန်ရင် အရိုက်ခံရရုံတင်မကဘူး၊ မင်းအိမ်ကို လာတိုင်လိမ့်မယ်'

'အေးပါကွာ၊ ငါသိပါတယ်'

ဘမြင့်နှင့် ကျွန်တော်က ခြောက်ခန်းတွဲ အိမ်တန်း တွင် အိမ်နားနီးသော သူငယ်ချင်းဖြစ်သည်။ မောင်နှမသုံး ယောက်ရှိပြီး အစ်ကိုတစ်ယောက်နှင့် အစ်မတစ်ယောက် ရှိသည်။

အစ်ကိုက ကျွန်တော့်အစ်ကိုကြီးနှင့် ရွယ်တူဖြစ်ပြီး အစ်မကလည်း ကျွန်တော့်အစ်မကြီးနှင့် ရွယ်တူဖြစ်သည်။ ဘမြင့်က အငယ်ဆုံးဖြစ်ပြီး တစ်အိမ်လုံး အလိုလိုက်ထား သောကြောင့် ပြောစကား နားမထောင်ဘဲ နည်းနည်းဆိုး သည်။

ဖခင်ဖြစ်သူက အိမ်တွင် အနေနည်းပြီး ရှေ့တန်းတွင် သာ အနေများသောကြောင့် ဘမြင့်ကို ဆုံးမမည့်သူ မရှိ ဖြစ်နေတော့သည်။

အိမ်တွင် ဆိုးသော်လည်း ကျွန်တော်တို့ သူငယ်ချင်း များနှင့်တော့ အဆင်ပြေအောင် ပေါင်းတတ်သလို ကျောင်း စာတွင်လည်း အညံ့ကြီးမဟုတ်ဘဲ အများနှင့် တန်းတူတော့ လိုက်နိုင်သည်။

ဆိုးသည်ဟု ဆိုရာ၌လည်း အမေနှင့် အိမ်သားတွေကို စိတ်ညစ်အောင် အမျိုးမျိုးဒုက္ခပေးခြင်း မဟုတ်ဘဲ တိရစ္ဆာန် လေးများအား မသတ်ရန် ဆုံးမရာတွင် နားမထောင်ခြင်း ဖြစ်သည်။

ကျောင်းပိတ်ရက်တွင် လောက်လေးတစ်လက်ဖြင့် အိမ် ကပ်သည် မရှိဘဲ တပ်ဘေးတစ်ဝိုက်ရှိ ရေငတ်တောင်၊ ကျောက်ဖြူတောင်များတွင် လှည့်လည်၍ ငှက်ပစ်လေ့ရှိ သည်။

ပစ်၍ မသေမရှင်ကျလာသော ငှက်ကလေးများကို မည်ဘမတာ ရက်ရက်စက်စက် မြေပြင်သို့ ကိုင်ပေါက်သတ် တတ်သည်။

'မင်းကလည်း မလုပ်ပါနဲ့ကွာ။ သနားပါတယ်'

ကျွန်တော်တားတိုင်း သူကလည်း သူ့လက်သုံးစကား ကို ထပ်တလဲလဲ ပြောလေ့ရှိသည်။

'မင်းကလည်း ငါနဲ့ ဒီလောက်ပေါင်းနေပြီး ခုထိ နားမလည်သေးဘဲကိုး။ ငါ မြန်မြန်ချွတ်လိုက်မှ တိရစ္ဆာန် ဘဝက မြန်မြန်ကျွတ်မှာပေါ့ကွ'

'ငှက်ကတော့ မင်း ကင်စားရလို့ ပစ်တယ် ထားပါ တော့ကွာ။ ပုတ်သင်ညိုလေးတွေ၊ တောက်တဲ့လေးတွေကျ တော့ကော မင်း ဘာဖြစ်လို့ သတ်ရတာလဲ'

'အဲဒါက ငါ လက်မဟျက်ရအောင် လေ့ကျင့်နေတာ ကွ။ နေ့တိုင်း လေ့ကျင့်နေလို့ ငါ လက်တည့်နေတာပေါ့။ မင်းဆိုရင် ငါနဲ့ ငယ်ငယ်လေးကတည်းက ပေါင်းလာတာ ခုထိ ငှက်တစ်ကောင် ရဖူးလို့လား'

ပြောလည်း ပြောစရာပင်။ ဘမြင့် ငှက်ပစ်ထွက်တိုင်း ကျွန်တော်လိုက်နေကျဖြစ်ပြီး သူလည်းပစ် ကိုယ်လည်းပစ် သည်။ တစ်ခုတော့ရှိသည်၊ သူက သေစေလို၍ ပစ်တာဖြစ် ပြီး ကျွန်တော်ကတော့ အပျော်သက်သက် ပစ်ခြင်းဖြစ် သည်။

www.burmeseclassic.com

www.burmeseclassic.com

အဘွားကတော့ ကျွန်တော့်အား အကုသိုလ်အလုပ်နှင့် အကျိုးမပေးဟု ပြောပါသည်။ ဟုတ်တော့လည်း ဟုတ်မည် ထင်ပါသည်။

ကျွန်တော်တို့ငယ်ငယ်က နေရသည့်အိမ်သည် တပ်၏ အတွင်းဝိုင်းတော်တော်ရောက်သဖြင့် ရွာထောင်ရွာထိပ်သို့ ရောက်ရန် ဆယ့်ငါးမိနစ်ခန့် သွားရသည်။

ရွာထောင်ရွာထိပ်တွင် ယာယီစျေးလေးရှိပြီး မနက် ဆယ်နာရီကျော်သည်နှင့် ဈေးကွဲကာ လူတစ်ယောက်မှ မရှိတော့ပါ။

ဟင်းချက်စရာကိုလည်း အများကြီးဝယ်ထား၍ မရပါ။ ရေခဲသေတ္တာဆိုသည်ကလည်း ထိုအချိန်က ကျွန်တော်တို့ ကြားပင် မကြားဖူးသေးပါ။

ထို့ကြောင့် ဟင်းချက်စရာကို တစ်နေ့စာ နေ့တိုင်း ထွက်ဝယ်ရသည်။ အိမ်သို့ ရုတ်တရက် စည်သည်ရောက်လာလျှင် ဟင်းချက်စရာ ပြဿနာတက်တော့သည်။

ဟင်းသီးဟင်းရွက် အသီးအနှံတွေက အိမ်ဘေးပတ်လည် အနံ့စိုက်ထားသောကြောင့် ခူးပြီး ချက်လိုက်ရုံသာ။ စည်သည်အတွက် အသားဟင်းတစ်ခွက်ကတော့ ထိုအချိန် ထွက်ဝယ်၍လည်း မရတော့ပါ။

အသားဟင်းအတွက် အမေ ခေါင်းခဲရတော့သည်။ အိမ်မှာက ကြက်အကောင် လေးငါးဆယ်ခန့် ခြံခတ်၍ မွေးထားသည်။

'စည်သည်ကလည်း ရင်းနှီးတဲ့သူဖြစ်နေတော့ အသားဟင်းကောင်းလေးတစ်ခွက်မှ မပါရင် အားနာစရာကောင်းတယ်။ သမီးလည်း ဝိုင်းစဉ်းစားပါဦး'

'သိပ်လည်း စိတ်ပူမနေပါနဲ့ အမေရယ်။ ဘယ်လိုမှ ရှာမရင်တော့ ခြံထဲက ကြက်တစ်ကောင်ပဲ သတ်ရတော့မှာပေါ့'

'သမီးကလည်း ပြောတော့ လွယ်လိုက်တာ။ ဘယ်သူ သတ်မှာလဲ'

'အကြီးကောင်ကိုပဲ ခိုင်းရတော့မှာပေါ့။ ဘယ်တတ်နိုင်ပါ့မလဲ။ အိမ်မှာက ယောကျ်ားလေးကြီးကြီးမားမားဆိုလို့ သူပဲရှိတာ'

သည်လိုနှင့် အစ်ကိုကြီး တာဝန်ကျလာပြီး ထိုနေ့က ဟင်းကိစ္စ အဆင်ပြေသွားသည်။ ကြာလာတော့ အစ်ကိုကြီးက မသတ်ချင်တော့သဖြင့် ခိုင်းလိုက်တိုင်း အကြောင်းအမျိုးမျိုးပြကာ ရှောင်တော့သည်။

အစ်ကိုကြီး ရှာမတွေ့တော့ အစ်ကိုလတ်ဘက် မြားဦးလှည့်လာသည်။ ကြာလာတော့ အစ်ကိုလတ်ကလည်း အစ်ကိုကြီးနည်းတူ အကြောင်းပြလာဖြန့်သည်။

'ကျွန်တော် ဒီနေ့ တကယ်အရေးကြီးလို့ပါ အမေ။ နောက်တစ်ခါ ကျွန်တော့်တာဝန်ထားပါ'

'စည်သည်ဆိုသည့်အသံ ကြားသည်နှင့် အစ်ကိုနှစ်ယောက် ကြက်ပျောက်ငှက်ပျောက် ပျောက်သွားတော့သည်။ ဘယ်လိုရှာရှာ မတွေ့တော့။

ဘယ်လိုမှ မတတ်သာသည့်အဆုံး ကျွန်တော့်ဘက်သို့ အလိုလိုရောက်လာတော့သည်။ အဘွားကတော့ ကန့်ကွက်ပါသည်။

'ညည်းတို့ကလည်းအေ...ငါ့မြေးလေးက ငယ်ပါသေးတယ်။ အကုသိုလ်အလုပ်တွေ မခိုင်းပါနဲ့'

'အမေကလည်း ကျွန်မတို့က ဘယ်ခိုင်းချင်ပါ့မလဲ။ ဒါပေမဲ့ ဘယ်လိုလုပ်မလဲ။ အကြီးကောင်တွေက တစ်ယောက်မှ ရှာမတွေ့တော့တာ'

'ဒါဆိုရင်လည်း ဒီတစ်ခါတော့ ခိုင်းပေါ့။ နောက်တစ်ခါတော့ မလုပ်စေနဲ့တော့'

ကျွန်တော့်အလှည့်သို့ ရောက်လာပါပြီ။ အစ်ကိုကြီးတွေ ဘယ်လိုသတ်ကြမှန်း ကျွန်တော် မသိပါ။ အငယ်ဆုံးဆိုတော့ ကိုယ်နဲ့မဆိုင်သလို နေခဲ့မိတာ ခုတော့ ဒုက္ခရောက်ပြီဖြစ်သည်။

အရင်ဆုံး ခြံထဲ ကြက်ဝင်ဖမ်းရပါသည်။ လက်တွင် မိသောကြက်သည် ကံဆိုးသောကြက် ဖြစ်သည်ဟုသာ သဘောထားဖမ်းရပါတော့သည်။

ဖမ်းမိလာသောကြက်အား တောင်ပံနှစ်ဖက်လိမ်၍ကိုင်ကာ အနီးတွင်တွေ့သော ထင်းချောင်းဖြင့် မျက်လုံးမှိတ်ကာ ရိုက်ချလိုက်သည်။

သုံး၊လေးချက်ခန့် ရိုက်လိုက်သောအခါ လက်ထဲတွင် မလှုပ်ရှားတော့ဘဲ ငြိမ်သွားသဖြင့် မျက်လုံးဖွင့်ကြည့်လိုက်ရာ ကြက်မှာ ခေါင်းငိုက်စိုက်ကျနေပြီး ငြိမ်သက်နေပြီဖြစ်သည်။

'အမေ...ဒီမှာ ရပြီ၊ ထားခဲ့မယ်။ ကျွန်တော် ဘမြင့်တို့အိမ်ဘက် သွားလိုက်ဦးမယ်'

'အေး...အေး...ရရင် အဲဒီမှာ ထားခဲ့။ အမေ လက်မအားသေးလို့'

တာဝန်တစ်ခု ပြီးသွားပြီမို့ ကျွန်တော် ဘမြင့်တို့အိမ်

www.burmeseclassic.com

www.burmeseclassic.com

ဘက် စိတ်အေးလက်အေး ကူးလာခဲ့သည်။ ဘမြင့်ကို အိမ်တွင် အဆင်သင့်တွေ့ရသဖြင့် နှစ်ယောက်သား ရောက်တတ် ရာရာ ထိုင်ပြောနေကြသည်။

ခဏအကြာမှာတော့ အစ်ကိုလတ် အပြေးအလွှား မောကြီးပန်းကြီး ရောက်လာသည်။

"ညီလေး..မင်းတော့ ပြဿနာတက်ပြီ။ ငါလည်း အခုမှ အိမ်ကိုပြန်ရောက်တာ။ အမေ အရမ်းစိတ်ဆိုးနေတယ်။ မင်း ဘယ်လိုလုပ်ခဲ့တာလဲ"

"ကျွန်တော်လည်း အိမ်မှာ ဘာမှမလုပ်ခဲ့ပါလား။ အမေ ကြက်သတ်ပေးပါဆိုလို့ ကြက်တစ်ကောင် သတ်ပေးပြီး ဒီကို ထွက်လာတာ"

"အဲဒါပြောတာပေါ့ကွ။ မင်းကလည်း ကြက်ကို သေ,မသေတောင် မကြည့်တတ်ဘူးလား"

"သေပါတယ် အစ်ကို။ သေချာကြည့်ပြီးမှ ထားခဲ့တာ"

"မင်းထားခဲ့တဲ့ကြက်ကို အမေက အမွေးနုတ်ရအောင် ရေနွေးအိုးထဲ ထည့်လိုက်တာ ကြက်မသေဘဲ အတောင်ပံတွေ ခတ်ပြီး ထပျံပြေးလို့ အမေ့လက်တွေ ရေနွေးပူလောင်ကုန်ပြီ။ အဲဒါ မင်းကိုရိုက်ဖို့ အိမ်မှာ တုတ်ကိုင်ပြီး ထိုင်စောင့်နေတယ်"

ကျွန်တော်ရိုက်လိုက်သဖြင့် ကြက်က မသေဘဲ မှေနေပြီး အမွေးနုတ်ရန် အမေက ရေနွေးအိုးထဲ ထည့်လိုက်သော အခါ ရေနွေးပူကြောင့် သတိရလာပြီး ထပျံခြင်းဖြစ်မည်။

ဒီလိုပုံနှင့် ကျွန်တော် အိမ်မပြန်ရဲတော့သဖြင့် ဘမြင့်တို့ အိမ်တွင် ထိုင်နေရသည်။ စစ်ကူပေးမည့် အဘွားကလည်း အပြင်ခဏသွားနေသည်။ ဘမြင့်ကတော့ အပြစ်တင်သည်။

"မင်းကလည်းကွာ... ကြက်လေးတစ်ကောင်တောင် သေ အောင် မသတ်နိုင်ဘူးလား။ ဒါဆိုလည်း ဒီမှာ ခဏနေဦး။ ခုနေပြန်ရင် မင်း မသက်သာလောက်ဘူး။ မင်းအမေ စိတ်ပြေလောက်မှပြန်"

ညနေစောင်းတော့ အဘွားပြန်ရောက်လာပြီး လာခေါ်သောကြောင့် ကျွန်တော် အိမ်ပြန်ခဲ့သည်။ အိမ်ပြန်ရောက်တော့ အဘွားက အမေ့ကို အပြစ်တင်သည်။

"ညည်းတို့ကလည်း ငါ အတန်တန်ပြောထားသားနဲ့၊ ငါ မြေးလေးက အကုသိုလ်အလုပ်နဲ့ အကျိုးမပေးပါဘူးလို့။ ခုလည်း ကြည့်ပါလား။ ကြက်ကလွတ်ပြီး ဘယ်ရောက်သွားမှန်းတောင် မသိဘူး"

ထိုနေ့မှစ၍ ဧည့်သည်လာလျှင် အမေ ဘယ်လိုဖြေရှင်းနေသည်မသိ၊ ကျွန်တော်တို့ကတော့ ကြက် မသတ်ရတော့ပါ။

♦ ♦ ♦

သည်လိုနှင့် ကျွန်တော်တို့ ငါးတန်းရောက်လာပြီဖြစ်သည်။ ယခုအချိန်အထိ ဘမြင့်ကတော့ တိရစ္ဆာန်လေးတွေကို သတ်လို့ဖြတ်လို့ ကောင်းတုန်းရှိသေးသည်။

လောက်လေးခွနှင့် ပစ်ရုံအားမရသောကြောင့် ဘမြင့် တစ်မျိုးကြဲပြန်သည်။ တစ်နေ့ ဘမြင့် ကျွန်တော့်ကို လာခေါ်သည်။

"သူငယ်ချင်း..ငါ စိတ်ကူးတစ်ခုရလာလို့ စမ်းကြည့်မလို့။ မင်း အားရင် လိုက်ခဲ့ပါလား"

"မင်း ဘာတွေလုပ်ဦးမလို့လဲကွာ။ မင်းအတွက်တော့ ငါ ရင်လေးပါတယ်"

ကျွန်တော်တို့ အိမ်တန်းရှည်နောက်တွင် မြေကွက်လပ် ရှိပြီး သစ်ပင်ကြီးများ အုံ့ဆိုင်းနေသည်။ ကျွန်တော် ဘမြင့်တို့အိမ်ရောက်တော့ ဘမြင့်က ခဏစောင့်နေရန် ပြောသဖြင့် အိမ်အပြင်ဘက်တွင် စောင့်နေရသည်။

ဘမြင့် ထမင်းစားပွဲကြီးကို မနိုင်မနင်း မ,ပြီး အိမ်ထဲမှ ထွက်လာသည်။

"ဟေ့ကောင်..ငါ့ကို ကူပါဦးကွ။ တစ်ယောက်တည်း ဘယ်နိုင်ပါ့မလဲ"

ကျွန်တော် မနေသာတော့ဘဲ စားပွဲကြီးကို အိမ်နောက်ဘက်သို့ ကူမ,ခဲ့ရသည်။ အိမ်နောက်ဘက်ရှိ သစ်ပင်ကြီးအောက်တွင် ထမင်းစားပွဲကြီးအားချပြီး ဘမြင့် လုပ်သမျှ ကြည့်နေမိသည်။

ပထမဆုံး ထမင်းစားပွဲကြီးအား ခပ်စောင်းစောင်းထားပြီး အောက်မှ ဝါးချောင်းတောင့်တောင့်ဖြင့် ထောက်လိုက်သည်။ ဝါးချောင်းတွင် ကြိုးရှည်ရှည်တစ်ချောင်းအား ချည်ထားပြီး ကြိုးစတစ်ဖက်အား သစ်ပင် ပင်စည်နောက်တွင် ချထားလိုက်သည်။

ပြီးမှ စားပွဲခုံအောက်သို့ ဆန်ခေ့လေးများ ကြဲချလိုက်ပြီး ပင်စည်နောက်ဘက်တွင် ဝင်ပုန်းနေလိုက်သည်။ ခဏအကြာတွင်တော့ ဆန်ခေ့လေးများအား စားရန် စာကလေးများ ပျံဝဲပြီး ဆင်းလာတော့သည်။

စာကလေးအကောင်ရေ များလာမှ ဘမြင့် ကြိုးကို အသာဆွဲချလိုက်သည်။ ဝါးချောင်းပြုသွားပြီး စားပွဲခုံကြီး

www.burmeseclassic.com

ဝုန်းခနဲ ပြုတ်ကျသွားတော့သည်။

လေးလံသော စားပွဲခုံကြီးကြောင့် ခဏာအကြာ ခုံကို ဆွဲမ,လိုက်သောအခါ ငှက်ကလေးလေးငါးကောင် မသေ မရှင်နှင့် မိတော့သည်။

ဘမြင့်ကတော့ ထုံးစံအတိုင်း မြေပေါ်သို့ ကိုင်ပေါက် သတ်လိုက်သည်။ တစ်နေ့,တစ်နေ့ ငှက်ဘယ်နှစ်ကောင် ရသည်မသိ၊ ဘမြင့် နေ့တွက်ကိုက်နေတော့သည်။

"သားရယ်..ဝဋ်မှာအမြဲ ငရဲမှာအပတဲ့။ သား ခုလို လုပ်တာတွေ တစ်နေ့နေ့တော့ သား ပြန်ပြီးခံရလိမ့်မယ်။ အမေ ရင်မောလှတယ်"

မိခင်ကြီးက ဘယ်လိုဆုံးမပါစေ ဘမြင့်ကတော့ နား မဝင်ခဲ့ပါ။

"ငှက်ထဲမှာ စာကလေးခေါင်းက စားလို့ အကောင်းဆုံးကွ။ ငါအကြိုက်ဆုံးပဲ။ မင်း မယုံရင် စားကြည့်ပါလား။ ကြိုက်သွားစေရမယ်"

"မလုပ်ပါနဲ့ကွာ၊ ငါ မစားရဲပါဘူး။ မင်းလိုလည်း မလုပ်ရဲပါဘူး"

ငါးတန်းစာမေးပွဲဖြေပြီး နွေကျောင်းပိတ်ရက်သို့ ရောက်လာခဲ့သည်။

♦ ♦ ♦

ယခုနှစ် နွေကျောင်းပိတ်ရက်တွင် သင်္ကြန်မကျမီ ကျွန်တော်တို့အားလုံး စုပေါင်းရှင်ပြုရှု သင်္ကန်းဆီးရန် လှူကြီးများက စီစဉ်ကြသည်။ စုစုပေါင်း အယောက်လေးဆယ်ခန့် ရှိသည်။

ကျွန်တော်တို့ ညီအစ်ကိုသုံးယောက်နှင့် ဘမြင့်တို့ ညီအစ်ကိုနှစ်ယောက်လည်း ပါသည်။ ကျောင်းပိတ်သည်နှင့် တစ်ပတ်သာနားပြီး ကျွန်တော်တို့အားလုံး ဘုန်းကြီးကျောင်းသို့ နေစဉ်သွားပြီး သင်္ကန်းတောင်း၊ ဘုရားရှိခိုး သင်ကြရသည်။

သင်္ကြန်မတိုင်မီ စုပေါင်းရှင်ပြုပွဲကြီးအား စည်ကားသိုက်မြိုက်စွာ ကျင်းပပြီး သင်္ကြန်တွင်းတွင် သင်္ကန်းဆီးကြရသည်။

ကျွန်တော်တို့ ညီအစ်ကိုနှင့် ဘမြင့်တို့ကတော့ တစ်ပတ်သာ ဝတ်ကြမည်ဖြစ်ပြီး တချို့ကတော့ ကဆုန်လပြည့်ကျော်မှ လူထွက်ကြမည် ဖြစ်သည်။

ဆရာတော်က အထူးသဖြင့် ဘမြင့်အား တိရစ္ဆာန်လေးများအား သတ်ဖြတ်ခြင်းမပြုရန် ဆိုဆုံးမလေ့ရှိသည်။

"ကိုရင်က အိမ်မှာ နေတိုင်း ငှက်ကလေးတွေကို နည်းမျိုးစုံနဲ့ဖမ်းပြီး သတ်စားတယ်လို့ ကိုရင့်မိဘတွေက လာလျှောက်ကြတယ်။ အဲဒါ ဟုတ်သလား"

"တင်ပါ့ဘုရား"

"မသတ်ရဘူး ကိုရင်ရဲ့။ သူများအသက် သတ်သည့်အတွက် အသက်ကိုယ့်မှာတို့၊ မသတ်ရှောင်ရှား ထိုသူများ ရှည်လျားအသက်ကိုတဲ့။ မှတ်ထားနော်"

"တင်ပါ့ဘုရား"

"ဘယ်သက်ရှိသတ္တဝါကိုမဆို ညှဉ်းဆဲသတ်ဖြတ်သော သူဟာ ပါဏာတိပါတ အကုသိုလ်ကြောင့် သေတဲ့အခါမှာ လည်း ဆင်းရဲတဲ့ဘုံဘဝကို ရောက်တတ်တယ်"

"တင်ပါ့ဘုရား"

"အဲဒီဘုံကလွတ်ပြီး လူဖြစ်လာရင်တောင်မှ ကိုယ်အင်္ဂါချို့တဲ့ခြင်း၊ အရွယ်ဆိုးခြင်း၊ အားအင်ချည့်နဲ့ခြင်း၊ လျင်မြန်ဖျတ်လတ်မှုမရှိခြင်း၊ ဘေးရန်တွေ့က ကြောက်ရွံ့လွယ်ခြင်း သူများသတ်၍ သေရခြင်း၊ မိမိကိုယ်ကိုမိမိ သတ်၍လည်း သေရခြင်း၊ အနာရောဂါထူပြောခြင်း၊ အခွေအရံပျက်စီးခြင်းနဲ့ အသက်လည်း တိုတတ်တယ် ကိုရင်ရဲ့။ ဘုန်းဘုန်းပြောတာ သဘောပေါက်ရဲ့လား"

"တင်ပါ့ဘုရား"

ကိုရင်လူထွက်လာပြီး ဘမြင့် တော်တော်လေးငိုမိသွားသည်။ မည်သည့်အသက်မျှ သတ်ဖြတ်ခြင်း မလုပ်တော့။ ကျွန်တော်တို့ရော သူမိဘများပါ ဝမ်းသာကြရသည်။

သို့သော် ဝမ်းသာ၍မှမဆုံးမီ ခွေးမြီးကောက် ကျည်တောက်စွပ် ဆိုသည့်စကားက ဘမြင့်အတွက်များ ရည်ညွှန်းထားခဲ့လေသလားမသိ။

ခဏသာ ငြိမ်သွားပြီး မေ့လောက်သည်နှင့် ထုံးစံအတိုင်း ဘမြင့်တစ်ယောက် ငှက်ကလေးများအား ဖမ်းဆီး သတ်ဖြတ်ပြန်တော့သည်။

ဆိုဆုံးမ၍ မရတော့သဖြင့် အားလုံးသက်ပြင်းချရုံမှလွဲ၍ မတတ်နိုင်ကြတော့။ တဖြည်းဖြည်း ဘမြင့်နှင့် ကျွန်တော်တို့လည်း ခုနစ်တန်းသို့ ရောက်လာခဲ့ပြီ ဖြစ်သည်။

♦ ♦ ♦

မှတ်မှတ်ရရ ခုနစ်တန်းစာမေးပွဲ ဖြေဆိုပြီးသောနေ့တွင် ဖြစ်သည်။ ကျွန်တော်တို့အားလုံး စာမေးပွဲကြီးအား ကောင်းမွန်စွာ ဖြေဆိုနိုင်ခဲ့သောကြောင့် စိတ်လက်ပေါ့ပါးလျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

ညနေဘက်စောစော ဘမြင့်အိမ်သို့ရောက်လာပြီး ရုပ်ရှင်ကြည့်ရန် ကျွန်တော့်အား လာခေါ်သည်။

'သူငယ်ချင်း..ဒီနေ့ည မြို့ထဲက ရုပ်ရှင်ရုံမှာ ကားကောင်းတယ်ကွ။ တော်လှန်ရေးကားတဲ့။ နွေဦးအောင်ပွဲလို့ ပြောတယ်။ မင်းသား၊ မင်းသမီးတွေကလည်း နာမည်ကြီးတွေတဲ့။ မင်း လိုက်ခဲ့ပါလား'

'အေးကွာ..လိုက်တော့ လိုက်ချင်တယ်။ ဒါပေမဲ့ အမေက လွှတ်ပါ့မလား မသိဘူး။ အဖေလည်း ပြန်ရောက်နေတယ်ကွ'

အဖေက ရှေ့တန်းမှ ပြန်ရောက်နေပြီး နောက်တန်းတွင် ခဏအနားရနေသောအချိန် ဖြစ်သည်။

'အမေ..ကျွန်တော်တို့ ရုပ်ရှင်သွားကြည့်ချင်တယ်'

'ဒီနေ့တော့ မသွားပါနဲ့ သားတို့ရယ်။ နောက်နေ့တွေကျမှ သွားကြပါ။ ဒါမှမဟုတ်ရင်လည်း ဒီကား နောက်တစ်ခေါက် ပြန်ပြမှကြည့်လည်း ရပါတယ်။ ဒီနေ့တော့ အမေ မလွှတ်ချင်ဘူး။ လိုက်ပို့တဲ့ကားကလည်း ဒီနေ့ စာမေးပွဲပြီးတဲ့ရက်မှာ အရမ်းကျပ်မှာ'

ညီအစ်ကိုတွေ အမေ့ကို ကြောက်ရသဖြင့် အသာငြိမ်နေကြရသည်။ အဖေကတော့ ဝင်ပြောပါသည်။

'မင်းကလည်းကွာ..ကလေးတွေ စာမေးပွဲပြီးလို့ သွားကြည့်တာပဲ ကိုယ်တစ်ယောက်တည်းမှ မဟုတ်တာ၊ ကားနဲ့ လိုက်ပို့မှာပဲ သွားကြပါစေ'

'ရှင်က ဘာမှမသိဘဲ မပြောနဲ့။ ဒီလိုရက်မျိုး လူတွေက အများကြီး။ ကားက တစ်စီးတည်း ကျပ်သပ်နေတာ။ မတော်လို့ ပြုတ်ကျတော့ ဘယ်လိုလုပ်မလဲ။ မသွားရဘူး'

အဖေ ဘာမှမပြောတော့ပါ။ ကျွန်တော်တို့ကလည်း အဖေက တစ်ခါတစ်ရံသာ အတူနေရပြီး အမေကတော့ အမြဲတမ်းနေရတာဖြစ်၍ နီးရာမား ကြောက်ရသည်မဟုတ်ပါလား။ အသာငြိမ်နေရသည်။

ညခုနစ်နာရီခန့်အကြာတွင်တော့ ဘမြင့်တို့ အိမ်ဘက်ဆီမှ အော်ဟစ်ငိုနေသံများကြားလိုက်ရပြီး လူတွေလည်း ဟိုပြေးသည်ပြေး ဖြစ်နေကြသည်။

'ကလေးတွေ..တိတ်တိတ်နေကြစမ်း။ ငိုသံတွေကြားတယ်။ လူတွေလည်း ဟိုပြေးဒီပြေးနဲ့ ဘာဖြစ်ကြတာလဲ မသိဘူး။ အမေ အပြင်ဘက်ကို ထွက်ကြည့်လိုက်ဦးမယ်။ သမီး လိုက်ခဲ့စမ်း'

အမေနှင့် အစ်မတို့ မီးအုပ်ဆောင်းယူ၍ အပြင်ထွက်

သွားကြသည်။ ခဏအကြာတွင် နှစ်ယောက်သား မောကြီးပန်းကြီးနှင့် ပြန်လာကြသည်။ အဖေက ဆီးရှိမေးသည်။

'ဟေ့..ဘာဖြစ်ကြတာလဲကွ။ ငိုသံတွေလည်း ကြားတယ်။ ဘယ်အိမ်က ငိုနေကြတာလဲ'

'ကံကောင်းလို့ပါလား သားတို့ရယ်၊ မင်းတို့အဖေ လုပ်ပုံနဲ့ဆိုရင် အမေတို့လည်း ခုချိန်ဆို ပြေးကြလွှားကြနဲ့ နေမှာ။ သားတို့လည်း ဘာတွေဖြစ်ကုန်ကြမလဲ မသိဘူး'

အမေက အဖေ့အမေးကို ပြန်မဖြေသေးဘဲ ကျွန်တော်တို့ ညီအစ်ကိုသုံးယောက်ကို မျက်ရည်ဝဲဝဲနှင့် သိမ်းဖက်ထားသည်။ ပြီးမှ အဖေ့ကို ပြန်ဖြေသည်။

'ဘမြင့်တို့အိမ်က ငိုနေတာရှင့်။ ညနေတုန်းက ရုပ်ရှင်လိုက်ပို့တဲ့ကားက ကျွန်းတောထိပ်မှာ သစ်ပင်ကို ဝင်တိုက်တာ နှစ်ယောက်သေပြီး ကားတစ်စီးလုံးလည်း ဒဏ်ရာတွေရကြတယ်တဲ့။ သေတဲ့နှစ်ယောက်မှာ ဘမြင့်လည်း ပါတယ်လို့ ပြောတယ်'

'ဟုတ်ရော ဟုတ်ရဲ့လားကွာ။ သေချာရော သွားကြည့်ပြီးပြီလား'

'ပေါက်ရုံပြဲရုံပဲ ဒဏ်ရာရတဲ့သူတွေကို ဆေးထည့်ဖို့ ဒီက ဆေးခန်းကို ပြန်ခေါ်လာကြပြီ။ ဒဏ်ရာပြင်းတဲ့သူတွေနဲ့ သေတဲ့သူတွေကိုတော့ မြို့ထဲက ဆေးရုံကို သယ်သွားကြပြီတဲ့'

www.burmeseclassic.com

www.burmeseclassic.com

"ဘမြင့်ကရော ဘယ်လိုဖြစ်တာတဲ့လဲ"

"ဒီညနေ ရုပ်ရှင်သွားတဲ့လူတွေက အများကြီးဆိုတော့ ကားက မဆံ့ဘူး။ နောက်တစ်ခေါက် ပြန်လာခေါ်နေရင်လည်း ရုပ်ရှင်က မီမှာမဟုတ်လို့ အဲဒီကားနဲ့ပဲ ဆံ့သလောက် လိုက်သွားကြတယ်။ ဘမြင့်နဲ့ သူသူငယ်ချင်းကတော့ ကားနောက်မှာ တက်မရလို့ ကားခေါင်းမောင်းတဲ့ လူဘေးကနေ တွယ်လိုက်သွားတယ်တဲ့"

"ဒါဆို အခုသေတာ အဲဒီနှစ်ယောက်လား"

"ဟုတ်တယ်၊ အဲဒီနှစ်ယောက် သေတာ။ ကားက မြင်းလှည်းကိုကျော်အတက်မှာ ချိုင့်ကိုနင်းမိပြီး ကားဝိတ်နဲ့ဆိုတော့ မထိန်းနိုင်ဘဲ လမ်းဘေးက ကုက္ကိုပင်ကြီးကို ဝင်တိုက်တာ။ ကားတစ်စီးလုံးလည်း ဒဏ်ရာတွေရကြပြီး ဘမြင့်တို့ နှစ်ယောက်ကတော့ သစ်ပင်နဲ့ညှပ်ပြီး နေရာတင် ပွဲချင်းပြီး သေတယ်တဲ့"

"ဖြစ်မှဖြစ်ရလေကွာ။ အဲဒါဆို ကိုယ်လည်း သွားမေးဦးမှ ကောင်းမှာပေါ့"

ပြောပြောဆိုဆို အဖေ ဘမြင့်တို့အိမ်ဘက် ထွက်သွားသည်။ ညဦးနက်မှ အဖေပြန်ရောက်လာပြီး အမေ့ကို ပြန်ပြောပြနေသံ ကြားရသည်။

"မြို့ထဲကို လူနာသွားကြည့်တဲ့ ကားကြုံရှိလို့ လိုက်သွားကြည့်တာ စိတ်မကောင်းစရာပါကွာ။ ဘမြင့်က ကားရှေ့ဘက်က ခိုထားတာဆိုတော့ သစ်ပင်နဲ့ တိုက်လိုက်တာ သစ်ပင်ကထွက်နေတဲ့ ဘုဆုံကြီးနဲ့ ဘမြင့်ခေါင်း ညပ်မိပြီး ဦးနောက်တွေဆိုတာ အဲဒီနေရာမှာ ပြန့်ကျဲနေတာပဲ။ ခေါင်းကလည်း ပြားချပ်သွားတာဆိုတော့ ဘယ်လိုလုပ်ပြီး အသက်ရှင်နိုင်တော့မှာလဲ။ မမြင်ရက်စရာပါကွာ"

"ကဲ..သားတို့လည်း ကြားကြတယ်နော်။ သူများအသက်ကို ရက်ရက်စက်စက်သတ်ရင် နောက်ဆုံး ဘယ်လို ဓာတ်သိမ်းရတယ်ဆိုတာ မင်းတို့သူငယ်ချင်း ဘမြင့်က သက်သေပဲ"

ဘမြင့်တစ်ယောက် လူကြီးတွေ ဆိုဆုံးမသည့်စကား နားမထောင်ဘဲ တိရစ္ဆာန်လေးများ၏အသက်ကို မညာမတာ ရက်ရက်စက်စက် သတ်ခဲ့ခြင်းက နောက်ဆုံးတော့ သူ့အပေါ် ကံကြမ္မာရဟတ် တစ်ပတ်လည်ခဲ့လေသလားမပြောတတ်တော့ပါ။

တင်အေးကျော်(အောင်လံ)

စိတ်မနောအာရုံ အကြားအမြင် လက္ခဏာ

ဆရာမကြီး ဒေါ်အေးမိုးမိုး၏သမီး

ဆရာမထက်ဦးခိုင်သိပ္ပံလက္ခဏာဗေဒပညာ

(ဂ)ရက်သားသမီးအပေါင်းတို့မှာ ဖြစ်ပေါ်တတ်သည့် ပညာရေး၊ စီးပွားရေး၊ အချစ်ရေးနှင့် အိမ်ထောင်ရေး၊ အမည်ပေးခြင်း၊ ကလေးအမည်ပေးခြင်း၊ ဆိုင်အမည်ပေးခြင်း၊ အိမ်၊ ခြံ၊ ကား၊ တိုက်ခန်း၊ မြေကွက်၊ ရောင်းရန်၊ ဝယ်ရန်နှင့် ရာထူးတိုးရန်အတွက် ပြောင်းရွှေ့မင်္ဂလာရက်ရွေးခြင်းနှင့် အခြားသောကိစ္စအဝဝ အားလုံးတို့ကိုပါ ဆရာမက မေတ္တာ၊ မေတနာ ရှေ့ထားပြီး "အထူး" စိစဉ် ဆောင်ရွက်ကူညီပေးနေပါသည်ရှင်..

အားလုံးသောသူအပေါင်း ကိုယ်ရော စိတ်ပါ ကျန်းမာပြီး ခန္ဓာကြာပါစေ...

မဟာဝိဇယဘုရား အနောက်ဘက်မုခ်၊ လိပ်ကန်အနီး၊ ဆိုင်ခန်းအမှတ်(၂)၊ ရွှေတိုဘုရားလမ်း၊ ရန်ကုန်မြို့။ Ph : 09 253 361 368

www.burmeseclassic.com

www.burmeseclassic.com

တင့်ဏီး (ဇေယျဝတီ)

မတ်ဇေ့ပိုင်ရှင်



တစ်နေ့တွင် မောင်တိုး မြို့ဈေးမှ ပြန်လာခဲ့သည်။ သူမိသားစုအတွက် လိုအပ်သောပစ္စည်းများ ပါသည့် ဆွဲအိတ်တစ်လုံးကိုဆွဲကာ သူရွာသို့သွားသော မြေဖို့လမ်းတစ်လျှောက် လျှောက်လာခဲ့သည်။ လမ်း၏ဝဲယာတွင် ကြံခင်းများရှိနေသည်။

"ဟင်..ဟိုရှေ့မှာ လမ်းဘေးထိုင်ပြီး ကြံစုပ်နေတာဟာ ရွာထဲက ဒေါ်ထားရဲ့ သားလေးပဲ။ ဒီကောင်လေး ကျောင်းက ပြန်လာတာ ဗိုက်ဆာနေလို့ ကြံထိုင်စုပ်နေတာပဲ ဖြစ်မယ်"

ထိုကျောင်းသားလေးမှာ လူသွားလမ်းမှ လူတစ်ယောက် လျှောက်လာနေသည်ကို တွေ့ခြင်သည်နှင့် ကြံ ထိုင်စုပ်နေသည်ကို ရုတ်မိကာ ခပ်သုတ်သုတ် ထသွားလေ တော့သည်။

"ဟင်..ဒီကောင်လေး ကြံထိုင်စုပ်တဲ့ နေရာမှာ ငွေအကြွေစေ့လေးတွေ ထွက်ကျနေခဲ့ပါလား။ ငါ မကောက်ရင်လည်း သူတကာမြင်ရင် ကောက်သွားကြမှာပဲ။ ဒီတော့ ငါက လက်ဦးတွေ့ခဲ့တာဆိုတော့ ငါပဲ ကောက်ယူသွားတော့မယ်"

မောင်တိုး ထိုအကြွေစေ့ကလေးကို ကောက်ယူလာပြီး ထိုကျောင်းသားလေးကိုတွေ့လျှင် ပြန်ပေးမည်ဟု ဆုံးဖြတ်ထားခဲ့သော်လည်း သူ့အလုပ်နှင့်သူ မအားလပ်ခဲ့သဖြင့် ထိုကောင်လေးအား မပေးဖြစ်ခဲ့ပါချေ။

www.burmeseclassic.com

www.burmeseclassic.com

တွေ့သည့်အခါ ပြန်ပေးနိုင်ရန် သူ၏ ဝိုက်ဆံအိတ်ထဲတွင် ထည့်၍ သိမ်းဆည်းထားခဲ့လေသည်။

တစ်နေ့တွင် မြို့ဈေးမှ ဈေးဝယ်ရန် ငွေအကြွေ မရှိ၍ ထိုကောင်လေး၏ အကြွေစေ့များထဲမှ ထုတ်ပေးလိုက်သည်။ ကောင်လေး တွေ့လျှင်လည်း တစ်ကျပ်၊ နှစ်ကျပ် မုန့်ဖိုး အဖြစ် ပိုပိုမိုမို အစားပြန်ပေးမည်ဟု ဆုံးဖြတ်မိသည်။

'ဟောဒီ မတ်စေ့ကတော့ဗျာ တော်တော်မည်းနေလို့ သုံးရမယ် မထင်ဘူးဗျာ။ တခြားမတ်စေ့တစ်စေ့နဲ့ လဲပေးပါလားဗျာ'

'ကျုပ်မှာ အကြွေလုံးဝ မပါတော့ဘူးဗျ။ ဒီလိုလုပ်ပါလားဗျာ။ ကျုပ်က ဒီဆိုင်မှာ ဝယ်နေကျဖောက်သည်ပဲ။ နောက်တစ်ခေါက် ဈေးလာဝယ်ခါမှ လိုနေတဲ့ တစ်မတ်ကိုပါ ပေါင်းယူပေါ့ဗျာ'

'ဒီမတ်စေ့လေးဟာ မည်းနေပေမယ့် မြေမှာ ချပြီး ဖနောင့်နဲ့ နင်းပြီး ပွတ်လှည့်ပေးလိုက်ရင် ဖြူဖွေးလာပြီး သုံးလို့ရနိုင်မှာပါ။ ငါ နောက်မှပဲ ဖြူအောင် လုပ်ပေးတော့မယ်'

မောင်တိုးလည်း ထိုသို့တွေးမိကာ သူ့ဝိုက်ဆံအိတ်ထဲ ပြန်ထည့်ထားခဲ့လေသည်။

တစ်ညနေတွင် မောင်တိုး၏အပေါင်းအသင်း ဝင်းနိုင် ရောက်လာသည်။

'မင်း အေးဆေးနေပါလား မောင်တိုးရဲ့'

'ဟ..ဘာအလုပ်မှ မရှိတာဘဲကွာ အေးဆေးနေတော့ တာပေါ့'

'ဟင်..မင်း ဟိုသပြေတန်းရွာမှာ အသုဘရှိနေတာ မသိသေးဘူးထင်တယ်'

'ဟာ..အသုဘရှိနေတယ်၊ ဟုတ်လားကွ'

'ဟုတ်တယ်။ ဒါကြောင့် အဲဒီအသုဘအိမ်မှာ သွားကစားကြဖို့ မင်းကို လာခေါ်တာလေကွာ'

'ငါ လိုက်တောင် မကစားချင်ဘူးကွာ'

'မင်းက ခါတိုင်းဆို အသုဘရှိတဲ့နေရာတွေ မလွတ်တမ်း သွားကစားနေကျပါ။ ဘာကြောင့် အခု လိုက်မကစားချင် ဖြစ်နေတာလဲကွ'

'ငါ ဟိုတစ်နေ့က တောင်ဘက်ရွာ အသုဘမှာ တော်ရုံးခဲ့တာကွ။ အကြွေးတောင် တင်နေသေးတယ်'

'မင်းကို ငါခေါ်ရတာက ဒီညမှာ ဝိုင်းကောင်းတယ်ကွ။ မြို့က ဇည့်သည်တွေလည်း အပျော်ဝင်ကစားကြတယ်တဲ့ကွ။ အဲဒီဇည့်သည်တွေက ဖဲမကစားတတ်လို့ ရှုံးကြမယ့် ငွေတွေပေါနေတော့ အပြီးတောင် မပျက်ဘူးတဲ့ကွ'

'ဟုတ်လား။ ဒီလိုဆိုရင်တော့ ငါ ငွေနည်းနည်းရှာဦးလိုက်ကစားမယ်ကွာ'

မောင်တိုးတို့လည်း ဝိုင်းထဲဝင်လာ၍ ကစားခဲ့သည်။

မောင်တိုး စစချင်းအလှည့်မှာပင် ဘဏ်လာဘ်ကုန်သဖြင့် အနိုင်ရခဲ့သည်။

'ဟော..ကံလံးသုံးကောင်ဗျို့'

'ဟေ့..မောင်တိုး၊ မင်း ဖဲလိုက်နေတယ်နော်။ ကြေးများများ ချထိုးဟေ့'

မောင်တိုးလည်း သူ့ကိုဝေလာသော ဖဲချပ်ကို လှန်ကြည့်၍ အပွင့်ကြိုက်လျှင် ငွေများများ တင်ထိုးခဲ့သည်။ တစ်လှည့်၊ နှစ်လှည့်မျှသာ ဒိုင်ဝိုက်သွားသည်။ သူနိုင်ခဲ့သည် ချည်းဖြစ်၍ သူ့ရှေ့တွင် ငွေပုံကြီးဖြစ်နေလေပြီ။

'ငါတို့တော့ ပါသမျှပြောင်သွားလို့ ဝိုင်းက ထွက်ပြီဟေ့'

'ငါလည်း အရှုံးများလို့ ငွေနည်းသွားပြီကွ။ ခဏမင့်ပါတော့ဗျာ'

www.burmeseclassic.com

www.burmeseclassic.com

"အေး..ဒီလိုဆိုရင် ငါ ဒိုင်ကိုင်မယ်။ အကြိုက်ထိုးလို့ ရတယ်ဟေ့"

မောင်တိုးမှာ အလှည့်တိုင်း လျော်ရသူက တစ်ဦး၊ နှစ်ဦးသာ ရှိသည်။ စားရသည့်ဦးရေက များခဲ့သဖြင့် ငွေပုံကြီးမှာ မြင့်တက်နေပေတော့သည်။

"မောင်တိုးရေ..ငါတို့တော့ ရှုံးလို့ ပြန်ကြတော့မယ်ကွာ။ မင်းက ဒိုင်ဝိုက်တဲ့ကောင်ဆိုတော့ ငါတို့ကို အရက်တိုက်ဦးကွာ"

"ဟာ..ကျုပ်အပေါင်းအသင်းတွေပဲဗျာ၊ တိုက်ရမှာပေါ့။ ရော့ဗျာ..ငွေသုံးထောင်ဆို လောက်တယ်မဟုတ်လား"

မောင်တိုးနှင့် ဝင်းနိုင်တို့လည်း အိမ်ပြန်လာခဲ့ကြတော့သည်။

"ငါကွာ ဖဲကစားလာတာလည်း နှစ်တွေ ကြာခဲ့ပြီ။ တစ်ခါမှ ဟုတ်တိုပတ်တိနိုင်ဖူးတယ် မရှိဘူး။ ဒီညမှာတော့ ဘယ်လိုတွေ ကံစွတ်ခဲ့တယ် မသိဘူး၊ ဒိုင်ဝိုက်ပြီး ငွေထုပ်ပိုက် ပြန်ခဲ့ရတာပဲ ဝင်းနိုင်ရာ"

"ဒီလိုဆိုရင် မင်း စန်းပြန်ထလာတာပဲဖြစ်မယ်။ နောက်နေ့တွေ ကစားရင်လည်း နိုင်ဦးမှာပဲကွ"

"အေးလေ၊ နောက်ညကျရင် လာကစားကြည့်ရဦးမှာပဲပေါ့"

"ရော့..ဝင်းနိုင်၊ မင်းသုံးဖို့ ယူသွားကွာ"

"ဟာ..ငွေတွေ တစ်ထပ်ကြီးကွာ။ ငါ့ကို ဒီလောက် ပေးစရာ မလိုပါဘူးကွာ"

"ယူ..ယူ..သူငယ်ချင်း၊ ငါနိုင်တုန်း ပေးရတာပဲ"

အသုဘအိမ်ဖြစ်နေတော့ ဖဲဝိုင်းက ခုနစ်ရက်ခုနစ်လီ ရှိနေသဖြင့် ဖဲသမားတို့အကြိုက် ဖြစ်နေသည်။ မသာစောင့် လူမရှိမှာစိုး၍ ဖဲကစားခွင့် ပေးထားရသည်ဟု အကြောင်းပြကာ ကစားတတ်ကြလေသည်။ သေဆုံးသွားသူက လူဘဝမှ ချုပ်ငြိမ်းသွားကာ ဘဝငြိမ်းချမ်းသွားခဲ့ပေမယ့် သေသူကို အကြောင်းပြပြီး နိုင်လိုဇောနှင့် မရှိ၊ရှိတာ ကစားခဲ့ကြ၍ လယ်ဆုံး၊ ပစ္စည်းဆုံး၊ အိမ်ဆုံးနှင့် ဘဝမှာ ချုချာသွားကာ ဘဝပျက်ခဲ့ရသူတွေ ဒုနှင့်ဒေးပင် ဖြစ်ခဲ့လေသည်။

"ဟာ..ဒီညမှာလည်း မင်းပဲ ဒိုင်ဝိုက်ခဲ့ပြန်တာပဲနော် မောင်တိုး"

"အေး..မင်းပြောခဲ့သလိုများ ငါဟာ ဖဲစန်းပြန်ထလာတယ်ဆိုတာ မှန်နေရော့လားပဲကွာ"

"ညတိုင်း ကစားတိုင်း အနိုင်ရနေတာပဲကွာ။ မှန်ကို မှန်ရမှာပေါ့"

"လာကွာ ဝင်းနိုင်၊ ဒီညတော့ ဖဲဝိုင်းက စောစောသိမ်းခဲ့ကြလို့ ငါတော့ အိမ်မပြန်ချင်သေးဘူးကွာ"

"ဒါဆို မင်းက ဘယ်သွားချင်သေးလို့လဲကွ"

"ဟိုရွာအနောက်ပိုင်းက ကိုတာတီးအိမ်မှာ အရက်သွားသောက်ကြမယ်ကွာ"

"ဗျို့..ကိုတာတီး..ကိုတာတီး"

"ဟာ..မောင်တိုးတို့ပါလား။ မင်းတို့ လာတာကလည်းကွာ ညဉ့်နက်လိုက်တာကွာ။ ငါ အိပ်တောင်မျော်နေပြီကွ"

"ဘာလဲ၊ ခင်ဗျားက ပိုက်ဆံလာပေးတဲ့လူကို မရောင်းပေးချင်လို့လား"

"မဟုတ်ပါဘူးကွာ။ စောစောရောက်မလာကြလို့ ပြောနေရတာပါကွာ"

"ကဲ..အရက်တစ်လုံးချဗျာ။ ဘာအမြည်းရှိလဲ။ မရှိရင်လည်း ကြက်ဥကြော်ပေးဗျာ။ ရော့..ရော့..ကြက်ဥကြော်ဖိုးရော အရက်ဖိုးပါ ပိုပိုမိုမိုယူသွားဗျာ"

မောင်တိုးက သူ့ပိုက်ဆံအိတ်ထဲမှ ငွေသုံးထောင်ထုတ်ပေးခဲ့လေသည်။ ထိုညက မောင်တိုးနှင့် ဝင်းနိုင်တို့ နှစ်ယောက် အရက်တစ်လုံးကုန်အောင် သောက်ပြီးမှ ပြန်ခဲ့ကြလေသည်။

◆◆◆

"မောင်တိုးရေ..ဒီညဟာ ရက်လည်နောက်ဆုံးည ဖြစ်နေလို့ ဒီတစ်ညပဲ ကစားနိုင်တော့မှာလေ။ မင်း သွားမယ်မဟုတ်လား"

"သွားမယ်လေကွာ၊ နောက်ဆုံးညဆိုတော့ ဝိုင်းအားလုံးက ငွေတွေ ငါ အကုန်သိမ်းယူရမှာလေကွာ။ ဟား..ဟား..ဟား"

"ဟုတ်တာပေါ့ မောင်တိုးရာ၊ မင်းက ဖဲစန်းထနေတဲ့ကောင်ပဲ မဟုတ်လား။ မင်းပဲ အကုန်ဝိုက်ဦးမှာပါပဲကွာ"

မောင်တိုးလည်း ငွေတော်တော်များများကို အကိုအိတ်ကပ်ထဲထည့်ကာ နှစ်ယောက်သား ထွက်လာခဲ့ကြသည်။ ရက်လည်မည့် နောက်ဆုံးညဖြစ်နေ၍ ထိုတစ်ညသာ ကစားခွင့်ရကြတော့မည်ဖြစ်၍ ဖဲသမားများ အတော်စုံနေလေသည်။ တချို့ကလည်း ယခင်ညများက ရှုံးကြွေးကို ပြန်သိမ်းယူမည်ဟု အားခဲလာကြခြင်းဖြစ်သည်။

မောင်တိုး ဝိုင်းကြီးကြီးတစ်ဝိုင်းထဲသို့ ဝင်ထိုင်လိုက်၏။

www.burmeseclassic.com

"ကဲ..လက်ရောင်ဟော့။ ဖဲဝေမယ်"

"ဟာကွာ၊ ဘူတဲ့ကွာ"

မောင်တိုးရှေ့မှ ချထိုးထားသောဂွေပုံကို ဒိုင်လုပ်သူက ဆွဲသိမ်းသွားလေသည်။

"ဟင်..ဘူပဲ ထပ်ကျပြန်ပြီကွာ"

"ဟာ..မောင်တိုး၊ ဒီည ဘယ်လိုဖြစ်တာလဲကွာ။ မင်းတော်တော်ပါသွားပြီနော်"

"အေး..ဒီတစ်ကြိမ်ဟာ ငါ့မှာပါသမျှငွေ အကုန်ပဲ ပုံအောလိုက်မယ်ဟော့။ "နောက်ဆုံးပိတ် အိတ်နဲ့လွယ်ပေါ့ကွာ"

"ကဲ..ဒိုင်က ဘဏ်လာဘ်ဟော့။ အကုန်စားတယ်"

"သွားပြီ မောင်တိုးရေ၊ ဒီညတော့ မင်း ကံမကောင်းခဲ့ပါလား"

"ဖဲသမားပဲကွာ။ နိုင်တစ်ခါ ရှုံးတစ်လှည့်နဲ့ နဲသမားနဲ့မှုတ်သလို ပိန်ချည်၊ဖောင်းချည်ပဲပေါ့။ အခုတစ်ခါရှုံးရင် နောက်တစ်ကြိမ် ပြန်နိုင်ရမှာပဲပေါ့"

မောင်တိုးက အရှက်ပြေသာ ပြောနေရသည်။ ထိုညမှာသူ အားလုံးအနိုင်ရမည်ဟု မျှော်မှန်းပြီး လာရောက်ကစားခဲ့ခြင်း ဖြစ်သည်။ ယခုတော့ သူ့အဖြစ်မှာ မှန်းချက်နှင့် နှမ်းထွက်မကိုက်ခဲ့ပေ။

"ဗျို့..ကိုတာတီး၊ ကျုပ် ဒီည ပါသွားသမျှ တစ်ပြားမကျန် ကုန်ခဲ့လို့ အရက်အကြွေးသောက်သွားမယ်ဗျာ။ နောက်နေ့မှ ယူပေါ့ဗျာ"

"ရပါတယ် မောင်တိုးရာ၊ ကိုယ့်ဖော်သည်တွေပဲ ယုံပါတယ်"

ထိုညက ဖဲရှုံးခဲ့သဖြင့် အရက်ဝင်သောက်ကာ အိမ်သို့ ပြန်ပြီး အိပ်ခဲ့တော့သည်။

♦ ♦ ♦

မောင်တိုးနှင့် ဝင်းနိုင်တို့လည်း တောင်ဘက်ရွာက ချိန်းဝိုင်းတစ်ခုသို့လာ၍ ကစားကြပြန်သည်။ မောင်တိုး ရှိသမျှပုံအောပြီး ရှုံးခဲ့သောကြောင့် သူ့ဝိုက်ဆံအိတ်ထဲ ရှိသမျှလေးနှင့်ပင် လာကစားခဲ့ခြင်းဖြစ်သည်။

"ဟာကွာ၊ ငွေနည်းနည်းပဲ ထိုးနိုင်ကာမှ ဖဲက ပြန်နိုင်လာပြန်တယ်ကွာ။ ဟိုတစ်နေ့ ညကလို ပုံအောပြီး ထိုးချိန်တုန်းကသာ ဒီလိုနိုင်ပွဲဆက်ခဲ့ရင် ငါတို့ ပွဲသိမ်းခဲ့ရပြီပေါ့ကွာ"

ထိုညက ဖဲနိုင်ခဲ့သော်လည်း ထိုးအားနည်းသဖြင့် အနိုင်ရမှု နည်းခဲ့လေသည်။ နံနက်နှစ်ချက်တီး အချိန်လောက်တွင် ဝိုင်းသိမ်းခဲ့သဖြင့် မောင်တိုးတို့လည်း အိမ်ပြန်လာပြီး အိပ်ခဲ့လေတော့သည်။

မောင်တိုးအဖြစ်က ရှိနေစဉ်က ရှိနေသလို ချမ်းသာချင်စောနှင့် ငွေပုံအောကာ ထိုးခဲ့သည်။ မနိုင်၍ ရှုံးခဲ့လေသောအခါ ဖြူခါပြာခါဆိုက်ခဲ့ရ၏။ ယခုတော့ ရှိစုမဲ့စုကလေးနှင့် ပြန်ကစားကာ အရှင်းအနှီး ပြန်စုဆောင်းနေရသည့် ဘဝသို့ ရောက်ခဲ့ရသည်။

"ဟော့..မောင်တိုး၊ မင်း အခု ဖဲအကြိုးအကျယ်ရှုံးခဲ့ရလို့ တစ်ကပြန်စနေရပြီ မဟုတ်လား။ မင်းက ကိုယ့်ကို ကူညီပေးနေတဲ့ ကျေးဇူးရှင်ကို ပစ်ပယ်ခဲ့တာကိုးကွာ။ ဒီတော့ မင်း အရှုံးတွေနဲ့ကြုံခဲ့ပြီး နိုင်ထားသမျှငွေတွေ ပြောင်ခဲ့ရတော့တာပေါ့။ ငါက မင်းကို အမြဲနိုင်စေချင်သူပါကွာ။ ဒါကြောင့်လည်း ငါ့ကို မင်း ဖဲကစားသွားရာကို အတူခေါသွားခဲ့ရင် မင်း အနိုင်တွေချည်းရလေအောင် ငါ ဖန်တီးပေးခဲ့တာပါ။ ဒါပေမဲ့ မင်းက ငါ့ကို အလေးမထားခဲ့လေတော့ ငါ မင်းကို ကူညီပေးချင်ပေမယ့် မကူညီနိုင်ခဲ့လို့ မင်း ရှုံးသွားခဲ့တာကို ငါ သိသိကြီးနဲ့ စိတ်မကောင်းဖြစ်ခဲ့ရတယ်လေ။

မင်း ဟိုအသုဘအိမ် ရက်လည် နောက်ဆုံးညက ဝိုင်းရှိသမျှ ငွေတွေ ဒိုင်ဝိုက်မယ် ရည်ရွယ်ချက်နဲ့ အိမ်ကနေ အရင်းအနှီးတော်တော်များများ ယူသွားခဲ့ပြီး ကစားခဲ့တယ် မဟုတ်လား။ မင်း ပွဲတိုင်းရှုံးခဲ့လို့ ပြောင်သွားခဲ့တယ်လေ။ အရက်တောင် အကြွေးဝင်သောက်ရတဲ့ဘဝ ရောက်ခဲ့တယ် မဟုတ်လား။ မင်း အဲဒီညက အရှုံးတွေနဲ့ချည်း ကြုံလေမပေါ့။ မင်းကို အနိုင်ရအောင် အမြဲတမ်း အကူအညီပေးနေတဲ့ ငါ့ကို မင်းက အိမ်မှာ ထားရစ်ခဲ့တာကိုးကွာ။ တကယ်တော့ ငါဟာ မင်းရဲ့ ပိုက်ဆံအိတ်ထဲမှာထည့်ထားတဲ့ မတ်စေ့မည်းမည်းကလေးရဲ့ ပိုင်ရှင်လေ။ မင်းကို အနိုင်ရလေအောင် အကူအညီပေးနေတဲ့ငါဟာ ဘယ်သူလဲဆိုတာ သိချင်ရင် မင်း သိအောင် စုံစမ်းကြည့်ပေါ့ကွာ။ ငါ့အကြောင်း မင်းစုံစမ်းလို့ သိခဲ့ပြီဆိုရင်တော့ မင်း အလွန်အမင်း အံ့သြသွားရလိမ့်မယ်။ မင်းကို ငါ နောက်ဆုံးပြောချင်တာကတော့ မင်း ငါ့အကြောင်း မသိသေးမီမှာ ဖဲကစားလေနဲ့။ ကစားရင် ပါသမျှ အကုန်ရှုံးမှာပဲ။ အဲ..ငါဟာ ဘယ်သူဆိုတာ မင်း စုံစမ်းလို့ သိလာခဲ့ပြီဆိုရင်တော့ ငါ့ကို မင်းနဲ့ ဘာပါတည်း ခေါသွားပြီးသာကစား၊ မင်းချည်းပဲ အနိုင်ရလိမ့်

www.burmeseclassic.com

www.burmeseclassic.com

ဒယ် မောင်တိုးရေ။ အဲဒီလို အနိုင်ရပြီးတာနဲ့ မင်းဟာ ငါ့အတွက် အလှူအတန်းလုပ်ပြီး ငါ့အတွက် ရည်မှန်းကာ အမျှအတန်းပေးဝေပေးပါကွာ။ ငါ မကျွတ်မလွတ် ဖြစ်နေရတဲ့ဘဝက ကျွတ်လွတ်ချင်နေပါပြီလေ'

မောင်တိုး အိပ်ပျော်နေရာမှ ထိုအိပ်မက်ရှည်ကြီး မြင်မက်ခဲ့ကာ လန့်နိုးလာခဲ့ရသည်။

'ဟာ..ငါ ဖဲနိုင်နေတာဟာ ငါ့ပိုက်ဆံအိတ်ထဲက မတ်စေ့မည်းမည်းလေးရဲ့ပိုင်ရှင်က အကူအညီပေးနေတာဆိုပါလား။ ငါ နောက်ပိုင်းမှာ ရှုံးခဲ့ရတာက အဲဒီမတ်စေ့လေးကို ငါနဲ့အတူတူ ယူမသွားဘဲ ထားခဲ့လို့ဆိုပါလား။ ငါ့ကို ကူညီနေသူ ဘယ်သူဘယ်ဝါသိအောင် စုံစမ်းပြီးမှ ဆက်လက်ကူညီပေးမယ်တဲ့'

မောင်တိုးမှာ ထိုမတ်စေ့မည်းမည်းကလေး ရခဲ့ပုံကို ပြန်စဉ်းစားနေမိသည်။

'ငါ တစ်နေ့ ဈေးက အပြန်မှာ ကြိုထိုင်စုပ်နေတဲ့ ကျောင်းသားလေးတစ်ယောက် သူထိုင်နေတဲ့နေရာနားမှာ ကျန်နေခဲ့လို့ ငါပြန်ပေးမယ်ဆိုပြီး သိမ်းထားခဲ့တာပါလား။ ဒါဆိုရင် အဲဒီကျောင်းသားလေးကို တွေ့အောင် ရှာရမယ်။ တွေ့ခဲ့ရင် မတ်စေ့ကလေး ဘယ်က ဘယ်လိုရခဲ့သလဲဆိုတာ မေးစမ်းကြည့်ရမှာပဲလေ'

မောင်တိုး တစ်ညနေပိုင်းတွင် ထိုမြေဖို့လမ်းသို့ လာခဲ့ကာ ကျောင်းဆင်းလာမည့် ကျောင်းသားကလေးများကို စောင့်ကြည့်နေခဲ့လေသည်။

'ဟာ..ဟိုကလာနေတာ ကြိုထိုင်စုပ်နေတဲ့ ကျောင်းသားလေးပဲ။ ငါ သူ့ကို မေးစမ်းကြည့်မှပဲ'

'သားလေးရေ..သားလေးဟာ တစ်ညနေ ကျောင်းက ပြန်လာစဉ်မှာ ဒီနားကကြိခင်းက ကြိချိုးပြီး ထိုင်စုပ်နေခဲ့တယ်မဟုတ်လား။ ဦးလဲတာမြင်တော့ ထထွက်သွားတော့ သားရဲ့ ပိုက်ဆံအကြွေစေ့လေးတွေ ကျန်ခဲ့တယ် မဟုတ်လား'

'ဟုတ်တယ်ဗျ။ ကျန်တော် သတိရလို့ ပြန်ရှာကြည့် သေးတယ်။ မတွေ့တော့ဘူးဗျ'

'ဘယ်တွေ့မလဲကွ။ ဦးတွေ့ပြီး မင်းကို ပြန်ပေးမယ်ဆိုပြီး ကောက်ယူသွားခဲ့တာပဲ။ ဒီကြားထဲမှာ ဦးလည်း မင်းကို မတွေ့လို့ ပြန်မပေးနိုင်ခဲ့ဘူးကွ။ ရော့..ရော့..ဟောဒီငွေ တစ်ထောင်ကို ယူသွားပါကွာ'

ထိုကျောင်းသားလေးက သူကျန်ခဲ့သည့် အကြွေတွေ အစား ငွေတစ်ထောင်ကြီးများတောင် ပြန်ပေးသဖြင့် ဝမ်းသာနေရှာသည်။

'ဒါနဲ့ကွာ၊ သားလေးကို ဦး တစ်ခုလောက်တော့ မေးကြည့်ချင်တယ်'

'ဘာမေးမှာလဲ ဦး။ မေးလေ'

'မင်းကျန်ခဲ့တဲ့ အကြွေတွေထဲမှာ မတ်စေ့မည်းမည်းလေးက သား ဘယ်ကရခဲ့တာလဲကွ'

'အဲဒီမတ်စေ့လေးက မည်းနေလို့ သုံးမရဘူး ဦးရဲ့။ သား ဟိုသခ္ဓိုင်းတောထဲ နောက်ဖေးဝင်းသွားတုန်းမှာ မြေပုံတစ်ခုရဲ့ဘေးက ကောက်တွေ့ခဲ့တာဗျ'

'ဟာ..ဟုတ်လား၊ သား အဲဒီမြေပုံကို မှတ်မိသလား'

'မှတ်မိပါတယ် ဦးရယ်။ မြေပုံခေါင်းရင်းမှာ စိုက်ထားတဲ့ မှတ်တိုင်မှာတောင် ကွယ်လွန်သူ လှကြိုင်၊ အသက်(၃၂) နှစ်လို့ ရေးထားသေးတယ်လေ'

'ဘယ်သူ..သားလေး၊ လှကြိုင်..ဟုတ်လား'

'ဟုတ်တယ် ဦး။ အဲဒီလှကြိုင်လို့ရေးထားတဲ့ မြေပုံနားက ရခဲ့တာပဲဗျ'

'အင်း..လှကြိုင်ဟာ ဖဝိန္ဓာတစ်ယောက်ပဲ။ ဖကစား ရင် သူချည်းပဲ အနိုင်ရခဲ့လွန်းလို့ မနာလိုသူတစ်စုက သတ်ခဲ့လို့ သေခဲ့တာ။ နှစ်တွေပဲ အတော်ကြာခဲ့ပြီပဲ။ နောက်တော့ သူ့မြေပုံဟာ မြေကျသွားပြီး နောက်ထပ် မြှုပ်နှံမယ့် အလောင်းအတွက် မြေထပ်တူးကြရာမှ လှကြိုင်ရဲ့ ပါးစပ်ထဲ ထည့်ပေးလိုက်တဲ့ ကူးတို့ခင္ဂေ တစ်မတ်စေ့လေးဟာ မြေတူးရာမှ အပေါ်ပြန်ရောက်ခဲ့ပြီး ဒီကျောင်းသားလေး ကောက်တွေ့ခဲ့တာပဲဖြစ်မယ်။ ဒီလှကြိုင်ဟာ ဖဝိန္ဓာဖြစ်သလို ဖဲအလွန်ဝါသနာပါပြီး ငါ ဖကစားရာမှာ သူမတ်စေ့ကလေး ပါသွားတဲ့ နေ့တွေမှာ ကူညီပေးခဲ့လို့ ငါ အနိုင်ရခဲ့တာပါလား။ နောက်ပိုင်း ရှုံးခဲ့ရတာက အဲဒီမတ်စေ့ကလေးကို အိမ်မှာထားခဲ့လို့ ရှုံးခဲ့တာပဲ'

မောင်တိုးမှာ ထိုကဲ့သို့ သိလာခဲ့သဖြင့် သူ့ပိုက်ဆံအိတ်ထဲမှ မတ်စေ့ကလေးကို သတိရခဲ့ကာ သူနှင့်အတူ တစ်ပါတည်း ယူသွားပြီး ဖဲအနိုင်ကစားမည်။ ကျေနပ်လောက်သည်အထိ အနိုင်ရခဲ့လျှင် လုံးဝမကစားတော့ဘဲ ဖဝိန္ဓာကိုလှကြိုင်အတွက် ကောင်းမှုကုသိုလ်ပြုပေးကာ ကျွတ်လွတ်သွားစေရန် အမျှအတန်းပေးဝေမည်ဟု ဆုံးဖြတ်ခဲ့တော့သည်။

တင့်ထူး(ဇေယျဝတီ)

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်နှင့် ထောက်လှမ်းရေး တပ်ကြပ်ကြီး ဆရာကြီးမြင့်ဖေတို့ နှစ်ယောက်မှာ မိုးစွေလေ့ကျင့်ရေး သင်တန်း ကျောင်းတွင် တပ်ရင်း တိုက်ပွဲဝင် မွမ်းမံသင်တန်း တက် ရောက်ရလျက်ရှိနေရာမှ ရုံးလုပ် ငန်းတာဝန်တစ်ခုကြောင့် နေပြည်တော်၊ ပျဉ်းမနား (လွဲကြီး)တပ်ရင်းသို့ ဆိုင်ကယ်တစ်စီးဖြင့် ပြန်ခဲ့ကြရပါသည်။

တပ်ရင်းသို့ ပြန်ရောက်သော အခါ လိုအပ်သော ရုံးလုပ်ငန်း စာရွက် စာတမ်းများကို တစ်ညအိပ်ပြီး ဆောင် ရွက်ကြရပါသည်။ ထိုကဲ့သို့ လုပ်ဆောင်ကြ ပြီး နောက်တစ်နေ့တွင် တပ်ရင်းမှ ပြန်လည် ထွက်ခွာခဲ့ကြပါသည်။ နေပြည်တော်ပျဉ်းမနားသို့ ရောက်သောအခါ တပ်ရင်းမှူးမှာလိုက်သော ရုံးလုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com

သုံး ပစ္စည်းများကို ဝယ်ရကြပြန်သည်။ အစားအသောက်နဲ့ ဘင်းသီးဟင်းရွက်တချို့ပါ ဝယ်ဖြစ်ကြပါသည်။

အားလုံးဝယ်ယူပြီးသောအခါ နေပြည်တော်ပျဉ်းမနား ခုတစ်ဆင့် တပ်ရင်းတိုက်ပွဲဝင် မွမ်းမံသင်တန်းတက်ရောက်နေရသော မိုးစွေရှိ လေ့ကျင့်ရေးသင်တန်းကျောင်းရှိရာဆီသို့ ဆိုင်ကယ်တစ်စီးပေါ် နှစ်ယောက်စီးပြီး ခရီးဆက်ခဲ့ကြရပြန်ဝါသည်။ ခရီးစဉ်တစ်လျှောက်လုံး ပြောစရာမရှိ ဆိုင်ကယ်အား ချောမောစွာဖြင့် မောင်းနှင်နိုင်ခဲ့ပါသည်။

သို့သော် မိုးစွေသို့ ရောက်ခါနီးလောက်တွင် ဆိုင်ကယ်မှာ ဗွေဖောက်လာသည်ဟု ဆိုရမည်။ မောင်းမရ ပြုမရ ဖြစ်လာတော့သည်။ မိမိတို့ တတ်သလောက်မှတ်သလောက် လျှောက်ပြီး ပြုပြင်သော်လည်း မောင်း၍မရ။ သို့သော် တော်သေးသည်ဟု ဆိုရမည်။ ထိုနေရာအနီးတွင် မိသားစုဘစ်စုက ကားလမ်းဘေးတွင် ယာယီတဲအိမ်ကလေးထိုးကာ လေထိုး၊ ကျွတ်ဖာ၊ ဓာတ်ဆီဖြည့်၊ စက်ဘီး၊ ဆိုင်ကယ်ပြင်သောအလုပ်ကို လာပြီးလုပ်ကိုင်နေသည်။ လူသူတို့နဲ့ သိပ်ပြီးမနီးလှသော်လည်း ဝေးသည်ဟုလည်း မဆိုနိုင်ပါ။ ကားလမ်းဘေး၏တစ်ဖက်တွင် ကျွန်းစိုက်ခင်းများရှိပြီး အခြားတစ်ဖက်တွင် လယ်ကွင်းပြင်များက ရှိနေသည်။ ကားလမ်းပေါ်တွင်ဖြစ်နေ၍ အသွားအလာများက သိပ်မပြတ်လှပါ။

မည်သို့ဆိုစေ ကျွန်ုပ်တို့က အဆိုပါဆိုင်ကယ်ပြင်သောတဲအိမ်ကလေးရှိရာဆီသို့ တွန်းယူလာပြီး ဆိုင်ကယ်အားပြင်ခိုင်းရပါတော့သည်။ ဆိုင်ကယ်ပြင်ဆိုင်ကလေးမှာ နွေရာသီဖြစ်နေ၍ အအေးပုလင်းများကို ရောင်းချနိုင်ရန် စီစဉ်ပေးထားသည့်အပြင် အသောက်အစားသမားများအတွက်ကိုလည်း မလစ်ဟင်းစေရအောင် ဒေသထွက် တောအရက်ကလေးပါ တွဲဖက်ပေးထားပြန်သေး၏။

ကျွန်ုပ်တို့နှစ်ယောက်မှာ ဆိုင်ကယ်ကိုထိုးအပ်ပြီး သစ်ပင်အောက်က ဝါးကွပ်ပျစ်ပေါ်သို့ တက်ထိုင်ကာ တောအရက်သောက်ရင်း အချိန်ဖြုန်းနေလိုက်ပါသည်။ အချိန်ကား ညနေ(၅)နာရီလောက် ရှိနေပြီဖြစ်ပါသည်။ ကျွန်ုပ်တို့နှစ်ယောက်မှာ တောအရက်လေးကိုသောက်ရင်း ဟိုပြောဒီပြောနဲ့ ရှိနေကြစဉ် ဆိုင်ကယ်ပြင်သူမှာလည်း အကူဖြစ်သူဟု ထင်ရသော အခြားသူတစ်ယောက်နဲ့ ပြုပြင်ပေးနေပါသည်။

ဆိုင်ကယ်ပြင်သူ၏ မိန်းမဖြစ်ဟန်တူသော အမျိုးသမီးတစ်ယောက်ကတော့ တဲအနောက်ဘက်မှာ မီးဖိုပြီး ချက်ပြုတ်ကြော်လှော်နေပါသည်။

ဆိုင်ကယ်ပြင်နေသူနှစ်ယောက်မှာလည်း ဖြူတ်လိုက်၊ တပ်လိုက်၊ မောင်းစမ်းကြည့်လိုက်နဲ့ လုပ်နေသည်မှာ ည(၇)နာရီပင် ကျော်စပြုလာခဲ့လေပြီ။ ခုထိ မကောင်းနိုင်သေးပါ။ သူတို့နှစ်ယောက်စလုံး ခွဲကတော့ မလျှော့ပါ။ ဘက်ထရီမီးချောင်းများကို လင်းထိန်နေအောင် တွန်းထားပြီး မီးရောင်အောက်တွင် ပြုပြင်ပေးနေကြပါသည်။ ပြင်လိုက်၊ မောင်းစမ်းကြည့်လိုက်နှင့် ပြုလုပ်နေကြပါသည်။

ထိုကဲ့သို့ပြုလုပ်နေကြရင်းက ဆိုင်ကယ်ပြင်ဆရာက ကျွန်ုပ်တို့နှစ်ယောက်ရှိရာဆီသို့ ရောက်လာပြီး-

"ကျွန်တော်လည်း ဆိုင်ကယ်ပြင်စားလာတာ ခုမှ မဟုတ်ဘူးဗျာ၊ ဟိုတုန်းကဆိုရင် မြို့ပေါ်မှာ တကယ့်ဆိုင်ကယ်ပြင်ဆိုင်ကြီးမှာ သုံး၊လေးနှစ်အထိ တဲ့ပည့်ခံပြီး ပြုပြင်ပေးခဲ့ဖူးသူပါ။ အဲဒီလိုပြုပြင်မရတဲ့ ဆိုင်ကယ်မျိုးကြီးကို တစ်ခါမှ မတွေ့ခဲ့ဖူးသေးပါဘူး။ ခုဟာက အပြစ်အနာအဆာရယ်လို့လည်း ရှာလို့ကိုမတွေ့ရဲပါဘူး။ ရှာမတွေ့လို့ မောင်းကြည့်ပြန်တော့လည်း မြင်တဲ့အတိုင်းပဲ မောင်းလို့မရဘူး။ ကျွန်တော် ဘယ်လို့ပြောရမှန်းကို မသိတော့ပါဘူးဗျာ။ ကြာရင် ရူးသွားမလားတောင် မသိတော့ပါဘူး။ တစ်သက်နဲ့တစ်ကိုယ် ဒီလိုမျိုးဖြစ်ပြန်တော့ ဒီတစ်ခါပဲ တွေ့ဖူးပါသေးတယ် ဆရာတို့ရယ်"ဟု လာပြောပါလေတော့သည်။

ကျွန်ုပ်တို့နှစ်ယောက်မှာလည်း ဘာအကြံဉာဏ်မှ မပေးတတ်ပါ။ ကောင်းအောင်သာပြုပြင်ပေးပါဗျာဟူ၍သာ ပြောတတ်ကြသူများသာ ဖြစ်ပါသည်။

ကျွန်ုပ်တို့နှစ်ယောက်က ထိုကဲ့သို့ ကောင်းအောင်သာပြင်ပေးပါဟု ပြောလိုက်သောအခါ ဆိုင်ကယ်ပြင်ဆရာက-

"စိတ်ချပါဗျာ။ မောင်းမရတဲ့ဆိုင်ကယ်တွေ ကျွန်တော့်ဆီ ရောက်လာတာနဲ့ ဘယ်လောက်ကြီးပဲ ပျက်ခဲ့၊ပျက်ခဲ့ မောင်းလို့ရသွားတဲ့ဆိုင်ကယ်တွေ ဖြစ်သွားတာကိုပဲ မြင်လိုပါတယ်။ ဒါက ကျွန်တော်တစ်ယောက်တည်းမှ မဟုတ်ပါဘူး။ ဆိုင်ကယ်ပြင်ပေးကြတဲ့သူတိုင်းရဲ့ဆန္ဒနှင့် စေတနာတွေပါ။ ခုလည်း ကျွန်တော် အတတ်နိုင်ဆုံး ပြင်ပေးနေတာပဲလေ။ ဆက်ပြီးမှလည်း ပြင်ပေးနေဆဲပါဗျာ"ဟု ပြောလေသည်။ ထိုအခါ တဲအိမ်ကလေးအတွင်းက-

"ဒီဆိုင်ကယ်က ဘာပြင်စရာလိုမှာလဲ၊ အကောင်းကြီးပဲဟာ။ မောင်းမရ ပြုမရ ဖြစ်နေတာက ငါလုပ်ထားတာ

www.burmeseclassic.com

ကွ၊ ငါလုပ်ထားတာ'ဟု အသံသြသြကြီးနဲ့ ပြောဆိုနေသံကို ကြားလိုက် ရပါတော့သည်။

ထိုအသံကို ကြားလိုက်ရသောအခါ ဆိုင်ကယ်ပြင်သော လင်မယားနှစ်ယောက်က တဲအိမ်အတွင်းသို့ ပြေးဝင်သွားရင်း 'သမီး..သမီး..ဘာဖြစ်နေတာလဲဟင်'ဟု သွားမေးကြပါလေတော့သည်။

ထိုအခါ တဲအိမ်အတွင်းမှ-

'ဘာသမီးလဲ၊ ငါက မင်းတို့သမီးမဟုတ်ဘူး။ ဟိုလယ်ကွင်းရဲ့ ဟိုဘက်အစပ်မှာရှိနေတဲ့ လက်ပံပင်ပေါ်က သရဲကွ။ ဟိုတုန်းကတော့ မင်းတို့မိသားစုတွေ သွန်ပစ်နေကြတဲ့ အသားစိမ်း၊ ငါးစိမ်းအရေတွေကို မှီဝဲနေရလို့ တော်သေးတယ်။ အခုတော့ အသားငါးတွေကို တစ်အားစားချင်နေတယ်။ လောလောဆယ်မှာတော့ အဲဒီတပ်က လူနှစ်ယောက်ဆီမှာ ဝက်သား၊ ဝက်ဝမ်းတွင်းသားတွေ ပါလာတယ်ကွ။ ငါက ဒီအထဲကမှ အသားကိုလည်း မစားချင်ဘူး၊ ဝမ်းတွင်းသားအားလုံးကိုလည်း မစားချင်ဘူး။ နှလုံးသားတစ်မျိုးတည်းကိုပဲ စားချင်တာပါ။ အဲဒီနှလုံးသား မပေးခဲ့သမျှ မင်းတို့ဆိုင်ကယ် ကောင်းမှာမဟုတ်ဘူးကွ။ ဟား..ဟား..ဟား'ဟု ပြောဆိုရယ်မောနေသံများကို ကြားရပါတော့သည်။ ထို့အပြင် မိခင်ဖြစ်သူက-

'ဟဲ့..သမီး၊ ဘာတွေလျောက်ပြောနေတာလဲ။ တော်ကြာ ငါတို့က သူများအသားတွေကိုစားချင်လို့ ကလိမ်ခေ့ငြမ်းဆင်လုပ်နေတယ် ထင်သွားပါဦးမယ်'

ထိုစကားအဆုံး 'ဘာသမီးလဲ၊ လာပြန်ပြီလား ဒီသမီး။ မင်းတို့မိသားစုပါ ဒုက္ခရောက်ချင်နေပြန်တူတယ်။ သွား..သွားကြ'ဟု မောင်းထုတ်နေသံကိုပါ ဆက်တိုက်ကြားနေရသည်။ ထိုအခါ ဆိုင်ကယ်ပြင်သူက တဲအပြင်သို့ ထွက်လာပြီး-

'ကဲ..ဆရာတို့ရေ၊ တကယ်တော့ ကျွန်တော့်သမီးက ဖျားနေတဲ့သူပါ။ ဒါကြောင့် အပြင်ကိုလည်း ထွက်မလာနိုင်ပါဘူး။ အပြင်ကို ရောက်နေကြတဲ့ ကျွန်တော်တို့ကလည်း ဆရာတို့ ဝက်သားတွေ ပါလာတာကို မသိကြပါဘူးဗျာ။ ဆရာတို့မှာရော အမှန်တကယ်ပဲ ဝက်သားတို့၊ ဝက်ကလီစာတို့များ ပါလာကြသလားဗျာ'

ဟု မေးသောအခါ ကျွန်ုပ်က-

'ပါလာပါတယ်ဗျာ။ ဝက်သားကတော့ ကျွန်တော်တို့ တစ်တွေ ဝိုင်းဖွဲ့ပြီး အရက်မြည်းကြဖို့ ဝယ်လာတာပါ။ ဝက်ဝမ်းတွင်းသားကတော့ ကျွန်တော်တို့ တပ်ရင်းမှူးကြီးမှာလိုက်လို့ သူ့အတွက် သီးသန့်ငါးဆယ်သားလောက် ဝယ်လာခဲ့တာ အမှန်ပါပဲ'

ဟု ပြောလိုက်ရာ ဆိုင်ကယ်ပြင်သူက-

'ဒါဆိုရင် အဲဒီဝမ်းတွင်းသားထဲက နှလုံးသားအားကို ပေးခဲ့လို့ မရနိုင်ဘူးလားဗျာ။ ဝယ်ဆိုလည်း ဝယ်ပါ့မယ်ဗျာ။ ကူညီပေးပါ။ တော်ကြာ ဖျားနာနေတဲ့ ကျွန်တော့် သမီးအတွက်ပါ မကောင်းဖြစ်နေမှာ စိုးရိမ်လို့ပါ'ဟု ပြောလေသည်။ ထိုအခါ ဆရာကြီးမြင့်ဖေက-

'အဲဒီဝမ်းတွင်းသားက တပ်ရင်းမှူးအတွက် ဖြစ်နေလို့ပါဗျာ။ ဖြစ်နိုင်ရင် မပေးခဲ့ပါရစေနဲ့။ ဒါပေမဲ့ အသားကို ပေးခဲ့ပါဆိုရင် ပေးခဲ့ပါ့မယ်။ တချို့တစ်ဝက်ခွဲပြီး ပေးခဲ့မယ်'

ဟု ပြောလိုက်သောအခါ တဲအိမ်အတွင်းမှ-

'မရဘူးကွ..မရဘူး။ ငါက အဲဒီဝမ်းတွင်းသားအားလုံးကိုလည်း မစားချင်ပါဘူး။ နှလုံးသားတစ်ခုတည်းကိုပဲ ရွေးပြီးစားချင်တာပါ။ အဲဒါ ထားခဲ့ပါ။ ထားခဲ့ပြီး လယ်ကွင်းအစပ်က သစ်ငုတ်ပေါ်မှာ ဖက်ရွက်တစ်ရွက်ပေါ်တင်ပြီး သွားထားပေးပါ။ ဒါဆိုရင် မင်းတို့ဆိုင်ကယ်လည်း အကောင်းအတိုင်းဖြစ်သွားပြီဆိုတာ မှတ်လိုက်ပါတော့'ဟု အသံသြသြနဲ့ လှမ်းကာပြောနေသည့်အသံကို အတိုင်းသား ကြားရပါတော့သည်။

ကျွန်ုပ်တို့နှစ်ယောက်မှာ အချိန်ကလည်း မရှိတော့ပြန်ပြီးတော့ နှလုံးသားတစ်ခုလေး ပါမသွားရုံလွဲပြီး အခြားသော ကလီစာများက ကျွန်ုပ်ရှိနေသေးသဖြင့် ပေးလိုက်ရန်ကို သဘောတူလိုက်ကြရလေတော့သည်။ တပ်ရင်းမှူးကိုလည်း အကျိုးသင့်အကြောင်းသင့် ရှင်းပြလျှင် လက်ခံပေးမည်သာ ဖြစ်ပါသည်။

သို့ဖြစ်၍ ကျွန်ုပ်တို့က ဟင်းသီးဟင်းရွက်များ ထည့်လာသော ခွဲခြင်းတောင်းဟောင်းအောက်ဆုံးတွင် အင်ဖက်ဖြင့် ထုပ်ယူလာသော ဝက်ကလီစာအထုပ်အားဖြေပြီး ဝက်၏ နှလုံးသားကိုယူ၍ ပေးလိုက်ကြပါသည်။

ထိုအခါ တဲအတွင်းမှ ပြောဆိုလိုက်သောအသံကိုပါ ကြားလိုက်ရပြန်သည်။

'ဒီလိုမှပေါ့ကွ။ ကဲ..ငါမှာသလို သွားလုပ်ကြစမ်းတော့။ ငါလည်း ပြန်ပြီ'

ငှင်းနောက် သရဲဝင်ပူးခြင်းခံထားရသော ကလေးမ

www.burmeseclassic.com

www.burmeseclassic.com

လေးဆီက ဘာအသံမှ ထွက်လာခြင်း မရှိတော့ပါ။ ခဏ တစ်ဖြုတ် သတိမေ့သွားခြင်းဖြစ်မည်။

ထိုအခါကျမှ ဆရာကြီးမြင့်ဖေက ဆိုင်ကယ်ပေါ်တက် ပြီး *မောင်းစမ်းကြည့်လိုက်ရာ ဆိုင်ကယ်မှာ အကောင်း* အတိုင်းကြီးပါပေ။ မောင်းချင်တိုင်းမောင်း သဘောကောင်း စွာဖြင့် သခင်အလိုကျ ပြေးပြနေပါတော့သည်။ ဆိုင်ကယ် အား တစ်ပတ်မောင်းရင်း ဆိုင်သို့ ပြန်ရောက်လာသောအခါ ကျွန်ုပ်က ဝက်နှလုံးသား၏ အဖိုးအခကိုမယူဘဲ ဆိုင်ကယ် ပြင်ပေးခကိုပါ သာသာထိုးထိုးကလေးပေးပြီး နှစ်ယောက် သား ခရီးဆက်ဖြစ်ခဲ့ကြပါတော့သည်။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏မျက်စိဖြင့် မြင်တွေ့ရသော အရာကိုမှ ရှိသည်၊ မမြင်တွေ့ရသော အရာများကို မရှိဟု အချို့က ထင်တတ်ကြပါသည်။ သို့ဖြင့် ကျွန်ုပ်တို့ သာမန် မျက်စိဖြင့် မမြင်တွေ့ရနိုင်သော အရာအချို့ကို ခေတ်မီစက် ကိရိယာအမျိုးမျိုးတို့၏ အကူအညီဖြင့် ကြည့်ကြရာ မြင် တွေ့ကြရသည်များ ရှိနေကြသည်။

သို့သော် အချို့သောအရာများသည်ကား မည်သည့် ခေတ်မီကိရိယာတို့၏ အထောက်အကူဖြင့် ကြည့်ကြစေဦး တော့ မြင်တွေ့ကြရမည် မဟုတ်ပါပေ။ မြင်တွေ့ရလောက် နိုင်သော အကျင့်စရာအားဖြင့် ကြည့်ရင်တော့ မြင်တွေ့ ကောင်း မြင်တွေ့ရနိုင်ပါသည်။

မည်သို့ပင်ဆိုစေကာမူ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်တွင် ကား ကျွန်ုပ်တို့တစ်တွေ့ မမြင်တွေ့ရသည့်အရာများ ရှိနေ ကြသည်မှာတော့ အမှန်ပင်ဖြစ်၏။

ဆိုင်ကယ်မောင်းနှင်နေသော ဆရာကြီးမြင့်ဖေက-

'တကယ့်သရဲပါပဲဗျာ။ ဝက်သားစားချင်တယ်ဆိုရင် ဝက်သားပေါ့ဗျာ။ ခုဟာက ဒီလိုမဟုတ်ဘူး။ ငါတို့အဘ အတွက် သီးသန့်ဝယ်လာခဲ့ရတဲ့ ဝက်ဝမ်းတွင်းသားကိုမှ တဲ့ဗျာ။ အဲဒီဝမ်းတွင်းသားထဲကမှ ငါတို့အဘရဲ့ အကြိုက် ဆုံးဖြစ် နှလုံးသားကိုမှ သူကရွေးပြီး တောင်းထားရက် တယ်။ အတော်ကလေးကို ဇီဇာကြောင်တဲ့ သရဲပါပဲဗျာ' ဟု ပြောလေသည်။

ထိုအခါ ကျွန်ုပ်က 'ဆရာကြီးရေ..စကားကို ဆင် ခြင်ပြီးပြောဗျာ' ဟု သတိပေးလိုက်ရပါလေတော့သတည်း။

ရွှင်လန်းချမ်းမြေ့ကြပါစေ

ချစ်ဆိုင်

(ဇယာမြို့) ဆရာပြောင်၊ ဆရာအောင်၊ ဆရာထွန်းမင်းအောင်တို့၏ သားတပည့်

ရှမ်းဆရာ ဦးစိုင်းလှိုင်

(ဝမ်းတွင်းမော်စက်ရှင်)

လူအများ၏ ကောင်းကျိုးချမ်းသာအတွက် အံ့ဖွယ်နက်နဲသော ပညာရပ်များဖြင့်သာ ကူညီဆောင်ရွက်မည်။

စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး(အချစ်ရေး)၊ နိုင်ငံရပ်ခြားကိစ္စများနှင့် ဘာသာ၊ သာသနာရေး ကိစ္စရပ်များ၊ အိမ်မြေ၊ ခြံမြေ၊ တိုက်တာ၊ ကား ရောင်းဝယ်ခြင်းများ၊ အိမ်တွင်း/အိမ်ပြင် မည်သည့်ပယောဂနှင့်ယှဉ်သော အနှောင့်အယှက်၊ အတိုက်အခိုက်များမဆို ရက်ပိုင်းအတွင်း တိကျမှန်ကန် မြန်ဆန်အောင်မြင်စွာ ဖြေရှင်းဆောင်ရွက်ပေးပါသည်။

ဆရာနှင့်တွေ့ချိန် - နေ့စဉ် (ဗာနယ်ဒေးမှအပ)

နံနက်(၉)နာရီ မှ ညနေ(၄)နာရီ အထိ

အမှတ်-၄၀၇၊ လေ့ကာကားလမ်းမကြီး (ဘုန်းကြီးကျောင်းကွေ့ကားမှတ်တိုင်ရှေ့)၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်။ ဝဝ ၇၃၀ ၇၂၉၇၀

www.burmeseclassic.com

www.burmeseclassic.com

နေမွန်းတည့်တော့မည် ဖြစ်သည်။ ကိုသာအေးတစ်ယောက် ကောက်ရိတ်နေရင်းမှ ရွာဘက်သို့ မျှော်ငေးကာ ဇနီးသည် မခင်ဦး အလာကို ကြည့်နေမိသည်။ နေအပူရှိန်မြင့်တက်လာပြီဖြစ်၍ သူတစ်ကိုယ်လုံးတွင် ချွေးများရွှဲနစ်နေသည်။ သို့ရာတွင် ဇနီးသည် ထမင်းပို့ ရောက်မလာသေးသောကြောင့် လုပ်လက်စအလုပ်ကို ဆက်၍လုပ်နေလိုက်သည်။ စိတ်ထဲမှာလည်း အတွေးများက တန်းစီနေသည်။

အင်း..ဒီနှစ် စပါးရောင်းပြီးရင်တော့ အလှူလုပ်ဖို့ ငါတို့အိမ်ကို အရင်ပြင်ရမယ်။ အိမ်ဆိုတာက ငါတို့ တစ်သက်လုံး နေထိုင်သွားရမှာဆိုတော့ တစ်ခါတည်း တစ်သက်နေနိုင်အောင် အခိုင်အမာကို ဆောက်မှဖြစ်မယ်။ အိမ်ဆောက်ပြီးမှပဲ အလှူနဲ့ အိမ်တက်ကို ပေါင်းလုပ်ရမယ်။

'ကိုသာအေး..ကိုသာအေး'

ခေါသံကြောင့် ကိုသာအေး ခေါင်းထောင်ကြည့်လိုက်သည်။ သူ့ဇနီး မခင်ဦး

ချစ်မင်းသူ
ဘဝဟောင်းက
ချစ်သူ

www.burmeseclassic.com

www.burmeseclassic.com

တွေ့ရသည်။ မခင်ဦးက မလှမ်းမကမ်းရှိ ကန်သင်းရိုးဘေး ကုက္ကိုပင်အောက်မှာ ထမင်းချိုင့်ကို လက်မှာဆွဲရင်း ရပ်နေသည်။ ကိုသာအေး အလုပ်ကို ခေတ္တရပ်လိုက်ပြီး မခင်ဦး ရှိရာသို့ သွားလိုက်သည်။

မခင်ဦးက ယူလာသည့် ထမင်းချိုင့်မှ ထမင်းစားရန် ပြင်ဆင်ပြီး နှစ်ယောက်သား မျက်နှာချင်းဆိုင် စားကြသည်။

'ခင်ဦးရေ'

'ပြော'

'ငါ တစ်ခုစဉ်းစားမိတယ်'

'ဘာများလဲတော့်။ ထမင်းစားရင်း ဘာပြောဦးမလို့။ နောက်မှ ပြောပါရှင်'

'အိုကွာ..ငါ့အတွေးတွေကို မင်း ကြိုပြီးဝမ်းသာရအောင် ပြောချင်လို့ပါ'

မခင်ဦးက ဘာမျှမပြောတော့ဘဲ ထမင်းကိုသာ ငုံ့စားပြီးနေသည်။ ကိုသာဦးက ထမင်းလုတ်ကို မြန်မြန်ညက်အောင် ဝါးမျိုချပြီး စကားဆက်ပြောသည်။

'ဒီလို ခင်ဦးရဲ့..ဒီနှစ်က စပါးစျေးကလည်းကောင်း၊ ငါတို့ လယ်ကထွက်တဲ့ စပါးကလည်း အထွက်ကောင်းတော့ တို့လင်မယား ကျိန်းသေပွဲပြီ။ တို့မှာ သားသမီးကလည်း မရှိတော့ အလှူကြီးကြီးလုပ်ပြီး ကုသိုလ်ယူရမယ်လေ။ ပြီးတော့ တို့မှာ ခုထိ အိမ်ကောင်းကောင်း မရှိသေးဘူး။ အဲဒါကြောင့် ငါက စပါးရောင်းပြီးတာနဲ့ အိမ်ကြီးကြီးဆောက်မယ်။ ပြီးရင် အလှူကြီးကြီးလှူမယ်။ ဘယ့်နယ်လဲ'

'ကိုသာအေးရယ်..ကျွန်မနဲ့ ရှင်က လင်မယားလေ။ ရှင်က ဒါလုပ်မယ်ဆိုရင် ကျွန်မက လိုက်လုပ်ရမှာပေါ့။ မဟုတ်ဘူးလား'

'အေးပါကွာ..အေးပါ'

ကိုသာအေး ဝမ်းသာသွားကာ စကားကိုရပ်၍ ထမင်းကို ခေါင်းငုံ့လွှေးတော့သည်။ ထမင်းစားပြီးနောက် မခင်ဦးက ထမင်းချိုင့်ကိုသိမ်းပြီး အိမ်သို့ပြန်သွားသည်။ ကိုသာအေးက သစ်ပင်အောက်မှာ ရေခွေးကြမ်းသောက်ပြီး ခေတ္တမှေးကာ အနားယူသည်။

နေအနည်းငယ်စောင်းမှ လယ်ကွင်းထဲ ဆင်းကာ ကောက်ရိတ်သည်။ ညနေစောင်းမှ အလုပ်ကိုရပ်ကာ အိမ်သို့ ပြန်လာသည်။

အိမ်ရောက်တော့ လင်မယားနှစ်ယောက် မျက်နှာချင်းဆိုင် ထမင်းလက်ဆုံ စားကြသည်။ ပြီးနောက် လူမှုရေး၊ စီးပွားရေး အကြောင်းများပြောပြီး အိပ်ရာဝင်ခဲ့ကြသည်။ ကိုသာအေးနှင့် မခင်ဦးတို့ နှစ်ဦးသားအတွက်တော့ သူတို့ဘဝသည် ပျော်စရာအတိဖြစ်သည်။ သားကလူတွေကတော့ သားသမီးမရှိသော သူတို့၏ အိမ်ထောင်ရေးကို ပျင်းစရာဘဝဟူ၍ မြင်ကြသည်။ မည်သို့ဆိုစေ ကိုသာအေးနှင့် မခင်ဦးတို့၏ အိမ်ထောင်သက်မှာ နှစ်နှစ်ဆယ်တွင်း ဝင်ရောက်ခဲ့သည်ကတော့ အမှန်တရား ဖြစ်သည်။

♦ ♦ ♦

ကိုသာအေးနှင့် မခင်ဦးတို့ အိမ်သစ်ဆောက်ခဲ့ကြသည်မှာ တစ်ပတ်ခန့်ရှိလေပြီ။ ကိုသာအေးက လက်သမားသုံးလေးယောက်ဖြင့် သူ့စိတ်တိုင်းကျ နှစ်ထပ်အိမ်ကြီးကြီးကို ပါဝင်ဆောက်လုပ်သည်။ မခင်ဦးက ရှုပ်ပွနေသော သစ်သားအတိုအစများ၊ အိမ်ထောင်ပရိဘောဂများကို နေ့စဉ် လိုက်လံသိမ်းဆည်းကာ ထမင်းဟင်းများ ချက်ပြုတ်ကျွေးမွေးရင်း တစ်နေကုန်ကြရသည်။ နောက်ထပ် တစ်ပတ်, ဆယ်ရက်ဆက်၍ လုပ်ကြရဦးမည်ဖြစ်သည်။

ကိုသာအေးနှင့် မခင်ဦးတို့ အိမ်ရှေ့က ဖြတ်လျှောက်သွားကြသည့် ရွာသူရွာသားတချို့မှာ သူတို့လင်မယားဆောက်နေသည့် နှစ်ထပ်အိမ်ကြီးကိုကြည့်ကာ အံ့အားသင့်နေကြသည်။ ထင်ကြေးအမျိုးမျိုးဖြင့် ဝေဖန်နေသံတွေက ရွာထဲမှာ ပျံ့နှံ့နေသည်။

'သာအေးတို့လင်မယား ဘာတွေဖြစ်သွားကြတာလဲ။ ငိုစရာ ရယ်စရာကလေးလည်း မရှိဘဲနဲ့များ ဆောက်လိုက်တဲ့ အိမ်ကြီးက ဟီးနေတာပဲ။ တော်ကြာ သရဲခြောက်လို့ မနေရဲတော့ဘူးဆိုတဲ့အသံ ကြားရလိမ့်ဦးမယ်'

'ဟုတ်ပါရဲ့အေ၊ ဒါပေမဲ့ သူတို့လင်မယားက အလုပ်တကယ်လုပ်ကြတာ။ သူတို့ပိုင်တဲ့လယ်တွေကို ထက်ခြမ်းခွဲပြီး တစ်ယောက်တစ်ဝက် တာဝန်ယူလုပ်ကြတာလေ။ ဒီနှစ်မှာ စပါးစျေးကလည်းကောင်း၊ သူတို့လယ်ကထွက်တဲ့ စပါးကလည်းကောင်းဆိုတော့ သူတို့လက်ထဲ ရွှေသီးတာပေါ့အေ။ အဲဒါကြောင့် အိမ်ကြီးကြီးကို ဟီးခဲနေအောင် ဆောက်တာလည်း ဖြစ်နိုင်တယ်။ တစ်နည်းအားဖြင့်တော့ တို့ရွာကို ကြွားလိုက်တာပေါ့အေ'

'ဒါတင်ဘယ်ကဦးမှာလဲ၊ အဲဒီ သူတို့ဆောက်နေတဲ့ အိမ်ကြီး ပြီးတာနဲ့ တစ်ရွာလုံးကို အလှူကြီးပေးဦးမယ်လို့

www.burmeseclassic.com

www.burmeseclassic.com

ပြောတယ်။ စောင့်ကြည့်ကြတာပေါ့'

'ဟော့..တို့ကတော့ ဘယ်သူ ဘာလုပ်လုပ် စိတ်မဝင်စားဘူး။ ဘယ်သူ ဘာကျွေးမလဲဘဲ နားစွင့်တယ်။ လျှုတာကျွေးတာနဲ့ အပြေးဝါးပစ်လိုက်မှာပဲ'

ရွာထဲမှာ သူတို့နှင့်ပတ်သက်၍ ဝေဖန်သံတွေ ညံနေသော်လည်း ကိုသာအေးနှင့် မခင်ဦးတို့ကား လုံးဝမသိ။ အိမ်ကြီး အမြန်ဆောက်လုပ်ပြီးရန်ကိုသာ စိတ်စောနေခဲ့ကြသည်။ ထိုသို့ အိမ်အမြန်ဆုံးပြီးစီးရန် နှစ်ယောက်သား ကိုယ်တိုင်ပါဝင် လုပ်ကိုင်နေရသောကြောင့် ကိုသာအေးရော မခင်ဦးပါ နေ့စဉ် ပင်ပန်းကြသည်။ သို့ရာတွင် သူတို့နှစ်ဦးလုံး ပင်ပန်းကြသည်ဟု မထင်။ နေဝင်မိုးချုပ်တကုပ်ကုပ်ဖြင့်သာ အိမ်ကြီးပြီးစီးလုနီးပါးသို့ ရောက်လာခဲ့သည်။

တစ်နေ့ အိမ်အပေါ်ထပ်တွင် ကိုသာအေးတစ်ယောက် အခြားလက်သမားများနှင့်အတူ အပြီးသတ်အချောကိုင် လုပ်နေကြသည်။ မခင်ဦးက အိမ်အောက်ဘက်တွင် ထမင်းဟင်းချက်ပြုတ်ရင်း သိမ်းဆည်းစရာများကို သိမ်းဆည်းနေသည်။

'ကိုသာအေး..ကျွန်မ ထမင်းဟင်းအားလုံး ချက်ပြီးပြီနော်။ ထမင်းဆာရင် စားလို့ရပြီ'

'အေး..အေး..ဆာရင် ပြောမယ်ဟေ့'

နှစ်ဦးသား အပြန်အလှန်အသံပေးကာ ကိုယ်လုပ်စရာရှိတာ လုပ်နေလိုက်ကြသည်။ ထိုစဉ် မခင်ဦး အတွေးတစ်ချက်ဝင်သွားသည်။ အပေါ်ထပ်နှင့်အောက်ထပ်သို့ အတက်အဆင်းတံခါး မတပ်ရသေးချေ။ လေ့ကားယာယီထောင်၍ အတက်အဆင်း လုပ်နေကြသည်။ ထိုအတက်အဆင်း ယာယီလေ့ကားအောက်ခြေတွင် ဖြတ်တိုဖြတ်စ သစ်သားပုံတစ်ပုံရှိသည်။

အချို့သစ်သားစတို့တွင် သံတန်းလန်းရှိနေသည်။ သည်အတွက် ကိုသာအေးတို့ အမှတ်တမဲ့ ခုန်ဆင်းမိပါက သံဆူးသွားနိုင်သည်ကို မခင်ဦး တွေးမိလိုက်သည်။ ထို့ကြောင့် ထိုသစ်သားပုံကို အချိန်မီရှင်းလင်းရန် သစ်သားပုံသို့ သွားလိုက်သည်။ သစ်တိုသစ်စ တစ်ခုချင်းကောက်ကာ တခြားတစ်နေရာသို့ ရွှေ့ပေးလိုက်သည်။

အောက်ဆုံးသစ်သားခြောင်းများကို လှမ်းကောက်ယူလိုက်စဉ်-

'အား'

မခင်ဦး အော်သံနှင့်တူ နာကျင်စွာ လဲကျသွားသည်။ မျက်စိမှိတ် အံကြိတ်၍ လူးလဲထပြီး အားယူကာ အော်ခေါ်လိုက်သည်။

'ကိုသာအေး..ကို..ကိုသာ..သာအေး'

မခင်ဦး အော်ခေါ်သံကို ကိုသာအေး ခပ်သဲ့သဲ့ကြားလိုက်သည်။ ထို့ကြောင့်-

'ခင်ဦးရေ..ခဏနေ အောက်ကို ဆင်းလာခဲ့မယ်ဟေ့။ ထမင်းဝိုင်း အဆင်သင့်ပြင်'ဟူ၍ ပြန်ပြောကာ အလုပ်ကို လက်စသတ်နေလိုက်သည်။

မခင်ဦးကမူ တစ်ကိုယ်လုံး နာကျင်မှုဝေဒနာကြောင့် မျက်လုံးများ ပြာဝေလာကာ အရုပ်ကြိုးပြတ် လဲကျသွားရှာသည်။ လူပ်ရှားမှု အလျှင်းမရှိတော့။

ကိုသာအေးနှင့် လက်သမားအဖွဲ့ ထမင်းစားရန် အပေါ်ထပ်မှ အောက်ထပ်သို့ ဆင်းလာသည့်အခါတွင် လေ့ကားခြေရင်း၌ မခင်ဦး လဲကျနေသည်ကို တွေ့ရသည်။

ကိုသာအေး ဇနီးသည် မခင်ဦးကို ပွေ့ဖက်လှုပ်ယမ်း၍ အခါခါခေါ်ကြည့်သည်။ ခေါ်၍မရ။ အသက်ရှူသံ ပျောက်နေသည်။ သို့ပေမယ့် ကိုသာအေး လက်မလျှော့။ မခင်ဦးကို ထမ်းပိုးကာ အရှေ့ရွာရှိ ကျန်းမာရေးဆေးခန်းသို့ အပြေးသွားသည်။

ကျန်းမာရေးမှူးက မခင်ဦးကို ချက်ချင်းစစ်ဆေးပေးသည်။ မခင်ဦး အသက်မရှိတော့။ မြွေကိုက်ခံရခြင်း ဖြစ်သည်။ အချိန်မီက အသက်ရှင်နိုင်သည်ဟု ပြောသည်။ ခုတော့ အချိန်နောက်ကျသွားပြီဖြစ်၍ မခင်ဦး တစ်ကိုယ်လုံး အဆိပ်များ ပျံ့နှံ့ကာ ဦးနှောက်ထဲအထိရောက်ပြီး အသက်ဆုံးရှုံးသွားရခြင်းဟု ရှင်းပြသည်။ ကိုသာအေး မခင်ဦးကို ဖက်ပြီး အားပါးတရ ငိုချလိုက်သည်။

'ခင်ဦးရယ်..တို့နှစ်ယောက် ချွေးနဲ့စာနဲ့ ဒီအိမ်ကြီး ဆောက်ပြီးရင် အလှူကြီးလှူမယ်လို့ ရည်မှန်းထားခဲ့တာ ခုတော့ ခင်ဦးအတွက် ဆွမ်းကျွေးရက်လည်ပွဲ ဖြစ်နေပါရော့လား။ ကိုသာအေး ဘယ်လိုဖြေရမလဲဟင်။ ကိုသာအေးကို တစ်ယောက်တည်း ထားခဲ့ရက်သလားကွယ်။ ဟင့်..ဟင့်'

မခင်ဦး ရက်လည်ဆွမ်းကျွေးတွင် တစ်ရွာလုံး ရွာလုံးကျတ်လာကြသည်။ တစ်ရွာလုံးက ကိုသာအေးနှင့် မခင်ဦးတို့ကို ခင်ကြသည်၊ ချစ်ကြသည်။ သူတို့လင်မယားကလည်း တစ်ရွာလုံးကို ကူညီထောက်ပံ့စရာရှိက ကူညီထောက်ပံ့ပေးခဲ့သူများ ဖြစ်ကြသည်။ သူတို့လင်မယား၏ လုပ်ရည်ကိုင်ရည်ကိုလည်း တစ်ရွာလုံးက အတုယူကြသည်။ သည်

www.burmeseclassic.com

www.burmeseclassic.com

အတွက် မခင်ဦး သေဆုံးခြင်းကို နှမြောကာ စိတ်မကောင်းဖြစ်ကြသည်။

"အင်း..အသက်သုံးဆယ့်ရှစ်နှစ်ဆိုတာ အရွယ်ကောင်းပဲ။ နေရဦးမယ်ဆိုရင် လူလောကမှာ ကောင်းကောင်းနေနိုင်သေးတယ်။ အေးလေ..သူကံက ဒီလောက်ပဲ ပါလာတာကိုး"

"အင်း..ကိုသာအေးကလည်း ခုမှ အသက်လေးဆယ်ပဲ ရှိသေးတော့ စောစောစီးစီး မုဆိုးဖိုဖြစ်ရတာ သနားစရာပါပဲအေ။ အင်း..ကံတရားများ ဘယ်လောက်ကြောက်ဖို့ကောင်းလဲဆိုရင် မခင်ဦး ပင်ပင်ပန်းပန်း လုပ်သွားတဲ့ ဒီအိမ်ကြီးနဲ့ စုဆောင်းရသမျှတွေဟာ နောက်လူ ကောင်းဖို့အတွက် ဖြစ်သွားရတယ်"

"အဲဒီလိုဖြစ်ဖို့ ကိုသာအေးက နောက်မိန်းမယူဦးမှကိုး"

"အိုအေ..သူ့အသက်က ခုမှ လေးဆယ်ပဲရှိသေးတာ။ ခုမှ ဘဝစတာ။ အရွယ်ကောင်းပဲလေ။ ငါပြောတာ စောင့်ကြည့်ပေါ့။ ကိုသာအေး နောက်မိန်းမ ယူ,မယူဆိုတာ"

မခင်ဦး ကွယ်လွန်သွားပြီးနောက်ပိုင်း ကိုသာအေး နောက်အိမ်ထောင်ထပ်ပြု,မပြုဆိုသည်ကို စိတ်ဝင်စားစွာ စောင့်ကြည့်နေခဲ့ကြသည်။

ကိုသာအေးက အိမ်ကို ပြီးအောင်ဆောက်ပြီးသည့် နောက်ပိုင်း အလုပ်ကို ယခင်လို အားကြိုးမာန်တက် မလုပ်ကိုင်တော့။ လယ်တချို့ကိုသာ ကိုယ်တိုင်လုပ်ပြီး ကျန်သည့်လယ်ကို သူ့ရင်းငှားတို့ဖြင့် လုပ်စေသည်။

အိမ်မှာ သိပ်မနေတော့။ အလုပ်အားသည်နှင့် ရွာထဲရှိ ကြက်ဝိုင်းသို့သွား၍ အချိန်ဖြုန်းသည်။ တစ်ခါတစ်ရံ ကိုယ်တိုင်ဝင်၍ ကြက်တိုက်သည်။ ကြက်ဝိုင်းပြီးလျှင် ထန်းရည်ဆိုင် (သို့မဟုတ်) အရက်ဆိုင်သို့ဝင်ကာ သောက်စားမူးယစ်ပြီးမှ အိမ်သို့ပြန်လာလေ့ရှိသည်။ ယခင်လို စီးပွားရေးကို ဂရုမစိုက်တော့။ ရတာလေးနှင့် ရောင့်ရဲကာ ဖြစ်သလို နေထိုင်လာခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာညောင်းလာခဲ့ပြီး ကိုသာအေး ဘဝမှ အသက်ခြောက်ဆယ်အရွယ် ဦးသာအေး ဘဝသို့ ရောက်ခဲ့သည်။

ပင်ပန်းဆင်းရဲမှုဒဏ်၊ စိတ်ဖိစီးမှုဒဏ်တို့နှင့် ဇရာ၏ အိုမင်းရင့်ရော်မှု ပြယုဂ်တို့ကြောင့် ဦးသာအေးမှာ အရွယ်ကျသည်ဟု ဆိုရမည်။ ဟိုးယခင်က သပ်သပ်ရပ်ရပ်ဖြင့် နေထိုင်လေ့ရှိသောသူမှာ ဖြစ်သလိုနေခဲ့သောကြောင့် မုတ်ဆိတ်ကျင်စွယ်များနှင့်ဖြစ်ကာ မမုတ်မိလောက်အောင် ရုပ်ပြောင်းလဲသွားခဲ့ရသည်။ ထိုသို့ ရုပ်ရည်အဆင်း ပြောင်းလဲခြင်းနှင့် နှစ်လရက်ပေါင်း ထောင်သောင်းမက ပြောင်းလဲသွားခဲ့သော်လည်း ဦးသာအေးရင်ထဲမှာ မပြောင်းမလဲ စွဲမြဲနေသောအရာတစ်ခုရှိသည်။ ထိုအရာကား သူချစ်သော သူဇနီး မခင်ဦးကို သတိရတမ်းတနေခြင်းပင် ဖြစ်လေသည်။

♦ ♦ ♦

ပခုက္ကူမြို့စခြေအနောက်ဘက် ကဲ့လှရွာနေ ဦးမြမောင်၊ ဒေါ်တင်ထွေးတို့တွင် သားသမီးငါးဦး ထွန်းကားသည်။ အကြီးသုံးယောက်မှာ ယောကျ်ားလေးများဖြစ်၍ အငယ်နှစ်ယောက်မှာ မိန်းကလေးများ ဖြစ်သည်။ ထွေးမြက အသက်ဆယ့်ရှစ်နှစ်ရှိကာ အေးလှက အသက်ဆယ့်ခြောက်နှစ်ရှိသော အပျိုမလေးများ ဖြစ်သည်။ အစ်ကိုကြီးသုံးယောက်မှာ အိမ်ထောင်သည်များဖြစ်ကြ၍ အိမ်ခွဲပြီး နေကြသည်။

လက်ရေတစ်ပြင်တည်း နေကြသူများမှာ ဦးမြမောင်၊ ဒေါ်တင်ထွေးနှင့် ထွေးမြ၊ အေးလှတို့ ညီအစ်မတို့သာဖြစ်သည်။ ဖခင်ဦးမြမောင်မှာ အသက်အရွယ်ကြီးရင့်ပြီး စီးပွားရေးကောင်းမွန်စွာ မလုပ်ကိုင်နိုင်သောကြောင့် သူတို့မိသားစုမှာ ဆင်းရဲသည်။ ကိုယ်ပိုင်လယ်ယာ မရှိသောကြောင့် ရရာအလုပ်ကို လုပ်ကိုင်ရင်း ဝမ်းရေးဖြည့်နေရသူများဖြစ်သည်။ ဤသို့ မပြေလည်သော သူတို့၏ဘဝကိုကြည့်ကာ အငယ်ဆုံးသမီး အေးလှက ရှစ်နှစ်၊ ကိုးနှစ် အရွယ်မှစ၍ မကြာခဏ ညည်းတွားပြောလေ့ရှိသည်။

"ငါ့မှာ ငါပိုင်တဲ့အိမ်ကြီး ရှိတယ်။ ငါရွာထားတဲ့ ရွှေ၊ ငွေတွေလည်း ရှိတယ်။ ငါ ဒီလိုဆင်းဆင်းရဲရဲနဲ့ မနေနိုင်ဘူး။ တစ်နေ့ကျရင် ငါ့အိမ်ဆီကို ငါ သွားပြီးနေမယ်"

"နင် ဘာတွေလာပြောနေတာလဲ။ နင်က ခုမှ ကလေးရှိသေးတာ။ မဟုတ်ဘာတွေ မပြောနဲ့"

မိခင်,ဖခင်နှင့် အစ်မဖြစ်သူတို့က အေးလှ ညည်းတွားတိုင်း အမြဲဆူငေါက်လေ့ရှိသည်။ ထိုအခါ အေးလှတစ်ယောက် ဝမ်းနည်းပက်လက်ဖြစ်ကာ တရိုက်ရိုက် ငိုကြွေးသည်။

သည်လိုနှင့် အေးလှ အသက်ဆယ်နှစ်ကျော်လာသည်။ အေးလှကို မိဘများက ကျောင်းဆက်မထားနိုင်တော့။ အိမ်မှာထားရင်း အိမ်မှုကိစ္စ တောက်တိုမည်ရ ခိုင်းစေကြသည်။ ထိုအခါ အေးလှ ညည်းတွားလာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ငါ့အိမ်က ဧရာဝတီတိုင်းဘက်က ရွာတစ်ရွာမှာ ရှိတယ်။ ငါနာမည်က ခင်ဦးတဲ့။ ပြီးတော့ ငါက အရမ်းကြီး မချမ်းသာပေမယ့် ခုလောက်ထိ မဆင်းရဲဘူး။ ငါ့မှာ ရွေ ရှိတယ်၊ ငွေရှိတယ်။ ပြီးတော့ တို့မိသားစုအားလုံး နေနိုင်တဲ့ အိမ်ကြီးကြီးတစ်လုံးလည်း ရှိတယ်။ တစ်နေ့ကျရင် ငါ အဲဒီနေရာကို သွားပြီးနေမယ်"

"သွား...သွား...ညည်းက ပြောလိုက်ရင် လေကြီး မိုးကြီးချည်းပဲ"

အစ်မဖြစ်သူ ထွေးမြက မယုံကြည်သလို အေးလှကို ပြန်ပြောသည်။ အေးလှ စိတ်မကောင်းဖြစ်ကာ သေချာတွေးကြည့်သည်။ ထိုစဉ်က သည်ထက်ပို၍ သူ မသိ။ သူသိသလောက်ကိုတော့ ရင်ထဲမှာ စွဲနေအောင် မှတ်ထားသည်။ မည်သူမျှ ယုံယုံ၊မယုံယုံ အေးလှ သူကိုယ်သူ ယုံကြည်သည်။ သူ၏ အတွေးများကလည်း အမြဲလိုလို ထိုအကြောင်းချည်းများသာဖြစ်သည်။ သည်လိုနှင့် အေးလှ အသက်တစ်ဆယ့်ငါးနှစ်ထဲ ရောက်လာသည်။

ဟုတ်တယ်၊ ငါ့မှာ ကိုသာအေးဆိုတဲ့ ယောကျ်ားရှိတယ်။ အိမ်ကြီးရှိတယ်။ လယ်တွေယာတွေရှိတယ်။ ရွေတွေ၊ ငွေတွေ ရှိတယ်။ ရွာက ဧရာဝတီတိုင်းထဲမှာရှိပြီး မြန်အောင်မြို့နယ်ထဲက ကုက္ကိုစုရွာဆိုတာ ငါ မှတ်မိပြီ။ ငါ အဲဒီကို ဘယ်လိုသွားရမလဲ၊ ဘယ်လိုသွားရမလဲ။ ပြီးတော့ ဒီအကြောင်းတွေကို ဘယ်သူ့ကိုမှမပြောတာ ကောင်းပါတယ်။ ငါပြောရင်လည်း သူတို့က ယုံကြတာ မဟုတ်ဘူး။ ဒီအတိုင်းနေပြီး အခွင့်သာတဲ့တစ်နေ့ ငါ အဲဒီနေရာကို သွားမယ်။

အေးလှ သူ့ကိုယ်သူ ဆုံးဖြတ်ချက်ချလိုက်သည်။ သို့ရာတွင် အခွင့်က မသာခဲ့။ အသက်ကသာ တစ်ရက်ပြီးတစ်ရက် ပိုပိုကြီးလာသည်။ အေးလှ ဆယ့်ခြောက်နှစ်ထဲ ရောက်ခဲ့ပြီ။ အိမ်မှာက အလုပ်အကိုင်အဆင်မပြေသည့်နေ့များတွင် ငါးပိရည်၊ တို့စရာနှင့်သာ စားရသည်။ ကြာတော့ အေးလှ စိတ်ညစ်လာသည်။ ယခင်ဘဝက အေးအေးချမ်းချမ်း ပေါပေါလျှံလျှံ နေခဲ့၊ စားခဲ့ရသည်များကို သတိရတိုင်း ဝမ်းနည်းကာ ငိုမိသည်။

တစ်နေ့ မိသားစုက သူ့ကို ရွာထဲသို့ ဈေးဝယ်လွှတ်လိုက်သည်။ ဈေးဝယ်ရန် ပါလာသည့်ပိုက်ဆံကို ကျစ်ကျစ်ဆုပ်၍ အေးလှ ရွာမှထွက်ကာ မြို့ကို ထွက်သည့်ကားကို စီးခဲ့သည်။ မြို့ကမှတစ်ဆင့် မြန်အောင်သို့ရောက်သည့် ကားကိုစီးကာ မြန်အောင်မှတစ်ဆင့် ကုက္ကိုစုရွာသို့ ရောအောင် လာခဲ့သည်။

ရွာထဲသို့ ဝင်သည်နှင့် လမ်းတွင် တွေ့သူအားလုံးကို အေးလှ နှုတ်ဆက်သည်။ သူ နှုတ်ဆက်ခံရသူများက သူ့ကို အံ့သြသလို ကြည့်ကြည့်သွားကြသည်။ သို့သော် အေးလှ စိတ်မပျက်။ ရွာရှိ သူ့အိမ်ကို ကောင်းကောင်းမှတ်မိသည်။ အိမ်ကို တန်းတန်းမတ်မတ်သွားသည်။ အိမ်ထဲတွင် လူသူ မမြင်ရ၍ အိမ်ထဲသို့ လှမ်းခေါ်သည်။

"ကိုသာအေး...ကိုသာအေးရေ"

ခေါ်သံကြောင့် အိမ်ထဲရှိ လူတစ်ယောက် ထွက်လာသည်။ ထိုလူက အေးလှထက် အသက်ကြီးသည့် လေးဆယ်ဝန်းကျင်ရွယ် ဖြစ်သည်။ ထိုလူရွယ်က အေးလှကို စူးစမ်းကြည့်ပြီး မေးလိုက်သည်။

"နေပါဦး၊ မင်းက ဘယ်သူနဲ့ တွေ့ချင်တာလဲ"

"ကျွန်မ ကိုသာအေးနဲ့ တွေ့ချင်တာပါ"

"ဘယ်လိုပြောတယ်"

"ဟုတ်တယ်၊ ကျွန်မ ကိုသာအေးနဲ့ တကယ်တွေ့ချင်တာပါ။ ကျွန်မ အဝေးကြီးကနေ လာခဲ့ရတာပါ။ ဒါနဲ့ နေပါဦး။ နင်က ဘယ်သူလဲ။ ငါ နင့်ကို ဒီအိမ်မှာ မတွေ့ဖူးပါဘူး"

အေးလှစကားကြောင့် အိမ်ထဲမှ လူရွယ်မှာ အံ့သြကာ ဒေါသလည်း ဖြစ်သွားပုံရသည်။ အေးလှကို မျက်လုံးပြူးမျက်ဆန်ပြူးကြည့်ကာ ခါးထောက်လျက် ပြန်မေးဟောက်လိုက်သည်။

"နေပါဦး၊ မင်းက ငယ်ငယ်ရွယ်ရွယ်နဲ့ ငါ့ကိုလည်း ပမာမခန့်၊ ငါဦးလေးကိုလည်း မလေးမစားနဲ့။ ဒီမှာ သူငယ်မ...မင်း စကားကို ဆင်ခြင်ပြီးပြောပါ။ ဒါနဲ့ မင်းက ဘယ်ကလဲ၊ ဘယ်သူလဲ"

"ဟဲ့...ငါနာမည် ခင်ဦးလေ။ ကိုသာအေးရဲ့မိန်းမ ခင်ဦးလေ။ နင့်ရဲ့အဒေါ်ပေါ့။ ဟား...ဟား...ခုမှ ငါ နင့်ကို ကောင်းကောင်းမှတ်မိတော့တယ်။ နင်က ကိုသာအေးရဲ့တူ မောင်ခွေးကိုး။ နင် ငါ့ကို မမှတ်မိတော့ဘူးပေါ့။ အေးလေ...ငါက တစ်ဘဝပြောင်းသွားခဲ့ရသူကိုး"

"ဗျာ...မခင်ဦး၊ ဒေါ်ခင်ဦး ဟုတ်လား။ ငါတော့ သေမှ မသိတော့ပါဘူးဟာ။ အေး...နင် ငါ့ဦးလေး ခင်ဦးသား အေးကို တွေ့ချင်ရင်တော့ ရွာအရှေ့ပိုင်းက ကြက်ဝိုင်းမှာ ရှိလိမ့်မယ်။ အဲဒီကိုသာ လိုက်သွားပေတော့"

www.burmeseclassic.com

www.burmeseclassic.com

ကိုခွေးက ခင်ဦးတစ်ဖြစ်လဲ အေးလှကို ပြောလိုက်သည်။ အေးလှ (ခေါ်) ခင်ဦးက ချာခနဲလှည့်ထွက်၍ ရွာအရှေ့ဝိုင်းသို့ သွားသည်။ ရွာအရှေ့ဝိုင်းတွင် ကြက်ဝိုင်းက ကောင်းနေသည်။ လူခဲနေသည်။ လောင်းကြေးထပ်သူများနှင့် မြူးနေသည်။ ထိုအထဲတွင် ဦးသာအေးကို ခင်ဦး (ခေါ်) အေးလှ လှမ်းမြင်လိုက်ရသည်။ ကိုခွေးက အေးလှ နောက်မှ နောက်ယောင်ခံလိုက်ကြည့်ခဲ့သည်။

ထိုမြင်ကွင်းကြောင့် အေးလှ (ခေါ်) ခင်ဦးရင်ထဲ ဆို့နှင့်သွားကာ ဒေါသလည်းဖြစ်သွားသည်။ ထို့ကြောင့် ကြက်ဝိုင်းအတွင်းသို့ဝင်၍ ကစားနေသော ဦးသာအေး၏ ပခုံးကိုပုတ်ကာ ပြန်လှည့်ကြည့်သည်နှင့် ဦးသာအေး၏ လက်ကိုခွဲကာ ဝိုင်းအတွင်းမှ ခေါ်ထုတ်ခဲ့သည်။ ပြီးနောက်-

'ကိုသာအေးရယ်..ရှင့်ကို ခုလိုမြင်လိုက်ရတာ ကျွန်မ အတော်စိတ်မကောင်းဖြစ်မိတယ်။ ဟိုးအရင်တုန်းက ရှင် ဒီအလုပ်တွေ မလုပ်တတ်ပါဘူး။ ဘယ်လိုဖြစ်ပြီး ဒီအလုပ်တွေကို လုပ်ရတာလဲဟင်။ ကျွန်မကို ပြောဦး' ဟူ၍ ငို၍ ပြောလိုက်ရာ ဦးသာအေးတစ်ယောက် ကြောင်စေးလျက် ဘာပြန်ပြောရမည်မှန်းမသိ တဒင်္ဂဖြစ်သွားသည်။

ခဏကြာမှ အေးလှတစ်ဖြစ်လဲ ခင်ဦးကို သေချာကြည့်ကာ ပြန်မေးလိုက်သည်။

'နေပါဦး ကလေးမ၊ ညည်းက ငါ့ကို ဘာတွေလာပြောနေတာလဲ။ ညည်းက ဘယ်သူလဲ။ ငါ ညည်းကို မသိဘူး'

ဦးသာအေးစကားကြောင့် ကြက်ဝိုင်းမှ တချို့လူများပင် စိတ်ဝင်စားကာ အေးလှ (ခေါ်) ခင်ဦးနှင့် ဦးသာအေးတို့ကို လှည့်ကြည့်နေကြသည်။ ထိုအခါ အေးလှ (ခေါ်) ခင်ဦးက ဦးသာအေးအပါအဝင် ဘေးမှလူများကို လှည့်ပတ်ကြည့်လိုက်သည်။ ပြီးမှ-

'ဒီမှာ ကိုသာအေး..ကျွန်မက ရှင့်ရဲမိန်းမ ခင်ဦးလေ။ ရှင် ကျွန်မကို မယုံဘူးလား။ ကျွန်မ ထားခဲ့တဲ့၊ မှတ်ခဲ့တဲ့ ပစ္စည်းတွေ လိုက်ပြမယ်။ ရှင် ဘာသိချင်လဲ၊ ဘာပြောမလဲ။ ကျွန်မ အားလုံးပြောပြမယ်၊ လာ။ ကျွန်မနဲ့ လိုက်ခဲ့' ဟူ၍ ပြောကာ ဦးသာအေး၏လက်ကိုဆွဲ၍ ခေါ်သွားလေသည်။

ကြက်ဝိုင်းမှလူများ တစ်ယောက်တစ်ပေါက်ပြောရင်း ကျွန်ရစ်ခဲ့ကြသည်။ ထိုအခါမှ ဦးသာအေး၏တူ ကိုခွေးက ဝင်၍ရှင်းပြသည်။

'ကျွန်တော့်အထင်တော့ ဟိုတုန်းက ဦးလေးရဲ့မိန်းမ ခေါ်ခင်ဦးဝင်စားတဲ့သူပဲ ဖြစ်ရမယ်။ ဘာကြောင့်လဲဆိုရင် ဦးလေးနဲ့ပတ်သက်ပြီး ပြောနေတာအားလုံး အမှန်ချည်းပဲ။ ပြီးတော့ ကျွန်တော့်အမည်နဲ့ ကျွန်တော့်ကိုတောင် ဦးလေး တူဆိုပြီး မှတ်မိနေတယ်။ ကဲ..ကျွပ်လည်း နောက်က လိုက်ကြည့်လိုက်ဦးမယ်ဗျာ'

ကြက်ဝိုင်းမှလူများ အံ့အားသင့်ကာ ကျွန်ရစ်ခဲ့ကြသည်။ ကိုခွေးတစ်ယောက် ဦးသာအေးအိမ်ထဲရောက်တော့ အေးလှ (ခေါ်) ခင်ဦးနှင့် ဦးသာအေးတို့ တစ်ယောက်ကို တစ်ယောက် ဖက်ကာ ငိုကြွေးနေကြသည်။

'ငါ ယုံပါပြီ ခင်ဦးရယ်၊ ငါ တကယ်ယုံပါပြီ။ တကယ်တော့ နင်သေသွားရတာ ငါပေါ့လို့ ဖြစ်ရတာပါဟာ။ ငါ့ကြောင့်ပါ။ ငါသာ နင် လှမ်းခေါ်တာကို အရေးတယူပြုခဲ့မယ်ဆိုရင် နင် ဘဝခြားသွားရမှာ မဟုတ်ဘူး'

'မဟုတ်ပါဘူး ကိုသာအေးရယ်။ အဲဒီတုန်းက ကျွန်မ ကလည်း ဝိုးထိတယ်လို့ ချက်ချင်းမထင်လိုက်မိဘူး။ သံတို့၊ သစ်တို့ ရှုတာလောက်ပဲထင်တာ။ ဒါပေမဲ့ အဆိပ်က ချက်ချင်းတက်ပြီး ကျွန်မ ချက်ချင်းသေသွားခဲ့ရတယ်။ အဲဒီမှာ ပခုက္ကူနယ်က မိဘနှစ်ပါးထံမှာ လူပြန်ဖြစ်ခဲ့ရတယ်။ ဒါပေမဲ့ ရှင်နဲ့ကျွန်မအကြောင်းကို ဘယ်လိုမှ မေ့လို့မရခဲ့ပါဘူး။ အဲဒါကြောင့် အခါအခွင့်သင့်တာနဲ့ ရှင့်ဆီကို အရောက်ပြန်လာခဲ့တာပါ။ ကျွန်မပြောတာတွေ ယုံပြီနော်။ ဟောဒီ ပစ္စည်းတွေကလည်း ရှင်အလှူကြိုးလုပ်တဲ့အခါ ကျွန်မတို့ ဝတ်ဆင်ဖို့နဲ့ အလှူမှာထည့်ဝင်ဖို့ ကျွန်မကြိုးစားပြီး စုဆောင်းသိမ်းဆည်း ပုက်ထားခဲ့တာပါ'

'ယုံပါပြီ ခင်ဦးရယ်၊ ယုံပါပြီ။ မင်းဟာ ငါ့ရဲ့ခင်ဦးအစစ်ပါ။ ဒီတစ်ခါတော့ ငါ့ကို ပစ်ပြေးမသွားပါနဲ့တော့နော်'

ဦးသာအေးနှင့် ဒေါ်အေးလှတို့ ဖက်တွယ်ငိုပြေနေကြသည်ကို မြင်တွေ့နေရသည့် ရွာသူရွာသားများ အံ့သြဝမ်းသာနေကြသည်။ တကယ်လည်း ယုံကြည်ကာ ဦးသာအေးနှင့် ခင်ဦး (ခေါ်) အေးလှကို လူကြီးစုရာဖြင့် လက်ထပ်ပွဲဆင်နွဲပေးလိုက်ကြသည်။

ထိုအချိန်မှစ၍ ဦးသာအေးမှာ ကြက်တိုက်ခြင်း၊ အရက်သောက်ခြင်းတို့ကိုဖြတ်ကာ ရာသက်ပန် အလုပ်ကို ကြိုးစားလုပ်ကိုင်ရင်း ခင်ဦး (ခေါ်) အေးလှနှင့် ပျော်ရွှင်စွာ ရိုးမြေကျေ ပေါင်းသင်းနေထိုင်သွားပါတော့သည်။

ချစ်ဆင်းသူ

www.burmeseclassic.com

www.burmeseclassic.com

အေးမွန်ဘဝ၏ အိမ်ထောင်ဦးကာလများ ဖြစ်သည်။

အေးမွန်နှင့် ဒေါင်ကျာသည် တစ်ရွာတည်းသားများ ဖြစ်ကြသည်။ အေးမွန်သည် ရေကျော်ရပ်တွင် နေထိုင်ပြီး ဒေါင်ကျာသည် ဝက်ကုန်းရပ်၌ နေထိုင်သည်။

လူငယ်တို့ ဘာသာဘာဝ ရည်ငံကြပြီးနောက် လူကြီး စုံရာ ရှေ့မောက်တွင် သူတို့ နှစ်ဦး ထိမ်းမြားလက်ထပ် ခဲ့ကြသည်။ လူကြီးစုံရာ ဟူရာ၌ လင်သားမရှိ တော့သော မုဆိုးမ နှစ်ဦးသာလျှင်ဖြစ်သည်။

လက်ထပ်ထိမ်းမြား ပြီးသောအခါ အေးမွန် သည် သွေ့ျာင်နောက် ဆံထုံးပါ ဆိုသလို ခင်ပွန်းသည် နေထိုင်ရာ အိမ်သို့ လိုက်ပါသွားခဲ့ရ သည်။ ထိုအိမ်၌ ယောကျ်မ မုဆိုးမ၊ ခင်ပွန်းသည်၏ညီ ဒေါင်ဇယ်နှင့် ညီမ ဖြစ်သူ ဂျာနူးတို့ နေထိုင်ကြသည်။

ခင်ပွန်းသည် ဒေါင်ကျာ သည် တစ်ခါတစ်ရံ ယာဥ်မောင်း တစ်ဦး ဖြစ်နေတတ်ပြီး မိုးညှင်း မြို့၊ ဟိုပင်မြို့နှင့် ကျောက်စိမ်းမှော် တို့သို့ ကူးလူးသွားလာရလေ့ရှိသလို တစ်ခါတစ်ရံမှာဖြင့် ကျောက်တူး၊ ရွှေတူး၊ ကျောက်ပွဲစား အလုပ်များကို လုပ်ကိုင်နေရတတ်သူ ဖြစ်သည်။

ညီဖြစ်သူ ဒေါင်ဇယ်နှင့် ညီမ ဂျာနူးတို့နှစ်ဦးသည် ပညာတစ်ပိုင်း တစ်စနှင့် ကျောင်းမှ ထွက်လိုက်ကြ ပြီးလျှင် မိခင် ဒေါ်အားဘူနှင့် အစ်ကိုဖြစ်သူတို့

www.burmeseclassic.com

www.burmeseclassic.com

ဝန်ကြီးမြေ ဇနပဒ

ရာဖွေကျွေးသော ထမင်းကို အဆင်သင့် စားသောက်နေကြရသော မိုခိုများ ဖြစ်ကြသည်။

ဒေါ်အားဘူနေအိမ်သို့ အေးမွန်ရောက်ရှိလာသောအခါ အိမ်၏ ထမင်းအိုးဖြစ်သော ခေါက်ဆွဲဆိုင်အလုပ်ကို ဝင်ရောက်တာဝန်ယူရလေသည်။

"အဒီအိမ်မှာ ဖိုးသားရှိတယ်။ သတိထား"

ခင်ပွန်းဖ၏ညီ ဒေါင်ဖယ်ကို ရည်ညွှန်း၍ ခင်မင်သူ အသိုင်းအဝိုင်းက အေးမွန်ကို သတိပေးခဲ့ကြသည်။

ဖိုးသားဆိုသည်မှာ ထိုအရပ်.ထိုဒေသတွင် ဘိန်းဖြူ စွဲနေသောသူများကို အနွတ္တသညာ ပေးထားခြင်း ဖြစ်သည်။ ဖိုးသားနှင့် ပတ်သက်သော မကောင်းသတင်းများကို နားရည်ဝနေပြီဖြစ်သော်လည်း ဖိုးသားပေးသော ဒုက္ခဝေဒနာကို နဖူးတွေ့ဒူးတွေ့ အေးမွန် မကြုံဖူးသေးချေ။ အကြောင်းမှာ အေးမွန် ကြီးပြင်းရာ ပတ်ဝန်းကျင်၌ ဖိုးသားမရှိသောကြောင့် ဖြစ်သည်။

ခုတော့ အိမ်ထောင်ကျလေကာမှ ဖိုးသားနှင့် တစ်အိမ်တည်းနေရသောဘဝသို့ ရောက်ခဲ့ရလေပြီ။

"ရွှေတွေ,ငွေတွေ တန်ဖိုးရှိတာတွေကို အလွယ်တကူ မထားနဲ့နော် အေးမွန်"

ခင်ပွန်းသည် ဒေါင်ဂျာကလည်း ထိုသို့ သတိပေးခဲ့သည်။

ကနဦးကာလများမှာတော့ အေးမွန် ဂရုစိုက်ထား၍ သိမ်းဆည်းသင့်သည်များကို သိမ်းဆည်းခဲ့သေးသည်။ အချိန်ကာလတစ်ခုအထိ ဖိုးသားဘက်က လူပ်ရှားမှုတစ်စုံတစ်ရာ မတွေ့ရသောအခါ မိသားစုဝင်အချင်းချင်း မလုပ်တန်ကောင်းပါဘူးဟူသောအတွေးကြောင့် နေရိုးနေစဉ် နေထိုင်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်မှာပင် ဖိုးသမား၏ ဇာတိရပ်က ဘူးပေါသလို ဘွားခနဲ ပေါ်လာလေတော့သည်။

'ဒေါင်ဂျာရေ..အိပ်ခန်းထဲက သေတ္တာပေါ်မှာထားတဲ့ ပိုက်ဆံတွေ ပျောက်သွားပြီတော့'

ဒေါင်ဂျာကို အေးမွန် အသိပေးလိုက်ရသည်။

'နင် အထားမှားတာနေမှာပေါ့။ ဘာဖြစ်လို့ ပျောက်ရမှာလဲ'

အနှီစကားသံသည် ခင်ပွန်းထံမှ ထွက်ပေါ်လာခြင်း မဟုတ်ဘဲ ယောကျ်မဒေါအားဘူ ဝင်ပြောလိုက်သံဖြစ်သည်။

'မနက်ဖြန် စျေးဝယ်ဖို့ချန်ထားတဲ့ပိုက်ဆံ။ အဲဒီပိုက်ဆံ မရှိတော့ရင် ခေါက်ဆွဲဆိုင် ဘယ်လိုဖွင့်ရတော့မှာလဲ'

အေးမွန်အနှီးသို့ ဒေါင်ဂျာရောက်လာသည်။ ဒေါင်ဂျာ မျက်နှာပေါ်၌ စိတ်ရှုပ်ထွေးနောက်ကျိနေသော အမူအရာကို အထင်းသားမြင်ရသည်။

'တစ်ခုခုပျောက်ပြီရှုပ်ဆိုရင် ဒေါင်ဇယ်ကိုပဲ ထင်နေကြတယ်။ ဒေါင်ဇယ် အိမ်ပြန်မလာတာ ဘယ်နှစ်ရက် ရှိနေပြီလဲ။ ကိုယ့်ဘာသာ နမော်နမဲ့ ထားချင်ရာထားပြီး ငါ့သားကို စွပ်စွဲချင်သေးတယ်'

ဒေါအားဘူ နှုတ်က မြည်တွန်တောက်တီးနေသော စကားကို အေးမွန် မသိကျိုးကျွံပြုနေလိုက်သည်။ နေ့လယ်ခင်း ဒေါအားဘူ အိမ်၌မရှိခိုက် အိမ်သို့ ဒေါင်ဇယ် ဖြုန်းစားကြီးရောက်လာပြီး ချက်ချင်းပြန်ထွက်သွားသည်ကို ရေတွင်း၌ အေးမွန် ရေချိုးနေရာက လှမ်းမြင်လိုက်မိသည်။ သို့သော် ဒေါအားဘူကို ခွန်းတုံ့မပြန်ဖြစ်တော့ဘဲ စကားများကို ရင်ထဲ၌သာ သိုသိပ်ထားလိုက်သည်။

'ဘယ်လိုလုပ်ကြမလဲ ဒေါင်ဂျာ'

လင်မယားနှစ်ယောက် ခေါင်းချင်းဆိုင်မိကြသည်။

အလုပ်လက်မဲ့ဖြစ်နေလေသော ဒေါင်ဂျာဆီမှာလည်း ငွေခြွေးတစ်ပြားမှ မရှိသည်ကို အေးမွန်အသိပင်ဖြစ်သည်။ အရင်းအနှီး မရှိတော့၍ ခေါက်ဆွဲဆိုင် မဖွင့်နိုင်ပါက အေးမွန်တို့ ထမင်းငတ်လေတော့မည်။ တစ်နည်းနည်း ကြံရပေတော့မည် မဟုတ်ပါလား။

အဆုံးတွင် အေးမွန်၏နားတွင်ပန်ထားသော တစ်မတ်သား မရှိတရှိ နားကပ်လေးကို ပေါင်နှံ၍ ပြဿနာကို ဖြေရှင်းလိုက်ရလေသည်။ အေးမွန်မွေးနေ့တွင် အစ်ကိုကြီး ဆင်ပေးခဲ့သော နားကပ်လေးဖြစ်၍ အေးမွန် ဝမ်းနည်း မျက်ရည်ကျခဲ့ရသည်။

ဒေါင်ဇယ် စတည်းချရာ ဘိန်းခန်းဆီသို့ ဒေါင်ဂျာ လိုက်သွားခဲ့သော်လည်း အကျိုးမထူးခဲ့ချေ။ ဘိန်းခန်းထောင့် တစ်နေရာတွင် ကွေးကွေးလေးလဲလျောင်းနေပြီး မေးသမျှ ပြောသမျှကို စကားမပြန်ဘဲ ဘိန်းမှိန်းမှိန်းနေသည်ကိုသာ တွေ့ခဲ့ရသည်။

ထိုနားကပ်လေးကို နှစ်ပတ်လည်သည့်တိုင်အောင် ပြန်မရွေးနိုင်ခဲ့ဘဲ အေးမွန် နားပေါက်ဟောင်းလောင်းနှင့် နေခဲ့ရသည်။

'ဘယ်လိုလဲ၊ ဖိုးသမားနဲ့ တစ်အိမ်တည်းနေရတဲ့ အရာသာကို သိသွားပြီ မဟုတ်လား'

ကျောင်းနေဖက်သူငယ်ချင်းတစ်ဦးက အေးမွန်ကိုမေးရာ အေးမွန်က-

'အမယ်လေး..အံ့ရော..အံ့ရော၊ ထဘီစုတ် တောင် မထားဘူး။ ဖိုးသမား အောက်တန်းကျပုံများ ပြောစရာ စကားတောင် မရှိတော့ဘူး'ဟု ပြန်ဖြေမိသည်။

တစ်ကြိမ်မှာလည်း ရပ်ကျော်ရွာကျော် အုတ်အော်သောင်းတင်း ဖြစ်ရပ်တစ်ခု ဖြစ်ခဲ့လေသေးသည်။

ဖြစ်စဉ်မှာ ဒေါင်ဇယ်နှင့် သွေးတူမွေးတူ ဖိုးရှူဖက်နှစ်ယောက်သည် ရွာနှင့်အတန်ငယ်ကွာဝေးသော ညောင်ကုန်းရပ်သို့သွား၍ ဝက်တစ်ကောင်ကို ခိုးယူခဲ့သောအမှုဖြစ်သည်။ ဝက်ပိုင်ရှင်က မကျေနပ်၍ ရဲစခန်းတွင် အမှုဖွင့်ခဲ့လေသည်။ ရဲက ဒေါင်ဇယ်နှင့် အပေါင်းပါနှစ်ယောက်ကို အိမ်တိုင်ရာရောက်သွားပြီး ဖမ်းဆီးသွားခဲ့သည်။ အမှုကျေအေးဖို့အရေး ဒေါအားဘူနှင့် မိဘနှစ်ဦးမှာ အတော်ပင် ကသီလင်တ ဖြစ်ခဲ့ကြရသည်။

ဆင်ဖိုးထက် ချွန်ဖိုးကြီးဆိုသလို ဝက်ပိုင်ရှင်တောင်းသောငွေကို ပေးလျော်ခဲ့ရသည့်နည်းတူ အမှုကျေအေးရန် လက်သိပ်ထိုးငွေကိုလည်း ကုန်ကျခံခဲ့ရလေသေးသည်။

'ကလေးတွေ အပြောင်အပြက်လုပ်တာကို ရေးကြီးခွင်ကျယ်လုပ်ပြီး ရဲစခန်းသွားတိုင်ရတယ်လို့'

ဒေါအားဘူ၏ သဘောထားဖြစ်သည်။ ထိုသဘောထားကြောင့် ဒေါင်ဇယ်သည် လူလူသူသူကြားတွင် မျက်နှာပြောင်တိုက်နေနိုင်ခဲ့သည်။

ထိုသဘောထားကြောင့်ပင် အိမ်၌လည်း အသေးအဖွဲ့ အပျောက်အရှလေးများကို စာဖွဲ့မနေကြတော့ဘဲ ကေသာလကန်ထားလိုက်ကြရလေတော့သည်။

♦ ♦ ♦

www.burmeseclassic.com

ဒေါင်ဇယ်ကို သူပုန်တွေ ဖမ်းထားတယ်တဲ့'

အေးမွန်ရှိရာ ခေါက်ဆွဲဆိုင်သို့ ဒေါ်အားဘူ ရေးကြီးသုတ်ပျာ အမူအရာဖြင့် ရောက်လာပြီး ပြောလိုက်ခြင်းဖြစ်သည်။ အချိန်မှာ ခေါက်ဆွဲဆိုင်တွင် လူကျနေချိန်ဖြစ်သည်။ ခေါက်ဆွဲစားနေကြသူများ၏ မျက်ဝန်းများ ဒေါ်အားဘူ မျက်နှာဆီသို့ စုပြုံရောက်ရှိသွားသည်။

ယောကျ်မမျက်နှာပေါ်၌ မျက်ရည်စတချို့ ရှိနေသည်ကို အေးမွန် မြင်ရသည်။

ရုတ်တရက်မို့ ဒေါ်အားဘူကို အေးမွန် ဘယ်လိုတုံ့ပြန်ရမည်မသိ၊ နှုတ်ဆွံ့နေမိသည်။ ဒေါင်ဇယ်သည် ခင်ပွန်းသည်နှင့်အတူ တနံဘမြစ်ဆုံတွင် ရွှေတူးနေခြင်း ဖြစ်သည်။ သူပုန်အဖွဲ့က ဘယ်လိုကဘယ်လို ဒေါင်ဇယ်ကို မျက်စိကျသွားလေသည်မသိ။

သို့ဆိုလျှင် ခင်ပွန်းသည် ဒေါင်ဂျာသည်ရော ရွှေတွင်း၌ ဘေးမသီ ရန်မခဘဲ နေနိုင်ပါဦးမည်လား။ ခင်ပွန်းသည်အတွက် အေးမွန် စိတ်ပူသွားမိသည်။

'ရွှေ(၂)ကျပ်သားပေးပြီး ရွေးယူရမယ်တဲ့'

ယောကျ်ဆီက နောက်ဆက်တွဲစကား ဖြစ်သည်။ ထိုစကားက အေးမွန်ကို မျက်လုံးပြူးသွားစေသည်။ အံ့အားတသင့်လည်း ဖြစ်သွားစေသည်။

'တစ်လအတွင်း လာမရွေးဘူးဆိုရင် သေဒဏ်ပေးပစ်မယ်တဲ့'

ထိုစကားအဆုံးတွင် ယောကျ်မထံမှ ရိုက်သံတစ်ချက် ထွက်ပေါ်လာသည်။

ရွှေ(၂)ကျပ်သားနှင့် ရွေးယူရမည် ဆိုပါလား။ ရွှေ(၂)ကျပ်သားသည် ယနေ့ခေတ်ကာလ ပေါက်ဈေးအရဆိုလျှင် ငွေကျပ်(၁၀)သိန်းခန့်ပါ။ တန်ဖိုးရှိသည်။ အေးမွန်တို့မိသားစုအဖို့ ထိုငွေပမာဏသည် အိပ်မက်မျှပင် မမက်ဖူးသော အတိုင်းအဆာဖြစ်သည်။ နေ့စဉ် ထမင်းနပ်မှန်အောင်စားရဖို့ အရေး ခေါက်ဆွဲဆိုင်လေးနှင့် ကျားကန်နေထိုင်နေရခြင်းဖြစ်သည်။

'ငါ ဒီလိုထိုင်နေလို့ မဖြစ်သေးပါဘူးလေ'

ဒေါ်အားဘူ ပြောပြောဆိုဆိုနှင့် ဆိုင်မှ လှစ်ခနဲထွက်သွားသည်။

'ဒေါင်ဇယ်ဆိုတာ အငယ်ကောင့် ဖိုးသမား မဟုတ်လား'

အေးမွန်ဆိုင်တွင် ခေါက်ဆွဲစားနေသူ အမျိုးသမီးတစ်ဦးက မေးသည်။

'ခုတလော သူပုန်က ဖိုးသမားတွေကိုဖမ်းပြီး ရန်ပုံငွေရှာနေတယ်လေ။ မပေးနိုင်တဲ့သူတွေကိုလည်း တကယ့်ကို သတ်ပစ်တယ်တဲ့'

'မနှစ် တစ်နှစ်တုန်းကလည်း ဖားကန့်မှော်ထဲမှာ ဖိုးသမားတွေကိုဖမ်းပြီး သတ်ပစ်ခဲ့သေးတယ်။ အဲဒီတုန်းက များဆိုရင် ဥရချောင်းထဲမှာ အလောင်းတွေ ပေါလောမျောနေတာပေါ့'

'ဖိုးသမားသေတာကို မနမြောပါဘူးအေ။ လွမ်းလည်း မလွမ်းလောက်ပါဘူး။ အေးမွန်တို့အိမ်မှာလည်း ဒေါင်ဇယ် တစ်ယောက် ဘယ်လောက်ကြိုဟ်မွေလိုက်သလဲ'

ခေါက်ဆွဲစားနေသူများ တစ်ယောက်တစ်ပေါက် ဝေဖန်နေကြရာမှ တစ်ဦးက အေးမွန်ဘက်သို့လှည့်၍ ပြောလိုက်သည်။ အေးမွန် ပြုံးရုံသာပြုံးပြပြီး ဆိတ်ဆိတ်နေလိုက်သည်။ ဖိုးသမားနှင့်ပတ်သက်ပြီး ပြောစရာစကား မရှိလေသောကြောင့် အေးမွန် ဆိတ်ဆိတ်နေလိုက်ခြင်း မဟုတ်ချေ။ ပြောစရာတွေ ရင်ထဲမှာ တစ်ပုံတပင်ရှိသည်။ ရင်နှင့်မဆုံအောင်ပင် ရှိသည်။

အေးမွန်တို့ကြီးပြင်းရာ ကချင်မြေတစ်ဝှမ်းတွင် ဘိန်းဖြူစွဲပြီး ဘဝပျက်၊ စီးပွားပျက်သွားကြသူတွေ ဒုနဲ့ဒေးဟူ၍ ဆိုရလောက်အောင် များပြားလွန်းလှသည်။ မိမိကိုယ်၌ကိုရော သူတစ်ပါးကိုပါ ကောင်းကျိုးမပေးသော ဘိန်းဖြူကို ဘာကြောင့်စွဲလမ်းနှစ်ခြိုက်နေကြပါသနည်း။

တကယ်ဆို အေးမွန်တို့ဒေသသည် နယ်စပ်ဒေသနှင့် အလှမ်းကွာဝေးသောနေရာတွင် ရှိနေခြင်းဖြစ်သည်။ အေးမွန်တို့ဒေသဆို့ ဘိန်းဖြူများ ဘယ်လိုရောက်လာကြပါသနည်း။ ဘယ်လိုလူတန်းစားတွေက သယ်ယူနေကြပါသနည်း။ ရောင်းဝယ်ဖောက်ကားနေကြပါသနည်း။ တရားဥပဒေသည် ထိုလူတန်းစားများကို လျစ်လျူရှုထားပါသလား။

အေးမွန်ရင်ထဲတွင် မေးခွန်းပေါင်း သောင်းခြောက်ထောင်မက ရှိနေသည်။

မြို့မကျောင်းဆရာတော်ကမူ ဖိုးသမားများကို မြေစာပင်များဟူ၍ သမုတ်သလို သားကောင်များဟူ၍လည်း ကင်ပွန်းတပ်သည်။ ဘာကြောင့် ဆရာတော်က သည်နယ်မြေကို ရောက်လေသနည်း။ ဆရာတော်မှာ အကြောင်းပြချက် ခိုင်ခိုင်မာမာ ရှိမည်ဟူ၍ အေးမွန် ယူဆသည်။

www.burmeseclassic.com

www.burmeseclassic.com

အေးမွန်အထင် အေးမွန်တို့ဒေသတွင် နှစ်ရှည်လများ ဖြစ်ပွားနေသော စစ်ပွဲများနှင့် ဆက်စပ်နေမည်။ စစ်ပွဲများသည် ကောင်းကျိုးတစ်စုံတစ်ခုကိုမျှ ဖြစ်ထွန်းလာမည် မဟုတ်ချေ။

ယခုဆိုလျှင် စစ်ပွဲများ ဖြစ်ပွားနေသည်မှာ နှစ်ပေါင်း (၅၀)ကျော်ခဲ့လေပြီ။ စစ်ကြောင့် လူအသက်အိုးအိမ်စည်းစိမ်များ ကြွေလွင့်ပျက်စီးရသည်။

ထိုနည်းတူ ဘိန်းဖြူကြောင့်လည်း လူငယ်လူရွယ်များ အညွှန့်တုံး ဘဝပျက် သေကျေနေကြလေသည် မဟုတ်ပါလား။

♦ ♦ ♦

"ငါ မြစ်ကြီးနားသွားလိုက်ဦးမယ်"

ဒေါ်အားဘူက ချွေးမအေးမွန်ကို အသိပေးသည်။ သားတော်မောင် ဒေါင်ဇယ့်နောက် လိုက်သွားခြင်း ဖြစ်ပေလိမ့်မည်။

"အမားတစ်ယောက်တည်း သွားမှာလား"

"ဂျာနူးကို ခေါ်သွားမယ်။ မကြာပါဘူး၊ ဒေါင်ဇယ့်ကို သွားခေါ်ပြီး ချက်ချင်းပြန်လာမှာ"

ဒေါ်အားဘူ အဆိုအရ သူပုန်လက်ရောက်နေလေသော ဒေါင်ဇယ့်ကို ရွှေ(၂)ကျပ်သားပေး၍ ရွေးယူနိုင်လေပြီထင်သည်။ ရွှေ(၂)ကျပ်သားနှင့် တန်ဖိုးညီမျှသောငွေကို ဒေါ်အားဘူ ဘယ်က ရလိုက်ပါသနည်း။ အဖိုးတန်ပစ္စည်းဟူ၍ လက်ဝယ် လက်ညှိုးထိုးပြစရာမရှိသော ဒေါ်အားဘူကို ဘယ်သူကများ ငွေချေးလိုက်ပါလေသနည်း။

နောက်တစ်နေ့ လင်းအားကြီးအချိန်တွင် ဒေါ်အားဘူနှင့် သမီးဂျာနူးတို့ နှစ်ဦးသည် မန္တလေး-မြစ်ကြီးနား အဆန်ရထားဖြင့် မြစ်ကြီးနားမြို့သို့ လိုက်ပါသွားကြသည်။

အေးမွန် နေထိုင်ရာ ရွာလေးနှင့် မြစ်ကြီးနားမြို့သည် မိုင်(၆၀)ကျော် (၇၀)နီးပါး ကွာဝေးပြီး မီးရထားခရီးသာ အဆင်ပြေသည်။

"နင့်ယောကျ်မ မြစ်ကြီးနားသွားတယ်ဆို"

မနက်ခင်း ခေါက်ဆွဲဆိုင်တွင် အပေါင်းအသင်းမိတ်ဆွေအချို့နှင့် အစ်မဖြစ်သူက အေးမွန်ကို မေးကြမြန်းကြသည်။ ထင်မြင်ချက်ပေးကြသည်။

"ဒေါင်ဇယ့်ကို သွားရွေးတာပဲဖြစ်မယ်"

အေးမွန် တစ်စုံတစ်ရာ မတုံ့ပြန်။

"ဘယ်ကများ ပိုက်ဆံရသွားသလဲ မသိဘူးနော်"

အများသိချင်နေသော အကြောင်းအရာဖြစ်သည်။

"တို့ကြားတာကတော့ နင်တို့ မြေကွက်နဲ့ အိမ်ကို အပေါင်ထားပြီး ငွေချေးလိုက်ရတယ်တဲ့"

အေးမွန်အစ်မ မမခိုင် ကြားခဲ့သောသတင်းဖြစ်သည်။

"တကယ်လို့များ မြေနဲ့အိမ်ကို ပြန်မရွေးနိုင်ရင် ဘယ်မှာများ သွားနေရပါ့မလဲ"

အေးမွန် အတွေးထဲတွင် ရုတ်ခြည်းပေါ်လာသော အတွေးဖြစ်သည်။

"ငြိုဟ်ကောင်ပဲ၊ တကယ့်ကို ငြိုဟ်ကောင်ပဲ"

အေးမွန် တီးတိုးရေရွတ်နေမိသည်။

"သွားမရွေးဘဲ ပစ်ထားလိုက်ရမှာ"

သူငယ်ချင်းတစ်ယောက်က အငေါတူးသံဖြင့် ပြောသည်။

"သွားမရွေးဘဲ ပစ်ထားလိုက်ရင် သူပုန်က ဒေါင်ဇယ့်ကို သတ်ပစ်လိုက်မှာပေါ့။ ဟိုပင်က တစ်ယောက်ကိုတောင် လာမရွေးလို့ဆိုပြီး သတ်ပစ်လိုက်ပါပကောလား"

"မိဘလေဟယ်..မိဘဆိုတာ ကိုယ့်သားသမီးကို ဘယ်လိုလုပ် လျစ်လျူရှုထားနိုင်ပါ့မလဲ"

"အေးမွန်ကတော့ ဘယ်သူ့ကို အပြစ်တင်ရမှန်းတောင် မသိတော့ပါဘူး။ နေရင်းထိုင်ရင်း ကိုယ့်မိသားစုအိမ်ကို သူတစ်ပါးလက်ထဲ ထိုးအပ်လိုက်ရပြီ"

"မြစ်ကြီးနားမှာ ဘိန်းဖြတ်ဆေးရုံ ရှိပါတယ်အေ။ မိဘအသိုင်းအဝိုင်းက ကြပ်ကြပ်မတ်မတ်လုပ်ရင် ရပါတယ်။ ဗဟုသုတနည်းပြီး သားသမီးကို အလိုလိုက်လို့ ဖြစ်နေကြတာပါ"

ထိုစကားကို ပြောလေသူမှာ အေးမွန်သူငယ်ချင်း မူလတန်းပြ ကျောင်းဆရာမတစ်ဦး ဖြစ်သည်။

"ဘိန်းဖြူသယ်တဲ့သူရှိတယ်၊ ရောင်းတဲ့သူရှိတယ်၊ သုံးတဲ့သူရှိတယ်။ ကွင်းဆက်က အရှင်းကြီးရယ်။ တရားဥပဒေကို ကိုယ့်ကျိုးအတွက် လုပ်နေကြလို့ ဒီလိုတွေဖြစ်နေကြရတာ။ ဒီလိုနဲ့ပဲ လူငယ်တွေ ဘိန်းဖြူနဲ့ နစ်နေကြရတာ မဟုတ်ဘူးလား"

"အင်း..ဒေါ်အားဘူကြီးလည်း မသေခင် ဒေါင်ဇယ့် အလောင်းဖက်ပြီး ငိုနေရဦးမှာ အသေအချာပဲ"

သို့နှင့် သုံးရက်မြောက်သော နေ့တစ်နေ့တွင် ဒေါ်အားဘူသည် သားတော်မောင် ဒေါင်ဇယ်နှင့်အတူ ရွာသို့ ပြန်လည်ရောက်ရှိလာလေသည်။ ဒေါင်ဇယ်အဆိုအရ တန်ဖိုး

www.burmeseclassic.com

www.burmeseclassic.com

မြစ်ဆုံတွင်ရှိသော ရွှေမှော်သို့ လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ ရောက်ရှိလာပြီး လုပ်ကွက်တစ်ကွက်လျှင် ရွှေ(၂)ကျပ်သား စီပေးရန် အမိန့်ပေးခဲ့ကြောင်း၊ ပေးနိုင်သူများကို ချန်လှပ်ထားခဲ့ပြီး မပေးနိုင်သူများကို ဖမ်းဆီးခေါ်ဆောင်သွားခြင်း ဖြစ်ကြောင်း၊ ရွှေမှော်ထဲမှ လူ(၉)ဦး ဖမ်းဆီးခံရကြောင်း၊ ထိုလူများကို မြစ်ကြီးနားမြို့ စီတာပုရပ်ကွက်တွင် လူစုခွဲ၍ ချုပ်နှောင်ထားခဲ့ကြောင်း၊ ရွှေ (သို့မဟုတ်) ငွေ ပေးရွေးနိုင်သူများကို ပြန်လွှတ်ပေးခဲ့ကြောင်း၊ မရွေးနိုင်သူများကို သတ်ပစ်ကြောင်း၊ လူသုံးဦးအသတ်ခံရကြောင်း ပြန်ပြောင်း ပြောပြခဲ့သည်။

အလွန်ပင်ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာ အဖြစ်ဆုံးဖြစ်သည်။ သည်တစ်ကြိမ်မှာတော့ ဒေါင်းယံသည် အတော်ပင် တုန်လှုပ်ချောက်ချားသွားပြီးလျှင် ရက်အတန်ကြာမျှ တွေတွေငေးငေး ဖြစ်သွားလေသည်။

ရွှေမှော်ရှိရာ တန်ဖိုးမြစ်ဆုံသို့လည်း ပြန်မသွားရဲတော့ချေ။ ထို့ပြင် ရွှေမှော်တွင်ကျန်ရစ်ခဲ့သော သားကြီးဒေါင်ကျာကိုလည်း အမြန်ဆုံးပြန်လာရန် ဒေါ်အားဘူ အကြောင်းကြားခဲ့ရသည်။

ရက်သတ္တပတ်အတွင်းတွင် ဒေါင်ကျာ ရွာသို့ ပြန်ရောက်လာသည်။ ရိုးသားစွာဝန်ခံရလျှင် အိမ်ရှင်မဖြစ်သူ အေးမွန်အဖို့ လင်ယောကျ်ား ရှာဖွေရရှိလာသည့် ငွေကြေးတစ်စုံတစ်ရာကို မျှော်လင့်မိသည်မှာ အမှန်ပင်ဖြစ်သည်။ တစ်နှစ်နီးပါးတိုင်တိုင် ရွှေမှော်ထဲတွင် အချိန်ကုန် လူပန်းလုပ်ကိုင်ခဲ့ရသည်။ ရွာမှ ဒေါင်ကျာနှင့်အတူ ရွှေတူးသွားကြသူတိုင်း လိုလို မိသားစုများထံသို့ ငွေမှန်မှန်ပို့ပေးနေကြသည်ကို အေးမွန် သိထားသည်။ ဒေါင်ကျာထံမှမူ တစ်ပြားတစ်ချပ်မျှ ပေးပို့လာခြင်း မရှိချေ။ ထိုကာလက ကချင်ပြည်နယ်တစ်ခွင်လုံးတွင် တန်ဖိုးမြစ်ဆုံသည် ရွှေအများဆုံးထွက်ရှိရာ ရွှေမှော်ထဲတွင် တတိယနေရာ၌ ရှိနေသည်။

ဘယ်လိုပဲဖြစ်ဖြစ် ဒေါင်ကျာလက်ဝယ်တွင် ငွေကြေးအနည်းနှင့်အများဆိုသလို ပါလာသင့်သည်ဟု အေးမွန်ထင်သည်။ ခုတော့ ဒေါင်ကျာ လက်ဗလာနှင့် ရွာသို့ ပြန်လည်ရောက်ရှိလာသည်။ ထိုမျှသာမကသေး၊ အပြန်ခရီးအတွက် စရိတ်မရှိသောကြောင့် ကျင်းသားတစ်ဦးထံမှ ငွေချေးပြီး ပြန်လာခဲ့ရသည်ဟု ဆိုပြန်သည်။

'တို့မှော်က ရွှေမထွက်ဘူး အေးမွန်ရဲ့'

ဒေါင်ကျာပေးလာသော ယုတ္တိမတန်သည့် ဆင်ခြေဖြစ်သည်။ ထိုဆင်ခြေကို အေးမွန် မယုံ။

ရွှေမထွက်သောမှော်တွင် ရင်းနှီးမြှုပ်နှံမည့် လောပန်းမရှိသလို ဝင်ရောက်အလုပ်လုပ်မည့် ကျင်းသားလည်းရှိမည် မဟုတ်ချေ။

ရွာသို့ရောက်ခါစ တစ်ရက်၊ နှစ်ရက်အတွင်း ဒေါင်ကျာ ဣန္ဒြေရနေသေးသည်။ (၃)ရက်မြောက်နေ့မှာတော့ ဒေါင်ကျာ၏ ဝှက်ထားသောလက်သည်း ပေါ်လာသည်။ ထိုတစ်နေ့က ဒေါင်ကျာ အိမ်သို့ တစ်နေ့နှင့် တစ်ညလုံးလုံး ပြန်မလာချေ။ အိမ်မှကိစ္စအပြင် ဆိုင်အလုပ်တစ်ဖက်နှင့်မို့ ဒေါင်ကျာကို အေးမွန် လိုက်မရှာအား။

ညနေခင်း ဈေးဘက်သို့ ရောက်သောအခါမှ ဒေါင်ကျာ သတင်းကို ကြားရလေသည်။

'ဒေါင်ကျာကို ဘိန်းခန်းမှာ တွေ့ခဲ့တယ်'

အေးမွန် ထောင်းခနဲ ဒေါသစိတ် မွန်ထူသွားသည်။ ချက်ချင်းပင် ဘိန်းခန်းရှိရာ ရွာအရှေ့ပိုင်းသို့ လိုက်သွားသည်။ ဘိန်းခန်း၏နောက်ဘက် ၄က်ပျော်တောထဲတွင် လူမှန်းသူမှန်း မသိလောက်အောင် ပိုးလိုးပက်လက် လဲကျနေသော ဒေါင်ကျာကို ဒေါင်းယံနှင့်အတူ တွေ့လိုက်ရသည်။

ထိုနေရာမှ အေးမွန် ချာခနဲလှည့်ထွက်ပြီး အိမ်ပြန်လာသည်။ မျက်စိတွေ ပြာနေသည်။ ဘာကိုမှမမြင်တော့။ အိမ်ပြန်ရောက်သောအခါ အခန်းထဲသို့ တန်းတန်းမတ်မတ် ဝင်သွားသည်။ ပြီးလျှင် ကိုယ်ပိုင်အသုံးအဆောင်နှင့် အဝတ်အစားများကို အိတ်တစ်လုံးထဲသို့ ထိုးထည့်သည်။ ပါးပြင်ပေါ်သို့ မျက်ရည်ပေါက်ကြီးများ အလိုလိုလိမ့်ဆင်းကျလာသည်ကို သတိထားမိသည်။ မျက်ရည်များကို လက်ခုံဖြင့် ခပ်ကြမ်းကြမ်း သုတ်ပစ်လိုက်သည်။

ထို့နောက် အိတ်ကိုဆွဲပြီး အိမ်ထဲမှ ထွက်လာသည်။

ထို့နောက်မှာတော့ အေးမွန်သည် ယောကျ်မအိမ်ကို ကျောခိုင်း၍ အမေ့အိမ်ဆီသို့ ခြေဦးလှည့်လိုက်လေတော့သည်။

♦ ♦ ♦

'အိမ်ပြန်ကြရအောင်ပါ အေးမွန်ရယ်'

အေးမွန်ကို ဒေါင်ကျာ လာရောက်ခေါ်ငင်နေလေသည်

www.burmeseclassic.com

www.burmeseclassic.com

မှာ ယခုအကြိမ်အပါအဝင် သုံးကြိမ်ရှိပေပြီ။ ကနဦးအကြိမ်များတွင် ဒေါင်ဂျာကို အေးမွန် အင်း..အဲမလုပ်၊ စကားမဆိုဘဲ တုံ့ပြန်ခဲ့သည်။

ခုလည်း အေးမွန် အံကို တင်းတင်းကြိတ်ပြီး ဒေါင်ဂျာကို မကြည့်ဘဲ မျက်နှာလွှဲထားလိုက်သည်။ ဒေါင်ဂျာက အစ်မဖြစ်သူ မမခိုင်ဘက်သို့လှည့်၍ အသနားခံသောမျက်နှာဖြင့် အကူအညီလှမ်းတောင်းသည်။

"ငါ့ညီမ ဖိုးသမားမယား ဖြစ်နေပါ့မယ် ဒေါင်ဂျာရယ်" ဟု ပြောသောအခါ ဒေါင်ဂျာက ပျာပျာသလဲ ဖြစ်သွားပြီး "ကျွန်တော် ဖိုးဖြတ်မှာပါ။ ကတိပေးပါတယ်၊ တကယ်ပါ" ဟု ကတိစကားဆိုသည်။

"ဖိုးသမားစကားကို ငါ ဘယ်လိုယုံရမလဲ"

အေးမွန် ဒေါသတကြီး မေးလိုက်သော မေးခွန်းကို ဒေါင်ဂျာ ပြန်မဖြေနိုင်။

"သွား..ပြန်တော့၊ ငါ မလိုက်ဘူး။ နင် ဖိုးပြတ်ပြီဆိုတော့မှ လာခေါ်"

အေးမွန် ယတိပြတ်စကား ဆိုသောအခါ ဒေါင်ဂျာ ခေါင်းငိုက်စိုက်ကျသွားသည်။ အတန်ကြာမျှ ငူငူငေါင်ငေါင် အမူအရာဖြင့် ထိုင်နေသေးသည်။ ပြီးလေမှ ထိုင်နေရာက လေးလေးပင်ပင် ထတဲ့ပြီး ပြန်သွားလေသည်။

ဤသို့ဖြင့် အေးမွန်နှင့် ဒေါင်ဂျာသည် ကာလအားဖြင့် သုံးလကြာမျှ ကွဲကွာခဲ့ကြရလေသည်။

ထိုကာလအတွင်း ဒေါင်ဂျာ၏ညီမ ဂျာနူး အိမ်ထောင်ကျသွားသည်။ ဒေါင်ဂျာက မြစ်ကြီးနားမြို့တွင်ဖွင့်ထားသော ဘိန်းဖြတ်ဆေးရုံသို့တက်၍ ဆေးကုသမှု ခံယူသည်။ ဒေါင်ဇယ်ကမူ ဒုံရင်းအတိုင်း ဘိန်းဖြူနှင့် နှစ်ပါးသွားနေဆဲဖြစ်သည်။ အပြောင်းအလဲကြီးတစ်ခုမှာ ဒေါ်အားဘူသည် အိမ်နှင့်မြေကို ပြန်လည်ရွေးယူနိုင်ခြင်း မရှိသောကြောင့် အိမ်နှင့်မြေ ဆုံးရှုံးသွားခဲ့လေသည်။

ထို့ကြောင့် နေအိမ်နှင့် မြေကို စွန့်ခွာပြီး အိမ်တစ်လုံး ငှားရမ်းနေထိုင်ရသောအခြေသို့ ဆိုက်ရောက်ခဲ့ရလေသည်။

တစ်ခုသော နေ့တစ်နေ့တွင် ဒေါင်ဂျာသည် မြစ်ကြီးနားမှ နေရပ်ရင်းသို့ ပြန်ရောက်လာသည်။ ရောက်လျှင် ရောက်ချင်း ဇနီးသည်အေးမွန်ရှိရာ ရေကျော်ရပ်သို့ အပြေးတစ်ပိုင်း သွားသည်။ အိမ်တွင် အေးမွန်ကို အဆင်သင့်တွေ့ရသည်။ ထိုအချိန်က အိမ်၌ အေးမွန်နှင့်အတူ အမေလည်း ရှိနေသည်။

အမေက "ဘယ်လိုလဲ၊ ဖိုးပြတ်ခဲ့ပြီလား" ဟု မေးတော့ ဒေါင်ဂျာက "ဟုတ်ကဲ့ အမေ၊ ပြတ်ခဲ့ပါပြီ။ ဒါပေမဲ့ ဆေးကိုတော့ တစ်လလောက် ဆက်သောက်ရဦးမယ်" ဟု ပြန်ဖြေသည်။

အမေက အေးမွန်ကို လှမ်းကြည့်သည်။ တစ်ဖန် ဒေါင်ဂျာဘက်လှည့်၍ "မင်းတို့အမေ အခု ရှမ်းပိုင်းမှာ အိမ်ငှားနေတယ်။ အငယ်မလည်း အိမ်ထောင်ကျသွားပြီဆိုတော့ တစ်ယောက်တည်း ပင်ပန်းနေမှာပေါ့" ဟု ဆိုပြန်သည်။

"မင်းတို့အမေက သားသမီးကို အလိုလိုက်လွန်းတယ်။ မဟုတ်တာ လုပ်နေတာမျိုးကိုတော့ မလုပ်အောင် တားရမယ်။ ရအောင်ကို ဆုံးမရမယ်"

"ဟုတ်ကဲ့ အမေ၊ ကျွန်တော်နားလည်ပါတယ်"

"မင်းညီဒေါင်ဇယ်ရော ဖိုးပြတ်ဖို့ မလုပ်ဘူးလား"

"ပြောလို့မရဘူး အမေ။ ကျွန်တော် မြစ်ကြီးနားမသွားခင် ခေါ်သေးတယ်။ မလိုက်ဘူးတဲ့၊ သေချင်သေပါစေတဲ့"

"ဟိုတလောက ငါ အလှူတစ်ခုရှိလို့ ရှမ်းပိုင်းကို ရောက်တော့ ဒေါင်ဇယ်ကို တွေ့လိုက်တယ်။ လူက ဖောသွပ်သွပ်ဖြစ်နေပြီ။ လက်မှာလည်း ဖိုးထိုးထားတဲ့အပ်ရာတွေက အနာဖြစ်ပြီး သားနံရည်တွေရွဲလို့စိုလို့။ ဒီပုံအတိုင်းဆိုရင် ကြာကြာနေရတော့မယ် မထင်ဘူး"

အမေ့စကားကို နားထောင်နေသော်လည်း ဒေါင်ဂျာ မျက်ဝန်းက အေးမွန်ဟူသော မျှော်လင့်ချက်ဆီသို့ ရောက်နေသည်။

အေးမွန် ထိုင်ရာမှထပြီး အခန်းတွင်းသို့ဝင်သည်။ တစ်ခဏအကြာတွင် ခရီးဆောင်အိတ်ကိုဆွဲ၍ ပြန်ထွက်လာသည်။ ဒေါင်ဂျာမျက်နှာ ဝင်းထိန်သွားသည်။ အမေ့မျက်နှာမှာလည်း အပြုံးကို တွေ့ရသည်။

"လင်မယားချင်း သင့်မြတ်အောင်နေကြ။ တိုင်တိုင်ပင်ပင် စီးပွားရှာကြ။ မူးယစ်ဆေးကိုတော့ ဝေးဝေးက ရှောင်မှဖြစ်မယ်။ အထူးသဖြင့် အပေါင်းအသင်း အရေးကြီးတယ်"

ပြီး အေးမွန်ကို မှာပြန်သည်။

"မင်းယောကျ်ားမကိုလည်း ကူပေးလိုက်ဦး။ ခေါက်ဆွဲဆိုင်လေးကို တစ်ယောက်တည်း လုပ်နေရတာ"

ဒေါ်အားဘူ နေထိုင်ရာအိမ်သို့ လင်စုံမယားဖက် ပြန်လည်ရောက်ရှိလာသောအခါ ဒေါ်အားဘူက ငါးကို ပြန်မလာတော့ဘူးလို့တောင် ထင်နေတာဟူသော စကားဖြင့်

www.burmeseclassic.com

www.burmeseclassic.com

ခရီးဦးကြိုဆိုသည်။

"ကျွန်တော် ဖိုးပြတ်ခဲ့ပြီ အမား"

"ကောင်းတာပေါ့။ ဒေါင်ဇယ်တစ်ကောင် ကျွန်သေးတယ်။ ငါလည်း ဘယ်လိုလုပ်ရမယ်မှန်းကို မသိတော့ဘူး"

ထိုနေ့မှ အစပြု၍ ဒေါ်အားဘူ၏ ခြောက်သွေ့တိတ်ဆိတ်လျက်ရှိသော နေအိမ်လေးသည် ပြန်လည်သက်ဝင်လှုပ်ရှားလာသည်ဟု ဆိုရမည် ဖြစ်သည်။

အေးမွန်က ယောကျ်ားမနှင့်အတူ ခေါက်ဆွဲဆိုင်အလုပ်ကို ဝင်၍တာဝန်ယူသည်။ ဒေါင်ဂျာက ကားပြန်မောင်းသည်။ ကျောက်ပွဲစားအလုပ်ကိုလည်း ပြန်လုပ်သည်။ မူးယစ်ဆေး မသုံးတော့သော ရှားရှားပါးပါး လူငယ်တစ်ဦးဖြစ်၍ လူအများက ဝမ်းပန်းတသာကြိုဆိုကြသည်။ ယုံကြည်လာကြသည်။

မကြာ အလုပ်၌ စွဲစွဲမြဲမြဲဖြစ်လာသည်။ ပတ်ဝန်းကျင်ကောင်းနှင့် အထိအတွေ့ ပိုများလာသောကြောင့် ပတ်ဝန်းကျင်၏ အကူအပံ့ကိုလည်း ရလာလေသည်။ အလုပ်အကိုင်မြဲပြီး အဆင်ပြေလာသည့်အလျောက် ဝင်ငွေလည်း ပုံမှန်ရရှိလာလေသည်။

"ကိုယ်ပိုင်အိမ်နဲ့ ပြန်နေနိုင်အောင် ကြိုးစားရမယ်"

သည်နှယ်လည်း ဘဝရည်မှန်းချက် ရှိလာသည်။ မျှော်လင့်ချက် ရှိလာသည်။

"မင်းကတော့ ဟုတ်သလိုလိုရှိလာပြီမောင်။ ဒေါင်ဇယ်တစ်ကောင် ကျွန်သေးတယ်"

ပတ်ဝန်းကျင်က အကောင်းဘက်သို့ ဦးတည်ပြောင်းလဲလာသော ဒေါင်ဂျာကို သံသယနှင့် အသိအမှတ်ပြုလာကြသော်လည်း လမ်းပျောက်ဆဲဖြစ်သော ဒေါင်ဇယ်ကိုတော့ ထောက်ပြဝေဖန်ကြသည်။

"ဒေါင်ဇယ်..မင်းအစ်ကိုနဲ့ မြစ်ကြီးနားလိုက်သွားပြီး ဒိုးဖြတ်ချည်ပါလား"

ဒေါ်အားဘူက မျှော်လင့်ချက်စကားဆိုသည်။ သို့သော် အရာမထင်။

"မရတော့ဘူး အမား၊ ကျွန်တော်က လွန်နေပြီ။ ဖိုးဖြတ်လိုက်တာနဲ့ အသက်ပါ ပါသွားတော့မှာ။ သေမယ့်အတူတူ ဘာဖြစ်လို့ အချိန်ကုန် ငွေကုန်ခံပြီး ဖြတ်နေတော့မှာလဲ"

မိခင်ဖြစ်သူကို ဒေါင်ဇယ်က ဆင်ခြေပေးသည်။ ဒေါင်ဇယ့်ကို ဒေါ်အားဘူ နမြောတ,သစ္စာ ငေးကြည့်နေမိသည်။ ဒေါင်ဇယ့်ကို မြင်ရသည်မှာ စိတ်နလုံး နောက်ကျူရသလို ရွံရှာဖွယ်ဖြစ်နေသည်။

အဝါရောင်သန်းနေပြီဖြစ်သော အသားအရေ၊ ရောင်ကိုင်းဖောင်းကြွနေပြီဖြစ်သော ခြေခုံ,လက်ခုံများ၊ ပြီးတော့ အနာဗရပွနှင့် အရည်တမြားမြားကျနေသော ခြေနှင့် လက်များ။

"ငါသေချင်တယ်။ ငါသေသွားရင် ကောင်းမယ်"

ဒေါ်အားဘူ စိတ်ပျက်လက်ပျက် ညည်းညူလိုက်သံဖြစ်သည်။

"အမား မသေနဲ့ဦး။ အမားက နေရဦးမယ်၊ ကျွန်တော် သေတာကို ကြည့်သွားရဦးမယ်"

အေးမွန်၊ ဒေါင်ဂျာနှင့် ဒေါ်အားဘူတို့ တစ်ယောက်မျက်နှာတစ်ယောက် လှမ်းကြည့်လိုက်ကြသည်။ ထိုစကားကိုပြောအပြီး ဒေါင်ဇယ်သည် အိမ်ပြင်ဘက်သို့ ထွက်သွားသည်။ ထိုနေ့သည် မိသားစုဝင်များအဖို့ ဒေါင်ဇယ်ကို နောက်ဆုံး မြင်တွေ့လိုက်ရခြင်း ဖြစ်သည်။

ထိုနေ့မှစ၍ ဒေါင်ဇယ် ပျောက်ဆုံးသွားသည်။ ရက်သတ္တပတ်ကြာသည့်တိုင်အောင် အိမ်သို့ ပြန်မလာတော့ချေ။ ရက်ခြားဆိုသလို အိမ်ပြန် ထမင်းစား၊ ပိုက်ဆံတောင်း၊ အိမ်ပြန်အိပ်လေ့ရှိသော သားတော်မောင် ပျောက်ဆုံးသွားသောအခါ ဒေါ်အားဘူ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်လာတော့သည်။ မျက်ကလူးဆန့်ပျာ ဖြစ်လေတော့သည်။

ဒေါင်ဇယ့်အပေါင်းအသင်းများဆီသွား၍ မေးမြန်းရသည်။ ဒေါင်ဇယ်သွားတတ်လာတတ် အလေ့ရှိသော နေရာများသို့သွားပြီး စုံစမ်းရသည်။ ရွာအရှေ့ဖျား၌ရှိသော ဘိန်းခန်းများပါ မကျန်ခဲ့ချေ။ ထို့အပြင် အနီးအပါးရှိ ရွာများသို့လည်း စက်ဘီးတစ်စီးဖြင့် သွားရောက်ရှာဖွေခဲ့လေသေးသည်။

ဒေါင်ဇယ့်သတင်းကိုကား စိုးစဉ်းမျှ မရရှိခဲ့ပါချေ။ ဒေါင်ဇယ် ဘယ်မှာပါနည်း။

◆ ◆ ◆

ထိုရက်များအတွင်းတွင်ပင် နန့်ရင်ချောင်း အရှေ့ဘက်ကမ်းသို့ ပို့ရသွားသော အမျိုးသမီးတစ်ဦးက ကိုင်းတောတစ်ခုထဲ၌ လူသေအလောင်းတစ်လောင်း တွေ့ရှိခဲ့သည်ဆိုသောသတင်း ထွက်ပေါ်လာသည်။

ထိုအလောင်းသည် ပျောက်ဆုံးလျက်ရှိသော ဒေါင်ဇယ်၏ ရုပ်အလောင်းပင် ဖြစ်မည်ဟူ၍ အေးမွန်ယူဆသလို ရွာသားအားလုံးလိုလိုကလည်း ယူဆကြသည်။

www.burmeseclassic.com

www.burmeseclassic.com

နန့်ရင်းချောင်းသည် ရွာ၏အရှေ့ဘက်တွင် တည်ရှိပြီး မြောက်ဘက်မှ တောင်ဘက်ယွန်းယွန်းသို့ စီးဆင်းနေသော ချောင်းဖြစ်သည်။ ချောင်းသည် မကျယ်လှ။ ထို့အတူ ရေသည် မများ။ ရေစီးလည်း မသန်ချေ။ ရာသီမရွေး အလွယ်တကူ လမ်းလျှောက်ဖြတ်သန်းနိုင်သော မည်ကာမတ္တာချောင်းလေးဖြစ်သည်။

သတင်းထွက်ပေါ်လာသောအချိန်မှာ မနက်ခင်း ဈေးကွဲချိန်ဖြစ်သည်။ အေးမွန့်တို့ရွာတွင် တစ်ခါဖူးမျှ မကြားစဖူး အကြားထူးသော သတင်းဖြစ်၍ လမ်းမပေါ်တွင်ရှိသော လူအားလုံး၏ ဦးခေါင်းများသည် နန့်ရင်းချောင်းဘက်သို့ ရော်ရမ်းမှန်းဆကာ တလည်လည်ဖြစ်နေကြသည်။

မကြာမတင်ကာလမှာပင် ကျေးရွာမှ လူကြီးအချို့နှင့် ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ နန့်ရင်းချောင်းဘက်သို့ ဦးတည်ထွက်ခွာသွားကြသည်ကို အေးမွန် မြင်လိုက်ရသည်။ ယောကျ်ားမဖြစ်သူ ဘယ်မှာပါနည်း။ အနီသတင်းကို ယောကျ်ားမဖြစ်သူ ဒေါ်အားဘူသည်လည်း မကြားမရှိ ကြားပြီးဖြစ်ပေလိမ့်မည်။

ထိုအချိန်က ရွာတွင် ခင်ပွန်းဖြစ်သူ ဒေါင်ဂျာ မရှိပေ။ ဒေါင်ဂျာသည် ရွာနှင့် မိုးညှင်း ပြေးဆွဲလျက်ရှိသော လိုင်းကားမောင်းနှင်နေရသည်။

"အမယ်လေး..ဒုက္ခရောက်ပါပြီ၊ ကယ်ကြပါဦး။ ဘယ်လိုလုပ်ကြမလဲ"

အဝတ်အစား ဖိုသီဖတ်သီ၊ မျက်ရည်လည်ရွဲ အူယားဖားယားဖြင့် ဒေါ်အားဘူ ဆိုင်သို့ ရောက်လာသည်။

ဒေါ်အားဘူကို အေးမွန် ဘယ်လိုနှစ်သိမ့်ရပါမည်နည်း။ အေးမွန် စကားလုံးရှာမရ။ နှုတ်ဖျားပေါ် ရောက်မလာ။ ခံစားချက်တစ်စုံတစ်ရာလည်း ဖြစ်မလာ။ ဒေါင်ဂျယ်နှင့် ပတ်သက်၍ နှမြောတာ၊ သစ်တံ၊ ယူကျုံးမရစိတ်နှင့် သနားကရုဏာစိတ် မဖြစ်ပေါ်လာသည်မှာ အံ့သြစရာမဟုတ်ဟု အေးမွန် ထင်သည်။

လူပေါက်ပန်းတစ်ယောက် လူလောကကြီးထဲတွင် တာရှည်လေးမြင့် အသက်ရှင်ရပ်တည်နေခြင်းသည် လူလောကအတွက် အကျိုးတစ်စုံတစ်ရာ ဖြစ်ပေါ်လာစရာ အကြောင်းမမြင်ချေ။

ထိုအခိုက် ဒေါ်အားဘူသည် နန့်ရင်းချောင်းဘက်သို့ ထွက်သွားသည်။ တစ်ချိန်တည်းမှာပင် လမ်းမကြီးအတိုင်း အရှေ့ဘက်မှ အနောက်ဘက်သို့ ရွေ့လျားသွားလာသော လူအုပ်တစ်အုပ်ကို တွေ့ရသည်။ လူအချို့က တစ်စုံတစ်ရာကို သယ်မ၊ လာကြပြီး လူအုပ်က နံဘေးဘက်မှ ခြံရံကာ တရွှန်းရွှန်းဖြစ်နေသည်။

မကြာ အေးမွန်ဆိုင်ရှေ့သို့ ထိုလူအုပ် ရောက်လာပြီး ဖြတ်သန်းသွားသည်။ ထိုလူအုပ်ကို အေးမွန် မကြည့်ရဲ မျက်နှာလွဲ၍ နေလိုက်သည်။ အမြင်အာရုံကို ရှောင်လွဲ၍ နေနိုင်သော်လည်း ဆိုးဝါးသောအနံ့အသက်ကိုမူ သူ မရှောင်တိမ်းနိုင်ချေ။ အပုပ်နံ့က ထောင်းထောင်းထနေသည်။

"အမယ်လေး..သားလေးရဲ့၊ အဖြစ်ဆိုးလှချည်လား ကလေးရဲ့"

ဒေါ်အားဘူအသံက လှိုက်လှိုက်ဖိုဖို ရှိလှသည်။ သေချာသွားပေပြီ။ ထိုအလောင်းသည် ဒေါင်ဇယ်အလောင်းဖြစ်သည်မှာ သေချာသွားပေပြီ။

"ရုပ်တောင်ပျက်နေပြီ။ တောခွေးတွေ စားထားတာနေမှာပေါ့"

အလောင်းကို မြင်လိုက်ရသော အမျိုးသမီးကြီးတစ်ဦးက ပြောပြသလို အမျိုးသားကြီးတစ်ဦးကလည်း သေနေတာ ရက်နည်းနည်းကြာသွားပြီထင်တယ်။ အလောင်းက ပုပ်ပွနေပြီဆိုတော့ဟု ဆိုပြန်သည်။

အတန်ကြာမျှ အေးမွန် မှင်တက်မိနေသည်။ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိနိုင်အောင် တုန်လှုပ်နေမိသည်။ အလောင်းသယ်ယူသွားရာနောက်သို့ ဒေါ်အားဘူနှင့်အတူ လိုက်ပါသွားရမည်လား၊ သို့မှမဟုတ် အိမ်သို့ပင် ပြန်ရလေမည်လား။

အေးမွန် အိမ်သို့ မပြန်ရဲတော့သလို ဒေါ်အားဘူနောက်သို့လည်း မလိုက်ရဲချေ။

ထိုစဉ် ခင်ပွန်းဒေါင်ဂျာ ရောက်လာပြီး "အမားနောက်လိုက်သွားလိုက်ဦးမယ်။ ဆိုင်မှာပဲ စောင့်နေနော်။ မကြာဘူး ပြန်လာခဲ့မယ်" ဟုပြောပြီး ခပ်သုတ်သုတ်ပြန်ထွက်သွားသည်။

"အလောင်းကို ရင်ခွဲရဲ့ ပို့လိုက်တယ်တဲ့။ ဘယ်လို ကြောင့် သေတယ်ဆိုတာကို ဆရာဝန်က စစ်ပေးရမှာတဲ့"

လမ်းသွားလမ်းလာ တစ်ဦးက အေးမွန်ကို ပြောပြခြင်း ဖြစ်သည်။

ထိုနေ့က အေးမွန်သည် မွန်းတည့်ချိန် ရောက်သည်အထိ ဆိုင်တွင် စောင့်ဆိုင်းနေခဲ့ရသည်။ ယောကျ်ားမဖြစ်သူ ခင်ပွန်းဖြစ်သူတို့ ရောက်လာသောအခါ "ဆေးရုံက ခမ္မတာ အတိုင်းသေတာ ဟုတ်၊ မဟုတ် စစ်ဆေးပြီးပြီလား ပြောတယ် ကိုင်းတောထဲကို တစ်ယောက်ယောက် လာပစ်သွားတယ်လ

www.burmeseclassic.com

www.burmeseclassic.com

ရဲက ယူဆတယ်တဲ့။ မသေခင် ပစ်သွားတာလား၊ သေပြီးမှ ပစ်သွားတာလား ဆိုတာကိုတော့ မပြောသေးဘူး' ဟု အေးမွန်ကို ဒေါင်ကျာက ပြန်ပြောပြသည်။

ရက်အနည်းငယ်ကြာပြီးနောက် ထိုလိပ်ခဲတည်းလည်းဖြစ်နေသော ခက်ဆစ်အဖြေကို ရဲတပ်ဖွဲ့နှင့် တိုက်နယ်ဆေးရုံက ဖော်ထုတ်ရှင်းလင်းနိုင်ခဲ့လေသည်။

ဒေါင်ဇယ် သေဆုံးသွားရသော အကြောင်းရင်းအမှန်မှာ ဘိန်းဖြူအလွန်အကျွံသုံးစွဲမိသောကြောင့် ဦးနှောက်ကြောပြတ်ပြီး သေဆုံးသွားရခြင်းဖြစ်သည်။ သို့သော် ဒေါင်ဇယ်သည် နန့်ရင်းချောင်းအရှေ့ဘက်ကမ်း ကိုင်းတောထဲတွင် သေဆုံးခဲ့ခြင်းမဟုတ်ဘဲ ဘိန်းခန်းတစ်ခုတွင် သေဆုံးပြီးမှ ထိုဘိန်းခန်းပိုင်ရှင်က ဘိန်းစားတစ်ယောက်ကို စေခိုင်း၍ အလောင်းကို နေရာရွှေ့ပြောင်းခဲ့ခြင်းဖြစ်ကြောင်း ရဲက ကောက်ချက်ချခဲ့သည်။ ထို့နောက် ဘိန်းခန်းပိုင်ရှင်နှင့် အပေါင်းပါတစ်စုကို ဖမ်းဆီးအရေးယူခဲ့ကြောင်း ကြားသိရသည်။

ဘိန်းစား ဖိုးသမားတစ်ယောက် ဘဝနိဂုံးသည် မလှမပ မတင့်မတယ် နိဂုံးချုပ်သွားခဲ့လေပြီ။ လွန်ဘဝတန်ဖိုး ဘယ်မှာပါနည်း။ လွန်ဘဝအဓိပ္ပာယ် ဘယ်မှာပါနည်း။

♦ ♦ ♦

'ဒေါင်ဇယ်က အေးမွန်တို့နဲ့ အတူနေချင်လို့တဲ့ အိပ်မက်ပေးတယ်'

အေးမွန် ညက မက်ခဲ့သော အိပ်မက်အကြောင်းကို မမခိုင်အား ပြန်ပြောပြရလေသည်။

'ဒါဆိုရင် အေးမွန်မှာ ကိုယ်ဝန်ရှိနေပြီပေါ့။ ဟုတ်လား'

မမခိုင်အပြောကြောင့် အေးမွန် မျက်လုံးများ ဝိုင်းဝိုင်းလည်သွားသည်။ သူ ကိုယ်ဝန်ရှိနေလေပြီလား။ မျက်မှောင်ကြုတ်ပြီး လက်ချောင်းလေးများကို ကွေးချည်၊ဆန့်ချည် လုပ်ရင်း စဉ်းစားနေမိသည်။

'ဟုတ်ပါရဲ့ မမခိုင်ရယ်၊ အေးမွန်တောင် သတိမထားမိလိုက်ဘူး။ ဟိုနေ့တွေတုန်းကတော့ မူးသလိုလို၊ ပျို့ချင်အန်ချင်သလိုလိုဖြစ်သား။ လက္ခဏာက သိသိသာသာ မပြတော့ အေးမွန် ထင်မထားဘူး။ ဒုက္ခပါပဲနော်။ အေးမွန်ရဲ့ ပထမဦးဆုံးကိုယ်ဝန်က ဘိန်းစားသေပြီး ပြန်ဝင်စားတဲ့လူတဲ့လား။ မဖြစ်ဘူး..မဖြစ်ဘူး။ အဲဒီလိုလူမျိုးကို အေးမွန် သားသမီး မတော်ချင်ဘူး'

အမှန်ပင် အေးမွန် စိတ်ပျက်လက်ပျက် ဖြစ်မိသည်။

'မထွေးနိုင် မအန်နိုင် ဆိုတဲ့စကားက ဒါမျိုးကိုပြောတာပဲ ဖြစ်မယ်'

မမခိုင်က မှတ်ချက်စကားကို လေးလေးပင်ပင် ဆိုသည်။

'သားဖွားဆရာမနဲ့ ပြကြည့်ပါဦးဟယ်။ သေချာရဲ့လား ဆိုတာကို'

ထို့နေ့က အေးမွန်သည် မမခိုင် အကြံပေးသည့်အတိုင်း မမခိုင်နှင့်အတူ တိုက်နယ်ဆေးရုံသို့ သွားရောက်ခဲ့ကြသည်။

သားဖွားဆရာမ၏ အဖြေသည်မှာလည်း အေးမွန် အတွက် စိတ်သက်သာရာ မရရှိခဲ့ချေ။ ဩော်..သားဦး သမီးဦး ကိုယ်ဝန်စွဲသည်ကိုမှ မမျော်ရွှင်နိုင်သော မိခင်တစ်ဦး ဖြစ်နေပါပေါ့လား။

'နေပါဦး၊ မမခိုင် မေးပါဦးမယ်။ အိပ်မက်ထဲမှာ ဒေါင်ဇယ်ရောက်လာပြီးပြောတုန်းက ဒေါင်ဇယ့်ကို အေးမွန် ဘာပြန်ပြောလိုက်သေးလဲ'

'အေးမွန်ကလား။ အေးမွန်က မလာနဲ့..မလာနဲ့၊ လုံးဝလက်မခံနိုင်ဘူးဆိုပြီး ခါးခါးသီးသီး ငြင်းလွှတ်လိုက်တယ်။ ဒေါင်ဇယ် ခေါင်းငိုက်စိုက်ကျသွားပြီး ပြန်ထွက်သွားတာတွေ့လိုက်ရတယ်။ မမခိုင် စဉ်းစားကြည့်လေ၊ ဒေါင်ဇယ့်လို ဒုက္ခပေးတဲ့ကောင်မျိုးကို ကြည်ကြည်သာသာ လက်ခံလိုက်ရမလားဆိုတာ။ လက်မခံနိုင်ပါဘူး'

'ဟုတ်တော့ ဟုတ်ပါတယ်။ အေးမွန် လက်မခံရင်သူ လာလို့ရမှာ မဟုတ်ပါဘူး။ ဒါပေမဲ့..'

မမခိုင်က စကားကိုမဆက်ဘဲ ရပ်ထားလိုက်သည်။

'ဒါပေမဲ့ ဘာဖြစ်သလဲ မမခိုင်။ ခု အေးမွန်မှာ ကိုယ်ဝန်ရှိနေပြီ။ အဲဒီကိုယ်ဝန်က ဒေါင်ဇယ် ပြန်ဝင်စားတာဖြစ်နေရင်ရောလို့ ပြောချင်တာမဟုတ်လား'

မမခိုင် ခေါင်းမညိတ် ခေါင်းမခါဘဲ ငြိမ်နေသည်။

'အေးမွန် စိတ်ညစ်ပါတယ်။ မိသားစုကိုရော ပတ်ဝန်း

www.burmeseclassic.com

www.burmeseclassic.com

ကျင်ကိုပါ ကောင်းကျိုးမပေးခဲ့တဲ့ ဘိန်းစားဖိုးသမားက လူပြန်ဝင်စားရတယ်လို့"

"ဒေါင်ဖယ်က မိသားစုအပေါ် တင်ထားခဲ့တဲ့ကြွေးတွေ ပြန်လာပြီး ဆပ်တာဆိုရင်ရော၊ သူပေးခဲ့တဲ့ ဒုက္ခတွေကို ဝဋ်ကြွေးအနေနဲ့ ပေးဆပ်ဖို့ ပြန်လာတာဆိုရင်ရော အဲဒီလို လည်း ဖြစ်နိုင်တာပဲလေ"

မမခိုင်က တွေးတွေးဆဆ ဝေဖန်သည်။

"ဟင့်အင်း..ဟင့်အင်း၊ မလိုချင်ဘူး။ ဘယ်နည်းနဲ့ပဲ လာလာ အေးမွန်ကတော့ လုံးဝ,လုံးဝပဲ။ ခုတောင် ကိုယ့် ကိုယ်ကိုယ် မသတီချင်တော့ဘူး။ အလွယ်တကူ လွှင့်ပစ်လို့ ရရင် ပစ်လိုက်ပြီ"

အေးမွန်စကားကြောင့် မမခိုင်က အထိတ်တလန့်လှမ်း ကြည့်သည်။

"မဟုတ်တာတွေ မလုပ်မိပါစေနဲ့ ညီမရယ်။ တို့တွေက ဗုဒ္ဓဘာသာဝင်တွေနော်။ လူအသက်တစ်ချောင်းကို တန်ဖိုး ထားရမယ်။ ပါဏာတိပါတာက်က အရမ်းကို အပြစ်ကြီး တယ်"

"အဲဒီလောက်အထိ အေးမွန် မမိုက်ပါဘူး မမခိုင်ရယ်။ အကောင်ပလောင် အသေးလေးတွေကိုတောင် အေးမွန် မသတ်ရဲတဲ့ဥစ္စာ၊ လူအသက်ကို စဉ်းတောင်မစဉ်းစားမိပါ ဘူး"

ညီအစ်မနှစ်ဦး စကားစပြတ်သွားပြီး နှစ်ဦးသား အတွေးကိုယ်စီရှိနေချိန်တွင် ဒေါ်အားဘူ ရောက်လာသည်။ ခေါက်ဆွဲဆိုင်တွင် ခင်းကျင်းထားသော ထိုင်ခုံတစ်လုံးကို ဆွဲယူပြီး ထိုင်သည်။

"အမား..ခေါက်ဆွဲစားမလား"

အေးမွန်က အလိုက်တသိ မေးသည်။

"မစားချင်ပါဘူးအေ။ အစားကောင်းကောင်းမဝင်တာ ဘယ်လောက်တောင် ကြာနေပြီလဲ"

သွားလေသူ သားတော်မောင်ကို နှမြောတ,သ လွမ်း ဆွတ်နေလေခြင်းကြောင့် ဖြစ်ပေလိမ့်မည်။

"ငါ့သားလေး ဘယ်ဘုံဘယ်ဘဝ ရောက်နေပြီလဲမသိ ဘူး၊ အိပ်မက်ထဲမှာ စုတ်ပြတ်နေတာပဲ။ နေစရာရော ရှိရဲ့ လား မသိပါဘူး"

ဒေါ်အားဘူစကားကြောင့် မမခိုင်နှင့် အေးမွန် တစ်ဦး ကိုတစ်ဦး ပြုံငိုတူလိုလို လှမ်းကြည့်မိလိုက်ကြသည်။

အေးမွန်ရင်ထဲမှာတော့ အမားရဲ့ သားအကောင်းစား ကြီးက အခု အေးမွန်ဗိုက်ထဲမှာ ပြန်ဝင်စားနေပြီတော့ဟု သော စကားက ရုန်းကြွတွန်းထိုး လူပ်ခတ်နေသည်။ သို့ သော် နှုတ်ဖျားဆီမှ ပွင့်အန်ထွက်ပေါ်မလာချေ။

အနှီစကားကို ဒေါ်အားဘူအား ပြောပြသင့်ပါသလား။ မရေရာ·မသေချာ လက်ဆုပ်လက်ကိုင် မပြနိုင်သောစကား ကို ပြောပြသင့်ပါသလား။

"မမခိုင်ပြောချင်တာက အေးမွန်အိပ်မက်ကို လျှို့ဝှက် ထားဦးမှဖြစ်မယ်။ ဘယ်သူ့ကိုမှ ပြောပြလို့ မဖြစ်သေးဘူး နော်။ တကယ်လို့ မတော်တဆ အတိမ်းအစောင်းတစ်ခုခု ဖြစ်သွားခဲ့ရင် အေးမွန်အပေါ် မကောင်းမြင်သွားကြလိမ့် မယ်"

အေးမွန် ခေါင်းညိတ်သည်။ မမခိုင်ကို ကျေးဇူးတင် သော မျက်ဝန်းဖြင့် တုံ့ပြန်သည်။ မှန်သည်၊ အကယ်၍များ အတိမ်းအစောင်းတစ်ခုခု ဖြစ်သွားခဲ့မည်ဆိုလျှင်၊ တစ်နည်း အားဖြင့် ကိုယ်ဝန်ပျက်သွားခဲ့မည်ဆိုလျှင် အေးမွန်အပေါ် လူတွေက အထူးသဖြင့် ယောကျ်ားမအသိုင်းအဝိုင်းက ကဲ့ရဲ့ ပြစ်တင်ရှုတ်ချကြမည်မှာ မြေကြီးလက်ခတ်မလွဲ ဖြစ်ပေ မည်။ သို့သော် အမေ့ကိုတော့ဖြင့် အေးမွန် မခွင်းမချန်အသိ ပေးခဲ့ရံလေသည်။ အမေက-

"ကိုယ်ပြုထားတဲ့ကံတွေကြောင့် ဖြစ်လာရတဲ့ အကျိုး တရားကို ငြင်းပယ်လို့မရဘူး သမီး၊ လက်ခံကြရတယ်။ အဲဒီအခါမှာ မလိုချင်တာတွေ၊ မနှစ်သက်တာတွေလည်း ရလာတတ်တယ်။ လူသဘော လူမနောကိုက အလိုမကျရင် မကျေနပ်စိတ် ဖြစ်လာတတ်တယ်။ နောက်တော့ ဒေါသ စိတ် ပေါ်လာတယ်။ ဒေါသစိတ်ဟာ အရာရာကို ဖျက် ဆီးပစ်တတ်တယ်။ ဒေါသဟာ ကိလေသာပဲ။ အညစ် အကြေးပဲ။ သတိလေးကပ်ပြီး အကုသိုလ်မဖြစ်အောင်နေပါ" ဟူ၍ အေးမွန်ကို ဆိုဆုံးမခဲ့လေသည်။

♦♦♦

"မမခိုင်..မမခိုင်ရှိလား အမေ"

တစ်ခုသော နေ့တစ်နေ့တွင် အမေ့အိမ်ကို အေးမွန် ရောက်ရှိသွားသည်။ မီးဖိုခန်းဘက်မှ မမခိုင် ထွက်လာပြီး အေးမွန်အနီး ရောက်လာသည်။

"ဘာများအရေးကြီးလာလို့လဲ အေးမွန်"

အေးမွန်က တိုးတိတ်သောလေသံဖြင့် "သွေးစလေးတွေ့ ဆင်းနေတယ် မမခိုင်။ တစ်မနက်လုံးလည်း ဆီးခဲပက ကိုက်ခဲနေတာပဲ" ဟု ပြောပြရာ "ခဏနေဦး။ မမခိုင် အဝတ်

www.burmeseclassic.com

www.burmeseclassic.com

လဲလိုက်ဦးမယ်။ တို့တွေ ဆေးရုံသွားကြရအောင်'ဟု မမခိုင် ပြောပြီး အခန်းတွင်းသို့ အပြေးတစ်ပိုင်း ဝင်သွားသည်။

'အေးမွန်နဲ့ ဆေးရုံလိုက်သွားဦးမယ် အမေ'

အမေ့ကို အသိပေးပြီး ညီအစ်မနှစ်ယောက် တိုက်နယ် ဆေးရုံသို့ ထွက်ခဲ့ကြသည်။

'ကိုယ်ဝန်ဆောင်နေတုန်းမှာ သွေးဆင်းရင် မကောင်းဘူး အေးမွန်။ ဖြစ်ရိုးဖြစ်စဉ်မဟုတ်ဘူး။ နားလည်တဲ့ ဆရာဝန်၊ ဆရာမတွေကို ပြကြည့်ရမယ်'

တိုက်နယ်ဆေးရုံသို့ ရောက်သောအခါ ဦးစွာ သားဖွား ဆရာကို တွေ့ရသည်။ ဆရာမက အေးမွန်ကို သူသိလိုသော မေးခွန်းများကို မေးမြန်းပြီး စေ့စေ့စပ်စပ် စမ်းသပ်စစ်ဆေးသည်။ ပြီးသော် တိုက်နယ်ဆရာဝန်ထံခေါ်သွားပြီး အင်္ဂလိပ် ဘာသာဖြင့် တစ်စုံတစ်ရာကို ပြောလိုက်သည်။

ဆရာဝန်က-

'ကောင်းတယ်။ အခုလို စောစောစီးစီး လာပြတာ အရမ်းကိုကောင်းတယ်။ မိုးညှင်းဆေးရုံကို သွားလိုက်နော်။ ဆရာ စာရေးပေးလိုက်မယ်'ဟု ပြောရာ မမခိုင် မျက်လုံး ပြူးသွားသည်။

'စိုးရိမ်ရလို့လား ဆရာ'

ဟု မေးလိုက်သောအခါ-

'အဲဒီလိုချည်းလည်း မဟုတ်ပါဘူး။ မိုးညှင်းမှာက သားဖွားမီးယပ်ဆရာဝန် ရှိတယ်လေ။ သူက ဆရာထက် ပိုသိတာမို့လို့ သူ့ဆီ လွှတ်လိုက်ရတာပါ။ သွားဖြစ်အောင် သွားလိုက်ပါ။ မိုးညှင်းကဆရာဆီ ရောက်သွားရင် ညီမ ခံစားနေရတဲ့ ဝေဒနာတွေ အကုန်ပျောက်သွားမှာပါ'ဟု ဖေးမ,စကားဆိုသည်။

အေးမွန် လွယ်ထားရသော သန္ဓေသားသည် အမှား အယွင်းတစ်စုံတစ်ရာ ဖြစ်နေလေပြီလား။ အေးမွန် အထိတ် တလန့် ဖြစ်သွားမိသည်။

'ဒီနေ့ပဲ သွားလိုက်နော်။ ကားမိပါသေးတယ်'

ဟု နာရီကို ကြည့်ပြီး သားဖွားဆရာမကလည်း လော ဆော်ပြန်သည်။

ထို့ကြောင့် အေးမွန်နှင့် မမခိုင်သည် အိမ်မပြန်နိုင်ကြ တော့ဘဲ အိမ်သို့ လူကြုံစကားပါးပြီး မိုးညှင်းသို့ ပြေးဆွဲ လျက်ရှိသော လိုင်းကားဂိတ်သို့ အလျင်စလို သွားကြရလေ သည်။ အေးမွန်တို့ရွာနှင့် မိုးညှင်းမြို့သည် (၈)မိုင်ခန့် ကွာဝေးပြီး နာရီဝက်သာသာ မောင်းနှင်ရသောခရီး ဖြစ်သည်။

'မမခိုင်..မမခိုင်'

အေးမွန်က အစ်မဖြစ်သူကို မောလျှသံဖြင့် တီးတိုးခေါ် သည်။

'ဘာလဲ၊ ဘာဖြစ်လို့လဲ အေးမွန်။ ဘာဖြစ်လို့လဲ'

မမခိုင်အမေးကို အေးမွန် ပြန်မဖြေနိုင်တော့။ ကိုယ် ခန္ဓာအနံ့ ချွေးစေးများ ထွက်လာသည်။ မျက်စိများ ပြာဝေ လာသည်။ ရင်တွေကလည်း တလှပ်လှပ်။ ခြေလက်တွေ လည်း ပျော့ခွေကုန်သည်။ ဆီးစပ်နှင့် ဝမ်းဗိုက်တစ်ခုလုံး လည်း ခံရခက်အောင် နာကျင်လာသည်။ ဦးခေါင်းကိုပင် မတ်မတ်မထူနိုင်ဖြစ်လာသည်။ နောက်ဆုံး အေးမွန် သတိ ထားမိလိုက်သည်မှာ ကိုယ်ခန္ဓာအောက်ပိုင်းတစ်ခုလုံး၌ စေး ထန်းထန်းအရည်များ ရွဲရွဲစိုသွားခြင်းပင် ဖြစ်သည်။

ထို့နောက် အေးမွန် ဘာဆိုဘာမှ မသိလေတော့။

အေးမွန် သတိပြန်လည်လာသောအခါ အမေ၊ မမခိုင် နှင့် ခင်ပွန်းဖြစ်သူတို့၏ မျက်နှာများကို မြင်လိုက်ရသည်။

'သမီး နှစ်ရက်လုံးလုံး သတိမေ့နေတာ'ဟု အမေက ပြောပြသည်။

'သွေးနှစ်ပုလင်း သွင်းလိုက်ရတယ်။ သန္ဓေသားက သားအိမ်မှာ ဓမ္မတာအတိုင်းမဟုတ်ဘဲ သားဥပြွန်မှာ တည်ခဲ့ တာလို့ ပြောတယ်။ အရမ်းအန္တရာယ်ရှိတယ်တဲ့။ ဆေးရုံကို အချိန်မီရောက်လာလို့ အသက်မီလိုက်တာတဲ့လေ'

မမခိုင်ကလည်း အကျိုးအကြောင်းကို ပြောပြသည်။ ခင်ပွန်းဒေါင်ကျာကမူ စိုးရိမ်မကင်းသော မျက်ဝန်းဖြင့် အေး မွန်ကို အငေးသားကြည့်နေလေသည်။ သြော်..သားအိမ် တွင် မဟုတ်ဘဲ သားဥပြွန်၌ သန္ဓေတည်ခဲ့ပါသတဲ့လား။

ထို့ကြောင့် သန္ဓေမမြဲခဲ့ခြင်း ဖြစ်ပါလေသလား။

သို့ဆိုလျှင် အေးမွန်တို့ မိသားစုနှင့်အတူ နေလိုလှသည် ဟု အိပ်မက်ပေးခဲ့သော တမလွန်ဘဝမှ ဒေါင်ဖယ်သည် ရော ဘယ်ဘုံ ဘယ်ဘဝသို့ ရောက်ရှိသွားလေပြီနည်း။

ထိုဘုံ ထိုဘဝ၌ ရပ်တည်နိုင်ရန် အဘယ်မည်သော မှီတွယ်စရာနေရာကို မှီတွယ်ခွင့်ရရှိသွားပါလေသနည်း။

♦ ♦ ♦

လူသတ္တဝါတို့အဖို့ ဆုံးစမထင်သော သံသရာခရီးတွင် ကျင်လည်နေသရွေ့ ကာလပတ်လုံး မည်သည့်ဘုံဘဝ၌မဆို နားခိုရာနေရာသည် အမှန်ပင် လိုအပ်နေလေဦးမည် မဟုတ် ပါလား။

တင့်ထူးဇွေ

www.burmeseclassic.com

www.burmeseclassic.com

ဒါရိုက်တာမျိုးကော်အောင်

စန္ဒကူးတောဘုပ်၌

ကျွန်တော့်မေမေ ကွယ်လွန်ပြီး တစ်လ ပြည့်တဲ့အချိန်မှာ ကျွန်တော့်မွေးရပ်ဇာတိမြေဖြစ်တဲ့ ဖြူးမြို့သို့ ရောက်သည်။ ဖြူးမြို့သည် ကျွန်တော့် အမြင့်၌ စိမ်းနေသကဲ့သို့ရှိ၏။ ရောက်ရောက် ချင်းပင် ညီအစ်ကိုမောင်နှမအိမ်တွင် ခေတ္တ နားလိုက်လေသည်။

နောက်နေ့မနက်တွင်တော့ ကျွန်တော်တို့ ဘိုးဘွားမိဘများလက်ထက်တိုင် ကိုးကွယ်ခဲ့သော မြို့ထောင်ကျောင်း ဆရာတော်ကြီးထံသို့ သွားရောက်ပူဇော်သည်။

"အင်း..."

သက်ပြင်းချ၍-

"ဒကာမကြီး ဒေါ်ခင်ယုန် ဆုံးပါးသွားတာ စိတ်မကောင်းပါဘူး ဒကာလေး"

"တင်ပါ့ဘုရား၊ တပည့်တော်လည်း မေမေမရှိတော့တဲ့ နောက်ပိုင်း ကိုယ့်ဇာတိမြေဖြစ်တဲ့ ဖြူးကို စိတ်ပြေလက်ပျောက် လာခဲ့တာပါဘုရား"

"အိမ်း..သဟာဖြင့် ရောက်တုန်းရောက်ခိုက် အပူဒုက္ခတွေ ကင်းငြိမ်းအောင် တရားထိုင် အဓိဋ္ဌာန်ပုတီး စိပ်ပေါ့ ဒကာ။ ဒကာလည်း လုပ်နေကျပဲ မဟုတ်လား"

"တင်ပါ့ဘုရား။ ကောင်းပါတယ်။ တပည့်တော် လုပ်မှာပါ"

"ယခု ဘုန်းဘုန်းတို့

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းမှာက မြို့ထဲနဲ့နီးဆိုတော့ ဒကာကြီးအနေနဲ့ အေးအေးချမ်းချမ်း တရားထိုင်၊ ပုတီးစိပ် ဖို့ ခက်ခဲမယ်။ ဒီတော့ ဒကာကြီးဖခင် အဓမ်း ဂီတာကိုကြည်အေးနှင့် ဒကာကြီးရဲ့ မိခင် မခင်ယုန်(ယန်တော်ဝင်ရုပ်ရှင်)တို့ လှူဒါန်းဆောက်ခဲ့တဲ့ ကျောင်းဇရပ်ကို ဒကာကြီး သိတယ်မဟုတ်လား"

"တင်ပါ့၊ သိပါတယ်ဘုရား။ ဖြူးမြို့အနောက်ဘက် ပဲခူးရိုးမတောင်ပေါ်မှာရှိတဲ့ မြသိန်းတန်စေတီတော်အနီးက စန္ဒကူးတောစပ်မှာ ဆောက်လုပ်လှူဒါန်းထားတဲ့ တစ်ထပ် အုတ်သစ်သားကျောင်းဇရပ်လေး ရှိပါတယ်ဘုရား"

"အိမ်...အဲဒီမှာဆိုတော့ ဒကာကြီးအတွက် အေးအေးလူလူ တရားထိုင်၊ ပုတီးစိပ်လို့ ပိုကောင်းတာပေါ့။ နောက်ရေ၊ မီး အစုံရှိပြီးသား။ ဘုန်းဘုန်းကျောင်းက ကပ္ပိယဖိုးထော်လည်း ရှိတယ်။ ဟိုတလောကမှ ဘုန်းဘုန်းလည်း ရောက်ပြီး ဖိုးထော် သန့်ရှင်းရေးလုပ်ပြီးသား။ လိုအပ်တာ သူကိုပြော။ အေး...ဟိုမှာ မရှိတာတွေကိုတော့ တို့ ဖြူးစေးထဲမှာ လိုအပ်တာ အကုန်ဝယ်သွားပေါ့" ဟု ဘုန်းဘုန်းက စေတနာထက်သန်စွာဖြင့် မိန့်လေသည်။

"တင်ပါ့ဘုရား၊ အခုလို ဘုန်းဘုရား ညွှန်ပြပေးတာ ကျေးဇူးတင်ပါတယ်။ တပည့်တော်လည်း သွားဖို့ပြင်ဆင်ရမှာမို့ ခွင့်ပြုပါဦး ဘုန်းဘုန်း" ဟု ပြောပြောဆိုဆို ကျွန်တော် လက်အုပ်ချီ၍ ဦးသုံးကြိမ်ကန်တော့လိုက်လေတော့သည်။

♦ ♦ ♦

"မှန်ဝေရီတစ်ကြော့×××မြူခြေဖုံးတော့×××နှင်းငွေ့နော့နော့×××ဖျော့ဖျော့အာရုံ×××အချိန်ဓောဝယ်×××သာမောဖွယ်×××ချောနှမလေးရယ်×××လောကဓာတ်အတွေးကြွယ်×××စိတ်ကူးရေယဉ်ဝဲလယ်×××မဆုံးတယ်×××ချောနှမလေးရယ်×××လောကဓာတ်အတွေးကြွယ်×××"

သာယာငြိမ့်ညောင်းစွာ ဆွဲဆွဲငင်ငင်လေးဖြင့် တစ်ကိုယ်ရည် ညည်းဆိုနေသော တေးသံလေးကို လေထဲမှ ကြားလိုက်မိလေသည်။

"မြလေးနွယ်...မြလေးနွယ်၊ အခုပဲ ညီမလေး သီချင်းဆိုနေသံ ကြားလိုက်ပါတယ်။ ခု ဘယ်မှာလဲဟင်။ ထွက်ခဲ့စမ်းပါဦးကွယ်။ ရှာမတွေ့ရင် ညီမလေးကို နို့မတိုက်တော့ဘူးနော်။ ထွက်ခဲ့လေ" ဟု အဓိန့်သံမပါတဲ့ ကရဏာသံက ကျွန်တော့်နားစည်ကို လာခတ်သည်။

အမျိုးသမီးတစ်ယောက်၏ အသံဖြစ်၏။ ပုတီးအဓိဋ္ဌာန်ပြည့်သေးသောကြောင့် ကျွန်တော် လှည့်မကြည့်ဖြစ်။

"မြလေးနွယ်...မမ ခေါ်နေတယ်နော်။ ထွက်လာခဲ့၊ ထွက်လာခဲ့စမ်း။ ပုန်းမနေပါနဲ့ကွယ်။ နို့တွေ အချဉ်ပေါက်သွားရင် ညီမလေး ငတ်မှာနော်။ မြလေးနွယ်...ညီမလေး...မမ ခေါ်နေတုန်း မြန်မြန်ထွက်ခဲ့စမ်းကွယ်"

ပုတီးအဓိဋ္ဌာန်ပြည့်ခါနီး တစ်ခါထပ်မံကြားရပြန်၏။ အဓိဋ္ဌာန်ပျက်မှာစိုးသဖြင့် ကျွန်တော် လှည့်မကြည့်ခဲ့။ ကျွန်တော့်စိတ်ထဲမှာတော့ တော်တော်အနှောင့်အယှက်ပေးတဲ့ မိန်းမဟု ရေရွတ်မိသည်။ ပြီးမှ "သြော်...ငါ အဓိဋ္ဌာန်နဲ့ ပုတီးစိပ်နေတာပဲ။ ဂရုစိုက်စရာ မလိုပါဘူး။ အာရုံစိုက်စရာ မလိုဘူး" ဟု ကိုယ့်ဘာသာပြန်၍ ဆင်ခြင်သတိပေးလိုက်ရသည်။

ကျွန်တော် အဓိဋ္ဌာန်ပုတီးစိပ် ပြီးသွားပြီ။ ဘုရားဦးချ၍ မေတ္တာပို့သည်။ ကိစ္စပြီးမှ ကျွန်တော် ထိုင်ရာမှ ထလိုက်သည်။ စောစောပိုင်းက သီချင်းသံ၊ နောက် စကားပြောသံ၊ ငှင်းအသံရှင်ကို ရှာသည်၊ မတွေ့။ မြလေးနွယ်ဆိုသူလည်း မတွေ့၊ သစ်ပင်အောက်မှာတော့ ကြေးဖလားတစ်လုံးကို တွေ့သည်။ ကျွန်တော်ကြားလိုက်ရသော အသံရှင်ကလည်း ထိုသစ်ပင်အောက်အနီးအနား ကြေးဖလားအနားလောက်မှာပင် ဖြစ်လေသည်။ ကျွန်တော် ကြေးဖလားခွက်ကို ငုံ့ကြည့်လိုက်သောအခါ ဖလားထဲမှာ နွားနို့ဟုထင်ရသော နို့အကြွင်းအကပ်ကိုသာ တွေ့ရသည်။ ကျွန်တော့်စိတ်ထင်၊ နို့ခွက်ဖြစ်မည်ဟုထင်၏။ သူတို့ သောက်ပြီး မေ့ကျန်ခဲ့တာလားမသိ။ ကျွန်တော် ယူတော့ မကြည့်မိ။

ကျွန်တော် ယခုရှိနေသော နေရာကလည်း လူသူကင်းသည်။ အနီးအနားမှာ ဘယ်သူမှမရှိ၊ ထုံးသင်္ကန်းကပ်ထားသော ရှေးဟောင်းစေတီသေးသေးလေး အနားမှာဖြစ်သည်။

ကျေးလက်ပြိုပြုန့်ငှ အလှမ်းအတန့်ကွာသော တောင်ပေါ် တောအုပ်ငယ်ကလေးတစ်ခု ဖြစ်သောကြောင့် လူသူ အရောက်အပေါက် အသွားအလာ နည်းကြလေသည်။

တောင်ပေါ် မြသိန်းတန်ဘုရားပွဲရှိမှသာ အနီးအနား ရွာများနှင့် ဖြူးမြို့ဝန်းမှ လာရောက်ကျမှသာ စည်ကားသိုက်မြိုက်သည်။ ခုတော့ တိတ်ဆိတ်ငြိမ်သက်နေ၏။

တစ်ခါတစ်ရံ ချေဟောက်သံ၊ သမင်ဟောက်သံတို့ကို ကြားရ၏။ တစ်ခါတစ်ရံလည်း အမဲလိုက်မုဆိုးတို့ကို တွေ့ရတတ်လေသည်။ ထိုတောအုပ်လေးမှာ စန္ဒကူးတောအုပ်ဟူသော အမည်ပေးထားသည်မှာ လွန်ခဲ့သော ငါးနှစ်၊ ခြောက်နှစ်ခန့်က ဖေဖေ၊ မေမေတို့ ကျောင်းဇရပ် ဆောက်

www.burmeseclassic.com

www.burmeseclassic.com

လုပ်လျှဒါန်းစဉ်ကပင် သိခဲ့သည်။

အနီးတစ်ဝိုက်၌ လူရိပ်လူခြေ မတွေ့ရသဖြင့် ကျွန်တော်စိတ်ထဲ ထူးဆန်းနေသကဲ့သို့ ရှိလေသည်။ တစ်ကြိမ်တစ်ခါမှ မကြုံဖူးသောကြောင့်ဖြစ်၏။

ကျွန်တော် အဓိဋ္ဌာန်ပုတီးစိပ် အပြီးနှင့် စောစောက အသံရှင်တို့မှာ အမျိုးအားဖြင့် သိပ်အကွာကြီး မဟုတ်ပေ။ ခဏတစ်ဖြုတ်မျှလောက်သာဖြစ်သည်။ ချက်ချင်းကြီး မျက်ကွယ်ပြုသွားနိုင်စရာမရှိဟု ထင်သည်။

မိမိများ နားကြားလွဲတာလား၊ အာရုံအမှားကြောင့် ကြားမိကြားရာ ကြားမိတာများလားဟု ကိုယ့်ကိုယ်ကိုယ် ပြန်ဆန်းစစ်ကြည့်သည်။ ရလဒ်အဖြေကား မဖြစ်နိုင်ဟုသာ ဖြစ်လေသည်။

ထို့ကြောင့် ကျွန်တော် စိတ်ရှုပ်မခံတော့ဘဲ ကျွန်တော် နေထိုင်ရာ ကျောင်းဓရပ်ဆီသို့သာ တန်းပြန်ခဲ့လေတော့၏။

♦ ♦ ♦

ညက ကျွန်တော် ကောင်းကောင်းအိပ်မပျော်နိုင်။ ကျွန်တော် အဓိဋ္ဌာန်ပုတီးစိပ်စဉ် စန္ဒကူးတောအုပ်ထဲမှာ ကြားခဲ့ရသော တစ်ကိုယ်တည်း ညည်းညူ၍ နွဲ့နွဲ့နှောင်းနှောင်း သီဆိုထားသော တေးသံနှင့် စကားသံများကို ပြန်လည်ကြားယောင်နေမိသောကြောင့်ဖြစ်လေသည်။

ကျွန်တော်ထင်သည်။

ည အတော်ကြီးညဉ့်နက်မှ အိပ်ပျော်သွားသည်ထင်၏။

'ရှူး··ရှူး··ရှူး' ဟူသော အသံကြောင့် ဖျတ်ခနဲ အိပ်ရာမှ လန့်နိုးသွားသည်။ အခန်းမီးပိတ်ထားသောကြောင့် အမှောင်ထုက တစ်ခန်းလုံးကို လွှမ်းခြုံထားသဖြင့် ဘယ်အရာမှ သဲသဲကွဲကွဲမမြင်ရ။ မှောင်နှင့်မည်းမည်း ဖြစ်နေ၏။ သို့သော် တရှူးရှူးဖြင့်မြည်နေသော အသံကမူ အမှောင်ထဲမှာပင် ကြားနေရဆဲပင်။

ကျွန်တော် ထ၍ မီးခလုတ်ကို ဖွင့်လိုက်သည်။ တစ်ခန်းလုံး လင်းထိန်၍သွား၏။

'ဟာ··မြွေကြီး··မြွေကြီး'

ကျွန်တော်၏နှုတ်မှ ထိတ်လန့်စွာ အော်လိုက်မိသည်ပင်သည်။ မြွေကြီးမှာ အတန်လုံးပတ်ကြီး၍ မြွေဟောက်ဟုထင်ရ၏။ အာယ်ကြောင့်ဆိုသော် ပါးပျဉ်းထောင်၍ ကျွန်တော့်ကို စိုက်ကြည့်နေသောကြောင့်ဖြစ်သည်။ မျက်လုံးအစုံသည်လည်း နီရဲတောက်ပြောင်လျက် ရှိနေ၏။

မြွေကြီးသည် မလှုပ်မယှက် ဘယ်မှရွေ့မသွားဘဲ ငြိမ်သက်စွာ ရှိနေသောကြောင့် မြွေကြီးကြည့်ပြီး ကျွန်တော်လန့်လာ၏။ ကျွန်တော်နှင့်ဆို သိပ်မလှမ်းလှပေ။ တစ်လုံးအကွာအဝေးခန့်သာ ရှိသည်။

တော်ပါသေး၏။ မီးခလုတ်က ကျွန်တော်၏ ခုတင်ခေါင်းရင်းဘက်အခြမ်းမှာ ရှိနေသောကြောင့် အလွယ်တကူ အိပ်ရာကနေ လှမ်း၍ဖွင့်နိုင်ခဲ့၏။ အကယ်၍ ခြေရင်းဘက်မှာသာ ထိုမီးခလုတ်ရှိခဲ့လျှင် ကျွန်တော် ခုတင်ပေါ်မှဆင်း၍ မီးခလုတ်ကို သွားဖွင့်ရလိမ့်မည်။ ထိုအခါ ကျွန်တော်သည် ခုတင်ခြေရင်း ကြမ်းပေါ်၌ ပါးပျဉ်းခွက်ကြည့်နေသော မြွေကြီးကို တက်နင်းကောင်း တက်နင်းမိပေလိမ့်မည်။ ထိုအခါ ထိုမြွေကြီးသည် သူ့ကို ရန်ရှာသည်။ ရန်သူအမှတ်ဖြင့် ကျွန်တော့်အား ပေါက်ကောင်းပေါက်မိပေလိမ့်မည်။

တွေးရင်း ကျွန်တော် ချွေးတွေပြန်လာသလို ကြောက်လည်း အလွန်ကြောက်၍ လာလေတော့၏။

ငါ ဘယ်လိုလုပ်ရမလဲ စဉ်းစားရခက်နေသည်က ထို မြွေကြီးသည် ဘယ်က ဘယ်လို အခန်းထဲ ဝင်လာသလဲ။ ဒါကို ကျွန်တော် စဉ်းစား၍မရချေ။ တံခါးတွေ၊ ပြတင်းပေါက်တွေလည်း အလုံအခြုံပိတ်ထားလျက်ပင်။ ကျွန်တော် မြွေကြီးကိုကြည့်ပြီး မလှုပ်ရဲသလို မြွေကြီးကလည်း ကျွန်တော့်ကို စိုက်ကြည့်နေပြီး မလှုပ်ဘဲ ငြိမ်၍နေ၏။

ခဏမျှကြာသောအခါ၌ မြွေကြီးသည် ပါးပျဉ်းခွက်ကို ချလိုက်သည်။ သည်တွင် ကျွန်တော်၏ ကြောက်စိတ်တချို့တို့လည်း လျော့ကျသွားလေ၏။ လုံးလုံးလျားလျားကြီး ကြောက်စိတ်တို့ ကျဆင်းကုန်ဆုံးသွားခြင်းမျိုးတော့ မဟုတ်ပေ။

ကျွန်တော်သည် မြွေကြီး၏ အနေအထားနှင့် အလှုပ်အရှားတို့ကို မျက်တောင်မခတ် အာရုံမပြောင်းဘဲ စိတ်ထဲမှ မေတ္တာပို့လိုက်ပြီး ဆက်လက်ကြည့်ရှုလျက် ရှိနေစဉ်မှာပင် ငှင်းမြွေကြီးသည် လျှောခနဲ ရွေ့လျားသွားလေ၏။ တစ်ဆက်တည်းမှာပင် ကျွန်တော်၏ အခန်းတွင်း၌လည်း ထပ်ဟူသော အသံတစ်တစ်သံကို ကြားလိုက်ရပြီးနောက် အခန်းမီးများ ငြိမ်းသွားလေ၏။ တစ်စုံတစ်ယောက်သည် လှုပ်စင်မီးခလုတ်ကို ပိတ်လိုက်သကဲ့သို့ဖြစ်သည်။

မြွေကြီး၏လှုပ်ရှားမှုတို့ကို အာရုံစိုက်နေရသောကြောင့် မည်သူတစ်စုံတစ်ယောက်က မီးခလုတ်ကို ပိတ်လိုက်မှန်း

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် မသိလိုက်ချေ။ ကျွန်တော်၏ အဆောင်ခန်းသည် မှောင်အတိ၊ မှောင်နှင့်မည်းမည်း ဖြစ်သွားချေပြီ။ အခန်းတွင်း အမှောင်ကျသွားသောကြောင့် ကြောက်စိတ်များ ပြန်ဝင်လာသည်။ သည်တွင် ကျွန်တော် ချက်ချင်းပင် မီးခလုတ်ကို လက်ဖြင့်စမ်း၍ ပြန်ဖွင့်လိုက်သည်။

ထပ်ဟူသော အသံနှင့်အတူ လျှပ်စစ်မီးများ ပြန်၍ လင်းသွား၏။ အခန်းတွင်း၌ မြွေကြီးကား မရှိတော့။ တစ်ခန်းလုံးအနှံ့ ကျွန်တော်လိုက်ကြည့်သည်၊ ဘယ်မှာမှမတွေ့။ ခုတင်အောက်ထိ ငုံ့ကြည့်သည်၊ မတွေ့။ အံ့သြစရာကောင်းသော မြင်ကွင်းတစ်ခုကြောင့် ကျွန်တော်၏စိတ်တွေ ထွေပြားကာ ထိတ်လန့်ချောက်ချား၍ သွားလေ၏။ အဘယ်ကြောင့်ဆိုသော် စောစောက ပိတ်ထားသော ဝင်ပေါက်တံခါးကြီးမှာ ပွင့်ဟလျက် ရှိနေသည်ကို တွေ့လိုက်ရသောကြောင့်တည်း။

♦ ♦ ♦

မနက်မိုးလင်းသောအခါ ညက အဖြစ်အပျက်တို့ကို ကျွန်တော် ဘယ်သူ့ကိုပြောရမလဲဟု စဉ်းစားဆည်။ ကပ္ပိယကြီး ဦးထော်ကိုပဲ ပြောရကောင်းမလား၊ မြသိန်းတန်ဆရာတော်ကြီးကိုပဲ လျှောက်ရကောင်းမလားဟု စဉ်းစားသည်။ ပြောပြလျှင်လည်း ကြားနားသူတို့အဖို့ ယုံချင်မှယုံမည်။ မယုံလျှင်အခက်။ ထို့ကြောင့် ကျွန်တော် ဘယ်သူ့ကိုမှမပြောတော့ဘဲ စိတ်ထဲ၌ လျှို့ထားလိုက်၏။

ကျွန်တော် ကိုယ်လက်သန့်စင်ပြီး ဘုရားဝတ်ပြုရန် ဘုရားဆောင်သို့ ထွက်လာခဲ့သည်။

"ဟင်"

ဘုရားစင်ကိုကြည့်ပြီး ကျွန်တော် အံ့သြသွားသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားညောင်ရေအိုးတွင် ပန်းများ ဝေဝေဆာဆာ လန်းလန်းဆန်းဆန်း ရှိနေသောကြောင့်ဖြစ်သည်။ မှတ်မှတ်ရရပြောရလျှင် ကျွန်တော်ရောက်သည့်နေ့က ဘုရားညောင်ရေအိုးတွင် ယခင်ကတင်ထားသော ဘုရားပန်း အညှိုးအနွမ်းများသာရှိ၍ ကျွန်တော်ကိုယ်တိုင်ပင် ဘုရားပန်းများကို စွန့်ခဲ့၏။ ညောင်ရေအိုးကိုသန့်စင်၍ သည်အတိုင်း ပန်းမရှိ ဘာမရှိဖြင့် ရေချည်းဖြည့်ကာ တင်ထားခဲ့သည်။ ယခုကား ပန်းများ ဝေဝေဆာဆာဖြင့် ညောင်ရေအိုးကို တွေ့လိုက်ရသောအခါ၌ ကျွန်တော် များစွာအံ့သြမိရလေ၏။ ဘယ်အချိန်က ဘယ်သူများ လာရောက်ပြီး ပန်းချွေး လဲသွားပါလိမ့်ဟု ကျွန်တော်စဉ်းစားသည်။ စဉ်းစား၍ ကား မရပေ။

အဘယ်ကြောင့်ဆိုသော် ကျွန်တော်နေသော ကျောင်းဇရပ်သည် ခုမှရောက်ပြီး ကျွန်တော်တစ်ယောက်တည်းသာ နေသောကြောင့် ဖြစ်လေသည်။ ကျွန်တော် ပန်းမလဲခဲ့တာတော့ သေချာသည်။ သည်နေ့မနက်ကျမှ အနီးအနားမှာရှိတဲ့ ရွာက်လှပန်းနဲ့ တောပန်းတွေခူးပြီး ဘုရားကင်မည်ဟု ကျွန်တော် စိတ်ကူးထား၏။ ယခုကား အံ့သြဖွယ်။ ကျွန်တော်၏ ဘုရားစင်၌ ဘုရားပန်းအိုးကား ပန်းတို့ဖြင့် ဝေဝေဆာဆာဖြစ်နေ၏။

ကျွန်တော် ဘယ်လိုနားလည်ရမှန်းကို မသိတော့။ ညကလည်း အခန်းထဲမှာ မြွေကြီးတွေ့သည်။ သည်နေ့ ဘုရားဆောင်အခန်းမှာ ပန်းတွေ့သည်။ တစ်ခုခုတော့ ထူးခြားနေပြီဟု ကျွန်တော်သိလိုက်၏။

ကျွန်တော် ဘုရားဝတ်ပြုပြီး အရပ်ဆယ်မျက်နှာရှိ ပုဂ္ဂိုလ်သတ္တဝါတို့အား မေတ္တာပို့နေစဉ်မှာပင် အံ့သြဖွယ်တစ်ခု ထပ်ကြားရပြန်သည်။

"အချိန်ဓောဝယ်××× သာမောဖွယ်××× ချောနုမလေးရယ်××× လောကဓာတ်အတွေးကြွယ်××× စိတ်ကူးရေယဉ်ဝဲလယ်××× မဆုံးဝယ်×××"

စသည့် သွဲ့သွဲ့နွဲ့နွဲ့လေး တစ်ကိုယ်ရေ ညည်းခိုသံလေးကို အခု ထပ်မံကြားလိုက်၍လည်း ကျွန်တော် တစ်ကိုယ်လုံး တုန်လှုပ်သွားသည်။ ယင်းအသံလာရာမှာ ကျောင်းဇရပ်မီးဖိုချောင်မှ ထွက်ပေါ်လာသောအသံဖြစ်သည်။ ကျွန်တော် တမ်းတနေမိသော အသံလည်းဖြစ်သည်။

သို့ဖြင့် ဘုရားဝတ်ပြု၊ မေတ္တာပို့အပြီး ကျွန်တော် ဇရပ်ရှိ မီးဖိုချောင်ဆီသို့ ထွက်လာခဲ့သည်။ မီးဖိုဆောင်သို့ ရောက်သော် ဘယ်သူမျှမတွေ့၊ ဘယ်သူမှမရှိ။ ဟာလာဟင်းလင်း သန့်သန့်ရှင်းရှင်း ဖြစ်နေသည်။

ထမင်းစားပွဲပေါ်၌ကား အင်္ဂေတာထောင်းထောင်းထွက်နေသော ကျွန်တော်ကြိုက်၍ ဝယ်ယူလာသော နက်(စ်)ကော်ဖီခွက်နှင့် မုန့်များကို တွေ့ရ၊ မြင်လိုက်ရ၍လည်း-

"ဟာ"

ကျွန်တော့်နှုတ်က ဟာခနဲ အာမေဋိတ်ပြုလိုက်မိသည်။ ကျွန်တော် ကော်ဖီလည်း ဖျော်ပြီးမထားခဲ့၊ သံပုံးထဲမှ မုန့်များ လည်း ပန်းကန်ထဲ မထည့်ခဲ့ပေ။ ဘယ်လိုက ဘယ်လို ဖြစ်ပြီး သည်ကော်ဖီနှင့် မုန့်တို့က ထမင်းစားပွဲပေါ် အသင့်ဖျော်ပြီး ရောက်နေရပါလိမ့်။ စဉ်းစားရင်း၊ တွေးရင်း ကျွန်

www.burmeseclassic.com

www.burmeseclassic.com

တော်၏စိတ်တွေ ဂနာမငြိမ်ဖြစ်လာသည်။ ချောက်ချားချင်သလို ဖြစ်လာသည်။ နောက်ဆုံး ရူးချင်စိတ်ပင် ပေါက်လာလေတော့၏။

"ဟေ့..ဟေ့..သည်ကျောင်းဇရပ်ထဲ ဘယ်သူရောက်နေတာလဲ" ဟု ကျွန်တော် အသံပြုလိုက်သည်။

ဘာသံမှတော့ မကြားရပေ။ ကျွန်တော်၏အသံကိုသာ ကျွန်တော် ပြန်ကြားရလေ၏။

သည်နောက် ဆာဆာရှိသည်နှင့် ကျွန်တော် စားပွဲပေါ်မှ နက်(စ်)ကော်ဖီကို ယူသောက်လိုက်ပြီး ပန်းကန်ထဲမှ မုန့်များပါ စားလိုက်သည်။ ထူးခြားသည်က ကျွန်တော် ကိုယ်တိုင် ဖျော်သောက်သော နက်(စ်)ကော်ဖီက အချို အနည်းငယ်ပေါ့ပြီး ယခုဖျော်ထားသော နက်(စ်)ကော်ဖီရဲ့ အရသာက အနည်းငယ် အချိုလေးနေသကဲ့သို့ ရှိလေသည်။ သို့ပေမယ့် ဖျော်ထားသောနက်(စ်)ကော်ဖီ သောက်လို့ကောင်းလေ၏။ မုန့်လှည်း စားလို့ကောင်းလေ၏။

♦ ♦ ♦

အဓိဋ္ဌာန်ရက် မကုန်ဆုံးသေးသောကြောင့် ရွေးဟောင်းစေတီငယ်ရှိရာ စန္ဒကူးတောအုပ်သို့ ကျွန်တော် ပုတီးဆက်စိပ်ဖို့ ထွက်လာခဲ့သည်။ တိတ်ဆိတ်ငြိမ်သက်သော အရပ်ဒေသဖြစ်သောကြောင့် ပုတီးစိပ်ရာတွင် စိတ်ငြိမ်၏။ အေးချမ်း၏။ အာရုံလည်း ကောင်းကောင်းရသောကြောင့် ကျွန်တော် ထိုနေရာကို ရွေးချယ်ခဲ့ခြင်း ဖြစ်လေသည်။

ပုတီးမစိပ်မီ ကျွန်တော်သည် ကြေးဖလားကြီးရှိရာ သစ်ပင်ကြီးအောက်သို့ ရောက်လာခဲ့၏။ သစ်ပင်ကြီးအောက်၌ ကြေးဖလားကို မတွေ့သောကြောင့် သူပိုင်ရှင် ပြန်ယူသွားပြီဟု စိတ်က ထင်လိုက်သည်။

ကျွန်တော် ပုတီးစိပ်နေကျစေတီငယ်ဆီသို့ ပြန်လျှောက်လာပြီး ဘုရားရှိခိုးသည်။ အဓိဋ္ဌာန်တင်၍ ပုတီးကိုစိပ်သည်။

ပုဂံးကိုးပတ်ပင်မပြည့်သေး (၇)ပတ်အရောက်တွင်-

"နှင်းရီဖုံးကာ××× သင်္ဘောပြုံးလှာတယ်×××မှေကိုများ ကျိစားကာရယ်××× ဖြူစင်ဝင့်ကာ××× အသည်းလွှာပြင်ဝယ်××× စွဲကာကြင်မဲ့ မောင်တစ်ပါးရယ်××× ခုတော့ ရှောင်များနေသလားကွယ်×××တွေ့တုန်းကရယ်×××တကယ် အပြုံးကကြွယ်×××နှလုံးအသည်းက×××ခွဲပြလေမလား သန့်စင်တဲ့ မေတ္တာပန်းရယ်××× မှုန်းခြေလို့ရယ်××× ခု သူမလှမ်းတယ်××× နှင်းပွင့်တဲ့ သင်္ဘောဖြူရယ်××× အလွမ်းသင့်တဲ့ ဒီရာသီမယ်×××ပြုံးထွေထွေ လှောင်နေတာလားကွယ်.."

ညင်းညင်းသွဲ့သွဲ့ ကရဏာရသသံလေးဖြင့် တစ်ကိုယ်ရည် ညည်း၏။ တေးသွားလေးရော တေးသံလေးပါ ကျွန်တော်၏ နားစည်ထဲသို့ ဗဟိဒ္ဓမ္မ အသံများဝင်လာသည်။

"ဟဲ့..ညီမလေးမြလေးနွယ်၊ မမလာလို့ ညီမလေး ပုန်းနေတာ မမသိတယ်။ ထွက်ခဲ့စမ်းပါကွယ်။ ညီမလေး သောက်ဖို့ မမ နို့ယူလာတယ်။ ကဲ..ထွက်ခဲ့ ညီမလေး။ ဒီမှာ လာသောက်လိုက်ဦး။ တော်တော်ကြာ အချဉ်ပေါက်သွားလို့ မသောက်လိုက်ရဘဲနေဦးမယ်ကွယ်။ လိမ္မာပါတယ်။ ညီမလေး ထွက်လာခဲ့တော့"

"ဟင့်အင်း..မသောက်ချင်ပါဘူး မမရယ်။ မြလေး ဒီနေ့ ဥပုသ်စောင့်ထားတယ်။ ဥပုသ်ထွက်မှပဲ သောက်တော့မယ်နော်" ဟူသော ဒုတိယဖြေဆိုသံကိုလည်း ကြားနေရလေ၏။

"အောင်မယ်..မမညီမက ဘယ်တုန်းကများ ဥပုသ်ဝင်ဖူးလို့လဲ။ ဒီစန္ဒကူးတောထဲမှာ နေရာတကာ လျှောက်

www.burmeseclassic.com

www.burmeseclassic.com

သွားနေတာ မမမသိဘူးများမှတ်နေလား ညီမလေး။ မမ ခကုန်သိတယ်။ ကဲ..လာပါ ညီမလေးရယ်။ နို့တွေ ချဉ် ကုန်မှာစိုးလို့ ညီမလေးအတွက် တကူးတက ယူလာတာ ကွယ်။ လာ..လာ'

'ဟင့်အင်း..မမကလည်း ညီမလေး မသောက်ဘူးလို့ ဆိုနေနော်။ မမ သောက်စေချင်ရင် ခုတော့ ညီမလေး ဗိုက်ပြည့်နေလို့နော်။ တော်ကြာ ဗိုက်ဆာရင် သောက်လိုက်မယ်။ ထားခဲ့နော် မမ'

'ဒါဆို မမ ထားခဲ့မယ်'

'ထားခဲ့ပါ မမ'

'ဒီမယ် ညီမလေး၊ ဟိုလျှောက်သွား ဒီလျှောက်သွား လုပ်မနေနဲ့နော်။ တော်ကြာ အဘချုပ်သိရင် ညီမလေးကို ဒဏ်ခတ်လိမ့်မယ်ကွယ်။ မမက စိုးရိမ်လို့ ပြောတာကွယ်'

'ဟုတ်ကဲ့ပါ၊ ညီမလေး ဘယ်မှမသွားပါဘူး'

'နောက်ပြီး ညီမလေးသိထားဖို့က လူတွေက စိတ်ချ ရတာမဟုတ်ဘူး ညီမလေး။ တော်ကြာ ပခြုပ်ထဲ ရောက်နေ ဦးမယ်။ ဒီစန္ဒကူးမှာက မုဆိုးတွေ ပေါတယ် ညီမလေး။ လူမှန်လူကောင်းဆိုလို့ တစ်ယောက်ပဲ မမ မြင်ဖူး၊ တွေ့ဖူး သေးတယ်။ ဟိုမှာလေ၊ ပုတီးစိပ်ပြီး အဓိဋ္ဌာန်ဝင်နေတာ မြင်တယ်မဟုတ်လား ညီမလေး'

'ဟင်း..ဟင်း..မြင်ပါတယ်။ မြလေးက မမထက် အရင် မြင်ခဲ့၊ တွေ့ခဲ့တာပါ မမ။ အဲဒီလူက အရမ်းကို စိတ်သဘောထား ပြည့်ဝပြီး စိတ်ကောင်းရှိတဲ့လူ။ သူ့ကို မြလေး ချစ်တယ်၊ မြလေးနွယ် ချစ်တယ်'

'ဟဲ့..ဟဲ့..ညော်..ညီမလေးကတော့ ဒုက္ခပါပဲ တော် ကြာ ဟိုက ကြားသွားလို့ ဒီမယ် မြလေးနွယ်..နှုတ်မစောင့် ဘာမစောင့်နဲ့ ညီမလေးတော့ ဒုက္ခရောက်တော့မယ်။ ကဲ..ကဲ..မမ သွားမယ်။ ခုလောက်ဆို ဘဘ မမကို မျှော်နေ လောက်ပြီ။ သွားမယ် ညီမလေး'

ကျွန်တော်၏ အဓိဋ္ဌာန်ပုတီးပတ် ပြည့်သွားသောအခါ မဟိဒ္ဓက အသံတို့သည်လည်း တိတ်ဆိတ်၍သွားလေတော့ ၏။

ကျွန်တော် ထိုင်ရာမှထ၍ သစ်ပင်ကြီးဆီသို့ လျှောက် လာရာ နို့အပြည့်ထည့်ထားသော ကြေးဖလားခွက်ကို တွေ့ ရလေ၏။

'ဟင်..ဒီကြေးဖလားက စောစောက ငါ မမြင်ပါဘူး။ ခု ဘယ်လိုကဘယ်လိုလုပ်ပြီး ဒီကိုရောက်နေတာပါလိမ့်'

ကျွန်တော်၏အမြင်နှင့် စိတ်တို့သည် ဝေဝေဝါးဝါးဖြစ် သွားလေသည်။ ထူးတော့ထူးဆန်းသလိုပင်။ လူသူတစ် ယောက်တလေမျှပင် မတွေ့ရဘဲ တိတ်ဆိတ်ခြောက်ကပ် လျက်ရှိ၏။

ကြေးဖလားထဲမှာတော့ နို့တွေ အပြည့်တွေ့သည်။ အရင်တစ်ခါ တွေ့တုန်းကလို ကြေးခွက်ချည်းသက်သက် မဟုတ်။

'ဟာ..ဒီနို့ခွက် လာချသွားတာ စောစောက အဓိဋ္ဌာန် ပုတီးစိပ်နေတုန်း ကြားရတဲ့ အသံရှင်တွေပဲဖြစ်မယ်။ ခု ဘယ်ရောက်သွားလဲ မသိဘူး'

ကျွန်တော် အတွေးဖြတ်၍ လိုက်ရှာကြည့်သေးသည်။ အရိပ်အယောင်ပင်မတွေ့၊ အစအနပင် မမြင်တော့။

'ဘာတွေ ဘယ်လိုတွေ ထူးထူးဆန်းဆန်း ဖြစ်နေရတာ ပါလိမ့်။ ငါတော့ စဉ်းစားလို့ မရတော့ဘူး။ ငါ့အဓိဋ္ဌာန်ပျက် အောင် လာလုပ်နေတာများလား။ လာပြီးဖျက်ဆီးနေကြတာ လား'ဟု ကျွန်တော့်နှုတ်က အသံထွက်အောင် ရေရွတ်လိုက် မိသည်။

ကျွန်တော်သည် သက်ပြင်းကိုချ၍ အတွေးအားလုံးကို ဖြတ်ကာ ကျောင်းဇရပ်သို့ ပြန်လာခဲ့လေ၏။

ကျောင်းဇရပ်သို့ လျှောက်လာရင်းကလည်း မြလေး နွယ်ဆိုသည့် ကျွန်တော်မသိ၊ မတွေ့ရသော မိန်းကလေး၏ သွယ်သွယ်ညင်းညင်း အေးအေးလေးနဲ့ တစ်ကိုယ်တည်း ညည်းဆိုနေသံကို ကြားလိုက်ရ၏။

'ဖြူစင်ဝင့်ကား××× အသည်းလွှာပြင်ဝယ်စွဲကာ××× ကြင်မဲ့မောင်တစ်ပါးရယ်×××'ဆိုသော တေးသံလေးနှင့် အတူ 'အို...မမကလည်း ဟင်း...ဟင်း...မြင်တယ်၊ မြ လေးက မမထက် အရင်မြင်ခဲ့၊ တွေ့ခဲ့တာပါ မမ။ အဲဒီလူ က အရမ်းကို စိတ်သဘောထားပြည့်ဝပြီး စိတ်ကောင်းရှိတဲ့ လူ။ သူ့ကို မြလေးချစ်တယ်။ မြလေးနွယ် ချစ်တယ်'ဟူ သော စကားသံဖြစ်သည်။

သူ ဘယ်သူကို ရည်ရွယ်ပြောသည်ကတော့ ကျွန်တော် မသိ။ စန္ဒကူးတောအုပ်ထဲမှာတော့ မိန်းမသားနှစ်ယောက် နှင့် ယောကျ်ားသားတစ်ယောက်သာ ရှိနေသည်ကတော့ အမှန်ပင်။ မိန်းမသားနှစ်ယောက်က မြလေးနွယ်ဆိုသော မိန်းကလေးနှင့် သူ၏မမ၊ ယောကျ်ားသားကတော့ ကျွန် တော်မှတစ်ပါး အခြားမရှိတော့။

ဒါရိုက်တာမျိုးဇော်ဒင်္ဂဗေဒင်

www.burmeseclassic.com

www.burmeseclassic.com

မြင်သာ
သောင်းတင်
စိတ်စွမ်းအင်လား
ဝိညာဉ်လား

ဘဝခရီးလမ်း မည်သို့ပင်ကြမ်းကြမ်း အချစ်ပန်းတော့ မန္တမ်းစေရဆိုတဲ့ ချစ်သူတို့နှစ်ယောက် တစ်လကျော်လေး ခွဲခွာနေရတာမို့ မမြင်မတွေ့ကြရတဲ့အတွက် သူတို့နှစ်ဦး စလုံးရဲ့ရင်ထဲမှာ တူညီသောခံစားချက်တွေကတော့ ကိုယ်စီကိုယ်ငြ၊ တစ်ရက်လောက် မတွေ့ရရင်ကိုပဲ နေမထိ ထိုင်မသာ ဖြစ်နေကြတဲ့ ချစ်သူတွေလေ။ သူပြန်လာမယ့်အချိန်က ရောက်နေပြီဆိုတော့ မဌူချို့တစ်ယောက် ရင်မောနေပါပြီ။ ဩော်..တစ်ည ဝေးတာကို ရက်ပေါင်း(၇၀၀)ဆွေးရတယ်ဆိုတဲ့ စကားကို မဌူချို့ လက်ခံမိနေပါသည်။

ဟော..ဖုန်းမြည်သံ အဆက်မပြတ် ကြားနေရပြီ။ ဖုန်းမြည်သံနှင့်အတူ ရင်တလှုပ်လှုပ် ခံစားရင်း မဌူချို့တစ်ယောက် ဖုန်းကို ကောက်ကိုင်လိုက်၏။ ဖုန်းခေါ်သူကို ကြည့်လိုက်တော့ သူမျှော်လင့်တမ်းတ စောင့်ဆိုင်းနေတဲ့ ဖုန်း။ မျက်လုံးရွှန်းလဲ့ပိတိတွေ လျှမ်းတောက်သောအပြုံးဖြင့် 'ဟဲလို..အမိန့်ရှိတော်မူပါသတဲ့ရှင်'

ဝမ်းသာကြည်နူး သာယာသောအသံဖြင့် ပြောလိုက်တော့ တစ်ဖက်က-

'တို့..ဒီနေ့ ညနေမှာ ပြန်ရောက်လာကြပြီ။ မနက် စောစော ငါလာခေါ်မယ်။ ကားဂိတ်ကစောင့်နေ။ (၇)နာရီထက် နောက်မကျဘူး။ ဟိုကောင် ဝင်းအောင်နိုင်လည်း ပါလာမယ်။ တို့ အပြန် ဟံသာဝတီအဝိုင်းနားက Juncion Square မှာ တစ်ခုခု ဝင်စားမယ်'

မဌူချို့က-

'အေးနော်..ဟိုတစ်ခါတုန်းကလို စားသောက်ပြီးမှ ပိုက်ဆံမေ့လာတယ်လို့ မနောက်နဲ့နော်။ ဒီတစ်ခါဆိုရင် နင်နဲ့ငါ အပြတ်ပဲ။ ဟွန်း'

တစ်ဖက်ဖုန်းမှ အားရပါးရ ရယ်မောသံကြားရပြီး ဖုန်းပိတ်သွား၏။

♦♦♦

www.burmeseclassic.com

www.burmeseclassic.com

ချစ်သူတို့နှစ်ယောက် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှာ (၂၀၁၁)ခုနှစ်ကစပြီး တွေ့ကြတယ်။ ဇော်မင်းအောင်က ဘူမိဗေဒဘာသာရပ်၊ မဉ္ဇူချို့က ဓာတုဗေဒဘာသာရပ်။ ဘာသာရပ်ချင်း မတူပေမယ့် ဖူးစာချင်းကတော့ တူကြတယ်လေ။ လှသွေးကြွယ်တဲ့ ဆယ်ကျော်သက်အရွယ်များ။ သူတို့နှစ်ယောက် လိုက်ဖက်လည်း ညီလှပါ၏။ ဇော်မင်းအောင်က မဖြူမည်၊ အသားလတ်၊ ကိုယ်လုံးအနည်းငယ် ပြည့်ပြီး ဝတ်စားဆင်ယင်မှုက သပ်ရပ်သလို မဉ္ဇူချို့က ကိုယ်လုံးသွယ်၊ အသားဖြူ၊ ပေါလွင်လှသောနှာတံ၊ သွယ်လျလျမျက်နှာနှင့် ချွန်သောမေးစေ့လေးက သူမ၏ မျက်နှာအလှကို ပို၍ပေါလွင်ထင်ရှားစေလျက်။

မဉ္ဇူချို့တစ်ယောက် တယ်လီဖုန်းကို ရင်ဘတ်ပေါ်တင်ပြီး ရင်ထဲရှိ လစ်ဟာနေသော ဝေဒနာအိမ်ကို စိတ်ကူးဖြင့် အလှဆင် ဆန်းသစ်နေပေပြီ။ အပြင်ဘက်၌ ဆန်းဆယ်ရက် လဝန်းက ဝင်းလဲ့လဲ့။ လေရူးဆိုတာ ဟိုပွေဒီပွေ ရွက်ဝါဆိုတာ ဟိုကြွေဒီကြွေဆိုသလို မဉ္ဇူချို့ရဲ့စိတ်ကူးကလည်း ဟိုရောက်ဒီရောက်။ ဩော်.. စေတသိက်ဆိုတဲ့ တရားက စိတ်ကို အမျိုးမျိုးပုံဖော်ပြီး ခြယ်လှယ်နေကြတာဟာ သဘာဝသဘောတရားတစ်ခုပါ။ ကောင်းတဲ့အာရုံကလည်း ဒီစေတသိက်၊ မကောင်းတဲ့အာရုံကလည်း ဒီစေတသိက်၊ ဒီစေတသိက်တွေပေါ် မူတည်လို့ စိတ်ဟာအမျိုးမျိုး ဖြစ်ပေါ်ပြောင်းလဲနေတာ စိတ်မနောတို့ရဲ့ အလေ့အထသဘာဝ။

ခု သူပြန်ရောက်လာပြီဆိုတော့ အရာရာတိုင်းဟာ ကြည်နူးစရာ ပျော်ရွှင်စရာတွေချည်းပါလား။ မဉ္ဇူချို့ရဲ့စိတ်ကူးများက အတိတ်ဆီသို့ ဆွဲခေါ်လို့သွားနေပါပြီ။

ချစ်စခင်စ ကြင်နာစနှင့် ပွင့်လင်းသော နှလုံးသားပိုင်ရှင် ချစ်သူတို့နှစ်ယောက်။ ဇော်မင်းအောင်က အစအနောက် သန့်တယ်။ မဉ္ဇူချို့ကို အမျိုးမျိုးကျိစယ်တတ်ပြီး မဉ္ဇူချို့ စိတ်ကောက်တဲ့အခါ ကျေနပ်ပျော့ပျောင်းလာသည်

www.burmeseclassic.com

www.burmeseclassic.com

ထိ ချော့တတ်ပြန်တယ်။ ဒါကို ဇော်မင်းအောင် သဘော ကျ၏။ မဉ္ဇူချို စိတ်ကောက်တဲ့အခါ ပြန်ချော့ရတာကိုပင် ကြည်နူးစရာလို့ သဘောထားနေတဲ့ ဇော်မင်းအောင်။ ပြုံး ပျော်ရွှင်မြူး ပေါ့ပါးသွက်လက်စွာဖြင့် အချစ်စက်ဝိုင်းကြီးမှာ မရပ်မနား ပြေးလွှားခဲ့ကြတဲ့ ချစ်သူတို့နှစ်ယောက်။ မဆုံး သောနိဂုံးဖြင့် အဆုံးမသတ်ချင်ကြ။ အရေးတယူ ဂရုစိုက် ခြင်းနဲ့ ယုယကြင်နာမှုတွေကို ခံယူချင်တာက မဉ္ဇူချို။

ချစ်ခြင်းမေတ္တာဆိုတာ အတွင်းနှလုံးသားမှ ငြိမ်းချမ်း မှု၊ သည်းခံခွင့်လွှတ်မှု၊ သည်းခံခြင်းဆိုတာ သဘောထား ကြီးခြင်းရဲ့ သင်္ကေတတစ်ခု၊ အနစ်နာခံမှုရဲ့ စံနမူနာ၊ ခွင့် လွှတ်နိုင်မှုရဲ့ သက်သေသာဓက။ သည်းခံခြင်းဆိုတဲ့ အရာ ရာတိုင်းဟာ လှပတဲ့စာမျက်နှာတွေ အများကြီးရှိနေတယ် လေ။ ဒါကြောင့်လားမသိ၊ ဇော်မင်းအောင်အနေနဲ့ သူမ အပေါ် ဘယ်လိုပင် ကျီစားနေပါစေ မဉ္ဇူချို စိတ်ကောက် ရုင်လည်း တစ်ခဏပါပဲ။ အချစ်တွေပိုလို့ အပြစ်တွေ မဆို နိုင်တာက မဉ္ဇူချိုပါ။

ချစ်သူသမီးရည်းစားဘဝနဲ့ ဖြတ်သန်းလာခဲ့ကြတဲ့ အချိန်ကာလ (၄)နှစ်ရောက်လို့လာတော့ တက္ကသိုလ်ပညာရဲ့ နောက်ဆုံးနှစ်တွေ ဖြစ်နေကြပြီပေါ့။ ရည်ရွယ်ချက်တွေ ထားကြပြီလေ။ ဘွဲ့ရ၍ လုပ်ငန်းခွင်အသီးသီးဝင်ရောက်ပြီး လို့ အသားကျသွားပြီဆိုရင်တော့ လက်ထပ်ကြဖို့ အရေး တွေက အတွေးကိုယ်စီနဲ့ အတူသွား အတူလာကြလို့ ရင် ထဲမှာ အမြဲသိမ်းဆည်းထားရတဲ့ အကြင်နာစကားတွေနဲ့ အတူ သံယောဇဉ်တွေ ခိုင်မြဲလာတဲ့အခါမှာတော့ နားလည် မှု၊ ပွင့်လင်းမှုတွေက ပို၍၊ ပို၍ နက်ရှိုင်းလာခဲ့ကြတယ်။ အကြင်နာထားမှုဆိုတာ သံယောဇဉ်ဆီကို နက်နက်ရှိုင်းရှိုင်း ခေါ်ဆောင်သွားတတ်တယ် မဟုတ်ပါလား။ အရေးတယူ ဂရုစိုက်ခြင်းနဲ့ ယုယကြင်နာခြင်းဆိုတာဟာ ကိုယ်ခန္ဓာကို ချမ်းမြေ့စေပြီး ရိုးသားသန့်စင်တဲ့ အနမ်းလေးတွေ ပါဝင် နေတယ်လေ။ အကြင်နာအချစ်ပန်းတိုင်းဟာ ကမ္ဘာမြေကြီး ကို အလှတရားနဲ့ ဖြန့်ကြက်ထားတာ အမှန်ပါ။ နှလုံးသားမှ ပေါက်ဖွားလာတဲ့ အဖိုးမဖြတ်နိုင်သည့် အကြင်နာပန်းလေးရဲ့ အနမ်းနေခြည်နုလို နွေးထွေးကာ လေခြည်နုလို အေးချမ်းပြီး ကြင်ရွှင်လန်းဆန်းစေတဲ့ အကြင်နာမေတ္တာရဲ့ အနမ်း။

မဉ္ဇူချိုတစ်ယောက် အတိတ်ကို အရိပ်လို ပြန်မြင်သွား လို့ ပြုံးလဲ့တောက်ပနေတဲ့ မျက်လုံးအစုံကို အသာမှိတ်ပြီး ပါးပြင်နှစ်ဖက်ကို လက်နှစ်ဖက်ဖြင့် အသာအုပ်ထားလိုက် မိ၏။ ညော့..မမေရက်နိုင်သော အဖြစ်လေးတွေက သူမ ရဲ့ စိတ်ကူးထဲ ပျံလွှင့်လျက်။

ဇော်မင်းအောင်က ဘူမိဗေဒ နောက်ဆုံးနှစ် သူတို့ ဘူမိဗေဒက စာမေးပွဲပြီးတဲ့အခါ ကွင်းဆင်းကြရတယ်။ ဒီနှစ်မှာတော့ သူတို့တစ်တွေ ပြင်ဦးလွင်မြို့ သွားရောက်ပြီး ကွင်းဆင်းကြရတယ်။ တစ်လဝန်းကျင်ကြာကြာ သူတို့နှစ် ယောက် မတွေ့မမြင်ကြရ။ မဉ္ဇူချိုက ဓာတုဗေဒဘာသာ ရပ်ဆိုတော့ ကွင်းမဆင်းရတဲ့အတွက် မိဘများ နေထိုင်ရာ တိုက်ကြီးမြို့မှာသွားပြီး နားနေလိုက်တယ်။ ခုတော့ ချစ်သူ တို့နှစ်ယောက် ပြန်ဆုံကြတော့မယ်လေ။

♦♦♦

မဉ္ဇူချိုတစ်ယောက် အိပ်ပျော်တစ်ချက် မပျော်တစ် ချက်ဖြင့် ဒီတစ်ညတာ အချိန်ကို ဖြတ်သန်းလိုက်၏။ နံနက် (၆)နာရီထိုးကတည်းက ယူစရာရှိတာလေးတွေယူလို့ အား လုံး အဆင်သင့်ဖြစ်နေပြီ။ (၆)နာရီခွဲလောက်ကျတော့ ဇော် မင်းအောင် မှာထားသော တိုက်ကြီး-ဆူးလေ ကားဂိတ်သို့ မဉ္ဇူချို ရောက်ရှိလို့နေပါပြီ။ ဇော်မင်းအောင်ကို ဖုန်းခေါ် လိုက်၏။ လူကြီးမင်းခေါ်ဆိုသောဖုန်းမှာ စက်ပိတ်ထားပါ သဖြင့် ခေါ်ဆို၍ မရနိုင်ပါတဲ့။ အကြိမ်ကြိမ်ခေါ်ဆိုတိုင်း ဒီအတိုင်းသာ အဖြေရနေ၏။ ကားဂိတ်ရောက်ပြီး ဟိုဟိုဒီဒီ နှင့် Mark-X အဖြူရောင်ကားလေးကို မျက်စိကစားပြီး လိုက်ကြည့်မိနေ၏။ Mark-X အဖြူရောင် အိမ်စီးကား လေးက ဇော်မင်းအောင် အမြဲမောင်းနေကျ။ ဒီကားလေး နဲ့ပဲ သူတို့နှစ်ယောက် ကျောင်းပိတ်ရက်တွေမှာ ရွှေတိဂုံ ဘုရား၊ ကမ္ဘာအေးဘုရားတွေကို အတူသွားပြီး ဖူးနေကျ။

ညော့..သူမှာထားတာ နံနက်(၇)နာရီပဲ။ ခုမှ (၆)နာရီ ခွဲပဲ ရှိသေးတယ်ဆိုတော့ မဉ္ဇူချို စိတ်တွေ စောနေကြောင်း သတိထားလိုက်မိ၏။ သို့သော် (၇)နာရီခွဲသွားသည်ထိ အရိပ်အယောင်ကို မတွေ့ရ။ (၈)နာရီ (၉)နာရီထိ ဇော်မင်း အောင်ကို မတွေ့။ ဖုန်းအတန်တန် ခေါ်ကြည့်သော်လည်း လူကြီးမင်းနဲ့သာ တိုးနေ၏။ လမ်းမကြီးပေါ်တွင် ဖြတ် သွားသော အဖြူရောင်ကားလေးတွေတွေ့တိုင်း လည်တဆန့် ဆန့်နှင့် ကြည့်ရသည်ကတစ်မျိုး။ ကွန်ဒွေးမရဖြစ်လာကာ ထိုင်ရမလို ထရမလို ဖြစ်လာ၏။ ဘေးလူတွေ အကဲခတ် နေမှာစိုးတဲ့အတွက် မနည်းကြီး ကွန်ဒွေးဆည်ထားရ၏။

မဉ္ဇူချို ဒေါသတွေ ဖြစ်နေမိပြီ။ ဖုန်းကလည်း ခေါ် မရ။ ဒီတစ်ခါတော့ မဉ္ဇူချို တော်တော်ဒေါသလွန်နေ၏။

www.burmeseclassic.com

www.burmeseclassic.com

ဧော်မင်းအောင်က အကျိုစားသန့်၏။ ဖုန်းကို တမင်ပိတ်ထားပြီး သူမကို ကျိစယ်နေသည်ထင်ကာ ဆောင့်အောင့်ပြီး အသင့်ရပ်ထားသော တိုက်ကြီး-ဆူလေး ကားပေါ် တက်ထိုင်လိုက်၏။ မဋ္ဌချို တက်စီးလိုက်သောကားမှာ အခြိန်သိပ်မကြာမီမှာပင် ခရီးသည်တွေတင်၍ ဂိတ်မှ စထွက်လေပြီ။

တော်တော်လေး အရှိန်ရလာသောအခါ-

"ဟော..တွေ့လိုက်ပါပြီ ဧော်မင်းအောင်။ လမ်းဘေးပလက်ဖောင်း ကွမ်းယာဆိုင်ဘေးတွင် သူမကို ပြုံးရွှင်စွာ လက်ပြနှုတ်ဆက်နေ၏။ ဝတ်စားဆင်ယင်မှုကလည်း မဋ္ဌချို အကြိုက်၊ အင်္ကျီအဖြူလည်ကတုံးလက်ရှည်ကို လည်ပင်းကြယ်သီးတပ်ထား၏။ ပုဆိုးက မိုးပြာရောင်အကွက်စိတ်။ ဒီဝတ်စားဆင်ယင်မှုကို မဋ္ဌချို အကြိုက်ဆုံးဖြစ်ကြောင်း ပြောခဲ့ဖူးသည်။ ဒါကြောင့်လားမသိ၊ မဋ္ဌချိုနှင့် ချိန်းဆိုပြီး တစ်နေရာရာကို အတူသွားကြမည်ဆိုလျှင် လည်ပင်းကြယ်သီးတပ်ထား၏။ ပုဆိုးက မိုးပြာရောင်လက်ရှည်၊ ပုဆိုးက အကွက်စိတ်။ အရောင်ကတော့ အပြာလည်း ဝတ်၏၊ အညိုလည်း ဝတ်တတ်၏။ ခုတွေ့လိုက်ရတာက မိုးပြာရောင်အကွက်စိပ်ပုဆိုးနှင့်။

မဋ္ဌချို နှုတ်ခမ်းစူပစ်လိုက်၏။ ဟင်း..ဒီတစ်ခါ လာချော့ရင်တော့ နှစ်ရက်လောက် စကားမပြောဘဲ နေလိုက်မယ်ဟု တိုးတိုးလေးပင် နှုတ်ကထွက်သွားမိလိုက်၏။

မဋ္ဌချို့ကို သူ့ကို စိုက်ကြည့်ပြီး တစ်ဖက်သို့ မျက်နှာလွဲလိုက်၏။ မဋ္ဌချိုနှင့် ဧော်မင်းအောင်တို့ ရှိနေသည့်အနေအထားမှာ ဧော်မင်းအောင် ရပ်နေသော ပလက်ဖောင်းဘက်ရှိ ကားပြတင်းပေါက်ရှိရာ ထိုင်ခုံမှာ မဋ္ဌချိုက ထိုင်နေတာဆိုတော့ ထင်ထင်ရှားရှား သေသေချာချာ မြင်တွေ့လိုက်ပါ၏။ တိုက်ကြီး-ဆူးလေ ခရီးသည်တင်ကားကလည်း အရှိန်ရနေပြီဖြစ်လို့ ကားကို မရပ်ခိုင်း။ ဧော်မင်းအောင်ကို စိတ်ဆိုးနေတာဖြစ်လို့လည်း ကားကို မရပ်ခိုင်းခြင်း ဖြစ်မှာပေါ့။ မဋ္ဌချို စီးလာသောကားမှာ ဧော်မင်းအောင်နှင့် အလှမ်းနည်းနည်း ဝေးသွားမှ မဋ္ဌချို့က သမင်လည်ပြန် လှည့်ကြည့်မိသေး၏။ ဧော်မင်းအောင်က မူလရပ်နေသည့် နေရာမှာပင် သူမကို ပြုံးရွှင်စွာ လက်ပြနှုတ်ဆက်လျက်။ ကိစ္စမရှိ။ ဒီကောင် ဒီလိုပဲ၊ မဋ္ဌချို့ကို ကျိစယ်နေကျ။ နောက်က သူ့ကားနဲ့ လိုက်လာပြီး မော်ဘီမှာ မဋ္ဌချို စီးလာတဲ့ကားကို စောင့်နေမှာ သေချာတယ်။

ဧော်မင်းအောင်အကြောင်း မဋ္ဌချို့ ကောင်းကောင်းသိထား၏။ ဟိုတစ်ခါတုန်းကလည်း လုပ်ပုံကြည့်။ ကျိုက်ခေါက်ဘုရားဖူးကြရင်း ထမင်းဆာတယ်လို့ မဋ္ဌချို့ကပြောတော့ ဧော်မင်းအောင်က ထမင်းဆိုင်တစ်ဆိုင် ခေါ်သွားပြီး ထမင်းကျွေးတယ်။ နှစ်ယောက်သား ထမင်းဆာဆာနှင့် တစ်ဝကြီး စားသောက်ပစ်လိုက်ကြပြီးနောက် ဆိုင်ရှင်က ကျသင့်ငွေ(၁၇၀၀)ကျပ်ဖြစ်ကြောင်းပြောတော့ ပိုက်ဆံရှင်းခါနီးကျမှ ဧော်မင်းအောင်က မျက်စိပျက် မျက်နှာပျက်နှင့် ပိုက်ဆံအိတ်ကျန်ခဲ့ကြောင်း ပြောရာ မဋ္ဌချို့လည်း ကမန်းကတန်း သူမ၏ ပိုက်ဆံအိတ်ကို ဖွင့်ကြည့်တော့ အောင်မယ်လေး..တော်သေးတာပေါ့။ ပိုက်ဆံအိတ်ထဲမှာ ငွေ(၂၀၀၀)ကျပ်ကျော်ကျော်လေး ရှိနေသေးလို့သာ။ ဒီငွေသာ မရှိရင် မဋ္ဌချို့တို့ အရှက်ကွဲကြမှာ အသေအချာပဲ။

ကျသင့် ငွေ(၁၇၀၀)ကျပ်ကို မဋ္ဌချို့က ရှင်းလိုက်ပြီး သန်လျင်-ရန်ကုန် ကားနဲ့ ပြန်လာကြတဲ့အခါ ဧော်မင်းအောင်က တစ်လမ်းလုံး မျက်စိမျက်နှာမကောင်းတဲ့ ပုံစံမျိုးဖြင့်-

"ဆောရီးပဲ မဋ္ဌရာ၊ ငါလည်း ကမန်းကတန်းမို့ ပိုက်ဆံအိတ်ကျန်ခဲ့မှန်း မသိလိုက်ဘူး။ ဆောရီးပဲကွာ" တဲ့။

မဋ္ဌချို့က ဧော်မင်းအောင်ရဲ့အဖြစ်ကို စိတ်မကောင်းစွာနှင့် "အေးပေါ့ ကိုဧော်ရယ်၊ နောက်ဆို သတိထားပေါ့" လို့ တောင် ပြောလိုက်သေး၏။

သူတို့ချစ်သူနှစ်ယောက် အကြင်နာစကားတွေ ပြောတဲ့အခါတိုင်း မဋ္ဌချို့က ဧော်မင်းအောင်ကို ကိုဧော်လို့ခေါ်ပြီး ပြောတတ်တယ်လေ။ ဧော်မင်းအောင်က လမ်း(၄၀)မှာ နေတာဆိုတော့ ဘိုကလေးစျေးကားမှတ်တိုင်ရောက်တဲ့အခါ "ငါ ဆင်းတော့မယ်နော်။ နင်က ဆက်စီးသွားရဦးမှာ" ဆိုပြီး ဧော်မင်းအောင် ကားပေါ်က ဆင်းဖို့လုပ်တယ်။ ဒါပေမဲ့ ဧော်မင်းအောင် လုပ်ပုံကြည့်၊ ကားပေါ်က ဆင်းခါနီးမှာ အင်္ကျီလက်ခေါက်ထားတဲ့ကြားထဲက (၅၀၀၀)ကျပ်တန် တစ်ရွက်ထုတ်ပြီး မဋ္ဌချို့ ပိုက်ဆံအိတ်ကိုဖွင့်လို့ ထည့်လိုက်ပြီး တဟားဟားနဲ့ ရယ်မောလို့ ကားပေါ်က ကမန်းကတန်း ပြေးဆင်းသွားလိုက်တယ်။ ကြည့်၊ ဧော်မင်းအောင် လုပ်ပုံက၊ ခပ်တည်တည်နဲ့ မဋ္ဌချို့ကို စတာတ်နောက်တာတော်ပြောင်တတ်သူ။ ချစ်သူ စိတ်ဆိုးစိတ်ကောက်တာကို ကြည့်ချင်လို့တဲ့။

ခုလည်းကြည့်၊ ဧော်မင်းအောင် လုပ်ပြန်ပြီ။ (၇)နာရီ

www.burmeseclassic.com

www.burmeseclassic.com

ထက် နောက်မကျဆိုပြီး (၉)နာရီထိ ပေါ်မလာ။ ဖုန်းကိုပါ ပိတ်ထားလိုက်၏။ ပြီးတော့ မလှမ်းမကမ်းကနေ ရယ်မောပြီး လက်ပြနေပြန်ပြီ။ ဒါ တမင်သက်သက် မဋ္ဌုချို့ကို ကျီစယ်နေတာ။ မဋ္ဌုချို့က သူ့အကြောင်း ကောင်းကောင်း သိထား၏။ မော်ဘီမှာ စောင့်နေလိမ့်မယ်လို့ မဋ္ဌုချို သိထားလိုက်၏။

မဋ္ဌုချို့စီးလာတဲ့ကား မော်ဘီရောက်တဲ့အခါ ဟော..တွေ့လိုက်ပြန်ပြီ ဇော်မင်းအောင်။ မဋ္ဌုချို ထင်ထားတဲ့အတိုင်းပါပဲ။ မော်ဘီကနေ ကြိုတင်ပြီး စောင့်နေတယ်လေ။ ဟင်း..တွေ့ကြသေးတာပေါ့ ကိုဇော်ရယ်။ ကိုဇော်ကပဲ ကျီစားသန်မလား၊ မဋ္ဌုကပဲ စိတ်ကောက်သန်မလား။ ဒီတစ်ခါတော့ မှတ်သားလောက်အောင် ပညာပြရမှာပေါ့။ မဋ္ဌုချို့ စိတ်ထဲက ကြိမ်းဝါးလိုက်၏။ ဇော်မင်းအောင်ကတော့ အပြုံးမပျက် ရပ်လျက်နှင့်ပင်။

တိုက်ကြီးတွင် တွေ့လိုက်ရသည့်အတိုင်း လည်ကတုံးအင်္ကျီအဖြူရောင်လက်ရှည် လည်ပင်းကြယ်သီးတပ်ထားလျက် မိုးပြာရောင်အင်္ကျီစိတ်ပုဆိုးနှင့်။ အောင်မာ..လက်ထဲမှာ အထုပ်လိုလို ဘာလိုလိုတောင် ကိုင်ထားလိုက်သေး။ သေချာပေါက် မဋ္ဌုချို့အတွက် မန္တလေးက ဝယ်ခဲ့တဲ့ ထိုးမုန့်၊ လမုန့်ထွေ ဖြစ်မှာပေါ့။ အပြန်မှာ မဋ္ဌုချို့က ထိုးမုန့်၊ လမုန့် ဝယ်ခဲ့ဖို့ မှာလိုက်တယ်လေ။

တိုက်ကြီးကားက မော်ဘီမှာ ခေတ္တရပ်လို့ ခရီးသည်တွေကို အတင်အချလုပ်တဲ့အထိ ဇော်မင်းအောင် ကားပေါ်တက်မလာ။ ကားလမ်းတစ်ဖက် ကွမ်းယာဆိုင်မှာရပ်ပြီး မဋ္ဌုချို့ကို ရယ်ကာမောကာ လက်ပြနေလျက်။ မဋ္ဌုချို့က လည်း ကားပေါ်က မဆင်း။ သိက္ခာကျမခံ၊ သူလာခေါ်ရင်တော့ ဆင်းမယ်ပေါ့။

ကားစထွက်ပြီ။ ဇော်မင်းအောင် တက်မလာ၊ မူလနေရာမှာပင် ရပ်လျက်။ မဋ္ဌုချို့ စီးလာတဲ့ကား အရှိန်ရပြီ။ ဇော်မင်းအောင်ကို ကျော်သွားတဲ့အခါ မဋ္ဌုချို့က ကားပေါ်မှ နောက်သို့လှည့်ပြီး ကြည့်မိသေး၏။ ဇော်မင်းအောင်က မလှုပ်မယှက် လက်ပြလျက် အနေအထားအတိုင်း။ မဋ္ဌုချို့ စိတ်ထဲ မချင့်မရဲနှင့် နှုတ်ခမ်းစူကာ ကားဆက်စီးသွားလိုက်၏။ ထောက်ကြို့ရောက်တဲ့အခါမှာတော့ ဇော်မင်းအောင်ကို မတွေ့ရတော့။ မဋ္ဌုချို့ ကားဆက်စီးသွားရင်း ဇော်မင်းအောင်ကို တော်တော်ဒေါသထွက်နေ၏။ ဟံသာဝတီအဝိုင်းနားရောက်တော့ Junction Square မှာ တစ်ခုခုစားမယ်ဆိုတဲ့ ဇော်မင်းအောင်၏ ဖုန်းထဲမှ ပြောလိုက်တဲ့ စကားကို သတိရလိုက်မိသေး၏။

♦ ♦ ♦

မဋ္ဌုချို့ စီးလာတဲ့ကား ဂိတ်ဆုံးလို့ ကားပေါ်မှဆင်း၍ သူမ နေထိုင်ရာ လသာသို့ သွားပြီးနောက် ပစ္စည်းတွေနေရာချပြီး ဇော်မင်းအောင်ကို စိတ်တိုတိုနှင့် ဖုန်းခေါ်ကြည့်လိုက်ပြန်သေး၏။ လူကြီးမင်းခေါ်ဆိုသော်ဖုန်းမှာ စက်ပိတ်ထားပါသဖြင့် ခေါ်ဆို၍ မရနိုင်ပါဆိုတဲ့ အဖြေကိုသာ ရရှိလို့နေပါသည်။

မဋ္ဌုချို့စိတ်ထဲက မချိမဆံ့ဝေဒနာတွေနှင့် သူငယ်ချင်းဖြစ်သူ စုမြတ်မွန်ဆီ ဖုန်းခေါ်ကြည့်လိုက်တော့ "ဟယ်..မဋ္ဌုချို့၊ နင် ရောက်နေပြီလား။ ငါနဲ့ ဝါဝါခိုင်တို့ နင့်ဆီ ခုလာခဲ့မယ်။ အရေးကြီးကိစ္စ ပြောစရာရှိတယ်" တဲ့။

စုမြတ်မွန်အသံက ဆို့ဆို့နှင့်နှင့် ဖုန်းပိတ်သွား၏။ မဋ္ဌုချို့ စိတ်ထဲက ဒီကောင်မတွေ ဘာဖြစ်နေကြတာလဲ ဟုပင် ထင်လိုက်မိ၏။ ဟော..စုမြတ်မွန်တို့ မဋ္ဌုထံ ရောက်လာကြပါပြီ။ မဋ္ဌုချို့ကို တွေ့တွေ့ချင်း ဖက်၍ ရှိုက်ကြီးတငင်ငိုနေကြ၏။

"ဟဲ့..ဟဲ့..နင်တို့ ဘာဖြစ်လာကြတာလဲ။ ငါ့ကို ပြောကြစမ်းပါဦး" ဟု မဋ္ဌုချို့က ပြောလိုက်တော့ ဇော်မင်းအောင်တို့ သေဆုံးသွားကြပြီတဲ့။ မဋ္ဌုချို့က လက်ကာပြပြီး အားရပါးရရယ်မောလိုက်၏။

"နင့်တို့လေ..နင်တို့ ငါ့ကို အရူးများ မှတ်နေလား။ ဒီနေ့မနက်(၉)နာရီလောက်မှာ ဇော်မင်းအောင်နဲ့ ငါ တွေ့လိုက်သေးတယ်။ တိုက်ကြီးမှာလည်း တွေ့တယ်။ မော်ဘီမှာလည်း တွေ့တယ်။ အင်္ကျီက အဖြူလည်ကတုံးလက်ရှည်၊ လည်ပင်းကြယ်သီးတောင် တပ်ထားလိုက်သေး။ ငါ့ကို ရယ်မောပြီး လက်ပြပြီးတောင် နောက်နေသေးတယ်။ ငါနဲ့ ဘာမှမဝေးတဲ့ မလှမ်းမကမ်းဆိုတော့ သေသေချာချာကို တွေ့လိုက်တာ။ ပုဆိုးက မိုးပြာရောင်အင်္ကျီစိတ်။ နင်တို့ ငါ့ကို အရူးမှတ်နေလို့လား"

ထိုအခါ စုမြတ်မွန်နှင့် ဝါဝါခိုင်တို့က-

"ဘာ..ဘာ..ဘာ..ဘယ်လို၊ အင်္ကျီအဖြူရောင်လက်ရှည်လည်ကတုံး၊ လည်ပင်းကြယ်သီးလည်း တပ်ထားတယ်။ ပြီးတော့ ပုဆိုးက မိုးပြာရောင်အင်္ကျီစိတ်နဲ့ ဟုတ်လား"

"အေး..ဟုတ်တယ်" ဟု မဋ္ဌုချို့က ပြန်လိုက်တော့

www.burmeseclassic.com

www.burmeseclassic.com

စုမြတ်မွန်နှင့် ဝါဝါခိုင်တို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ အောင်မယ်လေးဆိုပြီး ကြောက်ကြောက်လန့်လန့် ဟိုကြည့်ဒီကြည့်နဲ့ တစ်ယောက်ကိုတစ်ယောက် ဖက်ထားလိုက်ကြ၏။

"ဟဲ့...မဌူ၊ နင် တကယ်ပြောနေတာလား။ ဇော်မင်းအောင်နဲ့ ဝင်းအောင်နိုင်တို့ နှစ်ယောက်စလုံး ဒီနေ့မနက် (၃)နာရီလောက်က မြေနီကုန်းခုံးကျော်တံတားမှာ ကားချင်းတိုက်မိလို့ နှစ်ယောက်စလုံး အဲဒီနေရာမှာပဲ သေဆုံးသွားကြပြီ"တဲ့။

စုမြတ်မွန်တို့ ဆက်ပြောလိုက်တာက "ဇော်မင်းအောင် သေဆုံးတဲ့အချိန်၊ ဝတ်ထားတဲ့ အဝတ်အစားက ခု နင် ပြောတဲ့အတိုင်းပဲ။ လည်ကတုံးအင်္ကျီအဖြူရောင်လက်ရှည်၊ လည်ပင်းကြယ်သီး တပ်ထားတယ်တဲ့။ ပုဆိုးက မိုးပြာရောင်အကွက်စိတ်လို့ပြောတယ်။ ဒီနေ့ မွန်းလွဲ(၂)နာရီ ရေဝေးသုသာန်ကို ဆေးရုံကြီးကနေ ပို့ကြလိမ့်မယ်"

စုမြတ်မွန်က တစ်ဆက်တည်း ဆက်ပြောလိုက်တာက-

"တို့လည်း ခုနလေးကမှသိတာ။ ဇော်မင်းအောင်တို့ ဆေးရုံရောက်ပြီး မည်သူမည်ဝါတွေဖြစ်ကြောင်း သက်ဆိုင်ရာက စုံစမ်းပြီး သူတို့အိမ်တွေကို အကြောင်းကြားတာတဲ့။ သွားကြည့်တဲ့ သူမိဘဆွေမျိုးတွေ ပြောပြချက်အရ ဇော်မင်းအောင် ဝတ်ထားတဲ့ အဝတ်အစားတွေက ခု နင်ပြောလိုက်တဲ့အတိုင်းပဲ။ အင်္ကျီအဖြူ လည်ကတုံးလက်ရှည် လည်ပင်းကြယ်သီးတပ်ထားလျက်၊ မိုးပြာရောင်အကွက်စိတ်ပုဆိုး ဝတ်ထားတယ်တဲ့။ တို့လည်း သိသိချင်း နင့်ဆီအကြောင်းကြားမလို့ လုပ်နေတုန်း နင့်ဆီက ဖုန်းဝင်လာတာ အဲဒါနဲ့ နင့်ဆီ ချက်ချင်းလာခဲ့တာ"

မဌူချို ဦးခေါင်းချာရဟတ်လို ချာချာလည်သွားပြီး နားထင်နှစ်ဖက်ကို လက်နှစ်ဖက်ဖြင့်ဖိကာ အရပ်ကြီးပြတ်ဆိုဖာခုံပေါ် ပစ်ကျသွားပါပြီ။ မေမြော်မသွားအောင် စုမြတ်မွန်တို့က ဝိုင်းထိန်းထားရ၏။ မဌူချို မျက်နှာကို လက်ဝါးနှင့်အုပ်ပြီး ရှိုက်ကြီးတငင် ငိုကြွေးလို့နေပါပြီ။

အရေ့ဝိုင်းတက္ကသိုလ်ကျောင်းသား ဘုမိဗေဒ နောက်ဆုံးနှစ် ဇော်မင်းအောင်နှင့် ဝင်းအောင်နိုင်တို့ နှစ်ယောက်၏ ရုပ်အလောင်းများ ရေဝေးသုသာန်သို့ ပို့တော့မည်။ သူငယ်ချင်းတစ်စု ဆေးရုံကြီးတွင် ရောက်ရှိလို့နေကြပါပြီ။ မဌူချို့က ရှေ့ဆုံး။ ဟော...အလောင်းတွေ ရေခဲတိုက်ကထုတ်လာကြပြီ။ မဌူချို့ တွေ့လိုက်ရတဲ့ခြင်္ကျင်းက သွေးပျက်တုန်လှုပ်ချောက်ချားစရာအသွင်။ သွေးအလိမ်းလိမ်း ပေကျံနေသော အင်္ကျီအဖြူရောင်လက်ရှည် လည်ကတုံးကို ရုပ်အလောင်းပေါ်တင်ထားလျက် မိုးပြာရောင်အကွက်စိတ်ပုဆိုးနှင့် ဇော်မင်းအောင်။ မဌူချို့တစ်ယောက် လက်နှစ်ဖက်ဖြင့် မျက်နှာကိုအုပ်လိုက်ကာ အော်ဟစ်ငိုကြွေးလို့ မည်သူကိုမှ စကားမပြောနိုင်တော့။ စုမြတ်မွန်တို့က အနား မှာနေပြီး မဌူချို့ကို ဝိုင်းထိန်းထားရ၏။

ကြေမွပျက်ပြန်းသွားတဲ့ နှလုံးသားရဲ့ ခံစားချက်တွေက အပူလုံးကြွ၍ ယူကျုံးမရဖြစ်နေရှာတဲ့ မဌူချို့။ ဇော်မင်းအောင်နှင့် ဝင်းအောင်နိုင်တို့ သူငယ်ချင်းနှစ်ယောက်ကတော့ ရုပ်အလောင်းအဖြစ်နှင့် တစ်ကားတည်း အတူပါသွားကြပြီပေါ့။

မဌူချို့တစ်ယောက် ရုပ်အလောင်းများ တင်သွားသောကားကိုကြည့်လျက် နေရာတွင် မလှုပ်မယှက် ရပ်လျက်မှေနေသယောင်ယောင်။ သူငယ်ချင်း စုမြတ်မွန်နှင့် ဝါဝါခိုင်တို့က အကြင်နာလက်များဖြင့် ဖေးမ,ကာ ကားပေါ်သို့ တက်သွားကြ၏။

လသာရှိ မဌူချို့နေထိုင်ရာအိမ်သို့ ရောက်သောအခါ သူငယ်ချင်းတွေက မဌူချို့ကို ဖြေသိမ့်ချော့မော့နေကြ၏။ စုမြတ်မွန်တို့ ပြောပြချက်အရ ပြင်ဦးလွင်မှာ ကွင်းဆင်းလေ့လာပြီး ပြန်လာတဲ့နေ့က မန္တလေးတွင် ဇော်မင်းအောင် ဆင်း၍ ထိုးမှန့်၊ လမုန့်တွေ ဝယ်နေကြောင်း၊ မဌူချို့အတွက် လက်ဆောင်တဲ့။ ရန်ကုန်ရောက်ပြီး နောက်နေ့မှာ မဌူချို့ကို သွားခေါ်မယ်ဆိုပြီး မြူးမြူးကြွကြွ ရွှင်လန်းတက်ကြွနေကြောင်း သိလိုက်ရပါ၏။

မှန်ပါသည်။ ဇော်မင်းအောင် ရန်ကုန်ရောက်ရောက်

www.burmeseclassic.com

ချင်း မဉ္ဇူချို့အား ဖုန်းဆက်အသိပေးကာ မနက်ဖြန်နံနက် (၇)နာရီထက် နောက်မကျဘဲ တိုက်ကြီးကို လာခဲ့မယ်ဆိုပြီး မဉ္ဇူချို့ကို ဖုန်းဆက်အကြောင်းကြားလို့ ဇော်မင်းအောင် နောက်နေ့နံနက်(၃)နာရီမထိုးမီ သူငယ်ချင်း ဝင်းအောင်နိုင်ကိုခေါ်၍ အိမ်သုံးကား MAX-X အဖြူရောင်လေးဖြင့် အတူလာကြခြင်း ဖြစ်ပါသည်။

နံနက်(၂)နာရီ (၃)နာရီဆိုတော့ ကားတွေရှင်းနေတဲ့ အချိန်ဖြစ်တာကြောင့် ဇော်မင်းအောင် အတွေးတစ်ပိုင်းနဲ့ ကားကို မြန်မြန်မောင်းပြီး လာကြတဲ့အခါ မြေနီကုန်း ခုံးကျော်တံတားရောက်တော့ ဘစ်ဖက်ကလာနေတဲ့ TAXI အဖြူရောင်ကားနှင့် မျက်နှာချင်းဆိုင် တိုက်မိကြ၏။ အရှိန်ပြင်းပြင်းမောင်းလာတော့ ဘယ်လိုမှထိန်းမရတော့ ထိုနေရာမှာပင် နှစ်ယောက်စလုံး ပွဲချင်းပြီး သေဆုံးကုန်ကြခြင်း ဖြစ်ပါသည်။

♦ ♦ ♦

မီးသင်္ဂြိဟ်မည့်နေ့ ရေဝေးသုသာန်မှာ ကျောင်းသူကျောင်းသားတွေနှင့် ဆွေမျိုးတစ်စု ရောက်ရှိလို့နေကြပါပြီ။ တက္ကသိုလ်ကျောင်းသားနှစ်ယောက် ဘာသာရပ်တူ ဘူမိဗေဒ နောက်ဆုံးနှစ်ဆိုတော့ အားလုံးက စုတ်တသပ်သပ်။ အလောင်းပြင်ဆင်ထားသည့် ခန်းမဆီသို့ တရွေ့ရွေ့ခေါင်းစိုက်ပြီး သွားနေသူက မဉ္ဇူချို့။ လက်ထဲတွင်တော့ အလွမ်းတွေ ဝေနေသည့် ပန်းခြင်းတစ်ခြင်းကိုင်လျက်။

ပြင်ဆင်ထားသော ဇော်မင်းအောင်မျက်နှာကို သေသေချာချာ စိုက်ကြည့်လို့-

"ကိုဇော်ရယ်..ကိုဇော်သေမှ ပန်းခြင်းနဲ့နှုတ်ဆက်တာ မဟုတ်ပါဘူး။ ကိုဇော် မသေခင်ကတည်းက ပန်းပေးလို့ အရှုံးပေးခဲ့တဲ့သူပါ ကိုဇော်။ နှူးညံ့သိမ်မွေ့တဲ့ ကိုဇော့်ရဲ့ ချစ်ခြင်းမေတ္တာတွေကို ပွေ့ပိုက်ခဲ့တဲ့သူပါ ကိုဇော်ရယ်"

ကြွေကျမြေခဲ့ရသော ပန်းလေးတစ်ပွင့်အတွက် ပူလောင်သောရင် မရွှင်သောနှလုံးသားမှ ထွက်ပေါ်လာတဲ့ မဉ္ဇူချို့ရဲ့ စကားသံများ။ အပူလိုင်းတွေ စီးဝင်နေတဲ့ သူမရဲ့ နှလုံးသားအိမ်။ ဒီနှလုံးသားရဲ့ စေ့ဆော်မှုကြောင့် သူမရဲ့ မျက်လုံးအိမ်မှာတော့ လွမ်းမျက်ရည်တွေ တသွင်သွင် စီးဆင်းလျက်။ နွေးထွေးမှုနဲ့ အကြင်နာတွေ ကွယ်ပျောက်သွားတဲ့ မဉ္ဇူချို့။ ဒီခံစားချက်တွေနဲ့အတူ နှလုံးသွေးတွေက တစ်ကိုယ်လုံး လှည့်ပတ်စီးဆင်းနေသယောင်။ လွမ်းတေးငှက်ရဲ့ တွန်ကျူးသံလား၊ ဖော်ကွဲငှက်ရဲ့ ကြေကွဲသံလား၊ အသိုက်ပျက်ငှက်ရဲ့ ဟစ်ကြွေးသံလား ဒီအဖြေကိုတော့ မဉ္ဇူချို့ရဲ့ နှလုံးသားကသာ အဖြေပေးနိုင်မှာပါလေ။

ရင်ထဲက အမည်မဖော်နိုင်တဲ့ ဝေဒနာပေါင်းစုံရဲ့ တွန်းကန်မှုကြောင့် မျက်လုံးအိမ်မှာ လွမ်းငွေ့တွေဝေနေတဲ့ မျက်ရည်စတွေ တသွင်သွင်စီးဆင်းလို့ ကားပေါ် တက်သွားတဲ့ မဉ္ဇူချို့။ လောကခံတရားရဲ့ ရိုက်ချက်က ပြင်းထန်လှပါတကား။ ချစ်ခြင်းမေတ္တာက ပေးလိုက်တဲ့ မရှုမလှဒဏ်ရာတွေနဲ့အတူ ရုန်းကန်ရတော့မယ့် မဉ္ဇူချို့။

ဘာမျှမကြာလိုက်သော အချိန်အတိုင်းအတာလေးအတွင်း ပြောင်းလဲမှုတွေက များလှချည်ပါလား။ အတိတ်ကို ပြန်လှည့်ကြည့်လိုက်တော့ လျှောက်လှမ်းခဲ့တဲ့ အချစ်ခရီးလမ်းက အရိပ်တွေဟာ တရိပ်ရိပ်နဲ့ ခြောက်လှန့်နေပါပြီ။

မဉ္ဇူချို့ ကားပေါ်ရောက်ပြီးမှ သမင်လည်ပြန် လှည့်ကြည့်လိုက်ပြန်တော့ မီးသင်္ဂြိဟ်စက်မှ ထွက်လာတဲ့ မီးခိုးတွေကြားက အင်္ဂါအဖြူလည်ကတုံးလက်ရှည် လည်ပင်းကြယ်သီးတပ်လျက် မိုးပြာရောင်အင်္ကျီစတ်ပုဆိုးနှင့် မဉ္ဇူချို့ကို လက်ပြနှုတ်ဆက်နေသည့် ဇော်မင်းအောင် ပုံရိပ်သဏ္ဌာန်။ ဒီပုံရိပ်သဏ္ဌာန်က မဉ္ဇူချို့ကို အပြီးအပိုင် နှုတ်ဆက်နေပါပြီ။

သြော်..ဘဝခရီးလမ်း ဘယ်လိုပင်ကြမ်းကြမ်း အချစ်ပန်းတော့ မနွမ်းစေရဆိုတဲ့ ချစ်သူတို့နှစ်ယောက်ရဲ့ ကြေကွဲရင်နှင့်စရာ ဇာတ်လမ်းအဆုံးမှာ မဉ္ဇူချို့ရဲ့ နှုတ်ခမ်းနှစ်လွှာက မပွင့်တပွင့်ထွက်လာတဲ့ စကားသံကတော့ နောင်သံသရာထိ ချစ်နေမယ် ကိုဇော်ရယ်တဲ့။

ဝန်ခံချက်

ဖြစ်ရပ်မှန်ဇာတ်လမ်းလေးတစ်ပုဒ်ကို စာရေးသူအနေနဲ့ ရင်တွင်းမှ ခံစားရင်း စာပန်းချီခြယ်သလို့ တင်ပြထားတာပါ။ စာရေးသူ အဓိကတင်ပြချင်တာက စိတ်စွမ်းအင်ပဲ ဖြစ်ပါတယ်။

ဆရာတော်ကြီးတွေ ဟောကြားချက်နှင့် စာရေးသူ လေ့လာသိရှိထားသလောက် စိတ်စွမ်းအင်ဟာ အင်မတန်ပြင်းထန်ပါတယ်တဲ့။ ဥပမာ-သေခါနီး လက်ဖြတ်ခံရပြီး သေသွားတယ်။ နောက်ဘဝမှာ လက်ပြတ်ကြီးဖြစ်နေတယ်။ ဒါဟာ စိတ်စွဲလမ်းမှုကြောင့် ဖြစ်တာပါတဲ့။ ဥပါဒါန်ကြောင့် ဖြစ်တယ်လို့ ပြောရမယ်တဲ့။ သူ့စိတ်ထဲမှာ လက်အဖြတ်ခံရတယ်ဆိုတဲ့အမှတ်နဲ့ သေသွားသည့်အတွက်ကြောင့် နောင်

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်လာတဲ့အခါ အဲဒီလက်ပြတ်ဒဏ်ရာကြီးက အမှတ်အသားဖြစ်နေတယ်။ ဒါဟာ စိတ်စွမ်းအင်ကြောင့် ဖြစ်တာပါတဲ့။

တိဗက်တွေရဲ့ အယူအဆအရ လူတစ်ယောက်သေဆုံးသွားပြီဆိုရင် စုတိစိတ်နဲ့ ပဋိသန္ဓေကြားမှာ ဘဝလေးတစ်ခုရှိသေးတယ်တဲ့။ စုတိစိတ်ရဲ့နောက် ပဋိသန္ဓေမယူခင် (၄၉) ရက်စောင့်ဆိုင်းနေတယ်။ နေရာလိုက်ရှာနေတဲ့သဘောပေါ့။ မြန်မာတွေကျတော့ ရက်လည်ဖို့ဆိုတာကို (၇)ရက်လို့ ပြောကြတယ်။ (၇)ရက်မနေပါဘူး၊ တောက်လျှောက်သွားတာပါ။ နေလို့ရှိရင်လည်း အဲဒါဟာ ဘဝတစ်ခုပါပဲတဲ့။

ဒါက ဆရာတော်ပါမောက္ခချုပ် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ ဟောကြားခဲ့တဲ့ ပဋ္ဌာန်းမြတ်ဒေသနာ စာအုပ်မှာ စာရေးသူ မှတ်သားထားတာပါ။

စာရေးသူ လေ့လာသိရှိထားတာကလည်း ပဋိသန္ဓေစိတ်ဆိုတာ ခန္ဓာဟောင်းမှာ-စုတိစိတ်ကျတာနဲ့ တစ်ဆက်တည်းမှာပဲ ပဋိသန္ဓေစိတ် ပြန်တည်ပါတယ်။ တစ်ဘဝနဲ့ တစ်ဘဝ ဆက်စပ်နေခြင်းကို ပဋိသန္ဓေလို့ ခေါ်ခြင်းပါ။ သေသူတစ်ယောက်ဟာ အိမ်မှာလာပြီး ချိုးချိုးခြောက်ခြောက်လုပ်တာတို့၊ အနံ့ပေးတာတို့၊ ကိုယ်ထင်ပြတာတို့ အသံပေးတာတို့ ဆိုတာတွေက အဲဒါ ပေတာအစွမ်းနဲ့ သံယောဇဉ်ရှိရာ ဆွေဟောင်းမျိုးဟောင်းတွေဆီ တွယ်ကပ်နိုင်ခြင်းပါ။ ဒါဟာလည်း ဘဝတစ်ခုပါပဲ။

ဒါကြောင့် ဇော်မင်းအောင် သေဆုံးပြီးနောက် ဖြစ်လာတဲ့ ဘဝတစ်ခုမှာ သူစိတ်စွဲလမ်းနေတဲ့ သံယောဇဉ်ရှိရာ မဋ္ဌုချိုထံ ရောက်လာခြင်းဖြစ်သည်ဟု စာရေးသူ ထင်မြင်မိနေတဲ့အတွက် ချစ်သူတို့နှစ်ဦးရဲ့ ရင်နင့်ကြေကွဲဖွယ် ဇာတ်လမ်းလေးကို စိတ်စွမ်းအင်လား၊ ဝိညာဉ်လားဟု ဆိုလိုက်ပါရစေတော့။

မည်သို့ပင်ဆိုဆို (၁၄-၅-၂၀၁၅)ရက်နေ့က မြေနီကုန်းခုံးကျော်တံတားတွင် ကားချင်းတိုက်၍ နေရာတွင်ပင် သေဆုံးသွားကြကုန်သော ဘူမိဗေဒနောက်ဆုံးနှစ် ကျောင်းသားနှစ်ယောက် မည်သည့်ဘဝတွင် ရောက်လို့နေပါစေ သက်ဆိုင်သူတို့က ပြုလုပ်သည့် ရည်စူးကုသိုလ်ကို အမျှရ၍ သာဓုခေါ်ပြီး ကောင်းရာသုဂတိလားနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်..။

မြင်သာ-သောင်းတင်

အရေပြားရောဂါအတွက် စိတ်အချရဆုံးမှာ **လီယိုမက်**

နှင်းခူ၊ ပွေး၊ ဝဲ လိမ်းဆေး **ဟိမဝန္တာ သွေးသန့်ဆေး**

ခရုသင်း သမင်ဖြူ။

ခရုသင်း၊ သမင်ဖြူ၊ နီ၊ နက်ကွက်များ၊ အနာကြီးရောဂါ၊ ဆိုရိုရေးစစ်ရောဂါ၊ မှိုစွဲရောဂါ၊ ခြေလက်အက်ကွဲရောဂါ၊ ဝက်ခြံ၊ တင်းတိပ်၊ ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူနှင့် အရေပြားရောဂါအမျိုးမျိုး၊ **ကာလသားရောဂါ**၊ ဆီးပူညောင်းကျ၊ ဂနိုရီးယားရောဂါ၊ ဆစ်ဖလစ်၊ ရှင်ကရွိုက်၊ ရေယုန်၊ မုကွရနာ၊ ကြွက်နို့၊ ငါးမျက်စိ၊ ဝဲ၊ ရင်ဖြူဆင်းရောဂါ၊ အသားအရေ မည်းခြင်း၊ ခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်း ရောဂါများကို

အဆင့်မြင့် အိန္ဒိယ ယူနာနီ တိုင်းရင်းဆေး နည်းပညာ၊ အစွမ်းထက်သော တိုင်းရင်းဆေးကုထုံးများဖြင့် ကုသပေးနေပါသည်။

လီယိုမက် အရေပြားရောဂါ အထူးကုဆေးတိုက်

အမှတ်(၂၂၁)၊ ၃၂-လမ်း(ထက်)၊ ၃-ထပ်၊ ရန်ကုန်မြို့။ **PH: 252598, 243851**

နယ်မှ ဝေဒနာရှင်များ ကြိုတင်ငွေပို့စနစ်ဖြင့် စာတိုက်မှတစ်ဆင့် မှာယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

(၁)

မင်းသန့်ကျော် (ဖီးကုန်း)

သိုက်နန်းသူ၏ မာယာကျော့ကွင်း

မင်းထိုက်သည် မြက်ရိတ်ရန်အတွက် မြက်ထမ်းခြင်းများကို ထမ်းပိုးနှင့်လှိုင်၍ ပခုံးပေါ်တွင်ထမ်းကာ တံစဉ်ကိုလက်တွင်ကိုင်လျက် အိမ်မှ ထွက်လာခဲ့လေသည်။

အမေသည် မီးဖိုထဲမှနေ၍ သူ့အားကြည့်ကာ-

www.burmeseclassic.com

www.burmeseclassic.com

'သား..မြက်ရိတ်သွား မလို့လား။ မြေပါး ကင်းပါး သတိ ထားနော် သား'

'ဟုတ်ကဲ့ အမေ'

မင်းထိုက်တွင် အဖေ မရှိတော့ချေ။ လွန်ခဲ့သောနှစ်က ဆုံးပါးသွားပြီ ဖြစ်လေသည်။ မင်းထိုက်သည် အသက် (၂၀)ခန့်ရှိ၍ အဖေ ဆုံးသွားသောအခါ ကျောင်းမှ ထွက်ပြီး မိခင်နှင့် ညီလေးတို့အား လယ်သူရင်းငှားအလုပ်ဖြင့် လုပ်ကျွေးနေသူ ဖြစ်လေသည်။

လယ်သူရင်းငှားဆိုသော်လည်း လယ်လုပ်ငန်းများကို ထဲထဲဝင်ဝင် မလုပ်ရသေးချေ။ ရွှေဦးစွာ ထမင်းပို့၊ နွားကျောင်းသည့် အလုပ်ကို လုပ်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

သူတို့အိမ်နှင့် မလှမ်းမကမ်းတွင် စေတီကလေးတစ်ဆူ ရှိလေသည်။ ရှေးဟောင်းစေတီကလေးဖြစ်ပြီး ထုံးသင်္ကန်းဖွေးဖွေးနှင့် အလွန်သပ္ပာယ်လေသည်။ နှစ်စဉ် တပေါင်းလတွင် ဘုရားပွဲတော်ကျင်းပလေသည်။ သို့ရာတွင် ဆိုင်း၊ အငြိမ့်၊ ဇာတ်ပွဲ စသည်တို့ ထည့်သွင်းကာ စည်စည်ကားကား ကျင်းပနိုင်ခြင်းတော့ မရှိချေ။ ဘုရားပွဲတော်ဖြစ်ရုံမျှလောက်သာ အကျဉ်းရုံး ကျင်းပနိုင်လေသည်။

နှစ်စဉ် စည်စည်ကားကား ကျင်းပနိုင်သည်မှာ ဆွမ်းတော်ကြီးလောင်းလှူပွဲဖြစ်လေသည်။ ကျွဲကောသီး၊ ရောက်ချိုသီးစသော အသီးအနှံများကို ဆွမ်းတော်ကြီးလောင်းလှူရန်အတွက် ရပ်သူရွာသားများသည် ညဉ့်ဦးယံကတည်းက ဘုရားတွင် လာရောက်ပြင်ဆင်ထားလေသည်။

နံနက်အရုဏ်တက်ချိန်ရောက်မှ အဆိုပါ အသီးအနှံများကို ကိုယ်တိုင်ကိုယ်ကျ လာရောက်ကပ်လှူကြလေသည်။ ဤအချိန်တွင် ရပ်သူရွာသားများထက် အလျင်ဦးအောင် လာရောက်ကပ်လှူကြသူများလည်း ရှိလေသည်။ သူတို့သည် နံနက်အရုဏ်မတက်မီ ဘုရားသို့ ရောက်အောင်လာ၍ မိမိတို့ ကပ်လှူရန်ရှိသည့် သစ်သီးဝလံများကို ကပ်လှူပူဇော်ကာ ဘုရားရှိခိုးပြီး ရပ်သူရွာသားများ ရောက်မလာမီ မိမိတို့ လာရာလမ်းမှ အမြန်ပြန်လည်ထွက်ခွာသွားကြလေသည်။ ရောက်ရှိလာသောသူများသည် ဤအရပ်မှ မြင်နေတွေ့နေကျလူများ မဟုတ်ကြချေ။ မည်သည့်အရပ်မှ လာ၍ ကပ်လှူပူဇော်သည်ကို မည်သူမျှမသိချေ။ ကပ်လှူပူဇော်ကြသော သစ်သီးဝလံများမှာလည်း ဤအရပ်မှ ရာသီပေါသီးနှံများမဟုတ်ဘဲ ဤအရပ်ဒေသ၌ မရနိုင်သည့် အသီးအနှံများ ဖြစ်လေသည်။

သူတို့၏ အဝတ်အစားများမှာ ယခုခေတ်အဝတ်အစားများ မဟုတ်ချေ။ ရှေးခေတ်က အဝတ်အစားမျိုး ဖြစ်လေသည်။ ယောကျ်ားဆိုလျှင် ဆံပင်ရှည် သျှောင်တစောင်းနှင့်၊ မိန်းမဆိုလျှင်လည်း ဆံပင်ရှည်များနှင့် ဖြစ်လေသည်။

ဤသည်ကို ဘုရားတွင် ညစောင့်၍ အိပ်ကြသော ဘုရားလူကြီးအချို့နှင့် ရပ်သူရွာသားအချို့တို့ မြင်တွေ့ကြရလေသည်။ ဤသတင်းသည် တစ်စ,တစ်စ ပုံ့နှံ့သွားရာ ဘုရားတွင် သိုက်ရှိသည်ဟူ၍လည်းလောင်း၊ သစ်သီးဝလံ ကပ်လှူကြသူများသည် သိုက်မှဖြစ်သည်ဟူ၍လည်း ကောင်း ပြောဆိုလာကြလေသည်။

ထို့ပြင် နေဝင်ရီတရောအချိန်တွင် ရှေးခေတ်အဝတ်အစားနှင့် မိန်းမယျိုကလေးတစ်ဦးသည် ဘုရားသို့ ရောက်လာကာ ပန်းများ ကပ်လှူပူဇော်သည်ဟုလည်းကောင်း၊ လူများ ရောက်လာချိန်တွင် ပျောက်ခြင်းမလှ ပျောက်သွားသည်ဟုလည်းကောင်း သတင်းဖြစ်ပေါ်နေလေသည်။

အချို့သည် မည်သည့်နေရာမှ မည်သည့်နေရာအထိ သိုက်မြေဖြစ်သည်ဟုလည်း ပြောကြလေသည်။ အဆိုပါမြေပေါ်တွင် ခြံများကာရံခြင်း၊ အိမ်များ ဆောက်လုပ်ခြင်းများ ပြုမိသည့်အခါ ထိုသူများသည် စီးပွားရေးကျဆင်းပျက်ပြားခြင်း၊ လူများမှာလည်း ကျန်းမာရေးချို့တဲ့လာကာ ပျက်စီးရခြင်းတို့လည်း ဖြစ်ပေါ်နေလေသည်။ သို့ကြောင့် ဤမြေနေရာများတွင် နေထိုင်သူများသည် ကြာရှည်မနေထိုင်နိုင်ကြဘဲ ပြောင်းရွှေ့သွားကြရလေသည်။

စေတီကလေးကို ကုန်းမြင့်ပေါ်၌ တည်ထားပြီး အောက်သို့ တဖြည်းဖြည်းဆင်းသွားသည့်အခါ ချောင်းကောကြီးကို တွေ့ရလေသည်။ ထိုအနားတွင် လက်ပံပင်ကြီး ရှိလေသည်။ လက်ပံပင်ကြီးအောက်၌ လယ်တဲကလေးတစ်လုံး ရှိလေသည်။ ဤနားတစ်ဝိုက်တွင် မြက်များ အလွန်ပေါသဖြင့် လယ်သမားများသည် နွားကျွေးရန် မြက်များကို ဤနေရာတွင် ရိတ်ယူကြလေသည်။

စေတီကလေးအောက်နားတွင် ရေတွင်းတစ်တွင်း ရှိလေသည်။ ရေတွင်းသည် ရေအလွန်အောင်ပြီး ရေခပ်သူများဖြင့် အမြဲမပြတ် စည်ကားနေလေသည်။ ထိုရေတွင်းမှရေကို ရပ်သူရွာသားများသည် သောက်ရေသုံးရေအဖြစ် အသုံးပြုကြလေသည်။

မင်းထိုက်သည် မိခင်ကြီးနှင့် ညီလေးကို လုပ်ကျွေးနေသူဖြစ်ရာ အိမ်၌ နွားနှစ်ကောင်နှင့် လှည်းတစ်စီးရှိလေသည်။ နွားများအတွက် မြက်များကို ဤနေရာ၌ နံနက်တိုင်း လာရောက်ရိတ်ယူရလေသည်။

(၂)

မင်းထိုက်သည် လက်ပံပင်ခြေရင်းသို့ ရောက်သောအခါ ပခုံးပေါ်တွင် ထမ်းလာသော မြက်ထမ်းခြင်းများကို ချကာ တံစဉ်ကို မြက်ထမ်းခြင်း၌ ချိတ်လိုက်ပြီး ပုဆိုးပြင်ဝတ်လေသည်။ ထိုအချိန်တွင် လက်ပံပင်ကွယ်မှ လူကြီးတစ်ယောက် ထွက်လာလေသည်။

လူကြီးသည် ပုဆိုးကို ခါးတောင်းကျိုက်ထားပြီး ပေါင်မှာ ထိုးကွင်းများနှင့်ဖြစ်ကာ ဆံပင်ကို သျှောင်တစောင်းထုံးထားလေသည်။ ပခုံးပေါ်တွင် တင်းပုတ်ကြီးတစ်ခုကို ထမ်း

www.burmeseclassic.com

www.burmeseclassic.com

ထားလေသည်။

သူသည် မင်းထိုက်အား သူ့နောက်သို့လိုက်ရန် လက်ဟန်ခြေဟန်ဖြင့် ခေါ်လေသည်။ မင်းထိုက်သည် အာစေးထည့်ထားသကဲ့သို့ ဘာမှပြန်မပြောနိုင်ချေ။ ထိုစဉ် လူကြီးနောက်မှ မိန်းမပျိုကလေးတစ်ယောက် ပေါ်လာလေသည်။ မိန်းမပျိုကလေးသည် အသက်(၁၉၊ ၂၀)ခန့်ရှိပြီး ဝတ်ထားသော အဝတ်အစားများမှာ ရှေးခေတ်က အဝတ်အစားဖြစ်၏။ ဆံပင်မှာ အရှည်ဖြစ်ပြီး ခေါင်းတွင် ပန်းများ ဝေနေအောင် ပန်ထားလေသည်။ မျက်နှာမှာ သန့်ရှင်းကြည်လင်၍ သနပ်ခါးများ ဖွေးနေအောင် လူးထားလေသည်။ မိန်းမပျိုကလေးသည် မင်းထိုက်အား စကားပြောလေသည်။

'မောင်ကြီးကို နှမလေး လာခေါ်တာပါ။ နှမလေးတို့ဆီကို ခဏအလည်လိုက်ခဲ့ပါ မောင်ကြီး'

မင်းထိုက်သည် အံ့အားသင့်လျက် ပါးစပ်အဟောင်းသား ဖြစ်နေလေသည်။

'လာပါ မောင်ကြီးရယ်၊ ဒီက ဘဘဦးဥက္ကာပါ။ နှမလေး နာမည်က စန္ဒာဒေဝီပါ။ လာပါ၊ နှမလေးတို့ရွာကို အလည်ခေါ်သွားမလို့ပါ'

မင်းထိုက်သည် ဘာမှပြန်ပြော၍မရချေ။ သို့သော် သူခြေလှမ်းများက စန္ဒာဒေဝီထံ အလိုလိုရွေ့လျားနေလေသည်။ စန္ဒာဒေဝီသည် မင်းထိုက်အား လက်ကမ်းပေးလိုက်၏။ မင်းထိုက်က သူမကမ်းပေးသောလက်ကို အလိုလိုကိုင်မိလျက်သား ဖြစ်နေလေသည်။

စန္ဒာဒေဝီသည် မင်းထိုက်အား အောက်ဆင်းသည့်လမ်းကလေးအတိုင်း ခေါ်သွားလေသည်။ ဦးဥက္ကာသည် တင်းပုတ်ကြီးထမ်းကာ သူတို့နောက်မှ လိုက်သွားလေသည်။

သူတို့သည် မကြာမီ စန္ဒာဒေဝီတို့ရွာသို့ ရောက်လာကြ၏။ ရွာကို ခြံစည်းရိုးကာထားလေသည်။ ခြံစည်းရိုးကို ပန်းပင်များဖြင့် ခပ်စိပ်စိပ်ကာရံထား၏။ မန်ကျည်းပင်ပျိုကလေးများသည် ခြံစည်းရိုးတွင် ဟိုနားတစ်ပင် ဒီနားတစ်ပင် ကပ်၍ပေါက်နေလေသည်။ ပန်းပင်များသည် (၃) တောင်ခန့် အမြင့်ရှိလျက် တစ်ပင်နှင့်တစ်ပင် အမြင့်ချင်းညီနေအောင် ပြုပြင်ထားလေသည်။

သူတို့သည် ရွာအတွင်း ဝင်လာကြလေသည်။ ရွာသည် သက်ငယ်မိုး၊ ဝါးထရံကာထားသော အိမ်ကလေးပေါင်း (၂၀)၊ (၃၀)ခန့် ရှိလေသည်။ အချို့အိမ်များသည် ယခုမှ သက်ငယ်မိုးနေလေသည်။ ရွာလမ်းကလေးသည် သန့်ရှင်းသပ်ရပ်ကာ ဖြောင့်တန်းလျက် ရှိလေသည်။

ဦးဥက္ကာသည် မင်းထိုက်တို့အား အိမ်တစ်လုံးရှေ့တွင် ထားခဲ့ကာ သူမှကား အိမ်ကလေးတစ်လုံး၏ အမိုးပေါ်သို့ တက်သွားကာ သက်ငယ်မိုးနေသူများနှင့် ရောနှောကာ သက်ကယ်မိုးနေလေသည်။

ဦးဥက္ကာ ထားခဲ့သောအိမ်မှာ အခြားအိမ်ကလေးများနှင့်မတူဘဲ တစ်မူထူးခြားနေလေသည်။ ရှေးဟောင်းအိမ်တစ်လုံးပုံစံဖြစ်ပြီး အိမ်ထဲတွင် သွားလာနေကြသူများကို ခပ်ရေးရေးမြင်ရလေသည်။

စန္ဒာဒေဝီသည် မင်းထိုက်အား အိမ်ရှေ့ရှိ ကွပ်ပျစ်တစ်လုံးတွင်ထိုင်ရန် နေရာပေးလေသည်။ ပြီးလျှင် သူမသည် အိမ်အတွင်းဝင်သွား၍ ပြန်ထွက်လာသောအခါ လက်ထဲတွင် ယွန်းဗန်းကလေး ပါလာလေသည်။ ဗန်းထဲတွင် မုန့်အမျိုးမျိုး ထည့်ထားသော ခွက်ကလေးများနှင့် ရေနွေးကြမ်းအိုး၊ အကြမ်းပန်းကန်များ ပါရှိလေသည်။ ထိုပစ္စည်းများမှာ အားလုံး ယွန်းထည်ပစ္စည်းများဖြစ်ကြောင်း မင်းထိုက် သိရှိလေသည်။

မုန့်များမှာ ကောက်ညှင်းဖြင့်ပြုလုပ်ထားသောမုန့်များ၊ ဆန်ကြမ်းဖြင့်ပြုလုပ်ထားသောမုန့်များ စုံလင်စွာ ပါရှိလေသည်။

'မုန့်တွေစားပါဦး မောင်ကြီး။ ရေနွေးကြမ်းလည်း သောက်ပါ'

စန္ဒာဒေဝီ ရေနွေးကြမ်းတစ်ခွက်ကို သူကိုယ်တိုင် ငဲ့ထည့်ပေးလိုက်၏။

မင်းထိုက်သည် ကွပ်ပျစ်ပေါ်တွင် ထိုင်နေရင်း ခပ်လှမ်းလှမ်းရှိ ရေတွင်းအား မြင်နေရလေသည်။ ရေတွင်းတွင် သူ့သူငယ်ချင်းများသည် စကားတပြောပြောနှင့် ရေခပ်သူခပ်၊ ရေထမ်းဖြင့် ထမ်းသူ ထမ်းနေကြလေသည်။

မင်းထိုက်က သူတို့ကို မြင်နေရသော်လည်း သူတို့က မင်းထိုက်အား မြင်ပုံမရချေ။

မင်းထိုက်သည် ဘာစကားမျှ မပြောချေ။ စန္ဒာဒေဝီကျွေးသော အစားအစာများကိုလည်း စားသောက်ခြင်းမရှိချေ။

စန္ဒာဒေဝီက-

'မောင်ကြီး--မုန့်တွေလည်း မစားဘူး။ ဘာလဲ၊ နှမလေးတို့ကို မယုံကြည်ဘူးထင်တယ်။ နှမလေးတို့က အမှန်

www.burmeseclassic.com

ပြောရရင် သိုက်စောင့်တွေပါ။ နောင်ပွင့်လာမယ့် အရိုးမေတ္တာယျဉ်ဘုရားအတွက် လှူဒါန်းမယ့်ပစ္စည်းတွေကို စောင့်ရှောက်နေရတာပါ'

စန္ဒာဒေဝီက မင်းထိုက်အနီးသို့ တိုး၍ထိုင်၏။

မင်းထိုက်က နေရာရွှေ့၍ ထိုင်၏။

'မောင်ကြီးက နှမလေးကို မယုံကြည်ဘူး မဟုတ်လား။ နှမလေးက မောင်ကြီးကို မေတ္တာရှိလွန်းလို့ ခါတိုင်းနေ့တွေ မောင်ကြီး မြက်ရိတ်ရအောင်လာရင် နှမလေး ဒီကနေ လှမ်းမျှော်ကြည့်နေရတယ်။ ဒီနေ့တော့ ဘာဘဲဦးဥက္ကာကို ဖွင့်ပြောပြီး မောင်ကြီးကို ဒီကိုခေါ်လာတာပါ။ နှမလေး မောင်ကြီးကို အိပ်မက်တွေ ပေးဖူးပါတယ်။ သေချာပြန်စဉ်းစားကြည့်လိုက်ပါ'

မင်းထိုက်သည် ထိုအခါတွင်မှ ပြီးခဲ့သောလအတွင်းက မြင်မက်ခဲ့သော အိပ်မက်အကြောင်းကို ပြန်လည်စဉ်းစားမိလေသည်။ ထိုအိပ်မက်သည် မင်းထိုက် မကြာခဏမြင်မက်လေ့ရှိသော အိပ်မက်ဖြစ်၏။ သွေးလေချောက်ချား၍ မက်တာဖြစ်မှာပဲဟုတွေးကာ အိပ်မက်အကြောင်းကို အမေကိုပင် ပြန်မပြောခဲ့ချေ။ အိပ်မက်မှာ ဤသို့ဖြစ်၏။

အိပ်မက်ထဲတွင် မင်းထိုက်သည် ရှေးလူတို့ ဝတ်ဆင်သည့် အဝတ်အစားများကို ဝတ်ဆင်လျက် တောကစားသွားရာ တောစပ်တွင် စန္ဒာဒေဝီဟုယူဆရသူက သူ့အား စောင့်၍ တစ်နေရာသို့ ခေါ်သွားသည်ဟု မြင်မက်လေသည်။

တစ်ကြိမ်တွင်လည်း မင်းထိုက်သည် သူ့အိမ်ပြတင်းပေါက်နားတွင် အိပ်ပျော်နေလေသည်။ ထိုစဉ် စန္ဒာဒေဝီသည် ရွှေဖြင့်ပြုလုပ်ထားသော ရထားကြီးကိုစီးကာ မင်းထိုက်ထံ ရောက်လာပြီး သူ့အား လိုက်ခဲ့ရန် ခေါ်လေသည်။ ရထားကြီးသည် ပြတင်းပေါက်နားတွင် ကပ်၍ရပ်ကာ သူ့အား တက်လာရန် ခေါ်ယူစဉ် သူသည် အိပ်နေရာမှ ကုန်းထကာ ရထားပေါ်သို့ တက်မည့်ဟန်ပြုလိုက်သည်။

ထိုစဉ် အေားတွင်အိပ်နေသော မင်းထိုက်၏ ညီလေးက သူ့အစ်ကိုအား လှမ်းဆွဲထားလိုက်ရာ မင်းထိုက်မှာ အိပ်ရာမှ လန့်နိုးသွားလေသည်။

'အင်း...အင်း...ဟုတ်တယ်၊ အိပ်မက်ထဲမှာ မင်းကငါ့ကို လာခေါ်တယ်။ လိုက်မယ်လုပ်တုန်းမှာ လန့်နိုးသွားတယ်'

'ဟုတ်ပါတယ်၊ နှမလေးက မောင်ကြီးကို လာခေါ်တာပါ။ အခုလည်း ရောက်တုန်းရောက်ခိုက် ပျော်ပျော်ပါးပါး နေပါနော်'

မင်းထိုက်က ဘာမှမပြော။ ရေတွင်းမှ ရေခပ်၍ ပြန်သွားသူများကိုသာ ငေးကြည့်နေလေသည်။

မင်းထိုက်က သူတို့အမည်များကို လှမ်း၍ခေါ်၏။ အခေါ်ခံရသူတို့သည် မင်းထိုက် ခေါ်သည်ကို မကြား။ သူတို့လမ်းကိုသာ သူတို့ သွားနေကြ၏။

မင်းထိုက်သည် မြက်ရိတ်ထွက်လာခြင်းဖြစ်၏။ ပြန်ချိန်တန်၍ မပြန်လျှင် အမေသည် သူ့အား မျှော်နေပေလိမ့်မံည်။ မင်းထိုက်သည် ထိုနေရာတွင် ရောက်နေကြောင်း ဘာမှစိတ်မပူရန် အမေ့အား လူကြုံဖြင့်မှာရန် ကြိုးစားနေခြင်းဖြစ်၏။ သို့သော် သူ၏ခေါ်သံကို မည်သူမျှ မကြားချေ။ သူ့အား မြင်ပုံလည်း မရချေ။

မကြာမီ ဘုန်းတော်ကြီးတစ်ပါး ဆွမ်းခံကြွလာသည်ကိုမြင်ရ၏။ ဘုန်းတော်ကြီးသည် အိမ်ပေါက်စေ့ ဆွမ်းခံရင်း ကြွသွားလေသည်။ မင်းထိုက်ကို မြင်ပုံမရချေ။

'မောင်ကြီး...ဒီမုန့်ကလေး စားလိုက်ပါဦး'

စန္ဒာဒေဝီက မုန့်တစ်ခုကိုယူကာ မင်းထိုက်အား ကျွေးလေသည်။ မင်းထိုက်သည် ထမင်းစားချိန် ရောက်နေသည်ဖြစ်၍ ဗိုက်ဆာလာသဖြင့် စန္ဒာဒေဝီ ကျွေးသောမုန့်ကို ယူကာ စားလိုက်လေ၏။ ထို့နောက် ရေနွေးကြမ်းတစ်ခွက်ကို သောက်လိုက်လေသည်။

မုန့်ကို စားလိုက်သည့်အခါ မုန့်မှာ မွေး၍ ချိုဆိမ့်နေလေသည်။ ရေနွေးကြမ်းသည်လည်း အနှံ့ကလေး ခံမွေးနေကာ သောက်လိုက်သောအခါ ခံတွင်းရှင်း၍သွားလေသည်။

စန္ဒာဒေဝီသည် မင်းထိုက်အနားသို့ တိုးလာကာ မင်းထိုက်၏ လက်မောင်းအိုးများကို သူမ၏ သေးသွယ်သော လက်ကလေးဖြင့် ကိုင်လိုက်ရင်း-

www.burmeseclassic.com

www.burmeseclassic.com

"မောင်ကြီး..ဒီမှာပဲ နေတော့နော်။ နှမလေးကတော့ မောင်ကြီးကို လူပြည်လူရွာကို ပြန်မပို့ချင်တော့ဘူး။ ဟိုး လွန်ခဲ့တဲ့ဘဝတုန်းက မောင်ကြီးက စန္ဒာဒေဝီရဲ့ချစ်သူလေ။ လူကြီးချင်းတွေ မသင့်မြတ်ကြလို့ မောင်ကြီးနဲ့ နှမလေး မပေါင်းခဲ့ရတာ။ ဒီဘဝမှာ ပြန်လည်ဆုံစည်းရပါစေလို့ နှမလေး ဘုရားမှာ အကြိမ်ကြိမ်ဆုတောင်းခဲ့တာလေ။ ခုမှပဲ မောင်ကြီးက ရောက်လာတော့တယ်"

"ကျုပ်..ကျုပ် မြက်တွေလည်း မရိတ်ရသေးဘူး။ ကျုပ် အချိန်မီပြန်မလာရင် အမေက မျှော်လိမ့်မယ်။ နွားတွေလည်း မြက်မစားရဘူး"

"ဒါတွေ မောင်ကြီး ဘာမှမပူပါနဲ့။ သူဟာနဲ့သူ ဖြစ်သွားမှာပါ။ ဒီမှာ နေမယ်ဆိုရင် မောင်ကြီးအမေဖို့ ရွှေမန်ကျည်းတောင့်တွေ ပေးလိုက်မယ်"

မင်းထိုက်သည် အံ့အားသင့်သွားကာ-

"မင်း ခုနပြောတော့ ဘုရားသိုက်ဆို။ နောင်ပွင့်လာမယ့် အရိမေတ္တယျဘုရားပွင့်လာရင် လျှဖို့ပစ္စည်းတွေဆို။ မင်း ဘယ်လိုပေးလို့ရမလဲ"

"နှမလေးတို့ပိုင်တဲ့ ပစ္စည်းတွေလည်း ရှိပါတယ် မောင်ကြီးရဲ့။ နှမလေးတို့ ဘိုးစဉ်ဘောင်ဆက် ထိန်းသိမ်းလာတဲ့ ပစ္စည်းတွေပါ။ အဲဒီအထဲက ပေးလိုက်မှာပေါ့"

မင်းထိုက်သည် အလျင်အမြန် စဉ်းစားလိုက်၏။ သူ ဒီမှာနေလျှင် ရွှေတွေ အမေ့ကို ပေးလိုက်မည်တဲ့။ အမေတော့ ရွှေတွေရရင် ချမ်းချမ်းသာသာ နေရတော့မှာပဲ။ ဒါပေမဲ့ ငါကတော့ ငါ့မိသားစုနဲ့ခွဲပြီး ဒီမှာနေရမှာ အမေကရော ငါ့ကို ဒီလိုအခြေအနေအတိုင်း ခွဲနေနိုင်မည်မဟုတ်။ အမေအတွေးက ရွှေတွေ မရရင်နေပါစေ၊ သားလေးနှင့် ခွဲနေနိုင်မည် မဟုတ်ဟု စဉ်းစားလေသည်။

"ကဲ..မယုံရင် နှမလေး လိုက်ပြမယ်၊ လာ"

စန္ဒာဒေဝီက ရှေ့ဆောင်ကာ အိမ်အတွင်း ဝင်သွားလေသည်။ မင်းထိုက်က နောက်မှ လိုက်သွားလေသည်။ အိမ်အတွင်းသို့ ရောက်သောအခါ မြေအောက်သို့ဆင်းသည့် အခန်းအား ဖွင့်၍ လှေကားအတိုင်းဆင်းကာ မင်းထိုက်ကို မြေတိုက်ခန်းသို့ ခေါ်သွားလေသည်။

မြေတိုက်ခန်းသည် အတော်အတန် ကျယ်ဝန်းလေသည်။ အစောင့်နှင့် တူသူများကိုလည်း တွေ့ရ၏။ အခန်းတွင်း တစ်နေရာ၌ ခုတင်များ၊ ညောင်စောင်းများ ရှိလေသည်။ ထိုပစ္စည်းများမှာ ရွှေရောင်တဖိတ်ဖိတ်တောက်နေသည်ကို အခန်းနံရံများတွင် ထွန်းညှိထားသော ဆီမီးရောင်ဖြင့် မြင်ရလေသည်။

မြေတိုက်ခန်းအတွင်း အခန်းတစ်ခု ရှိသေး၏။ စန္ဒာဒေဝီသည် ထိုအခန်းတံခါးကို ဖွင့်လိုက်သောအခါ အခန်းထဲတွင် စဉ့်အိုးကလေးများဖြင့် ထည့်ထားသော ရွှေများ၊ ငွေများကို တွေ့ရလေသည်။

စန္ဒာဒေဝီသည် မင်းထိုက်လက်ကို ဆွဲခေါ်လာကာ စဉ့်အိုးတစ်ခုအတွင်းမှ ရွှေများကို ပြလေသည်။ သူမသည် စဉ့်အိုးအတွင်း လက်နှိုက်၍ ပြန်ထုတ်လိုက်သောအခါ လက်တွင်း၌ ရွှေမန်ကျည်းတောင့်များ ပါလာလေသည်။

"မောင်ကြီး ဒီမှာနေမယ်ဆိုရင် ဒီရွှေတွေကို မောင်ကြီး အမေကို ပေးခိုင်းလိုက်မယ်"

မင်းထိုက်သည် ရွှေတွေကိုတော့ လိုချင်၏။ သို့သော် စန္ဒာဒေဝီတို့ဆီမှာ မနေနိုင်ချေ။

စန္ဒာဒေဝီသည် မင်းထိုက်အား ရွှေများကိုပြ၍ သူမထံတွင် နေထိုင်ရန် ဆွဲဆောင်နေလေသည်။ စန္ဒာဒေဝီက အမျိုးမျိုးဆွဲဆောင်လိုက်၊ မင်းထိုက်က ငြင်းပယ်လိုက်ဖြင့် အချိန်သည် တဖြည်းဖြည်း ကုန်လာလေသည်။

ညနေပိုင်းသို့ ရောက်ရှိလာပြီ ဖြစ်လေသည်။

(၃)

မင်းထိုက်၏အမေသည် မင်းထိုက် မြက်ရိတ်သွားသည်မှာ ပြန်သင့်သည့်အချိန်တွင် ပြန်မလာဘဲ ကြာညောင်းနေသဖြင့် အိမ်ပေါက်ဝမှ ထွက်၍မျှော်နေလေသည်။ ညနေစောင်း၍ ပြန်မလာသည်တွင် မင်းထိုက် တစ်ခုခုဖြစ်နေပြီ အထင်ဖြင့် အိမ်ဘေးမှ ခေါ်ညွှန့်မေကို အဖော်ခေါ်ကာ မင်းထိုက် မြက်ရိတ်သွားရာသို့ ထွက်လာခဲ့လေသည်။

မင်းထိုက်၏ အမေနှင့် ခေါ်ညွှန့်မေတို့သည် ဘုရားမှ ဆင်းသော လမ်းကလေးအတိုင်း ဆင်းလာခဲ့ပြီး လက်ပံပင်ကြီးသို့ အရောက်တွင် အပင်ခြေရင်း၌ ထောင်ထားသော မြက်ထမ်းခြင်းများနှင့် တံစဉ်တို့ကို တွေ့ရလေသည်။

မင်းထိုက်၏အမေသည် မင်းထိုက် မြက်ရိတ်သွားရင်း မြွေကိုက်ခံရပြီးအထင်ဖြင့် ငိုလေသည်။

ထိုအခါ ခေါ်ညွှန့်မေက-

"ညည်းကလည်းအေ..မငိုပါနဲ့။ ဟိုနားသည်နားများ သွားသလား မသိဘူး။ အော်ခေါ်ကြည့်ရအောင်"

သူတို့သည် မင်းထိုက်နာမည်အား ခေါ်ကြည့်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

"မင်းထိုက်ရေ..မင်းထိုက်၊ မင်းဘယ်မှာလဲ။ အမေတို့ လိုက်လာတယ်လေ"

အတန်ကြာခေါ်၍ မရသောအခါ မင်းထိုက်၏ အမေနှင့် ခေါ်ညွှန်မေတို့သည် ထိုနေရာတစ်ဝိုက်ကို အနံ့ရှာကြ၏။

တစ်စ,တစ်စနှင့် မိုးချုပ်ပေတော့မည်။

မင်းထိုက်အား ရှာမတွေ့သည့်အဆုံးတွင် မင်းထိုက်၏ အမေသည် မြက်ထမ်းခြင်းများကိုယူကာ အိမ်သို့ ပြန်လာခဲ့လေသည်။

(၄)

မင်းထိုက်သည် စန္ဒာဒေဝီနှင့်အတူ မြေတိုက်ခန်းမ ပြန်တက်လာပြီး အိမ်ရှေ့သို့ ထွက်လိုက်သောအခါ ခပ်လှမ်းလှမ်းတွင် အမေတို့ကို မြင်ရလေသည်။ မင်းထိုက်သည် အမေ့အား လှမ်းခေါ်လိုက်လေသည်။ အမေသည် ငိုနေလေသည်။

"အမေ..ကျွန်တော် ဒီမှာရှိတယ်။ ဘာမှစိတ်မပူနဲ့၊ ကျွန်တော် ပြန်လာခဲ့မယ်"

မင်းထိုက်သည် အမေ့အား သူပြန်လာမည်ဖြစ်ကြောင်း ပြောသော်လည်း စကားလုံးများက ပါးစပ်မှ ထွက်မလာချေ။ မင်းထိုက်၏အမေသည် မြက်ထမ်းခြင်းများကိုယူကာ အိမ်သို့ ပြန်သွားသည်ကိုသာ မြင်ရ၏။

"စန္ဒာဒေဝီ..ကျုပ် ပြန်ပါရစေဗျာ။ ကျုပ်ကို ပြန်ခွင့်ပြုပါတော့"

"မောင်ကြီးကို နှမလေးက ဒီနေ့ရာရောက်အောင် ကြိုးစားပြီး ခေါ်ထားရတာ။ ပြန်ခွင့်မပြုနိုင်ဘူး။ နှမလေးတို့ရဲ့ ဟိုးဘဝက ဇာတ်ကြောင်းကလေးကို ပြန်တွေးကြည့်လိုက်ပါ။ မောင်ကြီး မမှတ်မိဘူးလား"

"ဟင့်အင်း..မောင်ကြီး ဘာမှမမှတ်မိဘူး။ ဟိုဘဝက ဘာတွေဖြစ်ခဲ့တယ်ဆိုတာ မောင်ကြီး မသိဘူး။ မောင်ကြီး အခုအချိန်မှာ အိမ်ပြန်ချင်တာပဲ သိတယ်"

"မောင်ကြီး ပြန်ချင်တယ်ဆိုရင် ကိုယ့်အစွမ်းအစနဲ့ ကြိုးစားကြည့်ပါ။ နှမလေးကတော့ ပြန်မပို့နိုင်ဘူး"

မင်းထိုက်သည် စိတ်ညစ်သွား၏။ စန္ဒာဒေဝီပြောသကဲ့သို့ အိမ်ပြန်ချင်လျှင် ကိုယ့်အစွမ်းအစဖြင့် ကြိုးစားရပေမည်။

မင်းထိုက်သည် တစ်စုံတစ်ရာကို ဆုံးဖြတ်လိုက်ကာ ထိုင်နေရာမှထပြီး အိမ်ရှေ့လမ်းအတိုင်း တစ်ဟုန်ထိုး ထွက်ပြေးလေသည်။

မင်းထိုက် ထွက်ပြေးသည်ကိုမြင်လိုက်သော ဦးဥက္ကာသည် အိမ်တစ်လုံးပေါ်တွင် သက်ငယ်မိုးနေရာမှ အလျင်အမြန်ပြေးဆင်းလာပြီး မင်းထိုက်နောက်သို့ ပြေးလိုက်လေသည်။

စန္ဒာဒေဝီသည်လည်း မင်းထိုက်နောက်သို့ ပြေးလိုက်လေသည်။ သို့သော် မိန်းမခြေဖြစ်၍ အပြေးသန်လှသော မင်းထိုက်ကို မမီချေ။

မင်းထိုက်က ရှေ့ကပြေး၊ ဦးဥက္ကာက နောက်ကလိုက်ဖြင့် ရှိနေစဉ် မင်းထိုက်သည် သစ်မြစ်တစ်ခုအား ခလုတ်တိုက်ကာ မှောက်လျက်လဲလေသည်။

ထိုစဉ် ဦးဥက္ကာသည် မင်းထိုက်အား မီလာကာ မင်းထိုက် အပေါ်မှ ခွစီးလျက် လက်သီးဖြင့် ထိုးလေသည်။ ဦးဥက္ကာသည် အဘိုးကြီးဖြစ်သော်လည်း သန်မာလှကြောင်း မင်းထိုက် သိရလေသည်။

ဦးဥက္ကာက အပေါ်မှထို၏။ မင်းထိုက်က အောက်မှ အားရှိသမျှရုန်းကန်ရင်း ဦးဥက္ကာ၏ လက်သီးများကို ရှောင်တိမ်းရင်း ပြန်၍ထိုးလေသည်။ မင်းထိုက် အပေါ်ရောက်သွားသည့်အခါတွင် ဦးဥက္ကာအား ထိုးပြန်၏။ သို့သော် မင်းထိုက်မှာသာ ဒဏ်ရာများရနေသည်။ ဦးဥက္ကာမှာ မည်သည့်ဒဏ်ရာမျှ မရချေ။

အပြင်လောကတွင် မှောင်ချုပ်ပြီဖြစ်၏။ စန္ဒာဒေဝီတို့ ရွာကလေးမှာ အိမ်များတွင် ဆီမီးများ ထွန်းညှိထားကြပြီဖြစ်၏။ ခန့်မှန်းခြေအားဖြင့် ည(၇)နာရီခန့် ရှိလေပြီ။

(၅)

မင်းထိုက်၏အမေသည် မင်းထိုက် မြက်ရိတ်သွားရာမှ ပြန်မလာကြောင်း၊ ဘယ်မှာမှ ရှာလို့လည်းမတွေ့ကြောင်း ရွာမှလူကြီးများအား အသိပေးတိုင်ကြားကာ မင်းထိုက်အား

www.burmeseclassic.com

www.burmeseclassic.com

လိုက်ရှာရန် လူစုလေ၏။

ရွာထဲတွင် အားလုံး လိုက်မည့်သူချည်း ဖြစ်လေသည်။ သို့နှင့် လူငယ်လူရွယ်(၂၅)ယောက်ခန့် စုဝေးကာ မင်းထိုက်အမေနှင့်အတူ မီးတုတ်များ ကိုယ်စီကိုင်ကာ မင်းထိုက် မြက်ရိတ်သွားသည့် အနီးတစ်ဝိုက်၌ ပိုက်စိပ်တိုက်ရှာကြလေသည်။

လိုက်ရှာသောလူစုသည် မင်းထိုက်နာမည်ကို တကြော်ကြော်အော်ခေါ်ကာ ရှာကြလေသည်။ လယ်ကွင်းများဆုံးသော် တောစပ်အထိ ရှာကြလေသည်။ မည်သို့ပင်ရှာသော်လည်း မင်းထိုက်အား မတွေ့ရှိကြချေ။

(၆)

ဦးဥက္ကာနှင့် မင်းထိုက်သည် ဘတစ်ပြန်ကျားတစ်ပြန် နပန်းလုံးနေကြရာ တစ်ယောက်က အပေါ်ရောက်လိုက်၊ တစ်ယောက်က အောက်ရောက်လိုက်ဖြင့် လုံးချာလည်နေ၏။

စန္ဒာဒေဝီသည် သူတို့အား ခပ်လှမ်းလှမ်းမှ ကြည့်နေ၏။

'အာဘဦးဥက္ကာရေ..မောင်ကြီးကို နိုင်အောင် တိုက်နော်။ ဒါပေမဲ့ ဒဏ်ရာအနာတရဖြစ်အောင်ထိတော့ မလုပ်ပါနဲ့။ သူ့ကို မပြန်နိုင်အောင်သာ ဖမ်းချုပ်ထားပေးပါ'

'ငါ့ကို မနိုင်စေရဘူးကွ။ ငါ မင်းနဲ့ မနေနိုင်ဘူး'

နှစ်ယောက်သား နပန်းလုံးနေကြရာမှ မတ်တတ်အနေအထားသို့ ရောက်ရှိသွားကာ လက်သီးဖြင့် တစ်ယောက်တစ်ပြန် ထိုးကြပြန်သည်။

ဦးဥက္ကာသည် အသက်ကြီးသော်လည်း မောပန်းပုံမရ။ သူ့ကို ထိခိုက်မိပုံလည်းမရချေ။ မင်းထိုက်မှာသာ မောဟိုက်နေ၏။ မျက်နှာမှာလည်း ဒဏ်ရာများနှင့်ပြည့်နေလေသည်။

မင်းထိုက်နှင့် ဦးဥက္ကာသည် တစ်ယောက်တစ်ပြန် လက်သီးနှင့်ထိုးနေရာမှ တဖြည်းဖြည်း ခြံစည်းရိုးနားသို့ ရောက်လာလေသည်။ ခြံစည်းရိုးဟိုဘက်တွင် လယ်ကွင်းများ၊ လူနေအိမ်များကို မြင်နေရ၏။ ခပ်လှမ်းလှမ်းတွင် မီးတုတ်ကြီးများကိုင်ကာ လူတစ်စုသည် သူ့ကို လိုက်ရှာနေသည်ကိုလည်း မြင်ရလေသည်။

ခြံစည်းရိုးသို့ ရောက်လာသောအခါ မင်းထိုက်သည် ဦးဥက္ကာလက်မှ ရုန်းထွက်ရင်း ခြံစည်းရိုးနားတွင် ကပ်၍ပေါက်နေသော မန်ကျည်းပင်မှ အကိုင်းတစ်ခုကိုဆွဲကာ အပေါ်သို့ ခုန်တက်လိုက်ပြီး တစ်ဖက်သို့ လှိမ့်ချလိုက်ရာ မြေကြီးပေါ်သို့ ကျသွားလေသည်။

မင်းထိုက်သည် မြေကြီးပေါ်မှ လူးလဲထကာ ကောင်းကင်မှ လရောင်ဖြင့် ဟိုဟိုသည်သည် ကြည့်လိုက်၏။ ခြံစည်းရိုးကိုလည်းကောင်း၊ ဦးဥက္ကာကိုလည်းကောင်း၊ စန္ဒာဒေဝီကိုလည်းကောင်း မမြင်ရတော့ချေ။ ဦးဥက္ကာ အိမ်ခေါင်မိုး မိုးနေသော အိမ်ကလေးနှင့် အခြားအိမ်ကလေးများကိုလည်း မမြင်ရတော့ချေ။

မင်းထိုက်မြင်ရသမျှတို့မှာ သူ နေ့စဉ် မြင့်တွေ့နေရသော မြင်ကွင်းတို့ပင် ဖြစ်လေသည်။ လယ်ကွင်းများ၊ လက်ပံပင်ကြီး၊ လူနေအိမ်များ စသည်ဖြင့် အရာအားလုံးသည် ဘာမျှမပြောင်းလဲချေ။

ပြောင်းလဲသည်မှာ မင်းထိုက်တစ်ယောက်သာ ဖြစ်လေသည်။

သူသည် လူနေအိမ်များဆီသို့ ဦးတည်ကာ ပြေးလေ၏။ ပါးစပ်မှာလည်း အော်သွားလေသည်။

'အမေရေ..အမေ..သား ပြန်လာပြီဗျို့'

ရှေ့မှသွားနေသော မီးတုတ်ကိုင်ထားသူများသည် မင်းထိုက်၏အော်သံကြောင့် နောက်သို့ လှည့်ကြည့်လိုက်ကြသည်။

'ဟာ..ဟိုမှာ မင်းထိုက်၊ မင်းထိုက် ပြန်လာပြီဟေ့'

လူအုပ်ကြီးထဲတွင် ပါဝင်သော အမေသည် အားရဝမ်းသာဖြစ်ကာ မင်းထိုက်ထံပြေးလာပြီး တစ်အားဖက်ထားလေသည်။

'မသေကောင်းမပျောက်ကောင်း သားလေးရယ်၊ မင်းဘယ်တွေလျှောက်သွားနေတာလဲ။ စောစောက အမေနဲ့ ဒေါ်ညွှန့်မေနဲ့ တစ်ခေါက်လာရှာသေးတယ်'

'အိမ်ရောက်မှ အေးအေးဆေးဆေးပြောပြမယ် အမေ။ ခုတော့ အိမ်ပြန်ကြပါစို့'

အိမ်သို့ ပြန်ရောက်သောအခါ မင်းထိုက်သည် သူ့ညီလေးကို ဖက်ထားကာ သူ့အမေနှင့် ရွာသားများအား သူ ကြုံတွေ့ရသည်များကို အားလုံးပြောပြလေသည်။

မင်းထိုက် ပြောပြသည်ကို ကြားရသူအပေါင်းသည် မယုံကြည်နိုင်သလို စုတ်တသပ်သပ်နှင့်ဖြစ်ကာ ထို အကြောင်းသည် ထိုနယ်တစ်ဝိုက်တွင် ယနေ့တိုင် ပြောဆို မဆုံးနိုင်သော အကြောင်းအရာတစ်ခု ဖြစ်နေလေသတည်း။

မင်းသန့်ကျော်(ကျွန်း)

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ခဲတောင်ဘိုးဘိုးကြီးနှင့် ရသဖန်းပင်သရဲ

'ဟိုဘက်အိမ်စုက မုန့်ဖက်ထုပ်ပူပူလေး'

ပြုံးအေးသည် မုန့်တောင်းကိုရွက်လျက် ရွာလမ်းအတိုင်း တကြော်ကြော် အော်လာသည်။ ရွှေဂံတောင်ရွာက အိမ်တွေက ခြံဝိုင်းကျယ်ကြီးများဖြစ်ပြီး မိသားစုဆွေမျိုးသားချင်းတွေ စုနေကြသဖြင့် တစ်ခြံနှင့်တစ်ခြံ အလှမ်းဝေးသည်။

'ဟဲ့..ပြုံးအေး၊ ဒီကို လာဦးဟေ့'

ဒေါ်ကြီးမေတို့ ခြံဝိုင်းမှ လှမ်းခေါ်သဖြင့် ခြံဝိုင်းထဲသို့ သူ ဝင်လိုက်သည်။

'သာကူမုန့်ဖက်ထုပ် မပါဘူးလား ပြုံးအေး'

'သာကူရော ကောက်ညှင်းရော ပါပါတယ်။ ပူပူနွေးနွေးလေး စားကြပါဦး'

အိမ်ရှေ့ကပြင်တွင် မုန့်တောင်းကို ချလိုက်သည်နှင့်

www.burmeseclassic.com

ထို့ကြောင့်လည်း ရာဝင်အိုးကြီး စတွေ့သော ဦးထွားအနားမှာ ဓား၊ တုတ်၊ ပေါက်တူး၊ တူရွင်းကိုယ်စီနှင့် လောဘ၊ ဒေါသတွေထွက်ကာ ထိန်းမနိုင်သိမ်းမရ ဖြစ်နေကြ၏။

ရွာသူကြီးဦးထွန်းပေါ်နှင့်တကွ ရွာသူရွာသားများ၏ အားကို လုံးဝနားမထောင်ဘဲ ကလန်ကဆန်လုပ်နေသော ဦးထွားအား ရွာသူရွာသား နောက်ထပ်ရောက်လာသော အခါ ပိုအားရှိလာသော ရွာသူကြီးဦးထွန်းပေါက ဦးထွားကို ထပ်ပြောပြန်သည်။

"အောင်မာ မောင်ထွား၊ ငါ မပြောချင်လို့ ကြည့်နေတာ မင်း တော်တော်လူးပါးဝပါလားဟင်။ မင်း စတွေ့တယ် ဆိုပေမယ့် ဒါ မြေကြီးထဲက တွေ့တာကွ။ ရေမြေကို ပိုင်တဲ့ အစိုးရမင်းများနဲ့ ပတ်သက်နေတာ။ မင်း အစိုးရဥစ္စာကို ဘာနားလည်လို့ ခုလို လူပါးဝစကား ပြောနေတာလဲ"

သူကြီးမင်းက ဘာပဲပြောပြော ဦးထွားကမူ ယခုအထိ မည်သူ့ကိုမှ ဂရုမစိုက်။ သူ့အား အတင်းအကျပ် အနောင့်အယှက်ပေးလာလျှင် တကယ်ပင် ပေါက်တူးနှင့် ပေါက်သတ်တော့မည့်ပုံနှင့် အိုးကြီးဘေးရှိ မြေသားတွေကိုသာ တစ်ချက်ချင်း တူးပေါက်လိုက်၊ လူအုပ်ကြီးကို ရန့်လိုသော အကြည့်နှင့် ခြိမ်းခြောက်ကြည့်လိုက်လုပ်ကာ အိုးကြီးကို အုဖော်ယူရန်သာ သွေးရူးသွေးတန်း ဖြစ်နေ၏။

"ဟေ့ကောင် မောင်ထွား၊ ငါပြောနေတယ်ကွ။ မင်း ဘာအိုးဖော်နေတာ ရပ်လိုက်စမ်း"

သူကြီးဦးထွန်းပေါက ခပ်တည်တည်နှင့် ထပ်ပြောပြန်သည်။

သို့သော် ဦးထွားအနားကိုမူ သူက ရဲရဲမကပ်ဝံ့။ လူအားလုံး၏လက်ထဲတွင် ပေါက်တူး၊ ပေါက်ပြား၊ သံတူရွင်း၊ ဓား စသည်တို့ကလည်း ကိုယ်စီကိုယ်ငှ ရှိနေကြရာ ပြဿနာမှာ ကြီးသည်ထက် ကြီးလာနိုင်သည်။

ထိုစဉ် သတင်းကြား၍ တောရှင်းအဖွဲ့ကလည်း ဓားဝင့်ဝင့်နှင့် နောက်ထပ်ရောက်လာကြပြန်ရာ လူတွေမှာ ပိုတိတ်ဆိတ် ဖြစ်လာကြရပြန်သည်။

ကုလားချစ်တီးတိုက်ပျက်ကြီးနားရှိ ကုန်းကမူလေးကို ဦးထွား ဖြိုပေါက်လိုက်၍ပေါ်လာသော အရာဝတ္ထုမှာ ရာဇရာဝင်အိုးကြီးတစ်လုံး ဖြစ်သည်ကို လူတိုင်း မြင်နေကြပြီ။ အိုးကြီး၏လုံးပတ်မှာ လူကြီးနှစ်ယောက်ဖက်မက ရှိပြီး အမြင့်မှာလည်း လူကြီးတစ်ယောက်၏ ရင်ဘိုးပါးခန့် မြင့်သည်။

ဦးထွား၏ ပေါက်တူးနှင့် ဘေးသားကို တစ်ချက်၊ နှစ်ချက်ထိထားရာ ပေါက်တူးရှရာတွေမှာ ဝင်းဝင်းလက်နေသည်။ ထို့ကြောင့်လည်း ဦးထွား၏ စကားထဲတွင် ရွှေအိုး ဟု ပါသွားခြင်းဖြစ်သည်။ ယင်းကြောင့် အားလုံးကလည်း ရွှေအိုးဟု ထင်သွားကြသည်။

အကယ်၍ ယခု ဦးထွားတူးဖော်နေသော အိုးကြီးမှာ ရွှေအိုးမဟုတ်တောင် အိုးထဲတွင် ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးများ မရှိဟု မည်သူက ပြောနိုင်မည်နည်း။

ဒုကိယကမ္ဘာစစ်ကြီးအတွင်းက လယ်ပိုင်ရှင် ချစ်တီးကြီးမှာ အိန္ဒိယသို့ ခွေးပြေးဝင်ပြေး ပြေးရာရာ မယူနိုင်သော ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးများကို ဤအိုးထဲထည့်ပြီး မြှုပ်ထားခဲ့တာ ဖြစ်ရမည်ဟုလည်း တစ်ခြမ်းပေါ်လာသောအိုးကြီးကို ငေးကြည့်၍ ဝေဖန်တိုကပြုနေကြ၏။

မည်သူက မည်သို့ပြော၍ မည်သို့ဝေဖန်၊ ဝေဖန် ဦးထွားကမူ မည်သူ့ကိုမှ ဂရုမစိုက်။ သူ့ကို အတင်းအကျပ် လာတားလျှင်တော့ တကယ်ပင် ပေါက်တူးနှင့် ပေါက်သတ်တော့မည့်အတိုင်း အိုးကြီးဘေးရှိ မြေသားတွေကိုသာ ပေါက်တူးနှင့် လှမ်းပေါက်ထုတ်လိုက်၊ ဝိုင်းနေသော လူအုပ်ကြီးကို ခြိမ်းခြောက်သောအကြည့်နှင့် မျက်မောင်ကြုတ် လှည့်ကြည့်လိုက်လုပ်ကာ အိုးကြီးကိုသာ အမိအရ ဆက်ဖော်နေလေသည်။

ရွာသူကြီးဦးထွန်းပေါ်မှာ မနေသာတော့သဖြင့် ထပ်မံ ဟန့်တားရပြန်သည်။

"ဟေ့ကောင် မောင်ထွား၊ မင်းကို ငါက ရွာသူကြီး

www.burmeseclassic.com

www.burmeseclassic.com

ယောင်တိယောင်ကန်းနှင့် လှမ်းယူကာ ခဲတံနှင့် ရေးထားသော စာရင်းကို ကြည့်လိုက်သည်။

မနေ့က နှင်းပေး (၁၀)ကျပ်၊ ကုန်ငွေ ငါ ဆန်(၁)ပြည် ဝယ် (၂)ကျပ် (၇၅)ပြား၊ ငါ ငရုတ်သီး၊ ကြက်သွန်၊ ဆီ ဝယ် (၁)ကျပ် (၅၀)ပြား၊ နင်ယူ (၅၀)ပြား၊ ငါ ဖွဲနှစ် ဖွဲကြမ်း (၁)ကျပ်၊ နင်ယူ (၅၀)ပြား၊ မြေပဲဖတ် (၂၅)ပြား၊ ရေနံဆီ (၅၀)ပြား၊ နင်ဆေးလိပ် (၅၀)ပြား၊ ငါ မုန့်ဟင်းခါး (၂၅)ပြား၊ နင် အရက်(၂)ကျပ်၊ ပေါင်း(၉)ကျပ် (၇၅)ပြား၊ ငါ့ဆီမှာ (၂၅)ပြားကျန်။

'ကဲ..ဘယ်မှာလဲ စုဆောင်းဖို့ ငါ့မှာ ငွေ'

'ဒါဆိုလည်းဟာ ခေါက်ရေပို့ရအောင် အလုပ်သမား တစ်ယောက်လောက် ငှားလိုက်ရင် မကောင်းဘူးလား။ ငါတစ်ယောက်တည်း သဲတင်ရတာ အလုပ်မစွင်ပါဘူးဟာ'

ဖိုးထောင်ကို ပြုံးအေး မျက်စောင်းခဲကာ ကြည့်လိုက်ပြီး-

'အဲဒီကောင်ကို နေ့စားခ ဘယ်လောက်ပေးရမလဲ'

'ကြည့်ပေးပေါ့ဟာ၊ သုံးကျပ်လောက်ပေးပြီး အရက်လေးဘာလေး နည်းနည်းပါးပါးတိုက်လိုက်ရင် ပြီးပါတယ်'

'တော်လိုက်တော့ ဖိုးထောင်၊ နင့်ကြည့်ပေး ဆိုတာကြီးကို ငါကြောက်တယ်။ အိမ်မိုးတုန်းကလည်း ကိုယ့်ဟာကိုယ် ငှားမိုးလိုက်ရင် ဒီလောက်မကုန်ဘူး။ ဝိုင်းလုပ်ဝိုင်းစားဆိုပြီး နှင့်အပေါင်းအသင်း အရက်သမားတွေ ခေါ်ချလာလိုက်တာ ထမင်းကျွေးရတာတင်မက အရက်က တစ်လုံးပြီးတစ်လုံး မဆုံးတော့ဘူး။ ဆင်ဖိုးထက် ချွန်ဖိုးက ပိုကုန်နေတယ်'

'ငါလည်း အဖော်ရအောင်လို့ပါကွာ'

'အဖော်ပါရင် ပိုဆိုးတယ်။ တစ်ခါတုန်းကလည်း အဖော်ရော နင်ရော လှည်းပေါ်မှာမူးပြီး မထနိုင်အောင် သောက်ခဲ့ကြလို့ နွားတွေက သူတို့ဟာသူတို့ ပြန်လာတတ်လို့ တော်တော့တယ်။ တော်ပြီ၊ ထပ်မပြောနဲ့တော့။ ဘယ်သူ့ကိုမှ မငှားဘူး။ မနက်ဖြန် ငါကိုယ်တိုင် သဲတိုက်လိုက်မယ်။ ဒါပဲ'

ပြုံးအေး၏ တစ်ချက်လွှတ် အမိန့်တော်ကြောင့် ဖိုးထောင် ဘာမှဆက်မပြောဘဲ ငြိမ်ကုပ်နေလိုက်သည်။ ပြုံးအေး၏ စကားသံများအစား သူ့အာရုံထဲ၌ ရွာလယ်ပိုင်းက ဒါလေးများဟူသော ပျဉ်ပြားပေါ်တွင် မြေဖြူခဲနှင့် မည်မညာရေးထားသော အရက်ဆိုင်ဆိုင်းဘုတ်ကို ဖျတ်ခနဲမြင်လိုက်သဖြင့် ပိုက်ဆံတစ်ကျပ်ကို ခါးကြားထဲလိပ်ပြီး ဒါလေးများဆိုင်သို့ ဘစ်ချိုးတည်း ပြေးလေတော့သည်။

♦ ♦ ♦

ပြုံးအေးသည် နံနက်စောစောထကာ - လှည်းပေါ်သို့ ယူဆောင်ရမည့် ပစ္စည်းများတင်ပြီး ဖိုးထောင်ကိုနှိုးကာ လှည်းပြင်၍ သဲတင်ရန် ကျိုက်တဲဘုရားသို့ ထွက်ခဲ့ကြသည်။ သဲဖြူချောင်းသည် ကျိုက်ထီးရိုးတောင်တန်းများမှ ချောင်းများခံကာ ကျိုက်တဲဘုရားအနီးမှ နဂါးကြီးတစ်ကောင်ပမာ ရှစ်ခွေလျက် စစ်တောင်းမြစ်အနီး ကပ္ပလီပင်လယ်ထဲသို့ စီးဆင်းသွားသည်။ ကျိုက်စေတီဟု အများက ခေါ်သော်လည်း အမှန်မှာ ကျိုက်ပတဲစေတီဖြစ်သည်။ မွန်ဘာသာဖြင့် ကျိုက်ဆိုသည်မှာ ဘုရားဖြစ်ပြီး ပတဲဆိုသည်မှာ ယုံကြည်ခြင်း ဖြစ်လေသည်။

ကျိုက်ပတ်စေတီသည် ဘုရားရှင်၏ ဆံတော်အစစ်ဖြစ်၍ တန်ခိုးကြီးသည်။ တိဿရသေ့၊ သီဟရသေ့နှင့် သုဝဏ္ဏဘူမိပြည့်ရှင် တိဿဓမ္မသီဟရာဇာမင်း၏ တောင်းပန်မှုကြောင့် ဂဝံပတိရဟန္တာအရှင်မြတ်၏ ပင့်လျှောက်ချက်အရ မဟာသက္ကရာဇ်(၁၁၁)ခုနှစ် ဘုရားရှင် ရှစ်ဝါမြောက်တွင် ရဟန္တာငါးရာ ခြံရံလျက် သုဝဏ္ဏဘူမိသထုံပြည်သို့ ကြွချီသီတင်းသုံးတော်မူရာ ရသေ့သူတော်စင်တို့က ကိုးကွယ်ရာကို လျှောက်ထားတောင်းပန်သဖြင့် ဆံတော်မြတ်များကို ပေးသနားတော်မူခဲ့သည်။

ထိုသို့ပေးသနားတော်မူရာ တိဿရသေ့ (ဇင်းကျိုက်၊ ကျိုက်ထီးရိုး)၊ သီဟရသေ့ (ဇွဲကပင်)၊ တိလရသေ့ (ကေလာသ၊ ဒီဗွစက္ခုရသေ့ (ကုသိနာရုံဘီးလင်း)၊ ဒိုးယွန်းရသေ့ (ကျိုက်ဒေးယျုံ-တောင်စွန်း) အစရှိသော ရသေ့များနှင့် အတူ ဆောင်ခဲတောင်နေ အလွှကပ္ပရသေ့မြတ်သည်လည်း ဆံတော်တစ်ဆူ ပူဇော်ခွင့်ရခဲ့သည်။

အလွှကပ္ပရသေ့သည် မိမိနေရာ ဤဆောင်ခဲတောင်စွန်း၌ တိုက်ကုလားမြို့စား သပေါမင်းနှင့်တိုင်ပင်၍ ဆံတော်မြတ်ကို ဌာပနာပြီး စေတီငယ်တစ်ဆူ တည်ထားခဲ့သည် သထုံမင်းဆက်ဖြစ်သော ရာဇစောဝေမင်းသည် ဆောင်းတောင်ခြေရင်း၌ ဟရိသဘူမိ ရွှေလောင်းအင်းမြို့ကို တည်ထောင်သည်။ (ယင်းရွှေလောင်းအင်းမြို့ကို တိုက်ကုလားမြို့ဟုလည်း ခေါ်သည်။ နောင် ပင်လယ်ကမ်းပါးပြိုပျက်ကြောင့် ရွှေလောင်းမြို့ကြီး ပျက်စီးခဲ့ရသည့်အတွက် ဆောင်ခဲတောင်နှင့် ကျိုက်ဒေးယျုံတောင်ခြေကြားတွင် ရွာအဖြစ်

www.burmeseclassic.com

www.burmeseclassic.com

သာ ရှိတော့သည်။ ထိုတိုက်ကုလားမြို့ဟောင်းကို တောင်စွန်းဟု ခေါ်ဝေါ်ကြသည်။)

မြို့တည်ရာ ဆောင်ခဲ့တောင်စွန်း၌ စေတီငယ်တစ်ဆူကို တွေ့ရသဖြင့် စေတီငယ်ကိုငုံ၍ စေတီကြီးတည်ရာတွင် ဤအဆောက်အအုံသည် အရိုးအိုးလား၊ စေတီလားဟု ယုံမှားသံသယရှိကြသဖြင့် ဌာပနာတိုက်ကို ဖွင့်ကြည့်ကြရာ ဆံတော်မြတ်သည် ထန်းတစ်ဖျားခန့် ကောင်းကင်အရပ်သို့ ပျံကြွတော်မူ၍ ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးလျက် တန်ခိုးပြာဋိဟာများ ပြတော်မူလေ၏။

ထိုသို့အံ့ဖွယ်သရဲ ထူးကဲလှသည်ကို မြင်သဖြင့် ဆံတော်မြတ်စစ် ဖြစ်ပေသည်ဟုဆိုကာ ယုံပါပြီအရှင်ဘုရားဟု ဟစ်ကြွေးတောင်းပန်ကြသဖြင့် ထိုစေတီကို သဒ္ဓါစေတီဟု ခေါ်ကြသည်။ မွန်ဘာသာအားဖြင့် ကျိုက်ပတဲဟု ခေါ်ရာမှ ယခုအခါ ကျိုက်တဲဆံတော်မြတ်စေတီဟု လူသိများလေသည်။

ကျိုက်တဲစေတီတည်ထားသော ကုန်းတော်မြတ်သည် သိပ်မမြင့်လှ။ ကုန်းတော်ခြေရင်းနှင့် သဲဖြူချောင်းကြားတွင် မြေပြန့်လွင်ပြင်ရှိသည်။ ကုက္ကိုပင်များ၊ သစ်ပင်ကြီးများဖြင့် အုံဆိုင်းနေပြီး ဤနေရာတွင် နှစ်စဉ် ဘုရားပွဲကျင်းပလေ့ရှိသည်။ ချောင်းတစ်ဖက်သို့ တံတားဖြင့်ဆက်သွယ်ထားသည့် ထိုတံတားကိုဖြတ်၍ အလူး၊ ဝင်းပျဲ၊ ဂုံညင်နွယ်၊ ဖိုးဝါးသိမ်၊ ညောင်ဒေါက် စသည့် ကရင်တိုင်းရင်းသားကျေးရွာများသို့ သွားလာနိုင်သော်လည်း လမ်းမကောင်းသေးပေ။ ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်းသို့လည်း ခရီးပေါက်သောကြောင့် လမ်းပန်းဆက်သွယ်ရေးကောင်းလျှင် ဆံတော်ရှင် ကျိုက်ပတဲဘုရားသို့ ဘုရားဖူးများ ပိုမိုစည်ကားလာပေမည်။

ဘုရားခြေရင်းရောက်တော့ ချောင်းစပ်က ကုက္ကိုပင်ရိပ်ကောင်းကောင်းတွင် ပစ္စည်းတွေကိုချကာ လှည်းကိုဖြုတ်ပြီး မြက်ခင်းကောင်းကောင်းတွင် နွားတွေကို လှန်ထားလိုက်သည်။ ချောင်းထဲတွင် ရေစပ်စပ်သာရှိသည်။ နှစ်ယောက်သား အချိန်မဆွဲတဲ့ ချောင်းထဲကသဲတွေကို တောင်းနှင့်သယ်ကာ လှည်းပေါ်တင်သည်။ လှည်းတစ်စီးပြည့်တော့ လှည်းတပ်ပြီး ဖိုးထောင်လည်း ရွာထဲတွင် တိုက်ဆောက်နေသော ကိုကျင်စိန်ထံသို့ သွားပို့သည်။ ကိုကျင်စိန် တိုက်မပြီးမချင်း ဖိုးထောင်သာ ပင်တိုင် သဲတိုက်ပေးရဦးမှာမို့ သူတို့ ဤနေရာတွင် အတော်ကြာအောင် အလုပ်ရဦးမည်ဖြစ်သည်။

ဖိုးထောင်ထွက်သွားပြီးနောက် ပြုံးအေးတစ်ယောက်တည်း ချောင်းထဲက သဲများကိုစုပြီး ကမ်းစပ်တွင် အသင့်ပုံထားလိုက်သည်။ လှည်းတစ်စီးစာပြည့်တော့ ခဏနားပြီး ချောင်းထဲတွင် ကွန်တစ်လက်နှင့် ငါးရှာနေကြသူထံသွားကာ ငါးကလေးများ တစ်မတ်ဖိုးခန့် ဝယ်လိုက်သည်။ ထမင်းအိုးတစ်လုံးတည်ပြီး ငါးကလေးများကို အိုးကပ်ချက်လိုက်သည်။ တောထဲမှ သုံးခွရွက်၊ သစ်ဖြူရွက်၊ ကြံစာရွက်၊ ခွေးအီးသီးတို့ကို ရှာဖွေခူးကာ တို့စရာလုပ်လိုက်သည်။

ဤသို့ဖြင့် ထမင်းစားချိန်ရောက်တော့ သုံးခေါက်ရပြီပြီ။ နံနက်စာစားပြီးနောက် ကုက္ကိုပင်ရိပ်တွင် ပုဆိုးစုတ်တစ်ထည် ဖြန့်ခင်းကာ ကုလားသေ ကုလားမော အိပ်ကြလေသည်။ ညနေ အလုပ်သိမ်းတော့ စုစုပေါင်း ငါးခေါက်ရသည်။ တစ်ခေါက်ငါးကျပ်ဆိုတော့ စုစုပေါင်း(၂၅)ကျပ်ရသည်။ တစ်နေ့ စုစုပေါင်းကုန်ကျစရိတ်မှာ ငါးကျပ်ပင် မကုန်သောကြောင့် ပြုံးအေးအဖို့ တစ်နေ့(၂၀) အသားတင် စုမိလေသည်။

တစ်လခွဲကျော်ကြာတော့ ကိုကျင်စိန်၏ တိုက်လည်း ပြီးသွားပြီမို့ သဲလည်း မတိုက်ရတော့။ ဖိုးထောင်လည်း သစ်တိုက်၊ ဝါးတိုက်၊ မီးသွေးတိုက်သည့် အလုပ်ကိုသာ ရံဖန်ရံခါ လုပ်ရတော့သည်။ ပြုံးအေးလည်း မုန့်ဖက်ထုပ်ပြန်ရောင်းသဖြင့် မပို့လျှံတာကြောင့် စားဝတ်နေရေး အဆင်ပြေသေးသည်။ သဲတိုက်ရသည့် တစ်လခွဲအတွင်း ဌေ(၁၅၀၀)ကျော်လောက် စုမိဆောင်းမိသွားတာကြောင့် ဒီနေ့ထိုင်ဖြင့် ပြုံးအေးတစ်ယောက် အိမ်ကောင်းကောင်း ဆောက်ဖို့ စိတ်ကူးယဉ်နေလေသည်။

♦ ♦ ♦

'အမယ်လေး...ကျုတ်...ကျုတ်...နာလိုက်တာ။ ငါ့ကို လာနှိပ်စမ်းပါဦး ဖိုးထောင်ရဲ့။ ဗိုက်ထဲက ထိုးထိုးပြီး အောင့်လိုက်တာတော့။ အင်း...ဟီး...ဟီး'

စိတ်ကူးယဉ်လို့မဆုံးခင်တစ်ည ပြုံးအေးတစ်ယောက် ကောက်ခါငင်ခါ ဗိုက်ထအောင့်လေတော့သည်။

'နင် တွေ့ကရာစားလို့ ဝမ်းချုပ် လေချုပ်တာ ထင်တယ်'

ဖိုးထောင်က လေကွဲဆေးတိုက်သော်လည်း မပျောက်။ မခံမရပ်နိုင်အောင် ဖြစ်လာသဖြင့် ကျေးရွာဆေးပေးခမဲ့သို့ သွားပြသည်။ ကျန်းမာရေးမှူးက သောက်ဆေး၊ လိမ်းဆေး

www.burmeseclassic.com

www.burmeseclassic.com

အချို့ ပေးလိုက်သည်။ သက်သာသလိုလိုရှိသော်လည်း တစ်ချို့တစ်ချို့ သေမလောက်အောင် ခံစားရသည့်အတွက် ဘီးလင်းဆေးရုံ တက်ရသည်။ လေး၊ငါးရက်နေတော့ သက်သာသလို ရှိလာသဖြင့် အိမ်ပြန်လာခဲ့သည်။ အိမ်ရောက်တာနဲ့ ဖိုက်က ထိုးထိုး၍ အောင့်ပြန်သည်။ မသက်သာသဖြင့် သတိုဆေးရုံပြသော်လည်း အောင့်မြဲအောင့်နေသောကြောင့် ရန်ကုန်သို့ ပြေးရလေသည်။

ရန်ကုန်မြို့က ကောင်းမည်ထင်သည့် ဆေးခန်းတွေကို တစ်ခုပြီးတစ်ခု ပြောင်းပြသော်လည်း ဘာမှမထူးခြားသောကြောင့် ဆေးရုံကြီးသို့ ရောက်သွားကြလေသည်။ ဆရာဝန်ကြီးများက စမ်းသပ်ရာ ဖိုက်ထဲတွင် အလုံးတစ်လုံးတွေ့ကြောင်း ပြောသည်။ သွေးလုံးလား၊ လေလုံးလား သိရအောင် ဓာတ်မှန်ရိုက်ကြည့်သည်။ ဓာတ်မှန်အဖြေထဲတွင် ဖိုက်ထဲ၌ အလုံးတစ်လုံးကို ထင်ထင်ရှားရှား တွေ့ရသောကြောင့် ခွဲစိတ်ဖို့ တစ်လတိတိ ရက်ချိန်းပေးလိုက်ပြီး ထိုအတောအတွင်း အားမွေးထားရန်နှင့် ပိုက်ဆံရှာထားရန် မှာကြားလိုက်လေသည်။

ရန်ကုန်တွင် ခွဲစိတ်ဖို့စရိတ်က အနည်းဆုံး နှစ်ထောင်လောက်ကုန်မည်။ ထိုငွေကို ပြိုးအေး ဘယ်လိုမှ မတတ်နိုင်တော့။ စဖြစ်ကတည်းက ယနေ့အထိ ဆေးခန်းပြရသည့် စရိတ်နှင့်ပင် သဲတိုက်ခ ရထားသည့်ငွေ(၁၅၀၀)ကျပ်အပြင် ရွှေတိုရွှေစလေးတွေပါ ပေါင်နှံရောင်းချလို့ တတိတိနှင့်ကုန်ပြီ။ တစ်လဆိုတဲ့ရက်ချိန်းက နီးကပ်လာလေပြီ။ အိမ်ခြံဝိုင်းလေးကို လိုက်ပေါင်သော်လည်း အဆင်မပြေသေး။ နောက်ဆုံး မရလျှင်တော့ နွားတစ်ကောင်လောက် ရောင်းမှရမည်။ ဖိုက်ထဲက အလုံးကလည်း သိသိသာသာကြီး ကြီးထွားလာကာ လက်နှင့်ပင် စမ်းသပ်၍ရလာပြီ။ ထို့ကြောင့် ပြိုးအေး ခမျာ ရောဂါဖိစီးခံစားရရုံမက စိတ်ဝေဒနာပါ ခံစားနေရသောကြောင့် နဂိုက ပိန်ရတဲ့အထဲ ယခုတော့ အရိုးပေါ်အရေတင်ကာ လူရုပ်ပင် မပီတော့ချေ။

'ဒီအလုံးကြီးကို မခွဲနိုင်လို့ကတော့ သေဖို့ပဲရှိတော့တယ် ဒေါ်လုံးရဲ့။ ပိုက်ဆံကလည်း တစ်ပြားမှ မရှိဘူး။ အသေခံလိုက်တာပဲအေးတယ်'

စိတ်ပျက်လက်ပျက်နှင့် ဒေါ်လုံးရွှေတွင် သူ ညည်းလိုက်မိသည်။

'ဒါလေးများဟယ်..ဒီအတိုင်း အသေခံမယ့်အတူထွေးရီတို့အဖေ ဆရာကြီးဦးစံလွန်းကို ပြကြည့်ပါလား။ သူက ဗေဒင်လည်းရတယ်၊ ဆေးလည်းလိုက်တယ်။ ရိုးရိုးသားသားဟုတ်၊မဟုတ် တွက်ချက်ကြည့်ပါလားဟယ်'

'အို..ပါရဂူတွေက ဘေလုံးပါလို့ ပြောပြီးပြီပဲ။ ဖိုက်ဆံကုန်မှ ပျောက်တော့မှာပါလေ။ သူလည်း မတတ်နိုင်ပါဘူး'

'လုပ်ကြည့်ပေါ့ဟယ်။ ပိုက်ဆံသိပ်ကုန်တာမှ မဟုတ်တာ။ မမှားပါဘူးလေ။ ပွဲတင်ခ ငါးမူး၊ တစ်ကျပ်လောက်တော့ ငါစိုက်ပေးနိုင်ပါတယ်။ ရွာနားကမြက် ရွာနွားမစားမလုပ်ပါနဲ့။ ပညာဆိုတာ အထင်မသေးရဘူး။ လာဟယ်..အခုပဲ သွားကြရအောင်'

♦ ♦ ♦

ဆေးဆရာကြီးဦးစံလွန်းသည် ပွဲတင်သည့် ငွေငါးမူးခွဲကို ဘုရားစင်ရှေ့ရှိပွဲတွင် ထိုးလိုက်ပြီး ပြိုးအေး၏ ဇာတာကို တွက်ချက်စစ်ဆေးလိုက်သည်။ ထို့နောက် ဘုရားစင်ရှေ့တွင် ထိုင်ကာ ခေတ္တမျှအမြင်သန်ဖြင့် ငြိမ်သက်နေသည်။

အမြင်သန်ပြုပြီးနောက် ပြိုးအေးအား စေ့စေ့ကြည့်ကာ-

'နင် ဒီအတောအတွင်း ဘယ်သူနဲ့ ရန်ဖြစ်ထားသလဲ။ ဒါမှမဟုတ် ဘယ်သူကို စော်ကားခဲ့သလဲ'

'ဟင့်အင်း..ကျွန်မ ဘယ်သူကိုမှလည်း မစော်ကားဘူး။ ရန်လည်း မဖြစ်ပါဘူး။ ဟို..အဲ..ဖိုးထောင်နဲ့တော့'

'ဖိုးထောင်ကိုပြောတာ မဟုတ်ဘူးလေ။ တခြားသူတွေနဲ့ ပြောတာ'

'ဟင့်အင်း..ဘယ်သူနဲ့မှ မဖြစ်ပါဘူး'

'ဖြစ်ရမယ်လေ၊ ပြန်စဉ်းစားဦး။ လူနဲ့ မဟုတ်တာတောင် သရဲတွေ တစ္ဆေတွေနဲ့ဖြစ်ဖြစ်ပေါ့'

'အို..ပေါက်ပေါက်ရှာရှာ၊ သရဲဆိုတာ မြင်တောင် မမြင်ဖူးဘူး'

'နင့်ကိုလည်း သူတို့က မပြပါဘူး။ ဒီတစ်လ၊ နှစ်လအတွင်း နင် သစ်ပင်ကြီးတွေမှာ တပိုတပါးသွားတာတို့ ဘာတို့ လုပ်ခဲ့ဖူးလား'

ပြိုးအေး ခေတ္တစဉ်းစားပြီးမှ သတိရသွားဟန်ဖြင့်-

'ဟုတ်တယ်..ဟုတ်တယ်၊ သဲတိုက်တုန်းက ချောင်းစပ်က ရေသဖန်းပင်လေးမှာ အပေါ့သွားဖူးပါတယ်။ အပင်သေးသေးလေးပါ'

'အဲဒီတုန်းက နင် အပေါ့သွားခဲ့တာ ခြေသလုံးလောက် အပင်လေး မဟုတ်ဘူးကွယ့်။ ယောကျ်ားကြီးနှစ်ဖက်စာလောက်ရှိတဲ့ အပင်ကြီးပဲ။ မယုံရင် ပြန်ကြည့်။ အဲဒီမှာနေတဲ့

www.burmeseclassic.com

သရဲက နင်တို့ အဲဒီမှာ အသားဟင်းငါးဟင်းတွေ ချက်ပြုတ်စားသောက်ပြီး သူ့ကို မကျွေးတော့ မကျေမနပ်ဖြစ်ပြီး နှင့်ကို အပြစ်ရှာပြီး ဒုက္ခပေးတယ်။ သူတို့နယ်မြေစည်းကမ်းအရ သူတို့ပိုင်နက်မှာ တစ်ခုခုအပြစ်မလုပ်ရင် နှောင့်ယှက်လို့ မရဘူး။ ဒီတော့ နင် အပေါ်သွားတော့ နင် မျက်စိလည်အောင် အပင်သေးသေးဖြစ်အောင် လှည့်စားလိုက်တယ်။ နင်က အဲဒီမှာ တစ်ခါတည်းလည်းမကဘူး၊ အပေါ်သွားတိုင်း အဲဒီကိုပဲ သွားခဲ့တယ်မဟုတ်လား။ ဒါကြောင့် နှင့်ကို သူ နှောင့်ယှက်လိုက်တာပဲလို့ ကျွိုက်ပတဲဘိုးဘိုးကြီးက ပြောပြတယ်။ နင် ရေသဖန်းပင်က သရဲကို အစာကျွေးရလိမ့်မယ်'

'ဒါ..ဒါဆို ကျွန်မ ဘာလုပ်ရမလဲဟင်။ ကျွန်မကို ကယ်ပါဦး အဘရယ်'

'နင့်ကို ငါ ဆေးကုပေးစရာမလိုဘူး။ နင် ငါမှာတဲ့ အစီအရင်အတိုင်း ပစ္စည်းတွေယူပြီး ကျွိုက်ပတဲဆံတော်ရှင်စေတီကိုသွား၊ အဲဒီမှာ ကျွိုက်ပတဲဘိုးဘိုးကြီးလို့ခေါ်တဲ့ ဆောင်ခဲတောင်ဘိုးဘိုးကြီးရှိတယ်။ သူက သတ္တဝါတွေကို ကူညီစောင့်ရှောက်တဲ့ သူတော်စင်ဘိုးဘိုးကြီးပဲ။ ပြီးတော့ နင် အိုးအိမ်အသစ်ကို ပြောင်းရက်နိုးရှိတယ်။ လက်ရှိ နေနေတဲ့ အိမ်ကို ဖျက်ပြီး အိမ်သစ်မှာ ပြောင်းနေလိုက်'

'ဟုတ်..ဟုတ်ကဲ့၊ ဒါပေမဲ့ အိမ်သစ်ဆောက်ဖို့ ပိုက်ဆံ ဟို..ဟို'

'အဲဒါတွေ မစဉ်းစားနဲ့၊ ဖျက်ဖြစ်အောင်ဖျက်။ နှင့်ကို ဆောင်ခဲတောင်ဘိုးဘိုးကြီးက စောင့်ရှောက်မှာပါ။ နင် လည်း ဆုတောင်း၊ ငါလည်း ဒီက မေတ္တာပို့ပေးပါ့မယ်'

နောက်တစ်နေ့ ဆရာဦးစံလွန်း၏ အစီအမံအတိုင်း ယူဆောင်စရာတို့ကို တောင်းထဲထည့်ပြီး ဒေါ်လုံးကို အဖော်ခေါ်ကာ ကျွိုက်ပတဲဘုရားသို့ ရောက်လာခဲ့ကြသည်။ ဘုရားပေါ်ရောက်တော့ မိမိ၏မွေးနံထောင့်တွင် စေတီတော်အား ဆွမ်း၊ ပန်း၊ ဆီမီး၊ အမွေးတိုင်နှင့် သစ်သီးဆွမ်းများ ဆက်ကပ်ပူဇော်ကာ ဆုတောင်းသည်။ အနီးရှိ ဘုန်းတော်ကြီးကျောင်းသို့လည်း ဆွမ်းတစ်ချိုင့်ပို့သည်။ ထို့နောက် ကျန်စစ်သားမင်းကြီး၏ ကျောက်စာရုံဘက်မှ ပတ်ကာ စေတီရင်ပြင်အနောက်ဘက်ရှိ ဆောင်ခဲတောင်ဘိုးဘိုးကြီး နှုန်းသို့သွားကာ ပန်း၊ ဆီမီး၊ သစ်သီးနှင့် အမွေးတိုင်များ ဆက်ကပ်ပူဇော်ပြီး ရောဂါအမြန်ပျောက်ဖို့၊ ကူညီစောင့်မ, ရန် တောင်းပန်ခဲ့ရုံမက အိမ်ဆောက်နိုင်ဖို့ ဖိုးထောင် ပိုက်ဆံများများ ရှာနိုင်ပါစေဟု ဆုတောင်း၍ ချောင်းစပ်ကိုသို့ ဆင်းလာခဲ့သည်။

ချောင်းစပ်ရှိ သူ အပေါ်သွားခဲ့ရာ ရေသဖန်းပင်ကို ရောက်တော့ သူ အလွန်အံ့သြသွားရသည်။ ဆရာကြီးဦးစံလွန်းပြောတာ မှန်ပေစွ။ သူ အပေါ်သွားခဲ့စဉ်က ခြေသလုံးသာသာဟု ထင်ခဲ့ရသော ရေသဖန်းပင်ငယ်လေးသည် ယခုတော့ လူကြီးနှစ်ဖက်စာမျှ ကြီးမားသောအပင်ကြီး ဖြစ်နေသည်ကို အံ့သြစွာ မျက်ဝါးထင်ထင် မြင်လိုက်ရသောကြောင့် ဖြစ်လေသည်။

♦♦♦

ရေသဖန်းပင်တွင် ထမင်းနှင့်ဟင်းကို ဖက်နှင့်ထုပ်ပြီး ကျွေးမွေးကာ တောင်းပန်ခဲ့ပြီး နောက်နေ့များတွင် အိမ်ကို ဖျက်ဖို့ ပြင်ဆင်ရသည်။ သူကိုယ်တိုင်ကလည်း ဤအိမ်တွင် နေရမှာကို စိတ်မသန့်တော့။ ဖိုးထောင်ကိုတော့ အားကိုးမရ။ ဒီနေ့မှပင် တညည်းညည်း တညူညူနဲ့ ငှက်ဖျားတက်သလို ဖြစ်နေတဲ့အတွက် အိမ်ကို ပိုပြီးသံသယဖြစ်မိကာ နောင်ခါလာနောင်ခါစျေးဟု သဘောပိုက်ပြီး အရပ်ကူပါလူဝိုင်းကာနှင့် အိမ်ကြီးကိုဖျက်ချပြီး တဲကုပ်လေး ယာယီထိုး၍ နေလိုက်လေသည်။

'ဖိုးထောင်ရယ်..နင့်အဖျားကလည်း ကျပဲ မကျနိုင်တော့ဘူး။ မိုးကျလို့မှ. အိမ်ပြန်မဆောက်နိုင်ရင် မိုးရေထဲမှာပဲ သေရတော့မယ်ဟဲ့'

ဖိုးထောင်ရယ် ဘာမှအားကိုးမရတဲ့အပြင် သူ့ကို ပြုစုနေရပြန်တဲ့အတွက် ပြူးအေး ဗျစ်တောက်,ဗျစ်တောက်နှင့် မကျေမနပ် ဖြစ်နေသည်။ သူမှာ စာရေးသောက်ရေးအပြင် နွားနှစ်ကောင်ကိစ္စတွေနဲ့ အားရတယ်မရှိ။ အလုပ်တွေများနေတဲ့အတွက် ဝေဒနာကိုပင် မေ့မေ့ပျောက်ပျောက် ဖြစ်နေသည်။

'ဟယ်..ဒီမှာကြည့်စမ်း၊ ငါ့ဗိုက်ကအလုံးကြီး မရှိတော့ဘူး။ ဗိုက်လည်း မအောင့်တော့တာကြာပြီ ဖိုးထောင်ရဲ့'

လုပ်ရင်းကိုင်ရင်း ဖိုးထောင်ကို အားမရ၍ ငြူစူစောင်းမြောင်းရင်းကပင် သတိရတော့ ပြူးအေး၏ဝေဒနာ ရွှင်ရွှင်ပျောက်သွားလေပြီ။ ပြူးအေးက ဝမ်းသာသလောက် ဝမ်းမသာနိုင်သူက ဖိုးထောင်။ ဝေဒနာမခံစားရတော့ သူကို ပို၍ပြောအားရှိလာသောကြောင့်ပင်ဖြစ်သည်။

တစ်နေ့ ဖိုးထောင်သည် တဲကုပ်လေး၏ ကြမ်းတွင်

www.burmeseclassic.com

www.burmeseclassic.com

ငှက်ဖျားတက်ပြီး ကန့်လန့်ကြီး အိပ်နေရာမှ-

'ဗိုက်ဆာလိုက်တာ မိန်းမရယ်၊ ငါ့ကို ဆန်ပြုတ်လေး တစ်ပန်းကန်လောက် ပြုတ်ကျွေးပါလားကွယ်' ဟု လေသံ ပျော့လေးနှင့် ပြောလိုက်သည်။

'အောင်မာ..သေနာကျ။ သောက်လုပ် မလုပ်ချင်လို့ ဖျားပြနေတာ။ မအားရတဲ့ကြားက လူကို ခိုင်းချင်သေးတယ်။ သောက်ချင်ရင် ကိုယ့်ဟာကိုယ် ပြုတ်သောက်ပါလား။ ငါ မအားဘူး'

'မထနိုင်လို့ပါဟယ်၊ တောင်းပန်ပါတယ်။ အားလေးရှိသွားရင် နင်ဆောက်ချင်နေတဲ့အိမ်ဆောက်ဖို့ ငါ ငွေရှာပေးပါ့မယ်ကွယ်'

ညောင်နာနာနှင့် သနားစဖွယ် တောင်းပန်နေပြန်သဖြင့် ပြီးအေး သနားသွားကာ ဆန်ပြုတ်,ပြုတ်ပေးဖို့ ဆောင့်ကြီး အောင့်ကြီးနှင့် ထပြင်သည်။

'သောက်ရေးတည်း ထင်းက မရှိပြန်ဘူး။ အလကားလင်။ အိမ်အတွက် မီးရေးထင်းရေး ဘာမှမပူဘူး'

'ကဲပါဟယ်..ထင်းမရှိရင်လည်း ရော့..ဟောဒီမှာ ငါ ခေါင်းအုံးလုပ်ထားတဲ့ ဝါးဆစ်ပိုင်းကိုပဲ ခွဲစိတ်လိုက်တော့'

ပြီးအေးက ဝါးပိုးဝါးပိုင်းကို ကောက်ယူကာ ခွဲစိတ်ရန် အိမ်အောက်သို့ဆင်းဖို့ အိမ်ရှေ့သို့ ထွက်လာသည်။

'ဟဲ့..သေနာကျ၊ အိမ်ရှေ့မှာ ကန့်လန့်ကြီး သေမနေနဲ့။ ဖယ်စမ်း၊ မဖယ်ရင် ငါကျော်သွားမှာနော်။ ငရဲကြီးကြီး ငအုံကြီးကြီး'

'မထနိုင်လို့ပါဟယ်။ ကျော်ချင်လည်း ကျော်သွားတော့'

ပြီးအေး မျက်စောင်းတခဲခဲနှင့် ဖိုးထောင်၏ ကိုယ်ပေါ်မှ ကျော်ခွကာ အိမ်အောက်သို့ဆင်းပြီး ဝါးပိုင်းကို ဓားဖြင့် ခွဲလိုက်သည်။

'ခွပ်'

'ဟာ..ဒါ ဘာတွေလဲ။ ငွေတွေ၊ ပိုက်ဆံတွေပါလား။ ဒါ ဘယ်သူ့ငွေတွေလဲ။ ဒါတွေ နင် ဘယ်ကရတာလဲ ဖိုးထောင်'

'ဘယ်သူ့ဟာရမလဲ၊ တို့ဟာပေါ့ မိန်းမရယ်။ တစ်နေ့ညက ငါအိပ်မက်ထဲမှာ ဆောင်ခဲတောင်ဘိုးဘိုးကြီးနဲ့ တွေ့တယ်။ ဘိုးဘိုးကြီးက ငါ့ကို ပြောတယ်။ မင်းမိန်းမ နေကောင်းသွားပြီ မဟုတ်လားတဲ့။ သူက မင်းအိမ်ဆောက်ဖို့ ငွေများများ ရှာနိုင်ပါစေဆိုပြီး ဆုတောင်းသွားတယ်။ ဆု တောင်းပြည့်အောင် မင်း ထီတစ်စောင် ထိုးလိုက်ပါ။ ဆု တောင်းပြည့်စေရမယ်ဆိုပြီး ပျောက်သွားတယ်။ အဲဒါကြောင့် ထီဖွင့်ရက် နီးနေတာနဲ့ ဟိုတစ်နေ့က နှင့်ဆီမှာ ငွေ(၂)ကျပ် ငါတောင်းရတာပဲ'

ထိုနေ့က ဖိုးထောင် ငွေ(၂)ကျပ်တောင်းတော့ သူ ကျိန်ဆဲလိုက်သေးသည်။

'အောင်မာ..သေနာကျ။ အရေမျိုမလို့မဟုတ်လား။ သောက်ချင်ရင် ကိုယ့်ဟာကိုယ် ရှာသောက်'

ပြီးအေးဆီက ပိုက်ဆံမရသဖြင့် လှည်းတိုက်ခွေထဲမှ (၂)ကျပ်ကိုဖြောင်ပြီး ပြည့်ပြည့်လျှံထီဆိုင်တွင် ထီတစ်စောင် ဝင်ထိုးခဲ့သည်။ ထီဖွင့်သည့်နေ့တွင် ထီဆိုင်ရှေ့သင်ပုန်းခွံ ဖိုးထောင်၊ အိမ်ဆောက်ရန်၊ ဆုငွေ(၁၅၀၀)ဟု ကြော်ငြာထားသည်ကို တွေ့သဖြင့် ဝမ်းသာအာရနှင့် ထီလက်မှတ်ကို ပြလိုက်သည်။ ထီဆိုင်က ပေါက်မဲလက်မှတ်ကိုသိမ်းပြီး သူ့အား ဆုငွေ(၁၅၀၀)ကျပ်ကို ထုတ်ပေးလိုက်သည်။ ထိုကိစ္စကို ပြီးအေးအား အသိမပေးဘဲ ထားလိုက်သည်။ အမြဲတမ်း ဆူပူဆဲဆိုနေသော ဇနီးသည်အား အံ့သြသွားအောင် ပညာပြလို၍ ဖြစ်သည်။

'ဟင်း.. တတ်လည်းတတ်နိုင်တဲ့ ယောကျ်ားရယ်။ ဟီ..ဟီ'

ပြီးအေးသည် ပြီးစစနှင့် ငွေများကို ထဘီထဲသို့ ကျုံးထည့်ကာ အိမ်ပေါ်တက်ဟန် ပြင်လိုက်သည်။

'ဟယ်..ကိုကလည်း အိမ်ရှေ့မှာ ကန့်လန့်ကြီး အိပ်နေပြန်ပါပြီ။ ဖယ်ပေးလေဟယ်။ ဒီမှာ သူများ သူ့ကို ဆန်ပြုတ်,ပြုတ်ပေးရဦးမယ်'

'မဖယ်နိုင်ပါဘူးကွယ်။ စောစောကလိုပဲ ကျော်သွားပါတော့'

'အို..ကိုကလည်းကွယ်၊ သူများကို ငရဲပေးနေပြန်ပါပြီ'

ပြီးအေးသည် ဖိုးထောင်၏ ခြေထောက်နှစ်ချောင်းကို အသာအယာမရွေ့ကာ 'ကန်တော့နော်..ကန်တော့ အစ်ကို' ဟုဆိုကာ ခါးကလေးညွှတ် ဦးခေါင်းလေးငုံ့ကာ ငွေထုပ်ကိုဝိုက်ပြီး ရိုသေလေးစားစွာ အိမ်နောက်ဖေးသို့ ဝင်သွားသည်ကိုကြည့်ရင်း ဖိုးထောင် လက်မကိုထောင်ကာ ငါကွဟု ဟစ်ကြွေးလျက် ရုတ်တရက်ထခုန်လိုက်သဖြင့် တဲကလေးမှာ သိမ့်သိမ့်တုန်ခါသွားလေသတည်း။

သျှင်ရဲထွဋ်(ဒေါင်စွန်း)

www.burmeseclassic.com

www.burmeseclassic.com

မောင်မြင့်မား
(ဒိုလ်ကလေး)

ဝေခွဲမရသော ကတ်လမ်းတစ်ပုဒ်

(အမဲလိုက်မုဆိုးဂန္ဓိရဝတ္ထု)

မုဆိုးကြီးစောဂျိမ်းသည် ချေတစ်ကောင်ကို လက်နှစ်ချောင်း၊ ခြေနှစ်ချောင်း လည်ပင်း တစ်ဖက်စီတွင်ချကာ ထမ်းလာခဲ့သည်မှာ (၁)နာရီကျော်ပြီ။ အေးအေးဆေးဆေးပင်။ မောပုံပင် မပြ။ ညနေ အိမ်ပြန်ရောက်လျှင် သူ မျှော်လင့်ထားသော ချေချေးခါးဟင်းနှင့် စားရမည်ကို တွေးကာ ခြေလှမ်းက သွက်နေသည်။

ဟင်းစားအတွက် အမဲလိုက်ရသော်လည်း တစ်ခါတစ်ရံတွင် သက်စွန့်ဆံဖျား ကြုံခဲ့ဖူးပေါင်းလည်း မနည်း တော့။ အခုလည်း ကံကောင်းသည်လို့ပင် ပြောရမည်။ ကြုံလိုက်ရတာကလည်း သက်စွန့်ဆံဖျား။ စောဂျိမ်း စိတ်ကူးက ချေချေးခါးဟင်း မစားရသည် ကြာပြီဖြစ်တာရယ်၊

www.burmeseclassic.com

www.burmeseclassic.com

မရမ်းပင်မြောင်ထဲတွင်လည်း အမဲမပစ်ရတာ ကြာသောကြောင့် နေလယ်ဘက် ရေသောက်ဆင်းတတ်ကြသော တောကောင်များကိုပစ်ရန် စိတ်ကူးနှင့် ထွက်လာခဲ့ခြင်းဖြစ်သည်။

မရမ်းပင်မြောင်ကိုရောက်ရန် ရွာကနေ (၂)နာရီခန့် တောလမ်းအတိုင်း လျှောက်ရသည်။ မြောင်ကိုမရောက်မီ မိုင်ဝက်ခန့်အရောက်တွင် (၅)ပေခန့်ကျယ်သော တောင်ကွဲတစ်ခုရှိသည်။ တောင်ကွဲအလယ်တွင် ဆီဖြူးပင်တစ်ပင်ရှိသည်။ ထိုဆီးဖြူပင်မှ ဆီးဖြူသီးများကို ဒရယ်၊ ဆတ်၊ မျောက်၊ ချေ စသည့်တောကောင်များက လာစားကြသည်။ စားပြီး ရေတံလာသောအခါ မရမ်းပင်မြောင်မှ စမ်းချောင်းကလေးတွင် ရေလာသောက်သည်။ ထိုရေလာသောက်သော တောကောင်များကို ပုန်းအိမ်လုပ်၍ ချောင်းပစ်ရန် ရည်ရွယ်ခြင်း ဖြစ်သည်။

အကွာအဝေးက ကိုက်(၅၀)လောက်ပင်ရှိမည်။ စမ်းချောင်းကလေးဘေးရှိ ပိစပ်ချုံထဲတွင် စောကျိမ်း ထိုင်စောင့်နေသည်မှာ နာရီဝက်လောက်ပင်ရှိပြီ စမ်းချောင်းကလေးဆီသို့ သားကောင်တစ်ကောင်မျှပင်မလာသေး။ စောကျိမ်းက ပိစပ်ချုံထဲတွင် ဝင်မထိုင်မီကတည်းက လေညာလား လေအောက်လား လေ့လာပြီး ဝင်ထိုင်နေခြင်းဖြစ်သည်။ ယုန်ကလေးများ၊ ရှဉ့်ကလေးများကတော့ လာကြသည်။ သူလက်ခွဲတော် (၁၂)ဘို့နှစ်လုံးပြူးကြီးနှင့်ကတော့ ဒင်နှင့်အင်နှင့် မမျှသောကြောင့် အသာပင် ထိုင်ကြည့်နေလိုက်သည်။

'ဝေါင်..ဝေါင်'

စောကျိမ်း ခေါင်းထောင်လာသည်။ ချေဟောက်သံဖြစ်သည်။ အကောင်တော့ မမြင်ရသေး။ စောကျိမ်း ပုန်းအိမ်ထဲရှိ သစ်ရွက်အကြိုအကြားမှ မျက်တောင်မခတ်ဘဲ ကြည့်နေမိသည်။ လေတစ်ချက်အလှေ့တွင် သစ်ရွက်များ လှုပ်ခါသွားလေသည်။ ထို့အတူ ပိစပ်ပင်ကို ပုန်းအိမ်လုပ်ထားသော ပုန်းအိမ်ကလေးသည်လည်း သိမ့်ခနဲလှုပ်သွားသည်။

လာပါပြီ။ စောစောက ကြားခဲ့ရသည့်အတိုင်း ချေဟောက်သံနှင့်အတူ ချေနှစ်ကောင်သည် တစ်ကောင်နှင့်တစ်ကောင် ကိုယ်လုံးချင်းတိုက်ကာ ကြော့ကြော့မော့မော့ကလေး လျှောက်လာနေသည်။ ရေတံသောနွားများကဲ့သို့ ဣန္ဒြေမရ ဆင်းလာခြင်းမဟုတ်ဘဲ အေးအေးလူလူ ဆင်းလာ၍ နေခြင်းဖြစ်သည်။

'ကွိ..ကွိ..ကွိ..ခွီး..ခွီး' ဟူသော အသံများနှင့်အတူ သစ်ရွက်၊ သစ်ကိုင်း လှုပ်သံများပါ ကြားရပြီးနောက် ချေနှစ်ကောင်သည် တို့ခနဲရပ်သွားကာ နောက်သို့ လှည့်ပြေးသွားတော့သည်။ သစ်ပင်ပေါ်မှ မျောက်များ တစ်ကောင်နှင့်တစ်ကောင် အော်သံများဖြစ်သည်။ ချေသတ္တဝါကား နားပါးသည်။ ဖျတ်လတ်သည်။ သတိကြီးသည်။ မည်မျှသတိကြီးသနည်းဆိုသော် လမ်းလျှောက်လာရင်း သစ်ကိုင်းခြောက် နင်းမိ၍ ချွတ်ခနဲ မြည်သံကြားလျှင်ပင် လန့်ခုန်တတ်သည်။ ချေအီးချေလန့်သော သတ္တဝါဖြစ်သည်။

စောကျိမ်း စိတ်ညစ်သွားသည်။ သွားပြီ၊ လန့်ပြေးသွားသောချေများ ပြန်လာတော့မည်မဟုတ်။ စိတ်မောသွားသည်။ မောမောနှင့် ရောဂါကိုဖွင့်ကာ မော့လိုက်သည်။ ပြီးမှ ဆတ်သားခြောက်မီးဖုတ်နှစ်ချောင်းကို ဝါးလိုက်သည်။ ပိစပ်ပင်များက အောက်ခြေတွင် ရှင်းနေသောကြောင့် စောကျိမ်းက တိုလိမိုလီထည့်ထားသော အိတ်ကြီးကို ခေါင်းအောက်တွင် ထားကာ ကျောဆန့်လိုက်သည်။

နေအတော်စောင်းပြီ။ ဒီအတိုင်းဆိုလျှင် တောကောင်ရရန် စောင့်ရဦးမည်။ ပိစပ်ချုံက သစ်ရွက်သစ်ခက်များစိပ်၍ အပေါ်တွင် အကိုင်းအခက်များ ရှုပ်သောကြောင့် လူတစ်ယောက်အတွက် အေးအေးဆေးဆေး လုံခြုံနေသည်။ ကျောဆန့်ရင်း မီးတောက်ကောက်ညှင်းအရက်ကလေးကို တစ်ငုံမော့လိုက်သည်။ ရင်ထဲကို ပူဆင်းသွားသည်။

'ဝေါင်း'

ခပ်အုံ့အုံ့အသံဖြစ်သည်။ စောကျိမ်း ခေါင်းထောင်ထလိုက်သည်။ ပိစပ်ရွက်များအကြားမှ စမ်းချောင်းကလေးဆီသို့ ချောင်းကြည့်လိုက်သည်။ ချေပေါက်တစ်ကောင်ဖြစ်သည်။ ခေါင်းကိုလှည့်ကာ နားရွက်ထောင်ကာနှင့် အခြေအနေကိုကြည့်ကာ တစ်လှမ်းချင်း ဆင်းလာနေသည်။ စောကျိမ်း ဝမ်းသာသွားသည်။ (၁၂)ဘို့နှစ်လုံးပြူးကြီးကို ကြိတ်၍ မောင်းတင်လိုက်သည်။ တောသရက်၊ ပျဉ်းကတိုး၊ ကျွန်း၊ သစ်တို၊ အင်၊ ကညင် စသည်ဖြင့် အပင်ကြီးများ ရွက်ထပ်စွာပေါက်နေသည့်တောဖြစ်သော်လည်း လေငြိမ်နေသောကြောင့် သစ်ရွက်လှုပ်သံပင် မကြားရ။

ချေက စောကျိမ်း ပုန်းနေသောနေရာနှင့် ဘေးတိုက်အနေအထားဖြစ်သည်။ အေးအေးဆေးဆေးအနေအထားဖြင့် စမ်းချောင်းကလေးထဲမှရေကို ငုံသောက်နေသည်။ စောကျိမ်းက ပိစပ်အရွက်များအကြားမှ သေနတ်ပြောင်းကိုထုတ်ကာ

www.burmeseclassic.com

www.burmeseclassic.com

ထိုးချိန်လိုက်သည်။ ပစ်ကွင်းက ကောင်းသည်။ အနောင့်အယှက်လည်းမရှိ။ ထိုအခွင့်အရေးမျိုးက ရခဲသည်။

'ဒိန်း'

တောသံနှင့်အတူ သေနတ်သံက ဟိန်းထွက်သွားသည်။ စောဂျိမ်း လက်ထဲတွင်လည်း စီးနင့်နေသလို ခံစားလိုက်ရသည်။ သေနတ်သံကြောင့် တောပြိုသံနှင့်အတူ မျောက်များ၊ ရှဉ့်များ၊ ကြက်တူရွေးများ၏ အော်သံက ဆူညံသွားသည်။ ကျည်က လက်ပြင်နောက်တွင် ထိသွားသောကြောင့် ချောက ရှေ့လက်နှစ်ချောင်း ညွှတ်ကျသွားကာ စမ်းချောင်းအစပ်တွင် ခေါင်းစိုက်ကာ ခွေကျသွားသည်။

စောဂျိမ်းက ပုန်းနေရာမှ ပြေးထွက်လာခဲ့သည်။ တချို့ တောကောင်များက မှန်သွားသော်လည်း သွေးရွဲသွေးတန်းဖြင့် ထပြေးတတ်သောကြောင့်ဖြစ်သည်။

စောဂျိမ်း ပြေးထွက်လာပြီး ဆယ့်လေးငါးကိုက်လောက် အရောက်တွင်-

'ဟဲ..ဝေါ..ဝရော'

'ဟာ'

စောဂျိမ်း လန့်သွားကာ ရပ်ပြီး ကြက်သေ,သေနေမိသည်။ ဟဲ..ဝေါ..ဝရောဆိုသော အသံနှင့်အတူ ကုန်းမြင့်တောင်စောင်းတစ်ခု၏ မြက်ရိုင်းတောထဲမှ ဟင်းမျိုး(ကျား)ကြီးတစ်ကောင် ပြေးဆင်းလာသောကြောင့်ဖြစ်သည်။ ဟင်းမျိုးကြီးက ချေရှိရာသို့ ပြေးဆင်းသွားပြီး ယာဘက်သို့ ခေါင်းအလှည့်တွင် စောဂျိမ်းကို တွေ့လိုက်ရသောကြောင့် တုံ့ခနဲ ရပ်သွားသည်။

ဟင်းမျိုးကြီးက စောဂျိမ်းကို ရပ်၍ ပေးပြီးကြည့်နေစဉ်တွင် စောဂျိမ်းက သတိဝင်လာကာ ပြောင်းထဲတွင်ရှိသော လက်ကျန်တစ်တောင့်ကို ဟင်းမျိုးကြီးရှိရာသို့ ချိန်လည်းချိန် ပစ်လည်းပစ် တစ်ဆက်တည်း လုပ်လိုက်တော့သည်။

ဒိန်းခနဲ မြည်သွားသော သေနတ်သံနှင့်အတူ ဟင်းမျိုးကြီးက (၅)ပေခန့် မြောက်တက်သွားကာ လက်ဝဲဘက်သို့ ချာခနဲလှည့်ပြီး လာရာလမ်းအတိုင်း မြက်ရိုင်းတောထဲသို့ တဝေါဝေါမြည်အောင် တိုးဝှေ့ပြီး ပျောက်ကွယ်သွားတော့သည်။ ထိုအချိန်တွင် စောဂျိမ်းက (၁၂)တိုထဲသို့ ကျည်နှစ်တောင့် သွင်းလိုက်ပြီးဖြစ်သည်။

ဟင်းမျိုးလို အကောင်မျိုးက မတွေ့တာလည်းကြာ ပစ်ရန်လည်း ရည်ရွယ်မထားသောကြောင့် ယခုလို မမျှော်လင့်ဘဲ တွေ့လိုက်ရချိန်ဝယ် ကြောက်စိတ်ကြောင့် ကိုယ်နေဟန်ထားပျက်၍ ဟင်းမျိုးကြီးကို ကျည်မထိနိုင်ကြောင်း စောဂျိမ်း သဘောပေါက်လိုက်သည်။

စောဂျိမ်းသည် ဟင်းမျိုးကြီးဝင်သွားသော မြက်ရိုင်းတောထဲသို့ အခြေအနေအကဲခတ်လိုက်သည်။ ထူးခြားမှုမရှိ ငြိမ်သက်နေသည်။ အမှန်က စောဂျိမ်းက ပုန်းအိပ်လုပ်ကာ သားကောင်ကို ချောင်းသည်။ ဟင်းမျိုးက မြက်ရိုင်းတောထဲကနေ ချောင်းသည်။ ပစ်မှတ်က တူနေသောကြောင့် စောဂျိမ်း ပစ်လိုက်သောချေကို အစာမာန်ရစ်ကာ ဟင်းမျိုးက သေနတ်သံကို ဂရုမထားဘဲ ဝင်ဆွဲရန် ပြေးလာခြင်းဖြစ်သည်။

အခြေအနေအေးအေးဆေးဆေးရှိသောကြောင့် စောဂျိမ်းက ချေကိုထမ်းကာ ထွက်လာခဲ့သည်။ ဒါပေမဲ့ နောက်ကြောင်းကိုတော့ သိပ်မယုံသောကြောင့် မျက်စိနှင့်နားကို အစွမ်းကုန် ဂရုစိုက်ရသည်။ ရင်ကတော့ ခုန်ဆဲ။

စောဂျိမ်း ရွာထိပ်ကိုရောက်တော့ အတော်မှောင်နေပြီ။ ရွာထိပ်က ကညင်ပင်ကြီးနားအရောက်တွင် လူသုံး,လေးယောက် ရုံးစုရုံးစုနှင့်တွေ့သောကြောင့် ချေအသေကောင်ကို လမ်းဘေးတွင်ချကာ အနားသို့ တိုးကြည့်လိုက်သည်။ ရွာထဲမှ အေးမောင်၊ တင်ဝင်းစိန်နှင့် ဉာဏ်ဝင်းတို့ဖြစ်သည်။ ရှေ့တွင် လူတစ်ယောက် ခွေခွေကလေးလဲနေသည်။

စောဂျိမ်းက-

'ဟေ့ကောင်တွေ..ဘာဖြစ်နေကြတာလဲ'

'ဟာ..ဆရာစောဂျိမ်း၊ ကျွန်တော်တို့ သုံးယောက် ဒီ သောင်းအေးနဲ့ ညနေက ကိုကြက်တောဆိုင်မှာ အတူတူ အရက်ထိုင်သောက်နေကြတာ။ နောက် ဒီကောင်က ကိစ္စ ရှိလို့ဆိုပြီး ထပြန်သွားတယ်။ ကျွန်တော်တို့ကတော့ ဆက်သောက်နေကြတာပေါ့ဗျာ။ နောက် ထင်းခုတ်တဲ့လူတွေ ဆိုင်နားရောက်လာတော့ သောင်းအေးတစ်ယောက် ဒီကညင်ပင်နားမှာ လဲနေတယ်။ အနားမှာလည်း သွေးကွက်ကြီးတွေ့တယ်ဆိုလို့ လာကြည့်ကြတာ။ အသက်မရှိသေးရဲလား မသိဘူး။ ဒီကောင်က အရင်ကလည်း သွေးအန်ဖူးတယ်။ ဆက်မသောက်နဲ့လို့ပြောတာ နားမထောင်ဘူး။ ဆရာစောဂျိမ်း ကြည့်ပါဦး'

'ဟာ..အဲဒီလိုဆိုရင် ငါလည်း မကိုင်ရဲဘူး။ မတော်တဆသေနေရင် ငါတို့အားလုံး အမှုပတ်နေမယ်။ အကောင်းဆုံးက ရွာလူကြီးကို အရင်ပြောပြထားလိုက်'

www.burmeseclassic.com

www.burmeseclassic.com

စောဂျိမ်းက ချေချထားခဲ့သော နေရာဆီသို့ လျှောက်လာခဲ့သည်။ စောဂျိမ်း တွေသွားသည်။ ချေအသေကောင်ကို ချထားတာက ပြေးလမ်းကလေးဘေးအစပ်မှာ သေသေချာချာ ချထားခဲ့ခြင်း ဖြစ်သည်။ အခု ချေအသေကောင်က (၁၀)ပေအကွာလောက်ရှိ မြက်တောထဲကို ရောက်နေသည်။ သတ္တဝါတစ်ကောင်ကောင် ဆွဲရအောင်လည်း ကိုက်ရာဖဲ့ရာ မတွေ့။ ချထားတုန်းက ခေါင်းကအရှေ့ဘက်မှာ အခုတွေ့ရတာက ခေါင်းက တောင်ဘက်ကို ရောက်နေသည်။

စောဂျိမ်း စိတ်ရှုပ်ရှုပ်နှင့် ခေါင်းကုတ်ကာ ချေအသေကောင်ကိုထမ်း၍ ထွက်လာခဲ့သည်။ ရွာထဲကတဲကိုရောက်တော့ အတော်မှောင်နေပြီ။ စောဂျိမ်းက အသင့်စောင့်နေသော ဇနီးသည် နော်ချားလက်ထဲသို့ ချေကောင်ကို အပ်လိုက်သည်။ စောဂျိမ်းက ရေချိုး၊ နော်ချားအတွက် ကူညီလုပ်ကိုင်ပေးစရာများ လုပ်ပေးပြီး ချောမ်းတွင်းသားနှင့် အသားတစ်ဝက်စီ တွဲထားသော အတွဲနှစ်တွဲကိုယူကာ ရွာထဲသို့ ထွက်လာခဲ့သည်။ တစ်တွဲက ရွာလူကြီးအတွက်၊ တစ်တွဲက သူငယ်ချင်း တောက်ထိန်အတွက်။

စောဂျိမ်း ရွာထဲက ပြန်အရောက်တွင် နော်ချားက ထမင်းပွဲပြင်ထားပြီး ဖြစ်သည်။ စောဂျိမ်းက ဆာဆာနှင့် ထမင်းဝိုင်းကို ကြည့်လိုက်သည်။ ချေချေးခါးဟင်းနှင့် ဝမ်းတွင်းသားဆီပြန်၊ ဆတ်သားခြောက်ဖုတ်၊ ဖန်ခါးသီးတို့စရာ။ စောဂျိမ်းကြိုက်သော ချေချေးခါးဟင်းကို အဖတ်စားလိုက် အရည်သောက်လိုက်နှင့် စောဂျိမ်း အရသာတွေ့နေသည်။

"ဖလပ်..ဖလပ်..ဖလပ်"

ထမင်းစားနေရင်း အိမ်ရှေ့ဆီမှ ခြေသံကြားသောကြောင့် စောဂျိမ်း ခေါင်းထောင်ကြည့်လိုက်သည်။ ရေနံဆီမီးခွက်အရောင်နှင့် တွေ့လိုက်ရသော အဆင်မပေါသော အင်္ကျီ ဖုန်အလူးလူးနှင့် လူတစ်ယောက်။ စောဂျိမ်း ကောင်းကောင်းမှတ်မိသည်။ စောစောကတည်းက ကညင်ပင်အောက်တွင် လဲနေသော သောင်းအေးဖြစ်သည်။ မျက်နှာမှာလည်း ဖုန်အလူးလူး။

"သောင်းအေး..မင်း ဘာမှမဖြစ်ဘူးနော်။ အရက်ကို လျှောသောက်ကွ။ မင်းက သွေးအန်ဖူးတော့ မသောက်တာပိုကောင်းတယ်။ လာ..ထိုင်၊ ထမင်းစားမလား"

စကားလည်းမပြော၊ ထိုင်လည်းမထိုင်၊ တွေတွေကြီး ရပ်ကာ ရေကျဉ်ဘက်သို့ ကြည့်နေသည်။

"သောင်းအေး..ထမင်းစားချင်လို့လား"

စကားပြန်မပြောသောကြောင့် စောဂျိမ်းက သူကြည့်နေသောနေရာ ရေကျဉ်ဘက်ကိုကြည့်လိုက်တော့ နော်ချားခုတ်ထစ်ကာ မနက်ရောင်းဖို့အတွက် အတွဲလိုက် ချိတ်ဆွဲထားသော ချေသားအတွဲများ။ စောဂျိမ်း သဘောပေါက်သွားသည်။ သောင်းအေး မူးနေသောကြောင့် စကားမပြောနိုင်ဘဲ သူစားချင်သော ချေသားများကို ခိုက်ကြည့်နေမှန်း သဘောပေါက်သွားသည်။

ထို့ကြောင့် နော်ချားအား-

"မနော်ရေ..တစ်တွဲလောက် ပေးလိုက်ပါကွာ။ သူစားချင်လို့နဲ့ တူပါတယ်"

"ပိုက်ဆံရော"

"ဟာ..မနော်ရာ၊ ပေးသာ ပေးလိုက်စမ်းပါကွာ"

သောင်းအေးက ချေသားတွဲကိုယူကာ ချာခနဲလှည့်ထွက်သွားသည်။ စောဂျိမ်းက ထမင်းစားနေရင်း မီးရောင်ဖျော့ဖျော့မှာ သောင်းအေးကျောပြင်ကို မြင်နေရသည်။ ဒယီးဒယိုင်နှင့် လျှောက်နေရာမှ ခြံဝအရောက်တွင် ချေသားအတွဲကို အားရပါးရ ဝါးစားနေသည်။

စောဂျိမ်း ထမင်းစားနေရာမှ-

"ဟာ..ဒီငမူး မတော်မရော်တွေ လုပ်နေပါလား"

နောက်တစ်နေ့တွင် နော်ချားက နံနက်စောစောထ၍ ချေသားများ ကျပ်တင်နေသောကြောင့် စောဂျိမ်းက တစ်ပိဿာစီ တွဲထားသော ချေသားအတွဲများ ထည့်ထားသည့် တောင်းကိုထမ်းကာ ရွာလမ်းအတိုင်း လျှောက်လာသည်။ ချေသားများ ရောင်းရန်အတွက်ဖြစ်သည်။

ရွာလယ်လမ်းတွင် အေးမောင်နှင့်တွေ့တော့-

"ဆရာစောဂျိမ်းရယ်..သောင်းအေးတော့ မနေ့က ဆုံးသွားပြီ။ သွေးအန်ရင်း အသက်ပါ ပါသွားတယ် ထင်တာပဲ"

"ဟေ..သွေးအန်တာက နောက်တစ်ခါ ထပ်အန်သေးလို့လား"

"မဟုတ်ဘူးလေ ဆရာစောဂျိမ်း၊ မနေ့ကညနေ ဆရာ စောဂျိမ်းနဲ့ ကျွန်တော် တို့သုံးယောက် တွေ့တော့ သောင်းအေးက ကညင်ပင်အောက်မှာ သွေးအန်ပြီး လဲနေတယ်လေ။ ဆရာစောဂျိမ်းကိုတောင် အသက်မှ ရှိသေးရဲ့လားလို့

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ မေးသေးတယ်မဟုတ်လား။ တင်ဝင်းစိန်ကို လွှတ်ပြီး ရွာလူကြီးရောက်လာတဲ့အထိ ကျွန်တော်နဲ့ ဉာဏ်ဝင်းတို့နှစ်ယောက် အဲဒီနားမှာ မီးခွက်ထွန်းပြီး ထိုင်စောင့်နေကြတာပဲ။ ရွာလူကြီးနဲ့ ရွာသားတွေ ရောက်လာတော့မှ ကျွန်တော်တို့လည်း သောင်းအေး သေနေပြီဆိုတာ သိတာ။ သွေးအန်တာက အဲဒီနားမှာ တစ်ခါတည်း အန်ထားတာပါ'

'ဒါဆို သောင်းအေးအလောင်းကို ယူသွားတော့ ဘယ်အချိန်လောက်ရှိပြီလဲ'

'ဆရာစောဂျိမ်းထွက်သွားပြီး (၁)နာရီကြာလောက်မှ လာယူသွားတာပဲ'

စောဂျိမ်း ဇဝေဇဝါဖြစ်သွားသည်။ ညက အိမ်ကိုလာသွားတာလည်း သောင်းအေးမှ သောင်းအေးအစစ်။ ဖုန်တွေက မျက်နှာတွေရော တစ်ကိုယ်လုံး ပေလူးနေခြင်းဖြစ်သည်။ လာတဲ့အချိန်က စောဂျိမ်း ထမင်းစားနေချိန် ည(၁၀)နာရီလောက်။ အလောင်းယူသွားတာက မိုးချုပ်ခါစ။

တောင်းကြီးထမ်း၍ စဉ်းစားနေသော စောဂျိမ်းအားအေးမောင့်က-

'ဆရာစောဂျိမ်း..ဘာဖြစ်လို့လဲ'

'ဘာမှမဖြစ်ပါဘူး။ ကဲ..ကဲ..ငါလည်း ချောအားတော့မှာထားတဲ့လူတွေရှိလို့ သွားပို့လိုက်ဦးမယ်'

စောဂျိမ်း သောင်းအေးတို့အိမ်ရှေ့ကိုရောက်တော့ သူမိန်းမငိုသံနှင့်အတူ ဝိုင်းဝန်းလုပ်ကိုင်ပေးနေကြသော ရွာသားများကို တွေ့ရသည်။ စောဂျိမ်းက တောင်းကိုချကာ ရွာသားများနှင့်အတူ စကားထိုင်ပြော၊ ရေနွေးကြမ်းသောက်ကာ ဘုရားစင်ရှေ့တွင် ပြင်ထားသော သောင်းအေးအလောင်းဆီ လျှောက်လာခဲ့သည်။

အလောင်း၏မျက်နှာကို လုံချည်ပါးကလေးတစ်ထည်နှင့် အုပ်ထားသည်။ စောဂျိမ်းက လုံချည်ပါးကလေးကို တဖြည်းဖြည်းဆွဲလှပ်လိုက်သည်။ စောဂျိမ်း မျက်လုံးများပြူးကျယ်သွားသည်။ ညက တွေ့ခဲ့ရသော အဝတ်အစားများအတိုင်းဖြစ်သည်။ မျက်နှာမှာလည်း ပေကျံနေဆဲ။ ပါးစပ်မှာလည်း သွေးစသွေးနများနှင့်။

စောဂျိမ်း အလောင်းနားက ထွက်လာခဲ့သည်။ စောဂျိမ်းအတွေးမှာ ဆုံးဖြတ်ချက်တစ်ခုကို သေချာစွာချလိုက်သည်။ ဒါပေမဲ့ ဘာကြောင့်ဆိုသည်ကို သူ ဝေခွဲမရ။

မောင်မြင့်မား(ဇိုလ်ကလေး)

www.burmeseclassic.com

www.burmeseclassic.com

ကျော်ကော
(စာတန်)
အငိုက်မိသွားသော မှော်ဆရာ

လန်ဒန်မြို့လယ်ရှိ စားသောက်ဆိုင်ကြီးတစ်ဆိုင်တွင် ဖြစ်သည်။

သက်လတ်ပိုင်းအရွယ် စုတွဲနှစ်တွဲ နေ့လယ်စာစား လျက် ရှိကြသည်။ ဓာတုဗေဒအသင်း အတွင်းရေးမှူး မစ္စတာဒဗလျူဂေတန်တို့ မောင်နှံကတစ်တွဲ၊ ကျန်စုံတွဲက ဝါးဝစ်ရှင်းယားနယ်မှ အလည်အပတ်လာကြသော မစ္စတာ ဘင်းနက်တို့ ဧနီးမောင်နှံပင် ဖြစ်သည်။

စားရင်းသောက်ရင်းဖြင့် မစ္စဘင်းနက်က သူမ၏ ခင် ပွန်းကို အမှတ်မထင် လှမ်းပြောလိုက်သည်။

"မနက်တုန်းက ဖြိတီသျှပြတိုက်ရှေ့က ကားဖြတ် မောင်းလာတော့ အဲဒီထဲက မစ္စတာဖရန့်စစ် ထွက်လာတာ လှမ်းတွေ့လိုက်ရတယ်ရှင့်"

www.burmeseclassic.com

www.burmeseclassic.com

"ဟေ့..သေချာရဲ့လားကွ။ လန်ဒန်ကို သူ 'လာစရာ အကြောင်း မရှိပါဘူး'

၄င်းတို့ ပြောစကားကြောင့် မစ္စတာဂေတန်တို့ ဇနီးမောင်နှံသည် တစ်ယောက်မျက်နှာတစ်ယောက် လှမ်းကြည့်လိုက်ကြသည်။ ထို့နောက် မစ္စတာဂေတန်က ဖြတ်မေးလိုက်သည်။

"အဲဒီ မစ္စတာဖရန့်စစ်က ခင်ဗျားတို့နဲ့ ရင်းနှီးလားဗျ"

"အို..မရင်းနှီးပါဘူးရှင်။ အိမ်နီးချင်းတစ်ယောက်ပါ။ သူက ပတ်ဝန်းကျင်ကို ဂရုမစိုက်ဘူးရှင့်။ ဘာလုပ်မှန်းလည်း ဘယ်သူမှ မသိဘူး။ မကောင်းတာမှန်သမျှ စိတ်ဝင်စားတဲ့လူလို့ ပြောကြတာပဲ။ ပြီးတော့ သူကို ဆန့်ကျင်တဲ့လူ မှန်သမျှကိုလည်း ရန်ငြိုးထားတတ်တယ်တဲ့"

"ဟုတ်တယ်ဗျ၊ ဖရန့်စစ်ဟာ တကယ့်ကို အန္တရာယ်အကြီးစားပဲ။ သူ့ကို ကဏ္ဍကောစ သွားလုပ်မိတဲ့သူဆိုရင် ဘဝပျက်ပြီသာ မှတ်ရော့။ မကောင်းပါဘူးဗျာ"

မစ္စတာဘင်းနက်က ဇနီးသည်စကားကို ထောက်ခံလိုက်သည်။ မစ္စတာဂေတန်သည် ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေရာက ပြန်မေးလိုက်သည်။

"ဒါနဲ့ နေပါဦးဗျ၊ လွန်ခဲ့တဲ့ဆယ်နှစ်လောက်က မော်ပညာသမိုင်းဆိုတဲ့ စာအုပ်ကို ရေးခဲ့တာ သူပဲမဟုတ်လား"

"သူမှ သူပါပဲဗျာ။ အဲဒီတုန်းက သတင်းစာတွေထဲမှာ ဝိုင်းဝေဖန်ရှုတ်ချခဲ့ကြတာကိုရော မှတ်မိသေးလား"

"ဘယ်မေ့လိမ့်မှာတုန်းဗျာ။ အဲဒီစာအုပ်ကို အားလုံးက လက်မခံခဲ့ကြဘူးလေ။ အဲဒီထဲမှာ အထိရောက်ဆုံး ဝေဖန်ရေးလုပ်ခဲ့တဲ့ လူတစ်ယောက်ရှိတယ်။ ခင်ဗျား သိမှာပါ။ ပွန်ဟာရင်တန်တဲ့။ ကျုပ်တို့နဲ့ ကင်းဘရစ်(ချ်)မှာ အတူတက်ခဲ့ကြတာလေ"

"ဟာ..သိတာပေါ့ဗျာ။ ကျောင်းပြီးကတည်းက သူနဲ့ အဆက်အသွယ်ပြတ်သွားခဲ့တာ။ သတင်းစာထဲမှာ သူအဖြစ်ဆိုး ပါလာမှပဲ သိရတော့တယ်"

"ဟင်..သူက ဘာဖြစ်သွားလို့လဲရှင့်"

မစ္စဂေတန်က စပ်စုလာသဖြင့် မစ္စတာဘင်းနက်က ဆက်ရှင်းပြလိုက်ရသည်။

"ခင်ဗျားတို့ မသိကြသေးဘဲကိုး။ ဖြစ်ပုံက တော်တော်လေး ထူးဆန်းတယ်ဗျ။ သစ်ပင်ပေါ်က ပြုတ်ကျပြီး ဇက်ကျိုးသွားခဲ့တာ။ ကလေးကလားနဲ့ သစ်ပင်ပေါ် သူ ဘာတက်လုပ်တာလဲ ဆိုတာကတော့ ဂန္ဓီရပုစ္ဆာပေါ့ဗျာ။ ကျုပ်တို့ ကင်းဘရစ်(ချ်)မှာပဲ ကျောင်းတက်ခဲ့တဲ့ သူညီ ဟင်နရီဟာ အဖြစ်မှန်ကို သိရဖို့ ခြေရာခံ လိုက်စုံစမ်းခဲ့သေးတယ်။ သူ့အစ်ကို သေရတာ သွေးရိုးသားရိုးမဟုတ်ဘဲ တစ်ယောက်ယောက်ရဲ့ ပယောဂကြောင့်လို့ သူက ထင်ခဲ့တယ်လေ။ ဘာအဖြေရခဲ့လဲဆိုတာတော့ မပြောတတ်ဘူးဗျ"

အာရုံစိုက်၍ နားထောင်နေသော မစ္စတာဂေတန်သည် လက်ပတ်နာရီကိုကြည့်ကာ ဖြတ်ပြောလိုက်သည်။

"ကဲ..စကားကတော့ ကောင်းပါရဲ့၊ သုံးနာရီတောင် ထိုးသွားပြီ။ ချိန်းထားတာကလေး ရှိသေးတယ်။ လက်စသတ်လိုက်ကြရအောင်"

♦♦♦

သူ၏အမည်က ဂျက်ဂိုဖရန့်စစ်။

ဝါးဝစ်ရှိုင်းယားနယ်၊ လ(ဖ်)ဗို့(ဒ်)အရပ်သို့ ရောက်လာခဲ့သည်မှာ မကြာလှသေး။ သူ၏ဇာတိကိုလည်း မသိရ။ မည်သည့်အလုပ်မှန်းလည်း မခန့်မှန်းတတ်။ သူကိုယ်တိုင်ကလည်း အခြားသူများနှင့် ခပ်စိမ်းစိမ်းနေခဲ့သည်။ ထို့ထက် ပတ်ဝန်းကျင်ကို ဂရုမစိုက်ဟု ဆိုပါက ပိုမှန်ပေမည်။

စင်စစ်တွင် ဖရန့်စစ်သည် အဂ္ဂိရတ်ရူးကြီးတစ်ယောက်ပင်ဖြစ်သည်။ အောက်လမ်းပညာတတ်ပြီး မိစ္ဆာမန္တန်နှင့် အင်းများကို ကစားလေ့ရှိသူလည်း ဖြစ်သည်။ သူ၏ အလိုဆန္ဒနှင့် ဆန့်ကျင်သူများကို အောက်လမ်းနည်းများဖြင့် ရက်စက်စွာ နှိပ်ကွပ်တတ်သော စုန်းထီးကြီးတစ်ယောက်ဟု သမုတ်နိုင်မည် ထင်ပေသည်။

ယခုအခါ သူ၏ခြေလှမ်းက ပို၍ကြွလာခဲ့သည်။ လန်ဒန်မြို့ ဓာတုဗေဒအသင်းအစည်းအဝေးတွင် အဂ္ဂိရတ်ပညာနှင့် သက်ဆိုင်သည့် စာတမ်းတစ်စောင် ဖတ်ကြားခွင့် တောင်းခံခဲ့ခြင်းဖြစ်သည်။ ထိုစဉ်ကာလက အင်္ဂလန်နိုင်ငံတွင် မစ္စတာအက်ဝပ်ဒန်းနင်းကို တစ်ဦးတည်းသော အဂ္ဂိရတ်ပညာရှင်အဖြစ် သတ်မှတ်ထားခဲ့ကြသည်။ ထို့ကြောင့် အသင်းအတွင်းရေးမှူး မစ္စတာဒဗလျူဂေတန်သည် ဖရန့်စစ်၏ စာတမ်းနှင့်ပတ်သက်၍ ဒန်းနင်းနှင့် တိုင်ပင်ခဲ့သည်။

ဒန်းနင်းက အစည်းအဝေးတွင် ဖတ်ကြားရန် လုံးဝ မသင့်လျော်ကြောင်း မီးနီပြခဲ့လေသည်။ သို့ဖြင့် အတွင်းရေးမှူး ဂေတန်ကလည်း ဖရန့်စစ်ထံသို့ ၄င်း၏စာတမ်းကို ငြင်းပယ်လိုက်ကြောင်း စာရေးလိုက်ရတော့သည်။

ဖရန့်စစ်၏ စရိုက်ဆိုးကို သိလာရသောအခါ အတွင်းရေးမှူး ဂေတန်သည် ဒန်းနင်းအတွက် စိုးရိမ်နေခဲ့မိသည်။

www.burmeseclassic.com

www.burmeseclassic.com

သို့ရာတွင် ၄င်း၏စာတမ်းကို ခြင်းပယ်ကန့်ကွက်သူသည် ဒန်းနင်းဖြစ်ကြောင်း ဖရန့်စစ်သိနိုင်ဖွယ် အကြောင်းမရှိဟုလည်း ယူဆထားမိသည်။ ဤသည်မှာ ဖရန့်စစ်ကို လျှော့တွက်လိုက်မိခြင်းဖြစ်ကြောင်း မကြာမီရက်ပိုင်းအတွင်း သိခဲ့ရလေတော့သည်။

♦ ♦ ♦

နောက်ငါးရက်ခန့်အကြာ ညနေခင်းအချိန်။

အက်ဝပ်ဒန်းနင်းသည် ဖြိတိသျှပြတိုက်ရှိ စာကြည့်တိုက်မှ အိမ်သို့ ပြန်လာခဲ့သည်။ သူသည် စာကြည့်တိုက်တွင် တစ်နေကုန်ခဲ့သည်။ တစ်ကိုယ်တည်း အပူအပင်ကင်း စွာနေသူမို့ နောက်ဆံတင်းစရာမရှိ။ ချက်ပြုတ်ရန်နှင့် လျှော်ဖွပ်သန့်ရှင်းရေးလုပ်ရန် အမျိုးသမီးနှစ်ဦး ငှားရမ်းထားသဖြင့်လည်း ကြောင့်ကြမှုကင်းသူ ဖြစ်သည်။

သူသည် အိမ်အပြန်ခရီး၏ လေးပုံ သုံးပုံခန့်ကို ရထားစီးခဲ့သည်။ ကျန်သည့် နှစ်မိုင်ခန့်ခရီးကိုမူ ထုံးစံအတိုင်း ဘတ်(စ်)ကား . ပြောင်းစီးခဲ့လေသည်။ ထိုနေ့ ညနေပိုင်း ထုတ် သတင်းစာကို ရထားပေါ်တွင် ဖတ်ခဲ့ပြီးဖြစ်သည်။ သို့ဖြင့် ဘတ်(စ်)ကားပေါ် ရောက်သည့်အခါ မျက်နှာချင်းဆိုင်ဘက်ရှိ ကားပြတင်းမှန်များပေါ်တွင် ကပ်ထားသည့် ကြော်ငြာများကို အမျင်းပြေ လျှောက်ဖတ်ကြည့်ခဲ့မိလေသည်။

ကြော်ငြာအများစုကို မြင်ဖူး,ဖတ်ဖူးနေကျဖြစ်သည်။ ထို့ကြောင့် ထောင့်တစ်ထောင့်တွင်ကပ်ထားသည့် ကြော်ငြာစာရွက်အသစ်ကို ချက်ချင်းသတိပြုမိလိုက်သည်။ အနည်းငယ်လှမ်းနေသဖြင့် ပွန်ဟာရင်တန်ဟူသော စာလုံးကိုသာ ဖတ်၍ရခဲ့သည်။ အဝါရောင်စာရွက်ပေါ်တွင် အပြာရောင် စာလုံးများဖြင့် ရိုက်နှိပ်ထားခြင်းဖြစ်သည်။

ခရီးသည်ကုန်သလောက်နီးပါး ဖြစ်သွားချိန်တွင် ထို ကြော်ငြာစာရွက်နှင့် နီးသည့်ခုံသို့ ရွှေ့ထိုင်လိုက်သည်။ ထို့နောက် အနီးကပ် ဖတ်ကြည့်လိုက်ရာ အောက်ပါအတိုင်း တွေ့လိုက်ရလေသည်။

"ဝါးဝစ်ရှိုင်းယားနယ် အက်(ရှ်)ဘရွတ်က ဟာရင်တန်ကို မမေ့ပါနဲ့။ သူဟာ (၁၈၈၉)ခုနှစ်၊ စက်တင်ဘာလ (၁၈) ရက်နေ့မှာ သေဆုံးသွားခဲ့တယ်။ အဲဒါ သူ့ကို သတိပေးခဲ့တဲ့အတိုင်း သုံးလပြည့်တဲ့နေ့ပဲ ဖြစ်တယ်"

ဒန်းနင်းသည် ထိုစာရွက်ကို အတန်ကြာအောင် စိုက်ကြည့်နေခဲ့မိသည်။ ဆင်းရဲမည့်မှတ်တိုင်သို့ ရောက်သောအခါမှ ခရီးသည် သူတစ်ယောက်တည်းသာ ကျန်ကြောင်း သိလိုက်တော့သည်။ သူသည် ကားပေါ်မှဆင်းရင်း ယာဉ်မောင်းသူကို လှမ်းပြောလိုက်သည်။

"ကျုပ်က ဟိုစာရွက်အသစ်ကို ငေးနေမိခဲ့တာဗျ။ ကြော်ငြာမဟုတ် ဘာမဟုတ်နဲ့ ခပ်ကြောင်ကြောင်ပဲနော်"

"ဘယ်ဟာများလဲဗျ။ ကျွန်တော်တော့ သတိမထားမိခဲ့ဘူး"

"ဟေ့..ဟုတ်ရဲ့လားကွာ။ ဟိုမှာလေ၊ အဲဒါကိုပြော"

ဒန်းနင်းသည် လက်ညှိုးထိုးပြပြီး ပြောနေရာက နှုတ်ဆွံ့သွားခဲ့သည်။ သူပြသည့်နေရာတွင် မည်သည့်စာရွက်မျှ မရှိတော့။ သေချာစွာ ဖတ်ခဲ့ရသည့် စာရွက်သည် မျက်စိအောက်တွင်ပင် ပျောက်ခြင်းမလှ ပျောက်သွားခဲ့လေပြီ။

"ဘယ်လိုဖြစ်ရတာပါလိမ့်၊ အသေအချာမြင်ခဲ့လျက်နဲ့"

ဒန်းနင်းသည် ကားပြတင်းမှန်ကို စိုက်ကြည့်ရင်း ခပ်တိုးတိုးရေရွတ်လိုက်သည်။ ထို့နောက် ယာဉ်မောင်းသူဘက် လှည့်၍ ပြောလိုက်လေသည်။

"ဆောရီးကွာ၊ ငါ မျက်စိမှောက်သွားတာ ထင်ပါရဲ့"

သူသည် ဘတ်(စ်)ကားပေါ်မှ ခပ်သုတ်သုတ်ဆင်းကာ အိမ်ဘက်သို့ လမ်းလျှောက်ခဲ့သည်။ ကြုံခဲ့ရပုံကြောင့် စိတ်အနှောင့်အယှက်ဖြစ်နေရသည်။ ကားပေါ်တွင် အိပ်ငိုက်ပြီး ကယောင်ကယင် ဖြစ်ခဲ့သည်လည်းမဟုတ်။ အနီထူးဆန်းသောစာရွက် မျက်စိတစ်မှိတ်အတွင်း ပျောက်သွားပုံမှာ ဆန်းကြယ်လွန်းလှသည်။ ပဉ္စလက်ဆန့်လှသည်။ သူ၏ ဝေဝါးနေသောအတွေးများသည် ခြံဝင်သို့ ရောက်မှပင် ရပ်တန့်သွားတော့သည်။

♦ ♦ ♦

နောက်တစ်နေ့ နံနက်ပိုင်း ဖြိတိသျှပြတိုက်တွင် ဖြစ်သည်။

ဒန်းနင်းသည် ဆောင်းပါးရေးလက်စ စာရွက်အချို့အား စားပွဲစောင်းတစ်ခုပေါ်တွင် စီထပ်နေခဲ့သည်။ ထိုစဉ်တွင် သူ၏အမည်အား ဘေးနားမှကပ်လျက် ခပ်တိုးတိုး ခေါ်လိုက်သံ ကြားခဲ့ရသည်။ ရုတ်တရက် လှည့်ကြည့်လိုက်ရာ စာရွက်အချို့ကို လက်ဖြင့်ခတ်မိပြီး ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွားကြသည်။ မည်သည့်လူရိပ်လူယောင်ကိုမျှ မတွေ့ရပေ။

သူသည် စာရွက်များအား ပြန်ကောက်ယူ၍ ဆက်လက် စီထပ်နေခဲ့သည်။ ထိုအခိုက်တွင် သူ၏အနောက်

www.burmeseclassic.com

www.burmeseclassic.com

ဘက်ရှိ စားပွဲတွင် ထိုင်နေသည့် လူထွားကြီးတစ်ယောက်သည် ပြန်ရန် ထရပ်လိုက်သည်။ ထို့နောက် ဒန်းနင်း၏ ပခုံးကို လှမ်းပုတ်ပြီး ပြောလာခဲ့သည်။

"ဒီဥစ္စာ ခင်ဗျားစာရွက်တွေ ထင်တယ်။ ကျုပ်စားပွဲနား ပြုတ်ကျလာလို့။ ရော့..ပြန်ယူလိုက်ပါဦး"

"ဟာ..ဟုတ်ပါရဲ့၊ ကျွန်တော့်စာရွက်တွေပါ။ ကျေးဇူးပဲဗျာ"

ဒန်းနင်းသည် လူထွားကြီးလက်တွင်းက စာရွက်များကို လှမ်းယူရင်း ပြန်ပြောလိုက်သည်။ ထိုသူသည် မည်သို့မျှ ဆက်မပြောဘဲ လှည့်ထွက်သွားခဲ့လေသည်။ ခေတ္တအကြာတွင် ဒန်းနင်းသည် စာကြည့်တိုက်ဝန်ထမ်းသွား၍ စပ်စုလိုက်သည်။

"ခုနပြန်သွားတဲ့ လူထွားကြီးရဲ့နာမည်ကို သိလားဗျ"

"သိပ်သိတာပေါ့ဗျာ။ အဲဒါ မစ္စတာဖရန့်စစ်လေ။ ဒါနဲ့ ပြောရဦးမယ်။ အင်္ဂရပ်ပညာကျွမ်းကျင်တဲ့လူကို သိလားလို့ ဟိုတလောလေးကပဲ မေးလာခဲ့တယ်ဗျ။ ဒီတိုင်းပြည်မှာ ဆရာတစ်ယောက်ပဲရှိတယ်လို့ ပြောပြလိုက်တာပေါ့။ ဆရာစိတ်ဝင်စားရင် ကျွန်တော် မိတ်ဆက်ပေးမယ်လေ။ သူက တော့ မနောရွေသွားမှာ သေချာတယ်ဗျ"

"နိုး..နိုး..ကျေးဇူးပြုပြီး မလုပ်လိုက်ပါနဲ့။ ကျုပ် မျက်နှာချင်းမဆိုင်ချင်ဆုံးလူ ဖြစ်နေလို့ပါ"

စာကြည့်တိုက်ဝန်ထမ်းသည် ပခုံးများကိုတွန့်ရင်း နှုတ်ဆိတ်သွားခဲ့လေသည်။ ထိုနေ့က ဒန်းနင်းသည် အိမ်အပြန် လမ်း၌ မအီမသာကြီး ခံစားလာခဲ့ရသည်။ သူသည် ပုံမှန် အတိုင်းဆိုပါက ညနေခင်းအချိန်ကို စာအုပ်များဖြင့် တစ်ကိုယ်တည်း အချိန်ဖြုန်းလေ့ရှိသည်။ သို့ရာတွင် ထိုနေ့ကမူ လူအုပ်ကြားတွင် နေချင်လာမိခဲ့သည်။ သို့ရာတွင် ကံကြမ္မာက မျက်နှာသာမပေးခဲ့။

အိမ်အပြန်တစ်လမ်းလုံး ရထားနှင့် ဘတ်(စ်)ကားပေါ်တွင် ခရီးသည်တစ်ဦးတလေမျှပင် မပါဘဲ ထူးဆန်းလှစွာ လူရှင်းနေခဲ့လေသည်။ ထို့အပြင် အိမ်ပြန်ရောက်သည့်အခါတွင်လည်း အသင့်ထိုင်စောင့်နေသည့် အိမ်နီးချင်း ဆရာဝန်ကို တွေ့လိုက်ရသဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွားရပြန်သည်။

"စိတ်မကောင်းစရာပဲ ဒန်းနင်းရေ၊ ခင်ဗျားအိမ်ဖော် အမျိုးသမီးနှစ်ယောက်လုံး ဆေးရုံပို့လိုက်ရတယ်"

"အလိုလေး..ဘုရားရေ၊ ဘာတွေများ ဖြစ်ကုန်ကြလို့လဲ"

"လူတစ်ယောက် လာရောင်းတဲ့ငါးတွေ ဝယ်ချက်စားပြီး အော့အန်ကုန်ကြတယ်လေ"

"ကြားရတာ နားမချမ်းသာလိုက်တာဗျာ"

"တခြားအိမ်နီးချင်းတွေကို စနည်းနာကြည့်တော့ ငါး လာရောင်းတဲ့လူကို ဘယ်သူမှ မမြင်လိုက်ကြဘူးတဲ့။ အဲဒါ ထူးဆန်းနေတယ်။ ဒါပေမဲ့ စိတ်မပူပါနဲ့။ သူတို့အခြေအနေက မစိုးရိမ်ရပါဘူး။ နှစ်ရက်၊ သုံးရက်လောက်တော့ ဆေးရုံမှာ နေရမှာပေါ့။ ဒီညစာကို ကျုပ်နဲ့ လာစားလေ။ ရှစ်နာရီ အရောက်သာ လာခဲ့ပေတော့"

♦ ♦ ♦

နောက်တစ်နေ့ နံနက်ပိုင်း။

အိမ်တွင် နေရသည်မှာ ဒန်းနင်းအတွက် အထီးကျန်ဆန်လာခဲ့သည်။ ဖရန့်စစ်နှင့် ထိပ်တိုက်မတိုးချင်သဖြင့် ဗြိတိသျှပြတိုက်ဘက်သို့လည်း ခြေဦးမလှည့်ချင်ပေ။

သို့ဖြင့် ဆေးရုံသို့သွားကာ နာရီဝက်ခန့် အချိန်ဖြုန်းလိုက်သည်။

အိမ်ဖော်အမျိုးသမီးကြီးနှစ်ယောက်၏ အခြေအနေက အတော်ပင် သက်သာလာသည်ကို တွေ့ခဲ့ရလေသည်။

ဆေးရုံမှ အပြန်တွင် နေ့လယ်စာစားရန် ဓာတုဗေဒ အသင်းရုံးချုပ်ဘက်သို့ ထွက်ခဲ့သည်။ ဤတွင် ငယ်သူငယ်ချင်း အတွင်းရေးမှူးဂေတန်နှင့် မမျှော်လင့်ဘဲ ဆုံခဲ့ရသည်။ နှစ်ယောက်သား နေ့လယ်စာအတူစားရင်း စကားလက်ဆုံကျခဲ့ကြလေသည်။

"ငါ့အိမ်ဖော်အမျိုးသမီးနှစ်ယောက် ဆေးရုံရောက်နေလို့ သွားကြည့်ခဲ့တာကွ။ အစာအဆိပ်သင့်တာလေ။ ပြီးတော့ ဒီရက်ပိုင်းအတွင်း ကြုံခဲ့ရတာတွေကလည်း.."

"အိုကေ..ရပြီ၊ ဆက်မပြောနဲ့တော့။ ငါတို့လင်မယားလည်း မင်းဆီ လာမလို့ပဲ။ မင်းအခြေအနေတွေကို တို့သဘောပေါက်တယ်။ ဒီလိုပုံနဲ့ မင်းကို တစ်ယောက်တည်း ပစ်ထားလို့ မရတော့ဘူး။ လောလောဆယ် ငါတို့နဲ့လာနေ၊ အခု စားပြီးတာနဲ့ ပစ္စည်းတွေယူပြီး လာခဲ့တော့။ နိုး..နိုး..ငြင်းဖို့တော့ လုံးဝမစဉ်းစားနဲ့ ကိုယ့်လူ။ တို့လင်မယား နှစ်ယောက်လုံး ဆုံးဖြတ်ထားတာကွ"

နှုတ်ကလည်း အကြိုက်၊ ဓာတ်ကလည်း အခိုက်ကိန်း ဆိုက်ခဲ့လေပြီ။ ဒန်းနင်းကိုယ်တိုင်ကလည်း သူ့အိမ်ကြွေကွဲတစ်ယောက်တည်းနေရန် စိုးရွံ့နေမိသည်။ သူငယ်ချင်

www.burmeseclassic.com

www.burmeseclassic.com

အတွင်းရေးမှူး၏ ဖိတ်ခေါ်မှုကြောင့် ကြိတ်၍ဝမ်းသာသွားခဲ့သည်။ စောဒကမတက်ဘဲ ပြုံး၍ငြိမ်နေလိုက်တော့သည်။

♦ ♦ ♦

ထိုနေ့ ညဦးပိုင်းအချိန်။

မစ္စတာဂေတန်တို့ ဇနီးမောင်နှံသည် စိတ်အားငယ်နေသည့် ဒန်းနင်းကို ညစာစားရင်း ဝိုင်းနှစ်သိမ့်ပေးခဲ့ကြသည်။ စားသောက်ပြီးနောက် သူငယ်ချင်းနှစ်ယောက်တည်း ကျန်ခဲ့စဉ်တွင် ငြိမ်ချက်သားကောင်းနေသည့် ဒန်းနင်းက ရုတ်တရက် ပြောလိုက်သည်။

"ဒီမှာ ဂေတန်၊ သူစာတမ်းကိုငြင်းဖို့ မင်းကို ငါအကြံပေးခဲ့တာ ဖရန့်စစ် သိသွားပြီ ထင်တယ်ကွ"

ဂေတန်က အံ့သြသွားဟန်ဖြင့် ပြန်မေးလိုက်သည်။

"ဟေ...ဘာကြောင့်မင်းက အဲဒီလိုထင်ရတာလဲ"

ဒန်းနင်းက ယခုရက်ပိုင်းအတွင်း ထူးထူးခြားခြား ကြုံတွေ့ခဲ့ရပုံအချို့ကို အကျဉ်းချုံ၍ ရှင်းပြလိုက်သည်။ ပြီးမှ ဆက်ပြောခဲ့သည်။

"အတိအကျကြီးတော့ မဟုတ်ဘူးပေါ့ကွာ။ ဒါပေမဲ့ အဲဒီငနဲကြီးဟာ လူကောင်းတစ်ယောက် မဟုတ်တာကတော့ သေချာတယ်။ ဆုံခဲ့ရင် မျက်နှာကြောတည့်မှာလည်း မဟုတ်ဘူးကွ"

ဒန်းနင်းသည် စကားမဆက်တော့ဘဲ ငြိမ်ကျသွားပြန်သည်။ စိတ်အားငယ်နေပုံရသည့် သူငယ်ချင်းကိုကြည့်ရင်း ဂေတန်က မေးလိုက်သည်။

"မင်းကိုကြည့်ရတာ တစ်ခုခုကို အတော်စိုးရိမ်နေပုံရတယ်။ ဘာတွေများ ကြီးကြီးကျယ်ကျယ်ကြုံခဲ့လို့လဲကွ"

"အေး...မင်း ခုလိုမေးလိုက်တာ သိပ်ကောင်းတယ်။ ငါ့စိတ်ထဲမှာ မတင်မကျကြီးနဲ့ တစ်ယောက်ယောက်ကို ပြောပြချင်နေတာကွ။ ဒီမှာ ဂျွန်ဟာရင်တန် ဆိုတဲ့လူကို မင်း သိလား။ သိခဲ့ရင် ပြောပြစမ်းကွာ"

ဂေတန်သည် အလွန်အံ့သြသွားဟန်ဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွားခဲ့သည်။ ပြီးမှ ဣန္ဒြေဆည်ပြီး ပြန်မေးလိုက်သည်။

"နေပါဦး၊ မင်းက သူ့အကြောင်း ဘာကြောင့်သိချင်ရတာလဲ"

ဤတွင် ဒန်းနင်းသည် ဘတ်(စ်)ကားပေါ်က ထူးဆန်းလှသည့် စာရွက်အကြောင်း ပြန်ရှင်းပြလိုက်သည်။ အပြီးသတ်အနေဖြင့် ထပ်မံပြောလိုက်ပြန်သည်။

"ဒါကြောင့် အဲဒီဂျွန်ဟာရင်တန်အကြောင်း မေးရတာကွ"

အတွင်းရေးမှူးဂေတန်၏ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားရသည်။ မည်သည့်နေရာက စပြောရမှန်းလည်း မသိတော့။ သူငယ်ချင်းဒန်းနင်းတစ်ယောက် စိတ်ဂနာမငြိမ်ဖြစ်နေခြင်းကိုလည်း ကောင်းစွာသဘောပေါက်သွားခဲ့သည်။ ထို့အပြင် ဂျွန်ဟာရင်တန်၏ ကြမ္မာဆိုးအကြောင်းသိရပါက ဒန်းနင်းတစ်ယောက် ယခုထက်ပင် ပိုမိုချောက်ချားသွားမည်မှာ ဧကန်ပင်ဖြစ်သည်။

ဖရန့်စစ်သည် "ဒန်းနင်းနောက်သို့ လိုက်နေပြီလောဟုလည်း တွေးမိသဖြင့် ချက်ချင်းပြန်ဖြေရန် တွန့်ဆုတ်နေရခြင်း ဖြစ်လေသည်။ နောက်ဆုံးတွင် ချင့်ချင့်ချိန်ချိန်ဖြင့် ပြောလိုက်ရတော့သည်။

"အင်း...ဟာရင်တန်နဲ့ ကင်းဘရစ်(ချ်)မှာ ဆုံခဲ့ကြဖူးတယ်။ သူက ထက်ရှတဲ့ ဝေဖန်ရေးဆောင်းပါးတွေ ရေးတယ်ကွ။ မင်းမြင်ခဲ့တဲ့ စာရွက်ထဲကအတိုင်း (၁၈၈၉)ခုနှစ်မှာ ရုတ်တရက် သေသွားတာ အမှန်ပဲ"

ဒန်းနင်းသည် ဆက်မမေးတော့ဘဲ ငြိမ်သက်စွာဖြင့် အတွေးနယ်ချဲ့နေပုံရလေသည်။ ဘိုဖြင့် ဂေတန်သည် နှုတ်ဆက်ပြီး အပေါ်ထပ်သို့ တက်သွားခဲ့တော့သည်။ အတွင်းရေးမှူး ဂေတန်တို့ ဇနီးမောင်နှံသည် အိပ်ရာမဝင်မီ ခေါင်းချင်းဆိုင်ခဲ့ကြပြန်သည်။ ဂေတန်သည် ဒန်းနင်း ကြုံခဲ့ရပုံများကို ဇနီးသည်အား ပြန်၍ဖောက်သည်ချလိုက်သည်။

"ဟင်...ဒါဆိုရင် ဖရန့်စစ်က ဒန်းနင်းကို လိုက်သတိပေးနေပြီ ထင်တယ်။ အေးနေလို့ မဖြစ်တော့ဘူး။ ဒီမှာ ဟာရင်တန်ရဲ့ညီ ဟင်နရီဆိုတာ ရှိတယ်မဟုတ်လား။ မစ္စတာဘင်းနက်က သူ့လိပ်စာ သိတယ်လေ။ ဟင်နရီက ဒန်းနင်းကို တစ်နည်းနည်းနဲ့ ကူညီနိုင်မလား မသိဘူး။ သူတို့ချင်း တွေ့ပေးလိုက်ကြရအောင်"

"အေး...ကောင်းတယ်။ မစ္စတာဘင်းနက်နဲ့ တိုင်ပင်ပြီး စီစဉ်လိုက်မယ်"

♦ ♦ ♦

နောက်သုံးရက်အကြာတွင် ဖြစ်သည်။

ဒန်းနင်းသည် ဟင်နရီဟာရင်တန်၏အိမ်သို့ ရောက်သွားခဲ့သည်။ တွေ့တွေ့ချင်းပင် ဂျွန်ဟာရင်တန်၏ အသည်းကို ဘတ်(စ်)ကားပေါ်တွင် စတွေ့သည်မှစ၍ လက်တလော ကြုံတွေ့ခဲ့သမျှ ပြောပြလိုက်သည်။ ထို့နောက် ဟင်နရီဟာ

www.burmeseclassic.com

www.burmeseclassic.com

ရင်တန်ကို ဆက်တောင်းဆိုခဲ့လေသည်။

"မင်းအစ်ကို ဂျွန် မသေခင် ကြိုခဲ့ရပုံတွေကိုလည်း မှတ်မိသလောက် ပြောပြပါလား"

"အင်း..အစ်ကိုက မသေခင် တော်တော်ထူးဆန်းတာတွေနဲ့ ကြုံသွားရတာဗျ။ တစ်ယောက်ယောက်က သူ့ကို တစ်ချိန်လုံး နောက်ယောင်ခံလိုက်နေတယ်လို့ ထင်နေခဲ့တယ်။ တစ်ယောက်တည်းနေရင် မလုံခြုံဘူးထင်ပြီး ကြောက်လန့်နေတတ်တယ်။ အခု ဆရာ ကြုံနေရသလိုမျိုးပဲ။ ဆရာက အစ်ကိုနဲ့ တစ်နည်းနည်းများ ပတ်သက်ခဲ့ဖူးသလား"

"အေး..ဟုတ်ပြီ၊ တစ်ခုပဲ ပြောစရာရှိတယ်။ မင်းအစ်ကိုက လူတစ်ယောက်ရေးတဲ့ စာအုပ်ကို ပျစ်ပျစ်နှစ်နှစ် ဝေဖန်ခဲ့ဖူးတယ်။ ငါကလည်း အဲဒီလူကိုပဲ စိတ်ဝင်စားအောင် လုပ်ခဲ့မိတယ်လေ"

"အဲဒါ ဖရန့်စစ်ဆိုတဲ့လူမှ ဟုတ်ရဲ့လား မသိဘူး"

"အတိအကျပဲကွ။ မင်း ဘယ်လိုလုပ်သိလဲ"

ဟင်နရီ၏မျက်နှာက တည်သွားပြီး အလေးအနက် ပြန်ပြောလာခဲ့သည်။

"အဲဒါ ကျွန်တော့်အတွက် ခိုင်မာတဲ့သက်သေပဲ ဆရာရေ။ ဒီလိုလေ..ကျွန်တော့်အစ်ကို ဂျွန်ကို လိုက်နှောင့်ယှက်ခဲ့တာလည်း အဲဒီငတိကြီးပဲဆိုတာ သေချာတယ်။ အစ်ကိုက ပြဇာတ်သရဲလေ။ လန်ဒန်မှာ သူ မကြည့်ဖူးတဲ့ ပြဇာတ်ရုံ မရှိဘူး။ ပြီးတော့ ကြည့်ပြီးတဲ့ ပြဇာတ်တွေရဲ့ ဇာတ်လမ်းအကျဉ်း စာအုပ်ကလေးတွေကိုလည်း သိမ်းထားတတ်တယ်။

သူ မသေခင် သုံးလေးလလောက်အလို တစ်ညမှာ ပြဇာတ်ကြည့်ပြီး ပြန်လာတော့ ဇာတ်လမ်းအကျဉ်းစာအုပ်ကလေးကို ထုတ်ပြလာခဲ့တယ်။ ဒါပေမဲ့ အဲဒါက သူ့စာအုပ် မဟုတ်ဘူးတဲ့။ သူ့စာအုပ်က ပြဇာတ်လည်းပြီးရော ရှာမတွေ့တော့ဘူးတဲ့။ ဘေးခုံက လူတစ်ယောက်က ပေးလိုက်တာလို့ ပြောတယ်။ အဲဒီလူကို မသိပေမယ့် ထောင်ထောင်မောင်းမောင်းနဲ့ လူထွားကြီးတစ်ယောက်ပဲတဲ့။

အစ်ကိုဟာ အဲဒီနောက်ပိုင်း အိပ်မပျော်ဘဲ ကယောင်ချောက်ချား ဖြစ်နေခဲ့တယ်။ ဒီလိုနဲ့ တစ်ညနေခင်းမှာ သူ စုသိမ်းထားတဲ့ ဇာတ်လမ်းအကျဉ်းကလေးတွေကို ပြန်ထုတ်ကြည့်မိခဲ့တယ်။ အဲဒီမှာပဲ လူထွားကြီးပေးသွားတဲ့ စာအုပ်ကလေးကြားမှာ ထူးဆန်းတဲ့ ပစ္စည်းတစ်ခုကို သွားတွေ့ခဲ့တော့တယ်။

မျဉ်းကွက်တွေပါတဲ့ လေးထောင့်ကျကျစာရွက်ကလေး ပေါ်မှာ ထူးဆန်းတဲ့အက္ခရာတွေ ရေးထားတာပါပဲ။ အဲဒါဟာ အင်းချထားတာလို့ အစ်ကိုက ပြောခဲ့တယ်။ လေးထောင့်ကွက်တွေထဲမှာ ရေးထားတဲ့ အနီနဲ့အနက်ရောင် အက္ခရာတွေဟာ ရှေးခေတ်က ယူတန်လူမျိုးတွေရဲ့ ကျူတိုးနစ် အက္ခရာတွေလို့လည်း ပြောတယ်။ ဘာတွေရေးထားမှန်း မသိတဲ့ အဲဒီအင်းစာရွက်ကလေးကို ပိုင်ရှင်လိုက်ရှာပြီး ပြန်ပေးဖို့ ဆုံးဖြတ်လိုက်ကြတယ်။ အဲဒီတုန်းမှာပဲ ပြတင်းပေါက်တံခါး ရုတ်တရက် ဝုန်းခနဲပွင့်သွားပြီး လေတစ်ချက် ဝှေ့လိုက်လို့ အဲဒီစာရွက်ကလေးဟာ မီးလင်းဖိုထဲ လွင့်ကျပြီး မီးလောင်သွားတော့တယ်"

ဟင်နရီသည် စကားဆုံးလျှင် ဒန်းနင်းကို လှမ်းအကဲခတ်လိုက်သည်။ ယခုထိ ဘာတစ်ခွန်းမျှ ဖြတ်မပြောဘဲ ငြိမ်နားထောင်နေသဖြင့် စကားဆက်လိုက်သည်။

"ကဲ..အခု ကျွန်တော်သိချင်တာက အဲဒီ ဖရန့်စစ် ရေးခဲ့တဲ့ မှော်ပညာသမိုင်း စာအုပ်ကို ဆရာ ဖတ်ဖူးသလား ဆိုတာပါပဲ။ ကျွန်တော့်အစ်ကို အပြတ်ဝေဖန်ရှုတ်ချခဲ့တဲ့ စာအုပ်လေ"

ဒန်းနင်းက အသာအယာ ခေါင်းခါပြလိုက်သဖြင့် ဟင်နရီက ဆက်ပြောခဲ့သည်။

"အင်း..အစ်ကို သေပြီးမှ အဲဒီစာအုပ်ကိုရှာပြီး ဟိုလှန်သည်လှန် လုပ်ခဲ့ဖူးတယ်။ ဆိုးဆိုးရွားရွားတွေ ရေးထားတာပဲ ဆရာရဲ့။ တချို့ဟာတွေဆိုရင် တော်တော်ပက်စက်တယ်။ ကျွန်တော့်ကို ဖမ်းစားသွားတာက ပြုစားခြင်းဆိုတဲ့အခန်းပဲ။ လူတွေကို စိတ်အနှောင့်အယှက်ပေးနည်းမျိုးစုံ၊ ကိုန်စာတိုက်နည်းပေါင်းစုံကို ရေးထားတယ်လေ။ လူတစ်ယောက်ကို သေတဲ့အထိ မန္တန်တွေ၊ အင်းတွေ သုံးပြီး စီရင်နည်းတွေလည်း ပါတယ်။ အဲဒါတွေအားလုံးဟာ သူကိုယ်တိုင် လက်တွေ့စမ်းသပ်ထားတာတွေပဲ ဖြစ်ပုံရတယ်။

ကျွန်တော့်အစ်ကိုကိုလည်း အဲဒီထဲက နည်းတစ်နည်းနဲ့ အပြတ်ရှင်းခဲ့တာဗျ။ ဒါပေမဲ့ သက်သေမရှိတော့ ခံပြင်းဖို့ သိပ်ကောင်းတာပဲ။ ကျွန်တော် အခုအသိချင်ဆုံးက အစ်ကိုလိုပဲ အဲဒီလူကြီးနဲ့ ဆရာ ထိပ်တိုက်ဆုံခဲ့ဖူးသလား ဆိုတာပဲဗျ"

မစ္စတာဒန်းနင်းသည် ခေတ္တမျှ စဉ်းစားပြီး ဖြေသည်ပြတိုက်ထဲတွင် ကြုံခဲ့ရပုံကို ပြန်ပြောပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဒါဆိုရင် ဖရန့်စစ်က ဆရာ့ကို စာရွက်တွေဘာတွေ များ ပေးခဲ့သေးလား"

"အေး..ပေးခဲ့တယ်။ ဒါပေမဲ့ အဲဒါက ပြုတ်ကျသွားတဲ့ ငါ့ဆောင်းပါး စာရွက်တွေပဲလေ"

"အဲဒါတွေကို ပြန်စစ်ကြည့်မိသေးလား"

ဒန်းနင်းက ကြောင်တိကြောင်တောင်ဖြင့် ခေါင်းယမ်း ပြလိုက်သည်။

"ဟာ..ဒါဆိုရင် ဆရာတော့ ဒုက္ခပဲ။ သူ့ထောင် ချောက်ထဲ ရောက်သွားပြီ။ ခုချက်ချင်း သွားစစ်ကြည့်မှ ဖြစ်တော့မယ်"

♦♦♦

လူသူကင်းမဲ့၍ တိတ်ဆိတ်နေသည့် မစ္စတာဒန်းနင်း၏ အိမ်။

စာဖတ်ခန်းအတွင်းရှိ စားပွဲပေါ်တွင် စာရွက်တစ်ထပ် က လက်ရာမပျက် ရှိနေခဲ့သည်။ ဒန်းနင်းသည် ခပ်သွက် သွက်လှမ်းသွားကာ စာရွက်များအား ဆွဲယူလိုက်သည်။ စာရွက်ပါးကလေးတစ်ရွက်သည် စာရွက်ထပ်ကြားမှ ကြမ်း ခင်းပေါ်သို့ ထွက်ကျသွားလေသည်။

ထိုအခိုက်တွင် လေတစ်ချက် တိုလိုက်သဖြင့် စာရွက် ကလေးသည် ဖွင့်ထားသည့် ပြတင်းပေါက်ဘက်သို့ လွင့်ပါ သွားတော့သည်။ ဟင်နရီသည် သွက်လက်စွာဖြင့် ပြတင်း ပေါက်ကို ပြေးပိတ်လိုက်သည်။ လွင့်သွားသည့် စာရွက် ကလေးကိုလည်း အမိအရ လှမ်းဖမ်းယူလိုက်သည်။ ထို့ နောက် စာရွက်ကလေးကိုကြည့်ကာ စိုးရိမ်တကြီး ပြော လိုက်လေသည်။

"ထင်တဲ့အတိုင်းပါပဲဗျာ။ ကျွန်တော့်အစ်ကို ရခဲ့တဲ့ စာရွက်နဲ့ တစ်ဖြတ်တည်းပဲ။ ဆရာတော့ သေရေးရှင်ရေး ကိန်း ဆိုက်နေပြီဗျို့"

ထို့နောက် နှစ်ယောက်သား စာဖတ်ခန်းအတွင်း ထိုင် ကာ ခေါင်းချင်းဆိုင်ခဲ့ကြတော့သည်။ စာရွက်ကလေးပေါ် တွင် ရေးယောင်းကျုတိုးနှစ်အက္ခရာများဖြင့် ရေးထားသဖြင့် မည်သူမျှ မဖတ်တတ်ကြ။ သို့သော် ထိုစာရွက်ကလေး ကိုင်ဆောင်ထားသူသည် အမျိုးအမည်မသိသည့် အန္တရာယ် ဘေးဆိုးကြီးနှင့် ကြုံရမည်ဖြစ်ကြောင်း သေချာပေါက်သိ နေခဲ့ကြသည်။ ထို့ကြောင့် အသက်သေနိုင်သည်အထိ စီရင် ထားသည့် အနီစာရွက်ကလေးအား ဖရန့်စစ် လက်တွင်းသို့ ပြန်ပို့ကာ တန်ပြန်နည်းသုံးရန် ဆုံးဖြတ်လိုက်ကြသည်။

ဖရန့်စစ်ထံသို့ စာရွက်ကလေး ပြန်ရောက်ရန် သေချာ သည့် နည်းလမ်းကလည်း တစ်ခုတည်းသာ ရှိနေလေသည်။ အနီးကပ်စောင့်ကြည့်ကာ အခွင့်သာသည်နှင့် ၄င်း၏လက် တွင်းသို့ ပြန်ထည့်ပေးလိုက်ရန်ပင်ဖြစ်သည်။ သို့ရာတွင် လက်တွေ့အကောင်အထည်ဖော်ရန် အခွင့်အလမ်းကမူ ဖြစ် နိုင်ခြေ သုညနီးပါးသာ ရှိနေပေသည်။ အကြောင်းမှာ ဖရန့် စစ်သည် ဒန်းနင်းကို ကောင်းစွာသိရှိ တွေ့မြင်ပူးနေသော ကြောင့်ပင်တည်း။ ဒန်းနင်းသည် တစ်ခုံတစ်ခုကို တွေးမိ သွားဟန်ဖြင့် ပြောလိုက်သည်။

"ဒီမှာ ငါ မုတ်ဆိတ်အတုတပ်ပြီး ရုပ်ဖျက်ရင် ရတာ ပဲ။ ဒါပေမဲ့ သူ့ရဲ့ သေမယ့်ရက် သတ်မှတ်ထားတာကို ဘယ်လိုလုပ်သိနိုင်မှာတဲ့လဲ"

"ကျွန်တော် သိနိုင်တယ်ဗျ။ ဒီမှာဆရာ၊ ကျွန်တော့် အစ်ကို ပြဇာတ် နောက်ဆုံးသွားကြည့်ခဲ့တာ ဇွန်လ(၁၈)ရက် မှာလေ။ သူသေသွားတာက စက်တင်ဘာလ (၁၈)ရက် သုံးလအကြာ ကွက်တိပဲ"

ဒန်းနင်း၏မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားခဲ့သည်။ သူ၏ ဒိုင်ယာယီစာအုပ်အား သွားထယူကာ လှန်ကြည့်ပြီး ကတုန်ကယင် ပြောလိုက်သည်။

"ငါ..ငါလည်း အဲဒီအတိုင်း ဖြစ်မှာလား။ အဲ..ဇြတိ သျှပြတိုက်မှာ သူနဲ့ ဆုံခဲ့တာ ဧပြီလ (၂၃)ရက်ဆိုတော့ လာမယ့် ဇူလိုင်လ (၂၃)ရက်မှာ ငါ သေရတော့မယ်ပေါ့။ ကဲ..ဟင်နရီရေ၊ မင်းအစ်ကိုတုန်းက မသိလို့ ခံလိုက်ရတာ။ ငါကတော့ သိလျက်နဲ့ ငုတ်တုတ်မခံနိုင်ဘူးကွ။ အကောင်း ဆုံး တုံ့ပြန်နိုင်အောင် ကြံစမ်းပါဦးကွာ"

နောက်ဆုံးတွင် နှစ်ယောက်သား တိုင်ပင်ပြီး အသေး စိတ်အစီအစဉ်များ ဆွဲခဲ့ကြတော့သည်။ ဟင်နရီသည် ဖရန့် စစ် အိမ်အနီးတွင် နေထိုင်သော သူငယ်ချင်းတစ်ယောက်နှင့် အတူသွားနေကာ အခြေအနေစောင့်ကြည့်မည် ဖြစ်သည်။

ဖရန့်စစ်နှင့် ခရီးသွားဟန်လွဲ တွေ့ဆုံသည့်ပုံစံ ဖန်တီး ရန် အခွင့်အရေးပေါ်သည်နှင့် ဒန်းနင်းထံ ကြေးနန်းရိုက် အကြောင်းကြားလိုက်ပေမည်။ ထိုအတောအတွင်း ဒန်းနင်း သည် သေမင်းတမန် စာရွက်ကလေးကို မယောက်ယက်သွား စေရန် ထိန်းသိမ်းပြီး အသင့်အနေအထားဖြင့် စောင့်စားနေ ရမည် ဖြစ်လေသည်။

♦♦♦

ဇူလိုင်လလယ်သို့ပင် ရောက်ခဲ့လေပြီ။

www.burmeseclassic.com

www.burmeseclassic.com

ဟင်နရီဘက်က တုတ်တုတ်မျှ လှုပ်မလာသေးပေ။ ထိုအတောအတွင်း၌ ဒန်းနင်းတစ်ယောက် ထိုင်မရ ထ,မရ ဖြစ်ခဲ့ရသည်။ အိပ်မဖြောင့်၊ စားမဖြောင့်ကိန်း ဆိုက်ခဲ့ရသည်။ လက်ရှိကမ္ဘာလောကကြီးနှင့် အဆက်အသွယ်ပြတ်အောင် သူ့အား တိမ်မည်းထုကြီးက ဖုံးအုပ်ထားသည်ဟု ခံစားမိခဲ့သည်။ ဖရန့်စစ်သည်လည်း ထိုကာလအတွင်း မည်သည့်နေရာသို့မျှ ခြေဦးမလှည့်ဘဲ ငြိမ်ချက်သားကောင်းလျက် ရှိလေသည်။

♦ ♦ ♦

ဇူလိုင်လ (၁၇)ရက်နေ့။

မစ္စတာဒန်းနင်း၏ နောက်ဆုံးနေ့ရောက်ရန် တစ်ပတ်အလိုတွင် ဖြစ်သည်။ ဟင်နရီထံမှ အောက်ပါကြေးနန်းစာ ရောက်လာခဲ့တော့သည်။

"ကြာသပတေး ညရထားနဲ့ ဖရန့်စစ် ပြင်သစ်ဘက်ကို ကူးလိမ့်မယ်။ အသင့်ပြင်ထားပါ။ ဒီည အရောက်ပြန်လာခဲ့မယ် ဟင်နရီ"

ဤသို့ဖြင့် ဟင်နရီ ပြန်ရောက်လာခဲ့ပြီး နောက်ဆုံးအဆင့် အစီအစဉ်ကို ဆွဲခဲ့ကြတော့သည်။ လန်ဒန်မှထွက်သော ညရထားသည် ဒိုဗာဆိပ်ကမ်းသို့ မရောက်မီ ကြားထဲ၌ အနောက်ခရိုင် ဒွန်ဘူတာတွင် တစ်ကြိမ်သာ ရပ်နားမည်ဖြစ်သည်။ ဟင်နရီသည် လန်ဒန်မှ စတင်တက်လိုက်ကာ ဖရန့်စစ်ကို စောင့်ကြည့်လာခဲ့ပေမည်။

ဒန်းနင်းက အနောက်ခရိုင် ဒွန်ဘူသို့ ကြိုတင်သွားကာ စောင့်နေခဲ့မည်။ ၄င်းအနေဖြင့် ဖရန့်စစ် မမှတ်မိစေရန် ရပ်ဖျက်ထားရမည်ဖြစ်သည်။ ထို့ထက်ပို၍ အရေးကြီးသည်ကား ဧသမင်းတမန် စာရွက်ကလေးကို မေ့မထားခဲ့ရန်ပင်တည်း။

♦ ♦ ♦

ကြာသပတေးနေ့ ည၊ အနောက်ခရိုင် ဒွန်ဘူတာတွင် ဖြစ်သည်။

မစ္စတာဒန်းနင်းသည် လန်ဒန်ဘက်မှ ဆိုက်လာမည့် ရထားကို လည်တဆန့်ဆန့်ဖြင့် မျှော်နေခဲ့သည်။ မှတ်ဆိတ်မွေးအတုထူထူကြီးနှင့် မျက်မှန်တပ်ကာ ရုပ်ဖျက်ထားသဖြင့် ဖရန့်စစ် မှတ်မိမည်မဟုတ်ပေ။ သူကိုယ်သူ လုံခြုံစိတ်ချကာ စိုးရိမ်ပူပန်မှုများလည်း ပျောက်နေခဲ့သည်။

သို့သော် ထိုသို့ဖြစ်နေသည်ကိုပင် ဒန်းနင်းတစ်ယောက် ပို၍ကြောက်ရွံ့လာမိတော့သည်။ အကြောင်းမှာ ဂျွန်ဟာရင်တန် မသေမီ တစ်ပတ်အတွင်း စိတ်ပေါ့ပါး လွတ်လပ်ကာ စိုးရွံ့ထိတ်လန့်မှုများလည်း ထူးဆန်းစွာ ပျောက်ကွယ်သွားကြောင်း ဟင်နရီ ပြောပြခဲ့ဖူးသည်ကို ပြန်လည်သတိရလိုက်သောကြောင့်ပင် ဖြစ်လေသည်။

သူ အတွေးပွားနေစဉ်တွင်ပင် ရထားဆိုက်လာခဲ့တော့သည်။ ပြတင်းပေါက်တစ်ပေါက်မှ ခေါင်းပြူကြည့်လာသည့် ဟင်နရီကို လှမ်းမြင်လိုက်ရသည်။ ယောင်ယမ်း၍ လက်ပြရန်ပြင်ပြီးမှ ကိုယ်ရှိန်ပြန့်သတ်လိုက်ရသည်။ ၄င်းတို့ချင်း တွေ့မြင်သိကျွမ်းဖူးခြင်းမရှိသည့် မျက်နှာစိမ်းများကဲ့သို့ နေကြရန် ကြိုတင်ညှိနှိုင်းထားခဲ့ပြီးဖြစ်သည်။ သို့ဖြင့် သူသည် အနောက်ဘက်ခပ်ကျကျ တွဲတစ်တွဲပေါ်သို့ တက်လိုက်သည်။ ပြီးလျှင် ဟင်နရီရှိသည့် တွဲဆီသို့ ခပ်ဖြည်းဖြည်း လျှောက်ကူးသွားခဲ့လေသည်။

တွဲအတွင်း၌ ဖရန့်စစ်နှင့် ဟင်နရီတို့ နှစ်ဦးတည်းသာ ရှိနေကြသည်။ ဒန်းနင်းသည် ဣန္ဒြေမပျက် လှမ်းဝင်သွားခဲ့သည်။ ထို့နောက် ဖရန့်စစ်နှင့် မျက်စောင်းထိုးခုံတွင် ဝင်ထိုင်လိုက်သည်။ သူနှင့် ဘေးချင်းယှဉ်လျက် ခုံပေါ်တွင် ဖရန့်စစ်၏ ကုတ်အင်္ကျီထူထူကြီးနှင့် ခရီးဆောင်အိတ်တစ်လုံး တင်ထားလျက် ရှိလေသည်။

ဒန်းနင်း၏ အတွေးများက ကယောက်ကယက် ဆန်နေကြသည်။ သေမင်းတမန် စာရွက်လေးအား သူ၏ဘေးဘက် လက်တစ်ကမ်းအကွာရှိ ဖရန့်စစ်၏ ကုတ်အင်္ကျီအိတ်အတွင်းသို့ ထိုးထည့်ပေးလိုက်ရန် စိတ်ကူးလိုက်မိသည်။ သို့ရာတွင် ထိရောက်သည့် နည်းစဉ်အမှန်မှာ ဖရန့်စစ်၏ လက်တွင်းသို့ ထည့်ပေးရမည် ဖြစ်သည်။ ၄င်းကလည်း လိုလိုလားလား လက်ခံယူရန် လိုပေသေးသည်။

ဖရန့်စစ်၏ ခရီးဆောင်အိတ်အား အလစ်ယူ၍ စာရွက်လေးအား ထည့်ပြီး တစ်နေရာရာတွင် ဝှက်ထားလိုက်မည်။ ၄င်းဆင်းခါနီးကျမှ ယောင်လည်လည်လုပ်၍ ပြန်ပေးလိုက်မည်ဟုလည်း တွေးလိုက်မိပြန်သည်။ ဤသည်မှာလည်း လွယ်မယောင်နှင့် ခက်လှသည်။ နောက်ဆုံးတွင် ကြံရာမရဖြစ်ကာ ဟင်နရီကို လှမ်းမေးလိုစိတ်များ တဖွားဖွားပေါ်လာတော့သည်။

ဒန်းနင်းတစ်ယောက် ငုတ်တုတ်ဗျာများနေသကဲ့သို့ ဖရန့်စစ်သည်လည်း ဂနာမငြိမ်ဖြစ်နေသည်။ ဖင်တွေကြွေကြွေဖြစ်နေသည်။ ရထားပြတင်းပေါက် အပြင်ဘက်သို့ နှစ်ကြိမ်မျှ ထကြည့်ခဲ့သည်။ ထိုအခိုက်တွင် ဒန်းနင်းသည် ဖရန့်စစ်

www.burmeseclassic.com

www.burmeseclassic.com

၏ ခရီးဆောင်အိတ်အား ခုံပေါ်ကဆွဲချရန် ဟန်ပြင်လိုက်မိသည်။ သို့သော် မလှမ်းမကမ်းရှိ ဟင်နရီက မျက်ရိပ်ပြကာ သတိပေးလိုက်သဖြင့် ပြန်ငြိမ်နေလိုက်ရသည်။ လူလည်ကြီး ဖရန့်စစ်သည် ရထားပြတင်းမှန်မှတစ်ဆင့် ငှင်းတို့ကို လှမ်းအကဲခတ်နေသောကြောင့်ပင် ဖြစ်လေသည်။

မကြာမီတွင်ပင် ဖရန့်စစ်သည် တတိယအကြိမ်မြောက် ထရပ်လိုက်သည်။ ထို့နောက် ရထားပြတင်းမှန်အား တွန်းတင်ကာ အပြင်သို့ ခေါင်းပြူကြည့်လိုက်သည်။ ထိုအခိုက်တွင် ငှင်းထံမှ တစ်စုံတစ်ခု ထွက်ကျသွားခဲ့သည်။ ရထားလက်မှတ်များ ထည့်ထားလေ့ရှိသည့် သားရေအိတ်ကလေး ဖြစ်ကြောင်း ဒန်းနင်း သိလိုက်သည်။ အခွင့်အရေးကို လက်လွတ်မခံဘဲ ထိုအိတ်ကလေးအား ဖျတ်ခနဲကောက်ယူလိုက်သည်။ ထို့နောက် သေမင်းတမန် စာရွက်လေးအား အိတ်ကလေး၏ နောက်ကျောဘက်ရှိ ကပ်အိတ်အတွင်းသို့ လျှပ်တစ်ပြက်ထိုးထည့်လိုက်တော့သည်။

ထိုအခိုက်ဘွင်ပင် ရထားသည် အရှိန်လျှော့ချကာ ဒိဗာဘူတာအတွင်းသို့ ဝင်ရောက်ခဲ့လေသည်။ ဖရန့်စစ်သည် ပြတင်းပေါက်မှန်ကို ပြန်ပိတ်ကာ နောက်သို့လှည့်လိုက်သည်။

"ဟဲလို...ဒါလေးက ခင်ဗျားဟာ ထင်တယ်။ ရော့...ပြန်ယူလိုက်ပါဦး"

ဒန်းနင်းက သားရေအိတ်ကလေးအား လှမ်းပေးရင်း ပြောလိုက်သည်။

"အိုး...ကျေးဇူးပါပဲဗျာ"

ဖရန့်စစ်သည် သားရေအိတ်ကလေးအား ဆွဲယူပြီး တစ်ချက်ကြည့်လိုက်သည်။ ထို့နောက် အင်္ကျီအိတ်အတွင်းသို့ ထိုးထည့်လိုက်လေသည်။ ပြီးလျှင် ကုတ်အင်္ကျီနှင့် ခရီးဆောင်အိတ်တို့အား ဆွဲယူကာ ရထားပေါ်မှ ဆင်းသွားတော့သည်။ ဒန်းနင်းသည် ဆောက်တည်ရာမရအောင် စိတ်လှုပ်ရှားနေခဲ့သည်။ ကတုန်ကယင်ဖြစ်ကာ ကောင်းစွာပင် မရပ်နိုင်တော့။ ရထားပေါ်မှဆင်းပြီး ပလက်ဖောင်းတစ်နေရာရှိ ခုံပေါ်တွင် ဝင်ထိုင်လိုက်ရသည်။ ထိုအချိန်တွင် ဟင်နရီသည် သဘော်ဆိပ်သို့ဆင်းသည့် လမ်းအတိုင်း ဖရန့်စစ်ကို နောက်ယောင်ခံလိုက်သွားခဲ့လေသည်။

သဘော်အနီးသို့ရောက်သွားသော ဖရန့်စစ်သည် လက်မှတ်သိမ်းသူထံ လက်မှတ်တစ်စောင် ထုတ်ပေးကာ လှမ်းတက်ရန် ပြင်လိုက်သည်။ လက်မှတ်သိမ်းသူက လက်ကာတားရင်း မေးလာခဲ့သည်။

"ဆရာကြီး...ခဏနေပါဦး၊ ဆရာ့သူငယ်ချင်းအတွက်ရော လက်မှတ်ဝယ်ပြီးသား မဟုတ်လား"

"ဘာပြောတာလဲကွ။ ဘယ်က ငါ့သူငယ်ချင်းလဲ"

ဖရန့်စစ်သည် ဒေါသတကြီး ပြန်ဟောက်လိုက်သည်။

"ဆောရီးပဲဗျာ။ ခင်ဗျားနဲ့အတူ နောက်တစ်ယောက်လည်း ပါလာတယ်မှတ်လို့"

လက်မှတ်သိမ်းသူသည် သဘော်ပေါ်သို့ လှမ်းတက်သွားသည့် ဖရန့်စစ်၏ နောက်ကျောကိုကြည့်ရင်း ဘေးတွင် ယှဉ်ရပ်နေသည့် အခြားဝန်ထမ်းတစ်ဦးကို ပြောလိုက်သည်။

"ဒီလူကြီးနဲ့အတူ ခွေးလား၊ လူလား တစ်ခုခုကပ်ပါလာတာ ငါ သေသေချာချာ တွေ့လိုက်တယ်ကွ"

မလှမ်းမကမ်းတွင် မယောင်မလည်ရပ်၍ အကဲခတ်နေသည့် ဟင်နရီသည် ထိုဖြစ်စဉ်ကို ကောင်းစွာမြင်တွေ့ ကြားသိလိုက်ရလေသည်။ နောက်ငါးမိနစ်ခန့်အကြာတွင် ကူးတို့သဘော်သည် ဒိဗာဆိပ်ကမ်းမှ တရွေ့ရွေ့ ထွက်ခွာသွားခဲ့သည်။ လရောင်ဖြာကျနေသည့် မြစ်ပြင်ကိုဖြတ်လျက် လေပြည်ကလေးက တဖြူးဖြူးတိုက်ခတ်လျက် ရှိတော့သည်။

◆ ◆ ◆

ဒိဗာမြို့ရှိ ဟိုတယ်တစ်ခုတွင် ဖြစ်သည်။

ဒန်းနင်းသည် စိတ်မောလူမောဟန် ပြေပုံမရသေးပေ။ ဟင်နရီက ဖြေသိမ့်စကား ပြောလိုက်သည်။

"ကဲ...ဆရာရေ၊ သေကွင်းကနေ လက်မတင်ကလေး လွတ်သွားပါပြီ။ ဒီညက စပြီး စိတ်အေးလက်အေးသာ အိပ်ပေတော့"

"အေး...ငါကတော့ ဟုတ်ပါပြီ။ တခြားလူတစ်ယောက်ကို သွယ်ဝိုက်ပြီး သတ်သလိုများ ဖြစ်နေမလားကွ"

"ဟာ...ဒီလူကြီးက ကျွန်တော့်အစ်ကိုကို သတ်ခဲ့တာလေ။ အခုလည်း ဆရာ့ကို လုပ်ကြံခဲ့တာပဲ။ ကောင်းကောင်းကြီး သေသင့်တယ်ဗျ"

"ဒါတော့ ဒါပေါ့ကွာ။ အခု သူ့ကို တို့ သတိပေးလို့ ရနိုင်သေးတယ်လေ"

"သူ ဘယ်သွားမှန်းမသိတာ ဘယ်လိုလုပ်ပြီး သတိပေးရမှာလဲ"

"သူ အက်ဘီးဇေး(လ်)ကို သွားတာကွ။ သူလက်မှတ်အိတ်ကလေး ကောက်ယူရင်း ငါ ကြည့်ထားလိုက်တယ်။ အင်း...ဒီနေ့က (၂၁)ရက်။ နောက်ကျရင် အက်ဘီးဇေး(လ်)

www.burmeseclassic.com

www.burmeseclassic.com

က အဓိကဟိုတယ်တွေဆီ သူနာမည်နဲ့ ကြေးနန်းရိုက်လိုက်တယ်။ ခင်ဗျားလက်မှတ်အိတ်ကို ပြန်စစ်ကြည့်ပါ။ ဒန်းနင်းဆိုပြီးတော့လေ။ မနက်ဖြန်တစ်ရက်လုံး သူ့အတွက် ရှောင်ချိန်ရတာပေါ့'

ဟင်နရီသည် ဒန်းနင်းကို အံ့သြဟန်ဖြင့် စိုက်ကြည့်လိုက်သည်။ အတန်ကြာမှ သက်ပြင်းချရင်း ပြန်ပြောလိုက်လေသည်။

'ဟင်း..အဲဒီလိုလုပ်ရမှာပဲ ဆရာက စိတ်ချမ်းသာမယ် ပုံပေါက်နေတယ်။ ဆရာလို လူမျိုးကတော့ ရှာမှရှားပဲ။ ကဲ..အဲဒီအတိုင်း လုပ်ကြည့်လိုက်ကြတာပေါ့ဗျာ'

ဤသို့ဖြင့် နောက်တစ်နေ့ နံနက်ပိုင်းတွင် ဒန်းနင်းသည် အက်ဘီဗေး(လ်)ရှိ ဟိုတယ်အားလုံးနီးပါးသို့ ကြေးနန်းများ ဖြန့်ပို့လိုက်လေသည်။ ဖရန့်စစ်၏ လက်တွင်းသို့ ကြေးနန်းစာ ရောက်,မရောက်ကိုမူ ယနေ့တိုင် မည်သူမျှ မသိခဲ့ကြပေ။

♦♦♦

ဇူလိုင်လ (၂၃)ရက်နေ့။

ညနေပိုင်း သတင်းစာတွင် အောက်ပါ အ,မင်္ဂလာသတင်းဆိုးတစ်ပုဒ် ပါလာခဲ့လေသည်။

ယနေ့နံနက်ပိုင်းက အက်ဘီဗေး(လ်)ရှိ နာမည်ကျော် ဘုရားရှိခိုးကျောင်း ခေါင်မိုးပေါ်မှ ပြုတ်ကျလာသည့် ကျောက်တုံးပိုင်းတစ်ခုသည် လမ်းသွားလမ်းလာတစ်ဦး၏ ဦးခေါင်းကို တိုက်ရိုက်ထိမှန်ကာ နေရာတွင်ပင် ရုတ်ခြည်း သေဆုံးသွားခဲ့သည်။ ထိုအချိန်တွင် ဘုရားရှိခိုးကျောင်းခေါင်မိုးပေါ်၌ မည်သူတစ်ဦးတစ်ယောက်မျှ ရှိမနေကြောင်း ရဲများက ပြောခဲ့ကြသည်။ သေဆုံးသွားသူသည် ဝါးဝစ်ရှိုင်းယားနယ်၊ လ(ဖ်)ဖို့(ဒ်)တွင် နေထိုင်သည့် ဂျက်ကိုဗို ဖရန့်စစ် ဆိုသူဖြစ်ကြောင်း သိရသည်။

လူအများစုအတွက် ထူးသော်လည်း မဆန်းလှသည့် သတင်းတစ်ပုဒ်မျှသာ ဖြစ်သည်။ အက်ဒွပ်ဒန်းနင်း တစ်ယောက်ကတော့ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရမှုများ ပြေပျောက်စေရန် အချိန်အတော်ကြာဦးမည်မှာ သေချာလှပေတော့သည်။

ကျော်ဇော(စားကုန်)

Ref : M.R JAMES \ CASTING THE RUNES

ကို သင့်လျော်အောင် ပြန်ဆိုသည်။

ဆရာရန်အောင်ဟိန်း (B.Sc)

(ခရစ်ရှနားမူတီး ဇရုဆောင်နက္ခတ်ဗေဒင်ပညာရှင်)

ကောဇနစ်အား ဆရာတစ်ဆူ ပါရဂူမြောက် တတ်မြောက်လိုက ဆက်သွယ်ပါ။

ရှင်းလင်းစွာ တတ်မြောက်၊ ကျွမ်းကျင်ရန် တာဝန်ယူသည်။

ကောဇနစ်၊ ဂြိုဟ်သွားပြက္ခဒိန်များ၊ ကွန်ပျူတာပရိဂရမ်(Softwear)များ ရနိုင်ပါသည်။

အသုံးပြုရန် လွယ်ကူရှင်းလင်းစေရပါမည်။

(စုံစမ်းနိုင်ပါသည်။)

ဖုန်း - ၀၉ ၇၃၁ ၁၉၈၂၆

ဆက်သွယ်ရန်လိပ်စာ

အမှတ်-၂၂၁/၂၂၃(ပထမထပ်)၊ (၃၁)လမ်း(အထက်လမ်း)၊ စင်ထရယ်ဟိုတယ်အနီး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

ကျော်ကျော်
ကျေးဇူးသိစဉ်

"မဖြစ်ဘူး၊ ငါမလုပ်နိုင်တော့ဘူး။ သဘော တူညီချက်ကို ဖျက်သလိုဖြစ်မှာ ငါသိပါတယ်။ ဒါပေမဲ့ ဂီတအနုပညာဟာ ငါ့ကို စွန့်ခွာသွားပြီ။ ငါ ဘယ်လိုတေးကိုမှ ရေးလို့ မရတော့ဘူး"

"မဟုတ်သေးဘူးလေ ရန်းရဲ့။ မင်း ကိုယ့်ကို ဒီလိုလုပ်မှာ မဟုတ်ပါဘူး။ တို့ဟာ မိတ်ဆွေဟောင်းကြီး တွေလေ။ နောက်တစ်ချပ်ထုတ်တာမှာ သူငယ်ချင်းရဲ့လက်ရာ အနည်းဆုံးတစ်ပုဒ် ပါရပါစေမယ်လို့ ကိုယ့်ဖောက်သည်တွေကို ကတိပေးပြီးသား ဖြစ်နေပြီ။ ကိုယ့်ကို မျက်နှာပျက်ရအောင်တော့ မလုပ်ချင်ပါနဲ့ကွာ"

"ဆောရီးပဲ ဂူဆန်၊ ငါတို့ဟာ မိတ်ဟောင်း ဆွေဟောင်းတွေပါ။ ဟုတ်ပါတယ်၊ ဒါပေမဲ့ မဖြစ် နိုင်တာတစ်ခုကို ဖြစ်အောင် ငါမလုပ်နိုင်ဘူး။ အခု ငါဟာ ဘယ်လိုသီချင်းမျိုးကိုမှ ဖန်တီး နိုင်စွမ်း မရှိတော့ဘူး။ ဂီတဟာ ငါ့အဖို့ ပြီးဆုံးသွားပြီကွ"

"အေးပါကွာ၊ ကိုယ်ကတော့ မင်း စိတ်ပြောင်းသွားမှာကိုပဲ စောင့်နေပါ့မယ်"

ဂူဆန် ပြန်သွားသောအခါ ဂေါဒန်ရန်း သူထိုင်ခုံပေါ် တွင် နောက်ကို မှီ၍ထိုင်ရင်း သူတပည့် စားပွဲရှင်းနေသည်ကို တိတ်ဆိတ်စွာ စောင့်ကြည့်နေပါသည်။ အိမ်ခန်းထဲတွင် ငြိမ်သက်မှုက စိုးမိုးနေပါသည်။ ဖယောင်းတိုင်မီးကြောင့် ယိမ်းထိုးလှုပ်ရှားနေသော အရိပ်များက မှန်ကူကွက်နံရံများပေါ်တွင် တိုးတိတ်စွာကခုန်နေကြ၏။ အလင်းရောင်မှုန်မှိုင်းမှိုင်း ကြောင့် အခန်းထောင့်များမှာ ဝိုးတဝါးသာ မြင်ရပါသည်။

"ဆက္ခိုင်းရား"

"ခင်ဗျာ..ဆရာ"

"ငါ. ဒီည အိပ်ခန်းထဲမှာ အိပ်မယ်"

"ခင်ဗျာ..အိပ်ခန်းထဲမှာ၊ ဆရာဆိုလိုတာက ဟိုအိပ်ခန်း"

"ငါတို့လင်မယားနှစ်ယောက်နေခဲ့တဲ့ အိပ်ခန်းပေါ့။ အဲဒီအခန်းကို ငါ မသုံးခဲ့တာ တစ်နှစ်ရှိပြီ။ အေး..အခန်းရှင်းဖို့ မင်း သိပ်အချိန်ကုန်မှာ မဟုတ်ပါဘူး။ ငါ သိပ်သတိရနေမိတယ် ဆက္ခိုင်းရား။ လွန်ခဲ့တဲ့တစ်နှစ်တိတိ ဒီလို ညမှာ ငါမိန်းမ ဆုံးသွားခဲ့တာ။ အောက်မေ့သတိရနေတာ သက်သက်ပါပဲကွာ"

www.burmeseclassic.com

www.burmeseclassic.com

သူ့စိတ်နလုံးထဲတွင် ရှင်သန်ခဲ့သော ဂီတတို့သည်လည်း ပျောက်ကွယ်သွားပါပြီ။ ယခင်ကတော့ ရှင်သန်ခဲ့ဖူးပါ၏။ သူနှင့် သူ့ဇနီးတို့၏ လက်ရာများဖြစ်ပါသည်။ ထိုဂီတသံတချို့ သူ့နလုံးသားကို ကြီးစွာညှဉ်းပန်းနှိပ်စက်လျက် စိတ်ထဲတွင် ဖြတ်သန်းသွားပါသည်။ သူ အိပ်ရာဝင်လိုက်မှ သက်သာပါလိမ့်မည်။

သူ ခပ်ဖြည်းဖြည်း အဝတ်လဲ၏။ သန့်စင်ခန်းဝင်ပြီး၍ ပြန်ထွက်လာသောအခါ မီးလင်းဖိုထဲတွင် မီးကျီးခဲတို့ အရိုန်ကုန်လုလုဖြစ်နေပါပြီ။ အခန်းထဲတွင် အမှောင်ထုကြီးစိုးစပြုလာ၏။ သူပြတင်းပေါက်ကို ကျယ်ကျယ်ဖွင့်လိုက်ပြီး အိပ်ရာဝင်လိုက်တော့သည်။ ပုံမှန်အားဖြင့် သူ ကြာမြင့်စွာအိပ်မပျော်ဘဲ အတွေးစိတ်ကူးတို့ လှုပ်ရှားနေမြဲဖြစ်ပါသည်။ ယနေ့တွင် သူ စိတ်ရှုပ်ထွေးမှု၊ ပင်ပန်းမှုတို့ များခဲ့သည်။ နေ့တာရှည်လှသည့် ရက်တစ်ရက်ဖြစ်သည်။ သူခန္ဓာကိုယ်မှာ အနားရဖို့ လိုအပ်နေပါပြီ။ မိနစ်အနည်းငယ်အတွင်း သူ အိပ်ပျော်သွား၏။ အပြင်ဘက်တွင် သစ်ပင်ကြီးများ ကြားမှ လေတိုးသံတို့ ပြင်းထန်နေပါသည်။

* * *

ဂီတသံစဉ်။ သူ ရုတ်တရက် အသိဝင်လာသည်။ မျက်လုံးများကို ဖွင့်လိုက်မိ၏။ အခန်းထဲမှာ ပိန်းပိတ်အောင်မှောင်နေပါသည်။ သူ အိပ်မက်,မက်နေတာပါတကား။ ဟုတ်တယ်၊ အိပ်မက်ထဲမှာ သူ့ဇနီးလေးက သူ့အတွက် ဂီတတွေ ဖန်တီးပေးနေတယ်။ မယ်ဒလင်ဆီကလာတဲ့ ပီပီပြင်ပြင် ဂီတသံစဉ်။ သူတို့နှစ်ဦး၏ ကိုယ်ပိုင်သံစဉ်။

ဆည်းလည်းသံလို သံချိုတစ်ချက် သူ့နားထဲ ရောက်လာသည်။ တစ်ယောက်ယောက်က မယ်ဒလင်ကို တီးခတ်လိုက်သကဲ့သို့ပင်။ ဘာပါလိမ့်။ ယခုအခါ သူ့အာရုံများက သူ့ကို လှည့်စားနေခြင်း မရှိတော့ပါ။ သူ ကောင်းကောင်းနိုးနေပါပြီ။ တစ်ယောက်ယောက်ရှိနေတယ်။ အရူးတစ်ယောက်ယောက်လား။ မယ်ဒလင်ကို စည်းချက်မိမိကစားသလို တီးခတ်နေတယ်။ သံစဉ်တွေ။ သူ ရှင်းရှင်းကြည်ကြည် ကြားနေရပါသည်။ တကယ်အစစ်အမှန် ကြားနေရခြင်းဖြစ်သည်။ အခန်းထဲမှာ တစ်ယောက်ယောက်ရှိနေတယ်။

ချက်ချင်းပင် သူ ခုန်ထပြီး မီးဖွင့်လိုက်သည်။

အခန်းထဲမှာ ဘယ်သူမှ ရှိမနေပါ။

ပြတင်းပေါက်ကို သူပိတ်လိုက်သည်။ ညအိပ်ဝတ်ရုံကို ဝတ်လိုက်ပြီး မယ်ဒလင်ကို သွားရှာစစ်ဆေးကြည့်သည်။ မယ်ဒလင် သူ့ဘူးထဲမှာပင် ရှိနေပါသည်။ မဖြစ်နိုင်တာပဲဟု သူ မှတ်ချက်ချမိ၏။ တစ်ယောက်ယောက် မယ်ဒလင်ထုတ်တီးပြီး ဘူးထဲပြန်ထည့် ဘာသံမှမကြားအောင် တိတ်တိတ်ကလေး ပြန်ထွက်သွားနိုင်မှာလား။ မဖြစ်နိုင်ဘူး။

သူ မီးပြန်ပိတ်ပြီး ပြတင်းပေါက်ကိုဖွင့်သည်။ ထို့နောက် အိပ်ရာပေါ် ပြန်လှဲအိပ်လိုက်သည်။ ယခုအခါ သူ ကောင်းကောင်းနိုးကြားနေပါသည်။ သေသေချာချာလည်း နားစွင့်နေလိုက်၏။ ဟော··ကြားရတယ်။ ဂီတသံစဉ်တွေပဲ။ ပိတ်ထားတဲ့အိတ်ထဲကလာတဲ့ ဂီတသံစဉ်တွေ အေးစိမ့်သော ခံစားမှုတစ်ခုကို သူရလိုက်သည်။ ကျေနပ်ခြင်းနှင့် အံ့သြဝမ်းသာခြင်းတို့ ပေါင်းစပ်ထားသော ခံစားမှုဖြစ်သည်။ ချစ်ဇနီးလေးရဲ့ နှုတ်ဆက်အချက်ပေးသံ။

'ကိုယ်နားလည်ပါပြီကွယ်'

သူ့အသံမှာ တိုးတိတ်ညင်သာလွန်းသောကြောင့် ကြားရုံသာရှိပါသည်။

* * *

နံနက်လင်းသောအခါ နံနက်ခင်းစာနှင့်အတူ ဆကျိုင်းရားက သူ့ကို လာနှိုးပါသည်။

'မင်္ဂလာနံနက်ခင်းပါဆရာ။ မစ္စတာဂူဆန် အောက်မှာစောင့်နေပါတယ်။ ဆရာ မြန်မြန်သွက်သွက်လုပ်ရလိမ့်မယ်နော်။ မဟုတ်ရင် ရထားမမီဘဲ ဖြစ်သွားလိမ့်မယ်'

'ငါ မသွားဖြစ်တော့ဘူး ဆကျိုင်းရား။ မစ္စတာဂူဆန်ကို ဒီလာဖို့ ပြောလိုက်ပါ။ ငါ အိပ်ရာထဲမှာ ရှိတုန်းပဲဆိုပြီး သူ့စိတ်ဆိုးမှာ မဟုတ်ပါဘူး။ သူ့ကို ငါ ပြောစရာတွေရှိတယ်'

ဆကျိုင်းရား မစ္စတာဂူဆန်ကို အခန်းထဲသို့ ခေါ်လာပါသည်။ ထို့နောက် ခုတင်ခြေရင်းတွင် ရပ်စောင့်နေလိုက်၏။

'ထိုင်ပါ၊ ဂူဆန်'

'ဘယ့်နယ်လဲ သူငယ်ချင်း၊ မင်းသဘောထားနဲ့ ဆိုး ဖြတ်ချက် အရင်အတိုင်းပဲလား'

'ငါ စိတ်ပြောင်းလိုက်ပါပြီကွာ'

'အို··ကောင်းလိုက်လေကွာ၊ သိပ်ကောင်းတာပဲ။ ကောင်းမှကောင်း။ နေပါဦး။ ဘယ်လိုကြောင့် စိတ်ပြောင်းသွားတာလဲ'

'မင်းဟာ ငါ့ရဲ့မိတ်ဆွေရင်းကြီးဆိုတော့ ပြောပြမှာပေါ့။ ဘယ်သူ့ကိုမှ မင်းပြန်မပြောသူတော့ဘူး။ ဆိုး

www.burmeseclassic.com

www.burmeseclassic.com

ဆက္ရိုင်းရား၊ မသွားပါနဲ့။ မင်းလည်း ငါ ငယ်ငယ်လေးက တည်းက သိခဲ့တဲ့သူဆိုတော့ ဒီကိစ္စ မင်းလည်းသိသင့်တယ်"

အပြင်ထွက်မည်ပြုသော တပည့်ဖြစ်သူကို သူတားလိုက်ပြီးမှ ဆက်ပြောပါသည်။

"အမှန်မှာတော့ ဝူဆန်ရေ၊ ငါ ဒီနေ့ပဲ ကိုယ့်ဘဝကိုယ် အဆုံးသတ်ဖို့ ကြံရွယ်ထားတယ်။ အားလုံးဟာ ငါ့အတွက် ပြီးဆုံးသွားပြီ။ ဒီဘဝမှာ ငါ အသက်ရှင်မနေချင်တော့ဘူး။ ဆန္ဒတစ်ခုတော့ရှိတယ်။ ငါသေဆုံးချိန်မှာ ငါ့မိန်းမရဲ့ပစ္စည်း တစ်စုံတစ်ခု ငါနဲ့နီးနီးရှိစေချင်တယ်။ အဲဒါကြောင့် သူမယ် ဒလင်ကို ငါယူသွားဖို့ စီစဉ်ထားတယ်။ ဒါပေမဲ့ မနေ့ညက ဟောဒီအခန်းထဲမှာပဲ ငါ အချက်ပေးသံတစ်ခု ကြားခဲ့ရတယ်။ တစ်ယောက်ယောက် မယ်ဒလင်တီးတဲ့အသံပဲ။ ငါ အိပ်မက်,မက်တာမဟုတ်ဘူး။ ကိုယ်တိုင် နားနဲ့ဆတ်ဆတ် ကြားခဲ့ရတာ။ အခန်းထဲမှာ ငါတစ်ယောက်တည်းပဲ။ ဘယ် သူမှမရှိဘူး။ မယ်ဒလင်ဟာလည်း သူ့ဘူးထဲမှာပဲ ရှိနေတယ်။ ငါပြောမယ်သူငယ်ချင်း၊ အဲဒီအသံဟာ မမြင်နိုင်တဲ့ လောက;ကနေ လာတာ။ ငါ့စိတ်ကို ပြောင်းပေးလိုက်တာ အဲဒီအသံပဲ"

"စိတ်ချပါ သူငယ်ချင်း"

တေးထုတ်လုပ်သူက ကျေကျေနပ်နပ်ကြီး ပြုံးလျက် ပြောပါသည်။

"ဒီကိစ္စ ကိုယ် ဘယ်သူ့ကိုမှ ပြောမပြပါဘူး။ ကဲ..ဒီတော့ ကိုယ်တို့အလုပ်ကိစ္စ ဘယ်တော့လောက်စကြမလဲ"

"ဒီနေ့ပဲ၊ အခုပဲပေါ့"

သူ အိပ်ရာပေါ်မှခုန်ထပြီး ညအိပ်ဝတ်ရုံကိုချွတ်ပစ်ကာ အောက်ထပ်သို့ ပြေးဆင်းသွားတော့သည်။ မစ္စတာဝူဆန်လည်း ခပ်သွက်သွက်လိုက်သွား၏။

ဆက္ရိုင်းရား အခန်းထဲ၌ ကျန်နေခဲ့ပါသည်။ အိပ်ရာကို ရှင်းလင်းပြင်ဆင်ပေးရပါဦးမည်။ ညက လေကြမ်းကြမ်း တိုက်ခဲ့သော်လည်း ယခုတော့ လေတိုးသံမကြားရလောက် သလောက် ငြိမ်နေပါသည်။

အိပ်ရာကို ခင်းကျင်းပြင်ဆင်ပေးရင်း လေတစ်ချက်ဝေ့ ဝဲတိုက်ခတ်လိုက်သည်ကို သူသတိပြုမိသည်။ ရုတ်တရက် သူ ငြိမ်သက်သွား၏။ ဂီတသံတစ်ချက် ကြားလိုက်ရသော ကြောင့်ဖြစ်သည်။ သူ့ဆရာမစ္စတာရန်း ညက်ကြားခဲ့ရသည် မှာ ဤအသံပင်ဖြစ်ပေမည်။ သို့ရာတွင် အသံက အခန်း



ထောင့်ရှိ မယ်ဒလင် ဘူးထဲကမဟုတ်၊ မီးလင်းဖိုဆီမှ ဖြစ်နေသည်။ နောက်ထပ် ဆက်၍ကြားရပြန် သောအခါ သူ သဘောပေါက် သွားသည်။ အသံမှာ မီးဆွဲသံချောင်းများ၊ မီးညှပ်များက ဝေ့ဝဲတိုက်ခတ်လိုက်သည့် လေအရှိန်ကြောင့် လှုပ်ရှားပြီး သူတို့ချင်းတိုက်မိကာ ဂီတသံစဉ် ပေါ်ထွက်လာရခြင်းဖြစ်သည်။

"ဒီအကြောင်း ဆရာ့ကို ငါပြောပြလို့ မဖြစ်ဘူး"

ဆက္ရိုင်းရား သူ့ကိုယ်သူ ပြောမိသည်။

"အခု သူခံစားနေတဲ့အတိုင်းထားလိုက်တာ အကောင်းဆုံးပဲ" ဟုလည်း ဆက်၍စဉ်းစားမိ၏။

ထိုစဉ် အောက်ထပ်မှ စန္ဒယားတီးသံ ထွက်လာပါသည်။ လှိုက်လှဲသာယာကြည်နူးဖွယ် ဂီတသံဖြစ်သည်။ တိုးတိတ်ညင်သာရာမှ အားရကျေနပ်စွာ ဝိတိဖြာစေသည့် ဟိန်းထွက်လာသော ဂီတသံစဉ် ဖြစ်ပါပေ၏။

ကျော်ကျော်

50 More Horror Stories စာအုပ်မှ *Will Charles Oursler* ရေးသားသော *Mandolin* ဝတ္ထုတိုကို ဘာသာပြန်ခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

နက္ခတ်ဂေဟာ ရက်ပြတ်ကောင်းအချိန်အခါ

မင်းမဟော်ဦးနှင့်

(၂၀၁၅)ခုနှစ်၊ ဒီဇင်ဘာလအတွက် ဝေးကွက်ခန့်မှန်းချက်

သိတ်ရာသီ၌ ၅တေးဂြိုဟ် တည်ရှိနေသဖြင့် စပါးဆန်ရေ ပေါ်ရွှ ဝပြောစည်ဝင်တတ်၏။ မိုးကောင်း ချောင်းစီး ကောက်ပဲစပါး ကြီးပွားတတ်၏။ ကန်ရာသီ၌ ၃ဂိါဂြိုဟ် တည်ရှိသဖြင့် နှံသာနီ၊ ခြံစောင်၊ ပဝါ၊ လွှေရောင်တင်ပစ္စည်း၊ ဆေးဆိုးအဝတ်အထည်တို့ ရွှားပါးတတ်၏။ တူရာသီ၌ ဗကြာဂြိုဟ် တည်ရှိသဖြင့် လူတို့ ရောဂါလွတ်ကင်း ချမ်းသာကြကုန်အံ့။ ခိုက်ရန်ဒေါသများလည်း ဖြစ်ပွားတတ်သဖြင့် သတိထားရပေမည်။ ဝနုရာသီ၌ ၄ဟူးဂြိုဟ်ရှိခြင်းကြောင့် ဆင်၊ မြင်း တိရစ္ဆာန်တို့ ပျက်စီးအံ့။ လူတို့ မင်းဒဏ်သင့်အံ့။

၁-၁၂-၂၀၁၅ (အင်္ဂါနေ့)

(၁၃၇၇)ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၅)ရက်

အလိုဆန္ဒပြည့်ဝသောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန် ရေနံ၊ ဓာတ်သတ္တုနှင့် ရေတွင်း၊ ရေကန် တူးဖော်ရန်၊ မြေသန့်မင်္ဂလာ ပြုလုပ်ရန်၊ ရဟန်းခံ၊ ရှင်ပြုရန်၊ အလှပြင်ဆိုင်ဖွင့်ရန်၊ သစ်ပင်စိုက်ပျိုးရန်၊ ဆေးဝါး ဖော်စပ်ရန်၊ ဆေးခန်းဖွင့်ရန်၊ ဆိုင်သစ်ဖွင့်ရန်၊ ဆိုင်းဘုတ်တင်ရန်၊ အလုပ်သစ်လျှောက်ရန်၊ လုပ်ငန်းသစ် စတင်ရန်၊ ကျောက်မျက်ရတနာ ရောင်းဝယ်၊ ဝတ်ဆင်ရန်၊ မျိုးစေ့ချစိုက်ပျိုးရန်၊ ကုန်ပစ္စည်းဝယ်ယူသိုလှောင်ရန်၊ ငွေကြေးကိစ္စ ဆောင်ရွက်ရန်၊ စာပေလုပ်ငန်း စတင်ရန်၊ အားကစားပြိုင်ပွဲ ကျင်းပရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ အိမ်၊ခြံ၊မြေ ရောင်းဝယ်ရန်၊ ရင်းနှီးမြှုပ်နှံရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ ရာဇဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဇွဲဝေယံ၊ မဆုကလျာ...ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အပြာရောင်ဖြစ်ပြီး မြောက်အရပ်တွင် စန်းပွင့်မည်။

၄-၁၂-၂၀၁၅ (သောကြာနေ့)

(၁၃၇၇)ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၈)ရက်

အလုံစုံအောင်မြင်သောယုဂ် ရရှိသဖြင့် ယနေ့ ရှင်ပြု၊ရဟန်းခံရန်၊ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေတွင်း၊ရေကန်၊ အဝီစိတွင်း တူးဖော်ရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ အလုပ်သစ်လျှောက်ရန်၊ လုပ်ငန်းသစ် စတင်ရန်၊ ကုန်ရောင်းဝယ်ရန်၊ ပျိုးနုတ်ကောက်စိုက်ရန်၊ စပါးကျီသွင်းရန်၊ အားကစားပြိုင်ပွဲ ကျင်းပရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ အိမ်၊ခြံ၊မြေ ရောင်းဝယ်ရန်၊ ကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ဥယျာဉ်ခြံလုပ်ငန်း ဆောင်ရွက်ရန်၊ ကျောက်မျက်ရတနာ ရောင်းဝယ်ရန်၊ အဝတ်အစားသစ်ဝယ်ရန်၊ ဆိုင်သစ်ဖွင့် ဆိုင်းဘုတ်တင်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဟန်သာဝင်း၊ မသီတာဝင်း...ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အနီရောင်ဖြစ်ပြီး အရှေ့အရပ်တွင် စန်းပွင့်မည်။

၆-၁၂-၂၀၁၅ (တနင်္ဂနွေနေ့)

(၁၃၇၇)ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၁၀)ရက်

ဘုန်းကံထက်မြက်သောယုဂ် ရရှိသဖြင့် ယနေ့ အမည်ကင်ပွန်းတပ်ရန်၊ ရှင်ပြု၊ နားသရဏ်၊ လက်ထပ်မင်္ဂလာ ကျင်းပရန်၊ ဆံရိတ်၊ဆံသရဏ်၊ လက်ဝတ်ရတနာ ဝတ်ဆင်ရန်၊ အလှပြင်ရန်၊ ပန္နက်ရိုက်ရန်၊ အိမ်၊ခြံ၊မြေ၊ယာဉ်၊ စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားရန်၊ မိတ်ဆုံပွဲ၊ပါတီ၊ ဧည့်ခံပွဲ ကျင်းပရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ မေတ္တာရေးရာစကားဆိုရန်၊ အနုပညာလုပ်ငန်းများ စတင်ရန်၊ ထွန်ယက်စိုက်ပျိုးရန်၊ ပညာစသင်ရန်၊ ဆေးဝါးထုတ်လုပ်ဖြန့်ချိရန်၊ ဆိုင်သစ်ဖွင့်ရန်၊ လုပ်ငန်းသစ် စတင်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်ခိုင်လင်း၊ မအေးချမ်းဝင်း...ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အဝါရောင်ဖြစ်ပြီး တောင်အရပ်တွင် စန်းပွင့်မည်။

www.burmeseclassic.com

www.burmeseclassic.com

စ-၁၂-၂၀၁၅ (အင်္ဂါနေ့)

(၁၃၇၇)ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၁၂)ရက်

ဘုန်းကံကြီးမားသောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ ရဟန်းခံ,ရှင်ပြုရန်၊ လက်ထပ်ပွဲနှင့် အမည်ကင်ပွန်းတပ်ပွဲ ကျင်းပရန်၊ ဆံရိတ်,ဆံသ ပြုလုပ်ရန်၊ လက်ဝတ်ရတနာ ဝတ်ဆင်ရန်၊ အလှပြင်ရန်၊ အဆောက်အအုံ ပန္နက်ရိုက်ရန်၊ အိမ်,ခြံ,မြေ,ယာဉ်,စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားရန်၊ မိတ်ဆုံ,ပါတီ,စည်းဝေးပွဲ ကျင်းပရန်၊ စာအုပ်စာပေ ဖြန့်ချိရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃:၃၀)နာရီမှ (၄:၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ခွေဝေယံ၊ မဆုကလျာ..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အဖြူရောင်ဖြစ်ပြီး အနောက်အရပ်တွင် စန်းပွင့်မည်။

၉-၁၂-၂၀၁၅ (ဗုဒ္ဓဟူးနေ့)

(၁၃၇၇)ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၁၃)ရက်

အထွတ်အမြတ်ဖြစ်သောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေနံ,ဓာတ်ငွေ့နှင့် ဓာတ်သတ္တု တူးဖော်စူးစမ်းရှာဖွေရန်၊ ရေတွင်း,ရေကန်,အဝီစိတွင်း တူးဖော်ရန်၊ သီးနှံဆွတ်ခူးရန်၊ စပါးရိတ်သိမ်းရန်၊ စာအုပ်စာပေကျမ်းဂန် ရေးသားရန်၊ ဂီတအနုပညာဆိုင်ရာ အဆို,အက,သရုပ်ဆောင်ရန်၊ အားကစားပြိုင်ပွဲ ကျင်းပရန်၊ ထွန်ယက်စိုက်ပျိုးရန်၊ ဆံရိတ်,ဆံသ ပြုလုပ်ရန်၊ အလုပ်သစ်လျှောက်ရန်၊ လုပ်ငန်းသစ် စတင်ရန်၊ ကျောက်မျက်ရတနာ သွေးရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂:၀၀)နာရီမှ မွန်းလွဲ(၁:၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်လင်းလက်၊ မဝါဝါဝင်း..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အနက်ရောင်ဖြစ်ပြီး အနောက်အရပ်တွင် စန်းပွင့်မည်။

၁၀-၁၂-၂၀၁၅ (ကြာသပတေးနေ့)

(၁၃၇၇)ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၁၄)ရက်

အမှုကိစ္စပြီးသောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ ပညာစသင်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ ရဟန်းခံ,ရှင်ပြုရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ဆံရိတ်,ဆံသရန်၊ လက်ဝတ်ရတနာ ဝတ်ဆင်ရန်၊ အလှပြင်ရန်၊ အဆောက်အအုံ ပန္နက်ရိုက်ရန်၊ အိမ်,ခြံ,မြေ,ယာဉ်,စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားလာရန်၊ မိတ်ဆုံ,ပါတီ,စည်းဝေးပွဲ ကျင်းပရန်၊ အချစ်ရေးစကားပြောရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ အောင်ဘာလေထီထိုးရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ ဘင်္ဂဖွား ဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄:၃၀)နာရီမှ (၆:၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မြတ်သူဆွေ၊ မမြသစ်စိုး..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အနီရောင်ဖြစ်ပြီး မြောက်အရပ်တွင် စန်းပွင့်မည်။

၁၁-၁၂-၂၀၁၅ (သောကြာနေ့)

(၁၃၇၇)ခုနှစ်၊ တန်ဆောင်မုန်းလပြည့်

ကြီစည်သမျှ ပြီးမြောက်သောယုဂ် ရရှိသဖြင့် ယနေ့ သိပ္ပံ (သို့မဟုတ်) ဝိဇ္ဇာဆိုင်ရာ ဂုဏ်ပညာများ သင်ယူရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ ပန်းချီ,ပန်းပုစသော ပန်း(၁၀)မျိုး ပြုလုပ်ရန်၊ အိမ်,ခြံ,မြေနှင့် ယာဉ်,စက်စွမ်းရောင်းဝယ်ရန်၊ ခရီးသွားလာရန်၊ အချစ်ရေးနှင့် မေတ္တာရေးရာ စကားပြောရန်၊ စာအုပ်စာပေဖြန့်ချိရန်၊ အောင်ဘာလေထီထိုးရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀:၃၀)နာရီမှ မွန်းတည့်(၁၂:၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဟိန်းသက်လှိုင်၊ မသန္တာလွင်..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အဝါရောင်ဖြစ်ပြီး မြောက်အရပ်တွင် စန်းပွင့်မည်။

၁၃-၁၂-၂၀၁၅ (တနင်္ဂနွေနေ့)

(၁၃၇၇)ခုနှစ်၊ နတ်တော်လဆန်း (၂)ရက်

မင်္ဂလာအပေါင်းနှင့် ပြည့်စုံသောယုဂ် ရရှိသဖြင့် ယနေ့ အားကစားပြိုင်ပွဲ ကျင်းပရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ ပညာစသင်ရန်၊ စာပေလုပ်ငန်း လုပ်ဆောင်ရန်၊ ထုတ်ဝေ,ဖြန့်ချိရန်၊ စာကြည့်တိုက်ဖွင့်ရန်၊ စပါးရိတ်သိမ်းရန်၊

www.burmeseclassic.com

စပါးကျီသွင်းရန်၊ ကုန်ရောင်းဝယ်ရန်၊ အိမ်၊ခြံ၊မြေ ရောင်းဝယ်ရန်၊ ကုန်ပစ္စည်း ရောင်းဝယ်သိုလှောင်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ မရဏဖွား ဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄:၃၀)နာရီမှ (၆:၀၀) နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်ခိုင်လင်း၊ မအေးချမ်း ဝင်း..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အဖြူရောင် ဖြစ်ပြီး အရှေ့အရပ်တွင် စန်းပွင့်မည်။

၁၆-၁၂-၂၀၁၅ (ဗုဒ္ဓဟူးနေ့)
(၁၃၇၇)ခုနှစ်၊ နတ်တော်လဆန်း (၅)ရက်

ကြီးပွားတိုးတက်သောယုဂ် ရရှိသဖြင့် ယနေ့ ရှင်ပြု၊နားသရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ သာသနာ့အလံ လွှင့်တူ၍ ထီးတော်တင်ရန်၊ မြေသန့်,အုတ်မြစ်စိုရန်၊ အိမ်တက်,တိုင်ထူရန်၊ စေ့စပ်,လက်ထပ်ရန်၊ ပညာစသင်ရန်၊ ယာဉ်ကားရောင်းဝယ်ရန်၊ မျိုးစေ့ချစိုက်ပျိုးရန်၊ စပါးရိတ်သိမ်းရန်၊ နာမည်ပေးကင်ပွန်းတပ်ရန်၊ ဆေးခန်းဖွင့်ရန်၊ လုပ်ငန်းသစ် စတင်ရန်၊ ရတနာပစ္စည်း ရောင်းဝယ်ရန်၊ ငွေကြေးကိစ္စ ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂:၀၀)နာရီမှ မွန်းလွဲ(၁:၃၀) နာရီအတွင်း ရှောင်မွေးနိုင်လျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဇံလင်း၊ မဝါဝါလွင်..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အဝါရောင်ဖြစ်ပြီး တောင်အရပ်တွင် စန်းပွင့်မည်။

၂၀-၁၂-၂၀၁၅ (တနင်္ဂနွေနေ့)
(၁၃၇၇)ခုနှစ်၊ နတ်တော်လဆန်း (၉)ရက်

ဂုဏ်သရေတိုးပွားသောယုဂ် ရရှိသဖြင့် ယနေ့ အမည်ကင်ပွန်းတပ်ရန်၊ ဆံရိတ်,ဆံသ ပြုလုပ်ရန်၊ ရဟန်းခံ,ရှင်ပြုရန်၊ စေ့စပ်,လက်ထပ်ရန်၊ အလှပြင်ရန်၊ လက်ဝတ်ရတနာ ဝတ်ဆင်ရန်၊ အိမ်,ခြံ,မြေ ရောင်းဝယ်ရန်၊ ခရီးသွားလာရန်၊ ယာဉ်,စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားလာရန်၊ ဧည့်ခံပွဲကျင်းပရန်၊ ဆိုင်သစ်ဖွင့်လှစ် ရောင်းချရန်၊ အချစ်ရေးစကားပြောရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄:၃၀)နာရီမှ (၆:၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်ခိုင်ဝင်း၊ မအေးချမ်းဝင်း..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အဝါရောင်ဖြစ်ပြီး မြောက် အရပ်တွင် စန်းပွင့်မည်။

၂၃-၁၂-၂၀၁၅ (ဗုဒ္ဓဟူးနေ့)
(၁၃၇၇)ခုနှစ်၊ နတ်တော်လဆန်း (၁၂)ရက်

အလုံးစုံအောင်မြင်သောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေနံ,ဓာတ်ငွေ့နှင့် ဓာတ်သတ္တု တူးဖော်ရန်၊ ရေတွင်း,ရေကန်,အဝီစိတွင်း တူးဖော်ရန်၊ အားကစား,ပညာ,ဂီတ,အနုပညာဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရန်၊ စပါးရိတ်သိမ်းရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ ကောက်ပဲသီးနှံ ရိတ်သိမ်းရန်၊ ကုန်ရောင်းဝယ်ရန်၊ ပညာစသင်ရန်၊ စာပေထုတ်လုပ်ဖြန့်ချိရန်၊ လုပ်ငန်းသစ် စတင်ရန်၊ အလုပ်သစ်လျှောက်ရန်၊ ကျောက်မျက်ရတနာ ရောင်းဝယ်ရန်၊ အဝတ်သစ် ဝတ်ဆင်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂:၀၀)နာရီမှ မွန်းလွဲ(၁:၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်လွင်လှိုင်၊ မဝင်းဝေလွင်..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အနက်ရောင် ဖြစ်ပြီး တောင်အရပ်တွင် စန်းပွင့်မည်။

၂၅-၁၂-၂၀၁၅ (သောကြာနေ့)
(၁၃၇၇)ခုနှစ်၊ နတ်တော်လဆန်း (၁၄)ရက်

ဘုန်းကံထက်မြက်သောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကဓာတ်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ဆံရိတ်,ဆံသ ပြုလုပ်ရန်၊ ရဟန်းခံ,ရှင်ပြုရန်၊ စေ့စပ်,လက်ထပ်ရန်၊ လက်ဝတ်ရတနာ ဝတ်ဆင်ရန်၊ အလှပြင်ရန်၊ အိမ်,ခြံ,မြေ,ယာဉ်,စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားလာရန်၊ မိတ်ဆုံ,ဧည့်ခံပွဲ ကျင်းပရန်၊ အချစ်ရေးရာစကားပြောရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ အောင်ဘာလေထီထိုးရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀:၃၀)နာရီမှ မွန်းတည့်(၁၂:၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဝင်းလင်း၊

www.burmeseclassic.com

www.burmeseclassic.com

မသင်ဧ၀..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အ၀ါရောင်ဖြစ်ပြီး အနောက်အရပ်တွင် စန်းပွင့်မည်။

၂၇-၁၂-၂၀၁၅ (တနင်္ဂနွေနေ့)
(၁၃၇၇)ခုနှစ်၊ နတ်တော်လဆုတ် (၁)ရက်

ဘုန်းကံကြီးမားသောယုဂ် ရရှိသဖြင့် ယနေ့ မျိုးစေ့ချစိုက်ပျိုးရန်၊ ဆေး၀ါးသစ်ထုတ်လုပ်ရန်၊ ပညာစသင်ရန်၊ ဆင်းတုတော် ထုလုပ်ရန်၊ အနုပညာလုပ်ငန်း စတင်ရန်၊ မော်တော်ယာဉ်ကား ရောင်း၀ယ်ရန်၊ ဥယျာဉ်ခြံလုပ်ငန်း လုပ်ဆောင်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ အိမ်,ခြံ,မြေ ရောင်း၀ယ်ရန်၊ အ၀တ်အစားသစ် ၀တ်ဆင်ရန်၊ လုပ်ငန်းသစ် စတင်ရန်၊ ရတနာပစ္စည်း ရောင်း၀ယ်,၀တ်ဆင်ရန်၊ လယ်ယာဥယျာဉ်ခြံလုပ်ငန်း ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီ အတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်ဇင်ကျော်၊ မအေးဆုခင်..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အဖြူရောင်ဖြစ်ပြီး အနောက်အရပ်တွင် စန်းပွင့်မည်။

၂၉-၁၂-၂၀၁၅ (အင်္ဂါနေ့)
(၁၃၇၇)ခုနှစ်၊ နတ်တော်လဆုတ် (၃)ရက်

အလိုဆန္ဒပြည့်၀သောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေတွင်း,ရေကန်,အဝီစိတွင်း တူးရန်၊ အားကစားပွဲကျင်းပရန်၊ ဥယျာဉ်ခြံလုပ်ငန်း စတင်ရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ အိမ်,ခြံ,မြေ ရောင်း၀ယ်ရန်၊ ငွေကြေးရင်းနှီးမြှုပ်နှံရန်၊ ကုန်ရောင်း၀ယ်ရန်၊ မျိုးစေ့ချစိုက်ပျိုးရန်၊ မော်တော်ယာဉ်ကား ရောင်း၀ယ်ရန်၊ အဆောက်အအုံ ပန်ကာရိုက်ရန်၊ အောင်ဘာလေထီထိုးရန်၊ ဆေး၀ါးဖော်စပ်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ ရာဇဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်စိုးဝေလှိုင်၊ မဆွေကလျာ..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အနီရောင်ဖြစ်ပြီး မြောက်အရပ်တွင် စန်းပွင့်မည်။

၃၀-၁၂-၂၀၁၅ (ဗုဒ္ဓဟူးနေ့)
(၁၃၇၇)ခုနှစ်၊ နတ်တော်လဆုတ် (၄)ရက်

အကြံအစည်အောင်မြင်သောယုဂ် ရရှိသဖြင့် ယနေ့ ပညာစသင်ရန်၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ စာပေလုပ်ငန်းများ စတင်ရန်၊ အိမ်,ခြံ,မြေ ရောင်း၀ယ်ရင်းနှီးမြှုပ်နှံရန်၊ ကျောက်မျက်ရတနာ ရောင်း၀ယ်,၀တ်ဆင်ရန်၊ စတင်တူးဖော်ရန်၊ လယ်ယာနှင့် ဥယျာဉ်ခြံလုပ်ငန်းများ စတင်ရန်၊ ပျိုးနှတ်ကောက်စိုက်ရန်၊ စပါးကျီသွင်းရန်၊ အလုပ်သစ်လျှောက်ရန်၊ လုပ်ငန်းသစ် စတင်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂း၀၀)နာရီမှ မွန်းလွဲ(၁း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်၀င်းလှိုင်၊ မလင်းလက်လွင်..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အ၀ါရောင်ဖြစ်ပြီး အရှေ့အရပ်တွင် စန်းပွင့်မည်။

၃၁-၁၂-၂၀၁၅ (ကြာသပတေးနေ့)
(၁၃၇၇)ခုနှစ်၊ နတ်တော်လဆုတ် (၅)ရက်

အတတ်ပညာ ဆုတ်ယုတ်သောယုဂ် ရရှိသဖြင့် ယနေ့ ရှင်ပြု,ရဟန်းခံရန်၊ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေတွင်း,ရေကန်,အဝီစိတွင်း တူးရန်၊ စာပေကျမ်းဂန်ရေးသားပြုစုရန်၊ ပညာစသင်ရန်၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရန်၊ ပျိုးနှတ်ကောက်စိုက်ရန်၊ သစ်ပင်စိုက်ရန်၊ အလုပ်သစ်လျှောက်ရန်၊ လုပ်ငန်းသစ် စတ်ငရန်၊ အောင်ဘာလေထီထိုးရန်၊ စာပေလုပ်ငန်းနှင့် စာနယ်ဇင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊ အိမ်,ခြံ,မြေ ရောင်း၀ယ်ရန်၊ ကုမ္ပဏီများတွင် အစုရှယ်ယာထည့်၍ ရင်းနှီးမြှုပ်နှံရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မျိုးထက်လှိုင်၊ မမေသူဝင်း..ဟု ပေးနိုင်ပါသည်။ ယတြာအရောင်မှာ အပြာရောင်ဖြစ်ပြီး အရှေ့အရပ်တွင် စန်းပွင့်မည်။

ဝေဒ-ဗဟုသုတ
မင်းမဇ္ဈောဉ္စွန့်
ဖုန်း-၀၉ ၂၅၁ ၁၆၇ ၃၃၄

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတကာ အတွေ့အကြုံရှိ ပညာရှင်

ပုရောဟိတ်ဆရာ ဦးမြတ်ခံ

B.Sc., M.Sc(Q)., English Language (UFL)., EDS (MOFA)

ဆန်းကျမ်းဗေဒင်၊ လက္ခဏာ၊ ဂဏန်းရပညာ၊ ဓာတ်ရိုက်ဓာတ်ဆင်ယင်ကြားပညာရှင်

အယူတော်မဂ်လာဗေဒင်ဟောခန်း

ကျွန်ုပ်၏ ကျင့်ကြံအားထုတ်ရသော သိလ၊ သမာဓိ၊ ပညာ၊ စရဏ၊ သမထစွမ်းအားတို့ဖြင့် (၇)ရက်သားသမီးတို့၏ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေး၊ အမှုအခင်းကိစ္စများအား ကူညီလမ်းညွှန် ဖြေရှင်းပေးနေပါသည်။

ဝိဇ္ဇာထိပ်ခေါင် အဘအောင်မင်းခေါင်နှင့်တကွ ဝိဇ္ဇာရှစ်သောင်း ဆရာအဝေါင်း၊ အနန္တစကြဝဠာမှ ဆရာသခင် သူတော်စင်ကြီးများ၏ သီဒို၊ မတိဒို စွမ်းအားဖြင့် ကျွန်ုပ်ကိုယ်တိုင်စီရင်အပ်သော အနန္တဒီပံဖယောင်းတိုင်၊ အနန္တသိဒ္ဓိ အင်း၊ စမ၊ ယဇ်ကြာအစီအရင်များ ပီယလာဘ်ဖွင့်

ဂဏ္ဍီရအဆောင်များ ပူဇော်ခြင်းဖြင့်

ဘဝရွှေကောင်မြင့်ရေးကို ရယူပါ။

သား, သမီးရုတနာများအတွက် မွေးဖွားချိန်မင်္ဂလာအခါပေးခြင်း၊ ထန်းဖူး၊ ဂုဏ်ချုပ်ဇာတာဖွဲ့ပေးခြင်း၊ မြန်မာ့ဂိုးတု နာမကရဏမင်္ဂလာနှင့်အညီ ကလေးနာမည်ပေးခြင်း၊ နိုင်ငံခြားခရီး (ပညာရေး၊ အလုပ်အကိုင်၊ သင်္ဘောတက်ရန်) S pass, P.R, Shore Job, Oversea Student Visa အဆင်ပြေစေရန် စီစဉ်ပေးခြင်း၊ အိမ်၊ ခြံ၊ မြေ၊ ကား၊ ကျောက်မျက်ရုတနာ၊ ကုန်ပစ္စည်းများ အမြန်ရောင်းထွက်ရန် အာဓာန်ဖြင့် **အဆူးယင်္ကြာ** စီရင်ပေးဝါသည်။

Prediction in English Language is offered.

နေ့ခန်းလိပ်စာ ❖ အမှတ်-၁၅(B) (ပထမလွှာ)၊ (၁၄၉)လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ (သီတာလမ်းမှတ်တိုင်အနီး)၊

ဆွေးနွေးချိန် ❖ နံနက်(၉း၀၀)နာရီမှ ညနေ(၃း၀၀)နာရီအထိ

09 51 76646, ☎ 200 298, E-mail Address : myatsan5@gmail.com

Website : http://sayamyatsan.blogspot.com

ကြိုတင်ရက်ချိန်းယူပါ

www.burmeseclassic.com

www.burmeseclassic.com



ဟင်းနှုတ်(ဘူဒိ)

ကညွတ်

ခံကာ ဆောင်းပါးများ ရေး ားခဲ့ပါသည်။

ယင်းသုံးမျိုးထဲတွင် ကယ်ရိုတင်း (carotene) နှင့် ဗီတာမင်(စီ)ကဲ့သို့ ဗီတာမင်နှစ်မျိုးနှင့် ဆီလီနီယမ်ဓာတ် (selenium) တို့ ပါဝင်သည်။ ကညွတ်တွင် ယင်းတို့သုံးမျိုးလုံး အားပြည့်အင်ပြည့် ပါဝင်ပါသည်။

ကညွတ်သည် နှလုံးအဟွက်လည်း ကောင်းကျိုးပြု ပေးပါသည်။ ယင်းတွင် အဆီ၊ ကော်လက်စထရော၊ ဆိုဒီယမ် တို့ မပါဝင်ဘဲ ကော်လက်စထရော

BURMESE CLASSIC .com

ပြီးပြည့်စုံသော ရောဂါကာကွယ်ရေး စားစရာ

ချက်ပြုတ်ထားသော ကညွတ်တွင် ကယ်လိုရီ(၄၄) ပါရှိသည်။

သင် ကညွတ်ကို နှစ်သက်စွာ စားသုံးသူဖြစ်ပါက အရသာရှိသည့် စားသောက်ဖွယ်ဖြစ်သည်သာမက သင့်ကျန်းမာရေးအတွက်လည်း များစွာအထောက်အကူပြုပေးပါလိမ့်မည်။ ကယ်လိုရီနည်းပါးစွာသာ ပါရှိပြီး ရောဂါကာကွယ်ပေးသော ဓာတ်ပေါင်းများစွာပါဝင်သော ကညွတ်ကဲ့သို့ စားစရာမျိုးမှာ နည်းပါးလှပေသည်။

ကညွတ်သည် ကင်ဆာရောဂါကို ကာကွယ်တားဆီးပေးကြောင်း လူသိနည်းခဲ့ပါသည်။ ကယ်လီဖိုးနီးယား တက္ကသိုလ်မှ ဇီဝဓာတုပညာရှင် (biochemist) ဒေါက်တာ ဘရုစ် အင်န်-အမ်းစ်က ကင်ဆာဖြစ်စေနိုင်သော ဓာတ်များကို ဘက်တီးရီးယားများ တိရစ္ဆာန်များပေါ်တွင် ငွေကုန်ကြေးကျ နည်းပါးစွာ စမ်းသပ်လေ့လာခဲ့သည်။

လွန်ခဲ့သော နှစ်အနည်းငယ်က ဒေါက်တာအမ်းစ်သည် သိပ္ပံပညာမဂ္ဂဇင်းတွင် ကင်ဆာဖြစ်စေနိုင်သော ဓာတ်များကို ခုခံကာကွယ်ပေးနိုင်သော အစားအစာ(၃)မျိုးကို အခြေကျဆင်းစေသော အမျှင်ဓာတ် အားကောင်းစွာ ပါဝင်ပေသည်။ သို့အတွက် နှလုံးရောဂါရှင်များ စားသောက်ရမည့် အာဟာရစာရင်းတွင် ပါဝင်နေရပေသည်။ ကညွတ်ကို ပဲသီး၊ ပဲတောင့်၊ အခြားဟင်းသီးဟင်းရွက်များနှင့် တွဲဖက်စားသုံးပေးသင့်ကြောင်း နှလုံးရောဂါပါရဂူ ဒေါက်တာဒဗလျူ.ဗာဂီးဘရောင်း(M.D) က ပြောကြားခဲ့ပါသည်။

ဒေါက်တာဘရောင်းသည် နယူးယောက်မြို့ မောင့်ဆီနိုင်ဆေးသိပ္ပံမှ ဖြစ်သည်။ သူက နှလုံးသွေးကြောရောဂါလျော့ပါးစေမည့် စားသောက်မှုပုံစံများကို ဖော်ထုတ်ခဲ့ပေသည်။ ကညွတ်သည် အစားကောင်း ကြိုက်သူများအတွက်လည်း အရသာတွေ့စေနိုင်ပါသည်။

ကညွတ်အား စွေးကွက်တွင် ဝယ်ယူရာ၌ အောက်ပါအချက်များကို သတိထားရန် လိုအပ်ပါသည်။

* ကညွတ်၏ ထိပ်ဝိုင်းသည် ချွန်၍ ခရမ်းရောင်ရှိရမည်။ ပျော့ပျောင်းရမည်။
* ကညွတ်ရိုးတံသည် ချောမွေ့ ကျစ်လျစ်ရမည်။
* သိပ်ရင့်ပါက အနှံပြင်းတတ်သည်။
* ထိပ်ဖျားတွင် သဲတွယ်နေပါက ဆေးကြော်ရခက်၍

www.burmeseclassic.com

www.burmeseclassic.com

သဲမပါအောင် သတိထားရမည်။

* ကညွတ်ရိုးတံ၏ အရွယ်စားသည် အနှံပေါ် သက်ရောက်မှု မရှိပါချေ။

မီးဖိုချောင်တွင် ချက်ပြုတ်ရာ၌ အောက်ပါအချက်များကို သတိထားရမည်။

ကညွတ်ကို ဝယ်ယူလာပြီး အိမ်သို့ရောက်သည်နှင့် ရေခဲသေတ္တာအတွင်း ထည့်ထားရမည်။ ကညွတ်များကို စည်းထားသော ကြိုးများ၊ ထည့်ထားသော အိတ်များထဲမှ ထုတ်ယူဖြေချေးထားရမည်။ လတ်ဆတ်သော ကညွတ်များကို တစ်နှစ်တာလုံး အသုံးပြုနိုင်စေရန် ဝယ်ယူပြီးနောက် အလူမီနီယမ်စက္ကူဖြင့်ပတ်ကာ ထားပေးခြင်း (သို့မဟုတ်) လေလုံသောနေရာတွင် ထားပေးခြင်း ပြုပေးရမည်။ ယင်းကို ရေခဲသေတ္တာ အအေးခန်းတွင်း (၁၂)လတာလုံး ထားပေးနိုင်သည်။

ကညွတ်ကို စားသောက်ရန် ပြင်ဆင်ရာတွင် မာကျောသော အပိုင်းများကို ဖြတ်တောက်ပစ်ပေးပြီး အနှံကင်းနေပါကလည်း ဖယ်ရှားပစ်ရမည်။ ဓားထက်ထက်ဖြင့် ရိုးတံထိပ်ဖျားများကို ဖြတ်တောက်ဖယ်ရှားကာ သဲများ စင်အောင်လည်း ပြုလုပ်ပေးရမည်။ ထို့နောက် လုံးပတ်ကြီးသော ကညွတ်များကို ရေနွေးဖျော်ပေးရမည်။ ရိုးတံလုံးပတ်သေးပါက ချက်ပြုတ်ရချိန် သက်သာစေသည်။ ကညွတ်များ၏ ထိပ်ဖျားပိုင်းများသည် ရိုးတံများထက် ချက်၍နူးလွယ်သောကြောင့် ထိပ်ဖျားပိုင်းများကို ရေပေါ်တွင် ပေါ်နေအောင် ထားခြင်းဖြင့် အဆင်ပြေစေပါမည်။ ကညွတ်ရိုးတံများသည် ပျောင်းညွတ်၍ လွယ်သော်လည်း ပျော့တိပျော့ဖတ်မျိုးကား မရှိတတ်ပါချေ။

* ကညွတ်ရိုးတံများကို ချက်ပြုတ်စဉ် ဆတ်ခနဲ ခါပေးခြင်းက အနှံကို ပိုသင်းစေသည်။

* ပဲငံပြာရည်၊ ချေထားသော ကြက်သွန်ဖြူနှင့် ချင်းတို့ကို ရောပေးပါ။

* သံပရာရည်၊ ရန်ကုန်မြေးရွက်၊ သံလွင်ဆီ။

* နှစ်သက်ရာ ခေါက်ဆွဲဖတ်။





BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



စသည်တို့ဖြင့် ကည္ဘတ်များကို ရောနှောချက်ပြုတ်ကာ စားသုံးပေးနိုင်ပါသည်။ အနှံ့၊ အရာသာနှင့် ပြည့်စုံစေ၍ ကျန်းမာရေးအကျိုးကျေးဇူးများစွာ ရစေပါမည်။

ကြက်သားလွှာ၊ ကည္ဘတ်နှင့် ကြာဆံ

* ကြက်သားပေါင်ဝက်၊ အသားချည်းသက်သက်။
* မုန်ညင်းရွက်ကြမ်း ထောင်းထားခြင်း၊ အနှစ် လက်ဖက်စားဇွန်း (၁$\frac{1}{2}$)။
* ကြာဆံ (၃$\frac{1}{2}$)အောင်စ။
* ကည္ဘတ်လတ်လတ်ဆတ်ဆတ် (၁)ပေါင်။ (ကည္ဘတ် ၂၆-ချောင်းခန့် ပါဝင်တတ်ပြီး မာကျောသော အများပိုင်းများ ဖယ်ရှားကာ အတံများကို တစ်လက်မ အရှည် ဖြတ်ပေးထားရမည်။)
* သံပရာသီး(၁)လုံး အရည်နှင့် ပျော့ဖတ်အတွင်းသားများ။
* သံလွင်ဆီ လက်ဖက်စားဇွန်း (၂)ဇွန်း။
* ဇာတီပွါလ်သီး(၁)လုံး ချေပေးထားပါ။
* ပါမေဆန်ချိစ်(Parmesan Cheese)လက်ဖက်စားဇွန်း (၂)ဇွန်း (စီးတီးမတ်များတွင် ဝယ်ယူရရှိနိုင်သည်) အသားကင်ရန် မီးဖိုကို အသင့်ပြင်ဆင်ထားပေးပါ။

ကြက်သားများကို မုန်ညင်းရွက်နှစ် လက်ဖက်စားဇွန်း (၁)ဇွန်းစာဖြင့် မွတ်တိုက်ပေးပြီး တစ်ဖက်တစ်ချက်စီကို လေးမိနစ် (သို့မဟုတ်) ငါးမိနစ်ခန့်စီ လှန်၍ ကင်ပေးပါ။ ပန်းကန်တစ်ခုတွင် ထည့်ထားပေးပါ။

ကြာဆံများကို ရေဖြင့် (၄)မိနစ်ခန့် ပြုတ်ပေးပြီး ကည္ဘတ်များ ထပ်ထည့်ကာ နောက်လေးမိနစ်ကျော်ကျော် ဆက်ပြုတ်ပေးပါ။

ကြက်သားများ အေးလာပါက လက်ချောင်းများဖြင့် ဖဲ့ခြွေပေးပါ။

ခွက်ငယ်တစ်ခုထဲတွင် သံပရာရည်နှင့် သံပရာသီး အတွင်း ပျော့ဖတ်များ၊ သံလွင်ဆီ၊ ကျွန်မုန်ညင်းရွက်နှစ် လက်ဖက်စားဇွန်း(၁)ဇွန်း၊ ချေထားသော ဇာတီပွါလ်သီး တို့ကို သမအောင် ရောမွှေပေးပါ။

ခွက်ကြီးကြီးတစ်ခုထဲတွင် ကြက်သားဖဲ့စများ၊ ကြာဆံများ၊ ကည္ဘတ်များကို ရော၍ အထက်ပါ ရောမွှေထားသော အရာများနှင့် သမအောင် ရောလိုမ့်ပေးပါ။ ပါမေဆန်ချိစ် ခဲလေးများကို အပေါ်မှဖြူး၍ နွေးစေအောင် အုပ်ပေးပြီး စားသုံးနိုင်ပါသည်။

ဟိန်း(ဘူမြို)

ကျမ်းကိုး * The Healing Foods
by Patricia Hausman & Judith Benn Hurley.

www.burmeseclassic.com